www.burmeseclassic.com

# ဗုဒ္ဓ

# လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်

## ကိုယ်ကျင့်ဗုဒ္ဓဝင်



ဦးရွှေအောင်
သကျသီဟဓမ္မာစရိယ(ဝင့်သကာ)စေတီယင်္ဂဏ ဓမ္မာစရိယ
အစိုးရဓမ္မာစရိယ(သိရောမဏိ)မဟာဝိဇ္ဇာ(သက္ကဋ)

တစ်စတစ်စစွန့်ဝံ့မှလျှင် ဘဝနောက်နှောင်း ဆက်တိုင်းကောင်း၏။

သာသနာ ၂၅၃၇ ကောဇာ ၁၃၅၅ ၂၃–၁၂–၉၃

www.burmeseclassic.com

www.burmeseclassic.com

# "ဗုဒ္ဓ"

## လောကသားတို့၏အနှိုင်းမဲ့ကျေးဇူးရှင်

ကျမ်းစာပြုစုသူ -

ဆရာကြီးဦးရွှေအောင်

သကျသီဟမဟာစရိယ (ဝင့်သကာ)၊ စေတိယင်္ဂဏမဟာစရိယ၊
အစိုးရမဟာစရိယ (သိရောမဏိ)၊ မဟာဝိဇ္ဇာ (သက္ကတ)

တစ်စတစ်စ, စွန့်ဝံ့မှလျှင်, ဘဝနောက်နှောင်း, ဆက်တိုင်းကောင်း၏။

ကျမ်းစာဖြစ်မြောက်အောင်အားထုတ်သူ
ဦးထိန်ဝင်း (နိုင်ငံဂုဏ်ရည်ပထမဆင့်)
၁၀၇-မင်းရဲကျော်စွာလမ်း၊ (ယခင်စိန်ပျွန်းလမ်း)
ရန်ကုန်မြို့။

သာသနာ-၂၅၃၇၊ ကောဇာ-၁၃၅၅-ခု၊ နတ်တော်လ၊ ၁၉၉၃-ဒီဇင်ဘာလ။

www.burmeseclassic.com

www.burmeseclassic.com

ဇန်နဝါရီ – ၁၉၉၄

ပထမအကြိမ်


စောင်ရေ ၅၀၀၀

မြဝတီပုံနှိပ်တိုက်၊ ၁၈၁–၁၈၃၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့တွင် အမှုဆောင်အရာရှိချုပ် ဦးသိန်းစိန်၊ ထုတ်ဝေသူမှတ်ပုံတင်အမှတ်(၃၇၀၂)က ထုတ်ဝေ၍ ဦးမြင့်ကြွယ်၊ ပုံနှိပ်သူမှတ်ပုံတင်အမှတ်(၀၂၂၅၁)က ပုံနှိပ်သည်။

မြဝတီပုံနှိပ်တိုက်၏ မှာကြားချက်အရရွှေစင်ပုံနှိပ်တိုက်(၀၃၆၈)တွင်ပုံနှိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မဟာကဿပရှင်ရုပ်တုတော်

www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်သားများ၏ အနှိုင်းမဲ့ကျေးဇူးရှင် ရှင်အရဟံရုပ်ပွားတော်

www.burmeseclassic.com

www.burmeseclassic.com

## ဦးရွှေအောင်၏အတ္ထုပ္ပတ္တိအကျဉ်း
## (ကိုယ်တိုင်ရေး)

ဦးရွှေအောင်ကို ၁၉၂၈-ခု၊ ဖွန်လ (၇) ရက်နေ့တွင် ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဖလေးရွာ၌ ဦးစု-ဒေါ်အုန်းရှင်တို့မှ ဖွားမြင်သည်။ မွေးချင်း ၅-ယောက်တို့တွင် အကြီးဆုံးဖြစ်သည်။ မွေးချင်း ၅-ယောက်တို့တွင် ယောကျ်ား ၂-ယောက်နှင့် မိန်းမ ၃-ယောက်ပါဝင်သည်။

မိဘများမှာ လယ်သမားများဖြစ်ကြပြီး ဦးရွှေအောင်ငယ်စဉ်ကပင် နှစ်ဦးလုံး ကွယ်လွန်ကြသည်။ အဘိုးအဘွားများနှင့် အတူနေရသည်။

၇-နှစ်သားအရွယ်တွင် ဖလေးရွာလယ်ကျောင်း၌ စာပေများကို စတင်သင်ယူသည်။ ၁၃-နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ ပိဋကစာပေများကို ဆက်လက်သင်ယူသည်။ ၁၈-နှစ်အရွယ်တွင် ပဲခူးမြို့ မဟာဝိသုတာရာမကျောင်းသို့ ပြောင်းရွှေ့၍ပညာသင်ယူသည်။ အသက် ၂၀-ရွယ်တွင် မဟာဝိသုတာရာမကျောင်း၌ပင် ရဟန်းဖြစ်သည်။

ရဟန်းဖြစ်သောအခါ ရန်ကုန်မြို့ မင်းမနိုင်ကွက်သစ် သိပ္ပမဥ္ဇူကျောင်း၊ အလုံ အောင်မင်္ဂလာတိုက်သစ်၊ ဗဟန်း-ညောင်တုန်းကျောင်းတိုက်၊ မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက်, ဆရာတော် ဦးကြယ်ကျောင်းတို့၌ ပညာဆက်လက်သင်ယူသည်။

၁၉၅၃-ခုနှစ်တွင် စေတိယင်္ဂဏပွဲ့ာစရိယ၊ သကျသီဟပွဲ့ာစရိယ (ဝဋ်သကာ)၊ အစိုးရပွဲ့ာစရိယ (သိရောမဏိ) ဘွဲ့တို့ကိုရရှိသည်။ ၁၉၅၄-ခုနှစ်တွင် ဆရာတော် ဦးကြယ်ကျောင်း၌ စာပေများကိုပို့ချသည်။

၁၉၅၅-ခုနှစ်တွင် ရန်ကုန်မြို့၊ အိမ်တော်ရာ-ဓမ္မရံသီကျောင်း၌ စာပေများကို ပို့ချရင်း အင်္ဂလိပ်စာကို သင်ယူရာ ၁၉၅၆-ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကိုအောင်မြင် သည်။ ၁၉၅၈-ခုနှစ်တွင် ဥပစာအထက်တန်းကိုအောင်မြင်သည်။

၁၉၅၉-ခုနှစ်တွင် ဆရာဘုန်းကြီးပျံလွန်တော်မူသဖြင့် ဖလေးရွာလယ်ကျောင်း၌ ကျောင်းထိုင်သည်။ ထို့နောက် ပဲခူးမြို့၊ မဟာဝိသုတာရာမကျောင်း၌ ကျောင်းထိုင်သည်။ ထိုနှစ် မဟာဝိသုတာရာမကျောင်း၌ ဝါဆိုသည်။

၁၉၆၀-ခုနှစ်တွင် ရဟန်းဘဝမှလူထွက်၍ အစိုးရဝန်ထမ်းအဖြစ် ပြည်သူ့ထောက်ပံ့ ရေးအုပ်ချုပ်မှုအဖွဲ့၌ အလုပ်လုပ်သည်။ အလုပ်လုပ်ရင်း သက်ကြီးတက္ကသိုလ်သို့ တက်ရောက်သင်ကြားပြီး စာမေးပွဲဖြေဆိုရာ ၁၉၆၅-ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကိုရသည်။ ဝိဇ္ဇာဘွဲ့အတွက် သင်ယူခဲ့သော ဘာသာတွဲမှာ ရိုးရိုးသင်္ချာ (Puremaths)၊ အသုံးချသင်္ချာ (Appliedmaths) နှင့် မြန်မာဝေါဟာရနှင့်စာပေ (Burmese language and Literature) တို့ဖြစ်သည်။

၁၉၆၂-ခုနှစ်၊ ဒီဇင်ဘာလ ၂-ရက်နေ့တွင် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊

www.burmeseclassic.com

www.burmeseclassic.com

သရက်တောရပ်ကွက် (၂)လမ်းနေ ဦးမောင်ဝင်း-ဒေါ်နိုင်တို့၏သမီး ဒေါ်ခင်စိန်နှင့် လက်ထပ်ခဲ့သည်။ သား ၂-ယောက်ထွန်းကားသည်။

၁၉၆၈-ခုနှစ်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သို့ပြောင်း၍ အမှုထမ်းသည်။ ၁၉၇၀-ပြည့်နှစ်တွင် ကိုလံဘိုစီမံကိန်းပညာတော်သင်အဖြစ် အိန္ဒိယပြည် ဘုံဘေတက္ကသိုလ်သို့ သွားရောက်ပညာသင်ယူရာ ထိုတက္ကသိုလ်မှ မဟာဝိဇ္ဇာ (သက္ကတ) M.A (Sanskrit) ဘွဲ့ကိုရရှိခဲ့သည်။

ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန- သာသနာရေးဦးစီးဌာနတွင် ဆက်လက်အမှုထမ်းခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် ပြင်ပစာစစ်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၈၈-ခုနှစ်၊ ဖွန်လ ၇-ရက်နေ့တွင် သာသနာရေးဦးစီးဌာန တွဲဖက်ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်၊ ၁၉၉၃-ခုနှစ် ဖွန်လ ၁-ရက်နေ့ မှစ၍ သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်လျက်ရှိသည်။

အချိန်ရသလို စာပေများကို ရေးသားပြုစုခဲ့ပါသည်။ စာအုပ်အဖြစ်သို့ရောက်ပြီးသော စာပေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ရသစာပေ၏ရသ၊
(၂) အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်၊
(၃) သိဒ္ဓန္တကောမုဒီ (ပ)၊
(၄) ဓမ္မပဒ (ယမကဝဂ်နှင့်ထေရဝါဒအုတ်မြစ်)၊
(၅) ဗုဒ္ဓ (သို့မဟုတ်) အနှိုင်းမဲ့

စာအုပ်အဖြစ်သို့မရောက်သေးသော စာပေများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) သိဒ္ဓန္တကောမုဒီ (တ)၊
(၂) ဓမ္မပဒ (အပ္ပမာဒဝဂ်၊ စိတ္တဝဂ်၊ ပုပ္ဖဝဂ်)၊
(၃) စာဖတ်သူများ၊
(၄) ချမ်းသာကိုရှာဖွေခြင်း၊
(၅) ဘဝအမြင်သစ်၊

ထိုအပြင် ဘာသာရေးမဂ္ဂဇင်းများ၌လည်း အခါအားလျော်စွာ ဆောင်းပါးများကို ရေးသားလျက်ရှိပါသည်။

ယခု ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောရပ်ကွက် ၂-လမ်း၊ အိမ်အမှတ် (၁၀၂)တွင် ဇနီးဒေါ်ခင်စိန်နှင့်အတူ နေထိုင်လျက်ရှိပါသည်။

ရွှေအောင်
၂၇-၁၁-၉၃

www.burmeseclassic.com

www.burmeseclassic.com

# "ဗုဒ္ဓ"
# လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကျမ်းပြုသူ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအကျဉ်း | - |
| ကြိုးစားသူ၏ ပန်ကြားလွှာ | ပ-၁ မှ ပ-၂၄ |
| စာဖတ်သူ၏ ကြို့တင်နှလုံးသွင်းရန်နိဒါန်းအမှာ | က-မှ ရ |
| သစ္စာပြုခြင်း | လ |
| အခန်းအလိုက်ပါဝင်ပုံ | ၁ |
| ဩဝါဒါစရိယဆရာတော်များနှင့် | ၂ |
| ကျမ်းစာဖြစ်မြောက်အောင်ဆောင်ရွက်၍ ဆက်လက် | |
| ထိန်းသိမ်းစောင့်ရှောက်ကြသူများ | ၂ |


### အခန်း (၁)
### ဗုဒ္ဓပွင့်တော်မမူမီ မဇ္ဈိမဒေသအခြေအနေများ


| | |
|---|---|
| မျှော်လင့်ချက်နှင့်တဏှာ | ၃ |
| ကမ္ဘာ့သမိုင်း၏ အပြောင်းအလဲ | ၄ |
| လုပ်သင့်သည်ကိုလုပ်ရဲသောသတ္တိ | ၄ |
| ကျေးဇူးကြီးသူများ | ၅ |
| ဘာသာရေးစစ်ပွဲများ | ၆ |
| ပစ္စုပ္ပန်တည့်တည့်ကိုဦးစားပေးရမည် | ၆ |
| မျက်စိနှင့်မြင်ရသလိုသိသောအသိဉာဏ် | ၇ |
| ဝေနေယျတို့ကိုမြင်အောင်ပြခြင်း | ၈ |
| ထူးခြားသောချမ်းသာရှာနည်း | ၈ |
| စစ်မှန်သောချမ်းသာရခြင်း | ၉ |
| လူကိုလူလိုမြင်တတ်အောင်ကြည့်နည်း | ၁၀ |
| သမာဓိဉာဏ်မျက်စိ | ၁၀ |
| ဝိပဿနာဉာဏ်မျက်စိ | ၁၀ |
| မဂ်ဉာဏ်မျက်စိ | ၁၁ |
| အိပ်မက်အသိများ | ၁၂ |
| ဗြဟ္မစိုရ်မျက်စိဖြင့်ကြည့်နည်း | ၁၃ |
| မဇ္ဈိမပဋိပဒါသို့ဦးတည်မှုသာမှန်၏ | ၁၄ |
| အချိန်ကာလ၏ စွမ်းအင် | ၁၅ |
| ပဓာနအကျဆုံးစွမ်းအင် | ၁၆ |


www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မိမိ၏တာဝန်ကိုမစွန့်လွှတ်ထိုက် | ၁၆ |
| ချမ်းသာ၏ပဓာနအင်္ဂါရပ် | ၁၇ |
| ဗြဟ္မစိုရ်အမြင်နှစ်မျိုး | ၁၈ |
| မဇ္ဈိမဒေသဗုဒ္ဓမပွင့်မီကအနေအထား | ၁၈ |
| သင်ကြားသောဘာသာရပ်များ | ၁၉ |
| စီးပွားရေးစနစ် | ၂၃ |
| ကပ်ရောဂါများ | ၂၄ |
| ဓမ္မနှင့်အဓမ္မ | ၂၆ |
| ရှေးခေတ်ကသိသောဒုက္ခ | ၂၇ |
| ဒုက္ခမှလွတ်မြောက်ရေးယုံကြည်ချက် | ၂၈ |
| သံသရာသဘောနှင့်ချမ်းသာ | ၂၉ |
| အဈွတ္တကိုအားကိုးသောကျင့်စဉ် | ၃၀ |
| ထင်ရှားသောဂိုဏ်းကြီးများ | ၃၁ |
| ဘဝလွတ်မြောက်ရေးဟောကြသူများ | ၃၂ |
| သဉ္စာဒသနနှ၏လွတ်မြောက်ခြင်း | ၃၃ |
| တိတ္ထိတို့၏ဝါဒများ | ၃၈ |
| ခေါင်းပါးသောအကျင့် | ၃၉ |
| ပူရဏကဿပ | ၃၉ |
| မက္ခလိဂေါသာလ | ၄၁ |
| အဇိတကေသကမ္ဗလ | ၄၂ |
| ပကုဓကစ္စာယန | ၄၄ |
| သဉ္စယဗေလဋ္ဌပုတ္တ | ၄၅ |
| နိဂဏ္ဌနာဋပုတ္တ | ၄၆ |
| ခြုံငုံသုံးသပ်ချက် | ၄၆ |
| တကယ်ထူးခြားသောခေတ်တစ်ခေတ် | ၄၇ |
| သဘာဝနိယာမကိုမကျော်သူများ | ၄၈ |
| အဓမ္မမလွှမ်းမိုးနိုင်အောင်စောင့်ရှောက်ကြသူများ | ၄၉ |
| ဗုဒ္ဓဝံသပါဠိတော်မြန်မာပြန် | ၅၀ |


❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကိလေသာဟူသောစိတ်အစဉ် | ၁၁၅ |
| ပါရမီမဟုတ်သောကုသိုလ် | ၁၁၆ |
| ဗုဒ္ဓညွှန်ကြားသောဒါနသီလဘာဝနာ | ၁၁၇ |
| မဈှိမပဋိပဒါကိုဟောကြားသောဒေသနာ | ၁၁၈ |
| မိမိဘက်ကလိုက်နာရန်သာလို၏ | ၁၂၂ |
| ပါရမီကံဖြစ်ပါမှမိမိအတွက်အားကိုရ၏ | ၁၂၃ |
| လောကအတွက်ဆေးနှင့်လောကအတွက်ဘေး | ၁၂၄ |
| သံယောဇဉ်ကိုပါရမီဖြစ်အောင်လုပ်နည်း | ၁၂၅ |
| ကျေးဇူးသိတတ်သောပုဂ္ဂိုလ် | ၁၂၆ |
| အခြေခံအားဖြင့်လုပ်ငန်းဆယ်မျိုး | ၁၂၇ |


❀ ❀ ❀

## အခန်း (၃)
## ပါရမီဆယ်ပါး၏အနှစ်သာရ
## ဒါနပါရမီ


| | |
|---|---|
| လောကကပထမဆုံးအသိအမှတ်ပြုခြင်း | ၁၃၀ |
| လောကစံနှင့်သမ္မာဒိဋ္ဌိအမြင် | ၁၃၁ |
| သဘာဝကအသိအမှတ်ပြုခြင်း | ၁၃၂ |
| အသက်စွန့်၍တောင်းဆိုခြင်း | ၁၃၄ |
| ကျေးဇူးရှင်များအပေါ်ကျေးဇူးသိတတ်သူ | ၁၃၅ |
| သဘာဝသည်ဓမ္မဘက်ကရပ်တည် | ၁၃၅ |
| သဘာဝသည်အရာရာတိုင်းကိုသိ၏ | ၁၃၆ |
| မဒ္ဒီဒေဝီ၏အမြင်နှင့်အသိ | ၁၃၆ |
| သက်မဲ့လည်းစကားပြောတတ်၏ | ၁၃၇ |
| ပါရမီ၏အလင်းရောင် | ၁၃၇ |
| နှစ်သက်ဖွယ်နှင့်မြတ်နိုးဖွယ်ကိုမြင်တတ်သူ | ၁၃၈ |
| ကိုယ်တွေ့ကျင့်သုံးပြီးသားတရားများသာဖြစ်၏ | ၁၃၉ |
| အကျိုးတရားနှင့်အကြောင်းတရား | ၁၄၀ |
| ဓမ္မသဘာဝ၌ဖြတ်လမ်းဟူ၍မရှိ | ၁၄၀ |
| လောကအတွက်ကြီးမားသောအရင်းအနှီး | ၁၄၂ |
| သောကကိုနိုင်သောအသိ | ၁၄၃ |


www.burmeseclassic.com

www.burmeseclassic.com



| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကမ္မဝိသယောအစိန္တိယော | ၁၄၃ |
| အမြင်ခြင်းခြားနားမှု | ၁၄၅ |
| အားရဖွယ်မိသားစုအိမ်ထောင်ရေးစနစ် | ၁၄၆ |
| ပါရမီကုသိုလ်ဖြစ်သောဒါန | ၁၄၇ |
| မြင့်မြတ်သူတို့၏လုပ်ရပ် | ၁၄၈ |
| ကရုဏာနှင့်ပညာကိုထင်ရှားစေ၏ | ၁၄၉ |
| အဟောသိကံမဖြစ်သောကုသိုလ် | ၁၅၀ |

**သီလပါရမီ**

| | |
| --- | --- |
| ငြိမ်းချမ်းမှုကိုမည်သို့ဦးတည်မည်နည်း | ၁၅၂ |
| သီလပါရမီမြောက်အောင်ကျင့်ဖို့လို၏ | ၁၅၃ |
| သစ္စာနှင့်လောကတ္ထစရိယ | ၁၅၄ |
| အတိုင်းမသိသောစွမ်းအား | ၁၅၅ |
| မသိလည်းတာဝန်ကရှိမြဲပင် | ၁၅၆ |
| ဓမ္မနှင့်အဓမ္မတို့၏သဘာဝချိန်ခွင် | ၁၅၇ |
| ထားခဲ့သောကတိဖျက်ရမည်ကိုသေခြင်းထက်ကြောက်၏ | ၁၅၈ |
| သီလလက်နက် | ၁၅၈ |
| သီလစွမ်းအင် | ၁၆၀ |
| ကြေကွဲစွာဖြင့်သွားခွင့်ပြု၏ | ၁၆၂ |
| အနိုင်အထက်ယူခြင်းသည်ဒုစရိုက်မှုဖြစ်၏ | ၁၆၃ |
| သစ္စာပြုကြခြင်း | ၁၆၃ |
| သံသရာကိုချန်ထား၍သစ္စာနှင့်မပြီးနိုင်သောအမှုမရှိ | ၁၆၄ |
| လောကသည်အကန်းသဖွယ်ဖြစ်၏ | ၁၆၅ |
| ပါရမီဆယ်ပါးပါဝင်သည်ပင်ဖြစ်၏ | ၁၆၅ |

**နေက္ခမ္မပါရမီ**

| | |
| --- | --- |
| ရုန်းထွက်ရမည့်ဆွဲဆောင်မှုများ | ၁၆၇ |
| ကိလေသာကာမ | ၁၆၈ |
| ရုန်းထွက်ဖြစ်အောင်ကြိုးစားရ၏ | ၁၆၈ |

**မာရ်နတ်၏တပ်မကြီးများ**

| | |
| --- | --- |
| မာရ်နတ်၏ပထမတပ်မ | ၁၆၉ |
| မာရ်နတ်၏ဒုတိယတပ်မ | ၁၆၉ |
| မာရ်နတ်၏တတိယတပ်မ | ၁၇၀ |
| မာရ်နတ်၏စတုတ္ထတပ်မ | ၁၇၀ |

www.burmeseclassic.com

www.burmeseclassic.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| မာရ်နတ်၏ပဉ္စမတပ်မ | ၁၇၁ |
| မာရ်နတ်၏ဆဋ္ဌမတပ်မ | ၁၇၁ |
| မာရ်နတ်၏သတ္တမတပ်မ | ၁၇၂ |
| မာရ်နတ်၏အဋ္ဌမတပ်မ | ၁၇၃ |
| မက္ခနှင့်ထမ္ဘကိုမောင်းထုတ်ခြင်းနမူနာ | ၁၇၃ |
| မာရ်နတ်၏နဝမတပ်မ | ၁၇၃ |
| အလွန်အမြော်ကောင်းသူ | ၁၇၄ |
| မာရ်နတ်၏ဒသမတပ်မ | ၁၇၅ |
| ဗျာဒိတ်ဦးစွာရသောသုမေဓာ၏နေက္ခမပါရမီ | ၁၇၅ |
| လောဘဆန့်ကျင်ရေးနှင့်နေက္ခမ္မပါရမီ | ၁၇၈ |
| မာရ်နတ်၏တပ်ဦးတွင်ကျဆုံးသူများ | ၁၇၉ |
| သုမေဓာတို့ခေတ်ကသိသောဒုက္ခ | ၁၈၀ |
| ဒီပင်္ကရာမြတ်စွာဘုရားကိုဖူးခွင့်ရခြင်း | ၁၈၁ |
| ယောကျ်ားကောင်းမှန်လျှင်ပြုရမည့်တာဝန် | ၁၈၂ |
| ပါရမီမြောက်သောလုပ်ငန်း | ၁၈၄ |
| ပါရမီမမြောက်သောလုပ်ငန်း | ၁၈၅ |
| ကရုဏာနှင့်ပညာ | ၁၈၅ |
| ဝေဒကိုတော်လှန်ခြင်း | ၁၈၆ |
| ပါရမီဆယ်ပါးပါဝင်ခြင်း | ၁၈၇ |


## ပညာပါရမီ


| | |
|---|---|
| အသိနှင့်အကျင့် အမှားနှင့်အမှန် | ၁၈၉ |
| ပညာကိုပါရမီဖြစ်ရန်တွဲဖို့လိုသောတရား | ၁၈၉ |
| အဆင့်နှစ်ဆင့်ပါရမီမြောက်သောပညာ | ၁၉၀ |
| အသိဉာဏ်၏ဦးဆောင်မှု | ၁၉၃ |
| ပညာပါရမီပြည့်စုံအောင်လုပ်အပ်သောအဆင့်များ | ၁၉၃ |
| ပညာပါရမီနှင့်ဝိဓုရဇာတ်တော် | ၁၉၄ |
| ပုထုဇဉ်တို့၏သဘောထား | ၁၉၄ |
| နဂါးမင်း၏သမီးတော်ဣရန္ဒတီ | ၁၉၆ |
| ဝိဓုရသုခမိန်နှင့်ပုဏ္ဏက | ၁၉၈ |
| လူကောင်းတရား | ၁၉၉ |


www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နဂါးပြည်၌ဝိဓူရသုခမိန်တရားဟောခြင်း | ၂၀၀ |
| ရန်အောင်ကြောင်းတရားလေးပါး | ၂၀၁ |
| သစ္စာဖြင့်ဆောင်ရွက်ခြင်း | ၂၀၂ |
| စာဂဖြင့်ဆောင်ရွက်ခြင်း | ၂၀၂ |
| တရားဟောခမ္မကထိက | ၂၀၃ |
| ပါရမီဆယ်ပါးပါဝင်သောလုပ်ငန်း | ၂၀၄ |
| မမှီဝဲအပ်သောငါနှင့်မှီဝဲအပ်သောငါ | ၂၀၅ |


## ဝီရိယပါရမီ


| | |
|---|---|
| တာဝန်နှင့်လုပ်ငန်း | ၂၀၉ |
| ကရုဏာနှင့်ချစ်ခြင်းမေတ္တာ | ၂၁၀ |
| တစ်ကိုယ်ကောင်းစိတ်မထားသင့် | ၂၁၀ |
| ဝဏ္ဏုပထဇာတ် | ၂၁၁ |
| မဟာဇနကဇာတ်တော် | ၂၁၂ |
| သစ္စာသည်ဘဝကိုးကွယ်ရာ | ၂၁၃ |
| တရားနှင့်လျော်သောလုံ့လ | ၂၁၇ |
| အားထုတ်ခြင်း၌အမြင်အမျိုးမျိုး | ၂၁၉ |


## ခန္တီပါရမီ


| | |
|---|---|
| လူတိုင်း၏တာဝန် | ၂၂၄ |
| မိမိသိက္ခာကိုလေးစားခြင်း | ၂၂၅ |
| မရှိမပင့်ပဒါကျသောသည်းခံခြင်း | ၂၂၆ |
| ဘဝပန်းတိုင်သို့ရောက်အောင်သွားရာလမ်း | ၂၂၇ |
| လောကဓံရှစ်ပါး | ၂၂၈ |
| သူလိုငါလိုပုဂ္ဂိုလ်များနှင့်သည်းခံခြင်းတရား | ၂၂၉ |
| ပုဏ္ဏောဝါဒသုတ္တန် | ၂၃၁ |
| ခန္တီဝါဒီဇာတ် | ၂၃၃ |
| ဒါန | ၂၃၃ |
| သီလ | ၂၃၃ |
| ဘာဝနာ | ၂၃၄ |
| ရှင်ရသေ့၏တန်ခိုး | ၂၃၆ |
| မဟာကပိဇာတ် | ၂၃၆ |


www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာ စာမျက်နှာ

## သစ္စာပါရမီ


| | |
|---|---|
| ဗုဒ္ဓစာပေနှင့် ဗြာဟ္မဏစာပေ၏သဘောထား | ၂၄၇ |
| ဓမ္မသစ္စာဖောက်များ | ၂၄၉ |
| မဟာသုတသောမမင်း | ၂၅၀ |
| အဓိဋ္ဌာန်ပါရမီ | ၂၅၇ |
| ပါရမီရှင်ဟုတ်မဟုတ်စမ်းသပ်ခြင်း | ၂၆၁ |
| သမိုင်းကိုထာဝစဉ်လိမ်၍မရ | ၂၆၂ |
| လောကဓံရှစ်ပါးနှင့်မာရ်နတ် | ၂၆၃ |
| တေမိယဇာတ်တော် | ၂၆၄ |
| မင်းဘဝကစေတီတော်ကိုထီးတင်သည်နှင့်တူ၏ | ၂၆၅ |
| ဘုန်းကံနှင့်အဓိဋ္ဌာန်ပါရမီ | ၂၆၆ |
| တေမိယမင်းသားစကားပြောခြင်း | ၂၇၀ |
| ပါရမီ၏သဘော | ၂၇၀ |
| ကာမဂုဏ်ကိုရှောင်၍မရ | ၂၇၁ |
| မဇ္ဈိမပဋိပဒါကျင့်စဉ် | ၂၇၁ |
| ဆေးနှင့်အဆိပ် | ၂၇၂ |


## မေတ္တာပါရမီ


| | |
|---|---|
| ချစ်ခြင်းမေတ္တာသုံးမျိုး | ၂၇၄ |
| ပါရမီမေတ္တာ | ၂၇၅ |
| လောကကိုသာယာငြိမ်းချမ်းစေသောချစ်ခြင်း | ၂၇၆ |
| ချစ်သူနှစ်ဦးချစ်မေတ္တာ | ၂၇၆ |
| မိသားစုချစ်မေတ္တာ | ၂၇၆ |
| လောကချစ်ပါရမီချစ် | ၂၇၇ |
| အနှစ်သာရနှင့်အသွင်သဏ္ဌာန် | ၂၇၇ |
| မေတ္တာသုံးမျိုးနှင့်ပါရမီချစ် | ၂၇၈ |
| မေတ္တာပြယုဂ်စွမ်းအားများ | ၂၈၁ |
| သေယျဇာတ် | ၂၈၁ |
| ကေရာဇာတ် | ၂၈၂ |
| သုဝဏ္ဏသာမဇာတ်တော် | ၂၈၂ |
| ငြိမ်းချမ်းခြင်းကိုရှာသောနည်းနှစ်နည်း | ၂၈၆ |


www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ဥပေက္ခာပါရမီ** | |
| လယ်တီဆရာတော်ဘုရားကြီး၏ ရှင်းပြချက် | ၂၉၁ |
| မဟာလောမဟံသဇာတ် | ၂၉၅ |
| အသွင်ခြင်းတူသော်လည်းအနှစ်သာရခြင်းမတူ | ၂၉၉ |
| မှန်ကန်သောကျင့်စဉ် | ၃၀၃ |
| အနှစ်သာရနှင့်အသွင်သဏ္ဍာန် | ၃၀၅ |
| ဘုရားအမွေခံသင့်ပေ၏ | ၃၀၇ |

❀ ❀ ❀

## အခန်း (၄)
## အလောင်းတော်သိဒ္ဓတ္ထမင်းသား

| | |
|---|---|
| သဗ္ဗသမ္ဘာရဘာဝနာ | ၃၀၉ |
| နိရန္တရဘာဝနာ | ၃၁၀ |
| သက္ကစ္စဘာဝနာ | ၃၁၁ |
| လောက၏အကျိုးစီးပွားကိုဆောင်ရွက်ခြင်း | ၃၁၂ |
| ဓမ္မအုပ်စုနှင့်အဓမ္မအုပ်စု | ၃၁၄ |
| မိမိ၏အကျိုးစီးပွားမဟုတ် | ၃၁၄ |
| တော၏အားကိုယူတော်မူခြင်း | ၃၁၅ |
| ကာမဂုဏ်၏ဆွဲဆောင်မှုအား | ၃၁၆ |
| ပါရမီတော်တို့၏ဓမ္မတာ | ၃၁၇ |
| ဈာန်၏အာနုဘော် | ၃၁၈ |
| စိတ္တေယျနှင့်အစိတ္တေယျ | ၃၁၉ |
| သဘာဝတရားနှင့်ဖြစ်ရပ်ဆန်းများ | ၃၂၀ |
| ဗြဟ္မာကြီးများစောင့်ရှောက်ပုံ | ၃၂၁ |
| အကနိဋ္ဌဗြဟ္မာကြီးများတာဝန် | ၃၂၁ |
| သိဒ္ဓတ္ထမင်းသားအတွက်ရည်မှန်းချက်နှင့်အောင်မြင်ခြင်း | ၃၂၂ |
| နတ်ဗြဟ္မာများပူးဝင်သောစိတ် | ၃၂၃ |
| တစ်ခုတည်းသောအန္တိုင်းမဲ့စွမ်းပကား | ၃၂၄ |
| စွမ်းအင်အထက်ဆုံးသောလူသား | ၃၂၄ |
| မသင်ရဘဲတတ်သောပါရမီများစွမ်းအား | ၃၂၆ |
| ကံ၏စွမ်းအား | ၃၂၇ |

www.burmeseclassic.com

www.burmeseclassic.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပညာမသင်ရဘဲတတ်မြောက်သောကံ | ၃၂၈ |
| တာဝန်ဖြင့်နှောင်ဖွဲ့ခြင်း | ၃၂၉ |
| တာဝန်ထမ်းဖို့လို၏ | ၃၂၉ |
| သက်ရှိချစ်စရာများ | ၃၃၀ |
| လူတို့၏ဆန္ဒများ | ၃၃၁ |
| အဆုံးကိုတွေ့နိုင်သူ | ၃၃၃ |
| အဆုံးကိုမတွေ့နိုင်သောလုပ်ငန်း | ၃၃၃ |
| အုပ်ချုပ်သူနှင့်နိုင်ငံသာယာရေး | ၃၃၄ |
| ငါမပါသောလုပ်ငန်းများကိုဆောင်ရွက်ခြင်း | ၃၃၄ |
| ဘုရင်ကောင်းလျှင်နိုင်ငံကောင်း၏ | ၃၃၅ |
| စစ်မှန်သောချမ်းသာမဟုတ် | ၃၃၅ |
| ရဟန္တာဗြဟ္မာကြီးများစောင့်ရှောက်မှု | ၃၃၆ |
| ဘုရားအဖြစ်တာဝန်ယူရန်အချိန်ရောက်ပြီ | ၃၃၇ |
| ပုဂ္ဂိုလ်အရအမှားနှင့်အမှန်ဆုံးဖြတ်ခြင်း | ၃၃၉ |
| ဓမ္မ၏ဆုံးဖြတ်ချက် | ၃၄၀ |
| အိမ်မင်းနိုင်ငံလွန်ချမ်းသာ | ၃၄၁ |
| ရွံ့ညွန်တွင်းကကြာပန်း | ၃၄၂ |
| မြတ်နိုးဖွယ်ဓမ္မအင်အား | ၃၄၃ |
| သာကီဝင်မင်းတို့၏စိုးရိမ်စိတ်နှင့်ပဓာနနိမိတ် | ၃၄၄ |
| နောက်ဆုံးသံဝေဂနိမိတ် | ၃၄၆ |
| ပါရမီ၏အာနုဘော် | ၃၄၇ |
| သန္တိသုခကိုရှာရန်သဘောပေါက်သွား၏ | ၃၄၈ |
| အတုလချစ်သည်အတုလကျိုးကိုပေးနိုင်ဖို့လို၏ | ၃၄၉ |
| ကိသာဂေါတမီနှင့်နိဗ္ဗာန်ချမ်းသာ | ၃၅၀ |
| လောကအတွက်ရှာဖွေပေးရမည့်ချမ်းသာ | ၃၅၁ |
| တောထွက်ခြင်းနှင့်ဓမ္မအောင်ပွဲ | ၃၅၂ |
| သဘာဝသည်အားလုံးကိုသိ၏ | ၃၅၃ |
| သမဏကျင့်စဉ် | ၃၅၅ |
| ဗိမ္ဗိသာရနှင့်အလောင်းတော် | ၃၅၆ |
| အလောင်းတော်နည်းခံရန်ဆရာရှာခြင်း | ၃၅၇ |
| သစ္စာလေးပါးကိုရှာဖွေခြင်း | ၃၅၈ |


www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဥ္စဝဂ္ဂီတို့မျှော်လင့်ချက်နှင့်မကိုက်ဟုစွန့်ခွာကြခြင်း | ၃၆၃ |
| ရှေးဦးဖြစ်ဖူးသောခန္ဓာအစဉ်ကိုအောက်မေ့ခြင်း | ၃၆၃ |
| ဒိဗ္ဗစက္ခုအမြင်ကိုရခြင်း | ၃၆၄ |
| နောက်ထပ်ပြုဖွယ်မရှိတော့ဟုသိခြင်း | ၃၆၄ |
| ဘုရားဖြစ်လိုခြင်း၏အကြောင်းရင်း | ၃၆၅ |
| ချစ်လျှင်အနှစ်နာခံရမည် | ၃၆၆ |
| ဘက်လိုက်ခြင်းမရှိသောချစ်ခြင်း | ၃၆၇ |
| လောကကျေးဇူးကိုဆပ်ကြပါစို့ | ၃၆၈ |
| မေတ္တာစေတနာသည်အချိုးနှီးဖြစ်ရိုးမရှိ | ၃၆၉ |
| မြက်ရှစ်ဆုပ်၏သတ္တိ | ၃၇၀ |
| ပြောင်းလဲခြင်းနှစ်မျိုး | ၃၇၁ |
| မဟာဝဇိရဉာဏ်တော် | ၃၇၃ |
| နိဗ္ဗာန်ကိုသိမြင်ခြင်း | ၃၇၄ |
| ဗုဒ္ဓ၏ထူးခြားသောဂုဏ်တော်များ | ၃၇၉ |
| အဆင်းတော်သည်အတုလဖြစ်၏ | ၃၈၀ |
| ထင်ပေါ်ကျော်ကြားမှုနှင့်အတုလဖြစ်ပုံ | ၃၈၀ |
| ခြိုးခြံမှုဒ္ဓလည်းအများကြည်ညိုနိုင်အောင်ဖြစ်ပါသည် | ၃၈၁ |
| ပညာရှင်များ၏အတုမရှိကြည်ညိုမှုကိုခံယူရပါသည် | ၃၈၁ |
| ကြည်ညိုဖွယ်သာမကအားရလောက်အောင်ဖြစ်ပါသည် | ၃၈၂ |
| ကိလေသာကင်းစင်ခြင်း | ၃၈၂ |
| သဗ္ဗညုတဉာဏ်တော် | ၃၈၃ |
| အာဝေဏိကဂုဏ်တော် | ၃၈၄ |
| သည်းခံခြင်းအား | ၃၈၅ |
| မေတ္တာတရား၏သတ္တိစွမ်းအား | ၃၈၅ |
| သူနာရဟန်းအားကိုယ်တော်တိုင်ပြုစုတော်မူခြင်း | ၃၈၆ |
| မဟာဝဇိရဉာဏ်တော်ရှိခိုး | ၃၉၁ |


❀ ❀ ❀

### အခန်း(၅)


| | |
|---|---|
| ဆက်လက်လေ့လာရန် | ၃၉၁ |
| အကွရာစဉ်ပါဠိဝေါဟာရမြန်မာပြန် | ၃၉၃ |


မာတိကာပြီး၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု သပြေကန်ဆရာတော်
အရှင်ဝါသေဋ္ဌာဘိဝံသ (သက်တော် ၈၄နှစ်)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ၊ မြောင်းမြတိုက်သစ် ပဋ္ဌာတာရုံနှင့် မော်ဘီသာသနာ့ဝန်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com



အသောကကျောက်တိုင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# "ဗုဒ္ဓ"

## လောကသားတို့၏ အန္တိမ်းမဲ့ကျေးဇူးရှင်
## ကျမ်းစာဖြစ်မြောက်အောင်ကြိုးစားသူ၏ပန်ကြားလွှာ
## "နမတ္ထု–အတုလောဝါဒသ"

မြန်မာနိုင်ငံတော်သို့ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပင် အဆုံးအမ သာသနာတော် ရောက်ရှိခဲ့သည်ဟု ရှေးသူတော်ကောင်းပညာရှင်များက လက်ခံယုံကြည်ခဲ့ကြပါသည်။

ပုဂံပြည်သို့အနော်ရထာမင်းနန်းတက်သော သာသနာ (၁၅၈၈)ခု၊မြန်မာသက္ကရာဇ် ၄၀၆–(ခရစ်–၁၀၄၄)ခုနှစ်မှ ၉–နှစ်အကြာတွင် အရှင်အရဟံမထေရ်မြတ် ကြွရောက်တော်မူပါသည်။ အရှင်အရဟံ၏အဆုံးအမ ညွှန်ကြားမှုများကြောင့် သာသနာ ၁၆၀၁–ခု၊ မြန်မာ ၄၁၉–ခုတွင် ပုဂံသို့ ပိဋကတ်တော်များ သထုံမှရောက်ရှိလာပါသည်။ ထိုအချိန်မှစ၍ ပရိယတ္တိပိဋကတ်တော်များနှင့် အရိယာပုဂ္ဂိုလ်များ အပြည့်အစုံရောက်ရှိလာကြပါသည်။

ထိုရောက်ရှိလာသော ပိဋကတ်တော်များကို အရှင်အရဟံမထေရ်မြတ်သည် သီဟိုဠ်မှပိဋကတ်တော်များနှင့် တိုက်ဆိုင်တည်းဖြတ်ပြီး၊ မြန်မာနိုင်ငံတော်တွင် သံဃာတော်များ လေ့လာသင်ကြားနိုင်အောင် အရိယာ,ပုထုဇဉ်သူတော်ကောင်း သံဃာတော်အရှင်မြတ်များနှင့်ညှိနှိုင်း၍ အုတ်မြစ်ချပေးတော်မူခဲ့ပါသည်။ သင်္ဂါယနာတင်ထားတော်မူခဲ့သည်ဟုပင် ဆိုသင့်ပါသည်။

အရှင်အရဟံမထေရ်မြတ် သထုံမှကြွလာတော်မူခြင်းမှာလည်း မြန်မာပြည်တွင် အနော်ရထာဘုရင်၏ရှေးကံနှင့် အရှင်အရဟံ၏ရှေးဆုတောင်းပါရမီကံကိုမှီ၍ သာသနာတည်မြဲဖို့ရာ အရှင်အရဟံ၏ဆရာဖြစ်တော်မူကြသော အနာဂတံသဉာဏ်ဖြင့်သိတော်မူကြသော ရဟန္တာအရှင်မြတ်များနှင့် အရိယာပုဂ္ဂိုလ်မြတ်တို့၏ ကြိုးစားစီမံမှုသာဖြစ်ခဲ့ပါသည်။

အရှင်အရဟံမထေရ်မြတ်သည် (အနော်ရထာ၊ စောလူး၊ ကျန်စစ်၊ အလောင်းစည်သူ နန်းစံ ၂–နှစ်)မင်းလေးဆက်၊ (သက်တော် ၈၁–နှစ်)တိုင်အောင် ပုဂံပြည်တွင်ရှိခဲ့၍ မြန်မာတို့အကျိုးငှာ ဗုဒ္ဓသာသနာတော်ကို အခြေကျအောင် မျိုးစေ့ချပေးခဲ့ပါသည်။

ယနေ့မြန်မာပြည်သားများ၏ ပူဇော်ခြင်းကိုခံယူ၍ ကမ္ဘာကပါအရေးထား လေ့လာနေရသော ပုဂံမှ ဘုရား,ပုထိုး,စေတီ,ကျောင်းတိုက် အဆောက်အအုံမှန်သမျှတို့သည် အရှင်အရဟံမထေရ်မြတ် ပုဂံပြည်မြေပေါ်သို့ ကြွရောက်လာပြီးမှ ပေါ်ပေါက်လာကြသော ကာသိုလ်များသာဖြစ်ပါသည်။

ရွှေစည်းခုံစေတီတော်မြတ်ကြီး ပြီးစီးအောင်တည်နိုင်ခဲ့ခြင်း,အာနန္ဒာစေတီတော်မြတ်ကြီး ပြီးမြောက်စေခဲ့ခြင်း, ကျန်စစ်မင်းကြီးနန်းစံ ၁၄–နှစ်တွင် မွန်ပြည်နယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကေလာသတောင်ခြေအနီး ကျိုက်တဲမဟာဓာတ်စေတီတော်မြတ်အား ဉာဏ်တော်မြင့်၍ ကျောက်ပြားတို့ဖြင့်မွမ်းမံတော်မူခဲ့ခြင်းတို့မှာ အရှင်အရဟံမထေရ်မြတ်၏ ဂုဏ်ကျေးဇူး သာ အဓိကပဓာနဖြစ်ပါသည်။

အထူးသဖြင့် ပရိယတ္တိသာသနာအခြေခံခိုင်မာ၍ ပိဋကတ်တော်များကို ထေရဝါဒ ဗုဒ္ဓသာသနာတော်နှင့်အညီ ယနေ့ ဆဌသင်္ဂါယနာတင်သည့်တိုင်အောင် အခြေခံခိုင်မာ သန့်ရှင်း၊တည်တံ့၊ပြန့်ပွားအောင် တည်ရှိနေခဲ့သည်မှာ အရှင်အရဟံမထေရ်မြတ်၏ ဂုဏ်ကျေးဇူးသာလျှင် အဓိကအကြောင်းရင်းဖြစ်ပါသည်။

မြန်မာပြည်တွင် သာသနာအမြစ်တွယ်ပြီး သန့်ရှင်း၊တည်တံ့၊ပြန့်ပွားအောင်ဆောင် ရွက်ရာတွင် အရှင်မဟိန္ဒထေရ် သီဟိုဠ်သို့သာသနာပြုရန်သွားစဉ်က ၎င်းနှင့်တွဲဖက် သာသနာပြုရမည့်မင်းကို စောင့်ပြီးမှကြွသွားသည်ကို တွေ့ရခြင်းအားဖြင့် အရှင်အရဟံ မထေရ်မြတ်သည် ဗုဒ္ဓဘာသာဝင်ဖြစ်သော မနူဟာမင်းကိုကျော်လွန်၍ ပုဂံပြည်အနော် ရထာဘုရင်ထံသို့ သာသနာပြုကြွလာသည့်အကြောင်းရင်းကို အစိန္တေယျလေးပါးအား သဘောပေါက်သည့် ဘုရားရှင်၏အဆုံးအမကိုယုံကြည်သော ဗုဒ္ဓဘာသာဝင်တို့သာ ကောင်းစွာနားလည်နိုင်ပါမည်။ အရှင်မဟာကဿပမထေရ် အနာဂတ်သာသနာအတွက် စောင့်ရှောက်ပုံကိုလည်း လေ့လာသင့်ပါသည်။

## ပုဂံသာသနာမှယနေ့သာသနာသို့

ပုဂံခေတ်မှစတင်၍ သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရန်အတွက် သံဃာတော် များမှတစ်ဆင့် ဦးဆောင်၍ မင်းနှင့်ပြည်သူများအား အသိဉာဏ်ရင့်ကျက်ကာ ကိုယ်ကျင့် တရားကောင်းမွန်အောင် အခြေချပေးနိုင်ခဲ့ကြပါသည်။

ပြည်သူများအတွက်မှာမူ-ဆေးရေးပန်းချီ၊ပန်းပု၊အနုပညာများဖြင့် ဗုဒ္ဓဝင်၊ဇာတ်ကြီး ဆယ်ဘွဲ့၊ ငါးရာငါးဆယ်ရုပ်စုံများကို ဘုရားတန်ဆောင်း၊စေတီပုထိုးများတွင် နေရာမလပ် အခွင့်ရတိုင်း ရေးသားထုလုပ် ဖော်ပြခဲ့ကြပါသည်။ သို့သော်-မြန်မာစာပေတွင် ဗုဒ္ဓဝင် ကျမ်းစာအဖြစ်ဖြင့်ကား ပုဂံခေတ်တွင် ထင်ရှားပေါ်လွင်ခဲ့ခြင်းမရှိခဲ့ပါ။

ယခုအချိန်ထိ မြန်မာပြည်တွင် ဗုဒ္ဓဝင်အဖြစ် သီးခြားပေါ်လွင်ခဲ့သည်မှာ-

| | |
|---|---|
| ၁။ မာလာ လင်္ကာရ | -ဒုတိယမဲထီးဆရာတော်၊ |
| ၂။ ဇမ္ဗူ့မိတ်ဆွေဗုဒ္ဓဝင် | -ပထမငါးခုန်ဆရာတော်၊ |
| ၃။ တထာဂတ ဥဒါနဒီပနီ | -ဒီပဲရင်းဆရာတော်၊ |
| ၄။ ဇိနတ္ထပကာသနီ | - ကျီးသဲလေးထပ်ဆရာတော် |
| ၅။ သုဓမ္မဝတီဗုဒ္ဓဝင် | -ပါဠိဆရာဦးထွန်းစိန်၊ |
| ၆။ သောတ္တတကိကျမ်းပါဠိနိဿယ | -စူဠဗုဒ္ဓဃောသ ဦးအာလောက၊ |
| ၇။ လလိတဝိတ္ထာရ | -အရှင်သုန္ဒရာဘိဝံသဆရာတော်၊ |
| ၈။ မယ်တော်မာယာအတ္ထုပ္ပတ္တိ | - |

www.burmeseclassic.com

www.burmeseclassic.com



၉။ မဟာဗုဒ္ဓဝင် (၆)တွဲ(၈)အုပ် -အရှင်ဝိစိတ္တသာရာဘိဝံသဆရာတော်၊
၁၀။ ရုပ်စုံဗုဒ္ဓသာသနာဝင် -အမရပူရ မဟာဂန္ဓာရုံ အရှင်ဇနကာဘိဝံသ ဆရာတော်၊
၁၁။ ဗုဒ္ဓဝင်အမေးအဖြေ -၎င်းဆရာတော်-တို့ဖြစ်ပါသည်။

၎င်းမှာ ကျွန်တော်သိသမျှဖြစ်ပါသည်။

ယခုစာရေးနေဆဲပင် မိတ်ဆွေတစ်ဦးထံမှ ကုန်းဘောင်ခေတ်ပရပိုက်မူတစ်ခုမှ ရုပ်စုံဗုဒ္ဓဘာသာဝင်တစ်ခုကို အင်္ဂလန်နှင့်အမေရိကမှ စာအုပ်ရိုက်ထားသည်ကို ကြည့်ရှုရပါသည်။ ထိုစာအုပ်အားလုံးပင် ဗုဒ္ဓဘာသာဝင်သဒ္ဓါတရားရှိသူများအတွက် ကြည်ညိုဖွယ်ကိုဆောင်နိုင်ရန်ဖြစ်ပါသည်။

သို့သော်-အရှင်ဇနကာဘိဝံသဆရာတော်၏ အမည်တော်ဖြင့်ထုတ်ဝေသော ရုပ်စုံဗုဒ္ဓသာသနာဝင်နှင့်ဗုဒ္ဓဝင်အမေးအဖြေစာ ၂-အုပ်မှာမူ သီးခြားရည်ရွယ်ချက်ဖြစ်ကြောင်း စာဖတ်သူများသိသင့်သည်ဟုယုံကြည်သဖြင့် ဤနေရာတွင်ဖော်ပြပါသည်။

## ရုပ်စုံဗုဒ္ဓသာသနာဝင်

၁၉၅၀-ပြည့်နှစ်၊ (ဝိုင်အမ်ဘီအေ) ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတွင် ကျွန်တော်သည် အမှုဆောင်အဖြစ်ပါဝင်ဆောင်ရွက်နေပါသည်။ ထိုအချိန်တွင် အမှုဆောင်တစ်ဦးဖြစ်သူ ဦးကွန်းဇော်မှတစ်ဆင့် အေးရှားဖောင်ဒေးရှင်းနှင့်ဆက်၍ ဝိုင်အမ်ဘီအေမှ ဗုဒ္ဓဝင်တစ်အုပ်ထုတ်ပါက သူတို့အနေဖြင့် ရိုက်နှိပ်ကူညီပါမည်ဟုဆိုသဖြင့် အမှုဆောင်အချို့ကြိုးစားကြပါသည်။ ထိုသို့ ကြိုးစားရာ၌ ပါဠိပညာရှင်တစ်ဦးအား ချဉ်းကပ်ပြီး ရေးစေခဲ့ရာ အဆင်မပြေဖြစ်သဖြင့် ကျွန်တော်ရေးသားပြပါရစေ၊ ကြိုက်လျှင်လဲလုပ်တာပေါ့၊ မကြိုက်လျှင်လဲ တစ်မျိုးစီစဉ်တာပေါ့ဟုပြောပြီးလျှင် ကြိုးစားရေးသားခဲ့ရာ ကျွန်တော့်အနေနှင့် ဗုဒ္ဓဝင်ထက်၊ ဗုဒ္ဓသာသနာဝင်ကို စိတ်အားသန်နေပါသည်။

မြန်မာလူမျိုးများ ကိုးကွယ်ဆည်းကပ်အားကိုးနေသော ဗုဒ္ဓဘာသာသည် လောကီမှာရော၊ လောကုတ္တရာမှာပါ ပစ္စုပ္ပန်,တမလွန် ဘယ်လိုအကျိုးပြုသည်ကို အရွယ်မရွေး သိစေချင်စိတ် အလွန်ပြင်းပြပါသည်။

ကျွန်တော့်စိတ်တွင်းတွင် ဗုဒ္ဓနှင့် ဗုဒ္ဓ၏အဆုံးအမကို တို့ဗမာတွေ စနစ်တကျ မသိကြသေး၍ သိခွင့်ရ၊ ကျင့်ခွင့်ရလာလျှင် မုချ တိုင်းပြည်အေးချမ်း,တိုးတက်လိမ့်မည်ဟု ယုံကြည်ခဲ့ပါသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာဝင်ကို ၆၅-ပုံမျှ ခေါင်းစဉ်များရေးပြီး ဝိုင်အမ်ဘီအေမှ အတူဆောင်ရွက်နေကြသော သက်ဆိုင်ရာပုဂ္ဂိုလ်များကို တင်ပြခဲ့ပါသည်။ ထိုသို့တင်ပြခဲ့ရာတွင် ပုံတစ်ပုံစီ၏ အဓိပ္ပာယ်,ရည်ရွယ်ချက်နှင့် တစ်အုပ်လုံး မည်ကဲ့သို့ ရည်ရွယ်ထားပုံကို အသေးစိတ်ရှင်းပြပါသည်။ ၎င်းတို့ကိုယ်တိုင်သဘောတူသဖြင့် ၁၉၅၁-ခုနှစ် ဖေဖော်ဝါရီလ ၁၈-ရက်၊ ၁၃၁၂-ခု၊ တပို့တွဲလွှန်း ၁၂-ရက်၊ တနင်္ဂနွေနေ့တွင် အမှုဆောင်အဖွဲ့မှ တစ်စုံတစ်ရာပြင်ဆင်ခြင်းလုံးဝမရှိဘဲ လက်ခံလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အေးရှားဖောင်ဒေးရှင်းကလည်း သဘောတူသဖြင့် ရိုက်ရန်စီစဉ်သောအခါ ထိုစာများကို အမရပူရ၊ မဟာဂန္ဓာရုံဆရာတော်၏အမည်ဖြင့် ရေးသားချီးမြှင့်လျှင် မြန်မာစာဖတ်ပရိသတ်အတွက် အသင်းမှာပါဂုဏ်ရှိ၍ ကိုယ်ရည်ရွယ်ထားသည့်အတိုင်း ခရီးရောက်ပါလိမ့်မည်ဟု ကျွန်တော်ကိုယ်တိုင်အကြံပေးသဖြင့် ဆရာတော်အားရေးသားဖို့ တောင်းပန်လျှောက်ထားပေးရန် ကျွန်တော့်အားပင် ပြန်လည်တာဝန်ပေးသဖြင့် လျှောက်ထားခဲ့ရာ ပိဋကတ်တော်ဆိုင်ရာ ခေါင်းစဉ်ပုံများကို ဆရာတော်ကိုယ်တိုင်ရေးသား၍ သမိုင်းဆိုင်ရာပုံများကို ဆရာတော်၏ညွှန်ကြားမှုအရ ဆရာဦးဝန်(မင်းသုဝဏ်)က ရေးသားပေးခဲ့ပါသည်။

## ပုံများရေးဆွဲခြင်း

ပုံများရေးဆွဲမည်ပြုသောအခါ ဆရာတော်က ဘုရားပုံတော်များကို သဘာဝကျအောင် လှလှပပ ရေးဆွဲလိုစိတ်ရှိပါသည်။ ကျွန်တော်ကလည်း ခေတ်ပန်းချီနည်းဖြင့်သာ လှလှပပဆွဲလိုစိတ်ရှိပါသည်။ သို့သော်-ဆရာဇော်ဂျီ (ဆရာဦးသိန်းဟန်) နှင့် တိုင်ပင်ရန်သွားခဲ့ပါသည်။ ထိုအချိန်က ဆရာဦးဘကြည်သည် မြန်မာကောက်ကြောင်းပန်းချီများ စတင်ရေးဆွဲနေချိန်လည်းဖြစ်ပါသည်။

ဆရာဇော်ဂျီထံသို့ ကျွန်တော်ရောက်သောအခါ ဆရာက "ခေတ်ပန်းချီနှင့် မလုပ်ပါနဲ့ကွာ၊ တို့မြန်မာကောက်ကြောင်းပန်းချီနှင့် ရုပ်လုံးဖော်ရအောင် ဦးဘကြည်ထံမှာပဲအပ်ပါ"ဟုပြောသဖြင့် ဆရာဦးဘကြည်ထံသွားရာ ဆရာက "ကျွန်တော်စာမဖတ်အားဘူး၊ ခင်ဗျားနေ့တိုင်းလာပါ၊ ဆွဲမည်"ဟုပြောသဖြင့် ၎င်းအိမ်မှာပင်ဆွဲဖြစ်ခဲ့ပါသည်။

ကျွန်တော် နေ့စဉ်ဆရာ့ထံသွား၍ စာကိုကိုယ်တိုင်လည်းဖတ်၊ ဆရာ့ကိုလည်း ဖတ်ပြပြီး မကြိုက်သောပုံများကိုပယ်ကာ ၆၅-ပုံပြီးအောင် ဆရာဦးဘကြည်သည် အစအဆုံး ပြီးသည်အထိ ချောမောစွာ ရေးသားပြီးဆုံးစေခဲ့ပါသည်။

၎င်းပုံများနှင့်စာများထည့်သွင်းရန် ယခင်ပုံနှိပ်တိုက်ဝန် ဗိုင်အမ်ဘီအေအမှုဆောင် ဦးဘကျော်ကိုယ်တိုင် စာများကို ယခုပုံအတိုင်းရိုက်နှိပ်ပေးခြင်း၊ အစီအစဉ်များ အစအဆုံး ပြုလုပ်ပေးပြီးလျှင် အေးရှားဖောင်ဒေးရှင်းသို့ အပ်လိုက်ပါသည်။

၁၃၁၆-ခု၊ကဆုန်လဆုတ် ၅-ရက်၊ ၁၉၅၄-ခု၊မေလ ၂၂-ရက်၊ စနေနေ့တွင် စာအုပ် အုပ်ရေတစ်သိန်းကျော် ရိုက်နှိပ်ပြီးစီးခဲ့ပါသည်။

ပညာမင်းကြီးဦးကောင်းက ကျောင်းများအတွက် အုပ်ရေတစ်သောင်းဝယ်ပါသည်။ ဦးကွန်းဇော်ကို အေးရှားဖောင်ဒေးရှင်းနှင့်ဆက်ပေးသဖြင့် စာအုပ်ဖြစ်မြောက်သည့်အတွက် ရွှေတံဆိပ်တစ်ခု အသင်းမှချီးမြှင့်ကြပါသည်။

ဤသို့ ဆောင်ရွက်ခဲ့ခြင်းဖြင့် မည်သို့အကျိုးရှိသည်ကို စာဖတ်သူများဝေဖန်ကြည့်စေလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဝင်အမေးအဖြေရေးသားခြင်း

အမရပူရ–မဟာဂန္ဓာရုံဆရာတော်သည် ဗုဒ္ဓကိုအလွန်လေးစားတော်မူပါသည်။ ကျမ်းစာအုပ်များကို ကြမ်းပြင်ပေါ်ချသည်ကိုပင်မကြိုက်သဖြင့် မကြာခဏ အအော်ခံရပါသည်။ ဗုဒ္ဓဝင်အမေးအဖြေဟု လက်ာလေးများနှင့်ရေးသားထားသော်လည်း မည်မျှပြည့်စုံသည်၊ မည်သည့်ရည်ရွယ်ချက်နှင့်ရေးသည်ကို ဤနေရာတွင်ဖော်ပြမနေတော့ဘဲ၊ ဆရာတော်၏ စာအုပ်နိဂုံးကိုသာဖတ်ကြည့်ရန် ညွှန်ကြားလိုပါသည်။ ကျွန်တော့်အား ထိုအမေးအဖြေစာအုပ်ကလေးကို ရုပ်ပုံများနှင့်ပြန်လည်ရိုက်နှိပ်ရန် ညွှန်ကြားခဲ့ရာ ကျွန်တော်သည် ဆရာတော်၏ဆန္ဒပြည့်ဝအောင် ဆောင်ရွက်နိုင်စွမ်းမရှိခဲ့ပါ။ သာမန်မျှမလုပ်လို၍လည်းဖြစ်ပါသည်။ ယခုတိုင်လည်း အခွင့်သာလျှင် ဆရာတော်အလိုကျ ပုံတော်များနှင့်သရုပ်ပေါ်အောင် ဗုဒ္ဓဝင်အမေးအဖြေကို ရိုက်နှိပ်နိုင်ရန်ကြိုးစားဆဲပင် ဖြစ်ပါသည်။

## "ဗုဒ္ဓ"(လောကသားတို့၏အနိူင်းမဲ့ကျေးဇူးရှင်) ဖြစ်မြောက်အောင်ကြိုးစားရခြင်း၏သမိုင်းကြောင်း

"ဗုဒ္ဓအလိုတော်ကျ မဟာဗုဒ္ဓဝင်ကျမ်းတစ်ဆူပြုစုရန်အလိုရှိပါသည်"ဆိုသော ခေါင်းစဉ်ဖြင့် စာရွက်များရိုက်၍ လှူဒါန်းခဲ့ဖူးပါသည်။ ထို့ပြင်–သပြေကန်ဆရာတော် ရေးသားချီးမြှင့်သော "ဗောဓိဖျင်ခုနစ်ပါးတရားမြတ်ရတနာ" ကျမ်းစာနောက်ပိုင်းတွင်လည်း ထည့်သွင်းကြေငြာခဲ့ဖူးပါသည်။

ထိုကြေငြာချက်ကိုထပ်မံဖတ်ရှုလျှင် စာဖတ်သူများအတွက် အကျိုးရှိလိမ့်မည်ဟု ယုံကြည်၍ အောက်တွင်ထပ်မံဖော်ပြလိုက်ပါသည်။

### ဗုဒ္ဓအလိုတော်ကျ မဟာဗုဒ္ဓဝင်ကျမ်းတစ်ဆူပြုစုရန်အလိုရှိပါသည်။

ကျမ်းပြုစုရေးနှင့်ပတ်သက်၍ စိတ်ပါဝင်စားကြသော ပညာရှင်များကို လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ဤကျမ်းစာတွင်အောက်ပါအတိုင်း ကဏ္ဍကြီး ၅–ကဏ္ဍ ပါဝင်မည်ဖြစ်ပါသည်။

(၁) ဗျာဒိတ်တော်ရတော်မူသော သုမေဓာရှင်ရသေ့ဘဝမှ သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောကာလတိုင်အောင်–လောကတ္ထစရိယ၊ ဉာတတ္ထစရိယ၊ ဗုဒ္ဓတ္ထစရိယ–တို့ကို ဦးစားပေးအစီအစဉ်အတိုင်း ကျင့်တော်မူသောအားဖြင့် ပါရမီတော်များကို ဖြည့်ကျင့်တော်မူသောကဏ္ဍ။

(၂) သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောကာလမှ တောထွက်တော်မူသောကာလတိုင်အောင်–လောကတ္ထစရိယ၊ ဉာတတ္ထစရိယ၊ ဗုဒ္ဓတ္ထစရိယ–တို့ကို ဦးစားပေး အစီအစဉ်အတိုင်း ကျင့်တော်မူသောအားဖြင့် ပါရမီတော်များကို ပြည့်စေတော်မူသောကဏ္ဍ။

www.burmeseclassic.com

www.burmeseclassic.com



(၃) တောထွက်တော်မူသောကာလမှစ၍ ၆-နှစ်တိုင်တိုင် မိမိ၏ဗုဒ္ဓတ္တစရိယအတွက် ဒုက္ကရစရိယာကိုကျင့်တော်မူသောကဏ္ဍ။ (ဗုဒ္ဓဖြစ်တော်မူသည်အထိ။)

(၄) သဗ္ဗညုတဉာဏ်ကိုရတော်မူပြီး၍ ဘုရားဖြစ်တော်မူပြီးနောက် ၄၅-ဝါတို့ ကာလပတ်လုံး လောက၏အစီးအပွားနှင့် ဆွေမျိုးတို့၏အစီးအပွားသက်သက်ကိုသာ ဆောင်ရွက်တော်မူသောကဏ္ဍ။

(၅) သဗ္ဗညုတဉာဏ်, ဒေသနာဉာဏ်တို့ဖြင့် ၄၅-ဝါကာလပတ်လုံး မိမိဟောကြားတော်မူခဲ့သော ဓမ္မ,ဝိနယတို့ကို မိမိပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် သက်တော်ထင်ရှားမြတ်စွာဘုရား၏အရာ၌ထား၍ ထိုဓမ္မဝိနယနှင့် အညီ လောက၏အကျိုးစီးပွား၊ ဆွေမျိုးတို့၏အကျိုးစီးပွားနှင့် မိမိတို့၏အကျိုးစီးပွားတို့ကို ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ကြရန် မိမိ၏တပည့်သာဝကတို့အား မိန့်ကြားမှာထားတော်မူသောကဏ္ဍ။

## ဤဗုဒ္ဓဝင်ကျမ်း၏ရည်ရွယ်ချက်

(က) ယနေ့ကမ္ဘာပေါ်၌ လူအပေါင်းတို့သည်-ရောဂါမနုဿဒုဗ္ဘိက္ခသမ္ဗုတ် တိဝိဓံဘယ်-ဟူသည်နှင့်အညီ အနာရောဂါဘေး၊ လူမဆန်သောသူအမျိုးမျိုးတို့၏ဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး-တည်းဟူသော ဘေး ၃-မျိုးတို့ကြောင့် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့ကို အမြဲတစေခံစားနေကြရပါသည်။ ငြိမ်းချမ်းမှုကိုမရနိုင်ဘဲ ရှိနေကြပါသည်။ ထိုဘေးသုံးမျိုးတို့အနက် လူမဆန်သောသူအချို့တို့၏ဘေးသည် ပို၍ပဓာနကျပါသည်။ ထို့ကြောင့် ထိုဘေးသုံးမျိုးတို့မှ လူအပေါင်းတို့ကိုကယ်တင်ရန် ကမ္ဘာ့သမိုင်းတွင်ထင်ရှားသော ခေါင်းဆောင်များ ပေါ်ပေါက်ခဲ့ကြပါသည်။

(ခ) ထိုခေါင်းဆောင်များသည် ပုထုဇဉ်များဖြစ်ကြသည်အားလျော်စွာ အတ္တဒိဋ္ဌိအမြင်ဖြင့် တွေးခေါ်ပြုစုထားသော ဘက်လိုက်သောဝါဒများ၏ လမ်းညွှန်မှုအရ လူအပေါင်းတို့၏ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု၊ ငြိမ်းချမ်းမှု-တို့ကို ဆောင်ရွက်ခြင်းဖြစ်လေရာ မိမိတို့အနေဖြင့် မည်မျှပင်စိတ်ကောင်းစေတနာကောင်းထားပြီး ဆောင်ရွက်သည်ဆိုစေကာမူ “ငါ-ငါ”ဟူသောမာန်မာနကို ရှေ့တန်းတင်ထားမိသဖြင့် ခေါင်းဆောင်များကိုယ်တိုင် တစ်ခါတစ်ရံ လူမဆန်သော လူအချို့ “အမနုဿ”သဘောသို့ သက်ရောက်မှန်းမသိ သက်ရောက်သွားတတ်ပါသည်။ ထို့ကြောင့် ယနေ့တိုင်အောင်ပင် ကမ္ဘာပေါ်၌ လူအပေါင်းတို့သည် ဖော်ပြပါဘေး ၃-မျိုးတို့ကြောင့် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း-တို့ကို အမြဲတစေခံစားရကာ မငြိမ်းချမ်းနိုင်ဘဲရှိနေကြကြောင်းကို တွေ့မြင်နေရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) "ယောကျ်ားကောင်းမှန်လျှင် တစ်ကိုယ်တည်းကိုယ်လွတ်မရုန်းကောင်း" ဟူသော ခံယူချက်ဖြင့် သုမေဓာရှင်ရသေ့သည် မိမိလက်တော်သို့ရောက်နေသော နိဗ္ဗာန်ချမ်းသာကို မယူဘဲစွန့်လွှတ်ကာ လူအပေါင်းတို့အား တကယ်တမ်းစစ်မှန်သော ချမ်းသာသုခကို ခံစားနိုင်စိမ့်သောငှာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ဆင်းရဲအမျိုးမျိုးကိုခံယူလျက် ပါရမီတော်များကို ဖြည့်ကျင့်တော်မူပြီးနောက် ကိလေသာ အာသဝေါတရားများကို အကြွင်းမဲ့ပယ်သတ်၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူပြီး မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ထို့နောက် မြတ်စွာဘုရားသည် လူ, နတ်, ဗြဟ္မာ-သတ္တဝါအပေါင်းတို့အား ယင်းတို့၏ပါရမီအလျောက် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ-တို့ကို ခံစားနိုင်စေရန် ၄၅-ဝါကာလပတ်လုံး မနားမနေ ဓမ္မ,ဝိနယတို့ဖြင့်သွန်သင်ပြသ ဩဝါဒပေး ဟောကြားတော်မူခဲ့ပါသည်။

(ဃ) မြတ်စွာဘုရား၏ ဓမ္မ,ဝိနယသည် ကိလေသာတန်းလန်းရှိနေသော ပုထုဇဉ်လူသားတို့၏ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ အရင်းရှင်-စသောဝါဒများကဲ့သို့ ဘက်လိုက်သော ဝါဒမဟုတ်၊ ကိလေသာဟူသမျှကို အကြွင်းအကျန်မရှိရလေအောင် လုံးဝပယ်သတ်တော်မူပြီးသော သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ ဘက်မလိုက်သော ဝါဒဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရား၏ဝါဒအတိုင်း တကယ်တန်းကျင့်ကြံအားထုတ်သူမှန်သမျှသည် လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ၊ မိမိတို့၏ ပါရမီအလျောက် စစ်မှန်သောချမ်းသာသုခကို ပြည့်ပြည့်ဝဝ ခံစားရသည်ချည်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော်--မြတ်စွာဘုရား၏ ဓမ္မဝိနယ၌ နာစေ-သာစေ ဟူသောသဘောမျိုး လုံးဝမပါရှိသောကြောင့်ဖြစ်၏။

(င) တကယ်တန်း စစ်မှန်သောချမ်းသာသုခကို ပြည့်ပြည့်ဝဝခံစားနိုင်စေရေးအတွက် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ဓမ္မ,ဝိနယအတိုင်း လိုက်နာကျင့်သုံးမည်ဆိုပါက မှန်မှန်ကန်ကန်ကျင့်သုံးရာရောက်လေအောင် ဖော်ပြပါအင်္ဂါရပ်များနှင့်အညီ လိုက်နာဆောင်ရွက်ဖို့လိုအပ်ပါသည်။

လိုက်နာရမည့်အင်္ဂါရပ်များမှာ-

(၁) မှန်ကန်သောအကြံဉာဏ်များကို ပေးစွမ်းနိုင်သော သူတော်ကောင်းများနှင့် ပေါင်းသင်းဆက်ဆံရမည်။ (သပ္ပုရိသူပသံသေဝ။)

(၂) မှန်ကန်သောလမ်းညွှန်စာပေများကို လေ့လာဖတ်ရှုရမည်။ (သဒ္ဓမ္မဿဝန။)

(၃) မိမိကိုယ်တိုင်က နှလုံးသွင်းမှန်ကန်ရမည်။ (ယောနိသောမနသိကာရ။)

(၄) မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း လက်တွေ့လိုက်နာကျင့်သုံးရမည်။ (ဓမ္မာနုဓမ္မပဋိပတ္တိ။)

www.burmeseclassic.com

www.burmeseclassic.com



(စ) ရှိတ်စပီးယားကပြောပါသည်။ သင်သည် "ပဲနီ" ကိုသာဂရုစိုက်ဖို့လိုသည်။ ပေါင်ကိုတော့ ဂရုစိုက်ဖို့မလိုပါ။ အဘယ့်ကြောင့်ဆိုသော် "ပေါင်" သည် သူ့ဟာသူ ဂရုစိုက်မည်ဖြစ်သောကြောင့်ဖြစ်၏။ ထိုဥပမာအတိုင်းပင် ဗုဒ္ဓဝါဒ၏ပဓာန ရည်ရွယ်ချက်မှာ ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်တို့၏ဖြစ်ပျက်ကို ဆုံးအောင်ရှုပြီး မဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို မျက်မှောက်ပြုရေးပင်ဖြစ်၏။

သို့ရာတွင်–ယနေ့မျက်မှောက်ကမ္ဘာ၌ အန္ဓပုထုဇဉ်က အများစုဖြစ်၍ ကလျာဏ ပုထုဇဉ်က အနည်းစုဖြစ်ပါသည်။ ကလျာဏပုထုဇဉ်ဆိုသော်လည်း ရုပ်နာမ်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်တို့ကို "စာသိ အသိသာရှိပြီး ခန္ဓာသိ"အဆင့်ရှိသူက နည်းပါးပါသည်။ ထိုထက် တိတိကျကျဆိုရလျှင် ဗုဒ္ဓဘာသာမျက်နှာဖုံးတပ်ပြီး မတော်မတရားလုပ်ကာ ဗုဒ္ဓဘာသာ၏ဂုဏ်သိက္ခာကို ကျဆင်းအောင် လုပ်ရာ ရောက်မှန်းမသိ ရောက်အောင်လုပ်နေသူ အမည်ခံဗုဒ္ဓဘာသာများ မြန်မာနိုင်ငံ၌ အတော်များများ ရှိနေကြောင်း တွေ့ရပါသည်။ ထိုကြောင့် ကလျာဏပုထုဇဉ် အစစ်အမှန်ဖြစ်သွားလျှင် "ပေါင်" သည် သူ့ဟာသူ ဂရုစိုက်သွားသကဲ့သို့ ကလျာဏပုထုဇဉ်သည်လည်း အရိယာဖြစ်ဖို့အတွက် သူ့ဟာသူဂရုစိုက်သွား ပေလိမ့်မည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ ကလျာဏပုထုဇဉ်များသည် အမည်ခံ အဆင့်မဟုတ်ဘဲ၊ တကယ်တမ်း အစစ်အမှန်အနေဖြင့်ရှိလေအောင် အားထုတ်ရမည် ဖြစ်ပါသည်။

(ဆ) ဗုဒ္ဓဝါဒ၏အဓိကရည်မှန်းချက်မှာ မိမိ၏အကျိုးစီးပွားအတွက် လောကကိုအသုံးချပြီး အရာရာတိုင်းကို ရယူပိုင်ဆိုင်ခြင်း၌ ကျေနပ်ဝမ်းမြောက်တတ်သော "လောဘ" ကို ပါးသည်ထက်ပါးအောင်နှိမ်နင်းပြီး လောက၏အကျိုးစီးပွားအတွက် မိမိဘဝကိုအသုံးချပြီး အရာရာတိုင်းကို ပေးလှူစွန့်လွှတ်ခြင်း၌ ကျေနပ်ဝမ်းမြောက် တတ်သော "အလောဘ" ကို ပွားစီးအောင်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ ယနေ့မြန်မာနိုင်ငံ၌ လုပ်ပိုင်ခွင့်ရှိသူများသည် ဗုဒ္ဓဘာသာဝင်စစ်စစ်အမည်ခံယူပြီးဖြစ်ပါလျက် ဗုဒ္ဓဝါဒအတိုင်း ရယူစွန့်လွှတ်ခြင်း၌ ကျေနပ်ဝမ်းမြောက်တတ်သော "အလောဘ" ကို ပွားစီးအောင်ဆောင်ရွက်ခြင်းမပြုဘဲ၊ ရယူပိုင်ဆိုင်ခြင်း၌သာ ကျေနပ် ဝမ်းမြောက်တတ်သော "လောဘ"ကို ပွားစီးသည်ထက် ပွားစီးအောင် ဆောင်ရွက်ပြီး ပါးစပ်ကမူ သူ့လောက်ဗုဒ္ဓဘာသာစစ်သူမရှိဟူ၍ ကြွေးကြော်နေကြသော ဆိုင်ရာဆိုင်ရာ လုပ်ပိုင်ခွင့်ရှိကြသူများကို နေရာအနှံ့တွေ့မြင်နေရပေရာ ထိုကဲ့သို့သော"အယောင်ဆောင်"များကို "အစစ်အမှန်"အဖြစ်သို့ရောက်ကြရ လေအောင် ဆွဲဆောင်သိမ်းသွင်းဖို့လိုအပ်ပါသည်။

(ဇ) သိန်းထိပထမဆုပေါက်သည် – ဟုကြားရရုံမျှနှင့်ပင် လူတို့သည် ကြွရွှပြီး ပျော်ရွှင်ကြည်နူးကြသည်ကို အားလုံးအသိပင်ဖြစ်ပါသည်။ ဤသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



"လောဘ"နှင့်ယှဉ်သော ပီတိသောမနဿ သဘောဖြစ်ပါသည်။ မိမိပိုင်ပစ္စည်းများကို စွန့်လွှတ် လှူဒါန်းခြင်း၌မူ သိန်းထီပထမဆုပေါက်သလောက် ကြွရွှပြီး ပျော်ရွှင်ကြည်နူးမှုမရှိသည်ကိုတွေ့ရပါသည်။ ဤသည်မှာ"အလောဘ"နှင့်ယှဉ်သော ပီတိသောမနဿဖြစ်ပါသည်။ အမှန်အားဖြင့် စွန့်လွှတ်ခြင်း၌ဖြစ်သော ပီတိသောမနဿသည် အကုသိုလ်ကိုပယ်နိုင်သော၊ အကုသိုလ်ထက်စွမ်းအင်ကြီးမားသော သဘောရှိသဖြင့် ရယူပိုင်ဆိုင်သိမ်းပိုက်ခြင်း၌ ပျော်ရွှင်ကြည်နူးသည်ထက် ရရှိစွန့်လွှတ်ခြင်း၌ ပို၍ကြည်နူးပျော်ရွှင်သောသဘောများကို ဘုရားအလောင်းတော်ပါရမီဖြည့်ခန်းများ၌ ပေါ်လွင်အောင်ဖော်ပြရန်လိုအပ်ပါသည်။ အောင့်အီးကျိတ်မှိတ်၍ အနာခံခြင်းမျိုးမဟုတ်ဘဲ၊ တကယ့်ကို ဝမ်းမြောက်ဝမ်းသာ ကျေကျေနပ်နပ်အနစ်နာခံခြင်းမျိုးကိုဆိုလိုပါသည်။ ဤသဘောထားမျိုးကား မြင့်မြတ်သောစိတ် ဓာတ်ဖြင့်ကြိမ်ဖန်များစွာ လက်တွေ့ကျင့်ယူ မှသာ ရနိုင်သောသဘောမျိုးဖြစ်ပါသည်။ ထိုသဘောမျိုးမပေါ်လွင်လျှင်လည်း "အတုမဲ့ခေါင်းဆောင်"သဘောမျိုး ပေါ်လွင်ရန်ခဲယဉ်းပါသည်။

(ဈ) ဘုရားလောင်းဘဝဖြင့် သစ္စာလေးပါးကိုမသိမီ၊ သူ၏အသိများသည်လည်း "ဝိပလ္လာသ"သဘောများပါဝင်မည်ဖြစ်ရာ အဘက်ဘက်မှမှန်ကန်သည်ဟုမဆိုနိုင်စေကာမူ၊ သူ့ကိုယ်ကျိုးအတွက်ဦးစားပေးပြီး မည်သည့်အခါမျှတွေးခေါ်စဉ်းစားခြင်းမပြုဘဲ၊ အများအတွက်သာဦးစားပေးပြီး တွေးခေါ်စဉ်းစားခြင်း ပြုမည်သာဖြစ်ပါသည်။ ထို့ကြောင့်ပင် ထိုကုသိုလ်ပါရမီအကျိုးဆက်များကြောင့် တိရစ္ဆာန်ဘဝ၌ပင်ဖြစ်စေကာမူ အမြဲတမ်းခေါင်းဆောင်နေရာက နေရသည်ချည်းဖြစ်၏။

(ည) ဤကမ္ဘာလောကရှိလူအပေါင်းတို့အပေါ် မည်မျှချစ်သည်၊ မည်မျှကြင်နာသည်ဆိုစေကာမူ "ငါ"ကိုဦးစားပေးသော "ငါ"ကိုရှေ့တန်းတင်သော ပုထုဇဉ်တို့ဘက်လိုက်သောဝါဒဖြင့် ယနေ့တွေ့ကြုံနေကြရသော ဒုက္ခအပေါင်းတို့မှလူသားအပေါင်း တို့ကို ကယ်တင်နိုင်ရန် ခဲယဉ်းပါသည်။ အဘယ်ကြောင့်ဆိုသော် ကိလေသာ တန်းလန်းရှိသောပုထုဇဉ်တို့ ရေးသားပြုစုထားသော ဝါဒအမျိုးမျိုးကိုလမ်းညွှန်ချက် အဖြစ်ခံယူပြီး "ငါ"ကိုဦးစားပေးသော ပုဂ္ဂိုလ်များက ကိလေသာတန်းလန်းကို သာယာသောခံယူချက်ဖြင့် ကယ်တင်နိုင်ရန်အားထုတ်နေသောကြောင့် ဖြစ်ပါသည်။

(ဋ) ယနေ့ကမ္ဘာပေါ်၌ လူအပေါင်းတို့ခံစားနေရသော ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့မှ ကင်းလွတ်ကာ ငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ရာ၌ ကိလေသာဟူ၍မြူမျှပင်မရှိဘဲ၊ သဗ္ဗညုတဉာဏ်၊ ဒေသနာဉာဏ်တို့ဖြင့် ဟောကြားတော်မူခဲ့သော "ပိဋက"တော်များ၏လမ်းညွှန်ချက်ဖြင့် "ငါ"ကိုဦးစားမပေးဘဲ၊ ရယူ ပိုင်ဆိုင်ခြင်း၌ သာယာကျေနပ်တတ်သော "လောဘ"

www.burmeseclassic.com

www.burmeseclassic.com



ကို အတတ်နိုင်ဆုံးပယ်ရှားပြီး၊ ရရှိစွန့်လွှတ်ခြင်း၌ သာယာကျေနပ်တတ်သော "အလောဘ"ကို အတတ်နိုင်ဆုံး ပွားစီးဆောင်ရွက်နိုင်စွမ်းရှိသော "သိက္ခာသုံးပါး" ကိုယ်ကျင့်တရားကို လက်တွေ့ကျကျ ကျင့်သုံးနိုင်သော ပုဂ္ဂိုလ်များကသာ တကယ် တမ်းစစ်မှန်သော ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ကို ရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(၄) ထိုကဲ့သို့ဆောင်ရွက်ရာတွင် ဗုဒ္ဓ၏ထေရဝါဒကို အုတ်မြစ်အဖြစ်ထားပြီး ယနေ့ ကမ္ဘာပေါ်၌ လူအများလက်ခံထားသောဝါဒများကို အခြေခံအုတ်မြစ်နှင့်လျော်စွာ အပေါ်ထပ်အဆောက်အအုံအဖြစ် သုံးရန်ဖြစ်ပါသည်။ ထိုကဲ့သို့သုံးရာ၌ "သော ပုရိသဂါရယှား၊ န သတ္တဂါရယှာ" ဟူသော ယာသကဆရာ၏ အဆိုအမိန့်အတိုင်း အသုံးမကျလျှင် အသုံးမချတတ်သူ၏အပြစ်သာဖြစ်ပါသည်။ ပိဋက-စာပေ များ၏အပြစ်မဟုတ်ပါ။

(၃) "ယောကျ်ားကောင်းမှန်လျှင်၊ တစ်ဦးတည်းကောင်းစားရေးကို ဦးစားမပေးသင့်" ဟူသောခံယူချက်ဖြင့် လောက၏အစီးအပွားကိုဆောင်ရွက်ရန် လေးသချေ်နှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး မိမိ၏ကိုယ်ကျိုးကို ကျေကျေနပ်နပ် စွန့်တော်မူ ခဲ့သော မြတ်စွာဘုရား၏ဆောင်ရွက်ချက်များကို ကမ္ဘာ့ခေါင်းဆောင် (အတုမဲ့ ခေါင်းဆောင်)၏အောင်မြင်သော ဆောင်ရွက်ချက်၊ အခါမရွေး အသုံးချရသော ဆောင်ရွက်ချက်များအနေဖြင့် စာဖတ်ပရိသတ်များက စိတ်ဝင်စားစွာ ဖတ်ရှု လေ့လာပြီး လက်တွေ့လိုက်နာကျင့်သုံးကာ တစ်နေ့ထက် တစ်နေ့ ထွန်းကားလာ သော သိပ္ပံပညာရပ်များ၏စွမ်းအားကြောင့် ရုပ်ပိုင်းဆိုင်ရာများ တိုးတက်မှုနှင့်အညီ မြင့်မြတ်သော စိတ်ပိုင်းဆိုင်ရာ အကျင့်သိက္ခာများဖြင့် ယင်းရုပ်ပိုင်းဆိုင်ရာများကို ထိန်းကျောင်းကွပ်ကဲပြီး လူအပေါင်းတို့၏ ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ဘက်သို့ ဆွဲဆောင်အသုံးချလိုစိတ်များ စာဖတ်သူ တို့၏သန္တာန်၌ ပေါ်ပေါက်လာအောင် ရေးသားဖော်ပြပေးရန် ဖြစ်ပါသည်။

(ပ) ဤဗုဒ္ဓဝင်ကျမ်းသည် လောကုတ္တရာရေးသက်သက်ကိုသာ အဓိကပြုသောကျမ်းမျိုး မဟုတ်ဘဲ၊ "သောပါနာရောဟဏ"ခေါ် စောင်းတန်းလှေကားတက်နည်းဖြင့် လောကရေးရာမှတစ်ဆင့် တဖြည်းဖြည်း လောကုတ္တရာသို့ ဦးတည်သွားသော ကျမ်းမျိုးဖြစ်ပါသည်။ ထို့ကြောင့် အရေးအသားဖြင့်တင်ပြရာ၌ ရသစာပေ ဆန်ဆန်တင်ပြရန်ဖြစ်ပါသည်။

(ဏ) ရသစာပေဆန်ခြင်းဟူသည်မှာ ဗုဒ္ဓစာပေရှုထောင့်မှ ရသစာပေဆန်ခြင်းကိုဆိုပါ သည်။ အများနားလည်နေကြသော "ရသ"ဟူသည်မှာ ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်း စသောခံစားမှုများကို ပေါ်လွင်အောင်ဖော်ပြခြင်းဖြစ်သည်။ ဗုဒ္ဓစာပေ ရှုထောင့်အရ ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်းစသည်မှာ အကုသိုလ်သဘော

www.burmeseclassic.com

www.burmeseclassic.com



ရှိပါသည်။ အကုသိုလ်ဟူသမျှကို အကုသိုလ်အတိုင်းမထားရပါ။ ယင်းတို့ကို ချေဖျက်ရပါသည်။ အကုသိုလ်ကိုချေဖျက်ခြင်း ဟူသည်မှာ အကုသိုလ်တို့၏ မှီရာ သက္ကာယဒိဋ္ဌိခေါ်အတ္တသည် တကယ်သေသွားပါက သောတာပတ္တိမဂ်ကိုရ၍ သောတာပန်အရိယာဖြစ်ပါသည်။ ထို့ကြောင့် သောတာပတ္တိမဂ်ကို "ရသ"ဟု ခေါ်ပါသည်။သောတာပတ္တိမဂ်သည် လောကုတ္တရာဖြစ်ပါသည်။ လောကုတ္တရာ ဖြစ်လျှင် ပြန်လည်ဆင်ခြင်ခြင်း=ပစ္စဝေက္ခဏာသဘောသည် မလွဲမသွေဖြစ်ရပါသည်။ ရသစာပေ၌လည်း ချစ်ခြင်း၊မုန်းခြင်း၊သနားခြင်းစသောခံစားမှုများ၏ တည်ရာ သက္ကာယဒိဋ္ဌိခေါ် အတ္တကိုပယ်သည်ပင်ဖြစ်ပါသည်။ ထိုသို့ပယ်ရာတွင် သောတာပတ္တိမဂ်ပယ်နည်းနှင့်တော့မတူပါ။ စာဖတ်သူကိုယ်တိုင်က စာပေပါ သရုပ်ဆောင်ပုဂ္ဂိုလ်နှင့် တစ်သားတည်းဖြစ်သွားပြီး"ငါ"ပျောက်သွားကာ သရုပ်ဆောင် ပုဂ္ဂိုလ်အနေဖြင့်သာ တစ်ယောက်တည်းကျန်ရစ်သွားခြင်းကိုပင် သက္ကာယ–ဒိဋ္ဌိခေါ် စာဖတ်သူ၏အတ္တကိုပယ်ခြင်း ဖြစ်ပါသည်။

စာဖတ်သူ၏အတ္တပျောက်သွားသည်နှင့်တစ်ပြိုင်နက် စာဖတ်သူ၏အတ္တ၌ မှီတွယ်ကိန်းအောင်းနေသော အကုသိုလ်သင်္ခါရများပါ အတ္တနှင့်အတူ ချုပ်ငြိမ်းသွားပြီး "တေသံ ဝူပသမော သုခေါ"အရ နှစ်သက်ခြင်း"ရသ"ကို ခံစားရပါသည်။ ထို့ကြောင့် ရသစာပေလာ"ရသ"ကို သက္ကာယဒိဋ္ဌိခေါ်အတ္တကို သောတာပတ္တိမဂ်ဖြင့် ပယ်ခြင်းတူသဖြင့်"လောကုတ္တရာ ဘာသ"ခေါ်လောကုတ္တရာအတု–ဟုဆိုခြင်း ဖြစ်ပါသည်။ လောကုတ္တရာသဘောပါသည် နှင့်တစ်ပြိုင်နက် ပြန်လည်ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာသဘောသည် မလွဲမသွေပေါ်လာရပါသည်။

မကောင်းသောသဘောကို ရှောင်ခြင်းနှင့် ကောင်းသောသဘောကို ဆောင်ခြင်းတည်းဟူသော သီလဝိသုဒ္ဓိနှင့်စိတ္တဝိသုဒ္ဓိကို ရသစာပေက တည်ဆောက်ပေးခြင်းဖြစ်ပါသည်။ ဤသည်မှာ သုဗောဓာလင်္ကာရကျမ်းဆရာ၏နှလုံးသွင်း ဖြစ်ပါသည်။ သို့မဟုတ်ပါက သုဗောဓာလင်္ကာရကျမ်းဆရာသည် ထေရဝါဒနှင့် ဆန့်ကျင်ပြီး အကုသိုလ်ကိုအားပေးသောပုဂ္ဂိုလ်ဖြစ်သွားပေလိမ့်မည်။

အမှန်အားဖြင့် ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်းစသော ရသဆိုင်ရာ အကုသိုလ်တို့သည် အာဠဝက၊ ပဋာစာရာ၊ ခေမာ တို့အတွက် ဒေါသ၊ မောဟ၊ မာနတို့က ဥပနိဿယအဖြစ် ကျေးဇူးပြုသောကြောင့် မဂ်ရသလို ရသ၏ ဥပနိဿယ သဘောအဖြစ်ဖြင့်သာ ကျေးဇူးပြုခြင်းဖြစ်ပါသည်။ မဂ်သည် သစ္စိကရဏဖြစ်သလို "ရသ"သည်လည်း သစ္စိကရဏပင်ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဝင်ကျမ်းကိုပြုစုရာ၌ ဗုဒ္ဓဘာသာရှုထောင့်မှ ရသစာပေသဘောမျိုး သက်ရောက်အောင် ရေးသားဖော်ပြပေးရန် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပန်ကြားလွှာ

## ကဏ္ဍအလိုက်ပါဝင်ရမည့်အချက်များမှာ

### ကဏ္ဍ(၁)တွင်အောက်ပါအချက်များပါဝင်ရန်လိုအပ်ပါသည်။

ပါရမီဆိုသည်မှာ တကယ်မြင့်မြတ်သူတို့၏လုပ်ငန်းဖြစ်ကြောင်းပေါ်လွင်စေရန်၊

ပါရမီကုသိုလ်ဆိုသည်မှာမဟာကုသိုလ်ဉာဏသမ္ပယုတ်သောမနသအနေဖြင့် တကယ့်ကို လိုလိုလားလား,ကျေကျေနပ်နပ်,ပျော်ပျော်ရွှင်ရွှင်,နှလုံးသွင်းခံယူချက်ဖြင့် လောက၏အစီးအပွားအတွက် ဆောင်ရွက်နိုင်ရန်ရည်စူးပြီး အနစ်နာခံခြင်းဖြစ်ကြောင်း ပေါ်လွင်စေရန်။

တကယ်စစ်မှန်သောခေါင်းဆောင်ကောင်းတစ်ယောက်အနေဖြင့် လောက၏အစီး အပွားအတွက်ဆောင်ရွက်နိုင်ရန် ပါရမီများကိုကိုယ်ကျိုးစွန့်ပြီးဖြည့်ကျင့်ရာ၌ နှစ်နှစ်ကာကာ ဝမ်းမြောက်သောပီတိသောမနသစိတ်ထား ကုသိုလ်တရားဖြင့်သာဖြည့်ခြင်း ဖြစ်ကြောင်း ဆိုင်ရာဆိုင်ရာဇာတ်တော်အထောက်အထားများဖြင့် ပေါ်လွင်အောင်ဖော်ပြရန်။

### ကဏ္ဍ(၂)တွင်အောက်ပါအချက်များပါဝင်ရန်လိုအပ်ပါသည်။

သိဒ္ဓတ္ထမင်းသားဖွားမြင်တော်မူသောကာလမှ တောထွက်တော်မူသောကာလ တိုင်အောင် ၂၉–နှစ်ကာလအတွင်း၌ မိမိ၏ဘဝစည်းစိမ်ကိုစံစားခြင်း၌သာ ကျေနပ်တော် မမူဘဲ၊ မိမိ၏တိုင်းပြည် ၊ မိမိ၏လူမျိုးနှင့်တကွ လောက၏အစီးအပွားအတွက်သာ ရှေ့တန်းတင်ပြီး ကာမသုခလ္လိကာနုယောဂလမ်းစဉ်ဖြင့် ဆောင်ရွက်တော်မူကြောင်းကို ဆိုင်ရာဆိုင်ရာပိဋကစာပေအထောက်အထားများဖြင့်ဖော်ပြရန်။

ထိုသို့ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံကာဆောင်ရွက်ပါသော်လည်း မိမိမျှော်မှန်းသလို တကယ်တမ်းစစ်မှန်သောချမ်းသာသုခကိုရရှိအောင် မဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရသဖြင့် ကိလေသာအားလုံးကိုအကြွင်းမဲ့ပယ်သတ်ပြီး သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ် သို့ရောက်မှသာ သတ္တဝါများကို မိမိမျှော်မှန်းသလိုကယ်ဆယ်နိုင်မည်ဖြစ်ကြောင်းသိရှိကာ တောထွက်၍ တရားကျင့်ရန် အားထုတ်ခြင်းဖြစ်ကြောင်း ဆိုင်ရာဆိုင်ရာပိဋကတော် အထောက်အထားများဖြင့် ပေါ်လွင်အောင်ဖော်ပြရန်။

### ကဏ္ဍ(၃)တွင်အောက်ပါအချက်များပါဝင်ရန်လိုအပ်ပါသည်။

ထိုခေတ်သစ္စာတရားကိုရှာဖွေရာတွင် ဗြာဟ္မဏကျင့်စဉ်နှင့်သမဏကျင့်စဉ်ဟူ၍ ကျင့်စဉ်နှစ်မျိုးရှိသည့်အနက် ဗြာဟ္မဏကျင့်စဉ်အရ ယဇ်ပူဇော်မှုကျင့်စဉ်ကိုမကျင့်သုံးဘဲ၊ သမဏကျင့်စဉ်အရ တပကျင့်စဉ်ကိုသာကျင့်သုံးခြင်းဖြစ်ကြောင်း ပိဋကတော်အထောက် အထားများဖြင့်ဖော်ပြရန်။

ထိုအခါ ပဉ္စဝဂ္ဂီငါးဦးတို့က ဘုရားအလောင်းတော်ကို အထင်သေးပြီးစွန့်ခွာသွားကာ

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ဘာသာမိမိတို့ မိဂဒါဝုန်တောသို့ တပအကျင့်ကိုပင်ဆက်လက်ကျင့်ကြံနေကြကြောင်း ပိဋကတော်အထောက်အထားများဖြင့် ပေါ်လွင်အောင်ဖော်ပြရန်။

ကဏ္ဍ(၄)တွင်အောက်ပါအချက်အလက်များပါဝင်ရန်လိုအပ်ပါသည်။

သစ္စါလေးပါးတို့၌ သစ္စဉာဏ်ခေါ် ဉာတပရိညာအရ ပဋိစ္စသမုပ္ပါဒ်လာ ရုပ်နာမ်တရားတို့၏ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ နိရောဓဂါမိနီပဋိပဒါသစ္စာတို့ကိုလည်းကောင်း၊ ကိစ္စဉာဏ်ခေါ် တီရဏပရိညာအရ ယင်းရုပ်နာမ်တို့၏ ဖြစ်ပျက်ခေါ် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတို့ကိုလည်းကောင်း၊ ကတဉာဏ်ခေါ် ပဟာနပရိညာအရ ဝါသနာနှင့်တကွ ကိလေသာအားလုံးကို အကြွင်းမရှိပယ်သတ်ခြင်းကိုလည်းကောင်း မဇ္ဈိမပဋိပဒါအကျင့်မြတ်ဖြင့် သိခြင်း၊ ပယ်ခြင်း၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း၊ ပွားများခြင်းတို့ကို ပြုတော်မူကာ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်အဖြစ်သို့ရောက်တော်မူကြောင်းဖော်ပြရန်။

ဘုရားဖြစ်တော်မူသည့်အချိန်မှစ၍ မိမိအကျိုးစီးပွား လုံးဝပါဝင်ခြင်းမရှိဘဲ၊ လောကသုံးပါး၏ တကယ်တမ်းစစ်မှန်သော အကျိုးစီးပွားအတွက်သာ ၄၅-ဝါတို့ ကာလပတ်လုံး တစ်နေ့လျှင် အလွန်ဆုံး တစ်နာရီခွဲသာ ကျိန်းစက်တော်မူပြီး သတ္တဝါတို့၏ပါရမီအလျောက် လူ့,နတ်,နိဗ္ဗာန်သုံးတန်သောအကျိုးကို ရရှိခံစားနိုင်စိမ့်သောငှာ ဆောင်ရွက်တော်မူကြောင်း ပေါ်လွင်အောင်ဖော်ပြရန်။

ဝါကျွတ်တိုင်း မြတ်စွာဘုရားသခင်သည် တစ်ပါးတည်းဖြစ်စေ၊ နောက်ပါရဟန်းသံဃာများခြံရံ၍ဖြစ်စေ၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်များသို့ အလျဉ်းသင့်သလို တစ်ခါတစ်ရံ လယ်ကွင်းများသို့ပင် မိမိ၏သဗ္ဗညုတဉာဏ်ကွန်ရက်၌ ကျွတ်ထိုက်သော ဝေနေယျအဖြစ်ပေါ်လာပါက ကိုယ်တော်တိုင်အပင်ပန်းခံပြီး သွားရောက်၍ တရားဒေသနာ ဟောပြောတော်မူကြောင်း ပေါ်လွင်အောင်ဖော်ပြရန်။

အယူဝါဒခြားတိတ္ထိများကိုပင် ကျွတ်ထိုက်သူမှန်ပါက ဂိုဏ်းဂဏမရွေး မဟာကရုဏာတော်ဖြင့် ချွေချွတ်တော်မူကြောင်း ပေါ်လွင်အောင်ဖော်ပြရန်။

မြတ်စွာဘုရားသည် နေ့စဉ်နေ့တိုင်း တစ်ပါးတည်းဖြစ်စေ၊ နောက်ပါသံဃာတော်များနှင့်ဖြစ်စေ ဆွမ်းခံကြွတော်မူရင်း ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့အား ချွေချွတ်တော်မူကြောင်း ပေါ်လွင်အောင်ဖော်ပြရန်။

သုဘဒ်ပရိဗိုဇ်ကို ဗုဒ္ဓဝေနေယျအဖြစ် နောက်ဆုံးရဟန္တာဖြစ်စိမ့်သောငှာ ဝမ်းတော်လားသည့်ဝေဒနာကိုခံစားရင်း ပါဝါပြည်မှ ကုသိနာရုံပြည်သို့ သုံးဂါဝုတ်ဝေးသော ခရီးကို ၂၅-ကြိမ်နားတော်မူကာ ကြွရောက်တော်မူ၍ တရားဒေသနာကို ဟောကြားတော်မူခြင်းအားဖြင့် မြတ်စွာဘုရား၏ လောကအပေါ်ထားရှိတော်မူသော မဟာကရုဏာတော်ကို ပေါ်လွင်အောင်ဖော်ပြရန်။

မြတ်စွာဘုရားကိုပူဇော်ရာ၌ ကမ္မဿကတာဉာဏ်ဦးစီးသော ကုသိုလ်ကောင်းမှုဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပူဇော်သည့်ထက် သစ္စာနုလောမိကဉာဏ်ဦးစီးသော ကုသိုလ်ကောင်းမှုဖြင့်ပူဇော်သည်က ပို၍မြင့်မြတ်သည်ဟု ပရိနိဗ္ဗာန်ပြုတော်မူခါနီးကာလ၌ လူ-နတ်-ဗြဟ္မာတို့ ပူဇော်ဖွယ်အထူးထူးတို့ဖြင့် ပူဇော်သည်ကိုအကြောင်းပြု၍ ရှင်အာနန္ဒာအား မြတ်စွာဘုရားက မိန့်ကြားတော်မူသည်ကိုထောက်ထား၍ "အတ္တ"ပွားစီးသောကမ္မဿကတာဉာဏ်ထက် "အတ္တ"ခေါင်းပါးအောင်လုပ်သော ပါရမီ(သစ္စာနုလောမိက)ဉာဏ်က ပို၍မြင့်မြတ်ကြောင်း ပေါ်လွင်အောင်ဖော်ပြရန်။

လူသားတို့၏ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို အတ္တ-မာန ဦးဆောင်သောစိတ်ထားဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ၊ အတ္တ-မာန-ခေါင်းပါးသော မြင့်မြတ်သောကိုယ်ကျင့်တရားဖြင့်သာ ဆောင်ရွက်မှုရနိုင်ကြောင်းကိုဖော်ပြရန်။

## ကဏ္ဍ(၅)တွင်အောက်ပါအချက်များပါဝင်ရန်လိုအပ်ပါသည်။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သေးငယ်သောအာပတ်များကို သံဃာတော်များ၏ ဆန္ဒအရ နုတ်ပယ်လိုက နုတ်ပယ်နိုင်ကြောင်း မြတ်စွာဘုရားက ခွင့်ပြု တော်မူခဲ့သော်လည်း ရှင်မဟာကဿပစသောမထေရ်များက နုတ်ပယ်ခြင်းမပြုဘဲ သီလသိက္ခာကိုအမြတ်တနိုးဆက်လက်ကျင့်သုံးရန် ပထမသင်္ဂါယနာ၌ဆုံးဖြတ်တော်မူကြကြောင်းပေါ်လွင်အောင်ဖော်ပြရန်။

သိက္ခာသုံးပါးတွင် ကိုယ်ကျင့်ဆိုင်ရာသီလသိက္ခာသုံးပါး တစ်ပေါင်းတည်းတစ်ပြိုင်တည်း ပါဝင်ယှဉ်ပြိုင်လာမှသာ မဂ္ဂင်ရှစ်ပါးပြည့်စုံပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သဖြင့် ကိုယ်ကျင့်သိက္ခာကိုအလေးထား၍ စောင့်ရှောက်ထိန်းသိမ်းသင့်ကြောင်းဖော်ပြရန်။

ပါးစပ်က ဗုဒ္ဓဘာသာစစ်ကြောင်း စာသံပေသံတည်ညည်ဖြင့် တိုင်းကြားပြည်ကျော် ဟစ်အော်ပြောဆိုနေကြသော်လည်း လက်တွေ့တွင်မူ အရာရာတိုင်း ရသမျှ "ငါ"ဖို့-ဟူသောခံယူချက်ဖြင့် လောဘ-အတ္တ-မာန ကို ဦးစားပေးနေသော လက်ရှိဗုဒ္ဓဘာသာ အကျင့်စရိုက်ဆိုးများကိုဖယ်ရှား၍ အများက လူညံ့ပြောပြော၊ လူဖျင်းပြောပြော၊ ပြောသမျှကို သတ္တိရှိရှိဖြင့်ခံနိုင်စွမ်းရှိသော အလောဘ-အဒေါသ-အမောဟ ဦးစီးသော သစ္စာနုလောမိကဉာဏ်ခေါ် အနစ်နာခံခြင်း၌ ရသကိုမြင်တတ်သောပုဂ္ဂိုလ်မွန်များ၏ မယိမ်းမယိုင်၊ မတွေမဝေသောပါရမီစိတ်ထားဖြင့်ဆောင်ရွက်မှုသာ ဤလောက၌ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို အမှန်တကယ်ရရှိနိုင်မည်ဖြစ်ကြောင်း ပေါ်လွင်အောင်ဖော်ပြရန်။

သာသနာတော်ကို ပြုစုစောင့်ရှောက်ရာတွင် "ဥဘော အညောညနိဿိတာ" ဟူသည်နှင့်အညီ ဆရာဖြစ်သူရဟန်းသံဃာတော်များက ဒါယကာဖြစ်သူလူပုဂ္ဂိုလ်များ အား ကိုယ်ကျင့်သိက္ခာထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ ဦးဆောင်ဦးရွက်ပြုနိုင် အောင် တိုင်းပြည်တိုးတက်ရေးအတွက် ဓမ္မဝိနယနှင့်ညီညွတ်သော ဩဝါဒများပေးနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဒါယကာများဘက်မှလည်း အမြဲတမ်းလိုလို ချဉ်းကပ်ပြီး ဩဝါဒခံယူချင်သောစိတ်များ ပေါ်ပေါက်လာရလေအောင် အသိ(ဝိဇ္ဇာ)၊ အကျင့်(စရဏ)တို့၌ ဘက်စုံတော်သောပုဂ္ဂိုလ် များဖြစ်လာအောင် ကြိုးစားရန်လိုအပ်ကြောင်းဖော်ပြရန်။

တစ်နေ့ထက်တစ်နေ့ထွန်းကားလာသော သိပ္ပံပညာရပ်များကြောင့် ပေါ်ပေါက်လာ သော ရုပ်ပိုင်းဆိုင်ရာပစ္စည်းများသည် နှလုံးသွင်းမမှန်သော ပုဂ္ဂိုလ်များအတွက် "နိကန္တိ" ကိုဖြစ်စေသော ကာမဂုဏ်များဖြစ်၍ လောက၏ငြိမ်းချမ်းရေးအတွက် မည်သို့မျှအထောက် အကူမပြုဘဲ အန္တရာယ်ပြုမည်သာဖြစ်ကြောင်းနှင့် နှလုံးသွင်းမှန်သောပုဂ္ဂိုလ်များအတွက် "ဝိရာဂ"ကိုဖြစ်စေတတ်သော သင်္ခါရတရားများဖြစ်၍ ယင်းကာမဂုဏ်(သင်္ခါရ) တရား များကိုပင် သစ္စာနုလောမိကဉာဏ်ဖြင့် ဤလောက၌ စစ်မှန်သောသုခနှင့် စစ်မှန်သော ငြိမ်းချမ်းရေးကိုဖြစ်စေရန် အသုံးကျနိုင်ကြောင်း ပေါ်လွင်အောင်ဖော်ပြရန်။

ဂုဏ်ပကာသနကိုမက်မော၍ လှူသောကုသိုလ်သည် ဘဝသမ္ပတ္တိနှင့်ဘောဂသမ္ပတ္တိ ကိုပင် မပေးကြောင်း၊ ကမ္မဿကတာဉာဏ်အရ ကောင်းမှု၏အကျိုးကိုမက်မော၍ လှူ သောကုသိုလ်သည် ဘဝသမ္ပတ္တိနှင့်ဘောဂသမ္ပတ္တိကိုပေးသော်လည်း ပါရမီကုသိုလ်မဖြစ် ၍ သစ္စာနုလောမိကဉာဏ်ဦးမစီးသဖြင့် မမြတ်ကြောင်း၊ လုပ်ငန်းကိုလုပ်ရာ၌ မိမိ၏အကျိုး အတွက် ဘာကိုမျှမမျှော်လင့်ဘဲ လောက၏အကျိုးအတွက်သာ မျှော်ကိုးပြီးလုပ်ပါမှ "ကံ" ပြတ်၍ "ဘဝ"ဇာတ်သိမ်းနိုင်သဖြင့် မြတ်ကြောင်းပေါ်လွင်အောင်ဖော်ပြရန်။

မူလပဏ္ဏာသ၊အနင်္ဂဏသုတ်လာတိုင်း မိမိ၏လုပ်ငန်းသဘာဝအရ အကုသိုလ် ထူပြောသော လုပ်ငန်းဖြစ်ပါလျက် အကုသိုလ်ထူပြောသော လုပ်ငန်းမှန်း မသိဘဲ၊ မိမိအနေဖြင့် ကောင်းနိုးရာရာ ထင်သမျှကိုလုပ်နေလျှင်"သူယုတ်မာ"ဖြစ်ကြောင်း၊ လုပ်ငန်းသဘာဝ အရ အကုသိုလ်ထူပြောသောလုပ်ငန်းဖြစ်ပါလျက် အကုသိုလ်ထူပြောသော လုပ်ငန်းမှန်းသိလျှင် ရှောင်ကြဉ်လိုသော စိတ်ထားကောင်း ပေါ်ပေါက်နိုင်သဖြင့် "သူမြတ်" ဖြစ်ကြောင်း၊ လုပ်ငန်းသဘာဝအားဖြင့် အကုသိုလ်ခေါင်းပါးသောလုပ်ငန်း ဖြစ်ပါလျက် အကုသိုလ်ခေါင်းပါးသောလုပ်ငန်းမှန်းမသိဘဲ၊ မိမိအနေဖြင့် "သာယာဖွယ်" များကိုသာရှာနေလျှင် "သူယုတ်မာ"ဖြစ်ကြောင်း၊ လုပ်ငန်းသဘာဝအနေဖြင့် အကုသိုလ် ခေါင်းပါးသောလုပ်ငန်းဖြစ်ပါလျက် အကုသိုလ်ခေါင်းပါးသောလုပ်ငန်းမှန်းသိလျှင် သာယာ ဖွယ်များကို ရှောင်ကြဉ်လိုသောစိတ်ထားကောင်း ပေါ်ပေါက်နိုင်သဖြင့် "သူမြတ်" ဖြစ်ကြောင်း အရှင်သာရိပုတ္တရာက အရှင်မောဂ္ဂလာန်အား ဟောကြားတော်မူသည်ကို ပေါ်လွင်အောင် ဖော်ပြရန်။

ဤကမ္ဘာပေါ်တွင် လူအပေါင်းတို့သည် ပုထုဇဉ်အများစုများဖြစ်ကြရာ ပုထုဇဉ်တို့ ၏အသိမှန်သမျှသည် ဝိပလ္လာသအသိချည်းပင်ဖြစ်ရာ မည်သည့်ပညာရှိပုဂ္ဂိုလ်များ၏ အသိမျှ ပြည့်စုံမှန်ကန်သောအသိဟူ၍ မရှိနိုင်သဖြင့် ဣဿာ-မစ္ဆရိယနှင့် အတ္တ-မာန် မာနများခေါင်းပါးလျှင် ဗုဒ္ဓဝါဒနှင့်လျော်ညီသောအသိဖြစ်ပြီး ဣဿာ-မစ္ဆရိယနှင့်

www.burmeseclassic.com

www.burmeseclassic.com



အတ္တ–မာန်မာနများထူပြောနေသမျှကာလပတ်လုံး ဗုဒ္ဓဝါဒနှင့်ဆန့်ကျင်သဖြင့် ဗုဒ္ဓဝါဒ ဗုဒ္ဓ ဘာသာဝင်အမည်ခံစေကာမူ အမှန်အားဖြင့် ဗုဒ္ဓဝါဒကိုအရေခြုံ၍ ဖျက်ဆီးရာရောက်သော အသိမျိုးသာဖြစ်ကြောင်း ပေါ်လွင်အောင်ဖော်ပြရန်။

မျက်နှာလိုက်၍ ချစ်ခြင်း၊ ကြင်နာခြင်း၊ ဂုဏ်ပြုခြင်း၊ ခွင့်လွှတ်ခြင်းတို့သည် ဗြဟ္မစိုရ်တရားအစစ်မဟုတ်သဖြင့် ထိုအမြင်မျိုးဖြင့် လူအပေါင်းတို့၏ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို အောင်မြင်အောင် မည်သည့်နည်းနှင့်မျှ ဆောင်ရွက်၍မရနိုင်ကြောင်းဖော်ပြရန်။

ဘက်မလိုက်သော ဗုဒ္ဓဝါဒ၏လမ်းညွှန်မှုကိုခံယူပြီး အားလုံးသောသတ္တဝါတို့အပေါ် ညီမျှသောကရုဏာတရားဖြင့် တကယ်တမ်းအနစ်နာခံခြင်း၌ဝမ်းမြောက်ကြည်နူးသော "အလောဘ"စိတ်ဓာတ်ကိုအခြေပြု၍ လူအပေါင်းတို့အတွက် ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ကိုဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်းဖော်ပြရန်။

ကမ္ဘာပေါ်ရှိလူတိုင်းလူတိုင်းသည် မိမိတို့၏လူမျိုး၊ မိမိတို့၏ဘာသာ၊ မိမိတို့၏ယဉ်ကျေးမှု၊ မိမိတို့၏အချုပ်အချာအာဏာပိုင်သည့်နိုင်ငံ–ဟူ၍ရှိပါကြောင်း။ သို့ရာတွင် ထိုလူမျိုး၊ ထိုဘာသာ၊ ထိုယဉ်ကျေးမှု၊ ထိုနိုင်ငံတို့ကို ဗုဒ္ဓဒေသနာတော်အရ ဗြဟ္မစိုရ်တရားနှင့်အညီ ပို၍ချစ်ဖို့၊ ပို၍ကြင်နာဖို့၊ ပို၍မြတ်နိုးဖို့၊ ပို၍ခွင့်လွှတ်ဖို့မလိုပါကြောင်း၊ ဗြဟ္မစိုရ်တရားအရ အားလုံးအပေါ်မှာ အပိုင်းအခြားမဲ့ ညီတူညီမျှဖြစ်ဖို့၊ ကြင်နာဖို့၊ မြတ်နိုးဖို့၊ ခွင့်လွှတ်ဖို့လိုပါကြောင်း၊ သို့ရာတွင် ကတညုတကတဝေဒီ မင်္ဂလာတရားတော်အရသာလျှင် ပို၍ကျေးဇူးဆပ်သောအားဖြင့် မိမိတို့လူမျိုး၊ မိမိတို့ဘာသာ၊ မိမိတို့ယဉ်ကျေးမှု၊ မိမိတို့နိုင်ငံကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်၍ ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် လုပ်ရမည်ဖြစ်ကြောင်းဖော်ပြရန်။

ကမ္ဘာပေါ်ရှိလူအပေါင်းတို့အား တကယ်တမ်း ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့ကို"မနုဿတ္တဘာဝေါ ဒုလ္လဘော"အရ လူ့ဘဝကိုတန်းတူရည်တူ ရကြသူချည်းဖြစ်ကြသည်အားလျော်စွာ ပြည့်ပြည့်ဝဝ ခံစားနိုင်ပါစိမ့်သောငှာ ဆောင်ရွက်ကြမည်ဆိုပါက လမ်းညွှန်သောစာပေကလည်း ကိလေသာတန်းလန်းနှင့် ရေးသားပြုစုထားသော ပုထုဇဉ်စာပေမျိုးမဖြစ်ဖို့လိုပါသည်။ အကောင်အထည်ဖော်သည့် ပုဂ္ဂိုလ်များကလည်း"ငါ"ကိုရှေ့တန်းတင်တတ်သော"သမုဒယသစ္စာ"အမြင်ဖြင့် အကောင်အထည်မဖော်မိဖို့လိုပါသည်။ ထိုစာပေ၊ ထိုဝါဒ၊ ထိုပုဂ္ဂိုလ်မျိုးကသာဆောင် ရွက်မည်ဆိုလျှင် ဤကမ္ဘာလောက၌ စစ်မှန်သောချမ်းသာနှင့် စစ်မှန်သောငြိမ်းချမ်းမှုကို မည်သည့်အခါမျှ ရနိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် စစ်မှန်သောချမ်းသာနှင့် စစ်မှန်သော ငြိမ်းချမ်းမှုကို လိုလားပါက ရှေ့ဆောင်လမ်းညွှန်ပြုမည့်စာပေကလည်း ကိလေသာဟူ၍ လုံးဝမရှိသော မဟာကရုဏာဉာဏ်တော်ကို ရှေ့သွားပြုသော သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောကြား

www.burmeseclassic.com

www.burmeseclassic.com







ပုဂံ အနန္ဒာစေတီတော်မှ
အလောင်းတော်နတ်သားနှင့်
ဖွားမြင်တော်မူခန်း၊
တောထွက်ခန်း၊

www.burmeseclassic.com

www.burmeseclassic.com





မဟာဗောဓိစေတီတော်

www.burmeseclassic.com

www.burmeseclassic.com



တော်မူထားသည့် ပိဋကတော်များဖြစ်ရပါမည်။

အကောင်အထည်ဖော်မည့်ပုဂ္ဂိုလ်များကလည်း "ငါ" ကိုနောက်တန်းပို့တတ်သော "လောကီမဂ္ဂသစ္စာ"အမြင်ဖြင့် လောကအပေါ်တကယ်ကြင်နာသော စိတ်ဓာတ်ကို အခြေခံ၍ အကောင်အထည်ဖော်ဖို့လိုပါသည်။ ထိုသဘောကိုပေါ်လွင်အောင်ဖော်ပြရန်။

## နိဂုံးပိုင်း

ဤကျမ်းသည် လူသာမန်တို့အတွက် စိတ်ဝင်တစားဖတ်ရှုရန် ရည်ရွယ်သောကျမ်း ဖြစ်ပါသည်။ စိတ်ဝင်တစားဖတ်ရှုစေလိုပါက "ရသ"မြောက်သောကျမ်းဖြစ်ဖို့လိုပါသည်။ ရသမြောက်ခြင်းဆိုသည်မှာ ဗုဒ္ဓဝါဒရှုထောင့်မှ ရသမြောက်ခြင်းကိုဆိုလိုပါသည်။ ဗုဒ္ဓဝါဒ ရှုထောင့်အရ ရသ-ကို တစ်လုံးတည်းမသုံးဘဲ၊ ဝိမုတ္တိနှင့်တွဲ၍ "ဝိမုတ္တိ ရသ" ဟု ဆိုပါသည်။ ဝိမုတ္တိရသ-ဟူသည်မှာ ကိလေသာအားလုံးတို့၏တည်ရာဖြစ်သော "အတ္တ"မှလွတ်မြောက်ခြင်းဖြစ်ပါသည်။ ယင်းကား လောကုတ္တရာစစ်ဖြစ်ပါသည်။ လောကုတ္တရာဖြစ်သည့်အတွက် ပစ္စဝေက္ခဏာသဘောသည် မလွဲမသွေ ပေါ်ပေါက်လာ ရပါသည်။ ပစ္စဝေက္ခဏာဆိုသည်မှာ မိမိကိုယ်တိုင်ခံစားခဲ့ရသော မိမိ၏ခံစားချက်များ ကို ပြန်လည်ဆင်ခြင်သည့်သဘောဖြစ်ပါသည်။

ရသစာပေ၌"ရသ"သည်လည်း"အတ္တ"မှလွတ်မြောက်မှုသဘောပင် ဖြစ်ပါသည်။ သို့ရာတွင် လွတ်မြောက်ပုံချင်းတော့မတူပါ။ ရသစာပေကိုဖတ်ရှုရသောအခါ စာဖတ်သူ သည် မိမိကိုယ်တိုင်ပျောက်သွားပြီး စာပေ၌ပါဝင်သောအဓိကဇာတ်ဆောင်နှင့် တစ်သား တည်း ဖြစ်သွားပါသည်။ကြိုးကိုမြွေထင်သောအခါ ကြိုးသဘောပျောက်၍ မြွေသဘော ချည်း ကျန်ရစ်ခြင်းမျိုးဖြစ်ပါသည်။ စာဖတ်သူနှင့်အဓိကဇာတ်ဆောင်ဟူ၍ အရာဝတ္ထုနှစ်ခု ရှိရာ၊ ယင်းအရာဝတ္ထုနှစ်ခုတို့ တစ်သားတည်းဖြစ်သွားသောအခါ စာဖတ်သူအရာဝတ္ထု တစ်ခုပျောက်၍ အဓိကဇာတ်ဆောင် အရာဝတ္ထုတစ်ခုတည်းကျန်နေရစ်ခြင်းကိုပင် စာဖတ်သူ ၏ "အတ္တ"ချုပ်ငြိမ်းခြင်း၊ သို့မဟုတ် "ရသ"ဟုဆိုပါသည်။

ဗုဒ္ဓဝါဒရှုထောင့်မှ စာဖတ်သူနှင့်စာပေလာ အဓိကဇာတ်ဆောင်တို့ နှစ်ဦးရှိသည့် အနက် စာဖတ်သူပျောက်၍ စာပေလာအဓိကဇာတ်ဆောင်နှင့် တစ်သားတည်းဖြစ်သွားကာ စာပေလာ အဓိကဇာတ်ဆောင်တစ်ဦးတည်း ကျန်ရစ်ခြင်းကိုပင် စာဖတ်သူ၏ "အတ္တ" ပျောက်သွားခြင်းဟုဆိုပါသည်။ အတ္တပျောက်သွားလျှင် လောကုတ္တရာသဘော သက်ရောက် သွားကာ"တေသံ ဝူပသမော သုခေါ"ဟူသည်နှင့်အညီ စာဖတ်သူ၏သန္တာန် ၌ရှိသော သင်္ခါရတရားတို့၏ချုပ်ငြိမ်းသွားခြင်းသည်ပင်လျှင် သုခဖြစ်ပါသည်။ ယင်းကား ရသသုခဖြစ်ပါသည်။

အတ္တပျောက်၍ လောကုတ္တရာသဘောဆောင်ခြင်းသည် လောကုတ္တရာဘာသ ခေါ်

www.burmeseclassic.com

www.burmeseclassic.com



လောကုတ္တရာအတုဖြစ်ပါသည်။ လောကုတ္တရာအတုဖြစ်စေကာမူ သုခရှိပြီး ပစ္စဝေက္ခဏာသဘောကိုဖြစ်စေပါသည်။ ပစ္စဝေက္ခဏာသဘောအရ မိမိကိုယ်တိုင် ဇာတ်လမ်း၌ အဓိက ဇာတ်ဆောင်အဖြစ်ခံစားခဲ့ရသော မိမိ၏ခံစားချက်များကို ပြန်လည်သုံးသပ်ကာ မကောင်းသောသဘောများကိုရှောင်၍ ကောင်းသောသဘောများကိုဆောင်မည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် သီလဝိသုဒ္ဓိနှင့်စိတ္တဝိသုဒ္ဓိကို ရသစာပေဖြင့်တည်ဆောက်ပေးပါသည်။

ရသစာပေသဘောအရ စာဖတ်သူသည် ရသစာပေလာ အဓိကဇာတ်ဆောင်နှင့် တစ်သားတည်းဖြစ်သွားသည်နှင့်တစ်ပြိုင်နက် အဓိကဇာတ်ဆောင်၏စိတ်နေသဘောထားများသည် စာဖတ်သူ၏နှလုံးသား၌ တစ်သားတည်းကိန်းဝပ်သွားမည်ဖြစ်ပါသည်။ ဤဗုဒ္ဓဝင်ကျမ်းလာ အဓိကဇာတ်ဆောင်များသည် လောကအပေါ် စစ်မှန်သောမေတ္တာစေတနာဖြင့် အနစ်နာခံကာဆောင်ရွက်ကြသော သူတော်စင်များသာဖြစ်ကြလေရာ၊ ယင်းတို့၏ မြင့်မြတ်သောစိတ်ထားများ၊ ခံယူချက်များ၊ ကိုယ်ကျင့်သိက္ခာများ-သည် ရသသဘောအရ စာဖတ်သူ၏နှလုံးသား၌ တစ်သားတည်းကိန်းဝပ်သွားမည်ဆိုပါက ဤကမ္ဘာပေါ်ရှိလူအပေါင်းတို့၏ချမ်းသာခြင်း၊ ငြိမ်းချမ်းခြင်းတို့အတွက် ဆောင်ရွက်ရာ၌ ထိုထိုပုဂ္ဂိုလ်များအတွက် ဤဗုဒ္ဓဝင်ကျမ်းသည် ရှေ့ဆောင်လမ်းညွှန်တာဝန်ကိုယူနိုင်သောကျမ်းမြတ်တစ်ဆူအဖြစ်ရပ်တည်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ထိုယုံကြည်ချက်အတိုင်း ပညာရှင်များကရေးသားပြုစုပြီး အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်နိုင်ပါစေကြောင်း အာသီသပြုအပ်ပါသည်။

(၄-၆-၉၀)

အထက်ဖော်ညွှန်း နှီးဆော်သော ဗုဒ္ဓဝင်ကျမ်းတစ်ဆူဖြစ်ပေါ်လာအောင် ကြိုးစားနေခဲ့သည်မှာ အချိန်ကြာခဲ့ပါပြီ။ ယခုမှ တစ်ပြည်လုံးရှိပညာရှင်များကို ဖြစ်မြောက်အောင် ကူညီရန်ပန်ကြားခြင်းဖြစ်ပါသည်။

လွန်ခဲ့သောအနှစ် နှစ်ဆယ်ကျော်အချိန်က တောင်မြို့မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ သက်တော်ထင်ရှားရှိစဉ်အခါကပင် တင်ပြလျှောက်ထားခဲ့ရာ ကျွန်တော်လျှောက်ထားသောဗုဒ္ဓဝင်မျိုးရှိသင့်ကြောင်း၊ သို့သော်ဆရာတော်မှာ ပိဋကတ်တော်သင်ရိုးအုပ် ၂၀-ကိုကုန်အောင် အဖွင့်ကျမ်းများရေးရန် အားထုတ်နေချိန်ဖြစ်သဖြင့် သပြေကန်ဆရာတော်ထံ ဒကာထိန်ဝင်းဖြစ်စေချင်၍တောင်းပန်သော ဗုဒ္ဓဝင်ကျမ်းစာအုပ်ကို အရှင်ဘုရားလိုပုဂ္ဂိုလ်မျိုးရေးသားချီးမြှင့်သင့်ကြောင်း စာရေးလျှောက်ထားပေးခဲ့ပါသည်။ သပြေကန်ဆရာတော်ကလည်း တောင်မြို့ဆရာတော်ကို မိမိထက် ဆရာတော်ရေးသားလျှင် ပိုသင့်တော်မည်ဖြစ်ကြောင်း ပြန်လည်လျှောက်ထားခဲ့ပါသည်။

မဟာစည်ဆရာတော်ဘုရားရှိစဉ်ကလည်း လျှောက်ထားခဲ့ဖူးပါသည်။ ဆရာတော်ကလည်း ဒကာထိန်ဝင်းရဲ့ဆရာနှင့်အသင့်တော်ဆုံးဘဲ၊ ဒကာထိန်ဝင်း၏ဆရာကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ရအောင်လျှောက်ပါ-ဟုတိုက်တွန်းခဲ့ပါသည်။

ယခုအချိန်တွင်မူ အထက်ပါ ဆရာဦးရွှေအောင်နှိုးဆော်တိုက်တွန်းသကဲ့သို့လည်းကောင်း၊ ထို့ထက်ပြည့်စုံအောင်လည်းကောင်း ရေးသားလိုစိတ်ဆန္ဒရှိသော ပိဋကပညာရှင်ပုဂ္ဂိုလ်များသည် အသေးစိတ်ဆွေးနွေးလိုက အောက်ပါလိပ်စာအတိုင်း စုံစမ်းဆွေးနွေးစေလိုပါသည်။

စာအုပ်ရေးသားသူအတွက် ဝတ္ထုငွေ တစ်သောင်းမှငါးသောင်းအထိ ကူညီလှူဒါန်းပူဇော်ရန် သတ်မှတ်ထားပါသည်။ လှူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ် မည်သူမဆို မိမိတိုင်းပြည်နှင့် လူမျိုး၊သာသနာအတွက် ကူညီတော်မူကြစေလိုပါသည်။

ဤစာမူကို ကျွန်တော်တို့အပိုင်ရယူလိုခြင်းမရှိပါ။ စာရေးသူအားပူဇော်ရန်သာ ရည်ရွယ်ရင်းရှိပါသည်။ မိမိရေးသားထားသောစာမူကို မိမိသဘောကျစီမံရန်သာ ဖြစ်ပါသည်။ သဘောထားအသေးစိတ်ကို ဆွေးနွေးရန်အလိုရှိပါက မည်သူမဆိုတွေ့ဆုံဆွေးနွေးပါမည့်အကြောင်း လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ကျွန်တော်သည် ပိဋကတ်တတ်မြောက်သော ပညာရှင်မဟုတ်သော်လည်း ဖြစ်မြောက်လိုသောဗုဒ္ဓဝင်အတွက် ပညာရှိများလက်ခံနိုင်အောင် ဆွေးနွေးတင်ပြပါမည်။

အထက်ပါကြေငြာချက်နှင့်ပတ်သက်၍ အကြံဉာဏ်များကို တစ်နှစ်တိတိစောင့်မျှော်ခဲ့ရာ မည်သူ့ထံကမှ မျှော်လင့်ချက်မရရှိခဲ့ပါ။ နယ်မှဆရာတော်ကြီးတစ်ပါးကမူ သပြေကန်ဆရာတော်ကြီးမှတစ်ဆင့် ဝတ္ထုငွေတစ်ထောင်ကို ဗုဒ္ဓဝင်ဖြစ်မြောက်ရေးအတွက် လှူဒါန်းသည်ကို လက်ခံရရှိခဲ့ပါသည်။

## ဗုဒ္ဓဝင်ရေးသားရန်စတင်ခြင်း

ကျွန်တော်ကိုယ်တိုင်လည်း အသက် (၈၀) ပြည့်တော့မည်။ ဗုဒ္ဓဝင်လည်းမစရသေးသဖြင့် ဆရာရင်းများဖြစ်ကြသော သပြေကန်ဆရာတော်ကြီးနှင့် သာသနာ့ဝန်ဆောင်ကျောင်းတိုက် ဆရာတော်တို့၏ အကြံဉာဏ်,သြဝါဒကိုခံယူခဲ့ရာ ဆရာကြီးဦးရွှေအောင်ကို ရေးသားချီးမြှင့်ခိုင်းရန် အကြံဉာဏ်,သြဝါဒပေးကြပါသည်။

ထို့ကြောင့် ဆရာဦးရွှေအောင်ကို ယခင်သာသနာရေး ဒု-ဝန်ကြီး ဗိုလ်မှူးကြည်ညွန့်နှင့်ကျွန်တော်က ဗုဒ္ဓဝင်ကိုရေးသားပြုစုဖို့တာဝန်ယူရန် ဓာတ်ပုံတွင်ပါသည့်အတိုင်း မိတ်ဆွေများနှင့်ဝိုင်း၍ တောင်းပန်ခဲ့ကြပြီး ဝတ္ထုငွေတစ်သောင်းကိုလည်း ကျွန်တော့်အလှူအဖြစ် လှူဒါန်းခဲ့ပါသည်။ သို့သော်ကျွန်တော့်အနေဖြင့် ဆရာ့အား အချိန်အကန့်အသတ်မထားဘဲ အချိန်ယူပြီးစောင့်ပါမည့်အကြောင်း ပြောကြားခဲ့ပါသည်။

## ဗုဒ္ဓဝင်စတင်ရေးသားခြင်း

ထိုအချိန်မှစ၍ တစ်နှစ်ကြာသောအခါ ကျွန်တော့်အိမ်တွင် သာသနာ့ပူဇော်ပွဲကျင်းပပါသည်။ ၎င်းပူဇော်ပွဲ၌ ဆရာတော်များနှင့်မိတ်ဆွေများက ဆရာဦးရွှေအောင်အား

www.burmeseclassic.com

www.burmeseclassic.com



ယခုနှစ်တွင် စတင်ရေးသားရန် တိုက်တွန်းကြပါသည်။ ကျွန်တော်ကလည်း ဆရာပြီးသလောက်သာရေးရန် မိမိစွမ်းသမျှ လစဉ် ဝတ္ထုငွေတစ်ထောင်လှူဒါန်းပါမည်ဟု ပြောကြားခဲ့ပါသည်။

၎င်းအပြင် ဦးအောင် (မြင်းခြံ)၊ ဆရာဦးရန်အောင်၊ ဦးကျော်ရှိန် (မြိတ်)၊ ဒေါက်တာဒေါ်စောမြင့်၊ ဦးကျော်သာ၊ ဒေါ်ခင်နု၊ ဒေါ်တင်နွယ်အေး (ပုဂံမြို့သစ်)တို့ အစရှိသော အလှူရှင်များကလည်း ဝိုင်း၍ လှူဒါန်းကြပါသေးသည်။

ဆရာကြီးဦးရွှေအောင်ကား ဗုဒ္ဓဝင်စတင်ရေးသားသည့် အချိန်မှစ၍ အလှူရှင်များ စုပေါင်းကာ လစဉ်ထောက်ပံ့လှူဒါန်းခဲ့ကြပါသည်။ ၁၉၉၁–ခု၊ အောက်တိုဘာလမှစ၍ လစဉ်စာမူများရရှိခဲ့ပြီး ကော်ပီများပွားကာ ကောင်းသည်ထက်ကောင်းအောင် အကြံဉာဏ်ပေးရန် မိတ်ဆွေများကိုတင်ပြဆွေးနွေးခဲ့ပါသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် အကြံဉာဏ်ပေးမှုများမရရှိခဲ့ပါ။

သို့သော်–ဩဝါဒါစရိယ ဆရာတော်ဘုရားများ၏ ညွှန်ကြားမှုဖြင့် "ဗုဒ္ဓ=လောကသားတို့၏အနှိုင်းမဲ့ကျေးဇူးရှင်" စာကိုယ်ပထမပိုင်းကို ဆရာတော်ဘုရားများအလိုကျ ဗုဒ္ဓဖြစ်တော်မူသည်အထိ၊ ၁၉၉၃–ခု၊ ဖေဖော်ဝါရီလတွင် အပြီးသတ်ခဲ့ပါသည်။

ဆရာကြီးဦးရွှေအောင်သည် ကျမ်းစာကိုလေ့လာသူများအား၊ ကျမ်းစာ၏ရည်ရွယ်ချက်နှင့် သိသင့်သိထိုက်သော အချက်များကို ကြိုတင်သိခွင့်ရရှိရန် နိဒါန်းကို ၁၉၉၃–စက်တင်ဘာလဆန်းတွင် အပြီးရေးသားခဲ့ပါသည်။

ကျွန်တော်သည် ကျမ်းစာပြီးမြောက်ရန် ပြင်ဆင်မှုများကို တတ်စွမ်းသမျှကြိုးစားခဲ့ရာ အချို့ကိစ္စများတွင် အနှောင့်အယှက်အခက်အခဲတို့ဖြင့် ကြုံနေခဲ့ရသဖြင့် နှောင့်နှေးကြန့်ကြာခဲ့ရပါသည်။

## အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း

"ဗုဒ္ဓ=လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်"ကျမ်းစာကို ကျွန်တော်သည် မြန်မာပြည်သားများသာမက၊ ကမ္ဘာသူကမ္ဘာသားများကိုပါ သိစေချင်သောဆန္ဒပြင်းပြသဖြင့် ဆရာကြီးဦးရွှေအောင်ရေးသားပြီးသော စာမူများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရန် ကြိုးစားခဲ့ပါသည်။

ဘာသာပြန်ဆိုခြင်းကိစ္စနှင့်ပတ်သက်၍ ဦးအောင် (မြင်းခြံ)၏အကူအညီဖြင့် ဆရာကြီးဦးလှမောင်နှင့် တွေ့ဆုံဆွေးနွေးပြီး၍ ယခုအခါ ပြီးဆုံးသည်အထိ ရောက်ခဲ့ပါပြီ။ ထိုပြီးစီးသော အင်္ဂလိပ်စာမူများကို ပူးတွဲဖော်ပြပါစာအတိုင်း ဆရာကြီးဦးခင်မောင်လတ်က ဖတ်ရှုအားပေးခဲ့ပါသည်။ ထိုနေရာတွင် စာမူများကို အင်္ဂလိပ်လိုအရေးအသားကောင်းခြင်း၊ ညံ့ခြင်းထက်၊ ကျမ်းစာ၏ဆိုလိုရင်းအဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်းနားလည်နိုင်ခွင့်ရအောင် ကြိုးစားခဲ့ရပါသည်။

**ဗုဒ္ဓဝင်ဖြစ်မြောက်အောင် ကြိုတင်ကြိုးစားခဲ့ရသော သာသနာပြုကုသိုလ်များ**

၁၉၆၅–ခုနှစ်၌၊ တောင်မြို့အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ

www.burmeseclassic.com

www.burmeseclassic.com



သက်တော် ၄၅-နှစ်နှင့် စတင်တွေ့ဆုံခဲ့ပါသည်။ ထိုအချိန်ကပင် မိမိဉာဏ်မီသမျှ ကြိုးစားခဲ့ရာ ဆရာကောင်း၊ မိတ်ဆွေကောင်းများနှင့် ကြုံရလောက်အောင် ကုသိုလ်အား ကောင်းခဲ့ပါသည်။ မိမိလိုလားသော သာသနာပြုကုသိုလ်များလည်း ထိုက်တန်စွာအောင် မြင်ခဲ့ပါသည်။ အနာဂတ်သာသနာကျမ်းစာလည်းပေါ်ပေါက်ခဲ့ပါသည်။

ထို့အပြင်-မြောင်းမြ ပဓ္ဓာနတာရုံဆရာတော်ကြီးကို ဆည်းကပ်ရသဖြင့်လည်း မဟာဂန္ဓာရုံဆရာတော်ကို အသက်ထက်ဆုံး (၃၂-နှစ်မျှ) ဆည်းကပ်ခွင့်ရခဲ့ခြင်းဖြစ်ပါ သည်။

ထို့ကြောင့် အနာဂတ်သာသနာကျမ်းစာဖြစ်မြောက်လာ၍ ၁၉၈၀-ခု၊ သံဃအစည်း အဝေးကြီး စတင်ကျင်းပသောအခါ တစ်ပါးတစ်အုပ်ကျ လှူဒါန်းနိုင်ခဲ့၍ သာသနာတော် တွင်အကျိုးများစွာရရှိခဲ့ပါသည်။

တောင်မြို့ဆရာတော် သက်တော်ထင်ရှားရှိစဉ်ကပင် ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့် အဘိဓမ္မာ၊ အနာဂတ်သာသနာ၊ ဘုရားဥပဒေတော်ကြီး၊ ခုဒ္ဒသိက္ခာ၊ ပြဟ္မဇာလသုတ် မြန်မာပြန်၊ သာမညဖလသုတ်မြန်မာပြန်၊ သင်္ဂြိုဟ်ဘာသာဋီကာ-အစရှိသော ကျမ်းစာများ ကို တောင်တန်းသာသနာနှင့် တိုင်းပြည်စာသင်သားများအတွက် မိမိစွမ်းအားရှိသမျှ ကြိုးစားထုတ်ဝေနိုင်ခဲ့ပါသည်။ ထို့ကြောင့် ပိဋကတ်တော်မြန်မာပြန် အားထုတ်မှု၊ အင်္ဂလိပ်ဘာသာပြန်ရန်အားထုတ်မှုများတွင် အထောက်အပံ့များစွာရခဲ့ခြင်းဖြစ်ပါသည်။

ဤကျမ်းစာ"ဗုဒ္ဓ" လောကသားတို့၏အနှိုင်းမဲ့ကျေးဇူးရှင်" ဖြစ်မြောက်အောင် အားကြီးသော အထောက်အပံ့သာသနာပြုကုသိုလ်ထူးများကား ထိုမျှသာမကသေး- သမုဒ္ဒရာစ်မင်း လက်ထက်ပုဂံပြည်စတင်တည်ထောင်စဉ်က ပါဝင်သောရွာ-၁၉ ရွာတွင် ယုံလွှတ်ကျွန်း၊ တောင်ပရွာ၊ တုရင်တောင် (ယခုအခေါ် တရှင်းတောင်) ခြေတွင်ရှိနေခဲ့ပါသည်။ ထိုရွာတွင် မြန်မာပြည်သားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်- ရဟန္တာရှင်အရဟံမထေမြတ်သည် အလောင်းစည်သူမင်းကြီးနန်းစံ ၂-နှစ်၊ သက်တော် ၈၁-နှစ်တွင် ပရိနိဗ္ဗာန်ပြုတော် မူ၍ ဘုရင်ကိုယ်တော်တိုင် ရှင်အရဟံ၏ ရုပ်ကလာပ်တော်ကို ခန်းနားစွာမီးသင်္ဂြိုဟ်ပူဇော် တော်မူပြီးလျှင် ဓာတ်တော်များကို လိုဏ်စေတီ တည်တော်မူ၍ ဌာပနာထားတော်မူခဲ့ပါ သည်။

ထိုစေတီကို ၁၉၈၅-ခု ဇူလိုင်လ၊ ၂၃-ရက်နေ့တွင် ကျွန်တော်တို့ သာသနာပြု ဖက်များစတင်တွေ့ရှိခဲ့သဖြင့်-မြန်မာလူမျိုးများ၏ အခြေခံယဉ်ကျေးမှု "ကတညုတ ကတဝေဒီ" မင်္ဂလာကို အထူးသတိရကာ ရိုသေသင့်သူကို (ရိုသေခြင်း-ဂါရဝမင်္ဂလာ), မိမိ၏ကိုယ်နှုတ်နှလုံးကို နိမ့်ချနိုင်သော (နိဝါတ) မင်္ဂလာ,ပူဇော်သင့်သူကို ပူဇော်ခြင်း မင်္ဂလာတို့ဖြင့် (မက္ခ)တရားဖြင့် ကျေးဇူးကန်းသူများမဖြစ်ရအောင် ကြိုးစားပူဇော်ခဲ့ ကြပါသည်။

ယခုအခါ ဓာတ်ပုံတွင် ဖော်ပြထားသည့်အတိုင်း ဘုရားမြေများတိုးချဲ့၍ ရွှေထီး

www.burmeseclassic.com

www.burmeseclassic.com



၉-ဆုပူဇော်ခြင်း ဗောဓိပင်စိုက်ခြင်း, ရေကန်၊ တံတိုင်း၊ သံတံခါးစသည်များနှင့် လှူအများသိရှိနိုင်ရန် ကျောက်စာများရေးထိုးပူဇော်ခဲ့ကြပါသည်။

ထိုကဲ့သို့ ပြုခဲ့ပြီးသောကုသိုလ်များသည် "ဗုဒ္ဓ"လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်"ဖြစ်မြောက်လာရန် အားကြီးသောအထောက်အပံ့အကူအညီကုသိုလ်ကောင်းမှုများဖြစ်ပါသဖြင့် စာဖတ်သူ များဝမ်းမြောက်သာဓုခေါ်ယူနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာပြည်လွတ်လပ်ရေးရပြီးနောက် ၁၉၆၅-ခု သာသနာ့ အစည်းအဝေးကြီး ပထမအကြိမ် မော်ဘီတွင် စတင်ကျင်းပခဲ့စဉ်က တင်ပြဆွေးနွေးခဲ့သော သာသနာ့ဝန်ဆောင်ကျောင်းတိုက်ကို ၁၉၈၆-ခုနှစ်တွင် မော်ဘီမြို့နယ်၌ ပဲခူးမြို့မဆရာတော်ကြီးနှင့် သပြေကန်ဆရာတော်အရှင်ဝါသေဋ္ဌာဘိဝံသ အစရှိသော မထေရ်ကြီးများကြွရောက်၍ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ယခုအခါ "ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း" "ဗုဒ္ဓအလိုတော်ကျ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး"အစရှိသော ကျမ်းစာများကို ရေးသားတော်မူခဲ့သော တိုက်သစ်ပဒ္ဓောတာရုံဆရာတော် သီတင်းသုံးတော်မူလျက်ရှိပါသည်။

ရန်ကုန်မြို့ မင်္ဂလာဈေးဟာ သာမဏေကျော်စာမေးပွဲကိုလည်း တစ်ဆက်တည်းဆောင်ရွက်ခဲ့ရာ ယခုအခါ စာတော်ပြန်ပွဲများ ဆက်လက်ဆောင်ရွက်နေခဲ့ပါပြီ။ သာမဏေကျော်မထေရ်များပေါ်ထွန်းလာခဲ့၍ တိပိဋကလင်္ကာရစာတော်ပြန်ပွဲကိုလည်း ဆရာတော်ဘုရားကြီးများ၏ ဩဝါဒအရ ဖြစ်မြောက်အောင် ဆက်လက်ဆောင်ရွက်နေကြပါသည်။

သာသနာ့ဝန်ဆောင်ဆရာတော်၏ "ဗုဒ္ဓအလိုတော်ကျ သာသနာတော် သန့်ရှင်းတည်တံ့, ပြန့်ပွားရေး"ကျမ်းစာကိုလည်း မကြာမီဖြန့်ချိနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

တောင်မြို့မဟာဂန္ဓာရုံဆရာတော် ပျံလွန်တော်မူပြီးနောက် ရိုက်ပြီးစာအုပ်များ၊ မရိုက်ရသေးသော အဘိဓမ္မာဘာသာဋီကာ စာမူကြမ်းများ၊ ဒီဃနိကာယ်သုတ်မဟာဝါ စာမူကြမ်းများနှင့် ကျမ်းစာအုပ်ဖြစ်သင့်သောတရားများကို ကျမ်းစာအုပ်ဖြစ်မြောက်အောင် သာသနာပြုဖက် မိတ်ဆွေကောင်းများ၏ အဘက်ဘက်မှ ကူညီမှုဖြင့် အောင်မြင်အောင် ကြိုးစားနိုင်ခဲ့ပါသည်။

ဤသို့ဖြင့် တစ်ဘဝသာသနာကဲ့သို့ ကျမ်းစာကြီးများဖြစ်မြောက်အောင် ကြိုးစားနိုင်ခဲ့၍ ပါရာဇိကဏ်ဘာသာဋီကာ၊ အနာဂတ်သာသနာ စသည့် ကျမ်းစာများနှင့်အတူ လှူဒါန်းခွင့်ရခဲ့ပါသည်။ ထို့အပြင် အဘိဓမ္မမဟာရဋ္ဌဂုရု သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏ ဗောဇ္ဈင်္ဂဒီပနီ၊ ဆရာကြီးဦးရွှေအောင်၏ ဓမ္မပဒ-ယမကဝဂ်၊ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်၏ ဗုဒ္ဓဘာသာသင်ခန်းစာ စသောကျမ်းစာများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယခုဆက်လက်၍ "ဗုဒ္ဓ = လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်"ကျမ်းစာကိုဆောင်ရွက်ရင်း မြန်မာပြည်သားများအား ကျေးဇူးဆပ်ခွင့်ရခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# "ဗုဒ္ဓ"
# လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင်
## ကျမ်းမဖြစ်ပေါ်မီ ဤကျမ်းစာဖြစ်ပေါ်လာရန်၊ သာသနာတော်သန့်ရှင်းတည်တန့်ရန် အလေးပြု ကြိုးစားပြီးခဲ့သော ကုသိုလ်များနှင့် ကျေးဇူးရှင်များ

မော်လမြိုင်မြို့ ကတိုးကော့နပ်ရွာ ရာဘာခြံသူဌေး ဦးရွှေလေး



မြန်မာပြည်တွင် ပိဋကတ်တော်များကို ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုနိုင်အောင် လယ်တီဆရာတော်ဘုရားကြီးနှင့် ဘင်္ဂလား ဆရာတော်တို့၏ ဩဝါဒကို ခံယူ၍ ၁၂၇၂ခုနှစ်မှ ၁၂၈၂ခုနှစ်တိုင် ငွေပေါင်းဆယ်သိန်းမျှ အကုန်ခံ၍ ဆောင်ရွက်သွားသော ကျေးဇူးရှင် ရာဘာခြံသူဌေး ဦးရွှေလေး။

၎င်းမြန်မာပြန်ပြီးသော ပိဋကတ်တော်များမှ – ဒီဃနိကာယ် – ၃ကျမ်း၊ မဇ္ဈိမ နိကာယ် – ၃ကျမ်း၊ သံယုတ္တနိကာယ် – ၅ကျမ်း၊ အင်္ဂုတ္တရ နိကာယ် – ၁၁ကျမ်း၊ ဓမ္မသင်္ဂဏီ (အဘိဓမ္မာ) – ၁ကျမ်း၊ ဝိနည်း – ၅ကျမ်းတို့မှာ စာအုပ်အဖြစ် ရောက်ခဲ့၍ ကျန်တော်သည့် ဓမ္မသင်္ဂဏီ(အဘိဓမ္မာ)ကျမ်းမှတပါး – ကျမ်းအားလုံးကို အစအဆုံး မကျော်ပဲဖတ်ရှုခဲ့ရသော ကျေးဇူးကြောင့် ဤ "ဗုဒ္ဓ" – လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် ကျမ်းစာသို့တိုင် အောင် သာသနာပြုကုသိုလ်များ ပြုနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ဦးခင်မောင်လတ် M.A.
နိုင်ငံ့ဂုဏ်ရည် ဂုဏ်ထူးဆောင်
ခင်မျိုးချစ်-စာရေးဆရာ
လွတ်လပ်ရေးမော်ကွန်း ထူးဆောင်
၃၀၅/ဂ၊ ပြည်လမ်း၊ ပြည်ရိပ်သာ
တက္ကသိုလ်စာတိုက်၊ ရန်ကုန်မြို့
ဖုန်း- ၃၁၁၃၆

23/11/92

[illegible]

www.burmeseclassic.com

www.burmeseclassic.com



၃–၁၁–၈၅နေ့ ပါရမီလမ်း ဝိဇ္ဇောတာရုံကျောင်းတိုက်တွင် ပင့်သံဃာတော်များအား ပရိက္ခရာအစုံ ၅၀ ကပ်လှူ၍ အဂ္ဂိခန္ဓောပမ သုတ်တော်ဖြင့်ပူဇော်ပြီး တိပိဋကဆရာတော်ဦးသုမင်္ဂလ အဂ္ဂိခန္ဓောပမသုတ်ကို ဟောကြားတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com






မော်ဘီ သာသနာ့ဝန်ဆောင်ကျောင်းတိုက် – ပဲခူး မြို့မ ဆရာတော်ကြီး အမှူးထား၍
သုဓမ္မာ ဈွေကျင် ဝေဠုဝန်စသော သံဃာတော်များ ကြွရောက်ကြခြင်း။

www.burmeseclassic.com

www.burmeseclassic.com






သာသနာ့ဝန်ဆောင်ကျောင်းတိုက် ဓာတ်မီးစတင်ရရှိချိန် (၉-၅-၈၉)နေ့ မီးလှူဒါန်း၍
ရေစက်ချနေပုံ၊ (အထက်ပုံ) ရေအလှူရှင်နှင့်ဂေါပကများ၊ (အောက်ပုံ)

www.burmeseclassic.com

www.burmeseclassic.com





သာသနာ့ဝန်ဆောင်ကျောင်းတိုက်တွင် မြို့အသီးသီးမှ ကြွရောက်လာကြသော ဆရာတော်များ သာသနာရေးဆွေးနွေးနေကြစဉ်၊ (အထက်ပုံ)၊ ၁၁–၁–၈၅၊ သောကြာနေ့ – ကမ္ဘာအေးကုန်းမြေ ပြည်လုံးကျွတ် သံဃာ့ဝန်ဆောင်ဆရာတော်များ အစည်းအဝေးပွဲကြီးတွင် တစ်ဘဝသာသနာ စာအုပ်ကြီးများ တစ်ပါးတစ်အုပ် လှူဒါန်းကြသည်၊ (အောက်ပုံ)

www.burmeseclassic.com

www.burmeseclassic.com





၂၆–၉–၈၂နေ့ – အမှတ် ၁၀၇၊ စိန်ဂျွန်းလမ်း၊ (ယခု မင်းရဲကျော်စွာလမ်း)တွင် သာသနာ့ကျေးဇူးရှင်များပူဇော်ပွဲ ကျင်းပစဉ်။

www.burmeseclassic.com

www.burmeseclassic.com






အမရပူရ မဟာဂန္ဓာရုံတွင် တစ်ဘ၀သာသနာကျမ်းစာအုပ် လှူဒါန်းစဉ် နာယကဆရာတော်များနှင့် ပရိသတ် (အပေါ်ပုံ) ပါရာဒိုက် ဘာသာငြိကာ တစ်စုံစီလှူဒါန်းပုံ၊ (အောက်ပုံ)

www.burmeseclassic.com

www.burmeseclassic.com






၁၇–၆–၈၉နေ့ တိပိဋကလင်္ကာရစာမေးပွဲ ဩဝါဒခံယူနေကြပုံ

www.burmeseclassic.com

www.burmeseclassic.com





၁၅–၉–၉၀နေ့ "ဗုဒ္ဓ" လောကသားတို့၏အနှိုင်းမဲ့ကျေးဇူးရှင်ကျမ်း ပြုစုရန် ဆရာကြီးဦးရွှေအောင်အား ငွေတစ်သောင်း စတင်လှူဒါန်း နေကြစဉ်။

www.burmeseclassic.com

www.burmeseclassic.com




မြန်မာပြည်သားများ၏ အနှိုင်းမဲ့ကျေးဇူးရှင် ရှင်အရဟံမထေရ်မြတ် ပရိနိဗ္ဗာန်ပြုတော်မူစဉ်
ဓာတ်တော်များကို အလောင်းစည်သူမင်းကြီး ကိုယ်တော်တိုင်ဌာပနာ၍ တည်ထား
ကိုးကွယ်တော်မူခဲ့သော တုရွင်းတောင်ခြေ၊ တောင်ပရွာအနီးရှိ ထီးတစ်ဆောင်စေတီ၊
၁၃၄၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ရက်နေ့ (၂၃-၇-၈၅) အင်္ဂါနေ့တွင်စတင်တွေ့ရှိသည်။

www.burmeseclassic.com







HTEE-TA-HSAUNG PAGODA
IN WHICH THE RELICS OF THERA SHIN ARAHAM,
THE PEERLESS BENEFACTOR OF MYANMARS
ARE ENSHRINED

TAUNG-PA-YWA
ONE OF THE 19 VILLAGES OF PAGAN
WHEN IT WAS FIRST FOUNDED

THE NOBLE THERA SHIN ARAHAM ARRIVED IN PAGAN BEFORE 1601, SĀSANĀ ERA(419 MYANMAR ERA) WHEN KING ANAWRATHA BROUGHT THE PITAKAS FROM THATON TO PAGAN.

HE LIVED IN PAGAN DURING THE REIGNS OF FOUR KINGS, NAMELY, ANAWRATHA, SAW LU, KYANSITTHA AND ALAUNGSITHU(FIRST TWO YEARS OF HIS REIGN) AND PASSED AWAY AT THE AGE OF 81.

THE PEOPLE OF PAGAN ENJOYED THE BENEFIT OF SHIN ARAHAM'S TEACHINGS AND LEADERSHIP FOR MORE THAN 50 YEARS, NEARLY 60 YEARS.

ALL THE TEMPLES, PAGODAS AND OTHER RELIGIOUS EDIFICES OF PAGAN WHICH THE PRESENT DAY MYANMARS PAY HOMAGE AND THE PEOPLES OF THE WORLD ADMIRE CAME INTO BEING ONLY AFTER THERA SHIN ARAHAM ARRIVED IN PAGAN.

IT WAS AT THE FOOT OF TUYIN HILL THAT SHIN ARAHAM FIRST SET HIS FOOT ON ARRIVAL IN PAGAN AND IT WAS ALSO AT THE FOOT OF TUYIN HILL IN THIS HTEE-TA-HSAUNG PAGODA THAT THE RELICS OF SHIN ARAHAM ARE ENSHRINED FOR ALL TO REVERE IN HIS MEMORY.

ARIMADDANA PAGAN MANOMAYIDDHI DHAMMAYON
NYAUNG-U.

(STONE INSCRIPTION AT HTEE-TA-HSAUNG PAGODA)
(16-1-1994)


(က) မပြင်ဆင်သေးမီ
ပြင်ဆင်ရန်ရောက်ရှိကြပုံ၊

(ခ) ပြင်ဆင်ပြီး၊

(ဂ) ဘုရားလှိုင်တွင်းရှိ
အင်္ဂလိပ်ဘာသာပြန်
ကျောက်စာ၊

www.burmeseclassic.com

www.burmeseclassic.com



၁၁–၁–၉၂နေ့ ထီးတစ်ဆောင်စေတီတော် ထီးတင်စဉ်၊

www.burmeseclassic.com

www.burmeseclassic.com





ပုဂံရှိ သံဃာတော်အရှင်မြတ်များ၏ဩဝါဒဖြင့် နှစ်စဉ်ဝါဆိုလဆန်း ၈ရက်နေ့တိုင်း
ကိုယ်ကျင့်တရားကို သစ္စာဆို၍ပူဇော်ကြပုံ။

www.burmeseclassic.com

www.burmeseclassic.com

**ထီးတစ်ဆောင်ဘုရား အမှုဆောင်ကျောက်စာ**
**နမတ္ထု အတုလေလာဝါဒဿ**
**ဗုဒ္ဓသာသနာတော် - သန့်ရှင်းတည်တံ့ - ပြန့်ပွားရန်**

ညောင်တုန်း ရွှေဟင်္သာ ပထမစံကျောင်းဆရာတော်၊ မြောင်းမြ ပဒ္မောတာရုံ ကျောင်းတိုက် ရွှေကျင်သာသနာပိုင် ဝိသုဒ္ဓါရုံဆရာတော်။ ပခုက္ကူအလယ်တိုက်ကြီးမှ နာယကဆရာတော် အရှင်နန္ဒဝံသထေရ်။ အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ, အစရှိသော ကျေးဇူးတော်ရှင် ဆရာတော်များနှင့် မနောမယိဒ္ဓိပညာဖြင့် ကူညီစောင့်ရှောက်ကြသော ဆရာများကို ဦးထိပ်ထား၍, ရန်ကုန်- ပုဂံ- ညောင်ဦး- တောင်ပ စသော အရပ်အသီးသီးမှ သာသနာပြုဒါယကာများက ကတညုတ ကတဝေဒီမင်္ဂလာဖြင့် ကျေးဇူးသိစွာ ပူဇော်သင့်သူကို ပူဇော်ခြင်း မင်္ဂလာ ကုသိုလ် ဖြစ်ပါသည်။

အထူးပူဇော်ခြင်း။ ။မြန်မာပြည်သားတို့၏ အနိုင်းမဲ့ ကျေးဇူးရှင် အရှင်ဓမ္မဒဿီဘွဲ့မည်ရှိ ရှင်အရဟံ မထေရ်မြတ်နှင့် အရိယာ သမုတိ သံဃာတော် အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးကို အထူးဆင်ခြင် နလုံးသွင်း အောက်မေ့လျက် ပူဇော်ခြင်း ဖြစ်ပါသည်။

ဤတောင်ပရွာ - ထီးတစ်ဆောင်ဘုရားသည် ရှင်အရဟံ မထေရ်မြတ် ပရိနိဗ္ဗာန် ပြုစဉ် အင်္ဂါရှာပန မီးပူဇော်ရာ ဖြစ်၍၊ ဓာတ်တော်များကို အလောင်းစည်သူမင်းကြီး ကိုယ်တော်တိုင် ထည့်သွင်း ပူဇော်ထားခဲ့သော လိုဏ်ဂူစေတီတော် ဖြစ်ပါသည်။

ထို့ကြောင့် ကုသိုလ်ရှင်များသည် ရွှေထီး - ၉ ဆူ ရှင်အရဟံရုပ်တုတော်၊ ကျောက်စာတော်များ, ရေကန် ဇောဝိပင်, ဇရပ်, တန်ဆောင်း, မုစလိန္ဒသတ္တာဟ, စံတော်မူရာ ရုပ်တုတော်, ဘုရားဝတ္တကမြေ တိုးချဲ့ပြီး၊ တံတိုင်း, သံတံခါး အစရှိသော ကုသိုလ်များကို စွမ်းနိုင်သမျှ ပြုကြပါသည်။

ကျေးဇူး သိတတ်သူများ သဒ္ဓါတရားထက်သန်စွာ အာရုံပြု ပူဇော်နိုင်ကြရန် ဤကုသိုလ်များကို ပြုကြခြင်းသာ ဖြစ်ပါသည်။

ဤကုသိုလ်များ၏ အာနုဘော်ကြောင့် လည်းကောင်း၊ ကုသိုလ်ပြုရာ ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့၏ တည်ရာ ဗုဒ္ဓသာသနာတော်မြတ်ကြီး၏ အာနုဘော်ကြောင့် လည်းကောင်း၊ ဤလောက၌ ကျေးဇူးသိတတ်သူများ တိုးပွား၍ ကျေးဇူးကန်းသူများ ပျောက်ကွယ်ပြီး မိစ္ဆာတို့၏ အန္တရာယ်မှ ကင်းငြိမ်းကြပါစေ။

ကုသိုလ်ရှင်များ၏ ရလိုသောဆု။ ။ဤယခုပြုသော ကုသိုလ် အစုစုတို့နှင့် သံသရာတစ်လျှောက် ပြုခဲ့ပြီးသော ပါရမီကုသိုလ်တို့ကြောင့် မဟာကရုဏာဓာတ်တော်နှင့် သဗ္ဗညုတ ဉာဏ်တော်ဓါတ်တို့သည် ဘဝအစဉ်၌ မိမိတို့နှင့် ထိုက်တန်သလောက် အမြဲမပြတ် တည်နေ ကိန်းဝပ်၍ ဓာတိဿရဉာဏ်ကို အစဉ် ရရှိပြီးလျှင် မိမိကံအလျောက် ရရှိသော ဘဝစည်းစိမ် မှန်သမျှတို့ကို လောကသားတို့၏ အကျိုးစီးပွား ချမ်းသာအလို့ငှာ နိက္ခမပါရမီဉာဏ်ဖြင့် စွန့်လွှတ်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

ဤသို့ ရရှိသော အသိဉာဏ်ဓာတ်ကြောင့် ကျေးဇူးကို သိတတ်သောစိတ်သည် အမြဲတည်ရှိ၍ လိုချင်ခြင်း, ပြစ်မှားခြင်း, မသိမိုက်မဲခြင်း, ထောင်လွှားခြင်း, အယူမှားခြင်း, မနာလို ဝန်တိုခြင်း, မကောင်းမှု ပြုရမည်၌ မရှက်ခြင်း, မကြောက်ခြင်း, သူတော်တရား၌ မဝေခွဲတတ်နိုင်အောင် ဖြစ်ခြင်း, သူ့ကျေးဇူးကို မသိတတ်ခြင်း စသော ကိလေသာ တရားဆိုးတို့သည် တစ်ချိန်ထက် တစ်ချိန်, တစ်ဘဝထက် တစ်ဘဝ, နည်းသည်ထက် နည်း, ပါးသည်ထက် ပါး၍ ရိုသေတတ်ခြင်း (ဂါရဝတရား)၊ နှိမ့်ချနိုင်ခြင်း (နိဝါတတရား)၊ မင်္ဂလာနှစ်ပါးဖြင့် သတ္တဝါများ အကျိုးကို ဆောင်ရွက်ရင်း အဝိဇ္ဇာ -တဏှာ တို့၏ ကုန်ဆုံးရာ အတုမဲ့ ချမ်းသာ မြတ်နိဗ္ဗာန်ဓာတ်သို့ မိမိတို့ အလိုရှိသော ဗောဓိဆုဖြင့် ရရောက်ရပါလို၏။

ကျေးဇူးရှင်များကို အစထား၍ သတ္တဝါ အနန္တ အမှုရ၍ ချမ်းသာကြပါစေ၊
ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါ နေထက် လင်းစေသော်၊
ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။ အနာဂတေ သာသနံ လဒ္ဓိ ရက္ခိဿတိ။
မနောမယိဒ္ဓိမဏ္ဍာရုံ - အရိမဒ္ဒန - ပုဂံ - ညောင်ဦးမြို့
သာသနာ- ၂၅၃၇ ကောဇာ- ၁၃၅၅ ပြာသိုလဆန်း - ၇ - ရက် (၁၈ - ၁ - ၉၄)

www.burmeseclassic.com

www.burmeseclassic.com

ကတညုတကတဝေဒီ မင်္ဂလာကို ဦးထိပ်ထား၍

**ပူဇော်ထိုက်သူကို ပူဇော်ခြင်းမင်္ဂလာ**

မြန်မာပြည်သားများ၏ ကျေးဇူးရှင် ရှင်အရဟံဓာတ် စေတီအား

ရွှေထီးစုံပူဇော်၍ ပုဂံပြည်သား ကျေးဇူးရှင်များအား

# ပါရမီကုသိုလ်များဖြင့် ပူဇော်ခြင်း

မြန်မာနိုင်ငံသမိုင်း၌ ထင်ရှားသောခေါင်းဆောင်များတွင် အနော်ရထာဘုရင်သည် အထင်ရှားဆုံး ခေါင်းဆောင်တစ်ဦး ဖြစ်ပါသည်၊ မြန်မာနိုင်ငံတော်ကို စည်းလုံးညီညွတ်အောင် တည်ထောင်သွားသည့်အပြင် ပြိုင်ဘက်ကင်းလောက်အောင် ပြည်သူ့အကျိုးစီးပွားကိုလည်း ဆောင်ရွက်သွားသည်။

ကျန်စစ်မင်းကြီးသည် အနော်ရထာတည်ထောင်သွားသော မြန်မာနိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားချမ်းသာကို တည်တံ့ခိုင်မြဲအောင် ဆက်လက်ဦးဆောင် ထိန်းသိမ်းသွားသည်။

အလောင်းစည်သူမင်းကြီးသည် တည်တံ့ခိုင်မြဲနေသော မြန်မာနိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားချမ်းသာကို တိုးတက်ထွန်းပြောင်အောင် ဆောင်ရွက်သွားပြန်သည်။

ဤမြန်မာ့ခေါင်းဆောင်သုံးဦးတို့သည် ယနေ့အချိန်ထိ မြန်မာပြည်သူပြည်သားများ အကျိုးစီးပွားချမ်းသာခံစားခွင့်ရရှိအောင် ဦးဆောင်နိုင်သော အသိ အလိမ္မာ ဉာဏ်ပညာ အယူမှန်ကို ရှင်အရဟံဦးဆောင်သော ရဟန်းသံဃာတော်များထံမှ ရရှိခဲ့ကြပေသည်။

ထို့ကြောင့် ရှင်အရဟံဦးဆောင်သော ရဟန်းသံဃာတော်များသည်သာ မြန်မာပြည်သားတို့၏ အရင်းခံပဓာန ကျေးဇူးရှင်များ ဖြစ်ကြပါသည်။

ယင်းသို့ ရှင်အရဟံဦးဆောင်သော ရဟန်းသံဃာတော်များ၏ ဗုဒ္ဓအလိုတော်ကျ အဆုံးအမခံယူ၍ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို ဆောင်ရွက်သွားကြသော ပုဂံပြည်သား ကျေးဇူးရှင်များကို ကျေးဇူးတုံ့ပြန်သောအနေဖြင့် ရွှေထီး ၉–ဆူနှင့် ရှင်အရဟံရုပ်တုတော်ကို ပူဇော်၍ လက်ရှိစေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်ကို ပြုပြင်မွမ်းမံသော ပါရမီကောင်းမှုကုသိုလ်ကို ပြုကြပါသည်။

ရှင်အရဟံ မထေရ်မြတ်သည် သာသနာနှစ် ၁၆၀၁ ကောဇာ ၄၁၉ ခု မတိုင်မီ သက်တော် ၂၀ ကျော်က ပုဂံပြည်သို့ရောက်ရှိ၍ သက်တော် ၈၁ နှစ်၊ သာသနာတော် ၁၆၅၈၊ ကောဇာ ၄၇၆၊ အလောင်းစည်သူ နန်းစံ ၂–နှစ်တွင် ပရိနိဗ္ဗာန်ပြုတော်မူပါသည်။ နှစ်ပေါင်း ၆၀ – နီးပါးမျှ ပုဂံပြည်တွင် သီတင်းသုံး၍ ပြည်သူတို့အားဦးဆောင် ညွှန်ကြား သွားတော်မူခဲ့ပါသည်။

ဘဂဝါ ဘုရားသာသနာ ပုဂံတွင်စခဲ့စဉ်က

တရားငဲ့မှန် ရှင်မြတ်ကယ် ထေရ်အရဟံနဲ့ ပြေပုဂံနော်ရထာဖုန်းငဲ့ပြင်

ပြည်လုံးညီညာတော့ ဤကမ္ဘာမှာ ပြည်မြန်မာရယ်လို့ ဝင်းခဲ့ပါသတဲ့

သည်မင်း သည်ပြည်ထောင်ဖြင့် မလေးမောင် ချစ်မငြီးနိုင်ဘု...

သာသနာနှစ် ၂၅၃၅ ခု ကောဇာနှစ် ၁၃၅၃ ခု၊ ပြာသိုလဆန်း ၇–ရက်၊ စနေနေ့ ခရစ်နှစ် ၁၁–၁–၁၉၉၃ ခု

မနော့မယိန္ဒီမွှောရုံ– အရိမဒ္ဒနပုဂံ ညောင်ဦးမြို့။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကျေးဇူးဆပ်ခွင့်ရရှိခဲ့သည်နှင့်အညီ အခြားသောကျမ်းစာများကို ဖြစ်မြောက်အောင်ဆောင်ရွက်ခဲ့ခြင်း ကုသိုလ်များနှင့်အတူ ယခု "ဗုဒ္ဓ=လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင်" ကျမ်းစာကို အားစိုက်ကြိုးစားခဲ့ရာ ပြီးစီးခြင်းသို့ရောက်ခဲ့၍ အနှစ်သက်ဆုံး ကုသိုလ်များကို စာဖတ်သူများ ကျွန်တော်နှင့်ထပ်တူ အမျှရရှိစေရန် ပေးဝေလိုက်ပါသည်။

***ထပ်တူထပ်မျှသော ကုသိုလ်တရားများ ရရှိနိုင်ကြပါစေကုန်သတည်း။**

***သာသနာပြုကိစ္စများအားလုံး ဖြစ်မြောက်အောင် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးကြသူများကို အထူးပင်ဂုဏ်ပြုကျေးဇူးတင်ပါသည်။**

ဤကျမ်းစာကို ဖြစ်မြောက်အောင် ကြိုးစားအားထုတ်ခြင်းသည်

ပုဂံပြည်သားကျေးဇူးရှင်များအတွက် ကျေးဇူးတုံ့ပြန် ပူဇော်ခြင်းပင်ဖြစ်ပါသတည်း။

❀ ❀ ❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## နမတ္ထု အတုလော ဝါဒဿ၊

အတုလောဝါဒဿ၊ သုံးဆယ့်တစ်ဘုံ အလုံးစုံတွင် တုဖက်မမြင့်သော ဩဝါဒရှိတော်မူထသော။

တူသောဩဝါဒရှိသော ပစ္စေကဗုဒ္ဓါ,သာဝကစသည်တို့လည်း မဟုတ်ထသော။

တူသောဩဝါဒရှိသော ပစ္စေကဗုဒ္ဓါ,သာဝကတို့ထက် ကြီးကဲလွန်မြတ်တော်မူထသော။

ကာမသုခလ္လိကာနုယောဂေဝါဒ, အတ္တကိလမထာနုယောဂေဝါဒကဲ့သို့ ယုတ်လွန်းလွန်လွန်းသော ဩဝါဒကိုမပြု ဟိုဘက်သည်ဘက်မသာ အလယ်တည့်မတ်စွာသော စဉ်းချိန်ခွင်ညာနှင့်အတူ အလျူပေးခြင်းဒါန,ငါးပါး–ရှစ်ပါး–ဆယ်ပါး ၂၂၇–ပါးသော သီလ, ဘာဝနာကုသိုလ်တရားတို့ဖြင့်ပြီးသော မဂ္ဂင်ရှစ်ပါးဟူသော မဇ္ဈိမပဋိပဒေါဝါဒ ရှိတော်မူထသော။

ချိန်နှင့်မတူ ယုတ်လွန်း လွန်လွန်းသော ဩဝါဒရှိသူ မိစ္ဆာဒိဋ္ဌိလူတို့နှင့် အယူဝါဒအားဖြင့် ဆန့်ကျင်ဘက်ဖြစ်ထသော။

ချိန်လိုမဟုတ် ယုတ်လွန်း လွန်လွန်းသော ဩဝါဒနှစ်မျိုးကို ကောင်းကောင်းကြီးချိုးဖဲ့ ကဲ့ရဲတော်မူလေ့ရှိတော်မူထသော။

ကိုယ်တော်မြတ်နှင့် ဖက်ပြိုင်အန်တု ဆုံးမခြင်းကိုပြုနိုင်သူတို့မှ ဆိတ်တော်မူထသော။

အတုမရှိသော ဩဝါဒရှိတော်မူသော ရှေးဘုရားရှင်တို့နှင့်သာတူတော်မူထသော။

တူသော ဩဝါဒရှိသော ပုဂ္ဂိုလ်တို့မှ ဂုဏ်အားဖြင့် တစ်ပါး တခြားချည်းလည်း ဖြစ်တော်မူထသော။

တူသော ဩဝါဒရှိသူတို့မှ လွန်စွာကွာဝေးတော်မူထသော။

သေးသေးသိမ်သိမ် နိုင်းချိန်လောက်သော ဩဝါဒရှိသည်မဟုတ်၊ ကြီးကြီးကျယ်ကျယ် ပိဋကတ်သုံးသွယ် အံ့ဩဖွယ်သော ဩဝါဒရှိတော်မူထသော။

တဿ၊ ထိုမြတ်စွာဘုရားသခင် သုံးဦးလူတို့၏ ကျေးဇူးရှင်အား။ မေ၊ အကျွန်ုပ်၏ (ဘုရားတပည့်တော်၏)။ နမော၊ ရှိသေညွှတ်နူး အထူးရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေ သတည်း။

ကျမ်းစာရေးသားချီးမြှင့်သော ကျေးဇူးရှင်ဆရာကြီး ဦးရွှေအောင်နှင့် ကျမ်းစာဖြစ်မြောက်အောင် ကူညီကြသော ဦးအောင်,ဆရာဦးရန်အောင်နှင့် သာသနာပြုဖက်များ ဒေါက်တာဒေါ်စောမြင့်–မြဝတီပုံနှိပ်တိုက်၊ ခိုင်သဇင်–မိသားစု၊ ရွှေဇင်–ပုံနှိပ်တိုက်တို့အား အထူးကျေးဇူးတင်ကြောင်း သတိရမှတ်တမ်းတင်အပ်ပါသည်။

ထိန်ဝင်း

သာသနာတော် ၂၅၃၇၊၁၃၅၅–ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃–ရက် အင်္ဂါနေ့။
(၂–၁၁–၉၃)
ညနေ ၃–နာရီ, ၄၅–မိနစ်၊
အသက် ၈၁–နှစ် ၁–လ ၁၉–ရက်။

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

"ဗုဒ္ဓလောကသားတို့၏ အနိုင်းမဲ့ကျေးဇူးရှင်"၏ကျင့်စဉ်ကို လေ့လာကျင့်သုံးလိုသူသည် ဤနိဒါန်းကို သဘောပေါက်အောင် ပြီးဆုံးသည်အထိ ရှေးဦးစွာဖတ်ပါ။

လူသည် ဘဝကိုလောဘဖြင့် စတင်ခဲ့သူဖြစ်၏။ ယင်းလောဘကို ပါဠိဝေါဟာရအားဖြင့် "ဘဝနိကန္တိက လောဘ"ဟူ၍ ခေါ်၏။ ဘဝနိကန္တိကလောဘ၏အနက်မှာ "ဘဝကိုမြတ်နိုးသော တဏှာ"ဟူ၍ဖြစ်၏။ ထို့ကြောင့် လူသည် မိမိ၏ဘဝကို ပျက်သုဉ်းမသွားစေရန် လောဘဖြင့်မိမိလိုချင်သောအရာရာတိုင်းကို ရအောင်အားထုတ်လေ၏။ ဤသည်မှာ ဓမ္မတာဖြစ်၏။

သို့ရာတွင် ဤဓမ္မတာကား 'အတ္တဓမ္မတာ'ဖြစ်၏။ အတ္တဓမ္မတာ ဖြစ်သည့်အလျောက် လူတော်လူကောင်းများအနေဖြင့် လိုက်နာကျင့်သုံးရသော ဓမ္မတာမဟုတ်၊ ပယ်ဖျက်နိုင်အောင်ကြိုးစားရသော ဓမ္မတာသာဖြစ်၏။

ဗုဒ္ဓဝါဒအရ ဘဝကိုတည်ဆောက်ရသည်မှန်၏။ သို့ရာတွင် ဘဝကိုတည်ဆောက်ရာ၌ "ထီး"အဖြစ်တည်ဆောက်ရသည်မဟုတ်၊ "ငြမ်း"အဖြစ်သာ တည်ဆောက်ရခြင်းဖြစ်၏။ ငြမ်းကို မည်မျှပင်ခိုင်မာအောင် တည်ဆောက်ရစေကာမူ တစ်ခုသောနေ့တွင် ငြမ်းကိစ္စပြီးဆုံးပါက ထိုငြမ်းကို မလွဲမသွေ ဖျက်သိမ်းရမည်ဖြစ်၏။

အခြားဝါဒများအရသာ ဘဝကို 'ထီး'အဖြစ်တည်ဆောက်ခြင်းဖြစ်၏။ ဘဝကို 'ထီး'အဖြစ်တည်ဆောက်နေသမျှကာလပတ်လုံး လူသည် သံသရာမှမလွတ်တော့ဘဲ သံသရာဝဲဂယက်၌ နစ်တစ်ခါပေါ်တစ်လှည့်ဖြင့် မျောနေပေလိမ့်မည်။ မျောနေရသမျှကာလပတ်လုံး လူသည်"စံ"တစ်ခါ "ခံ"တစ်လှည့်ဖြင့် သောကကို ရင်ဝယ်ပိုက်ထားရပေလိမ့်မည်။

**တောင့်တခြင်းလေးမျိုး** လူသည် သံသရာဝဲဂယက်၌မျော၍ သောကကို ရင်ဝယ်ပိုက်ထားရလေသောကြောင့် မိမိ၏ဘဝအတွက် တောင့်တခြင်း လေးမျိုးကို တောင့်တမြဲဖြစ်၏။

ထိုလေးမျိုးတို့တွင် ပထမတောင့်တချက်မှာ အိမ်ရာတည်ထောင်လိုခြင်းဖြစ်၏။ ယင်းကို "ကာမ"ဟူ၍ခေါ်၏။ လူသည်"ကာမ"အရ အထီးကျန်မနေလိုဘဲ ချစ်ရသောဇနီးနှင့် နေလို၏။ ချစ်ရသောခင်ပွန်းနှင့် နေလို၏။ ချစ်ရသော သားသမီးများနှင့် နေလို၏။ ချစ်ရသောအသိုက်အဝန်းနှင့် နေလို၏။ ထိုသို့နေလိုသည့်အတိုင်း နေရအောင် အားထုတ်၏။ ထိုသို့အားထုတ်သော်လည်း အားထုတ်သည့်အတိုင်း ဖြစ်ချင်မှဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍မဖြစ်လျှင်လည်း ဖြစ်လိမ့်နိုးနိုး မျှော်ကိုးချက်ဖြင့် မိမိ၏ဘဝပျက်သုဉ်းမသွားစေရန် ဆက်၍ဆက်၍ကြိုးစားပါ၏။

ဒုတိယတောင့်တချက်မှာ စီးပွားဥစ္စာပြည့်စုံလိုခြင်းဖြစ်၏။ ယင်းကို"အတ္ထ"ဟူ၍ ခေါ်၏။ လူသည်"အတ္ထ"အရ ချို့ချို့ငဲ့ငဲ့မနေလိုဘဲ မိမိ၏ဘဝအတွက် စီးပွားဥစ္စာနှင့် ပြည့်စုံလို၏။ ပြည့်စုံလိုသည့်အတိုင်း ပြည့်စုံအောင်အားထုတ်၏။ အကယ်၍မပြည့်စုံသေး လျှင်လည်း ပြည့်စုံအောင်ဆက်၍ဆက်၍အားထုတ်၏။ ပြည့်စုံလျှင်လည်း ပြည့်စုံသည်ထက် ပြည့်စုံအောင် ဆက်၍ဆက်၍အားထုတ်ပြန်၏။ သို့ရာတွင် မည်မျှပင်ပြည့်စုံစေကာမူ ဘဝအတွက်ပြည့်စုံပြီဟူ၍ အားရကျေနပ်ခြင်းမရှိဘဲ ပို၍ပို၍ပြည့်စုံစေရန် ဆက်၍ဆက်၍ အားထုတ်ပြန်၏။ ထိုသို့အားထုတ်သော်လည်း လူ၏တောင့်တချက်ကား ပြည့်စုံပြီဟူ၍ မည်သည့်အခါမျှ မရှိ၊ လိုမြဲလိုနေသည်သာ ဖြစ်လေ၏။

တတိယတောင့်တချက်မှာ ဓမ္မနှင့်အညီ ကျင့်သုံးနေထိုင်လိုခြင်းဖြစ်၏။ လူသည် လောက၌ "ကာမ"အရ အိမ်ရာတည်ထောင်ရုံမျှနှင့်လည်းမပြီး၊ "အတ္ထ" အရ စီးပွား ဥစ္စာရှာဖွေရုံမျှနှင့်လည်း မပြီး။ အမှန်အားဖြင့် "ဓမ္မ"နှင့်အညီနေထိုင်ဖို့လည်း လိုသေး၏။ ထို့ကြောင့် "ကာမ" အရ အိမ်ရာတည်ထောင်ရာ၌ဖြစ်စေ၊ "အတ္ထ"အရ စီးပွားဥစ္စာကို ရှာဖွေရာ၌ဖြစ်စေ အဓမ္မနည်းကို သုံးချင်သုံးမိမည် ဖြစ်သော်လည်း မူရင်းဗီဇစိတ်ဓာတ် အရ "ဓမ္မ"နှင့်အညီ ကျင့်ကြံအားထုတ်လိုသည်ကတော့ အမှန်ပင်ဖြစ်ပါ၏။ ထို့ကြောင့် "ဓမ္မ"နှင့်အညီ နေထိုင်ကျင့်သုံးနိုင်အောင် အားထုတ်ခြင်းသည်လည်း ဘဝအတွက် တောင့်တချက်လေးမျိုးတွင် တစ်မျိုးအဖြစ်ပါဝင်ခြင်းဖြစ်၏။

ဓမ္မနှင့်အညီ ကျင့်ကြံနေထိုင်ရုံနှင့် မကျေနပ်သေးဘဲ လူသည် လွတ်လပ်မှုကို တောင့်တပြန်၏။ ယင်းကို "မောက္ခ" ဟူ၍ ခေါ်၏။ ဤလေးမျိုးမှာ ဘဝအတွက် လူတို့၏တောင့်တချက်များ ဖြစ်ကြ၏။ လူသည် အသက်ရှင်၍ ဘဝကို တည်ဆောက် နေသမျှ ကာလပတ်လုံး ဤတောင့်တချက်လေးမျိုးကို တောင့်တနေမည်သာဖြစ်၏၊ အမှန်အားဖြင့် ဤတောင့်တချက်လေးမျိုးမှာ ပုထုဇဉ်လူသားတို့၏ တောင့်တချက်များသာ ဖြစ်ကြပါ၏။

**အရေးပါသော အပိုင်းသုံးပိုင်း**

ဗုဒ္ဓဒေသနာတော်အရ အရာရာတိုင်း၌ သာယာဖွယ်, ငြီးငွေ့ဖွယ်နှင့် ယင်းတို့မှ လွတ်မြောက်မှုဟူ၍ အပိုင်းသုံးပိုင်းပါဝင်၏။ ထို့ကြောင့် "ကာမ"၌လည်း အပိုင်းသုံးပိုင်း ပါဝင်၏။ "အတ္ထ"၌လည်း အပိုင်းသုံးပိုင်း ပါဝင်၏။" ဓမ္မ"၌လည်း အပိုင်းသုံးပိုင်းပါဝင်၏။ "မောက္ခ"၌လည်း အပိုင်းသုံးပိုင်း ပါဝင်၏။ ထိုသို့ပါဝင်ရာတွင် တစ်ပိုင်းထက်တစ်ပိုင်းက ပို၍နက်ရှိုင်းစွာ ပါဝင်ခြင်းဖြစ်၏။

**သာယာဖွယ်အပိုင်း**

ပထမပိုင်းသည် သာယာဖွယ်အပိုင်းဖြစ်၏။ ယင်းကို "အဿာဒ" ဟူ၍ခေါ်၏။ ဒုတိယပိုင်းသည် ငြီးငွေ့ဖွယ်အပိုင်းဖြစ်၏။ ယင်းကို "အာဒီနဝ"ဟူ၍ခေါ်၏။ တတိယပိုင်းသည် လွတ်မြောက်မှုအပိုင်းဖြစ်၏။ ယင်းကို

www.burmeseclassic.com

www.burmeseclassic.com



"နိဿရဏ"ဟူ၍ ခေါ်၏။ အမှန်အားဖြင့် သာယာဖွယ်ကို မတွေ့မြင်သမျှ ကာလပတ်လုံး လူသည် မည်သည့်လုပ်ငန်းကိုမျှ လုပ်လိုသည်မဟုတ်။ ထို့ကြောင့် ကာမ–အရ အိမ်ရာ တည်ထောင်ရာ၌ သာယာဖွယ်ကိုမတွေ့လျှင် တွေ့အောင်ရှာ၏။ အတ္ထ–အရ စီးပွား ဥစ္စာကို ရှာရာ၌လည်း သာယာဖွယ်ကိုမတွေ့လျှင် တွေ့အောင်ရှာ၏။ ဓမ္မ–အရ တရားနှင့်အညီဖြစ်အောင် ကျင့်ကြံနေထိုင်ရာ၌ပင် သာယာဖွယ်ကိုမတွေ့လျှင် တွေ့အောင် ရှာ၏။ မောက္ခ–အရ လွတ်လပ်မှုကိုရအောင် အားထုတ်ရာ၌လည်း သာယာဖွယ်ကို မတွေ့လျှင် တွေ့အောင်ရှာလေ၏။ သာယာဖွယ်ကို တွေ့အောင်ရှာခြင်းဟူသည်မှာ မိမိ၏ကိုယ်ကျိုးကိုယ့်စီးပွားအတွက် အားထုတ်ခြင်းဖြစ်၏။

**ငြီးငွေ့ဖွယ်အပိုင်း** ဓမ္မတာအရ သာယာဖွယ်၏နောက်၌ ငြီးငွေ့ဖွယ်အပိုင်းသည် ရှိ၏။ ယင်းကို "အာဒီနဝ"ဟူ၍ခေါ်၏။ သို့ရာတွင် ငြီးငွေ့ဖွယ်ကို တော်ရုံတန်ရုံ အသိဉာဏ်ရင့်ကျက်ရုံမျှနှင့်တော့ တွေ့မည်မဟုတ်။ ထို့ကြောင့် သာမန် အသိဉာဏ်ရှိသူများသည် ငြီးငွေ့ဖွယ်ကို မမြင်နိုင်တော့ဘဲ သာယာဖွယ်ကို ရှာရင်း ရှာရင်းဖြင့်ပင် မိမိတို့၏ဘဝကို နိဂုံးချုပ်ကြရ၏။

အမှန်အားဖြင့် အရာရာတိုင်း၌ မြတ်နိုးဖွယ် "ရသ"သည်ရှိ၏။ ထို့ကြောင့် သာယာဖွယ်အပိုင်း၌လည်း မြတ်နိုးဖွယ် "ရသ"သည်ရှိ၏။ ငြီးငွေ့ဖွယ်အပိုင်း၌လည်း မြတ်နိုးဖွယ်"ရသ"သည် ရှိသည်ပင်ဖြစ်၏။ သို့ရာတွင် သာမန်အသိဉာဏ်ရှိသူများသည် သာယာဖွယ်အပိုင်း၌သာ မြတ်နိုးဖွယ်"ရသ"ကိုမြင်နိုင်ပြီး ငြီးငွေ့ဖွယ်အပိုင်း၌မူမြတ်နိုး ဖွယ်"ရသ"ကို မမြင်နိုင်ကြ။ ထို့ကြောင့် သူတို့သည် အရာရာတိုင်း၌ သာယာဖွယ်ကို ရှာရင်းရှာရင်းဖြင့်ပင် သူတို့၏ဘဝကို သူတို့ နိဂုံးချုပ်ကြခြင်းဖြစ်၏။

အမှန်အားဖြင့် မြတ်နိုးဖွယ်"ရသ"သည် အရာရာတိုင်း၌ရှိရာတွင် သာယာဖွယ် အပိုင်း၌ရှိသော မြတ်နိုးဖွယ်"ရသ"ထက် ငြီးငွေ့ဖွယ်အပိုင်း၌ရှိသော မြတ်နိုးဖွယ် "ရသ"က ပို၍သိမ်မွေ့၏။ သိမ်မွေ့ရုံသာမက ပို၍လည်းနက်ရှိုင်း၏။ ပို၍နက်ရှိုင်း ရုံသာမက ပို၍လည်းတန်ဖိုးမြင့်မား၏။ ထို့ကြောင့် အသိဉာဏ်ရင့်ကျက်သူများသည် သာယာဖွယ် "အဿာဒ"ကိုမြင်ပြီးနောက် ယင်း၏နောက်ကွယ်၌ရှိသော ငြီးငွေ့ဖွယ်အပိုင်း "အာဒီနဝ"ကိုမြင်ကြခြင်းဖြစ်၏။ ငြီးငွေ့ဖွယ်အပိုင်း "အာဒီနဝ"ကိုမြင်ခြင်းဟူသည်မှာ ယင်းအပိုင်း၌ပါဝင်သော မြတ်နိုးဖွယ်"ရသ"ကိုမြင်ခြင်းဖြစ်၏။

ဤအမြင်ကြောင့်ပင် ဆီးဘန်နီဆရာတော်ကြီးကမြန်မာနိုင်ငံ သူတစ်ပါးလက် အောက်သို့ရောက်သွားသောအခါ–"သေသော်မှတည့် ဩော်–ကောင်း၏"ဟူ၍ ဆိုခြင်း ဖြစ်၏။ ဤကဲ့သို့သောပုဂ္ဂိုလ်များကို မျိုးချစ်အာဇာနည်များဟူ၍ ဆိုကြ၏။ မျိုးချစ် အာဇာနည်များသည် သူတစ်ပါး၏အမျိုးကိုလည်း မထိမဲ့မြင်မပြု။ မိမိတို့၏အမျိုးကို လည်း မထိမဲ့မြင်ပြုခြင်းကို ငုံ့မခံ။ အမှန်အားဖြင့် လောက၌ "အဓမ္မ" မလွှမ်းမိုးနိုင်အောင် ကြိုးပမ်းခြင်းသည် မျိုးချစ်အာဇာနည်တို့၏လုပ်ငန်းနှင့် သူတို့၏တာဝန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**ပါရမီနှင့်မြတ်နိုးဖွယ်ရသ** မျိုးချစ်အာဇာနည်များသည် နိုင်ငံတိုင်း၌ရှိ၏။ ထို့ကြောင့် မြန်မာနိုင်ငံ၌လည်း ရှိ၏။ သူတို့သည် မိမိအတွက် သိမ်းပိုက်ခြင်း၌ သာယာဖွယ် အဿာဒ ကိုပင် မသာယာဖွယ် အာဒီနဝ အဖြစ်မြင်ပြီး လောကအတွက်စွန့်လွှတ်ခြင်း၌ မြတ်နိုးဖွယ်"ရသ"ကို မြင်လာကြ၏။ အမှန်အားဖြင့် မိမိအတွက်သိမ်းပိုက်ခြင်းထက် လောကအတွက်စွန့်လွှတ်ခြင်းက ပို၍မြတ်နိုးဖွယ် ဖြစ်ကြောင်းကို သူလို ငါလိုပုဂ္ဂိုလ်များက သဘောပေါက်ကြမည်မဟုတ်။ သို့ရာတွင် သူလိုငါလိုအဆင့်ကို ကျော်လွန်သော ပုဂ္ဂိုလ်များကမူ သဘောပေါက်ကြပါ၏။ ဇာတ်တော်များ၌လည်း သူလိုငါလိုအဆင့်ကို ကျော်လွန်သော ပုဂ္ဂိုလ်များအကြောင်းကို ဖတ်ရ၏။ သမိုင်းများ၌လည်း သူလို ငါလိုအဆင့်ကို ကျော်လွန်သော ပုဂ္ဂိုလ်များအကြောင်းကို ဖတ်ရပါ၏။ သူလိုငါလိုအဆင့်ထက် ကျော်လွန်သော ပုဂ္ဂိုလ်များကို ပါဠိဝေါဟာရအားဖြင့် "ပါရမီရှင်များ"ဟူ၍ခေါ်၏။ ယင်းတို့၏လုပ်ငန်းကို "ပါရမီ"ဟူ၍ခေါ်၏။ အမှန်အားဖြင့် ပါရမီဟူသည်မှာ အများကောင်းစားရေးအတွက် မိမိ၏ကောင်းစားရေးကို စွန့်လွှတ်ခြင်း ပင်ဖြစ်၏။ အရာရာတိုင်း၌ အများအတွက် မိမိ၏ဘဝကို စတေးခြင်းပင်ဖြစ်၏။

နိုင်ငံဖြစ်စေ၊ လူမျိုးဖြစ်စေ၊ နိုင်ငံအတွက်လူမျိုးအတွက် အနစ်နာခံနိုင်သူများ, ဘဝကိုစတေးနိုင်သူများ ပေါ်များသည်နှင့်အမျှ ထိုနိုင်ငံ ထိုလူမျိုးသည် ကမ္ဘာ၌ ထိပ်တန်းနိုင်ငံ, ထိပ်တန်းလူမျိုးဖြစ်မည်မှာ သေချာ၏။ ဤနေရာ၌ ထိပ်တန်းဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာပြည့်စုံမှု၌ ထိပ်တန်းကိုဆိုလိုသည်မဟုတ်။ အတတ်ပညာပိုင်းဆိုင်ရာ ပြည့်စုံမှု၌လည်း ထိပ်တန်းကိုဆိုလိုသည်မဟုတ်။ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပြည့်စုံမှု၌သာ ထိပ်တန်းကို ဆိုလိုခြင်းဖြစ်၏။ အမှန်အားဖြင့် ရင့်ကျက်သောအမြင်ဖြင့် ကြည့်ပါက ရုပ်ပိုင်းဆိုင်ရာပြည့်စုံမှုများသည်လည်း မြတ်နိုးဖွယ်မဟုတ်။ အတတ်ပညာပိုင်းဆိုင်ရာ ပြည့်စုံမှုများသည်လည်း မြတ်နိုးဖွယ်မဟုတ်။ တကယ်တမ်းမြတ်နိုးဖွယ်ကား "ကိုယ်ကျင့်သိက္ခာနှင့်ပြည့်စုံမှု"သာဖြစ်၏။ ဤနေရာတွင် အောက်ပါဓမ္မပဒ ဂါထာ၏ အဆိုအမိန့်သည် များစွာ မှတ်သားဖွယ်ကောင်း၏။ မှတ်သားဖွယ်ကောင်းသည့် အလျောက်လည်း လိုက်နာကျင့်ကြံနိုင်အောင် ကြိုးပမ်းဖို့ကောင်း၏—

ဂါမေ ဝါ ယဒိ ဝါ'ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိ ရာမဏေယျကံ။

(ဓမ္မပဒဂါထာ-၉၈)

ဒေသတစ်ခုသည် 'ရွာ'ဖြစ်ချင်ဖြစ်မည်။ 'တော'ဖြစ်ချင်ဖြစ်မည်။ 'ချိုင့်ဝှမ်း' ဖြစ်ချင်ဖြစ်မည်။ 'ကြည်းကုန်း' ဖြစ်ချင်ဖြစ်မည်။ သို့ရာတွင်–မည်သို့ပင်ဖြစ်စေ သူတော်စင်များနေထိုင်ရာ ဖြစ်ရိုးမှန်ပါက ထိုနေရာ ထိုဒေသသည် ကမ္ဘာ့မြေအပြင်တွင် မွေ့လျော်ဖွယ်အကောင်းဆုံးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးဖွယ် “ရသ” ကို မြင်ရာ၌ ရင့်ကျက်မှုသည် ပဓာနဖြစ်၏။ မရင့်ကျက်မီကဆိုလျှင် သိမ်းပိုက်ခြင်း၌သာ မြတ်နိုးဖွယ် “ရသ” ကို မြင်၏။ ရင့်ကျက်လာသောအခါ သိမ်းပိုက်ခြင်း၌ မြတ်နိုးဖွယ် “ရသ” ကို မမြင်။ သိမ်းပိုက်ခြင်း၌ ငြီးငွေ့ဖွယ် “အာဒီနဝ”ကိုသာ မြင်လာ၏။ အမြင်သည် ပြောင်းလဲသွား၏။ စွန့်လွှတ်ခြင်း၌သာ မြတ်နိုးဖွယ် “ရသ”ကို မြင်လာ၏။ ထိုထက်ပို၍ ရင့်ကျက်လာသောအခါ လွတ်မြောက်မှု၌သာ မြတ်နိုးဖွယ်“ရသ”ကို မြင်လာ၏။

အမှန်အားဖြင့် စွန့်လွှတ်မှုသည် နှစ်မျိုးရှိ၏။ “ငါ”မှ မလွတ်မြောက်သော စွန့်လွှတ်မှုနှင့် “ငါ”မှ လွတ်မြောက်သော စွန့်လွှတ်မှုတို့ ဖြစ်ကြ၏။ “ငါ”မှ မလွတ်မြောက်သော စွန့်လွှတ်မှုကို “စွန့်လွှတ်မှု”ဟူ၍သာဆိုရ၏။

“ငါ”မှလွတ်မြောက်သော စွန့်လွှတ်မှုကိုမူ “လွတ်မြောက်မှု”ဟူ၍ ဆိုရ၏။ ငါမှမလွတ်မြောက်သော စွန့်လွှတ်မှုသည် ငြီးငွေ့ဖွယ် “အာဒီနဝ”၌ အတွင်းဝင်၏။ “ငါ”မှလွတ်မြောက်သော စွန့်လွှတ်မှုသည် လွတ်မြောက်မှု“နိဿရဏ”၌ အတွင်းဝင်၏။

“ငါ”မှလွတ်မြောက်သော စွန့်လွှတ်မှုနှင့်ပတ်သက်၍ ဓမ္မပဒဂါထာ ၁၀၃-၏ အဆိုအမိန့်သည် များစွာမှတ်သားဖွယ်ကောင်း၏။ မှတ်သားဖွယ်ကောင်းသည့်အလျောက် လည်း လိုက်နာကျင့်ကြံနိုင်အောင် ကြိုးပမ်းဖို့ကောင်း၏။

**ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။**

**ဧကဉ္စ ဇေယျမတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။**

(ဓမ္မပဒဂါထာ-၁၀၃။)

“စစ်မြေပြင်၌ ရန်သူထောင်ပေါင်းများစွာကို အောင်နိုင်သောသူရဲကောင်းသည် ရှိ၏။ ထိုသူရဲကောင်းသည် အမြတ်ဆုံးသူရဲကောင်းမဟုတ်။ တစ်ယောက်တည်းသော မိမိကိုယ်ကို မိမိကအောင်နိုင်သူသည်သာလျှင် အမြတ်ဆုံးသူရဲကောင်းဖြစ်၏။”

ဤဂါထာအရ စစ်မြေပြင်၌ ရန်သူထောင်ပေါင်းများစွာကို အောင်နိုင်ဖို့ထက် မိမိကိုယ်ကို မိမိက အောင်နိုင်ဖို့ခက်၏။ ထို့ကြောင့် ရန်သူထောင်ပေါင်းများစွာကို အောင်နိုင်သူကို သာမန်သူရဲကောင်းအဖြစ်သတ်မှတ်ပြီး မိမိကိုယ်ကိုအောင်နိုင်သူကို သာလျှင် အမြင့်မြတ်ဆုံးသူရဲကောင်းအဖြစ် သတ်မှတ်ခြင်းဖြစ်၏။

စစ်မြေပြင်တွင်တိုက်ရသော စစ်ပွဲသည်လည်း စစ်ပွဲဖြစ်၏။ စစ်မြေပြင် စစ်ပွဲတွင် ရန်သူဘက်နှင့် မိမိဘက်တို့ တိုက်ကြ၏။ ဘဝသည်လည်း စစ်မြေပြင် စစ်ပွဲပင်ဖြစ်၏။ ဘဝစစ်မြေပြင်စစ်ပွဲတွင် ဓမ္မနှင့်အဓမ္မတို့သည် ထာဝစဉ်တိုက်ကြ၏။ အဓမ္မကို ဓမ္မဖြင့် နိုင်အောင်တိုက်နိုင်ပါက ထိုသူသည် သူရဲကောင်းဖြစ်၏။

သို့ရာတွင် သူရဲကောင်းသည် သာမန်သူရဲကောင်းနှင့် အမြင့်မြတ်ဆုံး သူရဲကောင်း ဟူ၍ နှစ်မျိုးရှိပြန်၏။ အဓမ္မကို ဓမ္မဖြင့် နိုင်အောင်တိုက်ရာတွင် “ငါ” ပါသော သူရဲကောင်းသည် သာမန်သူရဲကောင်းဖြစ်၏။ “ငါ”မပါသော

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

သူရဲကောင်းသည် အမြင့်မြတ်ဆုံး သူရဲကောင်းဖြစ်၏။

နိုင်ငံတိုင်း၌ သူရဲကောင်းများရှိကြ၏။ သူတို့သည် နိုင်ငံနှင့်လူမျိုးအတွက် အနစ်နာခံကြ၏။ ပစ္စည်းဥစ္စာများကိုလည်း စွန့်ကြ၏။ ခြေလက်အင်္ဂါများကိုလည်း စွန့်ကြ၏။ အသက်ကိုပင်စွန့်ကြ၏။ ဆီးဘန်နီဆရာတော်အမိန့်ရှိသလို "သေသော်မှတည့် ဖြောင့်-ကောင်း၏"ဟူသောစိတ်ဓာတ်ရှိသူများ ဖြစ်ကြ၏။ အမှန်အားဖြင့် ထိုသူများသည် လောက၌ "အဓမ္မ"မထွန်းကားရေးအတွက် ဘ၀ကိုစတေးသူများဖြစ်ကြပါ၏။ သို့ရာတွင် မိမိအနစ်နာခံမှုကြောင့် အကျိုးတရားများဖြစ်ထွန်းလာသောအခါ "ငါကတကယ်တမ်း အနစ်နာခံခဲ့သူ၊ ထို့ကြောင့် ဖြစ်ပေါ်လာသောအကျိုးတရားကို ခံစားခြင်းခံစားလျှင် ငါသာလျှင် ခံစားထိုက်သည်"ဟု ခံယူသော သူရဲကောင်းများလည်းရှိကြ၏။ ထိုသူရဲကောင်းများကား "ငါ"မှမလွတ်မြောက်သော စွန့်လွှတ်မှုဖြင့် စွန့်လွှတ်သော သူရဲကောင်းများ ဖြစ်ကြ၏။ ထို့ကြောင့် ထိုသူရဲကောင်းများကို "ငါ"ပါသောသူရဲကောင်းများဟူ၍ ဆိုရ၏။

ဓမ္မပဒဂါထာ ၁၀၃-အရ ဆိုရလျှင် ထိုသူရဲကောင်းသည် ရန်သူထောင်ပေါင်း များစွာကို အောင်နိုင်သူသာဖြစ်၏။ မိမိကိုယ်ကိုအောင်နိုင်သူမဖြစ်။ သို့ရာတွင် တကယ်တမ်း အောင်ရမည့်ရန်သူကား မိမိကိုယ်သာလျှင်ဖြစ်၏။ ထောင်ပေါင်းများစွာသော ရန်သူများ မဟုတ်။ အမှန်အားဖြင့် မိမိကိုယ်ကို အောင်နိုင်ပြီးသူအတွက် လောကတွင်ကြောက်စရာ ဟူ၍ ဘာမျှမရှိတော့။ မိမိကိုယ်ကိုမအောင်နိုင်သေးသူများအတွက်မှ အရာရာတိုင်းသည် ကြောက်စရာချည်းသာဖြစ်ပါ၏။

> မိမိကိုယ်ကို မအောင်နိုင်သေးသူများအနက် မိမိ၏အနစ်နာခံမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများတွင် ပစ္စည်းဥစ္စာများ၌ မက်မောသူများ လည်းရှိ၏။ ရာထူးများ၌ မက်မောသူများလည်းရှိ၏။ ဘွဲ့ထူးဂုဏ်ထူးများ၌ မက်မောသူများလည်းရှိ၏။ နှစ်မျိုး၌ မက်မောသူများလည်းရှိ၏။ သုံးမျိုးလုံး၌ မက်မောသူများလည်းရှိ၏။ ထိုသို့မက်မောခြင်းမှာ မိမိကိုယ်ကို မအောင်နိုင် သောကြောင့်ဖြစ်၏။
>
> မိမိကိုယ်ကိုမအောင်နိုင်ခြင်းဟူသည်မှာ "ငါ"ကို မအောင်နိုင်ခြင်းပင် ဖြစ်၏။ "ငါ"ကိုမအောင်နိုင်သောအခါ နေရာတိုင်း၌ "ငါ"ပါချင်တော့၏။ "ငါ"ပါရမှလည်း စိတ်ချမ်းသာ၏။ "ငါ"မပါရလျှင် စိတ်မချမ်းသာ။ ထို့ကြောင့် သူ၏အနစ်နာခံမှုသည် အရင်းစစ်လိုက်ပါက ငါချမ်းသာရေးအတွက်သာဖြစ်၏။ လောကချမ်းသာရေးအတွက် မဟုတ်။ လောကချမ်းသာရေးကို မျက်နှာဖုံးစွပ်ပြီး ငါချမ်းသာရေးကို လုပ်နေခြင်းသာ ဖြစ်၏။
>
> မိမိကိုယ်ကိုအောင်နိုင်သူများကား မိမိ၏အနစ်နာခံမှုကြောင့် ဖြစ်ပေါ်လာ သော အကျိုးတရားများတွင် ပစ္စည်းဥစ္စာများ၌လည်းမမက်မော။ ရာထူးများ၌လည်း မမက်မော။ ဘွဲ့ထူးဂုဏ်ထူးများ၌လည်း မမက်မော။ မည်သည့်အကျိုးတရားများ

www.burmeseclassic.com

www.burmeseclassic.com



ကိုမျှ မမက်မောဖို့။ သူ၏အနစ်နာခံမှုသည် လွတ်လွတ်စွန့်လွှတ်မှုသာဖြစ်၏။ လွတ်လွတ်စွန့်လွှတ်မှုသည် ပါရမီသဘောကိုဆောင်၏။ လွတ်လွတ်စွန့်လွှတ်မှု မဟုတ်ဘဲ "ငါ"ပါသောစွန့်လွှတ်မှုသည် ပါရမီသဘောကိုမဆောင်။

ဗုဒ္ဓအဘိဓမ္မာအရဆိုရလျှင် လိုချင်ခြင်းသည် 'လောဘ'ဖြစ်၏။ စွန့်လွှတ်ခြင်းသည် 'အလောဘ'ဖြစ်၏။ လောဘသည်အကုသိုလ်ဖြစ်၏။ အလောဘသည်ကုသိုလ်ဖြစ်၏။ ကုသိုလ်က အကုသိုလ်ထက်အားကောင်း၏။ ထို့ကြောင့် လိုချင်သဖြင့် ရသောအကျိုးတရားများထက် မလိုချင်ဘဲနှင့်ရသော အကျိုးတရားများက ပို၍မြင့်မား၏။ ပို၍လည်း စင်ကြယ်၏။ ပို၍လည်းသန့်ရှင်း၏။ သိဒ္ဓတ္ထမင်းသားသည် သုမေဓာဘဝမှစ၍ ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်း၌ လောကအတွက်အနစ်နာခံခဲ့၏။ လောကအတွက်စွန့်လွှတ်ခဲ့၏။ သူ၏အနစ်နာခံခြင်းသည် လည်းကောင်း၊ သူ၏စွန့်လွှတ်ခြင်းသည် လည်းကောင်း လွတ်လွတ်အနစ်နာခံခြင်းဖြစ်၏။ လွတ်လွတ်စွန့်လွှတ်ခြင်းဖြစ်၏။ ထို့ကြောင့် ဘဝတိုင်း ဘဝတိုင်း၌ အလောင်းတော်သည် ပစ္စည်းဥစ္စာအားဖြင့်ဖြစ်စေ၊ ရာထူးအားဖြင့်ဖြစ်စေ၊ နှစ်မျိုးလုံး၌ဖြစ်စေ မြင့်မားသည်ကများလေ၏။ ပညာအားဖြင့်ကား ဖြစ်လေရာဘဝတိုင်း ဘဝတိုင်း၌ မြင့်သည်သာဖြစ်၏။

နောက်ဆုံး သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ရောက်တော်မူသောအခါ၌ကား လူမင်းတို့၏ မင်းအဖြစ်ကိုလည်း ရ၏။ နတ်မင်းတို့၏ မင်းအဖြစ်ကိုလည်း ရ၏။ ဗြဟ္မာမင်းတို့၏ မင်းအဖြစ်ကိုလည်းရ၏။အကျဉ်းအားဖြင့်ဆိုရလျှင် သတ္တဝါအားလုံးတို့၏ မင်းအဖြစ်ကိုရ၏။ ဤအကျိုးတရားများကား လောကတွင် မြတ်စွာဘုရားမှတစ်ပါး အခြားမည်သူမှ မရနိုင်သော အကျိုးတရားများဖြစ်ကြ၏။ ဤအကျိုးတရားများကို မြတ်စွာဘုရားအလောင်းတော်သည် တောင့်တခဲ့ခြင်းလည်းမရှိ။ မျှော်မှန်းခဲ့ခြင်းလည်း မရှိ။ စေတနာသန့်သန့်ဖြင့်သာ လောကအတွက် အနစ်နာခံခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် စေတနာကောင်း ထားဖို့သာလို၏။ စေတနာကောင်းကို ပါဠိဝေါဟာရအားဖြင့် "မုတ္တစာဂ" ဟူ၍ခေါ်၏။ မုတ္တစာဂ၏အနက်မှာ လွတ်လွတ်စွန့်လွှတ်ခြင်းဟူ၍ဖြစ်၏။ တကယ်တမ်း လွတ်လွတ်စွန့်လွှတ်သောစိတ်ထားဖြင့် လုပ်ငန်းကိုဆောင်ရွက်ရိုးမှန်ပါက "အကျိုးမပေးပါနှင့်"ဟူ၍ အကျိုးကိုတား၍မရ။ ထိုက်တန်သောအကျိုးကို ထိုလုပ်ငန်းက မလွဲမသွေ ပေးမည်ဖြစ်၏။

သို့ရာတွင် ပေးသောအကျိုး၌ မမက်မောမိဖို့သာ အရေးကြီး၏။ ပေးသောအကျိုး၌ မမက်မောခြင်းကိုပင် မိမိကိုယ်ကို အောင်နိုင်ခြင်းဟူ၍ဆိုရ၏။ မိမိကိုယ်ကို အောင်နိုင်ခြင်း ကို "ငါ"မှလွတ်မြောက်သော စွန့်လွှတ်မှု=နိဿရဏ ဟူ၍ ဆိုပါ၏။

ကာမဂုဏ်ကို ရွှံ့ညွန်နှင့်နှိုင်းလျှင် ဘဝကိုကြာပန်းနှင့်နှိုင်းရမည်ဖြစ်၏။ ရွှံ့ညွန်သည် စက်ဆုပ်ဖွယ်ကောင်းသလို ကာမဂုဏ်သည် စက်ဆုပ်ဖွယ်ကောင်းပါ၏။ ကြာပန်းသည် မြတ်နိုးဖွယ်ကောင်းသလို ဘဝသည်လည်း မြတ်နိုးဖွယ်ကောင်းပါ၏။ အမှန်အားဖြင့် ကြာပန်းသည် ရွှံ့ညွန်နှင့်ကင်း၍မဖြစ်သလို ဘဝသည်လည်း ကာမဂုဏ်နှင့် ကင်း၍မဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကြာပန်းသည် ရွှံ့ညွန်တော၌ပေါက်သော်လည်း ရွှံ့ညွန်အလိမ်းလိမ်းမကပ်ပါမှ ကြာပန်းသည် မွှေးလည်းမွှေး၏။ လှလည်းလှ၏။ အကယ်၍ ကြာပန်းသည် ရွှံ့ညွှန်တော၌ ဖြစ်ပြီး ရွှံ့ညွှန်အလိမ်းလိမ်းကပ်နေပါက မွှေးလည်းမွှေးမည်မဟုတ်။ လှလည်းလှမည် မဟုတ်။ ထိုနည်းအတူ ဘဝသည် ကာမဂုဏ်တော၌ဖြစ်ပြီး ကာမဂုဏ် အလိမ်းလိမ်း ကပ်နေပါက ဘဝသည် မွှေးလည်းမွှေးမည်မဟုတ်။ လှလည်းလှမည်မဟုတ်။ ထို့ကြောင့် ဘဝကို မွှေးလည်းမွှေးစေလိုပါလျှင်၊ လှလည်းလှစေလိုပါလျှင် ကာမဂုဏ်များ အလိမ်းလိမ်း မကပ်ရလေအောင် အားထုတ်ရမည်ဖြစ်၏။ ကာမဂုဏ်များ အလိမ်းလိမ်း မကပ်ရလေ အောင် အားထုတ်ခြင်းဟူသည်မှာ ဖြစ်ပေါ်နေသော အကျိုးတရားများ၌ မမက်မောခြင်း ဖြစ်၏။ အမှန်အားဖြင့် ကာမဂုဏ်ကိုပစ်ပယ်၍မရ။ ကာမဂုဏ်၌တွယ်တာ မက်မော တတ်သော=တဏှာ ကိုသာ ပစ်ပယ်ရ၏။

ရွှံ့ညွှန်အားကောင်းလေ ကြာပန်းသည်လှလေဖြစ်သကဲ့သို့ ကာမဂုဏ် အားကောင်း လေ ဘဝသည်လှလေဖြစ်ပါ၏။ ထို့ကြောင့် ဆင်းရဲသားဘဝထက် သူဌေးဘဝက ပို၍ လှ၏။ သူဌေးဘဝထက် ပြည့်ရှင်ဘဝက ပို၍လှ၏။ ထို့ကြောင့် ဘဝကို လှသည်ထက် လှရလေအောင် ကြိုးပမ်းရ၏။

သို့ရာတွင် ကြာပန်းအလှသည် ရေကန်ကို တန်ဆာဆင်ရန် ဖြစ်သကဲ့သို့ ဘဝ အလှသည်လည်း လောကကိုတန်ဆာဆင်ရန် ဖြစ်၏။ မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်တော်မူသည်မှာ မိမိ၏ ဘဝကို လှသည်ထက်လှအောင် အားထုတ်ခြင်းဖြစ်၏။ မိမိ၏ဘဝသည် ပို၍ ပို၍ လှလေ လောကကိုလည်း ပို၍ပို၍လှအောင် တန်ဆာဆင်နိုင်လေဖြစ်၏။ ဘဝကို လှသည်ထက် လှအောင် အားထုတ်ခြင်းသည် မိမိအတွက်မဟုတ်။ လောကအတွက် ဖြစ်၏။ မြတ်စွာဘုရားသည်ပင် မိမိအတွက်ဘုရားဖြစ်လို၍ ဘုရားဖြစ်လာခြင်းမဟုတ်။ လောကအတွက် ဝေနေယျသတ္တဝါများကို ကယ်တင်ရန်အလို့ငှာ ဘုရားဖြစ်လို၍ ဘုရားဖြစ်လာခြင်းဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားအတွက် သဗ္ဗညုတဉာဏ်တော်သည် "ပန်းတိုင်"မဟုတ်။ "ဖောင်"သာဖြစ်၏။ ဝေနေယျသတ္တဝါများကို သံသရာတစ်ဖက်ကမ်းသို့ ပို့ပေးနိုင်ရေး သည်သာ"ပန်းတိုင်"ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရလျှင် ငြမ်းခိုင်ပါမှ ထီးတော်ကြီးကြီးကို တင်နိုင်သလို သဗ္ဗညုတဉာဏ်တော်ကိုရပါမှ ဝေနေယျသတ္တဝါများကို ကယ်တင်နိုင်မည် ဖြစ်၏။ ထို့ကြောင့် သဗ္ဗညုတဉာဏ်တော်ကို မြတ်စွာဘုရားအလောင်းတော်သည် မရ မနေ ကြိုးပမ်းခြင်းဖြစ်၏။ လုပ်ပိုင်ခွင့် ပို၍ပို၍ကြီးမားလေ လောကအတွက် ပို၍ပို၍ လုပ်နိုင်လေဖြစ်၏။

**ဗုဒ္ဓအလိုတော်ကျကျင့်စဉ်သုံးဆင့်** ရတနသုတ်တော်အရ ဆိုရလျှင် လူတိုင်း၌ ကျင့်စဉ် သုံးဆင့်ရှိသည်။ ထိုသုံးဆင့်တို့တွင်–ပထမကျင့်စဉ် အဆင့်မှာ လောကအတွက်ဖြစ်၏။ ယင်းကို လောကတ္တစရိယ–ဟု ဆို၏။ ဒုတိယဆင့်

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် မိမိ၏နိုင်ငံနှင့် အမျိုးသားများအတွက်ဖြစ်၏။ ယင်းကို ဥဘတတ္ထ စရိယ–ဟုဆို၏။ တတိယဆင့်အနေဖြင့် မိမိအတွက်နှင့် မိမိ၏မိသားစုအတွက် ဖြစ်၏။ ယင်းကို အတ္တတ္ထစရိယ–ဟုဆို၏။ မိမိအတွက်နှင့် မိသားစုအတွက် ဆိုသော်လည်း မိမိအတွက်နှင့် မိသားစုအတွက်သီးခြားမဟုတ်။ လောကနှင့်လည်းစပ်၏။ မိမိ၏နိုင်ငံ, မိမိ၏အမျိုးသားများနှင့်လည်း စပ်၏။ မိမိ "အား" ကောင်းလျှင် "အား" ကောင်းသည်နှင့်အမျှ လောကအတွက်လည်း ပို၍ဆောင်ရွက်နိုင်၏။ မိမိ၏နိုင်ငံနှင့် မိမိ၏အမျိုးသားများ အတွက်လည်း ပို၍ဆောင်ရွက်နိုင်၏။ အမှန်အားဖြင့် မိမိ အားကောင်းပါမှ မိမိ၏ နိုင်ငံနှင့် မိမိ၏ အမျိုးသားများအတွက် ပို၍ဆောင်ရွက်နိုင်၏။ မိမိ၏နိုင်ငံနှင့် မိမိ၏ အမျိုးသားများ အားကောင်းလျှင် အားကောင်းသည်နှင့်အမျှ လောကအတွက် ပို၍ ဆောင်ရွက်နိုင်၏။ ထို့ကြောင့် မိမိ၏အကျိုးစီးပွားကို မြင့်မားသည်ထက်မြင့်မားအောင် ဆောင်ရွက်ခြင်းသည် မိမိ၏ နိုင်ငံနှင့် မိမိ၏အမျိုးသားများအတွက် အသုံးချရန်ဖြစ်၏။ မိမိ၏နိုင်ငံနှင့် မိမိ၏ အမျိုးသားများ၏ အကျိုးစီးပွားကို မြင့်မားသည်ထက် မြင့်မားအောင် ဆောင်ရွက်ခြင်းသည် လောကအတွက် အသုံးချရန်ဖြစ်၏။ ဤသို့ဆောင်ရွက်ပါမှ 'လူ' အနေဖြင့် လူ့ဘဝကို ရကျိုးနပ်မည်ဖြစ်၏။ ထိုအခါ 'လူ'သည် လူအနေဖြင့် မိမိ၏ကျင့်စဉ်သုံးဆင့်ကို ဆောင်ရွက်ရာတွင် ရတနသုတ်လာ ပန်းတိုင်သဘောအရ လောကအကျိုးကို ပထမ ထားရာရောက်၏။ မိမိ၏နိုင်ငံနှင့် မိမိ၏အမျိုးသားအကျိုးကို ဒုတိယထားရာ ရောက်၏။ မိမိ၏အကျိုးကို နောက်ဆုံးထားရာရောက်၏။ ဤသို့ထားရာရောက်ခြင်းမှာ ခံစားမှုဆိုင်ရာ အကျိုးအနေဖြင့် ထားရာရောက်ခြင်း ဖြစ်၏။ 'မိဘ' ဟူသည် လုပ်ငန်းနှင့်ပတ်သက်လာလျှင် မိမိကသာ အနစ်နာခံပြီး အကျိုးခံစားမှုနှင့် ပတ်သက်လာလျှင် သားသမီးများကို ဦးစားပေးသည့် သဘောမျိုးဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် အနာခံစရာရှိပါက မိမိကိုပထမထား၏။ အသာစံစရာရှိပါက သားသမီးများကို ပထမထား၏။ ဤသို့ ကျင့်ဆောင်ရန် မြတ်စွာဘုရားက သွန်သင်တော်မူခြင်းဖြစ်၏။ အသာစံခြင်း, အနာခံခြင်းတို့နှင့် ပတ်သက်၍ မြတ်စွာဘုရား သွန်သင်တော်မူသည့်အတိုင်း လိုက်နာနိုင်မည်ဆိုပါလျှင် လောကသည် မည်မျှချမ်းသာ၍ မည်မျှငြိမ်းချမ်းမည်ကို မှန်းဆ၍ ကြည့်နိုင်မည်ဖြစ်၏။

**အတ္တပဓာနကျင့်စဉ်များ** မြတ်စွာဘုရားပွင့်တော်မမူမီကဆိုလျှင် လူတို့သည် ပုထုဇဉ်တို့၏ ဓမ္မတာအတိုင်း၊ "ကာမ"နှင့် ပတ်သက်လာလျှင်လည်း 'မိမိ'ကိုသာ ပထမထား၏။ "အတ္ထ"နှင့် ပတ်သက်လာလျှင်လည်း 'မိမိ'ကိုသာ ပထမထား၏။ "ဓမ္မ"နှင့် ပတ်သက်လာလျှင်လည်း 'မိမိ'ကိုသာ ပထမထား၏။ "မောက္ခ"နှင့် ပတ်သက်လာလျှင်လည်း 'မိမိ'ကိုသာ ပထမထား၏။ ထို့ကြောင့် ထိုခေတ်ကျင့်စဉ်များကို ငါကောင်းစားရေးသာ ပထမဖြစ်သော ကြောင့် "အတ္တပဓာန" ကျင့်စဉ်များဟူ၍ ဆိုရ၏၊ မြတ်စွာဘုရား ပွင့်တော်မူသောအခါမှသာ 'ငါ ကောင်းစား

www.burmeseclassic.com

www.burmeseclassic.com



ရေးသာ ပထမ'ဟူသော အတ္တပဓာနကျင့်စဉ်ကို ပြောင်းပြန်ပြု၍ 'လောက–ကောင်းစားရေးသာ ပထမ' ဟူသော "အနတ္တ ပဓာန"ကျင့်စဉ်ကို ဟောကြားတော်မူခဲ့၏။ ဟောကြားရုံသာမက ကိုယ်တိုင်လည်း ကျင့်ပြတော်မူခဲ့၏။ 'လောက ကောင်းစားရေးသာ ပထမ'ဟူသော အနတ္တအမြင်ဖြင့် တကယ်တမ်းကျင့်ရိုး မှန်ပါလျှင် အကျိုးတရားများကို ဖြစ်ပေါ်လာစေရာ၌ 'ငါ–ကောင်းစားရေးသာ ပထမ' **ဟူသော** အတ္တပဓာနကျင့်စဉ်ထက် အကျိုးတရားများကို ပို၍ဖြစ်ပေါ်လာစေနိုင်ကြောင်းကို ဒေသနာတော်အနေဖြင့်လည်း ပြတော်မူ၏။ လက်တွေ့အနေဖြင့်လည်း ပြတော်မူ၏။

**မြန်မာနိုင်ငံသမိုင်း၏စံ** အနီးကပ်ဆုံးအနေဖြင့် **မြန်မာနိုင်ငံ**သမိုင်းကို ကြည့်မည်ဆိုလျှင်လည်း ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်တိုင်အောင် ကြည့်နိုင်ပါ၏။ ထိုခေတ်များတွင် မင်းဖြစ်စေ၊ မှူးမတ်များဖြစ်စေ၊ ပြည်သူပြည်သားများဖြစ်စေ ကမ္မ–နှင့် ဖလ–နှစ်မျိုးတို့တွင် ကမ္မ–အတွက် မိမိကို ပထမထား၍ ဖလ–အတွက် နိုင်ငံနှင့်လူမျိုးကို ပထမထားခဲ့၏။ ကမ္မ–အတွက် ပထမထားသောအခါ လုပ်ငန်းနှင့်ပတ်သက်လာလျှင် မိမိတို့သည် ကျရာတာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်ကြ၏။ မိမိတို့၏ ဘဝအဆင့်အတန်းကို မြင့်မားသည်ထက် မြင့်မားအောင် ဆောင်ရွက်ကြ၏။ သမိုင်းတွင်ရစ်အောင် ဆောင်ရွက်ကြ၏။ သို့ရာတွင် ဖလအတွက် နိုင်ငံနှင့်လူမျိုးကို ပထမထားသောအခါ ထိုခေတ်မြန်မာနိုင်ငံသားတို့သည် မင်းဖြစ်စေ၊ မှူးမတ်ဖြစ်စေ၊ ပြည်သူပြည်သားဖြစ်စေ ရသမျှထဲမှ လိုသမျှကိုသာသုံးပြီး ပိုသမျှကို သာသနာတော်အတွက် အသုံးပြုကြ၏။ သာသနာအတွက် အသုံးပြုခြင်း ဟူသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် အသုံးပြုခြင်းပင်ဖြစ်၏။

နိုင်ငံကိုဖြစ်စေ၊ လူမျိုးကိုဖြစ်စေ ထူထောင်ရာ၌ စည်းလုံးမှုသည် များစွာ အရေးကြီး၏။ ကျမ်းဂန်များ၌ စည်းလုံးမှုကို နှစ်မျိုးပြ၏။ စည်းလုံးမှုတစ်မျိုးကို "သမဝါယသမ္ဗန္ဓ"ဟု ခေါ်၏။ အခြားစည်းလုံးမှုတစ်မျိုးကို "သံယောဂသမ္ဗန္ဓ" ဟု ခေါ်၏။ "သမဝါယသမ္ဗန္ဓ" အရ စည်းလုံးသောအခါ နိုင်ငံသားအားလုံးတို့သည် သူတစ်လူ–ငါတစ်မင်း သဘောမျိုးမရှိ။ အားလုံး တစ်သားတည်းဖြစ်ကြ၏။ တစ်သွေး, တစ်သံ, တစ်မိန့်တည်း ဖြစ်ကြ၏။

"သံယောဂသမ္ဗန္ဓ"အရ စည်းလုံးသောအခါ နိုင်ငံသားအားလုံးတို့သည် တစ်သွေး, တစ်သံ, တစ်မိန့်တည်းမဖြစ်။ သူတစ်လူ–ငါတစ်မင်း ဖြစ်ကြ၏။ စည်လုံးရေးနှစ်မျိုးတွင် ထိုခေတ်ကမြန်မာနိုင်ငံသားတို့၏ စည်းလုံးရေးမှာ တစ်သွေး, တစ်သံ, တစ်မိန့်တည်း ဖြစ်သော စည်းလုံးရေးမျိုးဖြစ်၏။ သမိုင်းအရဆိုရလျှင် တစ်သွေး, တစ်သံ, တစ်မိန့်တည်း ဖြစ်သော စည်းလုံးရေးကို အနော်ရထာခေတ်, ဘုရင့်နောင်ခေတ်နှင့် အလောင်းဘုရားခေတ်များ၌သာ ရခဲ့၏။ ကျန်သောခေတ်များ၌ မရခဲ့ဟုဆို၏။ အမှန်အားဖြင့် ကျန်သောခေတ်များ၌လည်း အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိုက်သင့်သလောက်တော့ ရခဲ့သည်ပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သို့ဖြစ်၍သာ မြန်မာနိုင်ငံသည် ကမ္ဘာမြေပုံတွင် နိုင်ငံကြီးများအလယ်၌ မြန်မာနိုင်ငံအဖြစ် ရပ်တည်နိုင်ခြင်းဖြစ်၏။

**အခြေခံအချက်နှစ်ချက်** တစ်သားတည်းဖြစ်သော စည်းလုံးမှုကို ဖြစ်ပေါ်အောင် အားထုတ်ရာတွင် အရေးကြီးသော အခြေခံအချက်နှစ်ချက် ရှိ၏။ တစ်ခုသောအခြေခံအချက်မှာ "အမြင်"ချင်း တူမှုဖြစ်၏။ အခြားအခြေခံအချက် တစ်ချက်မှာ "အကျင့်"ချင်းတူမှုဖြစ်၏။ တစ်ဦးနှင့် တစ်ဦး "အမြင်"ချင်းလည်းတူမည်၊ "အကျင့်"ချင်းလည်း တူမည်ဆိုလျှင် ထိုပုဂ္ဂိုလ်တို့၏ စည်းလုံးရေးသည် တစ်သားတည်း ဖြစ်သော စည်းလုံးရေးဖြစ်၏။ တစ်သွေး, တစ်သံ, တစ်မိန့်တည်းဖြစ်သော စည်းလုံးရေး ဖြစ်၏။

မြတ်စွာဘုရားသည် သံဃာ့အဖွဲ့အစည်းကို ဖွဲ့စည်းရာတွင် "အမြင်"ချင်းတူမှုနှင့် "အကျင့်"ချင်းတူမှုအပေါ် အခြေခံ၍ စည်းရုံးခြင်းဖြစ်၏။ ထို့ကြောင့် သံဃာ့အဖွဲ့အစည်း၏ စည်းလုံးမှုသည် ကျစ်လျစ်၏၊ သိပ်သည်း၏။ တစ်သွေး, တစ်သံ, တစ်မိန့်တည်းဖြစ်၏။ သံဃာ့အဖွဲ့အစည်းတွင် "ဇာတ်"အသီးသီး ပါဝင်၏၊ သို့ရာတွင် သံဃာ့အဖွဲ့အစည်း၌ "ဇာတ်"သည် မထင်ပေါ်တော့၊ သံဃာ့အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်သာ ထင်ပေါ်၏။ သံဃာ့အဖွဲ့အစည်းတွင် "လူမျိုး"အသီးသီးသည်ပါဝင်၏။ သို့ရာတွင် သံဃာ့အဖွဲ့အစည်း၌ လူမျိုးသည်မထင်ပေါ်တော့၊ သံဃာ့အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်သာ ထင်ပေါ်၏။ သို့ဖြစ်၍သာ နှစ်ပေါင်း ၂၅၀၀–ကျော်ကာလက တည်ထောင်ခဲ့သော သံဃာ့အဖွဲ့အစည်း သည် ကမ္ဘာပေါ်၌ ယနေ့တိုင်အောင် အထင်အရှား တည်ရှိနိုင်ခြင်းဖြစ်၏။

အမြင်တူမှုနှင့် အကျင့်တူမှုကို ပါဠိဝေါဟာရအားဖြင့် "ဒိဋ္ဌိသီလသာမည"ဟု ခေါ်၏။ "ဒိဋ္ဌိ"ဟူသည်မှာ အမြင်–ဖြစ်၏။ "သီလ"ဟူသည်မှာ အကျင့်–ဖြစ်၏။ "သာမည"ဟူသည်မှာ တူမှု ဖြစ်၏။ ဗုဒ္ဓဒေသနာတော်အရ ဒိဋ္ဌိဖြင့် တပ်မက်မှုကို မြင်အောင်ကြည့်ရ၏။ သီလဖြင့် ထိုတပ်မက်မှုကို ပါးသည်ထက်ပါးအောင် ကျင့်ရ၏။ တပ်မက်မှု–ဟူသည်မှာ တဏှာ–ဖြစ်၏။ ယင်းကို "လောဘ"ဟူ၍လည်းခေါ်၏။ တဏှာ–သည် သစ္စာအားဖြင့် "သမုဒယသစ္စာ"ဖြစ်၏။ ထို့ကြောင့် ဘဝ၌ အမှန်တကယ် ငြိမ်းချမ်းလိုပါလျှင် တဏှာ–ကို မဖြစ်မနေမြင်အောင်ကြည့်ရ၏။ တဏှာ–ကို မြင်ရုံမျှ ဖြင့်လည်း ကိစ္စပြီးသည်မဟုတ်။ တဏှာ–ကိုမြင်ပြီးနောက် တဏှာ–ကိုပယ်သတ်နိုင်အောင် ကျင့်ရမည်ဖြစ်၏။ တဏှာ–ကို ပယ်သတ်နိုင်သည်နှင့်အမျှ ဘဝသည် ငြိမ်းချမ်း၏။ ဗုဒ္ဓဒေသနာတော်အရ "နိဗ္ဗာန်"ဟူသည် အတုမဲ့ချမ်းသာဖြစ်၏။ နိဗ္ဗာန်–၏အနက်မှာ "ဝါနတော နိက္ခန္တံ"အရ တဏှာမှ ထွက်မြောက်ခြင်းဖြစ်၏။ တဏှာမှ ထွက်မြောက်ခြင်း ဟူသည်မှာ တဏှာကိုပယ်သတ်ခြင်းပင်ဖြစ်၏။

ထို့ကြောင့် နိဗ္ဗာန်–အရ တဏှာကိုနည်းနည်းပယ်သတ်နိုင်လျှင် နည်းနည်းနိဗ္ဗာန်ကို ရ၏။ နည်းနည်း နိဗ္ဗာန်ကိုရလျှင် နည်းနည်းချမ်းသာ၏။ တဏှာကို များများပယ်သတ်နိုင် လျှင် များများနိဗ္ဗာန်ကိုရ၏။ များများနိဗ္ဗာန်ကိုရလျှင် များများချမ်းသာ၏။ တဏှာကို

www.burmeseclassic.com

www.burmeseclassic.com



အကြွင်းမဲ့ပယ်သတ်နိုင်လျှင် အကြွင်းမဲ့နိဗ္ဗာန်ကိုရ၏။ အကြွင်းမဲ့နိဗ္ဗာန်ကိုရလျှင် အကြွင်းမဲ့ချမ်းသာကိုရ၏။ ထို့ကြောင့် ဤလောက၌ တဏှာကို ပယ်သတ်နိုင်သူများသည် မိမိတို့ပယ်သတ်နိုင်သလောက် နိဗ္ဗာန်ကိုရကြသူများဖြစ်ကြ၏။ နိဗ္ဗာန်ကိုရသလောက် ချမ်းသာကြသူများဖြစ်ကြ၏။

သို့ဖြစ်လေရာ ဘဝ၌အမှန်တကယ် ငြိမ်းချမ်းလိုသူများသည် တဏှာကိုမြင်အောင်လည်း ကြည့်ရ၏။ တဏှာကို ပယ်သတ်နိုင်အောင်လည်း ကျင့်ရ၏။ ဤသည်မှာ ဗုဒ္ဓဒေသနာတော်အရ အမြင်နှင့်အကျင့်ဖြစ်၏။ မည်သူမဆို ဤလောက၌ ဤအမြင်အတိုင်း မြင်ကြမည်၊ ဤအကျင့်အတိုင်း ကျင့်ကြမည်ဆိုပါလျှင် ထိုပုဂ္ဂိုလ်တို့၏ စည်းလုံးမှုသည် သံဃာ့အဖွဲ့အစည်းလို တစ်သားတည်းဖြစ်နိုင်မည် ဖြစ်ပါ၏။

တဏှာကို မြင်အောင်ကြည့်ဖို့ဆိုသည်မှာ လွယ်ကူသည်တော့မဟုတ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် "အနေကဇာတိသံသာရံ"ချီ ဥဒါန်းဂါထာတော်၌ တဏှာယောက်ျား လက်သမားကို ဘဝအသင်္ချေရှာခဲ့ပါသော်လည်း မတွေ့ခဲ့ကြောင်း၊ မဟာဗောဓိပင်အောက်၌ အရဟတ္တမဂ်ဉာဏ်ကိုရပါမှ တွေ့မြင်ပြီး အကြွင်းမဲ့သတ်နိုင်တော့ကြောင်း ဥဒါန်း ကျူးရင့်တော်မူထားသည်ကို ဖတ်ရှုရခြင်းအားဖြင့် တဏှာကိုတဏှာအဖြစ် မြင်ဖို့ ဆိုသည်မှာ လွယ်ကူသည်တော့မဟုတ်။ တဏှာကို တဏှာအဖြစ် မမြင်နိုင်ပါလျှင် တဏှာကိုသတ်နိုင်ဖို့ဆိုသည်မှာ များစွာပင်ခက်ပါ၏။ တဏှာကိုမသတ်နိုင်လျှင်လည်း လောက၌ ဘဝငြိမ်းချမ်းရေးရဖို့ဆိုသည်မှာ များစွာသော ခက်ခဲမှုတစ်ရပ်ပင်ဖြစ်၏။ တဏှာကို တဏှာအဖြစ် မြင်ဖို့ခက်ခဲသော်လည်း မြတ်စွာဘုရား၏ ညွှန်ကြားချက်အရ မြင်အောင်ကြည့်ရမည်ပင် ဖြစ်၏။ မြတ်စွာဘုရား၏ ညွှန်ကြားချက်အရ တဏှာကို သတ်နိုင်အောင် ကျင့်ရမည်ပင်ဖြစ်၏။

အမှန်အားဖြင့် တဏှာကို တဏှာမှန်းမသိရလေအောင် 'အဝိဇ္ဇာ'က ဖုံး၏။ တဏှာကိုပင် မိသားစုဝါဒနှင့် အမျိုးသားရေးဝါဒအဖြစ် မြင်ရလေအောင် အဝိဇ္ဇာက ဖော်၏။ တဏှာနှင့်ပတ်သက်လာလျှင် အဝိဇ္ဇာက ဖုံးလည်းဖုံး၏။ ဖော်လည်းဖော်၏။ ဖုံးခြင်းဟူသည်မှာ– တဏှာကိုမကောင်းသော အဓမ္မအဖြစ် မမြင်ရအောင် ဖုံးခြင်းဖြစ်၏။ ဖော်ခြင်းဟူသည်မှာ တဏှာကို ကောင်းသောဓမ္မအဖြစ် မြင်ရအောင်ဖော်ခြင်းဖြစ်၏။ ဤသည်ကိုပင် သစ္စာကိုဖုံးခြင်းဟူ၍ ဆိုရ၏။ အမှန်အားဖြင့် ဤလောက၌ အဝိဇ္ဇာကြောင့် မိသားစုဝါဒသည် ကောင်းသောဝါဒအနေဖြင့် ထွန်းကားခဲ့၏။ သို့ရာတွင် ပဒေသရာဇ် စနစ်အဖြစ်ဖြင့် တဏှာ၏သရုပ်ပေါ်လာသောအခါ ပဒေသရာဇ်စနစ်သည် ပျက်သုဉ်းရ၏။ ဤလောက၌ အဝိဇ္ဇာကြောင့်ပင် အမျိုးသားရေးဝါဒသည်လည်း ကောင်းသောဝါဒအနေဖြင့် ထွန်းကားခဲ့၏။ သို့ရာတွင် နာဇီဖက်ဆစ်စနစ်အဖြစ်ဖြင့် တဏှာ၏သရုပ်ပေါ်လာသော အခါ နာဇီဖက်ဆစ်စနစ်သည် ပျက်သုဉ်းရ၏။ ထို့ကြောင့် သမိုင်းဆိုသည်မှာ လောက၌ အဝိဇ္ဇာဖုံးလွှမ်းနိုင်သောအခါသာ လိမ်၍ရ၏။ တစ်နေ့တွင် ဝိဇ္ဇာရောက်၍ အဝိဇ္ဇာ

www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပျောက်သောအခါ သမိုင်း၌ လိမ်ညာမှုဟူသမျှသည် လိမ်ညာမှုခံအဖြစ်ဖြင့် အမှန်အတိုင်း ပေါ်ပေါက်မြဲဖြစ်၏။

မြန်မာနိုင်ငံ၌လည်း ပဒေသရာဇ်စနစ်သည် သူ့ခေတ်သူ့အခါအရ ထွန်းကားခဲ့၏။ ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်တိုင်အောင်သော ကာလအတွင်း၌ ဖြစ်၏။သို့ရာတွင် မြန်မာနိုင်ငံ၏ ပဒေသရာဇ်စနစ်ကား ဗုဒ္ဓဝါဒအပေါ်၌ အခြေတည်ခဲ့သော စနစ်ဖြစ်၏။ ထို့ကြောင့် နိုင်ငံသားတို့၏ စည်းလုံးညီညွတ်ရေးသည် များးစွာကျစ်လျစ်ခဲ့၏။ များစွာ သိပ်သည်းခဲ့၏။ တစ်သွေး, တစ်သံ, တစ်မိန့်တည်းအဖြစ်သို့ ရောက်ခဲ့၏။ တစ်သားတည်းဖြစ်ခဲ့၏။ ထိုကဲ့သို့စည်းလုံးနိုင်ခဲ့ခြင်းမှာ အမြင်နှင့်အကျင့်တူမှုအပေါ် အခြေခံ၍စည်းရုံးခဲ့သောကြောင့်ဖြစ်၏။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပဒေသရာဇ်စနစ်ကို "အသွင်"အားဖြင့် ပဒေသရာဇ်စနစ်ဟု ခေါ်နိုင်သော်လည်း "အနှစ်သာရ"အားဖြင့် ဗြဟ္မစိုရ်စနစ်ဟုဆိုနိုင်၏။ အမှန်အားဖြင့် မြန်မာနိုင်ငံ၌ ဗြဟ္မစိုရ်စနစ်မထွန်းကားသော အခါသမယသည်လည်း ရှိခဲ့သည်ပင်ဖြစ်၏။ သို့ရာတွင် ဗြဟ္မစိုရ်စနစ်သို့မရောက်လျှင် ရောက်ရအောင် ရဟန်းသံဃာတော်များသည် သူတို့၏တာဝန်အရ ကြိုးပမ်းခဲ့ကြ၏။ သူတို့၏တာဝန်ကို သူတို့သိခဲ့ကြ၏။

မြန်မာနိုင်ငံ၌ ဗြဟ္မစိုရ်စနစ်အရ အမြင်ချင်းလည်းတူ၊ အကျင့်ချင်းလည်းတူသော စည်းလုံးမှုကို မပေါ်-ပေါ်အောင် ကြိုးပမ်းခဲ့ကြသော ပုဂ္ဂိုလ်များတွင် "ရှင်အရဟံ"သည် ထိပ်ဆုံးကဖြစ်၏။ အနော်ရထာမင်းသည် ရှင်အရဟံ၏ သွန်သင်မှုကြောင့် မိမိ၏နိုင်ငံတော်ကို စည်းရုံးရာ၌ မင်း, မှူးမတ်နှင့် ပြည်သူပြည်သားများအားလုံး အမြင်ချင်းလည်းတူအောင် အားထုတ်ခဲ့၏။ အကျင့်ချင်းလည်းတူအောင် အားထုတ်ခဲ့၏။ နောက်ပိုင်းမင်းများလည်း ထိုနည်းအတူပင် အားထုတ်ခဲ့၏။

သူတို့သည် နန်းတော်ကြီးများကို ဆောက်ခဲ့ကြ၏။ နိုင်ငံတော်ကို ချဲ့ခဲ့ကြ၏။ ဘုန်းတန်ခိုးအာနုဘော်ကြီးမားအောင် လုပ်ခဲ့ကြ၏။ ပစ္စည်းဥစ္စာကြွယ်ဝအောင် လုပ်ခဲ့ကြ၏။ ထိုသို့လုပ်ရာတွင် သူတို့သည် သူတို့၏အကျိုးစီးပွားအတွက် လုပ်ကြခြင်းမဟုတ်။ သူတို့သည် နိုင်ငံနှင့် ပြည်သူပြည်သားများ၏ အကျိုးစီးပွားအတွက် လုပ်ကြခြင်းဖြစ်၏။ အားလုံး "ငါ့အတွက်"ဟူသော တဏှာသဘောလည်းမပြဋ္ဌာန်းကြ။ "ငါမှငါ"ဟူသော မာနသဘောလည်း မပြဋ္ဌာန်းကြ။ "ငါလုပ်တာမှအမှန်"ဟူသော ဒိဋ္ဌိ သဘောလည်း မပြဋ္ဌာန်းကြ။ သူတို့သည် တဏှာကိုမြင်အောင် ကြည့်သူများ ဖြစ်ကြ၏။ တဏှာကို မြင်ပြီးနောက် တဏှာကိုသေအောင်သတ်ရန် ကြိုးပမ်းသူများဖြစ်ခဲ့ကြ၏။ အမှန်အားဖြင့် တဏှာကိုပွားစီးအောင် အားထုတ်သူများသည် မိမိတို့၏ဘဝကို ကိုးကွယ်သူများဖြစ်ကြ၏။ တဏှာကိုသေအောင်သတ်ရန် အားထုတ်သူများသည် မိမိတို့၏ဘဝကို လောကအတွက် အသုံးချသူများဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

**လောကအတွက် အသုံးချခဲ့သူများ**

ဓမ္မတာအရ 'လူ'ဟူသည် မိမိ၏ဘဝကို တိုးတက်သည်ထက် တိုးတက်အောင် အားထုတ်နေသည်ချည်း ဖြစ်၏။ ရှိပြီးသား အခြေအနေနှင့် ကျေနပ်နေသည်မဟုတ်။ သို့ရာတွင် တိုးတက်လာသောဘဝကို အသုံးချရာ၌မူ မိမိအတွက်အသုံးချခြင်းနှင့် လောကအတွက် အသုံးချခြင်းဟူ၍ နှစ်မျိုးကွဲပြား၏။ ထိုနှစ်မျိုးတွင် ထိုခေတ်မြန်မာနိုင်ငံသားတို့သည် မိမိတို့၏ဘဝကို လောကအတွက် အသုံးချသူများ ဖြစ်ခဲ့ကြ၏။ ထိုကဲ့သို့အသုံးချရာ၌ သူတို့တွင် ပြတ်သားသော ကျင့်စဉ်သည်ရှိ၏။ ပြတ်သားသောကျင့်စဉ်ကို မြတ်စွာဘုရား၏ ဒေသနာတော်မှရ၏။ အထူးသဖြင့် ဇာတ်ကြီးဆယ်ဘွဲ့, ငါးရာငါးဆယ်ဇာတ်တော်များနှင့် မင်္ဂလသုတ်တို့မှရ၏။ ဤစာပေများသည် တဏှာကိုမြင်အောင်ကြည့်တတ်သော ဒိဋ္ဌိနှင့် မြင်ထားသောတဏှာကို သေအောင်သတ်တတ်သော သီလကို နိုင်ငံသားတို့၏ သန္တာန်၌ စရိုက်နှင့်ဉာဉ်အဖြစ် အမြစ်တွယ်အောင် စွမ်းဆောင်နိုင်ပါ၏။ ထို့ကြောင့် ထိုခေတ်မြန်မာနိုင်ငံသားတို့၏ အမျိုးသားစရိုက်နှင့် အမျိုးသားဉာဉ်ကား ရဲရင့်ခြင်းနှင့် ရက်ရောခြင်းဖြစ်၏။ ဤစရိုက် ဤဉာဉ်ဖြင့် ထိုခေတ်မြန်မာနိုင်ငံသားတို့သည် မိမိတို့၏ နိုင်ငံနှင့်လူမျိုးကို ထိန်းသိမ်းခဲ့ကြခြင်းဖြစ်၏။ အကျဉ်းအားဖြင့်ဆိုရလျှင် ထိုခေတ်မြန်မာနိုင်ငံသားတို့သည် စားလို၍အလုပ်လုပ်ကြခြင်း မဟုတ်ဘဲ အလုပ်လုပ်လို၍ စားကြခြင်းဖြစ်၏။

လောက၌ 'အတ္တဟိတ'ချည်းသက်သက်ဖြစ်လျှင်လည်း အစွန်းတစ်ဖက်သို့ ရောက်၏။ 'ပရဟိတ'ချည်းသက်သက်ဖြစ်လျှင်လည်း အစွန်းတစ်ဖက်သို့ရောက်၏။ ထို့ကြောင့် ထိုခေတ်မြန်မာနိုင်ငံသားတို့သည် မိမိတို့၏လုပ်ငန်း၌ အတ္တဟိတလည်း ပါအောင်ဆောင်ရွက်၏။ ပရဟိတလည်း ပါအောင်ဆောင်ရွက်၏။ အတ္တဟိတ အရ မိမိတို့၏ဘဝကို တိုးတက်သည်ထက် တိုးတက်အောင် ပူသည်-အေးသည်ကို မငဲ့ဘဲ နဖူးမှချွေး ခြေမပေါ်သို့ကျသည်တိုင်အောင် ကြိုးပမ်း၏၊ ပရဟိတအရ တိုးတက်လာသော မိမိတို့၏ဘဝကို နိုင်ငံနှင့်လူမျိုးအတွက်နှင့် လောကအတွက် အသုံးချ၏။ ထို့ကြောင့် ထိုခေတ် မြန်မာနိုင်ငံသားတို့သည် မိမိတို့၏လုပ်ငန်းများကို "မဇ္ဈိမပဋိပဒါ"ကျကျ လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်ဟုဆိုရ၏။ ထိုသို့လုပ်ဆောင်ကြရာ၌ သူတို့သည် သူတို့၏မိသားစုကို ချစ်ကြ၏။ သို့ရာတွင် မိသားစုအချစ်ကို လွန်လွန်ကဲကဲ မဖြစ်ရလေအောင် နိုင်ငံနှင့်လူမျိုးကို ချစ်သောစိတ်ဖြင့်ထိန်း၏။ နိုင်ငံနှင့်လူမျိုးအပေါ် ချစ်သောစိတ်ကိုလည်း လွန်လွန်ကဲကဲ မဖြစ်ရလေအောင် လူသားအချင်းချင်းအပေါ် ချစ်သောစိတ်ဖြင့်ထိန်း၏။ ထိုခေတ်မြန်မာနိုင်ငံသားတို့သည် အရှုံးပေးဝါဒကိုလည်း မကျင့်သုံးခဲ့။ အနိုင်ကျင့်ဝါဒကိုလည်း မကျင့်သုံးခဲ့။ ထို့ကြောင့် ထိုခေတ် မြန်မာနိုင်ငံသားတို့၏ မိသားစုချစ်စိတ်သည်လည်းကောင်း၊ မျိုးချစ်စိတ်သည်လည်းကောင်း လူသားအချင်းချင်း အပေါ် ချစ်စိတ်၌ နိဂုံးချုပ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ချစ်တတ်လာသည်နှင့်အမျှ တစ်ကိုယ်ကောင်းကြံတတ်သော တဏှာကို မြင်ပြီး ယင်းတဏှာကို သေအောင်သတ်ရန် ကျင့်ကြံလာတတ်၏။ သို့ဖြစ်လေရာ လူသားအချင်းချင်းအပေါ် ချစ်တတ်သော မေတ္တာကို အခြေခံ၍ အမြင်ချင်းတူမှုနှင့် အကျင့်ချင်းတူမှုကို မြန်မာနိုင်ငံသားတို့၏သန္တာန်၌ အမျိုးသားစရိုက်နှင့် အမျိုးသားဉာဉ် အဖြစ် အမြစ်တွယ်သွားအောင် မည်သူများက တည်ဆောက်ပေးခဲ့ပါလေသနည်း။

လောက၌ ကိုယ်ကျိုးစီးပွားကို လုပ်သူဟူသမျှသည် မိမိတို့အတွက် တစ်ကိုယ်ကောင်းစိတ်ထားဖြင့် လုပ်နေသမျှကာလပတ်လုံး မိမိတို့၏ကိုယ်ကျိုးစီးပွားကို ထူထောင်၍မရ။ အကယ်၍ ထူထောင်၍ရသည်ဆိုပါလျှင်လည်း "အထင်"အားဖြင့် ထူထောင်၍ရခြင်းသာဖြစ်၏။ "အမှန်"အားဖြင့် ထူထောင်၍ရခြင်းမဟုတ်။ နိုင်ငံနှင့် လူမျိုးအတွက် လောကလူသားများအတွက် အကျိုးပြုနိုင်သည်ထက်ပြုရန် ရည်စူးပြီး မိမိတို့၏ဘဝကို ကိုးကွယ်ခြင်းသဘောမဟုတ်ဘဲ အသုံးချခြင်းသဘောဖြင့် ဆောင်ရွက်မှသာ ကိုယ်ကျိုးစီးပွားကို ထူထောင်၍ရ၏။ ဤအမြင်နှင့်ဤအကျင့်သည် ဗုဒ္ဓစာပေမှလာသော အမြင်နှင့်အကျင့်ဖြစ်၏။

ဤအမြင်နှင့်ဤအကျင့်ကို မြန်မာနိုင်ငံသားတို့၏သန္တာန်၌ အမြစ်တွယ်စေရန် ပုဂံခေတ်၌ ရှင်အရဟံသည် အနော်ရထာမင်းကို စတင်၍ သင်ကြားပေးခဲ့၏။ ပုဂံပြည်သူပြည်သားများကိုလည်း သင်ကြားပေးခဲ့၏။ အမှန်အားဖြင့် အနော်ရထာ ဦးဆောင်သော ပုဂံပြည်သူပြည်သားများသည် ဤအမြင်ဤအကျင့်ဖြင့် ပထမ ဦးဆုံးသော မြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့ခြင်းဖြစ်၏။ နိုင်ငံတော်အတွက် စည်းရုံးရာ၌ ဤအမြင် ဤအကျင့်အပေါ် အခြေခံ၍ စည်းရုံးမှသာ တကယ်တမ်း ကျစ်လျစ်သိပ်သည်းသော စည်းလုံးမှုကို ရနိုင်၏။ ထို့ကြောင့် ဤစည်းလုံးမှုကို အမြင်ချင်းတူ–အကျင့်ချင်းတူမှုအပေါ် အခြေခံသော စည်းလုံးမှုဟူ၍ ဆိုရ၏။

ငါးရာငါးဆယ်ဇာတ်တော်များတွင် ဤအမြင်နှင့် ဤအကျင့်ကို ပြယုဂ်အနေဖြင့် ဖော်ပြသော ဝတ္ထုဇာတ်လမ်းများကို တွေ့ရ၏။ ဇာတ်ကြီးဆယ်ဘွဲ့တွင်လည်း မြတ်စွာဘုရားအလောင်းတော်ကိုယ်တိုင် ဤအမြင်–ဤအကျင့်ဖြင့် လောကအကျိုးအပေါ် အခြေခံ၍ မိမိ၏အကျိုးကို ထူထောင်ထားသည်ကိုလည်းတွေ့ရ၏။ အမှန်အားဖြင့် မိမိ၏အကျိုးကို ထူထောင်သူမှန်သမျှသည် လောကအကျိုးအပေါ် အခြေခံပါမှ မိမိ၏ အကျိုးကို အောင်မြင်စွာ ထူထောင်၍ရ၏။ ဤအမြင်–ဤအကျင့်သည် ရှင်အရဟံ၏ ကျေးဇူးတော်ကြောင့် အနော်ရထာမင်းမှစ၍ ပုဂံပြည်သူပြည်သားများ၏ သန္တာန်၌ အမြစ်တွယ်လေ၏။

ထို့ကြောင့်လည်း ပုဂံပြည်သူပြည်သားများ၏ အမြင်သည် ကြည်လင်၍ ကိုယ်ကျင့်သည် ခိုင်မာခြင်းဖြစ်၏။ ထို့နောက် ပုဂံပြည်သူ ပြည်သားများအတွက် နိုင်ငံ၏ဖွဲ့စည်းပုံ အခြေခံ 'မူ' သဖွယ်ဖြစ်သော စာပေတစ်ရပ်လည်းရှိသေး၏။ ယင်းစာပေကား

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလသုတ်" ဖြစ်၏။ မင်္ဂလသုတ်ကြောင့် ပုဂံပြည်သူပြည်သားများသည် မိမိတို့၏ မိသားစုကိုလည်း ချစ်တတ်၏။ နိုင်ငံနှင့်လူမျိုးကိုလည်း ချစ်တတ်၏။ လောကလူသားများကိုလည်း ချစ်တတ်၏။ ရတနာသုံးပါး၌လည်း ကိုးကွယ်တတ်၏။ ယုံကြည်တတ်၏။ သာသနာတော်ကိုလည်း ချီးမြှောက်တတ်၏။

ပုဂံပြည်၌ မြတ်စွာဘုရား၏ "မနုဿတ္တဘာဝေါ ဒုလ္လဘော" အဆုံးအမတော်နှင့်အညီ ပုဂံပြည်သူပြည်သားများသည် "လူ"ဆိုသော "လူ"ဖြစ်လာရခြင်းမှာ ရှင်အရဟံ၏ ကျေးဇူးတော်ကြောင့်ဖြစ်၏။ အချိန်အခါနှင့် အခြေအနေကို တန်ဖိုးတွက်၍ဆိုရပါလျှင် ရှင်အရဟံနှင့် အနော်ရထာတို့ကို ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်နှင့် အသောကမင်းတို့၏ ယုံကြည်မှု၌ဖြစ်စေ၊ ရဲရင့်မှု၌ဖြစ်စေ၊ ရက်ရောမှု၌ဖြစ်စေ နှိုင်းယှဉ်၍ဆိုနိုင်ပါ၏။

အနော်ရထာမင်းက မြန်မာနိုင်ငံသားတို့အား ခေတ်အဆက်ဆက် အမွေပေးခဲ့သော စိတ်ပိုင်းဆိုင်ရာ အမွေတစ်ခုရှိ၏။ ယင်းအမွေကား "အနစ်နာခံလိုစိတ်" ဖြစ်၏။ အမှန်အားဖြင့် အနစ်နာခံလိုစိတ်သည် သုမေဓာရှင်ရသေ့၏ စိတ်ထားဖြစ်၏။

ယင်းစိတ်ထားကို ငါးရာငါးဆယ်ဇာတ်ဆောင်များ၌လည်း တွေ့ရ၏။ ဇာတ်ကြီးဆယ်ဘွဲ့ဇာတ်ဆောင်များ၌လည်း တွေ့ရ၏။ ထိုစိတ်ထားကို ရှင်အရဟံသည် အနော်ရထာ၌ သွတ်သွင်းပေးလိုက်၏။ အနော်ရထာသည် ထိုစိတ်ထားဖြင့် ပထမမြန်မာနိုင်ငံကို ထူထောင်ခဲ့ခြင်းဖြစ်၏။ ခေတ်အဆက်ဆက် မြန်မာနိုင်ငံသားတို့အားလည်း ထိုစိတ်ထားကိုပင် အနော်ရထာက ပေးခဲ့၏။ ဘုရင့်နောင်နှင့် အလောင်းဘုရားတို့သည်လည်း ထိုစိတ်ထားဖြင့်ပင် ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်တို့ကို ထူထောင်ခဲ့ကြခြင်းဖြစ်၏။ ယနေ့တိုင်အောင်ပင် နိမ့်ပါးသူများဘက်မှ ရပ်တည်တတ်ခြင်းသည် အနော်ရထာမင်းထံမှ ဆက်ခံခဲ့သော မြန်မာနိုင်ငံသားတို့၏ သမိုင်းအမွေအနှစ်ဖြစ်၏။ ထိုမွန်မြတ်လှသော အမွေအနှစ်ကြောင့်ပင် မြန်မာနိုင်ငံသားတို့သည် သမိုင်းတစ်လျှောက်လုံး အနိုင်ကျင့်ဝါဒဖြင့် ဘဝကိုကိုးကွယ်သူများ မဖြစ်ခဲ့ကြ။ အနစ်နာခံဝါဒဖြင့်သာ ဘဝကို အသုံးချခဲ့သူများ ဖြစ်ခဲ့ကြ၏။

အနော်ရထာမင်းသည် ပုဂံပြည် သရပါတံခါးတွင်းသို့ ဝင်ရောက်မိပြီဖြစ်သော်လည်း ကျွဲရိုင်းအနွ ရာယ်ကိုနှိမ်နင်းရန် သူ၏သူရဲကောင်းများကို တာဝန်မပေးဘဲ သူကိုယ်တိုင်သွား၍ နှိမ်နင်းခဲ့၏။ ကျွဲရိုင်းကြောင့်ပင် အနော်ရထာမင်း နတ်ရွာစံခဲ့ရ၏။ ရှင်သုဒိန်ကို အကြောင်းပြု၍ ဝဇီရဗုဒ္ဓိငိုကာက ဤသို့ဖော်ပြထား၏ –

**"ဝိနာသေ ပစ္စုပဋ္ဌိတေ အနယော နယရူပေန ဗုဒ္ဓိမက္ကမ္မ တိဋ္ဌတိ။"**

မည်သူမဆို ပျက်စီးချိန်တန်လျှင် အမှားကိုအမှန်ထင်တတ်၏။ အဝမွှကို ဝမ္မထင်တတ်၏ – ဟူသောအဆိုအမိန့်အရ ကျွဲရိုင်းရန်ကို နှိမ်းနင်းရာ၌ အနော်ရထာမင်းကို မှားသည်ဟုဆိုသူများက ဆိုကြ၏။ ထိုသို့ဆိုခြင်းမှာ ကရုဏာ၏သဘောကို မသိ၍သာ ဆိုခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသည် မည်သို့သောအကြောင်းကြောင့်မျှ ဆန္ဒတော်ကို အလျှော့အတင်းမထား၊ အခါခပ်သိမ်း တစ်သားတည်းသာထားတော်မူ၏။ မည်သည့်အကြောင်းကြောင့်မျှ ဝီရိယတော်ကို အလျှော့အတင်းမထား၊ အမြဲတမ်း တစ်သားတည်းသာ ထားတော်မူ၏။ မည်သည့်အကြောင်းကြောင့်မျှ ကရုဏာတော်ကို အလျှော့အတင်းမထား။ ထာဝစဉ် တစ်သားတည်းသာ ထားတော်မူ၏။ ခြသေ့်မင်းသည်လည်း ယုန်ငယ်ကိုဖမ်းရာ၌ဖြစ်စေ၊ ဆင်ပြောင်ကိုဖမ်းရာ၌ဖြစ်စေ ဝီရိယကို အလျှော့အတင်းမထား၊ တစ်သားတည်းသာ ထား၏။ ဤသို့ထားခြင်းသည် မြင့်မြတ်သူတို့၏ လက္ခဏာဖြစ်၏။

အနစ်နာခံခြင်းဟူသည်မှာ တာဝန်ကိုယူရာ၌လည်း အနစ်နာခံ၏။ အခွင့်အရေးကို ယူရာ၌လည်း အနစ်နာခံ၏။ အမြဲတမ်းအနစ်နာခံ၏။ အချို့သူတို့မှာ တာဝန်ကိုယူရာ၌ အသက်ကိုစွန့်သည်အထိ အနစ်နာခံကြသော်လည်း အခွင့်အရေးကိုယူရာ၌မူ အနစ်နာ မခံနိုင်ကြ။ ထိုကြောင့် ထိုသူတို့၏အနစ်နာခံမှုသည် တစ်သားတည်းမဖြစ်။ တစ်ဖြောင့်တည်းမဖြစ်။ ဤသို့သော အနစ်နာခံမှုမျိုးသည် တကယ်တမ်း မြင့်မြတ်သော အနစ်နာခံမှုမျိုး မဟုတ်။ ပါရမီထိုက်သော အနစ်နာခံမှုမျိုးမဟုတ်။

> အနော်ရထာမင်းသည် တာဝန်ကိုယူခြင်း၌လည်း အနစ်နာခံ၏။ ထိုကြောင့် ကျွဲရိုင်းရန်ကိုနှိမ်နင်းရာ၌ အနော်ရထာမင်းသည် ကိုယ်တိုင်ထွက်၍ နှိမ်နင်းခြင်းဖြစ်၏။ သူ၏ရဲမက်များ ပင်ပန်းနေသည်ကို သူသိ၏။ အမှန်အားဖြင့် သူ၏ရဲမက်များကို အသုံးပြုရာ၌ မိသားစုအတွက်၊ နိုင်ငံနှင့်လူမျိုးအတွက်၊ လောကလူသားများအတွက် သူလိုအနစ်နာခံလိုစိတ်ကို မွေးမြူတတ်အောင် လေ့ကျင့်ပေးခြင်းသာဖြစ်၏။ ပြုစုပျိုးထောင်ပေးခြင်းသာဖြစ်၏။ သူ၏ကိုယ်ကျိုးအတွက် အမြတ်ထုတ်သည့်အနေဖြင့် အသုံးပြုခြင်းမဟုတ်။ ထိုကြောင့် သူ့ကိုအားလုံးက ချစ်ကြခြင်းဖြစ်၏။ ယနေ့တိုင်အောင်လည်း မြန်မာနိုင်ငံသားတို့က သူ့ကို ချစ်ကြခြင်းဖြစ်၏။ ဤသို့ဖြစ်ခြင်းမှာ "သူ့စေတနာနှင့်သူ့မေတ္တာ၏ အကျိုးဆက်" ပင်ဖြစ်၏။

ကျွဲရိုင်းခတ်သောကြောင့် အနော်ရထာဘုရင် နတ်ရွာစံသည်မှန်၏။ သို့ရာတွင် သူ၏အမည်ကား နတ်ရွာမစံ။ သူ၏အမည်နှင့်အတူ သူ၏စိတ်ထားသည် ရှင်သန်လျက်ရှိ၏။ ထိုကြောင့် အနော်ရထာဘုရင်သည် ခေတ်အဆက်ဆက် မြန်မာနိုင်ငံသားတို့အား အနစ်နာခံလိုစိတ်ကိုလည်းကောင်း၊ ရဲရင့်ခြင်းနှင့် ရက်ရောခြင်းကိုလည်းကောင်း၊ သူ၏အမွေအဖြစ် ပေးနိုင်ခဲ့ခြင်းဖြစ်၏။ ဤအမွေကား မြန်မာနိုင်ငံသားတို့အတွက် အဖိုးမဖြတ်နိုင်သော အမွေဖြစ်၏။ သုံး၍မကုန်နိုင်သော အမွေလည်းဖြစ်သည်။ ဤအမွေကို မြန်မာနိုင်ငံသားတို့သည် အသုံးချတတ်ဖို့နှင့် အသုံးချနိုင်ဖို့သာ အရေးကြီး၏။

ဤအမွေကို အသုံးချနိုင်သူများ မြန်မာနိုင်ငံ၌ ပေါ်ပေါက်လာသည်နှင့်တစ်ပြိုင်နက် မြန်မာနိုင်ငံတော်သည် မိမိ၏နိုင်ငံသူနိုင်ငံသားများကိုသာမက လောကလူသားများ

www.burmeseclassic.com

www.burmeseclassic.com





အားလုံးကိုပါ ကျေးဇူးပြုနိုင်ပေလိမ့်မည်။ ဤလောကတွင် လူ'သေ'သည်နှင့်တစ်ပြိုင်နက် အမည်ပါ 'သေ'သူများလည်း ရှိကြ၏။ လူ 'မသေမီ'ကပင် အမည် 'သေ'နှင့်သူများလည်း ရှိကြ၏။ ထိုသူများ၏သေခြင်းကား 'မကောင်းသော သေခြင်း'ဖြစ်၏။ အနော်ရထာမင်း၏ သေခြင်းကား 'ကောင်းသောသေခြင်း'ဖြစ်၏။ အနော်ရထာဟူသော အမည်ကိုကြားရတိုင်း မိမိကိုယ်တိုင် အနော်ရထာဖြစ်သွားချင်စိတ် ဖြစ်ပေါ်လာစေနိုင်သော သေခြင်းဖြစ်လေ၏။

အနော်ရထာကိုအမှတ်ရလျှင် အနော်ရထာ၏ဆရာကိုပါ အမှတ်ရသင့်၏။ အမှန်အားဖြင့် အနော်ရထာကား တပည့်သာဖြစ်၏။ တပည့်ကောင်းလျှင် ဆရာကောင်းရှိ၍သာဖြစ်၏။ အနော်ရထာ၏ဆရာကောင်းကား- "ရှင်အရဟံ" ဖြစ်၏။ အကယ်၍သာ အနော်ရထာမင်းသည် ရှင်အရဟံ၏ အဆုံးအမကို မရဘူးဆိုပါလျှင် မြန်မာနိုင်ငံ၏ သမိုင်းသည်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုသည်လည်းကောင်း ယခုနှင့်မတူဘဲ တစ်မျိုးတစ်ဖုံ ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် ရှင်အရဟံသည် မြန်မာနိုင်ငံသားတို့၏ ကျေးဇူးရှင်ဖြစ်ပါ၏။

ရှင်အရဟံသည် အနော်ရထာမင်းအမှူးပြုသော မြန်မာနိုင်ငံသားတို့အား ငါးရာငါးဆယ်ဇာတ်တော်များနှင့် ဇာတ်ကြီးဆယ်ဘွဲ့တို့ဖြင့် အနှစ်နာခံလိုစိတ်ကို မြတ်နိုးတတ်အောင် သင်ပေး၏။ မင်္ဂလသုတ်ဖြင့် မြန်မာနိုင်ငံကို "ပဋိရူပဒေသ" ဖြစ်အောင် ဆောင်ရွက်ရန် သင်ပေး၏။

ထိုအခါ မြန်မာနိုင်ငံသားတို့သည် "ငါးရာငါးဆယ် ဇာတ်တော်များနှင့် ဇာတ်ကြီးဆယ်ဘွဲ့တို့ဖြင့်" ခိုင်မာသော ကိုယ်ကျင့်သိက္ခာကို တည်ဆောက်နိုင်ကြ၏။ "မင်္ဂလသုတ်ဖြင့်" ကြည်လင်သောအမြင်ကို ရယူနိုင်ကြ၏။ ဤအမြင်ဤအကျင့်ဖြင့် မြန်မာနိုင်ငံသည် ခေါင်းဆောင်ကောင်းကိုလည်း ရခဲ့၏။ နောက်လိုက်ကောင်းကိုလည်း ရခဲ့၏။ ကျစ်လျစ်သိပ်သည်းသော စည်းလုံးမှုကိုလည်းရခဲ့၏။ ဂုဏ်ယူဖွယ်ရှိပါဘိ။

မြန်မာနိုင်ငံ ကိုယ့်မင်းကိုယ်ချင်းခေတ်တစ်လျှောက်လုံး ရဟန်းသံဃာတော်များသည် နိုင်ငံတော်၌ "ဝိဇ္ဇာ"ဘက်၌လည်း ဦးဆောင်၏။ "စရဏ"ဘက်၌လည်း ဦးဆောင်၏။ ဘုရင်လည်း ဘုန်းကြီးကျောင်းသားဖြစ်၏။ မှူးကြီး, မတ်ကြီးများလည်း ဘုန်းကြီးကျောင်းသားများဖြစ်ကြ၏။ စစ်သူကြီးလည်း ဘုန်းကြီးကျောင်းသားဖြစ်၏။ လယ်သမားလည်း ဘုန်းကြီးကျောင်းသားဖြစ်၏။ အားလုံးပင် ဘုန်းကြီးကျောင်းသားများ ဖြစ်ကြလေ၏။ ရဟန်းသံဃာတော်များကလည်း တစ်နိုင်ငံလုံး၏ပညာရေးကို အမြင်နှင့် အကျင့် အချိုးညီညီ ဖွံ့ဖြိုးရေးအတွက် တာဝန်ယူ၍ သင်ကြားပေးကြ၏။

ထို့ကြောင့် ရဟန်း, ရှင်, လူ အားလုံးတို့သည် အမြင်ချင်းလည်း တူကြ၏။ အကျင့်ချင်းလည်းတူကြ၏။ ထိုအခါ နိုင်ငံတော်၏စည်းလုံးရေးသည် အမြင်ချင်းတူမှု, အကျင့်ချင်းတူမှုအပေါ် အခြေခံလေသောကြောင့် ကျစ်လျစ်၏၊ သိပ်သည်း၏၊ တစ်သားတည်းဖြစ်၏။ ထို့ကြောင့် ထိုခေတ်စည်းလုံးမှုကို ပါဠိဝေါဟာရအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



"သမဝါယသမ္ဗန္ဓ"ဟူ၍ဆိုရ၏။ အမှန်အားဖြင့် နိုင်ငံကိုသမဝါယသမ္ဗန္ဓဖြစ်အောင်သာ စည်းရုံးနိုင်မည်ဆိုပါက ထိုနိုင်ငံသည် ကမ္ဘာမြေပြင်ပေါ်တွင် အချမ်းမြေ့ဆုံးသောနိုင်ငံ ဖြစ်လေ၏။

ထိုခေတ်မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ဆိုရလျှင် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများ နည်းချင်နည်းမည်။ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများလည်း နည်းချင်နည်းမည်။ သို့ရာတွင် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကား အမြင့်မားဆုံးဖြစ်၏။ ထိုခေတ် မြန်မာနိုင်ငံသား တို့သည် ကိုယ်ကျင့်သိက္ခာမြင့်မားမှုကို ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများနှင့်လည်း မလဲလှယ်ခဲ့ကြ။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများနှင့်လည်း မလဲလှယ်ခဲ့ကြ။ ကိုယ်ကျင့်သိက္ခာ မြင့်မားသည် နှင့်အမျှ ဒုစရိုက်မှုများသည်လည်း နည်းပါးသည်သာဖြစ်၏။ ဒုစရိုက်များ နည်းပါးသည် နှင့်အမျှလည်း သုစရိုက်များထွန်းကားရ၏။ ထိုကြောင့် ထိုနိုင်ငံမျိုးကို ကမ္ဘာမြေပြင်တွင် "အချမ်းမြေ့ဆုံးနိုင်ငံ"ဖြစ်သည်ဟု ဆိုရခြင်းဖြစ်၏။ အမှန်အားဖြင့် ထိုခေတ်မြန်မာနိုင်ငံသည် ကမ္ဘာမြေပြင်ပေါ်တွင် အချမ်းမြေ့ဆုံးနိုင်ငံများအနက် တစ်ခုအပါအဝင် ဖြစ်ခဲ့ပါ၏။

မြန်မာနိုင်ငံသည် နောက်ပိုင်း၌ သူတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့ရ၏။ ထိုအခါ ဘုန်းတော်ကြီးများသည် နိုင်ငံတော်၏ပညာရေးပိုင်း၌ ဦးမဆောင်နိုင်တော့။ ထိုအခါ အမြင်နှင့်အကျင့်သည် တစ်မျိုးဖြစ်သွားလေ၏။ အမြင်နှင့်အကျင့် တစ်မျိုး ဖြစ်သွားသည်နှင့်တစ်ပြိုင်နက် မြန်မာနိုင်ငံသားတို့သည် မိမိတို့၏အမျိုးသားစရိုက်ဖြစ်သော ကိုယ်ကျင့်သိက္ခာမြင့်မားမှုကို ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများနှင့်လည်း လဲလှယ်လာကြ၏။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများနှင့်လည်း လဲလှယ်လာကြ၏။

ထိုအခါ ရဲရင့်မှုနှင့်ရက်ရောမှုသည် ပျောက်တော့၏။ အနစ်နာခံလိုသောစိတ်ထားကို တန်ဖိုးမထားကြ။ အကယ်၍ အနစ်နာခံလိုသောစိတ်ထားကို တန်ဖိုးထားသည် ဆိုပါလျှင်လည်း လုပ်ငန်းနှင့်တာဝန်ပိုင်း၌သာ အနစ်နာခံတတ်ကြပြီး အကျိုးအမြတ်နှင့် အခွင့်အရေးပိုင်း၌မူ အနစ်နာမခံကြ။ အကျိုးအမြတ်နှင့် အခွင့်အရေးပိုင်းတွင် ပစ္စည်းဥစ္စာ လည်းပါ၏။ ရာထူးဌာနန္တရလည်းပါ၏။ ထင်ပေါ်ကျော်စောမှုလည်းပါ၏။ အကယ်၍ လုပ်ငန်းပိုင်းနှင့်အကျိုးအမြတ်ပိုင်း နှစ်မျိုးလုံး၌ပင် အနစ်နာခံလိုသူများ ရှိကြပါသေးသည် ဆိုပါလျှင် ထိုပုဂ္ဂိုလ်များ၏အရေအတွက်သည် လက်ချိုး၍ ရေတွက်နိုင်သည့်အဆင့်အထိ နည်းပါးသွားခဲ့၏။

ထိုအခါ နိုင်ငံတော်၏စည်းလုံးမှုသည် သမဝါယသမ္ဗန္ဓ အဆင့်မှ သံယောဂသမ္ဗန္ဓ အဆင့်သို့ လျှောကျသွား၏။ ကျစ်လျစ်မှုမရှိ။ သိပ်သည်းမှုမရှိ။ တစ်သားတည်းမဖြစ်။ "သံယောဂသမ္ဗန္ဓ"နည်းအရ စည်းရုံးလျှင် အရေအတွက်အရသာ စည်းရုံးနိုင်၏။ "သမဝါယသမ္ဗန္ဓ"နည်းအရ စည်းရုံးလျှင် အရည်အချင်းအရ စည်းရုံးနိုင်၏။ ထိုစည်းရုံး နည်းနှစ်မျိုးတွင် အမြင်ချင်းတူမှ၊ အကျင့်ချင်းတူမှ သမဝါယသမ္ဗန္ဓနည်းအရ စည်းရုံး၍ ရ၏။ အမြင်ချင်းတူစေကာမူ အကျင့်ချင်းမတူလျှင်ဖြစ်စေ၊ အမြင်ချင်းလည်းမတူ၊

www.burmeseclassic.com

www.burmeseclassic.com



အကျင့်ချင်းလည်း မတူလျှင်ဖြစ်စေ "သမဝါယသမ္ဗန္ဓ" နည်းအရ စည်းရုံး၍မရ။ "သံယောဂသမ္ဗန္ဓ"နည်းအရသာ စည်းရုံး၍ရ၏။

ပဋ္ဌာန်း"ဥပနိဿယပစ္စည်း"အရ မြန်မာနိုင်ငံသည် နိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသူအားလုံးတို့အား ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုလျက်ရှိ၏။ ဥပနိဿယပစ္စည်းဟူသည်မှာ– အားကြီးသော ကျေးဇူးပြုခြင်းဖြင့် ကျေးဇူးပြုသော သဘောဖြစ်၏။ ထို့ကြောင့် မြန်မာနိုင်ငံသည် ဤနိုင်ငံအတွင်း၌ မှီတင်းနေထိုင်ကြသူအားလုံးတို့၏ ကျေးဇူးရှင်ဖြစ်၏။ ကျေးဇူးရှင်ကို ဤလောကမှ မပျောက်ကွယ်ရလေအောင် ကျေးဇူးဆပ်ရန် လူတိုင်း၌တာဝန်ရှိ၏။ လူတိုင်းတွင် တိုင်းရင်းသားအားလုံး ပါဝင်၏။ ကျေးဇူးရှင်အား ကျေးဇူးဆပ်ရခြင်းသည် လူသားတို့၏ ဘဝပေးတာဝန်ဖြစ်၏။ မြင့်မြတ်သော ဆောင်ရွက်မှုလည်းဖြစ်၏။

ကျေးဇူးဆပ်ခြင်းဟူသည်မှာလည်း အထူးမဟုတ်။ တိုင်းရင်းသားအချင်းချင်း "သမဝါယသမ္ဗန္ဓ"နည်းအရ စည်းရုံးခြင်းဖြစ်၏။ ထိုသို့စည်းရုံးရာတွင် အမြင်ချင်းတူဖို့လည်း အရေးကြီး၏။ အမြင်ချင်းတူရုံမျှနှင့်လည်းမပြီး၊ ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားချင်းလည်း တူဖို့လိုသေး၏။ အမြင်ချင်းတူမှုနှင့် အကျင့်ချင်းတူမှုကို လောကဝေါဟာရအားဖြင့်ဆိုရလျှင် "အနစ်နာခံလိုစိတ်ရှိခြင်း" ပင်ဖြစ်၏။ တာဝန်ကို ထမ်းရွက်ရာ၌လည်း အနစ်နာခံရ၏။ အခွင့်အရေးကိုယူရာ၌လည်း အနစ်နာခံရ၏။ မြန်မာနိုင်ငံတွင်း၌ မှီတင်းနေထိုင်ကြသူ အားလုံးတို့သည် တစ်ဦးနှင့် တစ်ဦးဆက်ဆံရာ၌ "အသာစံ"သည့်ဘက်ကမနေလိုဘဲ "အနာခံ"သည့်ဘက်ကချည်းသာ နေလိုကြမည်ဆိုပါလျှင် ဤမြန်မာနိုင်ငံသည် ကမ္ဘာမြေပြင်တွင် အချမ်းမြေ့ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ပေလိမ့်မည်။ လက်တွေ့အထောက်အထားအနေဖြင့် သမိုင်းအရလည်း မြန်မာနိုင်ငံသည် အချမ်းမြေ့ဆုံးသော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ဖူးပါ၏။

အသာစံခြင်းနှင့်အနာခံခြင်း နှစ်မျိုးတို့တွင် အနာခံခြင်းက အသာစံခြင်းထက် တန်ဖိုးကြီးကြောင်း ဗုဒ္ဓဒေသနာတော်များ၌ တွေ့ရ၏။ အသာစံခြင်းသည် လူတိုင်းလုပ်နိုင်သော လုပ်ငန်းဖြစ်၏။ အနာခံခြင်းကား မြင့်မြတ်သူများသာ လုပ်နိုင်သောလုပ်ငန်း ဖြစ်၏။ မြင့်မြတ်သူများသည် ရှေးပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ် အဆုံးတိုင်အောင် အများအပြားရှိခဲ့ကြ၏။ သူတစ်ပါး လက်အောက်ခံဘဝ၌လည်း အထိုက်အလျောက်တော့ ရှိသည်ဖြစ်၏။ ယခုအချိန်တွင်မူ မြန်မာနိုင်ငံ၌ မြင့်မြတ်သူများကို များစွာလိုအပ်လျက်ရှိ၏။ နိုင်ငံတော်အတွက်နှင့် နိုင်ငံသူနိုင်ငံသားများအတွက် အနစ်နာခံနိုင်ရုံသာမက ထိုသို့အနစ်နာခံမှုကြောင့် ထွက်ပေါ်လာသော အကျိုးအမြတ် ဟူသမျှ၌လည်း အနစ်နာခံနိုင်သူများကို ဤမြန်မာနိုင်ငံ၌ အလုအယက်ပေါ်ထွက်စေချင်ပါ၏။

ဗုဒ္ဓဒေသနာတော်အရဆိုပါလျှင် လုပ်ငန်းနှင့်တာဝန်ပိုင်း၌သာမက

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးပိုင်း၌ပါ တကယ်တမ်းအနစ်နာခံလာပြီဆိုပါလျှင် ထိုသူအတွက် အခွင့်အရေး ဟူသမျှသည် အင်နှင့်အားနှင့် ဝင်လာမြဲဖြစ်၏။ စည်းစိမ်ဥစ္စာအနေဖြင့်လည်း ဝင်လာ၏။ ရာထူး ဌာနန္တရအနေဖြင့်လည်းဝင်လာ၏။ ထင်ပေါ်ကျော်ကြားမှုအနေဖြင့်လည်းဝင်လာ၏။ မဝင်နှင့်ဆို၍မရ။ အတင်းအဓမ္မပင် ဝင်လာ၏။ လက်မခံလေ ဝင်လာလေပင်ဖြစ်၏။ ဤသို့ဝင်လာခြင်းကို "မာရ်နတ်၏ပထမတပ်မ"ဟူ၍ ကျမ်းဂန်များ၌ဆို၏။ ထို့ကြောင့် အခွင့်အရေးအနေဖြင့် ဝင်လာခြင်းဟူသမျှသည် အနစ်နာခံနိုင်သူများ၏ အနစ်နာခံမှုကို ဖျက်ဆီးရန် ထိုးစစ်ဆင်လာသော မာရ်နတ်၏ထိုးစစ်သာဖြစ်၏။ မာရ်နတ်သည် ဒုက္ခဖြင့်လည်း ထိုးစစ်ဆင်၏။ သုခဖြင့်လည်း ထိုးစစ်ဆင်၏။ ဒုက္ခဖြင့် ထိုးစစ်ဆင်ခြင်းကို ကြံ့ကြံ့ခံနိုင်သူများသည် သုခဖြင့် ထိုးစစ်ဆင်သောအခါ ကြံ့ကြံ့မခံနိုင်ကြဘဲ မာရ်နတ်၏ သုခထိုးစစ်၌ ကျဆုံးတတ်ကြပါ၏။ မာရ်နတ်သည် မာယာများ၏။ ဒုက္ခထိုးစစ်ဖြင့် မနိုင်လျှင် သုခထိုးစစ်ဖြင့် တိုက်ခိုက်မြဲဖြစ်၏။

ထို့ကြောင့် မာရ်နတ်၏ သုခထိုးစစ်ကို ကြံ့ကြံ့ခံနိုင်ရန် အရေးကြီး၏။ အမှန်အားဖြင့် မာရ်နတ်၏ သုခထိုးစစ်ကို တကယ်တမ်းကြံ့ကြံ့ခံနိုင်မှသာ ဤလောက၌ တကယ်တမ်း မြင့်မြတ်သူဖြစ်၏။ ဤလောက၌ မည်သူမဆို မြင့်မြတ်သူဖြစ်ချင်သည်ချည်း ဖြစ်၏။ မြင့်မြတ်သူဖြစ်ချင်လျှင် မြင့်မြတ်သောနလုံးထား ရှိဖို့လို၏။ မြင့်မြတ်သောနလုံးထား ရှိရုံမျှနှင့်လည်းမပြီး၊ လက်တွေ့အားဖြင့်လည်း လုပ်ငန်းနှင့်တာဝန်များကို ဆောင်ရွက်ရာ၌ဖြစ်စေ၊ အခွင့်အရေးကိုရယူရာ၌ဖြစ်စေ အနစ်နာခံတတ်ဖို့လည်း လို၏။ သို့မှသာ မြင့်မြတ်သူဖြစ်နိုင်၏။

မြန်မာနိုင်ငံသမိုင်းစဉ်တစ်လျှောက်လုံး မြင့်မြတ်သူများသည် တကယ်ပင်ရှိခဲ့ပါ၏။ မင်းအဖြစ်ဖြင့်လည်း ရှိခဲ့၏။ မှူးမတ်အဖြစ်ဖြင့်လည်း ရှိခဲ့၏။ စစ်သူကြီးအဖြစ်ဖြင့်လည်း ရှိခဲ့၏။ ပြည်သူပြည်သားအဖြစ်ဖြင့်လည်း ရှိခဲ့၏။ အဆင့်တိုင်း၌ ရှိခဲ့၏။ အလွှာတိုင်း၌ ရှိခဲ့၏။ အားကျစရာဟူ၍ အထူးရှာဖွေနေဖို့မလို။ အတုယူစရာဟူ၍ အထူးရှာဖွေနေဖို့မလို။ နေရာတိုင်း၌ရှိခဲ့၏။ မိမိ၏ပတ်ဝန်းကျင်၌ရှိခဲ့၏။

"ဥပါဒါနပစ္စယာ ဘဝေါ" ဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ အမြင်နှင့် အကျင့်ဟူသမျှသည် ဥပါဒါန်ကြောင့်ဖြစ်ရ၏။ ပတ်ဝန်းကျင်သည် ကာမုပါဒါန်အနေဖြင့် ဥပါဒါန်တွင် ပါဝင်၏။ ထို့ကြောင့် ပတ်ဝန်းကျင်ကောင်းလျှင် အမြင်ကောင်းနှင့် အကျင့်ကောင်းကိုရ၏။ ပတ်ဝန်းကျင်ဆိုးလျှင် အမြင်ဆိုးနှင့်အကျင့်ဆိုးကိုရ၏။ ခေတ် အမြင်သည်လည်း ဒိဋ္ဌုပါဒါန်အနေဖြင့် ဥပါဒါန်တွင်ပါဝင်၏။

ထို့ကြောင့် ခေတ်အမြင်ကောင်းလျှင် အမြင်ကောင်းနှင့်အကျင့်ကောင်းကို ရ၏။ ခေတ်အမြင်ဆိုးလျှင် အမြင်ဆိုးနှင့် အကျင့်ဆိုးကိုရ၏။ စရိုက်နှင့်ဉာဉ်သည်လည်း သီလဗ္ဗတုပါဒါန်အနေဖြင့် ဥပါဒါန်တွင်ပါဝင်၏။ ထို့ကြောင့် စရိုက်နှင့်ဉာဉ်ကောင်းလျှင် အမြင်ကောင်းနှင့်အကျင့်ကောင်းကိုရ၏။ စရိုက်နှင့်ဉာဉ်ဆိုးလျှင် အမြင်ဆိုးနှင့် အကျင့်ဆိုးကို

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ "ငါ-ငါ"ဟူသော အတ္တသည်လည်း အတ္တဝါဒုပါဒါန်အနေဖြင့် ဥပါဒါန်တွင်ပါဝင်၏။ ထိုကြောင့် မိမိ၏အတ္တကို မှန်ကန်စွာဖြင့် လောကအတွက် အသုံးချနိုင်လျှင် အမြင်ကောင်းနှင့်အကျင့်ကောင်းကိုရ၏။ မိမိ၏အတ္တကို လွဲမှားစွာဖြင့် ငါ့အတွက်ချည်း အသုံးချလျှင် အမြင်ဆိုးနှင့်အကျင့်ဆိုးကိုရ၏။ ဤသည်မှာ ဘုရားဟောဖြစ်၏။

**ရှင်အရဟံ၏ကြိုးပမ်းချက်** မြန်မာနိုင်ငံ၌ ရှင်အရဟံ၏ ကြိုးပမ်းချက်အရ အနော်ရထာမင်း အမှူးပြုသော မြန်မာနိုင်ငံသားတို့၏သန္တာန်၌ မြတ်စွာဘုရား၏သာသနာ အမြစ်တွယ်ပြီးချိန်မှစ၍ ခိုင်မာစွာ အမျိုးသားစရိုက်နှင့် အမျိုးသားဉာဉ်သည် ဖြစ်ပေါ်လာခဲ့၏။ မြန်မာနိုင်ငံသားတို့၏ အမျိုးသားစရိုက်နှင့် အမျိုးသားဉာဉ်ကား "ရဲရင့်ခြင်းနှင့်ရက်ရောခြင်း"ဖြစ်၏။ ယင်းကို အနစ်နာခံလိုမှုအပေါ်၌ တည်ဆောက်ရ၏။ အနစ်နာခံလိုမှုကိုလည်း မိမိကိုယ်ကိုချစ်သောစိတ်, မိသားစုကိုချစ်သောစိတ်, နိုင်ငံကိုချစ်သောစိတ်, လူမျိုးကိုချစ်သောစိတ်, လောကလူသားအချင်းချင်း ချစ်သောစိတ်အပေါ်၌ တည်ဆောက်ရ၏။ ယင်းကိုလည်း တဏှာကိုမြင်အောင်ကြည့်ပြီး တဏှာကိုသတ်ရန် ကြိုးပမ်းသော အကျင့်ပေါ်၌ တည်ဆောက်ရ၏။ သို့မှသာ ရဲရင့်ခြင်းနှင့် ရက်ရောခြင်းသည် မှန်ကန်သော ရဲရင့်ခြင်းနှင့် မှန်ကန်သော ရက်ရောခြင်း ဖြစ်၏။ ဓမ္မအပေါ်၌ တည်ဆောက်သော ရဲရင့်ခြင်းနှင့် ရက်ရောခြင်းဖြစ်၏။

အမှန်အားဖြင့် မြန်မာနိုင်ငံသားတို့သည် ယနေ့တွင်လည်း ရဲရင့်ကြပါ၏။ ရက်ရောကြပါ၏။ ဘာမျှသံသယဖြစ်စရာမရှိ။ သို့ရာတွင် ရဲရင့်ခြင်းနှင့် ရက်ရောခြင်းကို မြတ်စွာဘုရား၏သွန်သင်ချက်နှင့်အညီ စနစ်တကျတည်ဆောက်ရန် လိုအပ်ပါ၏။ ရဲရင့်ခြင်းဆိုတိုင်း သစ္စာနှင့်ယှဉ်သော ရဲရင့်ခြင်းမဟုတ်။ သစ္စာနှင့်မယှဉ်သော ရဲရင့်ခြင်းလည်း ရှိသေး၏။ ရက်ရောခြင်းဆိုတိုင်းလည်း သစ္စာနှင့်ယှဉ်သော ရက်ရောခြင်းမဟုတ်။ သစ္စာနှင့်မယှဉ်သော ရက်ရောခြင်းလည်း ရှိသေး၏။ သစ္စာနှင့်မယှဉ်သော ရဲရင့်ခြင်းကို "မိုက်မဲခြင်း"ဟူ၍ဆိုရ၏။ သစ္စာနှင့်မယှဉ်သော ရက်ရောခြင်းကို "အဂတိလိုက်ခြင်း" ဟူ၍ဆိုရ၏။

**အပေါ်ထပ်နှင့်အခြေခံအုတ်မြစ်** စိတ်ပိုင်းဆိုင်ရာဖွဲ့စည်းမှုအရ ရဲရင့်ခြင်းနှင့် ရက်ရောခြင်းသည် အပေါ်ထပ်အဆောက်အအုံသာဖြစ်၏။ အပေါ်ထပ်အဆောက်အအုံ၏အောက်၌ အခြေခံအုတ်မြစ်သည်ရှိရ၏။ အပေါ်ထပ်နှင့် အုတ်မြစ်သည် အချင်းချင်းမဆန့်ကျင်ပါမှ လူ့လောကကိုကျေးဇူးပြုနိုင်၏။ အပေါ်ထပ်နှင့် အုတ်မြစ်သည် အချင်းချင်းဆန့်ကျင်နေပါက လူ့လောကကို ကျေးဇူးမပြုနိုင်ရုံသာမက အန္တရာယ်ပင်ပြုနိုင်၏။ ထိုကြောင့် ရဲရင့်သည်ဆိုတိုင်းလည်း ချီးမွမ်းအပ်သည်မဟုတ်။ ရက်ရောသည်ဆိုတိုင်းလည်း ချီးမွမ်းအပ်သည်မဟုတ်။

မြန်မာနိုင်ငံသားတို့၏သန္တာန်၌ သစ္စာနှင့်ယှဉ်သော ရဲရင့်ခြင်းနှင့် သစ္စာနှင့်ယှဉ်သော ရက်ရောခြင်းကို အမျိုးသားစရိုက်၊ အမျိုးသားလက္ခဏာအဖြစ် တည်ဆောက်တော့မည် ဆိုပါလျှင် အနစ်နာခံခြင်းကို အခြေခံအုတ်မြစ်အဖြစ် ရှေးဦးစွာတည်ဆောက်ဖို့လို၏။

www.burmeseclassic.com

www.burmeseclassic.com



အနစ်နာခံခြင်းကို သစ္စာဝေါဟာရဖြင့်ဆိုရလျှင် "သမုဒယသစ္စာကိုပယ်ခြင်း" ဟူ၍ ဆိုရ၏။ ထို့ကြောင့် အခြေခံအုတ်မြစ်အဖြစ် သစ္စာထိုက်သော အနစ်နာခံခြင်း အပေါ် တည်ဆောက်ထားသော စိတ်ပိုင်းဆိုင်ရာ အပေါ်ထပ်အဆောက်အအုံဟူသမျှသည် သစ္စာထိုက်သည်ချည်းဖြစ်၏။ အနစ်နာခံခြင်းဟူသည်မှာ ကိုယ်ကျိုးကိုမငဲ့ခြင်းဖြစ်၏။ ယင်းကို ပါဠိဝေါဟာရဖြင့် "မုတ္တစာဂ"ဟူ၍ဆို၏။ "မုတ္တစာဂ"ကို လွတ်လွတ်စွန့်ခြင်း ဟူ၍ မြန်မာပြန်ကြ၏။ လွတ်လွတ်စွန့်ခြင်းဟူသည် ဘာကိုမျှမမျှော်လင့်ဘဲ ဆောင်ရွက်ခြင်း ဖြစ်၏။ ဘာကိုမျှမမျှော်လင့်ဘဲ ဆောင်ရွက်ခြင်းကြောင့် ရရှိသောအကျိုးနှင့် ပတ်သက်၍ စာပေများ၌ ဤသို့မေးခွန်းထုတ်ထားသည်ကို တွေ့ရ၏။ ထိုမေးခွန်းကို စာဖတ်သူများ ကိုယ်တိုင် ဖြေကြားရန်ဖြစ်၏–

**မိခင်တစ်ယောက်တွင် သားနှစ်ယောက်ရှိ၏။ သားတစ်ယောက်က မိခင် ထံမှ မုန့်ဖိုးကိုမျှော်မှန်းပြီး မိခင်အတွက်ရေခပ်ပေး၏။ အခြားသားတစ်ယောက် ကမူ ဘာကိုမျှမမျှော်မှန်းဘဲ မိမိ၏တာဝန်အနေဖြင့် မိခင်အတွက် ရေခပ်ပေး၏။**

အမှန်အားဖြင့် လောကသည် မိခင်ဖြစ်၏။ လူသားတို့သည် သားသမီးများ ဖြစ်ကြ၏။ သို့ဖြစ်လျှင် မိခင်လောကအတွက် စာဖတ်သူသည် မည်သည့်သားသမီးမျိုး ဖြစ်ပါသနည်း၊ စာဖတ်သူများသည် မိမိရလိုသောအကျိုးကိုရည်စူးပြီး ဖြေချင်သလို ဖြေနိုင်ကြပါ၏။

**တစ်ခုတည်းသောရည်ရွယ်ချက်**

**ဤစာအုပ်၏တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ယနေ့မြန်မာနိုင်ငံသား တို့၏ သန္တာန်၌ အနစ်နာခံလိုစိတ်ကိုလည်းကောင်း၊ ကိုယ်တိုင်အနစ်နာ မခံနိုင်သေးလျှင် အနစ်နာခံကြသူများအပေါ် မြတ်နိုးတတ်သော စိတ်ကို လည်းကောင်း၊ အခြေခံအုတ်မြစ်အဖြစ် ခိုင်မာစွာ တည်ဆောက်ရန်ဖြစ်၏။ အမှန်အားဖြင့် အနစ်နာခံခြင်းဟူသည် ပါရမီကုသိုလ်ဖြစ်၏။ ပါရမီကုသိုလ် ဟူသည် ရိုးရိုးကာမာဝစရကုသိုလ်လို "အဟောသိကံ" ဖြစ်ရိုးမရှိ။ မုချ အကျိုးပေးမည်ဖြစ်၏။ "သန္ဓိဋ္ဌိက"ဂုဏ်တော်အရ လက်တွေ့ စမ်းသပ်၍လည်း ရ၏။**

မိမိအတွက် ဘာကိုမျှမမျှော်ကိုးဘဲ မိမိ၏တာဝန်အနေဖြင့်သာ မိသားစုအတွက်၊ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ လောကလူသားများအတွက် အနစ်နာခံပြီး အမျိုး၊ ဘာသာ၊ သာသနာတော်ကို ဖွံ့ဖြိုးအောင်ဆောင်ရွက်မည်ဆိုပါလျှင် ထိုဆောင်ရွက်ချက်သည် မုချမသွေ အောင်မြင်မည်ဖြစ်၏။ တစ်စုံတစ်ရာ ယုံမှားစရာဟူ၍ ဘာမျှမရှိ။ ထို့ကြောင့် မိမိဘဝကို အနစ်နာမခံဘဲ အမျိုး၊ ဘာသာ၊ သာသနာဟူ၍ ကြွေးကြော်လျှင်လည်း ကြွေးကြော်ရုံသာရှိမည်ဖြစ်၏။ မျိုးချစ်စိတ်ဟူ၍ ကြွေးကြော်လျှင်လည်း ကြွေးကြော်ရုံသာ ရှိမည်ဖြစ်၏။ နိုင်ငံချစ်စိတ်ဟူ၍ ကြွေးကြော်လျှင်လည်း ကြွေးကြော်ရုံသာ ရှိမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် အနစ်နာခံစိတ်အပေါ်တည်ဆောက်မှသာ မိမိ၏ တည်ဆောက်မှုဟူသမျှသည် အောင်မြင်၏။ သမိုင်းအရဆိုလျှင် အနော်ရထာခေတ်ကလည်း ထိုသို့တည်ဆောက်ခဲ့သဖြင့် အောင်မြင်၏။ ဘုရင့်နောင်ခေတ်ကလည်း ထိုသို့တည်ဆောက်ခဲ့သဖြင့် အောင်မြင်၏။ အလောင်းဘုရားခေတ်ကလည်း ထိုသို့တည်ဆောက်ခဲ့သဖြင့် အောင်မြင်၏။ ဤသည်မှာ သမိုင်းအရဖြစ်၏။

**စံထားစရာ** ကျမ်းဂန်အရပြောရလျှင် အလောင်းတော်သိဒ္ဓတ္ထမင်းသားကို "စံထား" အဖြစ် ပြောဖို့လို၏။ မြန်မာနိုင်ငံ ကိုယ့်ထီး, ကိုယ်နန်း, ကိုယ်ကြငှန်းခေတ်တစ်လျှောက်လုံး မြန်မာနိုင်ငံသားတို့သည် မိမိတို့၏ရင်ထဲ၌ အလောင်းတော်သိဒ္ဓတ္ထမင်းသားကို "စံထား" အဖြစ် အသက်သွင်း၍ မိမိတို့၏သန္တာန်၌ အနစ်နာခံစိတ်ကို မွေးကြ၏။ အနစ်နာခံစိတ်အပေါ်၌ မျိုးချစ်စိတ်ကို တည်ဆောက်ကြ၏။ နိုင်ငံချစ်စိတ်ကို တည်ဆောက်ကြ၏။ လူသား အချင်းချင်း ချစ်စိတ်ကို တည်ဆောက်ကြ၏။ အတွေးအမြင်အားလုံးကို တည်ဆောက် ကြ၏။

ထိုကြောင့် ထိုခေတ် မြန်မာနိုင်ငံသားတို့၏ စည်းလုံးမှုသည် အမြင်ချင်းလည်းတူ၊ အကျင့်ချင်းလည်းတူသဖြင့် အံ့မခန်းသိပ်သည်းခဲ့၏။ နောက်ပိုင်းမြန်မာနိုင်ငံသည် သူတစ်ပါးလက်အောက်သို့ ကျရောက်သွားသောအခါ အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် မြန်မာနိုင်ငံသားတို့၏ရင်ထဲ၌ "စံထား"အဖြစ် မရှိတော့။ အခြားသူရဲကောင်းများသာ သူတို့၏ရင်ထဲ၌ "စံထား"အဖြစ် အစားထိုး ဝင်ရောက်လာလေ၏။ ထိုအခါ မြန်မာနိုင်ငံသားတို့၏ အနစ်နာခံခြင်းသည် "ဝါဏိဇ္ဇဝါဒ"သဘော သက်ဝင်လာ၏။ အနစ်နာခံခြင်းကို "မ,တည် အရင်း" အဖြစ်ခံယူပြီး ယင်းအတွက် အကျိုးအမြတ်ကို ရယူလိုလာကြ၏။ ထိုအခါ မြန်မာနိုင်ငံသားတို့၏စည်းလုံးမှုသည် သိပ်သည်းမှုမရှိတော့။

သို့ဖြစ်လေရာ ယနေ့ကမ္ဘာ့အခြေအနေအရ မြန်မာနိုင်ငံသားတို့၏ရင်ထဲ၌ အလောင်းတော်သိဒ္ဓတ္ထမင်းသားကို "စံထား"အဖြစ် ပြန်လည်အသက်သွင်းပြီး သူတို့၏သန္တာန်၌ အနစ်နာခံစိတ်ကို ပြန်လည်မွေးမြူနိုင်စေရေးအတွက် အလောင်းတော်သိဒ္ဓတ္ထမင်းသား၏ဘဝကို ရေးသားရန် အဘသခင်ထိန်ဝင်းက ကျွန်တော်အားတိုက်တွန်းလေ၏။ နိုင်ငံနှင့်လူမျိုးအပေါ်ထားရှိသော အဘသခင်ထိန်ဝင်း၏စေတနာနှင့် ဆောင်ရွက်ချက်များကို အလေးအမြတ်ပြုသောအားဖြင့် ဤစာအုပ်ကိုရေးခြင်းဖြစ်ပါ၏။

## အနှိုင်းမဲ့ကျေးဇူးရှင်

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် "လောက၏အနှိုင်းမဲ့ကျေးဇူးရှင်"ဖြစ်၏။ သုမေဓာရှင်ရသေ့ဘဝမှစ၍ သိဒ္ဓတ္ထမင်းသားဘဝတိုင်အောင် နှစ်ပေါင်းလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး လောက၏အကျိုးစီးပွားအတွက် ဆောင်ရွက်နိုင်ရေးအတွက် ဘုရားဖြစ်ရန်ဟူသော ရည်ရွယ်ချက်မှတစ်ပါး အခြားဘာကိုမျှ မမျှော်လင့်ဘဲ လောကအပေါ် ကြင်နာသောစိတ်ထားသက်သက်ဖြင့် အနစ်နာခံခဲ့၏။ အမှန်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် မမေ့ကောင်းသော "အန္တိုင်းမဲ့ ကျေးဇူးရှင်" ဖြစ်၏။

သို့ရာတွင် လူ့လောက၌ သူ့ကိုမေ့သူများရှိကြပြီ။ သူ့ကျေးဇူးကို မေ့သူများရှိကြပြီ။ လောကကိုမဆိုထားနှင့် မြန်မာနိုင်ငံ၌ပင် သူ့ကိုမေ့သူများရှိကြပြီ။ သူ့ကျေးဇူးကို မေ့သူများရှိကြပြီ။ သူ့ကို မသိသူများပင်ရှိကြပြီ။ မမေ့သင့်သည်ကို မေ့ခြင်းသည် "အမင်္ဂလာ"ဖြစ်၏။ ထို့ကြောင့် မမေ့သင့်သည်ကို မမေ့ရန်လို၏။ မမေ့သင့်သည်ကို မမေ့မှ "မင်္ဂလာ"ဖြစ်၏။

အလောင်းတော်သိဒ္ဓတ္ထမင်းသား၏ဘဝကို ဖော်ပြရာတွင် အပိုင်းနှစ်ပိုင်း ပါဝင်မည်ဖြစ်၏။ ပထမပိုင်းတွင် သုမေဓာရှင်ရသေ့ဘဝမှ သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူသည့်အထိ ပါဝင်မည်ဖြစ်၏။

ဒုတိယပိုင်းတွင် ဘုရားဖြစ်တော်မူပြီးနောက် ပရိနိဗ္ဗာန်စံဝင်တော်မူသည့်အထိ ပါဝင်မည်ဖြစ်၏။ နှစ်ပိုင်းလုံး၌ပင် ဘုရားမဖြစ်မီနှင့် ဘုရားဖြစ်တော်မူပြီးနောက် ဆောင်ရွက်ချက်ဟူသမျှသည် အနစ်နာခံခြင်းအပေါ် တည်ဆောက်ထားသော ဆောင်ရွက်ချက်များချည်းသာ ဖြစ်ကြ၏။

အနစ်နာခံခြင်းဖြင့် ရယူလိုသော အကျိုးတရားမှာလည်း လောက၏အကျိုးစီးပွားကို အနစ်နာခံပြီး အဆောင်ရွက်နိုင်ဆုံးပုဂ္ဂိုလ် ဖြစ်ရလိုမှုပင် ဖြစ်၏။ အခြားဘာကိုမျှ မမျှော်မှန်း။ အလောင်းတော်သိဒ္ဓတ္ထမင်းသား မျှော်မှန်းသည့်အတိုင်းပင် သူသည် သဗ္ဗညုတဉာဏ်တော်ကိုရကာ လောက၏အကျိုးစီးပွားကို ဆောင်ရွက်ရာတွင် အနစ်နာခံပြီး အဆောင်ရွက်နိုင်ဆုံး ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူခဲ့ပါ၏။ သူကျင့်သောအကျင့်နှင့် သူရယူလိုသော အကျိုးတို့ကား ရှေ့နှင့်နောက် ညီညွတ်ပါ၏။ အကြောင်းနှင့်အကျိုး ဆီလျော်ပါ၏။ သူကျင့်သောအကျင့်ကား လောကအတွက် အနစ်နာခံခြင်းဖြစ်၏။ သူရယူလိုသော အကျိုးမှာလည်း လောကတွင် အနစ်နာအခံနိုင်ဆုံးဖြင့် အနစ်နာခံတော်မူပြီး လောက၏ အကျိုးစီပွားကို အဆောင်ရွက်နိုင်ဆုံးဖြင့် ဆောင်ရွက်နိုင်သူ ဘဝပင်ဖြစ်၏။ သူ တောင့်တတော်မူခဲ့သောအကျိုးသည် ပြည့်ခဲ့ပါ၏။

အရဟတ္တမဂ်ဉာဏ်ကိုရတော်မူသောအခါ ကိလေသာတို့ကို ဝါသနာနှင့်တကွ ပယ်သတ်နိုင်သဖြင့် လောကတွင် အနစ်နာအခံနိုင်ဆုံး ဖြစ်ခဲ့ပါ၏။ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသောအခါ လောကတွင် သတ္တဝါအားလုံးတို့၏အကျိုးစီးပွားကို အဆောင်ရွက်နိုင်ဆုံးဖြစ်ခဲ့ပါ၏။ မတောင့်တဘဲနှင့်ရသော အခြားအကျိုးများလည်း ရှိသေး၏။ ယင်းအကျိုးများကား– လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့၏ မင်းအဖြစ်ကို ရတော်မူခြင်း ဖြစ်ပါ၏။ တကယ်တမ်း အနစ်နာခံပြီး တကယ်တမ်း သူတစ်ပါးအကျိုးကို ဆောင်ရွက်မည်ဆိုပါလျှင် ထိုပုဂ္ဂိုလ်မျိုးအတွက် ကာမဂုဏ်ဆိုင်ရာ အကျိုးတရားများသည် သူ့ဟာသူအလိုအလျောက် "ခြေပေါက်"၍ ဝင်လာကြမည်ဖြစ်၏။ အထူးမျှော်လင့်စရာ မလို။ အထူးတောင့်တစရာမလို။ ဤနိယာမကို အလောင်းတော်သိဒ္ဓတ္ထမင်းသား၏ သံသရာဘဝတစ်လျှောက်လုံး၌ တွေ့ရ၏။ လောက၌ လက်တွေ့အားဖြင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဤနိယာမသည်မှန်၏။ ကိုယ်တိုင်ကျင့်ဖို့သာ အရေးကြီး၏။

ဤကျမ်းစာ ဤစာအုပ်သည် အလောင်းတော်သိဒ္ဓတ္ထမင်း၏ဘဝနှင့်ပတ်သက်၍ ပထမပိုင်းကို ဖော်ပြထားပါ၏။ ထိုသို့ဖော်ပြရာတွင် စာပေတို့၏ သဘောအတိုင်း အက္ခရာများ, ပုဒ်များ, ဝါကျများကို အသုံးပြုထားရ၏။ ယင်းတို့ဖြင့် ဆိုင်ရာအနက်များကို စာဖတ် သူများသိသွားအောင် အားထုတ်ရ၏။

အနက်များကို အမျိုးအစားခွဲလျှင် သဒ္ဒါနက်, အဓိပ္ပာယ်နက်, ခံစားနက်ဟူ၍ သုံးမျိုးရ၏၊ ပါဠိဝေါဟာရအားဖြင့် သဒ္ဒါနက်ကို သဒ္ဒတ္ထ, အဓိပ္ပာယ်နက်ကိုအဓိပ္ပာယတ္ထ, ခံစားနက်ကို ဘာဝတ္ထဟူ၍ ခေါ်ရ၏။

ယင်းတို့ကို ဆိုင်ရာဆိုင်ရာအသိများနှင့် ယှဉ်တွဲလိုက်လျှင် သဒ္ဒါနက်မှ "စာသိ" ကိုရ၏။ အဓိပ္ပာယ်နက်မှ "လောကသိ"ကိုရ၏။ ခံစားနက်မှ "ဘာဝသိ"ကို ရ၏။ ဘာဝသိကိုပင် "ခန္ဓာသိ"ဟူ၍လည်း ဆိုရ၏။ အမှန်အားဖြင့် "စာသိ"သည် ဝါကျ၌ တိုက်ရိုက်ပါဝင်၏။ "လောကသိနှင့် ဘာဝသိ"တို့ကား ဝါကျ၌တိုက်ရိုက်မပါဝင်။ ဝါကျများ၏နောက်ကွယ်၌သာရှိကြ၏။ ဝါကျများ၌တိုက်ရိုက်မပါဝင်ဘဲ ဝါကျများ၏ နောက်ကွယ်၌သာ ရှိကြလေသောကြောင့် လောကသိနှင့် ဘာဝသိကို ပကတိမျက်စိဖြင့် မမြင်ကောင်း။ ထိုသို့မမြင်ကောင်းသော်လည်း ဉာဏ်မျက်စိဖြင့် မြင်ကောင်း၏။

ထို့ကြောင့် သဒ္ဒါကျမ်းဆိုင်ရာ ဒဿနပညာရှင်တို့၏အဆိုအမိန့်အရ ဝါကျတိုင်းတွင် မြင်ရသောအပိုင်းနှင့် မမြင်ရသောအပိုင်းဟူ၍ အပိုင်းနှစ်ပိုင်း ပါမြဲဖြစ်၏။ မြင်ရသော အပိုင်းကို ပကတိမျက်စိဖြင့်ဖတ်နိုင်၏။ မမြင်ရသောအပိုင်းကို ဉာဏ်မျက်စိဖြင့်ဖတ်နိုင်၏။

ဤစာအုပ်တွင်လည်း ဝါကျတိုင်းတွင် မြင်သာသောအပိုင်းနှင့် မမြင်သာသော အပိုင်းဟူ၍ နှစ်ပိုင်းပင်ပါရှိ၏။ စာဖတ်သူများသည် မြင်သာသောအပိုင်းမှ ဒိဒ္ဓတ္ထမင်းသား၏ ဘဝ ဖြစ်တော်စဉ်နှင့်ပတ်သက်၍ "စာသိ"ကို ရရှိမည်ဖြစ်၏။ မမြင်သာသောအပိုင်းမှ သိဒ္ဓတ္ထမင်းသား၏ ဘဝဖြစ်တော်စဉ်နှင့်ပတ်သက်၍ "လောကသိနှင့်ဘာဝသိ"ကို ဆိုရပါလျှင်–

**လောက၌ တာဝန်နှစ်ရပ်သည် မွေးရာပါအနေဖြင့် ကိုယ်စီရှိကြသည့်အတိုင်း သုမေဓာရှင်ရသေ့သည် သူ၏တာဝန်နှစ်ရပ်ကို ဤသို့သတ်မှတ်၏။ "လောကတွင် အနိုင်းမဲ့အနစ်နာခံနိုင်သူဖြစ်ရန်နှင့် လောကတွင် သူတစ်ပါးအကျိုးကို အနိုင်းမဲ့ဆောင်ရွက်နိုင်သူဖြစ်ရန်"ဟူ၍ဖြစ်၏။**

တာဝန်နှစ်ရပ်ကို အရပ်သုံးဝေါဟာရဖြင့် ဖော်ပြခြင်းဖြစ်၏။ ကျမ်းဂန်သုံး ဝေါဟာရဖြင့် ဖော်ပြရမည်ဆိုပါလျှင်– အနိုင်းမဲ့အနစ်နာခံနိုင်ခြင်းကို "ဝါသနာနှင့်တကွ ကိလေသာတို့ကို ပယ်သတ်နိုင်သော အရဟတ္တမဂ်ဉာဏ်ကိုရခြင်း" ဟူ၍ဆို၏။ သူတစ်ပါး အကျိုးကို အနိုင်းမဲ့ဆောင်ရွက်နိုင်ခြင်းကို "သဗ္ဗညုတဉာဏ်တော်ကိုရခြင်း"ဟူ၍ဆို၏။

ဤတာဝန်နှစ်ရပ်သည်ပင် သုမေဓာရှင်ရသေ့ ရယူလိုသောအကျိုးတရားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတာဝန်နှစ်ရပ်မှတစ်ပါး အခြားရယူလိုသောအကျိုးတရားဟူ၍ သုမေဓာရှင်ရသေ့အတွက် ဘာမျှမရှိ။ ဘာမျှမရှိသော်လည်း ဤတာဝန်နှစ်ရပ်၏ အာနုဘော်ကြောင့် အခြားသောကာမဂုဏ်ဆိုင်ရာ အကျိုးတရားများသည် သုမေဓာရှင်ရသေ့ဘဝမှ သိဒ္ဓတ္ထမင်းသားဘဝတိုင်အောင် ရောက်လာကြသည်ချည်းဖြစ်၏။ သို့ရာတွင် သုမေဓာလည်း ယင်းတို့ကိုတွန်းလှန်နိုင်၏။ သိဒ္ဓတ္ထမင်းသားလည်း ယင်းတို့ကိုတွန်းလှန်နိုင်၏။ အမှန်အားဖြင့် အနစ်နာခံကာ သူတစ်ပါးအကျိုးကို တကယ်တမ်းဆောင်ရွက်သူဟူသမျှသည် မိမိထံ ပတ်လည်ဝိုင်း၍လာနေသော ကာမဂုဏ်ဆိုင်ရာ အကျိုးတရားများကို တွန်းလှန်နိုင်ကြသည်သာဖြစ်ပါ၏။

ဗုဒ္ဓဘာသာဝင်တို့သည် နိဗ္ဗာန်ကိုရလိုကြသည်ချည်းဖြစ်၏။ တကယ်တမ်း နိဗ္ဗာန်ကိုရလိုရိုးမှန်ပါလျှင် အနိုင်းမဲ့အနစ်နာခံနိုင်ခြင်းဟူသည် မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်တော်၏ မြန်မာအမည်တစ်မျိုးဖြစ်သည်ကိုလည်းကောင်း၊ သူတစ်ပါး၏အကျိုးကို အနိုင်းမဲ့ဆောင်ရွက်နိုင်ခြင်းဟူသည် သဗ္ဗညုတဉာဏ်တော်၏ မြန်မာအမည်တစ်မျိုးဖြစ်သည်ကိုလည်းကောင်း ဤစာအုပ်ကိုဖတ်ရှုပြီးပါက သိရန်ဖြစ်ပါ၏။ ဤအသိကို "လောကသိ"ဟူ၍ဆို၏။

ဒေသနာတော်အရ ဘဝပေးတာဝန်အနေဖြင့် လူတိုင်းတွင် တာဝန်နှစ်ခုရှိ၏။ တစ်ခုသောတာဝန်မှာ အနစ်နာခံခြင်းဖြစ်၍ အခြားတစ်ခုသောတာဝန်မှာ သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်းဖြစ်၏။ ဤတာဝန်နှစ်ခုဖြင့် လူ့ဘဝသည်'စ'၏။ ဤတာဝန်နှစ်ခုဖြင့်ပင် လူ့ဘဝသည်'ဆုံး'၏။ ထို့ကြောင့် ထိုတာဝန်နှစ်ခုကို လူ့ဘဝ၏ "နယ်သတ်မျဉ်း"ဟူ၍ ဆိုရ၏။ အမှန်အားဖြင့် လူဟူသည် လူ့ဘဝ၏ နယ်သတ်မျဉ်းအတွင်း၌သာ ရှိရမည်ဖြစ်၏။ အကယ်၍ လူ့ဘဝ၏နယ်သတ်မျဉ်းအပြင်ဘက်၌လည်း 'လူ'ဟူသည် ရှိသေးသည်ဟုဆိုပါလျှင် ထို'လူ'ကို စာဖတ်သူမည်သို့ခေါ်မည်နည်း။ စာဖတ်သူ၏ဆန္ဒအတိုင်း ခေါ်ချင်သလို ခေါ်နိုင်ပါ၏။ ဤစာအုပ်ကိုဖတ်ပြီးပါက ဤအသိကိုသိရန်ဖြစ်၏။ ဤအသိကို "ဘဝသိ"ဟူ၍ဆို၏။

ဤအသိနှစ်မျိုးကို သိစေနိုင်သော အနက်နှစ်မျိုးသည် ဤစာအုပ်ပါဝါကျများ၏ နောက်ကွယ်၌ ရှိပါ၏။ ပကတိမျက်စိဖြင့် မမြင်နိုင်သော်လည်း ဉာဏ်မျက်စိဖြင့် မြင်နိုင်ပါ၏။ အနစ်နာခံခြင်း၊ သူတစ်ပါးအကျိုးကိုဆောင်ရွက်ခြင်း အဆင့်ဆင့်နှင့် ပတ်သက်၍ အဘသခင်ထိန်ဝင်း ရွတ်ဆိုလေ့ရှိသော အောက်ပါလင်္ကာတိုလေးဖြင့် ဤနိဒါန်းကို အဆုံးသတ်လိုက်ပါ၏။

**"တစတစ၊ စွန့်ဝံ့မှလျှင်၊ ဘဝနောက်နှောင်း၊ ဆက်တိုင်းကောင်း၏။"**

ရွှေအောင်

၂-၉-၉၃

www.burmeseclassic.com

www.burmeseclassic.com

## သစ္စာပြုခြင်း

ဤ "ဗုဒ္ဓ = လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင်" ကျမ်းစာကို ဖြစ်မြောက်အောင် ကြိုးစားရခြင်းကြောင့် "လာဘသက္ကာရ သိလောက" လာဘ်ရခြင်း, အကျော်အစော, ပူဇော်ခံရခြင်း– စသော အကျိုးတို့ကို လုံးဝမျှော်လင့်ခြင်းကင်းဝေးစွာ ဆောင်ရွက်ခဲ့ခြင်း အမှန်ဖြစ်ပါသည်။

**ဤသစ္စာမှန်ပါသည်။**

ဤသစ္စာအတိုင်းမှန်ခဲ့ပါသော် – ဤကျမ်းစာကို ဖတ်ရှုသိရှိရသူအပေါင်းသည် ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် ကိုယ်ကျိုးကိုယ့်စီးပွားကို စွန့်လွှတ်၍ အများအကျိုးကို ရိုးသားစွာ ကြိုးစားနိုင်ကြပါစေသတည်း။

*ကျမ်းစာဖြစ်မြောက်အောင်ကြိုးစားသူ ။*

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓ
## လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင်

အခန်း (၁)
ဗုဒ္ဓပွင့်တော်မမူမီ မဇ္ဈိမဒေသ အခြေအနေများ

❖

အခန်း (၂)
ပါရမီတော်များကို ဖြည့်ကျင့်တော်မူပုံ

❖

အခန်း (၃)
ပါရမီ ဆယ်ပါး၏ အနှစ်သာရ

❖

အခန်း(၄)
အလောင်းတော် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တော်မူခြင်း

❖

အခန်း (၅)
ဆက်လက်လေ့လာရန်

လောကသားတို့၏အကျိုး၊ သို့မဟုတ် မိမိလူမျိုးနှင့် နိုင်ငံသားတို့၏ အကျိုးကို ရိုးသားစွာ ဆောင်ရွက်ခြင်းဖြင့် မိမိ၏ ကိုယ်ကျိုးကို အပြည့်အဝ ရရှိစေသော လမ်းညွှန်မှုများကို ရရှိစေမည်ဟု ဤကျမ်းစာက တာဝန်ယူပါသည်။

တစ်စတစ်စ စွန့်ဝံ့မှလျှင် ဘဝနောက်နှောင်း
ဆက်တိုင်းကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com

# ဩဝါဒါစရိယဆရာတော်များ

ရန်ကုန်မြို့၊ ပုဇွန်တောင်၊ ရွှေကျင်ကျောင်းတိုက် ပရိတ်ကြီးနိဿယသစ်ပြုစုသော

**အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ သပြေကန်ဆရာတော်**

**အရှင်ဝါသေဋ္ဌာဘိဝံသ**

ရန်ကုန်တိုင်း၊ မော်ဘီမြို့နယ်၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက်

ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းနှင့် အလက်ာပန်းကုန်း အစရှိသော

စာသင်သားများအတွက် ကျမ်းစာများကိုပြုစုခဲ့သော

**အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ကုမာရမထေရ်**

---

**ကျမ်းစာဖြစ်မြောက်အောင် ဆောင်ရွက်၍ ဆက်လက်ထိန်းသိမ်း**
**စောင့်ရှောက်ကြသူများ**

၁။ ဦးထိန်ဝင်း (နိုင်ငံဂုဏ်ရည်ပထမဆင့်)၊ ၁၀၇ မင်းရဲကျော်စွာလမ်း၊ ရန်ကုန်မြို့။
(ကျမ်းစာဖြစ်မြောက်အောင် ဦးစီးဆောင်ရွက်သူ။)

၂။ ဆရာကြီး ဦးရွှေအောင်၊ ဝဋ္ဋသကာ, သိရောမဏိ, မဟာဝိဇ္ဇာ(သက္ကဋ)၊
သာသနာရေးဌာန တွဲဖက်ညွှန်ကြားရေးမှူး (အငြိမ်းစား) "ကျမ်းစာပြုစုသူ"။

၃။ ဦးအောင်၊ ၂၄-၄၃ လမ်း၊ ရန်ကုန်၊ (အောင်သုခဆပ်ပြာစက် မြင်းခြံမြို့)။

၄။ ဆရာဦးရန်အောင်၊ မြန်မာဆေးဆရာကြီး၊ သာကေတ၊ ရန်ကုန်မြို့။

၅။ ဒေါက်တာဒေါ်စောမြင့်၊ ၁၈-၁၀ လမ်း၊ ရန်ကုန်မြို့။

၆။ ဦးကြည်တွဲ (ဗိသုကာ)၊ ၃၄ H-ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

၇။ ဒေါ်အေးအေး (ဗိသုကာ)၊ ၃၄ H-ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။

၈။ ဦးကျော်ဦး၊ ကံ့ကော်မြိုင်လမ်း၊ ပါရမီ၊ ရန်ကုန်မြို့။

၉။ ဒေါ်ခင်နု၊ ဗိုလ်တောက်ရိပ်ငြိမ်လမ်း၊ သမိုင်း၊ ရန်ကုန်မြို့။

၁၀။ ဦးကျော်ရှိန်၊ ၄၄ ဓမ္မိကဝတီလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့။

ကျမ်းစာအတွက် ကူညီလိုသူများသည် အထက်ပါအဖွဲ့ဝင် ပုဂ္ဂိုလ်များနှင့်
ဆွေးနွေးကူညီနိုင်ကြပါသည်။

**တစ်စတစ်စ စွန့်ဝံ့မှလျှင် ဘဝနောက်နှောင်း ဆက်တိုင်းကောင်း၏။**

ထိန်ဝင်း

၁၀၇ မင်းရဲကျော်စွာလမ်း၊ ရန်ကုန်မြို့။

☎ ၂၀၅၀၇

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အခန်း (၁)

## ဗုဒ္ဓပွင့်တော်မမူမီ မဇ္ဈိမဒေသ အခြေအနေများ။

လူတို့သည် ဤကမ္ဘာမြေပြင်တွင် အတိအကျ မဖော်ပြနိုင်လောက်သောကာလမှ စတင်၍ နေထိုင်ခဲ့ကြသည်။ ထိုသို့နေထိုင်ကြရာတွင် လူတို့၏ဘဝ၌ အသက်ရှင်နေရခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ "ချမ်းသာ" ကို ရရှိရေးအတွက် စွမ်းအားရှိသလောက် အားထုတ်ရန်ဖြစ်၏။ ထိုသို့ အားထုတ်ရာတွင် မျှော်လင့်ချက်သည် ပြဋ္ဌာန်း၏။ ယနေ့မရသေးလျှင် နက်ဖြန်ရလိမ့်မည်ဟု မျှော်လင့်မိပြန်၏။ ယနေ့ရပြန်လျှင်လည်း နက်ဖြန် ပို၍ရလိမ့်မည်ဟု မျှော်လင့်မိပြန်၏။ အကယ်၍ မျှော်လင့်ချက်များ ကုန်ဆုံးသွားသည်နှင့် တစ်ပြိုင်နက် သူတို့၏ဘဝ၌ အသက်ရှင်နေရခြင်း၏ ရည်ရွယ်ချက်သည်လည်း ကုန်ဆုံးသွားလေ၏။ ထို့ကြောင့် မျှော်လင့်ချက်သည် ဘဝ၌ အသက်ရှင်နေရခြင်း၏ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရာ၌ ပဓာနအကျဆုံးသော စွမ်းအားဖြစ်လေ၏။

**မျှော်လင့်ချက်နှင့်တဏှာ** ဘဝ၌ အသက်ရှင်နေရခြင်း၏ ရည်ရွယ်ချက်သည် မျှော်လင့်ချက်အပေါ်၌ အခြေခံခြင်းဖြစ်လျှင် ထိုမျှော်လင့်ချက်ကို "တဏှာ" ဟူ၍ဆိုရ၏။ တဏှာသည် မရသေးသော အရာဝတ္ထုကို ရအောင်အားထုတ်ရန် တွန်းအားပေး၏။ ထိုတဏှာကို "ကာမတဏှာ" ဟူ၍ဆိုရ၏။ ကာမတဏှာကို အတ္တဒိဋ္ဌိနှင့် ယှဉ်သော တဏှာဟူ၍လည်း ဆို၏။

ရပြီးသား အရာဝတ္ထုကိုလည်း မပျက်စီးရအောင် သိမ်းပိုက်ထားရန် တွန်းအားပေးပြန်၏။ ထိုတဏှာကို "ဘဝတဏှာ" ဟူ၍ ဆိုရ၏။ ဘဝတဏှာကို သဿတဒိဋ္ဌိနှင့် ယှဉ်သော တဏှာဟူ၍လည်းဆို၏။

ဘဝတဏှာအရ မိမိသိမ်းပိုက်ထားသော အရာဝတ္ထု၌လည်း ထာဝစဉ်ရောင့်ရဲ ကျေနပ်နေသည်မဟုတ်။ တစ်ခုသောအချိန်တွင် ထိုအရာဝတ္ထုအပေါ်၌ ငြီးငွေ့လာပြန်၏။ အပြောင်းအလဲလုပ်လိုပြန်၏။ ထိုသို့ အပြောင်းအလဲလုပ်လိုသော တဏှာကို "ဝိဘဝတဏှာ" ဟူ၍ ဆိုရ၏။ ဝိဘဝတဏှာကို ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော တဏှာဟူ၍လည်း ဆို၏။

တဏှာရှိနေသရွေ့ မျှော်လင့်ချက်သည် ရှိနေမည်ဖြစ်၏။ မျှော်လင့်ချက် ရှိနေသရွေ့လည်း ဘဝသည် ရှိနေဦးမည်ဖြစ်၏။ ထို့ကြောင့် ဘဝရှိနေသရွေ့ တဏှာရှိနေမည်ဖြစ်ရာ တဏှာကို ကာလအားဖြင့် အမျိုးအစားခွဲလိုက်လျှင် –

ကာမတဏှာသည် ဖြစ်ခြင်း (ဥပါဒ်)နှင့် ယှဉ်သောသဘောရှိ၏။

ဘဝတဏှာသည် တည်ခြင်း (ဋ္ဌီ)နှင့် ယှဉ်သောသဘောရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိဘာဝတဏှာသည် ပျက်ခြင်း (ဘင်)နှင့် ယှဉ်သောသဘောရှိ၏။ ထို့ကြောင့် တဏှာသည် ကာလသုံးပါးနှင့် ယှဉ်သောသဘောရှိသည်ဟု ဆိုရ၏။

**ကမ္ဘာ့သမိုင်း၏ အပြောင်းအလဲ**

ကမ္ဘာ့သမိုင်းတွင် အရေးကြီးသော အကွေ့အပြောင်းကာလတစ်ခုသည် ဖြစ်ပေါ်လာခဲ့၏။ ထိုအကွေ့အပြောင်းကာလကို ဘီစီ ၆-ရာစု ဟူ၍ သမိုင်း ဆရာတို့ မှတ်တမ်းတင်ခဲ့ကြ၏။ ဘီစီ ၆- ရာစု မတိုင်မီ ရှေးကာလ၌ ဤကမ္ဘာမြေပြင်တွင် နေထိုင်ခဲ့ကြသော လူတို့သည် အသိဉာဏ်အဆင့်အားဖြင့် အရွယ်မရောက်သေးသော ကလေးများသာဖြစ်ကြ၏။ ဘီစီ ၆-ရာစုမှစ၍ လူတို့သည် အသိဉာဏ်အဆင့်အားဖြင့် အရွယ်ရောက်လာကြသော လူကြီးများ ဖြစ်လာကြ၏။ ထို့ကြောင့် လူတို့သည် သမိုင်းအမြင်အရ ဘီစီ ၆-ရာစုမှစ၍ လူကြီးများဖြစ်လာကြသည်ဟု ဆိုအပ်၏။ ဤသို့ သမိုင်းဆရာများက ဆိုကြလေ၏။

သမိုင်းဆရာများ၏ဆိုလိုရင်းမှာ ဤ ဘီစီ ၆-ရာစု၌ မိမိတို့ဘဝအတွက် ချမ်းသာကို ရရှိအောင် အားထုတ်ရာ၌ ရှေးအမြင်နှင့်မတူဘဲ ပြောင်းပြန်မြင်တတ်သော ကမ္ဘာ့ ပညာရှင်များသည် ဤရာစုဝန်းကျင်၌ ပေါ်ပေါက်လာကြသည်ဟူ၍ ဖြစ်၏။ အမှန်အားဖြင့် လည်း အသိဉာဏ် အကွေ့အပြောင်းသည် ဤရာစုဝန်းကျင်၌ "စ" ခဲ့ခြင်းဖြစ်ပါ၏။

**လုပ်သင့်သည်ကို လုပ်ရဲသောသတ္တိ**

ကမ္ဘာ့သမိုင်းကိုကြည့်လျှင် ဤကာလဝန်းကျင်၌ပင် တရုတ်ပြည်၌ ကွန်ဖြူးရှပ်စ်နှင့် လာအိုဇီတို့သည် ပေါ်ပေါက်ခဲ့၏။ ပါရှား၌ ဇိုရိ စတားသည် ပေါ်ပေါက်ခဲ့၏။ ခေါမ၌ ပိုက်သာကိုရပ်စ် သည် ပေါ်ပေါက်ခဲ့၏။ အိန္ဒိယ၌ မဟာဝီရနှင့် ဗုဒ္ဓသည်ပေါ်ပေါက်ခဲ့၏။ ဘာသာရေး အမြင်အရ သူတို့၏ဩဝါဒများသည် တစ်ခုနှင့်တစ်ခု အတိမ်အနက်ချင်း ခြားနား စေကာမူ သမိုင်းအမြင်အရဆိုလျှင် ဤပုဂ္ဂိုလ်ကြီးများသည် လူ့သမိုင်း၌ အသိဉာဏ် အကွေ့အပြောင်းတစ်ခုကို တကယ်ပင် လုပ်ခဲ့ကြသော ပုဂ္ဂိုလ်မြတ်ကြီးများ ဖြစ်ပါ၏။ ယနေ့တိုင်အောင်ပင် ထိုပုဂ္ဂိုလ်မြတ်ကြီးများ၏ ဩဝါဒများကို ဆိုင်ရာဆိုင်ရာ နိုင်ငံများနှင့် ပုဂ္ဂိုလ်များက လိုက်နာလျက်ပင်ရှိခြင်းက ထိုအချက် မှန်ကန်ကြောင်း သက်သေခံလျက် ရှိပါသည်။ လိုက်နာလောက်အောင်လည်း တကယ်ပင် ကောင်းမွန်သော ဩဝါဒများဖြစ်ကြ၏။ သို့ရာတွင် လိုက်နာသည် ဆိုသော်လည်း တစ်ခေတ်ထက် တစ်ခေတ် မောဟအမှောင် ပို၍ပို၍ ဖုံးလွှမ်းလာသောကြောင့် လောဘရမ္မက် ပို၍ပို၍ သိပ်သည်းလာကာ ဆိုင်ရာဆိုင်ရာပုဂ္ဂိုလ်တို့သည် မိမိတို့၏ နေ့စဉ်လုပ်ငန်းများ၌ အသုံးချတတ်အောင် မလိုက်နာသောကြောင့်သာ ထိုပုဂ္ဂိုလ်မြတ်ကြီးများ၏ ဩဝါဒများသည် ယနေ့တွင် သက်မဲ့ရုပ်ကြွင်းအဆင့်နီးနီး၌သာ ဖြစ်နေကြရခြင်းဖြစ်၏။

အမှန်အားဖြင့် အသိဉာဏ် အကွေ့အပြောင်းတစ်ခုကို တင်ပြခြင်းသည် လွယ်ကူ သော အလုပ်မဟုတ်။ မူလရှိနေနှင့်ပြီးသား ဝါဒရေးရာများကို တော်လှန်ပြီးမှ တင်ပြရ သော လုပ်ငန်းဖြစ်၏။ တော်လှန်ရေးသဘောကို ဆောင်သဖြင့် အလွန်လည်း အတိုက်

www.burmeseclassic.com

www.burmeseclassic.com



အခံ များပါ၏။ အလွန်လည်း အန္တရာယ်ကြီးပါ၏။ အသက်ကိုပင် စွန့်ရသည်အထိ အန္တရာယ်ကြီးပါ၏။ ထို့ကြောင့် လောကအပေါ် သာမညကရုဏာ ထားနိုင်ရုံနှင့်လည်း မဖြစ်။ မိမိကိုယ်တိုင်ကလည်း သာမညဉာဏ်ပညာအဆင့် ရှိရုံမျှနှင့်လည်း မဖြစ်။ အလွန်ကြီးမားသော ကရုဏာနှင့် အလွန်ကြီးမားသော ဉာဏ်ပညာရှိသူများသာ ဆောင်ရွက်နိုင်သော လုပ်ငန်းဖြစ်၏။ အလွန်ကြီးမားသော ကရုဏာ၊ အလွန်ကြီးမားသော ဉာဏ်ပညာရှိပြီဆိုလျှင် ထိုပုဂ္ဂိုလ်မြတ်ကြီးများအတွက် မလုပ်သင့်သည်ကို မလုပ်ဘဲ နေရဲသော သတ္တိနှင့် လုပ်သင့်သည်ကို လုပ်ရဲသော သတ္တိတို့သည် ထိုပုဂ္ဂိုလ်ကြီးများ၏ သန္တာန်၌ အလိုအလျောက် အမြစ်တွယ်၍ ကိန်းအောင်းပြီးသား ဖြစ်ချေ၏။

ထိုသတ္တိမျိုးသည် မဂ္ဂင်ထိုက်သော သီလ၊ မဂ္ဂင်ထိုက်သော သမာဓိ၊ မဂ္ဂင်ထိုက်သော ပညာတို့အပေါ် လုံလောက်စွာ အခြေခံမရစေကာမူ ထူးခြားသောတန်ခိုး၊ ထူးခြားသော ဣဒ္ဓိပါဒ်ကို ဖြစ်စေနိုင်၏။ မဂ္ဂင်ထိုက်သော သီလ၊မဂ္ဂင်ထိုက်သော သမာဓိ၊ မဂ္ဂင်ထိုက်သော ပညာဟူသည် လောဘ(သမုဒယသစ္စာ)ကို အဆင့်ဆင့်ပယ်သတ်နိုင်သော သီလ၊သမာဓိ၊ ပညာတို့ဖြစ်၏။ အကယ်၍ ထိုသတ္တိမျိုးသည် မဂ္ဂင်ထိုက်သော သီလ၊ မဂ္ဂင်ထိုက်သော သမာဓိ၊ မဂ္ဂင်ထိုက်သောပညာတို့အပေါ်၌ လုံလောက်စွာ အခြေခံရလျှင်မူ အတိုင်းမသိနိုင်သောတန်ခိုး၊ အတိုင်းမသိနိုင်သောဣဒ္ဓိပါဒ်တို့ကို ဖြစ်စေနိုင်မည်မှာ အထူးပြောစရာ မလိုပါချေ။ ထိုသတ္တိ၊တန်ခိုး၊ ဣဒ္ဓိပါဒ်တို့ကြောင့်သာ ထိုပုဂ္ဂိုလ်မြတ်များသည် မိမိတို့၏ ဩဝါဒများကို ဤ ကမ္ဘာမြေပြင်၌ နေထိုင်ကြသူများအနေဖြင့် ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းရေးနှင့် မြင့်မြတ်သော ဘဝကို ထူထောင်နိုင်ရေးအတွက် လိုက်နာကျင့်သုံးနိုင်ရန် ယနေ့အထိပင် တည်တံ့အောင် ဆောင်ရွက်နိုင်ခဲ့ကြခြင်း ဖြစ်၏။

**ကျေးဇူးကြီးသူများ** အမှန်အားဖြင့် ထိုပုဂ္ဂိုလ်မြတ်များသည် ဤကမ္ဘာမြေပြင်၌ အသက်ရှင် လှုပ်ရှားကြခြင်းမှာ သူတို့အတွက် မဟုတ်၊ လောကအတွက် ဖြစ်၏။ ထို့ကြောင့် သူတို့သည် သူတို့၏ဘဝကိုထူထောင်ပြီး၊ သူတို့၏ဘဝကို လောကအတွက် အသုံးချသွားသူများဖြစ်ကြခြင်းဖြစ်၏။ သူတို့အတွက် အသုံးချသွားသူများကား မဟုတ်ကြချေ။ ဤကမ္ဘာမြေပြင်၌ လူတို့အနေဖြင့် မျှော်လင့်သော၊ ချမ်းမြေ့သော၊ ငြိမ်းချမ်းသောဘဝမျိုးဖြင့် အသက်ရှင်နေထိုင်သွားတတ်အောင် အချိန်ပြည့် သွန်သင်နေကြသူများ ဖြစ်ခြင်းဖြစ်၏။ သို့ဖြစ်၍သာ ထိုပုဂ္ဂိုလ်မြတ်များသည် ကမ္ဘာသမိုင်း၌ အနှိုင်းမဲ့မြင့်မြတ်သူများအဖြစ် မှတ်တမ်းတင်ခံရခြင်းဖြစ်၏။ ထို့ကြောင့် သူတို့၏ ကျေးဇူးသည် လောကအပေါ် အတိုင်းမသိကြီးမားပါ၏။

သို့ကြီးမားသော်လည်း လောကတွင် သူတို့၏ကျေးဇူးကို သိတတ်သူများကား နည်းပါးလှ၏။ အမှန်အားဖြင့် သူတို့၏ ကျေးဇူးကိုသိမှ သူတို့၏ဂုဏ်ကို သိရာရောက်၏။ အစပထမတွင်မူ သူတို့၏ ဩဝါဒကို တိတိကျကျ လိုက်နာခြင်းအားဖြင့် ပျော်ရွှင်သော၊ ချမ်းမြေ့သော၊ ငြိမ်းချမ်းသော ဘဝမျိုးကို လက်တွေ့အားဖြင့် ထူထောင်နိုင်ကြလေသောကြောင့် သူတို့၏ကျေးဇူးကိုသိသူ အများအပြား ရှိနိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် နောက်ပိုင်း၌ ဘာသာရေးကို ပစ္စုပ္ပန်၏ဘဝလမ်းညွှန်အဖြစ် အဓိပ္ပာယ် မကောက်ယူတော့ဘဲ တမလွန်ဘဝလမ်းညွှန်အဖြစ် ကောက်ယူပြီး ယင်း၏ သွန်သင်ချက်များကို လွဲမှားစွာ အသုံးပြုလေတော့၏။ ပစ္စက္ခချမ်းသာရေးအတွက် လူသားတို့အပေါ်၌ ထက်သန်သော သဒ္ဓါ, စေတနာ တို့ဖြင့် မိမိတို့၏ ရက်ရောမှုများကို မပြတော့ဘဲ တမလွန်ချမ်းသာရေးအတွက် အလှူခံပုဂ္ဂိုလ်မြတ်များ အပေါ်၌သာ မိမိတို့၏ရက်ရောမှုကို ပြလေ၏။ ထိုအခါမှစ၍ ဘာသာတရားများသည် ဤကမ္ဘာမြေပြင်၌ လူတို့အတွက် နေ့စဉ် ပျော်ရွှင်သော, ချမ်းမြေ့သော, ငြိမ်းချမ်းသော ဘဝများကို ထူထောင်မပေးနိုင်တော့ဘဲ ဘာသာတစ်ခုနှင့်တစ်ခု အချင်းချင်းငြင်းခုံရာ, အားပြိုင်ရာ, ရန်လိုရာ, နှိပ်ကွပ်ရာ အမှတ်အသား ဖြစ်ခဲ့ပါ၏။ ထို့ကြောင့်ပင် ကမ္ဘာ့သမိုင်း၌ ပြင်းထန်စွာ ဆင်နွှဲကြသော ဘာသာရေးစစ်ပွဲများကို တွေ့ရှိရခြင်း ဖြစ်လေ၏။

**ဘာသာရေးစစ်ပွဲများ**

အမှန်အားဖြင့် ဘာသာရေးစစ်ပွဲများသည် ကမ္ဘာ့သမိုင်း၌ဘာသာမဲ့များ ပေါ်ပေါက်လာခြင်း၏ ပြဋ္ဌာန်းသော အကြောင်းရင်းတစ်ရပ်လည်း ဖြစ်နိုင်၏။ ဘာသာရေးသည် လူ့ဘောင်တိုးတက်မှု၏ အဟန့်အတား ဖြစ်သည်ဟူသော ဝါဒကြမ်း တစ်ခုကို ဖြစ်ထွန်း ပေါ်ပေါက်စေခြင်း၌ ပြဋ္ဌာန်းသော အကြောင်းရင်း တစ်ရပ်လည်း ဖြစ်နိုင်ပါ၏။

ဤသည်များမှာ မူလဘာသာရေးခေါင်းဆောင်များ၏ ကြီးမားသော ကရုဏာ, ပညာနှင့် စေတနာတို့ကို အမှောင်ချသော မောဟတရား၏ လွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသော လောဘရမ္မက်၏ ဖန်ဆင်းမှုများပင် ဖြစ်လေ၏။

ထိုအခါ ဘာသာဝင်တို့သည် မိမိတို့၏ဆိုင်ရာ အလွန်မြင့်မြတ်သော ဘာသာရေးခေါင်းဆောင်အပေါ် အလွန်ကျေးဇူးကန်းရာရောက်လေ၏။ ကျေးဇူးကန်းရာရောက်သည် ဆိုလျှင်ပင် မြင့်မြတ်သောဘာသာရေးခေါင်းဆောင်များ၏ ဂုဏ်ကျေးဇူးကို ချေဖျက်ရာလည်း ရောက်လေ၏။

**ပစ္စုပ္ပန်တည့်တည့်ကို ဦးစားပေးရမည်**

ဘာသာတရားများ၏ မူရင်းအဓိပ္ပာယ်သည် ပစ္စုပ္ပန်တည့်တည့်ကို ပဓာနထားပြီး လူတိုင်းလူတိုင်း၏ နေ့စဉ်လှုပ်ရှားမှုများ၌ လက်တွေ့ ချမ်းသာရာနည်းအနေဖြင့် လက်တွေ့ အသုံးချရန် ဖြစ်၏။ ထိုကဲ့သို့ အသုံးချပါက တမလွန်ချမ်းသာသဘောကိုပါ အလိုလို ဆောင်ကြဉ်းပြီးသားဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရလျှင် ဘာသာတရားများအရ ပစ္စုပ္ပန်သည် တမလွန်ထက်ပို၍ပြဋ္ဌာန်း၏။ ပစ္စုပ္ပန်ကောင်းလျှင် တမလွန်သည် အလိုလိုကောင်းပြီးသား ဖြစ်၏။ အကယ်၍ ပစ္စုပ္ပန်ကို ကျော်လွန်ပြီး တမလွန်ကောင်းရေးကို ပို၍ဦးစားပေးလျှင် ထိုဘာသာရေးသည် စစ်မှန်သော ဘာသာရေးမဟုတ်။ ထိုအဓိပ္ပာယ်သည်လည်း ဘာသာရေး၏စစ်မှန်သောအဓိပ္ပာယ်မဟုတ်။ အမှန်အားဖြင့် သင်္ချာဘာသာ၌ "တစ်"မပါဝင်ဘဲ "နှစ်"ကို တည်ဆောက်၍ မရသကဲ့သို့ ဘာသာတရား၌လည်း ပစ္စုပ္ပန်အကျိုးမပါဘဲ တမလွန်အကျိုးကို မှန်ကန်စွာ တည်ဆောက်၍ မရကောင်းပေ။

www.burmeseclassic.com

www.burmeseclassic.com



အသောကမင်းကြီး၏ သတ္တမကျောက်စာ၌—

သ ဝေ ဟိ တော သံယမံ စ ဘာဝသုဓိ ဣဆံတိ- ဟူ၍ ရေးထိုးထားကြောင်း ရှင်အာဒိစ္စဝံသ၏ အသောက ကျောက်စာတော်စာအုပ်၌ တွေ့ရ၏။ ကျောက်စာ၏ အနက်မှာ —

ဟိ၊ မှန်၏။ သ ဝေ၊ အလုံးစုံကုန်သော ။ တော၊ ထိုအယူဝါဒများသည်။ သံယမံ စ၊ ကိုယ်ကျင့်သိက္ခာ စောင့်စည်းခြင်းကို လည်းကောင်း။ ဘာဝသုဓိ စ၊ ပစ္စုပ္ပန်ဘဝ၏ စင်ကြယ်မြင့်မြတ်မှုကိုလည်းကောင်း။ ဣဆံတိ၊ အလိုရှိကြကုန်၏။—

ဟူ၍ ဖြစ်လေရာ စစ်မှန်သော ဘာသာတရားများ၏ မူရင်းရည်ရွယ်ချက်မှာ ဤကမ္ဘာမြေပြင်၌ လူတို့သည် မိမိတို့အသက်ရှင် နေထိုင်ကြစဉ် ကာလအတွင်း ထာဝစဉ် ပျော်ရွှင်သော, ချမ်းမြေ့သော, ငြိမ်းချမ်းသော ဘဝမျိုးကို ထူထောင်နိုင်စိမ့်သောငှာ မိမိတို့၏ကိုယ်ကျင့်သိက္ခာကို မြင့်မားအောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မိမိတို့ဘဝ၏ စင်ကြယ်မြင့်မြတ်မှုကို တန်ဖိုးထားရန် ဟူ၍ ဖြစ်လေ၏။

ထို့ကြောင့် ကမ္ဘာ့သမိုင်း၌ မြင့်မြတ်သော ဘာသာရေးခေါင်းဆောင်များအဖြစ် မှတ်တမ်းတင်ခြင်း ခံရသော ပုဂ္ဂိုလ်မြတ်ကြီးများက လူသားများအနေဖြင့် ကိုယ်ကျင့်သိက္ခာ မြင့်မားအောင်ထိန်းသိမ်းရန်၊ တစ်နည်း– စင်ကြယ်မြင့်မြတ်အောင်ကျင့်သုံးရန် သွန်သင် ထားရာ ယင်းသွန်သင်ချက်များသည် ဘာသာတစ်ခုနှင့်တစ်ခု သစ္စာအဆင့်အရ အချင်းချင်း မတူညီကြစေကာမူ ဤကမ္ဘာမြေပြင်၌ လူတို့အတွက် ထာဝစဉ်ပျော်ရွှင်သော, ချမ်းမြေ့သော, ငြိမ်းချမ်းသောဘဝကို ထူထောင်ရန်အတွက်မူ ရည်ရွယ်ချက်ချင်း တူညီပါ၏။ ထို့ကြောင့် ဘာသာတရားများသည် လောက၏ အစီးအပွားအတွက် သွန်သင်ရာ၌ သစ္စာအဆင့်အရ ဘာသာတစ်ခုနှင့်တစ်ခု မတူညီကြစေကာမူ ကိုယ်ကျင့်သိက္ခာ မြင့်မားအောင် ထိန်းသိမ်းမှု (သံယမ) နှင့် ဘဝစင်ကြယ်မြင့်မြတ်အောင် နေထိုင်ကျင့်သုံးမှု (ဘာဝသုဒ္ဓိ) တို့အတွက် ဦးတည်ရာ၌မူ တူညီကြသဖြင့် နှစ်သက်ဖွယ်ဖြစ်ကြောင်း အသောကမင်းကြီးက သူ၏ ကျောက်စာ၌ ရေးထိုးထားစေခြင်း ဖြစ်လေ၏။

**မျက်စိဖြင့်မြင်ရသလို သိသောအသိဉာဏ်**

ကမ္ဘာ့သမိုင်း၌ ထင်ရှားသော ဘာသာရေး ခေါင်းဆောင်များ အနက် အခြားသောဘာသာရေးခေါင်းဆောင်များနှင့်ပတ်သက်၍ နေရာမဟုတ်သဖြင့် နောက်ထပ်ဆိုရန် မရှိသော်လည်း ဗုဒ္ဓနှင့် ပတ်သက်၍မူ ဆိုရန်ရှိပါ၏။ ဗုဒ္ဓသည် အကြောင်းအကျိုး ဆက်နွယ်မှုအပေါ်၌ အခြေတည်သော တွေးခေါ်မြော်မြင်မှုကို တကယ်တမ်းမှန်ကန်သော အရိယသစ္စာသိ အနေဖြင့် သတ်မှတ်ခြင်းမရှိ။ ကြောင်းကျိုးဆက်နွယ်မှုအရ ဖြစ်ပေါ် ခြင်းသည် ပဋိစ္စသမုပ္ပါဒ်အနုလောမဖြစ်စဉ် ဖြစ်သဖြင့် "လောက" ဖြစ်၏။ လောကသည် အမှောင်ဖြစ်၏။ ကြောင်းကျိုးဆက်နွယ်မှုအရ ပြတ်တောက်ခြင်းသည် ပဋိစ္စသမုပ္ပါဒ် ပဋိလောမ ဖြစ်စဉ်ဖြစ်သဖြင့် "လောကုတ္တရာ" ဖြစ်၏။ လောကုတ္တရာသည် အလင်းဖြစ်၏။

www.burmeseclassic.com



ထိုအမှောင် အလင်းနိယာမ–အရ တကယ်တမ်းမှန်ကန်သော အရိယသစ္စာသိ ဟူသည်မှာ မွန်းတည့်ချိန်၌ အရာဝတ္ထုတစ်ခုကို မိမိကိုယ်ပိုင် ပကတိမျက်စိဖြင့် ထင်ထင်ရှားရှား မြင်ရသောအခါ မိမိမြင်သော အရာဝတ္ထုနှင့် ပတ်သက်၍ ယုံမှားခြင်းမရှိဘဲ မှန်ကန်သော အသိဉာဏ်ကိုရသကဲ့သို့ ထို့အတူ သစ္စာလေးပါးကို သိရာ၌လည်း မွန်းတည့်ချိန်၌ ပကတိမျက်စိဖြင့် မြင်၍ သိရသကဲ့သို့ မဂ်ဉာဏ်မျက်စိဖြင့် မြင်၍သိ၏။ ထိုအသိမျိုးကိုသာ အရိယသစ္စာသိအဖြစ် သတ်မှတ်ပါ၏။ ထို့ကြောင့် ဗုဒ္ဓပိဋကတော်၌ တွေ့ရသော "ဒဿန"ဟူသည်မှာ တက္က–မဟုတ်၊ "စက္ခု" ဖြစ်၏။ ကြောင်းကျိုး ဆက်နွယ်မှု အပေါ်၌ အခြေတည်သော တွေးခေါ်မြော်မြင်မှုဆိုင်ရာ အမြင်မဟုတ်၊ ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ မြင်ရသော အသိဉာဏ်ဆိုင်ရာ အမြင်ဖြစ်၏။

**ဝေနေယျတို့ကို မြင်အောင်ပြခြင်း**

ဗုဒ္ဓသည် ဝေနေယျတို့အား ဒေသနာတော်ကို ဟောကြားတော်မူရာ၌ ပကတိမျက်စိလိုမြင်သော ဉာဏ်မျက်စိဖြင့်သာ မြင်တော်မူပြီးမှ ဟောကြားတော် မူခြင်းဖြစ်၏။ ဗုဒ္ဓသည် ပကတိမျက်စိလိုမြင်သော ဉာဏ်မျက်စိကို အသုံးပြုရာ၌ နာမ်ရုပ်ကိုမြင်၍ သိသော"နာမရူပပရိစ္ဆေဒဉာဏ်"မှစ၍အသုံးပြုတော်မူ၏။ ဤသည်မှာ ဗုဒ္ဓဒဿန–၏ ထူးခြားချက်ဖြစ်၏။ ဤထူးခြားချက်ဖြင့်ပင် ဗုဒ္ဓသည် ဝေနေယျတို့အား သစ္စာလေးပါးကို ကိုယ်တိုင်ကိုယ်ကျ မြင်အောင်ကြည့်စေတော်မူခဲ့၏။ မိမိကိုယ်တိုင်လည်း မြင်အောင်ကြည့်ပြီး ဖြစ်၏။ မိမိကိုယ်တိုင် မြင်တော်မူခဲ့သည့် ကြည့်နည်းအတိုင်းပင် ဝေနေယျတို့အား ကြည့်စေတော်မူခြင်း ဖြစ်၏။ ဗုဒ္ဓကြည့်စေတော်မူသည့် ကြည့်နည်းအတိုင်းကြည့်ရာ ဝေနေယျတို့သည်လည်း သစ္စာလေးပါးကို ပကတိမျက်စိဖြင့် ထင်ထင်ရှားရှား မြင်ရသလိုပင် မဂ်ဉာဏ်မျက်စိဖြင့် မြင်ကြရလေ၏။ ယင်းကိုပင် "မျက်မှောက်ပြုခြင်း" ဟူ၍လည်း ဆိုပါ၏။

**ထူးခြားသောချမ်းသာရှာနည်း**

ဗုဒ္ဓ၏ စစ်မှန်သော ချမ်းသာရှာနည်းသည်လည်းထူးခြားပါ၏။ ဤ ချမ်းသာရှာနည်းကား ဗုဒ္ဓဖော်ထုတ်တော်မူသော ချမ်းသာရှာနည်း ဖြစ်၏။ အမှန်အားဖြင့် ဤချမ်းသာရှာနည်းကို သဗ္ဗညုတဉာဏ်တော်ရှင်များသာ ဖော်ထုတ်တော်မူနိုင်၏။ ပစ္စေကဗုဒ္ဓ များလည်း ဖော်ထုတ်နိုင်ပါ၏။ သို့ရာတွင် ပစ္စေကဗုဒ္ဓများကား မိမိမှတစ်ပါးသော ဝေနေယျများအား မိမိကြည့်သလို ကြည့်တတ်အောင် ဖော်ပြနိုင်ခြင်းမရှိ။ သဗ္ဗညုတဉာဏ်တော်ရှင် သမ္မာသမ္ဗုဒ္ဓများသာ ဝေနေယျအားလုံးတို့အား ဖော်ပြနိုင်စွမ်း ရှိကြ၏။

အခြားသူများအနေဖြင့် ချမ်းသာကိုရှာကြရာတွင် အသစ်အသစ်သော အာရုံဝတ္ထုများကို ရအောင် ရှာဖွေအားထုတ်ခြင်း၌ ချမ်းသာကို ရှာကြ၏။ ဗုဒ္ဓကား ထိုကဲ့သို့မဟုတ်။ မိမိသန္တာန်၌ ကိန်းနေသော အဟောင်းအဟောင်းဖြစ်သော "တဏှာ"ကို တွေ့အောင်ရှာဖွေပြီး ယင်းကိုပယ်သတ်နိုင်ရန် အားထုတ်ခြင်း၌ ချမ်းသာကို ရှာ၏။ အမှန်အားဖြင့် အသစ်အသစ်သော အာရုံဝတ္ထုများကို ရအောင်ရှာခြင်းသည် ဒုက္ခကိုရှာခြင်းဖြစ်၏။ ချမ်းသာကို ရှာခြင်းမဟုတ်။ အဘယ်ကြောင့်ဆိုသော် အသစ်

www.burmeseclassic.com

www.burmeseclassic.com



အသစ်သော အာရုံဝတ္ထုများကို ရခြင်းသည် ဘဝကို ရခြင်းမည်၏။ ဘဝကိုရနေသရွေ့ တဏှာသည် ရှိနေမည်ဖြစ်၏။ တဏှာရှိနေသေးသရွေ့လည်း ဒုက္ခသည် ရှိနေမည်ဖြစ်၏။ ထို့ကြောင့် အသစ်အသစ်သော အာရုံဝတ္ထုများကို ရအောင်ရှာခြင်းသည် "ဒုက္ခကို ရှာခြင်းဖြစ်သည်" ဟူ၍ ဆိုအပ်၏။

သို့ဖြစ်၍ ဗုဒ္ဓသည် စစ်မှန်သော ချမ်းသာကို ရှာရာ၌ အသစ်အသစ်သော အာရုံဝတ္ထုများကို ရအောင်မရှာဘဲ မိမိ၏သန္တာန်၌ အစမထင် သံသရာမှစ၍ ကိန်းနေသော တဏှာကိုသာ တွေ့အောင်ရှာလေ၏။ တဏှာကို တွေ့အောင်ရှာနိုင်လျှင် တဏှာ၏ကုန်ရာ ချမ်းသာကို တွေ့အောင်ရှာနိုင်၏။ တဏှာ၏ကုန်ရာချမ်းသာကို "နိဗ္ဗာန်" ဟုဆို၏။ နိဗ္ဗာန်၏အနက်မှာလည်း "ဝါနတော နိက္ခန္တံ" အရ တဏှာမှ ထွက်မြောက်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် တဏှာမှ နည်းနည်းထွက်မြောက်နိုင်လျှင် နည်းနည်းချမ်းသာ၏။ များများထွက်မြောက်နိုင်လျှင် များများချမ်းသာ၏။ မြစ်ပြတ် ထွက်မြောက်နိုင်လျှင် အတုမဲ့ ချမ်းသာကိုရ၏။

**စစ်မှန်သောချမ်းသာရှာနည်း**

ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် "အနေကဇာတိသံသာရံ" ဖြင့်အစရှိသော ဥဒါန်းဂါထာတော်ကို ကျူးရင့်တော်မူခြင်းသည် စစ်မှန်သောချမ်းသာ ရှာနည်းကို ဖော်ပြခြင်းပင်ဖြစ်၏။ ဤ ဥဒါန်းဂါထာတော်၌—

> "ဗုဒ္ဓသည် အလောင်းတော်အနေဖြင့် ဘဝများစွာ သံသရာ တစ်လျှောက်လုံး တဏှာကို ရှာခဲ့၏။ ထိုသို့ ရှာခဲ့ပါသော်လည်း တဏှာကို တွေ့အောင် မရှာနိုင်သဖြင့် ဘဝအမျိုးမျိုး ဖြစ်ခဲ့ရ၏။ ဘဝအမျိုးမျိုး ဖြစ်ရခြင်းသည် အဖန်ဖန်ဆင်းရဲဒုက္ခကို ခံစားရခြင်းပင် ဖြစ်၏။ ယခု တဏှာကိုတွေ့ပြီ၊ တဏှာကိုတွေ့သဖြင့် တဏှာ၏စွမ်းအင်ကို ဖျက်ဆီးလိုက်နိုင်ပြီ။ ထို့ကြောင့် နောက်ထပ် ဘဝကို မရတော့၊ ဘဝကို မရခြင်းသည်ပင် စစ်မှန်သော ချမ်းသာကို ရခြင်း ဖြစ်၏။ စစ်မှန်သော ချမ်းသာဟူသည်မှာ တဏှာ၏ ကုန်ခြင်းဖြစ်၏။ တဏှာ၏ ကုန်ခြင်းဟူသည်မှာလည်း အတုမဲ့ချမ်းသာ **နိဗ္ဗာန်** ဖြစ်၏"။—

ဟူ၍ ဗုဒ္ဓကိုယ်တိုင် ကျူးရင့်ထားတော်မူသည်ကို တွေ့ရ၏။ ထို့ကြောင့် စစ်မှန်သော ချမ်းသာသည် အသစ်အသစ်သော အာရုံ, ဝတ္ထုများကိုရခြင်း၌ မရှိ။ အဟောင်း အဟောင်းသော တဏှာကုန်ခန်းခြင်း၌သာရှိ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ချမ်းသာ ရှာနည်းသည် ကမ္ဘာသမိုင်း၌ အခြားပုဂ္ဂိုလ်များ၏ ချမ်းသာရှာနည်းနှင့် မတူခြင်းပင်ဖြစ်၏။

ဗုဒ္ဓ၏ ဒေသနာတော်အရ တကယ်တမ်းစစ်မှန်သော ချမ်းသာသည် ဘဝ၏ ကုန်ခြင်း (ခီဏာ ဇာတိ) ၌ ရှိသည်မှန်၏။ သို့ရာတွင် ထိုအဆင့်သို့မရောက်မီ ယင်း၏ ရှေ့၌ အဆင့်များစွာ ရှိသေး၏။ အဆင့်များစွာအနက် ပဓာနကျသော အဆင့်များကို ဖော်ပြရလျှင် ပထမဦးဆုံးသောအဆင့်မှာ ဗြဟ္မစိုရ်အဆင့်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**လူကိုလူလိုမြင်တတ်အောင်ကြည့်နည်း** ဤ ကမ္ဘာမြေပြင်၌ လူတို့သည် ပျော်မွေ့ဖွယ်ကောင်းသော, ချမ်းမြေ့သော, ငြိမ်းချမ်းသော ဘဝကို ထူထောင်လိုကြပါလျှင် မိမိ၏ ပတ်ဝန်းကျင်ရှိလူများကို လူလိုမြင်တတ်အောင် ကြည့်တတ်ရန်လို၏။ မိမိ၏ ပတ်ဝန်းကျင်တွင် ရှိကြသည်မှာ သက်ရှိလည်းရှိ၏။ သက်မဲ့လည်းရှိ၏။ ထို့တွင် လူသည် ပဓာနအကျဆုံးဖြစ်၏။ ထို့ကြောင့် လူကိုလူလို မြင်တတ်ရန် အရေးကြီး၏။ လူကိုလူလိုမြင်တတ်အောင် ကြည့်ရာ၌ "ဗြဟ္မစိုရ်"မျက်စိ ရှိမှ ဖြစ်၏။

ဗြဟ္မစိုရ် မျက်စိမရှိလျှင် လူကို လူလိုမြင်တတ်အောင် မကြည့်တတ်။ လူကို ကုလားလိုလည်း မြင်တတ်၏၊ တရုတ်လိုလည်း မြင်တတ်၏၊ သူဌေးလိုလည်း မြင်တတ်၏၊ ဆင်းရဲသားလိုလည်း မြင်တတ်၏၊ အရာရှိကြီးလိုလည်း မြင်တတ်၏၊ ရှုံးလုလင်လိုလည်း မြင်တတ်၏။ ဤ အမြင်များမှာ "ပပဉ္စ" မျက်စိဖြင့်ကြည့်၍ မြင်သောအမြင်များ ဖြစ်ကြ၏။ "ပပဉ္စ" ဟူသည် တဏှာ, မာနနှင့်, ဒိဋ္ဌိတို့၏ အမည်ဖြစ်၏။ ထို့ကြောင့် "ပပဉ္စ" မျက်စိဟူသည် အတ္တမျက်စိပင် ဖြစ်၏။ ထို့ကြောင့် လူသည် လူကို အတ္တမျက်စိဖြင့်ကြည့်ပြီး အတ္တအမြင်ဖြင့် ဆောင်ရွက်နေသမျှ ကာလပတ်လုံး ဤကမ္ဘာမြေပြင်၌ ပျော်မွေ့ဖွယ်ကောင်းသော, ချမ်းမြေ့ဖွယ် ကောင်းသော, ငြိမ်းချမ်းသောဘဝကို ထူထောင်၍ မရနိုင်ခြင်းမှာ မိမိတို့၏ လက်တွေ့ပင် ဖြစ်၏။ လက်တွေ့ခံစားချက်ပင် ဖြစ်၏။

**သမာဓိဉာဏ်မျက်စိ** ထို့နောက် လူကို သမာဓိ ဉာဏ်မျက်စိဖြင့် ကြည့်ရပြန်၏။ လူကို သမာဓိ ဉာဏ်မျက်စိဖြင့် ကြည့်သောအခါ လူကို လူအဖြစ်လည်း မမြင်တော့၊ ပုဂ္ဂိုလ်အဖြစ်လည်း မမြင်တော့၊ သတ္တဝါအဖြစ်လည်း မမြင်တော့၊ ဒြပ်ဝတ္ထုအနေဖြင့် ဘာကိုမျှမမြင်တော့၊ တကယ်တမ်းမြင်ရသည်ကား ရုပ်နှင့်နာမ် (သို့မဟုတ်) ခန္ဓာ သာဖြစ်လေ၏။ ထိုအခါ ဒိဋ္ဌိလည်း အထိုက်အလျောက် ကွာ၏။ ဝိစိကိစ္ဆာလည်း အထိုက်အလျောက် ကွာ၏။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အထိုက်အလျောက် ကွာလျှင် လောဘ နှင့် မောဟ လည်း အထိုက်အလျောက် ကွာလေ၏။ လောဘနှင့်မောဟ အထိုက်အလျောက်ကွာလျှင် ကွာသလောက် ချမ်းသာကိုရပါ၏။ ဤချမ်းသာသည် သာလျှင် သစ္စာနှင့်ယှဉ်သော ချမ်းသာဖြစ်၏။ သို့ရာတွင် ဤချမ်းသာမျိုး၏ စစ်မှန်သော သဘောကိုမူ ပပဉ္စ မျက်စိဖြင့်လည်း မမြင်နိုင်၊ ဗြဟ္မစိုရ်မျက်စိဖြင့်လည်း မမြင်နိုင်၊ သမာဓိဉာဏ်မျက်စိဖြင့်သာ မြင်နိုင်ပါ၏။

**ဝိပဿနာဉာဏ်မျက်စိ** ထို့နောက် ဝိပဿနာ ဉာဏ်မျက်စိဖြင့် ကြည့်ရပြန်၏။ ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်သောအခါ လူကိုလူအဖြစ် လည်းမမြင်၊ ရုပ်နှင့်နာမ် (သို့မဟုတ်) ခန္ဓာ အဖြစ်လည်းမမြင်။ သို့ရာတွင် "ဖြစ်–ပျက်" ကိုသာ မြင်လေသည်။ ဖြစ်ပျက်ကို မြင်သည်နှင့်တစ်ပြိုင်နက် မြင်သူ၏

www.burmeseclassic.com

www.burmeseclassic.com



သန္တာန်တွင် လောဘနှင့် မောဟသည် ရှေးကထက်ပို၍ နည်းပါးသွားလေပြီ။ ထိုအခါ စစ်မှန်သော ချမ်းသာသည်လည်း ရှေးကထက်ပို၍ ထင်ရှားလာလေ၏။ ကျမ်းဂန်များ၌မူ ဤချမ်းသာကို "စကြဝတေးမင်း၏ ချမ်းသာထက် သာလွန်ကြောင်း" ဖော်ပြကြ၏။ လောဘ (သမုဒယသစ္စာ) ချုပ်ငြိမ်းသည်နှင့်အမျှ စစ်မှန်သော ချမ်းသာသည် ပို၍ပို၍ ထင်ရှားလာသည်မှာ လူတို့အနေဖြင့် မငြင်းနိုင်သော အထောက်အထား ဖြစ်၏။ ကိုယ်တွေ့ပင်ဖြစ်၏။

**မဂ်ဉာဏ်မျက်စိ**

ထို့နောက် မဂ်ဉာဏ်မျက်စိဖြင့် ကြည့်ရပြန်၏၊ မဂ်ဉာဏ်မျက်စိဖြင့် ကြည့်သောအခါ၌ကား– လောကတွင် လူကိုလည်း မမြင်တော့၊ ရုပ်နှင့်နာမ် (သို့မဟုတ်) ခန္ဓာကိုလည်း မမြင်တော့၊ ဖြစ်ပျက် ကိုလည်း မမြင်တော့၊ အမှန်မြင်သည်ကား ဖြစ်ပျက်တို့၏ ကုန်ဆုံးရာသာ ဖြစ်၏။ ဖြစ်ပျက်တို့၏ ကုန်ဆုံးရာကို "နိဗ္ဗာန်" ဟူ၍ ဆို၏။ နိဗ္ဗာန်ကို မြင်သည်နှင့်တစ်ပြိုင်နက် တဏှာ (သမုဒယသစ္စာ)သည် ချုပ်လေတော့၏။အကယ်၍ မဂ်ဉာဏ်မျက်စိသည် အရဟတ္တမဂ်ဉာဏ်မျက်စိဖြစ်လျှင် တဏှာသည် အပြီးတိုင် ချုပ်လေ၏။ ကိလေသာဟူသမျှ အားလုံးလည်း အပြီးတိုင်ချုပ်လေ၏။ ထိုအခါ၌ ရရှိသောချမ်းသာ သည်ကား ဗုဒ္ဓဘာသာဝင်များအနေဖြင့် နောက်ဆုံးမျှော်မှန်းသော ချမ်းသာဖြစ်၏။ မြတ်စွာဘုရားသည်လည်း ဤချမ်းသာကို ရရှိနိုင်စေရေးအတွက် ဝေနေယျတို့အား ညွှန်ကြားနိုင်ရန် မိမိကိုယ်တိုင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကာ ဘုရားရှင်အဖြစ်သို့ရောက်အောင် အားထုတ်ခြင်းဖြစ်၏။ ထို့ကြောင့် မြင်စရာအာရုံများသည်လည်း "နိဗ္ဗာန်" မဟုတ်သေးလျှင် ပြောင်းလဲနိုင်သော အမှန်သာဖြစ်၏။ ထာဝရသစ္စာမဟုတ်၊ ယာယီသစ္စာသာဖြစ်၏။ မြင်တတ်သော ဉာဏ်မျက်စိသည်လည်း "မဂ်ဉာဏ်မျက်စိ" မဟုတ်သေးလျှင် ထို့နည်းအတူပင် ပြောင်းလဲနိုင်သောအမှန်နှင့် ယာယီသစ္စာသာဖြစ်၏။ မပြောင်းလဲနိုင်သောအမှန်နှင့် ထာဝရသစ္စာမဟုတ်။

အရဟတ္တမဂ်ဉာဏ်ကို ရပြီးသူအား တောင်ထိပ်သို့ရောက်ပြီးသူ "ပဗ္ဗတဋ္ဌ" ဟူ၍လည်းကောင်း၊ ပြာသာဒ်ထိပ်သို့ရောက်ပြီးသူ "ပါသာဒဋ္ဌ" ဟူ၍လည်းကောင်း တင်စား၍ဆိုပါ၏။ တောင်ထိပ်သို့ရောက်ပြီးသူသည် တောင်ခြေရှိ အရာအားလုံးကို ကောင်းစွာမြင်နိုင်၏။ မြင်နိုင်သည့်အလျောက် လိုအပ်သလိုလည်း ညွှန်ကြားနိုင်၏။ သူ့အတွက် နောက်ထပ်တက်စရာ မလိုတော့၊ အပေါ်ကိုကြည့်စရာလည်း မလိုတော့၊ အောက်ကိုသာ ကြည့်ဖို့လို၏။ ထိုနည်းအတူပင် အရဟတ္တမဂ်ကို ရပြီးသူသည်လည်း လောကကို အပေါ်ကစီး၍ ကောင်းစွာမြင်နိုင်၏။ ထိုအခါ သူ့အတွက် နောက်ထပ်ဆောင်ရွက်စရာ ဘာမျှမရှိတော့၊ သူ့အတွက် ဆောင်ရွက်စရာ ကိစ္စများကို အားလုံးဆောင်ရွက်ပြီးဖြစ်၏။ သူ့အတွက် သူသည် အထွတ်သို့ ရောက်ပြီးလေပြီ။ ဤလောက၌ အသက်ရှင်နေသရွေ့ ကာလပတ်လုံး သူ၏ဆောင်ရွက်ချက်မှန်သမျှသည် သူ့အတွက် မဟုတ်တော့၊ လောကအတွက်သာ ဖြစ်၏။ ထို့ကြောင့် သူ၏

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်နေရခြင်းသည် လောကအတွက် အသက်ရှင်နေရခြင်းပင် ဖြစ်၏။ သူ့ဘဝသည် သူ့အတွက် ဘဝမဟုတ်၊ လောကအတွက် ဘဝသာဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးကို ကျမ်းဂန်များ၌ "ရဟန္တာ" ဟူ၍ ဆို၏။

ဗုဒ္ဓသာသနာတော်အရ တဏှာမကင်းသေးသရွေ့ ကာလပတ်လုံး သိစရာအာရုံတို့သည်လည်း အမျိုးမျိုးဖြစ်ကြ၏။ အသိတို့သည်လည်း အမျိုးမျိုးဖြစ်ကြ၏။ ထိုသို့ အမျိုးမျိုးဖြစ်ကြသော်လည်း သူ့နယ်ပယ်နှင့်သူ သိစရာတို့သည်လည်း သစ္စာထိုက်သော သိစရာများသာ ဖြစ်ကြ၏။ အသိတို့သည်လည်း သစ္စာထိုက်သော အသိများသာ ဖြစ်ကြ၏။ အသိနယ်ပယ်တစ်ခုက အသိနယ်ပယ်တစ်ခုကို ကျော်၍ကြည့်လျှင်သာ သိစရာများနှင့်အသိများသည် သစ္စာမထိုက်ကြခြင်းဖြစ်၏။ သူ့နယ်ပယ်နှင့်သူ ကြည့်လျှင်ကား အားလုံး သစ္စာထိုက်ကြသည်ချည်း ဖြစ်၏။

**အိပ်မက်အသိများ** အိပ်မက်အတွင်း၌ သိစရာများနှင့် အသိများသည် အိပ်မက်နယ်ပယ်အတွင်း၌မူ အားလုံးအမှန်ချည်း ဖြစ်ကြ၏။ ထိုသဘောသည် လက်တွေ့အရ မငြင်းနိုင်သော ကိုယ်တွေ့များ ဖြစ်ကြ၏။ အကယ်၍ နိုးလာသောအခါ၌မူ သိစရာများနှင့် အသိများသည် နယ်ပယ်ပြောင်းသွားကြလေပြီ။ ထိုအခါ အိပ်မက်အတွင်း မိမိကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသော သိစရာများသည် လည်းကောင်း၊ အသိများသည် လည်းကောင်း နိုးကြားနယ်ပယ်အတွင်း၌ သစ္စာမထိုက်တော့၊ အားလုံးအမှားချည်းသာ ဖြစ်ကြ၏။ ထိုသို့ဖြစ်ရခြင်းမှာ အသိနယ်ပယ် ပြောင်းသွားသောကြောင့် ဖြစ်၏။ ထိုနည်းအတူပင် ပုထုဇဉ်နယ်ပယ်အတွင်း၌ မိမိတို့ကိုယ်တိုင် တွေ့ကြုံ ခံစားခဲ့ရသော သိစရာများသည် လည်းကောင်း၊ အသိများသည်လည်းကောင်း အရိယာနယ်ပယ်အတွင်းသို့ ရောက်သောအခါ သစ္စာမထိုက်တော့၊ အားလုံး အမှားချည်းသာ ဖြစ်ကြ၏။ အကျဉ်းအားဖြင့်ဆိုရလျှင် အိပ်မက်သိစရာနှင့် အိပ်မက်အသိသည် အိပ်မက်နယ်ပယ်အတွင်း၌သာ သစ္စာထိုက်၏။ နိုးကြားသိစရာနှင့် နိုးကြားအသိသည် နိုးကြားနယ်ပယ်အတွင်း၌သာ သစ္စာထိုက်၏။ ထိုနည်းအတူ ပုထုဇဉ်သိစရာများနှင့် ပုထုဇဉ်အသိများသည် ပုထုဇဉ်နယ်ပယ်အတွင်း၌သာ သစ္စာထိုက်၏၊ အရိယာနယ်ပယ်အတွင်း၌မူ သစ္စာမထိုက်။

ဗုဒ္ဓဒေသနာတော်အရ ဤသို့ သစ္စာများ၏အဆင့် မြင့်မားသော သဘောကို နားလည်နိုင်အောင် သွန်သင်ထား၏။ ထိုသို့သွန်သင်ချက်အရ ပုထုဇဉ်များသည် အရိယာတို့၏ ချမ်းသာသဘောကို အသိနယ်ပယ်အရ ကိုယ်တွေ့မကြုံဖူးသဖြင့် နားမလည်နိုင်သော်လည်း တစ်နေ့တွင် ကိုယ်တွေ့ကြုံလာနိုင်စေရန် လက်တွေ့ကျင့်ထုံး "ဧဟိ ပဿိက" ရှိ၏။ ထိုကျင့်ထုံးအရ ကျင့်လျှင် လိုအပ်သောမျက်စိကို ရနိုင်၏။ ဗုဒ္ဓဒေသနာတော်အရ လိုအပ်သောမျက်စိမှာ—

(၁) ပြဟ္မစိုရ်မျက်စိ၊

(၂) သမာဓိဉာဏ်မျက်စိ၊

www.burmeseclassic.com

www.burmeseclassic.com



(၃) ဝိပဿနာဉာဏ်မျက်စိ၊

(၄) မဂ်ဉာဏ်မျက်စိ– တို့ ဖြစ်ကြသည်။

**ဗြဟ္မစိုရ်မျက်စိဖြင့် ကြည့်နည်း**

ဗြဟ္မစိုရ် မျက်စိအရ လောကကိုကြည့်ရာတွင် အားလုံးကို တစ်တန်း တစ်စားတည်းထား၍ ကြည့်ရမည်မဟုတ်၊ စွမ်းအင်အလိုက်သာ ကြည့်ရမည်ဖြစ်၏။ မိုးရွာသောအခါ မိုးသည် အိုးကြီးကိုလည်း အိုးကြီးအလျောက်၊ အိုးငယ်ကိုလည်း အိုးငယ်အလျောက် ပြည့်စေသကဲ့သို့ပင် လူတို့သည် ဗြဟ္မစိုရ်မျက်စိဖြင့် လောကကို ကြည့်ရာတွင်လည်း (၁) ကာလဓမ္မ၊ (၂) ဒေသဓမ္မ၊ (၃) ကုလာစာရဓမ္မ၊ (၄) သီလဓမ္မ၊ (၅) သမထဓမ္မ၊ (၆) ဝိပဿနာဓမ္မ တို့အရ ကြည့်ရ၏။ ယန္တရားတစ်ခုတွင် အစိတ်အပိုင်းအားလုံးကို တစ်တန်းတစ်စားတည်း အနေဖြင့် တန်ဖိုးမထားဘဲ အစိတ်အပိုင်းအလိုက်သာ တန်ဖိုးထားသည့်သဘောမျိုး ဖြစ်၏။ ဤသဘောမျိုးဖြင့် လောကကို ဗြဟ္မစိုရ်မျက်စိဖြင့် ကြည့်ရ၏။

ထိုသို့ကြည့်သောအခါ ကာလဓမ္မ–အရ အချိန်အခါနှင့် အခြေအနေအရလည်း ကြည့်ရ၏။ ဒေသဓမ္မ–အရ နိုင်ငံအနေဖြင့်လည်း ကြည့်ရ၏။ ကုလာစာရဓမ္မ–အရ လူမျိုးနှင့် လူမျိုး၏ ရိုးရာယဉ်ကျေးမှုအနေဖြင့်လည်း ကြည့်ရ၏။ သီလဓမ္မ–အရ ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းမှုအနေဖြင့်လည်း ကြည့်ရ၏။ သမထဓမ္မ–အရ စိတ်ဓာတ်စင်ကြယ်မှုအနေဖြင့်လည်း ကြည့်ရ၏။ ဝိပဿနာဓမ္မ –အရ လောက၏ အနိစ္စ–သဘော၊ ဒုက္ခ–သဘော၊ အနတ္တ–သဘော အနေဖြင့်လည်း ကြည့်ရ၏။ ဤသို့ကြည့်ခြင်းမှာ ဘက်လိုက်သော သဘောမျိုးသို့ သက်ရောက်ခြင်းမရှိ၊ ကျေးဇူးနှင့်ဂုဏ်ကို သိတတ်ခြင်း "ကတညုတ" သဘောမျိုးသာ ဖြစ်၏။ ဘက်လိုက်ခြင်းဟူသည်မှာ ကိလေသာ၏ သဘောနှင့် သတ္တိဖြစ်၏။

ဤကမ္ဘာမြေပြင်၌ ပျော်မွေ့ဖွယ်ကောင်းသော, ချမ်းမြေ့သော, ငြိမ်းချမ်းသော ဘဝမျိုးကို ထူထောင်လိုပါလျှင် ထူထောင်သူများ၏ သန္တာန်၌ ဘက်လိုက်တတ်သော သဘော မရှိမှဖြစ်မည်။ ဘက်လိုက်တတ်သောသဘော မရှိဖို့ဆိုသည်မှာလည်း ကိလေသာမရှိမှ ဖြစ်မည်။ ဘက်လိုက်သော သဘောနှင့် သူ့ကျေးဇူးဂုဏ်ကို သိခြင်း သဘောသည် အသွင်အားဖြင့် တူသယောင်ရှိသော်လည်း အနှစ်သာရအားဖြင့်မူ များစွာခြားနား၏။ ဘက်လိုက်ခြင်းသည် အတ္တ–အပေါ်၌ အခြေခံ၏။ သူ့ကျေးဇူးနှင့်ဂုဏ်ကိုသိခြင်းသည် အနတ္တ –အပေါ်၌ အခြေခံ၏။ အနတ္တ–ဟူသည်မှာ ပဋိစ္စသမုပ္ပါဒ် ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ် ဟူသည်မှာလည်း ကြောင်းကျိုးတို့၏ ဆက်သွယ်မှုအရ ဖြစ်နေခြင်း, ချုပ်နေခြင်း– ဖြစ်၏။ သို့ဖြစ်လေရာ အနတ္တ–သဘောကို သိနိုင်ရန် မဇ္ဈိမပဋိပဒါ– ၌ အခြေစိုက်ရ၏။ မဇ္ဈိမပဋိပဒါ –ဟူသည် ဗောဓိပက္ခိယ–သို့ ဦးတည်သော သိက္ခာသုံးပါးတို့၏ တစ်သားတည်းဖြစ်မှုပင် ဖြစ်၏။ အမှန်အားဖြင့် မဇ္ဈိမပဋိပဒါ–ဟူသည်

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂင်ရှစ်ပါးပင်ဖြစ်၏။ မဂ္ဂင်ရှစ်ပါးဟူသည် ဗောဓိပက္ခိယ–ဖြစ်၏။ ထို့ကြောင့် သိက္ခာသုံးပါးဖြစ်တိုင်း မဇ္ဈိမပဋိပဒါ–သဘောကို မဆောင်။

ဗောဓိပက္ခိယ–သို့ ဦးတည်မှသာ မဇ္ဈိမပဋိပဒါ– သဘောကို ဆောင်၏။ မဇ္ဈိမပဋိပဒါ– သဘောကို ဆောင်ပါမှလည်း အနတ္တ–ကို မြင်နိုင်သော ဉာဏ်မျက်စိသည် ဖြစ်ပေါ်လာ၏။ အနတ္တ–ကို မြင်လျှင် အနိစ္စ–ကိုလည်း မြင်၏။ ဒုက္ခ–ကိုလည်းမြင်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ–တို့တွင် တစ်ခုကိုမြင်လျှင် ကျန်နှစ်ခုကိုပါ မြင်၏။ အနိစ္စကိုမြင်လျှင် မာန–ကွာ၏။ ဒုက္ခ–ကိုမြင်လျှင် တဏှာ–ကွာ၏။ အနတ္တ–ကိုမြင်လျှင် ဒိဋ္ဌိ–ကွာ၏။ စစ်မှန်သောချမ်းသာ ဟူသည် တဏှာ၊ မာန၊ ဒိဋ္ဌိ–တို့ ကွာခြင်း၌သာ တည်ရှိ၏။ အာရုံ,ဝတ္ထုများကို ရခြင်း၌ မတည်ရှိ။ တဏှာ၊ မာန၊ ဒိဋ္ဌိ–တို့ ကွာခြင်းသည်လည်း မဇ္ဈိမပဋိပဒါ အကျင့်မြတ်၌ အခြေခံပါမှ ဖြစ်နိုင်၏။ ထို့ကြောင့် မဇ္ဈိမပဋိပဒါ အကျင့်မြတ်သည် ဗုဒ္ဓဒေသနာတော်အရ အခြေခံအကျဆုံးသော ကျင့်စဉ်ဖြစ်လေ၏။

**မဇ္ဈိမပဋိပဒါသို့ ဦးတည်မှသာမှန်၏**

သာသနာပ–ကာလ၌လည်း သိက္ခာသုံးပါးနှင့် ပြည့်စုံသဖြင့် ဈာန်အဘိညာဉ်ရ သူတော်စင်များ ရှိကြပါ၏။ သို့ရာတွင် ထိုသူတော်စင်များသည် လောကကိုကြည့်ရာတွင် ဝိပဿနာ ဓမ္မ–အရ မကြည့်တတ်သောကြောင့် လောက၏ အနိစ္စ–သဘောကိုလည်း မမြင်ခဲ့၊ ဒုက္ခ–သဘောကိုလည်း မမြင်ခဲ့၊ အနတ္တ–သဘောကိုလည်း မမြင်ခဲ့၊ ထိုသို့ မမြင်ခြင်းမှာ သူတို့၏ သိက္ခာသုံးပါးသည် ဗောဓိပက္ခိယ–သို့ ဦးမတည်သောကြောင့် ဖြစ်၏။ ဗောဓိပက္ခိယ–သို့ ဦးမတည်လျှင်လည်း မဇ္ဈိမပဋိပဒါ – အပေါ် အခြေမခံသောကြောင့် ဖြစ်၏။

အမှန်အားဖြင့် မဇ္ဈိမပဋိပဒါ –အပေါ် အခြေမခံသော ဆောင်ရွက်မှု ဟူသမျှသည် တကယ်တမ်းဆိုရလျှင် စစ်မှန်သော ချမ်းသာကို မည်သို့မျှ ဖြစ်ပေါ်စေနိုင်စွမ်း မရှိ။ ဘုံဘဝ၌ ယာယီချမ်းသာမျိုးကိုသာ ဖြစ်ပေါ်စေနိုင်ပါ၏။

ထို့ကြောင့် ထိုရှေးကျင့်စဉ်များအပေါ် အားမရ၍ သိဒ္ဓတ္ထမင်းသားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်တော်မူ၍ သဗ္ဗညုတဉာဏ်တော်ကို ရအောင်ယူတော်မူခဲ့ခြင်း ဖြစ်၏။ မဇ္ဈိမပဋိပဒါ–အကျင့်မြတ်ဖြင့် သစ္စာလေးပါးကို မိမိကိုယ်တော်တိုင် သိမြင်တော်မူပြီးနောက် ဝေနေယျတို့အားလည်း မိမိနည်းတူ သစ္စာလေးပါးကို ထိုအကျင့်မြတ်ဖြင့်ပင် သိမြင်ရလေအောင် ၄၅–ဝါတို့ ကာလပတ်လုံး နောက်ဆုံးပရိနိဗ္ဗာန် ပြုတော်မူသည်အထိ မနားမနေ ဟောကြားတော်မူခြင်းဖြင့် စစ်မှန်သော "သန္တိသုခ" ကို ရစေတော်မူခဲ့ခြင်း ဖြစ်၏။

သိပ္ပံပညာအရ 'ဤလောကတွင် ကာလ, ဒေသနှင့် စွမ်းအင်တို့သည် မိမိတို့အချင်းချင်း ပူးပေါင်းပျံ့နှံ့မှု အချိုးအဆနှင့် လျော်ညီစွာ ဆိုင်ရာဆိုင်ရာ အရာဝတ္ထုများ၏ အသွင်ဖြင့် ပေါ်ပေါက်လာခြင်း ဖြစ်၏'ဟု ဆိုကြရာ လူ့လောက၌လည်း

www.burmeseclassic.com

www.burmeseclassic.com



လူတို့သည် ထိုနည်းအတူပင် ထိုထိုဓမ္မများ၏ ပူးပေါင်းပုံ့နှံမှု အချိုးအဆနှင့်လျော်ညီစွာ ထိုထိုပုဂ္ဂိုလ်များအနေဖြင့် ပေါ်ပေါက်လာကြခြင်း ဖြစ်၏။ ထို့ကြောင့် လူကို ကြည့်သောအခါ ကာလ-ကိုလည်း ကြည့်ရ၏။ ဒေသ-ကိုလည်းကြည့်ရ၏။ ရိုးရာယဉ်ကျေးမှုကိုလည်း ကြည့်ရ၏။ သိက္ခာသုံးပါးကိုလည်း ကြည့်ရ၏။ ဖော်ပြပါ ဓမ္မ များ၏ ပုံ့နှံမှု အချိုးအဆအလိုက် လူ၏ ဝိသေသအသွင်သည် ပေါ်လာရခြင်း ဖြစ်၏။ အမှန်အားဖြင့် လူတို့တစ်ဦးနှင့်တစ်ဦး မတူညီကြခြင်းမှာ အဆိုပါဓမ္မများ၏ ပူပေါင်း ပုံ့နှံမှု အချိုးအဆ မတူညီကြသောကြောင့် ဖြစ်၏။ ဗုဒ္ဓအဘိဓမ္မာ အရ အားလုံးသော သက်မဲ့ဝတ္ထုများသည် အဋ္ဌကလာပ် ရုပ်များနှင့် ဖွဲ့စည်းထားသည်ချည်း ဖြစ်၏။ တရားကိုယ်အားဖြင့် အဋ္ဌကလာပ် ရုပ်များမှတစ်ပါး အခြား ဘာမျှမရှိ။ မူလ အခြေခံအားဖြင့် အားလုံး အတူတူဖြစ်သော်လည်း ဝိသေသ -အသွင်အားဖြင့်မူ သက်မဲ့ဝတ္ထု များသည် တစ်ခုနှင့်တစ်ခု အချင်းချင်းမတူကြ။ အချို့သည် ပတ္တမြား အနေဖြင့် ရှိကြ၏။ အချို့သည် ကျောက်စရစ်ခဲ အနေဖြင့် ရှိကြ၏။ ထိုသို့မတူညီကြခြင်းမှာ သက်မဲ့ဝတ္ထုတို့၌ ပါဝင်သော ကာလ၊ ဒေသ၊ ပယောဂ-တို့၏ ပူပေါင်းပုံ့နှံမှု အချိုးအဆ မတူညီကြသဖြင့် ဥပဓိ-ချင်း မတူညီရာမှ သက်မဲ့အရာဝတ္ထုများ အချင်းချင်း တစ်ခုနှင့်တစ်ခု မတူညီကြခြင်း ဖြစ်၏။ အချို့က ပတ္တမြားဖြစ်၏၊ အချို့က ကျောက်စရစ်ခဲ ဖြစ်၏၊ အချို့က ရွှေဖြစ်၏၊ အချို့က ငွေဖြစ်၏။

**အချိန်ကာလ၏ စွမ်းအင်**

ဤတွင် ကာလ-အရ အချိန်ကာလပင် ဖြစ်၏။ ဤကမ္ဘာတွင် အခိုးအလျှံဘဝမှ နှင်းပေါက်ဘဝရောက်အောင် အချိန်မည်မျှ ယူခဲ့ရလေသနည်း။ ထို့ကြောင့် အရာဝတ္ထု တစ်ခု၏ ဖြစ်ပေါ်တိုးတက်မှု၌ အချိန်ကာလ သည်လည်း သူ့အချိုးအဆနှင့်သူ ပါဝင်ပုံ့နှံရသည်ပင် ဖြစ်၏။ ဒေသ-ဟူသည်မှာ တည်ရာဖြစ်၏။ တည်ရာမရှိလျှင်လည်း အရာဝတ္ထုဟူ၍ပင် ဖြစ်ပေါ်လာမည်မဟုတ်။ ထို့ကြောင့် ဒေသသည်လည်း အရာဝတ္ထုတစ်ခု၏ ဖြစ်ပေါ်တိုးတက်မှု၌ သူ့အချိုးအဆနှင့်သူ ပါဝင်ပုံ့နှံရသည်ပင် ဖြစ်၏။ ပယောဂ -ဟူသည်မှာ လှုပ်ရှားမှုဖြစ်၏။ ယင်း လှုပ်ရှားခြင်း၌ ဆန့်ကျင်ခြင်းနှင့် လိုက်လျောခြင်း နှစ်မျိုးပါဝင်၏။ လှုပ်ရှားမှုကိုပင် "စွမ်းအင်" ဟူ၍ ခေါ်ရ၏။ စွမ်းအင်သည် ကာလနှင့်ဒေသတို့၏ ပံ့ပိုးမှုဖြင့် လှုပ်ရှားရလေသောအခါ ဖွဲ့စည်းခြင်း၏ သိပ်သည်းမှုသဘောကို ဆောင်၏။ ယင်းကို ဥပဓိ -ဟူ၍ ဆိုရ၏။ ထို့ကြောင့် သက်မဲ့အရာဝတ္ထုသည် ကာလ, ဒေသ, ပယောဂနှင့် ဥပဓိ-တို့၏ ဝိသေသ-အသွင် ဖြစ်လေ၏။ သို့ဖြစ်၍သာ သက်မဲ့အရာဝတ္ထုများသည် မူလ အခြေခံအားဖြင့် အဋ္ဌကလာပ် ရုပ်ချင်း တူကြသော်လည်း ဝိသေသ-အသွင်အားဖြင့် အချင်းချင်း တစ်ခုနှင့်တစ်ခု မတူညီကြခြင်းဖြစ်၏။ ဝိသေသ-အသွင်ကို "ဗျတ္တိ" ဟူ၍ ဆိုရ၏။ "ဗျတ္တိ" ကွဲပြားခြင်းသည် "သတ္တိ" ကွဲပြားသောကြောင့် ဖြစ်၏။ ဗျတ္တိ-သည် ထင်ရှားသော အသွင်ဖြစ်၍ သတ္တိ-သည် မထင်ရှားသော သဘောဖြစ်၏။ ဗျတ္တိ-သည် ဝိသေသ-ဖြစ်၍ သတ္တိ-သည် သာမည-ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**ပဓာနအကျဆုံးစွမ်းအင်**

ဤသဘောကို လူတို့ဌလည်း ရအပ်၏။ လူတွင် စွမ်းအင်အရ သိက္ခာသုံးပါး ဖြစ်၏။ သိက္ခာသုံးပါးတွင် ကိုယ်ကျင့်သီလလည်း ပါ၏။ကိုယ်ကျင့်သီလ ပြည့်စုံရုံမျှဖြင့်လည်း လုံလောက်သည်မဟုတ်သေး၊ သမာဓိ ရှိဖို့လည်း လိုအပ်၏။ မှန်ကန်သော သမာဓိကို မြင့်မြတ်သော သီလအပေါ်၌တည်ဆောက် ရ၏။ သမာဓိရှိရုံမျှနှင့်လည်း လုံလောက်သည်မဟုတ်သေး၊ ပညာရှိဖို့လည်း လို၏။ ပညာကို သမာဓိအပေါ်၌ တည်ဆောက်ရ၏။ သီလ၊ သမာဓိ၊ ပညာတို့ အချိုးအဆမှန်ကန်စွာ စုစည်းမိသောအခါ စွမ်းအင်ရှိသည်မည်၏။ စွမ်းအင်ရှိခြင်းကိုပင် မဇ္ဈိမပဋိပဒါသဘော သက်ရောက်ခြင်း ဟူ၍ဆို၏။

ဗုဒ္ဓဒေသနာတော်အရ လောကီရေးရာ၌ဖြစ်စေ၊ လောကုတ္တရာရေးရာ၌ ဖြစ်စေ၊ ဆောင်ရွက်မှုဟူသမျှ၌ မဇ္ဈိမပဋိပဒါ–သည် ပဓာန–အကျဆုံးသော စွမ်းအင်ဖြစ်၏။

ထိုစွမ်းအင်သည်လည်း လူ၌ချည်းရှိနိုင်သည်မဟုတ်၊ နိုင်ငံတစ်ခု၏ သက်တမ်း ကာလ၌လည်း မှီရ၏။

နိုင်ငံတစ်ခု၏ ပထဝီဝင် အနေအထား၌လည်း မှီရ၏။

နိုင်ငံတစ်ခု၏ ရိုးရာယဉ်ကျေးမှု၌လည်း မှီရ၏။

ထိုသို့ မှီပြီးသောအခါမှသာ လူတစ်ယောက်၏ သာမည–သဘောမှ ဝိသေသ အသွင်ကို ဆောင်နိုင်ခြင်းဖြစ်၏။

သာမည–သဘောဆိုသည်မှာ ကာလ၊ ဒေသ၊ အမျိုးသားယဉ်ကျေးမှုနှင့် သိက္ခာသုံးပါးတည်းဟူသော စွမ်းအင်ဖွဲ့စည်းမှု "ဥပဓိ" ၏ သိပ်သည်းမှု အချိုးအဆ ဖြစ်၏။ ဝိသေသ–အသွင်ဟူသည်မှာ ယင်းအချိုးအဆအရ မမြင်သာသောအဆင့်မှ မြင်သာသောအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်၏။

**မိမိ၏တာဝန်ကို မစွန့်လွှတ်ထိုက်**

ထို့ကြောင့် ဗုဒ္ဓဒေသနာတော်အရ ဗြဟ္မစိုရ်မျက်စိဖြင့် လူကိုကြည့်သော အခါ လူအားလုံးကို တစ်တန်းတစ်စားတည်း တန်ဖိုးထား၍ ကြည့်ရ သည်မဟုတ်။ သူတို့၏ ကာလ၊ ဒေသ၊ ကုလာစာရ–တို့က ပံ့ပိုးထားသော သိက္ခာသုံးပါးစွမ်းအင်ကို ဖွဲ့စည်းခြင်း၏ သိပ်သည်းမှု အချိုးအဆအလိုက် ဖြစ်ပေါ်လာသော လူ၏ဝိသေသ အသွင်များကိုပါ ကြည့်ရခြင်းဖြစ်၏။ ထိုသို့ကြည့်ခြင်းကို ဘက်လိုက်သော ကြည့်ခြင်းဟူ၍ မဆို။ သူ၏ကျေးဇူးနှင့် ဂုဏ်ကိုသိခြင်း "ကတညုတ မင်္ဂလာ" ဟူ၍သာ ဆို၏။ ထို့ကြောင့် ဗုဒ္ဓဒေသနာတော်အရ လူ့ဘဝ၏ အဓိက တာဝန်မှာ သိက္ခာကို စောင့်ထိန်းခြင်းဖြစ်၏။ သိက္ခာကို စောင့်ထိန်းခြင်းဟူသည်မှာ လောက၌ "အဓမ္မ" က "ဓမ္မ" အပေါ် မလွှမ်းမိုးနိုင်အောင် အားထုတ်ခြင်းဖြစ်၏။ ထိုသို့ အားထုတ်ခြင်းအားဖြင့် မိမိ၏စည်းစိမ်ဥစ္စာ ဆုံးရှုံးချင်လည်း ဆုံးရှုံး သွားနိုင်၏။မိမိ၏ကိုယ်ခန္ဓာ အစိတ်အပိုင်းများ ဆုံးရှုံးသွားချင်လည်း ဆုံးရှုံးသွားနိုင်၏။ မိမိ၏အသက်သည်ပင် ဆုံးရှုံးသွားချင်လည်း ဆုံးရှုံးသွားနိုင်၏။ သို့ရာတွင် မည်သို့ပင် ဆုံးရှုံးသွားစေကာမူ မိမိတာဝန်ကို စွန့်လွှတ်ခြင်းမပြုအပ်၊ မိမိ၏တာဝန်ကို ရှောင်လွှဲခြင်း

www.burmeseclassic.com

www.burmeseclassic.com



မပြုအပ်။ ဤသည်ကိုပင် "သတ္တိရှိခြင်း" ဟူ၍လည်း ဆိုရ၏။ တာဝန်ကျေခြင်း ဟူ၍လည်း ဆိုရ၏။

**ချမ်းသာ၏ပဓာနအင်္ဂါရပ်**

"အဓမ္မ"က "ဓမ္မ"အပေါ် မလွှမ်းမိုးနိုင်အောင်အားထုတ်ခြင်း ဟူသည်မှာ ဤလောက၌ ဒုစရိုက်တရားများ ကင်းဝေးပြီး သုစရိုက်တရားများ ထွန်းကားလာအောင် အားထုတ်ခြင်းဖြစ်၏။ ဤသို့အားထုတ်ရန် လူတိုင်း၌ တာဝန်ရှိ၏၊ ထိုတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် လူ့လောက၌ လူလာဖြစ်ရခြင်း ဖြစ်၏။ လူ့လောက၌ လူလာဖြစ်ရလျှင် လူ့တာဝန်ကို ဆောင်ရွက်ရမည်မှာ ဓမ္မတာဖြစ်၏။ ဓမ္မတာအရ လူ့တာဝန်ကို ဆောင်ရွက်ရာတွင် မလုပ်သင့်သည်ကို မလုပ်ဘဲ "နေရဲ" ခြင်းနှင့် လုပ်သင့်သည်ကို "လုပ်ရဲ" ခြင်းမှ စရ၏။ မည်သည့်လုပ်ငန်းများသည် လုပ်သင့်သော လုပ်ငန်းများဖြစ်၍ မည်သည့် လုပ်ငန်းများသည် မလုပ်သင့်သော လုပ်ငန်းများဖြစ်သည်ကို ဆုံးဖြတ်ရာ၌ အတ္တ-ပါးမှုနှင့် အတ္တ-ကြီးထွားမှုအပေါ် အခြေတည်၍ ဆုံးဖြတ်ရ၏။

အတ္တ-ပါးလေသောအခါ မိမိအတွက် ပစ္စည်းဥစ္စာ ရရှိမှုကိုလည်း မငဲ့ကွက်၊ မိမိအတွက် အများ၏ အသိအမှတ်ပြုခံရခြင်းကိုလည်း မငဲ့ကွက်၊ မိမိအတွက်ထင်ပေါ် ကျော်ကြားမှုကိုလည်း မငဲ့ကွက်။ ဤနေရာ၌ ပစ္စည်းဥစ္စာရရှိမှုကို "လာဘ" ဟုခေါ်၏။ အများ၏ အသိအမှတ်ပြုခံရမှုကို "သက္ကာရ" ဟု ခေါ်၏။ ထင်ပေါ်ကျော်ကြားမှုကို "သိလောက" ဟု ခေါ်၏။

အတ္တ-သည် တဏှာဖြင့် စွဲယူထားသော အတ္တ-လည်းရှိ၏။ မာန-ဖြင့် စွဲယူထားသော အတ္တ-လည်းရှိ၏။ ဒိဋ္ဌိ-ဖြင့် စွဲယူထားသော အတ္တ-လည်းရှိ၏။ ထိုအတ္တ သုံးမျိုးလုံးသည်ပင် စစ်မှန်သော ချမ်းသာ၏ ပဓာန-အင်္ဂါရပ်ဖြစ်၏။ သောက-နှင့် ပရိဒေဝ -တို့ကို ဖန်ဆင်းသူဖြစ်၏။ ဒုက္ခ-နှင့် ဒေါမနဿ တို့၏ အုတ်မြစ်ဖြစ်၏။

**အတ္တသင်္ဂဟနှင့်လောကသင်္ဂဟ**

လာဘ, သက္ကာရ, သိလောက တို့ကို မိမိအတွက် ဦးစားပေး၍ စဉ်းစားသောအခါ မိမိကိုယ်ကို ချီးမြှောက်ခြင်း အတ္တသင်္ဂဟ- မည်၏။ အတ္တသင်္ဂဟ-ဟူသည် လောဘ ကြီးပွားမှုအပေါ် အခြေခံမှု ဖြစ်၏။ ထိုသို့မဟုတ်ဘဲ လောကကို ချီးမြှောက်ခြင်းလောက သင်္ဂဟ-အတွက် အနစ်နာခံပြီး မိမိ၏ကိုယ်ကျိုးကို စွန့်လွှတ်ပါက လူတစ်ယောက်အနေဖြင့် လူ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သည်မည်၏။ လူ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းသည် လောဘ-ခေါင်းပါးမှုအပေါ် အခြေခံမှုဖြစ်၏။

လောဘ-ခေါင်းပါးမှုကိုပင် အလောဘ-ဟုခေါ်၏။ လူတိုင်းလူတိုင်းသာ မိမိ၏ ကိုယ်ကျိုးကို အနစ်နာခံစွန့်လွှတ်ပြီး လောကအတွက် ဦးစားပေး၍ ဆောင်ရွက်မည်ဆိုပါက ဤလူ့ဘုံသည် နတ်ဘုံနှင့်မခြား ပျော်မွေ့ဖွယ် များစွာကောင်းပေလိမ့်မည်။ ထိုသို့မဟုတ်ဘဲ လူတိုင်းလူတိုင်းသည် လောကအကျိုးထက် မိမိ၏အကျိုးကိုသာ ရှေးရှု၍ ဆောင်ရွက်မည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပါက ဤလူ့ဘုံသည် ငရဲဘုံနှင့်မခြား အမြဲတစေ ဆူပွက်နေပေလိမ့်မည်။

**ဗြဟ္မစိုရ်အမြင်နှစ်မျိုး** ထို့ကြောင့် ဤကမ္ဘာမြေပြင်၌ ပျော်မွေ့ဖွယ်ကောင်းသော, ချမ်းမြေ့သော, ငြိမ်းချမ်းသော ဘဝမျိုးကို ထူထောင်နိုင်ရေးအတွက် လူဟူသည် လူ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မှ ဖြစ်ပေမည်။ ဤအမြင်မျိုးမှာ ဤကမ္ဘာမြေပြင်၌ မြတ်စွာဘုရား ပွင့်တော်မူပြီးမှ မြတ်စွာဘုရား၏ သွန်သင်ချက်အရ သိလာရသော အမြင်ဖြစ်၏။ ထိုအမြင်မျိုးသည် မြတ်စွာဘုရား၏ ဒေသနာတော်အရ ဆိုလျှင် "အနိမ့်ဆုံး" အမြင်ဖြစ်၏။ အနိမ့်ဆုံးအမြင်ဟူသည်မှာ ဗြဟ္မစိုရ် မျက်စိဖြင့်ကြည့်၍ မြင်ရသော အမြင်ဖြစ်၏။ ဗြဟ္မစိုရ် မျက်စိဖြင့်ကြည့်၍ မြင်ရသောအမြင်မှာလည်း နှစ်မျိုးရှိ၏။ မြတ်စွာဘုရား ပွင့်တော်မမူမီက တစ်မျိုးနှင့် မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် တစ်မျိုးဖြစ်၏။ မြတ်စွာဘုရား ပွင့်တော်မမူမီက ဗြဟ္မစိုရ်အမြင်သည် မဇ္ဈိမပဋိပဒါကို အခြေမခံသဖြင့် မိမိ၏ဘဝချမ်းသာသို့ ဦးတည်၏။ ဘဝချမ်းသာသို့ ဦးတည်သော ကျင့်စဉ်ဟူသမျှသည် မိမိကိုယ်ကိုချီးမြှောက်ခြင်း အတ္တသင်္ဂဟ သဘောရှိ၏။ မြတ်စွာဘုရားပွင့်တော်မူပြီးနောက် ဗြဟ္မစိုရ် အမြင်သည် မဇ္ဈိမပဋိပဒါကို အခြေခံသဖြင့် ဘဝမှ လွတ်မြောက်ရာ ချမ်းသာသို့ဦးတည်၏။ မဇ္ဈိမပဋိပဒါဟူသည် "မဂ္ဂင်ရှစ်ပါး" ဖြစ်ရာ မဂ္ဂင်ဟူက "ဗောဓိပက္ခိယ" ဖြစ်သဖြင့် လောကကို ချီးမြှောက်ခြင်း "လောကသင်္ဂဟ" သဘောရှိလေ၏။ လောကသင်္ဂဟ သဘောရှိသဖြင့် လူကို ကြည့်သောအခါ လူကို တရုတ်, ကုလား ဟူ၍လည်းကောင်း၊ ကေရာဇ်, မင်းခစား ဟူ၍လည်းကောင်း၊ သူဌေး, ဆင်းရဲသားဟူ၍လည်းကောင်း၊ ဝိသေသလက္ခဏာ–အရ မြင်ပြီးနောက် သာမညလက္ခဏာ–အရ လူကို လူအဖြစ်မြင်လေ၏။ လူကို လူအဖြစ်မြင်ခြင်းသည် ဗုဒ္ဓ၏ ဥပေက္ခာဗြဟ္မစိုရ်အတွက် ကြီးစွာသော အထောက်အပံ့ ဖြစ်ပါ၏။ ဥပေက္ခာဗြဟ္မစိုရ်အတွက် အထောက်အပံ့ဖြစ်ပါမှ လောကကို ချီးမြှောက်ရန် မေတ္တာ, ကရုဏာ, မုဒိတာ တို့သည် ရှေ့တော်ပြေးအနေဖြင့် ပေါ်လာနိုင်မည်ဖြစ်ပါ၏။

**မဇ္ဈိမဒေသ ဗုဒ္ဓမပွင့်မီကအနေအထား** မဇ္ဈိမပဋိပဒါ အပေါ် အခြေခံသော ဗြဟ္မစိုရ်အမြင်မျိုးဖြင့် လောကကို မကြည့်တတ်မီ ရှေးခေတ်မဇ္ဈိမဒေသ၌ လူတို့သည် မိမိတို့ကြည့်တတ်သော အမြင်များဖြင့် လောကကိုကြည့်၍ ဆောင်ရွက်ကြ၏။ ထိုသို့ဆောင်ရွက်ကြရာတွင် အမြင်အမျိုးမျိုးကို လိုက်၍ ဆောင်ရွက်ကြခြင်း ဖြစ်၏။ မြတ်စွာဘုရား ပွင့်တော်မမူမီ မဇ္ဈိမဒေသ၌ ထိုခေတ် ပထဝီအနေအထားအရ တိုင်းကြီး ၁၆ တိုင်း ရှိ၏။ ထိုတိုင်းကြီး ၁၆ တိုင်းမှာ–

(၁) ကာသိ၊ (၂) ကောသလ၊ (၃) အင်္ဂ၊ (၄) မဂဓ၊ (၅) ဝဇ္ဇီ၊
(၆) မလ္လ၊ (၇) စေတိယ၊ (၈) ဝံသ၊ (၉) ကုရု၊ (၁၀)ပဥ္စာလ၊
(၁၁) မစ္ဆ၊ (၁၂) သူရသေန၊ (၁၃) အဿက၊ (၁၄) အဝန္တိ၊
(၁၅) ဂန္ဓာရ (၁၆) ကမ္ဗောဇ တိုင်း တို့ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်တော်များ၌ ပါဝင်သော သက္ကတိုင်းကို သီခြားဖော်ပြခြင်းမပြုဘဲ ကောသလတိုင်း၌ သွင်း၍ ဖော်ပြကြ၏။ ဤနေရာ၌ ဖော်ပြထားသော တိုင်းကြီးများ၏ အမည်များသည် ဖော်ပြရိုးအစဉ်အလာအရ ဖော်ပြထားသော အမည်များသာ ဖြစ်ပါ၏။

ထိုတိုင်းကြီး ၁၆ တိုင်းတို့၌ အုပ်ချုပ်မှုစနစ်မှာ ပဒေသရာဇ်စနစ်အရ အုပ်ချုပ်မှုလည်း ရှိ၏။ သမ္မတစနစ်အရ အုပ်ချုပ်မှုလည်းရှိ၏။ သမ္မတစနစ်အရ အုပ်ချုပ်သော တိုင်းကြီးများတွင် ဝဇ္ဇီတိုင်း, မလ္လတိုင်း, သက္ကတိုင်း တို့သည် ထင်ရှားကြ၏။ ထိုအချိန်က တိုင်းကြီးတစ်တိုင်းနှင့်တစ်တိုင်း၊ ပြည်ကြီး တစ်ပြည်နှင့်တစ်ပြည် အပြင်းအထန်တိုက်ကြသော စစ်ပွဲများ မရှိသလောက်ပင် ဖြစ်၏။ သို့ရာတွင် အချို့သောတိုင်းများ၌ မင်းများက တိုင်းသူပြည်သားများအပေါ် အုပ်ချုပ်ရာ၌မှု အတော်ပင်ရက်စက်ဟန် လက္ခဏာရှိ၏။ ထို့ကြောင့် ဗုဒ္ဓပိဋကတော်များ၌ "ရာဇတော ဝါ-မင်းဘေးမှလည်းကောင်း" ဟူ၍ မင်းကို အန္တရာယ်တစ်ပါးအနေဖြင့် ထည့်သွင်းဖော်ပြခြင်း ဖြစ်တန်ရာများလည်း ရှိ၏။ သို့ရာတွင် တိုင်းသူပြည်သားများကို ရင်ဝယ်သားအနေဖြင့် အုပ်ချုပ်သော မင်းကောင်းများလည်း ရှိပါ၏။ "ဘုရင်မင်းမြတ်သည် တိုင်းသူပြည်သားများကို မိမိ၏ ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်ပါစေသတည်း" ဟူ၍ အဋ္ဌကထာ၏ ဆုတောင်းကို ကြည့်ခြင်းအားဖြင့် ထိုခေတ်မင်းတို့၏ အုပ်ချုပ်ရေးစနစ်ကို အထိုက်အလျောက် ခန့်မှန်းနိုင်၏။ ထို့ကြောင့် ဘဝမှ လွတ်မြောက်နိုင်ရေးအတွက် တောင့်တရာ၌ မင်းတို့၏ ရက်စက်မှုသည်လည်း ဘဝဒုက္ခအနေဖြင့် သံဝေဂဖြစ်ဖွယ် အကြောင်းတစ်ရပ် ဖြစ်ကောင်းဖြစ်နိုင်ပါ၏။

ပညာရေးနှင့် ပတ်သက်လျှင်မူ သူ့ခေတ်နှင့် သူ့အခါအရ ကျေနပ်ဖွယ်ရှိကြောင်း တွေ့ရ၏။ အထက်တန်းလွှာများက မိမိတို့၏ သားသမီးများကို ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံသို့စေလွှတ်၍ ပညာသင်ယူစေခဲ့၏။ ဒိသာပါမောက္ခဆရာကြီးကလည်း မိမိထံလာရောက်ကြသော တပည့်များအား ၁၈ ရပ်သော ဘာသာရပ်များကို သင်ကြားပေး၏။ ဒိသာပါမောက္ခ ဆရာကြီးထံသို့ ပညာသင် သွားနိုင်ကြသူများမှာ မင်း=(ခတ္တိယ)၊ ပုဏ္ဏား=(ဗြာဟ္မဏ)၊ သူဌေး, သူကြွယ်=(ဝေဿ) တို့၏ သားသမီးများ ဖြစ်ကြ၏။ ဒိသာပါမောက္ခ ဆရာကြီးထံသို့ မသွားရောက်နိုင်ကြသူများသည်လည်း မိမိတို့၏ ဒေသ၌ပင် သင့်လျော်သလို ပညာသင်ကြားကြ၏။

**သင်ကြားသော ဘာသာရပ်များ**

သင်ကြားရသော ဘာသာရပ်များကို အုပ်စုခွဲလိုက်လျှင် သုံးအုပ်စုရ၏။ အုပ်စုတစ်ခုကို "ဝိဇ္ဇာယတန" ဟုခေါ်၏။ နောက်တစ်မျိုးကို "သိပ္ပာယတန" ဟုခေါ်၏။ အခြား နောက်တစ်မျိုးကို "ကမ္မာယတန" ဟုခေါ်၏။ ဝိဇ္ဇာယတန-အုပ်စုတွင် စာပေအတတ်, ဆေးအတတ်, နက္ခတ်ဗေဒင် အတတ်, လက္ခဏာဟော အတတ်တို့ ပါဝင်ကြ၏။ စာပေအတတ်တွင်လည်း ဗေဒ

www.burmeseclassic.com

www.burmeseclassic.com



အရွယ်လေးပါးတွင် "သညာသနှင့် ဝနပဋ္ဌ" သတ်မှတ်ခြင်းသည် အထက်တန်းလွှာ သုံးမျိုးနှင့်သာ ဆိုင်၏။ ဆင်းရဲသားများနှင့်မဆိုင်။ အကယ်၍ ဆင်းရဲသားများအနေဖြင့် တရားအားထုတ်လျှင် တိုင်းနိုင်ငံ ဒုက္ခရောက်တတ်၏။ ထို့ကြောင့် ဆင်းရဲသားများ တရားအားမထုတ်ရလေအောင် ဘုရင်မင်းမြတ်က ကြည့်ရှုကွပ်ကဲရ၏။ အရွယ်လေးပါး သတ်မှတ်ချက်သည်လည်း အစပထမတွင် အရွယ်အလိုက် သတ်မှတ်ခြင်းမျိုးမဟုတ်၊ ဘဝ၏ လုပ်ငန်းတာဝန်များအနေဖြင့် သတ်မှတ်ခြင်းမျိုးသာ ဖြစ်၏။ မည်သည့်အရွယ်တွင် ဖြစ်စေ ဘဝ၏ထိုလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန်ဖြစ်၏။ ထို့ကြောင့် အစ ပထမ၌ လောကလူမှုရေး တာဝန်များအားလုံးကို စွန့်လွှတ်ရသော "သညာသ"သတ်မှတ်ချက်မပါဘဲ ရှေ့သုံးပါး သတ်မှတ်ချက်များသာရှိ၏။ နောက်ပိုင်းရောက်မှ အရွယ် သတ်မှတ်ချက် အဖြစ်သို့ ပြောင်းလဲပြီး စတုတ္ထအရွယ်သတ်မှတ်ချက် "သညာသ" ကို ထည့်သွင်းခြင်းဖြစ်၏။

"အဿမ"၏ ပထမပိုင်း သတ်မှတ်ချက်အရဆိုလျှင် လူ့ဘဝ၌ မည်သည့် အရွယ်တွင် ဖြစ်စေကာမူ "ဗြဟ္မစရိယ" တာဝန်အရ ပညာကိုလည်းသင်ရ၏။"ဂဟဋ္ဌ" တာဝန်အရ အိမ်ထောင်တာဝန်ကိုလည်း ထမ်းရွက်ရ၏။ "ဝနပဋ္ဌ" တာဝန်အရ တာဝန်မှန်သမျှအားလုံးကို မိမိတစ်ဦးတည်းက ချုပ်ကိုင်ခြင်းမပြုဘဲ ဆိုင်ရာမိသားစု အဖွဲ့ဝင်များအားလည်း ခွဲဝေ၍ပေးရ၏။ ထို့အပြင် တရားဘာဝနာ ပွားများခြင်းကိုလည်း လုပ်ရ၏။ လောကလူမှုရေး တာဝန်များအားလုံးကို စွန့်လွှတ်ရသော သညာသ တာဝန်ဟူ၍ သီးခြားမရှိပေ။

"အဿမ" ၏ နောက်ပိုင်းသတ်မှတ်ချက်အရဆိုလျှင် လူ့ဘဝ၌ အရွယ်မရွေး ပညာသင်ကြားသင့်သည် မှန်၏။ အိမ်ထောင်တာဝန်ကို ထမ်းဆောင်သင့်သည်မှာ မှန်၏။ တရားဘာဝနာကို ကျင့်ကြံအားထုတ်သင့်သည်မှာ မှန်၏။ သို့ရာတွင် ထိုတာဝန်များကို ထိထိရောက်ရောက် ထမ်းရွက်နိုင်စိမ့်သောငှာ ပဓာန, အပဓာန အားဖြင့်ခွဲခြားပြီး အရွယ်အလိုက် သတ်မှတ်ခြင်းဖြစ်၏။ ထိုသတ်မှတ်ချက်အရ ဆိုလျှင် ပထမအရွယ်၌ ပဓာန - အားဖြင့် ပညာကိုသင်ရ၏။ အပဓာန - အားဖြင့် အိမ်ထောင် တာဝန်ကိုလည်း မိမိ၏အရွယ်အလိုက် ထမ်းရ၏။ တရားဘာဝနာပွားများခြင်းကိုလည်း မိမိ၏ အရွယ်အားလျော်စွာ လုပ်ရ၏။ ဒုတိယအရွယ် တတိယအရွယ်နှင့် စတုတ္ထအရွယ်တို့၌လည်း ထိုနည်းအတူပင် အရွယ်အလိုက် တာဝန်ကို ပဓာန- အားဖြင့် ထမ်းရွက်ပြီး ကျန်တာဝန်များကို အပဓာန-အားဖြင့် ထမ်းရွက်ရပြန်၏။

အရွယ်လေးပါးတွင် တတိယအရွယ် "ဝနပဋ္ဌ"သည် ပဓာနအားဖြင့် တရားဘာဝနာ ပွားများခြင်းကိုလုပ်ပြီး ကျန်တာဝန်များကိုလည်း အပဓာန-အားဖြင့် လုပ်ရလေရာ ကျန်တာဝန်များအနက် စာပေသင်ကြားရေးတာဝန်သည် များစွာ အရေးကြီး၏။

ထိုခေတ်က ကျောင်းသားအနည်းစုသာ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးထံသို့ သွားရောက်နိုင်ပြီး အမျှားစုမှာမူ "ဝနပဋ္ဌ" အရွယ်ရှိ ဆရာများထံ၌သာ သင်ယူကြရ၏။

ဆရာများတွင်လည်း ထူးခြားသောအမျိုးသမီးများ ပါဝင်ကြောင်း တွေ့ရ၏။ ထိုအမျိုးသမီးများသည် တရားဘာဝနာ ပွားများမှုနှင့်ပတ်သက်၍ ဒဿန–အမြင်များကိုပင် သင်ကြားပေးကြ၏။ သို့ဖြစ်ရာ အမျိုးသမီးများသည်လည်း မိမိတို့၏ ဉာဏ်ပညာ အရည်အသွေးကို ပြနိုင်သူများပင် ဖြစ်ကြ၏။ မြတ်စွာဘုရား လက်ထက်တော်သို့ ရောက်သောအခါ အရိယသစ္စာကို သိမြင်တော်မူပြီး ရဟန္တာထေရီမကြီးများပင် ဖြစ်နိုင်ကြ၏။

ထိုခေတ်က တရားဘာဝနာ ပွားများမှုများမှာ သူ့ခေတ်သူ့အခါအရ ပေါ်ပေါက်နေသော တရားဘာဝနာ ပွားများမှုများပင် ဖြစ်၏။ ထိုတရားဘာဝနာ ပွားများမှုများတွင် "ဝေဒ" အယူလည်းပါ၏။ "ဗြာဟ္မဏ" အယူလည်းပါ၏။ "အာရညက" အယူလည်းပါ၏။ "ဥပနိသျှဒ်" အယူလည်းပါ၏။ တိတ္ထိ ကြီးများ၏ အယူလည်းပါ၏။ သချ်ဒဿန, ယောဂဒဿန စသည်အားဖြင့် ဒဿန–သဘောများလည်း ပါ၏။ ထိုခေတ် ဒဿန–ဆိုသည်မှာ လောကကိုကျော်၍ လောကမှ လွတ်မြောက်ရာ မောက္ခ–ကိုမြင်ရန် အားထုတ်ခြင်းဖြစ်၏။ အခြားသော အာဇီဝကဂိုဏ်း, ပရိဗ္ဗာဇကဂိုဏ်း တို့၏ အယူဝါဒများလည်းပါ၏။ ထိုခေတ်တွင် ပညာရေးအရ လွတ်လပ်မှုများစွာ ရှိသဖြင့် သံဝေဂဖြစ်လောက်အောင် ပညာရေးဒုက္ခများ မရှိကြောင်းကို တွေ့ရ၏။ ထို့ကြောင့် ဘဝဒုက္ခကို သိမြင်ရာ၌ ပညာရေးဆိုင်ရာဒုက္ခသည် အဓိကကျသော အကြောင်းတစ်ရပ် မဖြစ်နိုင်ဟူ၍ ယူဆဖွယ်ရှိပါသည်။

**စီးပွားရေးစနစ်** ထိုခေတ်စီးပွားရေးနှင့် ပတ်သက်၍လည်း လယ်သမားလုပ်ငန်းစားအပြင် လုပ်ငန်းရှင်လုပ်ငန်းစားများအနေဖြင့်လည်း အားကောင်းကြောင်း တွေ့ရ၏။ လုပ်ငန်းရှင်ကို ဆင်းရဲသားလုပ်ငန်းစား၌ ထည့်သွင်းထားသော်လည်း ယင်းတို့သည် အသင်းများ အဖွဲ့အစည်းများနှင့် စနစ်တကျ ရှိနေကြပြီ ဖြစ်ကြ၏။ ထိုအသင်းအဖွဲ့များကို"နိဂမ"ဟူ၍လည်းကောင်း၊ "သံဃ" ဟူ၍လည်းကောင်း၊ "သေဏိ" ဟူ၍လည်းကောင်း၊ "ပူဂ" ဟူ၍လည်းကောင်း၊ "နိကာယ" ဟူ၍လည်းကောင်း ခေါ်ကြောင်းတွေ့ရ၏။ ထိုအသင်းအဖွဲ့အစည်းများတွင်ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သူများ ရှိကြ၏။ ဥက္ကဋ္ဌများကို "ပမုခ" ဟူ၍လည်းကောင်း၊ "ဇေဋ္ဌက" ဟူ၍လည်းကောင်း ခေါ်၏။ ဇာတ်တော်များတွင်မူ "ကမ္မာရဇေဋ္ဌက=ပန်းပဲအသင်း ဥက္ကဋ္ဌ၊ မာလာကာရဇေဋ္ဌက = ပန်းကုန်သည်အသင်း ဥက္ကဋ္ဌ၊ ဝဍ္ဎကီဇေဋ္ဌက=လက်သမားအသင်း ဥက္ကဋ္ဌ စသည်ဖြင့် အသင်းများနှင့် အဖွဲ့အစည်းများ၏ အကြီးအမှူး အမည်များကို တွေ့ရ၏။ ထို့အပြင် ကုသန်း ရောင်းဝယ်မှုနှင့် ပတ်သက်၍ ကုန်သွယ်ရေးအဖွဲ့၏ ခေါင်းဆောင်များလည်း ရှိကြ၏။ ယင်းကို "သတ္ထဝါဟဇေဋ္ဌက" ဟုခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ် မဇ္ဈိမဒေသတွင် လယ်ယာလုပ်ငန်း, ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ကူသန်းရောင်းဝယ်ရေးလုပ်ငန်းဟူ၍ လုပ်ငန်းကြီး သုံးခုရှိကြောင်း တွေ့ရ၏၊ လယ်ယာလုပ်ငန်းမှာမူ သမားရိုးကျ လုပ်ငန်းဖြစ်၍ အထူးပြောစရာမလိုချေ။ ကုန်သွယ်ရေးလုပ်ငန်းမှာ ရေကြောင်းနှင့် ကုန်းကြောင်းဟူ၍ နှစ်မျိုးရှိ၏။ ရေကြောင်းကုန်သွယ်ရေးမှာ ရွက်သင်္ဘောများဖြင့် မဇ္ဈိမဒေသကိုကျော်၍ပင် တိုင်းတစ်ပါးနှင့် ကုန်သွယ်ကြကြောင်း တွေ့ရ၏။ ကုန်းကြောင်း ကုန်သွယ်ရေးမှာလည်း လှည်းဖြင့် ကုန်သွယ်ခြင်းဖြစ်၏။ အမှန်အားဖြင့် လှည်းဖြင့်ကုန်သွယ်သည်ဖြစ်စေ၊ ရွက်သင်္ဘောများဖြင့် ကုန်သွယ်သည်ဖြစ်စေ ကုန်သွယ်ရေးလုပ်ငန်းသည် သက်စွန့်ဆံဖျား လုပ်ကိုင်ရသော လုပ်ငန်းများဖြစ်ကြ၏။ ထို့ကြောင့် ထိုခေတ်ကုန်သွယ်ရေးသမားများ၏ ရဲရင့်မှုနှင့် လုံ့လဝီရိယကြီးမားမှုသည် များစွာအံ့ဩဖွယ်ဖြစ်ပါ၏။

ကုန်ပစ္စည်းများမှာမူ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် အလုပ်ရုံလုပ်ငန်းထွက် ပစ္စည်းများဖြစ်ကြ၏။ အလုပ်ရုံလုပ်ငန်းထွက် ပစ္စည်းများမှာ ရက်ကန်းထည်များ၊ ဆင်စွယ်ထွက်ပစ္စည်းများ၊ သတ္တုထွက်ပစ္စည်းများ၊ အိုးခွက်များ၊ ကျောက်ဆစ်ပစ္စည်းများ၊ သားရေထွက်ပစ္စည်းများ၊ ဆိုးဆေးများ၊ ကျောက်သံပတ္တမြား စသည်တို့ဖြစ်ကြ၏။

အလုပ်ရုံထွက် ကုန်ပစ္စည်းများသည် များသောအားဖြင့် စမ္ပာ၊ ရာဇဂြိုဟ်၊ ဝေသာလီ၊ ဗာရာဏသီ၊ အယုဇ္ဈ၊ သာကေတ၊ သာဝတ္ထိ၊ ကောသမ္ဗီ၊ မထုရာ၊ တက္ကသိုလ်မြို့များမှ ထွက်ကြသော ကုန်ပစ္စည်းများဖြစ်ကြ၏။ ဖော်ပြပါမြို့များသည် အလုပ်ရုံများ ထွန်းကားတည်ရှိရာမြို့များ ဖြစ်ကြ၏။ ထိုမြို့များ၏ ကျေးလက်ဒေသမှလည်း အလုပ်ရုံထွက် ပစ္စည်းများ ထွက်ကြသည်ပင်ဖြစ်၏။ ထိုပစ္စည်းများသည် ဒေသအတွင်းလောက်ငရုံမက ပြည်ပထွက်ကုန် ပစ္စည်းများအဖြစ် နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ တင်ပို့နိုင်လောက်သည်အထိ ထွက်ကြလေ၏။ အလုပ်ရုံများဆိုင်ရာ အသင်းအဖွဲ့ခေါင်းဆောင်များသည်လည်း မိမိတို့၏ လုပ်ငန်းနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော ပြဿနာများကို စီရင်နိုင်ခွင့်ရှိကြ၏။ အကယ်၍ မပြေလည်မှသာ ဘုရင်မင်းမြတ်ထံရောက်ရ၏။ ထို့ကြောင့်စီးပွားရေးနှင့် ပတ်သက်၍လည်း သံဝေဂဖြစ်လောက်အောင် ဘဝဒုက္ခမရှိသည်ကို တွေ့ရ၏။

**ကပ်ရောဂါများ** တစ်ခါတစ်ရံ ကပ်ရောဂါများနှင့် ပတ်သက်၍ ထိုခေတ်တွင် များစွာကြောက်မက်ဖွယ်ကောင်းအောင် ကြီးမားသော ကပ်ရောဂါများဖြစ်ပွားတတ်ကြောင်း တွေ့ရ၏။ ထိုရောဂါများကြောင့် လူ့ဘဝသည် "နေ့မြင်ညဥ့်ပျောက်" သဘောရှိသဖြင့် ဘာမျှတန်ဖိုးမရှိသည့် အသွင်ကို ဆောင်လျက်ရှိ၏။ ကပ်သုံးပါးတွင် ရောဂန္တရ–ကပ်နှင့် ဒုဗ္ဘိက္ခန္တရ–ကပ်သည် ထိုခေတ်က လူများအပေါ် များစွာနှိပ်စက်ညှဉ်းပန်းလေ၏။ ကပ်ရောဂါများတွင် "အဟိဝါတ" ခေါ်သော ရောဂါတစ်မျိုးသည် အိမ်လုံးကျွတ် မလွတ်နိုင်အောင် ကူးစက်မြန်လွန်း၏။ တံခါးပေါက်ကပင် ထွက်ချိန်မရဘဲ

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ရှေ့ရှိ နံရံကိုဖျက်၍ ချက်ချင်းထွက်ပြေးပါမှ အသက်ရှင်လျက် လွတ်မြောက်နိုင်ကြောင်း စာပေများတွင် တွေ့ရ၏။ ထို့ကြောင့် ထိုခေတ်က မဇ္ဈိမဒေသ၌ ရောဂန္တရကပ်-သည် လူတို့အတွက် များစွာများစွာ ကြောက်မက်ဖွယ်ကောင်းပါ၏။

ဒုဗ္ဘိက္ခန္တရ-ကပ်သည်လည်း ကြောက်မက်ဖွယ် ကောင်းသည်ပင် ဖြစ်၏။ ရာသီဥတု ဖောက်ပြန်ခြင်းကြောင့် အစာရေစာ ရှားပါးသဖြင့် ဝတ်မွတ်ခေါင်းပါးသည်လည်း ရှိ၏။ ရောဂန္တရ-ကပ်ကြောင့် အိုးပစ်, အိမ်ပစ်, လုပ်ငန်းပစ် သဘောဖြင့် ထွက်ပြေးရသောကြောင့် အစာရေစာငတ်ပြတ်ပြီး ဒုဗ္ဘိက္ခန္တရ-ကပ် ဆိုက်သည်လည်း ရှိ၏။ သို့ရာတွင် ထိုခေတ်က သူဌေးများသည် ထိုကဲ့သို့သော ဒုက္ခသည်များအား ကျွေးမွေးထောက်ပံ့နိုင်ရန် အလှူမဏ္ဍပ်များကို ဆောက်လုပ်ထားတတ်ကြ၏။ ထိုဓလေ့သည် ထိုခေတ် မဇ္ဈိမဒေသ၏ အစဉ်အလာဓလေ့ဖြစ်၏။ သူဌေးတိုင်းလိုလိုပင် ထိုဓလေ့ကို လိုက်နာကျင့်သုံးကြ၏။ နမြောလွန်းသော သူဌေးများသာ ထိုဓလေ့ကို မလိုက်နာဘဲ ရှိတတ်ကြ၏။ ထို့ကြောင့် ထိုဓလေသည် မဇ္ဈိမဒေသ၏ အစဉ်အလာ ဓလေ့ဖြစ်၏။ ၎င်းဒေသတွင် မြို့ကြီးတိုင်း၌ အလှူမဏ္ဍပ်များ ရှိကြ၏။ အလှူမဏ္ဍပ်များကိုသာမက အခမဲ့တည်းခိုဇရပ်များကိုလည်း ဆောက်လုပ်ထားတတ်ကြ၏။ ဒုဗ္ဘိက္ခန္တရ-ကပ် ကျရောက်ခြင်း ခံရသူများသည် အခမဲ့တည်းခိုဇရပ်များ၌ တည်းခိုပြီး အလှူမဏ္ဍပ်၌ အစာရေစာကို အလှူခံ၍ စားသောက်နိုင်ကြ၏။ သို့ဖြစ်၍ ဒုဗ္ဘိက္ခန္တရ-ကပ်သည် ထိုခေတ်က မဇ္ဈိမဒေသတွင် ကြောက်စရာကောင်းသော ကပ်တစ်မျိုးဖြစ်၏။ ဘဝဒုက္ခအနေဖြင့် သံဝေဂရဖွယ်လည်း ဖြစ်၏။

စာပေများတွင် ရောဂါဘေး, ဝတ်မွတ်ခေါင်းပါးခြင်းဘေးအပြင် အခြားဘေးတစ်မျိုး ရှိသေး၏။ ထိုဘေးကို "အမနုဿဘေး" ဟုခေါ်၏။ "အမနုဿဘေး"ကို ပရိတ္တပါဠိတော်အရ ဘီလူးဘေးဟု ဆို၏။ ထိုခေတ်က ဘီလူးများသည် လူယောင် ဆောင်တတ်ကြ၏။ လူယောင်ဆောင်ထားသဖြင့် ဘီလူးကို လူထင်ပြီး ပေါင်းမိကြ၍ ပျက်စီးရသော ဖြစ်ရပ်များကို ဇာတက-များ၌ တွေ့ရ၏။

ယခုခေတ်တွင်မူ လူယောင်ဆောင်ထားသော ဘီလူးအစစ်များမရှိ။ သို့ရာတွင် လူဖြစ်လျက် လူလိုမကျင့်ဘဲ ပညာရှိယောင်ဆောင်နေသော ဘီလူးအတုများသည်လည်းကောင်း၊ ကရုဏာရှင်ယောင် ဆောင်နေသော ဘီလူးအတုများသည်လည်းကောင်း၊ သူတော်ကောင်းယောင်ဆောင်နေသော ဘီလူးအတုများသည်လည်းကောင်း၊ အခြားသော အယောင်ဆောင် ဘီလူးအတုများသည်လည်းကောင်း များစွာရှိကြပါ၏။

များစွာရှိသော်လည်း အယောင်ဆောင်ကောင်းလှသဖြင့် ဘီလူးအတုမှန်း သိရန်ခက်၏။ အမှန်အားဖြင့် ဘီလူးအတုများ၏ ဘေးရန်ကြောင့် ဤလောကသည် မငြိမ်းချမ်းဘဲ ရှိနေခြင်းဖြစ်၏။ ဆူပွက်နေခြင်းဖြစ်၏။ ထို့ကြောင့် ထို "ဘေး"ကို ယနေ့အတွေ့အကြုံအရ "အမနုဿ-ဘေး" ဟု ဆိုနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



**ဓမ္မနှင့်အဓမ္မ** အယောင်ဆောင်ခြင်းသည် "အဓမ္မ" ဖြစ်၏။ အစစ်အမှန်ဖြစ်ခြင်းသည် "ဓမ္မ" ဖြစ်၏။ အဓမ္မသည် သစ္စာနှင့်မယှဉ်၊ ဓမ္မသည် သစ္စာနှင့်ယှဉ်၏။ ထို့ကြောင့် အယောင်ဆောင်ခြင်းသည် ဓမ္မ အပေါ် သစ္စာဖောက်ရာရောက်၏။ သစ္စာဖောက်ခြင်းသည် ဓမ္မကို တိုက်ခိုက်ခြင်းဖြစ်၏။ ထိုအခါ တုန့်ပြန်မှု၏ နိယာမ – အရ ဓမ္မ–သည် မိမိအပေါ် တိုက်ခိုက်လာသော အဓမ္မ –ကို ပြန်လည်တိုက်ခိုက်၏။ ဓမ္မ၏ပြန်လည်တိုက်ခိုက်ခြင်း ခံရသောအခါ အဓမ္မသည် များစွာအထိနာ၏။ ယင်းကို သစ္စာစူးခြင်းဟုဆို၏။

ထို့ကြောင့်"အတု"ဟူသမျှသည်လည်းကောင်း၊ အယောင်ဆောင် ဟူသမျှ သည်လည်းကောင်း အစစ်၏ တန်ပြန်တိုက်ခိုက်မှုကြောင့် တစ်ခုသော နေ့တွင်အကျနာရ မည်ဖြစ်၏။ အကျနာရမည်ကတော့သေချာ၏။ အချိန်သာ မသေချာခြင်းဖြစ်၏။

သို့ရာတွင် အဓမ္မ၏ ဘက်တော်သားများဖြစ်ကြသော "အတု" သည် လည်းကောင်း၊ အယောင်ဆောင်ခြင်းသည် လည်းကောင်း မိမိတို့ ကျဆုံးချိန်သို့ မရောက်မီ လောကအပေါ် များစွာဒုက္ခပေး၏။ ထိုဒုက္ခ၏ ဒဏ်ချက်ကလည်း များစွာပြင်းထန်၏။ လောကသည် ထိုပြင်းထန်လှသော ဒုက္ခ၏ဒဏ်ချက်ကို အလူးအလိမ့် ခံရ၏။ ဤကား ဘဝဒုက္ခဖြစ်၏။ ထို့ကြောင့် ပရိတ္တပါဠိတော်၌ "အမနုဿ–ဘေး" ကို သံဝေဂရဖွယ် ဘေးတစ်ခုအနေဖြင့် ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ဟန်ရှိ၏။

အမနုဿဘေးအပြင် အခြားသောဘေးများလည်း ရှိသေး၏။ ထိုဘေးများမှာ နယ်နယ်ရရမဟုတ်ဘဲ လောကအပေါ် များစွာအန္တရာယ် ပြုဟန်ရှိ၏။ ဘဝဒုက္ခကို များစွာဖန်တီးဟန်ရှိ၏။ ထိုဘေးများမှာ သူခိုးဓားပြဘေး, လူရိုင်း လူရမ်းကားဘေး,မီးဘေး, ရေဘေး, တစ္ဆေမြေဘုတ်ဘီလူးဘေး, သစ်ငုတ်ခလုတ်ဘေး, ဆူးငြောင့်ဘေး, နက္ခတ် ဂြိုဟ်ဆိုးဘေး, ဇနပုဒ်ရောဂါဘေး, ယုတ်မာသောအကျင့်ပျက်ဘေး, ယုတ်မာသော အယူဝါဒဘေး, သူယုတ်မာဘေး, ကြမ်းသောဆင်, ကြမ်းသောမြင်း, ကြမ်းသောသားရဲ, ကြမ်းသောနွား,ကြမ်းသောခွေး,ကြမ်းသောမြွေ,ကြမ်းသောကင်းမြီးကောက်, ကြမ်းသော မြွေစိမ်း, ကြမ်းသောသစ်, ကြမ်းသောဝံ, ကြမ်းသောအောင်း, ကြမ်းသောဝက်,ကြမ်းသော ကျွဲ, ကြမ်းသောနတ်ဘီလူး, ကြမ်းသောရက္ခိုသ် တို့ဖြစ်ကြ၏။ ယင်းတို့သည် လူတို့ အပေါ် များစွာအန္တရာယ် ပြုကြဟန်ရှိ၏။

ထိုဘေးများမှ ကယ်ဆယ်စောင့်ရှောက်တော်မူကြပါရန် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များအား ထိုခေတ်မဇ္ဈိမသားတို့က ယဇ်ပူဇော်မှု အမျိုးမျိုးဖြင့် ပူဇော်၍ တိုင်တည်တောင်းပန်ကြကြောင်း တွေ့ရ၏။

ဖော်ပြပါအန္တရာယ်များသည် ထိုခေတ်တွင် တကယ်တမ်း ကြောက်စရာ ကောင်းသော်လည်း ထိုအန္တရာယ်များရှိရာ ကန္တာရများကို မလွှဲသာမရှောင်သာ ဖြတ်ကျော်သွားကြရသူများ ရှိကြလေ၏။ ထိုသို့ဖြတ်ကျော် သွားကြရသူများမှာ ကုန်သည်များ၊ ပညာတော်သင်များ၊ ခရီးသည်များဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်များအတွက် မဇ္ဈိမဒေသအတွင်း၌ ဤကဲ့သို့ ဖြတ်ကျော်သွားကြရသော ကုန်းလမ်းပေါင်း များစွာရှိ၏။ သို့ရာတွင် ထိုလမ်းများစွာအနက် ထင်ရှားသော ခရီးရှည်လမ်းမကြီးမှာ နှစ်ကြောင်းရှိ၏။ တစ်ကြောင်းမှာ သာဝတ္ထိမှ ပတိဋ္ဌာနသို့ သွားသော လမ်းကြောင်းဖြစ်၏။ ထိုလမ်းကြောင်းသည် သာကေတ, ကောသမ္ဗီ, ဝိဒိသာ, ဥဇ္ဇေနီ တို့ကို ဖြတ်၍သွားရ၏။ နောက်တစ်ကြောင်းမှာ သာဝတ္ထိမှ ရာဇဂြိုဟ်သို့သွားသော လမ်းဖြစ်၏။ ထိုလမ်းသည် သေတဗျ, ကပိလဝတ္ထု, ကုသိနာရုံ, ပါဝါ, ဟတ္ထိဂါမ, ဘဏ္ဍာဂါမ, ဝေသာလီ, ပါဋလိပုတ်, နာလန္ဒာ တို့ကို ဖြတ်ကျော်၍ သွားရ၏။

သမိုင်းဆရာတို့၏ အဆိုအရ ထိုခေတ်က မဇ္ဈိမဒေသတွင် အာရိယန်မျိုးနွယ်စုနှင့် အာရိယန်မဟုတ်သော မျိုးနွယ်စုဟူ၍ မျိုးနွယ်စု နှစ်မျိုးသာရှိသည်ဟု ဆိုကြ၏။ အာရိယန်မျိုးနွယ်စုမှ ဗြာဟ္မဏ, ခတ္တိယနှင့် ဝေဿ ဟူ၍ အထက်တန်းလူတန်းစား သုံးမျိုး ဖြစ်ပေါ်လာ၏။ အာရိယန်မဟုတ်သော မျိုးနွယ်စုကား တိုင်းရင်းသား လူဆင်းရဲများ ဖြစ်ကြ၏။ တိုင်းရင်းသားလူဆင်းရဲများကို "ဒလိဒ္ဒ" ဟု ခေါ်ကြ၏။ အာရိယန် မျိုးနွယ်စုရော အာရိယန်မဟုတ်သော မျိုးနွယ်စုပါ မျိုးနွယ်စု နှစ်မျိုးလုံးကပင် ဘဝဒုက္ခကို သိကြ၏။ သူတို့သည် ဘဝဒုက္ခမှ လွတ်မြောက်လိုကြ၏။

**ရှေးခေတ်ကသိသောဒုက္ခ** သူတို့သိသော သူတို့ခံစားရသော ဒုက္ခများကို အကျဉ်းအားဖြင့် အုပ်စုဖွဲ့လိုက်လျှင် အုပ်စု သုံးမျိုး ရ၏။ အုပ်စုတစ်မျိုးကို "အာဓျာတ္မိက" ဒုက္ခဟုခေါ်၏။ အာဓျာတ္မိက -ဒုက္ခဟူသည်မှာ ခန္ဓာကိုယ် ဖွဲ့စည်းမှုအရ ဖြစ်ပေါ်လာသော အဇ္ဈတ္တဒုက္ခဖြစ်၏။ ခန္ဓာကိုယ်တစ်ခုလုံးကို ဒုက္ခများ၏ အစိတ်အပိုင်းများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်-ဟု သူတို့သိကြ၏။ ထိုဒုက္ခသည် မူရင်း ဖြစ်၏။ ထိုဒုက္ခမှလည်း သူတို့ လွတ်မြောက်လိုကြ၏။

ထို့အပြင် လူ၏ပတ်ဝန်းကျင်တွင် သက်ရှိလည်းရှိ၏။ သက်မဲ့လည်းရှိ၏။ ထိုပတ်ဝန်းကျင်မှလည်း ဗဟိဒ္ဓ-ဒုက္ခသည် ဖြစ်ပေါ်လာတတ်၏။ လူ၏ပတ်ဝန်းကျင်မှ ဖြစ်ပေါ်လာတတ်သော ဒုက္ခကို "အာဓိဘောတိက" ဟုခေါ်၏။ ဤဒုက္ခကိုလည်း သူတို့သိကြ၏။ ထိုပတ်ဝန်းကျင် ဒုက္ခမှလည်း သူတို့လွတ်မြောက်လိုကြ၏။

နောက်ဒုက္ခတစ်မျိုးမှာ သူတို့ကိုးကွယ်သော နတ်ဒေဝါများမှ ဖြစ်ပေါ်လာသော ဒုက္ခဖြစ်၏။ ယင်းဒုက္ခကို "အာဓိဒဲဝိက" ဟုခေါ်၏။ ထိုဒုက္ခကိုလည်း သူတို့သိကြ၏။ ထိုဒုက္ခမှလည်း သူတို့သည် လွတ်မြောက်လိုကြ၏။

မိမိတို့၏ ဘဝတစ်လျှောက်လုံး တွေ့ကြုံနေကြရသော ဒုက္ခဟူသမျှသည် အထက်ဖော်ပြပါအတိုင်း သုံးမျိုးသာရှိလေရာ ထို ဒုက္ခသုံးမျိုးမှ လွတ်မြောက်ရေးအတွက် ထိုခေတ်မဇ္ဈိမသားတို့သည် နည်းလမ်းများကို ရှာကြ၏။ ထိုသို့ရှာကြရာတွင် သူတို့တွေ့ကြသော နည်းလမ်းများမှာလည်း အမျိုးမျိုးပင် ဖြစ်ပါ၏။ ထိုသို့ အမျိုးမျိုးဖြစ်သော်လည်း ထိုနည်းလမ်းများကို အကျဉ်းအားဖြင့် အုပ်စုဖွဲ့လိုက်လျှင်လည်း

www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်း နှစ်မျိုးသာရှိ၏။ ထိုနည်းလမ်း နှစ်မျိုးအနက် နည်းလမ်းတစ်မျိုးမှာ ဗဟိဒ္ဓ ကို အားကိုးသော နည်းလမ်းဖြစ်၍ အခြားတစ်မျိုးမှာ အဇ္ဈတ္တ ကို အားကိုးသော နည်းလမ်းဖြစ်၏။ ဗဟိဒ္ဓ ကို အားကိုးခြင်းဟူသည်မှာ နတ်ဒေဝါများကို အားကိုးခြင်းဖြစ်၍ အဇ္ဈတ္တ-ကို အားကိုးခြင်း ဟူသည်မှာ မိမိ၏ကျင့်စဉ်ကို အားကိုးခြင်းဖြစ်၏။ ထိုနည်းလမ်း နှစ်မျိုးအနက် မိမိတို့နှစ်သက်ရာ နည်းလမ်းကို မန္တလေးဒေသသားတို့ လိုက်နာကြ၏။ ထိုသို့လိုက်နာကြရာတွင် လိုက်နာမှုကို အခြေခံ၍ နည်းလမ်းများကို တစ်ဖန် နှစ်မျိုး ခွဲပြန်၏။ ထို နှစ်မျိုးအနက် တစ်မျိုးမှာ "ဗြာဟ္မဏ" နည်းလမ်းဖြစ်၏။ အခြားနည်းလမ်း တစ်မျိုးမှာ "သမဏ" နည်းလမ်းဖြစ်၏။ ထိုနည်းလမ်း နှစ်မျိုးအနက် ဗြာဟ္မဏ နည်းလမ်းကို လိုက်နာသူများက နတ်ဒေဝါများကို ပူဇော်ကြ၏။ သမဏ နည်းလမ်းကို လိုက်နာသူများက "တပ-အကျင့်" ကို ကျင့်ကြ၏။

**ဒုက္ခမှလွတ်မြောက်ရေးယုံကြည်ချက်** နတ်ဒေဝါများကို ပူဇော်ခြင်းအားဖြင့် ဒုက္ခ သုံးမျိုးမှလည်း လွတ်၏။ မိမိတို့အလိုရှိသော ချမ်းသာသုခကိုလည်း ရ၏။ ထိုလမ်းကိုလိုက်သူများက ဤသို့ယုံကြည်ကြ၏။ တပ- အကျင့်လမ်းစဉ်ကို လိုက်သူများကလည်း တပ- အကျင့်ကို ကျင့်ခြင်းအားဖြင့် ဒုက္ခ သုံးမျိုးမှလည်း လွတ်၏။ မိမိတို့အလိုရှိသော ချမ်းသာများကိုလည်း ရ၏။ ထိုလမ်းကို လိုက်သူများက ဤသို့ယုံကြည်ကြ၏။ ဗြာဟ္မဏ နည်းလမ်းကို လိုက်သူများသည်လည်း အထက်တန်းလွှာ လူတန်းစားနှင့် အောက်တန်းလွှာ လူတန်းစားဟူ၍ နှစ်မျိုး ရှိပြန်၏။ အထက်တန်းလွှာ လူတန်းစားများသည် နတ်ဒေဝါများကို ပူဇော်ကြရာတွင် ဝေဒကျမ်းလာနတ်များကို ပူဇော်ကြ၏။ ထိုသို့ပူဇော်ကြသောအခါ ဗြာဟ္မဏများ၏ အဆိုအမိန့်အတိုင်း လိုက်နာ၍ပူဇော်ကြ၏။ အောက်တန်းလွှာ လူတန်းစားများက ပူဇော်ကြရာတွင်မူ သူတို့ပူဇော်သော နတ်များသည် "ဝေဒ" ကျမ်းလာ နတ်များမဟုတ်၊ သူတို့၏ မိရိုးဖလာနတ်များဖြစ်ကြ၏။ ပူဇော်နည်းမှာလည်း ဗြာဟ္မဏ တို့၏ အဆိုအမိန့်အတိုင်း မဟုတ်ဘဲ မိမိတို့၏ မိရိုးဖလာအတိုင်းသာ လိုက်နာ၍ ပူဇော်ကြခြင်းဖြစ်၏။ ထိုခေတ်က မိမိတို့ကြိုက်သလို မိမိတို့၏ နတ်ဒေဝါများအား ပူဇော်ခွင့်ရှိသဖြင့် ထိုခေတ်ကို ဘာသာရေး လွတ်လပ်သောခေတ်ဟု ဆိုကြ၏။ အမှန်အားဖြင့်လည်း ထိုခေတ်က လူတန်းစား အားလုံးတို့သည် ဘာသာရေးနှင့် ပတ်သက်၍ အချင်းချင်း ခိုက်ရန်ဖြစ်ပွားကြောင်း မှတ်တမ်းများ၌ မတွေ့ရပေ။

ကိုးကွယ်မှုနှင့်ပတ်သက်၍ ဗြာဟ္မဏ တို့၏ လမ်းစဉ်အရ ကိုးကွယ်သောနတ်များမှာ ဝေဒကျမ်းလာ ဣန္ဒြ၊ ဝရုဏ- စသည်အားဖြင့် များစွာရှိ၏။ ထိုနတ်များကိုပင် ဗြာဟ္မဏ တို့ကလည်း ကိုးကွယ်ကြ၏။ ခတ္တိယတို့ကလည်း ကိုးကွယ်ကြ၏။ ဝေဿတို့ကလည်း ကိုးကွယ်ကြ၏။ ထိုသို့ကိုးကွယ်ကြရာတွင် နတ်ဒေဝါတို့၏ ဘုန်းတော်ဘွဲ့များကို ရွတ်ဆိုခြင်းလည်း ပါ၏။ ပူဇော်ဖွယ် ပစ္စည်းဝတ္ထုများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပူဇော်ခြင်းလည်းပါ၏။ နတ်ဒေဝါများ၏ ဘုန်းတော်ဘွဲ့များကို ရွတ်ဆိုရာတွင် အသံနေအသံထားဖြင့် ဌာန်,ကရိုဏ်း ကျကျ ရွတ်ဆိုရ၏၊ သို့မှသာ လိုအပ်သော အကျိုးကိုရ၏။ ဆင်းရဲသားတို့ကလည်း မိမိတို့၏ဆိုင်ရာ နတ်ဒေဝါများကို ပူဇော်ကြ၏။ ထိုသို့ပူဇော်ကြရာတွင် မိမိတို့၏ မိရိုးဖလာနည်းအတိုင်း ပူဇော်ကြ၏။ အမှန်အားဖြင့် ဗြာဟ္မဏနည်းအရ ပူဇော်ပါက ငွေကြေးကုန်ကျမှု များ၏။ ထို့ကြောင့် ပူဇော်ရာ၌ ငွေကြေးကုန်ကျမှု သက်သာစေရန် ဆင်းရဲသားတို့သည် မိမိတို့၏ မိရိုးဖလာနည်းအရ ပူဇော်ခြင်းဖြစ်၏။ မိရိုးဖလာနည်းအရ ပူဇော်ခြင်းသည်လည်း ဗဟိဒ္ဓ ကို အားကိုးသော သဘောရှိသဖြင့် ယင်းပူဇော်ခြင်းကို သမဏနည်း၌ မထည့်ဘဲ ဗြာဟ္မဏနည်း၌ ထည့်သွင်းကြ၏။

ထိုခေတ် ဆင်းရဲသားများ ကိုးကွယ်သော နတ်များမှာ ဝေဒကျမ်းများ၌လာသော နတ်များမဟုတ်ကြ၊ ရိုးရာနတ်များ ဖြစ်ကြ၏။ ဆင်းရဲသားများ ကိုးကွယ်ကြသော နတ်များမှာ နဂါးများ, ယက္ခများ, ဂန္ဓဗ္ဗနတ်များ, ရက္ခစိုးများ, ရက္ခိုသ် များဖြစ်ကြလေ၏။

**သံသရာသဘောနှင့်ချမ်းသာ**

ထိုခေတ်ကမဇ္ဈိမဒေသရှိ လူတန်းစား အားလုံးတို့သည် သံသရာသဘောကိုသိကြ၏။ သံသရာ ချမ်းသာကို သိကြ၏။ သံသရာမှလွတ်မြောက်မှု မောက္ခချမ်းသာကိုမူ မသိကြသေးချေ။ ထို့ကြောင့် သံသရာ၌ ကျင်လည်ရစဉ် ကာလတစ်လျှောက်လုံး ဘေးအန္တရာယ်များ ကင်းဝေးစေရန်, သားကောင်းရတနာများ ထွန်းကားစေရန်, ပစ္စည်းဥစ္စာများ ကြွယ်ဝချမ်းသာစေရန်နှင့် ကွယ်လွန်လျှင်လည်း နတ်ပြည်သို့ရောက်စေရန် ရည်စူး၍ နတ်ဒေဝါများကို ထိုခေတ်မဇ္ဈိမဒေသသားတို့က ကိုးကွယ်ခြင်းဖြစ်၏။ ပူဇော်ခြင်းဖြစ်၏။ သံသရာမှ လွတ်မြောက်မှု မောက္ခကို ရရှိနိုင်ရန် ရည်ရွယ်၍ ပူဇော်ခြင်းမဟုတ်။ ထိုအချိန်အထိ "မောက္ခ" ကို သူတို့မသိကြသေးချေ။ မောက္ခ ကို မသိကြသေးသဖြင့် လောလောဆယ် သူတို့တွေ့ကြုံနေရသော ဘေးဒုက္ခကိုပင် ကြီးကျယ်လှသော ဘေးဒုက္ခအဖြစ် မှတ်ယူ၍ ထိုဘေးဒုက္ခအပေါင်းမှ လွတ်မြောက်ရန်အတွက်သာ ရည်စူး၍ နတ်များကို ပူဇော်ကြခြင်း ဖြစ်၏။

အမှန်အားဖြင့် သူတို့တွေ့ကြုံနေရသော ဘေးဒုက္ခများသည် သူတို့အတွက် သေးငယ်လှသည်တော့မဟုတ်၊ သံဝေဂဖြစ်လောက်အောင် ကြီးကျယ်ပါ၏၊ ကြီးကျယ်သဖြင့် ထိုဘေးဒုက္ခအပေါင်းမှ လွတ်လိုခြင်းဖြစ်၏။ ဤ ပစ္စက္ခဘဝတွင် ကိုယ်တွင်းဘေးရန်, ကိုယ်ပဘေးရန်, နတ်ဒေဝါများမှ ဖြစ်ပေါ်လာသော ဘေးရန်ဟူ၍ ဘေးရန် သုံးမျိုးမှ လွတ်မြောက်ရန်အတွက်သာ သူတို့အာရုံစိုက်၏။ ထိုဘေးရန် သုံးမျိုးမှ လွတ်မြောက်ခြင်းသည် ချမ်းသာဖြစ်၏။ သားကောင်းရတနာများ ထွန်းကားခြင်း သည်လည်း ချမ်းသာဖြစ်၏။ ပစ္စည်းဥစ္စာ ကြွယ်ဝခြင်းသည်လည်း ချမ်းသာဖြစ်၏။ သေဆုံးပြီးနောက် နတ်ပြည်ရောက်လျှင်လည်း ချမ်းသာဖြစ်၏။ ဤချမ်းသာမျိုးကိုသာ သူတို့သိကြ၏။ ထို့ထက်ပို၍ သူတို့မသိကြ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် မောက္ခကိုသိလာ၏။ မောက္ခကို သိလာသည်နှင့်တစ်ပြိုင်နက် ယခင်ကလိုက်နာခဲ့သော ယဇ်ပူဇော်မှုများကို စွန့်လွှတ်လိုက်၏။ တောထွက်၍ ကိုယ်တိုင်တရားကျင့်သော လမ်းစဉ်ကို ကျင့်သုံးကြ၏။ တရားကျင့်သော လမ်းစဉ်ကား သမဏ လမ်းစဉ်ဖြစ်၏။ နတ်ဒေဝါများအား ယဇ်ပူဇော်ရုံမျှနှင့်တော့ မောက္ခကို မရနိုင်ဘဲ ကိုယ်တိုင်တရားကျင့်မှသာ မောက္ခကို ရနိုင်ကြောင်း သူတို့သဘော ပေါက်လာကြ၏။ သူတို့ကျင့်သောအကျင့်ကို "တပ" ဟုခေါ်၏။ "တပ" အကျင့်ကို ကျင့်သောသူကို "တာပသ" ဟု ခေါ်၏။ "တာပသ"ကို မြန်မာဝေါဟာရဖြင့် "ရသေ့"ဟု အနက်ပြန်ဆိုကြ၏။

**အစ္စန္တကို အားကိုးသောကျင့်စဉ်**

တာပသ တို့၏ "တပ" ကျင့်စဉ်သည် အစ္စန္တ-ကိုအားကိုးသော ကျင့်စဉ်ဖြစ်၏။ သို့ဖြစ်၍ "တပ"ကျင့်စဉ်ကို သမဏနည်းလမ်း၌ ထည့်သွင်းထားကြခြင်းဖြစ်၏။ တပ ကျင့်စဉ်ဖြင့် အတ္တကို သံသရာမှ လွတ်အောင် အားထုတ်နိုင်သည်ဟု သူတို့ယုံကြည်ကြ၏။ ထို့ကြောင့်သူတို့သည် တပ- ကျင့်စဉ်ကို များစွာအလေးအနက် ထားကြ၏။ တပ- ကျင့်စဉ်နှင့်ပတ်သက်၍ စိတ်အလိုလိုက်ပြီး သက်သက်သာသာကျင့်လျှင် "ကာမသုခလ္လိကာနုယောဂ" ဖြစ်၏။ စိတ်ကို မတရားချုပ်တည်းပြီး ပြင်းပြင်းထန်ထန် ကျင့်လျှင် "အတ္တကိလမထာနုယောဂ" ဖြစ်၏။ ကာမသုခလ္လိကာနုယောဂ- ဟူသည် အလိုရှိအပ်သော မောက္ခ-ကို ရအောင် တိုက်ရိုက်အားထုတ်သောနည်းဖြစ်၏။ ကြွေးယူ၍ ရသောငွေအပေါ်၌ ချမ်းသာကို ရှာသည်နှင့်တူ၏။ ထိုနည်းသည် ကြွေးတင်ခြင်း၌ ဒုက္ခသဘောရှိသော်လည်း ထိုဒုက္ခကို နှလုံးမသွင်းဘဲ ရရှိလာသော ငွေအပေါ်သာ သုခကို နှလုံးသွင်းသော နည်းဖြစ်၏။ အတ္တကိလမထာနုယောဂ- ဟူသည် မိမိသန္တာန်၌ရှိသော ကံများ, ကိလေသာများ ကို ကုန်သွားအောင် ဒုက္ခခံစားခြင်းဖြင့် မောက္ခ ကို ရယူသောနည်းဖြစ်၏။ ထိုနည်းသည် တင်နေသောကြွေးကို ပေးဆပ်ခြင်းဖြင့် ကြွေးကျေမှု၌ သုခကို နှလုံးသွင်းသော နည်းဖြစ်၏။ သို့ရာတွင် ထိုနည်းသည်လည်း တစ်ဦးထံမှ ကြွေးယူ၍ ရသောငွေနှင့် အခြားတစ်ဦးအား ပေးဆပ်ခြင်းမျိုးဖြစ်သဖြင့် လွတ်လွတ်ကျွတ်ကျွတ် ဘဝဝင်္ကျေးမှ လွတ်မြောက်ခြင်း မောက္ခ ကို တကယ်တမ်း ရနိုင်သော နည်းမဟုတ်ပါချေ။

အမှန်အားဖြင့် ထိုခေတ်သည် သာသနာပ ကာလဖြစ်သဖြင့် အနတ္တ-သဘောကို မမြင်နိုင်ဘဲ အတ္တ-သဘောကိုသာ မြင်နိုင်သောခေတ်ဖြစ်၏။ သို့ဖြစ်လေရာ အတ္တ-အမြင်ဖြင့် မည်သို့သော တပ-ကို ကျင့်စေကာမူ သံသရာမှလွတ်မြောက်ခြင်း မောက္ခ ကို တကယ် မရနိုင်ကြောင်း သူတို့မသိကြ၊ မသိကြ၍လည်း သူတို့သိသော တပ- အကျင့်ဖြင့် မောက္ခကို ရအောင် စိတ်ကူးရသလို အားထုတ်ကြခြင်းဖြစ်၏။ သူတို့သိသော တပ အကျင့်ဟူသည်မှာလည်း ကာမသုခလ္လိကာနုယောဂ- တွင်ဖြစ်စေ၊ အတ္တကိလမထာနုယောဂ တွင်ဖြစ်စေ ကျင့်စဉ်တစ်မျိုးမျိုး၌ မလွဲမသွေ ပါသည်သာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပါဝင်သော်လည်း ပါဝင်မှန်းမသိဘဲ သူတို့သည် သူတို့၏ တပ အကျင့်ကို ဆက်လက်ကျင့်ကြသည်သာဖြစ်၏။ ခေတ်၏ တောင်းဆိုမှုပင် ဖြစ်တန်ရာ၏။ သို့ရာတွင် တပ-ကို အမျိုးမျိုးအနက်ဖွင့်၍ သူတို့ ဖွင့်သော အနက်အတိုင်း လိုက်၍ ကျင့်ကြခြင်းဖြစ်လေ၏။

**ထင်ရှားသောဂိုဏ်းကြီးများ** အတ္တ, လောက, မောက္ခ တို့နှင့် ပတ်သက်၍ စူးစမ်းကြရာ၌ ထိုခေတ်တွင် ထင်ရှားသော ဒဿန-ဂိုဏ်းကြီးများလည်း ရှိ၏။ ထိုဂိုဏ်းကြီးများမှာ (၁) ဝေဒန္တဂိုဏ်း၊ (၂) သင်္ချဂိုဏ်း၊ (၃) ယောဂဂိုဏ်း၊ (၄) နျာယဂိုဏ်း၊ (၅) မိမံသာဂိုဏ်း၊(၆) ဝိသေသိကဂိုဏ်း၊ (၇) ဂျိန်းဂိုဏ်း၊ (၈)စာရ်ဝကဂိုဏ်း တို့ဖြစ်ကြ၏။ ထင်ရှားသော အခြားတိတ္ထိကြီးများလည်း ရှိ၏။ ထိုတိတ္ထိကြီးများမှာ (၁) ပူရဏကဿပ၊ (၂) မက္ခလိဂေါသာလ၊ (၃) အဇိတကေသကမ္ဗလ၊ (၄) ပကုဓကစ္စာယန၊ (၅) သဉ္စယဗေလဋ္ဌပုတ္တ၊ (၆) နိဂဏ္ဌနာဋပုတ္တ တို့ဖြစ်ကြ၏။ ဖော်ပြပါ ဒဿနဂိုဏ်းကြီးများနှင့် တိတ္ထိကြီးတို့၏ အယူဝါဒများသည် မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလကပင် စတင်ရှိနှင့်နေသော ဝါဒများဖြစ်ကြ၏။ ယင်းဝါဒများသည် မြတ်စွာဘုရား ပွင့်တော်မူသောကာလ၌လည်း ရှိ၏။ မြတ်စွာဘုရား ပွင့်တော်မူပြီး နောက်လည်း ရှိ၏။ ဤကမ္ဘာ၌ ယနေ့တိုင်အောင်ပင် ရှိ၏။

ဒဿနဂိုဏ်းကြီးများအနက် ဝေဒန္တ ဂိုဏ်းဟူသည်မှာ ဥပနိသျှဒ်ကျမ်းများလာ ဝါဒများကိုညှိယူပြီး လိုက်နာကျင့်သုံးသော ဒဿနဂိုဏ်းဖြစ်၏။ ယင်းဂိုဏ်းက မောက္ခနှင့် ပတ်သက်ပြီး ဤသို့ဆိုထားသည်ကို တွေ့ရ၏။

ယး သွာတ္မမုက္တော် နယတေတ မူပစီး၊
သ ဟျာတ္မဟာ သွံ ဝိနိဟန္တျသဒ်ဂြဟာတ်။

ယော မူပစီး၊ အကြင်သူမိုက်သည်။ သွာတ္မမုက္တော်၊ သံသရာမှ မိမိ၏ အတ္တကို လွတ်မြောက်မှု၌။ နယတေတ၊ အားမထုတ်။ သော၊ ထိုသူမိုက်သည်။ ဟိ၊ အမှန်အားဖြင့်။ အာတ္မဟာ၊ အတ္တကို သတ်သူမည်၏။ အသဒ်ဂြဟာတ်၊ တကာယ်မရှိသော မိစ္ဆာတရားကို သိမ်းပိုက်ခြင်းကြောင့်။ သွံ၊ မိမိ၏အတ္တကို ။ ဝိနိဟန္တိ၊ သတ်ရာရောက်၏။

"ဤလောက၌ သစ္စာလေးပါးကို ဆရာမရှိဘဲ ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရား ပွင့်တော်မူလိမ့်မည်" ဟု နှစ်ပေါင်းတစ်ထောင်က ကြိုတင်၍ ကောလာဟလ ဖြစ်ခဲ့ရာ ထိုကောလာဟလအတိုင်းပင် သံသရာမှ လွတ်မြောက်ရာကို ရှာကြံခဲ့သူ များစွာရှိခဲ့ကြ၏။

ထိုပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်ကို မိမိတို့ ဘုရားဟူ၍ မှတ်ထင်ခဲ့ကြ၏။ ဘုရားဟူ၍ မှတ်ထင်သည့်အတိုင်း ဂိုဏ်းများကို ထောင်ခဲ့ကြ၏။ ထို့ကြောင့် ထိုခေတ်ကို "အသိဉာဏ်ပွင့်ထွန်းရာခေတ်" ဟု သမိုင်းတွင် ဆိုကြခြင်းဖြစ်၏။ အသိဉာဏ် ပွင့်ထွန်းလာရခြင်းမှာလည်း မိမိဘာသာမိမိ ပွင့်ထွန်းချင်၍ ပွင့်ထွန်းလာရခြင်းမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အစမ္မအပေါ် ဓမ္မကလွှမ်းမိုးနိုင်ရန် သဘာဝ၏အာနုဘော်အရ ပွင့်ထွန်းလာရခြင်းဖြစ်၏။

မိမိတို့၏ ပွင့်ထွန်းသော အသိဉာဏ်အရ သံသရာမှ လွတ်မြောက်ရာ တရားကို သတ်မှတ်ကြ၏။ သို့ရာတွင် သံသရာမှ လွတ်မြောက်ရာတရားကို သတ်မှတ်ရာ၌ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း သတ်မှတ်ပုံချင်း မတူကြချေ။ ထိုသို့ပင် မတူကြသော်လည်း သံသရာဟူ၍ ရှိခြင်းကိုလည်းကောင်း၊ သံသရာမှ လွတ်မြောက်ရာဟူ၍ ရှိခြင်းကို လည်းကောင်း အားလုံးကလက်ခံကြ၏။

အမှန်အားဖြင့် သူတို့အသိဉာဏ်အဆင့်သည် ထိုမျှလောက်တော့ရှိ၏။ ဂိုဏ်းဆရာကြီးတို့သည် သံသရာနှင့် သံသရာမှလွတ်မြောက်ရာတို့ ရှိကြမှန်းကို သိကြသော်လည်း သူတို့ကိုယ်ကိုသူတို့ သံသရာမှ တကယ်တမ်း လွတ်မြောက်ပြီးသူများ ဟုတ်မဟုတ်ကိုမူ အတိအကျမသိကြ။ ထိုသို့ပင် မသိကြသော်လည်း သူတို့သည်မိမိတို့ သိသလောက်အဆင့်နှင့်ပင် မိမိတို့ကိုယ်ကိုမိမိတို့ ဘုရားဟူ၍ ဝန်ခံနေကြခြင်းဖြစ်၏။

**ဘဝလွတ်မြောက်ရေး ဟောကြသူများ**

ဂိုဏ်းဆရာကြီးတို့သည် မိမိတို့၏ တပည့်များအား သံသရာနှင့် သံသရာမှ လွတ်မြောက်ရာကို ဟောကြပါ၏။ ကျင့်လည်းကျင့်ကြစေပါ၏။ ထို့ကြောင့် ဝေဒန္တဂိုဏ်းက မိမိတို့၏တပည့်များအား သံသရာမှလွတ်မြောက်ရာ "မောက္ခ"တရားကို မကျင့်လျှင်မဖြစ်နိုင်သည့် အခြေသို့ ရောက်အောင် ဟောပြောကြခြင်းဖြစ်၏။ အကယ်၍ မောက္ခ တရားကို ရအောင်မကျင့်လျှင် "အတ္တ" ကို သတ်သူမည်၏ဟုပင် ဟောပြောသည်အထိ ပြင်းထန်စွာပညတ်ထား၏။ ဝေဒန္တဂိုဏ်း၏အယူအရ နောက်ဆုံးသစ္စာတရားသည် ရှိ၏။ ထိုသစ္စာတရားကို အာရုံရှုထောင့်မှ နေ၍ဆိုရလျှင် "ဗြဟ္မာ" ဟူ၍ဆိုရ၏။ အာရမ္မဏိက ရှုထောင့်မှနေ၍ ဆိုရလျှင် "အတ္တ" ဟူ၍ဆိုရ၏။ အတ္တနှင့်ဗြဟ္မာသည် တရားကိုယ်အားဖြင့် တစ်ခုတည်းသာဖြစ်၏။ သတ္တဝါတိုင်းတွင် အတ္တသည် ရှိ၏။ ထိုအတ္တသည် ကံများ၊ ကိလေသာများက ဘဝအား (FORCE OF LIFE) အနေဖြင့် ဝိုင်းဝန်းပိတ်ဆို့ထားသဖြင့် အကျဉ်းချထားခြင်း ခံနေရ၏။ အကယ်၍ ကံများ၊ ကိလေသာများ မှ လွတ်မြောက်သွားလျှင် သံသရာမှ လွတ်မြောက်သည်မည်၏။ မောက္ခ ကို ရသည်မည်၏။

ထို့ကြောင့် ကံများ၊ ကိလေသာများ မှ လွတ်မြောက်အောင် အားမထုတ်လျှင် မိမိအတ္တ ကို တစ်သက်တစ်ကျွန်း ချထားသည်နှင့် တူ၏။ ထို့ထက်ပို၍ဆိုရလျှင် မိမိ၏အတ္တကို မိမိကိုယ်တိုင် သေဒဏ်ပေး၍ သတ်သည်နှင့်တူ၏။ ဤသို့ ဝေဒန္တဂိုဏ်းက မောက္ခ ရအောင် အားထုတ်ရေးနှင့် ပတ်သက်၍ ညွှန်ကြားလေ၏။

ဝေဒန္တဂိုဏ်း၏ အယူအရ လူသားတို့အနေဖြင့် မလွဲမသွေ ထမ်းရွက်ရမည့် တာဝန်မှာ (၁) ဓမ္မအတိုင်း လိုက်နာကျင့်ကြံခြင်း၊ (၂) စီးပွားဥစ္စာကို ဓမ္မနှင့်အညီရှာခြင်း၊ (၃) ဓမ္မနှင့်အညီ ကာမချမ်းသာကို ခံစားခြင်း၊ (၄) သံသရာမှ လွတ်မြောက်အောင် အားထုတ်ခြင်းဟူ၍ လေးမျိုးရှိလေရာ ထိုလေးမျိုးအနက် သံသရာမှလွတ်မြောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ခြင်းသည် ဘဝတွင် အမြင့်ဆုံးတာဝန်ဖြစ်၏။ ထိုတာဝန်ကို မလွဲမသွေ ထမ်းဆောင် ရမည်ဖြစ်၏။

ဤသည်မှာ ဘဝနှင့်ပတ်သက်၍ မလွဲမသွေ ထမ်းဆောင်ရမည့် တာဝန်များကို ဝေဒန္တဂိုဏ်းက သတ်မှတ်ထားခြင်းဖြစ်၏။ လောက၏ အကျိုးအတွက် ဤအဆင့်အထိ ဝေဒန္တဂိုဏ်းက ဖော်ထုတ်နိုင်၏။

နောက် သင်္ချဒဿနဂိုဏ်းက သံသရာနှင့် သံသရာမှ လွတ်မြောက်ရာတို့ကို တစ်မျိုးဆို၏။ အမှန်အားဖြင့် သင်္ချဒဿနဂိုဏ်းသည် မဇ္ဈိမဒေသဋ္ဌ ဩဇာညောင်းသော ဂိုဏ်းဖြစ်၏။ အာဠာရကာလာမ ရသေ့နှင့် ဥဒကရာမပုတ္တ ရသေ့တို့သည် သင်္ချဒဿနဂိုဏ်းဝင် ရသေ့တို့ဖြစ်ကြသည်ဟု အဆိုရှိ၏။ ထိုဂိုဏ်းကလည်း သံသရာနှင့် သံသရာမှလွတ်မြောက်ရာကို တစ်မျိုးသတ်မှတ်၏။ ထိုဂိုဏ်းက သံသရာကို မောက္ခ ဟု မဆိုဘဲ "ကဲဝလျ" ဟုဆို၏။ ကဲဝလျ သည်လည်း သံသရာမှ လွတ်မြောက်ခြင်းပင် ဖြစ်၏။ အပဝဂ္ဂ-ဟူ၍လည်းဆိုသေး၏။ အပဝဂ္ဂ-၏ အနက်မှာလည်း မောက္ခ, ကဲဝလျ တို့နှင့် အတူတူပင် ဖြစ်၏။ အားလုံး ဒုက္ခအပေါင်းမှ လွတ်မြောက်ခြင်းကို ဟောသည်ချည်းဖြစ်၏။ သင်္ချဒဿနတွင် ဒုက္ခကို သုံးမျိုးခွဲခြား၍ ဖော်ပြထား၏။ ကိုယ်တွင်းဒုက္ခ, ပတ်ဝန်းကျင်ဒုက္ခနှင့် နတ်ဒေဝါတို့မှ ဖြစ်ပေါ်လာသော ဒုက္ခတို့ဖြစ်ကြ၏။ သင်္ချဒဿန-အဆိုအရ လူ့ဘဝဟူသည် အားလုံး ဒုက္ခတို့၏ အစုအဝေးသာဖြစ်၏။

**သင်္ချဒဿနဏ် လွတ်မြောက်ခြင်း**

လူအပါအဝင် သတ္တဝါဟူသမျှဒ္ဓ ပကတိနှင့် ပုရိသ-ဟူ၍ နောက်ဆုံး ပရမတ္ထတရားနှစ်မျိုး ပါဝင်လျက်ရှိရာ ယင်း ပရမတ္ထတရားနှစ်မျိုး တို့၏ ပေါင်းဆုံမှုကြောင့် သတ္တဝါဟူ၍ ဖြစ်လာရ၏။ သတ္တဝါ ဟူသည်မှာ အမှန်အားဖြင့် ဒုက္ခ၏ အမည်တစ်မျိုးသာ ဖြစ်၏။ ပရမတ္ထ တရားနှစ်မျိုးတွင် ပကတိ-သည် ရုပ်ဖြစ်၍ ပုရိသ- သည် နာမ်ဖြစ်၏။ ထို ပရမတ္ထတရား နှစ်ပါး တို့ပေါင်းဆုံ နေရာမှ ကွဲကွာသွားသည်နှင့်တစ်ပြိုင်နက် သတ္တဝါသည် သံသရာမှ လွတ်မြောက်သည် မည်၏။ သံသရာမှ လွတ်မြောက်ခြင်း ဟူသည် ဒုက္ခမှလွတ်မြောက်ခြင်းဖြစ်၏။ ဒုက္ခမှ လွတ်မြောက်ခြင်းဟူသည် ဘဝမှ လွတ်မြောက်ခြင်းဖြစ်၏။ ဤလွတ်မြောက်ခြင်းနှင့် ပတ်သက်၍ သင်္ချဒဿန-က ဤသို့ဆို၏။

ဧဝံ တတ္တြာဘျာသာ နာသ္မိ၊ န မေ နာဟံ ဣတျပရိသေသံ။
အဝိပလ္လာသာ ဝိသုဒ္ဓံ၊ ကေဝလံ ဥပ္ပဇ္ဇတေ ဉာဏံ။

ဧဝံ၊ ဤသို့။ တတ္တြာဘျာသာ၊ သတ္တ, ရဇ, တမ- ဟူသော ဂုဏ်သုံးပါးကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာရာမှ။ နာသ္မိ၊ ငါမဟုတ်။ န မေ၊ ငါ၏ဥစ္စာမဟုတ်။ နာဟံ၊ ငါမရှိ။ ဣတိ၊ ဤသို့။ အပရိသေသံ၊ အကြွင်းမရှိသော။ အဝိပလ္လာသာ၊ ဝိပလ္လာသတရား

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ခြင်းကြောင့်။ ဝိသုဒ္ဓံ၊ စင်ကြယ်သော။ ကေဝလံ၊ ပုရိသ အနေဖြင့် တစ်ခုတည်းသာကျန်တော့သော။ ဉာဏံ၊ ဉာဏ်သည်။ ဥပ္ပဇ္ဇတေ၊ ဖြစ်လေ၏။

သတ္တဝါဟူသမျှ၌ ဖွဲ့စည်းပါဝင်နေသော "သတ္တ ဂုဏ်, ရဇ ဂုဏ်, တမ ဂုဏ်" တည်းဟူသော ဂုဏ် (တတ္တ) သုံးပါးကို ခွဲခြမ်းစိတ်ဖြာ၍ သိလိုက်သည်နှင့်တစ်ပြိုင်နက် ငါမဟုတ်, ငါ့ဥစ္စာမဟုတ်, ငါမရှိ ဟူသောဉာဏ်သည် ဖြစ်ပေါ်လာ၏။ ထိုဉာဏ်သည် သစ္စာဉာဏ်ဖြစ်၏။ သစ္စာဉာဏ်ဖြစ်ခြင်းကြောင့် အကြွင်းအကျန်မရှိ ပြည့်စုံ၏။ ဝိပလ္လာသ တရားများ မရှိတော့ခြင်းကြောင့် စင်လည်းစင်ကြယ်၏။ ပကတိမည်သော ရုပ်တရားမှ လွတ်ကင်းသွားပြီဖြစ်သဖြင့် ပုရိသ အနေဖြင့် တစ်ခုတည်းသာ ဖြစ်တော့၏။ ထို့အပြင် လွတ်မြောက်မှုနှင့်ပတ်သက်၍ ဤသို့လည်း ဆိုသေး၏။

ဓမ္မေန ဂမနံ ဥဒ္ဓံ ဂမနံ၊ အဓောဝ ဘဝတျဓမ္မေန။
ဉာဏေန စ အပဝဂ္ဂေါ၊ ဝိပလ္လာသာ ဣဿတေ ဗန္ဓော။

ဓမ္မေန၊ ဓမ္မကြောင့်။ ဥဒ္ဓံ၊ အထက်သို့။ ဂမနံ၊ သွားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဓမ္မေန၊ အဓမ္မကြောင့်။ အဓော၊ အောက်သို့သာလျှင်။ ဂမနံ၊ သွားခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ ဉာဏေန စ၊ ဉာဏ်ကြောင့်ပင်။ အပဝဂ္ဂေါ၊ သံသရာမှ ထွက်မြောက်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ ဝိပလ္လာသာ၊ ဝိပလ္လာသကြောင့်။ ဗန္ဓော၊ သံသရာ၌ နှောင်ဖွဲ့ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣဿတေ၊ ဆိုအပ်၏။

လောက၌ ကြီးပွားရေးအတွက် ရှေးရှုသော လောကသိဟူသမျှကို အဉာဏ ဟူ၍လည်းကောင်း၊ အဝိဇ္ဇာ ဟူ၍လည်းကောင်း သချ်ာဒဿန- က ဆို၏။ လောကမှ ထွက်မြောက်ရေးအတွက် ရှေးရှုသော လောကသိဟူသမျှကိုသာ "ဉာဏ" ဟူ၍ လည်းကောင်း၊ "ဝိဇ္ဇာ" ဟူ၍လည်းကောင်း သချ်ာဒဿန- က ဆို၏။ ဤ ဒဿန- အရ "ဉာဏ" ဟူသည် လောကမှထွက်မြောက်ရေးအတွက် ရှေးရှုသော လောကသိမှစ၍ ကဲဝလျ၊ သို့မဟုတ် အပဝဂ္ဂ ကို သိသော အသိတိုင်အောင် ဤအတွင်း၌ သိသောအသိ ဖြစ်၏။

ဤသို့ ဝိဇ္ဇာနှင့်အဝိဇ္ဇာတို့၏ ခြားနားချက်ကို ဖော်ပြ၏။ ထို့အပြင် အတ္တနှင့် ပတ်သက်၍လည်း "အတ္တ" ဟူသည် အားလုံးတစ်ခုတည်းသာရှိသည်ဟု ဝေဒန္တ ဒဿနက ဆို၏။ သချ်ာဒဿန-က မူ "အတ္တ" ဟူသည် သတ္တဝါရှိသလောက် သတ္တဝါတို့၏ အရေအတွက်နှင့်အမျှ ရှိသည်။ ထို့ကြောင့် အတ္တသည် တစ်ခုတည်းမဟုတ်၊ အများဖြစ်၏ ဟု ဆို၏။ ဤသို့ အတ္တနှင့်ပတ်သက်၍ အယူချင်းမတူချေ။

ယောဂဒဿန နှင့် သချ်ာဒဿန တို့သည် အချင်းချင်းမထူးကြကြောင်း ဆိုကြ၏။ ယောဂဒဿနသည် အကျင့်ပိုင်းကိုအားပြု၍ သချ်ာဒဿနသည် အသိပိုင်းကို အားပြု ကြောင်းဆိုကြ၏။ သချ်ာဒဿနနှင့် ယောဂဒဿနတို့အချင်းချင်းထူးခြားမှုနှင့်ပတ်သက်၍-

သချ်ယောဂါနံ မဇ္ဈေ ဣယာန် ဧဝ ဘေဒေါ သမုလ္လသတိ၊ ယံ
ယောဂဒဿနမိသ္သာရဝါဒိ စ ဝတ္တတေ။

www.burmeseclassic.com

www.burmeseclassic.com



သချံယောဂါနံ၊ သချံဒဿနနှင့် ယောဂဒဿနတို့၏။ မရှေ၊ အလယ်၌။ ဉာယာနံ စ၀၊ ဤမျှသာဖြစ်သော။ ဘေဒေါ၊ ခြားနားခြင်းသည်။ သမုလ္လသတိ၊ ထင်၏။ ယံ ယောဂဒဿနံ၊ အကြင် ယောဂဒဿနသည်။ ဤသွာရဝါဒိ စ၊ ဥသ္ဿရဝါဒ ရှိသည်သာလျှင်။ ဝတ္တတေ၊ ဖြစ်၏။

အမှန်အားဖြင့် ယောဂဒဿနသည် အိန္ဒိယဒဿန အားလုံးတို့၏ အခြေခံဖြစ်၏။ ယင်းသည် အခြား မည်သည့်ဒဿနနှင့်မျှ မဆန့်ကျင်။ အဘယ်ကြောင့်ဆိုသော် ယောဂဒဿနသည် ဉာဏ်လမ်းစဉ် "ဉာဏမဂ္ဂ"၊ ဝီရိယလမ်းစဉ် "ကမ္မမဂ္ဂ"၊ သဒ္ဓါလမ်းစဉ် "ဘတ္တိမဂ္ဂ" ဟူသော လမ်းစဉ်သုံးမျိုးတို့ဖြင့် သံသရာမှ ထွက်မြောက်ရာကို ညွှန်ပြသော ဒဿန ဖြစ်သောကြောင့် ဖြစ်၏။ သို့ဖြစ်၍သာ ယောဂဒဿန ကို "ယောဂေါ သာဗ္ဗဘူမော် စမ္မော- ယောဂဒဿန သည် အားလုံးသော ဒဿနတို့၏ အခြေခံစမ္မဖြစ်သည်" ဟု ဆိုခြင်းဖြစ်၏။

ဉာယဒဿန သည်လည်း အတ္တဝါဒပင်ဖြစ်၏။ မောက္ခ ကိုလည်း လက်ခံ၏။ ဉာယဒဿန- အရ အတ္တသည် နှစ်မျိုးရှိ၏။ တစ်မျိုးမှာ သတ္တဝါတိုင်း၌ ရှိသော အတ္တဖြစ်၏။ အခြားတစ်မျိုးမှာ နေရာတိုင်း၌ရှိသော (ဝိဘူ)၊ မပျက်မစီးသော (အဝိနာသီ)၊ အမြဲရှိသော (နိစ္စ) အတ္တဖြစ်၏။ ဉာယဒဿန- အရ ဤလောက၌ ဒုက္ခစုစုပေါင်း ၂၁ မျိုးရှိ၏။ ထိုဒုက္ခပေါင်း ၂၁ မျိုးမှ လုံးဝလွတ်မြောက်သွားပါက မောက္ခ ကို ရခြင်းမည်၏။ အမှန်အားဖြင့် မောက္ခ၌ ဒုက္ခလည်းမရှိ၊ သုခလည်းမရှိ။ ဉာယဒဿန-က "မောက္ခဟူသည် သုခ မရှိ" ဟုဆို၏။ ဝေဒန္တဒဿန-က မူ "မောက္ခ ဟူသည် သုခဖြင့်ပြီး၏" ဟုဆို၏။

ဉာယဒဿန- အရ ဒုက္ခ ၂၁ မျိုး ဟူသည်မှာ- ကိုယ်ခန္ဓာ-၁၊ ဣန္ဒြေ-၆၊ အာရုံ-၆၊ အသိ-၆၊ သုခ-၁၊ ဒုက္ခ-၁၊ ဟူ၍ဖြစ်၏။ ဤအဆိုအရ သုခကိုပင် ဒုက္ခစာရင်း၌ ထည့်သွင်းထားသည်ကို တွေ့ရ၏။

မိမံသာဒဿန-က လည်း အတ္တနှင့် မောက္ခ တို့နှင့်ပတ်သက်၍ ဤသို့ဆိုပြန်၏။ အတ္တဟူသည် ပြုလုပ်တတ်သူ "ကာရက" လည်း ဖြစ်၏။ ခံစားတတ်သူ "ဝေဒက"လည်း ဖြစ်၏။ အတ္တသည် အလုံးစုံကို ပျံ့နှံ့၍လည်း တည်၏။ ပျက်စီးခြင်းမရှိ။ သတ္တဝါတိုင်း၌ အတ္တသည်ရှိ၏။

ထို့ကြောင့် သတ္တဝါတို့သည် တစ်ဦးနှင့်တစ်ဦး မတူသလို တစ်ဦး၏ အတ္တသည်လည်း အခြားတစ်ဦး၏ အတ္တနှင့် မတူချေ။ ထိုအတ္တသည် ဇီဝိတ အနေအားဖြင့် သံသရာ၌ နှောင်ဖွဲ့ခံရသည်လည်းရှိ၏။ သံသရာမှ လွတ်မြောက်သွားသည်လည်းရှိ၏။ သံသရာ၌ နှောင်ဖွဲ့ခံရခြင်းဟူသည်မှာ ကိုယ်ခန္ဓာ၊ ဣန္ဒြေ၊ အာရုံ-တို့ဖြင့် နှောင်ဖွဲ့ခြင်းဖြစ်၏။ သံသရာမှ လွတ်မြောက်ခြင်းဟူသည်မှာ ယင်းအနှောင်အဖွဲ့ သုံးမျိုးတို့မှ လွတ်မြောက်ခြင်းဖြစ်၏။

မိမံသာဒဿန အရ သံသရာကား ပရမတ္ထအားဖြင့် တကယ်ရှိသော တရားဖြစ်၏။ ဇီဝအနေဖြင့် လွတ်မြောက်ခြင်းဟူသည်မှာ ဇီဝအတွက် ခန္ဓာကိုယ်၊ ဣန္ဒြေ၊ အာရုံ တို့

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ပျက်သွားခြင်းသာဖြစ်၏။ သံသရာနှင့်မဆိုင်၊ သံသရာကား ရှိမြဲရှိ၏။ ဝေဒန္တ ဒဿန– က မူ သံသရာဟူသည် "အိပ်မက်သဖွယ်သာ" ဖြစ်၏။ တကယ်တမ်း ရှိသည်မဟုတ်။ အဝိဇ္ဇာ၏ ဖန်ဆင်းချက်သာဖြစ်၏။ အဝိဇ္ဇာချုပ်လျှင် သံသရာလည်း ချုပ်၏။ ဤသို့ဆို၏။

အတ္တ ၌ သိစိတ်သည် အမြဲမရှိ၊ အာရုံနှင့် ဣန္ဒြေတို့၏ တိုက်ဆိုင်မှုကြောင့်သာ သိစိတ်သည် ဖြစ်ပေါ်ရ၏။ ထို့ကြောင့် သိစိတ်ဟူသည် အတ္တ ၏ နိစ္စဂုဏ်မဟုတ်၊ အနိစ္စဂုဏ်သာဖြစ်၏။ ထို့အပြင် မိမံသာ၏မောက္ခနှင့် ဝေဒန္တ၏မောက္ခတို့ မတူကြ ကြောင်းကိုလည်း ဤသို့ဆိုကြ၏။

မိမံသာယ မောက္ခော အာနန္ဒသုညော၊ ဝေဒန္တ သ မောက္ခော ပန အာနန္ဒမယော။

မိမံသာယ၊ မိမံသာဒဿန၏။ မောက္ခော၊ မောက္ခသည်။ အာနန္ဒသုညော၊ နှစ်သက်ဖွယ်မှကင်း၏။ ဝေဒန္တ သ၊ ဝေဒန္တ ဒဿန ၏။ မောက္ခော ပန၊ မောက္ခသည်ကား။ အာနန္ဒမယော၊ နှစ်သက်ဖွယ်ဖြင့်ပြီး၏။

ဝိသေသိကဒဿန– က အတ္တနှင့်ပတ်သက်၍ ဤသို့ဆို၏။ အတ္တ ဟူသည် နိစ္စဒြပ်ဖြစ်၏။ ကိုယ်ခန္ဓာ, ဣန္ဒြေ, မန တို့မှ သီးခြားဖြစ်၏။ ဇီဝအတ္တနှင့် ပရမအတ္တ ဟူ၍ နှစ်မျိုးရှိ၏။ အတ္တသည် အရွယ်အစားအားဖြင့် ငယ် (အဏု) ၏။ ထို့အပြင် အရေအတွက်နှင့် ပတ်သက်၍လည်း ဤသို့ဆို၏။

ဝေဒန္တဒဿနံ အာတ္တာ ဧကော ဣတိ မညတေ၊ နျာယ– ဝိသေသိကဒဿနံ အာတ္တနော အနေကတ္တံ သိကုရုတေ။

ဝေဒန္တဒဿနံ၊ ဝေဒန္တ ဒဿန –သည်။ အာတ္တာ၊ အတ္တသည်။ ဧကော၊ တစ်ခုတည်းသာလျှင်။ ဘဝတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ မညတေ၊ မှတ်ယူ၏။ နျာယဝိသေသိကဒဿနံ၊ နျာယဒဿနနှင့် ဝိသေသိကဒဿနသည်။ အာတ္တနော၊ အတ္တ၏။ အနေကတ္တံ၊ များစွာရှိသည်၏ အဖြစ်ကို။ သိကုရုတေ၊ လက်ခံ၏။

မောက္ခနှင့် ပတ်သက်၍လည်း မီးစာနှင့် လောင်စာဆီကုန်သွားသောအခါ မီးငြိမ်းသွားသကဲ့သို့၊ ထိုအတူ ဒုက္ခတို့၏ ကုန်သွားခြင်းသည် မောက္ခဖြစ်သည်ဟူ၍ဆို၏။

ဂျိန်းဒဿနသည်လည်း အတ္တကိုလက်ခံသည်ပင် ဖြစ်၏။ သို့ရာတွင် ဂျိန်းအတ္တ သည် ဝေဒန္တ ဒဿန–လို အားလုံးကို ပျံ့နှံ့လောက်အောင် ကြီးမား (ဝိဘူ) သည်လည်းမဟုတ်။ ဝိသေသိကဒဿန–လို အဏုမြူ မျှလောက် သေးငယ်(အဏု) သည်လည်းမဟုတ်၊ အလယ်အလတ်စားမျှသာ ဖြစ်၏။ ခန္ဓာကိုယ်အလိုက် အရွယ်အစား အကြီး, အငယ် ရှိ၏။ ခန္ဓာကိုယ်ကြီးလျှင်ကြီး၏။ ခန္ဓာကိုယ်ငယ်လျှင်ငယ်၏။ မောက္ခနှင့်ပတ်သက်၍လည်း ဤသို့ဆို၏။ ဇီဝသည် ပကတိသဘောအားဖြင့် လွတ်မြောက်သည်မှန်၏။ သို့ရာတွင် ဝါသနာကြောင့်ဖြစ်ပေါ်လာသော "ကံ" တို့ကြောင့် ထိုဇီဝသည် သံသရာ၌ အနှောင်အဖွဲ့ ခံရ၏။ ထို့ကြောင့် သံသရာမှလွတ်မြောက်ရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



သမ္မာဒဿန, သမ္မာဉာဏနှင့် သမ္မာစာရိတ္တ တည်းဟူသော လွတ်မြောက်ကြောင်းတရား သုံးပါးကို ကျင့်ခြင်းအားဖြင့် သံသရာမှ လွတ်မြောက်နိုင်သည်။

ဂျိန်းဒဿနတွင် လွတ်မြောက်ကြောင်းတရား မောက္ခ (သာဓန) သုံးပါးအနက် သမ္မာစာရိတ္တနှင့်ပတ်သက်၍ လိုက်နာကျင့်သုံးရသော မဟာကျင့်ဝတ် ငါးပါးသည် ထင်ရှား၏။ ယင်းတို့မှာ –

(၁) မညှဉ်းဆဲခြင်း (အဟိံသာ)၊

(၂) အမှန်ကိုသာပြောဆိုခြင်း (သစ္စဘာသန)၊

(၃) မခိုးမဝှက်ခြင်း (အထေယျ)၊

(၄) မြတ်သောအကျင့်ဟုဆိုအပ်သော မေထုန်မှရှောင်ခြင်း (ဗြဟ္မစရိယ)၊

(၅) မိမိအတွက် မသိမ်းပိုက်ခြင်း (အပရိဂ္ဂဟ) တို့ဖြစ်ကြ၏။

ထို့အပြင် အတ္တ, မောက္ခ တို့နှင့် ပတ်သက်၍ "ဣဒံ သရီရမေဝ အာတ္တာ၊မရဏမေဝ မုတ္တိ= အတ္တ ဟူသည် ဤခန္ဓာကိုယ်ပင်ဖြစ်၏။ လွတ်မြောက်ခြင်းဟူသည်မှာလည်း သေခြင်းပင်ဖြစ်၏" ဟူ၍ ကြွေးကြော်သော စာရ်ဝကဒဿန သည်လည်း မရှိမဒေသ၌ ပေါ်ပေါက်ခဲ့ဖူး၏။ စာရ်ဝကဒဿန-အရ ဤလောက၌ ဆန်းကြယ်မှုဟူသမျှသည် အကျိုးအကြောင်းတို့၏ ဆက်သွယ်မှုအရ ဖြစ်သည်မဟုတ်။ သဘာဝအတိုင်းသာ ဖြစ်လာရခြင်းဖြစ်၏။ သုခ၏အကြောင်းသည် ဓမ္မ၊ ဒုက္ခ၏အကြောင်းသည် အဓမ္မ ဟု ဆိုကြ၏။ ထိုအဆိုသည် မမှန်။ အမှန်အားဖြင့် လူသည်သဘာဝအတိုင်းပင် သုခနှင့် ဒုက္ခကို ခံစားရမည်ဖြစ်၏။ ဓမ္မနှင့် အဓမ္မကြောင့် ခံစားရခြင်းမဟုတ်။

ထို့အပြင် စာရ်ဝကတို့က လောကဖြစ်စဉ်နှင့် ပတ်သက်၍ တစ်နည်းတစ်ဖုံ ဆိုကြပြန်၏။ အမှန်အားဖြင့် စာရ်ဝကတို့သည် ရုပ်ဝါဒ၌သာ ယုံကြည်သူများ ဖြစ်ကြ၏။ ထို့ကြောင့် စာရ်ဝကတို့သည် သူတို့၏အယူကို သူတို့ယုံကြည်သည့်အတိုင်း ပရိသတ်အား ထုတ်ဖော်ပြောပြခြင်း ဖြစ်၏။ သူတို့အယူဝါဒမှာ–

သိခိနော စိတြယေ ကော ဝါ၊ ကောကိလေ ကော ပက္ခုဇယေ။
သဘာဝဗျတိရေကေန၊ ဝိဇ္ဇတေ နာတြ ကာရဏံ။

ကော ဝါ၊ အဘယ်သူသည်မူလည်း။ သိခိနော၊ ဥဒေါင်းငှက်တို့ကို။ စိတြယေ၊ ဆန်းကြယ်အောင် လုပ်ပါလေသနည်း။ ကော ဝါ၊ အဘယ်သူသည်မူလည်း။ ကောကိလေ၊ ဥဩငှက်တို့ကို။ ပက္ခုဇယေ။ ကူတတ်အောင်လုပ်ပါလေသနည်း။ အတြ၊ ဤလောက၌။ သဘာဝဗျတိရေကေန၊ သဘာဝကို ကြဉ်ဖယ်သောအားဖြင့်။ ကာရဏံ၊ အကြောင်းတစ်ပါးသည်။ န ဝိဇ္ဇတေ၊ မရှိ။

စာရ်ဝက တို့သည် အကြောင်းအကျိုးနိယာမကို လုံးလုံးပယ်၏။ သဘာဝသည်ပင် အကြောင်း၊ သဘာဝသည်ပင် အကျိုးဖြစ်၏။ လောကရှိ အရာဝတ္ထုတို့၏ ဆန်းကြယ်မှု ဟူသမျှတို့သည် သဘာဝကြောင့်သာ ဖြစ်ကြကုန်၏။ အခြားအကြောင်းဟူ၍ လုံးဝမရှိ။ ဤသို့ဆိုကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် အခြားသော ဝါဒများသည်လည်း ထိုခေတ် မဇ္ဈိမဒေသတို့၌ ရှိကြကုန်၏။ ဗြဟ္မဇာလသုတ်၌ ၆၂ မျိုးသော ဝါဒများကို ဖော်ပြထား၏။ သို့ရာတွင် ဝါဒရှင်များနှင့် ပတ်သက်၍မူ ဖော်ပြထားခြင်း မရှိချေ။

**တိတ္ထိတို့၏ဝါဒများ** ထိုခေတ်၌ ဝါဒရေးရာနှင့် ပတ်သက်၍ ကြံဆကြသူများ များစွာရှိ၏။ ထိုသူတို့သည် မိမိတို့၏ ဘဝအပေါ် စိတ်ဝင်စားကြသူများ ဖြစ်ကြ၏။ မိမိတို့၏ ဘဝသည် အဆုံး၌ ဘာဖြစ်သွားနိုင်သနည်း။ ယခုလောလောဆယ် မိမိတို့၏ ဘဝ၌ တွေ့ကြုံနေရသော လောကဓံ တရားများသည် ဘာကြောင့်များ ဤသို့ဖြစ်ပါလေသနည်း။ ထို့အပြင် မိမိတို့၏ဘဝကို မိမိတို့ဆန္ဒအတိုင်းလည်း ဖြစ်စေချင်၏။ ထိုသို့ဖြစ်စေနိုင်ရန် မိမိတို့စိတ်ကူးတည့်သလို ဆောင်ရွက်ကြ၏။

အစပထမ၌ "ယဇ်"ကို အားကိုး၏။ "ယဇ်" ဖြင့် မိမိတို့ဘဝကို မိမိတို့၏ဆန္ဒအတိုင်း ဖြစ်နိုင်စေရန် လုံ့လပြု၏။ သို့ရာတွင် "ယဇ်" လမ်းစဉ်ဖြင့် အားမရသောအခါ "တပ"ကို အားကိုးပြန်၏။ "တပ" သည်လည်း ကျေနပ်ဖွယ် မရှိကြောင်း တွေ့ရသောအခါ "ဘာဝနာ" ကို အားကိုးပြန်၏။ "ဘာဝနာ"သည်လည်း ဝိပဿနာဘာဝနာ မဟုတ်ဘဲ သမထဘာဝနာ ဖြစ်လေသောကြောင့် အားကိုးသည့်အတိုင်း ဖြစ်မလာဘဲ ရှိပြန်၏။

လောကတွင် အတ္တ၊အနတ္တနှင့် ဘဝ–ဟူ၍ သုံးပိုင်းရှိလေရာ အတ္တ၏အလိုအတိုင်း ဘဝ–က လိုက်၍မဖြစ်နိုင်သည်ကိုလည်းကောင်း၊ ဘဝသည် အနတ္တ သဘောအတိုင်းသာ ဖြစ်ရသည်ကိုလည်းကောင်း သူတို့မသိကြ၊ မသိကြ၍သာ ထိုကဲ့သို့ယူဆကြခြင်းဖြစ်၏။

ဤနည်းအားဖြင့် ထိုခေတ်ပညာရှင်တို့သည် မိမိတို့၏ ဝါဒရေးရာနှင့်ပတ်သက်၍ လုံးချာလိုက်လျက်ရှိကြလေ၏။ သူတို့တကယ်လိုချင်သော ဆုမှာ လေးမျိုးရှိ၏။ ထိုလေးမျိုးတို့မှာ ဤသို့ဖြစ်လေ၏–

(၁) တရားဓမ္မနှင့်အညီ ကျင့်ကြံနေထိုင်သူလည်း ဖြစ်ချင်၏ (ဓမ္မ)၊
(၂) စီးပွားဥစ္စာနှင့်လည်း ပြည့်စုံလို၏ (အတ္ထ)၊
(၃) သားသမီးများနှင့်လည်း သိုက်သိုက်ဝန်းဝန်း ရှိချင်၏ (ကာမ)၊
(၄) ဆင်းရဲဒုက္ခဟူသမျှမှလည်း ကင်းဝေးလို၏ (မောက္ခ)။

ဤဆုလေးမျိုးကို ယောကျာ်းတို့၏ မျှော်မှန်းချက်များဟူ၍ ဆိုကြ၏။ ဤမျှော်မှန်းချက် လေးမျိုး ရရှိရေးအတွက် ထိုခေတ်က သမဏ နှင့် ဗြာဟ္မဏ တို့သည် ကြိုးစားကြပါ၏။ ထိုသို့ကြိုးစားကြရာတွင် ယဇ်၏အာနုဘော်ဖြင့် သံသြကြားမင်းကို တုန်လှုပ်စေနိုင်သူများ ရှိသည် ဟု အချို့ကဆိုကြ၏။အချို့က တပ–၏အာနုဘော်ဖြင့် သိကြားမင်းကို တုန်လှုပ်စေနိုင်သည် ဟု ဆိုကြ၏။

ဤနေရာ၌ သမထဘာဝနာကို တပ–၌ ထည့်သွင်းယူနိုင်၏။ ယဇ်ဖြင့် သိကြားမင်းကို တုန်လှုပ်စေနိုင်သည်ဖြစ်စေ၊ တပ ဖြင့် သိကြားမင်းကို

www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်စေနိုင်သည်ဖြစ်စေ၊ ထိုသို့တုန်လှုပ်စေနိုင်သော်လည်း တကယ်တမ်း မအိုရာ, မနာရာ, မသေရာ- မောက္ခ ကိုမူ သူတို့မသိကြ။ မသိကြသော်လည်း မသိကြမှန်းကိုပင် သူတို့မသိကြ။ သိသည်ဟူ၍သာ သူတို့က ထင်နေကြခြင်းဖြစ်၏။ ထို့ကြောင့် သူတို့သည် သံသရာမှ လွတ်မြောက်ရာ မောက္ခ ကို မရနိုင်ခြင်းဖြစ်၏။

မောက္ခ ကို မရပါဘဲလျက် ရသည်ဟု ထင်နေကြသူများတွင် ထင်ရှားသော ပညာရှိပေါင်း ၆ ယောက်ရှိ၏။ သူတို့ကို တိတ္ထိကြီးများဟု ခေါ်ကြ၏။ ထို ၆ ယောက်တို့မှာ– (၁) ပူရဏကဿပ၊ (၂) မက္ခလိဂေါသာလ၊ (၃) အဇိတကေသကမ္ဗလ၊ (၄) ပကုဓကစ္စာယန၊ (၅) သဉ္စယဗေလဋ္ဌပုတ္တ၊ (၆) နိဂဏ္ဌနာဋပုတ္တ တို့ဖြစ်ကြ၏။

**ခေါင်းပါးသောအကျင့်**

ထို တိတ္ထိကြီး ၆ ဦးတို့သည် တပ ကျင့်စဉ်တွင် ပြင်းထန်စွာ ကျင့်ကြသူများ ဖြစ်ကြ၏။ ထို့ကြောင့်လည်း သူတို့သည် ဂိုဏ်းဆရာကြီးများအဖြစ် ထင်ပေါ် ကျော်ကြားကြခြင်း ဖြစ်၏။ ကြည်ညိုသူ ပရိသတ်များ ရှိကြခြင်းဖြစ်၏။ ကြည်ညိုသူ ပရိသတ်များတွင် သာမန် ဆင်းရဲသားမှ ဘုရင်မင်းမြတ်အထိ ပါဝင်၏။

ပထုဇဉ်တို့၏ ဓမ္မတာအရ လူတို့သည် ခေါင်းပါးသောကျင့်စဉ်၌ ကြည်ညိုတတ်ကြသူများ ဖြစ်ကြသည်အားလျော်စွာ တပအကျင့်ကို ပြင်းပြင်းထန်ထန် ကျင့်ကြသော ထိုတိတ္ထိကြီးများကို ကြည်ညိုကြခြင်းမှာ အံ့သြစရာမဟုတ်ပါချေ။

ခေတ်၏တောင်းဆိုချက်အရ တပကို ပြင်းပြင်းထန်ထန်ကျင့်နိုင်လေလေ မောက္ခ ကို ရဖို့နီးလေလေ ဟူသောယုံကြည်ချက်အရ မြတ်စွာဘုရားအလောင်းတော် သည်ပင် တပ ကို ပြင်းပြင်းထန်ထန် ၆ နှစ်ကြာအောင်ကျင့်ခဲ့ဖူးလေ၏။

တပအကျင့်မှ စွန့်ခွာလိုက်သည်နှင့်တစ်ပြိုင်နက် မြတ်စွာဘုရား အလောင်းတော် ကိုပင် မောက္ခ မှ ဝေးသွားပြီဟုယူဆပြီး ပုရောဟိတ်လုပ်နိုင်လောက်အောင် ပညာဉာဏ် ကြီးမားသော ပဉ္စဝဂ္ဂီတို့လို ပုဂ္ဂိုလ်များပင် အထင်သေးသွားကြ၏။ ခေါင်းပါးသော အကျင့်သည် ထိုခေတ်တွင် ထိုမျှလောက်ခေတ်စားကြပါ၏။

ထိုခေတ်တွင် တာပသ များ, ပရိဗ္ဗာဇက များ အလွန်ပေါများကြပါသော်လည်း သူတို့၏ ဝါဒရေးရာ စာပေများ မကျန်ရစ်ခဲ့ခြင်းမှာ သူတို့၏ဝါဒများကို မှန်မှန်ကန်ကန် သိနိုင်ရေးအတွက် ခဲယဉ်းသွားပါ၏။ အခြားဂိုဏ်းများ၏ စာပေများမှတစ်ဆင့် သူတို့ကို သိရခြင်းသည် တကယ်တမ်း မှန်ကန်လှပြီဟု ယုံကြည်ရန် အားနည်းသောအချက်ပင် ဖြစ်၏။ သို့ရာတွင် သူတို့၏စာပေများသည် နောက်ကာလအတွက် ထိန်းသိမ်း ရလောက်အောင် မလိုသောကြောင့်လည်း ဖြစ်နိုင်၏။

**ပူရဏကဿပ**

ပူရဏကဿပ၏ ဝါဒကို "အကိရိယဒိဋ္ဌိ" ဟု ဆို၏။ အကိရိယဒိဋ္ဌိ ဟူသည်မှာ အကြောင်းကံကို တားမြစ်သော ဝါဒဖြစ်၏။ ဤလောကဖြစ်စဉ်များ၌ အကြောင်းကံနှင့် ပတ်သက်၍ ကောင်း–မကောင်း ဟူသော

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ချက် တိတိကျကျမရှိ။ "အကုသိုလ်ကံက မကောင်းကျိုးကို ပေးသည်၊ ကုသိုလ်ကံက ကောင်းကျိုးကို ပေးသည်" ဟူသော အယူမှာ မှားသောအယူသာဖြစ်၏။ လောလောဆယ် လက်တွေ့ခံစားရသော အကျိုးများကိုကြည့်လျှင် မကောင်းသော လုပ်ငန်းဖြင့် ချမ်းသာနေသူများကို တွေ့နိုင်၏။ ကောင်းသောလုပ်ငန်းဖြင့် ဆင်းရဲမွဲတေနေသူများ ကိုလည်း တွေ့နိုင်၏။ ထို့ကြောင့် မိမိအတွက် ချမ်းသာဖို့သာ ပဓာနဖြစ်၏။ ချမ်းသာမည်ဆိုလျှင် မည်သည့်လုပ်ငန်းမျိုးကိုမဆို လုပ်ရမည်ဖြစ်၏။ အကုသိုလ်နှင့် ကုသိုလ်ကို ထည့်တွက်ဖို့မလို။ အမှန်အားဖြင့် ပရမတ္ထသစ္စာအရ အကုသိုလ်လည်းမရှိ၊ ကုသိုလ်လည်းမရှိ၊ လူတို့က မိမိတို့ဆန္ဒအတိုင်း သတ်မှတ်ချက်သာရှိ၏။

တိရစ္ဆာန်များကိုသတ်၍ ယဇ်ပူဇော်ခြင်းများကို တွေ့နိုင်၏။ ထိုသို့ တိရစ္ဆာန်များကို သတ်၍ ယဇ်ပူဇော်ခြင်းကို "ကုသိုလ်" ဟူ၍လည်းကောင်း၊ "ကောင်းမှု" ဟူ၍လည်းကောင်း အချို့ကဆိုကြ၏။ ထိုသို့ဆိုသည့်အတိုင်း တိရစ္ဆာန်များကို သတ်၍ ယဇ်ပူဇော်ခြင်းသည် တကယ်ပင် ကောင်းမှုဖြစ်ပါသလား။ အချို့ကမူ သူတစ်ပါး၏အသက်ကို သတ်ခြင်းဟူသမျှသည် မကောင်းမှုဖြစ်၏။ အကုသိုလ်ဖြစ်၏။ ဤသို့ဆိုကြပြန်၏။ ကိုယ်တွေ့မျက်မြင်အားဖြင့်ပင် တစ်ဦးနှင့်တစ်ဦး အယူအဆချင်း မတူသည်ကို တွေ့ရ၏။ ထို့ကြောင့် ကုသိုလ်ကံနှင့် အကုသိုလ်ကံသည် သမ္မုတိသစ္စာသာဖြစ်၏။

လက်တွေ့အားဖြင့် ကြည့်ရမည်သဘောကား "လုပ်ငန်းတစ်ခုသည် မိမိချမ်းသာခြင်း အတွက် အထောက်အကူ ပြု-မပြု" ဟူသောအချက်ပင် ဖြစ်၏။ အမှန်အားဖြင့် ပူရဏကဿပ သည်"သချ်ဝါဒီ"ဖြစ်၏။ သချ်ဒဿနဌ် "ပုရိသ" နှင့် "ပကတိ" ဟူ၍ အခြေခံ ပရမတ္ထတရား နှစ်ပါးရှိလေရာ "ပုရိသ"သည် ပရမတ္ထသစ္စာဖြစ်၍ "ပကတိ"သည် သမ္မုတိသစ္စာဖြစ်၏။

ပုရိသ -သည် အတ္တ-ဖြစ်၍ ပကတိ-သည် အနတ္တ-ဖြစ်၏။ ကြာပန်းသည် နောက်ကျုသော ရွှံ့နွံရေထဲ၌ ရှိရသော်လည်း နောက်ကျုသော ရွှံ့နွံရေသည် ကြာပန်းကို ညစ်ပေအောင် မစွမ်းဆောင်နိုင်သကဲ့သို့ အတ္တသည် ကုသိုလ်နှင့် အကုသိုလ်တည်းဟူသော အနတ္တထဲ၌ ရှိနေရသော်လည်း ထိုကုသိုလ်နှင့် အကုသိုလ်သည် ပရမတ္ထသစ္စာ-အရ အတ္တကို ညစ်နွမ်းသွားအောင် မလုပ်နိုင်ချေ။ ထို့ကြောင့် ကုသိုလ်လုပ်သော်လည်း အတ္တအတွက် အကျိုးမထူး၊ အကုသိုလ်လုပ်သော်လည်း အတ္တအတွက် အကျိုးမထူး။ အကျိုးမထူးချင်းအတူတူ သမ္မုတိသစ္စာ-အရ အတ္တတည်းဟူသော မိမိအတွက် လောလောဆယ် ချမ်းသာသုခကိုရနိုင်သော လုပ်ငန်း ကိုသာ လုပ်သင့်၏။ ထိုသို့လုပ်မှလည်း အဓိပ္ပာယ်ရှိ၏။ ထိုလုပ်ငန်းသည် ကုသိုလ်လုပ်ငန်း ဖြစ်ချင်လည်းဖြစ်နိုင်၏၊ အကုသိုလ်လုပ်ငန်း ဖြစ်ချင်လည်းဖြစ်နိုင်၏။ ဘာပဲဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ် ကိစ္စမရှိ။ အတ္တတည်းဟူသော မိမိအတွက် အနှောင့်အယှက် တစ်စုံတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မလာနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် အတ္တသည် ကြာပန်းသဖွယ်ဖြစ်၍ ကုသိုလ်နှင့် အကုသိုလ်သည် ရွံ့နွံ ရေသဖွယ် ဖြစ်သောကြောင့်ပင် ဖြစ်၏။ ဤသို့ ပူရဏကဿပ က သင်ကြားပေးလေ၏။

**မက္ခလိဂေါသာလ**

မက္ခလိဂေါသာလ သည် "အာဇီဝကတက္ကတွန်း ဂိုဏ်းကို တည်ထောင်သူ" ဖြစ်၏။ ထိုဂိုဏ်းသည် မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလမှစ၍ အေဒီ ၁၂ ရာစုတိုင်အောင် မဇ္ဈိမဒေသ၌ တည်ရှိခဲ့သော တိတ္ထိဂိုဏ်း တစ်ဂိုဏ်းဖြစ်၏။ မက္ခလိဂေါသာလ၏ ဝါဒကို "အဟေတုကဝါဒ" ဟု ဆို၏။ အဟေတုကဝါဒ ဟူသည်မှာ- အကြောင်းနှင့်အကျိုး နှစ်မျိုးစုံကိုပယ်သော ဝါဒဖြစ်၏။ လောက၌ ဖြစ်သမျှ အားလုံးတို့သည် အကြောင်းနှင့်အကျိုးအနေဖြင့် ဖြစ်ခြင်းမဟုတ်ဘဲ မူလသတ်မှတ်ချက် အတိုင်းသာ ဖြစ်ကြသော ဖြစ်ရပ်များ ဖြစ်ကြ၏။ ထိုသတ်မှတ်ချက် မှာလည်း မဟာကပ် (၈,၄၀၀,၀၀၀) ကာလအထိဖြစ်၏။ သတ္တဝါသည် မဟာကပ် ရှစ်သန်းလေးသိန်းတိုင်တိုင် သံသရာ၌ကျင်လည်ရပြီး မဟာကပ် ရှစ်သန်းလေးသိန်း ပြည့်သည်နှင့်တစ်ပြိုင်နက် သံသရာမှ လွတ်မြောက်မည် ဖြစ်၏။ ထိုကာလအတွင်း သတ္တဝါတို့ခံစားရန် သုခနှင့်ဒုက္ခကို တင်းတောင်းဖြင့် ခြင်တွယ်ထားဘိသကဲ့သို့ ဖြစ်လေ၏။ ထိုကဲ့သို့ ခြင်တွယ်ထားသည့်အတိုင်းပင် သုခကိုလည်း ခံစားရ၏။ ဒုက္ခကို လည်းခံစားရ၏။ ဒုက္ခကိုခံစားရမည့် အခြင်အတွယ်အတိုင်း ခံစားပြီးသောအခါသုခကို ခံစားရမည်ဖြစ်၏။ ထို့ကြောင့် ဒုက္ခမြန်မြန်ကုန်ဖို့ အရေးကြီး၏။ ဒုက္ခမြန်မြန်ကုန်စေရန် အာဇီဝကတက္ကတွန်းတို့သည် "တပ"အကျင့်ကို အပြင်းအထန်ဆုံး ကျင့်ကြ လေ၏။ ရေချိုး မီးလှုံ စသောအကျင့်များသည် အာဇီဝကတက္ကတွန်းတို့၏ အကျင့်များဖြစ်ကြ၏။

အာဇီဝကတို့၏ အယူအရ ဤလောက၌ ဖြစ်ဖြစ်သမျှတို့သည် အကြောင်းတရား တို့ကြောင့် ဖြစ်ကြသည်မဟုတ်။ မူလသတ်မှတ်ချက်ကြောင့်သာ ဖြစ်ကြရခြင်းဖြစ်၏။ ရှင်ဘုရင်ဖြစ်ရန် သတ်မှတ်ထားလျှင် ရှင်ဘုရင်ဖြစ်ရ၏။ ခွေးဖြစ်ရန်သတ်မှတ်ထားလျှင် ခွေးဖြစ်ရ၏။ အားလုံး မူလသတ်မှတ်ချက်အတိုင်းသာ ဖြစ်ရ၏။ မူလသတ်မှတ်ချက်ကို "နိယတိ" ဟူ၍ဆို၏။ "နိယတိ" ၌ "သင်္ဂတိ" လည်းပါ၏။ "ဘာဝ" လည်းပါ၏။ နိယတိ ၌ပါဝင်သော သင်္ဂတိ နှင့် ဘာဝ တို့သည် မထင်ရှားသော အဗျတ္တ အသွင်ဖြင့် ပါဝင်ခြင်းဖြစ်၏။ နိယတိ ဟူသည်မှာ ပထမဆုံး သတ်မှတ်ချက်ဖြစ်၏။ ယင်းကို သာမညဓမ္မ ဟူ၍ဆိုနိုင်၏။ နိယတိ(သာမညဓမ္မ) သည် ကာလ, ဒေသ-တို့နှင့် ပေါင်းစပ်မိသောအခါ သင်္ဂတိ ဟူ၍ ဖြစ်လာ၏။ သင်္ဂတိ ဟူသည်မှာ ပေါင်းဆုံခြင်းဟူ၍ အဓိပ္ပာယ်ရ၏။ သင်္ဂတိ ဟူသည် တရားကိုယ်သဘောအားဖြင့် ပယောဂ-ဟူ၍ ဖြစ်၏။ ပယောဂ-ဟူသည် "စွမ်းအင်" ဖြစ်၏။ ထို့ကြောင့် အရပ်သုံးစကားဖြင့် ဆိုရလျှင် နိယတိ(သာမညဓမ္မ)သည် ကာလ,ဒေသတို့နှင့် ပေါင်းဆုံမိသောအခါ ထိုပေါင်းဆုံမှု၏ အချိုးအဆအလိုက် စွမ်းအင်သည် ဖြစ်ပေါ်လာ၏။ စွမ်းအင်ကို မက္ခလိဂေါသာလ၏ဝေါဟာရဖြင့် ဆိုရလျှင် သင်္ဂတိ ဟူ၍ဆိုရ၏။ တစ်ဖန် သင်္ဂတိ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သော စွမ်းအင်သည် တစ်ဖန် ကာလ, ဒေသနှင့် ပေါင်းဆုံမိသောအခါ ပေါင်းဆုံခြင်း၏ သိပ်သည်းမှုအချိုးအဆ (ဥပမိ)အလိုက် "ဘာဝ" ဟူ၍ ဖြစ်ပေါ်လာ၏။ ဘာဝ ဟူသည် တစ်ခုစီတစ်ခုစီဖြစ်သော အရာဝတ္ထုများပင် ဖြစ်၏။ လောကဖြစ်စဉ်များနှင့် ပတ်သက်၍ မက္ကလိဂေါသာလ ၏ အယူဝါဒကို အကျဉ်းချုံး၍ ပြန်လည်ဖော်ပြရလျှင် မူလသတ်မှတ်ချက် နိယတိ သည် ကာလ,ဒေသ တို့နှင့်ပေါင်းဆုံခြင်း "သင်္ဂတိ"ကြောင့် စွမ်းအင် "ပယောဂ"သည် ဖြစ်ပေါ်လာရ၏။ တစ်ဖန် စွမ်းအင် "ပယောဂ" သည် ကာလ, ဒေသ-တို့နှင့် ပေါင်းဆုံခြင်း၏ သိပ်သည်းမှုအချိုးအဆ "ဥပမိ"ကြောင့် တစ်ခုနှင့်တစ်ခု မတူသော အရာဝတ္ထုများ "ဘာဝ" သည် ဖြစ်ပေါ်လာရ၏။

မက္ကလိဂေါသာလ ၏ ဝါဒကိုကြည့်လျှင် မက္ကလိဂေါသာလ သည် ဝိသေသိက ဒဿန၌ သက်ဝင်ယုံကြည်မှု ရှိတန်သလောက် ရှိကြောင်းတွေ့ရ၏။ လောက ဖြစ်စဉ်များနှင့် ပတ်သက်၍ ဝိသေသိကဒဿန ကလည်း သာမညဟူသည် နိစ္စ တရား ဖြစ်၏။ ယင်း သာမည သည် ဒြပ်နှင့်ခြားနားသော်လည်း ဆိုင်ရာဒြပ်တိုင်း၌ အမြဲပါဝင်၏။ ထိုသာမည မှ ဒြပ်ဟူသမျှသည် ဝိသေသ အနေဖြင့် ဖြစ်ပေါ်လာရ၏- ဟူ၍ဆို၏။ မက္ကလိဂေါသာလ ကလည်း "နိယတိ" ကို သာမညအဖြစ် ယူ၏။ ထို့ကြောင့် မက္ကလိဂေါသာလသည် ဝိသေသိကဒဿန-၌ တစ်စုံတစ်ခုသော အတိုင်းအတာအထိ သက်ဝင်ယုံကြည်သူ ဖြစ်သည်ဟု ဆိုနိုင်ဖွယ်ရှိ၏။ သို့ရာတွင် သူ၏နိယတိဝါဒအရ မက္ကလိဂေါသာလသည် ဝိသေသိကဒဿန-မဟုတ်ဘဲ နိယတိဝါဒီသာ ဖြစ်ကြောင်းကိုတော့ တွေ့ရပါ၏။

**အဇိတကေသကမ္ဗလ** အဇိတကေသကမ္ဗလသည် ရုပ်ဝါဒီဖြစ်၏။ ဥစ္ဆေဒဝါဒီလည်း ဖြစ်၏။ နတ္ထိက ဒိဋ္ဌိအယူရှိသူလည်း ဖြစ်၏။ ရုပ်ဝါဒီဖြစ်သည့် အလျောက် အဇိတကေသကမ္ဗလသည် စာရ်ဝါကဒဿန၌ ဖော်ပြခဲ့သည့်အတိုင်း ရုပ်ပိုင်းဆိုင်ရာ ကြီးပွားချမ်းရေးအတွက်သာ အာရုံစိုက်ရန် သွန်သင်၏။ မိမိတို့ပတ်ဝန်းကျင်၌ တွေ့မြင်နေရသည်ကား ရုပ်ပတ်ဝန်းကျင်ဖြစ်၏။ စိတ်ဆိုသည်မှာ မှန်းဆ၍သာ သိရသည့် ဓမ္မတစ်မျိုးဖြစ်၏။ တကယ်တမ်း တိတိကျကျ မြင်ကောင်းသော ဓမ္မမဟုတ်။ ထို့ကြောင့် မြင်ကောင်းသော ဓမ္မများအပေါ်သာ အလေးအမြတ်ပြုအပ်၏။ မိမိတို့၏ မျက်မြင်ကိုယ်တွေ့အရ ပတ်ဝန်းကျင် ရုပ်လောကသည် အမြဲတမ်း ဖြစ်ပျက်, ပြုပြင် ပြောင်းလဲနေ၏။ သာယာဖွယ်ကောင်းသော ပတ်ဝန်းကျင်၌ နေရလျှင် မိမိတို့အနေဖြင့် သာယာမှုကို ခံစားရ၏။ သာယာဖွယ် မကောင်းသော ပတ်ဝန်းကျင်၌ နေရလျှင် မိမိတို့အနေဖြင့် မသာယာဖွယ်ကို ခံစားရ၏။ ထို့ကြောင့် ပတ်ဝန်းကျင်သည် မိမိတို့၏ အတွေး,အမြင်နှင့် မိမိတို့၏ခံစားမှုကို ဖန်တီးနေကြောင်း အထူးပြောဖွယ်မလို။ သို့ဖြစ်၍ အမြဲတမ်းပြုပြင်ပြောင်းလဲနေသော ပတ်ဝန်းကျင်ကို မိမိတို့ကြိုက်သည့် ပုံစံအတိုင်း ပြောင်းလဲအောင် အားထုတ်အပ်၏။ မိမိတို့ ပတ်ဝန်းကျင် ပြောင်းလဲသည်နှင့်အမျှ မိမိတို့လည်း ပြောင်းလဲပြီးဖြစ်၏။ ဤသို့ဆိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အဇိတကေသကမ္ဗလ-သည် ဥစ္ဆေဒဝါဒီ ဖြစ်သည့်အလျောက် လူတို့အနေဖြင့် မွေးသည်မှ သေသည်အထိသာ တကယ်တမ်းရှိ၏။ သေပြီးနောက် တစ်စုံတစ်ခုအနေဖြင့် ရှိသေးသည်ဆိုလျှင် ထိုအဆိုသည် စိတ်ကူးယဉ်အဆိုသာ ဖြစ်၏။ တကယ်တမ်း မှန်ကန်သော အဆိုမဟုတ်၊ အကယ်၍ သေပြီးနောက် တစ်စုံတစ်ခု ရှိသေးသည်ဟု ဆိုပါလျှင် ထိုသို့ရှိကြောင်း လက်တွေ့အားဖြင့် မည်သူပြနိုင်ပါသနည်း။ ထို့ကြောင့် အတိတ်ကို မြင်နိုင်သူဟူ၍လည်းကောင်း၊ အနာဂတ်ကို မြင်နိုင်သူဟူ၍လည်းကောင်း သမုတ်ခြင်းခံရသူများသည် တကယ်တမ်းရှိကြသူများ မဟုတ်။ မိမိတို့အနေဖြင့် ပုဂ္ဂိုလ်အပေါ် အထင်ကြီး၍ ပြောခြင်းမျှသာဖြစ်၏။ ထိုပုဂ္ဂိုလ်များကလည်း တကယ်တမ်း ယုံကြည်နိုင်အောင် လက်တွေ့အားဖြင့် သက်သေပြနိုင်ခြင်းမရှိ။ ထို့ကြောင့် အတိတ်နှင့် အနာဂတ်ကို တကယ်တမ်းပြောနိုင်သော တန်ခိုးရှင်ဟူ၍လည်းမရှိ။ သံသရာလည်းမရှိ၊ နောက်ဘဝလည်းမရှိ။ သို့ဖြစ်၍ ပစ္စုပ္ပန်ဘဝ၌ချမ်းသာသုခကိုရရှိအောင် အားထုတ်သင့်၏။ အကယ်၍ နောက်ဘဝ၌ ချမ်းသာသုခကိုရရှိရေးအတွက် ပစ္စုပ္ပန်ဘဝ၌ ဆင်းရဲဒုက္ခကိုခံမည် ဆိုပါလျှင်"ချောင်းကိုပစ်၍ မြစ်ကိုရှာသူ"နှင့်သာ တူပေလိမ့်မည်။ ထို့ကြောင့် ပစ္စုပ္ပန် ဘဝအတွက် ချမ်းသာသုခ ရအောင် ရည်မှန်းအပ်၏။ ဤသို့လည်း အဇိတကေသကမ္ဗလ-က သူ၏တပည့်များအား သင်ကြားပေးလေ၏။

အဇိတကေသကမ္ဗလသည် "နတ္ထိကဒိဋ္ဌိ" အယူရှိသူလည်းဖြစ်၏။ နတ္ထိကဒိဋ္ဌိ ဟူသည်မှာ အကျိုးကိုပယ်သော ဝါဒဖြစ်၏။ ထို့ကြောင့် လက်ရှိလုပ်ငန်း၌ ချမ်းသာကို မရှာဘဲ အနာဂတ်၌ရနိုင်မည့်ချမ်းသာကို ရှာခြင်းသည် မိုက်မဲခြင်းသာဖြစ်၏။ မိမိတို့၏ ဘဝအတွက် အနာဂတ်ကာလ၏ အတိုင်းအတာပမာဏသည် မည်မျှရှိသည်ကို မည်သူသိနိုင်ပါသနည်း။ အမှန်အားဖြင့် မိမိတို့၏ဘဝအတွက် အနာဂတ်ရှိသည် ဟူ၍ လည်းကောင်း၊ နောက်ဘဝရှိသည်ဟူ၍လည်းကောင်း ပြောကြသူများသည် မိမိတို့အား ပစ္စက္ခပမာဏဖြင့် သက်သေပြနိုင်သူများ မဟုတ်ကြ။ အသိဟူသမျှတွင်လည်း မျက်မှောက် သိသာလျှင် ယုံကြည်ထိုက်သော အသိဖြစ်၏။ အခြား အသိများကား ခိုင်မာသောအသိ ဖြစ်ကြောင်း ပြသရန်ခက်ပါ၏။ ထို့ကြောင့် မရေရာသော အနာဂတ်ကိုထည့်တွက်ရန် မလို။ ဤလောက၌ တကယ်စားရသော သကြားသာလျှင် ချိုပြီး စိတ်ကူးဖြင့်မျှော်မှန်း၍ စားရသောသကြားသည် မချိုကြောင်း၊ မိမိတို့၏ အတွေ့အကြုံဖြင့် အားလုံးသိကြပြီး ဖြစ်၏။ အထူးသက်သေပြစရာမလို။ ထို့ကြောင့် မိမိတို့အနေဖြင့် လက်တွေ့ ဆောင်ရွက် ချက်၌ ချမ်းသာသုခ ရှိသည်-မရှိသည်ကိုသာ စဉ်းစားရာ၏။ မိမိတို့အတွက် လက်တွေ့ အကျိုးရှိသည်-မရှိသည်ကိုသာ အလေးအနက်ပြု၍ ဆုံးဖြတ်ရာ၏။ နောင်လာမည့် ချမ်းသာသုခကို လည်းကောင်း၊ အကျိုးရှိမှု မရှိမှုကိုလည်းကောင်း စိတ်ကူးဖြင့်မျှော်မှန်း၍ စားရသောသကြားလို သဘောထားပြီး မိမိတို့၏ လက်တွေ့ဆောင်ရွက်ချက်၌သာ စိတ်ဝင်စားရမည်ဟူ၍ အဇိတကေသကမ္ဗလ-က သင်ကြား၏။ သူ၏ဝါဒအရ အကြောင်း တရားသည်ပင်လျှင် အကျိုးတရားဖြစ်၏။ အခြားနောက်ထပ် အကျိုးတရားဟူ၍ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



အဇိတကေသကမ္ဗလ ၏ အကျိုးပယ်ဝါဒအရ ဤလောကသည် လူသားတို့အတွက် အရှုံးအနိုင် ကစားရာ ကစားကွင်းဖြစ်၏။ ထို့ကြောင့် မည်သည့်နည်းနှင့်ပဲ နိုင်နိုင် နိုင်အောင်ကစားဖို့သာလို၏။ နောင်နိုင်လိမ့်မည်ဟူသော ခံယူချက်ဖြင့် မကစားအပ်၊ ကစားပွဲတို့၏ ထုံးစံအတိုင်း အနိုင်နှင့်အရှုံးကို မိမိတို့၏ မျက်မှောက်တွင်ပင် ချက်ချင်းဆုံးဖြတ်မည်ဖြစ်၏။ အနာဂတ်ကာလသို့ ရွှေ့ပြီး ဆုံးဖြတ်မည်မဟုတ်။ သို့ဖြစ်၍ နိုင်အောင်ကစားခြင်းနှင့် နိုင်ခြင်းသည် အတူတူပင်ဖြစ်၏။ နိုင်အောင် ကစားခြင်းက သီးခြား၊ နိုင်ခြင်းက သီးခြားဟူ၍ မမှတ်ရ။ နိုင်အောင်ကစားခြင်းကိုပင် နိုင်ခြင်းဟူ၍ ဆိုရ၏။

**ပကုဓကစ္စာယန**

ပကုဓကစ္စာယန သည် သဿတဝါဒီဖြစ်၏။ ဤလောက၌ မပျက်စီးဘဲ အမြဲတည်ရှိနေသော အရာဝတ္ထု ခုနစ်ခုရှိသည် ဟုဆို၏။ ထိုအရာဝတ္ထု ခုနစ်ခု တို့မှာ– (၁) ရေ၊ (၂) မြေ၊ (၃) လေ၊ (၄) မီး၊ (၅) သုခ၊ (၆) ဒုက္ခ၊ (၇) ဇီဝ တို့ဖြစ်ကြ၏။ ထို ခုနစ်မျိုးတို့သည် မပျက်စီးဘဲ အမြဲတည်ရှိကြ၏။ ယင်းတို့သည် အကြောင်းတရားလည်းမဟုတ်၊ အကျိုးတရားလည်းမဟုတ်။ အမှန်အားဖြင့် ဤလောက၌ အကြောင်းတရားလည်းမရှိ။ အကျိုးတရားလည်းမရှိ။ မိမိတို့၏ မသိမှု= အဝိဇ္ဇာကြောင့်သာ ဤတရား ခုနစ်ပါးက အကြောင်းနှင့်အကျိုးအဖြစ် ဆောင်ရွက်နေသည် ဟု ထင်ရခြင်း ဖြစ်၏။ ထိုတရား ခုနစ်ပါးတို့တွင် သုခသည် အရာဝတ္ထုများကို ပူးပေါင်း မိအောင် ဆောင်ရွက်ပေး၏။ ဒုက္ခက အရာဝတ္ထုများကို ကွဲသွားအောင် ဆောင်ရွက်ပေး၏။ ဇီဝ– က သုခနှင့်ဒုက္ခကို ခံစား၏။ အကယ်၍ သုခ– က ဓာတ်ကြီးလေးပါးကို သာယာဖွယ် အနေဖြင့် ပေါင်းမိအောင် ဆောင်ရွက်ပေးလျှင် ချမ်းသာ၏။ မသာယာဖွယ်အနေဖြင့် ပေါင်းမိအောင် ဆောင်ရွက်ပေးလျှင် ဆင်းရဲ၏။ ဒုက္ခကလည်းထိုနည်းအတူ ချမ်းသာနှင့် ဆင်းရဲကို ဖြစ်စေ၏။ ထို့ကြောင့် သုခနှင့်ဒုက္ခ ပေါ်မလာအောင် ဇီဝ–က ဆောင်ရွက် ရ၏။ ထိုသို့ဆောင်ရွက်ရာတွင် အရာဝတ္ထုများသည် ပူးပေါင်းခြင်းနှင့် ကွဲသွားခြင်းမရှိဘဲ မူလသဘာဝအတိုင်း ငြိမ်သက် နေပါက "အမတ" ဖြစ်ပေါ်လာ၏။ အမတ ဟူသည် လောကုတ္တရာဖြစ်၏။ အရာဝတ္ထုများ ပူးပေါင်းလျှင်ဖြစ်စေ၊ ကွဲသွားလျှင်ဖြစ်စေ၊ ထိုအခါ လောကဖြစ်၏။ လောကနှင့် လောကုတ္တရာဟူ၍ တရားကိုယ်ဓမ္မအားဖြင့် သီးခြားမရှိ။ ထိုတရား ခုနစ်မျိုးတို့ လှုပ်ရှားလျှင် လောက၊ မလှုပ်ရှားလျှင် လောကုတ္တရာ။

ကြည့်သူ ဇီဝ များကိုလိုက်၍ လောကနှင့် လောကုတ္တရာတို့ အချင်းချင်း ကွဲပြား သွားခြင်းဖြစ်၏။ အမှန်ကတော့ လောကဟူသည်မှာလည်း ဤတရား ခုနစ်ပါးပင် ဖြစ်၏။ လောကုတ္တရာဟူသည်မှာလည်း ဤ တရား ခုနစ်ပါးပင်ဖြစ်၏။ အကယ်၍အဝိဇ္ဇာ မရှိတော့သော သူမြတ် ဇီဝ များ၏ ရှုထောင့်မှ လောကကိုကြည့်လျှင် သုခနှင့်ဒုက္ခတို့သည် ဝေဒနာအနေဖြင့် ချုပ်လေပြီဖြစ်သောကြောင့် ဤ တရား ခုနစ်ပါးတို့၏ ငြိမ်သက်မှု "သန္တိ"ကိုတွေ့ရ၏။ သန္တိဟူသည် လောကုတ္တရာဖြစ်၏။ လောကုတ္တရာ ဟူသည်မှာလည်း ဤအမြဲတေတရား ခုနစ်ပါး တို့၏ အချင်းချင်း မရောဘဲ ငြိမ်သက်နေခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အဝိဇ္ဇာရှိသော ပုဂ္ဂိုလ် ဇီဝများ၏ ရှုထောင့်မှ လောကကိုကြည့်လျှင် သုခနှင့် ဒုက္ခတို့၏ ဆွဲငင်မှုနှင့် တွန်းကန်မှုကြောင့် အဆိုပါအမြဲတေတရား ခုနစ်ပါးတို့၏ မငြိမ်သက်မှုကို တွေ့ရ၏။ မငြိမ်သက်မှုဟူသည် လောကဖြစ်၏။ ငြိမ်သက်မှုသည် လောကုတ္တရာဖြစ်၏။ ထို့ကြောင့် သံသရာမှ လွတ်မြောက်လိုပါလျှင် အဆိုပါအမြဲတေ တရား ခုနစ်ပါး တို့ ငြိမ်သက်နေအောင် ဆောင်ရွက်ရ၏။ အကယ်၍ သုခကလှုပ်ရှားလျှင် ဓမ္မတာအားဖြင့် လောဘနှင့် မောဟ-က ဝင်၏။ ဒုက္ခ-က လှုပ်ရှားလျှင် ဓမ္မတာအားဖြင့် ဒေါသနှင့် မောဟ-က ဝင်၏။ ထိုအခါ လောဘ, ဒေါသ, မောဟ စသောအမြဲတေ မဟုတ်သော တရားနှင့် အမြဲတေဟုတ်သောတရား ခုနစ်ပါးတို့သည် ထွေးရော ယှက်တင် ဖြစ်ကာ ဇီဝသည် အမြဲတေ ဖြစ်ပါလျက် အဝိဇ္ဇာကွန်ရက်မှ မထွက်နိုင်ဘဲ ရှိလေ၏။

**သဥ္စယဗေလဋ္ဌပုတ္တ** သဥ္စယဗေလဋ္ဌ သည် သံသယ ဝါဒီလည်းဖြစ်၏။ အညာဏ ဝါဒီ လည်းဖြစ်၏။ အမရာဝိက္ခေပ-ဝါဒီ ဟူ၍လည်း ထင်ရှား၏။ သဥ္စယ တို့ခေတ်တွင် တွေးခေါ်မြော်မြင်ခြင်းသည် အထွတ်အထိပ်သို့ ရောက်လျက်ရှိ၏။ သို့ရာတွင် သူတို့၏အတွေးအခေါ်သိသည် မှန်ကန်သောအကျင့် စရဏနှင့် မရောနှော နိုင်သဖြင့် လိုအပ်သောပန်းတိုင်သို့ မရောက်ဘဲရှိနေ၏။ ထိုအခါ သူတို့၏အတွေးအခေါ် သိသည် စိတ်ချလက်ချ ယုံကြည်နိုင်လောက်သော သဘောကို မဆောင်တော့။ အသိ ဝိဇ္ဇာနှင့် အကျင့်စရဏတို့ တစ်သားတည်း မရောနှောနိုင်သမျှ ကာလပတ်လုံး တွေးခေါ် သိမှန်သမျှသည် ဤနည်းအတိုင်းပင် ဖြစ်နေမည်ဖြစ်၏။ တစ်ဦး၏အယူကို သူ့ထက် သာသော အခြားတစ်ဦးက ပယ်ဖျက်နိုင်၏။ ထိုအခါ တွေးခေါ်သိမှ ထွက်ပေါ်လာသော ဝါဒ အားလုံးအပေါ် သဥ္စယ သည် သံသယရှိလာ၏။ ထို့ကြောင့် လောကနှင့် ပတ်သက်၍ လည်းကောင်း၊ ဘဝနှင့်ပတ်သက်၍လည်းကောင်း၊ လွတ်မြောက်မှု မောက္ခနှင့် ပတ်သက်၍ လည်းကောင်း အတိအကျ မဆုံးဖြတ်နိုင်တော့သဖြင့် သူသည် သံသယ ဝါဒ ဂိုဏ်းကို ထောင်ခြင်းဖြစ်၏။ အယူအဆ ရေးရာနှင့်ပတ်သက်၍ သံသယဝါဒ ဂိုဏ်းကို ထောင်ခြင်း ဖြစ်၏။

အယူအဆ ရေးရာနှင့် ပတ်သက်၍ သံသယ ဝါဒ ဂိုဏ်းကို ထောင်သော်လည်း ကျင့်စဉ်နှင့် ပတ်သက်လျှင်မူ တပ အကျင့်ကိုပင် ကျင့်သူဖြစ်၏။ ထို့ကြောင့် သဥ္စယ ကို သမဏ ဂိုဏ်းဝင်ဟူ၍ ဆိုရ၏။ သမဏ ဂိုဏ်း၌ တပ အကျင့်ကို ကျင့်သူများတွင် တာပသ နှင့် ပရိဗ္ဗာဇက ဟူ၍ နှစ်မျိုးရှိပြန်ရာ သဥ္စယ သည် ပရိဗ္ဗာဇက အုပ်စုဖြစ်၏။ တာပသ ဟူသည်မှာ ကျောင်းသခ်မ်းနှင့် အတည်တကျ နေထိုင်သူဖြစ်၏။ ပရိဗ္ဗာဇက ဟူသည်မှာ ကျောင်းသခ်မ်းနှင့် အတည်တကျ မနေထိုင်သူဖြစ်၏။ အဂ္ဂသာဝကလောင်း ဖြစ်တော်မူကြသော ဥပတိဿ နှင့် ကောလိတ တို့သည်ပင် သဥ္စယ ဂိုဏ်း၌ ဝင်ရောက်၍ တပ အကျင့်ကို ကျင့်ကြလေသောကြောင့် သဥ္စယ သည် သူ့ခေတ်သူ့အခါအရ ပရိသတ်၏ ကြည်ညိုမှုကို ရရှိသူဖြစ်လေ၏။ သို့ရာတွင် သဥ္စယ၏ဝါဒသည် လောက, ဘဝ,မောက္ခ တို့နှင့် ပတ်သက်၍-

(၁) "ရှိသည်" ဟူ၍လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၂) "မရှိ" ဟူ၍လည်းကောင်း၊
(၃) "အချို့ရှိ၊ အချို့မရှိ" ဟူ၍လည်းကောင်း၊
(၄) "ဘာမျှမရှိ" ဟူ၍လည်းကောင်း၊
(၅) "ဘာမျှမရှိသည်မဟုတ်" ဟူ၍လည်းကောင်း–

အတိအကျ ဆုံးဖြတ်၍မရနိုင်ကြောင်း ခံယူထားသော ဝါဒဖြစ်သဖြင့် အရိယသစ္စာကို ရှာဖွေရာ၌ အသုံးမဝင်သောဝါဒအဖြစ် သတ်မှတ်ခြင်းခံရလေ၏။

**နိဂဏ္ဌနာဋပုတ္တ** နိဂဏ္ဌနာဋပုတ္တသည် တိတ္ထိဆရာကြီး တစ်ဦးပင်ဖြစ်၏။ သူ၏ ဝါဒသည် မြတ်စွာဘုရား ပွင့်တော်မမူမီကလည်းကောင်း၊ မြတ်စွာဘုရားနှင့် ခေတ်ပြိုင်အနေဖြင့်လည်းကောင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ယနေ့တိုင်အောင်လည်းကောင်း မဇ္ဈိမဒေသ၌ အထိုက်အလျောက် ခေတ်စားသော ဝါဒဖြစ်၏။

နိဂဏ္ဌနာဋပုတ္တသည် ဒသနစာပေ၌ မဟာဝီရ–အမည်ဖြင့်လည်းကောင်း၊ ဇိန–အမည်ဖြင့် လည်းကောင်း ထင်ရှား၏။ သူ၏စာပေများမှာ အဒ္ဓမာဂဓိ ဘာသာဖြင့်ရှိ၏။ နိဂဏ္ဌနာဋပုတ္တသည် တိတ္ထိဆရာကြီးများတွင် ပရိသတ် လက်အခံဆုံးသော ပုဂ္ဂိုလ်ဖြစ်၏။ သူ၏ ကျင့်ဝတ်များတွင် အဟိံသာ(သူတစ်ပါးကိုမညှဉ်းဆဲခြင်း) ကျင့်ဝတ်သည် အထင်ရှားဆုံးဖြစ်၏။ လောကီအကျိုးစီးပွားဘက်တွင် အဟိံသာသည် အခြေခံအကျဆုံးဖြစ်၍ လောကုတ္တရာ အကျိုးစီးပွားဘက်တွင် "နိဗ္ဗာန်"သည် အခြေခံအကျဆုံးဖြစ်သည်ဟု ဆိုသည်။

**ခြုံငုံသုံးသပ်ချက်** မြတ်စွာဘုရား ပွင့်တော်မမူမီ နှစ်ပေါင်းတစ်ထောင်ကာလကို ဗုဒ္ဓကောလာဟလ ဖြစ်ချိန်ဟု သတ်မှတ်ကြ၏။ ထို ဗုဒ္ဓကောလာဟလအတွင်း၌ မဇ္ဈိမဒေသ၏ အခြေအနေအရပ်ရပ်ကို မြတ်စွာဘုရား ပွင့်တော်မူခြင်း၏ နောက်ခံဖြစ်ရပ်များ အနေဖြင့် အကြမ်းဖျင်းဖော်ပြခဲ့၏။ ထိုဖြစ်ရပ်များတွင် အုပ်ချုပ်ရေး, ပညာရေး စသောရေးရာများ၌ သံဝေဂဖြစ်လောက်အောင် ဒုက္ခများကို တွေ့မြင်ရခြင်းမရှိ။ သို့ရာတွင် ကျန်းမာရေးနယ်ပယ်၌မူ ဒုဗ္ဘိက္ခန္တရ–ကပ် နှင့် ရောဂန္တရ–ကပ်များကြောင့် ဘဝဒုက္ခနှင့်ပတ်သက်၍ သံဝေဂဖြစ်ဖွယ် ရှိတန်သလောက် ရှိပါ၏။ ထို့အပြင် နိုင်ငံအချင်းချင်း စစ်ခင်းကြရာတွင် နိုင်သူများက ရှုံးသူများအပေါ် ရက်စက်မှုများကြောင့် ဘဝဒုက္ခနှင့်ပတ်သက်၍ သံဝေဂဖြစ်ဖွယ် ရှိတန်သလောက် ရှိပါ၏။ သို့ရာတွင် ထိုသံဝေဂဖြစ်ဖွယ်များသည် အရိယသစ္စာကို ထိုးထွင်း၍ သိနိုင်လောက်အောင် အားထုတ်ရေးအတွက် အကြောင်းရင်းများဖြစ်ကြသည် ဟု ဆိုရန်ခက်ခဲပါ၏။ ဤသည်မှာ အာရုံပိုင်းအနေဖြင့် မထူးခြားလှသည့် သဘောကို ဖော်ပြခြင်းပင်ဖြစ်၏။

ထိုခေတ်တွင် အာရမ္မဏိက (သိစိတ်) ပိုင်းအနေဖြင့်မူ များစွာပင်ထူးခြားပါ၏။ အမှန်အားဖြင့် လောကဟူသည် အရိယသစ္စာအရ အာရုံပိုင်းအနေဖြင့် သုညပင်ဖြစ်လေရာ

www.burmeseclassic.com

www.burmeseclassic.com



ထိုသုညသဘောကို မြင်နိုင်အောင်ကြည့်ရန်မှာ အာရုမ္မဏိက(သိစိတ်) ပိုင်း၏ တာဝန်ပင် ဖြစ်၏။ သိစိတ်များ ထက်လာသည်နှင့်အမျှ အာရုံများသည် မူလအားဖြင့် တစ်မျိုးတည်း ဖြစ်စေကာမူ အဆင့်ဆင့် အမှန်ဘက်သို့ ပြောင်းလဲသွားကြ၏။

ဥပမာအနေဖြင့် ဆိုရလျှင် ပထမ "လူ"ကို ကြည့်ပါက လူအဖြစ်မမြင်ဘဲ တရုတ်, ကုလား ဟူ၍လည်းကောင်း၊ သူဆင်းရဲ,သူချမ်းသာ ဟူ၍လည်းကောင်း မြင်၏။ ဤအမြင်မျိုးကို "ပပဉ္စ" အမြင်မျိုးဟု ဆိုရ၏။

ဒုတိယ အဆင့်အရ "လူ"ကို ကြည့်ပါက လူအဖြစ်သာမြင်၏။ တရုတ်,ကုလား ဟူ၍လည်းမမြင်၊ သူဆင်းရဲ, သူချမ်းသာ ဟူ၍လည်းမမြင်။ ဤအမြင်မျိုးကို "ဗြဟ္မစိုရ်" အမြင်မျိုးဟု ဆိုရ၏။

တတိယအဆင့်အရ "လူ" ကိုကြည့်ပါက ရုပ်,နာမ် အဖြစ်သာ မြင်၏။ ပုဂ္ဂိုလ်, သတ္တဝါဟူ၍ပင် မမြင်တော့။ ဤအမြင်မျိုးကို "သမာဓိ" အမြင်မျိုးဟု ဆိုရ၏။

စတုတ္ထအဆင့်အရ "လူ" ကိုကြည့်သောအခါ ဖြစ်ပျက်အဖြစ်ဖြင့်သာ မြင်၏။ ရုပ်,နာမ် အဖြစ်ဖြင့်ပင် မမြင်။ ဤအမြင်မျိုးကို "ဝိပဿနာ" အမြင်မျိုးဟု ဆိုရ၏။

ပဉ္စမအဆင့်အရ "လူ"ကိုကြည့်ပါက နိဗ္ဗာန်အဖြစ်ဖြင့်သာ မြင်၏။ ဖြစ်ပျက်ကိုပင် မမြင်တော့။ ဤအမြင်မျိုးကို "မဂ်-ဖိုလ်" အမြင်မျိုးဟု ဆိုရ၏။

နိဗ္ဗာန် ဟူသည်မှာ "သုညတ"လည်း ဟုတ်၏။ "အနိမိတ္တ"လည်း ဟုတ်၏။ "အပ္ပဏိဟိတ"လည်း ဟုတ်၏။ ထို့ကြောင့် လောကကိုကြည့်သောအခါ "သုညတော အဝေက္ခသု" ဟူသည့်အတိုင်း နောက်ဆုံးဆင့် သုညဆိုက်အောင် မြင်နိုင်စွမ်းမှသာ တကယ်တမ်း မှန်ကန်သော အာရုံလည်းဟုတ်၏။ တကယ်တမ်းမှန်ကန်သော အမြင် လည်းဟုတ်၏။ သို့ရာတွင် ထိုအာရုံမျိုး ထိုအမြင်မျိုးကို ရဖို့ကား ပါရမီရှိဖို့လိုပါ၏။

ပါရမီမရှိဘဲ မြင်သည်ဆိုလျှင် ထိုအမြင်သည် မိမိအနေဖြင့်သာ မြင်သည်ဟုထင်ပြီး တကယ်တမ်းမမြင်သော တိတ္ထိတို့၏ အမြင်မျိုးသာ ဖြစ်ချေမည်။

**တကယ်ထူးခြားသော ခေတ်တစ်ခေတ်**

ဗုဒ္ဓကောလာဟလခေတ်ကား တကယ်ထူးခြားသောခေတ် ဖြစ်၏။ ထိုခေတ်၏ တောင်းဆိုချက်ကြောင့် ဒုက္ခဒုက္ခနှင့် ဝိပရိဏာမဒုက္ခကို မြင်စွမ်းနိုင်သောပညာရှင်များ ပေါ်ပေါက် ခဲ့သည်မှာလည်း အမှန်ပင်ဖြစ်၏။ ထိုပညာရှင်များသည် ထိုခေတ်မဇ္ဈိမဒေသရှိ ရေးရာ အဖြာဖြာကို ကြည့်ရာမှ ကြီးစွာသော သံဝေဂဖြင့် အရိယသစ္စာကိုရအောင် ကြိုးစားသူများ ဖြစ်ကြသည်မှာလည်း အမှန်ပင်ဖြစ်ပါ၏။

အရိယသစ္စာကို ရဖို့ဆိုသည်မှာ ဒုက္ခဒုက္ခနှင့် ဝိပရိဏာမဒုက္ခ ကို မြင်နိုင်ရုံမျှနှင့် လုံလောက်သည်မဟုတ်။ သင်္ခါရဒုက္ခကို ပြက်ပြက်ထင်ထင် မြင်ဖို့လို၏။

သင်္ခါရဒုက္ခကို ပြက်ပြက်ထင်ထင် မြင်ရုံမျှနှင့်လည်း မပြီးသေး။ လောကအပေါ် ကရုဏာရှိဖို့လည်း လိုသေး၏။ အမှန်အားဖြင့် ကရုဏာနှင့် ပညာနှစ်ပါးစုံမှ တကယ် ထိုက်တန်သောခေါင်းဆောင်ဖြစ်၏။ ထိုခေတ်ပညာရှင်များသည် သူတို့ကိုယ်ကို သူတို့

www.burmeseclassic.com

www.burmeseclassic.com



သခ်ါရဒုက္ခမြင်ပြီး ဘုရားအဖြစ်သို့ ရောက်ပြီဟု အထင်မှားကြ၏။ အထင်မှားကြသည့်အလျောက် မိမိတို့၏ဝါဒများကို ဟောကြားခြင်းဖြစ်၏။

သို့ရာတွင် ထိုပညာရှင်များသည် မိမိတို့ကိုယ်ကို မိမိတို့ ပညာအရှိဆုံးသူတော်ကောင်းအဖြစ်ဆုံးအဖြစ် ထင်မှတ်ကြသည်ကတော့ အမှန်ပင်ဖြစ်၏။ ထိုပုဂ္ဂိုလ်ကြီးများကား အခြားသူများမဟုတ်၊ ထိုတိတ္ထိကြီးများနှင့် အခြားသော သမဏ, ဗြာဟ္မဏပညာရှင်များဖြစ်ကြ၏။

**သဘာဝနိယာမကို မကျော်သူများ**

ထိုပုဂ္ဂိုလ်ကြီးများသည် သဘာဝ၏နိယာမကိုမသိကြ။ ငှက်ပျောပင်သာ ဖြစ်စေနိုင်သော ဗီဇဓာတ်သည် ငှက်ပျောပင်ကိုသာဖြစ်စေနိုင်၏။ သရက်ပင်ကို မဖြစ်စေနိုင်။ ထိုနည်းအတူ သမ္မာသမ္ဗောဓိဗီဇဓာတ်ပါမှ မြတ်စွာဘုရားဖြစ်နိုင်၏။ သဗ္ဗညုတဉာဏ်တော်ကို ရနိုင်၏။ ဤသည်မှာ သဘာဝ၏ နိယာမဖြစ်၏။ ဤနိယာမကို ကျော်၍မရ။

အရာရာတိုင်းတွင် "အတု" သည်ရှိ၏။ "အပြိုင်"သည် ရှိ၏။ ဗုဒ္ဓကောလာဟလခေတ်တွင်လည်း ဘုရားအတုများ ရှိခဲ့ပါ၏။ ဘုရားအပြိုင်များလည်း ရှိခဲ့ပါ၏။ ထိုဘုရားတုများ ဘုရားပြိုင်များသည် အထိုက်အလျောက်လည်း ပညာရှိခဲ့ကြပါ၏။

သို့ရာတွင် မိမိတို့၌ရှိသော ပညာနှင့် မိမိတို့အတွက် ထိုက်သင့်သော အတုနှင့်အပြိုင်အဆင့်ကို မကျေနပ်ဘဲ လောကသုံးပါး၏ ဆရာအစစ် သဗ္ဗညုမြတ်စွာအဆင့်ကြွေးကြော်ခဲ့ကြ၏။

သူတို့သည် သူတို့၏ပါရမီကို မသိသူများဖြစ်ကြ၏။ သူတို့သည် သူတို့၏ဗီဇဓာတ်ကို မသိသူများဖြစ်ကြ၏။

သူတို့သည် မိမိတို့ကိုယ်ကို ငှက်ပျောပင်လား, သရက်ပင်လား ဟူ၍ မသိကြသူများဖြစ်ကြ၏။ ထိုသို့မသိသည့်အလျောက် မိမိတို့ကိုယ်ကို ငှက်ပျောပင်လည်း လုပ်ချင်၏။ သရက်ပင်လည်းလုပ်ချင်၏။ ကောင်းသော အရာဝတ္ထုမှန်သမျှကို အကုန်လုပ်ချင်၏။ လုပ်ချင်သဖြင့် လုပ်၍ရသည် ဟူ၍လည်း ထင်မှတ်ကြ၏။ ထို့ကြောင့် သူတို့သည် သဘာဝ၏ နိယာမကို ကျော်သူများဖြစ်ကြသည်ဟု ဆိုရခြင်းဖြစ်ပါ၏။

အရာရာတိုင်း၌ ကိုယ်လုပ်ချင်သလို လုပ်၍ရကောင်းသည်မဟုတ်။ လောကတွင် အတ္တ, အနတ္တနှင့် ဘဝ–ဟူ၍ အပိုင်းသုံးပိုင်းရှိလေရာ အတ္တ– အရ မိမိလုပ်ချင်သလိုလုပ်နိုင်ခွင့်ရှိသော်လည်း ဘဝသည်အနတ္တ အရ သူဖြစ်ချင်သလိုသာ ဖြစ်လာရ၏။

လုပ်ချင်သည့်အတိုင်း ဖြစ်လာသည်မဟုတ်။ အကြောင်းတရားများ၏ ညီညွတ်ပြည့်စုံမှုကိုလိုက်၍သာ ဖြစ်လာရခြင်းဖြစ်၏။ ဤသည်ကိုပင် "ဘဝ"ဟူသည် အနတ္တသဘောအရ ဖြစ်ခြင်းဟူ၍ ဆိုရ၏။

အကြောင်းတရားများတွင်လည်း ပဓာနအားဖြင့် အထည်ကိုယ် အကြောင်း (ဥပါဒါနကာရဏ) နှင့် စွမ်းရည်အကြောင်း (နိမိတ္တကာရဏ) ဟူ၍ နှစ်မျိုးရှိလေရာ

www.burmeseclassic.com

www.burmeseclassic.com



အတ္တသည် နိမိတ္တကာရဏ သဘောကိုဆောင်၍ ကံသည် ဥပါဒါနကာရဏ သဘောကို ဆောင်၏။ လက်သမားသည် မည်မျှပင် ကျွမ်းကျင်စေကာမူ သစ်သားရှိသလောက်သာ လုပ်၍ရ၏။ ထို့ထက်ပိုပြီး လုပ်၍မရ။

ထို့ကြောင့် ဗုဒ္ဓကောလာဟလ ခေတ်တွင် ပညာဉာဏ်အထိုက်အလျောက် ရှိကြသော သမဏ, ဗြာဟ္မဏ တို့တွင် အချို့သည် ဘုရားဖြစ်လိုကြပါသော်လည်း မိမိတို့၏ ဗီဇ-ကံအလျောက် ဘုရားဖြစ်မလာဘဲ တိတ္ထိကြီးများသာ ဖြစ်လာကြရလေ၏။ အတ္တ နောက်သို့ ဘဝ-က မလိုက်နိုင်ဘဲ ဘဝ-နောက်သို့သာ အတ္တ-က လိုက်ရလေ၏။ သို့ပါလျက် သူတို့သည် အတ္တ ကိုရှေ့တန်းတင်ကာ အတ္တ ညွှန်ကြားသည့်အတိုင်း သူတို့ကိုယ်ကိုသူတို့ ဘုရားအဖြစ် ထင်မှတ်နေကြခြင်း ဖြစ်၏။ ဤအထင်သည် မှားသောအထင်ဖြစ်၏။ ထိုသို့အထင်မှားခြင်းကို မိစ္ဆာဒိဋ္ဌိ ဟုဆို၏။ မိစ္ဆာဒိဋ္ဌိဟူသမျှသည် မကောင်းသော လားရာဂတိ ရှိသူချည်းသာဖြစ်၏။

**အဓမ္မမလွှမ်းမိုးနိုင်အောင် စောင့်ရှောက်ကြသူများ**

လောကအား ငြိမ်းချမ်းမှုချမ်းသာ သန္တိသုခကို ပေးနိုင်ရေး အတွက်ဘဝနှင့်အတ္တကို အနတ္တသဘောအရ လိုက်လျော ညီထွေရှိအောင် ကျင့် နိုင်သော သဗ္ဗညုတ ဉာဏ်ရဖို့အတွက် ဗီဇခေတ်အနေဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီတော်များကို ဖြည့်ကျင့်ပြီး ဖြစ်သော သိဒ္ဓတ္ထမင်းသားသည် ဤလောက၌ ပေါ်လာတော့မည်ဖြစ်၏။

သဘာဝ၏နိယာမ အရ သူ့ကိုရွေးချယ်ပေးကြသော, သူ့ကိုပျိုးထောင် ပေးကြသော, သူ့ကိုစောင့်ကြည့်နေကြသော ဓမ္မဝါဒီများ ရှိကြ၏။ ထိုဓမ္မဝါဒီများသည် နှစ်ပေါင်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင်ပင် သူ၏အစွမ်းအစကိုသိသဖြင့် သူ့ကိုရွေးချယ် ခဲ့ကြ၏။ သူ့ကိုပျိုးထောင်ပေးခဲ့ကြ၏။ သူ့ကိုစောင့်ကြည့်ခဲ့ကြ၏။မြတ်စွာဘုရားအဖြစ်မှ လမ်းလွဲမသွားစေရန် ထိန်းသိမ်းခဲ့ကြ၏။

ထိုဓမ္မဝါဒီများကား သုဒ္ဓါဝါသ ဗြဟ္မာများ ဦးဆောင်သော လောကပါလနတ်, ဗြဟ္မာများ ဖြစ်ကြ၏။ ထို ဓမ္မဝါဒီများသည် လောက၌ အဓမ္မထွန်းကားပြီး လောကကြီး ကမောက်ကမ ဖြစ်မသွားရလေအောင် လောက၌ ဓမ္မထွန်းကားရေးအတွက် တာဝန် ယူရသူများ ဖြစ်ကြ၏။

ဓမ္မထွန်းကားရန်ဆိုသည်မှာ ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်၍ ရကောင်းသည် မဟုတ်၊ မြတ်စွာဘုရားမှတစ်ဆင့် ဆောင်ရွက်ရမည်ဖြစ်ရာ မြတ်စွာဘုရားပွင့်မှ ဖြစ်မည် ဖြစ်၏။ ထို့ကြောင့် သုဒ္ဓါဝါသ ဗြဟ္မာကြီးများသည် ကမ္ဘာတည်စကပင် မြတ်စွာဘုရား ပွင့်တော်မူရေးအတွက် အာရုံစိုက်ကြခြင်း ဖြစ်လေ၏။

သူတို့သည် ဓမ္မဝါဒီများ ဖြစ်ကြသည့်အလျောက် ဤလောက၌ အဓမ္မအပေါ် ဓမ္မကလွှမ်းမိုးနိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့် မြတ်စွာဘုရား ပွင့်တော်မူနိုင်ရန် သဘာဝ၏ နိယာမအရပင် မျက်ခြည်မပြတ် ဤလောကကို ကြည့်ရှုစောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



နေခြင်းဖြစ်ပါ၏။ မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ကား မိမိတို့တွင် တာဝန် ကိုယ်စီရှိကြောင်းသိရှိရန်နှင့် ထိုတာဝန်ကိုမွန်အညီ ဆောင်ရွက်နိုင်စေရန် မြတ်စွာဘုရား သည် ဝေနေယျတို့အား သွန်သင်တော်မူပေလိမ့်မည်။

* * * * * * *

## ဗုဒ္ဓဝံသပါဠိတော်မြန်မာပြန်

နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော၊ စိုးရိမ်ခြင်းကြောင့်ကို နှတ်ပယ်နိုင်သော၊ အလုံးစုံသောစည်းစိမ်ကို ရကြောင်းဖြစ်သော ဗုဒ္ဓဝင်ကို ငါ၏ (အထံမှ) အရိုအသေပြု၍ နာယူကြကုန်လော့။ (၈၀)

ဇာတ်ကိုစွဲ၍ ဖြစ်သော မာန်ယစ်ခြင်းစသည် ကင်းသော၊ စိုးရိမ်ခြင်း (သောက)ကို နှတ်ပယ်နိုင်သော၊ သံသရာမှလွတ်မြောက်စေနိုင်သော၊ အလုံးစုံသောဆင်းရဲကို ကုန်စေနိုင်သော နိဗ္ဗာန်လမ်းစဉ် ဗုဒ္ဓဝင်ကို ရိုသေစွာကျင့်သုံးကြကုန်လော့။ (၈၁)

*ဗုဒ္ဓဝံသပါဠိတော်မြန်မာပြန်၊စာမျက်နှာ–၃၀၁။*

အထက်ပါ ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူသော ပါဠိတော်ကို ဖတ်ရှုရသူသည် ဗုဒ္ဓဝင်ကို ဗုဒ္ဓဘာသာဝင်များ လေ့လာသိရှိရန်အတွက် မည်မျှအရေးကြီး အရေးပါကြောင်း စဉ်းစားနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ပါရမီဖြစ်သော ဆောင်ရွက်မှုများ**

အမှား သမုဒ္ဒရာမှ အမှန် ကြည်းကုန်းထက်သို့ ရောက်အောင် ကျင့်ကြံ ဆောင်ရွက်ကြသော မြင့်မြတ်သူများတွင် သမ္မာသမ္ဗုဒ္ဓ သည် ရှေ့သွားခေါင်းဆောင်ဖြစ်၏။ သမ္မာသမ္ဗုဒ္ဓ ကို မြန်မာဝေါဟာရဖြင့် မြတ်စွာဘုရား ဟူ၍ ဆိုကြ၏။ မြတ်စွာဘုရားသည် မြင့်မြတ်သူများတွင် အမြင့်မြတ်ဆုံး ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရား၏ ဆောင်ရွက်ချက်များသည် ပါရမီမြောက်သော ဆောင်ရွက်ချက်များချည်း ဖြစ်ကြ၏။ မြတ်စွာဘုရား၏ ဆောင်ရွက်ချက်များတွင် ဗျာဒိတ်ရချိန်မှစ၍ နောက်ဆုံး မဟာပရိနိဗ္ဗာန်ပြုချိန်အထိ ဆောင်ရွက်ချက်များ အားလုံးပါဝင်၏။

အမှန်အားဖြင့် ကလျာဏပုထုဇဉ်များမှစ၍ ပစ္စေကဗုဒ္ဓတိုင်အောင်သော သူမြတ်တို့၏ ဆောင်ရွက်ချက်များ အားလုံးသည် မြတ်စွာဘုရား၏ ဆောင်ရွက်ချက်များ၌ ပါရမီသဘာဝ အနေဖြင့် အားလုံးပါဝင်ကြ၏။ ဆင်ခြေရာ၌ အားလုံးသော သတ္တဝါတို့၏ ခြေရာများ အတွင်းဝင်သည့်သဘောမျိုးဖြစ်၏။ ထို့ကြောင့် လုပ်ငန်းတစ်ခုခုသည် ပါရမီမြောက်သော လုပ်ငန်းဟုတ်မဟုတ် နှိုင်းစံအနေဖြင့် စိစစ်ကြည့်နိုင်ရန် ဗျာဒိတ် ရချိန်မှစ၍ နောက်ဆုံး မဟာပရိနိဗ္ဗာန် ပြုချိန်အထိ ကာလအတွင်း ဆောင်ရွက်တော်မူခဲ့သော မြတ်ဘုရား၏ ဆောင်ရွက်ချက်များကို လေ့လာအပ်၏။ တိုင်းတာစရာ ကိုက်တံအဖြစ် အသုံးပြုအပ်၏။

တိတိကျကျ ဆိုရလျှင် တကယ်တမ်းမြင့်မြတ်သူများမှာ ကိလေသာ,အာသဝေါ ကုန်ပြီးသော ပုဂ္ဂိုလ်များသာဖြစ်၏။ သို့ရာတွင် ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ယူသည့် အနေဖြင့် အာသဝေါကုန်ရန် ကျင့်ကြံအားထုတ်နေဆဲဖြစ်ကြသော ပုဂ္ဂိုလ်များ ကိုလည်း မြင့်မြတ်သူများစာရင်း၌ ထည့်သွင်း၍ရေတွက်ကြ၏။ ထို့ကြောင့် ကိလေသာ, အာသဝေါ ကုန်ပြီးသော ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့၏ လုပ်ငန်းများကိုသာ ပါရမီဟူ၍ ဆိုသင့်သော်လည်း ကိလေသာ, အာသဝေါကုန်ခမ်းအောင် ကျင့်ကြံ ဆောင်ရွက်ခဲ့ကြသော ထိုဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့၏ အတိတ်ဘဝ, အတိတ်ကာလက ဆောင်ရွက်ချက် အားလုံးကိုလည်း "ပါရမီ" ဟူ၍ပင် ကျမ်းဂန်များ၌ ဖော်ပြကြ၏။

**ပဓာနအင်္ဂါနှစ်ရပ်**

ပါရမီမြောက်သော ကျင့်ကြံဆောင်ရွက်ချက် ဟုတ်မဟုတ် သိနိုင်ရန် အတွက် ပဓာနကျသော အင်္ဂါ နှစ်ရပ်ရှိ၏။ ယင်းအင်္ဂါ နှစ်ရပ်မှာ သူတစ်ပါးအပေါ် ကရုဏာရှိခြင်းနှင့် သံသရာမှ လွတ်မြောက်ဖို့အတွက် ရည်မှန်းချက် ရှိခြင်းပင်ဖြစ်၏။ ထိုအင်္ဂါ နှစ်ရပ်အပေါ် အခြေခံ၍ ဒါန စသော လုပ်ငန်းများကိုလုပ်မှသာ ပါရမီဖြစ်၏။ သို့မဟုတ်က ပါရမီမဖြစ်။

ပထမအင်္ဂါအရ ကိုယ်ကျိုးကို ပဓာနမထားဘဲ သူတစ်ပါးအကျိုးအတွက် ကျင့်ကြံဆောင်ရွက်ဖို့ဆိုသည်မှာ တော်ရုံတန်ရုံမေတ္တာမျိုး၊ တော်ရုံတန်ရုံကရုဏာမျိုး၊ တော်ရုံတန်ရုံစေတနာမျိုး ဖြင့် သူတစ်ပါးအတွက် ကျင့်ကြံဆောင်ရွက်နိုင်သည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



"အတ္တသမံ ပေမံ နတ္ထိ" ဟူသော ပုထုဇဉ်တို့သဘောအရ လောကတွင် မိမိသည်သာလျှင် မိမိအတွက် ချစ်စရာအကောင်းဆုံး ဖြစ်လေရာ မြင့်မြတ်သူမဟုတ်ပါက သူတစ်ပါး၏ အကျိုးစီးပွားထက် မိမိ၏အကျိုးစီးပွားကို ပဓာနထား၍ ဆောင်ရွက်မည်ပင် ဖြစ်၏။

ထို့ကြောင့် မိမိ၏အကျိုးစီးပွားကို ပဓာနမထား ဆိုသည်မှာ သူတစ်ပါးကို မိမိထက်ပိုပြီး ချစ်တတ်ကြင်နာတတ်မှ ဖြစ်ပေမည်။ သို့မဟုတ်ပါက မိမိ၏ အကျိုးစီးပွားကို ပဓာနမပြုဘဲ သူတစ်ပါး၏ ကောင်းကျိုးကို ဆောင်ရွက်ဖို့ဆိုသည်မှာ မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်သောအရာ မဟုတ်ချေ။ စိတ်ကူးယဉ်အဆင့်မျှသာ ဖြစ်ပေလိမ့်မည်။ ဤသို့ထင်စရာရှိပါ၏။ သို့ရာတွင် ထိုသို့ထင်လျှင် ထိုထင်သူများသည်—

"သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျှာတည်း" ဟူသော အနန္တသူရိယအမတ်ကြီး၏ ဘဝ၏အဖွဲ့လင်္ကာကို သဘောမပေါက်သော သာမန်လူသာဖြစ်ပေလိမ့်မည်။ အနန္တသူရိယအမတ်ကြီးလို မြင့်မြတ်သူမဖြစ်နိုင်။

သာမန်လူသည် သာမန်ကိုသာမြင်ပြီး သာမန်လိုတွေး၍ သာမန်သာ သဘောပေါက်မည်မှာ ဓမ္မတာဖြစ်၏။ အမှန်အားဖြင့် ပါရမီဟူသည်မှာ သာမန်လူများအတွက် မဟုတ်၊ မြင့်မြတ်သူများအတွက်သာ ဖြစ်၏။ သို့ဖြစ်၍ မြင့်မြတ်သူများသာ ပါရမီ၏ အနက်နှင့် အဓိပ္ပာယ်ကို သိကြ၏။ သာမန်လူများအနေဖြင့်မူ ပါရမီ၏အနက်နှင့် အဓိပ္ပာယ်ကို မသိကြချေ။

**ဘဝနှင့်သံသရာ** ထိုသို့ဖြစ်ခြင်းမှာ ဘဝ၏အနက်နှင့် အဓိပ္ပာယ်ကို ကောက်ယူကြရာ၌ အမြင်ခြင်း မတူကြသောကြောင့် ဖြစ်၏။ အမှန်အားဖြင့် ဘဝဟူသည်မှာ အနှစ်သာရမရှိသဖြင့် အနတ္တ–ဖြစ်၏။ မမြဲသဖြင့် အနိစ္စ–လည်းဖြစ်၏။ ဆင်းရဲအတိဖြစ်သဖြင့် ဒုက္ခ လည်းဖြစ်၏။ သို့ရာတွင် ဤသို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်သောဘဝကို ရင်းနှီးပြီး အတိုင်းမသိသော သန္တိသုခ ကို ရနိုင်၏။

ဤသို့ မြင့်မြတ်သူများက မြင်၏။ သံသရာသက်တမ်းနှင့် ယှဉ်ကြည့်လျှင် ဘဝဟူသည်မှာ သမုဒ္ဒရာ ရေမျက်နှာပြင်ပေါ်က ရေပွက်ပမာသာ ဖြစ်၏။ တစ်ခဏသာ တည်နိုင်၍ တစ်ခဏအတွင်း၌ပင် ပျက်စီးရ၏။ "ခိုင်မာမှု" ဟူ၍ ဘာမျှမရှိ။ ထို့ကြောင့် ဘဝ၏သက်တမ်းသည် လူတို့အနေဖြင့် "တစ်သက်လျှာ"ဟူ၍လည်းကောင်း၊ "တစ်သက်တာ"ဟူ၍လည်းကောင်း ဆိုရစေကာမူ သံသရာသက်တမ်းနှင့် နှိုင်းစာလျှင် တစ်ခဏသာဖြစ်၏။

သက်ရှိဖြစ်စေ သက်မဲ့ဖြစ်စေ အရာရာတိုင်းတွင် သက်တမ်းသည်ရှိ၏။ စကြဝဠာလည်း စကြဝဠာအလျောက် သက်တမ်းရှိ၏။ ကမ္ဘာလည်း ကမ္ဘာအလျောက် သက်တမ်းရှိ၏။ နိုင်ငံလည်း နိုင်ငံအလျောက် သက်တမ်းရှိ၏။ ဗြဟ္မာလည်း ဗြဟ္မာ အလျောက် သက်တမ်းရှိ၏။ နတ်လည်း နတ်အလျောက် သက်တမ်းရှိ၏။ လူလည်း လူအလျောက် သက်တမ်းရှိ၏။ သို့ရာတွင် သက်တမ်းကာလအတွင်း ဖြစ်ချိန်လည်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## ပါရမီတော်များကို ဖြည့်ကျင့်တော်မူခြင်း

**ပါရမီ**

ပါရမီဟူသည် ပါဠိဝေါဟာရဖြစ်၏။ မြန်မာပြန်အနက်အကျဉ်းမှာ "မြင့်မြတ်သူတို့၏ လုပ်ငန်း" ဟူ၍ဖြစ်၏။ သို့ဖြစ်လျှင်ရှေးဦးစွာ မြင့်မြတ်သူများကို သိဖို့လို၏။ "မြင့်မြတ်သူများ" ဟူသည်မှာ ကိုယ်ကျိုးကို ပဓာနမထားဘဲ သူတစ်ပါး ကောင်းကျိုးကို လည်းကောင်း၊ သံသရာမှ လွတ်မြောက်ဖို့ကိုလည်းကောင်း ရည်မှန်း၍ ပြုတတ်သူများပင် ဖြစ်၏။ ထိုသူများသည် စည်းစိမ်ဥစ္စာအတွက်ဖြစ်စေ, ရာထူးဂုဏ်သိန် အတွက်ဖြစ်စေ, ထင်ပေါ်ကျော်စောမှုအတွက်ဖြစ်စေ, အများအထင်ကြီး ခံရမှု အတွက် ဖြစ်စေ လောကကို မိမိဘဝအတွက် အသုံးမချဘဲ မိမိဘဝကိုသာ လောကအတွက် အသုံးချခဲ့သူများ ဖြစ်ကြ၏။ မိမိဘဝကို လောကအတွက် "စတေး" သူများဖြစ်ကြ၏။

ထိုသူများတွင် ဂေါတမဘုရားလောင်းတော် သိဒ္ဓတ္ထမင်းသားသည် စံပြဖြစ်၏။ ထို့ကြောင့် ထိုမြင့်မြတ်သူများ၏ လုပ်ငန်းများကို "ပါရမီ" ဟူ၍ ဆိုရခြင်းဖြစ်၏။ မြင့်မြတ်သူများ၏ လုပ်ငန်းများသည် လုပ်ငန်းများအနေဖြင့် အမျိုးမျိုးရှိနိုင်ပါ၏။ သို့ရာတွင် လုပ်ငန်းသဘာဝအားဖြင့်မူ ၁၀ မျိုးသာရှိ၏။ ယင်း ၁၀ မျိုးတို့ကို ဤသို့ ခွဲခြားနိုင်၏။

### ပါရမီ ၁၀ ပါး

(၁) စွန့်လွှတ်ခြင်း - (ဒါန)၊
(၂) ကိုယ်ကျင့်ကောင်းခြင်း - (သီလ)၊
(၃) တပ်မက်မှုကင်းခြင်း - (နေက္ခမ္မ)၊
(၄) အမှန်အတိုင်းသိခြင်း - (ပညာ)၊
(၅) ခွဲလုံ့လရှိခြင်း - (ဝီရိယ)၊
(၆) သည်းခံခြင်း - (ခန္တီ)၊
(၇) မှန်ကန်ခြင်း - (သစ္စာ)၊
(၈) ခိုင်မာသောဆုံးဖြတ်ချက်ရှိခြင်း - (အဓိဋ္ဌာန်)၊
(၉) မေတ္တာထားခြင်း - (မေတ္တာ)၊
(၁၀) လျစ်လျူရှုခြင်း - (ဥပေက္ခာ)။

www.burmeseclassic.com

www.burmeseclassic.com



ပါရမီမြောက်ခြင်း များသောအားဖြင့် လူတို့သည် ပုထုဇဉ်များဖြစ်ကြသည့် အားလျော်စွာ အရာရာတိုင်းကိုကြည့်ရာ၌ အမြင်များ=(ဒိဋ္ဌိဝိပလ္လာသ)၊ အသိများ=(စိတ္တဝိပလ္လာသ)၊ အမှတ်များ=(သညာဝိပလ္လာသ) တို့ဖြင့် မြင်ကြသည်ချည်း ဖြစ်ကြ၏။ သိကြသည်ချည်း ဖြစ်ကြ၏။ မှတ်သားကြသည်ချည်း ဖြစ်ကြ၏။ ထို့ကြောင့်ဤလောက၌ တကယ်တမ်း ပုဂ္ဂိုလ်, သတ္တဝါ အရာဝတ္ထု ဟူ၍ မရှိပါဘဲလျက် ပုဂ္ဂိုလ်, သတ္တဝါ, အရာဝတ္ထုကို အရှိထား၍ မြင်ကြရခြင်းဖြစ်၏။ သိကြရခြင်းဖြစ်၏။ မှတ်သားကြရခြင်း ဖြစ်၏။ ထိုသို့မြင်ခြင်း, သိခြင်း, မှတ်ခြင်း၌ ဝိပလ္လာသ အရ အမှားချင်းတူသော်လည်း လုပ်ငန်းကိုဆောင်ရွက်ခြင်း၌မူ အမှားချင်းမတူ။ တစ်မျိုးက လောကဘက်သို့ ဦးတည်၏။ တစ်မျိုးက မိမိဘက်သို့ဦးတည်၏။

အမှန်အားဖြင့် လောကဟူသည်ကပင် ပရမတ္ထသစ္စာအရ ဖြစ်ပျက် ပြုပြင်ပြောင်းလဲမှု သဘော သင်္ခါရပင်ဖြစ်ပါလျက် သင်္ခါရသဘောကို မမြင်ဘဲ၊ မသိဘဲ၊ မမှတ်ဘဲ၊ဝိပလ္လာသ သဘောဖြင့် သမ္မုတိသစ္စာအရ ပုဂ္ဂိုလ်,သတ္တဝါ များ အနေဖြင့်လည်းကောင်း၊ တည်ရာ အရာဝတ္ထုများနှင့် ဘုံဌာနအနေဖြင့်လည်းကောင်း မြင်ကြ၏၊ သိကြ၏၊ မှတ်ကြ၏။

ထိုအခါ မိမိတို့ မြင်ရ သိရှိမှတ်သားရသော ပုဂ္ဂိုလ်, သတ္တဝါများကို သတ္တလောက ဟူ၍ သမုတ်ရပြန်၏။

တည်ရာအရာဝတ္ထုများနှင့် ဘုံဌာနများကို ဩကာသလောက ဟူ၍ ခေါ်ရပြန်၏။ သို့ဖြစ်လေရာ မြင်တတ်သူများ, သိတတ်သူများ, မှတ်သားတတ်သူများကလည်း အခြေခံအားဖြင့် အမှား(ဝိပလ္လာသ)ကို မဏ္ဍိုင်ပြုထားသည်ပင် ဖြစ်၏။ မြင်စရာ, သိစရာ, မှတ်သားစရာ များကလည်း အခြေခံအားဖြင့် အမှား(ဝိပလ္လာသ)ကို မဏ္ဍိုင်ပြုထားသည်ပင် ဖြစ်၏။ ထို့ကြောင့် လူတို့သည် အမှားသမုဒ္ဒရာ၌ သဘာဝအားဖြင့် ကျင်လည်ကြသူများ, မျောပါကြသူများ ဖြစ်ကြလေရာ အမှန်ကြည်းကုန်းထက်သို့ ရောက်အောင် ကျင့်ကြံဆောင်ရွက်ရန် လိုအပ်မည်ကား မုချပင်ဖြစ်၏။

အမှားသမုဒ္ဒရာမှ အမှန်ကြည်းကုန်းထက်သို့ ရောက်အောင် ကျင့်ကြံ ဆောင်ရွက်ရန်ကား လွယ်ကူသည့်လုပ်ရပ်မဟုတ်။ ထိုသို့မဟုတ်ပါဘဲလျက် လုပ်ခဲ့ကြသူများ ရှေးကရှိခဲ့ကြ၏။ ယခုလည်းရှိကြသည်ပင်ဖြစ်၏။ နောင်လည်း ရှိကြ လိမ့်ဦးမည်ဖြစ်၏။ ဤသို့ရှိကြခြင်းမှာ ဓမ္မတာဖြစ်၏။ ဓမ္မတာအရ ဤသို့ရှိကြသူများကို မြင့်မြတ်သူများ ဟူ၍ ခေါ်ကြ၏။ မြင့်မြတ်သူများကို "ကလျာဏ ပုထုဇဉ်" များဟူ၍ လည်းကောင်း၊ "သေက္ခ"များဟူ၍ လည်းကောင်း၊"ပကတိသာဝက" များဟူ၍ လည်းကောင်း၊ "မဟာသာဝက"များဟူ၍ လည်းကောင်း၊ "အဂ္ဂသာဝက"များဟူ၍ လည်းကောင်း၊ "ပစ္စေကဗုဒ္ဓ"များဟူ၍ လည်းကောင်း၊ "သမ္မာသမ္ဗုဒ္ဓ"များဟူ၍ လည်းကောင်း အကြမ်းဖျင်း သိမ်းကျုံးပြီး ဆိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တည်ချိန်လည်းရှိ၏။ပျက်ချိန်လည်းရှိ၏။ ဖြစ်ချိန်ရောက်လျှင် ဖြစ်ရ၏။ တည်ချိန်ရောက်လျှင် တည်ရ၏။ ပျက်ချိန်ရောက်လျှင် ပျက်ရ၏။ ဤသည်မှာ ဓမ္မနိယာမ ဖြစ်၏။ ဤ ဓမ္မနိယာမ ကို ကျော်လွှန်၍မရ။ သို့ရာတွင် မြင့်မြတ်သူမဟုတ်သော သာမန်လူတို့သည် ပျက်ချိန်ရောက်ပါလျက် အတင်းအဓမ္မ ဖြစ်ချင်နေကြ၏။ ပျက်ချိန်ရောက်ပါလျက် အတင်းအဓမ္မ တည်ချင်နေကြ၏။ ထိုသို့ပျက်ချိန်ရောက်ပါလျက် ဖြစ်ချင်နေခြင်းနှင့် တည်ချင်နေကြခြင်းသည် သက်တမ်း၏ ပမာဏကို မသိသောကြောင့် ဖြစ်၏။

လူဖြစ်နေပါလျက် လူ၏သက်တမ်းကို နတ်သက်တမ်းသဖွယ် ထင်မှတ်ကြသူများက ထင်မှတ်နေကြ၏။ ဗြဟ္မာသက်တမ်းသဖွယ် ထင်မှတ်နေသူများက ထင်မှတ်နေကြ၏။ အချို့ကဆိုလျှင် မိမိ၏လူ့ဘဝသက်တမ်းကို သံသရာသက်တမ်း သဖွယ်တောင် ထင်မှတ်ကြ၏။ ထိုအခါ မိမိတို့၏ လူ့ဘဝကို အခိုင်အမာ မှတ်ယူကြ၏။ ထိုသူများကား အမြင်မှားသူများ ဖြစ်ကြ၏။ အမြင်မှားသူများ ဖြစ်ကြသည့်အလျောက်— ဘဝဟူသည် အနိစ္စဖြစ်ပါလျက် အနိစ္စဟူ၍မမြင်၊ နိစ္စသဖွယ်သာ မြင်၏။ ဒုက္ခဖြစ်ပါလျက် ဒုက္ခဟူ၍မမြင်၊ သုခသဖွယ်သာ မြင်၏။ အနတ္တဖြစ်ပါလျက် အနတ္တဟူ၍မမြင်၊ အတ္တသဖွယ်သာ မြင်၏။ အသုဘ ဖြစ်ပါလျက် အသုဘဟူ၍မမြင်၊ သုဘသဖွယ်သာ မြင်၏။ ထိုသို့မြင်ကြသည့်အလျောက် မိမိတို့၏ ဘဝနှင့်ပတ်သက်သော စည်းစိမ်များကို ကံကသတ်မှတ်ပေးထားသည့် သက်တမ်းအတိုင်းသာ တည်ရှိနိုင်မည် မှန်သော်လည်း သံသရာသက်တမ်းအတိုင်းတည်ရှိနိုင်မည့်အလား အပြင်းအထန် ကြိုးစား၍ ကာကွယ်ကြ၏၊ အပြင်းအထန်ကြိုးစား၍ ထိန်းသိမ်းကြ၏။

ထိုသို့ပင် ကြိုးစား၍ ကာကွယ်, ထိန်းသိမ်းနေရာမှ လက်တွေ့အားဖြင့် ဘဝ စည်းစိမ်များ ပျက်သုဉ်းသွားလေသောအခါ ကြီးစွာသောကရောက်တတ်ကြ၏။ သူတို့သည် ဘဝစည်းစိမ်ကို အသက်ဟူ၍ မှတ်ယူထားကြသူများ ဖြစ်ကြသဖြင့် ဘဝစည်းစိမ် ပျက်စီးခြင်းသည် သူတို့အတွက် သေခြင်းပင်ဖြစ်၏။ အသက်ကို ကိုယ်ပ အသက်နှင့် ကိုယ်တွင်းအသက်ဟူ၍ နှစ်မျိုးမှတ်ယူထားကြသူများအတွက် စည်းစိမ် ဥစ္စာများသည် ကိုယ်ပ အသက်ဖြစ်၍ ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတသည် ကိုယ်တွင်းအသက် ဖြစ်၏။

ထို့ကြောင့် ထိုသူတို့အတွက် စည်းစိမ်ဥစ္စာ ပျက်စီးလျှင်လည်း သေခြင်းပင် ဖြစ်၏။ ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတ ချုပ်ငြိမ်းသွားလျှင်လည်း သေခြင်းပင်ဖြစ်၏။ သို့ဖြစ်၍ သာမန်လူများသည် မြင့်မြတ်သူများနှင့် နှိုင်းစာလျှင် သေဖို့အခွင့်အလမ်း နှစ်ဆရှိကြ၏။

**ဘဝစရီး၏တူရူနစ်ဘက်** "လူ"ဟူသည် မွေးသည်မှ သေသည်အထိ ကံကိုလုပ်ကြရ၏။ ထိုကံသည် ကာယကံဖြစ်ချင်လည်းဖြစ်မည်၊ဝစီကံဖြစ်ချင်လည်း ဖြစ်မည်၊ မနောကံ ဖြစ်ချင်လည်းဖြစ်မည်။ ကံကို တစ်ခုမဟုတ်တစ်ခုတော့ လုပ်နေကြရ

www.burmeseclassic.com

www.burmeseclassic.com



သည်သာ ဖြစ်၏။ ထိုသို့လုပ်ကြရာတွင်လည်း အမြဲတစေ လုပ်နေကြရသည်သာ ဖြစ်၏။ ခဏတိုင်းခဏတိုင်း လုပ်နေကြရသည်သာ ဖြစ်၏။ ထို့ကြောင့် "ကံကိုလုပ်ခြင်းကို ဘဝခရီးကိုလျှောက်ခြင်း" ဟူ၍ ဆိုရ၏။

ဘဝခရီးကိုလျှောက်သည် ဟူ၍ဆိုကတည်းက တူရူနှစ်ဘက်သည် ရှိမြဲဖြစ်လေရာ ထိုတူရူနှစ်ဘက်အနက် တစ်ဘက်ဘက်သို့ မလွဲမသွေ လျှောက်ရမည်ဖြစ်၏။ ထိုသို့ လျှောက်ရာတွင် ပကတိခရီးသည်ရပ်နားသကဲ့သို့ သံသရာခရီးသည်ဖြစ်သော သူတို့သည် အိပ်ပျော်နေချိန်၌သာ ရပ်နားနိုင်၏။ အခြားသောအချိန်၌ကား ခဏတိုင်း ခဏတိုင်း ဘဝခရီးကို လျှောက်နေရသည်သာဖြစ်၏။

ဘဝခရီး၏ တူရူနှစ်ဘက်အနက် တစ်ဘက်သော တူရူကို ပါဠိဝေါဟာရအားဖြင့် "အတ္တသင်္ဂဟ "တူရူဟူ၍ဆိုရ၏။ အခြားတစ်ဘက်သော တူရူကိုမူ "လောကသင်္ဂဟ" တူရူဟူ၍ဆိုရ၏။ အတ္တသင်္ဂဟ ဟူသည်မှာ မိမိကိုယ်ကိုချီးမြှောက်ခြင်းဖြစ်၏။ လောကသင်္ဂဟ ဟူသည်မှာ လောကကို ချီးမြှောက်ခြင်းဖြစ်၏။

သို့ဖြစ်၍ အတ္တသင်္ဂဟ တူရူအတိုင်း လျှောက်သူသည် မည်သည့်အလုပ်ကိုလုပ်လုပ် ငါကောင်းစားရေးသို့ ဦးတည်၍လုပ်၏။ ဤနေရာ၌ "ငါ" ဟူသည်မှာ တစ်ဦး တစ်ယောက်တည်း အနေဖြင့် "ငါ" လည်းရှိ၏။ မိသားစုအနေဖြင့် "ငါ" လည်းရှိ၏။ အုပ်စုအနေဖြင့် "ငါ"လည်းရှိ၏။ အမျိုးသားအနေဖြင့် "ငါ" လည်းရှိ၏။ နိုင်ငံအနေဖြင့် "ငါ" လည်းရှိ၏။ မိမိဥစ္စာအနေဖြင့် မိမိသိမ်းပိုက်ထားသမျှ သက်ရှိသက်မဲ့အရာ အားလုံးတို့သည် "ငါ" ပင်ဖြစ်၏။ အမှန်အားဖြင့် "ငါ"ဟူသည် အရေအတွက် သဘောကို မဆောင်၊ အရည်အချင်းသဘောကိုသာ ဆောင်၏။

ထို့ကြောင့် "ငါ" အရ မိမိအနေဖြင့် သိမ်းပိုက်ထားသမျှ သက်ရှိသက်မဲ့အရာများ အားလုံးကိုယူရခြင်းဖြစ်၏။ သို့ဖြစ်လေရာ အတ္တသင်္ဂဟ တူရူအတိုင်း လျှောက်သူ ဟူသမျှသည် မိမိနှင့် မိမိသိမ်းပိုက်ထားသော သက်ရှိသက်မဲ့များအတွက်သာ ဆောင်ရွက်သူ ဖြစ်၏။ ထို့ကြောင့် ကျမ်းဂန်များ၌ "ငါ"နှင့်ပတ်သက်၍ ဤသို့ အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းဖြစ်၏။

**"ဣဒမေဝ သစ္စံ မောဃမညံ"** ယင်း၏ အနက်အဓိပ္ပာယ်မှာ "ဤဟာသည်သာလျှင် သစ္စာဖြစ်၏။ အခြားဟာဟူသမျှသည် အချည်းနှီးသာဖြစ်၏" ဟူ၍ဖြစ်၏။

ဤအဆိုမှာ "ငါ"၏ အနက်အဓိပ္ပာယ်နှင့် ပတ်သက်၍ အကျဉ်းဆုံးအဆိုဖြစ်၏။ ထို့ကြောင့် ဤအဆိုအရ "ငါသာမှန်တယ်၊ အခြားသူများအားလုံး မမှန်ဘူး" ဟူ၍ယူလျှင်လည်း အတ္တသင်္ဂဟ တူရူအတိုင်း လျှောက်ရာရောက်၏။ ထိုနည်းအတူ "ငါ့မိသားစုသာ မှန်တယ်" ဟူ၍ ယူလျှင်လည်းကောင်း၊ "ငါ့အုပ်စုသာမှန်တယ်" ဟူ၍ ယူလျှင်လည်းကောင်း၊ "ငါ့အမျိုးသားသာမှန်တယ်"ဟူ၍ ယူလျှင်လည်းကောင်း၊ "ငါ့နိုင်ငံသာ မှန်တယ်" ဟူ၍ ယူလျှင်လည်းကောင်း၊ ထိုအယူ အားလုံးတို့သည်

www.burmeseclassic.com

www.burmeseclassic.com



“ငါ”ကိုစွဲသော အယူချည်းဖြစ်၏။ အတ္တသင်္ဂဟ တူရှုသို့ လျှောက်ရာရောက်သည်ချည်း ဖြစ်၏။

အမှန်အားဖြင့် “ငါ” ကိုစွဲသော အယူမှန်သမျှသည် သူတစ်ဘက်သားကို တစ်နည်းနည်းဖြင့် ကန့်သည်ချည်းဖြစ်၏။ သူတစ်ပါး၏ ကောင်းစားမှုကို မုဒိတာ မဖြစ်သည်ချည်းဖြစ်၏။ မုဒိတာ မဖြစ်လျှင် မနာလိုခြင်း= (ဣဿာ) နှင့် ဝန်တိုခြင်း (မစ္ဆရိယ) တို့သည် အလိုလိုဖြစ်ကြ၏။ မုဒိတာမဖြစ်ဟူ၍ဆိုကတည်းက ဗြဟ္မစိုရ်တရား မရှိတော့။ ဗြဟ္မစိုရ်တရားဟူသည်မှာ အကန့်အသတ်မဲ့ သဘောကိုဆောင်၏။ ထို့ကြောင့် ဗြဟ္မစိုရ်တရားကို အပ္ပမညာ-ဟူ၍လည်းကောင်း၊ သီမာသမ္ဘေဒ-ဟူ၍ လည်းကောင်း ဆိုခြင်းဖြစ်၏။ အပ္ပမညာ-ဟူသည်မှာ အတိုင်းအတာ ပမာဏ မရှိခြင်း သဘောဖြစ်၏။ သီမာသမ္ဘေဒ-ဟူသည်မှာ အပိုင်းအခြားကို ကျော်လွန်ခြင်း သဘောဖြစ်၏။ ထို့ကြောင့် သူတစ်ပါး၏ ကောင်းကျိုးအတွက် ဆောင်ရွက်ရာ၌ “ဘယ်သူ့အတွက်တော့ မပါဘူး”ဟူ၍ နှလုံးသွင်းရှိထားသည်နှင့်တစ်ပြိုင်နက် ထိုဆောင်ရွက်ချက်သည် အတ္တသင်္ဂဟ တူရှုသို့ ဦးတည်၍ ဆောင်ရွက်ရာရောက်၏။

ဤလောက၌ မင်းတို့သည် ရာဇဝတ်သားအား ကြိုးဒဏ်လည်းပေးကြ၏။ ဆရာတို့သည် မိမိတို့၏ တပည့်များအား ကြိမ်ဒဏ်လည်းပေးကြ၏။ မိဘတို့သည် မိမိတို့၏ သားသမီးများအား ကျိန်စာလည်းတိုက်ကြ၏။ ဤသို့ပေးကြခြင်းသည် အတ္တသင်္ဂဟ တူရှုအတိုင်း လျှောက်ရာ မရောက်။ အဘယ်ကြောင့်ဆိုသော် မင်းတို့သည် ရာဇဝတ်သားအပေါ် အာဃာတ ဟူ၍မထား။ ဆရာတို့သည် မိမိတို့၏ တပည့်များအပေါ်၌ မုန်းတီးခြင်း ဟူ၍မရှိ။ မိဘတို့သည်လည်း မိမိတို့၏ သားသမီးများအပေါ်၌ ရန်လိုခြင်းဟူ၍ မရှိ။ အားလုံးလိမ္မာရေးခြား ကောင်းစားစေလိုသော သဘောများသာရှိကြ၏။

ထို့ကြောင့် မင်းများ, ဆရာများ, မိဘများ သည် လောက ကောင်းစားရေးအတွက် ကာလနှင့်ဒေသ၏ ခွင့်ပြုချက်အရ သတ်မှတ်ထားသော နည်းလမ်းများဖြင့် ဆုံးမခြင်း မျိုးသာ ဖြစ်သောကြောင့် အတ္တသင်္ဂဟ တူရှုအတိုင်း လျှောက်ရာမရောက်ခြင်း ဖြစ်၏။

ဤနေရာတွင် မြတ်စွာဘုရား၏ ဆုံးမခြင်းအပေါ် ရှင်ဒေဝဒတ် နားလည်ပုံနှင့် ပတ်သက်၍ ရှင်ဒေဝဒတ်၏ ဝတ္ထုသည် မှတ်သားဖွယ်ကောင်းပါ၏။ ရှင်ဒေဝဒတ် မြေမျိုခါနီး၌ ရှင်ဒေဝဒတ်က သူ၏တပည့်များအား—

**ငါ့ကို မဖျက်ဆီးကြပါကုန်လင့်၊ ငါသည်မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့ အပ်သည်ဖြစ်၍ ပြစ်မှားမိပါသည်။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး သည်ကား ငါ၏အပေါ်၌ ဆံဖျားမျှသော်လည်း ရန်ငြိုး ဖွဲ့ခြင်းမရှိ-**

ဟူ၍ ပြောဆိုခဲ့ကြောင်း တွေ့ရ၏။ ထို့အပြင် ယင်းဝတ္ထု၌ပင် အဋ္ဌကထာ ဆရာက ဤသို့ဆိုထားသည်ကိုလည်း တွေ့ရ၏။ ထိုမြတ်စွာဘုရားသည်—

**ဒေဝဒတ်၌လည်းကောင်း၊ ခိုးသူကြီး အင်္ဂုလိမာလ၌လည်းကောင်း၊ နာဠာဂီရိဆင်၌လည်းကောင်း၊ သားအရင်း ရာဟုလာ၌**

www.burmeseclassic.com

www.burmeseclassic.com



**လည်းကောင်း၊ အားလုံးသော သူတို့၌ တူမျှသော မေတ္တာစိတ်ကို ထားတော်မူ၏–** ဟူ၍ ဖြစ်ပါ၏။

ဤသည်မှာ ဗြဟ္မစိုရ်တရား၏ အပ္ပမညာ သဘောနှင့် သိမာသမ္ဘေဒ သဘောကို ဖော်ပြခြင်းဖြစ်၏။ ထို့ကြောင့် အတ္တသင်္ဂ တူရှုအတိုင်း လျှောက်ကြသူများသည် သူတစ်ဘက်သားကို တစ်နည်းနည်းဖြင့် ကန့်သတ်သည်ချည်း ဖြစ်၏– ဟူ၍ဆိုခြင်းဖြစ်၏။

သို့ဖြစ်၍ သူတစ်ဘက်သားကိုကန့်သတ်ခြင်းမပြုသော ဆောင်ရွက်ချက်မျိုးသည်သာ ပါရမီမြောက်သောဆောင်ရွက်ချက်မျိုးမည်ပါ၏။ မြင့်မြတ်သူများ၏ ဆောင်ရွက်ချက်မျိုးလည်း မည်ပါ၏။ ဤသည်ကို လောကသင်္ဂဟတူရှုသို့ လျှောက်ခြင်းဟူ၍ ဆိုရ၏။

လောကသင်္ဂဟ တူရှုအတိုင်း လျှောက်သူများသည် ကိုယ်ကျိုးကို ပဓာန မထားဘဲ သူတစ်ပါး၏ ကောင်းကျိုးကိုလည်းကောင်း၊ သံသရာမှ ထွက်မြောက်ဖို့ကို လည်းကောင်း ပဓာနထား၍ ဆောင်ရွက်ကြသူများဖြစ်ကြ၏။

**သဘာဝတရားနှင့်ပါရမီ**

သဘာဝတရားဟူသည် "သူခိုး " သဘောမရှိဟု ဆိုကြ၏။ ထို့ကြောင့် မြင့်မြတ်သူများ၏ ဆောင်ရွက်ချက်သည် သူခိုးက ခိုးခြင်းခံရသကဲ့သို့ လုံးဝပျောက်ကွယ် ပျက်စီးသွားခြင်းမဟုတ်။ သက်ရောက်အားနှင့် တန်ပြန်သက်ရောက်အားတို့၏ နိယာမအတိုင်း အတိုင်းမသိနိုင်အောင် ကြီးစွာသော အကျိုးကို ရစေ၏။ အမှန်အားဖြင့် ပါရမီရှိကြသူများသာ သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်ကြ၏။

မြတ်စွာဘုရားအဖြစ်သို့ ရောက်နိုင်အောင် လောက၏အကျိုးကို ဆောင်ရွက်ခြင်း အားဖြင့် ပါရမီပြုခဲ့သူများသည် မြတ်စွာဘုရား ဖြစ်တော်မူကြ၏။ အဂ္ဂသာဝက အဖြစ်သို့ရောက်နိုင်အောင် လောက၏အကျိုးကို ဆောင်ရွက်ခြင်းအားဖြင့် ပါရမီပြုခဲ့သူများသည် အဂ္ဂသာဝကများ ဖြစ်တော်မူကြ၏။ မဟာသာဝက အဖြစ်သို့ ရောက်နိုင်အောင် လောက၏အကျိုးကို ဆောင်ရွက်ခြင်းအားဖြင့် ပါရမီပြုခဲ့သူများသည် မဟာသာဝကများ ဖြစ်တော်မူကြ၏။ ပကတိသာဝက အဖြစ်သို့ ရောက်နိုင်အောင် လောက၏ အကျိုးကို ဆောင်ရွက်ခြင်းအားဖြင့် ပါရမီပြုခဲ့သူများသည် ပကတိသာဝက များ ဖြစ်တော်မူကြ၏။

ဤသည်မှာ သဘာဝ၏ နိယာမဖြစ်၏။ ဤနိယာမကြောင့် ရရှိသော အကျိုးများကား ကြောင်းကျိုးဆင်ခြင်၍ ယူရသောအကျိုးများ ဖြစ်ကြ၏။ သို့ရာတွင် လက်တွေ့မြင်ရသော အကျိုးတရားနှင့်ပတ်သက်၍ ဒေဝဒတ် ဝတ္ထုဥ္ဈ ဤသို့တွေ့ရ၏။

ရှင်ဒေဝဒတ်သည် မြတ်စွာဘုရားအပေါ်၌ အတိုင်းမသိနိုင်လောက်အောင် အာဃာတ ကြီးခဲ့သော်လည်း မြတ်စွာဘုရား၏ အတိုင်းမသိနိုင်အောင် ကြီးမားသော မေတ္တာဓာတ်ကို ရှင်ဒေဝဒတ်သည် ကိုယ်တိုင်ကိုယ်ကျ ခံစားလာရသောအခါ မိမိ၏ စော်ကားမှုအတွက် ကြီးစွာသောနောင်တဖြင့် ယူကျုံးမရခံစားရပြီး အမြတ်ဆုံး ပူဇော်ခြင်းဖြင့် ပူဇော်ကာ မြတ်စွာဘုရားအပေါ် သဘောထားကို ဤသို့ ရင်နှင့်ဖွယ်ရာဖော်ထုတ်ခဲ့၏–

www.burmeseclassic.com

www.burmeseclassic.com



"အမြတ်ဆုံးတို့ထက် ပို၍မြတ်တော်မူသော၊ နတ်တို့ထက်လည်း မြတ်တော်မူသော၊ နတ်လူတို့ကိုကောင်းအောင်ဆုံးမရာ၌ ရထားထိန်းသဖွယ်လည်း ဖြစ်တော်မူသော၊ ထက်ဝန်းကျင်ကို အကြွင်းမရှိ သိစွမ်းတော်မူသော၊ အရာမက များပြားလှသော၊ ဘုန်းလက္ခဏာနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဤအရိုးတို့ဖြင့်လည်းကောင်း၊ ဤအသက်တို့ဖြင့် လည်းကောင်း ကျွန်ုပ်သည် ကိုးကွယ်ဆည်းကပ်ပါ၏"။

ထိုအချိန်ကား ဇေတဝန်ကျောင်းတော်၏ ရေကန်ဘောင်၌ ရှင်ဒေဝဒတ်ကို မြေမျိုနေချိန်ဖြစ်၏။ မဟာပထဝီမြေကြီးသည် ရှင်ဒေဝဒတ်ကို ရှေးဦးစွာ ဖမျက်တိုင်အောင်မျို၏။ ထို့နောက် ပဆစ်ဒူးတိုင်အောင် မျို၏။ ထို့နောက် ခါးတိုင်အောင်မျို၏။ ထို့နောက် သားမြတ် (ရင်ဘတ်) တိုင်အောင်မျို၏။ ထို့နောက် လည်ပင်းတိုင်အောင်မျို၏။ ထို့နောက်မေးရိုးတိုင်အောင်မျို၏။ ထိုသို့မျိုရာတွင် ပါးစပ်မမြုပ်မီ မြွက်ဆိုနိုင်ခိုက် အလှူ်က်သည်းလှိုက် မြွက်ဆိုကန်တော့သွားခြင်း ဖြစ်ပါ၏။

အာဃာတပြင်းလှသော ရှင်ဒေဝဒတ်ထံမှ မြတ်စွာဘုရား၏ ဤ ရခြင်းကား လောက၌ မနိုင်းယှဉ်သာအောင် ကြီးမားသော အတိုင်းမသိ ရခြင်းဖြစ်၏။ ဤရခြင်းမျိုးကို မြတ်စွာဘုရားမှ တစ်ပါး၊ မည်သူရနိုင်ပါလိမ့် မည်နည်း။ ဤအချိန်၌မူ ရှင်ဒေဝဒတ်သည်လည်း တကယ်ပင် မြင့်မြတ်သူ ဖြစ်သွားခဲ့ပါ၏။ ရှင်ဒေဝဒတ်ကလည်း မြတ်စွာဘုရားအား အလွန်ဖြူစင် မြင့်မြတ်သော စေတနာ,သဒ္ဓါတို့ဖြင့် သူ၏ခန္ဓာနှင့်အသက်ကို ပူဇော်ခဲ့ပါ၏။ ထိုအချိန်၌ မြတ်စွာဘုရားအပေါ် ရန်ငြိုး ဖွဲ့ခြင်းလည်း မရှိတော့။ မြတ်စွာဘုရား၏ ကြီးပွားမှုအပေါ် မနာလိုခြင်းလည်း မရှိတော့။ မြတ်စွာဘုရား၏ ကြီးပွားမှုအပေါ် ဝန်တိုခြင်းလည်း မရှိတော့။

**အသွင်အားဖြင့်တူသော်လည်း အနှစ်သာရအားဖြင့်မတူ**

အမှန်အားဖြင့် ရှင်ဒေဝဒတ်သည် တစ်ခုသောအချိန်က မိမိဘဝကို ကိုးကွယ်ခဲ့သူဖြစ်၏။ မိမိဘဝကို မြတ်နိုးခဲ့သူဖြစ်၏။ မိမိဘဝကို ယုယခဲ့သူဖြစ်၏။ မိမိဘဝကို တွယ်တာခဲ့သူဖြစ်၏။ ယခုတော့ထိုသို့မဟုတ်။ ယခုရှင်ဒေဝဒတ်နှင့် ယခင်ရှင်ဒေဝဒတ်သည် အခြားနားကြီး ခြားနားသွား၏။ ယခင် ရှင်ဒေဝဒတ်ကား အတ္တသင်္ဂဟ တူရူသို့လျှောက်ခဲ့သူဖြစ်ခဲ့၏။ ယခု ရှင်ဒေဝဒတ်ကား လောကသင်္ဂဟ တူရူသို့ လျှောက်သူဖြစ်လာလေပြီ။

ယခု ရှင်ဒေဝဒတ်သည် လောကကို "ယဇ်ပလ္လင်" အဖြစ်လည်းကောင်း၊ သူ၏ဘဝကို ပူဇော်ဖွယ် "ယဇ်" ဝတ္ထုအဖြစ်လည်းကောင်း၊ သတ္တဝါများကို ယဇ်ပူဇော်ရာ "နတ်ဘုရား" များအဖြစ်လည်းကောင်း၊ သံသရာမှလွတ်မြောက်ရေးကို ပန်းတိုင်အဖြစ်လည်းကောင်း သူ၏သဘောထားများကို ပြောင်းလဲ၍ ထားတတ်လာ၏။ ထို့ကြောင့် ရှင်ဒေဝဒတ်သည် နောက်ဆုံးအချိန်၌ သူ၏ဘဝဖြင့် မြတ်စွာဘုရားကို ပူဇော်ခဲ့၏။ ထိုပူဇော်ခြင်းသည်လည်း အချည်းနှီးပူဇော်ခြင်းမဟုတ်။ သူခိုးခိုးခြင်း ခံရသကဲ့သို့ ပျောက်ပျက်သွားသည်မဟုတ်။ ထိုပူဇော်ခြင်း၏ အကျိုးကို ရှင်ဒေဝဒတ်သည် ဤကမ္ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာတစ်သိန်းအထက်၌ "အဋ္ဌသာရပစ္စေကဗုဒ္ဓါ" အဖြစ်ဖြင့် ဖြစ်ရပေလိမ့်မည်။

ပစ္စေကဗုဒ္ဓါ ဟူသည်လည်း ကြီးမားသော အကျိုးပင်ဖြစ်၏။ ပစ္စေကဗုဒ္ဓါ မဆိုထားနှင့်ဦး သောတာပန်ဖြစ်ရခြင်းသည်ပင် သံသရာသုခ အားလုံးကို တစ်စုတည်း၊ တစ်ပေါင်းတည်း စုပေါင်းထားသော သုခထက် ပို၍ချမ်းသာပါ၏။

အမှန်အားဖြင့် သံသရာသုခဟူသမျှသည် လောကနောက်ခံရှိသည်ချည်း ဖြစ်၏။ သောတာပန် ဖြစ်ရခြင်း၏ သုခကား ထိုကဲ့သို့မဟုတ်။ လောကကို အမြစ်ပြတ် မပယ်နိုင်သေး စေကာမူ အပါယ်သို့ကျရောက်စေနိုင်သော လောကကိုမူ ပယ်နိုင်လေပြီ။ အပါယ်လေးပါးသို့ မကျရောက်နိုင်တော့ ဟူ၍ဆိုကတည်းက မည်မျှလောက် ချမ်းသာသည်ကို မှန်းဆနိုင်၏။

အပါယ်လေးပါးသို့ မကျရောက်နိုင်တော့သော ပုဂ္ဂိုလ်များ၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု ဆိုင်ရာ ဆောင်ရွက်ချက်များသည် မည်မျှလောက် မြင့်မြတ်သော ဆောင်ရွက်ချက်များနှင့် မည်မျှလောက်ငြိမ်းချမ်းသော ဆောင်ရွက်ချက်များ ဖြစ်မည် ကိုလည်း မှန်းဆ၍ တွက်ကြည့်နိုင်ပါ၏။ အကြမ်းဖျင်းအားဖြင့် ဆိုရလျှင်ပင် သောတာပန် ပုဂ္ဂိုလ်တို့၏ တွေး ,မြင်ချက်နှင့် ဆောင်ရွက်ချက်များသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ တွေး,မြင်ချက်နှင့် ဆောင်ရွက်ချက်များနှင့် အသွင်အားဖြင့် တူချင်တူနိုင်သော်လည်း အနှစ်သာရအားဖြင့်မူ မတူနိုင်သည်မှာ ထင်ရှားပါ၏။

**အတ္တသင်္ဂဟနှင့် လောကသင်္ဂဟ**

မမြင့်မြတ်သူတို့သည် သူတစ်ပါးကမိမိထက်သာသွားမှာကို စိုးရိမ်၏။ ပူပန်၏။ မနာလိုဖြစ်၏။ ဝန်တို၏။ မြင့်မြတ်သူတို့ကား သူတစ်ပါး ရှိရင်းစွဲအခြေအနေမှ ရွေ့လျောနိမ့်ကျသွားမှာကို စိုးရိမ်၏။ ပူပန်၏။ မိမိထက်သာသွားသည်ကို ကြည်နူး၏။ ဝမ်းမြောက်၏။ ချီးကျူး၏။ အားတက်၏။ ဤသည်မှာ မြင့်မြတ်သူများနှင့် မမြင့်မြတ်သူများအနေဖြင့် ဘဝခရီးကို လျှောက်ကြရာ၌ မျက်နှာမူရာ တူရူချင်း ခြားနားပုံဖြစ်၏။

အမှန်အားဖြင့် လူသာမက သတ္တဝါအားလုံးသည် ဤတူရူနှစ်ဘက်အနက် တစ်ဘက်ဘက်သို့ ခဏတိုင်းခဏတိုင်း လျှောက်နေကြသည်ဖြစ်ပါ၏။ ထိုသို့ လျှောက်နေကြသော်လည်း မိမိတို့အနေဖြင့် မည်သည့်တူရူအတိုင်း လျှောက်နေကြသည်ကိုအမှန်အတိုင်း မသိကြ ၊ အမှန်အတိုင်းမသိကြသောကြောင့်သာ မိမိတို့ လျှောက်နေကြသော တူရူကို မှန်သောတူရူဟူ၍ ထင်မှတ်နေကြခြင်းဖြစ်၏။ ထိုသို့ထင်မှတ်နေကြသောကြောင့်သာ မမြင့်မြတ်သူများသည် မိမိတို့အနေဖြင့် အတ္တသင်္ဂဟတူရူအတိုင်း လျှောက်နေခြင်း ဖြစ်ပါလျက် မိမိတို့သည် လောကသင်္ဂဟတူရူအတိုင်း လျှောက်နေကြခြင်း ဖြစ်သည်ဟု ကြွေးကြော်ကြ၏။

မိမိတို့သည် ကိုယ်ကျိုးကို ပဓာနထားကာ အများအကျိုးတည်းဟူသော မျက်နှာဖုံးဖြင့် လုပ်နေခြင်းဖြစ်ပါလျက် အများကောင်းစားရေးအတွက် လုပ်နေကြခြင်း ဖြစ်၏ ဟူ၍လည်းကောင်း၊ ၂၄ နာရီလုံးလုံး မအိပ်မနေလုပ်နေကြခြင်းဖြစ်၏ ဟူ၍

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ကြွေးကြော်ကြ၏။ ဤကြွေးကြော်ချက်မျိုးကို 'ပပဥ္စ'သိဖြင့် ကြွေးကြော်ခြင်းဟု ဆိုရ၏။ အဂတိလေးပါးဖြင့် ကြွေးကြော်ခြင်းဟူ၍လည်း ဆိုရ၏။ 'ပပဥ္စ' သိ ဟူသည်မှာ "အတ္တဒိဋ္ဌိ" ဖြစ်၏။ ဒေသနာတော်၌ ဤသို့ကြွေးကြော်ခြင်းမျိုးကို ဤသို့ဆို၏—

အနယော နယရူပေန ဗုဒ္ဓိမက္ကမ္မ တိဋ္ဌတိ။

"မှားသောနည်းသည် မိမိ၏ အသိဉာဏ်ကို ကျော်လွှား၍ မှန်သောနည်းအသွင်ဖြင့် ရပ်တည်တတ်၏။"

အမှန်အားဖြင့် မမြင့်မြတ်သောလူများသည် အတ္တသိ အားကြီးလာသောအခါ အမှားကို အမှန်ထင်တတ်ကြ၏။ မကောင်းကို အကောင်းထင်တတ်ကြ၏။ မိတ်ဆွေကို ရန်သူထင်တတ်ကြ၏။ ဤသို့ထင်ခြင်းသည် မိမိတို့ပျက်စီးခြင်း၏ သင်္ကေတဖြစ်၏။ မိမိတို့ပျက်စီးခြင်း၏ အရိပ်နိမိတ်ဖြစ်၏။

ထိုသို့ဖြစ်သော်လည်း "ငါမှန်တယ်"ဟူ၍သာ ဇွတ်အတင်း မိမိ၏အယူကို ဖက်တွယ်ထားတတ်၏။ ဤသဘောကို "အာစာနုဂ္ဂါဟီ" ဟူ၍ဆို၏။ အကယ်၍ မှားမှန်းသိနေသည့်တိုင်အောင် "မထူးတော့ပါဘူးကွာ" ဟူသော ခံယူချက်ဖြင့် မိမိ၏ အယူကို မစွန့်ဘဲ ဇွတ်အတင်း ဆက်လုပ်တတ်၏။ ဤသဘောကို "ဒုပ္ပဋိနိဿဂ္ဂီ" ဟူ၍ ဆိုရ၏။ ဤသည်မှာ မမြင့်မြတ်သူတို့၏ လက္ခဏာဖြစ်၏။ ဤသို့သောသူများကို ကျမ်းဂန်များ၌ "ဒုဗ္ဗစ" ဟူ၍ဆို၏။ ဒုဗ္ဗစ ဟူသော ပါဠိဝေါဟာရ၏ အနက်မှာ "ပြောရဆိုရခက်သူ"ဟူ၍ ဖြစ်၏။ ထို့ကြောင့် ပြောရဆိုရခက်သူဟူသမျှသည် မမြင့်မြတ်သူတို့ဖြစ်၏။

**ဘဝခရီး၏လမ်းမ** ဘဝခရီး၏လမ်းမဟူသည်မှာ မိမိတို့၏ ဒွါရခြောက်ပါး၌ အမြဲတစေ ထင်လာသော အာရုံခြောက်ပါး ဖြစ်၏။ ထို့ကြောင့် လူတို့သည် အာရုံ"လမ်းမ"ပေါ်၌ အမြဲတစေ လျှောက်နေကြသူများဖြစ်ကြ၏။ မြင့်မြတ်သူများသည်လည်း ထိုလမ်းမအပေါ်၌ လျှောက်နေကြသူများ ဖြစ်၏။ မမြင့်မြတ်သူများသည်လည်း ထိုလမ်းမအပေါ်၌ လျှောက်နေကြသူများဖြစ်ကြ၏။ အာရုံခြောက်ပါးလမ်းမကြီးကား သတ္တဝါအားလုံးတို့အတွက် တစ်ခုတည်းသော လျှောက်စရာလမ်းမကြီးသာ ဖြစ်၏။

ထို့ကြောင့် လမ်းမကြီးသည် သတ္တဝါအားလုံးတို့အတွက် အတူတူပင်ဖြစ်၏။ ထူးခြားမှု မရှိ။ လမ်းမကြီးကို လျှောက်ရာ၌ သတ္တဝါတို့သည် အားလုံးပင် ခြေကို ကြွ၍ချရသည်သာဖြစ်၏။ ခြေကိုကြွ၍ ချခြင်းကိုပင် လမ်းလျှောက်ခြင်းဟူ၍ ဆိုရ၏။ ယင်းကို "ကံ" ပြုခြင်းနှင့် တင်စား၍ ဆိုနိုင်၏။ သို့ဖြစ်ရာ အားလုံး ခြေကိုကြွ၍ ချခြင်းချည်းသာ ဖြစ်သဖြင့် ဘဝခရီးကို လျှောက်ကြခြင်းသည်လည်း အားလုံးအတွက် အတူတူပင်ဖြစ်၏။ အချင်းချင်း ထူးခြားမှုမရှိ။

လူတို့သည် ဘဝခရီးကို လျှောက်ကြရာ၌ အာရုံ "လမ်းမကြီး" ပေါ်တွင် "ကံ" ခြေလှမ်းများဖြင့် လျှောက်ကြလေသောအခါ လမ်းမကြီးသည်လည်း အားလုံးအတွက်

www.burmeseclassic.com

www.burmeseclassic.com



အတူတူပင် ဖြစ်၏။ ထူးခြားမှုမရှိ။ လမ်းမကြီးပေါ်၌ လျှောက်ခြင်းသည်လည်း အားလုံးအတွက် အတူတူပင်ဖြစ်၏။ ခြားနားမှုမရှိ။ လမ်းမကြီးပေါ်၌ လျှောက်ခြင်း ဟူသည်မှာ မိမိတို့၏ ဒွါရများ၌ ထိုက်သင့်သလို ထင်လာသော ထိုထိုအာရုံများအပေါ် ပြန်လည်၍ တုံ့ပြန်ခြင်းဖြစ်၏။ ယင်းကို "ကံ" ဟုဆို၏။

ထိုသို့တုံ့ပြန်ရာတွင် ကိုယ်ဖြင့်တုန့်ပြန်ပါက ကာယကံဟုဆိုရ၏။ နှုတ်ဖြင့်တုံ့ပြန် ပါက ဝစီကံဟုဆိုရ၏။ စိတ်ဖြင့်တုံ့ပြန်ပါက မနောကံဟုဆိုရ၏။ ထို့ကြောင့်သတ္တဝါ ဟူသမျှသည်လည်း မိမိတို့၏ ဒွါရများ၌ ဆိုင်ရာဆိုင်ရာ အာရုံများထင်လာတိုင်း ထိုထင်လာသော အာရုံများအပေါ် ပြန်လည်၍ တုံ့ပြန်ခြင်းအားဖြင့် ကံကို ပြုကြ သည်ချည်းဖြစ်သဖြင့် လမ်းမကြီးအပေါ် လျှောက်ခြင်းတည်းဟူသော ကံကို ပြုခြင်း သည်လည်း အားလုံးအတွက် အတူတူပင်ဖြစ်၏။ ထူးခြားမှုမရှိ ဟူ၍ ဆိုခြင်းဖြစ်၏။ သို့ရာတွင် ထူးခြားမှုကား ရှိပါ၏။ ထိုထူးခြားမှုကား တူရူပင်ဖြစ်၏။

**မြင့်မြတ်သူနှင့်မမြင့်မြတ်သူ**

လမ်းမကြီးပေါ်တွင် တောင်နှင့်မြောက် တူရူနှစ်ဘက်သည် အချင်းချင်းဆန့်ကျင်၍ တည်ရှိဘိသကဲ့သို့လည်းကောင်း၊ သို့မဟုတ် အရှေ့နှင့် အနောက် တူရူနှစ်ဘက်သည် အချင်းချင်းဆန့်ကျင်၍ တည်ရှိဘိ သကဲ့သို့လည်းကောင်း ကံကိုပြုရာ၌လည်း တူရူနှစ်ဘက်သည် ရှိမြဲဖြစ်၏။ ထိုတူရူ နှစ်ဘက်ကား အတ္တသင်္ဂဟ တူရူနှင့် လောကသင်္ဂဟ တူရူတို့ပင် ဖြစ်ကြ၏။

ထိုတူရူနှစ်ဘက်ကို အကြောင်းပြု၍ ကံ ပြုလုပ်သူများကိုလည်း မြင့်မြတ်သူနှင့် မမြင့်မြတ်သူဟူ၍ ခွဲခြားသတ်မှတ်ကြခြင်းဖြစ်၏။ မြင့်မြတ်သူကို "ပါရမီပြုသူ"ဟူ၍ သတ်မှတ်ကြပြီး မမြင့်မြတ်သူကို "ပါရမီမပြုသူ" ဟူ၍ ဆိုကြ၏။

ကံသည် ဖြစ်ရာဒွါရအားဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ သုံးမျိုး ပြား၏။ ထိုသုံးမျိုးတို့တွင်လည်း ကာယကံသည် သဘောလက္ခဏာ အားဖြင့် တစ်ဖန် ကုသိုလ်ကံနှင့် အကုသိုလ်ကံဟူ၍ နှစ်မျိုး ပြားပြန်၏။ ထိုနည်းအတူ ဝစီကံသည်လည်း ကုသိုလ်ကံနှင့် အကုသိုလ်ကံ ဟူ၍ နှစ်မျိုး ပြားပြီး၊ မနောကံသည်လည်း ကုသိုလ်ကံနှင့် အကုသိုလ်ကံ ဟူ၍ နှစ်မျိုး ထပ်မံ ပြားပြန်၏။ ထို့နောက် ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ကံဖြစ်စေ ကံတိုင်းကံတိုင်း၌ အတ္တသင်္ဂဟတူရူနှင့် လောကသင်္ဂဟတူရူ ဟူ၍ နှစ်မျိုးစီနှစ်မျိုးစီ ပြားပြန်လေ၏။ ထိုသို့တူရူ နှစ်မျိုးစီ ပြားခြင်းမှာ ကံကို ပြုလုပ်ကြသူများ၏ ဦးတည်ချက်ပြားသောကြောင့် ဖြစ်လေ၏။

ကုသိုလ်ကံကို ပြုရာ၌ တစ်ဦးကလည်း ကျောင်းဆောက်၏၊ အခြားတစ်ဦးကလည်း ကျောင်းဆောက်၏၊ ကျောင်းဆောက်ခြင်းကား အတူတူ။ သို့ရာတွင် ဦးတည်ချက်ခြင်းကား မတူ။ တစ်ဦးက သံသရာချမ်းသာသို့ ဦးတည်၏၊ အခြားတစ်ဦးက နိဗ္ဗာန်ချမ်းသာသို့ ဦးတည်၏။ အကုသိုလ်ကံကို ပြုရာ၌ တစ်ဦးကလည်း သူတစ်ပါး၏ အသက်ကို သတ်၏၊ အခြားတစ်ဦးကလည်း သူတစ်ပါး၏ အသက်ကို သတ်၏။ သူတစ်ပါး၏

www.burmeseclassic.com

www.burmeseclassic.com



အသက်ကို သတ်ခြင်းကား အတူတူ။ သို့ရာတွင် ဦးတည်ချက်ခြင်းကား မတူ။ တစ်ဦးက မိမိအကျိုးကို ပဓာနထား၏၊ အခြားတစ်ဦးက လောကအကျိုးကို ပဓာနထား၏။ ဤသဘောကိုရည်၍ မြတ်စွာဘုရားက "စေတနာကိုသာ ကံ ဟူ၍ ငါဆို၏" ဟု ဟောကြားတော်မူခြင်းဖြစ်၏။

**ပါရမီမခေါ်ထိုက်သောကောင်းမှု**

အတ္တသင်္ဂဟ တူရှုနှင့် ပတ်သက်၍ မကောင်းမှုဒုစရိုက်လုပ်မှသာ အကျင့်များကို ကျင့်ရာရောက်သည်မဟုတ်။ ကောင်းမှု သုစရိုက်လုပ်ရာ၌လည်း ဦးတည်ချက်များသဖြင့် အကျင့်များကိုကျင့်ရာရောက်ကြောင်း သံယုတ္တအဋ္ဌကထာ၊ နိဒါနဝဂ္ဂသံယုတ်၊ ပဋိပဒါသုတ် ၌ ဖော်ပြထား၏။ ထိုအဆိုအရ ဒါန, သီလ-ကိုသာမက သမာပတ်ရှစ်ပါး, အဘိညာဉ်တရားများ၌ပင် ဦးတည်ချက်များပါက မှားသောအကျင့်ရှိရာရောက်ကြောင်း သိရ၏။

ထို့ကြောင့် ကုသိုလ်တရား ဟူသမျှ၌လည်း အတ္တသင်္ဂဟတူရှုသို့ လျှောက်သူများအတွက် မိစ္ဆာပဋိပဒါ သည် ရှိပါ၏။ မှားသောအကျင့် မိစ္ဆာပဋိပဒါ ဟူသည်မှာ ဝဋ်ချမ်းသာသို့ ဦးတည်သော အကျင့်ဖြစ်၏။ ဝဋ်ချမ်းသာသို့ ဦးတည်ခြင်းကို ဝဋ္ဋသီသ ဟုခေါ်၏။

ဝဋ်ချမ်းသာသို့ ဦးတည်သောအခါ ဒါနကိုပဲလုပ်လုပ် သီလကိုပဲ ဆောက်တည်ဆောက်တည် ဘာဝနာကိုပဲ ပွားများပွားများ ငါကောင်းစားရေးအတွက်သာ ဒါနကိုလုပ်ခြင်းဖြစ်၏။ သီလကို ဆောက်တည်ခြင်းဖြစ်၏။ ဘာဝနာကို ပွားများခြင်းဖြစ်၏။ လောကအတွက်ဟူ၍ ထည့်သွင်းတွက်ချက်ခြင်းမရှိ။ အကယ်၍ ထည့်တွက်သည်ဆိုစေဦး ထိုသို့ထည့်တွက်ခြင်းသည် လောက၏အကျိုးကို ဒုတိယနေရာ၌ထား၍ ထည့်တွက်ခြင်းဖြစ်၏။

ထိုအခါ ကုသိုလ်ကောင်းမှုသည် အတ္တပဓာန ကောင်းမှုမျိုးသာဖြစ်၏။ လောကပဓာန ကောင်းမှုမျိုးမဟုတ်။ လောကပဓာန ကောင်းမှုမျိုး မဟုတ်လေသမျှ ကာလပတ်လုံး ထိုကောင်းမှုမျိုးကိုပြုခြင်းသည် မြင့်မြတ်သောသူတို့၏ ကောင်းမှုပြုခြင်း မမည်။ မြင့်မြတ်သောသူတို့၏ ကောင်းမှုပြုခြင်း မမည်လျှင် ဈာန်,အဘိညာဉ်ရသော ကောင်းမှုပင်ဖြစ်စေဦးတော့ ပါရမီခေါ်ထိုက်သော ကောင်းမှုမဟုတ်ပါချေ။ ပါရမီခေါ်ထိုက်သော ကောင်းမှုမဟုတ်ပါကလည်း မှန်သောအကျင့် "သမ္မာပဋိပဒါ" အရ ကျင့်သော ကောင်းမှုအမည်ကို မရနိုင်။

ရှေး၌ဆိုထားသည့်အတိုင်း သမ္မာဒိဋ္ဌိအယူအရ ပါရမီ ဟူသမျှသည် အတ္တပဓာန မဖြစ်ရ။ လောကပဓာနသာ ဖြစ်ရ၏။ ထို့အပြင် ဝဋ်ချမ်းသာသို့ ဦးတည်သော ဝဋ္ဋသီသလည်း မဖြစ်ရ။ ဝဋ်မှ ထွက်မြောက်ရာ နိဗ္ဗာန်သို့ဦးတည်သော ဝိဝဋ္ဋသီသ-သာ ဖြစ်ရ၏။ ဤခံယူချက် နှစ်မျိုးပါသော ဆောင်ရွက်ချက်မျိုးသာလျှင် ပါရမီအမည်ကို ရသော ဆောင်ရွက်ချက်မျိုး ဖြစ်ပါ၏။ အကယ်၍ မိမိပြုသော ကုသိုလ်ကောင်းမှုက အတ္တပဓာန သဘောကို ဆောင်ပါလျက်၊ လောကပဓာန သဘောမျိုးဆောင်သယောင်

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုပါက မာယာ သဘောမျိုးနှင့် သာဌေယျ သဘောမျိုးပါ နောက်ထပ်အကုသိုလ်နှစ်မျိုး ထပ်၍တိုးလေ၏။ ဤနေရာ၌ "မာယာ" ဟူသည်မှာ မိမိ၌ ရှိသောအပြစ်ကိုမရှိယောင် ဖုံးကွယ်ခြင်းဖြစ်၏။

"သာဌေယျ" ဟူသည်မှာ မိမိ၌မရှိသောဂုဏ်ကို ရှိသယောင် ဟန်ဆောင်ခြင်း ဖြစ်၏။

အကျဉ်းအားဖြင့်ဆိုရလျှင် အဟုတ်ကို မဟုတ်လုပ်ခြင်းသည် မာယာ၌ အတွင်းဝင်၏။

မဟုတ်ကို အဟုတ်လုပ်ခြင်းသည် သာဌေယျ ၌ အတွင်းဝင်၏။

အကယ်၍ အဟုတ်နှင့်မဟုတ်ကို ခွဲခြား၍ မသိသဖြင့် အဟုတ်ကို မဟုတ်ဟူ၍လည်းကောင်း၊ မဟုတ်ကို အဟုတ်ဟူ၍လည်းကောင်း ရိုးသားစွာ ယုံကြည်ပြီး ပြုမူပြောဆိုခြင်းဖြစ်ပါက မိစ္ဆာဒိဋ္ဌိ အကုသိုလ်ကံက ထပ်၍ဆင့်ပါ၏။

ထို့ကြောင့် အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်း သိမှသာ ယထာဘူတ-အသိမည်၏။

အမှားကို အမှန်ဟူ၍လည်းကောင်း၊ အမှန်ကို အမှားဟူ၍ လည်းကောင်းလွဲမှားစွာ သိနေလျှင် ထိုအသိသည် "ဝိပရီတဒဿန" မည်၏။ ဝိပရီတဒဿန-ဟူသည်မှာ ဖောက်ပြန်မှားယွင်းသော အမြင်ဖြစ်၏။ ယင်းအမြင်မျိုးကို မိစ္ဆာဒိဋ္ဌိ၌ ထည့်သွင်းအပ်၏။

မိစ္ဆာဒိဋ္ဌိ၏ ဆန့်ကျင်ဘက်အမြင်မှာ "သမ္မာဒိဋ္ဌိ"ဖြစ်၏။ သမ္မာဒိဋ္ဌိ ဟူသည်မှာ သိစရာများကို မဖောက်မပြန် မှန်မှန်ကန်ကန် မြင်သောအမြင်ဖြစ်၏။ သို့ရာတွင် သမ္မာဒိဋ္ဌိအမြင်ဖြင့် လောကကို မြင်တတ်ဖို့ဆိုသည်မှာ လွယ်သည်တော့မဟုတ်။မလွယ်သော်လည်း မြင်အောင်ကြည့်တတ်ရန် အားထုတ်၍ကား ရ၏။

အလောင်းတော်မြတ်ကြီးများသည် ဤသို့မြင်နိုင်အောင် အားထုတ်ခဲ့သူများ ဖြစ်ကြ၏။ အလောင်းတော်မြတ်ကြီးများတွင် ဘုရားလောင်းလည်း ပါဝင်၏။ ပစ္စေကဗုဒ္ဓါ လောင်းလည်းပါဝင်၏။ အဂ္ဂသာဝက လောင်း၊ မဟာသာဝက လောင်း၊ ပကတိ-သာဝက လောင်းတို့အပြင် အရိယာပုဂ္ဂိုလ်လောင်းများလည်း ပါဝင်၏။ အမှန်အားဖြင့် မိမိ၏ အကျိုးကို ပဓာန မထားဘဲ သူတစ်ပါး၏အကျိုးကို ပဓာနထား၍ ဆောင်ရွက်သူ ဟူသမျှ အားလုံး ပါဝင်ကြ၏။

ထိုပုဂ္ဂိုလ်များသည် လောကသင်္ဂဟ တူရူဖြင့် ဘဝခရီးကို လျှောက်ကြသူများ ဖြစ်ကြ၏။ သို့ဖြစ်လေရာ ခရီး၏အဆုံး၌ သူတို့သည် ပန်းတိုင်သို့ မလွဲမသွေရောက်ကြမည် ဖြစ်၏။ "ပန်းတိုင်"ဟူသည်ကား"နိဗ္ဗာန်"ပင်ဖြစ်၏။

**စွဲလမ်းခြင်း** စွဲလမ်းခြင်းကို ပါဠိဝေါဟာရအားဖြင့် "ဥပါဒါန်" ဟူ၍ဆို၏။ စွဲလမ်းခြင်းဟူသော ဝေါဟာရထက် ဥပါဒါန်ဟူသော ဝေါဟာရက မြန်မာတို့နား၌ ပို၍လေးနက်သော အနက်နှင့်အဓိပ္ပာယ်ကို ဆောင်၏။ စွဲလမ်းခြင်း ဥပါဒါန်သည် ပတ်ဝန်းကျင်အရ စွဲလမ်းခြင်း၊ လူတန်းစားအမြင်အရ စွဲလမ်းခြင်း၊ ယဉ်ကျေးမှု

www.burmeseclassic.com

www.burmeseclassic.com



ဝေလှေ့အရ စွဲလမ်းခြင်း၊ မွေးရာပါဉာဉ်အရ စွဲလမ်းခြင်း ဟူ၍ လေးမျိုးရှိ၏။

ထိုလေးမျိုးတို့တွင် ပတ်ဝန်းကျင်အရ စွဲလမ်းခြင်းဟူသည် ဤသို့ဖြစ်၏။ လူတို့သည် မိမိတို့၏ ပတ်ဝန်းကျင်ကို မလွှဲသာမရှောင်သာ မြင်ကြရ၏၊ ကြည့်ကြရ၏။ လူတို့၏ ပတ်ဝန်းကျင်တွင် မျက်မြင်လက်တွေ့အားဖြင့် လူများလည်းရှိ၏။ တိရစ္ဆာန်များလည်း ရှိ၏။ သက်မဲ့အရာဝတ္ထုများလည်း ရှိ၏။ ဤသည်တို့မှာ မည်သူကပင် ကြည့်ကြည့် ထိုသို့အာရုံများအနေဖြင့် မြင်နိုင်လောက်သော အရာဝတ္ထုများ ဖြစ်၏။ ဤမြင်နိုင်လောက်သော အရာဝတ္ထုများကို မြင်စရာများ ဟူ၍ ဆိုရ၏။

**ကာမုပါဒါန်**

ပတ်ဝန်းကျင်တွင် မြင်နိုင်သောမြင်စရာများအပြင် ကြားနိုင်သော ကြားစရာ များလည်း ရှိ၏။ နမ်းနိုင်သော နမ်းစရာများလည်း ရှိ၏။ စားနိုင်သော စားစရာများလည်း ရှိ၏။ ထိတွေ့နိုင်သော ထိတွေ့စရာများလည်း ရှိ၏။ တွေးခေါ်မြော်မြင်နိုင်သော တွေးခေါ်မြော်မြင်စရာများလည်း ရှိ၏။ ဆိုခဲ့သောအာရုံများကို အမျိုးအစားအားဖြင့် ခွဲခြားလိုက်လျှင်ခြောက်မျိုးရ၏။ ထိုအာရုံ ခြောက်မျိုးကို လူတို့၏ ပတ်ဝန်းကျင်ဟူ၍ဆိုရ၏။ ထိုပတ်ဝန်းကျင်သည် လူတို့အနေဖြင့် လောကကိုကြည့်ရာ၌ ဖြစ်စေ၊ မြင်ရာ၌ဖြစ်စေ၊ လူတို့၏ အသိအပေါ် များစွာပြဋ္ဌာန်း၏။ ပတ်ဝန်းကျင်အလိုက် သိလာအောင် များစွာ ဖိအားပေး၏။ ထို့ကြောင့် ပတ်ဝန်းကျင်ကို "ကာမုပါဒါန်"ဟူ၍ ဆိုရ၏။ ကာမုပါဒါန် ၌ ကာမအရ တပ်မက်တတ်သော လောဘနှင့် တပ်မက်စရာ အရာဝတ္ထုများကို ဆို၏။

သဘာဝသစ္စာအရဆိုလျှင် ပတ်ဝန်းကျင်သည် အားလုံး တပ်မက်စရာချည်းမဟုတ်၊ ပတ်ဝန်းကျင်တွင် တပ်မက်စရာလည်းပါ၏၊ တပ်မက်စရာပါလျှင် လောဘဖြင့် တပ်မက်၏။ မုန်းတီးစရာလည်းပါ၏၊ မုန်းတီးစရာပါလျှင် ဒေါသဖြင့်မုန်းတီး၏။ တွေဝေစရာလည်းပါ၏၊ တွေဝေစရာပါလျှင် မောဟဖြင့်တွေဝေ၏။ ထို့ကြောင့် ပတ်ဝန်းကျင်သည် အဘက်ဘက်မှ အားလုံးတပ်မက်စရာချည်းမဟုတ် ဟူ၍ ဆိုခြင်းဖြစ်၏။ သို့ရာတွင် ထိုအဆိုသည် သဘာဝသစ္စာအရသာ မှန်သောအဆိုဖြစ်၏။ သဘာဝသစ္စာ ဟူသည်မှာ ပရမတ္ထသစ္စာ၏ ရှေ့ပိုင်းသာဖြစ်၏။ ပရမတ္ထသစ္စာ၏ နောက်ဆုံးပိုင်းမှာ အရိယသစ္စာဖြစ်၏။ အရိယသစ္စာ အရဆိုလျှင် ပတ်ဝန်းကျင် တစ်ခုလုံးသည် လောက၏ အာရုံအနေဖြင့် တပ်မက်စရာချည်းဖြစ်၏။ ထို့ကြောင့် ကာမ အမည်ကို ရခြင်းဖြစ်၏။

**အာသဝတရားများ**

ပတ်ဝန်းကျင်တွင် သဘာဝသစ္စာ အနေဖြင့် မုန်းစရာများ၊ တွေဝေစရာများ ပါဝင်ပါလျက် အားလုံးကို သိမ်းကျုံး၍ တပ်မက်စရာများ အနေဖြင့်သာ ခေါ်ကြခြင်းမှာ အရိယသစ္စာ အနေဖြင့် ခေါ်ခြင်းသာဖြစ်လေရာ ထိုသို့ ခေါ်ခြင်း၌ အာသဝတရားများသည် များစွာပြဋ္ဌာန်း၏။ အာသဝတရားများသည်ဘုံအားဖြင့် ဘဝဂ်တိုင်အောင်၊ ဓမ္မအားဖြင့်လည်း ဂေါတြဘူ တိုင်အောင် သံသရာ ဓမ္မအားလုံးကို လောဘရည်များဖြင့်လည်း ပက်ဖျန်းပေး၏။ ထိုအခါ ချွေးသေကောင်သည်ပင် ဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါများအတွက် တပ်မက်စရာဖြစ်လာရ၏။ အမှန်အားဖြင့် တဏှာသည် မိမိ၏ အာရုံဟူသမျှ အားလုံးကို မလှပပါဘဲလျက် "လှပအောင်" ပြုတတ်၏။

မည်သည့်အာရုံပင်ဖြစ်စေ "လှပ" သည်ဟု ထင်မှတ်ခြင်းခံရမှသာ တပ်မက်ခြင်းကို ခံရမည်ဖြစ်၏။ ထို့ကြောင့် အချို့ပုဂ္ဂိုလ်တို့အတွက် စက်ဆုပ်စရာသည် အချို့ ပုဂ္ဂိုလ်တို့အတွက် တပ်မက်စရာဖြစ်ရခြင်း ဖြစ်၏။ ထိုနည်းအတူပင် အာသဝ တရားများသည် ထိုထိုဘုံနှင့် ထိုထိုဓမ္မများကို အခိုင်အမာ မဟုတ်ပါဘဲလျက် အခိုင်အမာထင်ရအောင် ဒိဋ္ဌိရည်များဖြင့်လည်း ပက်ဖျန်းပေး၏။

မဟုတ်မမှန် ဖြစ်ပါလျက် အဟုတ်အမှန်ထင်ရအောင် အဝိဇ္ဇာရည်များဖြင့်လည်း ပက်ဖျန်းပေး၏။ သို့ဖြစ်၍သာ တဏှာကို "နန္ဒီရာဂသဟဂတာ-ဟူ၍လည်းကောင်း၊ တတြတတြာဘိနန္ဒိနီ" ဟူ၍လည်းကောင်း ဓမ္မစက္ကပဝတ္တန သုတ်၌ ဆိုခြင်းဖြစ်၏။

"နန္ဒီရာဂသဟဂတာ" ဟူသည်မှာ တဏှာကိုယ်၌ကလည်း နှစ်သက်ဖွယ် အဆင်းရှိ၍ မိမိအာရုံပြုရာ အရာဝတ္ထု ဟူသမျှကိုလည်း နှစ်သက်ဖွယ် အဆင်းရှိသည်ဟု ထင်မှတ်ရလေအောင် ဖန်တီးတတ်သည်ဟူ၍ ဖြစ်၏။ "တတြတတြာဘိနန္ဒိနီ" ဟူသည်မှာ တဏှာကိုယ်၌ကလည်း မိမိအာရုံပြုရာ ထိုထိုလောကီအာရုံ ဟူသမျှကို နှစ်သက်တတ်၏ ဟူ၍ဖြစ်၏။

ထို့ကြောင့် ဘဝဟူသည် ဆင်းရဲအတိ ဖြစ်၏ ဟူ၍ အရိယသစ္စာအနေဖြင့် ဆိုသော်လည်း သဘာဝသစ္စာအနေဖြင့် ထို "ဆင်းရဲ" ကလေးကိုပင် တဏှာက တပ်မက်မိအောင် တပ်မက်လိုက်သေး၏။ ထို့ကြောင့်ပတ်ဝန်းကျင်သည် မိမိနှင့်ရင်းနှီးသူများ အပေါ်၌ အားကြီးသောအထောက်အပံ့ ဥပနိဿယ ပစ္စည်းအနေဖြင့် နောက်ကွယ်က ဖိအားပေးနိုင်ခြင်း ဖြစ်၏။

ထိုသို့ဖိအားပေးချက်အရ လူတို့သည် မိမိ၏ ဒွါရ ခြောက်ပါး၌ ထင်လာသော အာရုံများကို သိရာ၌ ပတ်ဝန်းကျင်ခြားနားမှုကိုလိုက်၍ တစ်ဦးနှင့်တစ်ဦး မတူခြင်းဖြစ်၏။ တံငါ ပတ်ဝန်းကျင်၌ ကြီးပြင်းလာသူများက အာရုံကိုသိရာ၌ တံငါလိုစဉ်းစား၍တံငါလို သိပြီးကုန်သည်ပတ်ဝန်းကျင်၌ ကြီးပြင်းလာသူများက ကုန်သည်လို စဉ်းစားပြီးကုန်သည်လို သိခြင်းဖြစ်လေ၏။ ထို့ကြောင့် ပတ်ဝန်းကျင်သည် လူတို့၏အသိအပေါ်၌ နောက်ကွယ်က အားကြီးသောအထောက်အပံ့ "ဥပနိဿယ" ပစ္စည်းအနေဖြင့် ဖိအား ပေးနေသည်ဟု ဆိုခြင်းဖြစ်၏။

အာရုံတစ်ခုနှင့်ပတ်သက်၍ ဆုံးဖြတ်ရာ၌ဖြစ်စေ၊ စဉ်းစားရာ၌ဖြစ်စေ၊ တံငါ ပတ်ဝန်းကျင်ကလူသည် တံငါလိုစဉ်းစား၏၊ တံငါလိုဆုံးဖြတ်၏။ ကုန်သည် ပတ်ဝန်း ကျင်က လူသည် ကုန်သည်လိုစဉ်းစားပြီး၊ ကုန်သည်လို ဆုံးဖြတ်၏။ သို့ဖြစ်လေရာ ဤလောကရှိလူတို့သည် မိမိတို့ စဉ်းစားစေလိုသည့်အတိုင်း စဉ်းစားကြလေအောင် မိမိတို့ ဆုံးဖြတ်စေလိုသည့်အတိုင်း ဆုံးဖြတ်ကြလေအောင် ပတ်ဝန်းကျင်ကို ပြုပြင်

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ကြခြင်း ဖြစ်၏။ ပုံသွင်းထိုက်ကြခြင်း ဖြစ်၏။ ဟောပြောထိုက်ကြခြင်း ဖြစ်၏။ စည်းရုံးထိုက်ကြခြင်း ဖြစ်၏။

ဤသည်မှာ မိမိကြိုးပြင်းရာ ပတ်ဝန်းကျင်ကို ကြိမ်ဖန်များစွာ တွေ့မြင်သိရှိသဖြင့် ထိုအတွေ့၊ ထိုအမြင်၊ ထိုအသိတို့သည် မိမိသန္တာန်၌ ဖုပ်လျှိုးပျောက်ကွယ် သွားလင့်ကစား ဥပနိဿယ ပစ္စည်းအနေဖြင့် မသိစိတ်သဘောကို ဆောင်ကာ၊ မသိစိတ်အပိုင်းမှ သိစိတ်အပိုင်းအပေါ် သွယ်ဝိုက်၍ ထိန်းကျောင်းခြင်းဖြစ်၏။ အမှန်အားဖြင့် ဗုဒ္ဓဒေသနာတော်အရ ပတ်ဝန်းကျင်၏ စွမ်းအားသည် ဆိုင်ရာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဥပါဒါန်အဖြစ် စွဲထင်လျက် ရှိလေ၏။ ဖလင်ကော်ပြားပေါ်၌ အရိပ်ထင်နေသည့် သဘောမျိုးဖြစ်၏။ ထိုစွဲထင်မှု "ဥပါဒါန်" သည် ထိုထိုသတ္တဝါတို့၏ သန္တာန်၌ ရဟန္တာဖြစ်သည့်အချိန်အထိ အစဉ်လိုက်ပါနေမည်ဖြစ်၏။

**ပါရမီမြောက်သော ဆောင်ရွက်ခြင်း**

လူတို့သည် မိမိတို့၏ ဒွါရ ခြောက်ပါး၌ ထင်လာသော အာရုံများကို အာရုံပြု၍ ကံကိုလုပ်ကြရာ၌ ပတ်ဝန်းကျင်ချင်း တူကြစေကာမူ အလုပ်ချင်းကား မတူ။ အလုပ်ချင်းတူကြစေကာမူ တူရူချင်းမတူ။ မြင့်မြတ်သူများက လောက၏ အကျိုးကို ပဓာနပြု၏။ မိမိ၏အကျိုးကို ပဓာန မပြု။ မမြင့်မြတ်သူများက မိမိ၏အကျိုးကို ပဓာနပြု၏။ လောက၏ အကျိုးကို ပဓာန မပြု။

ဤသို့ မိမိ၏အကျိုးကို ပဓာနမပြုဘဲ လောက၏အကျိုးကိုသာ ပဓာန ပြုသော်လည်း လောကကို မိမိအနေဖြင့် သိမ်းပိုက်ခြင်းမရှိ။ လောကကိုသိမ်းပိုက်ခြင်း ဟူသည်မှာ "ငါ၊ ငါ့တိုင်းပြည်၊ ငါ့လူမျိုး၊ ငါ့ကမ္ဘာ" ဟူ၍ လောကတစ်ခုလုံးအပေါ်၌ ငါကို အထွတ်တင်ထားခြင်းဖြစ်၏။ ငါနှင့်ဆက်စပ်ထားခြင်းဖြစ်၏။ ထိုသို့ အထွတ်တင်ထားသောအခါ ဆက်စပ်ထားသောအခါ တပ်မက်ခြင်း တဏှာသဘော သည်လည်း ပါဝင်လာ၏။ ဝင့်ဝါခြင်းမာနသဘောသည်လည်း ပါဝင်လာ၏။ "မပျက်စီးနိုင်တော့"ဟူ၍ ခံယူခြင်း ဒိဋ္ဌိသဘောသည်လည်းပါဝင်လာ၏။ ဤသို့လောကအပေါ် "ငါ" နှင့် စပ်၍ ငါ ပါဝင်လာသည်နှင့် တစ်ပြိုင်နက် လောကအကျိုးကို ပဓာန ပြုသည်ဆိုသော်လည်း တကယ်တမ်းအားဖြင့် လောက အကျိုးကို ပဓာန ပြုရာမရောက်။ လောကကို ခုတုံးလုပ်၍ လောကကို မျက်နှာဖုံးလုပ်၍ ငါ့အကျိုးသာ ပဓာန ပြုရာရောက်၏။

ထို့ကြောင့် ဤသို့သောခံယူချက်ဖြင့် ဆောင်ရွက်ချက်မျိုးကို မြင့်မြတ်သူတို့၏ ဆောင်ရွက်ချက်ဟူ၍ မသတ်မှတ်ခြင်းဖြစ်၏။ ပါရမီမြောက်သော ဆောင်ရွက်ချက်ဟူ၍ မဆိုခြင်းဖြစ်၏။ မြင့်မြတ်သူတို့၏ ပါရမီမြောက်သော ဆောင်ရွက်ချက်ဟူသမျှ၌ ငါ ပါဝင် နေခြင်းကို လုံးလုံးစွန့်ထားခြင်း သဘော ရှိ၏။ ယင်းကို "မုတ္တစာဂီ" ဟူ၍ ဆို၏။ အမှန်အားဖြင့် ငါ ဟူသည် တဏှာ၊ မာန၊ ဒိဋ္ဌိ- တို့၏ အမည်သာဖြစ်၏။ ထို့ကြောင့် မည်သည့်လုပ်ငန်းကို လုပ်သည်ပင်ဖြစ်စေ "ငါလုပ်တာ" ဟူ၍ ကာရက သဘောမျိုးပင် မပါဝင်ရလေအောင် သတိသမ္ပဇဥ်ဖြင့် လုပ်ကိုင်မှသာ ပါရမီမြောက်သော ဆောင်ရွက်ချက် မျိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**ငါမပါဝင်အောင်အားထုတ်ခြင်း** ပါရမီမြောက်ခြင်း၏ ဒုတိယအင်္ဂါအရ "သံသရာမှ လွတ်ဖို့" ဟူသည်မှာ လုပ်ငန်းတိုင်း၌ ငါ မပါဝင်ရအောင် အားထုတ်ခြင်းဖြစ်၏။ ငါ မပါဝင်ရအောင် အားထုတ်ခြင်း ဟူသည်မှာလည်း၊ သမုဒယသစ္စာထိုက်သော တဏှာကို သတ်ခြင်းပင် ဖြစ်၏။ လုပ်ငန်းတိုင်း၌ "ငါ" သေသလောက် ပါရမီမြောက်၏။ "ငါ" နည်းနည်းသေလျှင် နည်းနည်းပါရမီမြောက်၏။ များများသေလျှင် များများ ပါရမီမြောက်၏။ အကြွင်းမဲ့သေလျှင် အတိုင်းမသိ ပါရမီမြောက်၏။ အမှန်အားဖြင့် နိဗ္ဗာန်ဟူသည်မှာ တဏှာသေခြင်း၏ အမည်ဖြစ်၏။

ထို့ကြောင့် ဤလောက၌ အသက်ရှင်နေစဉ်ကာလအတွင်း လက်တွေ့အားဖြင့် နည်းနည်းတဏှာသေလျှင် နည်းနည်းနိဗ္ဗာန်ရ၏။ နည်းနည်းချမ်းသာ၏။ တဏှာ များများသေလျှင် များများနိဗ္ဗာန်ရ၏။ များများချမ်းသာ၏။ တဏှာအပြီးသတ်သေလျှင် အပြီးသတ် နိဗ္ဗာန်ရ၏။ အပြီးသတ်ချမ်းသာ၏။ ထို့ကြောင့် သံသရာမှ လွတ်ဖို့ဆိုသည်မှာ တဏှာကိုသတ်ဖို့ပင်ဖြစ်၏။ ထို့ကြောင့် တဏှာကို လုပ်ငန်းတိုင်း၌ သတ်ခြင်းသည် ပါရမီကို ဖြည့်ခြင်းဟူ၍ ဆိုရ၏။ ပါရမီဖြည့်ခြင်းဟူသမျှသည် မြင့်မြတ်သူတို့၏ လုပ်ငန်းဖြစ်၏။

လောက၏အကျိုးစီးပွားအတွက် ဆောင်ရွက်ရာ၌ တကယ်တမ်း သတ္တိရှိဖို့လို၏။ သတ္တိဟူသည်မှာလည်း တဏှာကို သေအောင်သတ်နိုင်ခြင်းပင် ဖြစ်၏။ တဏှာကို နည်းနည်းသေအောင်သတ်နိုင်လျှင် နည်းနည်းသတ္တိရှိ၏။ များများသေအောင် သတ်နိုင်လျှင် များများသတ္တိရှိ၏။ အကြွင်းမရှိ သေအောင်သတ်နိုင်လျှင် အတိုင်းမသိ သတ္တိရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားက –**ကာမတော ဇာယတေ သောကော၊ ကာမတော ဇာယတေ ဘယံ**–ဟူ၍ဓမ္မပဒ ၌ ဟောတော်မူခြင်းဖြစ်၏။

စိုးရိမ်ခြင်းနှင့် ကြောက်ရွံ့ခြင်းသည် တဏှာမှ မြစ်ဖျားခံလာသော တရားများ ဖြစ်ကြ၏။ မိမိ၏ဘဝကိုဖြစ်စေ မိမိ၏ဘဝနှင့်ပတ်သက်သော သက်ရှိသက်မဲ့ စည်းစိမ်ကို ဖြစ်စေ တပ်မက်သောအခါ ထိုဘဝနှင့်စည်းစိမ်တို့ ယုတ်လျော့ ပျက်စီးသွားမှာကို စိုးရိမ်ခြင်း သောက သည် ဖြစ်ပေါ်လာရ၏။ စိုးရိမ်ခြင်းဖြစ်လာလျှင် ကြောက်ရွံ့ခြင်း သည်လည်း ဖြစ်ပေါ်လာရ၏။ ကြောက်ရွံ့ခြင်းဟူသည် သတ္တိမရှိခြင်း၏ အမှတ်လက္ခဏာ ဖြစ်၏။

ကြောက်ရွံ့ခြင်းသည်လည်း တပ်မက်ခြင်းတဏှာမှ မြစ်ဖျားခံလာခြင်း ဖြစ်လေရာ အကယ်၍ တပ်မက်ခြင်းတဏှာကိုသာ မရှိအောင် ကျင့်ကြံဆောင်ရွက်နိုင်ပါက သတ္တိဟူသည် အလိုအလျောက် ရှိလာမည်ဖြစ်၏။ ထို့ကြောင့် လောက၏ အကျိုးစီးပွားကို ပဓာန ထား၍ ဆောင်ရွက်ရာ၌ သတ္တိရှိလာနိုင်ရေးအတွက် တပ်မက်ခြင်းတဏှာကို သတ်နိုင်အောင် ကြိုးစားရခြင်းဖြစ်၏။

တပ်မက်ခြင်းတဏှာကို သတ်နိုင်ခြင်း ဆိုသည်မှာလည်း လုပ်ငန်းမှ ဖြစ်ပေါ် လာသော အကျိုးတရားများနှင့် ပတ်သက်၍ လာဘ်လာဘများ၊ အများ၏ ချီးကျူးမှုများ၊

www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်ကျော်ကြားမှုများ၊ သမိုင်းတင်ခံရမှုများ၏အပေါ် ငံ့ကွက် မြော်မြင်မှုမရှိခြင်းပင် ဖြစ်၏။

ဤသို့မရှိပါမှလည်း တကယ်တမ်းသတ္တိရှိသူ ဖြစ်လာနိုင်ပါ၏။ တကယ်တမ်း သတ္တိရှိသူ ဖြစ်လာမှလည်း တကယ်တမ်းမြင့်မြတ်သူ ဖြစ်လာနိုင်ပါ၏။ ထိုအခါမှလည်း သူ၏ ဆောင်ရွက်ချက်ဟူသမျှသည် ပါရမီမြောက်သော ဆောင်ရွက်ချက်များ ဖြစ်လာနိုင်ပါ၏။

ထိုဆောင်ရွက်ချက်မျိုးသည်သာ မိမိ၏ကိုယ်ကျိုးကို ပဓာနမထားဘဲ လောက၏ အကျိုးကို ပဓာနထားသော ဆောင်ရွက်ချက်များလည်း မည်ပါ၏။သံသရာမှလွတ်မြောက်ဖို့ ဆောင်ရွက်ချက်လည်း မည်ပါ၏။ သံသရာမှ လွတ်မြောက်ဖို့ဟူသည်မှာ လောက သင်္ဂဟတရား မှန်အတိုင်း လျှောက်လာသူများအတွက် ခရီးဆုံးလျှင် ပန်းတိုင် တွေ့သည့် သဘောမျိုး ဖြစ်၏။

## လောကီအကျိုးစီးပွားအတွက်စွမ်းအင်

ထို့အပြင် လောက၏အကျိုးစီးပွားအတွက် ဆောင်ရွက်ရာ၌ အတိုင်းမသိသောအား, အတိုင်းမသိသောစွမ်းအင်သည် ရှိ၏။ ထိုအား, ထိုစွမ်းအင်နှင့် ပတ်သက်၍ ထိုထို ကျမ်းဂန်များ၌ ဤသို့ဖော်ပြကြသည်ကို တွေ့ရ၏။

ပညာယ န ဘဝေ ဌာနံ၊ ဒယာယ န သမေ ဋ္ဌိတိ။

လောကုတ္တရာ အကျိုးစီးပွားအတွက် ဆောင်ရွက်တော့မည် ဆိုလျှင် ပညာလောက် အင်အားကြီးမားသော "အား" မည်သည် မရှိ။ "စွမ်းအင်" မည်သည် မရှိ။

လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်တော့မည် ဆိုပါလျှင် ကရုဏာတရားလောက် အင်အားကြီးမားသော "အား" မည်သည်မရှိ။ "စွမ်းအင်" မည်သည်မရှိ။

အမှန်အားဖြင့် ပါရမီတွင် ကရုဏာလည်းပါဝင်၏။ ပညာလည်း ပါဝင်၏။ ထို့ကြောင့် ကရုဏာဖြင့် မိမိအကျိုးစီးပွားကို ပဓာနမထားဘဲ လောက၏ အကျိုးစီးပွား ကိုသာ ပဓာန ထားပြီး ဆောင်ရွက်နိုင်ခြင်းဖြစ်၏။

ထိုသို့ဆောင်ရွက်ရာတွင်လည်း ပညာဖြင့် တပ်မက်မှု တဏှာလောဘကိုသတ်၍ သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရည်စူး၍ ဆောင်ရွက်နိုင်ခြင်းဖြစ်၏။

ကရုဏာနှင့်ပညာ နှစ်ပါးစုံသောအခါ လှေသူကြီးသည် မိမိ၏လှေဖြင့် ခရီးသည်များကို ကမ်းတစ်ဘက်သို့ပို့ဆောင်ရင်း မိမိကိုယ်တိုင်လည်း ကမ်းတစ်ဘက်သို့ ရောက်သွားသလို မြင့်မြတ်သော ပါရမီရှင်များသည် လောက၏ အကျိုးစီးပွားကို ဆောင်ရွက်ရင်း မိမိအတွက် လောကုတ္တရာ အကျိုးစီးပွားကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်ပြီးသား ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ တစ်ပြိုင်နက်တည်း အကျိုးစီးပွားနှစ်မျိုးကို ဆောင်ရွက်ပါမှလည်း ပါရမီမြောက်သော ဆောင်ရွက်ချက်မည်၏။ သို့မဟုတ်ပါက ပါရမီမြောက်သော ဆောင်ရွက်ချက်မမည်။ ထို့ကြောင့် လူသားတို့၏ အကျိုးစီးပွားအတွက် ရုပ်ပိုင်းဆိုင်ရာ ဝတ္ထုများ ပြည့်စုံအောင် မည်သို့ပင်ဆောင်ရွက်ပေးစေကာမူ စိတ်ပိုင်းဆိုင်ရာ အကျင့်သိက္ခာများပါ ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းမျိုး မပါဝင်ပါက ထို ဆောင်ရွက်ချက်မျိုးသည် ပါရမီထိုက်သော ဆောင်ရွက်ချက်မျိုးမဟုတ်။

**ရုပ်ပိုင်းဆိုင်ရာပြည့်စုံမှုနှင့် ကိုယ်ကျင့်သိက္ခာ**

အမှန်အားဖြင့် ရုပ်ပိုင်းဆိုင်ရာဝတ္ထုများ ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းသည် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပြည့်စုံမှုအပေါ် အခြေမခံလျှင် လောကဌ် မာရ်နတ်၏ အင်အားကို ဖြည့်တင်းပေးခြင်းသဘောမျိုးသာ ဖြစ်၏။ မာရ်နတ်၏ တပ်မ ဆယ် တပ်တွင် ရုပ်ပိုင်းဆိုင်ရာဝတ္ထုများ ပြည့်စုံမှုသည် ပထမတပ်မကြီးဖြစ်၏။

ရုပ်ပိုင်းဆိုင်ရာဝတ္ထုများ ပြည့်စုံမှုတွင် ပစ္စည်းဥစ္စာလည်း ပါဝင်၏။ ယင်းကို ပါဠိဝေါဟာရဖြင့် "လာဘ" ဟူ၍ ဆို၏။ လူများ၏ အလေးအမြတ်ပြုမှုလည်း ပါဝင်၏။ ယင်းကို "သက္ကာရ" ဟူ၍ဆို၏။ ထင်ပေါ်ကျော်ကြားမှုလည်း ပါဝင်၏။ ယင်းကို "သိလောက" ဟူ၍ဆို၏။ ဤသည်များမှာ ရုပ်ပိုင်းဆိုင်ရာဝတ္ထုများ ပြည့်စုံမှု ဖြစ်၏။

သာမန်လူများတို့သည် ရုပ်ပိုင်းဆိုင်ရာဝတ္ထုများ ပြည့်စုံမှုနှင့် တွေ့ကြုံလေသောအခါ အောက်ခြေလွတ်တတ်ကြ၏။ ယင်းကို "ဝင့်ဝါမှုရောဂါ"ဟူ၍ခေါ်၏။ အဘိဓမ္မာ ဝေါဟာရအားဖြင့် "မာန" လွှမ်းမိုးခြင်းဖြစ်၏။

ထို့ကြောင့်လောကဌ် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပြည့်စုံမှုအပေါ် အခြေမခံဘဲ ရုပ်ပိုင်းဆိုင်ရာဝတ္ထုများ ပြည့်စုံအောင်ဆောင်ရွက်ပေးခြင်းသည် မာရ်နတ်၏ ပထမ တပ်မကြီးကို အားဖြည့်ပေးခြင်းသဘော ဖြစ်၏။

သို့ဖြစ်လေရာ ရုပ်ပိုင်းဆိုင်ရာဝတ္ထုများ လိုအပ်သည်ထက် ပိုမို၍ ပြည့်စုံလာခြင်းသည် သာမန်လူများကို မာရ်နတ်၏ ပထမတပ်မကြီး၌ ကျဆုံးသွားအောင် ဖန်တီးပေးခြင်း ဖြစ်၏။

အမှန်အားဖြင့် လူသည် ကိုယ်ကျင့်သိက္ခာပိုင်း အားနည်းပါက စီးပွားဥစ္စာ အထိုက်အလျောက်ရှိစဉ်က တစ်မျိုးဖြစ်၏။ လိုအပ်သည်ထက် ပို၍ ပြည့်စုံလာသောအခါ တစ်မျိုးဖြစ်၏။ ထိုသို့ တစ်မျိုးဖြစ်ခြင်းသည် မိမိ၏ ဘဝကို မထိန်းကျောင်းနိုင်ဘဲ မာရ်နတ်၏ ပထမတပ်မကြီး၌ ကျဆုံးသွားခြင်းဖြစ်၏။

ထို့အပြင် လူသည် ကိုယ်ကျင့်သိက္ခာ အားနည်းပါက အထိုက်အလျောက် ပတ်ဝန်းကျင်၏ အလေးအမြတ်ပြုခြင်းခံရစဉ်က တစ်မျိုးဖြစ်၏။ လိုအပ်သည်ထက် ပို၍ အလွန်အကျွံ အလေးအမြတ်ပြုခြင်း ခံရသောအခါ တစ်မျိုးဖြစ်၏။ ထိုသို့ တစ်မျိုးဖြစ်ခြင်းသည်လည်း မာရ်နတ်၏ ပထမတပ်မကြီး၌ ကျဆုံးသွားခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် လူသည် ကိုယ်ကျင့်သိက္ခာပိုင်း၌ အားနည်းပါက အထိုက်အလျောက် ကျော်ကြားစဉ်က တစ်မျိုးဖြစ်၏။ လိုအပ်သည်ထက်ပို၍ အလွန်အကျွံ ကျော်ကြားလာသောအခါ တစ်မျိုးဖြစ်၏။ ထိုသို့ တစ်မျိုးဖြစ်ခြင်းသည်လည်း မာရ်နတ်၏ ပထမတပ်မကြီး၌ ကျဆုံးသွားခြင်းဖြစ်၏။

ထို့ကြောင့် ဤလောက၌ ရုပ်ပိုင်းဆိုင်ရာဝတ္ထုများကို လိုအပ်သည်ထက် ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းသည်လည်း ကိုယ်ကျင့်သိက္ခာ မြင့်မားမှုဖြင့် အထိန်းအကျောင်းသဘော မပါဝင်ပါက အစွန်းတစ်ဘက်ကား မာနအစွန်း ဖြစ်၏။ ထိုမာနအစွန်းကို ကိုယ်ကျင့်သိက္ခာ မြင့်မားမှုအပေါ် အခြေခံပြီး သတိသမ္ပဇဉ်ဖြင့် မထိန်းကျောင်းနိုင်လျှင် ဘဝပျက်ဖို့သာ ရှိ၏။

ထို့ကြောင့် လူ့လောက သာယာချမ်းမြေ့ပါစေခြင်း အကျိုးငှာ ရုပ်ပိုင်းဆိုင်ရာဝတ္ထုပစ္စည်းများကို လိုအပ်သည်ထက် ပို၍ ထုတ်လုပ်ပေးပါက ထုတ်လုပ်သူတို့၏ မှုရင်းရည်ရွယ်ချက်အတိုင်း လူ့လောကသည် သာယာချမ်းမြေ့မလာတော့ဘဲ အမြဲတစေသောကကို ရင်ဝယ်ပိုက်နေရတော့မည် ဖြစ်၏။

**စိတ်ပိုင်းဆိုင်ရာပြည့်စုံမှုနှင့် ကိုယ်ကျင့်သိက္ခာ**

ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုသက်သက်ဖြင့် လောကသည်မငြိမ်းချမ်း နိုင်သလို၊ စိတ်ပိုင်းဆိုင်ရာပြည့်စုံမှု သက်သက်ဖြင့်လည်း လောကသည် မငြိမ်းချမ်းနိုင်ပါချေ။

အမှန်အားဖြင့် ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုသက်သက်သည်လည်း အစွန်းတစ်ဘက်ဖြစ်၏။ ယင်းအစွန်းကား "မာနစွန်း" ဖြစ်၏။

စိတ်ပိုင်းဆိုင်ရာ ပြည့်စုံမှုသက်သက်သည်လည်း အစွန်းတစ်ဘက်ဖြစ်၏။ ယင်းအစွန်းကား "ဒိဋ္ဌိစွန်း" ဖြစ်၏။

ထို့ကြောင့် ထိုအစွန်းနှစ်ဘက်မှ လွတ်မြောက်အောင် ကျင့်ကြံဆောင်ရွက်ပေးနိုင်မှသာ လောကသည် ငြိမ်းချမ်းသာယာပေလိမ့်မည်။ အစွန်းနှစ်ဘက်မှ လွတ်မြောက်အောင် ကျင့်ကြံဆောင်ရွက်ပေးခြင်းဟူသည်မှာ "မဇ္ဈိမပဋိပဒါ" ကျအောင် ကျင့်ကြံ ဆောင်ရွက်ပေးခြင်းဖြစ်၏။ ထို့ကြောင့် လောကငြိမ်းချမ်းသာယာရေးအတွက် မဇ္ဈိမပဋိပဒါကျအောင် ဆောင်ရွက်ပေးမည်ဆိုပါလျှင် ကိုယ်ကျင့်သိက္ခာ မြင့်မားအောင် ကျင့်ကြံဆောင်ရွက်ပေးခြင်းသာ ဖြစ်၏။

အမှန်အားဖြင့်ပြည့်စုံမှုသုံးမျိုးရှိရာတွင် ရုပ်ပိုင်းဆိုင်ရာပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းသည်လည်း အစွန်းတစ်ဘက်သို့ ရောက်စေနိုင်၏။ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းသည်လည်း အစွန်းတစ်ဘက်သို့ ရောက်စေနိုင်၏။ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းသည်သာ မဇ္ဈိမပဋိပဒါသို့ရောက်နိုင်၏။

ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပြည့်စုံမှုဟူသည် "ပိုသည်"ဟူ၍မရှိ၊ "လိုသည်" ဟူ၍သာရှိ၏။ ထို့ကြောင့် ကိုယ်ကျင့်သိက္ခာပြည့်စုံအောင်ကျင့်ကြံဖို့လို၏။ အားထုတ်ဖို့လို၏။ လေ့ကျင့်ဖို့လို၏။ သွန်သင်ဖို့လို၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျင့်သိက္ခာ မြင့်မားလာသည်နှင့်အမျှ မဇ္ဈိမပဋိပဒါ မြင့်မားလာ၏။ ထိုအခါ ရုပ်ပိုင်းဆိုင်ရာများကို တိုးတက်ချင်သလောက် တိုးတက်အောင် ဆောင်ရွက်စေကာမူ ထိုဆောင်ရွက်ချက်သည် အစွန်းတစ်ဘက်သို့ မရောက်တော့။ မဇ္ဈိမပဋိပဒါ၌သာဝင်၏။ မဇ္ဈိမပဋိပဒါ သို့ဝင်လျှင် ဘဝပျက်ဖို့မရှိ။ ထို့အပြင် စိတ်ပိုင်း ဆိုင်ရာများကိုလည်း တိုးတက်ချင်သလောက် တိုးတက်အောင် ဆောင်ရွက်စေကာမူ ထိုဆောင်ရွက်ချက်သည် အစွန်းတစ်ဘက်သို့ မရောက်တော့။ မဇ္ဈိမပဋိပဒါ ၌သာဝင်၏။ မဇ္ဈိမပဋိပဒါ ၌ဝင်လျှင် ဘဝပျက်ဖို့မရှိတော့။ ဘဝမပျက်လျှင် လောကလည်း မပျက်တော့။ အစွန်းနှစ်ဘက်အနက် တစ်ဘက်သို့ဝင်မှသာ ဘဝပျက်၏။ ဘဝပျက်လျှင် လောကလည်း ပျက်လေ၏။

**ဗဟုသုတ တိုးတက်လာရုံမျှဖြင့်မပြည့်စုံ**

သာမန်အားဖြင့်ဆိုရလျှင် ရုပ်ပိုင်းဆိုင်ရာများနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်လာသည်နှင့်အမျှ လောကသည် သာယာဖွယ်ဖြစ်လာမည်၊ ငြိမ်းချမ်းလာမည်၊ ဤသို့ ယူဆဖွယ်ရှိပါ၏။ သို့ရာတွင် ထိုသို့ယူပါက ထိုအယူသည် မမှန်ပါချေ။

ယနေ့ကမ္ဘာကိုကြည့်လျှင် ရုပ်ပိုင်းဆိုင်ရာများ တိုးတက်ချင်သလောက် တိုးတက်နေသော နိုင်ငံများ ရှိပါ၏။ ထိုနိုင်ငံများသည်လည်း သာယာလှသည်မဟုတ်။ သာယာနေသည်ဟု ထင်ရဖွယ်သာ ရှိ၏။ ထို့အပြင် ငြိမ်းချမ်းလှသည်လည်းမဟုတ်။ ငြိမ်းချမ်းနေသည်ဟု ထင်ရဖွယ်သာ ရှိ၏။ ထိုသို့သော အခြေအနေကို အားလုံးအသိပင်ဖြစ်၏။ ကာယကံရှင် နိုင်ငံများက ပို၍သိကြမည်ဖြစ်၏။

ထိုနည်းအတူပင် စိတ်ပိုင်းဆိုင်ရာများ တိုးတက်ချင်သလောက် တိုးတက်နေသော နိုင်ငံများလည်း ရှိပါ၏။ ထိုနိုင်ငံများသည်လည်း သာယာလှသည်မဟုတ်။ ငြိမ်းချမ်းလှသည်မဟုတ်။ သာယာနေသည်ဟု ထင်မှတ်ဖွယ်အဆင့်၌သာရှိကြ၏။ ထိုသို့ ဖြစ်ရခြင်းမှာ သူတို့၏ ရုပ်ပိုင်းဆိုင်ရာများနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်မှုသည် ပညာတိုးတက်မှု အပေါ်၌ အခြေမခံဘဲ ဗဟုသုတတိုးတက်မှုအပေါ် အခြေခံသောကြောင့် ဖြစ်၏။

ပညာတိုးတက်မှုသည် ခန္ဓာနှင့်ဆိုင်၏။ တရားနှင့်ဆိုင်၏။ ထို့ကြောင့် ပညာသိကို "ခန္ဓာသိ" ဟူ၍လည်းကောင်း၊ "တရားသိ" ဟူ၍လည်းကောင်း ဆိုရ၏။ ဗဟုသုတ တိုးတက်မှုသည် ပြင်ပနှင့်ဆိုင်၏။ စာပေနှင့်ဆိုင်၏။ ထို့ကြောင့် ဗဟုသုတကို "စာပေသိ" ဟူ၍ဆိုရ၏။ ပါရာဇိကကဏ္ဍပါဠိတော်၊ ဝေရဉ္စကဏ္ဍ-၌ ရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား သာသနာတော် အရှည်တည်တံ့ရေးအတွက် သိက္ခာပုဒ်တော်များကို ပညတ်တော်မူပါရန် လျှောက်ထားသောအခါ မြတ်စွာဘုရားက-

"ဆိုင်းငံ့ဦး သာရိပုတ္တရာ၊ ငါဘုရားသာသနာတော်၌ ဗဟုသုတ များသော ရဟန်းများ မပေါ်များသေးသရွေ့ ကာလပတ်လုံး သာသနာတော်၌

www.burmeseclassic.com

www.burmeseclassic.com



အညစ်အကြေး ဟူ၍မရှိ၊ အမှန်အားဖြင့် ဗဟုသုတ များပြားခြင်းသည် အာသဝေါ တရားများ ပွားစီးခြင်း၏ အကြောင်း ဖြစ်၏"–

ဟူ၍ ဟောကြားတော်မူခဲ့၏။

ထို့ကြောင့် "ဗဟုသုတများပြားခြင်းသည် အာသဝေါတရား များခြင်း၏ အကြောင်း" ဖြစ်၏။ "ပညာများခြင်းသည် အာသဝေါတရား နည်းပါးခြင်း၏ အကြောင်း" ဖြစ်၏။

သို့ဖြစ်၍ ဗဟုသုတ များပြားခြင်းကို ပညာ များပြားခြင်းအဖြစ်သို့ ရောက်အောင် မဆောင်ရွက်, မကျင့်ကြံနိုင်ပါက ဤလောက၌ ရုပ်ပိုင်းဆိုင်ရာများနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်မှုဖြင့် လောကကို သာယာအောင်, ငြိမ်းချမ်းအောင်, မည်သို့မျှ ဆောင်ရွက်နိုင်စွမ်း ရှိနိုင်မည် မဟုတ်ပါချေ။

ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာများ တိုးတက်အောင် ဆောင်ရွက်ခြင်းသည်လည်း အစွန်းတစ်ဘက်သို့ ရောက်စေတတ်၏ ဟူ၍လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာများကို တိုးတက်အောင် ဆောင်ရွက်ခြင်းသည်လည်း အစွန်းတစ်ဘက်သို့ရောက်စေတတ်၏ ဟူ၍လည်းကောင်း ဆိုခြင်းဖြစ်ပါ၏။

အမှန်အားဖြင့်ဆိုရလျှင် ဒုစရိုက်ကိလေသာများကို ပယ်သတ်နိုင်သော အသိမျိုးသာလျှင် ပညာမည်၏။ ပညာမည်လျှင်လည်း ကိလေသာဒုစရိုက်များကို မုချမသွေ ပယ်သတ်နိုင်မည်ဖြစ်၏။

တကယ်တမ်းပညာရှိလာလျှင်လည်း မည်သည့်လုပ်ငန်းကိုလုပ်လုပ် ကိုယ်ကျိုးကို ပဓာနမထားဘဲ လောကအကျိုးကိုသာ ပဓာနထား၍ လုပ်မည်ဖြစ်၏။ ကိုယ်ကျိုးကို ပဓာနမထားခြင်းဟူသည် ကရုဏာ၏ သင်္ကေတ ဖြစ်၏။ မိမိထက် လောကကို ချစ်တတ်ဖို့ ကြင်နာတတ်ဖို့ နားလည်သူသည် ကရုဏာကို နားလည်သူဖြစ်၏။ ကရုဏာကို နားလည်သူဖြစ်လျှင် ပါရမီလုပ်ငန်းကို လုပ်နိုင်ဖို့ ထက်ဝက်အင်အား ရှိလာ၏။

နောက်ထက်ဝက်အင်အားမှာ လောက၏အကျိုးကို ပဓာနထားခြင်းဖြစ်၏။ မိမိ၏အကျိုးထက် လောက၏အကျိုးကို ပဓာနထားခြင်းဟူသည်မှာလည်း အကျဉ်းအားဖြင့်ဆိုရလျှင် လောဘကိုသတ်နိုင်ခြင်းပင် ဖြစ်၏။ လောဘကို သတ်နိုင်ပါမှလည်း လောကအကျိုးကို မိမိ၏အကျိုးထက် ပဓာနထား၍ ဆောင်ရွက်နိုင်မည် ဖြစ်၏။ လောဘကိုသတ်ခြင်းဟူသည်မှာ ပညာ၏သင်္ကေတ ဖြစ်၏။ အမှန်အားဖြင့် လောဘကိုအောင်နိုင်သူသည် လောကကိုအောင်နိုင်သူဖြစ်၏။ ထို့ကြောင့် ပါရမီကို ကရုဏာနှင့် ပညာ နှစ်မျိုးအပေါ်၌ တည်ဆောက်မှုရ၏။

**လောက၏အကျိုးစီးပွားကို ဆောင်ရွက်ခြင်း၏ "ရသ"**

တကယ်တမ်း ကရုဏာရှိလာလျှင် သတ္တဝါတို့၏ လောကဆိုင်ရာ အကျိုးစီးပွားကိုဆောင်ရွက်ရာ၌ "ရသ"ကိုတွေ့၏။ တကယ်တမ်းပညာရှိလာလျှင်လည်း သတ္တဝါတို့၏ လောကုတ္တရာ ဆိုင်ရာအကျိုးစီးပွားကို ဆောင်ရွက်ရာ၌ ရသကိုတွေ့၏။ ထို့ကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



လောကီ–လောကုတ္တရာ အကျိုးစီးပွား နှစ်မျိုးလုံးကို ဆောင်ရွက်နိုင်ပါမှလည်း တကယ်တမ်း မြင့်မြတ်သူ ဖြစ်နိုင်၏။

မိမိ၏ပတ်ဝန်းကျင်ကို ကြည့်လိုက်လျှင် သတ္တဝါများစွာကို တွေ့ရ၏။ သတ္တဝါများစွာတွင် လူများစွာပါဝင်၏။ ဤသည်မှာ သာမန်လူသားတို့၏ အမြင်ဖြစ်၏။ လူသာမန်တို့အနေဖြင့် လောကကိုကြည့်လျှင် ဤအတိုင်းမြင်ရမည်ဖြစ်၏။ ဤအတိုင်း မြင်နေပါကလည်း ချစ်စိတ်, မုန်းစိတ်, တွေဝေစိတ်များ ဖြစ်ပေါ်လာကြမည် ဖြစ်၏။

ထိုအခါ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရာ၌ စိတ်ထားမညီမညာ ဖြစ်လာမည် ဖြစ်၏။ ထို့ကြောင့် လောက၏ အကျိုးစီးပွားကို ဆောင်ရွက်ရာ၌ လောကကိုကြည့်ရာတွင် အများကိုမမြင်ဘဲ တစ်ခုတည်းကိုသာမြင်နိုင်အောင် ကြိုးစား၍ ကြည့်အပ်၏။ မြင်အပ်၏။ ဘောင်ရှိသဘော "ပမည" ကို ကျော်၍ ဘောင်မဲ့သဘော "အပ္ပမည" ကို မြင်အောင် ကြည့်ခြင်းတို့သည်သာ မြင့်မြတ်သူတို့၏ အမြင်ဖြစ်၏။ အမှန်အားဖြင့် မြင့်မြတ်သူများအတွက် အရေအတွက်သည် အရေးမကြီး၊ အရည်အချင်းသည်သာ အရေးကြီး၏။ ထို့ကြောင့် လောကကိုကြည့်ရာ၌ အများကိုမမြင်ဘဲ တစ်ခုတည်းကိုသာ မြင်အောင်ကြည့်နိုင်ဖို့ ကြိုးစားရန် လိုအပ်ခြင်းဖြစ်၏။

သတ္တဝါတို့၏ လောကီ, လောကုတ္တရာ အကျိုးစီးပွားကို ဆောင်ရွက်ရန်အတွက် လောကကို ကြည့်လိုက်လျှင် လူသာမန်တို့ အနေဖြင့် တရုတ်ကိုလည်း တွေ့၏၊ ကုလားကိုလည်း တွေ့၏၊ အင်္ဂလိပ်ကိုလည်း တွေ့၏၊ မြန်မာကိုလည်း တွေ့၏။ အခြားလူမျိုးများစွာကိုလည်း တွေ့၏။ ဤသို့တွေ့ခြင်းကို "ဝိဘတ္တ" ဟူ၍ ဆို၏။ ထိုအဆင့်ကိုကျော်လွန်ပြီး လူအဖြစ်ကိုသာ မြင်တွေ့နိုင်သော အဆင့်သည် ရှိ၏။ ထိုအဆင့်ကို "အဝိဘတ္တ" ဟူ၍ဆို၏။ ထို့ကြောင့် မြင့်မြတ်သူများအနေဖြင့် "ဝိဘတ္တ" အဆင့်မှ "အဝိဘတ္တ" အဆင့်ကို မြင်အောင်ကြည့်၍ လုပ်ငန်းများကို ဆောင်ရွက်အပ်၏။ ထိုသို့ဆောင်ရွက်ပါမှလည်း လောကသည် ငြိမ်းချမ်း၍ သာယာပေလိမ့်မည်။

ပတ်ဝန်းကျင်တွင် သူဌေးလည်းရှိ၏။ ဆင်းရဲသားလည်းရှိ၏။ ဝန်ကြီးချုပ်လည်း ရှိ၏။ ရဟန်းလည်း ရှိ၏။ ဤသို့ လူသာမန်တို့က မြင်၏။ ဤသို့မြင်ခြင်းကို "ဝိသေသ" ဟူ၍ဆို၏။ ထိုအဆင့်ကိုကျော်၍ အားလုံးတစ်မျိုးတည်း တစ်စားတည်း မြင်နိုင်သောအဆင့်သည် ရှိ၏။ ထိုအဆင့်ကို "သာမည" ဟူ၍ဆို၏။ ထို့ကြောင့် မြင့်မြတ်သူများအနေဖြင့် လောက၏အကျိုးကို ဆောင်ရွက်ရာတွင် ဝိသေသအဆင့်မှ သာမညအဆင့်ကို မြင်အောင်ကြည့်၍ ဆောင်ရွက်အပ်၏။ ဤသို့ဆောင်ရွက်ခြင်းသည် ပါရမီဖြည့်ခြင်းပင်ဖြစ်၏။

**ဝိရောစိနှင့်အဝိရောစိ** လောကတွင် အယူဝါဒရေးရာအရ သက်ဝင်ယုံကြည်သူ အမျိုးမျိုး ရှိ၏။ မိမိတို့၏ မွေးရာပါစရိုက်အလိုက် ဉာဏ်အလိုက်ဖြစ်၏။ ထိုသို့စရိုက်များ ဉာဏ်များအလိုက် အယူဝါဒ အမျိုးမျိုးရှိသူများကို "ဝိရောစိ" ဟူ၍ ဆို၏။ "ဝိရောစိ ဟူသည်ဆန့်ကျင်ခြင်း" ဟူ၍ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤလောက၌ ဆန့်ကျင်ခြင်း ဝိရောဓိကိုကျော်၍ မဆန့်ကျင်ခြင်း အဝိရောဓိ သဘောသည် ရှိ၏။

သာမန်အားဖြင့် လူတို့သည် မိမိတို့၏ပတ်ဝန်းကျင်၌ ဆန့်ကျင်ခြင်း ဝိရောဓိကိုသာ မြင်တတ်၏။ မကျေနပ်ဖွယ်ကိုသာ မြင်တတ်၏။အပြစ်ကိုသာ မြင်တတ်၏။ မကောင်းကိုသာ မြင်တတ်၏။ မုန်းတီးစရာကိုသာ မြင်တတ်၏။ နာကြည်းစရာကိုသာ မြင်တတ်၏။

မဆန့်ကျင်ခြင်း အဝိရောဓိကို မမြင်၊ ကျေနပ်ဖွယ်ကို မမြင်၊ ဂုဏ်ကျေးဇူးကို မမြင်၊ ကောင်းကွက်ကို မမြင်၊ ချစ်စရာကို မမြင်၊ တမ်းတဖွယ်ကိုမမြင်။ အမှန်အားဖြင့် ဤလောကတွင် လူတိုင်းလူတိုင်း၌ မဆန့်ကျင်သော်သဘောသည် ရှိ၏။ ကျေနပ်စရာ သဘောသည် ရှိ၏။ ဂုဏ်ကျေးဇူးသည် ရှိ၏။ ကောင်းသောအချက်သည် ရှိ၏။ ချစ်စရာသည် ရှိ၏။ တမ်းတ ဖွယ်သည် ရှိ၏။ ထို့ကြောင့် မြင့်မြတ်သူများအနေဖြင့် လောကအကျိုးကို ဆောင်ရွက်ရန်အတွက် ဝိရောဓိ ကိုကျော်၍ အဝိရောဓိ ကိုမြင်အောင် ကြည့်တတ်ရန်လိုပါ၏။

အဝိရောဓိကို မြင်အောင်ကြည့်တတ်ပါမှ မိမိတို့ဆောင်ရွက်သော လုပ်ငန်းသည် ပါရမီမြောက်သောလုပ်ငန်း ဖြစ်နိုင်မည် ဖြစ်ပါ၏။ သို့မဟုတ်ပါက "အား" မပါသော ဆောင်ရွက်ချက်သာ ဖြစ်ပေလိမ့်မည်။ အသခါရိက ဆောင်ရွက်ချက်မျိုး ဖြစ်နိုင်လျှင် ပို၍ကောင်းလေ၏။

**သံသရာခရီးသည်ချင်းသာဖြစ်၏**

ဤလောက၌ အချင်းချင်း ကွဲပြားမှုသည် ရှိ၏။ ယင်းကို"ဘေဒ"ဟူ၍ဆို၏။ ထို"ဘေဒ" သဘောအရ လူတို့သည် အရေအတွက်အားဖြင့် အသချေယျ ပင်ဖြစ်စေကာမူ တစ်ဦးနှင့်တစ်ဦး တူသည်ဟူ၍မရှိ။ အစစအရာရာ အားလုံးကွဲပြားသည်ပင်ဖြစ်၏။ ကံချင်းလည်းကွဲပြား၏။ ဉာဏ်ချင်းလည်း ကွဲပြား၏။ အကျိုးပေးခြင်းလည်း ကွဲပြား၏။ စရိုက်ချင်းလည်း ကွဲပြား၏။ ဉာဉ်ချင်းလည်း ကွဲပြား၏။ သို့ရာတွင် တူသောအချက်များကား ရှိ၏။

ထိုတူသောအချက်ကား သံသရာခရီးသည်ချင်း တူမှုပင်ဖြစ်၏။ ဝဋ်ဒုက္ခချင်း တူမှုပင်ဖြစ်၏။ ယင်းတူမှုကို "အဘေဒ" ဟူ၍ဆို၏။ လူတို့တွင် မတူသောအချက်နှင့် တူသောအချက်များ အစုံလိုက် အစုံလိုက် ရှိပါလျက် သာမန်လူတို့သည် မတူသော အချက်ကိုသာ မြင်တတ်၏။ မတူသောအချက်ကိုသာ ကြည့်တတ်၏။

မြင့်မြတ်သော လူတို့သည်သာ တူသောအချက်ကို ကြည့်တတ်၏။ တူသော အချက်ကိုကြည့်ရာ၌လည်း မြင်အောင်ကြည့်တတ်ဖို့လို၏။ မြင်အောင်ကြည့်တတ်ပါမှ ပါရမီမြောက်အောင် လုပ်ငန်းကို ဆောင်ရွက်နိုင်မည် ဖြစ်၏။ ထို့ကြောင့် လူတို့သည် လောက၏ အကျိုးကို ဆောင်ရွက်ရာတွင် မြင့်မြတ်သူများအနေဖြင့် ဆောင်ရွက်လိုပါက—

"အများကို" မြင်တတ်သောအဆင့်မှ "တစ်ခုတည်းကို" မြင်တတ်သော အဆင့်ရောက်အောင်၊ ဘောင်ရှိသောဘော"ပမည"ကို မြင်တတ်သောအဆင့်မှ

www.burmeseclassic.com

www.burmeseclassic.com



ဘောင်မဲ့သဘော "အပ္ပမည"ကို မြင်တတ်သောအဆင့်ရောက်အောင်၊ "ဝိဘတ္တ"ကို မြင်တတ်သောအဆင့်မှ "အဝိဘတ္တ"ကို မြင်တတ်သောအဆင့် ရောက်အောင်၊ "ဝိသေသ"ကို မြင်တတ်သောအဆင့်မှ "သာမည"ကို မြင်တတ်သော အဆင့်ရောက်အောင်၊ "ဝိရောဓိ"ကို မြင်တတ်သော အဆင့်မှ "အဝိရောဓိ"ကို မြင်တတ်သော အဆင့်ရောက်အောင်၊"ဘေဒ"ကို မြင်တတ်သောအဆင့်မှ"အဘေဒ"ကိုမြင်တတ်သောအဆင့် ရောက်အောင်–

အားထုတ်အပ်ပါ၏။ ထိုသို့မြင်အောင် အားထုတ်ပါမှလည်း မိမိတို့၏ ဆောင်ရွက်ချက်သည် လောကအပေါ် ထိရောက်သောအကျိုးကို ဖြစ်ပေါ်စေနိုင်လိမ့်မည် ဖြစ်ပါ၏။ ထိရောက်သော အကျိုးဖြစ်ပါမှလည်း ဤလောကဌ် ဒုစရိုက်များကင်းဝေးပြီး ဒုစရိုက်များ၏ နေရာဌ် သုစရိုက်များနှင့် ပုညကိရိယာများ အစားထိုး ဝင်ရောက်လာနိုင်မည် ဖြစ်၏။ ထိုအခါ ဤလောကသည် အဘက်ဘက်မှ သာယာသော, ချမ်းမြေ့သော, ငြိမ်းချမ်းသော လောကဖြစ်လာပြီး လူတို့အတွက် နေချင့်စဖွယ် ဖြစ်လာပေလိမ့်မည်။

**အသိဖြစ်ပေါ်မှု** "အသိ" ဖြစ်ပေါ်မှုနှင့်ပတ်သက်၍ ဆိုရလျှင် လောကသိဟူသမျှသည် တကယ်တမ်း လွတ်လပ်စွာသိကြသော အသိများမဟုတ်ကြ၊ အမှန်အားဖြင့် "အသိ" ဟူသည် ဇောစိတ်၏ အမည်ဖြစ်၏။ "ဇောစိတ်"ဟူသည်မှာလည်း ကမ္မဝိညာဏ်၏ အမည်ဖြစ်၏။ "ကမ္မဝိညာဏ်" ဟူသည်မှာ ကမ္မဘဝ ဖြစ်၏။ ကမ္မဘဝသည် "ဥပါဒါန ပစ္စယာ ဘဝေါ"အရ ဥပါဒါန်ကြောင့် ဖြစ်ရ၏။ ထို့ကြောင့် လောကသိဟူသမျှသည် ဥပါဒါန်၏ ခြယ်လှယ်မှုအတိုင်းသာ လိုက်၍ သိရ၏။ မိမိအနေဖြင့် လွတ်လပ်စွာ မသိနိုင်။

ဥပါဒါန် လေးပါးအနက် ပတ်ဝန်းကျင်ကလည်း အသိစိတ်အပေါ်ဌ် ခြယ်လှယ်၏။ ပတ်ဝန်းကျင်ဟူသည် ကာမုပါဒါန်ပင် ဖြစ်၏။ ပိဋကတ်တော်ဌ် မြင်စရာ, ကြားစရာ, နမ်းစရာ,စားစရာ, ထိတွေ့စရာ အာရုံငါးပါးကို "ကာမ" ဟူ၍ဆို၏။ ပတ်ဝန်းကျင် ဟူသည်မှာလည်း ထိုအာရုံငါးပါးပင် ဖြစ်၏။ ထို့ကြောင့် ကာမုပါဒါန်အရ ပတ်ဝန်းကျင်ကို ယူခြင်းဖြစ်၏။ သို့ဖြစ်၍ "တံငါ"ပတ်ဝန်းကျင်ဌ် ကြီးပြင်းလာသူများက အာရုံတစ်ခုနှင့်ပတ်သက်၍ ဆုံးဖြတ်လျှင် တံငါလိုတွေး၍ တံငါလို သိပြီး၊ တံငါလို ဆုံးဖြတ်ကြခြင်းဖြစ်၏။ ကုန်သည်ပတ်ဝန်းကျင်ဌ် ကြီးပြင်းလာသူများကလည်း အာရုံတစ်ခုကို ဆုံးဖြတ်ရာဌ် ကုန်သည်လို တွေး၍၊ ကုန်သည်လိုသိပြီး၊ ကုန်သည်လိုပင် ဆုံးဖြတ်၏။ ထိုနည်းအတူပင် အခြားအခြားသော ပတ်ဝန်းကျင်ဌ် ကြီးပြင်းလာသူများသည်လည်း အာရုံကိုဆုံးဖြတ်ရာဌ် မိမိတို့ကြီးပြင်းရာ ပတ်ဝန်းကျင်၏ဩဇာကိုခံ၍ ပတ်ဝန်းကျင်အလိုက် ဆုံးဖြတ်ကြခြင်းဖြစ်၏။

ထို့ကြောင့် တစ်မျိုးတည်းသော အာရုံပင်ဖြစ်လင့်ကစား ပတ်ဝန်းကျင်ချင်း မတူပါက မတူသော၊ပတ်ဝန်းကျင်ဌ် ကြီးပြင်းလာသူများ၏ အဆုံးအဖြတ်များ သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုနှင့်တစ်ခု မတူကြခြင်းဖြစ်၏။ ထို့ကြောင့် အဆုံးအဖြတ်ကောင်းကို လိုချင်ပါက ပတ်ဝန်းကျင်ကောင်းကို ဖန်တီးအပ်ပါ၏။

မှန်ကန်သောအသိကို ရရှိရေးအတွက် ပတ်ဝန်းကျင်သာ အရေးကြီးသည်မဟုတ်၊ ခေတ်၏ အမြင်သည်လည်း အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော်- ခေတ်၏ အမြင်သည်လည်း ဥပါဒါန် လေးပါးတွင် "ဒိဋ္ဌုပါဒါန်" အနေဖြင့် ပါဝင်သောကြောင့် ဖြစ်၏။ ထို့ကြောင့် ဒိဋ္ဌုပါဒါန်ကို ဖန်တီးရန် များစွာအလေးထား အပ်၏။ ဒိဋ္ဌုပါဒါန်ကို အတွေးအမြင်ရေးရာ စွဲလမ်းချက်များ ဟူ၍ မြန်မာပြန်ဆိုနိုင်၏။ ဒိဋ္ဌုပါဒါန်ကို အကြမ်းအားဖြင့် နှစ်မျိုးခွဲခြားနိုင်၏။

ထိုနှစ်မျိုးမှာ ထိုထိုခေတ် စာပေအမြင်နှင့် စာပေမဟုတ်သော လူသားတို့၏ ပတ်ဝန်းကျင် အမြင်တို့ ဖြစ်ကြ၏။ ထိုနှစ်မျိုးတွင် စာပေအမြင်က ပို၍ အရေးကြီး၏။စာပေမဟုတ်သော လူသားတို့၏အမြင်သည် တစ်လုံးတစ်စည်းတည်းသော အတွေးအမြင်ကို ပေးနိုင်ခြင်းမရှိချေ။ သူတို့ ကိုယ်တိုင်ကလည်း ကြီးပြင်းရာ အခြေခံပတ်ဝန်းကျင်ချင်း မတူကြသဖြင့် လူတန်းစားကွဲပြားမှုအရ အတွေးအမြင်ချင်း တူညီနိုင်သောသဘော မရှိကြသောကြောင့် ဖြစ်၏။

**စာပေခေတ်** စာပေခေတ်အမြင်ကား များစွာအရေးကြီး၏။ အရေးကြီးသလောက်လည်း ပြဿနာ်း၏။ မိမိအနေဖြင့် အမြင်တူ စာရေးဆရာများ၏ စာပေများကိုသာ စွဲပြီးဖတ်ရှုလေ့လာပါက ထိုစာရေးဆရာများ၏ အတွေးအမြင်များသည် စာဖတ်သူအပေါ်၌ များစွာလွှမ်းမိုး၏။ ပြဿနာတစ်ရပ်ကိုကြုံတိုင်း မိမိ၏ ဆုံးဖြတ်ချက်သည် လွတ်လပ်သောဆုံးဖြတ်ချက် မဟုတ်ဘဲ မိမိဖတ်ရှုလေ့လာထားသော စာပေမှရရှိသော ဒိဋ္ဌုပါဒါန်၏ အရိန်အဝါများအရသာ ဆုံးဖြတ်ခြင်းဖြစ်၏။

ထိုသို့ဖြစ်ရခြင်းမှာ မသိစိတ်အနေဖြင့် မိမိအပေါ်၌ လွှမ်းမိုးနေသော ဒိဋ္ဌုပါဒါန်က မိမိအနေဖြင့် လက်ရှိတွေ့ကြုံနေရသော သိစိတ်အပေါ်၌ ဖိအားပေးနေသောကြောင့် ဖြစ်၏။

သို့ရာတွင် ထိုဒိဋ္ဌုပါဒါန် မသိစိတ်၏ ဖိအားပေးမှုအရ လက်ရှိပြဿနာကို မိမိက ဖြေရှင်းခြင်းဖြစ်သော်လည်း မိမိဘာသာမိမိ လွတ်လပ်စွာ ဖြေရှင်းခြင်းဖြစ်သည် ဟူ၍ပင် မှတ်ထင်တတ်ကြ၏။

ဒိဋ္ဌုပါဒါန် မသိစိတ်၏ ကိုယ်ယောင်ဖျောက်ခြင်းကား ထိုမျှလောက် ပိရိ၏။ သေသပ်၏။ သို့ရာတွင် ပုထုဇဉ်တိုင်း ဤခံယူချက်မျိုးရှိသဖြင့် ထိုကဲ့သို့သော မှတ်ထင်ခြင်းမျိုးကို အပြစ်မဆိုသာ။

**မသိစိတ်၏သတ္တိ** အမှန်အားဖြင့် ယနေ့လုပ်ကိုင်ဆောင်ရွက်နေကြသော လူတို့၏ ကာယကံမှု၊ဝစီကံမှု၊ မနောကံမှုများသည် မိမိတို့ဘဝတစ်လျှောက် တွေ့ကြုံခဲ့ရသော အတွေ့အကြုံများအပေါ် အမှီပြု၍ ဖြစ်ပေါ်ခဲ့ရသည်ချည်း ဖြစ်၏။ သို့ရာတွင် ထိုအတွေ့အကြုံများသည် ယခုမရှိတော့၊ချုပ်ပြီးဖြစ်လေပြီ။ချုပ်ပြီးဖြစ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ပျက်၍ကားမသွား၊ အရိပ်ပမာ မိမိတို့သန္တာန်၌ အစဉ်လိုက်လျက်ရှိလေ၏။

ဤသဘောကို "ဆာယာဝ အနုပါယိနီ" ဟူ၍ ဓမ္မပဒ၌ ဆို၏။ ထို့ကြောင့် ထိုအတွေ့အကြုံများကို"မသိစိတ်များ"ဟူ၍ ခေါ်ရ၏။ ထိုမသိစိတ်များကို ပါဠိဝေါဟာရဖြင့် ဥပါဒါန် ဟူ၍ ဆိုရ၏။ အမှန်အားဖြင့် လူတို့သည် မိမိတို့၏ သန္တာန်၌ မည်သည့်ဥပါဒါန်များရှိနေသည်ကို မိမိတို့မသိကြ။ မသိကြသော်လည်း ထိုထိုဥပါဒါန်တို့သည် လက်ရှိအာရုံများနှင့်ပတ်သက်၍ တွေးမြင်ရာ၌ဖြစ်စေ၊ သိရာ၌ ဖြစ်စေ၊ ဆုံးဖြတ်ရာ၌ဖြစ်စေ၊ ထိုထိုပုဂ္ဂိုလ်များအား ဖိအားပေးသည်သာ ဖြစ်၏။ ထို့ကြောင့် လူတို့၏သိစိတ်များသည် ဥပါဒါန်များ၏ ဩဇာအတိုင်း လိုက်နာ၍ သိနေ ကြရခြင်းဖြစ်၏။

သို့ဖြစ်၍သာ ဗုဒ္ဓဒေသနာတော်အရ လက်ရှိတွေ့ကြုံနေရသော အာရုံများကို အရှိ-အရှိအတိုင်း၊ အဖြစ်-အဖြစ်အတိုင်း မှန်ကန်စွာသိနိုင်ရန် ဥပါဒါန်များကို သတ်ရခြင်းဖြစ်၏။ ဥပါဒါန်မရှိပါမှ အာရုံကို မှန်ကန်စွာသိနိုင်မည် ဖြစ်၏။ ဥပါဒါန်နည်းနည်းမရှိလျှင် အာရုံကို နည်းနည်းမှန်ကန်စွာသိ၏။ ဥပါဒါန် များများမရှိလျှင် အာရုံကို များများမှန်ကန်စွာ သိ၏။ ဥပါဒါန်လုံးဝမရှိတော့လျှင် အာရုံကို အပြည့်အစုံ မှန်ကန်စွာ သိ၏။ ထို့ကြောင့် လူသားများအနေဖြင့် လောက၏ အစီးအပွားကိုဆောင်ရွက်နိုင်ရန်အတွက် ကောင်းမွန်သော ဥပါဒါန်ရှိဖို့လိုအပ်ပါ၏။ ကောင်းမွန်သော ဥပါဒါန်ရှိပါမှ မိမိ၏ ကိုယ်ကျိုး, ကိုယ့်စီးပွားကို စွန့်နိုင်သမျှစွန့်ပြီး လောက၏ အကျိုးစီးပွားကို ဆောင်ရွက် နိုင်မည်ဖြစ်၏။

**အပေါင်းအသင်းမိတ်ဆွေကောင်း** လက်တွေ့အရ ဥပါဒါန် လေးပါးတွင် ဒိဋ္ဌုပါဒါန်ကို များစွာ သတိထားအပ်၏။ ဒိဋ္ဌုပါဒါန်သည် မိမိတို့၏ အပေါင်းအသင်းမှလည်း လာ၏။ မိမိတို့လေ့လာ ဖတ်ရှုနေသော စာပေမှလည်းလာ၏။ ထို့ကြောင့် လူတို့သည် မိမိတို့၏အပေါင်းအသင်းကို များစွာရွေးချယ်အပ်၏။ မိမိတို့၏ အပေါင်းအသင်းသည် ကလျာဏမိတ္တ ဖြစ်ဖို့လို၏။ ကိုယ်ကျိုး ကိုယ့်စီးပွားကို စွန့်နိုင်သမျှ စွန့်လိုသောစိတ်ထားရှိသူဖြစ်ဖို့လို၏။ သို့မှသာ မိမိတို့သည်မြင့်မြတ်သောအတွေးအမြင်၊ မြင့်မြတ်သောအသိများရှိပြီး မြင့်မြတ်သူအဖြစ်သို့ ရောက်နိုင်မည်ဖြစ်၏။ မြင့်မြတ်သောလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်၏။ မြတ်စွာဘုရားကလည်း ရှင်အာနန္ဒာအား ကလျာဏမိတ္တကိုသာ တကယ်တမ်း မှန်မှန်ကန်ကန်ရလျှင် မည်သည့်လုပ်ငန်းကိုလုပ်လုပ် ထိုလုပ်ငန်းသည် ကလျာဏမိတ္တကြောင့် အပြည့်အစုံ ပြီးစီးကြောင်း ဟောကြားတော်မူခဲ့ပါ၏။

စာပေနှင့်ပတ်သက်၍ ဆိုရလျှင်လည်း ထိုနည်းအတူပင် စာကောင်းပေကောင်းကို ဖတ်ဖြစ်ဖို့လို၏။ စာပေအယူအဆရေးရာနှင့် ပတ်သက်သော အရှိန်အဝါသည် စာဖတ်သူများအပေါ် များစွာလွှမ်းမိုး၏။ ထို့ကြောင့် မိမိလေ့လာဖတ်ရှုသော စာပေသည် မိမိအား မှန်ကန်သော အတွေးအမြင်ကို ပေးနိုင်သောစာပေ ဖြစ်ဖို့လို၏။ မှန်ကန်သောအတွေးအမြင်ကို ပေးနိုင်သောစာပေဟူသည်မှာ ဖြတ်လမ်းကိုမညွှန်ပြဘဲ

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှန်လမ်းကောင်းကိုသာ ညွှန်ပြသောစာပေဖြစ်၏။ ပါဠိစာပေများ၌ ဤသို့သော လမ်းမှန်လမ်းကောင်းကို "သေ ဓမ္မော သန္တံ နော" ဟူ၍ ဆိုတတ်၏။ ရှေးရှေးဘုရားအစရှိသော သူတော်ကောင်းအဆက်ဆက်တို့ လိုက်နာကျင့်သုံးခဲ့သော ဓမ္မ၊ နောင်လည်း ဘုရားအစရှိသော သူတော်ကောင်းအဆက်ဆက်တို့ လိုက်နာကျင့်သုံးမည့် ဓမ္မကိုသာ လမ်းမှန်လမ်းကောင်းဟူ၍ ဆိုလို၏။ ထို့ကြောင့် ဓမ္မကိုညွှန်ပြသော စာပေမျိုးကိုသာ စာကောင်းပေကောင်း ဟူ၍ဆိုရ၏။

**မှန်ကန်သော ပန်းတိုင်သို့ရောက်ရှိရေး**

မှန်ကန်သောအသိ ရရှိရေးနှင့်ပတ်သက်၍ ရှေးဟောင်းလမ်းရိုး လမ်းမှန် ဖြစ်သော ဓမ္မနှင့်ကလျာဏမိတ္တ တို့က ခင်းပေးသော လမ်းအတိုင်း လိုက်ပါမှ မှန်ကန်သော ပန်းတိုင်သို့ ရောက်နိုင်မည်ဖြစ်၏။ မှန်ကန်သော ပန်းတိုင်ဟူသည်မှာ လောက၏အစီးအပွား "ဗဟုဇနဟိတ"၊ လောက၏ချမ်းသာ "ဗဟုဇနသုခ" အကျိုးငှာ ဆောင်ရွက်နိုင်မှုပင်ဖြစ်၏။

သို့မဟုတ်ဘဲ ဓမ္မကို ပဓာနမပြုသော စာပေနှင့် ဝါဒရေးရာများက ခင်းပေးသော လမ်းအတိုင်း လိုက်မိပါက မိမိ၏အစီးအပွား "အတ္တဟိတ"၊ မိမိ၏ချမ်းသာ "အတ္တသုခ" အတွက် ဆောင်ရွက်မိရက်သားဖြစ်တတ်၏။ အမှန်အားဖြင့် ထိုပုဂ္ဂိုလ်များသည် မိမိ၏ မူလရည်ရွယ်ချက်အရလည်းကောင်း၊ ပင်ကိုစိတ်ထားအရလည်းကောင်း မိမိ၏ဘဝကို စတေးပြီး၊ မိမိ၏လူမျိုး၊ မိမိ၏နိုင်ငံအတွက် လုပ်ကိုင်ဆောင်ရွက်ရန် ဆုံးဖြတ်ထားသူများ ဖြစ်ပါ၏။

သို့ရာတွင် သူတို့လိုက်သောလမ်းစဉ်မှာ မှန်ကန်သောအတွေး၊ မှန်ကန်သောအမြင်၊ မှန်ကန်သောအသိ၊ မှန်ကန်သောအဆုံးအဖြတ်ကို ပေးစွမ်းနိုင်သော လမ်းရိုးလမ်းမှန် လမ်းကောင်းမဟုတ်ဘဲ ဖြတ်လမ်းဖြစ်နေသောကြောင့် မူလရည်ရွယ်ရင်းကတစ်ခြား၊ ဖြစ်လာသည်ကတစ်မျိုး ဖြစ်သွားရခြင်းဖြစ်၏။

အမှန်အားဖြင့် မူလရည်ရွယ်ရင်းက မိမိ၏ဘဝကိုစတေးပြီး မိမိ၏လူမျိုး၊ မိမိ၏နိုင်ငံအတွက် ဆောင်ရွက်ရန်ဖြစ်၏။ သို့ရာတွင် ဖြစ်လာသည်က လောကကို "စတေး"ပြီး မိမိ၏ကိုယ်ကျိုး ကိုယ့်စီးပွားကိုသာ ဆောင်ရွက်မိခြင်းဖြစ်နေသော်လည်း ထိုသို့ဖြစ်နေမှန်းမသိလေသောကြောင့် မိမိ၏လူမျိုး မိမိ၏နိုင်ငံကိုပါစတေးပြီး မိမိ၏ အကျိုးစီးပွားကို ဆောင်ရွက်နေမိရာသို့ ရောက်နေကြခြင်းဖြစ်၏။

လောကဖြစ်စဉ်များတွင် အားထုတ်မှုအပိုင်းနှင့်ဖြစ်ပေါ်မှုအပိုင်းဟူ၍ အပိုင်းနှစ်မျိုး ရှိပါ၏။ ဆန္ဒပိုင်းဟူသည်မှာ အကြောင်းအုပ်စုနှင့်သက်ဆိုင်၍ ပုဂ္ဂလဗျာပါရ ပြဋ္ဌာန်း၏။ ဖြစ်ပေါ်မှုအပိုင်းဟူသည်မှာ အကျိုးအုပ်စုနှင့်သက်ဆိုင်၍ ဓမ္မဗျာပါရ ပြဋ္ဌာန်း၏။

သေနတ်ပစ်သမားတစ်ယောက်သည် သေနတ်ကို သူ့ဆန္ဒအတိုင်း ကိုင်ချင်သလို ကိုင်နိုင်၏။ ကျည်ဆန်ကို ထည့်ချင်သလိုထည့်နိုင်၏။ သေနတ်ကို ချိန်ချင်သလို ချိန်နိုင်၏။ ဤအပိုင်းတွင် ပုဂ္ဂိုလ်၏ အလိုဆန္ဒအတိုင်း ပုဂ္ဂလဗျာပါရ ပြဋ္ဌာန်း၏။ သို့ရာတွင် သေနတ်မောင်းကို ဖြုတ်၍ ကျည်ဆန်ထွက်သွားသောအခါ ကျည်ဆန်သည်

www.burmeseclassic.com

www.burmeseclassic.com



မူလအကြောင်းများ၏ ပေါင်းဆုံညီညွတ်မှုအတိုင်းသာ သွားလေ၏။ သေနတ် ပစ်သမား၏ ဆန္ဒအတိုင်းမသွား၊ ပြောင်းဝမှ ထွက်သွားလေပြီးသော ကျည်ဆန်အပေါ်၌ သေနတ်သမား၏ ဆန္ဒအရ ပုဂ္ဂလဇ္ဈာပါရသည် မည်သို့မျှ စွမ်းဆောင်နိုင်ခြင်းမရှိ။

အားထုတ်မှုအပိုင်း၌လည်း အကြောင်းတရားများ စုပေါင်းပါဝင်၏။ ဖြစ်ပေါ်မှု အပိုင်း၌လည်း အကြောင်းဟရားများ စုပေါင်းပါဝင်ခြင်းဖြစ်၏။ သို့ရာတွင် အားထုတ်မှု အပိုင်း၌ အကြောင်းတရားများသည် ဆန်နှင့်စပါးရောနှောသကဲ့သို့ ရောနှောခြင်း (*MIXTURE*)အနေဖြင့် ပါဝင်၏။ ဖြစ်ပေါ်မှုအပိုင်း၌ အကြောင်းတရားများသည် တစ်သားတည်းဖြစ်ခြင်း (*COMPOUND*)အနေဖြင့် ပါဝင်၏။ အားထုတ်မှုအပိုင်း၌ အကြောင်းတရားများ ပါဝင်ခြင်းကို "သံယောဂသမ္ဗန္ဓ"ဟုဆို၏။ အတ္တနှင့်နွယ်၏။

ဖြစ်ပေါ်မှုအပိုင်း၌ အကြောင်းတရားများ ပါဝင်ခြင်းကို "သမဝါယသမ္ဗန္ဓ"ဟုဆို၏။ အနတ္တ နှင့်နွယ်၏။

ထို့ကြောင့် လောကဖြစ်စဉ်များသည် အနတ္တသဘောအရ အကြောင်းတရားတို့၏ ပေါင်းဆုံညီညွတ်မှုအရ ဖြစ်ပေါ်လာသော ဓမ္မဇ္ဈာပါရ အပေါ်၌သာတည်၏။ ပုဂ္ဂိုလ်၏ ဆန္ဒအရ ဖြစ်ပေါ်လာသော ပုဂ္ဂလဇ္ဈာပါရ အပေါ်၌မတည်။

ထို့ကြောင့် မိမိလိုချင်သောအကျိုးကို မိမိမျှော်မှန်းထားသည့်အတိုင်း ရလိုပါက မိမိ၏ဆန္ဒအပေါ်၌ တည်သောအကြောင်းပိုင်းကိုသာ မှန်ကန်ပြည့်စုံအောင် ရွေးချယ် စီစဉ်ရ၏။ သို့မဟုတ်ပါက သူ့အကြောင်းအတိုင်း သူ့အကျိုးသာ ဖြစ်ပေါ် လာမည်ဖြစ်၏။

**အကြောင်းပိုင်းကို မှန်ကန်ပြည့်စုံဖို့လို၏**

သို့ဖြစ်၍ လောက၏အစီးအပွားအတွက် မိမိတို့အနေဖြင့် တာဝန်ကိုယ်စီ ရှိသည့်အားလျော်စွာ ဆောင်ရွက်နိုင်ရန် အကြောင်းပိုင်းကို မှန်ကန်ပြည့်စုံအောင် လူတို့သည်ရွေးချယ်တတ်ဖို့ လို၏။ ထိုသို့ ရွေးချယ်ရာ၌ မှန်ကန်သောအတွေး၊ မှန်ကန်သောအမြင်၊ မှန်ကန်သောအသိ၊ မှန်ကန်သော အဆုံးအဖြတ် ကို အခြေခံအုတ်မြစ်အနေဖြင့် ပေးစွမ်းနိုင်သောစာပေသည် ဗုဒ္ဓစာပေများသာ ဖြစ်၏။ ဗုဒ္ဓစာပေ၌ ကျင့်စဉ်များကို အစဉ်အတိုင်းဖော်ပြ၏။ ဖြတ်လမ်းအနေဖြင့် ဖော်ပြခြင်း မပြု။ မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ အသိဉာဏ်သည် ဦးဆောင် သည်ချည်း ဖြစ်၏။ အငြင်းပွားဖွယ်မရှိ။

သို့ရာတွင် ထိုအသိဉာဏ်ရရှိရာ လမ်းကြောင်းနှင့် ပတ်သက်၍မူ အမျိုးမျိုးရှိ၏။ ထို့ကြောင့်အငြင်းပွားဖွယ် ရှိပါ၏။

ဗုဒ္ဓစာပေအရ မှန်ကန်သောအသိဉာဏ်သည် ဖြူစင်သောသမာဓိမှ ဖြစ်ပေါ် လာရ၏။ ဖြူစင်သောသမာဓိဟူသည်မှာ ဖြူစင်သောစိတ်ထားဖြစ်၏။ ယင်းကို စိတ္တဝိသုဒ္ဓိ ဟုဆို၏။

ဖြူစင်သော စိတ်ထားသည်လည်း ဖြူစင်သောကိုယ်ကျင့်တရားမှ လာ၏။ ဖြူစင်သော ကိုယ်ကျင့်တရားကို သီလဝိသုဒ္ဓိ ဟုဆို၏။

ဤကျင့်စဉ်အရဆိုလျှင် ကိုယ်ကျင့်သီလဖြူစင်အောင် အားမထုတ်ပါဘဲ စိတ်ထားကို

www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်အောင် အားထုတ်၍မရ။ အကယ်၍ အားထုတ်၍ရပါသည်ဆိုလျှင် ထိုကဲ့သို့ အားထုတ်ခြင်းဖြင့် ရလာသောသမာဓိသည် သမ္မာသမာဓိမဟုတ်၊ မိစ္ဆာသမာဓိ သာဖြစ်၏။ မိစ္ဆာသမာဓိဖြစ်ပါက အဘယ်သို့လျှင် စိတ်ထားဖြူစင်မှု ရှိနိုင်ပါမည်နည်း။

သို့ဖြစ်လျှင် မိစ္ဆာသမာဓိအပေါ်၌ တည်ဆောက်ထားသော အသိဉာဏ်သည်လည်း အဘယ်သို့လျှင် သမ္မာဒိဋ္ဌိ ဖြစ်နိုင်ပါမည်နည်း။ သမ္မာဒိဋ္ဌိ မဖြစ်ပါကလည်း ကောင်းသော အလုပ် သမ္မာကမ္မန္တ၊ ကောင်းသောပြောဆိုမှု သမ္မာဝါစာ၊ ကောင်းသောအသက်မွေးမှု သမ္မာအာဇီဝ တို့သည် လောက၌ အဘယ်သို့လျှင် ဖြစ်ပေါ်လာနိုင်ပါလိမ့်မည်နည်း။

ထို့ကြောင့် သမ္မာသမာဓိနှင့် သမ္မာဒိဋ္ဌိတို့ကို ဖြစ်ပေါ်လာစေရန် အခြေခံအနေဖြင့် ကိုယ်ကျင့်သီလကို ဖြူစင်အောင် အားထုတ်အပ်ခြင်းဖြစ်၏။

သို့မှသာ ရခဲသောလူ့ဘဝကို ရထားသောလူအနေဖြင့် လူပီပီ၊ လူ့သိက္ခာ၊ လူ့ကျင့်ဝတ်၊ လူ့တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်၏။ သို့မဟုတ်ပါက ထာဝစဉ် အပေါ်စီးယူလိုသော ဉာဉ်ဆိုးသည် ထာဝစဉ် လွှမ်းမိုးနေပေလိမ့်မည်။

လောက၏အစီးအပွား၊ လောက၏ချမ်းသာသုခဟူသည်မှာ ကောင်းသော ကာယကံမှု သမ္မာကမ္မန္တ၊ ကောင်းသောဝစီကံမှု သမ္မာဝါစာ၊ ကောင်းသောအသက်မွေးမှု သမ္မာအာဇီဝ တို့အပေါ် တည်ဆောက်မှုရ၏။ ဤသုံးပါးသောကျင့်စဉ်ကို သီလမဂ္ဂင်သုံးပါး ဟူ၍ဆို၏။ သီလမဂ္ဂင်သုံးပါးသည် မဇ္ဈိမပဋိပဒါ၌ ပါဝင်၏။

သမ္မာကမ္မန္တ ဖြစ်လျှင် ကာယဒုစရိုက် သုံးပါးမှ ကင်းဝေး၏။ သမ္မာဝါစာဖြစ်လျှင် ဝစီဒုစရိုက် လေးပါးမှကင်းဝေး၏။ သမ္မာအာဇီဝဖြစ်လျှင် ဒုစရိုက်အရင်းခံသော မကောင်းသောအသက်မွေးမှု မိစ္ဆာအာဇီဝ များမှ ကင်းဝေး၏။

ထိုအခါ လောကသည် ဒုစရိုက်များမှ ကင်းဝေးတော့၏။ ဒုစရိုက်များမှ ကင်းဝေးလျှင်ပင် ဒုစရိုက်များကိုအခြေခံ၍ ဖြစ်ပေါ်ရသော မိစ္ဆာအာဇီဝဟူသည် ဤလောက၌ မဖြစ်ကောင်းတော့ပေ။ မိစ္ဆာအာဇီဝမဖြစ်တော့လျှင် မကောင်းသော မတော်မတရားသော အသက်မွေးမှုဟူ၍လည်း ဤလောက၌ မရှိနိုင်တော့ပေ။ ထိုအခါ အမြတ်ကြီးစားမှု၊ ခေါင်းပုံဖြတ်မှု၊ အနိုင်ကျင့်မှုများလည်း ရှိတော့မည်မဟုတ်။ ထိုအခါ လောက၌ သုစရိုက်တရားများက ဒုစရိုက်တရားများ၏ နေရာ၌ အစားထိုး ဝင်ရောက်လာကြပြီ ဖြစ်သဖြင့် လောကသည် မည်မျှငြိမ်းချမ်းလေမည်နည်း။

**ဗုဒ္ဓဘာသာစာပေ၌သာ ရှိသောအခြေခံအုတ်မြစ်**

လောကကို အမှန်တကယ် ငြိမ်းချမ်းစေလိုပါလျှင် မည်သည့် လုပ်ငန်း များကိုလုပ်လုပ် လုပ်ငန်းဟူသမျှကိုလုပ်ကိုင်ဆောင်ရွက် ရာ၌ မဇ္ဈိမပဋိပဒါကို အခြေခံအုတ်မြစ်အဖြစ် ခံယူကျင့်သုံးပြီး လုပ်ကိုင်ဆောင်ရွက်မှသာ ထိုလုပ်ငန်းသည် လောက၌ ချမ်းမြေ့မှု၊ သာယာမှု၊ ငြိမ်းချမ်းမှုကို ဖြစ်စေနိုင်မည်ဖြစ်ပါ၏။ မဇ္ဈိမပဋိပဒါ ဟူသည် ဗုဒ္ဓဘာသာစာပေ၌သာ ပါရှိ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာစာပေသည် ကလျာဏမိတ္တ လည်းဖြစ်၏။ ကလျာဏမိတ္တ ဖြစ်လျှင် မြတ်စွာဘုရားက ရှင်အာနန္ဒာအား အင်္ဂုတ္တိုရ် ပါဠိတော် ဥပဍ္ဎသုတ်၌

www.burmeseclassic.com

www.burmeseclassic.com



ဟောကြားတော်မူသည့်အတိုင်း ကောင်းသောအကျိုးဟူသမျှကို ရစေနိုင်မည်ဖြစ်၏။

**အမှန်အားဖြင့် မြတ်စွာဘုရားသည်ပင် လောကနှင့်ဆက်ဆံရာ၌ အပေါ်စီးမယူဘဲ မိမိကိုယ်ကိုမိမိ ကလျာဏမိတ္တအဖြစ်သာခံယူပြီး ဆက်ဆံတော်မူခြင်းဖြစ်၏။**

**ထို့ကြောင့် တကယ်တမ်းစစ်မှန်သော ကလျာဏမိတ္တ သာ ဖြစ်ပါက လောကအကျိုးကိုသာမက လောကုတ္တရာ အကျိုးကိုပါ ဖြစ်ပေါ်လာရအောင် လမ်းညွှန်နိုင်ပါ၏။**

ထို့ကြောင့်"ဉပါဒါနပစ္စယာ ဘဝေါ" ၌ ကမ္မဘဝအရ အသိဉာဏ်ဖြစ်ပေါ်မှုဖြင့် သက်ရှိပုဂ္ဂိုလ်သည်သာ ကလျာဏမိတ္တဖြစ်နိုင်သည်မဟုတ်၊ မိမိတို့လေ့လာရာ စာပေများသည်လည်း တကယ်တမ်း ကလျာဏမိတ္တ သဘောကိုဆောင်ပါက လောက အကျိုးသာမက လောကုတ္တရာအကျိုးကိုပါ ပေးမည်ဖြစ်ပါ၏။ တစ်စုံတစ်ရာယုံမှားဖွယ် မရှိပါချေ။ ထို့ကြောင့်မိမိတို့၏ ဘဝလမ်းညွှန်အဖြစ် စာကောင်းပေကောင်းကို ရွေးချယ်၍ ဖတ်ရှုလေ့လာရန် လိုအပ်ခြင်းဖြစ်၏။ ထိုသို့ဖတ်ရှုပြီး မဇ္ဈိမပဋိပဒါ ကို ဝါဒရေးရာအတွက် အခြေခံအုတ်မြစ်အဖြစ် တည်ဆောက်အပ်၏။ အခြေခံအုတ်မြစ်ခိုင်လေသောအခါ အပေါ်ထပ် အဆောက်အအုံအဖြစ် ပုံဖော်ရန် မည်သည့်စာပေများကိုဖတ်ဖတ် ကိစ္စမရှိ။ ဖတ်ရမည်ဖြစ်၏။ လေ့လာရမည်ဖြစ်၏။ အပေါ်ထပ်အဆောက်အအုံ ဟူသမျှသည် အခြေခံအုတ်မြစ်နှင့် လိုက်လျောညီထွေ ရှိရ၏။ မညီလျှင်ပြိုကျရုံသာ ရှိ၏။ အကြောင်း မဟုတ်။

**အတ္တလွှမ်းမိုးမှုကို မခံရသောစိတ်**

လူတို့သည် မိမိတို့၏ ခန္ဓာကိုယ်တည်ဆောက်မှုအရ ဖွဲ့စည်း တည်ဆောက်ထားသော ခန္ဓာငါးပါးတွင် ဝိညာဏက္ခန္ဓာ ပါဝင်၏။ ထို ဝိညာဏက္ခန္ဓာ ဟူသည် စိတ်ပင်ဖြစ်၏။ စိတ်ဟူသည် "ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ အာဂန္တုကေဟိ ဉပက္ကိလေသေဟိ ဉပက္ကိလိဋ္ဌံ"ဟူသော ကောဂုတ္တရပါဠိတော်အရ ပြိုးပြိုးပြက်တခဲနက်သောအရောင်ရှိ၏။ စင်ကြယ်၏။ ဖြူစင်၏။ ဤသည်မှာ စိတ်၏ပင်ကို သဘောရင်းဖြစ်၏။

သို့ပါလျှင် စိတ်၏ပင်ကိုသဘောအရ လူတို့သည် အခါခပ်သိမ်း ဖြူစင်မြင့်မြတ် သော စိတ်ထားရှိသင့်ပါသော်လည်း၊ တစ်ခါတစ်ရံ ကောက်ကျစ်စဉ်းလဲ တတ်ကြခြင်းမှာ အာဂန္တုကဖြစ်သော အတ္တ၏လွှမ်းမိုးမှုကို ခံရသောကြောင့်ဖြစ်၏။

ထို့ကြောင့် အတ္တ၏လွှမ်းမိုးမှုကိုသာ မခံရပါက လူတို့သည် စိတ်၏ပင်ကိုသဘော အရ ဖြူစင်ကြသည်သာဖြစ်၏။ မြင့်မြတ်ကြသည်သာဖြစ်၏။ ဖြူစင်ခြင်း၊ မြင့်မြတ်ခြင်း ဟူသည်မှာ မိမိတို့၏ ဘဝကို "စတေး"ပြီး လောက၏ အကျိုးစီးပွားကို ဆောင်ရွက် လိုခြင်းဖြစ်၏။

တိမ်ဖုံးပါလို့ လမသာ- ဆိုသကဲ့သို့ လူတို့သည် မိမိတို့၏ ပင်ကိုစိတ်ရင်းအရ လောက၏အစီးအပွားအတွက် မိမိတို့၏ ဘဝကို "စတေး"လိုစိတ်များ၊ လောကကို

www.burmeseclassic.com

www.burmeseclassic.com



မိမိနှင့်ထပ်တူပြု၍ ကြင်နာမှုများ၊ တစ်ခါတစ်ရံ မိမိတို့ကိုယ်ကိုဖျောက်ပြီး လောကကိုသာ မြင်တတ်ခြင်းများ ရှိတတ်ကြပါ၏။ ထိုသို့ရှိတတ်ပါသော်လည်း ထိုသို့ရှိတတ်ခြင်းများသည် ကြာကြာမခံကြ၊ ခိုင်လည်းမခိုင်မြဲကြ။ ကာမစ္ဆန္ဒ-စသော နီဝရဏ များနှင့် လောဘ, မာန်မာန စသော ကိလေသာအညစ်အကြေးများ ဗဟိုပြုရာအတ္တ က ထိုကောင်းမြတ်သော စိတ်ကို ဝင်ရောက်ဖုံးလိုက်ကြ၏။ ထိုအခါ မိမိနှင့်လောကသည် တစ်ခြားစီ ဖြစ်သွား တော့၏။

စိတ်၏ပင်ကို ဇီဇဓာတ် အမြင်ကိုဆိုရလျှင် လောကနှင့်မိမိသည် တစ်သားတည်း ဖြစ်၏။ လောက ကောင်းမွန်မြင့်မြတ်ရေးသည် မိမိတို့ကောင်းမွန်မြင့်မြတ်ရေးပင်ဖြစ်၏။

လောကသုံးပါးလုံးသည် အခြေခံသဘာဝအားဖြင့် "သုညတ" ချည်းသာဖြစ်၏။ ဘာမျှခြားနားသည်မဟုတ်။ သချ်ာသဘောအရ "သုည"သည် အရေအတွက် အားဖြင့် ဘာမျှ မဟုတ်သော်လည်း အရည်အချင်းအားဖြင့် အတိုင်းမသိဟုတ်၏။ အပေါင်းနှင့် အနုတ်ကိန်း ဟူသမျှသည် "သုည"ကို ဗဟိုပြုရသည်ချည်း ဖြစ်၏။ ထို့အတူ လောက သုံးပါးသည်လည်း"သုညတ"ကိုသာ ဗဟိုပြုရ၏။ ဘာမျှခြားနားသည်မဟုတ်။ သို့ရာတွင် ကိလေသာများ ဝင်ရောက်လာသောအခါ၌မူ လောကနှင့်မိမိသည် တစ်ခြားစီဖြစ်၏။

လောကကောင်းမွန်မြင့်မြတ်ရေးက သပ်သပ်၊ မိမိကောင်းမွန်မြင့်မြတ်ရေးက သပ်သပ်။ ဤသို့ လောကနှင့် မိမိကို ခွဲ၍မြင်လေ၏။ ခွဲ၍မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဆိုင်ရာဆိုင်ရာ အကျိုးစီးပွားများကိုလည်း ခွဲ၍ပင်ဆောင်ရွက်လေတော့၏။

ဆိုင်ရာဆိုင်ရာ အကျိုးစီးပွားများကို ခွဲ၍ဆောင်ရွက်လေသောအခါ မူရင်းစိတ်၏ သဘာဝနှင့် ကိလေသာတို့ ပူးယှဉ်သောစိတ်တို့၏ သဘာဝသည် အချင်းချင်း အားပြိုင်ကြ၏။ ထိုသို့အားပြိုင်ကြခြင်းကြောင့် လူတို့သည် အများ၏ အကျိုးစီးပွားကို ဆောင်ရွက်ဟန်ဆောင်ပြီး မိမိတို့၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်လာကြ၏။

နှုတ်က ဓမ္မများကိုသာ ရွတ်ဆိုပြီး လက်က အဓမ္မများကို လုပ်ကိုင်ဆောင်ရွက် လာကြ၏။ စိတ်ထဲ၌မူ ဓမ္မနှင့် အဓမ္မ တို့သည် အချင်းချင်း အားပြိုင်လျက် ရှိကြ၏။ ထိုသို့အားပြိုင်ရာတွင် ဓမ္မသည် အဆန်သဘောရှိသဖြင့် နှေးကွေး၏။ အဓမ္မသည် အစုန်သဘောရှိသဖြင့် မြန်ဆန်၏။ အကယ်၍ ဓမ္မ ကို မြန်ဆန်စေလိုပါက အားသစ်များ ဖြည့်ပေးဖို့လို၏။ အားသစ်များကို ရတနာသုံးပါးအား ဆည်းကပ်ရာမှ ရနိုင်ပါ၏။

ထို့ကြောင့် ရတနာသုံးပါးအား ဆည်းကပ်ခြင်း၏ မှန်ကန်သောရည်ရွယ်ချက်သည် မိမိအတွက် မိမိသန္တာန်၌ အားသစ်များရရန်မဟုတ်။ လောကအတွက် မိမိ၏သန္တာန်၌ အားသစ်များရရန်သာ ဖြစ်၏။ ဓမ္မဘက်၌ ဖြည့်ပေးရန်လိုသောအားသစ်များကား မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ ဖြစ်ကြ၏။ ယင်းကို ဗြဟ္မစိုရ်တရားများ ဟူ၍ ဆို၏။ ဗြဟ္မစိုရ်တရားဟူသည်မှာ လူစစ်စစ်က အသက်ရှင်လျက်နှင့် ဗြဟ္မာဖြစ်သွားအောင် ပြုလုပ်တတ်သောတရားများ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ လူတို့သည် ဗြဟ္မစိုရ်တရားကို တကယ်တမ်းကျင့်သုံး နိုင်ကြမည်ဆိုလျှင် လူစစ်စစ်က အသက်ရှင်လျက်နှင့် ဗြဟ္မာ ဖြစ်နေကြမည်ဖြစ်ပါ၏။

**အခြေခံနိုင်ဖို့လို၏**

ဗြဟ္မစိုရ်တရားများသည်လည်း ဓမ္မအုပ်စုဝင်များဖြစ်သဖြင့် အဆန်သဘောရှိကြ၏။ ထို့ကြောင့် ယင်းတို့ကို မလုပ်ချင်လည်းလုပ်ရ၏။ လုပ်ချင်လည်းလုပ်ရ၏။ အဓမ္မ အုပ်စုဝင်များဖြစ်ကြသော လောဘ, မာန်မာန စသော ကိလေသာတရားများကား အစုန်သဘောရှိကြ၏။ ထို့ကြောင့် ထိုတရားများကိုမူ မလုပ်ချင်လည်း မလုပ်ရ၊ လုပ်ချင်လည်း မလုပ်ရ။ သို့ဖြစ်၍ မလုပ်ချင်လည်းလုပ်ရ၊ လုပ်ချင်လည်း လုပ်ရ သော ဓမ္မတို့ကို လုပ်မိအောင်၊ လုပ်ဖြစ်အောင် အားထုတ်ရသည်ကား လွယ်သည်မဟုတ်။ ထိုနည်းအတူ မလုပ်ချင်လည်း မလုပ်ရ၊ လုပ်ချင်လည်း မလုပ်ရသော အဓမ္မတို့ကို မလုပ်ဖြစ်အောင် မလုပ်မိအောင် မနောကံကိုထိန်းသိမ်းရသည်မှာ လွယ်သည်မဟုတ်။ အကယ်၍ မနောကံသို့ ရောက်သွားပါက ဝစီကံနှင့် ကာယကံသို့ ရောက်မသွားအောင် ထိန်းသိမ်းရသည်မှာလည်း လွယ်သည်မဟုတ်။ အခြေခံခိုင်ပါမှထိန်းသိမ်းနိုင်စွမ်း ရှိ၏။ ထို့ကြောင့် အခြေခံကို ခိုင်အောင်ကြိုးစားရ၏။ အခြေခံမခိုင်လျှင် ယိုင်ပေလိမ့်မည်။

**ကရုဏာနှင့်ပညာ**

လောက၏ အကျိုးစီးပွားကို ဆောင်ရွက်ရာ၌ ကရုဏာလောက် အစွမ်းထက်သောတရားမည်သည် မရှိ။ လောကုတ္တရာ အကျိုးစီးပွားကို ဆောင်ရွက်ရာ၌ ပညာလောက်အစွမ်းထက်သော တရားမည်သည်မရှိဟူ၍ အဆိုရှိလေရာ ထိုအဆိုအတိုင်း မိမိတို့သန္တာန်၌ ကရုဏာနှင့်ပညာကိန်းအောင် အားထုတ်အပ်၏။

သို့ဖြစ်၍သာ မြတ်စွာဘုရားသည် မိမိ၏သန္တာန်၌ ကရုဏာနှင့် ပညာကို နှစ်ပါးစုံကိန်းနေအောင် ဆောင်ရွက်ပြီး ဝေနေယျတို့အတွက် လောကအကျိုးနှင့် လောကုတ္တရာအကျိုး နှစ်မျိုးလုံးကို ဆောင်ရွက်တော်မူနိုင်ခြင်းဖြစ်၏။

**ဝါသနာနှစ်မျိုး**

လူတို့၏သန္တာန်၌ ဝါသနာနှစ်မျိုးရှိ၏။ ဝါသနာတစ်မျိုးကို ညစ်နွမ်းသောဝါသနာ ဟုဆို၍ အခြားဝါသနာတစ်မျိုးကို စင်ကြယ်သော ဝါသနာဟုဆို၏။ ဒဿနကျမ်းများ၌ ညစ်နွမ်းသောဝါသနာကို "မလိနဝါသနာ" ဟူ၍ဆိုပြီး စင်ကြယ်သောဝါသနာကို "သုဒ္ဓဝါသနာ"ဟူ၍ ဆို၏။

ထိုဝါသနာနှစ်မျိုးတွင် ညစ်နွမ်းသောဝါသနာကို ပါးသည်ထက်ပါးအောင် ပြုလုပ်သည်နှင့်အမျှ သုဒ္ဓဝါသနာကိုလည်း ထက်သည်ထက် ထက်အောင် မွေးမြူအပ်၏။ ညစ်နွမ်းသောဝါသနာဟူသည် အနာမခံဘဲဖြစ်စေ၊ အနာလည်းမခံ အသာလည်းမစံဘဲ ဖြစ်စေ၊ မိမိ၏အကျိုးစီးပွားကိုသာ ဆောင်ရွက်လိုမှု ဖြစ်၏။ မိမိ၏အကျိုးစီးပွားသည် လောက၏အကျိုးစီးပွားနှင့် စပ်သည်ဟု မသိခြင်းသည် ညစ်နွမ်းသော ဝါသနာပင်ဖြစ်၏။

စင်ကြယ်သော ဝါသနာဟူသည် လောက၏အကျိုးစီးပွားကို အနစ်နာခံ၍ ဆောင်ရွက်လိုမှုပင်ဖြစ်၏။ ယင်းကို ပါရမီဖြည့်ခြင်းဟူ၍ ဆိုရ၏။ သို့ဖြစ်၍သာ

www.burmeseclassic.com

www.burmeseclassic.com



သုမေဓာရှင်ရသေ့ သည် မိမိလက်တော်သို့ရောက်ပြီးသော နိဗ္ဗာန်ချမ်းသာကို စွန့်တော်မူပြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဝေနေယျတို့အတွက် အနှစ်နာခံကာ သံသရာဒုက္ခကို ခံတော်မူခြင်းဖြစ်၏။

ဤသည်မှာ စင်ကြယ်သောဝါသနာကို မွေးမြူတော်မူခြင်းကြောင့် ဖြစ်၏။ စင်ကြယ်သောဝါသနာကို မွေးမြူတော်မူခြင်းမှာလည်း မိမိ၏သန္တာန်၌ ကရုဏာသည် အတိုင်းအဆမရှိအောင် ခိုင်ခိုင်မာမာ ကိန်းနေသောကြောင့် ဖြစ်၏။

ကရုဏာဟူသည် ဗြဟ္မစိုရ်လေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်၏။ ထို့ကြောင့် ကရုဏာကို မိမိတို့သန္တာန်၌ မွေးမြူလျှင် အခြားသော ဗြဟ္မစိုရ်တရားများကိုလည်း မွေးမြူသည်ပင် ဖြစ်၏။

ထိုသို့မွေးမြူသောကြောင့်သာ လူစစ်စစ်က လူနှင့်မတူဘဲ ဗြဟ္မာနှင့် တူနေခြင်း ဖြစ်၏။ မည်မျှသောအတိုင်းအတာအထိ တူပါသနည်းဆိုလျှင် အသွင်အနေဖြင့် ခြားနား စေကာမူ အနှစ်သာရအနေဖြင့် ဆိုရလျှင် ဗြဟ္မာနှင့်တစ်သားတည်း ဖြစ်နေသည်အထိ တူပါ၏။ ဤသဘောကို "ပုညသမ္ဘာရ၏အကျိုးဆက်"ဟူ၍ ဆိုရ၏။

**အခြေခံအကြောင်းနှစ်ပါး** မည်သည့်လုပ်ငန်းကိုလုပ်လုပ် လုပ်ငန်းကိုလုပ်ရာ၌ ထိုလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အခြေခံအကြောင်း နှစ်ပါး ရှိဖို့လို၏။ ယင်းနှစ်ပါးအနက် အခြေခံအကြောင်းတစ်ပါးကို ပုညသမ္ဘာရ ဟုဆို၍ အခြားအခြေခံအကြောင်းတစ်ပါးကို ဉာဏသမ္ဘာရဟုဆို၏။

ပုညသမ္ဘာရကို "ကောင်းမှုကုသိုလ် အဆောက်အဦ"ဟူ၍ မြန်မာပြန်ပြီး၊ ဉာဏသမ္ဘာရကို "ဉာဏ်ပညာ၏ အဆောက်အဦ" ဟူ၍ မြန်မာပြန်ဆိုကြ၏။

ထိုနှစ်မျိုးတွင် ပုညသမ္ဘာရသည် အကျင့်သိက္ခာ ဖြူစင်အောင် အားထုတ်ရာ၌ ပဓာနအားဖြင့် ကျေးဇူးပြု၏။

ဉာဏသမ္ဘာရသည် ဉာဏ်ပညာကို ထက်မြက်အောင် အားထုတ်ရာ၌ ပဓာနအားဖြင့် ကျေးဇူးပြု၏။

မြတ်စွာဘုရား၏ ဂုဏ်တော် ဝိဇ္ဇာစရဏသမ္ပန္နတွင် ပုညသမ္ဘာရ သည် စရဏ၌ဝင်၍ ဉာဏသမ္ဘာရသည် ဝိဇ္ဇာ၌ ဝင်၏။

ထို့ကြောင့် ပုညသမ္ဘာရ၏ အထွတ်သည် ဘဂဝါ ဖြစ်၍ ဉာဏသမ္ဘာရ ၏ အထွတ်သည် သမ္မာသမ္ဗုဒ္ဓ ဖြစ်လေ၏။

ဤလောက၌ လူတော်လူကောင်းဟူသည်မှာ အသိပညာနှင့်လည်း ပြည့်စုံမှ၊ ကိုယ်ကျင့်သိက္ခာနှင့်လည်းပြည့်စုံမှ ဖြစ်၏။ တစ်ပါးပါးပြည့်စုံရုံမျှနှင့် မဖြစ်။ ကိုယ်ကျင့်သိက္ခာပြည့်စုံလျှင် ဘုန်းကံရှိသည်ဟု ဆိုရ၏။ ယင်းသည် ပုညသမ္ဘာရ၏ အမည်တစ်မျိုးဖြစ်၏။ ထို့ကြောင့် ဘုန်းကံရှိလာအောင် ပုညသမ္ဘာရအနေဖြင့် ပါရမီကို ဖြည့်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အသိပညာနှင့်ပြည့်စုံလျှင် ပညာရှိသည်ဟု ဆိုရ၏။ ယင်းသည် ဉာဏသမ္ဘာရ၏ အမည်တစ်မျိုးဖြစ်၏။ ထို့ကြောင့် ပညာရှိလာအောင် ဉာဏသမ္ဘာရအနေဖြင့် ပါရမီကိုဖြည့်ရ၏။အမှန်အားဖြင့် ဤ သမ္ဘာရနှစ်မျိုးလုံးနှင့် ပြည့်စုံလေလေ အများသူငါနှင့် မတူလေလေဖြစ်၏။ ထို့ကြောင့် ဤ သမ္ဘာရနှစ်မျိုးနှင့် အထွတ်အထိပ်ရောက်အောင် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လောကသုံးပါး၌ တူသူမရှိ "အတုလ" ဖြစ်တော်မူခြင်းဖြစ်၏။

**မတူခြင်းနှင့်တူခြင်း** လောက၌ အကြောင်းအကျိုးတို့၏ နိယာမ အရ-မတူခြင်းနှင့် တူခြင်း သဘောသည် အရာရာတိုင်း၌ ရှိ၏။ မတူခြင်းကို "ဘေဒ"ဟုဆိုပြီး၊ တူခြင်းကို"အဘေဒ"ဟုဆို၏။ဤသဘောနှစ်မျိုးကို ပါရမီမပြည့်မီ ကာလ၌ ရအပ်၏။ အကယ်၍ ပါရမီပြည့်လေသောအခါ၌ ဤသဘောနှစ်မျိုးမှ အလွန် သဘောတစ်မျိုးကို ရအပ်၏။ ယင်းသဘောကို ပါဠိဝေါဟာရ အားဖြင့် ဘေဒါဘေဒါတီတ (ဘေဒ+အဘေဒ+အတီတ) ဟူ၍ဆို၏။ ဘေဒါဘေဒါတီတ-၏ အနက်မှာ "မတူခြင်းနှင့် တူခြင်း သဘောနှစ်မျိုးလုံးကိုလွန်သော" ဟူ၍ဖြစ်၏။

**လက္ခဏာသုံးမျိုး** လက္ခဏာသုံးမျိုးသည် မတူခြင်းဘေဒ၊ တူခြင် အဘေဒ၊ ယင်းနှစ်မျိုး ကိုလွန်ခြင်း ဘေဒါဘေဒါတီတ အပေါ်၌ အခြေခံ၏။ ယင်းသဘော သုံးမျိုးသည် သက်မဲ့နယ်ပယ်၌လည်း ရှိ၏။ သက်ရှိနယ်ပယ်၌လည်း ရှိ၏။ သက်မဲ့ နယ်ပယ်၌ ပရမတ္ထ တရားများ၏ ယင်းလက္ခဏာသုံးမျိုးကို နားလည်လျှင် သမ္မုတိ တရားများ၏ လက္ခဏာသုံးမျိုးကိုလည်း နားလည်ပြီးဖြစ်တော့၏။ ထို့ကြောင့် ပရမတ္ထ တရားများ၏ လက္ခဏာသုံးမျိုးကို ဖော်ပြခြင်းဖြစ်၏။ ပရမတ္ထတရားများသည် မိမိတို့၏ သဘောလက္ခဏာများကို သီးခြားသီးခြားစီ ပိုင်ဆိုင်ကြ၏။

ပထဝီ-သည် ခက်မာခြင်းသဘောကိုပိုင်ဆိုင်၏။ ဖဿ-သည် တွေ့ထိခြင်း သဘောကို ပိုင်ဆိုင်၏။ အခြားသော ပရမတ္ထတရားများသည်လည်း ထိုနည်းအတူပင် ဖြစ်၏။ သက်ရှိသတ္တဝါများတွင် လူနှင့်ပတ်သက်၍ဆိုရလျှင် လူသည်လည်း မောင်ဘ, မောင်လှ စသည်ဖြင့်လည်းကောင်း၊ မမြ, မလှ စသည်ဖြင့်လည်းကောင်း၊ မောင်ဘ,မမြ စသည်ဖြင့်လည်းကောင်း မိမိတို့၏ သဘောလက္ခဏာများကို သီးခြားသီးခြားစီ ပိုင်ဆိုင် ကြ၏။ လူချင်းတူသော်လည်း ယောကျ်ားနှင့် မိန်းမ မတူ။ ယောကျ်ားချင်း တူသော်လည်း တစ်ဦးနှင့်တစ်ဦးမတူ။ မိန်းမချင်းတူသော်လည်း တစ်ဦးနှင့်တစ်ဦးမတူ။ အခြားသက်ရှိ သတ္တဝါများသည်လည်း ထိုနည်းအတူပင် တစ်ဦးနှင့်တစ်ဦးမတူ။ ဤသို့ သက်ရှိဖြစ်လျှင် တစ်ဦးတစ်ဦး မတူသည့်သဘောသည်လည်းကောင်း၊ သက်မဲ့ဖြစ်လျှင် တစ်ခုနှင့်တစ်ခု မတူသည့်သဘောသည်လည်းကောင်း ရှိပါ၏။ ယင်းကို ဘေဒ-ဟူ၍ ဆို၏။ ဘေဒ-ကို ဝိပဿနာဝေါဟာရဖြင့် ဆိုရလျှင် ဝိသေသလက္ခဏာ ဟူ၍ဆို၏။

သက်ရှိဖြစ်ဖြစ် သက်မဲ့ဖြစ်ဖြစ် အရာရာတိုင်း၌ အချင်းချင်းမတူသည့်သဘောသာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်မဟုတ်။ တူသည့်သဘောလည်းရှိ၏။ လူနှင့်ပတ်သက်၍ဆိုရလျှင် ကုလား,မြန်မာ, တရုတ် စသည်အားဖြင့် အချင်းချင်းမတူသော်လည်း လူအဖြစ်ဖြင့်မူအချင်းချင်းတူကြ၏။

တိရစ္ဆာန်နှင့် ပတ်သက်၍ဆိုရလျှင်လည်း ခွေး, ကြောင်, နွား စသည်အားဖြင့် အချင်းချင်းမတူစေကာမူ တိရစ္ဆာန်အဖြစ်ဖြင့်မူ အချင်းချင်းတူကြ၏။

ထို့အပြင် လူနှင့်တိရစ္ဆာန်တို့ အချင်းချင်းဇာတ်အားဖြင့် မတူသော်လည်း ခန္ဓာဖွဲ့စည်းမှုများအရ သက်ရှိသတ္တဝါအနေဖြင့် တူကြ၏။

သက်မဲ့များနှင့်ပတ်သက်၍ ဆိုရလျှင်လည်း ရွှေ,ငွေ,စိန် စသည်အားဖြင့် အချင်းချင်းမတူကြသော်လည်း ရုပ်ဝတ္ထုအနေဖြင့်မူ အချင်းချင်းတူကြ၏။ ယင်းသို့ အချင်းချင်း တူသည့်သဘောကို အဘေဒ ဟူ၍ဆို၏။ အဘေဒကို ဝိပဿနာဝေါဟာရဖြင့် ဆိုရလျှင် သာမညလက္ခဏာဟူ၍ဆို၏။ အမှန်အားဖြင့် ဝိသေသလက္ခဏာကို သာမညလက္ခဏာအပေါ်၌ တည်ဆောက်ရ၏။

ထို့ကြောင့် သာမညလက္ခဏာ–က ဝိသေသလက္ခဏာထက် နက်ရှိုင်း၏။

သာမညလက္ခဏာသည် ဝိသေသလက္ခဏာထက် နက်ရှိုင်းသည်နှင့်အမျှ တူညီမှုနယ်ပယ်၌ ပို၍တန်ဖိုးလည်းရှိ၏။ ဤသဘောကို ဝိပဿနာဝေါဟာရဖြင့် ပြောပါမူ ပို၍ရှင်း၏။ ဉာဏ်စဉ်အရ ပရမတ္ထတရားတို့၏ ဝိသေသလက္ခဏာကို သိသောဉာဏ်သည် ဝိပဿနာဉာဏ်မဟုတ်သေး၊ ဝိပဿနာဉာဏ်၏ အခြေခံဉာဏ်မျှသာ ဖြစ်၏။ ထို့ကြောင့် အဆင့်အားဖြင့်နိမ့်၏။ သာမညလက္ခဏာကို သိသောဉာဏ်သည်သာ ဝိပဿနာဉာဏ်ဖြစ်၏။ အဆင့်အားဖြင့် မြင့်၏။

ဤသည်မှာ "မတူ"သည်ကို သိသောအသိထက် "တူ"သည်ကို သိသောအသိက ပို၍မြင့်မားကြောင်း ခိုင်လုံသောအထောက်အထားဖြစ်၏။ ဤသဘောကို လူနှင့်ပတ်သက်၍ ဆိုရလျှင် တရုတ်,ကုလား,မြန်မာ,မိန်းမ,ယောကျ်ား ဟူသော ဝိသေသလက္ခဏာအသိထက် လူဟူသော သာမညလက္ခဏာအသိက ပို၍မြင့်မားပါ၏။

ထို့ကြောင့် မိမိတို့ကိုယ်ကို မြင့်မြတ်သူများဖြစ်လာနိုင်စေရန် အားထုတ်ကြသူများသည် မိမိတို့၏ အသိနယ်ပယ်၌ "မတူ"သည်ကို သိသော ဘေဒ– အသိထက် ပို၍မြင့်မားသော တူသည်ကိုသိသော အဘေဒ– အသိကို ရနိုင်အောင် ကြိုးပမ်းကြခြင်း ဖြစ်၏။ ထိုသို့သိအောင်ကြိုးပမ်းသည်နှင့်အမျှ မြင့်မြတ်သူများ ဖြစ်လာကြမည်ဖြစ်၏။

ထို့ထက်ပို၍ မြင့်သောအသိသည် ရှိသေး၏။ ထိုအသိကား တူနှင့်မတူ နှစ်မျိုးစုံကို ကျော်လွန်သောအသိဖြစ်၏။ ယင်းအသိကို ဝိပဿနာဝေါဟာရဖြင့်ဆိုရလျှင် နိဗ္ဗာန်ကိုသိသော အသိဖြစ်၏။

တူနှင့်မတူနှစ်မျိုးစုံကိုကျော်လွန်သော သဘောသည် နှိုင်းရနယ်ပယ်ဖြစ်သော သင်္ခတပရမတ္ထနယ်ပယ်၌ မရှိချေ။ နိဗ္ဗာန်သည် အသင်္ခတပရမတ္ထဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်ကို သိသောအသိသည် တူနှင့်မတူ နှစ်မျိုးလုံးကိုကျော်လွန်သော အသိဖြစ်သည်ဟူ၍ ဆိုခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ကို သိသောအသိကို သန္တိလက္ခဏာကို သိသောအသိဟူ၍လည်း ဆိုရ၏။ ထို့ကြောင့် လက္ခဏာသုံးမျိုးတွင် သန္တိလက္ခဏာသည် အမြင့်မားဆုံးဖြစ်၏။

**လျှို့ဝှက်ချက်**

လျှို့ဝှက်ချက်ကို အိန္ဒိယဒဿနကျမ်းများ၌ "ရဟဿျ"ဟူ၍ ဆို၏။ ဤလောက၌ အရာရာတိုင်းတွင် လျှို့ဝှက်ချက်ရှိ၏။ ကြားစရာများနှင့် ပတ်သက်၍ဆိုရလျှင် ကြားရသောစကားသံထက် မကြားရသောစကားသံက ပို၍ စိတ်ဝင်စားဖွယ်ကောင်း၏။ ပို၍နက်နဲ၏။ ပို၍လျှို့ဝှက်၏။

လူတို့သည်ကြားရသောစကားသံများဖြင့် ပြောကြသည်ထက် မကြားရသော စကားသံ များဖြင့် ပို၍ပြောကြ၏။ ထို့ကြောင့် မကြားရသောစကားသံဖြင့် ပြောသည်ကို နားလည်ပါက ထိုသူ၏လျှို့ဝှက်ချက်ကို သိ၏။ ထိုသူ၏ လျှို့ဝှက်ချက်ကို သိလျှင် ထိုသူနှင့်ပတ်သက်၍ အားလုံးကိုသိ၏။ အမှန်အားဖြင့် ကြားရသောစကားသံဖြင့် ပြောသည်ကို သိရုံမျှနှင့်တော့ ထိုသူနှင့်ပတ်သက်၍ အားလုံးကိုမသိနိုင်။ ထို့အတူ မြင်စရာများနှင့်ပတ်သက်၍ ဆိုရလျှင်လည်း ဤလောက၌ မြင်ရသောမြင်စရာများထက် မမြင်ရသောမြင်စရာများက ပို၍စိတ်ဝင်စားဖွယ်ကောင်း၏။ ပို၍နက်နဲ၏။ ပို၍လျှို့ဝှက်၏။

ဤလောက၌ သက်ရှိပဲဖြစ်ဖြစ်၊ သက်မဲ့ပဲဖြစ်ဖြစ်၊ မည်သည့်အရာဝတ္ထုကမဆို မြင်ရသောမြင်စရာများကို ဖော်ပြကြသည်ထက် မမြင်ရသောမြင်စရာများကို ပို၍ဖော်ပြကြ၏။ ထို့ကြောင့် မမြင်ရသောမြင်စရာများကို မြင်အောင် ကြည့်တတ်ပါက ထိုအရာဝတ္ထု၏ လျှို့ဝှက်ချက်ကိုသိ၏။ ထိုအခါ ထိုအရာဝတ္ထုနှင့် ပတ်သက်၍ အားလုံးကိုသိ၏။ အမှန်အားဖြင့် မြင်ရသောမြင်စရာများကို မြင်အောင် ကြည့်တတ်ရုံမျှနှင့်တော့ ထိုအရာဝတ္ထုနှင့်ပတ်သက်၍ အားလုံးကိုမသိနိုင်ချေ။ ဤသို့ ဖြစ်ရသည်မှာ အမှန်ဖြစ်၏။ အငြင်းပွားဖွယ်မရှိ။

အကယ်၍သာ သက်ရှိ,သက်မဲ့အရာဝတ္ထုများ၏ မကြားရသောစကားသံကို ကြားနိုင်စွမ်းရှိလျှင်ဖြစ်စေ၊ မမြင်ရသောမြင်စရာများကို မြင်နိုင်စွမ်းရှိလျှင်ဖြစ်စေ၊ ထိုအခါ သခၤါရတရားများ၏ လျှို့ဝှက်ချက်ကို သိလာမည်ဖြစ်၏။ ဤနေရာ၌ သခၤါရတရားများ၏ လျှို့ဝှက်ချက်ဟူသည်မှာ "နိဗ္ဗာန်"ဖြစ်၏။

ထို့ကြောင့် နိဗ္ဗာန်ကိုသာ တကယ်တမ်း မျက်မှောက်ဆတ်ဆတ် သိနိုင်စွမ်းပါက လောကကိုပါ သိနိုင်စွမ်းမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် နိဗ္ဗာန်သည် လောကကို လွန်သော လောကုတ္တရာ ဖြစ်သောကြောင့်ဖြစ်၏။ ထိုအခါ လောက၌ လျှို့ဝှက်ချက်ဟူ၍ မရှိတော့။ လောက၏ လျှို့ဝှက်ချက်ကား ပေါ်လေပြီ။

**လျှို့ဝှက်ချက်ကိုသိလိုပါက အားထုတ်ရမည့်တရားနှစ်ပါး**

ထို့ကြောင့် လောကရှိအရာရာတိုင်း၏လျှို့ဝှက်ချက်ကို သိလိုပါက ပုညသမ္ဘာရနှင့်ဉာဏသမ္ဘာရ ပေါင်း သမ္ဘာရ နှစ်ပါးနှင့်ပြည့်စုံသည်ထက် ပြည့်စုံအောင် အားထုတ်ဖို့ လို၏။ ထိုသမ္ဘာရနှစ်ပါး ပြည့်စုံလာသည်နှင့်အမျှ လောက၏အကြောင်းကို ပို၍ပို၍ သိလာမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် "အန္တိဘူတော အယံ လောကော"ဟူသည့်အတိုင်း ဝိဇ္ဇာနိယာမ အတိုင်း လောကဟူသည် အမိုက်တိုက်သဖွယ်သာဖြစ်၏။ ညဥ့်သဖွယ်သာဖြစ်၏။ ဘဝဟူသည် အိပ်မက်သဖွယ်သာဖြစ်၏။ လူဟူသည် အိပ်နေသူသဖွယ်သာဖြစ်၏။

ထို့ကြောင့် ဗြဟ္မာဘဝသည်လည်း အိပ်မက်တစ်မျိုးသာဖြစ်၏။ နတ်ဘဝသည် လည်း အိပ်မက်တစ်မျိုးသာဖြစ်၏။ လူ့ဘဝသည်လည်း အိပ်မက်တစ်မျိုးသာဖြစ်၏။ တိရစ္ဆာန်ဘဝသည်လည်း အိပ်မက်တစ်မျိုးသာဖြစ်၏။ လောကဖြစ်စဉ်ဟူသမျှ အားလုံး တို့သည် အိပ်မက်သဖွယ်ချည်းသာ ဖြစ်ပါ၏။ အမှန်များမဟုတ်ကြ။ အမှန်များ မဟုတ်သဖြင့် လွမ်းစရာလည်းမရှိ။ ဆွေးစရာလည်းမရှိ။ တပ်မက်စရာလည်းမရှိ။ ဒေါသထွက်စရာလည်း မရှိ။ သို့ပါလျက် လွမ်းကြ၏။ ဆွေးကြ၏။ တပ်မက်ကြ၏။ ဒေါသထွက်ကြ၏။ ထိုအိပ်မက်ကား အစွမ်းထက်လှသော အိပ်မက်ပေတည်း။

သို့ရာတွင် "အာလောကော ဥဒပါဒိ" ဟူသည့်အတိုင်း အဝိဇ္ဇာနိယာမအရ မိုးမလင်းမချင်း အလင်းရောင်မလာမချင်း လောကသည် ညဥ့်သဖွယ် မှောင်မြဲမှောင်နေမည် ဖြစ်၏။ လူတို့သည်လည်း အိပ်မြဲအိပ်နေကြမည် ဖြစ်၏။ ဘဝအိပ်မက် များကိုလည်း မက်မြဲမက်နေကြမည်ဖြစ်၏။ နံနက်အလင်းရောင်လာ၍ အိပ်ရာမှ နိုးချိန်မရောက်မချင်း အိပ်ရာမှမနိုးမချင်း ဘဝအိပ်မက်များသည် ဆုံးတော့မည်မဟုတ်။ အမှန်အားဖြင့် အိပ်မက်တို့၏ ထုံးစံအတိုင်း မိမိတို့၏အိပ်မက်ကို အိပ်မက်ဟူ၍ပင်မထင်။ ဖြစ်ရပ်မှန်အဖြစ်ဖြင့်သာ ထင်၏။ တကယ်တမ်းနိုးလာသောအခါမှသာ မိမိတို့၏အိပ်မက်ကို "ဘာမျှမဟုတ်ပါ တကား၊ အိပ်မက်ပါတကား"ဟူ၍ သိလာမည်ဖြစ်၏။ မနိုးမချင်းတော့ ဘယ်နည်းနှင့်မျှ ထိုကဲ့သို့သိလာမည်မဟုတ်။ မသိမချင်းလည်း အတ္တနိယာမ-အရ ဘဝကို ကိုယ်ဖြစ်စေချင်သလို ဖြစ်လာအောင် ကြိုးပမ်းသော်လည်း အနတ္တနိယာမ - အရ ဘဝသည် ဖြစ်နိုင်သလိုသာ ဖြစ်လေ၏။

အိပ်မက်အတွင်း၌ ဖြစ်ချင်သလိုဖြစ်နိုင်၏။ ကောင်းကင်သို့လည်း ပျံနိုင်၏။ ရေပေါ်၌လည်း လျှောက်သွားနိုင်၏။ အားလုံးဖြစ်ချင်သလို ဖြစ်နိုင်၏။ ထိုနည်းအတူပင် ဘဝအိပ်မက်၌ အဖကိုသတ်၍လည်း ဘုရင်ဖြစ်နိုင်၏။ ဒုစရိုက်လုပ်ငန်းများဖြင့်လည်း သူဌေးကြီးဖြစ်နိုင်၏။ မည်သူက မည်သို့လုပ်ရမည်။ မည်သည့်အမှုက မည်သို့ဖြစ်ရမည် ဟူ၍လည်း ပြောခွင့်ရှိသူက ပြောနိုင်၏။ တကယ့်သူတော်စင်များကလည်း ပရိသတ်၏ အလယ်၌ သူယုတ်မာဖြစ်သွားနိုင်၏။ ဤသို့ဖြစ်ခြင်းမှာ အဝိဇ္ဇာ၏မာယာကို ဝိဇ္ဇာ၏ သစ္စာအဖြစ် အထင်မှားနေခြင်းမျှသာဖြစ်၏။ အမှန်အားဖြင့် ဘဝအိပ်မက်၏ ဘဝ ဖြစ်စဉ်များသည် လူတို့အနေဖြင့် တွေ့ကြုံနေကျ အိပ်မက်ပမာသာ ဖြစ်လေ၏။ အမှန်အားဖြင့် သူလည်းဘာမှမဟုတ်၊ ကိုယ်လည်းဘာမှ မဟုတ်။ သို့ရာတွင် ထိုအသိမျိုးကို သူတို့မသိကြ။သို့ဖြစ်၍ သိအောင်လုပ်နိုင်သည့် ပုဂ္ဂိုလ်မြတ်သည် အမိုက်တိုက် လောက အတွက် အမှန်ပင်လိုအပ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



**နံနက်အလင်းနှင့် မဂ်ဉာဏ်ရောင်**

"အာလောကော ဥဒပါဒိ"ဟူသည့်အတိုင်း နိဗ္ဗာန် တည်းဟူသော နံနက်အလင်းရောင်ကို မဂ်ဉာဏ်တည်းဟူသော မျက်စိဖြင့်မြင်၍ နိုးလာသောအခါမှသာ မိမိတို့၏ ဘဝအသိများသည် "ဘာမှမဟုတ် ပါတကား၊ အိပ်မက်များသဖွယ်ပါတကား"ဟု သိလာမည်ဖြစ်၏။ ထိုသို့သိလာနိုင်ရန် အိပ်ရာမှ နိုးဖို့လို၏။ အိပ်ရာမှနိုးနိုင်ရန် ပုညသမ္ဘာရနှင့် ဉာဏသမ္ဘာရပေါင်း သမ္ဘာရ နှစ်မျိုးပြည့်စုံအောင်ရနိုင်ရန် အားထုတ်ဖို့လို၏။ သမ္ဘာရနှစ်မျိုးကို ပြည့်စုံအောင်ရရှိရန် အားထုတ်ခြင်းကို ပါရမီဖြည့်ခြင်း ဟူ၍ဆိုရ၏။ ပါရမီဖြည့်ခြင်းဟူသည်မှာ လောက အတွက် လူသားများအနေဖြင့် မိမိတို့တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်းပင် ဖြစ်၏။ အထူးအဆန်းမဟုတ်။

ပါရမီဖြည့်သူများတွင် မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် အထင်ရှားဆုံး ဖြစ်၏။ ပါရမီဖြည့်လာသည်နှင့်အမျှ အလောင်းတော်မင်းသား၏ ဝိသေသ လက္ခဏာ, သာမည လက္ခဏာ, သန္တိ လက္ခဏာ တို့သည် တဖြည်းဖြည်းချင်း ထင်ရှားသည်ထက် ထင်ရှားလာလေ၏။

**လောကသားအပေါင်း၏သိဒ္ဓတ္ထ**

သိဒ္ဓတ္ထမင်းသားအနေဖြင့် ဆိုရလျှင် အလောင်းတော် မင်းသားသည် သာကီဝင်တို့၏ သိဒ္ဓတ္ထသာဖြစ်၏။ သာကီဝင်တို့နှင့်သာဆိုင်၏။ သာကီဝင်တို့၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်လျှင် အလောင်းတော်မင်းသား၏ တာဝန်သည် ကျေပြီဖြစ်၏။ ထို့ကြောင့် သာကီဝင်တို့က အလောင်းတော်မင်းသားအား စကြဝတေးမင်း ဖြစ်စေလိုခြင်းဖြစ်၏။ အကယ်၍သာ အလောင်းတော်မင်းသားသည် စကြဝတေးမင်း ဖြစ်ခဲ့ပါက သာကီဝင်တို့သည် မဇ္ဈိမဒေသ၌ သာမက စကြဝဠာတစ်ခုလုံး၌ လျှမ်းလျှမ်းတောက် ထင်ရှားလာမည်ဖြစ်၏။ ဤသဘောမှာ ဝိသေသ သဘော, ဝိသေသ လက္ခဏာ ဖြစ်၏။

ဤသည်မှာ အလောင်းတော်မင်းသားအနေဖြင့် မိမိ၏ကိုယ်ကျိုးကို ပဓာနမထားဘဲ လောက၏ အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခြင်းအတွက်ရရှိသော အနိမ့်ဆုံးအကျိုး ဖြစ်၏။ သို့ရာတွင် အလောင်းတော်မင်းသားသည် ထိုသဘောကို ထိုအဆင့်သာရရှိအောင် ရည်ရွယ်၍ အနစ်နာခံခဲ့ခြင်းမဟုတ်။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီတော် များကို ဖြည့်ကျင့်တော်မူခြင်းမဟုတ်။ လောကလူအပေါင်းတို့၏ သိဒ္ဓတ္ထအဖြစ်ကို ရလို၍လည်းကောင်း၊ ထို့နောက် လူနတ်ဗြဟ္မာ သတ္တဝါ အားလုံးတို့၏သိဒ္ဓတ္ထအဖြစ်ကို ရလို၍လည်းကောင်း ပါရမီတော်များကို ဖြည့်ကျင့်တော်မူခြင်းဖြစ်၏။

လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး မိမိ၏စည်းစိမ်ဥစ္စာများကို စွန့်ခြင်း၊ မိမိ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကိုစွန့်ခြင်း၊ မိမိ၏ အသက်ကိုစွန့်ခြင်း အားဖြင့် မိမိ၏ဘဝကို စတေးခဲ့ခြင်းဖြစ်၏။ ဤတွင် လောကလူအပေါင်းတို့၏ သိဒ္ဓတ္ထအဖြစ်ကို ရခြင်းဟူသည် သန္တိလက္ခဏာကို ရခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသန္တိလက္ခဏာကို သိဒ္ဓတ္ထမင်းသားသည် ဗောဓိပင်အောက်ရှိ အပရာဇိတ ပလ္လင်တော် ထက်၌ သဗ္ဗညုတဉာဏ်တော်ကိုရ၍ သုံးလောကထွတ်ထား မြတ်စွာဘုရား အဖြစ်သို့ ရောက်တော်မူချိန်မှစ၍ ရတော်မူခဲ့၏။

အမှန်အားဖြင့် သန္တိလက္ခဏာ၌ ဝိသေသလက္ခဏာလည်း ဝင်၏။ ဝိသေသ လက္ခဏာကိုလည်း ကျော်၏။ ထို့ကြောင့်မြတ်စွာဘုရားကို ဝိသေသ လက္ခဏာဝင်သဖြင့် "သာကီဝင်မင်းသား"ဟူ၍လည်း ပြော၍ ရ၏။ ဝိသေသ လက္ခဏာကိုကျော်သဖြင့် သာကီဝင်မင်းသားမဟုတ် "အနိုင်းမဲ့" ဟူ၍လည်း ပြောရ၏။ ထို့ကြောင့်ပင် ကပိလဝတ်ပြည် တွင်းသို့ ဆွမ်းခံဝင်ကြွတော်မူစဉ် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးအား မိမိ၏အနွယ်သည် မဟာသမ္မတ၊ သကျဝံသ၊ ခတ္တိယ အနွယ်မဟုတ်၊ ရှေးရှေးဘုရားရှင်တို့၏ အနွယ်သာ ဖြစ်သည်ဟူ၍ မြတ်စွာဘုရား ကိုယ်တော်တိုင်က မြွက်ကြားတော် မူခြင်း ဖြစ်၏။

ထို့အပြင် သန္တိလက္ခဏာ၌ သာမညလက္ခဏာလည်းဝင်၏။ သာမညလက္ခဏာ ကိုလည်း ကျော်၏။ ထို့ကြောင့် မြတ်စွာဘုရားကို သာမညလက္ခဏာဝင်သဖြင့်လူသား ဟူ၍လည်းဆိုရ၏။ သာမညလက္ခဏာကို ကျော်သဖြင့် လူသားမဟုတ် 'အတုမဲ့'ဟူ၍လည်း ဆိုရ၏။

အမှန်အားဖြင့် မြတ်စွာဘုရားသည် ဝိသေသလက္ခဏာနှင့် သာမညလက္ခဏာ နှစ်မျိုးလုံးကိုလွန်သော သန္တိလက္ခဏာကို ပိုင်ဆိုင်တော်မူသူဖြစ်ပါ၏။

ထို့ကြောင့် မြတ်စွာဘုရားကို အနိုင်းမဲ့ "အတုလ"ဟူ၍လည်းကောင်း၊ အမြတ်ဆုံး "အဂ္ဂပုဂ္ဂလ"ဟူ၍လည်းကောင်း ပိဋကစာပေများ၌ ဖော်ပြတော်မူခြင်း ဖြစ်ပါ၏။ ဟတ္ထိပဒေါပမ-သုတ်၏ ဝေါဟာရကို ယူ၍ဆိုရလျှင် သတ္တဝါအားလုံးတို့၏ ခြေရာ သည် ဆင်ခြေရာအတွင်း၌ ဝင်သကဲ့သို့ လူ,နတ်,ဗြဟ္မာ သတ္တဝါအားလုံးတို့၏အနွယ် သည် မြတ်စွာဘုရား၌ အတွင်းဝင်ပါ၏။ ဤသည်ကိုပင် "ဘေဒါဘေဒါတီတ" ဟူ၍ ဆိုရ၏။

ထို့ကြောင့် ဗြဟ္မာများက မြတ်စွာဘုရားကို မိမိတို့၏ "ဗြဟ္မာမင်းများ၏မကိုဋ်" ဟူ၍လည်းကောင်း၊ နတ်များကလည်း မြတ်စွာဘုရားကို မိမိတို့၏ "နတ်မင်းများ၏ မကိုဋ်" ဟူ၍လည်းကောင်း၊ လူများကလည်း မြတ်စွာဘုရားကို မိမိတို့၏ "လူမင်းများ၏ မကိုဋ်"ဟူ၍လည်းကောင်း၊ တိရစ္ဆာန်များကလည်း မြတ်စွာဘုရားကို မိမိတို့၏ "တိရစ္ဆာန်မင်းများ၏ မကိုဋ်"ဟူ၍လည်းကောင်း မှတ်ယူတော်မူကြပြီး ခင်မင် တွယ်တာ ကြခြင်း ဖြစ်၏။ ကြည်ညိုကြခြင်းဖြစ်၏။

ပုဂ္ဂိုလ်ကို ခင်သဖြင့် တရားကို မင်ကြခြင်းဖြစ်၏။ တရားကိုမင်သဖြင့်လည်း မြတ်စွာဘုရား၏ တရားဒေသနာကို နာကြားရသူ မည်သူမဆို အယုတ်ဆုံးအားဖြင့် ကျေးငှက်တိရစ္ဆာန်များပင်ဖြစ်စေ မိမိတို့၏ ပါရမီအလိုက်၊ မိမိတို့၏ ပဋိသန္ဓေအလိုက်၊

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ဣန္ဒြေအနုအရင့်အလိုက် သစ္စာလေးပါးကို သိသူများက သိကြ၏။ ပါရမီကုသိုလ် ရသူများက ရကြ၏။ ရိုးရိုး ကာမာဝစရကုသိုလ် ရသူများက ရကြ၏။ ဤသို့ဖြစ်ရခြင်းမှာ မြတ်စွာဘုရား၏ သန္တိလက္ခဏာ အထောက်အပံ့ များစွာ ပါဝင်ခြင်းကြောင့် ဖြစ်၏။ သို့ဖြစ်လေရာ ဤလောက၌ မြတ်စွာဘုရားမှ တစ်ပါး သန္တိလက္ခဏာတည်းဟူသော အကျိုးတရားကို မည်သူရနိုင်ပါမည်နည်း။

> အမှန်အားဖြင့် ဓမ္မနိယာမအရ လိုချင်သဖြင့်ရအောင်အားထုတ်၍ ရသော အကျိုးထက် မလိုချင်ဘဲနှင့် ဖြူစင်သော၊ မြင့်မြတ်သော၊ စိတ် စေတနာရင်း သက်သက်ဖြင့် အားထုတ်၍ရသောအကျိုးက အတိုင်းအဆမရှိ ကြီးမားပါ၏။

**ပါရမီကုသိုလ်၏သဘော**

အားထုတ်ရချင်းအတူတူ လိုချင်လေ အရနည်းလေဖြစ်ပြီး၊ မလိုချင်လေ အရများလေဖြစ်သည်မှာ ဓမ္မနိယာမ ပင်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လိုချင်၍ အားထုတ်ခြင်းမှာ "လောဘ"အပေါ်၌ အခြေခံပြီး မလိုချင်ဘဲ အားထုတ်ခြင်းမှာ "အလောဘ" အပေါ်၌ အခြေခံသောကြောင့်ဖြစ်၏။

လောဘအပေါ်၌ အခြေခံလျှင် ဝဋ္ဋသုခ ကိုလိုချင်သောကြောင့်ဖြစ်၏။ အလောဘ အပေါ်၌အခြေခံလျှင် ဝိဝဋ္ဋ သုခကို လိုချင်သောကြောင့် ဖြစ်၏။ ဝဋ္ဋသုခကိုလိုချင်လျှင် ပါရမီကုသိုလ်မဖြစ်။ သာမန်ကုသိုလ်သာဖြစ်၏။ ဝိဝဋ္ဋသုခ ကိုလိုချင်ပါမှ ပါရမီကုသိုလ် ဖြစ်၏။

လက်တွေ့အရဆိုလျှင်လည်း မြန်မာများက မြတ်စွာဘုရားကို မြန်မာအဖြစ်မြင်၏။ မြန်မာအဖြစ်ကြည်ညိုကြ၏။ တရုတ်များက မြတ်စွာဘုရားကို တရုတ်အဖြစ်မြင်၏။ တရုတ်အဖြစ်ကြည်ညိုကြ၏။ ကုလားများကလည်း မြတ်စွာဘုရားကို ကုလားအဖြစ်မြင်၏။ ကုလားအဖြစ်ကြည်ညိုကြ၏။ အင်္ဂလိပ်များကလည်းကောင်း၊ တိဘက်များက လည်းကောင်း၊ အခြားမည်သည့်လူမျိုးများကမဆို မိမိတို့၏အမျိုးအနွယ်အဖြစ် မြင်ခြင်း၊ ထိုသို့မြင်သည့်အလျောက် ကြည်ညိုကြခြင်းမှာ မြတ်စွာဘုရား၏ သန္တိလက္ခဏာ အကျိုးဆက်ပင် ဖြစ်ပါ၏။

ဤသို့သောအကျိုးဆက်မျိုးကို ပါရမီကုသိုလ်မျိုးဖြင့်သာ ရနိုင်၏။ အခြားသော ကုသိုလ်မျိုးဖြင့် မရနိုင်။ ရူပါဝစရကုသိုလ်မျိုးဖြင့်လည်း မရနိုင်။ အရူပါဝစရ ကုသိုလ်မျိုးဖြင့်လည်း မရနိုင်။ ပါရမီကုသိုလ်ဟူသည်မှာ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း၊ စကြဝတေးမင်း-စသည်အားဖြင့် လောကကို မိမိ၏ဘဝအတွက် သိမ်းပိုက်ရန် အားထုတ်သော ကုသိုလ်မျိုးမဟုတ်။ အနိမ့်ဆုံးအညတရ များအပါအဝင် လောကတစ်ခုလုံး အတွက် မိမိ၏ဘဝကိုစတေးသော ကုသိုလ်ဖြစ်၏။ ထိုကုသိုလ် ကြီးသလောက် ထို ကုသိုလ်၏ အကျိုးဆက်သည်လည်း ကြီးမားပါ၏။

ထိုသို့ကြီးမားပါလျက် လူတို့အနေဖြင့် အားမထုတ်ကြခြင်းမှာ သစ္စာကိုသစ္စာမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိရလေအောင် ဖုံးကွယ်တတ်သော အဝိဇ္ဇာက မိမိ၏မာယာကွန်ရက်ဖြင့် လွှမ်းခြုံထားသော တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော ပပဉ္စ-တရားများ လွှမ်းမိုးနေသောကြောင့်ပင် ဖြစ်ပါ၏။

တဏှာဝင်လျှင် မြင်မြင်သမျှအားလုံးအပေါ်၌ တပ်မက်၏။ မာနဝင်လျှင် "ငါမှငါ"ဟူ၍ မောက်မာ၏။ ဒိဋ္ဌိဝင်လျှင် မိမိ၏ဆန့်ကျင်ဘက်ဟူ၍ အထင်ခံရသူဟူသမျှကို အပြတ်နှိမ်၏။ ခေါင်းမထောင်နိုင်အောင် ဖိ၏။

ထို့နောက် "ဣဒမေဝ သစ္စံ၊ မောဃ မညံ- ဒီလိုပြုလုပ်ခြင်းသည်သာ အမှန်ဆုံးလုပ်ဆောင်ခြင်းဖြစ်တယ်၊ ဒီလိုမှမလုပ်လိုက်လျှင် အမှားဆုံးဖြစ်သွားမှာပေါ့" ဟူ၍ ဆိုတတ်ကြလေ၏။

**ဘဝကိုမဖြတ်သန်းဘဲ အရိယသစ္စာကိုမသိနိုင်**

ဘဝဟူသည် အိပ်မက်သဖွယ်သာဖြစ်၏။ ဤသို့ဆိုခြင်းသည် အရိယသစ္စာဉာဏ်ကိုရ၍ အဝိဇ္ဇာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးပြီးသော အရိယာပုဂ္ဂိုလ်တို့၏ ရှုထောင့်မှ ကြည့်၍မြင်ရသော အမြင်ဖြစ်၏။ အဝိဇ္ဇာတည်းဟူသော အိပ်ပျော်ခြင်းမှ မနိုးကြသေးသော ပုထုဇဉ်တို့၏ ရှုထောင့်မှကြည့်ပါလျှင် ဘဝဟူသည် အဖိုးအတိုင်းမသိထိုက်သော အနဃ-ရတနာဖြစ်၏။ အိပ်ပျော်သူမရှိဘဲ အိပ်မက်ကိုမက်၍မရသလို အဝိဇ္ဇာမရှိဘဲလည်း ဘဝဟူ၍မရှိ။ ဘဝဟူ၍မရှိဘဲလည်း ဘဝအိပ်မက်ကို မက်၍မရ။ ထို့ကြောင့် ဘဝကို အိပ်မက်သဖွယ် အဖြစ်ဖြင့်သာ မြင်ကြကုန်သော အရိယာပုဂ္ဂိုလ်တို့သည် ဘဝအိပ်မက်ကို ဖြတ်သန်း၍ သွားကြရသူများသာ ဖြစ်ကြ၏။

အမှန်အားဖြင့် ဘဝကိုမဖြတ်သန်းဘဲ အရိယသစ္စာအမြင်ကို မရနိုင်။ အရိယသစ္စာအမြင်ကို မရလျှင်လည်း အဝိဇ္ဇာတည်းဟူသော အိပ်ပျော်ခြင်းမှမနိုး။ ထို့ကြောင့် ဘဝဟူသည် အဝိဇ္ဇာတည်းဟူသော အိပ်ပျော်ခြင်းမှ မနိုးကြသေးသော ပုထုဇဉ်များအတွက် 'အဖိုးအတိုင်းမသိထိုက်သော အနဃ-ရတနာ ဖြစ်၏' ဟူ၍ ဆိုခြင်းဖြစ်ပါ၏။

အမှန်အားဖြင့် ဘဝအပေါင်းတို့တွင် လူ့ဘဝသည်သာ "မနုဿတ္တဘာဝေါ ဒုလ္လဘော"အရ ပို၍ အနဃ-ရတနာ ဖြစ်၏။ ဤသို့သိလျက် လူတို့သည် မိမိတို့၏ ဘဝကိုသာ အနဃ-ရတနာအဖြစ် တန်ဖိုးထားကြ၏။ သူတစ်ပါး၏ဘဝကိုမူ တန်ဖိုးမထား။ သို့ဖြစ်၍ လူတိုင်း၏ဘဝကို အနဃ-ရတနာအဖြစ် တန်ဖိုးထားပါစေခြင်းငှာ ဤသို့ အိပ်ပျော်ခြင်း၊ နိုးခြင်းတို့နှင့်ပတ်သက်၍ မြတ်စွာဘုရားသည် ဘဝ၏တန်ဖိုးကို သူ့ရှုထောင့်နှင့်သူ ဟောကြားတော်မူခဲ့ခြင်းဖြစ်၏။

အဝိဇ္ဇာတည်းဟူသော အိပ်ပျော်ခြင်းမှ မနိုးကြသေးသော ပုထုဇဉ်များအားလုံးအတွက် မိမိတို့၏ဘဝသည် ဤလောကတွင် ချစ်စရာအကောင်းဆုံး အနဃ-ရတနာချည်း ဖြစ်၏။ ထို့ကြောင့် ပုထုဇဉ်တိုင်းသည် မိမိ၏ဘဝကိုချစ်၏၊ တန်ဖိုးထား၏။ မိမိ၏ ဘဝနှင့် ပတ်သက်သမျှကိုချစ်၏၊ တန်ဖိုးထား၏။ ထိုသို့ဖြစ်လျှင် ပုထုဇဉ် လူသားတို့သည် မိမိတို့ကိုယ်ကို ချစ်ကြခြင်း၊ တန်ဖိုးထားကြခြင်း၊ မိမိတို့၏ မိသားစုကို ချစ်ကြခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားကြခြင်း၊ မိမိတို့၏အမျိုးသားများကို ချစ်ကြခြင်း၊ တန်ဖိုးထားကြခြင်း၊ မိမိတို့၏နိုင်ငံတော်ကို ချစ်ကြခြင်း တန်ဖိုးထားကြခြင်းမှာ မိမိတို့ဘဝနှင့် ပတ်သက်နေသည်ဟု ခံယူထားသောကြောင့်ဖြစ်၏။

အကယ်၍ မိမိ၏မိသားစုသည်လည်းကောင်း၊ မိမိ၏ အမျိုးသားများသည်လည်းကောင်း၊ မိမိ၏ နိုင်ငံတော်သည်လည်းကောင်း မိမိဘဝနှင့် ပတ်သက်ခြင်းမရှိဟူ၍ ခံယူထားပါလျှင် မိမိ၏ဘဝကလွဲ၍ အခြားမည်သည့်အရာကိုမျှ ချစ်လိမ့်မည်မဟုတ်၊ အခြားမည်သူ့ကိုမျှလည်း ချစ်လိမ့်မည်မဟုတ်။ သို့ဖြစ်၍သာ မြတ်စွာဘုရားက "အတ္တသမံ ပေမံ နတ္ထိ– မိမိနှင့်တန်းတူထား၍ ချစ်နိုင်သောအရာဟူ၍ ဘာမျှမရှိ"ဟု ဟောကြားတော်မူခြင်းဖြစ်၏။

ထို့ကြောင့် ပုထုဇဉ်တို့သည် မိမိတို့ကိုယ်ကိုမိမိတို့ ချစ်ကြသည်မှာ အထူးပြောစရာမရှိ။ အတ္တလွန်ကဲသူများဖြစ်ပါမူ ထိုမျှနှင့်ပင်ပြီး၏။ ထို့နောက်ချစ်စရာဟူ၍မရှိတော့။ သို့ရာတွင် အတ္တ ထိုမျှလောက် မလွန်ကဲသူများဖြစ်ပါက မိမိတို့၏ ဘဝနှင့်ပတ်သက်သမျှအားလုံးကိုလည်း ချစ်ပါ၏။ ထို့ကြောင့် အယုတ်ဆုံးအားဖြင့် မည်သူမဆို မိမိကိုယ်ကို မိမိချစ်သည်မှာ ထင်ရှား၏။ အငြင်းပွားဖွယ်ရာ တစ်စုံတစ်ခုမျှမရှိ။

သို့ရာတွင် လူသည် ပင်ကိုသဘောအားဖြင့် မိမိကိုယ်ကို မိမိချစ်မှုအပေါ် အခြေပြု၍ လွတ်လပ်လို၏။ လွတ်လပ်မှုကို "မောက္ခ" ဟူ၍ ခေါ်၏။ အမှန်အားဖြင့် မောက္ခ ဟူသည် နိဗ္ဗာန်၏အမည်ဖြစ်၏။ ထို့ကြောင့် လူတို့သည် သံသရာတလျှောက်လုံး နိဗ္ဗာန်ရသည့်တိုင်အောင် လွတ်လပ်လိုခြင်းဖြစ်၏။

ထို့အပြင် အမြဲထာဝစဉ် အသက်ရှင်နေချင်နေ၏။ မသေချင်။ မသေခြင်းကို "အမတ"ဟူ၍ ခေါ်၏။ အမတ ဟူသည်လည်း နိဗ္ဗာန်၏ အမည်ပင်ဖြစ်၏။ ထို့ကြောင့် လူသည် သံသရာတလျှောက်လုံး နိဗ္ဗာန်ရသည့်တိုင်အောင် မသေဘဲအသက်ရှင်နေလိုခြင်းဖြစ်၏။

ထို့အပြင် လူသည် အားကိုးရာကိုလည်း ပိုင်ဆိုင်ထားချင်၏။ အားကိုးရာကို "သရဏ"ဟူ၍ ခေါ်၏။ အမှန်အားဖြင့် သရဏဟူသည်လည်း နိဗ္ဗာန်၏အမည်ပင်ဖြစ်၏။

ထို့ကြောင့် လူသည်သံသရာတလျှောက်လုံး နိဗ္ဗာန်ရသည့်တိုင်အောင် အားကိုးရှိလိုခြင်း ဖြစ်၏။ ဤသည်များမှာ မိမိတို့၏ဘဝအပေါ် တွယ်တာမှုကို အကြောင်းပြု၍ သတ္တဝါတို့၏ ဗီဇဆန္ဒ ဖြစ်၏။

**အားကိုးရှာကြခြင်း** ဘဝနိကန္တိက ခေါ် ဘဝဒ္ဒြတွယ်တာမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ဗီဇဆန္ဒ သုံးမျိုးတို့တွင် အားကိုးခြင်း သရဏသည်များစွာပြဋ္ဌာန်း၏။ ယင်းကို ကိုးကွယ်ရာ "နာထ" ဟူ၍လည်းဆို၏။ ထို့ကြောင့် မြတ်စွာဘုရားက "အတ္တာဟိ အတ္တနော နာထော– မိမိသည်ပင်လျှင် မိမိ၏ကိုးကွယ်ရာ" ဟူ၍ ဟောကြားတော်မူခြင်းဖြစ်၏။ မြတ်စွာဘုရားက မိမိ၏ကိုးကွယ်ရာဟူသည် မိမိကိုယ်တိုင်ပြုအပ်သော ကုသိုလ်ဓမ္မများ နှင့် လောကုတ္တရာဓမ္မများသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဓမ္မများသည်သာ မိမိ၏ကိုးကွယ်ရာ အစစ်အမှန်ဖြစ်သည်ဟု ဟောကြားတော်မူပါ၏။

သို့ရာတွင် ဤလောက၌ လူတို့သည် မိမိတို့၏ လွတ်လပ်မှု မောက္ခ၊ မိမိတို့၏ မသေမှု အမတ-တို့အတွက် အားကိုးရာကို မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း မိမိတို့၏ခန္ဓာကိုယ်တွင်း၌ မရှာကြဘဲ ပြင်ပ၌သာရှာကြ၏။ သူတို့ရှာသော အားကိုးရာများကား အဏုမြူလက်နက်များ၊ လေတပ်များ၊ ရေတပ်များ၊ ကြည်းတပ်များဖြစ်ကြ၏။

ဤလက်နက်များသည် သူတို့မြတ်နိုးသောဘဝအပေါ် တွယ်တာမှုကိုအကြောင်းပြု၍ လွတ်လပ်မှု-မောက္ခ၊ မသေမှု- အမတ တို့အတွက်ဖြစ်ကြ၏။ အမှန်အားဖြင့် လွတ်လပ်မှု- မောက္ခနှင့် မသေမှု- အမတတို့အတွက် အားကိုးရာကို ရှာခြင်းသည် မိမိတို့အနေဖြင့် အမြတ်နိုးဆုံး၊ တန်ဖိုးအထားဆုံးဖြစ်သော မိမိတို့၏ ဘဝအပေါ် မိမိတို့အနေဖြင့် ချစ်လွန်းသောကြောင့်ဖြစ်၏။ မြတ်နိုးလွန်းသောကြောင့်ဖြစ်၏။ တန်ဖိုးထားလွန်းသောကြောင့်ဖြစ်၏။

မိမိတို့၏ ဘဝကို ထိန်းသိမ်းကာကွယ်ရန်အတွက် ကုသိုလ်ဓမ္မများနှင့် လောကုတ္တရာဓမ္မများကို အားမကိုးဘဲ လက်နက်များကိုအားကိုးခြင်း၊ တပ်မကြီးများကို အားကိုးခြင်းသည် ဗုဒ္ဓဒေသနာတော်အရဆိုလျှင် အကုသိုလ်ဓမ္မများကို အားကိုးရာရောက်၏။ အကုသိုလ်ဓမ္မများကို အားကိုးလျှင် အလိုအလျောက် ဒုစရိုက်များကို ကျူးလွန်ပြီးသားဖြစ်တော့၏။ ဒုစရိုက်များကိုကျူးလွန်ပါက ယင်းတို့ဆိုင်ရာ အကုသိုလ်အကျိုးများသည် မလွဲမသွေ ဖြစ်ပေါ်လာမည် ဖြစ်၏။

အကုသိုလ်အကျိုးများဆိုကတည်းက စိုးရိမ်ရခြင်း "သောက"၊ အသံထွက်၍ ငိုကြွေးရခြင်း "ပရိဒေဝ"၊ အသံမထွက်ဘဲ ကြိတ်၍ငိုကြွေးရခြင်း "ဥပါယာသ"၊ ကိုယ်ဆင်းရဲရခြင်း "ဒုက္ခ"၊ စိတ်ဆင်းရဲရခြင်း "ဒေါမနဿ" တို့သည်အလိုအလျောက် ပါဝင်ပြီးသား ဖြစ်ကြလေ၏။ သို့ဖြစ်လျှင် "ဇာတံ သရဏတော ဘယံ" ဟူသည့်အတိုင်း ကိုးကွယ်ရာ-သရဏမှ လွတ်လပ်မှု-မောက္ခ၊ မသေခြင်း- အမတတို့ကို မရတော့ဘဲ ဘေးအမျိုးမျိုးကိုသာ ရမည်ဖြစ်၏။ ဤသဘောကို ဗုဒ္ဓဒေသနာအရသာမက လက်တွေ့ကမ္ဘာ့ဖြစ်ရပ်များ၌လည်း တွေ့ရမည်ပင်ဖြစ်၏။ သို့ရာတွင် လူတို့သည် လက်နက်အားကိုးမှု၌သာ အဟုတ်ကြီးထင်နေကြတုန်း ရှိသေး၏။ လက်နက်ဖြင့် အနိုင်ကျင့်မှု၌သာ အကျေနပ်ဆုံးဖြစ်ကြတုန်း ရှိကြသေး၏။ မောဟ ဖိစီးလွန်းစွပါတကား။ ထို့ကြောင့် ထိုမောဟ အကုသိုလ်ဓမ္မအား အားကိုးခြင်းကို ပယ်ဖို့လိုပါ၏။

အမှန်အားဖြင့် လက်နက်အားကိုးခြင်းဟူသည် အကုသိုလ်ဓမ္မကို အားကိုးခြင်းပင် ဖြစ်လေရာ ထိုသို့အားကိုးခြင်းဖြင့် မိမိကိုယ်ကို တကယ်တမ်းချစ်ရာရောက်သည်ဟု ယုံကြည်ပါလျှင်, မိမိ၏လူမျိုးကို တကယ်တမ်းချစ်ရာရောက်သည်ဟု ယုံကြည်ပါလျှင်, မိမိနိုင်ငံတော်ကို တကယ်တမ်းချစ်ရာရောက်သည်ဟုယုံကြည်ပါလျှင်၊ ထိုသို့ယုံကြည်သူများကို ချစ်ရာမရောက်ကြောင်း အမှန်အကန်နားလည်လာအောင် ဗုဒ္ဓဒေသနာတော်များကို အမှန်အကန်သွန်သင်ပေးရုံမှတစ်ပါး အခြားနည်းလမ်းဟူ၍ မရှိတော့။ ထို့ပြင်

www.burmeseclassic.com

www.burmeseclassic.com



သွန်သင်ပေးပါလျက် မလိုက်နာလျှင်မူ မလိုက်နာသူများ၏အပြစ်သာဖြစ်၏။ အမှန်အားဖြင့် ရေကန်ရှိပါလျက် မိမိ၌လိမ်းကျံနေသော အညစ်အကြေးကို ရေကန်၌မဆေးကြောလျှင် ရေကန်၌အပြစ်ဟူ၍ မရှိ။

ကံကြမ္မာစက်ဝန်း၏ နိယာမအရ လူများကိုခြုံ၍ဆိုရလျှင် လူတို့ပြုလုပ်သော သံခြေကျင်းက လူတို့ကိုပင်ပြန်၍ ချုပ်နှောင်၏။ လူတို့ပြုလုပ်သော သေနတ်ကျည်ဆံက လူတို့ကိုပင်ပြန်၍မှန်၏။ လူတို့ပြုလုပ်သော အဏုမြူဗုံးက လူတို့အပေါ်ကိုပင်ပြန်၍ ကြဲ၏။ သမိုင်းအရဆိုလျှင်လည်း သူပြုလုပ်သောခေါင်းဖြတ်စက်က သူ့ခေါင်းကိုပင် ပြန်၍ဖြတ်၏။ ဤသဘောကို တိုက်ဆိုင်ခြင်းဟူ၍မဆိုနိုင်။ ဗုဒ္ဓဒေသနာတော်၌ "သဒိသံ ပါကံ ဇနေတိ-ကံဟူသည် မိမိနှင့်တူသောအကျိုးကို ပေး၏" ဟူ၍ဆိုပါ၏။

**လူ့အောက်များစွာ နိမ့်သူများ၏အသိ**

လူသည် မိမိကိုယ်ကိုသာလျှင် လူဖြစ်သည်။ အခြားလူများကို လူမဟုတ်ဟူ၍ သိနေလျှင် ထိုအသိသည် "ဘောဒ" အသိမည်၏။ ထို"ဘောဒ" အသိသည် တကယ်တမ်းဆိုရလျှင် လူ့အသိမဟုတ်၊ လူ့အောက်များစွာ နိမ့်သူများ၏ အသိသာဖြစ်၏။ ယင်းကို အဘိဓမ္မာဝေါဟာရဖြင့်ဆိုရလျှင် "ပပဉ္စ"အသိဟူ၍ ဆိုရ၏။ ပပဉ္စအသိဟူသည်မှာ တဏှာသိ၊ မာနသိ၊ ဒိဋ္ဌိသိ ဖြစ်၏။ ခြုံ၍ဆိုရလျှင် "အကုသိုလ်"အသိဖြစ်၏။

မိမိသည်လည်း လူ၊ အခြားသူများသည်လည်း လူဖြစ်သည်ဟူသောအသိသည် "အဘောဒ"အသိမည်၏။ ထို"အဘောဒ"အသိသည် ဗြဟ္မစိုရ် အသိဖြစ်၏။ ဗြဟ္မစိုရ် အသိဟူသည် ကုသိုလ်သိဖြစ်၏။ ထိုဗြဟ္မစိုရ်အသိသည်ပင် ပါရမီရှုထောင့်မှဆိုလျှင် လမ်းမှား မိစ္ဆာပဋိပဒါ ဖြစ်နိုင်သေးကြောင်း နိဒါနဝဂ္ဂသံယုတ္တအဋ္ဌကထာ၊ ပဋိပဒါ-သုတ်၌ ဆိုထား၏။ သို့ဖြစ်လျှင် ငါသာလျှင်လူဖြစ်သည်၊ အခြားသူများသည် လူမဟုတ် ဟူ၍သိသော ဘောဒအသိသည် မည်မျှများယွင်းသော အသိမှား မိစ္ဆာပဋိပဒါ ဖြစ်ကြောင်း၊ ဖော်ပြစရာပင် လိုမည်မဟုတ်။

**ပါရမီကိုသဘောပေါက်ဖို့လို၏**

အမှန်အားဖြင့် ပါရမီအသိဟူသည်မှာ ဘောဒအသိကိုလည်း လွန်ရ၏။ အဘောဒ အသိကိုလည်းလွန်ရ၏။ ထို့ကြောင့် ဗြဟ္မစိုရ်အသိတိုင်းကိုပင် မှန်သော ကျင့်စဉ် သမ္မာပဋိပဒါ အဖြစ်မဆိုဘဲ၊ မှားသောကျင့်စဉ် မိစ္ဆာပဋိပဒါအဖြစ် ရှိနိုင်သေးကြောင်း ပဋိပဒါ သုတ်၌ ဖော်ပြထားခြင်းဖြစ်၏။ မြင့်မြတ်သူတို့၏ လုပ်ငန်း=ပါရမီ ဟူသည်မှာ လုပ်ငန်းအပေါ်၌ အခြေမခံ၊ နလုံးသွင်းအပေါ်၌သာ အခြေခံ၏။

ထို့ကြောင့် လုပ်ငန်းအနေဖြင့်ဆိုရလျှင် ဒါနဖြစ်ချင်ဖြစ်မည်။ သီလဖြစ်ချင်ဖြစ်မည်။ ဘာဝနာဖြစ်ချင်ဖြစ်မည်။ သို့ရာတွင် ဒါနဖြစ်တိုင်း ပါရမီမဖြစ်။ သီလဖြစ်တိုင်းလည်း ပါရမီမဖြစ်။ ဘာဝနာဖြစ်တိုင်းလည်း ပါရမီမဖြစ်။ အချုပ်အားဖြင့်ဆိုရလျှင် ကုသိုလ်ကောင်းမှုလုပ်တိုင်း ပါရမီမဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အဠကထာက ရှာန်အဘိညာဉ်လုပ်ငန်းများသည်ပင် ပါရမီဖြစ်ချင်မှ ဖြစ်ကြောင်း မိန့်ကြားတော်မူခြင်းဖြစ်၏။ သို့ဖြစ်၍ ပါရမီဟူသည်မှာ လုပ်ငန်းအပေါ်၌ မတည်ဘဲ နှလုံးသွင်းအပေါ်၌သာ တည်ကြောင်း ဆိုခြင်းဖြစ်၏။

လူတို့သည် များသောအားဖြင့် ပုထုဇဉ်များဖြစ်ကြသည့် အားလျော်စွာ ပုထုဇဉ်တို့၏ ဓမ္မတာအတိုင်း ကောင်းမှုကို လုပ်ချင်လည်းလုပ်မည်။ ကောင်းမှုကိုလုပ်လျှင် ကုသိုလ်တော့ဖြစ်၏၊ သို့ရာတွင် ပါရမီဖြစ်ချင်မှ ဖြစ်မည်။

မကောင်းမှုကိုလုပ်ချင်လည်း လုပ်မိမည်။ သို့ရာတွင် မကောင်းမှုကို လုပ်မိရုံမျှနှင့်တော့ ပါရမီမဖြစ် ဟူ၍မဆိုနိုင်။

ပိဋကတော်များ၌ အကုသိုလ်သည်လည်း မှိဝဲအပ်သော အကုသိုလ်နှင့် မမှိဝဲအပ်သော အကုသိုလ်ဟူ၍ နှစ်မျိုးရှိကြောင်း ဖော်ပြခြင်းရှိ၏။ အကုသိုလ်ကို ယုတ်လျော့စေပြီး ကုသိုလ်ကိုပွားစေနိုင်သော အကုသိုလ်မျိုးကား မှိဝဲသင့်သော အကုသိုလ်မည်၏။

ယင်းအကုသိုလ်မျိုးကို သေဝိတဗ္ဗ-အကုသိုလ်ဟူ၍ ကျမ်းဂန်များ၌ ဆို၏။ သေဝိတဗ္ဗ-ဟူသည်မှာ မှိဝဲအပ်သော-ဟူ၍ အဓိပ္ပာယ်ထွက်၏။ "သူတောင် တရားထူးရနိုင်သေးတာ၊ ငါကတော့ဘာဖြစ်လို့ မရနိုင်ရမှာလဲ-ဟု မခံချင်သောမာနကို အကြောင်းပြုပြီး တရားအားထုတ်မယ်ဆိုရင်တော့ ဒီမာနမျိုးဟာ ထားထိုက်တဲ့ မာနဖြစ်တယ်"ဟူ၍ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ် စာအုပ်၌ ဖတ်ရှုရ၏။

ထို့အပြင် မိမိ၏သန္တာန်၌ဖြစ်သော ဒေါမနဿ ကို အကြောင်းပြု၍ သံဝေဂ-ရပြီး တရားအားထုတ်သဖြင့် ရဟန္တာဖြစ်သွားသော မထေရ်များအကြောင်းကိုလည်း ပိဋကတော်များ၌ တွေ့ရ၏။ ဥပမာအားဖြင့်ဆိုရလျှင် မှိဝဲထိုက်သောအကုသိုလ်သည် ထီးတော်တင်ရန် ဆင်ရသောငြမ်းနှင့်တူ၏။ ငြမ်းဟူသည် ထီးတော်တင်ရန်သာဖြစ်၏။ ထို့နောက်ငြမ်းကိုဖျက်ရ၏။

## မြင့်မြတ်မှုနှင့်မမြင့်မြတ်မှုတို့၏ ခြားနားချက်

ပုဂ္ဂိုလ်အပေါ် အခြေတည်၍ ဆိုရလျှင် မည်သည့် ပုဂ္ဂိုလ်ကပင် လုပ်ငန်းကိုလုပ်လုပ် ကိုယ်ဖြင့်လုပ်လျှင် ကာယကံ လုပ်ငန်းချည်းဖြစ်၏။ ဘာမျှခြားနားချက်မရှိ။ နှုတ်ဖြင့်လုပ်လျှင် ဝစီကံ လုပ်ငန်းချည်းသာဖြစ်၏။ ဘာမျှခြားနားချက်မရှိ။ စိတ်ဖြင့်လုပ်လျှင် မနောကံ လုပ်ငန်းချည်းဖြစ်၏။ ဘာမျှခြားနားချက်မရှိ။ ကောင်းမှုကိုလုပ်လျှင်လည်း ကုသိုလ်ကံလုပ်ငန်းချည်းဖြစ်၏။ ဘာမျှခြားနားချက်မရှိ။ မကောင်းမှုကိုလုပ်လျှင်လည်း အကုသိုလ်ကံလုပ်ငန်းချည်း ဖြစ်၏။ ဘာမျှခြားနားချက်မရှိ။ ထို့ကြောင့် လုပ်ငန်းအပေါ် အခြေတည်၍ မြင့်မြတ်မှုနှင့် မမြင့်မြတ်မှုတို့ကို ခွဲခြားသတ်မှတ်ရန် မဖြစ်နိုင်ခြင်းဖြစ်၏။ ဤသဘောကိုရည်၍ မြတ်စွာဘုရားကလည်း "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"ဟု ဟောတော်မူခြင်းဖြစ်၏။ ဤဒေသနာတော်အ

www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်မှုနှင့် မမြင့်မြတ်မှုကို လုပ်ငန်းအပေါ်အခြေတည်၍ ခွဲခြားရမည်မဟုတ်။ စေတနာအပေါ် အခြေတည်၍သာ ခွဲခြားရမည်ဟု နားလည်ရ၏။

ကာယကံလုပ်ငန်းပဲဖြစ်ဖြစ်၊ ဝစီကံလုပ်ငန်းပဲဖြစ်ဖြစ်၊ မနောကံလုပ်ငန်းပဲဖြစ်ဖြစ်၊ ကုသိုလ်လုပ်ငန်းပဲဖြစ်ဖြစ်၊ အကုသိုလ်လုပ်ငန်းပဲဖြစ်ဖြစ် လောကလူသားတို့၏ အကျိုးစီးပွား အတွက် မိမိ၏ဘဝကိုစတေးပြီး လုပ်ဆောင်ပါက ထိုလုပ်ငန်းသည် မြင့်မြတ်မှုမည်၏။ ပါရမီမည်၏။

ပါရမီသဘောဟူသည်မှာ မိမိအတွက် တစ်စုံတစ်ရာသော အကျိုးစီးပွားကို မျှော်ကိုးခြင်းမရှိဘဲ စွန့်လွှတ်ခြင်း သို့မဟုတ် စတေးခြင်းသက်သက်သာ ဖြစ်၏။ စွန့်လွှတ်ခြင်း သို့မဟုတ် စတေးခြင်းဟူသည်မှာ အတ္တ-ကို ပယ်သတ်ခြင်းဖြစ်၏။ အတ္တ ကိုပယ်သတ်ခြင်းဟူသည်မှာလည်း တဏှာ ကိုသတ်ခြင်း၊ မာန ကိုသတ်ခြင်း၊ ဒိဋ္ဌိ ကိုသတ်ခြင်း ပင်ဖြစ်၏။

ထို့ကြောင့် အတ္တ-သေသဖြင့် ရရှိသောအကျိုးသည် အတ္တ-ကြောင့်ရရှိသော အကျိုးထက် များစွာမြင့်မား၏။ လူ,နတ်,ပြဟ္မာ-သတ္တဝါ တို့၏ ဦးခိုက်ခြင်းကိုခံထိုက်သော အကျိုးဖြစ်၏။ ဤသဘောကို ဝိဝဋ္ဋ-မျက်စိဖြင့်ကြည့်မှ မြင်နိုင်၏။ ဝဋ္ဋမျက်စိဖြင့် ကြည့်လျှင်မူ ထိုသို့မမြင်နိုင်ပါချေ။

**အကျိုးနှစ်မျိုး** အတ္တ ကြောင့် ပစ္စည်းဥစ္စာများကိုလည်း ရ၏။ ယင်းသို့ရခြင်းကို 'လာဘ' ကိုရခြင်းဟူ၍ ခေါ်၏။ အတ္တ ကြောင့် အများက အလေးအမြတ် ပြု၍ ပူဇော်ခြင်းကိုလည်းရ၏။ ယင်းသို့ရခြင်းကို 'သက္ကာရ' ကိုရခြင်းဟူ၍ ခေါ်၏။ အတ္တ ကြောင့်ထင်ပေါ်ကျော်ကြားမှုကိုလည်း ရ၏။ ယင်းသို့ရခြင်းကို 'သိလောက' ကို ရခြင်းဟူ၍ ခေါ်၏။

ဤသို့ရခြင်းများသည် မိမိအတွက်ရလို၍ ကြိုးစားခြင်းကြောင့် ရခြင်းဖြစ်၏။ သို့ရာတွင် ထိုသို့ကြိုးစားတိုင်းလည်း ရသည်မဟုတ်။ ရချင်မှရ၏။ အကြောင်း တိုက်ဆိုင်လျှင် ရ၏။ အကြောင်းမတိုက်ဆိုင်လျှင်လည်း မရဖြစ်တတ်၏။

အမှန်အားဖြင့် ရခြင်းနှင့်မရခြင်းသည် ကံ, ဉာဏ်, ဝီရိယ အပေါ် တည်၏။ ဓမ္မတာအားဖြင့် မျိုးစေ့ကိုစိုက်ပျိုးတိုင်း အပင်ပေါက်သည်မဟုတ်။ ပေါက်ချင်မှပေါက်၏။ မပေါက်ချင်လည်း မပေါက်။ အကယ်၍ ပေါက်ပြန်ပါကလည်း မြေဩဇာ ကျွေးလျှင် တစ်မျိုးဖြစ်၏။ မြေဩဇာမကျွေးလျှင် တစ်မျိုးဖြစ်၏။ ထို့အပြင် ပိုးသတ်ဆေးဖြင့် အန္တရာယ်ကို ဖယ်ရှားပေးလျှင် တစ်မျိုးဖြစ်၏။ အန္တရာယ်ကို မဖယ်ရှားပေးလျှင် တစ်မျိုးဖြစ်၏။ ထို့ကြောင့် အကျိုးရမှုအတွက် ကံအပြင် ဉာဏ်နှင့်ဝီရိယ ကို လိုအပ်ခြင်းဖြစ်၏။

အမှန်အားဖြင့် လာဘ၊ သက္ကာရ၊ သိလောက များကို မိမိအတွက်ရချင်၍ ကြိုးစားကြရာတွင် ရထိုက်သဖြင့် ရသည်ဟု ဆိုကြသည်လည်းရှိ၏။ မရထိုက်ဘဲရသည်ဟု ဆိုကြသည်လည်းရှိ၏။ အတွေ့အကြုံအရဆိုလျှင် တကယ်တမ်းရထိုက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားသည်ဟု အထင်ခံရသူက မရဘဲ၊ မရထိုက်ဟုအထင်ခံရသူက ရသွားခြင်းလည်း ရှိတတ်၏။

သို့ဖြစ်လေသောအခါ "အနစ်နာခံတော့ ငါက၊ စံတော့ သူက"ဟူ၍မြင်ပြီး ငါက အနစ်နာခံသူဖြစ်သဖြင့် ငါသာစံထိုက်သည်ဟုခံယူ၍ မရလျှင်ရသည့်နည်းဖြင့် လက်ရှိရထားသူထံမှ အတင်းအဓမ္မယူတတ်၏။ ဤသည်မှာ အတ္တ-ကြောင့်ပင်ဖြစ်၏။

အမှန်အားဖြင့် အတ္တ ဟူသည် ပုဂ္ဂိုလ်အတ္တ လည်းရှိ၏။ မိသားစုအတ္တ လည်းရှိ၏။ မျိုးနွယ်စု အတ္တ လည်းရှိ၏။ နိုင်ငံတော် အတ္တ လည်းရှိ၏။ သူတစ်ပါးဟူ၍ ခံယူပြီး "ဘေဒ"အမြင်ဟူသမျှသည် အတ္တအမြင်ချည်းဖြစ်၏။

အကယ်၍ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်စဉ်ကပင် "ငါ"ကိုစတေးပြီး "ငါ့အတွက်" ဟူ၍မရှိလျှင် ဤသို့သောပြဿနာသည် ပေါ်စရာမရှိ။ ဓမ္မနိယာမ-အရ ထိုက်သည်ဟု ယူသည်ဖြစ်စေ၊ မထိုက်သည်ဟုယူသည်ဖြစ်စေ ရသည်ဆိုကတည်းက အကျိုးတရားဖြစ်၏။ အကျိုးတရားဖြစ်လျှင် ယင်း၏အကြောင်းတရားသည် ရှိမြဲဖြစ်၏။

လောကဟူသည်မှာ အဝိဇ္ဇာ၏ရုပ်လုံးဖြစ်သဖြင့် ဤလောက၌ ဖြစ်ဖြစ်သမျှသည် အားလုံး မာယာ ချည်းသာဖြစ်၏။ မာယာဖြစ်သောကြောင့် မှန်သည်ဟူ၍လည်း ပြောလို့ရ၏။ မမှန်ဘူးဟူ၍လည်း ပြောလို့ရ၏။ အသိဉာဏ်မြင့်မားသည်နှင့်အမျှ အကျိုးတရား၏ အကြောင်းမှန်ကို ပြောနိုင်၏။

သာမန်အမြင်အားဖြင့် အကျိုးတရားနှင့်ပတ်သက်၍ အကြောင်းတရားကို မမှန်ဟူ၍ ပြောနိုင်သော်လည်း ဆိုင်ရာဆိုင်ရာ အသိဉာဏ်အမြင်ဖြင့်မူ အားလုံးအမှန်ချည်းဖြစ်ကြောင်း ပြောနိုင်၏။ ထို့ကြောင့် "ကမ္မဝိပါကော အစိန္တေယျော" ဟု ဆိုခြင်းဖြစ်၏။

သို့ရာတွင် မည်သို့ဆိုစေ အတင်းအဓမ္မ ရယူခြင်းကြောင့် ရသောပစ္စည်းဥစ္စာသည် ကုဋေကုဋာချီလောက်အောင် များချင်လည်းများနိုင်၏။

တစ်ကမ္ဘာလုံးက အလေးအမြတ်ပြု၍ ပူဇော်လောက်အောင် ဖြစ်ချင်လည်း ဖြစ်နိုင်၏။

တစ်ကမ္ဘာလုံးအပေါ်၌ လျှမ်းလျှမ်းတောက် ကျော်ကြားချင်လည်း ကျော်ကြားနိုင်၏။

သို့ရာတွင် ကုဋေကုဋာချီ၍ ရခြင်း၊ တစ်ကမ္ဘာလုံးက အလေးအမြတ်ပြု၍ပူဇော်ခြင်း၊ တစ်ကမ္ဘာလုံးအပေါ်၌ လျှမ်းလျှမ်းတောက်ကျော်ကြားခြင်းသည် မြင်ရသော မြင်စရာများဖြင့်သာ မြင်ရခြင်းဖြစ်၏။ ကြားရသောစကားသံများဖြင့်သာ ကြားရခြင်း ဖြစ်၏။

မမြင်ရသော မြင်စရာများဖြင့်မူ မကောင်းသောမြင်စရာများသာဖြစ်၏။ မကြားရသော စကားသံများဖြင့်မူ ရယ်သွမ်းသွေးစရာများသာ ဖြစ်၏။ နှာခေါင်းရှုံ့စရာများသာဖြစ်၏။ ဤသည်မှာ ကမ္မနိယာမ ဖြစ်၏။ ဓမ္မတာဖြစ်၏။

ထို့ကြောင့် မမြင်ရသော မြင်စရာများနှင့် မကြားရသောကြားစရာများသည် မြင့်မြတ်မှုနှင့် မမြင့်မြတ်မှုတို့၏ ခြားနားချက်ကို တိုင်းတာရာ၌ "ကိုက်တံ" သဖွယ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် တိုင်းတာစရာကိုက်တံရှိပါမှလည်း မြင့်မြတ်မှုနှင့် မမြင့်မြတ်မှုတို့ကို တိုင်းတာနိုင်၏။ တိုင်းတာနိုင်မှလည်း ယင်းတို့၏ တန်ဖိုးကို အမှန်အတိုင်းသိ၏။

**လောကဓမ္မတာနှင့် လောကလွန်ဓမ္မတာ**

လောကဓမ္မတာအရ မြင်ရသောမြင်စရာများကိုသာ မြင်တတ်သော မျက်စိဖြင့် ကြည့်သူများသည်လည်းကောင်း၊ ကြားရသော ကြားစရာများကိုသာ ကြားတတ်သောနားဖြင့် ကြားရသူ များသည်လည်းကောင်း၊ အလွန်ကြီးကျယ်သော ကောင်းမှုရှင်များကို မြင်ရသောအခါ မှန်သော ကျင့်စဉ် သမ္မာပဋိပဒါအတိုင်း ကျင့်ကြံအားထုတ်ကြသူများအဖြစ် မြင်တတ်ကြ၏။ ကြားတတ်ကြ၏။

သို့ရာတွင် သူတို့မြင်သည့်အတိုင်း ကြားသည့်အတိုင်း ဟုတ်ချင်မှလည်း ဟုတ်သည်ကို သူတို့မသိကြ။ လောကလွန်ဓမ္မတာအရသာ မမြင်ရသော မြင်စရာများကို မြင်တတ်သောမျက်စိဖြင့် ကြည့်သူများသည်လည်းကောင်း၊ မကြားရသော ကြားစရာများကို ကြားတတ်သောနားဖြင့် ကြားသူများသည်လည်းကောင်း အလွန် ကြီးကျယ်သော ကောင်းမှုရှင်များကို မြင်ရသောအခါ မှန်သောကျင့်စဉ်= သမ္မာပဋိပဒါအတိုင်း ကျင့်ကြံအားထုတ်သူများအဖြစ် မြင်ချင်မှမြင်၏။ ကြားချင်မှကြား၏။

အဘယ်ကြောင့်ဆိုသော် သူတို့သည် မြင်ရသောလုပ်ငန်းကိုသာ မြင်တတ်သူများ မဟုတ်ဘဲ မမြင်ရသောလုပ်ငန်းကိုပါ မြင်တတ်သောကြောင့်လည်းကောင်း၊ ကြားရသော ကြားစရာများကိုသာ ကြားတတ်သူများမဟုတ်ဘဲ မကြားရသောကြားစရာများကိုပါ ကြားတတ်သောကြောင့် လည်းကောင်း ကောင်းမှုမြင်တိုင်း မှန်ကန်သောကျင့်စဉ် သမ္မာပဋိပဒါ အတိုင်း ကျင့်ကြံအားထုတ်သူများအဖြစ် မြင်ချင်မှ မြင်ကြခြင်းဖြစ်၏။ ကြားချင်မှ ကြားရခြင်းဖြစ်၏။ မှားယွင်းသောကျင့်စဉ်=မိစ္ဆာပဋိပဒါ အတိုင်း ကျင့်ကြံအားထုတ်သူများအဖြစ် မြင်ချင်လည်းမြင်တတ်၏။ ကြားချင်လည်း ကြားတတ်၏။

ရတနာသုံးပါး၌ ငွေကျပ်တစ်သိန်းတန်စီ အဆောက်အအုံများကို သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းကြသူနှစ်ယောက်တို့တွင် ငွေကျပ်ကုန်ကျခြင်းသည်လည်း တူ၏။ သဒ္ဓါတရားထက်သန်ခြင်းလည်းတူ၏။ အလှူဝတ္ထုအဖြစ် အဆောက်အအုံချင်းလည်းတူ၏။ အလှူခံပုဂ္ဂိုလ်အဖြစ် ရတနာသုံးပါးချင်းလည်းတူ၏။ သို့ရာတွင် နှလုံးသွင်းချင်းမတူ၊ ဦးတည်ချက်ချင်းမတူ။

ဒါယကာတစ်ဦးက သံသရာချမ်းသာသို့ ဦးတည်၏။ သံသရာချမ်းသာသို့ ဦးတည်ချင်းကို ဝဋ္ဋသိသ–ဟူ၍ ဆို၏။

အခြားဒါယကာတစ်ဦးက သံသရာမှထွက်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ ဦးတည်၏။ သံသရာမှထွက်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ ဦးတည်ချင်းကို ဝိဝဋ္ဋသိသ–ဟူ၍ဆို၏။

ဤနေရာတွင် လုပ်ငန်းချင်းကားတူ၏။ ဦးတည်ချက်ချင်းကားမတူ။ ထို့ကြောင့် စေတနာချင်းမတူဟူ၍ ဆိုရ၏။ စေတနာချင်းမတူလျှင် ကံချင်းလည်းမတူ–ဟူ၍ဆိုရ၏။

သံသရာချမ်းသာသို့ ဦးတည်သောကံ၊ သို့မဟုတ် လုပ်ငန်းကိုမှားသောကျင့်စဉ်

www.burmeseclassic.com

www.burmeseclassic.com



မိစ္ဆာပဋိပဒါ အတိုင်း ကျင့်သောကံ၊ သို့မဟုတ် လုပ်ငန်း-ဟူ၍လည်းကောင်း၊ သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ ဦးတည်သောကံ၊ သို့မဟုတ် လုပ်ငန်းကို မှန်သောကျင့်စဉ် သမ္မာပဋိပဒါ-အတိုင်း ကျင့်သောကံ၊ သို့မဟုတ် လုပ်ငန်း-ဟူ၍ လည်းကောင်း နိဒါနဝဂ္ဂသံယုတ္တအဋ္ဌကထာ၊ ပဋိပဒါ-သုတ်၌ ဆိုခြင်းဖြစ်၏။

သံသရာချမ်းသာသို့ ဦးတည်သော လုပ်ငန်းဟူသမျှ၌ လုပ်ငန်းကို လုပ်သူသည် အရာရာတိုင်း၌ 'ငါ'ကိုသာမြင်၏၊ ရတနာသုံးပါး၌ပင် 'ငါ၏အရိပ်ကို' မြင်ရ၏။ လောက၌လည်း 'ငါ၏အရိပ်ကို' မြင်ရ၏။ 'ငါ၏အရိပ်ကို' မြင်ရခြင်းဟူသည်မှာ ငါ့အတွက် ကျေးဇူးရှိ-မရှိကို မြင်ခြင်းဖြစ်၏။ အကယ်၍ ငါ့အတွက် ကျေးဇူးမရှိဘူး ဟူ၍ထင်လျှင် ကျေးဇူးရှိမည်ဟူ၍ ထင်ရသောအရာများကို ရွေးချယ်စိစစ်၏။ အလှူခံပုဂ္ဂိုလ်များကိုလည်း ရွေးတတ်၏။ လောကကိုလည်း ရွေးတတ်၏။ အလှူဝတ္ထု ကိုလည်း ရွေးတတ်၏။ အရာရာတိုင်းကို ရွေးတတ်၏။ ထိုသို့ရွေးခြင်းမှာ သူ့အတွက် အကျိုးရှိသည်ထက်ရှိအောင် လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ရွေးခြင်းဖြစ်၏။ သို့ရာတွင် သူရွေးချယ်သဖြင့် ရရှိသောအကျိုးကား အဝိဇ္ဇာမျက်စိဖြင့် မြင်ရသောအကျိုးသာဖြစ်၏။ ဝိဇ္ဇာမျက်စိဖြင့် မြင်ရသောအကျိုးမဟုတ်။

လင်းတမျက်စိဖြင့်ကြည့်လျှင် အကောင်ပုပ်သည် သူ့သက်တမ်းရှည်ဖို့အတွက် အကျိုးဖြစ်သော်လည်း လူ့မျက်စိဖြင့်ကြည့်လျှင် အကောင်ပုပ်သည်လည်းကောင်း၊ လင်းတသက်တမ်းရှည်ခြင်းသည်လည်းကောင်း အပြစ်သာဖြစ်၏။

သံသရာမှထွက်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ဦးတည်၍ လုပ်သောလုပ်ငန်းဟူသမျှ၌ လုပ်ငန်းကိုလုပ်သူသည် အရာရာတိုင်း၌ လောကကိုသာမြင်၏။ 'ငါ'ကိုမမြင်၊ 'ငါ'၏ အရိပ်ကိုမမြင်။ ရတနာသုံးပါး၌ ကိုးကွယ်ဆည်းကပ်ခြင်း၊ သီလစောင့်ထိန်းခြင်း၊ ဒါနပြုခြင်း၊ ဘာဝနာပွားခြင်းများသည်လည်း မိမိအတွက်ပဓာနမဟုတ်၊ မိမိပတ်ဝန်းကျင် လောကအတွက်သာ ပဓာနဖြစ်၏။ မိမိပတ်ဝန်းကျင်လောက၏ အကျိုးစီးပွားကို ဆောင်ရွက်ရာ၌ ဆောင်ရွက်သူ၏ စွမ်းရည်ထက်မြက်လျှင် ထက်မြက်သလောက် ထိရောက်၏။

ထို့ကြောင့် လောက၏အကျိုးစီးပွားကို ဆောင်ရွက်ရာတွင် မိမိ၏စွမ်းရည် ထက်မြက်ရေးအတွက် ရည်စူး၍ အားသစ်လောင်းသည့်အနေဖြင့် ဗောဓိပက္ခိယ-အားစွမ်းအင်များ မိမိ၏သန္တာန်၌ ပြည့်ဝသည်ထက်ပြည့်ဝပါစေခြင်းငှာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း ဖြစ်၏။ ဒါနကိုပြုခြင်းဖြစ်၏။ သီလကိုဆောက်တည်ခြင်းဖြစ်၏။ ဘာဝနာကို ပွားများခြင်းဖြစ်၏။ ယောကျ်ားကောင်းတစ်ယောက် ဖြစ်ရိုးမှန်ပါလျှင် တစ်ကိုယ်ကောင်းစိတ်ထားဖြင့် မိမိကိုယ်ကိုမိမိ လူမင်း၊နတ်မင်း၊ဗြဟ္မာမင်း ဖြစ်လာစေရန် ရည်ရွယ်၍ ကုသိုလ်ကောင်းမှုများကို မပြုအပ်ဟူ၍ သူသိ၏။

အလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားကို ဖူးမြော်စဉ်က "ငါသည် ယောကျ်ားကောင်းဖြစ်ပါလျက် အဘယ့်ကြောင့် ငါတစ်ယောက်တည်းသာ

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်သို့သွားရန် ရည်စူး၍ တရားအားထုတ်ရမည်နည်း” ဟူ၍ ကြွေးကြော်လျက် မြတ်စွာဘုရားကို ဆည်းကပ်ခဲ့၏။ ဒါနကိုပြုခဲ့၏။ သီလကိုဆောက်တည်ခဲ့၏။ ဘာဝနာကို ပွားများခဲ့၏။ သုမေဓာရှင်ရသေ့၏ မျက်စိ၌ ဘာကိုကြည့်ကြည့် ငါကိုမမြင်၊ သူ့ကိုယ်ကို မမြင်။ ငါ၏အရိပ်ကိုမမြင်။ သူ့ကိုယ်၏အရိပ်ကိုမမြင်။ အတ္တကိုမမြင် အတ္တနိယ-ကို မမြင်။ လောကကိုသာမြင်၏။ ပတ်ဝန်းကျင်ကိုသာမြင်၏။ ဝေနေယျများ ကိုသာမြင်၏။

သူသည်တောင်ထိပ်သို့ တက်နေသည်မှန်သော်လည်း အမြင့်သို့ရောက်ရေးသည် သူ့အတွက်ပဓာနမဟုတ်။ အပေါ်မှစီး၍ တောင်အောက်ကလူများကို မြင်အောင်ကြည့်ပြီး သူတို့အတွက် ဆောင်ရွက်နိုင်ရေးသည် ပဓာနဖြစ်သည်။

ထို့ကြောင့် သာမန်လူများသည် ဘာကိုကြည့်ကြည့် ‘ငါ’နှင့်‘ငါ့အရိပ်’များကိုသာ မြင်ပြီး၊ ဘာကိုလုပ်လုပ် ‘ငါ’နှင့်‘ငါ့အရိပ်’အတွက်သာ လုပ်ကြခြင်းဖြစ်၏။ မြင့်မြတ်သူ များကား ဘာကိုကြည့်ကြည့် လောကနှင့် လောကအရိပ်ကိုသာမြင်ပြီး၊ ဘာကိုလုပ်လုပ် လောကနှင့် လောကအရိပ်အတွက်သာ လုပ်ခြင်းဖြစ်၏။ ရတနာသုံးပါးကို ဆည်းကပ်ရာ ၌ပင် သာမန်လူများက မိမိတို့၏သန္တာန်၌ ကုသိုလ်ကံများ ပွားစီးမှုကို ပန်းတိုင်အဖြစ် ထားကြ၏။

မြင့်မြတ်သူများကမူ မိမိတို့၏ သန္တာန်ရှိ ထက်မြက်သော ပုညသမ္ဘာရများ၊ ဉာဏသမ္ဘာရများဖြင့် မိမိတို့ပတ်ဝန်းကျင်ကို ချီးမြှောက်ရန် ပန်းတိုင်အဖြစ်ထားကြ၏။ ဤသည်မှာ သာမန်လူများနှင့် မြင့်မြတ်သူများ၏ ခြားနားချက်ဖြစ်၏။ လုပ်ငန်း ရည်ရွယ်ချက် ခြားနားသလောက် ရရှိသောလက်တွေ့အကျိုးချင်းလည်း ခြားနား၏။

**အလောင်းတော်များ၏ အနစ်နာခံမှုများ**

ဇာတ်တော်များကို လေ့လာကြည့်သောအခါ အလောင်းတော်များ သည် လောက ၏ အကျိုး စီးပွားကို ဆောင်ရွက်ရာ၌ လက်နက်ကောင်းများအဖြစ်ဖြင့် အသုံးပြုနိုင်ရေးအတွက် မိမိတို့၏ သန္တာန်၌ ကံအဆောက်အဦများ၊ ဉာဏ်အဆောက်အဦများကို ပြည့်စုံသည်ထက် ပို၍ပြည့်စုံစေရန် ပါရမီတော်များကို ဖြည့်ကျင့်တော်မူကြစဉ် တိရစ္ဆာန်ဘဝများ၌ ဖြစ်ကြရသည်ကို တွေ့မြင်ရ၏။ အမှန်အားဖြင့် တိရစ္ဆာန်ဘဝဟူသည် အကုသိုလ်ကံ ကြောင့်သာ ရောက်ရသောဘဝဖြစ်၏။

ထို့ကြောင့် ထိုထိုအလောင်းတော်များသည်လည်း အကုသိုလ်ကံများကို ကျူးလွန်ကြသည်မှာ ထင်ရှား၏။ သို့ရာတွင် အလောင်းတော် များသည် မိမိတို့၏ အကျိုးစီးပွားအတွက် အကုသိုလ်ကံများကို ကျူးလွန်ကြခြင်းမဟုတ်၊ လောက၏ အကျိုးစီးပွားအတွက်၊ အမျိုးသားများ၏အကျိုးစီးပွားအတွက် အဓမ္မ-က ဓမ္မအပေါ် မလွှမ်းမိုးနိုင်စေရေးအတွက်သာ အကုသိုလ်ကံများကို ကျူးလွန်ကြခြင်းဖြစ်၏။ အကုသိုလ်ကံကို ကျူးလွန်သဖြင့် ထိုထိုတိရစ္ဆာန်ဘဝများသို့ ရောက်ရခြင်းဖြစ်၏။

သို့ရာတွင် တိရစ္ဆာန်ဘဝသို့ရောက်ရသော်လည်း ရောက်ရာရောက်ရာ တိရစ္ဆာန် ဘဝ၌ ဆိုင်ရာဆိုင်ရာ မင်း, ပုရောဟိတ် - စသည်ဖြင့် အထက်တန်း၌ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မျောက်ဖြစ်လျှင်လည်း မျောက်မင်း၊ ဟင်္သာဖြစ်လျှင်လည်း ဟင်္သာမင်း တို့ ဖြစ်ကြ၏။ ဤသို့ဖြစ်ရခြင်းမှာ မိမိတို့၏ ဘဝကို တိရစ္ဆာန်ဘဝသို့ ကျရောက်ခံပြီး လောကအတွက် 'စတေး'သော ပါရမီကုသိုလ်ကြောင့် ဖြစ်၏။

ထို့ကြောင့် မလွဲသာသောအကြောင်းများကြောင့် တာဝန်အရအကုသိုလ်ကံများကို ကျူးလွန်ရစေကာမူ မိမိအတွက်မဟုတ်ဘဲ လောကအတွက် ဓမ္မအတွက် အနစ်နာခံခြင်းဖြစ်လျှင် အကုသိုလ်က အကုသိုလ်သတ်သတ် အကျိုးပေး၏။ ကုသိုလ်က ကုသိုလ်သတ်သတ် အကျိုးပေး၏။ ထိုကုသိုလ်ကား သာမညကုသိုလ်မဟုတ်၊ ပါရမီကုသိုလ်ဖြစ်၏။ မြင့်မြတ်သူတို့၏ လုပ်ရပ်ဖြစ်၏။

သိမှုနယ်ပယ်၌ အာရုံများနှင့်ပတ်သက်၍ လူတို့သည်အဖြစ်ကိုအဖြစ်အတိုင်း၊ အရှိကိုအရှိအတိုင်း မသိနိုင်ကြဘဲ မိမိတို့၏စွဲလမ်းမှု ဥပါဒါန်အတိုင်းသာ သိကြခြင်းဖြစ်ကြောင်း "ဥပါဒါနပစ္စယာ ဘဝေါ"ဟူ၍ ပဋိစ္စသမုပ္ပါဒ်–ဒေသနာတော်၌ ဆိုထားလေရာ ဥပါဒါန်တို့တွင် ပတ်ဝန်းကျင်လည်းပါဝင်၏။ ခေတ်၏ အမြင် ဂယက်လည်း ပါဝင်၏။ ထိုအပြင် ရိုးရာဓလေ့လည်း ပါဝင်၏။ မိမိတို့၏ ပဋိသန္ဓေ ဉာဉ်လည်းပါဝင်၏။

**သူမရှိလျှင်ငါမရှိနိုင်** ထို့ကြောင့် အာရုံများနှင့်ပတ်သက်၍ အဖြစ်ကိုအဖြစ်အတိုင်း အရှိကိုအရှိအတိုင်း ယထာဘူတကျကျ သိနိုင်ရန် အစွဲအလမ်း ဥပါဒါန်များကို ပယ်သတ်နိုင်မှ ဖြစ်၏။ ဥပါဒါန်ကို ပယ်သတ်ဖို့ဆိုသည်မှာလည်း အရဟတ္တမဂ်ကိုရမှ ဖြစ်၏။

သို့ဖြစ်လေရာ အရဟတ္တ မဂ်ကို မရနိုင်သေးမီကာလအတွင်း ပုထုဇဉ်လူသားများသည် မိမိတို့၏အစွဲအလမ်းများကို အဆိုးဘက်မှ အကောင်းဘက်သို့ ရောက်အောင် အားထုတ်ဖို့လို၏။ အကောင်းဘက်သို့ရောက်အောင် အားထုတ်ခြင်းဟူသည်မှာ မိမိတို့၏ အစွဲအလမ်း ဥပါဒါန်များကို စွမ်းနိုင်သမျှ ပယ်သတ်နိုင်အောင် အားထုတ်ခြင်းပင်ဖြစ်၏။ ဥပါဒါန်များကို စွမ်းနိုင်သမျှ ပယ်သတ်နိုင်အောင် အားထုတ်ခြင်းဟူသည်မှာလည်း မိမိ၏အကျိုးကို ပဓာန–မပြုဘဲ လောက၏ အကျိုးကို ပဓာနပြု၍ လုပ်ငန်းများကို ဆောင်ရွက်ခြင်းပင်ဖြစ်၏။

ဤသို့ဆောင်ရွက်ခြင်းအားဖြင့်သာ အရာရာတိုင်း "သူ"ကိုနေရာမပေးချင်ဘဲ "ငါ"သာ နေရာယူချင်သည့် "ငါ–ပဓာန"အမြင်ကို တဖြည်းဖြည်း ပါးသည်ထက် ပါးအောင် အားထုတ်ရာရောက်၏။ အမှန်အားဖြင့် "သူ"ကြောင့် "ငါ"ရှိခြင်းဖြစ်၏။ "သူ"သာ မရှိလျှင် "ငါ"ဟူ၍မရှိနိုင်။ ထို့ကြောင့် သူသည်အလွန်ကျေးဇူးတင်စရာကောင်း၏။ ဤသို့မြင်အောင် ဆောင်ရွက်ရာ၏။ ဤသို့မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိဖို့ဆိုသည်မှာ လွယ်သည်တော့မဟုတ်။ မလွယ်သော်လည်း ထိုကဲ့သို့ဆောင်ရွက်ကြသော ပုဂ္ဂိုလ်ထူးများသည် လောက၌ တကယ်ပင်ရှိခဲ့ဖူးပါ၏။ ယခုလည်း ရှိနေဆဲပင်ဖြစ်၏။ နောင်လည်းရှိနေဦးမည်သာဖြစ်၏။

ထိုပုဂ္ဂိုလ်ထူးများကို "အလောင်းတော်များ" ဟူ၍လည်းကောင်း၊" ပါရမီရှင်များ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လည်းကောင်း ဆိုရ၏။ အလောင်းတော်များတွင် ဘုရားအလောင်းတော်သည် "စံ"ဖြစ်၏။

မိမိ၏အကျိုးကို ပဓာနမပြုဘဲ လောက၏အကျိုးကို ပဓာနပြု၍ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လောကအပေါ် တကယ်တမ်းကြင်နာသော ကရုဏာတရားကို ထားနိုင်မှုဖြစ်၏။ ပုထုဇဉ်တို့၏ဗီဇအရဆိုလျှင် လောကဥ္စ မိမိလောက်ချစ်စရာကောင်းသော အခြားသက်ရှိသက်မဲ့အရာဟူ၍ ဘာမျှမရှိဟု ခံယူထားကြလေရာ ဓမ္မတာအားဖြင့် မိမိကိုယ်ကိုချစ်သလောက် အခြားမည်သူ့ကိုမျှမချစ်။ မိမိကိုယ်ကို ကြင်နာသလောက် အခြားမည်သူ့ကိုမျှမကြင်နာ၊ မိမိကိုယ်ကိုဝမ်းမြောက်သလောက် အခြားမည်သူ့အပေါ်မျှ ဝမ်းမမြောက်။ ဤသည်မှာ ပုထုဇဉ်တို့၏ ဗီဇစိတ်ဓာတ်ဖြစ်၏။ ပုထုဇဉ်တို့၏ ဓမ္မတာဖြစ်၏။ ထို့ကြောင့် မိမိ၏အကျိုးထက် လောက၏အကျိုးကို ဦးစားပေး၍ ဆောင်ရွက်မည်ဆိုလျှင် ပုထုဇဉ်တို့၏ဗီဇ၊ ပုထုဇဉ်တို့၏ဓမ္မတာကို ကျော်လွန်နိုင်မှုဖြစ်၏။

**ပုထုဇဉ်တို့၏ ဓမ္မတာကိုကျော်လွန်နိုင်သူ**

ပုထုဇဉ်တို့၏ဗီဇ၊ ပုထုဇဉ်တို့၏ဓမ္မတာကို ကျော်လွန်နိုင်သူများသည်လည်းကောင်း၊ ကျော်လွန်နိုင်ရန် ကြိုးစားကြသူများ သည်လည်းကောင်း လောကဥ္စရှိပါ၏။ သို့ရာတွင် ကျော်လွန်ရန်ကြိုးစားတိုင်းလည်း ကျော်လွန်နိုင်သည်မဟုတ်။ ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာတို့၏ ကွန်ရက်အတွင်း၌ ကျဆုံးရသည်များလည်း ရှိ၏။

ထို့ကြောင့် ထိုကွန်ရက်ကို ဖောက်ထွက်ရန် စွမ်းနိုင်သူများသာ တကယ်ကြိုးစားသူများဖြစ်ကြ၏။ အမှန်အားဖြင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်များရှိသောဒေသသည် ထိုပုဂ္ဂိုလ်များ၏ ကံအဆောက်အဦများနှင့် ဉာဏ်အဆောက်အဦများကြောင့် သာယာဖွယ်၊ ချမ်းမြေ့ဖွယ် ဖြစ်သည်မှာ ပြောစရာပင်မလိုပါချေ။

ထို့အပြင် ထိုပုဂ္ဂိုလ်များ၏ ကျော်စောကိတ္တိသည် ဗြဟ္မာ့ပြည်တိုင်အောင် ပျံ့နှံ့၍တက်သွားသည်ကို သူတို့ကိုယ်တိုင်ကသော်လည်းကောင်း၊ အခြားသူတို့က သော်လည်းကောင်း မကြားကြစေကာမူ တက်သွားသည်ကတော့ အမှန်ဖြစ်လေ၏။

ဤသည်ကိုပင် လူ့နတ်ဗြဟ္မာ–တို့က ကောင်းချီးပေးသည်ဟု ဆိုကြ၏။ မိမိတို့ကိုယ်တိုင်ပင် ထိုကဲ့သို့ကောင်းချီးပေးသူများထဲ၌ ပါဝင်နေသည်ကို သိချင်လည်း သိမည်။ သိသလိုရှိချင်လည်း ရှိမည်။ သိပါလျက် မသိကျိုးကျွန် ပြုချင်လည်းပြုမည်။ လုံးဝမသိသူ ဖြစ်ချင်လည်းဖြစ်မည်။

သို့ရာတွင် မည်သို့ဖြစ်စေ၊ ဓမ္မ ဘက်တော်သားများအနေဖြင့်မူ ကောင်းချီး ပေးကြသည်ပင် ဖြစ်ပါ၏။ အကယ်၍ ဣဿာနှင့် မစ္ဆရိယ တို့၏ လွှမ်းမိုးမှုကြောင့် "သိစိတ်"က အဓမ္မ ဘက်တော်သား ဖြစ်စေကာမူ မသိစိတ်က ဓမ္မ ဘက်တော်သား ဖြစ်သည်မှာ အမှန်။ အဘယ့်ကြောင့်ဆိုသော် လူ့ဘဝကိုရယူခဲ့သောကံသည် ကုသိုလ်ကံ ဖြစ်ပြီး ထို "ကံ"ကြောင့်ဖြစ်ရသော ပဋိသန္ဓေ–ဝိညာဏ်သည် ပင်ကိုမူလအားဖြင့် ဖြူစင်မြင့်မြတ်သော မဟာဝိပါက် ဖြစ်သောကြောင့်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**သာမန်လူနှင့်မြင့်မြတ်သူ** ရခဲလှသော လူ့ဘဝကို ရကြသူများသည် ပုံမှန်များသာ ဖြစ်ပါက မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြသူများချည်း ဖြစ်လေရာ အားလုံးအတူတူလိုပင်ဖြစ်၏။ အကယ်၍ ခြားနားသည်ဆိုလျှင် ဒွိဟိတ်နှင့် တိဟိတ် အဖြစ်သာ ခြားနား၏။ အခြားသောခြားနားချက်ဟူ၍မရှိ။ ထို့ကြောင့် မူလ ပဋိသန္ဓေ–အားဖြင့် အားလုံး မြင့်မြတ်ဖြူစင်သူများချည်း ဖြစ်ကြ၏။ အားလုံး လေးစား ထိုက်သူများချည်း ဖြစ်ကြ၏။

သို့ရာတွင် အရွယ်ရောက်လာသောအခါ ဥပါဒါန်များ၏ ဖိအားပေးမှုအလိုက် အချို့က ရာထူး,ဂုဏ်သိန်,စည်းစိမ်ဥစ္စာများကို သာယာဖွယ် "အဿာဒ"ဟူ၍ မြင်ကြ၏။ ထိုသူများသည် သာမန်လူများဖြစ်ကြ၏။ အချို့က ရာထူး,ဂုဏ်သိန်,စည်းစိမ် ဥစ္စာများကို မသာယာဖွယ်"အာဒီနဝ"ဟူ၍မြင်ကြ၏။ ထိုသူများသည် မသာယာဖွယ်၌ သာယာ တတ်သော တဏှာလောကမှ လွတ်မြောက်ရာ "နိဿရဏ"သို့ ဦးတည်ကြ၏။ ထို့ကြောင့် ထိုသူများသည် မြင့်မြတ်သူများ ဖြစ်ကြ၏။ လောက၏ကယ်တင်ရှင်များ ဖြစ်ကြ၏။

အမှန်အားဖြင့် ရာထူး, ဂုဏ်သိန်,စည်းစိမ်ဥစ္စာများကို ကြည့်သောအခါ မိမိဘက်သို့ ဦးတည်သော "ဝဋ္ဋသိသ" မျက်စိဖြင့်ကြည့်ပါက သာယာဖွယ် "အဿာဒ" အဖြစ်မြင်ရ၏။ အကယ်၍ လောကဘက်သို့ဦးတည်သော "ဝိဝဋ္ဋသိသ"မျက်စိဖြင့် ကြည့်ပါက သာယာဖွယ်ဟူ၍ထင်ရသော ကာမဂုဏ် အနှောင်အဖွဲ့ "အာဒီနဝ"အဖြစ်မြင်ရ၏။ အနှောင်အဖွဲ့ကို မြင်နေမှတော့ ထိုအနှောင်အဖွဲ့မှ လွတ်မြောက်အောင်ကြိုးစားမည်မှာ အမှန်ဖြစ်၏။ ထို့ကြောင့် အနှောင်အဖွဲ့မှ လွတ်မြောက်အောင် ကြိုးစားမှုကို "နိဿရဏ" ဟူ၍ဆိုရ၏။ အမှန်အားဖြင့် ရာထူး, ဂုဏ်သိန်, စည်းစိမ်ဥစ္စာများသည် မိမိအတွက် တွယ်တာစရာ တပ်မက်စရာအဖြစ် မြင်နေရာမှ အနှောင်အဖွဲ့ဖြစ်၏။

လောကလူသားများအတွက် ပေးကမ်းစရာ, ထောက်ပံ့စရာ, ပံ့ပိုးစရာ, ကူညီစရာ, အသုံးချစရာ အဖြစ် မြင်နေပါက အနှောင်အဖွဲ့မဖြစ်၊ "နိဿရဏ"ဖြစ်၏။ နိဿရဏ အမြင်အရဆိုရလျှင် ရာထူး,ဂုဏ်သိန်,စည်းစိမ်ဥစ္စာ မြင့်မားလေ လောကလူသားများ အတွက် အသုံးချနိုင်လေဖြစ်၏။

ထို့ကြောင့် သံသရာသမိုင်း၌ နိဿရဏ–ဘက်သို့ မျက်နှာပြုသူများကို မြင့်မြတ်သူ များအဖြစ် မှတ်တမ်းတင်ကြပြီး "နိဿရဏ"ဘက်သို့ ကျောခိုင်းသူများကို အညတရ များအဖြစ် မှတ်တမ်းတင်ကြခြင်းဖြစ်၏။ မြင့်မြတ်သူများသည် လောကအတွက် နတ်ပန်းသဖွယ်ဖြစ်၍ အညတရ များသည် လောကအတွက် ငရဲပန်းသဖွယ် ဖြစ်၏။ သို့ရာတွင် နတ်ပန်းနှင့်ငရဲပန်းကို မည်သူကမျှ ဖန်ဆင်းပေးသည်မဟုတ်၊ မိမိတို့အတွက် မိမိတို့ဘာသာ မိမိတို့ကိုယ်တိုင် ဖန်ဆင်းခြင်းသာဖြစ်၏။

**ငရဲပန်းနှင့်နတ်ပန်း** ငရဲပန်းသည် ပို၍လှသည်ဟု ထင်ရ၏။ ဆွဲဆောင်အားကောင်း၏။ ဒသက နိပါတ် မဟာမိတ္တဝိန္ဒက (စတုဒွါရ) ဇာတ်၌ မိတ္တဝိန္ဒက– သည် ငွေကျပ် တစ်ထောင် ရင်းနှီးရာ ငွေကျပ် တစ်သိန်းနှစ်သောင်းမြတ်၏။ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



သောတာပန်မိခင်က တားမြစ်သည့်ကြားမှပင် မိခင်သည် သူ၏ကြီးပွားမှုကို အဟန့်အတားပြုသည်ဟုဆိုပြီး မိခင်ကိုမောင်းမဲ၍ သမုဒ္ဒရာပြင်သို့ ကုန်ကူးထွက်၏။ ကျွန်းတစ်ကျွန်း၌ နတ်သမီး (ဝေမာနိကပြိတ္တာမ) လေးယောက်နှင့် တွေ့၏။ မိတ္တဝိန္ဒကသည် အလွန်ပျော်၏။ နောက်ကျွန်းတစ်ကျွန်း၌ နတ်သမီးရှစ်ယောက်နှင့်တွေ့ပြန်၏။ မိတ္တဝိန္ဒကသည် ပို၍ပျော်၏။ နောက်ကျွန်းတစ်ကျွန်း၌ မိတ္တဝိန္ဒက သည် နတ်သမီး တစ်ဆယ့်ခြောက်ယောက်နှင့် တွေ့ပြန်၏။ မိတ္တဝိန္ဒကသည် ပို၍ပို၍ပျော်၏။ နောက်ကျွန်းတစ်ကျွန်း၌ မိတ္တဝိန္ဒကသည် နတ်သမီးသုံးဆယ့်နှစ်ယောက်နှင့် တွေ့၏။ ထိုအခါ မိတ္တဝိန္ဒကသည် သူ၏မြော်မြင်မှုနှင့် အကောင်အထည်ဖော်မှုများ မှန်ကန်သည်ဟု ယုံကြည်လေ၏။

အမှန်အားဖြင့် အစောက်ဆုံးသို့ ပစ်ချလိုသောကြောင့် ထိုသို့ ပစ်ချနိုင်အောင် အမြင့်ဆုံးသို့ရောက်အောင် ဖြားယောင်းခေါ်ဆောင်သွားတတ်သော အဝိဇ္ဇာ၏ နည်းပရိယာယ်ကို မိတ္တဝိန္ဒက မရိပ်မိ။ ထို့ကြောင့် သူ့ကိုသူဟုတ်လှပြီဟု ထင်နေခြင်းဖြစ်၏။

ထိုနောက် မိတ္တဝိန္ဒကသည် သင်တုန်းဓားစက်ကို ဦးခေါင်းပေါ်၌တင်၍ ငရဲခံနေရသူတစ်ယောက်ကို တွေ့ရ၏။ သင်တုန်းဓားစက်ကြောင့် ဦးခေါင်းမှ သွေးများပန်းထွက်နေသည်ကိုလည်း မြင်ရ၏။ သို့ရာတွင် မိတ္တဝိန္ဒက သည် သင်တုန်းဓားစက်ကို ငရဲပန်းအဖြစ်မမြင်၊ နတ်ပန်းအဖြစ်သာ မြင်၏။ ငရဲပန်းအဖြစ် မြင်ရသောအခါ၌ကား မိတ္တဝိန္ဒက သည် များစွာအချိန်နှောင်းခဲ့လေပြီ။ အမှန်အားဖြင့် မိတ္တဝိန္ဒက သည် သူကိုယ်တိုင် ဥဿဒ ငရဲသို့ရောက်ခါ နတ်ပန်းဟု ထင်ခဲ့သော သင်တုန်းဓားစက်သည် နတ်ပန်းမဟုတ်ဘဲ ငရဲပန်းဖြစ်ကြောင်းသိတော့၏။

ထို့ကြောင့် ကာမဂုဏ်များကို ဝဋ္ဋသိသ မျက်စိဖြင့် မိမိအတွက်ကြည့်ပါက ငရဲပန်းများအဖြစ် မမြင်ရဘဲ နတ်ပန်းများအဖြစ်သာမြင်ရ၏။ ထိုကဲ့သို့မြင်ရအောင်လည်း ရာထူး, ဂုဏ်သိန်, စည်းစိမ်ဥစ္စာများက ဆွဲဆောင်ကြ၏။ ညို့အားဖြင့်ညို့ကြ၏။

ဝိဝဋ္ဋသိသမျက်စိဖြင့်ကြည့်မှသာ နတ်ပန်းများမဟုတ်ဘဲ ငရဲပန်းများဖြစ်ကြောင်း တွေ့ရ၏။ သို့ရာတွင် ကာမဂုဏ်ဟူသည် ငရဲပန်းသဖွယ် (အာဒီနဝ) အဖြစ် ထင်သည်ဖြစ်စေ၊ နတ်ပန်းသဖွယ် (အဿာဒ)အဖြစ် ထင်သည်ဖြစ်စေ သဘောအားဖြင့်"သညာတော လောက် အဝေက္ခသု" ဒေသနာတော်အရ သညာသာဖြစ်၏။

သညာဟူသည်မှာလည်း အရေအတွက်အားဖြင့် ဘာမျှတန်ဖိုးမရှိသော်လည်း အရည်အချင်းအားဖြင့် အတိုင်းမသိတန်ဖိုးရှိ၏။ သို့ဖြစ်၍သာ အပေါင်းကိန်းဂဏန်းဟူသမျှတို့သည်လည်းကောင်း၊ အနုတ်ကိန်းဂဏန်းဟူသမျှတို့သည်လည်းကောင်း သုညအပေါ်အခြေခံ၍ အပေါင်းနှင့်အနုတ်သဘောကို ရကြခြင်းဖြစ်၏။ အကယ်၍ သုညသာ မရှိလျှင် အပေါင်းလည်းရှိမည်မဟုတ်၊ အနုတ်လည်းရှိမည်မဟုတ်။

ကာမဂုဏ်ဟူသည် အရင်းအမြစ်အားဖြင့် သုညသဘောရှိသဖြင့် ရာဂ အမြင်ဖြင့်ကြည့်ပါက နတ်ပန်းသဖွယ် "အဿာဒ" သဘောကိုဆောင်ပြီး ဝိပဿနာ အမြင်ဖြင့်ကြည့်ပါက ငရဲပန်းသဖွယ် "အာဒီနဝ" သဘောကို ဆောင်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိရာဂ (မဂ်ဉာဏ်) အမြင်ဖြင့်ကြည့်ပါက ငရဲပန်းနှင့် နတ်ပန်းတို့၏ အလွန် နိဗ္ဗာန်ကို မြင်ရခြင်းဖြစ်၏။ ဤသို့လျှင် တစ်ခုတည်းသော အာရုံက အမျိုးမျိုးသော အမြင်များကို ဖြစ်ပေါ်စေနိုင်ပါ၏။ ဤသည်ကိုပင် အမျိုးမျိုး နာနတ္တမှ တစ်ခုတည်း ကေတ္တသို့၊ တစ်ဖန် တစ်ခုတည်း ကေတ္တမှ နှစ်မျိုးလုံးကိုလွန်ခြင်း ဉဘယာတီတ (ဉဘယ+အတီတ)သို့ ပြောင်းလဲခြင်း ဟူ၍ ဆိုကြ၏။ ဤသည်မှာ ဓမ္မသဘာဝနှင့် ပတ်သက်၍ ဒဿန ပညာရှင်တို့၏ အဆိုဖြစ်၏။

**အသွင်နှင့်အနှစ်** သိမှုနယ်ပယ်၌ လူတို့၏ လောလောဆယ် သိစိတ်များအပေါ် မသိစိတ်များအနေဖြင့် လွှမ်းမိုးသော အခြားအကြောင်း တစ်ကြောင်း ရှိသေး၏။ ယင်းအကြောင်းကို "သီလဗ္ဗတုပါဒါန်" ဟူ၍ဆိုရ၏။ ယင်း၏ ပုဒ်ရင်းမှာ (သီလ+ဝတ+ဉပါဒါန) ဟူ၍ဖြစ်၏။ ယင်း၏ဆင့်ပွားအနက်မှာ လူသည် အာရုံတစ်ခုကိုသိရာ၌ ယင်းအာရုံကို အရှိ အရှိအတိုင်း၊ အဖြစ် အဖြစ်အတိုင်း ယထာဘူတ–ကျကျ မသိဘဲ မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများအလိုက် မိမိတို့၏ လိုက်နာကျင့်သုံးကြသည့် ဘာသာတရားဆိုင်ရာ ကျင့်ဝတ်များအလိုက် သိကြခြင်းဖြစ်၏။ ထို့ကြောင့် အာရုံတစ်ခုကိုမြင်ပြီး သိရာ၌ ရိုးရာယဉ်ကျေးမှုချင်း ခြားနားလျှင်ဖြစ်စေ၊ ရိုးရာဓလေ့ထုံးတမ်းချင်း ခြားနားလျှင်ဖြစ်စေ၊ ကိုးကွယ်မှုဆိုင်ရာ ကျင့်ဝတ်ချင်း ခြားနားလျှင်ဖြစ်စေ အမြင်ချင်းလည်း ခြားနား၏။ သိစရာအာရုံက အတူတူ တစ်ခုတည်းပင်ဖြစ်သော်လည်း သိမှု၌မူ အသိချင်းခြားနားသွားသည်မှာ ဤ သီလဗ္ဗတုပါဒါန် ကြောင့် ဖြစ်၏။ ထို့ကြောင့် သိမှုနယ်ပယ်၌ အသိမြင့်မားမှုအတွက် ယဉ်ကျေးမှုများလည်း မြင့်မားဖို့လိုအပ်ပါ၏။ ဓလေ့ထုံးတမ်းများလည်း မြင့်မားဖို့ လိုအပ်ပါ၏။ ဘာသာတရားဆိုင်ရာ ကျင့်ဝတ်များလည်း မြင့်မားဖို့လိုအပ်ပါ၏။

ယဉ်ကျေးမှုများ ဓလေ့ထုံးတမ်းများ ဘာသာရေးဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကျင့်သုံးမှုနှင့်ပတ်သက်၍ဆိုရလျှင် အသွင်နှင့်အနှစ်ကို ခွဲခြားနားလည်ဖို့ အရေးကြီး၏။

အသွင်နှင့်အနှစ်ကို ခွဲခြားနားမလည်ဘဲ တစ်သားတည်းအဖြစ်ဖြင့်သာ နားလည် နေမည်ဆိုလျှင် ထိုနားလည်မှုမျိုးသည် အစွန်းရောက်နားလည်မှုမျိုးသာ ဖြစ်၏။ အမှန် အားဖြင့် နယ်ပယ်တိုင်းတွင် အစွန်းရှိသလို မဇ္ဈိမပဋိပဒါသည်လည်း ရှိ၏။ ထို့ကြောင့် ယဉ်ကျေးမှုကိုဖြစ်စေ၊ ဓလေ့ထုံးတမ်းကိုဖြစ်စေ၊ ဘာသာရေးဆိုင်ရာ ကျင့်ဝတ်ကိုဖြစ်စေ နားလည်ရာ၌ အသွင်ကိုလည်း အသွင်အလျောက်နားလည်ရ၏။ အသွင်ဟူသည်မှာလည်း အကြောင်းမဲ့အသွင်ဖြစ်လာသည်မဟုတ်၊ သူ့အကြောင်းနှင့်သူပင်ဖြစ်၏။ ထို့အပြင်အနှစ် ကိုလည်း အနှစ်အလျောက်နားလည်ရ၏။ အနှစ်သည်လည်း အကြောင်းမဲ့ အနှစ်ဖြစ်လာ သည်မဟုတ်။ သူ့အကြောင်းနှင့်သူပင်ဖြစ်၏။ ထို့အပြင် အသွင်နှင့်အနှစ်တို့၏ဆက်သွယ်မှု ကိုလည်း နားလည်ရ၏။ ထို့အပြင် အသွင်နှင့် အနှစ်တို့၏ လွတ်မြောက် ရာကိုလည်း နားလည်ရ၏။ ထိုသို့နားလည်ခြင်းကို မဇ္ဈိမ ပဋိပဒါအရ နားလည်ခြင်းဟူ၍ ဆိုရ၏။

www.burmeseclassic.com

www.burmeseclassic.com



မဇ္ဈိမပဋိပဒါ သဘောကို နားလည်ပါက အသွင်နှင့်ပတ်သက်လျှင် အသွင်ကိုလည်း လေးစား၏။ အသွင်ကိုလည်းကျော်၏။ အနှစ်နှင့် ပတ်သက်လျှင် အနှစ်အတိုင်းလည်း လိုက်နာ၏။ အနှစ်ကိုလည်းကျော်၏။ အမှန်အားဖြင့် မဇ္ဈိမပဋိပဒါ ၌ အသွင်သဘောလည်း ပါ၏။ အနှစ်သဘောလည်းပါ၏။ ယင်းနှစ်မျိုးတို့မှ အလွန်သဘောလည်းပါ၏။

အသွင်နှင့် အနှစ်တို့ပါဝင်ရာ၌ အသွင်သည်လည်းကောင်း၊ အနှစ်သည်လည်းကောင်း မိမိတို့အနေဖြင့် သီးခြားစီသီးခြားစီ သဘောကိုမဆောင်၊ တစ်သားတည်း သဘောကို ဆောင်၏။

လောကဥပမာဖြင့်ဆိုရလျှင် မဇ္ဈိမပဋိပဒါသည် ဟင်းနှင့်တူ၏။ ဟင်းတွင် ဟင်းအမယ်များစွာပါဝင်၏။ ငရုတ်,ကြက်သွန်,ငါး စသော ဟင်းအမယ်များသည် ဟင်းအဖြစ်မရောက်မီ မိမိတို့၏ သီးခြားစီသီးခြားစီ သဘောကိုဆောင်၏။ သီးခြားစီ သီးခြားစီ သဘောကို ဆောင်ခြင်းဟူသည်မှာ သီးခြားစီသီးခြားစီ အရသာပေါ်နေခြင်း ဖြစ်၏။ သို့ရာတွင် ဟင်းအဖြစ်သို့ ရောက်သွားသောအခါ ဟင်းအမယ်များသည် မိမိတို့၏ သီးခြားစီသီးခြားစီ သဘောကိုစွန့်ပြီး ဟင်း၏တစ်ခုတည်းသော အရသာ သဘောကို ဆောင်ရ၏။

အကယ်၍ ဟင်းအမယ်များသည် မိမိတို့၏ သီးခြားစီသီးခြားစီ အရသာများကို ဆောင်နေကြဦးမည်ဆိုလျှင် ထိုဟင်းသည် ဟင်းကောင်းမဖြစ်။ မိမိတို့၏ သီးခြားစီသီးခြားစီ အရသာကိုစွန့်ပြီး ဟင်း၏တစ်ခုတည်းသော အရသာကိုဆောင်ပါမှ ဟင်းကောင်းဖြစ်၏။

အမှန်အားဖြင့် ဟင်းကောင်း၏အရသာသည် မိမိအနေဖြင့် ဟင်းအမယ်များ၏ အရသာများမှ သီးခြားကင်းလွတ်ပြီး တည်ရှိခဲ့သည်မဟုတ်၊ ဟင်းအမယ်များ၏ အရသာများအပေါ် အခြေခံ၍ ယင်းတို့ကို တစ်သားတည်းအဖြစ် စုပေါင်းခြင်း၊ သမဝါယသမ္ဗန္ဓ-မှ ထွက်ပေါ်လာသော အရသာသစ် တစ်မျိုးသာဖြစ်၏။ ထို့ကြောင့် ဟင်းကောင်းဟူသည် မိမိ၏အရသာ၌ မူလဟင်းအမယ်များ၏ အရသာများလည်း ပါဝင်၏။ မူလဟင်းအမယ်များ၏ အရသာကိုလည်း လွန်၏။ ဟင်းကောင်းအဖြစ်သို့ မရောက်သေးမီကာလ၌ ဟင်းအမယ်များသည် မိမိတို့အချင်းချင်း ရောနှောရာတွင် အသွင်ရောနှောခြင်း သံယောဂသမ္ဗန္ဓ-သာရှိ၏။ အနှစ်သာရအားဖြင့် ရောနှောခြင်း သမဝါယသမ္ဗန္ဓ- မရှိ။ အနှစ်သာရအားဖြင့်ရောနှောခြင်း သမဝါယသမ္ဗန္ဓ- ရှိလာသည်နှင့် တစ်ပြိုင်နက် အသွင်ရောနှောခြင်း သံယောဂသမ္ဗန္ဓ-လည်း ရှိပြီးဖြစ်တော့၏။ ဟင်းနှင့် ပတ်သက်ရာ၌ ဤသဘောကို မဇ္ဈိမပဋိပဒါ ဟူ၍ဆို၏။

ဒဿနကျမ်းများကမူ (ဗျဉ္ဇနရသန္နျာယ) ဟူ၍ဆို၏။ ဗျဉ္ဇနရသန္နျာယ-၏ အနက်မှာ "ဟင်းချက်နည်း"ဟူ၍ဖြစ်၏။ ထို့ကြောင့် မဇ္ဈိမပဋိပဒါဟူသည် မိမိ၌ အစွန်းလည်းပါ၏။ အစွန်းကိုလည်းလွန်၏။ ဤမဇ္ဈိမပဋိပဒါ-အရ သီလဗ္ဗတုပါဒါန်၏ အသွင်နှင့်အနှစ်ကို နားလည်အပ်၏။

www.burmeseclassic.com

www.burmeseclassic.com



**အတ္တဝါဒုပါဒါန်**

နောက် အရေးအကြီးဆုံး ဥပါဒါန်မှာ "အတ္တဝါဒုပါဒါန်"ဖြစ်၏။ ယင်း၏အနက်မှာ "အတ္တ-ဟူ၍ ဆိုစရာများကို စွဲလမ်းခြင်း" ဖြစ်၏။ယင်းဥပါဒါန်သည် သိမ္မနယ်ပယ်၌ အပြဋ္ဌာန်းဆုံးဖြစ်၏။ ဗုဒ္ဓဒေသနာတော်အရ အတ္တ ဟူ၍ဆိုစရာများမှာ အကျဉ်းအားဖြင့် "အတ္တာ နာမ လောကိယ လောကုတ္တရော ဓမ္မော" ဟူသည်နှင့်အညီ လောကီဓမ္မနှင့် လောကုတ္တရာဓမ္မများသာ ဖြစ်၏။

လောကီဓမ္မများတွင်လည်း အကုသိုလ်ဓမ္မနှင့် ကုသိုလ်ဓမ္မဟူ၍ နှစ်မျိုးရှိပြန်၏။ ထို့ကြောင့် အကုသိုလ်တရားကို အတ္တ-ဟူ၍ဆိုလျှင် ထိုအတ္တ၏ ညွှန်ပြရာအတိုင်း အာရုံများကို သိသူကသိမည်ဖြစ်၏။ ကုသိုလ်တရားများကို အတ္တ-ဟူ၍ဆိုလျှင် ထို အတ္တ၏ ညွှန်ပြရာအတိုင်း အာရုံများကို သိသူကသိမည်ဖြစ်၏။ လောကုတ္တရာတရားများကို အတ္တ-ဟူ၍ဆိုလျှင် ထိုအတ္တ၏ညွှန်ပြရာအတိုင်း အာရုံများကို သိသူကသိမည် ဖြစ်၏။

ဤနေရာ၌ သိသူဆိုသည်မှာ သိစိတ်ပင်ဖြစ်၏။ ပုဂ္ဂိုလ်,သတ္တဝါ,ဇီဝ မဟုတ်။ လောကုတ္တရာတရားများက ညွှန်ပြသောအာရုံဟူသည်မှာ နိဗ္ဗာန်သာဖြစ်၏။ ထို့ကြောင့် လောကုတ္တရာကို အတ္တဟူ၍ဆိုပါလျှင် အာရုံသိမ္မနှင့် ပတ်သက်၍ အထူးအထွေဆိုစရာမရှိ။ အားလုံးရှင်း၏။ အမျိုးအစားအားဖြင့်လည်း အထူးအပြားမရှိ။ နိဗ္ဗာန်တစ်မျိုးတည်းသာ ရှိ၏။

လောကီတရားများကိုသာ အတ္တ-အဖြစ်ဆိုလျှင် အာရုံများကို သိမ္မ၌ရှုပ်ထွေး၏။ ကုသိုလ်က အတ္တဖြစ်လျှင်လည်း သိမ္မနှင့်ပတ်သက်၍ ရှုပ်ထွေး၏။ အကုသိုလ်က အတ္တဖြစ်လျှင်လည်း သိမ္မနှင့်ပတ်သက်၍ ရှုပ်ထွေး၏။ အကုသိုလ်များတွင် "အာသဝ" သဘောကိုဆောင်သော အကုသိုလ်လည်းရှိ၏။ "ဩဃ" သဘောကိုဆောင်သော အကုသိုလ်လည်းရှိ၏။ "ယောဂ" သဘောကိုဆောင်သော အကုသိုလ်လည်းရှိ၏။ "ဂန္ထ" သဘောကိုဆောင်သော အကုသိုလ်လည်းရှိ၏။ "ဥပါဒါန်" သဘောကိုဆောင်သော အကုသိုလ်လည်းရှိ၏။ "နီဝရဏ" သဘောကိုဆောင်သော အကုသိုလ်လည်းရှိ၏။ "အနုသယ" သဘောကိုဆောင်သော အကုသိုလ်လည်းရှိ၏။ "သံယောဇဉ်" သဘောကို ဆောင်သော အကုသိုလ်လည်းရှိ၏။ "ကိလေသာ" သဘောကိုဆောင်သော အကုသိုလ်လည်း ရှိ၏။

**ကံ၏သဘောသဘာဝ**

အကုသိုလ်တို့သည် အနုသယ-အဆင့် ပရိယုဋ္ဌာန-အဆင့်၊ ဝီတိက္ကမ-အဆင့်ဟူ၍ အဆင့်အားဖြင့် သုံးမျိုးစီရှိကြ၏။ အနုသယ-အဆင့်ဟူသည်မှာ အတိတ်,ပစ္စုပ္ပန်,အနာဂတ်ဟူ၍ တိတိကျကျ မဆိုနိုင်သော အဆင့်ဖြစ်၏။ ထို့ကြောင့် အနုသယအဆင့်ကိလေသာကို ကိန်းသည်ဟူ၍ ဆိုကြ၏။ "ကိန်း" ခြင်းဆိုသည်မှာ အကြောင်းများဆုံမိလျှင် ဥပါဒ်, ဌီ, ဘင် အဆင့်သို့ အချိန်မရွေးရောက်နိုင်သည့် သဘောဖြစ်၏။ ထို့ကြောင့် အနုသယအဆင့် ကိလေသာကို "ထာဝရပစ္စုပ္ပန်"ဟူ၍ဆိုသော် ဆိုနိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပရိယုဋ္ဌာနအဆင့်ဟူသည်မှာ ဥပါဒ်, ဌီ, ဘင်-အားဖြင့် ထကြွနေသော သဘောဖြစ်၏။ ထို့ကြောင့် ပရိယုဋ္ဌာနအဆင့် ကိလေသာကို ပစ္စုပ္ပန်ဟူ၍ ဆိုရ၏။

ဝီတိက္ကမ အဆင့်ဟူသည်မှာ လွန်ကျူးမိပြီဖြစ်သဖြင့် ကံမြောက်သော အဆင့်ဖြစ်၏။ ထို့ကြောင့် ဝီတိက္ကမကိလေသာကို "နာနာက္ခဏိကကမ္မ"ဟူ၍ ဆိုရ၏။ နာနာက္ခဏိကကမ္မ ဟူသည်မှာ နိဗ္ဗာန်ရသည့်တိုင်အောင်၊ သို့မဟုတ် မိမိအကျိုးပေးပြီးသည့် ကာလတိုင်အောင်၊ သို့မဟုတ် မိမိအကျိုးပေးရာ ကာလကုန်ဆုံးသည်တိုင်အောင် အရိပ်ပမာ သတ္တဝါတို့၏ ခန္ဓာအစဉ်၌ အမြဲတစေလိုက်နေသော ကံဖြစ်၏။ ထို့ကြောင့် ကာလအားဖြင့် အတိတ်ဟူ၍ ဆိုရ၏။ အတိတ်ဟူ၍ ဆိုရခြင်းမှာ ကံဖြစ်စဉ် သဟဇာတကမ္မ-ကို ထောက်၍ ဆိုခြင်းဖြစ်၏။ ကံ သည် သဟဇာတကမ္မ၊ အနန္တရကမ္မ၊ နာနာက္ခဏိကကမ္မ ဟူ၍ သုံးမျိုးရှိရာ သဟဇာတကမ္မ သည် ပစ္စုပ္ပန်ဖြစ်လျှင် အနန္တရကမ္မနှင့် နာနာက္ခဏိကကမ္မ သည် အတိတ်ဖြစ်၏။ ဖြစ်ရာကာလသည်သာ အတိတ်ဖြစ်၏။ စွမ်းအင်သည်ကား ခန္ဓာအစဉ်၌ အရိပ်ပမာ အမြဲလိုက်နေသောကြောင့် "ထာဝရပစ္စုပ္ပန်" သဘော ရှိပါ၏။

ထို့ကြောင့် ကံနှင့်ပတ်သက်လျှင် သဟဇာတကမ္မ၊ အနန္တရကမ္မ နှင့် နာနာက္ခဏိကကမ္မတို့၏ ဖြစ်ရာကာလကိုလည်းကောင်း၊ ကံစွမ်းအင်တို့၏ အရိပ်ပမာထာဝစဉ်ရှိနေသည့် သဘောအရ အကျိုးပေးရာကာလကိုလည်းကောင်း ခွဲခြား၍ နားလည်အပ်၏။

အမှန်အားဖြင့် အနန္တရကမ္မ-ဟူသည် အကျိုးပေးရာ၌ အထောက်အပံ့ အာသေဝနသတ္တိ-ရရှိမှုနှင့်ပတ်သက်၍ ဖော်ပြခြင်းခံရသောကံ၏ အမည်သာဖြစ်၏။

အာသေဝနသတ္တိ-ကိုရလျှင် ကံသည်အားကောင်း၏၊ အာသေဝနသတ္တိ-ကို မရလျှင် ကံသည်အားမကောင်း။ ဤသဘောကိုသာ ဖော်ပြလိုရင်းဖြစ်၏။ အမှန်အားဖြင့် နာနာက္ခဏိက အဆင့်ရောက်မှ ကံသည်အကျိုးပေး၏။

ထို့ကြောင့် ဖြစ်စဉ်အားဖြင့်ဆိုရလျှင် သဟဇာတကမ္မ-သည်ပင် အနန္တရကမ္မ အဆင့်သို့ရောက်၏။ တစ်ဖန် အနန္တရကမ္မသည်ပင် နာနာက္ခဏိကကမ္မ အဆင့်သို့ ရောက်၏။ ထိုအဆင့်သို့ရောက်ပါမှလည်း ကံသည်အကျိုးပေး၏။

စိတ်ဖြစ်စဉ်များတွင် အာရုံနှင့်ဒွါရတို့ တိုက်ဆိုင်ရာမှ စိတ်သည်ဖြစ်ပေါ်ရ၏။ ထိုသို့ဖြစ်ပေါ်ရာတွင် အာသဝ-တရားများသည် အာရုံများကိုလည်း အရောင်တစ်မျိုး ဆိုးပေးလိုက်၏။ ဒွါရ(အာယတန)များကိုလည်း အရောင်တစ်မျိုး ဆိုးပေးလိုက်၏။ ထို့ကြောင့် အာရုံနှင့်ဒွါရတို့ တိုက်ဆိုင်မှုဖြစ်ပေါ်လာရသော စိတ်သည် အာရုံကိုယူသောအခါ အမှန်အတိုင်းမယူနိုင်တော့ဘဲ အာသဝတရားများက ဆိုးပေးလိုက်သည့်အတိုင်း အာရုံများကို ယူရ၏။ အာရုံများကို ယူခြင်းဟူသည်မှာ စိတ်က အာရုံများကို သိခြင်းဖြစ်၏။

အာသဝတရားများသည် အစွမ်းထက်၏။ ဘုံအားဖြင့်ဆိုရလျှင် ဘဝဂ် (နေဝသညာနာသညာယတန)တိုင်အောင်၊ ဓမ္မအားဖြင့်ဆိုရလျှင် မဂ်၏ရှေ့ ဂေါတြဘူ (သို့မဟုတ်) ဝေါဒါန် တိုင်အောင် အရောင်များကို ဆိုးပေးနိုင်စွမ်းရှိ၏။ ထို့ကြောင့် စိတ်သည်

www.burmeseclassic.com

www.burmeseclassic.com



မိမိလည်း အနိစ္စ, အာရုံလည်းအနိစ္စ, ဒွါရလည်း အနိစ္စဖြစ်လျက် နိစ္စဟူ၍ သိ၏။

ထိုနည်းအတူ ဒုက္ခဖြစ်လျက် သုခဟူ၍သိ၏။ အနတ္တဖြစ်လျက် အတ္တဟူ၍သိ၏။ အသုဘဖြစ်လျက် သုဘဟူ၍သိ၏။ ဤသို့ အလွဲလွဲအမှားမှား သိခြင်းမှာ အာသဝ တရားများက အာရုံများနှင့် ဒွါရ (အာယတန)များကို မသင့်မလျော် မဟုတ်မမှန် အရောင်များကို ဆိုးပေးထားသောကြောင့် ဖြစ်၏။

သို့ဖြစ်၍သာ ရူပါရုံကိုမြင်နေရပါလျက် ရူပါရုံဟူ၍သာမသိဘဲ ပုဂ္ဂိုလ်,သတ္တဝါ, အရာဝတ္ထုအဖြစ် သိနေခြင်းဖြစ်၏။ ဒြပ်မဲ့သဘာဝကို မြင်နေရပါလျက် ဒြပ်မဲ့သဘာဝ အဖြစ်သာမသိဘဲ ဒြပ်ရှိအစိုင်အခဲအဖြစ် သိနေခြင်းဖြစ်၏။ အခြားအာရုံများကို သိရာ၌လည်း ထို့အတူပင် ဖြစ်၏။ အမှန်အားဖြင့် အာသဝ-တရားများကုန်ပါမှ အာရုံကို အမှန်အတိုင်း သိမည်ဖြစ်၏။ အာသဝ တရားများမကုန်လျှင် ယင်းတို့က အာရုံနှင့်ဒွါရ(အာယတန)များကို ဖောက်လွဲဖောက်ပြန်သိနေအောင် အရောင်များ ဆိုးပေး နေဦးမည် ဖြစ်၏။

အာသဝ-တရားများ ဆိုးပေးသော ဆိုးရည်ကား ကြာမြင့်စွာထုံထားအပ်သော ဆိုးရည်ဖြစ်သဖြင့် အရောင်ခိုင်လွန်းလှ၏။ ထိုဆိုးရည်ကို အရဟတ္တ-မဂ်ဖြင့်သာ ချွတ်နိုင်၏။ ထို့ကြောင့် ရဟန္တာဖြစ်မှသာ မိမိတို့ဒွါရများ၌ ထင်လာသောအာရုံများကို အမှန်အတိုင်း သိပေလိမ့်မည်။

**ဩဃများနှင့်အာသဝတရား** ဩဃ များသည် သတ္တဝါများအား ဝဋ်ဒုက္ခသမုဒ္ဒရာမှ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ တက်စွမ်း နိုင်သော အင်အားများကို ကုန်ခန်းအောင်လုပ်ပြီး ၃၁ ဘုံတည်းဟူသော ဘဝရေအလျဉ်၌ ထက်,အောက် စုန်ချည် ဆန်ချည်ဖြင့် မျောနေအောင်လုပ်၏။ ယောဂတရားများကလည်း ဝဋ်သုံးပါးနှင့် သတ္တဝါများကို အကြောင်းအကျိုး နိယာမ ဖြင့် ဖွဲ့ယှဉ်ထား၏။ သို့ရာတွင် သတ္တဝါများအနေဖြင့် တစ်ဘဝမှတစ်ဘဝသို့ မျောနေရခြင်းကိုလည်းကောင်း၊ မိမိဖြစ်ရာ ဘဝသည် မည်မျှပင်အောက်တန်းကျစေကာမူ ထိုဘဝ၌ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ် တည်းဟူသော ကြောင်းကျိုးနိယာမအတိုင်း တွယ်ကပ်နေရခြင်းကို လည်းကောင်း "အလှအပ"များအဖြစ် ထင်မှတ်ရအောင် အာသဝ တရားများက ဖန်တီးထား၏။

ဂန္ထ တရားများကလည်း ဘဝတစ်ခုနှင့်တစ်ခု အဆက်ပြတ်မသွားရလေအောင် စုတိပြီးပဋိသန္ဓေ၊ ပဋိသန္ဓေပြီး စုတိဟူ၍ ကွင်းဆက်များဖြင့် ဆက်ပေးထားသကဲ့သို့ ထုံးဖွဲ့ပြီး ဆက်ပေးထား၏။

ထိုကွင်းဆက်များသည် အမှန်အားဖြင့် နှစ်သက်ဖွယ်မဟုတ်ဟူ၍ နှုတ်ကဘယ်လိုပင် ပြောစေကာမူ တကယ်တမ်းကျတော့ ဘဝကွင်းဆက်ကို ထိုထိုသတ္တဝါများက ရွှေသား ကွင်းဆက်ထက် မြတ်နိုးဖွယ်အဖြစ် ထင်မှတ်ရလေအောင် အာသဝ- တရားများက ဖန်တီးထား၏။ ဥပါဒါန်တရားများကလည်း အလွန်ကောင်းမွန်သော ဖလင်ကော်ပြား သဖွယ် အာရုံများကို အာရမ္မဏိက-များနှင့်အတူ ခန္ဓာအစဉ်၌ ပျောက်ပျက်မသွားရအောင် မှတ်တမ်းတင်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မတာအားဖြင့် နောက်နောက်စိတ်တို့ ဖြစ်ပေါ်ရလေအောင် ရှေးရှေးစိတ်များက မိမိတို့၏အာရုံများနှင့်အတူ ချုပ်၍ချုပ်၍ သွားရ၏။ ထိုသို့ချုပ်၍ချုပ်၍သွားသော်လည်း ရှေးရှေးစိတ်များ၏စွမ်းရည်သည် ပျောက်၍မသွားဘဲ အရိပ်သဖွယ် ခန္ဓာအစဉ်၌ ကျန်ရစ်ခဲ့၏။

စိတ်ဟူသည် သူချည်းဖြစ်နိုင်သည်မဟုတ်။ အာရုံရှိမှ ဖြစ်နိုင်၏။ ထို့ကြောင့် ရှေးရှေးစိတ်များ ချုပ်သွားသောအခါ အာရုံနှင့်တကွချုပ်ကြ၏။ သို့ဖြစ်၍ ချုပ်သွားသော စိတ်၏ စွမ်းရည်များတွင် အာရုံသဘောလည်းပါဝင်၏။ ချုပ်သွားပြီဖြစ်သော ရှေးရှေး စိတ်များက နောက်နောက်စိတ်များအား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုကြ၏။

ထို့ကြောင့် နောက်နောက်စိတ်များသည် ခန္ဓာအစဉ်၌ အရိပ်သဖွယ် ထင်ကျန်ရစ်ခဲ့သော ရှေးရှေးစိတ်များ၏ အာရုံများကို ယူနိုင်ခြင်းဖြစ်၏။ ဤသို့ အတိတ်အာရုံများကို သိနိုင်ခြင်းမှာ ယင်းအတိတ်အာရုံများသည် ဆိုင်ရာစိတ်များနှင့် အတူတကွ ချုပ်သွားသော်လည်း အာရုံနှင့်တကွသော စိတ်စွမ်းအင်များသည် ခန္ဓာအစဉ်၌ ကျန်ရစ်ခဲ့သောကြောင့် ဖြစ်၏။ အနာဂတ်အာရုံများဟူသည်မှာလည်း ထိုနည်းအတူပင် ဖြစ်၏။

အမှန်အားဖြင့် ဘဝဖြစ်စဉ်များသည် မျဉ်းဖြောင့်သဖွယ်ဖြစ်နေကြသည်မဟုတ်။ စက်ဝန်းသဖွယ်သာ ဖြစ်နေကြခြင်းဖြစ်၏။ သို့ဖြစ်၍သာ သံသရာ၌ကျင်လည်ရစဉ် မိမိတို့မကြုံဖူးသော အာရုံများဟူ၍ မရှိခြင်းဖြစ်၏။ ယင်းသဘောကို "စက်" ဟူ၍ လည်းကောင်း၊ "ဝဋ်"ဟူ၍လည်းကောင်း ဆိုရ၏။ ထို့ကြောင့် အာရုံတစ်မျိုးတည်း ကိုပင် လည်နေသောစက်ဝိုင်းအမှတ်ကဲ့သို့ "ရှေး"ဟူ၍လည်း ဆိုနိုင်၏။ "နောက်" ဟူ၍လည်းဆိုနိုင်၏။ "တည့်တည့်"ဟူ၍လည်းဆိုနိုင်၏။ ဤသည်မှာ ဒေသရှုထောင့်မှ ဆိုခြင်းဖြစ်၏။ ကာလရှုထောင့်မှဆိုလျှင် "အတိတ်"ဟူ၍လည်းဆိုနိုင်၏။ "အနာဂတ်" ဟူ၍လည်းဆိုနိုင်၏။ "ပစ္စုပ္ပန်"ဟူ၍လည်းဆိုနိုင်၏။ ကာလနှင့်ဒေသသည် ဝေါဟာရ အားဖြင့် ခွဲ၍ရသော်လည်း ဖြစ်စဉ်အားဖြင့် ခွဲ၍မရ။ အမှန်အားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ဟူသည် သမ္မုတိသစ္စာ သာဖြစ်၏။

အနာဂတ်အာရုံများကို အစွမ်းထက်သော အဘိညာဉ်ဖြင့်ကြည့်လျှင်မြင်နိုင်၏။ ထိုသို့မြင်နိုင်ခြင်းမှာလည်း ယင်းတို့သည် ခန္ဓာအစဉ်၌ ပစ္စုပ္ပန်သဖွယ် အရိပ်ပမာ ထင်သောကြောင့် ဖြစ်၏။ ခန္ဓာအစဉ်၌ အရိပ်ပမာထင်နေသည်ဆိုကတည်းက "စိတ္တေန နီယတေ လောကော" ဟူသည်နှင့်အညီ အဏုမြူနှင့် စကြဝဠာသည် ပမာဏအားဖြင့်သာ အကြီးအငယ် ခြားနားသော်လည်း ဖွဲ့စည်းပုံသဘောအားဖြင့်မူ အတူတူဖြစ်သကဲ့သို့ စိတ်နှင့်လောကသည်လည်း အကြီးအငယ်အားဖြင့်သာ ခြားနားသော်လည်း ဖွဲ့စည်းပုံ သဘောအားဖြင့်မူ အတူတူပင်ဖြစ်၏။ ထို့ကြောင့် စိတ်သည်မိမိတို့၏စွမ်းရည်အရ တစ်ခုလုံးကိုသိနိုင်ခြင်းဖြစ်၏။

အကယ်၍ စိတ်သည် အဏုမြူသဖွယ်ဖြစ်လျှင် လောကသည် စကြဝဠာသဖွယ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါ၏။ အဏုမြူ၌ စကြဝဠာသဘောပါသလို စိတ်၌ လောကသဘောပါဝင်၏။ စိတ်သည် ကမ္မဝိညာဉ်ဖြစ်လျှင် ကံမြောက်သွားသောအခါ ကမ္မသမ်ဂီ-မည်၏။ ကမ္မသမ်ဂီ ဟူသည်မှာ "အကျိုးကိုပေးစွမ်းနိုင်သော သတ္တိနှင့် ပြည့်စုံသောကံ" ဟူ၍ဖြစ်၏။

ကမ္မသမ်ဂီ-ဖြစ်၍ ကံမြောက်သွားပြီးနောက် ချုပ်သွားလျှင် ယင်းကံသည် မိမိ၏ ဆိုင်ရာဆိုင်ရာအာရုံများကိုလည်းကောင်း၊ မိမိအနေဖြင့် အကျိုးပေးမည့် သဘောကို လည်းကောင်း မိမိနှင့်အတူယူဆောင်၍ ချုပ်သွားခြင်းဖြစ်၏။ ထို့ကြောင့် ထိုကံက အကျိုးပေးသောအခါ ပဝတ္တိအနေဖြင့် အကျိုးပေးခြင်းဖြစ်ပါက ကံပြုစဉ် အတိတ်ကာလက တွေ့ကြုံခဲ့ရသော ဆိုင်ရာဆိုင်ရာ အာရုံများသည် ပစ္စုပ္ပန်ကဲ့သို့ မျက်ဝါးထင်ထင် ပြန်လည်ပေါ်လာတတ်၏။ ထိုကဲ့သို့ပေါ်လာခြင်းသည် ဝိပါက်စိတ်များကို ဖြစ်ပေါ် စေနိုင်သဖြင့် အကျိုးပေးခြင်းဖြစ်၏။ ထို့ကြောင့် အတိတ်ဖြစ်ဖြစ်၊ အနာဂတ်ဖြစ်ဖြစ် ထိုထိုအာရုံတို့သည် ကံနှင့်အတူချုပ်သွားခြင်းဖြစ်သဖြင့် ယင်းတို့ကိုပြန်၍ မျက်ဝါးထင်ထင် သိရခြင်းမှာ ဆိုင်ရာကံများက အကျိုးပေးခြင်းဖြစ်သည်ဟု ဆိုရ၏။

ပဋိသန္ဓေကျိုးဖြစ်ပါကလည်း မွေးလာသောအခါ လှပခြင်း၊ အကျည်းတန်ခြင်း၊ တစ်ခါတစ်ရံ ဓားခုတ်ရာပါခြင်း၊ အင်္ဂါမစုံခြင်း စသည်တို့မှာလည်း ချုပ်သွားသော ကံများ၌ ဆိုင်ရာအာရုံများနှင့်အတူ မိမိပေးမည့် အကျိုးသဘော ပါဝင်ခြင်းကြောင့်ဖြစ်၏။

ထို့ကြောင့် ကံများသည် ချုပ်သွားသော်လည်း ယင်းကံ၌ မိမိအာရုံပြုခဲ့သော ဆိုင်ရာဆိုင်ရာအာရုံများ ပါဝင်သွား၏။ ယင်းသို့ပါဝင်သွားခြင်းကို "ဥပဋ္ဌာနသမင်္ဂိတာ" ဟူ၍ဆိုရ၏။ ထို့ကြောင့် သဒိသံ ပါကံ ဓနေတိ-အရ မိမိကပေးမည့် အကျိုးသတ္တိများပါ ပါဝင်သွားခြင်းကို "ဝိပါကသမင်္ဂိတာ"ဟူ၍ ဆိုရ၏။ ထို့ကြောင့် စိတ္တေန နိယတေ လောကော-အရ မိမိ၏စိတ်သည် မိမိ၏သတ္တိလောကဖြစ်၏။

တွေ့ကြုံနေရသော မျက်မှောက်လောကသည် မိမိ၏ဗျတ္တိလောကဖြစ်၏။ အမှန်အားဖြင့် စိတ်နှင့်လောကသည် သတ္တိနှင့်ဗျတ္တိ သို့မဟုတ် အကြောင်းနှင့်အကျိုး သို့မဟုတ် အုတ်မြစ်နှင့်အဆောက်အအုံ အဖြစ်သာ ထူး၏။ အခြားဘာမျှမထူး။ သို့ဖြစ်၍သာ မိမိ၏စိတ်ထဲ၌ရှိနေသော အတွင်းအဇ္ဈတ္တအာရုံများကို လေယာဉ်ပျံ၊ ရထား စသည်ဖြင့် အပြင်ဘက် ဗဟိဒ္ဓသို့ ထုတ်ဆောင်၍ပြနိုင်ခြင်းဖြစ်၏။ အကယ်၍သာ မိမိတို့၏စိတ်ထဲ၌ လေယာဉ်ပျံ,ရထား စသော အာရုံများသည် "ဥပဋ္ဌာနသမင်္ဂိတာ" အနေဖြင့် ရှိမနေဘူးဆိုပါလျှင် တကယ့်လေယာဉ်ပျံ, ရထား စသော အာရုံများသည် ပြင်ပ၌ "ဝိပါကသမင်္ဂိတာ" အနေဖြင့် ဖြစ်ပေါ်လာနိုင်လိမ့်မည် မဟုတ်။

ထို့ကြောင့် ကံနှင့်ပတ်သက်လျှင် အစိန္တေယျ-အဖြစ် ဆိုခြင်းဖြစ်၏။ ဤသည်မှာ ဥပါဒါနပစ္စယာ ဘဝေါ-အရ ဥပါဒါန်များက ကမ္မဘဝအပေါ်၌ လည်းကောင်း၊ ဥပပတ္တိဘဝ အပေါ်၌လည်းကောင်း ကျေးဇူးပြုပုံဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**နီဝရဏများ** နီဝရဏ များသည် မိမိတို့၏ ဒွါရများ၌ ထင်လာသောအာရုံများကို အရှိအရှိအတိုင်း၊ အဖြစ်အဖြစ်အတိုင်း သိစိတ်များအနေဖြင့် ယထာဘူတ ကျကျ မှန်ကန်စွာမသိရလေအောင် ဖုံးကွယ်ထား၏။

ထိုသို့ဖုံးကွယ်ရာ၌ အာရုံပိုင်း၌လည်း ဖုံးကွယ်၏။ အာရုံပိုင်း၌ ဖုံးကွယ်ခြင်းကို "ဉေယျာဝရဏ"ဟုဆို၏။ အသိပိုင်း၌လည်း ဖုံးကွယ်၏။ အသိပိုင်း၌ဖုံးကွယ်ခြင်းကို "ဉာဏာဝရဏ"ဟုဆို၏။ ဤသို့ နီဝရဏများက ဖုံးကွယ်၏။

**အနုသယများ** အနုသယ များက သတ္တဝါတို့သန္တာန်၌ ဗီဇအနေဖြင့် အစဉ်ကိန်း၏။ ဤ အနုသယ များကြောင့်သာ သတ္တဝါတို့အနေဖြင့် ပြုလုပ်သမျှသော ကာယကံမှု, ဝစီကံမှု, မနောကံမှု တို့သည် ကံ အမည်ကိုရနေကြခြင်း ဖြစ်၏။ ကံ အမည်ကို ရနေခြင်းကြောင့်လည်း ကံ၏အကျိုးတရားများအနေဖြင့် တစ်ဘဝပြီးတစ်ဘဝ ဖြစ်နေကြရခြင်း ဖြစ်၏။

အကယ်၍ အနုသယ-သာ မရှိတော့ဘူးဆိုလျှင် ကံများလည်း ရှိတော့မည်မဟုတ်။ ကံများမရှိတော့လျှင်လည်း ပဋိသန္ဓေ-ဟူ၍လည်း ရှိတော့မည်မဟုတ်။ ပဋိသန္ဓေ မရှိတော့လျှင် ဘဝ-ဟူ၍လည်း ရှိတော့မည်မဟုတ်။ ဘဝမရှိတော့လျှင် ပုဂ္ဂိုလ်,သတ္တဝါ ဟူ၍လည်း ရှိတော့မည်မဟုတ်။ ထို့ကြောင့် အနုသယ များသည် သတ္တဝါတို့၏ မျိုးစေ့များဖြစ်ကြ၏။

**သံယောဇဉ်ကြိုးများ** သံယောဇဉ် ဟူသည်မှာ သတ္တဝါတို့၏ ဘဝနှင့်ပတ်ဝန်းကျင်ကို ချည်နှောင်ထားသော ကြိုးများဖြစ်၏။ ပတ်ဝန်းကျင်တွင် သက်ရှိလည်းပါ၏။ သက်မဲ့လည်း ပါ၏။ ထို့ကြောင့် သတ္တဝါတို့သည် မိမိတို့ဘာသာ မိမိတို့ဆန္ဒအတိုင်း နေနိုင်ကြသည် မဟုတ်။ သံယောဇဉ်ကြိုးများက နှောင်ဖွဲ့ထားခြင်း ကြောင့် ပတ်ဝန်းကျင်အတိုင်း လိုက်၍နေရခြင်း ဖြစ်၏။

သို့ဖြစ်လေရာ ပတ်ဝန်းကျင်ကလှုပ်လျှင် အချင်းချင်းနှောင်ဖွဲ့ထားမှုကြောင့် မိမိလည်းလှုပ်၏။ ပတ်ဝန်းကျင်ကငြိမ်လျှင် မိမိလည်းငြိမ်၏။ ထို့နည်းအတူပင် မိမိကလှုပ်လျှင် ပတ်ဝန်းကျင်ကလှုပ်၏။ မိမိကငြိမ်လျှင် ပတ်ဝန်းကျင်ကငြိမ်၏။

ကမ္ဘာအဝန်းရှိ ပုဂ္ဂိုလ်တစ်ယောက်က ရွံရှာဖွယ်အပြုအမူကို ပြုသည်ဆိုလျှင် ထိုအခါ ထိုပုဂ္ဂိုလ်နှင့် မိမိကိုဆက်ထားသော ဒေါသသံယောဇဉ်ကြိုးသည် တင်း၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကို မိမိက မမြင်ဖူးပါလျက် မုန်းတီး၏။ အကယ်၍ နှစ်သက်ဖွယ် အပြုအမူကို ပြုသည်ဆိုလျှင် ထိုပုဂ္ဂိုလ်နှင့် မိမိကိုဆက်ထားသော လောဘ သံယောဇဉ် ကြိုးသည် တင်း၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကို မိမိမမြင်ဖူးပါဘဲလျက် ချစ်၏။

သို့ဖြစ်လေရာ လူသည် မိမိနှင့်ပတ်ဝန်းကျင် ဘာမျှမဆိုင်ဟူ၍ ထင်ပါသော်လည်း ထိုအထင်သည် အထင်မျှသာဖြစ်သည်။ အမှန်မဟုတ်။ အမှန်အားဖြင့် ဗုဒ္ဓဒေသနာတော် အရ သံယောဇဉ်ကြိုးများက ဖွဲ့နှောင်ထားမှုကြောင့် မိမိသည် ပတ်ဝန်းကျင်နှင့်ဆိုင်၏။ ၃၁-ဘုံနှင့်ဆိုင်၏။ ထိုသို့ဆိုင်ခြင်းမှာ မိမိနှင့်ပတ်ဝန်းကျင်ကို သံယောဇဉ်ကြိုးများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချည်နှောင်ထားသောကြောင့် ဖြစ်၏။ ဘဝနှင့်ပတ်ဝန်းကျင်ကို ဖွဲ့နှောင်ထားသော သံယောဇဉ်ကြိုး ဟူသည်မှာလည်း မဂ်ဖြင့်မဖြတ်တောက်နိုင်သရွေ့ ကာလပတ်လုံး မိမိ၏သန္တာန်၌ ရှိနေမည်သာဖြစ်၏။

အကယ်၍ မိမိသည် သံယောဇဉ်ကြိုးအားလုံးကို ဖြတ်တောက်ပြီးသော ရဟန္တာ ဖြစ်လျှင်သော မိမိနှင့်ပတ်ဝန်းကျင် ဘာမျှမဆိုင်ခြင်းဖြစ်၏။ မိမိ၏ကိုယ်ပိုင်ဥစ္စာကို သူတစ်ပါးက မတော်မတရား ယူသွားလျှင်လည်း မိမိအနေဖြင့်မလှုပ်။ မိမိ၌ နှမြောတ သ ခြင်း မဖြစ်။ အဘယ်ကြောင့်ဆိုသော် မိမိနှင့်မိမိပစ္စည်းကို ချည်နှောင်ထားသော လောဘသံယောဇဉ်ကြိုးကို မိမိအနေဖြင့် ဖြတ်တောက်ပြီးဖြစ်သောကြောင့် မိမိ၏ကိုယ်ပိုင် ဥစ္စာနှင့် မိမိသည် ကြိုးအားလုံးပြတ်နေသောကြောင့် ရုပ်သေးရုပ်သဖွယ် ဖြစ်သဖြင့် မလှုပ်ခြင်းဖြစ်၏။ နှမြောတ သမှု မရှိခြင်းဖြစ်၏။ ဥစ္စာပစ္စည်းနှင့် သူတစ်ပါးက လှုပ်သော်လည်း မိမိကလိုက်၍ မလှုပ်။

ထို့နည်းအတူ ဒေါသသံယောဇဉ်ကြိုး ပြတ်နေလျှင်လည်း မည်သည့်ပုဂ္ဂိုလ်အပေါ်မှ ဒေါသ မဖြစ်။ မုန်းတီးစိတ်မဖြစ်။ အမှန်အားဖြင့် မုန်းတီးခြင်း, ပူပန်ခြင်း, ချစ်ခြင်း စသည်တို့မှာ မိမိနှင့်ပတ်ဝန်းကျင်ကို ချည်နှောင်ထားသော သံယောဇဉ်ကြိုးများ၏ သဘာဝဖြစ်၏။ ယင်းတို့ကတင်းသဖြင့် အချင်းချင်း တစ်ခုကလှုပ်လျှင် အခြားတစ်ခုက လိုက်၍လှုပ်ခြင်းဖြစ်၏။ လက်တွေ့အားဖြင့်လည်း ဤ သဘောကို ကမ္ဘာဖြစ်စဉ်များ၌ တွေ့နိုင်၏။ ထိုသို့တွေ့နိုင်သော်လည်း "မဆိုင်ဘဲနှင့်ကြားကဝင်ရှုပ်တယ်" ဟူ၍ အထင်များတတ်ကြ၏။ ဤသည်မှာ အထင်များသည့်အတိုင်းမဟုတ်၊ သဘာဝအတိုင်း အမှန်ဖြစ်ခြင်းဖြစ်၏။

သံယောဇဉ်ကြိုးများသည် မြင်နိုင်ခဲပေစွ။ အရဟတ္တမဂ်ဖြင့် မဖြတ်နိုင်သေးသရွေ့ ကာလပတ်လုံး မိမိသည်ပတ်ဝန်းကျင်နှင့် သံယောဇဉ်ကြိုးများ၏ နှောင်ဖွဲ့မှုကြောင့် ဆိုင်နေဦးမည်သာ ဖြစ်၏။ အကယ်၍ အရဟတ္တမဂ်ကို ရသဖြင့် သံယောဇဉ်ကြိုးများ ပြတ်သွားသောကြောင့် ပတ်ဝန်းကျင်လှုပ်တိုင်း မိမိက လိုက်မလှုပ်သော်လည်း သံယောဇဉ် ကြိုးများ မပြတ်သေးသော ပတ်ဝန်းကျင်ကမူ မိမိလှုပ်တိုင်း လိုက်၍ လှုပ်မည်ဖြစ်၏။ ဤသို့သိအပ်၏။ ဤသို့သိခြင်းသည် ယထာဘူတ–ကျသော သိခြင်း မည်၏။

**ကိလေသာဟူသောစိတ်အစဉ်**

ကိလေသာ ဟူသည် စိတ်အစဉ်ကို ညစ်ပေအောင် ပြုတတ်သော အကုသိုလ် တရားဖြစ်၏။ ထို့ကြောင့် စိတ်သည် ပင်ကိုသဘာဝအားဖြင့် ဖြူစင်ပါလျက် ကိလေသာများကြောင့် ညစ်နွမ်းရ၏။ ပေရေရ၏။ ထိုအခါ စိတ်အစဉ်၌ ထင်လာသောအာရုံများသည် ရေနောက်၌ထင်သော အရိပ်ကဲ့သို့ ပီပီပြင်ပြင်မရှိ။ ထို့ကြောင့် မိမိစိတ်အစဉ်၌ ကိလေသာများပူးကပ်လာသောအခါ ထင်လာသောအာရုံများကို အမှန်အတိုင်းမသိဘဲ အလွဲလွဲအမှားမှား သိခြင်းဖြစ်၏။ မှန်သားကြည်မှ အရိပ်ကြည်၏။ အရိပ်ကြည်မှ အမှန်အတိုင်းသိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်များမှာ "အတ္တဒီပါ ဝိဟရထ" ၌ အတ္တ–အရ အကုသိုလ်ကိုယူခြင်း၌ ဖြစ်ပေါ်သော ဘဝဖြစ်စဉ်များဖြစ်၏။ လူတို့သည် အကုသိုလ်များကို မပယ်နိုင်သေးသရွေ့ ဤဘဝဖြစ်စဉ်များသည် ဖော်ပြပါအတိုင်း ဖြစ်နေကြမည်သာ ဖြစ်၏။

အမှန်အားဖြင့်လည်း ဤဘဝဖြစ်စဉ်များသည် ဖြစ်ချင်၍ ဖြစ်ကြရသည်မဟုတ်။ အကုသိုလ်ကို အတ္တ–အဖြစ် ကိုးကွယ်မိသောကြောင့်ဖြစ်၏။ "အတ္တာ ဟိ အတ္တနော နာထော"အရ အကုသိုလ်ကို အတ္တ–အဖြစ် ကိုးကွယ်သောအခါ "ဇာတဲ သရဏာတော ဘယံ"ဟူသည်နှင့်အညီ ကိုးကွယ်ရာမှ ဘေးဖြစ်ခြင်းဖြစ်၏။

**ပါရမီမဟုတ်သောကုသိုလ်**

အတ္တ–အဖြစ်ကုသိုလ်ယူခြင်းလည်း ရှိ၏။ ထိုသို့ယူရာတွင် ကုသိုလ်သည် ပါရမီမဟုတ်သောကုသိုလ်နှင့် ပါရမီကုသိုလ် ဟူ၍ နှစ်မျိုးကွဲပြားသွား၏။ ပါရမီမဟုတ်သောကုသိုလ်သည် ပပဉ္စ–တရားကို အားပြု၏။ ပပဉ္စ တရား ဟူသည်မှာ တဏှာ,မာန,ဒိဋ္ဌိ တို့ပင်ဖြစ်၏။ ထိုအခါ ကုသိုလ်သဘောအရ ကောင်းမှုကို လုပ်သည်ပင်ဖြစ်စေကာမူ ထိုကုသိုလ်သည် တဏှာ,မာန,ဒိဋ္ဌိတို့၏ အလို အတိုင်း လိုက်နာရ၏။ ကောင်းမှုဟူသည်မှာလည်း ဒါန,သီလ,ဘာဝနာ ဟူ၍ အကျဉ်း အားဖြင့် သုံးမျိုးပြား၏။

ပပဉ္စ တရားအပေါ်အခြေခံ၍ ဒါန–အရ ပေးကမ်းလှူဒါန်းခြင်းသည် လည်းကောင်း၊ သီလ– အရ မကောင်းမှု ဒုစရိုက်များကို မပြုမိအောင် ရှောင်ကြဉ်ခြင်းသည်လည်းကောင်း၊ ဘာဝနာ–အရ အသိဉာဏ်ပညာ တိုးပွားရေးအတွက် တရားဘာဝနာ ပွားများခြင်းသည် လည်းကောင်း မြတ်စွာဘုရား၏ သာသနာတော် မပေါ်ထွန်းမီကပင် ဤလောက၌ ရှိနှင့်ပြီးဖြစ်၏။

ထိုစဉ်ကလူများသည်လည်း များသောအားဖြင့် ထိုအတိုင်းလုပ်ကြ၏။ ထိုသို့သော ကုသိုလ်ကောင်းမှုလုပ်နည်းကို "သာသနာပ ကုသိုလ်ကောင်းမှုလုပ်နည်း" ဟူ၍ဆိုရ၏။ ဤလုပ်နည်းအရ ကုသိုလ်ကောင်းမှုကိုလုပ်သောအခါ ဒါန လုပ်ရာ၌လည်း ပစ္စုပ္ပန်, တမလွန် ၌ မိမိချမ်းသာလို၍ ဒါနကိုလုပ်ခြင်းဖြစ်၏။ သီလ ဆောက်တည်ရာ၌လည်း ပစ္စုပ္ပန်, တမလွန် ၌ မိမိအသက်ရှည်လို၍ သီလကို တည်ဆောက်ခြင်းဖြစ်၏။ဘာဝနာကို ပွားရာ၌လည်း ပစ္စုပ္ပန်,တမလွန် ၌ မိမိပညာပွားများလို၍ တရားဘာဝနာပွားများခြင်း ဖြစ်၏။

ချမ်းသာချင်လျှင် ဒါနကိုပြုရသည်မှာမှန်၏။ အသက်ရှည်လိုလျှင် သီလကို စောင့်ထိန်းရသည်မှာ မှန်၏။ ပညာရှိဖြစ်လိုလျှင် ဘာဝနာကို ပွားများရသည်မှာ မှန်၏။ အမှန်အားဖြင့် ဤလောက၌ သတ္တဝါမှန်လျှင် စိတ်ချမ်းသာ,ကိုယ်ချမ်းသာဖြင့် နေလိုကြသည်ချည်း ဖြစ်၏။ ထို့ကြောင့် ဒါနပြုခြင်းဖြစ်၏။ ယင်းကိုအားထားရာ "သရဏ"ကို ရှာခြင်းဟူ၍ဆို၏။

ဒါနကြောင့်ရသော စည်းစိမ်ဥစ္စာဟူသည် မိမိ၏အားထားရာ ရိက္ခာထုပ်ဖြစ်၏။ ထို့အပြင် သတ္တဝါမှန်လျှင် အနာရောဂါကင်းစွာနှင့် အသက်ရှည်လိုကြသည်ချည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထို့ကြောင့် သီလကို စောင့်ထိန်းခြင်းဖြစ်၏။ ယင်းကို မသေခြင်း 'အမတ'ကို ရခြင်း ဟူ၍ဆို၏။ သတ္တဝါမှန်လျှင် ဘေးရန်အန္တရာယ်,အနှောင်အဖွဲ့မှ လွတ်မြောက်အောင် ကြံဆောင်နိုင်သောပညာနှင့် ပြည့်စုံလိုကြသည်ချည်း ဖြစ်၏။ ထို့ကြောင့် ဘာဝနာကို ပွားများအားထုတ်ခြင်းဖြစ်၏။ ယင်းကို လွတ်မြောက်ရာ "မောက္ခ"ကို ရခြင်း ဟူ၍ဆို၏။

အသိဉာဏ်ပညာနှင့် ပြည့်စုံပါမှသာ အနှောင်အဖွဲ့ဟူသမျှမှ လွတ်မြောက်အောင် ကြံဆောင်နိုင်မည်ဖြစ်၏။

ထို့ကြောင့် သတ္တဝါတို့၏ ပင်ကိုဗီဇဆန္ဒ-အရ ကြံစည်ရာတွင် ချမ်းသာနည်း အဖြစ် ဒါနကိုတွေ့၏။ အသက်ရှည်နည်းအဖြစ် သီလ ကိုတွေ့၏။ ပညာရှိနည်းအဖြစ် ဘာဝနာကို တွေ့၏။ ထိုနည်းသုံးမျိုးသည် သံသရာတွင်းနည်းဖြစ်၏။

သို့ရာတွင် အသိဉာဏ်ရင့်ကျက်မှုကြောင့် သံသရာတွင်းနည်း အဖြစ်မှ သံသရာ လွန်နည်းအဖြစ်သို့ တိုးမြှင့်လိုက်သောအခါ ဒါန-မှ သရဏ-ကို ရ၏။ သီလ-မှ အမတ-ကို ရ၏။ ဘာဝနာ-မှ မောက္ခ-ကို ရ၏။

ဒါန,သီလ,ဘာဝနာတို့ကို လုပ်ရာတွင် ပါရမီမဟုတ်သော ကုသိုလ်အမြင်ဖြင့်သာ လုပ်ပါက သံသရာလွန်နည်းအဖြစ် စိတ်ကထင်သော်လည်း တကယ်တမ်းကျတော့ သံသရာတွင်းအတိုင်းသာ လုပ်မိရက်သား ဖြစ်ကြ၏။ ဤအတိုင်းသာလုပ်ခြင်းသည် သာသနာပ လုပ်နည်းဖြင့် လုပ်ခြင်းဖြစ်၏။ ထို့ကြောင့် ဤလုပ်ငန်းကို ဝဋ္ဋသီသ လုပ်နည်းဟူ၍လည်းကောင်း၊ မိစ္ဆာပဋိပဒါ လုပ်နည်းဟူ၍လည်းကောင်း ပိဋကတ်တော်၌ ဆို၏။ ဤလုပ်နည်းအရ လုပ်ခြင်းဟူသမျှသည် မိမိကိုသာဦးစားပေး၍ လုပ်ခြင်း ချည်းသာဖြစ်၏။ မိမိကိုယ်ကို ဦးစားပေး၍လုပ်ပါကလည်း လောကမှ ထွက်မြောက်ရာကို မည်သည့်အခါမျှ ရမည်မဟုတ်။ လောကမှ ထွက်မြောက်ရာကို ရနိုင်သည်ဟု ယုံကြည်လျှင်လည်း ထိုယုံကြည်ချက်သည် မှားသောယုံကြည်ချက်သာ ဖြစ်၏။ ထိုယုံကြည်ချက်အတိုင်း လုပ်ပါက အလွန်ဆုံး ဈာန်အဘိညာဉ် ကိုသာ ရနိုင်၏။ ထို့ထက်မပို။ အမှန်အားဖြင့် လောကမှ လွတ်မြောက်ခြင်းဟူသည်မှာ ငါ(အတ္တ) မှ လွတ်မြောက်ခြင်းဖြစ်၏။

ငါမှ လွတ်မြောက်ခြင်းကိုပင် သံသရာမှလွတ်မြောက်ခြင်း ဟူ၍လည်းကောင်း၊ လောကမှ လွတ်မြောက်ခြင်းဟူ၍လည်းကောင်း ဆိုရ၏။ အကယ်၍ "ငါ"လွတ်မြောက်ခြင်း မဟုတ်ဘဲအရာရာတိုင်း၌ "ငါ"ကိုရှေ့တန်းတင်ပြီး လုပ်နေပါက အဘယ်သို့လျှင် စစ်မှန် သော သံသရာမှလွတ်မြောက်ခြင်း ဖြစ်နိုင်ပါမည်နည်း။ အမှန်မဖြစ်နိုင် သည်သာ။

**ဗုဒ္ဓညွှန်ကြားသော ဒါနသီလဘာဝနာ**

ထို့ကြောင့် မြတ်စွာဘုရားပွင့်တော်မူလာသောအခါ ဒါန-ပြုနည်း, သီလ-ဆောက်တည်နည်း,ဘာဝနာ-ပွားများနည်းကို ပြင်လိုက် သည်။ ဒါနကိုပြုရာတွင် ရှေးရှေးနည်းအရ ပါရမီမဟုတ်သော

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်အမြင်ဖြင့် မပြုတော့ဘဲ ယခုနည်းအရ ပါရမီကုသိုလ်အမြင်ဖြင့်သာပြုရန် မြတ်စွာဘုရားက ညွှန်ကြားတော်မူ၏။ သီလ ကို ဆောက်တည်ရာတွင်လည်း ရှေးနည်းအရ ပါရမီမဟုတ်သော ကုသိုလ်အမြင်ဖြင့် မပြုတော့ဘဲ ယခုနည်းအရ ပါရမီကုသိုလ် အမြင်ဖြင့်သာပြုရန် မြတ်စွာဘုရားက ညွှန်ကြားတော်မူ၏။ ဘာဝနာကို ပွားများရာတွင်လည်း ရှေးနည်းအရ ပါရမီမဟုတ်သော ကုသိုလ်အမြင်ဖြင့် မပွားများတော့ဘဲ ယခုနည်းအရ ပါရမီကုသိုလ်အမြင်ဖြင့်သာ ပွားများရန် မြတ်စွာဘုရားက ညွှန်ကြားတော်မူ၏။

နည်းနှစ်မျိုးတွင် ရှေးနည်းထက် ယခုနည်းက ပို၍အာနိသင်ကြီးမား၏။ နှလုံးသွင်းအားဖြင့် ရှေးနည်းက မိမိ၏အကျိုး "အတ္တတ္ထစရိယ"သို့ ဦးတည်၏။ ယခုနည်းက လောက၏အကျိုး "လောကတ္ထစရိယ"သို့ ဦးတည်၏။ ရှေးနည်းကို "သာသနာပ" နည်းဟူ၍ဆို၏။ ယခုနည်းကို "သာသနာတွင်း"နည်းဟူ၍ဆို၏။

သာသနာတွင်းနည်းကို မဇ္ဈိမပဋိပဒါဟူ၍လည်း ဆို၏။ အမှန်အားဖြင့် ဒါနကိုပဲ လုပ်လုပ် သီလကိုပဲဆောက်တည်ဆောက်တည် ဘာဝနာကိုပဲပွားများပွားများ မည်သည့် ကုသိုလ်ကောင်းမှုကိုလုပ်လုပ် မဇ္ဈိမပဋိပဒါအရလုပ်လျှင် ရှေးသာသနာပ နည်းထက် ယခုမဇ္ဈိမပဋိပဒါနည်းက ပို၍ပို၍ကြီးမားသော အကျိုးအာနိသင်ကို ဖြစ်စေနိုင်၏။ အမှန်အားဖြင့် လိုချင်၍ရသောအကျိုးထက် မလိုချင်ဘဲနှင့်ရသောအကျိုးက ပို၍လည်း များ၏။ ပို၍လည်း အာနိသင်ထက်၏။ ပို၍လည်း ငြိမ်းချမ်းမှုကိုဖြစ်စေ၏။

လိုချင်ခြင်းသည် "လောဘ"ဖြစ်၏။ မလိုချင်ခြင်းသည် "အလောဘ"ဖြစ်၏။ "လောဘ"ဟူသည် အကုသိုလ်ဖြစ်၏။ "အလောဘ"ဟူသည် ကုသိုလ်ဖြစ်၏။ "လောဘ"ဟူသည် မိမိအတွက် သိမ်းပိုက်ခြင်းဖြစ်၏။ "အလောဘ" ဟူသည် လောကအတွက် စွန့်လွှတ်ခြင်းဖြစ်၏။ စတေးခြင်းဖြစ်၏။ ထို့ကြောင့် အကုသိုလ်ထက် ကုသိုလ်က အကျိုးပေးသန်သည်မှာ အထူးပြောစရာပင် မလိုပါချေ။

**မဇ္ဈိမပဋိပဒါ ကို ဟောကြားသောဒေသနာ**

မဇ္ဈိမပဋိပဒါ နည်းအရ ဒါန,သီလ,ဘာဝနာ၊ သို့မဟုတ် ကောင်းမှု ကုသိုလ်တို့ကို ပြုရာတွင် မြတ်စွာဘုရားက "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"နှလုံးသွင်းအလိုက် ဖြစ်ပေါ်လာသော စေတနာကိုသာ "ကံ" ဟု ငါဘုရား ဟောတော်မူ၏–ဟူ၍ ဟောကြားတော်မူ၏။

ထိုဒေသနာတော်သည် မဇ္ဈိမပဋိပဒါ ကို ဟောကြားတော်မူသော ဒေသနာတော် ဖြစ်၏။ ထိုဒေသနာတော်အရ မဇ္ဈိမပဋိပဒါ ဟူ၍ ဆိုသည်နှင့်တစ်ပြိုင်နက် အစွန်း နှစ်ဘက်သည် အသွင်အားဖြင့်ပါဝင်လာ၏။ အစွန်းနှစ်ဘက်ကို အနှစ်သာရအားဖြင့် "လွန်" ပါမှ မဇ္ဈိမပဋိပဒါ ဖြစ်၏။ အစွန်းနှစ်ဘက်တွင် တစ်ခုသောအစွန်းမှာ "မတူ"သော အစွန်းဖြစ်၏။ ယင်းကို "ဘေဒ" ဟူ၍ဆို၏။ အခြားအစွန်း တစ်ခုမှာ "တူ" သော အစွန်းဖြစ်၏။ ယင်းကို "အဘေဒ"ဟူ၍ဆို၏။ အစွန်းနှစ်ပါးမှ လွတ်ခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



မဇ္ဈိမပဋိပဒါ ဖြစ်၏။ အစွန်းနှစ်ပါးမှ လွတ်ခြင်းကို "ဉဘယာတိတ" (ဉဘယ+အတိတ) ဟူ၍ဆို၏။ အစွန်းနှစ်ပါးမှ လွတ်ခြင်းဟူသမျှတွင် "အသွင်"အားဖြင့် အစွန်းသဘောလည်း ပါဝင်၏။ "အနှစ်သာရ"အားဖြင့် အစွန်းနှစ်ပါးကို လွန်သောသဘောလည်း ပါဝင်၏။

ဒါနကိုပြုရာတွင် ဒါယကာတစ်ဦးကလည်း ငွေကြေးကုန်ကျမှုအားဖြင့် အလှူဝတ္ထုများကို စီစဉ်၏။ ကိုယ်ထိလက်ရောက်အားဖြင့်လည်း လှူ၏။ ဤသည်မှာ "ကာယကံ"ဖြစ်၏။ နှုတ်ကလည်း လှူ၏။ဤသည်မှာ "ဝစီကံ" ဖြစ်၏။ စိတ်ကလည်း စေတနာထက်သန်စွာဖြင့် မတွန့်မတို လှူ၏။ ဤသည်မှာ "မနောကံ"ဖြစ်၏။ကံသုံးပါးလုံး အကောင်းချည်းဖြစ်၏။ ထိုနည်းအတူ အခြားဒါယကာတစ်ဦးကလည်း ငွေကြေးမှအစ အားလုံး အဘက်ဘက်မှပင် တူအောင်ပြု၍လှူ၏။ ထို့ကြောင့် ဒါယကာနှစ်ဦးတို့၏အလှူဒါန၌ ကာယကံအားဖြင့်လည်း အချင်းချင်း တူ၏။ ဝစီကံအားဖြင့်လည်း အချင်းချင်းတူ၏။ မနောကံအားဖြင့်လည်း အချင်းချင်းတူ၏။ ဒါန ၌ ဤသဘောကို ရကောင်းပါ၏။ ဤသို့ရကောင်းသောကြောင့် ဤ ဒါန ၌ အချင်းချင်း "တူ"မှု အဘေဒ ကို တွေ့ရမည် ဖြစ်ပါ၏။

နောက် ဤဒါန၌ပင် အချင်းချင်း "မတူမှု"ဘေဒ သဘောကိုလည်း တွေ့ရမည် ဖြစ်၏။ နှလုံးသွင်းအားဖြင့်မူ ဒါယကာတစ်ဦးက ရှေး သာသနာပ နည်းအတိုင်းသံသရာ ချမ်းသာကို တောင့်တ၏။ အခြားဒါယကာတစ်ဦးက ယခုသာသနာတွင်းနည်း အတိုင်း သံသရာလွန်ချမ်းသာကိုသာတောင့်တ၏။ ဤသို့မတူသည့်သဘောကိုလည်း တွေ့ရ၏။

ဒါနနှင့်ပတ်သက်၍ဆိုရာ၌ မဇ္ဈိမပဋိပဒါ ၌ တူမှုနှင့်မတူမှု နှစ်မျိုးစလုံးပင် အစွန်း သဘောကိုဆောင်နိုင်၏။ အမှန်အားဖြင့် မဇ္ဈိမပဋိပဒါ အရဆိုလျှင် အစွန်းသဘောကို ဆောင်သည်ချည်း ဖြစ်၏။ ဘာသာရေးသမိုင်းအရ သံသရာချမ်းသာကိုသာ တောင့်တ၍ ဝေဒ ခေတ်လူတို့သည် ဒါနကိုပြုခဲ့ကြ၏။ ယင်းကို "ကမ္မကဏ္ဍ" ဟုဆို၏။

ဉပနိသျှဒ် ခေတ်လူတို့သည် သံသရာလွန်ချမ်းသာကို တောင့်တ၍ ဒါနကို ပြုခဲ့ကြ၏။ ယင်းကို "ဉာဏကဏ္ဍ"ဟုဆို၏။ ဤသည်မှာ ဒါနပြုကြခြင်းတူသော်လည်း နှလုံးသွင်းခြင်း မတူသည့် အဘေဒ သဘောဖြစ်၏။

သို့ရာတွင် သံသရာလွန်ချမ်းသာကို တောင့်တရာ၌ တောင့်တတိုင်းရနိုင်သည် မဟုတ်။ လမ်းစဉ်မှန်ပါမှသာ ရနိုင်၏။ မှန်သောလမ်းစဉ်ကို မဇ္ဈိမပဋိပဒါ ဟုဆို၏။

မဇ္ဈိမပဋိပဒါ မှန်လျှင် ဗောဓိပက္ခိယသို့ဦးတည်၏။ မဇ္ဈိမပဋိပဒါ တွင် မှန်ကန်သော သီလ-လည်း ပါရ၏။ မှန်ကန်သောသမာဓိလည်း ပါ၏။ မှန်ကန်သော ပညာလည်း ပါရ၏။ မှန်ကန်သော သီလ,သမာဓိ,ပညာ တို့မပါဘဲ တောင့်တရုံ သက်သက်ဖြင့် သံသရာလွန်ချမ်းသာကို ရရိုးမရှိ။ သံသရာလွန်ချမ်းသာကို တောင့်တသည်ဆိုကတည်းက လောက၏အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွားကို စတေးခြင်းသဘောလည်း ပါဝင်ပြီးဖြစ်၏။ ယင်းသည် ပါရမီဖြစ်၏။ ပါရမီမှန်လျှင် ဗောဓိပက္ခိယ သို့ ဦးတည်

www.burmeseclassic.com

www.burmeseclassic.com



သည်ချည်းသာဖြစ်၏။ ပါရမီသဘောပါဝင်မှုလည်း မြတ်စွာဘုရား ဟောကြားတော်မူသော မဇ္ဈိမပဋိပဒါကျင့်စဉ် ကျနိုင်မည်ဖြစ်၏။ မြတ်စွာဘုရား၏ အလိုတော်အတိုင်း မဇ္ဈိမပဋိပဒါ ဟူသည် ကုသိုလ်ချည်းဖြစ်၏။

ကုသိုလ်တွင်လည်း စွန့်လွှတ်ခြင်း "အလောဘ" အပေါ် အခြေခံရ၏။ မိမိအတွက် သိမ်းပိုက်ခြင်း "လောဘ"အပေါ် အခြေခံ၍မရ။ "အလောဘ"ပါလျှင် စေတသိက်သဘောအရ "အဒေါသ"လည်းပါ၏။ အဒေါသ ဟူသည် လောကကို တကယ်ချစ်သော သဘောဖြစ်၏။ လောကကို တကယ်ချစ်လေ မိမိချစ်သောလောကအတွက် အနစ်နာခံနိုင်လေဖြစ်၏။ ထို့ကြောင့် လောကကိုတကယ် ချစ်တတ်ဖို့ အရေးကြီး၏။

ထို့နောက် "အမောဟ(သမ္မာဒိဋ္ဌိ)"လည်းပါ၏။ အမောဟ ပါပါမှ အာရုံကို ယထာဘူတ-ကျကျ သိ၏။ ထို့ကြောင့် မဇ္ဈိမပဋိပဒါဟူသည် ဉာဏသမ္ပယုတ်ကုသိုလ်သာ ဖြစ်၏။ ဉာဏဝိပ္ပယုတ် ကုသိုလ်မဟုတ်။

ဒါနကိုပြုသောအခါ မဇ္ဈိမပဋိပဒါကျအောင် ပြုမည်ဆိုပါက သီလနှင့်ပတ်သက်လျှင် အနည်းဆုံး သိက္ခာပုဒ်သီလကို ဆောက်တည်ပြီးဖြစ်ရ၏။ သိက္ခာပုဒ်သီလကို ဆောက်တည်ထားလျှင် ဝိရတီသီလကို စောင့်ထိန်းရလွယ်၏။ ဤသည်မှာ သီလပိုင်း ဖြစ်၏။

သမာဓိပိုင်းအရဆိုလျှင် ဆိုင်ရာအာရုံကို သတိဖြင့်ရှာရ၏။ သတိသည် "အာရုံရှာ" ကိရိယာနှင့်တူ၏။ အာရုံကို တွေ့ပြီဆိုလျှင် သမာဓိဖြင့် လွတ်ထွက်မသွားအောင် အမိဖမ်းရ၏။ သမာဓိသည် "အာရုံဖမ်း" ကိရိယာနှင့်တူ၏။

အာရုံကိုရှာခြင်းနှင့် အာရုံကို လွတ်ထွက်မသွားအောင် ဖမ်းရခြင်းကား လွယ်သည် မဟုတ်။ လုံ့လဝီရိယရှိဖို့ များစွာလို၏။ သမ္မပ္ပဓာန်-ထိုက်အောင် ဖွဲလုံ့လ ရှိခြင်းသည် သမ္မာဝါယာမ ဖြစ်၏။

ထို့အပြင် ဖမ်းမိထားသောအာရုံကို ဘက်စုံလေ့လာဖို့လည်း လို၏။ အာရုံကို ဘက်စုံလေ့လာခြင်းသည် သမ္မာသင်္ကပ္ပ ၏ တာဝန်ဖြစ်၏။

ဘက်စုံလေ့လာရုံနှင့် မပြီးသေးဘဲ နိစ္စ,အနိစ္စ စသည်ဖြင့် ဆုံးဖြတ်ဖို့လည်း လို၏။ ဆုံးဖြတ်ရာ၌ ယထာဘူတ-ကျကျ ဆုံးဖြတ်နိုင်မှ သမ္မာဒိဋ္ဌိ၏ တာဝန်ကျေ၏။

ထို့ကြောင့် ဘက်စုံလေ့လာခြင်းနှင့် ဆုံးဖြတ်ခြင်းသည် ပညာပိုင်း၏လုပ်ငန်းနှင့် တာဝန်များဖြစ်၏။

ထို့ကြောင့် မဇ္ဈိမပဋိပဒါမှန်လျှင် သီလပိုင်း သမာဓိပိုင်းနှင့် ပညာပိုင်းဟူ၍ အပိုင်းကြီး သုံးပိုင်းတို့၏သဘောသည် မှန်မှန်ကန်ကန် ပါဝင်ပြီးဖြစ်၏။ ထို့အပြင် "မတူ"အစွန်းနှင့် "တူ"အစွန်းနှစ်မျိုးကိုလည်း အနှစ်သာရအားဖြင့် လွန်ပြီးဖြစ်ရ၏။ ထို့ကြောင့် မဇ္ဈိမပဋိပဒါ တွင် မတူ အစွန်း ဘေဒ လည်းပါ၏။ ယင်းကိုလည်းလွန်၏။ ထို့အပြင် တူ အစွန်း အဘေဒ လည်းပါ၏။ ယင်းကိုလည်းလွန်၏။ ဤသည်မှာ မဇ္ဈိမပဋိပဒါ ၏ သဘာဝဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မဇ္ဈိမပဋိပဒါ အရ ဒါနပြုရာတွင် တဋ္ဌ အစွန်းပါဝင်သဖြင့် သံသရာချမ်းသာကို တောင့်တ၍လုပ်သော ဝဋ္ဋနိဿိတ ကံ က ထိုထိုဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိ များကို အကျိုးပေးသလို မဇ္ဈိမပဋိပဒါ အရ လုပ်သော ဝိဝဋ္ဋနိဿိတ "ကံ" ကလည်း ထိုထို ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိများကို ပေးသည်ပင်ဖြစ်၏။ ဤသည်မှာ "တဋ္ဌ"အဘေဒ အစွန်းပါဝင်ခြင်း၏ သဘာဝအရဖြစ်၏။

ထို့ကြောင့် ပိဋကတော်စာပေများ၌ကြည့်ပါက ပါရမီဖြည့်ကြသော ထိုထို အလောင်းတော်ဟူသမျှသည် ပဋိသန္ဓေအကျိုးပေးအားဖြင့်ဖြစ်စေ ပဝတ္တိအကျိုးပေး အားဖြင့်ဖြစ်စေ ယှဉ်လိုက်ပါက သာမန်ပုဂ္ဂိုလ်သတ္တဝါတို့ထက် မြင့်မားသည်ချည်း ဖြစ်ကြောင်း တွေ့ရခြင်းဖြစ်၏။

သို့ဖြစ်လေရာ မိမိအကျိုးအတွက် သိမ်းပိုက်လိုသော ဝဋ္ဋနိဿိတ စေတနာကံ၏ အကျိုးပေးထက် လောကအတွက် မိမိ၏အကျိုးကို "စတေး"သော ဝိဝဋ္ဋနိဿိတ စေတနာကံ ၏ အကျိုးပေးက ပို၍ပို၍ သာလွန်ကြောင်း၊ မြင့်မြတ်ကြောင်း၊ ကြီးမား ကြောင်းမှာ ယှံမှားဖွယ်မရှိနိုင်လောက်အောင် ခိုင်မာသောအထောက်အထား ဖြစ်ပါ၏။

ထို့ကြောင့် ကုသိုလ်ကောင်းမှုပြုရာတွင် မိမိအတွက်အကျိုးကို မျှော်လင့်သော စိတ်ထားဖြင့်မလုပ်ဘဲ လောကကိုတကယ်ချစ်သော စိတ်ထားဖြင့်သာ လုပ်အပ်၏။ ထိုသို့လုပ်မှသာ ပါရမီမြောက်၏။ ပါရမီမြောက်သဖြင့်လည်း ထိုပုဂ္ဂိုလ်မျိုးကို လောက က အားကိုးခြင်းဖြစ်၏။ အားကိုးသဖြင့်လည်း ထိုပုဂ္ဂိုလ်မျိုးကို လောက က ခေါင်းဆောင် တင်မြှောက်ခြင်းဖြစ်၏။ ဤသည်မှာ ပါရမီကုသိုလ်၏အကျိုးဖြစ်၏။ ပါရမီကုသိုလ်ကို ဝိဝဋ္ဋနိဿိတ ကုသိုလ် ဟူ၍လည်းဆို၏။ ပါရမီမဟုတ်သော ကုသိုလ်ကိုမူ ဝဋ္ဋနိဿိတ ကုသိုလ်ဟူ၍ ဆို၏။

ဝိဝဋ္ဋနိဿိတ ကုသိုလ်ဟူသည် မဇ္ဈိမပဋိပဒါအရ လုပ်သောကုသိုလ်ဖြစ်၏။ ထို့ကြောင့် ဝိဝဋ္ဋနိဿိတ ကုသိုလ်တွင် မဇ္ဈိမပဋိပဒါအရ အသွင်အားဖြင့် တဋ္ဌမှု "အဘေဒ" အစွန်းအနေဖြင့် ဝဋ္ဋနိဿိတ ကုသိုလ်၏အကျိုးပေးသဘောလည်း ပါဝင်၏။ အနှစ်သာရ အားဖြင့် ယင်းကိုလည်းလွန်၏။ ဝဋ္ဋနိဿိတ ကုသိုလ်၏ အကျိုးပေး သဘောပါဝင်သဖြင့် ဝဋ္ဋနိဿိတ ကုသိုလ်က အကျိုးပေးသလို ဝိဝဋ္ဋနိဿိတ ကုသိုလ် ကလည်း ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိကို ပေး၏။

အနှစ်သာရအားဖြင့် ဝဋ္ဋနိဿိတ ကုသိုလ်ကိုလွန်သဖြင့် မည်မျှလောက်ကြီးမား သောအကျိုးကို ရသည်ဖြစ်စေ၊ ထိုအကျိုး၌ တွယ်တာခြင်းမရှိ၊ တွယ်တာခြင်းမရှိသဖြင့် ယင်းကိုအကြောင်းပြု၍ ဖြစ်ပေါ်ရသော သောက လည်းမရှိ၊ ဤသည်မှာ တဋ္ဌမှု(အဘေဒ) အစွန်း ပါဝင်ခြင်းနှင့် လွန်ခြင်း၏သဘောဖြစ်၏။

ဝိဝဋ္ဋနိဿိတ ကုသိုလ်တွင်ပင် မဇ္ဈိမပဋိပဒါ အရ မတဋ္ဌမှု(ဘေဒ) အစွန်းသည်လည်း အသွင်အားဖြင့် ပါဝင်၏။ အနှစ်သာရအားဖြင့်လည်း မတဋ္ဌမှု (ဘေဒ)အစွန်းကိုလွန်၏။

www.burmeseclassic.com

www.burmeseclassic.com



မတူမှု(ဘေဒ)အစွန်းပါဝင်သဖြင့် သံသရာလွန်ချမ်းသာကို ရခြင်းဖြစ်၏။ အနှစ်သာရအားဖြင့် မတူမှု(ဘေဒ) အစွန်းကိုလွန်သောကြောင့် ထိုသံသရာလွန်ချမ်းသာဟူသည် မိမိတစ်ဦးတည်းအတွက် ချမ်းသာမဟုတ်၊ မိမိနှင့်ပတ်သက်ရာ လောကတစ်ခုလုံးအတွက် ချမ်းသာဖြစ်၏။ ထို့ကြောင့် မိမိအတွက်လိုအပ်သောကိစ္စများ ပြီးပြည့်စုံပြီးဖြစ်ပါလျက် လောကအတွက် မနားမနေ အလုပ်ကိုလုပ်နိုင်ခြင်းဖြစ်၏။

မြတ်စွာဘုရားဆိုပါလျှင် နောက်ဆုံး "မဟာပရိနိဗ္ဗာန်" စံဝင်ကာနီးအချိန်အထိ အလုပ်ကိုလုပ်တော်မူ၏။ အကျဉ်းအားဖြင့် မတူမှု(ဘေဒ) အစွန်းပါဝင်ခြင်းကြောင့် မိမိချမ်းသာ၏။ မတူမှု(ဘေဒ)အစွန်းကိုလွန်ခြင်းကြောင့် လောကချမ်းသာ၏။ ထို့ကြောင့် ဓမ္မပဒ၌–

"တံ ဘူမိရာမဏေယျကံ"

ဟူ၍ဆိုခြင်းဖြစ်၏။ ယင်း၏အနက်မှာ "ရဟန္တာသူတော်စင်များရှိရာ ဒေသသည်သာလျှင် ရွာဖြစ်စေ၊ တောဖြစ်စေ၊ ချိုင့်ဝှမ်းဖြစ်စေ၊ ကြည်းကုန်းဖြစ်စေ၊ လောကတွင်မွေ့လျော်ဖွယ် ဒေသများအနက် မွေ့လျော်ဖွယ်အကောင်းဆုံး ဒေသဖြစ်သည်" ဟူ၍ ဖြစ်ပါ၏။ဤသည်မှာ မဇ္ဈိမပဋိပဒါ အရ မတူမှု(ဘေဒ) အစွန်းပါဝင်ခြင်းနှင့် လွန်ခြင်း၏သဘော ဖြစ်၏။

အကယ်၍ မဂ်ဖိုလ်ကိုမရသေးလျှင်လည်း ထိုကုသိုလ်ကြောင့် တစ်ခုသောနေ့တွင် မဂ်ဖိုလ်ကိုရဖို့လမ်းပေါ်သို့ ရောက်ပြီးဖြစ်၏။ အချိန်သာလို၏။ ရောက်မည်ကား ကေန်ပင်ဖြစ်၏။

ဘုရားအလောင်းတော်ဖြစ်လျှင် အနည်းဆုံးအားဖြင့် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပြည့်ပါက ရောက်မည်ဖြစ်၏။ ပစ္စေကဗုဒ္ဓါအလောင်းတော်ဖြစ်လျှင် နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းပြည့်ပါက ရောက်မည်ဖြစ်၏။ အဂ္ဂသာဝကအလောင်းတော်ဖြစ်လျှင် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပြည့်ပါက ရောက်မည်ဖြစ်၏။ မဟာသာဝကအလောင်းတော်ဖြစ်လျှင် ကမ္ဘာတစ်သိန်းပြည့်ပါက ရောက်မည်ဖြစ်၏။ ပကတိသာဝက အလောင်းတော်ဖြစ်လျှင် သတ်မှတ်ကာလမရှိသဖြင့် သင့်လျော်သည့်အချိန်တွင် ရောက်မည်ဖြစ်၏။ ထို့ကြောင့် လိုချင်သဖြင့် လုပ်၍ရသောအကျိုးထက် မလိုချင်ဘဲ တာဝန်အနေဖြင့် လုပ်၍ရသောအကျိုးက ပို၍ကြီးခြင်းဖြစ်၏။

**မိမိဘက်က လိုက်နာရန်သာလို၏**

ထို့အပြင် အတ္တ–အဖြစ် လောကုတ္တရာတရားများကို ယူသည်လည်းရှိ၏။ ထိုသို့ယူပါက ထို အတ္တ–သည် မိမိအတွက် တကယ်ပင် ကိုးကွယ်ရာ အစစ်ဖြစ်၏။ တကယ်ပင်အားထားရာ အစစ်ဖြစ်၏။ အကုသိုလ်ကို အတ္တအဖြစ်ယူလျှင်ဖြစ်စေ၊ ပါရမီမထိုက်သော ကုသိုလ်ကို အတ္တအဖြစ် ယူလျှင်ဖြစ်စေ "ဇာတံ သရဏာတော ဘယံ" အရ ကိုးကွယ်ရာမှ ဘေးဖြစ်ခြင်းဖြစ်၏။ ထို့ကြောင့် "အတ္တာ ဟိ အတ္တနော နာထော" အရ မိမိကိုယ်ကိုမိမိအတွက် တကယ်တမ်းစစ်မှန်သော ကိုးကွယ်ရာဖြစ်စေလိုပါလျှင် အတ္တ အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါရမီကုသိုလ်နှင့် လောကုတ္တရာ–တရားတို့ ကိုသာ ယူအပ်၏။ အမှန်အားဖြင့် လောကုတ္တရာ–တရားများသည်သာ လူသားတို့၏ ဘဝပန်းတိုင်အနေဖြင့် မိမိတို့၏ ကိုးကွယ်ရာ အစစ်အမှန်ဖြစ်၏။ အကယ်၍ လောကုတ္တရာ–တရားများကို မရသေးစေကာမူ လောကုတ္တရာ–တရားများကို ရရှိရေးသို့ဦးတည်သော ပါရမီကုသိုလ်များကိုသာ ပုထုဇဉ်တို့၏ ဘဝပန်းတိုင်အနေဖြင့် မိမိတို့၏အားထားရာ ကိုးကွယ်ရာအဖြစ် ယူအပ်၏။

> ဤသို့သိဖို့ပင် လွယ်သည်မဟုတ်။ မြတ်စွာဘုရားသာသနာတော်နှင့် ကြုံကြိုက်မှသာ သိနိုင်၏။ သိပါသော်လည်း သိသည့်အတိုင်း လိုက်နာကျင့်သုံးရန် လွယ်သည်မဟုတ်။ အရိယသစ္စာကို ဟောကြားပြသနိုင်သော ဆရာကောင်းနှင့်တွေ့ပါမှ ဖြစ်၏။ အရိယသစ္စာ ကို ဟောကြားပြသနိုင်သော ဆရာကောင်းနှင့်တွေ့ပါသော်လည်း မိမိကိုယ်တိုင်က နှလုံးသွင်းတတ်မှ ဖြစ်၏။

ထို့ကြောင့် အားကိုးရာ အစစ်အမှန်ဖြစ်သော လောကုတ္တရာ–တရားများကို မရကြသေးသူများအနေဖြင့် ကောင်းမှုကုသိုလ်များကို ပြုကြရာ၌ ပါရမီကုသိုလ်မျိုး ဖြစ်အောင် နှလုံးသွင်း၍ ပြုအပ်၏။ ဤအသိမျိုးကို သာသနာတော်နှင့် ကြုံသဖြင့် ယခုရရှိလေပြီ။ မိမိဘက်ကလိုက်နာရန်သာ လိုပါတော့၏။

**ပါရမီကံဖြစ်ပါမှ မိမိအတွက်အားကိုးရ၏**

ဥပါဒါနပစ္စယာ ဘဝေါ–တွင် ဘဝ အရ ကမ္မဘဝကို ဆိုလိုခြင်းဖြစ်၏။ ကမ္မဘဝ ကောင်းသည်နှင့်အမျှ ဥပပတ္တိဘဝ သည် ကောင်းမည်ဖြစ်၏။ ကမ္မဘဝ မှန်သည်နှင့်အမျှ ဥပပတ္တိ ဘဝသည် မှန်မည်ဖြစ်၏။ ထို့ကြောင့် ကမ္မဘဝ– က ဥပပတ္တိဘဝ ထက် ပို၍အရေးကြီး၏။ ကမ္မဘဝ ဟူသည် ကံပင်ဖြစ်၏။ ကံ ဟူက ပါရမီကံဖြစ်ပါမှ မိမိ၏ဘဝအတွက် အားကိုးရာ အစစ်ဖြစ်၏။

အမှန်အားဖြင့် မိမိတို့၏ နေ့စဉ်ဆောင်ရွက်မှုဟူသမျှ၌ မိမိတို့၏အသိဉာဏ်က ဦးဆောင်ရသည်ချည်း ဖြစ်၏။ အသိဉာဏ်ဦးဆောင်ရာသို့ ကံ ကလိုက်ရ၏။ ထို့ကြောင့် မိမိတို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၌ မှန်မှန်ကန်ကန်ဦးဆောင်နိုင်ရန် မိမိတို့၏ အသိဉာဏ်မှန်ကန်ဖို့ အရေးကြီးခြင်းဖြစ်၏။

သို့ရာတွင် အသိဉာဏ်ဟူသည်လည်း မိမိ၏သဘောအတိုင်း လွတ်လွတ်လပ်လပ် ဖြစ်ခွင့်ရှိသည်မဟုတ်။ ဥပါဒါန်တို့၏ သြဇာအတိုင်း အမိန့်အတိုင်း လိုက်နာ၍ဖြစ်ရ၏။ ဥပါဒါန်များတွင်လည်း အတ္တဝါဒုပါဒါန်သည် များစွာအရေးကြီး၏။ အတ္တဝါဒုပါဒါန် ဟူသည်မှာ အတ္တဟူ၍ ဆိုစရာများကို စွဲလမ်းခြင်းဖြစ်၏။ အတ္တဟူ၍ဆိုစရာများကား လောကီ,လောကုတ္တရာ တရားများ ဖြစ်ကြလေရာ လောကုတ္တရာဖြစ်လျှင် အားကိုးရာအစစ် အမှန်ဖြစ်သဖြင့် မိမိ၏ဘဝအတွက် မှန်ကန်သော်လည်း လောကီဖြစ်လျှင်မူ မိမိ၏ ဘဝအတွက် အားကိုးရာ အစစ်အမှန် ဖြစ်ချင်မှဖြစ်မည်။ ထို့ကြောင့် မိမိ၏ဘဝအတွက်

www.burmeseclassic.com

www.burmeseclassic.com



စစ်မှန်သောအားကိုးရာအနေဖြင့် မှန်ကန်သောအတ္တ ဟူ၍ဆိုစရာ ကံဖြစ်ဖို့အရေးကြီး၏။

အတ္တ ဟူ၍ဆိုစရာဖြစ်သော ကံများသည် အစမထင်သံသရာမှစ၍ မဂ်ဖြင့် ပယ်သတ်ခြင်းကို မခံရမချင်း မိမိတို့၏သန္တာန်၌ ဆိုင်ရာဆိုင်ရာအာရုံများနှင့်အတူ ဥပါဒါန်များ အနေဖြင့် အရိပ်သဖွယ် အစဉ်လိုက်ပါလျက် ရှိကြ၏။ အရိပ်များသဖွယ်ပင် မိမိတို့၏ ဘဝများအနေနှင့် မကွေမကွာတွဲလျက်ရှိကြ၏။ ထို့အပြင် ယင်းတို့က မိမိ၏တွေးခေါ်မြော်မြင်မှု ဟူသမျှ၌ ဩဇာပေးလျက် ရှိကြ၏။ ထို့ကြောင့် မိမိတို့အနေဖြင့် မည်သို့တွေးခေါ်သည်ဖြစ်စေ၊ လွတ်လွတ်လပ်လပ် တွေးခေါ်နိုင်ခြင်းမရှိဘဲ အတ္တဝါဒ ပါဒါန်၏ လောင်းရိပ်အောက်၌ ယင်း၏အမိန့်ဩဇာအတိုင်းသာ တွေးခေါ်ကြရ၏။ မြော်မြင်ကြရ၏။ ယင်းကို လူတန်းစားအရ သိခြင်းဟူ၍ လည်းကောင်း၊ ဉာဉ်အရသိခြင်း ဟူ၍လည်းကောင်း၊ စရိုက်အရသိခြင်းဟူ၍လည်းကောင်း ဆိုရ၏။ ထို့ကြောင့် အမိန့်ပေးသူမှန်ဖို့လို၏။ အမိန့်ပေးသူမှန်ပါမှ အမိန့်နာခံသူက အမှန်အတိုင်း ဆောင်ရွက် နိုင်မည်ဖြစ်၏။ အမှန်အတိုင်း ဆောင်ရွက်နိုင်ပါမှလည်း မိမိတို့လိုသော ဘဝချမ်းသာကို ရနိုင်မည်ဖြစ်၏။

ဘဝချမ်းသာဟူသည်မှာ နောက်ဆုံးပန်းတိုင်အနေဖြင့် အရိယာပုဂ္ဂိုလ်ဖြစ်ဖို့ပင် ဖြစ်၏။ အရိယာပုဂ္ဂိုလ်ဖြစ်ဖို့ ဟူသည်မှာလည်း အရိယသစ္စာကို သိဖို့ပင်ဖြစ်၏။ အရိယသစ္စာကို သိဖို့ဟူသည်မှာ ပါရမီမရှိဘဲနှင့်မဖြစ်။ ထို့ကြောင့် ပါရမီကံသည်သာလျှင် မိမိတို့၏ဘဝချမ်းသာအတွက် မိမိတို့၏နေ့စဉ်တွေးခေါ်မြော်မြင်မှု၌ လမ်းညွှန်သူ၊ အမိန့်ပေးသူ၊ အတ္တဝါဒုပါဒါန် ဖြစ်ခဲ့ပါလျှင် မိမိတို့၏ဘဝခရီးသည် မိမိတို့မျှော်မှန်းထားသည့်အတိုင်း အရိယသစ္စာသို့ ဦးတည်နိုင်မည်ဖြစ်၏။ သို့မဟုတ်ပါက အရိယသစ္စာသို့ ဦးမတည်ဘဲ အရိယသစ္စာကိုကျော်ခိုင်းသွားမည်ဖြစ်၏။

**လောကအတွက်ဆေးနှင့် လောကအတွက်ဘေး**

ပါရမီသဘောကို နားလည်လာသောအခါ ဤလောက၌ ရုပ်ဖြစ်ဖြစ် နာမ်ဖြစ်ဖြစ်၊ ကုသိုလ်ဖြစ်ဖြစ် အကုသိုလ်ဖြစ်ဖြစ်၊ ပရမတ်ဖြစ်ဖြစ် ပညတ်ဖြစ်ဖြစ်၊ မည်သည့်အရာဖြစ်ဖြစ် အရာအားလုံးသည် အသုံးကျကြောင်း တွေ့ရ၏။ အမှန်အားဖြင့် အရာဝတ္ထုများနှင့် ပတ်သက်၍ အသုံးမကျခြင်းဟူသည် မရှိ။ အသုံးမချတတ်ခြင်းသာ ရှိ၏။ အသုံးချတတ်လျှင် အားလုံးအသုံးကျသည်သာ ဖြစ်၏။

ပညတ်တရားများကို အသုံးချတတ်လျှင် ဈာန်သမာပတ်ကို ရနိုင်၏။ပရမတ်တရားများကို အသုံးချတတ်လျှင် မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်၏။ လောကမျက်မြင် အားဖြင့်လည်း စတုမဓုပင်ဖြစ်စေ အသုံးချတတ်လျှင် "ဆေး" ဖြစ်၏။ အသုံးမချတတ်လျှင် "ဘေး" ဖြစ်၏။ ထိုနည်းအတူ အဆိပ်ပင်ဖြစ်စေ၊ အသုံးချတတ်လျှင် ဆေးဖြစ်၏။ အသုံးမချတတ်လျှင် ဘေးဖြစ်၏။

ထို့ကြောင့် အသုံးကျမှုနှင့် မကျမှုသည် ဗဟိဒ္ဓအပေါ်ထက် အဇ္ဈတ္တအပေါ်၌ ပို၍

www.burmeseclassic.com

www.burmeseclassic.com



တည်၏။ သို့ဖြစ်လေရာ အသုံးချမှုသည် မှန်ကန်သောအသုံးချမှုဖြစ်ပါက လောကအတွက် "ဆေး" ဖြစ်၏။ အသုံးချမှုသည် မှားယွင်းသောအသုံးချမှုဖြစ်ပါက လောကအတွက် "ဘေး" ဖြစ်၏။ အမှန်အားဖြင့် မှန်ကန်သောအသုံးချနိုင်မှုကို ပါရမီမှသာ ရနိုင်ပါ၏။ လောကတွင် မိမိသည်လည်း လောကအဖွဲ့ဝင်တစ်ဦးအနေဖြင့် ပါဝင်၏။ ထို့ကြောင့် လောကအတွက် "ဘေး" ဖြစ်လျှင် မိမိအတွက်လည်း "ဘေး" ဖြစ်၏။ လောကအတွက် "ဆေး" ဖြစ်လျှင် မိမိအတွက်လည်း "ဆေး" ဖြစ်ပါ၏။

အကုသိုလ်တရားများကို အသိခံ အာရုံတရားများအနေဖြင့် အကုသိုလ်မှန်းသိလျှင် ထိုအသိသည် ယထာဘူတ-ကျသော အသိ(သမ္မာဒိဋ္ဌိ) ဖြစ်သဖြင့် "ဆေး" ဖြစ်၏။ အကုသိုလ်မှန်း မသိလျှင် ထိုအသိသည် မှားယွင်းသောအသိ(မိစ္ဆာဒိဋ္ဌိ) ဖြစ်သဖြင့် "ဘေး" ဖြစ်၏။ အကယ်၍ အကုသိုလ်တရားများကို အသိခံ အာရုံတရားများအနေဖြင့် မဟုတ်ဘဲ သိစိတ် အာရမ္မဏိက-တရားများအနေဖြင့် မွေးမြူလျှင်လည်း ဘေးဖြစ်၏။ အကယ်၍မွေးမြူခြင်းမဟုတ်ဘဲ ပုထုဇဉ်တို့၏ သဘာဝအတိုင်း မိမိတို့၏ သန္တာန်၌ ဖြစ်ပေါ်လာပါက အကုသိုလ်ကို အကုသိုလ်မှန်းသိပြီး ပယ်သတ်နိုင်ရန်အားထုတ်ပါက "ဆေး" ဖြစ်၏။ ပုထုဇဉ်ဟူသည် သဘာဝအတိုင်း ပုထုဇဉ်စိတ်များသာ ဖြစ်နိုင်သူဖြစ်၏။ ပုထုဇဉ်စိတ်များတွင် အကုသိုလ်စိတ်များလည်းပါဝင်၏။ သို့ရာတွင် အကုသိုလ်ကို အကုသိုလ်မှန်း သိပြီး ပယ်သတ်ရန် အားထုတ်ခြင်းနှင့် အကုသိုလ်ကို အကုသိုလ်မှန်းမသိဘဲ မွေးမြူရန်အားထုတ်ခြင်းသည် လောကအတွက် "ဆေး" နှင့် လောကအတွက် "ဘေး" တို့၏ ခြားနားမှုဖြစ်၏။

လူ့ဘဝကို ပဓာနပြု၍ဆိုရလျှင် သံယောဇဉ်သည် များစွာအရေးကြီး၏။ သံယောဇဉ်ဟူသည် အကုသိုလ်တရားမျိုးဖြစ်သဖြင့် "ဘေး" အုပ်စု၌ပါဝင်၏။ သို့ရာတွင် သံယောဇဉ်ကို "ဆေး"အုပ်စု၌ပါဝင်အောင် အသုံးပြုနိုင်ပါက သံယောဇဉ်သည်"ဆေး" ဖြစ်ပါ၏။ ထို့ကြောင့် သံယောဇဉ်ကို "ဆေး" ဖြစ်အောင် အသုံးပြုနိုင်သောအသိဉာဏ်ကို ရဖို့မှာ ပါရမီအပေါ် အခြေခံမှု ဖြစ်၏။

**သံယောဇဉ်ကို ပါရမီဖြစ်အောင်လုပ်နည်း**

လူဟူ၍ဖြစ်လာသည်နှင့် တစ်ပြိုင်နက် ဘဝနှင့် ပတ်ဝန်းကျင်ကို သံယောဇဉ်ကြိုးများဖြင့် ချည်နှောင် ပြီးသား ဖြစ်၏။ ထို့ကြောင့် ပတ်ဝန်းကျင်လှုပ်လျှင် မိမိလည်း လှုပ်ခြင်းဖြစ်၏။ မိမိလှုပ်လျှင်လည်း ပတ်ဝန်းကျင်က လှုပ်ခြင်းဖြစ်၏။ ထို့ကြောင့် မိမိက ကောင်းသောလှုပ်ခြင်းဖြင့်လှုပ်လျှင် ပတ်ဝန်းကျင်က ကောင်းသောလှုပ်ခြင်းဖြင့် လှုပ်မည်ဖြစ်၏။ မိမိက မကောင်းသောလှုပ်ခြင်းဖြင့် လှုပ်လျှင် ပတ်ဝန်းကျင်က မကောင်းသောလှုပ်ခြင်းဖြင့် လှုပ်မည်ဖြစ်၏။ မကောင်းသောလှုပ်ခြင်းဟူသည်မှာ "ငါ"ကို ပဓာနပြု၍ မိမိအတွက် တဏှာ,မာန,ဒိဋ္ဌိဖြင့် လှုပ်ခြင်းဖြစ်၏။ ကောင်းသော လှုပ်ခြင်းဟူသည်မှာ လောကကို ပဓာနပြု၍ လောကအတွက် ကရုဏာဖြင့်လှုပ်ခြင်း ဖြစ်၏။

"ဒယာယ န ဘဝေ ဠာနံ၊ ပညာယ န သမေ ဋ္ဌိတိ" လောကအတွက်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရာ၌ "ကရုဏာ"လောက် အစွမ်းထက်သော "အား" မည်သည်မရှိ ဟူ၍ ဆိုကြ၏။

ထိုအခါ သံယောဇဉ်ကြိုးများသည် ပြဟ္မစိုရ်ကြိုးများဖြစ်သွားကြ၏။ ပြဟ္မစိုရကြိုးများဖြစ်သွားလျှင် သံယောဇဉ်ဟူ၍ မခေါ်နိုင်တော့။ ကျေးဇူးဆပ်ခြင်းဟူ၍သာ ခေါ်နိုင်တော့၏။

ဤပြဟ္မစိုရ်ကြိုးများကြောင့်ပင် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှင်လက်ထက်တော်က မိမိအတွက် နိဗ္ဗာန်ကိုရနိုင်ပါလျက် မယူခဲ့ခြင်းဖြစ်၏။ လောကသုံးပါး၏ ကျေးဇူးကိုဆပ်လိုသဖြင့် မယူခဲ့ခြင်းလည်းဖြစ်၏။ သုမေဓာရှင်ရသေ့သည် သူ၏ဘဝနှင့် ချည်နှောင်ထားသော ၃၁–ဘုံလုံးကို ကောင်းသောလုပ်ခြင်းဖြင့် လုပ်လို၏။ ကောင်းသော လုပ်ခြင်းကိုပင် နတ်နှင့်တကွသော လောကအပေါ် ကျေးဇူးဆပ်ခြင်း ဟူ၍လည်း ဆိုနိုင်၏။

**ကျေးဇူးသိတတ်သောပုဂ္ဂိုလ်**

လောကတွင် အရေးကြီးဆုံးမှာ ကျေးဇူးသိတတ်ဖို့ပင်ဖြစ်၏။ ပဋ္ဌာန်းပါဠိတော်၌ ရာသီဥတု,အစာအာဟာရ, ပုဂ္ဂိုလ်သတ္တဝါ, နေရာဒေသတို့သည် ထိုထိုသတ္တဝါအား ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုသည်ဟု မြတ်စွာဘုရားက ဟောကြားတော်မူထားရာ ပတ်ဝန်းကျင်လောကသည် လူတို့၏ကျေးဇူးရှင်ဖြစ်သည်မှာ ထင်ရှားပါ၏။

ထို့ကြောင့် မိမိသည်လူအနေဖြင့် မိမိပတ်ဝန်းကျင် လောက၏ ကျေးဇူးကို သိတတ်ဖို့လို၏။ ကျေးဇူးကိုသိပါမှ ကျေးဇူးကိုဆပ်နိုင်မည်ဖြစ်၏။ အမှန်အားဖြင့် လူသည် ပတ်ဝန်းကျင်လောက–က မွေးထုတ်လိုက်သောကြောင့် ပတ်ဝန်းကျင်လောက၏ သားသမီးများသာဖြစ်၏။ ထို့ကြောင့် ဘဝနှင့် ပတ်ဝန်းကျင်ဟူ၍ ရှိရာတွင် ဘဝနှင့် ပတ်ဝန်းကျင်ကို သံယောဇဉ်ကြိုးများဖြင့် ချည်နှောင်ထားနိုင်ခြင်း ဖြစ်သည်ဟု ဆိုခြင်းဖြစ်၏။

ပတ်ဝန်းကျင်လောက၏ ကျေးဇူးကိုသိတတ်သူများတွင် မြတ်စွာဘုရားသည် အသိဆုံးပုဂ္ဂိုလ်တို့ထက် ပို၍သိသူ ဖြစ်တော် မူ၏။ အမှန်အားဖြင့် ပတ်ဝန်းကျင်လောက၏ ကျေးဇူးကို သဗ္ဗညုတဉာဏ်ဖြင့်သာ ပြည့်စုံအောင်သိနိုင်၏။ ထို့ကြောင့် သုမေဓာရှင်ရသေ့သည် ပတ်ဝန်းကျင်လောက၏ ကျေးဇူးကို အသိဆုံးပုဂ္ဂိုလ်တို့ထက် ပို၍သိသူ၊ ပတ်ဝန်းကျင်လောက၏ ကျေးဇူးကို အဆပ်နိုင်ဆုံးပုဂ္ဂိုလ်တို့ထက် ပို၍ဆပ်နိုင်သူ ဖြစ်ပါစေခြင်းအကျိုးငှာ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်၌ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါလျက် မျက်မှောက် ပြုတော်မမူသေးဘဲ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်တော်မူခြင်းဖြစ်၏။

အစမထင်သော အတိတ်ကာလ၌လည်း သုမေဓာကဲ့သို့သော

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကောင်းတို့သည် ဤကဲ့သို့ပင် ပတ်ဝန်းကျင်လောက၏ ကျေးဇူးကိုဆပ်နိုင်ရန် ကြိုးပမ်းခဲ့ကြ၏။ အဆုံးမထင်သော အနာဂတ်ကာလ၌လည်း သူမေတာကဲ့သို့သော ယောက်ျားကောင်း တို့သည် လောက၏ ကျေးဇူးကိုဆပ်နိုင်ရန် ဤကဲ့သို့ပင် ကြိုးပမ်းကြမည်ဖြစ်၏။

ပတ်ဝန်းကျင်လောက၏ ကျေးဇူးကိုဆပ်ခြင်းဟူသည်မှာ ပတ်ဝန်းကျင်လောကနှင့် ဆက်ဆံရာတွင် မြင့်မြတ်သောဆက်ဆံနည်းဖြင့် ဆက်ဆံခြင်းပင်ဖြစ်၏။ ယင်းကို ပါရမီဖြည့်ခြင်းဟူ၍ ဆို၏။ ဝိသုဒ္ဓိမဂ်၌ "ကတ္တုဗ္ဗ မေဝိဒံ" ဟူ၍ ဖွင့်ဆိုကြောင်း လယ်တီဆရာတော်ကြီးက ဥတ္တမပုရိသဒီပနီ၌ဆို၏။ "ကတ္တုဗ္ဗ မေဝိဒံ" ဟူသည်မှာ မည်သည့်လုပ်ငန်းကိုလုပ်သည်ဖြစ်စေ ထိုလုပ်ငန်းကို တာဝန်အရ လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းအဖြစ်ခံယူပြီး ဖြူစင်သောစေတနာဖြင့် လုပ်ကိုင်ခြင်းဖြစ်၏။ ယင်းကိုပင် ပါရမီဟူ၍လည်းကောင်း၊ လောကအပေါ်ကျေးဇူးဆပ်ခြင်းဟူ၍လည်းကောင်းဆိုရ၏။ ကျေးဇူးဆပ်ခြင်း၏ သဘောအရ များများကျေးဇူးဆပ်နိုင်လေ များများကြည်နူးမှုရလေ ဖြစ်သကဲ့သို့ လုပ်သင့်လုပ်ထိုက်သောလုပ်ငန်းကို တာဝန်အရလုပ်ရာ၌ များများလုပ်နိုင်လေ များများကြည်နူးရလေ ဖြစ်၏။

လူသည်လူ့ဘဝကိုရ၍ အရွယ်ရောက်လာသည်နှင့်တစ်ပြိုင်နက် လုပ်ငန်းများကို တစ်ခုမဟုတ် တစ်ခု လုပ်ရမည်ဖြစ်၏။ ထိုလုပ်ငန်းသည် ကာယကံလုပ်ငန်း ဖြစ်ချင်လည်းဖြစ်မည်၊ ဝစီကံလုပ်ငန်းဖြစ်ချင်လည်းဖြစ်မည်၊ မနောကံလုပ်ငန်းဖြစ်ချင်လည်းဖြစ်မည်၊ လုပ်ငန်းအနေဖြင့် တစ်ခုခုဖြစ်ဖို့တော့သေချာ၏။ သို့ဖြစ်လေရာ မည်သည့်လုပ်ငန်းကိုပင် လုပ်သည်ဖြစ်စေ ပါရမီမြောက်သောလုပ်နည်းအတိုင်း လုပ်ဖို့လို၏။

ပါရမီဟူသည်မှာ မြန်မာပြန်အနက်အားဖြင့် "မြင့်မြတ်သူတို့၏လုပ်ငန်း"ဟူ၍ ဖြစ်လေရာ မြင့်မြတ်သူတို့၏ လုပ်နည်းအတိုင်းသာ လုပ်လျှင် မည်သည့်လုပ်ငန်းကိုလုပ်လုပ် အလိုအလျောက် ပါရမီဖြည့်ပြီးသားဖြစ်၏။ ပါရမီဖြည့်ပြီးသားဖြစ်လျှင် သဗ္ဗညုတ–သို့ ဦးတည်မိရက်သား ဖြစ်၏။

သဗ္ဗညုတ–သို့ဦးတည်ခြင်းဟူသည်မှာ သစ္စာလေးပါးကိုသိနိုင်ရန် အခြေခံအားဖြင့် ရင့်ကျက်အောင် အားထုတ်ခြင်းဖြစ်၏။ ထို့ကြောင့် မိမိတို့၏နေ့စဉ်လုပ်ငန်းများကို လုပ်ရာ၌ မည်သည့်လုပ်ငန်းကိုပင် လုပ်သည်ဖြစ်စေ မိမိ၏ကျေးဇူးရှင် လောကအပေါ် ကျေးဇူးဆပ်ခြင်း–ဟူ၍ ခံယူပြီးလုပ်အပ်၏။ ယင်းကိုပင် ပဋိဝေါဟာရဖြင့် "ပါရမီဖြည့်ခြင်း" ဟူ၍ဆိုရ၏။

**အခြေခံအားဖြင့် လုပ်ငန်းဆယ်မျိုး**

ပတ်ဝန်းကျင်လောကအပေါ် ကျေးဇူးဆပ်ရာတွင် မြင့်မြတ်သူတို့၏ လုပ်ငန်း အနေဖြင့်လုပ်ပါက အခြေခံအားဖြင့် လုပ်ငန်း ၁၀–မျိုး ရှိ၏။ ယင်းကို ပါရမီ ၁၀–ပါးဟူ၍လည်းဆိုရ၏။

မည်သည့်လုပ်ငန်းဖြစ်ဖြစ် မိမိ၏လုပ်ငန်းတွင် အနစ်နာခံခြင်းသဘောသည်

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်မြဲဖြစ်၏။ ထို့ကြောင့် မိမိလုပ်သောလုပ်ငန်း၌ အနစ်နာခံခြင်းကို လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းအဖြစ် ခံယူပြီးလုပ်ပါက "ဒါနပါရမီ-ကိုဖြည့်ခြင်း"ဖြစ်၏။

ထိုသို့လုပ်ရာ၌ ကိုယ်ကျိုးကိုမငဲ့ဘဲ ဖြူစင်သောစိတ်ထားဖြင့်လုပ်ပါက "သီလ-ပါရမီကိုဖြည့်ခြင်း"ဖြစ်၏။

မိမိလုပ်သောလုပ်ငန်း၌ ပစ္စည်းလာဘ်လာဘကိုဖြစ်စေ၊ ရာထူးဂုဏ်သိန်ကိုဖြစ်စေ၊ ခေါင်းဆောင်ဖြစ်လို၍ဖြစ်စေ၊ အများ၏လေးစားခံရမှုကိုဖြစ်စေ၊ ထင်ပေါ်ကျော်ကြားမှုကိုဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ရနိုင်သောအခွင့်အရေး တစ်မျိုးမျိုးကိုဖြစ်စေ၊ ပြောရိုးဝေါဟာရဖြင့် ပြောရလျှင် ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိကိုဖြစ်စေ တစ်စုံတစ်ရာ မျှော်ကိုးခြင်းဟူ၍ လုံးဝမရှိဘဲ မိမိအနေဖြင့် လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းကိုလုပ်ခြင်းဟူ၍သာ ခံယူပြီးလုပ်ပါက "နေက္ခမ္မ -ပါရမီကိုဖြည့်ခြင်း" ဖြစ်၏။

ထိုသို့လုပ်ရာ၌ မိမိအတွက်အကျိုးအရှိဆုံးအဖြစ် မခံယူဘဲ လောကအတွက် အကျိုးအရှိဆုံးအဖြစ်ခံယူပြီး မိမိ၏ကာယအားနှင့် ဉာဏအားကို အပြည့်အဝအသုံးပြုပြီး အကြောင်းနှင့်အကျိုး ဆက်စပ်၍လုပ်ပါက "ပညာ -ပါရမီကိုဖြည့်ခြင်း" ဖြစ်၏။

မလျှော့သောစွဲလုံ့လဖြင့်လုပ်ပါက "ဝီရိယ -ပါရမီကိုဖြည့်ခြင်း" ဖြစ်၏။

တွေ့ကြုံရသောအခက်အခဲဟူသမျှကို နောက်မဆုတ်ဘဲကြံ့ကြံ့ခံ၍ ဆောင်ရွက်ပါက ထိုသို့ဆောင်ရွက်ခြင်းသည် "ခန္တီ-ပါရမီ ကိုဖြည့်ခြင်း"ဖြစ်၏။

လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းအဖြစ် ခံယူထားသည့်အတိုင်း ထိုခံယူချက်အပေါ် သစ္စာမဖေါက်ဘဲ ကာယကံအားဖြင့်လည်းကောင်း၊ ဝစီကံအားဖြင့်လည်းကောင်း မိမိ၏မူလခံယူချက်နှင့်အညီ ဆောင်ရွက်ပါက "သစ္စာ -ပါရမီကိုဖြည့်ခြင်း" ဖြစ်၏။

မိမိ၏မူလခံယူချက်အရ ဆောင်ရွက်ရာတွင် အခြေအနေနှင့် အချိန်အခါအလိုက် လုပ်နည်းလုပ်ဟန် ပြောင်းလဲသော်လည်း မူရင်းရည်ရွယ်ချက် အနည်းငယ်မျှ ရွေ့လျောမခံဘဲ ဆောင်ရွက်ပါက ထိုသို့ဆောင်ရွက်ခြင်းသည် "အဓိဋ္ဌာန်-ပါရမီကို ဖြည့်ခြင်း" ဖြစ်၏။

မိမိပတ်ဝန်းကျင်လောကအပေါ် တကယ်တမ်းချစ်သောစိတ်ဖြင့် မိမိချစ်သောလောကအတွက် မိမိ၏ အသက်,အိုးအိမ်,စည်းစိမ် တို့ကိုပါ စွန့်လွှတ်နိုင်သော မေတ္တာမျိုးဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက "မေတ္တာ-ပါရမီကိုဖြည့်ခြင်း" ဖြစ်၏။

မိမိဆောင်ရွက်နေသော လုပ်ငန်းနှင့်ပတ်သက်၍ မည်သူကမြှောက်မြှောက် မည်သူကချောက်ချောက် တစ်စုံတစ်ရာ တုန်လှုပ်မှုမရှိဘဲ မိမိလုပ်ငန်းကို ပြီးမြောက်အောင်သာ အာရုံစူးစိုက်ပြီး ဆောင်ရွက်ခြင်းမျိုးဖြစ်ပါက "ဥပေက္ခာ-ပါရမီကိုဖြည့်ခြင်း" ဖြစ်၏။ ဤသည်မှာ မြင့်မြတ်သူတို့၏ လုပ်ငန်းအနေဖြင့် လုပ်ရာတွင် အခြေခံအားဖြင့် လုပ်ငန်း ၁၀-မျိုးဖြစ်၏။

မိမိတို့သည် လောက က မွေးထုတ်လိုက်သော လောက၏ သားသမီးများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည့် အားလျော်စွာ လောကဓံ၏ကျေးဇူးကို သိဖို့လို၏။ လောက၏ကျေးဇူးကို သိပြီးနောက် လောက၏ကျေးဇူးကိုဆပ်ဖို့လို၏။

လောက၏ကျေးဇူးကိုဆပ်ရာတွင် မြတ်စွာဘုရားရှင်တို့သာလျှင် မိမိတို့၏တာဝန်အနေဖြင့် အကျေဆုံးဆပ်နိုင်သူများ ဖြစ်ကြပါသော်လည်း မိမိတို့ပုထုဇဉ်များအနေဖြင့်လည်း အစမထင် သံသရာမှစ၍ မိမိတို့အပေါ် တင်ရှိလာသောကျေးဇူးကို တစ်နိုင်တစ်နိုင် အနေဖြင့် မိမိတို့စွမ်းနိုင်သလောက် ဆပ်အပ်ပါ၏။

ထိုသို့ဆပ်ရာတွင် မိမိတို့ဆပ်သော ကျေးဇူးနှင့်အညီ မိမိတို့သည် သံသရာ၌ ကျင်လည်ရစဉ် သာမန်ပုဂ္ဂိုလ်တို့ထက် ပိုမိုမြင့်မားသော ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိတို့နှင့် ပြည့်စုံရန်မရည်ရွယ်ပါဘဲလျက် ပြည့်စုံပြီး အဆုံးတစ်နေ့တွင်လည်း အရိယာပုဂ္ဂိုလ်အဆင့်အမျိုးမျိုးဖြင့် သန္တိသုခ ကို ရကြမည်ဖြစ်၏။

အကျဉ်းအားဖြင့်ဆိုရလျှင် ဖော်ပြပါ နလုံးသွင်း ခံယူချက် ၁၀–မျိုးဖြင့်မိမိတို့၏နေ့စဉ်လုပ်ငန်းများကိုလုပ်ပါက လောကအပေါ် ပြန်လည်၍ ကျေးဇူးဆပ်ခြင်း ဖြစ်၏။ ကျေးဇူးဆပ်ခြင်းသည်ပင် ပါရမီကိုဖြည့်ခြင်းဖြစ်၏။ ပါရမီကိုဖြည့်ခြင်းသည် သန္တိသုခ–သို့ ဦးတည်ခြင်း ဖြစ်၏။ သန္တိသုခ–သို့ ဦးတည်ခြင်းသည် သစ္စာလေးပါးကို သိရန် အခြေခံခြင်းဖြစ်၏။

ထို့ကြောင့် မိမိတို့အနေဖြင့် မကြုံချင်ပါဘဲလျက် ကြုံတွေ့နေကြရသော သောက, ပရိဒေဝ,ဒုက္ခ,ဒေါမနဿတို့မှ လွတ်မြောက်လိုပါလျှင် မိမိတို့အပေါ်တင်ရှိသော ပတ်ဝန်းကျင်လောက၏ ကျေးဇူးကြွေးကို မြီစားတို့၏ ထုံးစံအတိုင်း ကျေနိုင်သမျှကျေအောင် ဆပ်အပ်၏။ ထိုကဲ့သို့ဆပ်ပါမှလည်း "လူ" ဟူ၍ ခေါ်ထိုက်သော "လူ" စစ်စစ်ဖြစ်မည် ဖြစ်ပါ၏။

❁ ❁ ❁ ❁ ❁ ❁ ❁

### ငါးပါးကျင့်ကိုရှောင်လင့်မနား

ဖြစ်ပေါင်းစုန်ဆန်၊ မမှန်ခဲယဉ်၊ ပုထုဇဉ်တို့၊ ရှောင်ကြဉ်မှသာ၊ ရန်ခါမေ့မှား၊
အလားမမြဲ၊ ဆောက်တည်လွဲ၍၊ ဆင်းရဲဖုန်းစား၊ ဒွန်းစဏ္ဍားဝယ်၊ ကြီးကြားကြိုက်ကြုံ၊
ဆုံသော်လည်းကောင်း၊ မြတ်လောင်းဖြစ်ချင်၊ ကြီးသောရှင်သည်၊ သသံမှာယဉ်၊
ထိုသို့စဉ်၌၊ ရှောင်ကြဉ်မှသား၊ စီးပွားမဖျက်၊ သူ့သက်မဖြစ်၊ သောက်ယစ်မကြူး၊
လွန်ကြူးအိပ်ရာ၊ မိစ္ဆာမဆန်၊ လူ့ထံမသင့်၊ ငါးပါးကျင့်ကို၊ ရှောင်လင့်မနား၊
ထို့ထက်ပွား၍၊ မဂ်ပါးအနုလုံ၊ ရောက်အောင်တုံလည်း၊ ကျင့်တုံ့နိုင်တတ်၊ သီတင်းဝတ်ကို၊
မပြတ်ဝန်ခံ ချီစေလသေး။

ပါရမီ၊ ပုဒ်ရေ– ၆၉၊ နှာ–၁၄၂။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## ပါရမီဆယ်ပါး၏အနှစ်သာရ

### ဒါနပါရမီ

**ဒါနပါရမီ** ဝေဿန္တရာသည် ဖခမည်းတော် ဘုရင်သိဋ္ဌည်းနှင့် မယ်တော် ဖုဿတီ မိဖုရားတို့မှ ဖွားမြင်သော သားတော်မင်းသားဖြစ်၏။ သိဋ္ဌည်း သည် သိဝိတိုင်း၊ စေတုတ္တရာပြည်၊ သိဝိရာဇ်မင်းကြီး၏ သားတော်ဖြစ်၏။ ဖုဿတီ သည် စေတ– တိုင်း၊ မဒ္ဒရာဇ်မင်းကြီး၏ သမီးတော်ဖြစ်၏။ ဝေဿန္တရာကို ဖွားမြင်စဉ်က ဘုရင်နှင့်မိဖုရားတို့ မြို့တော်ကိုလှည့်လည်ရှုစားစဉ် ကုန်သည်တို့လမ်း၌ ဖွားမြင်သောကြောင့် ဝေဿန္တရာ–ဟု အမည်တော် တွင်ခြင်းဖြစ်၏။ ဝေဿန္တရာသည် မွေးဖွားစကပင် စကားပြောနိုင်သူဖြစ်၏။

ဝေဿန္တရာမင်းသား ပဋိသန္ဓေယူစဉ်ကပင် မယ်တော်ဖုဿတီ မိဘုရားကြီး၌ သားတော်၏ ပါရမီကံကြောင့် မြို့တံခါး လေးခု၊ မြို့လမ်းနှင့် နန်းတော်အဝင်ဝတို့၌ အလှူမဏ္ဍပ်တစ်ခုစီ စုစုပေါင်းအလှူမဏ္ဍပ် ခြောက်လုံး ဆောက်၍ မဏ္ဍပ်တစ်လုံးလျှင် တစ်သိန်းကျစီဖြင့် နေ့စဉ် ခြောက်သိန်းကုန် လှူဒါန်းလိုသော ချင်ခြင်းဖြစ်၏။ထို့ကြောင့် ဝေဿန္တရာသည် အလှူဒါန၌ ရက်ရောသူဖြစ်၏။ ဝေဿန္တရာ၏ ဘုန်းကံကြောင့် "ဥပေါသထ"မျိုးဖြစ်သော ဆင်ဖြူတော်သည် ဝေဿန္တရာဖွားမြင်သည်နှင့် တစ်ပြိုင်နက် သိဋ္ဌည်းဘုရင်မင်းမြတ်၏ နန်းတော်သို့ ရောက်လာ၏။ ဝေဿန္တရာ၏ စီးတော် မင်္ဂလာဆင်အဖြစ် အသုံးပြုနိုင်ရန်ဖြစ်၏။ မင်္ဂလာဆင်တော်၏ အမည်ကို "ပစ္စယ"ဟု အမည်ပေး၏။ ပစ္စယ မင်္ဂလာဆင်တော်၏ ဘုန်းကံကြောင့် စေတုတ္တရာပြည်သည် ရေးကထက်ပို၍ တိုးတက်၏၊ ဖွံ့ဖြိုး၏၊ နိုင်ငံတကာတို့၏ ရိုသေလေးမြတ်ခြင်းကို ခံရ၏။ ရာသီဥတု မှျတ၏၊ မိုးခေါင်ခြင်းဟူ၍ မရှိချေ။

**လောကကပထမဆုံး အသိအမှတ်ပြုခြင်း** ဝေဿန္တရာမင်းသားသည် ကလေးဘဝကပင် မိမိ၏ အထိန်းတော်တို့အား ကိုးကြိမ်တိုင်တိုင် အဖိုးတစ်သိန်းထိုက်သော မိမိ၏လည်ဆွဲတန်ဆာကို လှူဖူး၏။ ထိုသို့လှူခြင်းကို ဖခမည်းတော်နှင့် မယ်တော် နှစ်ဦးလုံးက သဘောတူ၏၊ ကြည်ဖြူ၏၊ သာဓုခေါ်၍ အနုမောဒနာပြု၏။ ဝေဿန္တရာ ရှစ်နှစ်သားအရွယ်တွင် ပြင်ပပစ္စည်းများကိုမဆိုထားနှင့် မိမိနှလုံးသားကိုပင် လာရောက်၍အလှူခံပါက လှူမည် ဟူ၍ အဓိဋ္ဌာန်ပြု၏။ ထိုအခါ မဟာပထဝီမြေကြီးသည် ပြင်းစွာတုန်လှုပ်၏။ သက်မဲ့ပင်ဖြစ်စေ လောကသည်မွေဘက်၌ ကြောင့်ကြမဲ့မနေဘဲ အမြဲတမ်းရပ်တည်သည့်သဘောကို ပြခြင်းဖြစ်၏။ ဝမ္ဘ၏

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးဂုဏ်ကိုသိတတ်သော သက်ရှိတို့ဆိုလျှင် အဘယ်သို့ရှိချိမ့်မည်နည်း။အမှန်အားဖြင့် လောက၌ လူ့ပြည်,နတ်ပြည်,ဗြဟ္မာပြည် တို့ ပါဝင်၏။အကယ်၍ ဓမ္မ၏ကျေးဇူးဂုဏ်ကို မသိတတ်သော သက်ရှိများရှိပါကလည်း မောဟအဝိဇ္ဇာကြောင့် မသိခြင်းသာဖြစ်လေ၏။ ဤသည်မှာ အလောင်းတော်ဝေဿန္တရာ၏ ဒါနပါရမီကို မဟာပထဝီ တုန်လှုပ်ခြင်းအားဖြင့် လောက က ပထမဆုံးအကြိမ် အသိအမှတ်ပြုခြင်း ဖြစ်ပါ၏။

ဝေဿန္တရာသည် တာဝတိံသာမှ လူ့ပြည်၌ ပဋိသန္ဓေ ယူသူဖြစ်၏။ သို့ရာတွင် သူတစ်ယောက်တည်းမဟုတ်။ ဖွားဖက်တော်အဖြစ် စုစုပေါင်း နတ်သားခြောက်သောင်း တို့သည်လည်း တာဝတိံသာမှစုတေ၍ သိဥ္စည်းမင်းကြီး၏ အမတ်ခြောက်သောင်းတို့အိမ်၌ ပဋိသန္ဓေယူကြ၏။ ထို့ကြောင့် ဝေဿန္တရာသည် ဖွားဖက်တော်ခြောက်သောင်းရှိလေ၏။ အမှန်အားဖြင့် ဓမ္မသည်လည်း မိမိအင်အားနှင့် မိမိပင်ဖြစ်၏။ အဓမ္မသည်လည်း မိမိအင်အားနှင့် မိမိပင်ဖြစ်၏။ ဓမ္မနှင့်အဓမ္မသည် လောက၌ အမြဲတမ်းစစ်ပြိုင်လျက်ရှိ၏။ သို့ရာတွင် ဓမ္မသည်နောက်ဆုံး၌ အဓမ္မကိုနိုင်၏။

ဝေဿန္တရာမင်းသားသည် မင်းသားတို့တတ်အပ်သော ၁၈-ရပ်သော ပညာရပ် များကိုတတ်မြောက်၏။ အသက်အရွယ် ၁၆-နှစ်ရှိသောအခါ စေတ-တိုင်း၊မဒ္ဒရာဇ် မင်းကြီး၏သမီးတော် 'မဒ္ဒီဒေဝီ'နှင့်ထိမ်းမြားး၏။ ထို့နောက် ဖခမည်းတော် သိဥ္စည်း မင်းကြီးက သားတော်ဝေဿန္တရာအား ထီးနန်းကိုလွှဲအပ်လေ၏။ ထိုအခါမှစ၍ ဝေဿန္တရာမင်းကြီးသည် မိဖုရားခေါင်ကြီး အဂ္ဂမဟေသီ မဒ္ဒီဒေဝီ နှင့်အတူ စေတုတ္တရာ နိုင်ငံတော်ကို မင်းကျင့်တရား ဆယ်ပါး,သင်္ဂဟတရားလေးပါး,နာယကဂုဏ်ခြောက်ပါး တို့နှင့်အညီ အုပ်ချုပ်၏။ မင်းမိဖုရားနှစ်ပါးစုံမှ သားတော် 'ဇာလီ' နှင့် သမီးတော် 'ကဏှာဇိန်' ထွန်းကား၏။ ဝေဿန္တရာသည် မိမိမင်းဖြစ်သောအခါမှစ၍ မြို့တော်၏ တံခါးဝလေးခုတို့၌ အလှူမဏ္ဍပ် လေးလုံး၊ မြို့၏အလယ်၌ အလှူမဏ္ဍပ်တစ်လုံး၊ နန်းတော်အဝင်ဝ၌ အလှူမဏ္ဍပ်တစ်လုံး စုစုပေါင်း အလှူမဏ္ဍပ် ခြောက်လုံးကို ဆောက်လုပ်စေ၏။ အလှူမဏ္ဍပ်တစ်ခုလျှင် ငွေကျပ်တစ်သိန်းကျစီဖြင့် စုစုပေါင်း ငွေကျပ်ခြောက်သိန်းကို နေ့စဉ်အကုန်အကျခံ၍ လှူဒါန်း၏။ ထိုခေတ်ထိုအခါက သိဝိတိုင်း၊ စေတုတ္တရာနိုင်ငံသည် မင်းကောင်းမင်းမြတ်တို့၏ အုပ်ချုပ်မှုအောက်၌ မည်မျှငြိမ်းချမ်း လေမည်နည်း။

**လောကဓံနှင့်သမ္မာဒိဋ္ဌိအမြင်**

ဘဝဟူသည် မျဉ်းဖြောင့်သဖွယ်မဖြစ်။ စက်ဝိုင်း သဖွယ် သာဖြစ်ချေ၏။ အလောင်းတော်ဝေဿန္တရာ မိသားစုဘဝများသည်လည်း ထိုနယ်ပင်ဖြစ်ရချေ၏။ ထို့ကြောင့် ဘဝသည် ငှက်ခါးပုံသလို နိမ့်လိုက်မြင့်လိုက်ဖြစ်ရ၏။ ဤသည်ကိုပင် "လောကဓံ"ဟူ၍ဆိုရ၏။ "လောကဓံ"ကို"လောကဓံ"မှန်းသိလျှင် ယထာဘူတဉာဏ်ကို ရသည်မည်၏။ ယထာဘူတဉာဏ်ဟူသည်ကား သမ္မာဒိဋ္ဌိအမြင်ဖြစ်၏။ သမ္မာဒိဋ္ဌိ၏နောက်၌ များစွာ သောကုသိုလ်များ ရှိကြ၏။ ဘာမျှအားငယ်စရာမလို။ ကုသိုလ်ဟူသည်ကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



အကျိုးကို ပေးမြဲဖြစ်၏။ ထို့ကြောင့် လောကစံ နှင့်ကြုံလျှင် လောကစံမှန်း သိဖို့ အရေးကြီး၏။ ဒုက္ခကိုသာ လောကစံ ဟုနားလည်ပြီး သုခကို လောကစံဟု နားမလည်လျှင်ဖြစ်စေ၊ သုခကိုသာ လောကစံဟုနားလည်ပြီး ဒုက္ခကို လောကစံဟု နားမလည်လျှင်ဖြစ်စေ၊ ထိုနည်းအတူ အခြား လောကစံ အစုံလိုက်များ ကိုလည်း လောကစံမှန်း နားမလည်လျှင်ဖြစ်စေ၊ ထိုအခါ မှားယွင်းသောအမြင် မိစ္ဆာဒိဋ္ဌိ ဖြစ်သည်မည်၏။ မိစ္ဆာဒိဋ္ဌိ၏နောက်၌ အကုသိုလ်များသည် တစဉ်တတန်းကြီး ရှိလေ၏။ အကုသိုလ်ကလည်း မကောင်းသောအကျိုးကို ပေးမြဲ ဖြစ်၏။ ဤနိယာမကို မည်သူမျှမကျော်နိုင်။ အကယ်၍ ကျော်နိုင်သည်ထင်ပါလျှင် သမ္မာဒိဋ္ဌိအမြင်ကို မရ၍သာ ဖြစ်ပေလိမ့်မည်။

အခါတစ်ပါး၌ ကလိင်္ဂ တိုင်းနိုင်ငံသည် မိုးခေါင်၏။ ထိုအခါ ဆန်ရေစပါး ရှားပါး၏။ ဒုဗ္ဘိက္ခန္တရ ကပ် ဆိုက်၏။ နိုင်ငံသည်မငြိမ်မသက်ဖြစ်၏။ ကလိင်္ဂရာဇ် မင်းသည် သူတော်ကောင်းတို့၏ကျင့်ထုံးအတိုင်း မိုးရွာစေရန် ဥပုသ်သီတင်း စောင့်သုံး၏။ မိုးရွာစေရန် အဓိဋ္ဌာန်ပြု၏။ ထို့အပြင် မင်းကောင်းများအနေဖြင့် ကျင့်သုံးရန်သတ်မှတ်ထားသော ကျင့်ဝတ်များကိုကျင့်၏။ သို့ရာတွင် ကလိင်္ဂ-တိုင်းနိုင်ငံ၌ မိုးမရွာချေ။ ထိုအခါမင်းကြီးသည် မည်သို့မျှ စွမ်းဆောင်နိုင်ခြင်းမရှိ။ လက်ရှိအခြေအနေအတိုင်းသာ ဆိုလျှင် မင်းကြီးနှင့်တကွ နိုင်ငံသူနိုင်ငံသားများ အားလုံးတို့သည် လည်စင်း၍အသေခံနိုင်ရန် အသင့်ပြင်ရုံမှတစ်ပါး အခြားဘာမျှ မတတ်နိုင်တော့။

အကယ်၍ တရားဓမ္မများကို ကျင့်သုံးခြင်းအားဖြင့် မိုးမရွာလျှင် မိုးကိုရွာစေနိုင်သော နည်းသည်ရှိ၏။ ထိုနည်းကား ဥပေါသထ မျိုးနွယ် ပစ္စယဆင်ဖြူတော်ကို ကလိင်္ဂရာဇ်နိုင်ငံသို့ ရောက်ရှိစေခြင်းအားဖြင့် မိုးကိုရွာစေနိုင်သောနည်းဖြစ်၏။ ထိုနည်းကို ပညာရှိများက သိကြ၏။ အမှန်အားဖြင့် ဥပေါသထ ဆင်ဖြူတော်ရှိရာအရပ် ဟူသမျှ၌ မိုးရွာ၏။ ဤသည်မှာ ဥပေါသထ ဆင်ဖြူတော်၏ တန်ခိုးဖြစ်၏။ ထို့ကြောင့် ကလိင်္ဂရာဇ်မင်းကြီးအား ဝေဿန္တရာမင်းကြီး၏ ပစ္စယဆင်ဖြူတော်ကို အလှူခံရေးအတွက် ဆောင်ရွက်ပါရန် ပညာရှိအမတ်များက တင်လျှောက်ကြ၏။ ကလိင်္ဂ တိုင်းနိုင်ငံသည် ဝေဿန္တရာမင်းကြီး၏ အလှူဒါနနှင့် ရက်ရောမှုကိုကြားသိဖူး၏။ ထို့ကြောင့် ပညာရှိများက ကလိင်္ဂရာဇ်မင်းအား ထိုကဲ့သို့ဆင်ဖြူတော်ကို စေတုတ္တရာနိုင်ငံသို့ သွားရောက် အလှူခံရန် အတွက် ဆောင်ရွက်ပါရန် တင်ပြလျှောက်ထားကြခြင်းဖြစ်၏။ ထို့အပြင် ကလိင်္ဂ-တိုင်း နိုင်ငံ၌ မိုးရွာစေရန်အတွက် ဆောင်ရွက်ရန် ထိုနည်းမှတစ်ပါး အခြားရွေးချယ်စရာ နည်းလမ်းဟူ၍ မရှိတော့။ ထို့ကြောင့် ထိုနည်းကိုပင် သုံးရပေတော့မည်။

**သဘာဝကအသိအမှတ်ပြုခြင်း**

ထိုအခါ ကလိင်္ဂရာဇ်မင်းသည် နိုင်ငံကိုငဲ့၏။ မာန်မတင်း၊ မျက်နှာအောက်ချ၏။ ပညာရှိများ တင်လျှောက်သည့်အတိုင်း ပုဏ္ဏားရှစ်ယောက်တို့ကို သိဝိတိုင်း၊ စေတုတ္တရာပြည့်ရှင် ဘုရင်ဝေဿန္တရာထံသို့ ပစ္စယ ဆင်ဖြူတော်ကို အလှူခံဖို့ စေလွှတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားရှစ်ယောက်တို့လည်း ဝေဿန္တရာမင်းကြီးထံ လာရောက်၍ ကလိင်္ဂ–တိုင်းနိုင်ငံ၏ အခြေအနေကို ဝေဿန္တရာမင်းကြီးအား အပြည့်အစုံ တင်ပြလျှောက်ထားပြီး ပစ္စယ ဆင်ဖြူတော်ကို အလှူခံလေ၏။

ဝေဿန္တရာမင်းကြီးသည် ထိုစဉ်ကာလက အလှူမဏ္ဍပ်တို့၌ လှည့်လည်စဉ် မြို့၏တောင်ဘက်တံခါးဝရှိအလှူမဏ္ဍပ်သို့ ရောက်ရှိစဉ်ဖြစ်၏။ ဝေဿန္တရာမင်းကြီးသည် တစ်လလျှင် ခြောက်ကြိမ် အလှူမဏ္ဍပ်များသို့ လှည့်လည်ရှုစားတော်မူလေ့ရှိ၏။ ထိုနေ့ကား လပြည့်နေ့လည်းဖြစ်၏။မင်းကြီးသည် လပြည့်နေ့တွင်မှ ကလိင်္ဂ တိုင်းသား အလှူခံပုဏ္ဏား ရှစ်ယောက်တို့နှင့် တွေ့ဆုံခြင်းဖြစ်၏။ နေ့ကလည်းနေ့မြတ်၊ လှူရမည့်အလှူကလည်း အံ့ဖွယ်အလှူမြတ် ဖြစ်လေ၏။ ဝေဿန္တရာမင်းကြီးသည် ကလိင်္ဂ–တိုင်းနိုင်ငံ၏ ဒုက္ခကိုကြားရသောအခါ များစွာကရုဏာသက်မိ၏။ ထို့ကြောင့် မင်းကြီးသည် ကလိင်္ဂ–တိုင်းသား အလှူခံပုဏ္ဏားရှစ်ယောက်တို့အား ပစ္စယ ဆင်ဖြူတော်ကို ရေစက်သွန်းချ၍ လှူလိုက်၏။

ထိုအခါ မဟာပထဝီမြေကြီးသည် ပြင်းစွာလှုပ်ခြင်းအားဖြင့် ဒုတိယအကြိမ် ကောင်းချီးပေး၏။ ဆင်ဖြူတော်ကိုလှူရာတွင် အဖိုးနှစ်သန်းလေးသိန်းထိုက်သော ဆင်တော်၏အဆင်တန်ဆာများလည်း ပါ၏။ အဖိုးအနဂ္ဃထိုက်သော ပတ္တမြား ခြောက်လုံး လည်းပါ၏။ ဆင်ထိန်းများလည်းပါ၏။ ဆင်တော်နှင့်ဆိုင်ရာ အဆောက်အအုံများနှင့်တကွ လှူသောဒါနဖြစ်သောကြောင့် ဤ ပစ္စယ ဆင်ဖြူတော်ဒါနကို "သဗ္ဗသမ္ဘာရ ဒါန"ဟူ၍ ဆိုရ၏။

ဝေဿန္တရာမင်းကြီး၏ ဒါနသည် ရာမာယန– လာ ရာမ မင်းသား၏ သစ္စာစကားနှင့် နိုင်းယှဉ်လိုက်သောအခါ သက်ဦးဆံပိုင်စနစ် ထွန်းကားသောခေတ် ဖြစ်စေကာမူ ထိုခေတ် မင်းကောင်းမင်းမြတ်တို့၏ ခံယူချက်အမြင့်အမိဋ္ဌာန်ကို ပို၍ပို၍ ပေါ်လွင်စေ၏။ ရာမ မင်းသားက –

သ္နေဟံ ဒယာ စ သုခံ စ၊ ယဒိ ဝါ ဇာနကီ မပိ။
အာရာဓနာယ လောကဿ၊ မုဉ္စတော နတ္ထိ မေ ဗျထာ။

လောက၏ အစီးအပွားအတွက် ဆောင်ရွက်ရာ၌ နိုင်ငံသူနိုင်ငံသားများ ကျေနပ်စေရန်၊ ချစ်ခြင်း=မေတ္တာကို ဖြစ်စေ၊ ကြင်နာခြင်း=ကရုဏာကိုဖြစ်စေ၊ မင်းစည်းစိမ်ချမ်းသာကိုဖြစ်စေ၊ အကယ်၍လိုအပ်လျှင် သီတာဒေဝီကိုဖြစ်စေ၊ စွန့်လွှတ်မှ ကျေနပ်မည်ဆိုလျှင် မဆိုင်းမတွ စွန့်လွှတ်မည်ဖြစ်၏။ ထိုသို့ စွန့်လွှတ်ရသဖြင့် ကျွန်ုပ်အား မကျေနပ်ခြင်းမည်သည် မဖြစ်ပါ–

ဟူ၍ ပုရောဟိတ်များ၏ ရှေ့မှောက်၌ သစ္စာဆိုခဲ့၏။ ဗြာဟ္မဏ တို့၏အယူအရ ရာမသည်လည်း ဘုရားလောင်းဖြစ်၏။ ဗုဒ္ဓဘာသာဝင်တို့၏အယူအရ ဝေဿန္တရာ သည်လည်း ဘုရားလောင်းဖြစ်၏။ အမှန်အားဖြင့် ဘုရားလောင်းများသည် လောကကို ကြည့်ရာတွင် "ကတညုတ"မျက်စိဖြင့်ကြည့်သူများသာ ဖြစ်ကြလေ၏။ ထို့ကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သံသရာအမိုက်အမှောင်အတွင်း၌ လျှောက်နေကြရသော သံသရာခရီးသည်များ၏ ဘဝအလင်းရောင်များအဖြစ် ကမ္ဘာအသချေ တည်နေရစ်အောင် မှတ်တမ်းတင်ထားခြင်း ခံရသူများ ဖြစ်နိုင်ကြခြင်း ဖြစ်လေ၏။

ဝေဿန္တရာမင်းကြီးသည် ပစ္စယ ဆင်ဖြူတော်ကို ကလိင်္ဂ-တိုင်းအား သူ့အမြင်နှင့်သူ လှူဒါန်းလိုက်သောအခါ တိုင်းသူပြည်သားများသည် အမျက်ဒေါသပြင်းစွာ ထွက်ကြ၏။ အမှန်အားဖြင့် စေတုတ္တရာတိုင်းသားများသည် စေတုတ္တရာတိုင်းကိုမှ တိုင်းဟူ၍ထင်သူများ ဖြစ်ကြ၏။ စေတုတ္တရာတိုင်းသားများကိုမှ လူဟူ၍ ထင်သူများ ဖြစ်ကြ၏။ အခြားတိုင်းကိုလည်းကောင်း၊ အခြားတိုင်းသားများကိုလည်းကောင်း ရှိသည်ဟူ၍ပင် ထင်ကြသူများမဟုတ်ကြ။ အမှန်အားဖြင့် စေတုတ္တရာတိုင်းသားများသည် "ပပဥ္စ"မျက်စိဖြင့် လောကကိုကြည့်သူများ ဖြစ်ကြ၏။ မျက်စိချင်းမတူလျှင် အမြင်ချင်းလည်း မတူ။

**အသက်စွန့်၍တောင်းဆိုခြင်း** ထိုအခါ စေတုတ္တရာ တိုင်းသူ တိုင်းသားများသည် ဝေဿန္တရာမင်းကြီး၏ ဖခမည်းတော် သိဥ္စည်းမင်းကြီးထံသို့သွားရောက်၍ ဝေဿန္တရာမင်းကြီးအား နိုင်ငံမှနှင်ထုတ်ရန် တောင်းဆိုလျှောက်ထားကြ၏။ အကယ်၍ ဝေဿန္တရာမင်းကြီးကို နိုင်ငံမှ မနှင်ထုတ်ပါလျှင် ဝေဿန္တရာမင်းကြီး၌ များစွာ အန္တရာယ် ဖြစ်ပေါ်လာနိုင်သည်ဟူသော ခြိမ်းခြောက်မှုလည်း ပါဝင်၏။ ထိုတောင်းဆိုချက်များသည် ထိုခေတ်မျက်စိဖြင့်ကြည့်လျှင် အသက်ကိုစွန့်၍ တောင်းဆိုသော တောင်းဆိုချက်များဖြစ်၏။

သိဥ္စည်းမင်းကြီးသည်လည်းကောင်း၊ ဝေဿန္တရာမင်းကြီးသည်လည်းကောင်း ခတ္တိယ မင်းမျိုးများဖြစ်ကြ၏။ ထိုခေတ်အစဉ်အလာအရ ခတ္တိယဟူသည် တိုင်းနိုင်ငံကို အုပ်ချုပ်ရန် တာဝန်အရအုပ်ချုပ်သူများ ဖြစ်ကြ၏။ ထိုသို့အုပ်ချုပ်ရာ၌လည်း သက်ဦးဆံပိုင်စနစ်ကို သုံးခွင့်ရှိသူများ ဖြစ်ကြ၏။ ထို့ကြောင့် အုပ်ချုပ်ရေး၌ မျိုးနွယ်၏ အစဉ်အလာ ကောင်းခြင်းကို ထိုခေတ်ကများစွာ တန်ဖိုးထားခြင်းဖြစ်၏။ မျိုးနွယ်၏ အစဉ်အလာကောင်းခြင်းကို 'အာဂမနသုဒ္ဓိ'ဟူ၍ခေါ်၏။ အာဂမနသုဒ္ဓိ ၏ အနက်မှာ 'လာခြင်း၏စင်ကြယ်ခြင်း' ဟူ၍ဖြစ်၏။ ယနေ့အဓိပ္ပာယ်အရဆိုလျှင် သမိုင်းကြောင်းအရ သန့်ရှင်းစင်ကြယ်ခြင်း ဟူ၍ ဖြစ်၏။

သက်ဦးဆံပိုင်စနစ်အရ တိုင်းသူပြည်သား မည်သူ့ကိုမဆို ကွပ်မျက်နိုင်၏။ ဤသို့ကွပ်မျက်ခွင့်ကိုလည်း တည်ဆဲဥပဒေများက ခွင့်ပြုထား၏။ ထို့ကြောင့် သိဥ္စည်းမင်းကြီးသည် မိမိထံလာရောက်၍ သားတော်ဝေဿန္တရာအား နိုင်ငံမှနှင်ထုတ်ရန် တောင်းဆိုကြသူများအား ထိရောက်စွာအရေးယူနိုင်၏။ အရေးယူခွင့် အာဏာလည်း ရှိ၏။ အရေးယူလိုက်လျှင်လည်း ထိုပြဿနာသည် ပြီးပြေသွားမည်ဖြစ်၏။

သိဥ္စည်းမင်းကြီးသည် ဤ ပြဿနာကို စေတုတ္တရာနိုင်ငံသားများ တင်ပြတောင်းဆိုသည့်အတိုင်း သားတော် ဝေဿန္တရာအား ဟိမဝန္တာတောင်တန်းရှိ ဝင်္ကပါ

www.burmeseclassic.com

www.burmeseclassic.com



တောင်သို့ ထွက်ခွာသွားရန်အမိန့်ထုတ်ခြင်းအားဖြင့် ဖြေရှင်းလိုက်၏။

ရာဇာ ရက္ခတု ဓမ္မေန အတ္တနောဝ ပဇံ ပဇံ- ဟူ၍ အဋ္ဌကထာဆရာ ဆုတောင်းတော်မူသည့်အတိုင်း ဝေဿန္တရာလည်း မိမိ၏သားဖြစ်၏။ စေတုတ္တရာနိုင်ငံသားများသည်လည်း မိမိ၏သားသမီးများပင် ဖြစ်ကြ၏။ သားသမီးများအချင်းများရာတွင် တစ်ယောက်နှင့်အများဖြစ်ပါက အများကိုအနိုင်ပေးရမည်ဖြစ်၏။ ထို့ကြောင့် သိဋ္ဌည်းမင်းကြီးသည် ဝေဿန္တရာအားချစ်ပါလျက်နှင့် နိုင်ငံမှထွက်ခွာရန် အမိန့်ထုတ်ခြင်းဖြစ်၏။

သို့ရာတွင် သားတော်ဝေဿန္တရာက နောက်တစ်ရက်ဆိုင်းငံ့ပြီး ခုနစ်ရာစိလှူရသော အလှူမျိုးကို လှူခွင့်ပြုပါရန် ဖခမည်းတော်သိဋ္ဌည်းမင်းကြီးအား လျှောက်ထားရာ ခမည်းတော်သိဋ္ဌည်းမင်းကြီးက ခွင့်ပြုလိုက်၏။ အမှန်အားဖြင့် ဝေဿန္တရာမင်းကြီးသည် ပစ္စယ ဆင်ဖြူတော်ကိုလှူခြင်းကြောင့် ပြည်နှင်ဒဏ် ခံရခြင်းဖြစ်၏။ သို့ပါလျက် ခုနစ်ရာစိလှူရသော အလှူကို ယခုလှူချင်ပြန်သေး၏။ ဝေဿန္တရာမင်းကြီး၏ အမြင်နှင့် စိတ်ဓာတ်ကား အံ့ဖွယ်ရှိပေစွ။

ကျေးဇူးရှင်များအပေါ်
ကျေးဇူးသိတတ်သူ

ဝေဿန္တရာကား လောကကို ကတညုတမျက်စိဖြင့် ကြည့်သူဖြစ်၏။ ပပဥ္စ မျက်စိဖြင့်ကြည့်သူမဟုတ်။ ကတညုတ မျက်စိဖြင့်ကြည့်သောအခါ လောကသည် တကယ်ပင် ချစ်ဖွယ်၊ ကြင်နာဖွယ်- ကောင်းလှသော ကျေးဇူးရှင်စစ်စစ်ဖြစ်၏။ ဝေဿန္တရာမင်းကြီးသည် သုမေဓာရှင်ရသေ့ဘဝမှစ၍ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် လောကမှ ပါရမီကြွေးကို ယူခဲ့သူဖြစ်ကြောင်း ပါရမီအတွင်းစိတ်၏ စွမ်းအင်အရ သိလေ၏။ အမှန်အားဖြင့် ယခုလည်းယူဆဲပင် ဖြစ်၏။ ထို့ကြောင့် သူသည်လောကကို သူ၏ချစ်ဖွယ်၊ ကြင်နာဖွယ်ကောင်းသော ကျေးဇူးရှင်အဖြစ် မြင်လေသောကြောင့် လောကအပေါ် စိတ်မနာနိုင်ခြင်းဖြစ်၏။ ဓမ္မတာအားဖြင့် ချစ်စရာနှင့် ကြင်နာစရာကောင်းလှသော ကျေးဇူးရှင်များအပေါ် ကျေးဇူးသိတတ်သူဟူသမျှသည် မည်သို့လျှင်ကျေးဇူးရှင်များကို စိတ်နာနိုင်ပါလိမ့်မည်နည်း။

ဝေဿန္တရာသည် ပစ္စယ ဆင်ဖြူတော်ကို လှူပြီး နောက်တစ်နေ့တွင် ဖခမည်းတော်၏ ခွင့်ပြုချက်အရ ဖွားဖက်တော်အမတ် ခြောက်သောင်းနှင့်အတူ အလှူမဏ္ဍပ် ခြောက်ခုသို့သွား၍ ဆင် ခုနစ်ရာ၊ မြင်း ခုနစ်ရာ၊ ရထား ခုနစ်ရာ၊ မိန်းမ ခုနစ်ရာ၊ နို့ညှစ်နွားမ ခုနစ်ရာ၊ ကျွန်ယောကျ်ား ခုနစ်ရာ၊ ကျွန်မိန်းမ ခုနစ်ရာ ဤ ခုနစ်မျိုးကို ခုနစ်ရာစီ စီရင်စေပြီးနောက် အလှူခံတို့အားလှူပြန်၏။

သဘာဝသည်
မွေ့ဘက်ကရပ်တည်၏

ဤသို့လှူရာတွင်လည်း မဟာပထဝီမြေကြီးသည် ပြင်းစွာ လှုပ်ခြင်းအားဖြင့် အနုမောဒနာပြုပြန်၏။ ဤအကြိမ်ကား တတိယအကြိမ်ဖြစ်၏။ သဘာဝသည် မွေ့ဘက်မှ ရပ်တည်ခြင်းဖြစ်၏။ ထိုသို့မလှူမီ ဝေဿန္တရာမင်းကြီးသည် မဒ္ဒီမိဖုရားထံ တစ်ကိုယ်တော်တည်း

www.burmeseclassic.com

www.burmeseclassic.com



ကြွသွားပြီး မဒ္ဒီဒေဝီအား အလှူဒါနကိုပြုရန်၊ သားတော်ဇာလီနှင့် သမီးတော် ကဏှာဇိန်ကို ရှေးကထက်ပို၍ စောင့်ရှောက်ရန်၊ မိမိဇာတိ စေတ– တိုင်းသို့ပြန်လိုက ပြန်ရန်၊ နောက်အိမ်ထောင်ပြုလိုက ပြုရန်မှာကြား၏။ ထို့အပြင် ခမည်းတော်မင်းကြီး၏ အမိန့်အတိုင်း နက်ဖြန် အလှူမဏ္ဍပ်ခြောက်ခုဌ် အလှူခုနစ်မျိုးကို ခုနစ်ရာစီလှူပြီး နောက်တစ်နေ့ လပြည့်ကျော် သုံးရက်နေ့တွင် ဝင်္ကပါတောင်သို့ သွားမည်ဖြစ်ကြောင်းကိုလည်း မိန့်ကြား၏။ ထိုအခါ မဒ္ဒီဒေဝီကလည်း ဝေဿန္တရာမင်းကြီးနှင့်အတူ လိုက်မည်ဖြစ်ကြောင်း၊ သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိန်ကိုလည်း ခေါ်သွားမည်ဖြစ်ကြောင်း ဝေဿန္တရာမင်းကြီးအား ပြန်လည်လျှောက်ထား၏။ အမှန်အားဖြင့် မဒ္ဒီဒေဝီ,သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိန် တို့သည်လည်း ဝေဿန္တရာမင်းကြီး အနေဖြင့် သဗ္ဗညုတဉာဏ်တော်ရရှိရေးအတွက် ကူညီ၍ ပါရမီဖြည့်ဖက်များ၏ ဓမ္မတာအတိုင်း စရိုက်ချင်းတူကြ၏။

**သဘာဝသည် အရာရာတိုင်းကိုသိ၏**

ထို့အပြင် မဒ္ဒီဒေဝီက ဟိမဝန္တာတောင်၏ မွေ့လျော်ဖွယ်ကောင်းပုံကိုပင် မင်းကြီးအားနှစ်သိမ့်သည့်အနေဖြင့် မိမိကြားဖူးသမျှ တင်လျှောက်လိုက်သေး၏။ အမှန်အားဖြင့် ပဋ္ဌာန်းဒေသနာတော်အရ ပတ်ဝန်းကျင်သည် ထိုထိုပုဂ္ဂိုလ်တို့အား ဥပနိဿယပစ္စည်း အနေဖြင့် ကျေးဇူးပြုလေရာ ပတ်ဝန်းကျင်၏ ကျေးဇူးပြုမှုအလိုက် ကျေးဇူးပြုခြင်း ခံရသူများက ကျေးဇူး၏ အကျိုးအာနိသင်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ရ၏။ ဟိမဝန္တာဟူသည်ကား တောဖြစ်၏။ သူတော်သူမြတ်များ သီတင်းသုံးရာဖြစ်၏။ မိမိတို့၏ခံစားမှုကို ဖုံးကွယ်ခြင်း, ဟန်ဆောင်ခြင်းမပြုဘဲ သဘာဝအတိုင်းဖော်ပြတတ်သော တိရစ္ဆာန်တို့၏ ပျော်မြူး,ကျက်စားရာ ဖြစ်၏။ ထို့ကြောင့် ဟိမဝန္တာ၏ ဖြူစင်မှုသည် ဟိမဝန္တာ၌ နေသူများအပေါ် ဩဇာသက်ရောက်၏။ ယင်းဩဇာကား ဖြူစင်မှုဩဇာဖြစ်၏။ ဖြူစင်လျှင် ရိုးသား၏။ ရိုးသားခြင်းဟူသည်မှာ ဖြောင့်မတ်ခြင်းဖြစ်၏။ ဖြောင့်မတ်ခြင်းနှင့် ပတ်သက်၍ ကိုယ်နှင့်နှုတ် ဖြောင့်မတ်လျှင် "ဥဇု"မည်၏။ စိတ်ထားဖြောင့်မတ်လျှင် "သုဟုဇု" မည်၏ ဟူ၍ မေတ္တ သုတ်၌လာ၏။ အမှန်အားဖြင့် သဘာဝသည် ရိုးသားဖြူစင်၏။ သဘာဝသည် ရိုးသားဖြူစင်ရုံသာမက အရာရာတိုင်းကိုလည်း သိလေ၏။

**မဒ္ဒီဒေဝီ၏အမြင်နှင့်အသိ**

မြတ်စွာဘုရားသည် တောဌ်တရားကျင့်၍ တောဌ်ပင် သဗ္ဗညုတ ဉာဏ်တော်ကိုရ၏။ ရှေးရှေး သူတော်စင်ဟူသမျှသည်လည်း တောဌ်ပင်ပျော်မွေ့ ကြ၏။ အဖိုးအနဂ္ဃထိုက်တန်သော ရတနာတို့သည်လည်း တောမှပင်ထွက်ကြ၏။ အမှန်အားဖြင့် ပတ်ဝန်းကျင်သည် ဥပါဒါန်အနေဖြင့် ဘဝအသိကိုဖန်တီး၏။ သူယုတ်မာ ပတ်ဝန်းကျင်သည် သူယုတ်မာဖြစ်လာစေရန် ဘဝအသိကိုဖန်တီး၏။ သူတော်စင် ပတ်ဝန်းကျင်သည် သူတော်စင်ဖြစ်လာစေရန် ဘဝအသိကိုဖန်တီး၏။ မိစ္ဆာဒိဋ္ဌိ ပတ်ဝန်းကျင်သည် မိစ္ဆာဒိဋ္ဌိ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာစေရန် ဘ၀အသိကိုဖန်တီး၏။ သမ္မာဒိဋ္ဌိပတ်ဝန်းကျင်သည် သမ္မာဒိဋ္ဌိဖြစ်လာစေရန် ဘ၀အသိကိုဖန်တီး၏။

မဒ္ဒီဒေဝီသည် နယ်နယ်ရရ မဒ္ဒီဒေဝီမဟုတ်ပါ။ ပါရမီဖြည့်ဖက် မဒ္ဒီဒေဝီဖြစ်၏။ အကယ်၍သာ မဒ္ဒီဒေဝီ သည် ဝေဿန္တရာမင်းကြီးအား သဗ္ဗညုတဉာဏ်တော်ရရှိရေး အတွက် မပံ့ပိုးနိုင်ခဲ့ဘူးဆိုပါလျှင် ဝေဿန္တရာမင်းကြီးသည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်နိုင်လိမ့်မည်မဟုတ်။ ထို့ကြောင့် မဒ္ဒီဒေဝီ၏အမြင်နှင့် မဒ္ဒီဒေဝီ၏အသိသည် အတွင်းစရိုက် အတွင်းဉာဉ်ဖြစ်သော ပါရမီမှ အပင်ပေါက်လာသော အမြင်နှင့်အသိဖြစ်သည်ဟု ဆိုရ၏။ အတွင်းစရိုက် အတွင်းဉာဉ်ဟူသည် အဇ္ဈတ္တဝါဒမည်သော ဥပါဒါန်ပင်ဖြစ်၏။ မဒ္ဒီဒေဝီ၏ အတွင်းစရိုက်နှင့် အတွင်းဉာဉ်သည် ပါရမီအဖြစ် လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလမှ အစပြုခဲ့၏။ ထို့ကြောင့် မဒ္ဒီဒေဝီ၏ ဟိမဝန္တာချီးမွမ်းခန်းသည် တကယ်ပင်မှန်ကန်သော ချီးမွမ်းခန်းဖြစ်၏။ အသိအမြင်တို့၏ ဖြစ်ပေါ်ရာလမ်းကြောင်းကို နားလည်ကြသူများအတွက် တစ်စုံတစ်ရာပြဿနာရှိသော ချီးမွမ်းခန်းမဟုတ်။

**သက်မဲ့လည်းစကားပြောတတ်၏**

သိဂ္ဂည်းမင်းကြီး၏ အမိန့်အတိုင်း စေတုတ္တရာပြည်သူပြည်သားများ၏ ဆန္ဒအရ ဝေဿန္တရာမင်းကြီးနှင့် မိသားစုသည် ဝင်္ကပါတောင်သို့ သွားရန် မြို့တော်မှ ထွက်ကြ၏။ အတန်ငယ်သွားမိသောအခါ မင်းကြီးသည် မိမိစိုးစံရာမြို့ကို ပြန်ကြည့်၏။ နှုတ်ဆက်၏။ ထိုအခါ မဟာပထဝီမြေကြီးသည် စတုတ္ထအကြိမ်လှုပ်၏။ သက်မဲ့လည်း စကားပြောတတ်၏။ သက်ရှိလည်း စကားပြောတတ်၏။ သို့ရာတွင် များသောအားဖြင့် သက်ရှိပြောသောစကားကိုမူ နားလည်ကြသူများ၏။ နားလည်သည်ဆိုသော်လည်း တကယ်တမ်းအပြည့်အစုံ နားလည်ချင်မှ နားလည်၏။ သက်မဲ့များပြောသောစကားကိုမူ နားလည်သူရှား၏။ နားလည်ပါက သက်မဲ့တို့က ပြောသောစကားသည် ဤလောကတွင် နိယာမတစ်ခုအဖြစ်ဖြင့် ကျန်ရစ်၏။ ဤ သဘောကို သိပ္ပံနိယာမလောကဌတွေ့ရ၏။ ယခုလည်း မဟာပထဝီမြေကြီးက ဝေဿန္တရာမင်းကြီးအား စကားပြော၏။ ဝေဿန္တရာမင်းကြီးကလည်း မဟာပထဝီ၏ စကားကို နားလည်၏။ ထို့ကြောင့် ဝေဿန္တရာမင်းကြီးသည် နောက်ဘဝတွင် လောကသုံးပါးအတွက် နိယာမတစ်ခုကို ထုတ်ဖော်နိုင်တော့မည်ဖြစ်၏။ ထိုနိယာမကား "အရိယသစ္စာ"နိယာမဖြစ်၏။

**ပါရမီအလင်းရောင်**

ဝေဿန္တရာမင်းကြီးတို့ မိသားစုသည် မဒ္ဒီဒေဝီ၏ဇာတိ စေတတိုင်း မဒ္ဒရာဇ်မင်းကြီး၏ နိုင်ငံတော်သို့ ရောက်၏။ သို့ရာတွင် ဝေဿန္တရာမင်းကြီးနှင့် မိသားစုသည် နန်းမြို့တွင်းသို့မဝင်၊ မြို့ပြင်ဇရပ်၌ တည်းခို၏။ နန်းမြို့တွင်းသို့ မဝင်သော်လည်း စေတ-တိုင်း မဒ္ဒရာဇ်မင်းကြီးသည် ဝေဿန္တရာမင်းကြီးနှင့် မိသားစု အကြောင်းကိုကြား၏။ စေတမင်းသားတို့သည် ဝေဿန္တရာမင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



မိသားစုတို့၏ အကြောင်းကို ကြားသိလေသောအခါ မိမိတို့၏ စေတ တိုင်း ထိုးနန်းကို အပ်၏။ ဝေဿန္တရာမင်းကြီးက လက်မခံ။ "အန္ဓဘူတော အယံ လောကော" ဟူသည်နှင့်အညီ လောကသားတို့သည် သံသရာခရီးသည်များ အဖြစ်ဖြင့် အမိုက်အမှောင် အတွင်း၌ သွားနေကြခြင်းဖြစ်သော်လည်း ဝေဿန္တရာမင်းကြီးကား အမိုက်အမှောင် အတွင်း၌ သွားနေသူမဟုတ်။ အရဏ်၏အလင်းရောင်ဖြင့် သွားနေသူဖြစ်၏။ သူ၏ အလင်းရောင်ကား ပါရမီအလင်းရောင်ဖြစ်၏။

အမိုက်အမှောင်အတွင်း၌ သွားကြရသူများသည် မိမိတို့၏ခရီးကို ဖြောင့်ဖြောင့် မတ်မတ် မမြင်သဖြင့် ဖြောင့်ဖြောင့်တန်းတန်း မသွားနိုင်ကြ။ ဝေဿန္တရာမင်းကြီးကား အရဏ်၏ အလင်းရောင်ဖြင့် သွားသူဖြစ်သောကြောင့် မိမိသွားရမည့်ခရီးကို ဖြောင့်ဖြောင့် မတ်မတ် မြင်သဖြင့် ဖြောင့်ဖြောင့်မတ်မတ်သွား၏။ သူ၏ခရီးကား စေတ- တိုင်း မဒ္ဒရာဇ်နိုင်ငံ၌ မင်းပြုရန်မဟုတ်။ ခမည်းတော်သိဋ္ဌည်းမင်းကြီး၏ အမိန့်အတိုင်း စေတုတ္တရာနိုင်ငံသားများကျေနပ်စေရန် ဝင်္ကပါတောင်သို့ သွားရန်သာဖြစ်၏။ ဤသည်မှာ ဂါရဝ- တရားနှင့် နိဝါတ- တရားတို့ကို လောက၏ အကျိုးစီးပွားအတွက် လိုက်နာ ကျင့်သုံးနိုင်သူများသာ ထားနိုင်သောစိတ်ထားဖြစ်၏။

**နှစ်သက်ဖွယ်နှင့်**
**မြတ်နိုးဖွယ်ကိုမြင်တတ်သူ**

ဝေဿန္တရာမင်းကြီးသည် မိမိ၏ ကျေးဇူးရှင်လောကအပေါ် လေးစားသူဖြစ်၏။ မိမိ၏အဆုံးအဖြတ်အပေါ် လေးစားသူ ဖြစ်၏။ မင်းကြီး၌ သစ္စာရှိ၏။ မင်းကြီး၌ အဓိဋ္ဌာန်ရှိ၏။ မင်းကြီး၏သစ္စာနှင့် မင်းကြီး၏အဓိဋ္ဌာန်သည် ခိုင်မာ၏။ တစ်ဆံချည်မျှ မရွေ့။ မင်းကြီးသည်သစ္စာ၌ နှစ်သက်ဖွယ် "ရတိ"ကိုမြင်သူဖြစ်၏။ အဓိဋ္ဌာန်၌မြတ်နိုးဖွယ် "ရသ"ကိုခံစားတတ်သူ ဖြစ်၏။ အရာရာတိုင်း၌ သူ့တန်ဖိုးနှင့်သူ နှစ်သက်ဖွယ် "ရတိ" သည်ရှိ၏။ မြတ်နိုးဖွယ် "ရသ"သည်ရှိ၏။ ကြည့်တတ်မှမြင်၏။ မြင်လေသော အခါ အနစ်နာခံရခြင်း၌လည်း ကျေနပ်၏။ ကိုယ်ကျင့်သိက္ခာ ဖြူစင်ရေး အတွက် အသက်ကို စွန့်ရခြင်း၌လည်း အားရ၏။ နိုင်ငံကိုစွန့်လွှတ်၍ တောထွက်ရခြင်း၌လည်း ပျော်မွေ့၏။ ထို့ကြောင့် မင်းကြီးသည် ဝင်္ကပါတောင်သို့ သွားရေးအတွက်သာကူညီရန် စေတ- မင်းသားတို့အား ပန်ကြား၏။

နောက်ဆုံး၌ စေတ- မင်းသားခြောက်သောင်းတို့သည် ဝေဿန္တရာမင်းကြီး၏ ဆန္ဒအတိုင်း လိုက်လျောပြီး တစ်ဆယ့်ငါးယူဇနာတိုင်တိုင် လိုက်ပို့ကြ၏။ ထို့နောက် လမ်းညွှန်အဖြစ်ဆောင်ရွက်ရန် စေတ- မုဆိုးတို့ကို ထည့်လိုက်၏။ စေတ- မင်းသား တို့သည် မိမိတို့အနေဖြင့် ပြန်ချင်ကြသည်မဟုတ်။ ဖြစ်နိုင်လျှင် ဝင်္ကပါတောင်အထိ လိုက်လိုကြ၏။ သို့ရာတွင် ဝေဿန္တရာမင်းကြီး ပြန်ခိုင်း၍သာ မင်းကြီး၏အမိန့်ကို လိုက်နာသောအားဖြင့် ပြန်ကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**ကိုယ်တွေ့ကျင့်သုံးပြီးသား တရားများသာဖြစ်၏**

သက်ဆင်းရာမျိုးနွယ်၏ စင်ကြယ်ခြင်း "အာဂမနသုဒ္ဓိ" ရှိသူတိုင်းသည် ဆိုဆုံးမခြင်း၌ နာ ယူလွယ်သော "သောဝစဿတာ"ဂုဏ်နှင့် ပြည့်စုံ၏။ ဆင်ခြေဆင်လက် မများ။ ထိုအခါ ပတ်ဝန်းကျင်ကို ကျေးဇူးရှင်အဖြစ် မြင်တတ်သော ကတညုတမျက်စိဖြင့် လောကကိုကြည့်ပြီး ပတ်ဝန်းကျင်ကို လေးစားတတ်သော ဂါရဝ ဂုဏ်သည် အလိုလို ပြည့်စုံပြီးသာဖြစ်၏။ ဂါရဝ ဂုဏ်နှင့်ပြည့်စုံလျှင် မောက်မာမှု ကင်းသော နိဝါတ ဂုဏ်သည်လည်း တစ်သားတည်းပါဝင်ပြီးသာ ဖြစ်၏။ ဤဂုဏ်များသည် သုမေဓာရှင်ရသေ့ ဘဝမှစ၍ မိမိကိုယ်တိုင်အစဥ်တစိုက် ကျင့်သုံး လာသော ကျင့်ဝတ်များ ဖြစ်ကြ၏။ နောင် မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ ထိုကျင့်ဝတ်များကို "မင်္ဂလာ" များအဖြစ် ဟောကြားတော်မူပေလိမ့်မည်။

အမှန်အားဖြင့် လေးဆယ့်ငါးဝါပတ်လုံး မြတ်စွာဘုရားဟောကြားတော်မူသော တရားဓမ္မဟူသမျှသည် ထိုထိုအလောင်းတော်ဘဝမှစ၍ ဘုရားအဖြစ်သို့ရောက်သည့် တိုင်အောင် ကာလအတွင်း၌ ကိုယ်တိုင်တွေ့ ကိုယ်တိုင်ကြုံခဲ့ရသော ကိုယ်တွေ့တရား ချည်းသာဖြစ်၏။ စိတ်ကူးယဥ်တရားဟူ၍ စိုးစဥ်းမျှမပါ။ အားလုံး လိုက်နာကျင့်သုံးနိုင်သော ကျင့်သုံးနိုင်သည်နှင့်အမျှ မိမိအပါအဝင် လောကတစ်ခုလုံးအတွက် အကျိုးရှိသော တရားဒေသနာတော်များနှင့် ကျင့်စဥ်များသာ ဖြစ်ချေ၏။

ဝေဿန္တရာမင်းကြီး မိသားစုသည် စေတ– မုဆိုးတို့၏ လမ်းညွှန်ချက်အရ ဝင်္ကပါတောင်သို့ရောက်ကြ၏။ ဘုန်းကံရှိသူများ၏ ဆန္ဒသည်လည်းကောင်း၊ စိတ်ဓာတ်သည်လည်းကောင်း၊ လုံ့လဝီရိယသည်လည်းကောင်း၊ ဉာဏ်ပညာသည်လည်းကောင်း တန်ခိုးဣဒ္ဓိပါဒ် ထိုက်သည်ချည်း ဖြစ်၏။ တန်ခိုးဣဒ္ဓိပါဒ် ထိုက်အောင်လည်း အားထုတ်ခဲ့သည်ချည်းဖြစ်၏။ ဣဒ္ဓိပါဒ်ထိုက်လျှင် လောကီလုပ်ငန်း ဖြစ်ဖြစ်၊ လောကုတ္တရာလုပ်ငန်းဖြစ်ဖြစ်၊ လုပ်ငန်းဟူသမျှလုပ်ရာ၌ အောင်မြင်နိုင်၏။ ထို့ကြောင့် ဝေဿန္တရာမင်းကြီး၏ မိသားစုတို့ ရသေ့သူတော်စင်ဘဝဖြင့် နေထိုင်ရန် ကျောင်းသခ်မ်းသည် ဝင်္ကပါတောင်၌ အဆင်သင့်ဖြစ်၏။ ဝေဿန္တရာမင်းကြီးက ကျောင်းသခ်မ်း တစ်ခု၌နေ၍ မဒ္ဒီဒေဝီနှင့် သားသမီးနှစ်ယောက်တို့က ကျောင်းသခ်မ်း တစ်ခု၌နေကြ၏။ အားလုံးသူတော်စင်အကျင့် ကျင့်ကြ၏။ သူတို့၏စိတ်သည် ဆွတ်ဆွတ် ဖြူစင်လေ၏။ ဖြူစင်သည်နှင့်အမျှ အေးလည်းအေးချမ်းလေ၏။

မဒ္ဒီဒေဝီက မင်းကြီးနှင့် သားသမီးများအတွက် အာဟာရအဖြစ်စားသုံးရန် နေ့စဥ် သစ်သီးများကို သွားရောက်ရှာဖွေပြီး ဆွတ်ခူး၏။ မဒ္ဒီဒေဝီ ရှာဖွေဆွတ်ခူးလာသော သစ်သီးများကို မိသားစုလေးယောက်တို့ မျှတစွာ သုံးဆောင်ကြ၏။ ထို့နောက် တရားဘာဝနာ ပွားများအားထုတ်ကြ၏။ **အဘယ်မျှငြိမ်းချမ်းသော ဘဝပါနည်း**။ ဝေဿန္တရာ မင်းကြီး၏ မိသားစုအတွက် ကြေကွဲဖွယ်ကောင်းသော နေ့တစ်နေ့သည် ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ကား--- ကလိင် တိုင်း၊ ဒုန္နိဝိဋ္ဌရွာသား ဇူဇကာပုဏ္ဏားသည် ဝေဿန္တရာမင်းကြီး၏ သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိန်တို့ကို မိမိ၏အိမ်၌ မိမိ၏ဇနီးအမိတ္တာပုံအတွက် ကျွန်ပြုရန် လာ၍အလှူခံသောနေ့ဖြစ်၏။ ဇူဇကာပုဏ္ဏား ရောက်လာသောအချိန်တွင် ဝေဿန္တရာမင်းကြီး၏ မိသားစုတို့ ဝင်္ကပါတောင်၌ အေးချမ်းသာယာစွာရသေ့အသွင်ဖြင့် တရားဘာဝနာများ ပွားများအားထုတ်၍ နေထိုင်ရာသမယသည် ခုနစ်လပတ်လုံး ရှိလေပြီဖြစ်၏။ မင်းကြီးအနေဖြင့် သားသမီးအလှူ "ပုတ္တပရိစာဂ" ကို လှူဒါန်းနိုင်ရေးအတွက် ဆိုင်ရာစမ္မဘက်တော်သား အင်အားစုများက ထိုကဲ့သို့စီမံဖန်တီးခြင်းဖြစ်၏။

**အကျိုးတရားနှင့် အကြောင်းတရား**

အကျိုးတစ်ခု ဖြစ်ပေါ်ရာတွင် ဓမ္မနိယာမအရ ဤလောက၌ တိုက်ဆိုင်မှု သက်သက်ဟူသည်မရှိ။ အကြောင်းတရားတို့၏ ပြည့်စုံမှုသည်သာ ရှိ၏။ အကြောင်းတရားတို့ပြည့်စုံသောအခါ အကျိုးတရားသည် ဖြစ်ပေါ်ရ၏။ အကြောင်း တရားတို့မပြည့်စုံဘဲ တိုက်ဆိုင်မှုအနေဖြင့် အကျိုးတရားဖြစ်ပေါ်မှု ဟူသည်မရှိချေ။ အကျိုးတရားတစ်ခု ဖြစ်ပေါ်ရာ၌ ဆိုင်ရာအကြောင်းတရားများ၏ ကွင်းဆက်ကို ကျေနပ်လောက်အောင် ရှာဖွေတွေ့ရှိခြင်းမရှိသောအခါ သမ္မုတိသစ္စာအရ တိုက်ဆိုင်မှုဟူ၍ ဆိုတတ်ကြပါ၏။ ထိုအဆိုသည် ပဋ္ဌာန်းဒေသနာတော်အရ ဖြစ်စေ၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဖြစ်စေ၊ ပရမတ္ထသစ္စာအရ မလုံလောက်သော အဆိုဖြစ်လေ၏။ အမှန်အားဖြင့် ထိုဒေသနာတော် များအရ အကြောင်းများ အဆက်ဆက်သည်လည်း သူ့ကွင်းဆက်နှင့်သူ ရှိသည်သာဖြစ်၏။ ကွင်းဆက်များပြတ်တောက်ပြီး အကျိုးတရားဟူ၍ မဖြစ်ပေါ်နိုင်ချေ။

ဇူဇကာပုဏ္ဏားသည် မဒ္ဒီဒေဝီမရှိခိုက် မင်းကြီးထံသို့လာ၍ အလှူခံခြင်းဖြစ်၏။ သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိန်တို့သည် ဇူဇကာပုဏ္ဏားလာရောက်၍ မိမိတို့ကို အလှူခံမှန်းသိလျှင် ရေကန်အတွင်းသို့ဆင်း၍ ပုန်းရှောင်နေကြ၏။ သို့ရာတွင် ခမည်းတော်မင်းကြီးက ရေကန်သို့လာရောက်ခေါ်သောအခါ နှစ်ဦးလုံးထွက်လာကြ၏။ ထို့နောက် မင်းကြီးက သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိန်ကို ဇူဇကာပုဏ္ဏားအား ရေစက်သွန်းချ၍ လှူလိုက်၏။ ထိုအခါ မဟာပထဝီ မြေကြီးသည် ပဌမအကြိမ် "သာဓု" ခေါ်သောအားဖြင့် လှုပ်လေ၏။

**ဓမ္မသဘာဝ၌ ဖြတ်လမ်းဟူ၍မရှိ**

မိဘတို့မည်သည် သားသမီးများအပေါ် အတိုင်းမသိသောအချစ်ဖြင့် ချစ်ကြ၏။ ထိုသို့ချစ်ရာတွင် မိမိအတွက်ချစ်သည်လည်းရှိ၏။ လောကအတွက်ချစ်သည်လည်းရှိ၏။ လောကအတွက်ဟူရာ၌ လောကတွင် မိမိ၏သားသမီးများလည်း ပါဝင်၏။ သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိန် တို့အပေါ် ခမည်းတော်ဝေဿန္တရာမင်းကြီး ချစ်သောအချစ်ကား လောကအတွက် ချစ်သောအချစ်ဖြစ်၏။ ကောင်းစားစေလိုသော အချစ်ဖြစ်၏။ အမှန်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိန်တို့ကို သံသရာဒုက္ခမှ လွတ်မြောက်စေလိုသော စေတနာသည် ဝေဿန္တရာမင်းကြီး၌ ရှိ၏။ အမြတ်များများ လိုချင်လျှင် အရင်းအနှီးများများ စိုက်ရ၏။ ဓမ္မသဘာဝ၌ ဖြတ်လမ်းဟူ၍မရှိ။ ရှေးရိုးလမ်းဟောင်းသာရှိ၏။

'သဗ္ဗညုတ'ဟူသည် အကြီးမားဆုံး အမြတ်ဖြစ်၏။ ထို့ကြောင့် 'သဗ္ဗညုတ' အမြတ်ကို လိုချင်ပါလျှင် မိမိတို့ဘဝကို စတေးခြင်းဖြင့် အကြီးမားဆုံး အရင်းအနှီးကို စိုက်ရမည် ဖြစ်၏။ ထို့ကြောင့် ခမည်းတော် ဝေဿန္တရာမင်းကြီး၏ လောကကယ်ဆယ်ရေးလုပ်ငန်း၌ သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိန်တို့ကပါ တစ်တပ်တစ်အား အရင်းစိုက်သော အနေဖြင့် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်၏။ ထိုသို့ဆောင်ရွက်နိုင်အောင်လည်း ဝေဿန္တရာ မင်းကြီးက စီစဉ်ခြင်းဖြစ်၏။

> လောက၌ ဗုဒ္ဓဘာသာဟူ၍ ပေါ်လာရခြင်းမှာ ဝေဿန္တရာ မိသားစုတို့၏ အတိုင်းမသိနိုင်လောက်အောင် အနစ်နာခံမှုကြောင့် ဖြစ်၏။ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြား၍ ယနေ့ ဗုဒ္ဓဘာသာဝင်တို့ သိနိုင်ခြင်းမှာလည်း ဝေဿန္တရာမင်းကြီး၏ မိသားစုတို့က လောကသုံးပါးအတွက် အတိုင်း မသိနိုင်လောက်အောင် အနစ်နာခံမှုကြောင့်ဖြစ်၏။ အကယ်၍ ဝေဿန္တရာ မိသားစုတို့သာ ယခုလို မိမိတို့၏ ဘဝကို မ"စတေး"ကြဘူးဆိုပါလျှင် ဤလောက၌ မြတ်စွာဘုရားလည်း ပွင့်တော်မူလာမည်မဟုတ်။ သစ္စာ လေးပါးလည်း ထင်ရှားလာမည်မဟုတ်။ နာမ်ရုပ်ကိုလည်း သိမြင်လာမည် မဟုတ်။ ကုသိုလ်နှင့် အကုသိုလ်ကိုပင် ခွဲခြားနိုင်လိမ့်မည် မဟုတ်။ ထို့ကြောင့် ဝေဿန္တရာမင်းကြီးမိသားစုသည် အဘယ်မျှလောက် လေးစား မြတ်နိုးဖွယ်ကောင်းသော မိသားစု ဖြစ်ပါလေသနည်း။

**ဓမ္မအင်အားစုများသည် လောကအပေါ် ကြောင့်ကြမဲ့နေကြသည်မဟုတ်။ ဤလောက၌ မှန်ကန်သောဓမ္မများ လွှမ်းမိုးနိုင်ရေးအတွက် ဆောင်ရွက်ရန် သူတို့၌ တာဝန်ရှိ၏။ ထိုတာဝန်ကိုသူတို့သိကြ၏။**

ဝေဿန္တရာမင်းကြီးသည် ဇူဇကာပုဏ္ဏားအား သားတော်ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို လှူလိုက်စဉ်က အသီးသီးတန်ဖိုးဖြတ်၍ လှူလိုက်ခြင်းဖြစ်၏။ ထိုတန်ဖိုးဖြင့် ဇူဇကာပုဏ္ဏားထံမှ ရွေးနုတ်ခွင့်ရှိ၏။ ဇူဇကာပုဏ္ဏားသည် ဇာလီနှင့် ကဏှာဇိန်ကိုရလျှင် သူ၏ဇာတိ ကလိင်္ဂ တိုင်း၊ ဒုန္နိဝိဋ္ဌရွာသို့ ပြန်လေ၏။

သို့ရာတွင် ဇူဇကာသည် လမ်းမှား၍ သိဝိတိုင်း စေတုတ္တရာပြည်သို့ ရောက်သွား၏။ ဤသို့လည်း ဝေဿန္တရာမင်းကြီးက ရောက်စေချင်ပါ၏။ ဋ္ဌကထာ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ-ဟူ၍ ပိဋကတော်၌ အဆိုအမိန့်ရှိ၏။ တကယ်တမ်းအားဖြင့် စိတ်ထားလည်းဖြူစင်မြင့်မြတ်မည်၊ ကိုယ်ကျင့်သီလ,သိက္ခာနှင့်လည်း ပြည့်စုံမည်ဆိုပါလျှင် ထိုပုဂ္ဂိုလ်မျိုး၏ ဆန္ဒသည် ပြည့်စုံမြဲဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိမိတို့အနေဖြင့် လုပ်ကိုင်သောလုပ်ငန်းများ အောင်မြင်စေလိုပါလျှင် မိမိတို့ကိုယ်တိုင်က စိတ်ထားဖြူစင်မြင့်မြတ်ဖို့ လို၏။ ကိုယ်ကျင့်သီလနှင့် ပြည့်စုံဖို့လို၏။ အယောင်ဆောင်မဖြစ်ဖို့လို၏။ ကိုယ်ကျိုးရှာသမား မဖြစ်ဖို့လို၏။ ဖွဲလုံ့လရှိဖို့ လို၏။ အခြေခံအမြင် ရှိဖို့လို၏။ ထိုအခါ မိမိတို့၏ဆန္ဒသည် ဣဋ္ဌိပါဒ် ဖြစ်လာ၏။ ဣဋ္ဌိပါဒ် ဖြစ်လာလျှင် တန်ခိုးရှိတော့၏။ တန်ခိုးရှိပါက လိုလိုသမျှပြည့်စုံလေ၏။ အရေးကြီးသည်က ကိုယ်ကျင့်သီလကောင်းဖို့၊ ရိုးသားဖြူစင်ဖြောင့်မတ်ဖို့၊ ဖွဲလုံ့လရှိဖို့၊ အကျိုးနှင့်အကြောင်းကို ဆက်စပ်နိုင်စွမ်း ရှိဖို့သာ လိုပါ၏။ ထိုသို့သာဖြစ်လျှင် မိမိတို့၏ ဆန္ဒသည် ဣဋ္ဌိပါဒ် မြောက်လာ၏။ အလိုလို တန်ခိုးရှိလာ၏။

'တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်' ဟူ၍ဆိုပါသော်လည်း တကယ်တမ်းလုပ်တိုင်း ဖြစ်ဖို့မသေချာ၊ ဖြစ်ဖို့သေချာသည်ကတော့ ကိုယ်ကျင့်သီလနှင့် ပြည့်စုံမှု စိတ်စေတနာ ရိုးသားဖြူစင်မှု အကျိုးနှင့်အကြောင်းကို ဆက်စပ်နိုင်စွမ်းရှိမှု၊ မဖြစ်မနေ ဆောင်ရွက်မှုတို့ပါဝင်မှသာ 'တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ် ဖြစ်တတ်၏'။ အမှန်အားဖြင့် ဝေဿန္တရာမင်းကြီး၏ ဆန္ဒသည် ထိုအင်္ဂါရပ်များနှင့် ပြည့်စုံ၏။ ထို့ကြောင့် ဇူဇကာသည် ဝေဿန္တရာမင်းကြီး၏ ဆန္ဒအတိုင်း သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိန် တို့ကို ဘိုးတော်သိဥ္စည်းမင်းကြီးထံ ခေါ်သွားမိရက်သား ဖြစ်ချေ၏။ ဤသည်မှာလည်း တိုက်ဆိုင်မှုမဟုတ်။ သူ့အကြောင်းနှင့် သူ့အကျိုးပင် ဖြစ်၏။

**လောကအတွက် ကြီးမားသောအရင်းအနှီး**

မဒ္ဒီဒေဝီ သစ်သီးရှာရာမှ ပြန်လာသောအခါ မိမိ၏သားနှင့် သမီးကိုလည်း မတွေ့၊ မင်းကြီးကလည်း စကားမပြော ရှိနေပြန်သဖြင့် တစ်ညဥ့်လုံး မအိပ်နိုင်ဘဲ ပူပန်သောက ရောက်ရရှာ၏။ သားသမီးများ သွားတတ်သောနေရာများသို့ သွားရောက်၍ ခြေရာ လက်ရာများကိုရှာဖွေရာ အရုဏ်တက်အချိန်တွင် မတွေ့တော့သည့်အဆုံး ငိုကြွေး မြည်တမ်းလျက် ဝေဿန္တရာမင်းကြီး၏ ခြေရင်း၌ လဲကျသွား၏။

ထိုအခါ ဝေဿန္တရာမင်းကြီးသည် ထွက်သက်ဝင်သက် ရှိသေးမှန်းသိသဖြင့် မဒ္ဒီဒေဝီ၏ မျက်နှာနှင့် ရင်သားတို့အပေါ်၌ ရေဖြင့်ဖြန်းဆွတ်၍ နိပ်နယ်ပေးလေရာ မဒ္ဒီဒေဝီ သတိရလာလေ၏။ ထိုအခါမှ မင်းကြီးက မဒ္ဒီဒေဝီအား သားတော်နှင့် သမီးတော်တို့ကို ဇူဇကာပုဏ္ဏားအားလှူလိုက်ကြောင်း၊ မဒ္ဒီဒေဝီ ရောက်လျှင်ရောက်ချင်း မပြောသည်မှာ နလုံးသားကွဲသွားမည် စိုးရိမ်၍ ဖြစ်ကြောင်း ပြောလေလျှင် မဒ္ဒီဒေဝီသည် **အလှူကိုသာဓုခေါ်ပါကြောင်း** ပြန်လည်လျှောက်ထား၏။

ထိုမျှမကသေး မင်းကြီးအားလည်း အလှူနှင့်ပတ်သက်၍ သဒ္ဓါတရားပွားများရန် လျှောက်ထားပြီး ထို့ထက်ပို၍ **အကြိမ်ကြိမ်လှူနိုင်ပါစေသတည်း** ဟူ၍ပင် အနုမောဒနာ ပြုလိုက်သေး၏။ အံ့ဖွယ်ရှိပါ၏။ လောကအတွက် ကြီးမားသောအရင်းအနှီးကို ရင်းနိုင် လေခြင်း။

www.burmeseclassic.com

www.burmeseclassic.com



**သောကကိုနိုင်သောအသိ** သိကြားမင်းကလည်း ပုဏ္ဏားယောင်ဆောင်၍ ဝေဿန္တရာမင်းကြီးထံလာပြီး မဒ္ဒီဒေဝီကိုအလှူခံလေရာ ဝေဿန္တရာမင်းကြီးကလည်း ဝမ်းမြောက်စွာပင် လှူလေ၏။ ဤအလှူကိုလည်း မဟာပထဝီမြေကြီးက ဆင့်အကြိမ် သာဓုခေါ်သည့် သဘောဖြင့် ပြင်းစွာတုန်လှုပ်၏။ ထို့နောက် သိကြားမင်းကလည်း မိမိသည် ပုဏ္ဏားအစစ်မဟုတ်ဘဲ သိကြားမင်းဖြစ်ကြောင်း၊ မဒ္ဒီဒေဝီအား မင်းကြီးကိုပြုစုရန် ပြန်၍အပ်နှံပါကြောင်း မင်းကြီးအလိုရှိသောဆုများကို တောင်းစေလိုကြောင်း မိန့်ကြား၏။ ဝေဿန္တရာမင်းကြီးကလည်း 'စေတုတ္တရာ နိုင်ငံသားများ အမျက်ပြေ၍ ခမည်းတော်မင်းကြီးက မိမိတို့ကို နိုင်ငံသို့ ပြန်ခေါ်ပါစေသတည်း' စသည်ဖြင့် ဆုရှစ်မျိုးကို တောင်း၏။ သိကြားမင်းကလည်း ဝေဿန္တရာမင်းကြီး တောင်းသောဆု ရှစ်မျိုးပြည့်စုံမည်ဖြစ်ကြောင်း ပြောကြားပြီး တာဝတိံသာသို့ ပြန်လေ၏။ မင်းကြီးနှင့်မဒ္ဒီဒေဝီ တို့သည်လည်း ချမ်းအေးစွာ ဝင်္ကပါတောင်တန်း၌ နေကြလေ၏။ သူတို့၏အသိသည် သူတို့၏ သောကကို နိုင်လေပြီ။ သောကကိုနိုင်သောအသိမှသာ ငြိမ်းချမ်းမှုချမ်းသာကို ပေးစွမ်းနိုင်၏။ ဤအသိ၏ အကျိုးကို ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီဒေဝီ နှစ်ဦးစလုံး ကိုယ်တွေ့ခံစားရ၏။ ထို့ကြောင့် ဤအသိမျိုးကိုသာ ပိဋကတော်၌ "သန္တိဋ္ဌိက"ဟူ၍ ဆိုပါ၏။

**ကမ္မဝိသယောအစိန္တိယော** ကလိင်္ဂတိုင်း၌ ရာသီဥတု မှန်ကန်သွားသော အခါတွင် ကလိင်္ဂရာဇ်မင်းက ပစ္စယဆင်ဖြူတော်ကို စေတုတ္တရာ နိုင်ငံသို့ ပြန်ပို့၏။ ထိုအခါ စေတုတ္တရာနိုင်ငံသားများသည်လည်း ဝေဿန္တရာမင်းကြီး အပေါ်၌ အမျက်ပြေကြ၏။ အမျက်ပြေရုံသာမက မိမိတို့နိုင်ငံသို့ ပြန်လာစေလိုလှပြီ။ မင်းကြီး၏ မေတ္တာစေတနာကို သူတို့နားလည်ကြလေပြီ။ ဇာလီနှင့် ကဏှာဇိန်တို့ကိုလည်း ဇူဇကာပုဏ္ဏားထံမှ သတ်မှတ်ထားသော တန်ဖိုးကိုပေး၍ ဘိုးတော်သိဉ္စည်းမင်းကြီးက ရွေးနုတ်လိုက်၏။ ထို့ပြင်မက သိဉ္စည်းမင်းကြီးက ဇူဇကာအား ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ကိုပါ ပေးလိုက်၏။ ဇူဇကာပုဏ္ဏားကား ချမ်းသာဒဏ်ကို ခံနိုင်သူမဟုတ်။ ချမ်းသာကို ခံစားခြင်း၌ အတိုင်း အရှည်ကိုမသိဘဲ ခံစားမှုလွန်ကဲခြင်းကြောင့် အစာမကြေရောဂါဖြင့် ကွယ်လွန်၏။

ခမည်းတော် သိဉ္စည်းမင်းကြီးသည် ပစ္စယဆင်ဖြူတော်ကို စီး၍ များစွာသော ဗိုလ်ပါရဲမက်များ ခြံရံလျက် ဖုဿတီမိဖုရားနှင့်တကွ ဝင်္ကပါတောင်သို့ သွားကြ၏။ ဝေဿန္တရာမင်းကြီး၏ ဖွားဖက်တော် အမတ်ခြောက်သောင်းလည်း ပါ၏။ ဝင်္ကပါတောင်၌ မင်းခြောက်ပါးတို့ဆုံကြ၏။ ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းတို့ကို တစ်ပြိုင်နက် ခံစားရခြင်းကြောင့် မင်းခြောက်ပါးနှင့်တကွ ဖွားဖက်တော် အမတ် ခြောက်သောင်းတို့ပါ မိန်းမောပြီး အကုန်လုံး မြေ၌လဲကျလေ၏။ ထိုအခါ မဟာပထဝီမြေကြီးသည် သတ္တမအကြိမ်လှုပ်၏။ သိကြားမင်းက ပေါက္ခရဝဿမိုးကို ရွာစေမှ အားလုံးသတိရကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ပြည်တော်ပြန်၍ ဝေဿန္တရာ မင်းကြီးနှင့် မဒ္ဒီဒေဝီတို့သည် ရှေးကအတိုင်းပင် မင်း,မိဖုရားတို့အဖြစ် သိဝိတိုင်း စေတုတ္တရာနိုင်ငံကို အသက်ထက်ဆုံး စိုးစံကြ၏။ ကောင်းမှုကုသိုလ်ကိုလည်း ရှေ့ကထက်ပင် ပြုလုပ်လေ၏။ ပစ္စည်းဥစ္စာတို့သည်လည်း ရှေးကထက်ပင် ပို၍ ပြည့်စုံ၏။ စစ်မှန်သောစေတနာဖြင့် ပြုလုပ်သော ကောင်းမှုတို့၏အကျိုးသည် အံ့ဖွယ်ရှိပေစွ။ ထို့ကြောင့်ပင် ပိဋကတော်၌ "ကမ္မဝိသယော အစိန္တိယော=ကံ၏ အရာသည် သာမန်ပုဂ္ဂိုလ်တို့အနေဖြင့် နားမလည်နိုင်လောက်အောင် အံ့ဖွယ်ရှိသည်"ဟူ၍ ဟောကြားတော်မူခြင်းဖြစ်ပါ၏။

ဝေဿန္တရာ ဇာတ်တော်ကြီးတွင် မင်းခြောက်ပါးလုံးတို့သည် ပုထုဇဉ်များချည်းသာဖြစ်၏။ သူတို့၌ သံယောဇဉ်များမကုန်သေး။ ထို့ကြောင့် သူတို့၌ တစ်ဦးအပေါ်တစ်ဦး ချစ်တတ်သောစိတ်သည်လည်းရှိ၏။ ကြင်နာတတ်သောစိတ်သည်လည်း ရှိ၏။ တွယ်တာတတ်သောစိတ်သည်လည်း ရှိ၏။ ထိုသို့ရှိရာတွင် ပါရမီရှင်များဖြစ်ကြသဖြင့် အချင်းချင်း၏ ကောင်းကျိုးကို လိုလားသောအားဖြင့် ပို၍ပင်ချစ်တတ်၏။ ပို၍ပင်ကြင်နာတတ်၏။ ပို၍ပင်တွယ်တာတတ်၏။ ဤသည်မှာ သူတို့အပေါ် အထူးပြောစရာ မလိုသော မင်းခြောက်ပါးတို့၏ စိတ်နေစိတ်ထားများ ဖြစ်ကြ၏။

ဝေဿန္တရာမင်းကြီးသည် ပါရမီရှင် ယောက်ျားမြတ်ဖြစ်ပါလျက် သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိန်တို့ကို သူ့ရှေ့၌ ဇူဇကာပုဏ္ဏားရိုက်နှက်သည်ကို မြင်သောအခါ ဇူဇကာအားသတ်ရန် သန်လျက်ကိုပင်ဆွဲထုတ်မိ၏။ ဤသည်မှာ သားသမီးနှင့် ပတ်သက်သော မင်းကြီး၏ ခံစားချက်ဖြစ်၏။ သနားဖွယ်ရာကောင်းလောက်အောင် သားတော်ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ ငိုကြွေးမြည်တမ်းသည်ကို မြင်ရသောအခါ ဝေဿန္တရာမင်းကြီးသည် ရင်ကွဲမတတ်ခံစားရပြီး မိမိ၏ ကျောင်းသခ်မ်းအတွင်းသို့ဝင်၍ ငိုကြွေးရှာ၏။ ဝေဿန္တရာမင်းကြီးအနေဖြင့် မိမိ၏သားသမီးများအပေါ် မည်မျှ ချစ်ခင် မြတ်နိုးတွယ်တာသည်ကို မြင်နိုင်သိနိုင်သော သက်သေအထောက်အထား ဖြစ်၏။

ဝေဿန္တရာမင်းကြီးသည် မိမိ၏မိဖုရား မဒ္ဒီဒေဝီ အပေါ်၌လည်း အဒ္ဒိတ္တ သုခ ဒုက္ခေသု-ဟူသော မေတ္တာစစ် မေတ္တာမှန်တို့၏ သဘာဝအတိုင်း ခန္ဓာကိုယ်အားဖြင့် ဝေဿန္တရာနှင့် မဒ္ဒီဒေဝီဟူ၍ နှစ်ယောက်ပြားသော်လည်း စိတ်အားဖြင့်မူနှစ်ခုမပြား တစ်ခုတည်းသာဖြစ်၏။ သုခနှင့်ကြုံလည်း တစ်ခုတည်း၊ ဒုက္ခနှင့်ကြုံလည်း တစ်ခုတည်း၊ လောကဓံရှစ်ပါးနှင့် ကြုံတိုင်း တစ်ခုတည်းသာဖြစ်၏။ ဤ မေတ္တာမျိုးကို "အဒ္ဒိတ္တ မေတ္တာ"ဟူ၍ ဆို၏။ မဒ္ဒီဒေဝီကလည်း ဝေဿန္တရာမင်းကြီးအပေါ်၌ အလားတူပင် နှစ်ခုမပြား၊ တစ်သားတည်းသော အဒ္ဒိတ္တမေတ္တာ မျိုးဖြင့် မြတ်နိုးသည်ပင်ဖြစ်၏။

ပစ္စည်းဥစ္စာများနှင့် ပတ်သက်လျှင်လည်း မင်းစည်းစိမ်၊ မင်းချမ်းသာဟူသည်ကား တောင့်တဖွယ်ပင်ဖြစ်၏။ တပ်မက်ဖွယ်ပင်ဖြစ်၏။ လောဘမကင်းသူမှန်သမျှ တောင့်တ

www.burmeseclassic.com

www.burmeseclassic.com



မည်သာဖြစ်၏။ တပ်မက်မည်သာဖြစ်၏။ လောဘဟူသည် သူ့သဘောကို ဆောင်ကာ တောင့်တမည်ဖြစ်၏။ ဒေါသဟူသည်လည်း သူ့သဘောကိုဆောင်ကာ အမျက်ထွက်မည်ပင်ဖြစ်၏။ ဤသည်မှာ ပရမတ္ထတရားတို့၏ သဘာဝပင်ဖြစ်၏။ ထို့ကြောင့်–

နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ကလိ။–

"ရာဂနှင့်တူသော မီးမည်သည်မရှိ။ ဒေါသနှင့်တူသော ရာဇဝတ်မှုမည်သည်မရှိ" ဟူ၍ ပိဋကတော်များ၌ ဆိုခြင်းဖြစ်၏။ ထို့ကြောင့် မင်းခြောက်ပါးတို့သည်လည်း ပုထုဇဉ်တို့ သဘာဝအတိုင်း မိမိတို့အချင်းချင်းနှင့် ပတ်သက်လျှင်ဖြစ်စေ၊ ပစ္စည်းဥစ္စာတို့နှင့် ပတ်သက်လျှင်ဖြစ်စေ စိတ်တွင်းခံစားမှုများ ရှိကြမည်သာဖြစ်ကြပါ၏။

သို့ရာတွင် ထိုခံစားမှုများကို ပယ်သတ်နိုင်သော၊ မပယ်သတ်နိုင်လျှင်တောင် ထိန်းချုပ်နိုင်သောအသိသည် သူတို့၌ရှိ၏။ ထိုအသိကား နေ့ချင်းညဥ့်ချင်း ရလာသော အသိတော့မဟုတ်။ ကမ္ဘာပေါင်း အသင်္ချေ်တိုင်တိုင် တစိုက်မတ်မတ် ဖြည့်ကျင့်ပါမှ ရလာသော အသိဖြစ်၏။ ထိုအသိမျိုးကား အခြားသူတို့၌မရှိဘဲ သူတို့၌သာရှိသော အသိမျိုးဖြစ်၏။ ထိုအသိဖြင့်သာ ဝေဿန္တရာမင်းကြီးသည် အကုသိုလ်ဆိုင်ရာခံစားမှုများကို ပယ်ဖျောက်၍ နိုင်ငံသူနိုင်ငံသားများအတွက် မင်းစည်းစိမ်ကိုစွန့်ခြင်း ဇနီးမယားနှင့် သားသမီးများကို လောကအတွက် စွန့်လွှတ်နိုင်ခြင်းဖြစ်၏။

ထိုကဲ့သို့ စွန့်လွှတ်ခြင်းမှာလည်း "ကိံ မေ ဧကေန တိဏ္ဏေန"ဒေသနာတော်အရ မိမိအတွက် ပဓာနမဟုတ်။ ဝေနေယျသတ္တဝါ အပေါင်းတို့အတွက်သာ ပဓာနဖြစ်၏။ ဝေနေယျသတ္တဝါ အပေါင်းကို ကယ်တင်လိုလျှင် မိမိကိုယ်တိုင်က ကယ်တင်နိုင်စွမ်းသော ယောကျ်ားကောင်းဖြစ်ဖို့လိုပါ၏။ ထို့ကြောင့် ယောကျ်ားကောင်း ဖြစ်လာနိုင်အောင် ဝေဿန္တရာမင်းကြီးသည် ထိုကဲ့သို့စွန့်လွှတ်ခြင်းဖြစ်၏။ ဘဝကိုစတေးခြင်းဖြစ်၏။ အခြားသောပုဂ္ဂိုလ်များအနေဖြင့်မူ ဖော်ပြပါ သက်ရှိသက်မဲ့ ပစ္စည်းများသည် မိမိတို့အတွက် မရလျှင် ရအောင် ရှာဖွေ၍ သိမ်းပိုက်ရမည့်ပစ္စည်းများသာ ဖြစ်၏။ လောကအတွက် စွန့်လွှတ်ရမည့် ပစ္စည်းများမဟုတ်။ ဝေဿန္တရာ မင်းကြီးအနေဖြင့်ကား ဖော်ပြပါ သက်ရှိသက်မဲ့ ပစ္စည်းများသည် လောကအတွက်စွန့်လွှတ်နိုင်ရန် မရလျှင်ရအောင်ရှာဖွေ၍ လောကအတွက် စွန့်လွှတ်ရမည့်ပစ္စည်းများ ဖြစ်၏။ ဤသို့အမြင်ချင်း ခြားနား၏။ အမြင်ချင်း ခြားနားလျှင် အလုပ်ချင်းလည်းခြားနား၏။

**အမြင်ချင်းခြားနားမှု**

အမြင်ချင်းခြားနားမှုသည် မိမိတို့တွေ့ကြုံနေရသော အာရုံများ အပေါ်၌မတည်။ မိမိတို့၏ ကိုယ်ပိုင်မျက်စိအပေါ်၌သာ တည်၏။ ဇူဇကာပုဏ္ဏား တစ်ယောက်တည်းကိုပင် အမြင်အမျိုးမျိုးဖြင့် မြင်နိုင်၏။ ပပဥ္စမျက်စိဖြင့်ကြည့်သောအခါ ဇူဇကာပုဏ္ဏားသည် ရွံ့ရှာမုန်းတီးစရာကောင်းသူဖြစ်၏။ ပပဥ္စမျက်စိဟူသည်မှာ တဏှာ မျက်စိ၊ မာန မျက်စိ၊ ဒိဋ္ဌိ မျက်စိ ဖြစ်၏။ ကတညုတ မျက်စိဖြင့်ကြည့်သောအခါ ဇူဇကာသည် အလွန်ကျေးဇူးတင်စရာကောင်းသူဖြစ်၏။ ကျေးဇူးရှင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဇူဇကာသာ ဝေဿန္တရာမင်းကြီးထံလာရောက်ပြီး သားတော်ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို အလှူမခံခဲ့ပါလျှင် ဝေဿန္တရာမင်းကြီးအနေဖြင့် ဝေနေယျသတ္တဝါတို့အား ကယ်ဆယ်ရေးလုပ်ငန်းသည် တစ်မျိုးတစ်ဖုံဖြစ်သွားမည်ဖြစ်၏။ အမှန်အားဖြင့် "ဟင်း"ဟူသမျှ၌ "ဆား"လိုအပ်သလို ဘဝဇာတ်လမ်းဟူသမျှ၌ လူကြမ်း "ပဋိနာယက"သည် လိုအပ်၏။ ဤသည်မှာ ဓမ္မတို့၏ အနုလောမနှင့် ပဋိလောမ တည်းဟူသော ဆန့်ကျင်ဘက်အစုံသဘောဖြစ်၏။ ကတညုတမျက်စိဟူသည်မှာ ပတ်ဝန်းကျင်လောကကို ကျေးဇူးရှင်အဖြစ် မြင်တတ်အောင် မြင်သောမျက်စိဖြစ်၏။ သမ္မုဇည မျက်စိဖြင့်ကြည့်သောအခါ ဇူဇကာသည် ဇူဇကာမဟုတ်တော့၊ ရုပ်နာမ်နှစ်ပါးသာဖြစ်၏။ ဇူဇကာဟူ၍ ပုဂ္ဂိုလ်သည်လည်းမရှိ။ သတ္တဝါလည်းမရှိ။ အားလုံး ရုပ်နာမ်အစုအဝေးသာ ရှိ၏။ သမ္မုဇည မျက်စိဟူသည်မှာ သမာဓိဉာဏ်မျက်စိဖြစ်၏။ နာမရူပ ပရိစ္ဆေဒ-ဉာဏ် ဟူ၍လည်း ဆိုရ၏။ ဝိပဿနာ မျက်စိဖြင့်ကြည့်သောအခါ ရုပ်နာမ်များဟူသည်လည်း အမြဲတစေဖြစ်ပျက်နေသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ- သာ ဖြစ်၏။ အထည်ကိုယ် အစိုင်အခဲဟူ၍ ဘာမျှမရှိ။ မဂ်ဉာဏ်မျက်စိဖြင့်ကြည့်သောအခါ ဖြစ်ပျက်ကိုပင်မမြင်တော့။ ယင်းတို့၏ ကုန်ဆုံးရာ နိဗ္ဗာန်ကိုသာမြင်၏။ သဗ္ဗညုတ မျက်စိဖြင့်ကြည့်သောအခါ ဇူဇကာဟူသည် သံသရာဒုက္ခမှ ကယ်တင်ရမည့်သနားစရာ ကောင်းသော ဝေနေယျသတ္တဝါ ဖြစ်လာ၏။ အမှန်အားဖြင့် အာရုံကမခြား၊ ဇူဇကာတစ်ယောက်တည်း၊ အမြင်ကသာ ခြားနားပါ၏။

ထို့ကြောင့် အာရုံသည် တစ်မျိုးတည်းဖြစ်ပါလျှင် သူ့ရှုထောင့်အလိုက် အမျိုးမျိုး ဖြစ်တတ်သောသဘော ရှိပါ၏။ ဤသည်ကို ရည်ရွယ်၍ "ဧကံ သတ် ဝိပြာ ဗဟုဓာ ဝဒန္တိ=တစ်ခုတည်းသော အရှိတရားကိုပင် ပညာရှိများက အမျိုးမျိုးဆိုကြသည်"ဟူ၍ဆိုခြင်း ဖြစ်လေ၏။ ဖော်ပြပါအမြင်အမျိုးမျိုးအနက် ဝေဿန္တရာမင်းကြီးသည် ပါရမီဖြည့်စဉ်က လောကကို ကတညုတမျက်စိဖြင့်သာ ကြည့်ခြင်းဖြစ်၏။ သို့ဖြစ်၍သာ ဇူဇကာလို ပုဂ္ဂိုလ်မျိုးသည်ပင် ဝေဿန္တရာအတွက် သနားဖွယ် ကျေးဇူးတင်ဖွယ် ဖြစ်နိုင်ခြင်းဖြစ်၏။ မည်သူမဆို မိမိ၏ကျေးဇူးရှင်အဖြစ် ခံယူထားပါက ထိုခံယူချက်မပျက်ပြားသရွေ့ ကာလပတ်လုံး မိမိ၏ကျေးဇူးရှင်အပေါ်၌ ချစ်ခင်မြဲဖြစ်၏။ ကြင်နာမြဲဖြစ်၏။ အားရအောင် ကျေးဇူးဆပ်လိုမြဲဖြစ်၏။ ဤသည်မှာ လောကဓမ္မတာဖြစ်၏။ ထို့ကြောင့် မိမိတို့၏ ပတ်ဝန်းကျင်လောကကိုသာ ကျေးဇူးတင်တတ်သော ကတညုတ မျက်စိဖြင့် ကြည့်တတ် မည်ဆိုပါလျှင် ထိုသူသည် အလိုလို ပါရမီဖြည့်ပြီးသား ဖြစ်၏။

**အားရဖွယ်မိသားစု အိမ်ထောင်ရေးစနစ်**

ထို့အပြင် ဝေဿန္တရာဇာတ်တော်၌ အားရဖွယ်နှင့် အတုယူဖွယ် ကောင်းသော အချက်တစ်ချက်လည်း ရှိသေး၏။ ထိုအချက်ကား မိသားစု အိမ်ထောင်ရေးစနစ် ဖြစ်၏။ ထိုစနစ်သည် အမျိုးမျိုးမပြား၊ တစ်သားတည်းဖြစ်သော "အဒွိတ္တ မေတ္တာ"အပေါ်၌ အခြေခံ၏။ ထို့ကြောင့် ဝေဿန္တရာမင်းကြီး၏ မိသားစုသည် အရာရာ၌ တစ်စိတ်တည်း တစ်ဝမ်းတည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြခြင်းဖြစ်၏။ ဤ တစ်စိတ်တည်း တစ်ဝမ်းတည်းကိုပင် ယနေ့ခေတ်ဝေါဟာရဖြင့် ဆိုရလျှင် 'ရဲဘော်ရဲဘက်စိတ်' ဟူ၍ ဆိုရ၏။ တကယ်တမ်း ရဲဘော်ရဲဘက်စိတ်ရှိလာလျှင် မည်သူမျှ မိမိရဲဘော်ရဲဘက်၌ အမြတ်ထုတ်လိုခြင်း မရှိ။ သေအတူ ရှင်အတူပင် သဘောထား၏။ မိမိ၏ ရဲဘော်ရဲဘက်ကို မိမိတို့ရည်မှန်းထားသော ပန်းတိုင်သို့ ရောက်ရှိရေးအတွက် စတေးရလျှင်လည်း ထိုသို့စတေးခြင်းသည် ချစ်ခင်မြတ်နိုးသော ဂုဏ်ယူစိတ်ဖြင့်သာ စတေးခြင်းဖြစ်၏။ ထိုသဘောကို ဝေဿန္တရာမင်းကြီးသည် မိမိသားတော်ဇာလီ၊ သမီးတော်ကဏှာဇိန်၊ မိဖုရားမဒ္ဒီဒေဝီ– တို့ကိုလှူဒါန်းရာ၌ တွေ့မြင်နိုင်ပါ၏။

**ပါရမီကုသိုလ်ဖြစ်သောဒါန**

ထို့အပြင် အလှူဒါနပြုရာ၌ ပါရမီကုသိုလ်၏ သဘောအရ အလှူခံပုဂ္ဂိုလ်၏ အကျင့်သီလသည် ပဓာနမဟုတ်ကြောင်းလည်း တွေ့ရ၏။ အလှူရှင်၏ ကိုယ်ကျင့်သီလနှင့် စေတနာသည် ပဓာနဖြစ်၏။ "အကျိုးလိုလားသောစိတ်ဖြင့် အလှူခံပုဂ္ဂိုလ်ကို အယုတ်အမြတ်ရွေးချယ်၍ ပြုသောကုသိုလ်သည် ပါရမီကုသိုလ်မဟုတ်" ဟူ၍ ဥတ္တမပုရိသဒီပနီ–၌ ဆို၏။ ဇာတ်တော်အရ ဇူဇကာသည် ကိုယ်ကျင့်သီလ ကောင်းသူမဟုတ်။ ကလိင်္ဂတိုင်းသား အလှူခံများသည်လည်း ကိုယ်ကျင့်သီလကောင်းသူများ မဟုတ်ကြ။ သို့ရာတွင် ထို အလှူခံများအား ဝေဿန္တရာမင်းကြီးက လှူဒါန်းသောအခါ၌မူ မဟာပထဝီမြေကြီးသည် သာဓုခေါ်သောအားဖြင့် တုန်လှုပ်၏။ ဤသည်မှာ ဝေဿန္တရာမင်းကြီး၏ ကိုယ်ကျင့်သီလနှင့် ပါရမီမြောက်သော စေတနာကြောင့်ပင် ဖြစ်၏။ အမှန်အားဖြင့် ပါရမီကုသိုလ် အမည်ရကတည်းက ထိုကုသိုလ်သည် တကယ်တမ်းမြင့်မြတ်သူများသာ ပြုနိုင်သောကုသိုလ်ဖြစ်ကြောင်း ပေါ်လွင်ပါ၏။

ထို့အပြင် မိမိတို့ နေ့စဉ်ဆောင်ရွက်နေကြသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု–တို့၏ အရှိန်အဟော်သည် ဒေသအားဖြင့် ၃၁ ဘုံတိုင်အောင်လည်း ပျံ့နှံ့၏။ ကာလအားဖြင့်လည်း သံသရာတစ်လျှောက်လုံး ပျံ့နှံ့၏။ ယနေ့ခေတ် ရေဒီယိုအသံလှိုင်း ပျံ့နှံ့သကဲ့သို့ပင် ဖြစ်၏။ အသံလှိုင်းကား ရုပ်စွမ်းအင်ဖြစ်၏။ ရုပ်စွမ်းအင်ပင်လျှင် ထိုမျှလောက် ပျံ့နှံ့နိုင်ပါက "ကံ"တည်းဟူသော စိတ်စွမ်းအင်ကား ထို့ထက်ပို၍ ပျံ့နှံ့ပေလိမ့်မည်။ စိတ်စွမ်းအင်ဟူသည် ရုပ်စွမ်းအင်ထက် ပို၍အားကောင်းပါ၏။ ထို့ကြောင့် ကမ္မဝိသယော အစိန္တိယော– ဟူ၍ဆိုခြင်းဖြစ်ရာ၏။

သို့ဖြစ်၍သာ ဝေဿန္တရာမင်းကြီး ကောင်းမှုလုပ်နိုင်ရေးနှင့် ပတ်သက်၍ ပံ့ပိုးရန် နတ်၊ဗြဟ္မာတို့သည် မိမိတို့အနေဖြင့် ဝေဿန္တရာမင်းကြီးကို အမြဲတစေ ကြည့်ရှုနေကြခြင်း ဖြစ်၏။ ဝေဿန္တရာမင်းကြီး ကောင်းမှုလုပ်တိုင်းလည်း ယင်းတို့က ကောင်းချီးပေးကြခြင်း ဖြစ်၏။ ဤသည်မှာ ကံများ၏ အာနုဘော်ကြောင့် ဖြစ်၏။

ဒါနဟူသည် ပေးစွန့်ခြင်းပင်ဖြစ်လေရာ လှူဖွယ်ဝတ္ထုကို ပေးစွန့်မှသာ ဒါန မြောက်သည်မဟုတ်၊ အများကောင်းကျိုးအတွက် မိမိဘဝကို စတေးခြင်းသည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဒါနပါရမီ၌ ပါဝင်သည်ပင်ဖြစ်၏။ အမှန်အားဖြင့် အနစ်နာခံခြင်းဟူသည်မှာလည်း မြင့်မြတ်သူများသာ လုပ်နိုင်သော လုပ်ငန်းဖြစ်၍ ပါရမီသဘောကို ဆောင်ကြောင်းမှာ အငြင်းပွားစရာမလိုသော အချက်ဖြစ်၏။ ဒါနကိုပြုရာ၌ ဒါနသည် ပဓာနဖြစ်သောကြောင့် 'ဒါနပါရမီ'ဟူ၍ ဆိုရ၏။ အမှန်အားဖြင့် ဒါနပြုရာ၌ ဒါနသည်ပါရမီမြောက်ပါလျှင် အခြားပါရမီများသည်လည်း ပါဝင်နိုင်သည်ပင်ဖြစ်၏။

ဒုစရိုက်တို့မှ စင်ကြယ်သောစိတ်ထားဖြင့် လှူခြင်းဖြစ်ပါက သီလပါရမီသည်လည်း 'ဒါနပါရမီ'၌ပါဝင်၏။ ဒါနပြုရာ၌ ပစ္စက္ခအကျိုး တမလွန်အကျိုးကို မျှော်ကိုးခြင်းမရှိဘဲ လောကအတွက် လွတ်လွတ်လှူဒါန်း စွန့်လွှတ်ခြင်းဖြစ်ပါက 'နေက္ခမ္မ ပါရမီ' သည် ပါဝင်သည်ပင်ဖြစ်၏။ အလှူခံပုဂ္ဂိုလ်တို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရလေအောင် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါက 'ပညာပါရမီ'သည်ပါဝင်၏။ မိမိ၏ဒါန အောင်မြင်စွာ ပြီးဆုံးသွားရေးအတွက် အားထုတ်ကြိုးစားခြင်းသည် 'ဝီရိယပါရမီ'ဖြစ်၏။ ဒါနပြုရာ၌ တွေ့ကြုံရသော အခက်အခဲဟူသမျှကို ကျော်လွန်သွားသည်အထိ သည်းခံခြင်းသည် 'ခန္တီပါရမီ'ဖြစ်၏။ စိတ်ထဲ၌ကြံစည်ထားသည့်အတိုင်း လှူဒါန်းဖြစ်အောင် လှူဒါန်းခြင်းသည် 'သစ္စာပါရမီ'ဖြစ်၏။ မိမိ၏ ဆုံးဖြတ်ချက်ကို မပျက်ပြားသွားအောင် ထိန်းသိမ်းခြင်းသည် 'အဓိဋ္ဌာန်ပါရမီ' ဖြစ်၏။ အလှူခံပုဂ္ဂိုလ်အပေါ်၌ မေတ္တာထားခြင်းသည် 'မေတ္တာပါရမီ' ဖြစ်၏။ အလှူခံပုဂ္ဂိုလ်များအနေဖြင့် အလှူရှင်အပေါ် ချီးကျူးသည်ဖြစ်စေ ကဲ့ရဲ့သည်ဖြစ်စေ ထူးခြားသောခံစားမှု မဖြစ်ပေါ်ခြင်းသည် 'ဥပေက္ခာပါရမီ' ဖြစ်၏။

**မြင့်မြတ်သူတို့၏လုပ်ရပ်**

လူတို့သည် နေ့စဉ် ကာယကံကိုဖြစ်စေ၊ ဝစီကံကိုဖြစ်စေ၊ မနောကံကိုဖြစ်စေ လုပ်နေကြသည်ဖြစ်လေရာ ထိုသို့လုပ်တိုင်း မြင့်မြတ်သူတို့၏ လုပ်ရပ်အနေဖြင့် ပါရမီသဘော သက်ရောက်အောင် လုပ်နိုင်ကြသည်ပင် ဖြစ်၏။ မြင့်မြတ်သူတို့၏ လုပ်ရပ်ဟူသည်မှာလည်း မိမိအတွက် ထိုလုပ်ရပ်မှ ထွက်ပေါ်လာမည့် တစ်စုံတစ်ရာသောအကျိုးကို မျှော်ကိုးခြင်းမရှိဘဲ မိမိ၏လူ့တာဝန်အရ ထိုတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ရေးအတွက်သာ အားပြု၍ စိတ်ရင်းစေတနာရင်း သန့်သန့်ဖြင့် လုပ်ဆောင်ခြင်းဖြစ်၏။ ဤလုပ်ဆောင်ခြင်းမျိုးကိုသာ "မြင့်မြတ်သူတို့၏လုပ်ဆောင်ခြင်း" ဟူ၍ဆိုရ၏။

မည်သည့်လုပ်ငန်းကိုလုပ်လုပ် ထွက်ပေါ်လာမည့်အကျိုးကို မျှော်ကိုးခြင်းမရှိပါမူ "နေက္ခမ္မ" သဘောရောက်၏။ နေက္ခမ္မ သဘောပါမှလည်း ပါရမီထိုက်၏။ နေက္ခမ္မ၏ အနက်မှာ ထွက်မြောက်ခြင်းဖြစ်၏။ တပ်မက်ဖွယ်ဟူသမျှအားလုံးမှ ထွက်မြောက်ခြင်းဟူ၍ ဆိုလို၏။ နေက္ခမ္မ သဘောပါဝင်လာလျှင် အရာရာတိုင်း ကိုသည်းခံနိုင်၏။ အဆိုးကိုလည်း သည်းခံနိုင်၏။ အကောင်းကိုလည်း သည်းခံနိုင်၏။ သည်းခံခြင်းသည် 'ခန္တီပါရမီ'ဖြစ်၏။ အဆိုးဖြစ်စေ၊ အကောင်းဖြစ်စေ အရာရာတိုင်းကို ခွင့်လွှတ်နိုင်၏။ ခွင့်လွှတ်ခြင်းသည် 'ဥပေက္ခာပါရမီ' ဖြစ်၏။ ထို့ကြောင့် လုပ်ငန်းများကိုလုပ်ရာ၌ မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ မျှော်ကိုးခြင်းမပြုဘဲ စွန့်လွှတ်ခြင်း နေက္ခမ္မ ၌

www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲ ဟူသမျှကြောင့် စိတ်ဓာတ်မကျဘဲ ခံနိုင်ရည်ရှိခြင်း ခန္တီ နှင့် အကြောက်နှင့် အမြောက်အပေါ် လျစ်လျူရှုနိုင်ခြင်း ဥပေက္ခာတို့ ပါဝင်လျှင် ထိုလုပ်ငန်းသည် မြင့်မြတ်သူတို့၏ ဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်သည်မည်၏။

ဝေဿန္တရာဇာတ်တော်၌ မင်းကြီးအနေဖြင့် မည်သည့်လုပ်ငန်းကိုလုပ်လုပ် ဤမြင့်မြတ်သော ပါရမီသဘောကို တွေ့ရသည်ချည်း ဖြစ်၏။ မင်းကြီးသည် လောကကိုကြည့်ကတည်းက ကတညုတမျက်စိဖြင့် ကြည့်၏။ ကတညုတ မျက်စိဖြင့် ကြည့်လျှင် မိမိကြည့်သူအပေါ်၌ မေတ္တာဝင်ပြီးသားဖြစ်၏။ မေတ္တာဝင်လျှင် နေက္ခမ္မ,ခန္တီ နှင့် ဥပေက္ခာ သည်လည်း ပါလေ၏။ ထိုအခါ ထိုသူ့ထံမှ မည်သို့သော တုံ့ပြန်မှု, ကျေးဇူးခံကျေးဇူးစားမှုကို မျှော်ကိုးပေတော့မည်နည်း။ တုံ့ပြန်မှုကို မမျှော်ကိုးခြင်းသည်ပင် ပါရမီ၏ပဓာန သဘောဖြစ်၏။ ပါရမီသဘောကို အကျဉ်းအားဖြင့်ဆိုရလျှင် လောကချမ်းမြေ့ သာယာရေးအတွက် ဆောင်ရွက်ရန် လူတိုင်း၌တာဝန်ကိုယ်စီရှိ၏။ တာဝန်ဟူသည်မှာ နေရာယူခြင်းသဘော မသက်ဝင်သော ရရာတာဝန်ဖြစ်၏။ ခေါင်သူကြီး တာဝန်မှ တာဝန်မည်သည်မဟုတ်။ နောက်မြီးဆွဲတာဝန်သည်လည်း တန်းတူရည်တူ တာဝန်ပင် ဖြစ်၏။ သို့ဖြစ်ရာ မိမိတာဝန်ကို မိမိကျေပွန်အောင် ဆောင်ရွက်ခြင်းသည်ပင် ပါရမီမည်သည်ချည်းဖြစ်၏။

**ကရုဏာနှင့်ပညာကို ထင်ရှားစေ၏**

ဝေဿန္တရာမင်းကြီးဘဝသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး မိမိစည်းစိမ်ဥစ္စာကို စွန့်၍ဖြစ်စေ၊ မိမိ၏ ခြေလက်အင်္ဂါတို့ကို စွန့်၍ဖြစ်စေ၊ မိမိ၏အသက်ကိုစွန့်၍ဖြစ်စေ၊ မြင့်မြတ်သူတို့၏ လုပ်ငန်းကို မိမိအတွက် ပဓာနမထားဘဲ လောကအတွက် ပဓာနထား၍ လုပ်တော်မူခဲ့သော မြတ်စွာဘုရား၏ ကရုဏာနှင့်ပညာကို ပေါ်လွင်အောင် ဖော်ပြထားသော ဘဝသရုပ်ဖော် ဇာတ်တော်ဖြစ်ပါ၏။ ဒါနပါရမီကို ပေါ်အောင်ဖော်ပြသော အလားတူ ဇာတ်တော်များစွာရှိ၏။ အမြွက်ဖော်ပြရလျှင် တေရသကနိပါတ်၊ အကိတ္တိဇာတ်၌လည်း အကိတ္တိရသေ့သည် မိမိစားနေကျ ကံပြင်ရွက်ပြုတ်ကို သုံးရက်တိုင်မစားဘဲ အငတ်ခံကာ ပုဏ္ဏားယောင် ဆောင်လာသော သိကြားမင်းအား လှူဖူး၏။ ဘကြောင့် ဤမျှခြိုးခြံစွာ ကျင့်ပါသနည်းဟု သိကြားမင်းက မေးသောအခါ "မိမိအတွက် ဘဝစည်းစိမ် တိုးပွား နိုင်စေရန် ခြိုးခြံခြင်းမဟုတ်၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ကယ်တင်နိုင်ရန် ဘုရားအဖြစ်ကို ရလို၍ ဤသို့ ခြိုးခြံစွာကျင့်ခြင်းဖြစ်သည်"ဟူ၍ ပြန်လည်ဖြေကြား၏။ စင်စစ်အားဖြင့် အကိတ္တိပညာရှိကား သူဌေးဘဝမှ စည်းစိမ်ဥစ္စာများကို စွန့်၍ ရသေ့ပြုခဲ့သူဖြစ်၏။ သူ၏ဓမ္မအာနုဘော်သည် သိကြာမင်းဗိမာန်ကို တုန်ခါစေနိုင်စွမ်း ရှိလေ၏။ တကယ်တမ်း ပါရမီမြောက်သော ကုသိုလ်သည် တကယ်တမ်း အာနုဘော် ကြီးမား၏။

ဒသနိပါတ်၊ သခ် ဇာတ်၌လည်း သခ်ပုဏ္ဏားသည် မိးကျိုးစုတမျှ ပူပြင်းလှသော သဲပြင်ပေါ်၌ ကြွလာသောပစ္စေကဗုဒ္ဓါအား မိမိ၏ထီးနှင့်ဖိနပ်ကို လှူလိုက်၏။ စတုက္ကနိပါတ်

www.burmeseclassic.com

www.burmeseclassic.com



ဝိသယှ ဇာတ်၌လည်း ဝိသယှသူဌေးသည် မိမိစည်းစိမ်ဥစ္စာများကို နေ့စဉ်လှူလေရာ ပစ္စည်းဥစ္စာများ ကုန်သွားလေသောအခါ မြက်ရိတ်ပြီးရောင်း၏။ မြက်ရောင်းရငွေဖြင့် မစားဘဲလှူ၏။ ခုနစ်ရက်တိုင်တိုင် မယားနှင့်တကွ အစာငတ်ခံ၍ မူးမေ့သည်အထိလှူ၏။ သူ၏ကောင်းမှုသည်လည်း သိကြားမင်း၏ ဗိမာန်ကို တုန်ခါ သွားစေနိုင်လောက်အောင် အာနုဘော်ကြီးမား၏။

ဝိသတိ နိပါတ်၊ သိဝိ ဇာတ်၌ သိဝိမင်းကြီးသည် မျက်မမြင်ယောင်ဆောင် လာသော သိကြားမင်းအား မိမိ၏မျက်စိကို ထုတ်၍လှူ၏။

**အဟောသိကံမဖြစ်သော ကုသိုလ်**

မြင့်မြတ်သူတို့၏လုပ်ငန်း=ပါရမီဟူသည်မှာ အရင်းခံအားဖြင့် တပ်မက်သောတဏှာကိုသတ်ရန် အားထုတ်ခြင်းပင် ဖြစ်ပါ၏။ တဏှာသေရေးသည် မြင့်မြတ်သူတို့၏ ပန်းတိုင် ဖြစ်၏။ တဏှာရှိနေသရွေ့ တပ်မက်စရာများကို တပ်မက် နေမည်ဖြစ်၏။ တပ်မက် စရာများကို တပ်မက်နေသရွေ့လည်း ဤလောကသည် မည်သည့်အခါမှ ငြိမ်းချမ်း လိမ့်မည်မဟုတ်။ ထို့ကြောင့် တဏှာကို ဒုက္ခအရင်းခံအကြောင်း=သမုဒယသစ္စာ အဖြစ် မြတ်စွာဘုရားက ဟောကြားတော်မူခြင်းဖြစ်၏။

ထို့ကြောင့် ဤလောကကို တကယ်တမ်းငြိမ်းချမ်းစေလိုပါလျှင် မြင်မြင်သမျှကို တပ်မက်သော မိမိတို့၏သန္တာန်၌ ကိန်းနေသော တဏှာကိုသတ်ပါမှ ဤလောကသည် ငြိမ်းချမ်းမည်ဖြစ်ပါ၏။ တဏှာကိုသတ်ခြင်းဟူသည်မှာ လွယ်သည်တော့မဟုတ်၊ မလွယ်သော်လည်း လုပ်၍ကားရ၏။ သူတော်ကောင်းဟူသမျှ လုပ်ခဲ့ကြသည်ချည်းဖြစ်၏။ သို့ရာတွင် မိမိကိုယ်တိုင်က တဏှာပွားအောင်လုပ်နေပါလျက် တဏှာပါးအောင် လုပ်နေသယောင် မလိမ်မိဖို့ အရေးကြီး၏။ ကမ္မနိယာမ–က မှု အမှန်အတိုင်းသိ၏။ လိမ်၍မရ။ ညာ၍မရ။

**အမှန်အားဖြင့် ပါရမီကုသိုလ်ဟူသည် မည်သည့်အခါမျှ "အဟောသိကံ" အဖြစ်သို့ မရောက်သောကုသိုလ်ဖြစ်၏။**

ပါရမီမဟုတ်သော ကုသိုလ်များသာ "အဟောသိကံ" အဖြစ်သို့ ရောက်၏။ ထို့ကြောင့် လောက၌ ငြိမ်းချမ်းမှု လွှမ်းမိုးစေနိုင်ရေးအတွက် မိမိတို့၏သန္တာန်၌ ကိန်းနေသော တဏှာကို သတ်ရာတွင်–

**"တစ်စတစ်စ၊ စွန့်ဝံ့မှလျှင်၊ ဘဝနောက်နောင်း၊ ဆက်တိုင်းကောင်း၏"** – ဟူသောအဆုံးအမအတိုင်း မိမိတို့အနေဖြင့် မည်သည့်လုပ်ငန်းကိုလုပ်လုပ် မိမိတို့၏ ကိုယ်ကျိုးကို တစ်စတစ်စစွန့်ခြင်းအားဖြင့် ပါရမီကုသိုလ် ဖြစ်ရလေအောင် လုပ်မှသာ ဤလောကသည် တကယ်တမ်း ငြိမ်းချမ်းနိုင်ပေလိမ့်မည်။ လောကကို ငြိမ်းချမ်းအောင် ဆောင်ရွက်ခြင်းသည် လူသားတိုင်း၏ တာဝန်ဖြစ်၏။ ထိုတာဝန်အရ ဆောင်ရွက်ရာတွင် မိမိတို့၏ သန္တာန်၌ ကိန်းနေသော, မိမိ၏ကိုယ်ကျိုးကို ပဓာနထားတတ်သော တဏှာတည်းဟူသော အလိုရမ္မက်ကို သတ်နိုင်သည်နှင့်အမျှ မိမိတို့၏ တာဝန်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျေပွန်အောင် ဆောင်ရွက်ခြင်း မည်ပါ၏။ အမှန်အားဖြင့်လည်း ဤလမ်းစဉ်သာလျှင် ရှေးရှေးသူတော်ကောင်း အဆက်ဆက်တို့၏ မမှားနိုင်သော သစ္စာနှင့်ယှဉ်သော လမ်းစဉ် ဖြစ်ကြောင်း နားလည်အပ်ပါ၏။

## သီလပါရမီ

သီလပါရမီနှင့် ပတ်သက်၍ ဆရာတော် အရှင်ဇနကာဘိဝံသ က အလောင်းတော် 'အလီနသတ္တု' မင်းသားအကြောင်းကို ထုတ်ပြ၏။ ဘူရိဒတ်နဂါးမင်းနှင့် ဆဒ္ဒန်ဆင်မင်း ဝတ္ထုတို့သည်လည်း ထင်ရှား၏။

သီလပါရမီ၏ ဆိုလိုရင်းမှာ ကိုယ်ကျင့်သိက္ခာကို မြင့်မားအောင် တည်ဆောက်ရေး အတွက် ဒုစရိုက်တရားတို့မှ ရှောင်ကြဉ်ခြင်းဖြစ်၏။ ဒုစရိုက်ဆိုရာတွင် သာမညအားဖြင့် ကာယဒုစရိုက် သုံးပါးနှင့် ဝစီဒုစရိုက် လေးပါးတို့မှ ရှောင်ကြဉ်ခြင်းဖြစ်၏။ ထိုဒုစရိုက် များမှ ရှောင်ကြဉ်နိုင်လျှင် သီလနှင့်ပြည့်စုံသည်ဟု ဆိုရ၏။ အသက်မွေးမြူရာ၌လည်း ထိုဒုစရိုက်များဖြင့် အသက်မွေးခြင်းမဟုတ်ပါက သမ္မာအာဇီဝ ဖြစ်၏။ သမ္မာအာဇီဝဖြစ်လျှင် သမ္မာကမ္မန္တ နှင့် သမ္မာဝါစာတို့လည်း ဖြစ်ပေါ်လာကြရ၏။ ထိုအခါ ဒုစရိုက်ကင်းသော ဒေသသည် ဖြစ်ပေါ်လာ၏။ မည်သည့်ဒေသမဆို ဒုစရိုက်ကင်းလျှင် သူစရိုက်များသည် ထွန်းကားလာမည် ဖြစ်၏။ သုစရိုက်များ ထွန်းကားလာသည်နှင့်အမျှ ဒေသသည် ငြိမ်းချမ်းလေ၏။

ထိုတွင် သမ္မာကမ္မန္တ ဟူသည်မှာ သူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကို အတင်းအဓမ္မ (သို့မဟုတ်) အနိုင်အထက်ယူခြင်း၊ သူ့အိမ်ရာကို ကျူးလွန်ခြင်း တည်းဟူသော ကာယ ဒုစရိုက်သုံးမျိုးတို့မှ ရှောင်ကြဉ်ခြင်းဖြစ်၏။ ထိုသို့ရှောင်ကြဉ်လျှင် သမ္မာကမ္မန္တ မည်၏။ သမ္မာဝါစာ ဟူသည်မှာ လိမ်ညာပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ခြိမ်းခြောက်ပြောဆိုခြင်း၊ မြှောက်ပင့်ပြောဆိုခြင်း တည်းဟူသော ဝစီဒုစရိုက် လေးမျိုးတို့မှ ရှောင်ကြဉ်ခြင်းဖြစ်၏။ ထိုသို့ ရှောင်ကြဉ်လျှင် သမ္မာဝါစာဖြစ်၏။ သမ္မာအာဇီဝ ဟူသည်မှာ အသက်မွေးမြူ ရာတွင် ဖော်ပြပါဒုစရိုက်များဖြင့် အသက်မမွေးမြူခြင်း ဖြစ်၏။ အသက်မွေးမြူမှုနှင့် မပတ်သက်ဘဲ ကာယဒုစရိုက်များကို ကျူးလွန်လျှင် မိစ္ဆာကမ္မန္တ ဖြစ်၏။ သမ္မာကမ္မန္တ ပျက်၏။ အသက်မွေးမြူမှုအတွက် ကာယဒုစရိုက်များကို ကျူးလွန်လျှင် မိစ္ဆာအာဇီဝဖြစ်၏။ သမ္မာအာဇီဝ ပျက်၏။ အသက်မွေးမြူမှုအတွက်မဟုတ်ဘဲ သက်သက် ဝစီဒုစရိုက်များကို ကျူးလွန်လျှင် မိစ္ဆာဝါစာဖြစ်၏။ သမ္မာဝါစာ ပျက်၏။ အသက်မွေးမြူမှုအတွက်ဖြစ်လျှင် မိစ္ဆာအာဇီဝ ဖြစ်၏။ သမ္မာအာဇီဝ ပျက်၏။ ဝိသေသအားဖြင့် သီလပြည့်စုံရုံမျှနှင့် ပါရမီသီလမဖြစ်။ ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိကို မမျှော်ကိုးသော သီလမှသာ ပါရမီသီလဖြစ်၏။ ထို့ကြောင့် ပါရမီသီလဖြစ်ဖို့ရန် စိတ်ဓာတ် ဖြူစင်ဖြောင့်မတ်ဖို့ များစွာလို၏။ ယုတ္တိအားဖြင့်ဆိုရလျှင်လည်း စိတ်ဓာတ်ဖြူစင်ဖြောင့်မတ်မှုအပေါ်၌သာ

www.burmeseclassic.com

www.burmeseclassic.com



ပါရမီများကိုတည်ဆောက်နိုင်၏။ စိတ်ဓာတ်ဖြူစင်ဖြောင့်မတ်လျှင် မနောဒုစရိုက်များလည်း ထိုက်သင့်သလို ကင်းကြရ၏။

သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ– အရ ဤလောကဌ္ဌ သတ္တဝါဟူသမျှတို့သည် ဝမ်းရေးကိုအဓိကထားကြ၏။ ထို့ကြောင့် ဝမ်းရေးကို အကြောင်းပြု၍ ကာယဒုစရိုက်များကိုလည်း ကျူးလွန်တတ်ကြ၏။ ဝစီဒုစရိုက်များကိုလည်း ကျူးလွန်တတ်ကြ၏။ သို့ရာတွင် အချို့သူများကား ဝမ်းရေးမပါဘဲ မိမိတို့စိတ်အလိုအတိုင်း လိုက်ပြီး ကာယဒုစရိုက်များနှင့် ဝစီဒုစရိုက်များကို ကျူးလွန်တတ်ကြပြန်၏။ ဤသို့ကျူးလွန်ကြခြင်းမှာ ကာမသုခလ္လိကာနုယောဂ–လမ်းစဉ်အရ မိမိအတွက်ချမ်းသာကို ရှာဖွေခြင်း ဖြစ်လေ၏။ အမှန်အားဖြင့် မိမိတို့၏စိတ်ကို အထိန်းအကွပ်မရှိဘဲ ချမ်းသာကိုရှာနေသမျှ ကာလပတ်လုံး ကာမသုခလ္လိကာနုယောဂ–လမ်းစဉ်ကို လိုက်ရာရောက်သည်ချည်းဖြစ်၏။ မိမိတို့စိတ်ကို အတင်းအဓမ္မ ချုပ်ထိန်းပြန်ပါကလည်း အတ္တကိလမထာနုယောဂ လမ်းစဉ်ကို လိုက်ရာရောက်ပြန်၏။

### ငြိမ်းချမ်းမှုကို မည်သို့ဦးတည်မည်နည်း

ပတ်ဝန်းကျင်ငြိမ်းချမ်းပါမှ မိမိလည်းငြိမ်းချမ်းမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ပတ်ဝန်းကျင်တွင် မိမိလည်းပါဝင်နေသောကြောင့် ဖြစ်၏။ ပတ်ဝန်းကျင်ငြိမ်းချမ်းဖို့ဆိုသည်မှာ လောကဌ္ဌ ဒုစရိုက်ပါးပြီး သုစရိုက်များ ပွားမှ ဖြစ်၏။ သုစရိုက်များ ပွားဖို့ဆိုသည်မှာလည်း မိမိတို့အနေဖြင့် မိမိတို့ကိုယ်ကျင့်သိက္ခာကို ဖြူစင်သည်ထက်ဖြူစင်အောင် အားထုတ်ပါမှ ဖြစ်၏။ ကိုယ်ကျင့်သိက္ခာဖြူစင်ခြင်းကိုပင် 'မြင့်မြတ်ခြင်း'ဟူ၍ ဆိုရ၏။

ကြီးပွားတိုးတက်ခြင်းကို လိုအပ်သည်မှန်ပါ၏။ ကြီးပွားတိုးတက်ခြင်း ဟူသည်မှာလည်း ရုပ်ပိုင်းဆိုင်ရာကြီးပွားတိုးတက်မှု၊ စိတ်ပိုင်းဆိုင်ရာကြီးပွားတိုးတက်မှု၊ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ကြီးပွားတိုးတက်မှု–ဟူ၍ သုံးမျိုးရှိပြန်၏။

ရုပ်ပိုင်းဆိုင်ရာ ကြီးပွားတိုးတက်မှုနှင့် ပတ်သက်လျှင် ယနေ့ကမ္ဘာဌ္ဌ အာကာသ သို့ပင် ခရီးဆန့်နိုင်သည်အထိ ကြီးပွားတိုးတက်လျက် ရှိလေပြီ။ သို့ရာတွင် ယနေ့ကမ္ဘာဌ္ဌ ငြိမ်ချမ်းမှုကိုမတွေ့ရသေး။ အမှန်အားဖြင့် ငြိမ်းချမ်းမှုမရှိလျှင် ချမ်းသာခြင်းဟူသည် အဘယ်သို့လျှင် ရှိနိုင်ပါမည်နည်း။ ထို့ကြောင့် "လောကချမ်းသာဟူသည် လောကငြိမ်းချမ်းမှု အပေါ်ဌ္ဌ တည်သည်"ဟူ၍ဆိုရ၏။

ထို့အပြင် ယနေ့ကမ္ဘာဌ္ဌ စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုနှင့် ပတ်သက်လျှင် ဝိဇ္ဇာဘက်မှကြည့်ကြည့် သိပ္ပံဘက်မှကြည့်ကြည့် အံ့မခန်းဖွယ်ဖြစ်၏။ နောင်လည်း မည်သည့် အတိုင်းအတာအထိ တိုးတက်ဦးမည်မသိ။ ကမ္ဘာလောကကြီး တစ်ခုလုံး ပျက်သုဉ်းသွားသည်အထိပင် တိုးတက်များ တိုးတက်သွားလေမည်လားတောင်မသိ။

သို့ဖြစ်လျှင် ယနေ့ကမ္ဘာဌ္ဌ ငြိမ်းချမ်းမှုကိုတွေ့နိုင်ပါပြီလား–ဟူ၍ မေးလျှင် အားလုံးက တစ်သံတည်းပင် ဖြေကြမည်ဖြစ်၏။ ထိုတစ်သံတည်းသောအဖြေကား

www.burmeseclassic.com

www.burmeseclassic.com



"ယနေ့ကမ္ဘာ၌ငြိမ်းချမ်းမှုမရှိ" ဟူ၍ပင်ဖြစ်၏။ ထိုအခြေနှင့်ပတ်သက်၍ မည်သူက မည်သို့အငြင်းပွားနိုင်မည်နည်း။

ချမ်းသာဟူသည် ငြိမ်းချမ်းမှုအပေါ်၌ တည်၏။ သို့ရာတွင် ငြိမ်းချမ်းမှုသည် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပေါ်၌လည်းမတည်၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အပေါ်၌လည်းမတည်။ ထိုသို့မတည်ကြောင်းကိုလည်း ယနေ့ကမ္ဘာက လက်တွေ့အားဖြင့် သက်သေပြလျက်ရှိသည်။ အမှန်အားဖြင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုတို့သည် လောက၌ငြိမ်းချမ်းမှုကို မပေးရုံသာမက ခြိမ်းခြောက်မှုကိုပင် ပေးလျက်ရှိ၏။

ထို့ကြောင့် ပိဋကတော်၌ ရုပ်ပိုင်းဆိုင်ရာတိုးတက်ဖွံ့ဖြိုးမှုကို "လာဘဂ္ဂမဟတ္တ" ဟူ၍လည်းကောင်း၊စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုကို "ဗာဟုသစ္စမဟတ္တ" ဟူ၍လည်းကောင်း ဆိုခြင်းဖြစ်၏။ ယင်းဖွံ့ဖြိုးတိုးတက်မှု နှစ်မျိုးလုံးသည် လောဘ, ဒေါသနှင့် မာန်မာန- တည်းဟူသော အကုသိုလ်တရားများ၏ တည်ရာ "အာသဝဋ္ဌာနိယ"သာ ဖြစ်ချေ၏။

**သီလကိုပါရမီမြောက်အောင် ကျင့်ဖို့လို၏**

ငြိမ်းချမ်းမှု၏ တည်ရာကား ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသာလျှင်ဖြစ်၏။ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဟူသည် သီလပါရမီကို ဖြည့်ကျင့်ခြင်း ဖြစ်၏။ သီလပါရမီကို ဖြည့်ကျင့်နိုင်လေလေ ဒုစရိုက်များ ကင်းလေလေ ဖြစ်၏။ ဒုစရိုက်များကင်းလေလေ ဘက်မလိုက်လေလေဖြစ်၏။ဘက်မလိုက်လေသောအခါ မြောက်တိုင်းလည်းမမြောက်တော့၊ ခြောက်တိုင်းလည်းမကြောက်တော့။ ထိုအခါ သတ္တိရှိသည်မည်၏။ သတ္တိရှိခြင်း-ဟူသည်မှာ သီလကိုပါရမီမြောက်အောင် ဖြည့်ကျင့်ခြင်း ဖြစ်၏။

မြတ်စွာဘုရားသည် နစဉ်အခါ သံသရာ၌ တစ်ခုသောဘဝက သီလကို ပါရမီ မြောက်အောင် ဖြည့်ကျင့်ထားသဖြင့် "အကြောက်တရား"ကို အောင်နိုင်သော အလီနသတ္တု မင်းသား ဖြစ်ခဲ့ဖူး၏။ အမှန်အားဖြင့် အကြောက်ဟူသည် ဒေါသဖြစ်၏။ ထိုဒေါသကား ဆုတ်နစ်သော ဒေါသဖြစ်၏။ သတ်ရဲဖြတ်ရဲသော ဒေါသကား တက်ကြွသောဒေါသဖြစ်၏။ နှစ်မျိုးလုံးပင် တရားကိုယ်အားဖြင့် ဒေါသချည်းသာဖြစ်၏။ အလီနသတ္တု မင်းသား အကြောင်းသည် တိံသနိပါတ်၊ ဇယဒိသ- ဇာတ်၌လာ၏။

အလီနသတ္တုသည် ကပိလတိုင်း၊ ဥတ္တရပဉ္စာလမြို့၊ ဇယဒိသမင်းကြီး၏ သားတော်ဖြစ်၏။ အရွယ်ရောက်သောအခါ ခမည်းတော်ဇယဒိသမင်းကြီးက အလီနသတ္တု အား အိမ်ရှေ့ဥပရာဇာအဖြစ် နှင်းအပ်၏။ အလီနသတ္တုမင်းသားသည် မင်းသားတို့ တတ်အပ်သော အတတ်များကို ထူးချွန်စွာ တတ်ကျွမ်းသူလည်း ဖြစ်၏။

တစ်ခုသောနေ့တွင် တက္ကသိုလ်ပြည်မှ နန္ဒ- ပုဏ္ဏားသည် ဇယဒိသမင်းကြီးထံ ဂါထာလေးပုဒ်ကိုဟောကြားရန် ရောက်လာ၏။ သို့ရာတွင် ဇယဒိသမင်းကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



တောကစားထွက်ရန် စိစဉ်ပြီးဖြစ်သဖြင့် နန္ဒ-ပုဏ္ဏားထံမှ ဂါထာလေးပုဒ်ကို မနားကြားနိုင်သေးဘဲ တောကစားထွက်ရာမှ ပြန်လာသောအခါတွင် နာကြားမည်ဖြစ်ကြောင်း ပြောဆိုပြီး ရက်ချိန်းပေးလိုက်၏။ ထို့နောက် ဇယဒိသမင်းကြီးသည် ထိုခေတ်ထုံးစံအတိုင်း ဗိုလ်ပါများနှင့်အတူ တောကစားထွက်လေ၏။ သားတော်အလီနသတ္တု သည် နေပြည်တော်၌ ကျန်ရစ်၏။

တော၌သားကောင်ကို တွေ့၍ လိုက်လေရာ ထိုသားကောင်သည် မင်းကြီး၏တာမှ ထွက်ပြေးလွတ်မြောက်သွား၏။ ဇယဒိသမင်းကြီးသည်လည်း သားကောင်နောက်သို့ လိုက်လေရာ မိမိဗိုလ်ပါများနှင့် အဆက်ပြတ်သွား၏။ နောက်ဆုံး၌ မင်းကြီးသည် သားကောင်ကိုရ၏။ သားကောင်ကိုယူဆောင်၍ မိမိ၏နန်းတော်သို့ပြန်လာ၏။ သို့ရာတွင် မင်းကြီးသည် တောအုပ်အတွင်းက မထွက်မီ ပညောင်ပင်ကြီး တစ်ပင်အောက်၌ အနားယူ၏။ ထိုအခါ ဘီလူးက ဇယဒိသမင်းနှင့်တကွ သားကောင်ကိုပါ ဖမ်းလိုက်၏။

ထိုအခါ ဇယဒိသမင်းက နန္ဒ-ပုဏ္ဏားထံမှ ဂါထာလေးပုဒ်ကိုနာယူရန် နန္ဒ-ပုဏ္ဏားနှင့် အချိန်းအချက်ရှိသဖြင့် ယခုမစားသေးဘဲ နေပြည်တော်သို့ပြန်ခွင့်ပြုပြီး နောက်ပြန်လာမှ စားရန် ဘီလူးအားမေတ္တာရပ်၏။ ဘီလူးသည် အစာမစားရသည်မှာ ခုနစ်ရက်ရှိပြီ ဖြစ်၏။ သို့ဖြစ်၍ ချက်ချင်းပင်စားလို၏။ သို့ရာတွင် လူတို့၌ အတ္တဝါဒုပါဒါန် ခေါ်သော "မသိစိတ်"သည် အားကောင်း၏။ အကျဉ်းအကြပ်တွေ့တိုင်း ယင်းမသိစိတ်က သိစိတ်အား အဆုံးအဖြတ်ပေးရန် ပံ့ပိုး၏။ အမှန်အားဖြင့် ဇယဒိသ မင်းနှင့် ဘီလူးသည် ညီအစ်ကိုအရင်းဖြစ်၏။ ညီအစ်ကိုဖြစ်ရသည်မှာလည်း အကြောင်းမဲ့မဟုတ်။ 'ကံကြမ္မာ' ဟူသော အကြောင်းသည် ရှိ၏။ ယင်းကိုရှေးရေစက် "ပုဗ္ဗသန္နိဝါသ"ဟူ၍လည်း ခေါ်၏။ ထိုအကြောင်းက ဘီလူး၏မသိစိတ်ကို လှုံ့ဆော်ပေးခြင်းလည်း ဖြစ်နိုင်၏။ ထို့ကြောင့် ဘီလူးက ဇယဒိသ မင်း၏ စကားကိုလက်ခံပြီး ဇယဒိသမင်းအား လွှတ်လိုက်ခြင်းဖြစ်၏။

ဇယဒိသမင်းသည် နေပြည်တော်သို့ပြန်ရောက်ပြီး နန္ဒ-ပုဏ္ဏားထံမှ ဂါထာလေးပုဒ်ကို နာယူ၏။ ထို့နောက် မင်းကြီးက နန္ဒ-ပုဏ္ဏားအား အသပြာလေးထောင်ပူဇော်ပြီး တက္ကသိုလ်ပြည်သို့ရောက်အောင် ပြန်ပို့စေ၏။

**သစ္စာနှင့်လောကတ္တစရိယ** လောက၌ 'သစ္စာ'မည်သည် အစဉ်ထာဝရရှိ၏။ သစ္စာက ကိုယ်ထင်လည်းပြ၏။ သို့ရာတွင် သစ္စာ၏ ကိုယ်ထင်ပြခြင်းသည် လူတို့၏ စိတ်အစဉ်၌ အရိပ်မထင်ခဲ့။ သစ္စာက စကားလည်းပြော၏။ သို့ရာတွင် သစ္စာ၏ စကားသံသည် လူတို့၏ စိတ်အစဉ်၌ ပဲ့တင်မထပ်ခဲ့။ ထိုသို့ဖြစ်ခြင်းမှာ ပုထုဇဉ်တို့၏ စိတ်အစဉ်သည် ကိလေသာအညစ်အကြေးများဖြင့် ညစ်မှောင်ပြီး မကြည်လင်သောကြောင့်ဖြစ်၏။ အမှန်အားဖြင့် သစ္စာကို မျက်မှောက်မြင်ဖို့ ဆိုသည်မှာလည်း လွယ်သည်မဟုတ်။ သစ္စာ၏ အသံကို တိုက်ရိုက်ကြားဖို့ဆိုသည်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



လွယ်သည်မဟုတ်။ အရိယာပုဂ္ဂိုလ်ဖြစ်ပါမှသာ သစ္စာကို မျက်မှောက်မြင်နိုင်၏။ သစ္စာ၏ အသံကို တိုက်ရိုက်ကြားနိုင်၏။

မိမိတို့၏ စိတ်အစဉ်သည်ကြည်လင်ဖို့လို၏။ မိမိတို့၏ စိတ်အစဉ်သည် ကိလေသာအညစ်အကြေးများမှ ကင်းစင်သည်နှင့်အမျှ ကြည်လင်၏။ ထိုအခါ သစ္စာ၏ အဆင်းသည် မိမိတို့၏ စိတ်အစဉ်၌ တိုက်ရိုက် မထင်သော်လည်း အနုမာန သဘောအရ အရိပ်ထင်၏။ သစ္စာ၏အသံသည်တိုက်ရိုက်မထင်သော်လည်း အနုမာန သဘောအရ ပဲ့တင်ရိုက်၏။ ထို့ကြောင့် မိမိတို့၏ စိတ်အစဉ်သည် စင်ကြယ်ဖို့သာလို၏။ မိမိတို့၏ စိတ်အစဉ် စင်ကြယ်ပါလျှင် သစ္စာ၏ အဆင်းသည်လည်း အရိပ်သဖွယ်ထင်မည်ဖြစ်၏။ သစ္စာ၏ အသံသည်လည်း ပဲ့တင်ခတ်လာမည်ဖြစ်၏။ ထိုအခါ မိမိတို့၏ဆုံးဖြတ်ချက်များသည် "မှန်မှမှန်ပါ လေမည်လား"ဟူ၍ ဒွိဟ ဖြစ်စရာမလို။ သစ္စာနှင့်ယှဉ်သည်သာဖြစ်၏။ သစ္စာနှင့်ယှဉ်လျှင် မှန်လေ၏။ ဆုံးဖြတ်ချက်မှန်လျှင် လုပ်ဆောင်ချက်များလည်း မှန်လေ၏။ လုပ်ဆောင်ချက် မှန်ပါက လောက၏အကျိုးစီးပွားကို ဆောင်ရွက်ရာ ရောက်၏။ ဤ သည်ကိုပင် "လောကတ္ထစရိယ"ဟူ၍ဆိုရ၏။

ဇယဒိသ မင်းကြီး၏ ဆုံးဖြတ်ချက်သည် သစ္စာနှင့်ယှဉ်သည်ဖြစ်၍ မှန်၏။ ထိုဆုံးဖြတ်ချက်အတိုင်း မင်းကြီးသည် မိမိ၏အတွေ့အကြုံကို မှူးမတ်တို့အားပြောကြား၏။ သားတော် အလီနသတ္တုအား နန်းအပ်၏။ ဇယဒိသမင်းကြီးသည် မိမိနိုင်ငံ၌ ဆောင်ရွက်ဖွယ်ကိစ္စများကို ဆောင်ရွက်ပြီးလျှင် ဘီလူးထံသို့သွား၍ အစားခံမည်ဖြစ်၏။

ယနေ့အမြင်နှင့်ကြည့်လျှင် မင်းကြီး၏ဆုံးဖြတ်ချက်သည် ရယ်ဖွယ်ဖြစ်၏။ နိုင်ငံအတွက် မိမိအနေဖြင့် လုပ်စရာတွေအများကြီးရှိသည်ဟု အကြောင်းပြနိုင်၏။ ဆင်ခြေပေးနိုင်၏။ ထိုသို့အကြောင်းပြပါကလည်း မင်းကြီး၏ အကြောင်းပြချက်သည် ခိုင်လုံသည်ဟု အားလုံးကလက်ခံမည်ဖြစ်၏။ ထိုသို့ဆင်ခြေပေးပါကလည်း မင်းကြီး ပေးသောဆင်ခြေကို ဆင်ခြေဟူ၍ပင် ထင်ကြမည်မဟုတ်။ ရှင်းပြချက်ဟူ၍သာ နားလည် ကြမည်ဖြစ်၏။ သို့ရာတွင် အကယ်၍ မင်းကြီးသည် ဘီလူးထံ ပဋိညာဉ်ပြုခဲ့သည့်အတိုင်း "မသွားဘူး"ဟူ၍ဆုံးဖြတ်လျှင် ထိုဆုံးဖြတ်ချက်သည် သစ္စာနှင့်ယှဉ်သောဆုံးဖြတ်ချက် မဖြစ်။ အကယ်၍ ဇယဒိသမင်းကြီးသည် ထိုဆုံးဖြတ်ချက်မျိုးကို ဆုံးဖြတ်နိုင်အောင် သူ၏စိတ်ထားသည် မစင်ကြယ်ဘူးဆိုပါလျှင်လည်း မင်းကြီးသည် သူ၏နိုင်ငံသို့ ပြန်လာနိုင်မည်မဟုတ်တော့။ ထိုစဉ်ကပင် ဘီလူး၏အစားကို မုချခံရမည်ဖြစ်၏။ မစင်ကြယ်သောစိတ်သည် ဘီလူးကိုယုံအောင် ပြောဆိုနိုင်ရန် မည်သို့သောစွမ်းအင်များ ကိုပိုင်ဆိုင်နိုင်ပေလိမ့်မည်နည်း။

**အတိုင်းမသိသောစွမ်းအား**

"အပ္ပေဝ ဇီဝိတံ ဇဟေ=အသက်ကိုစွန့်လျှင်သာ စွန့်ရမည်။ မိမိ၏ စိတ်စင်ကြယ်မှုကို မစွန့်ရာ" ဟူ၍ သီလကဏ္ဍ၌ အဋ္ဌကထာဆရာ ဆိုထားသည့် အတိုင်း ဇယဒိသမင်းကြီးသည် သူ၏အသက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သူ၏စည်းစိမ်အတွက် မစွန့်ဖို့ရန် အကြောင်းပြခြင်းကိုလည်း မပြု။ ဆင်ခြေ လည်းမပေးခဲ့။ ဤသည်မှာ မြင့်မြတ်သူတို့၏ ခံယူချက်ဖြစ်၏။ မြင့်မြတ်သူတို့၏ ဆုံးဖြတ်ချက်ဖြစ်၏။ ဤခံယူချက်နှင့် ဆုံးဖြတ်ချက် သည်သာလျှင် သစ္စာနှင့် ယှဉ်သော ဆုံးဖြတ်ချက်ဖြစ်၏။ သစ္စာနှင့်သာယှဉ်ပါက မှန်သည်သာဖြစ်၏။ လောကအမြင်အရ မည်သို့ရှိစေကာမူ ဓမ္မအမြင်အရ ဆိုလျှင်တော့ မည်သို့သော ဆုံးဖြတ်ချက်များဖြစ်ဖြစ် သစ္စာနှင့်ယှဉ်မှသာ မှန်၏။ မှန်ခြင်းဆိုသော အမှန်တရား၌ အတိုင်းမသိသော စွမ်းအားသည် ရှိ၏။ ထိုသို့စွမ်းအားရှိအောင် မှန်ပါမှလည်း လောကအတွက် ကောင်းကျိုးချမ်းသာကို ဖြစ်နိုင်စေ၏။

မင်းကြီးသည် မိမိကိုယ်ကို သမုဒ္ဒရာမှ ရေစက်ရေပေါက် တစ်ပေါက်ပမာသာ သဘောထား၏။ သမုဒ္ဒရာမှ ရေပေါက်တစ်ပေါက် နုတ်ပယ်လိုက်ရုံမျှနှင့်တော့ သမုဒ္ဒရာအတွက် ဘာမျှနစ်နာမှုဟူ၍မရှိနိုင်။ ထို့အတူ မိမိအနေဖြင့် ဘီလူးထံ အစားသွားခံသဖြင့် မိမိနိုင်ငံက မိမိဆုံးရှုံးသွားရုံမျှနှင့်တော့ မိမိ၏နိုင်ငံသည် ဘာမျှ ဆုံးရှုံးနစ်နာမှုဟူ၍ ထူးထူးခြားခြား ရှိလာမည်မဟုတ်။ မိမိကိုဆက်ခံမည့် သားတော်အလီနသတ္တုသည် အဆင်သင့်ရှိ၏။ အကယ်၍မိမိသာ မိမိ၏ကိုယ်ကျင့်သိက္ခာကို အပျက်အယွင်းခံပြီး ဘီလူးထံမသွားဘူး ဆိုပါလျှင် မိမိသည် ဆွတ်ဆွတ်ဖြူအဝတ်စအပေါ်၌ကျသော မင်စက်ပမာသာဖြစ်ချေမည်။ မည်သို့မျှ ချွတ်၍ရတော့မည်မဟုတ်။ ထိုအမည်းစွန်းသည် ကပိလ တိုင်း ဥတ္တရပဉ္စာလ မြို့သမိုင်း၌ သစ္စာပျက်သောမင်းတစ်ပါး၊ ကတိမတည်သော မင်းတစ်ပါး အဖြစ် ကမ္ဘာတည်သရွေ့တည်ရှိရစ်ပေလိမ့်မည်။ အမှန်အားဖြင့် ဒုက္ခဟူသည်မှာ–

ဒုက္ခတြယာဘိဃာတတာ ဖွိဉာသာ တဒဘိဃာတကေ ဟေတော်–

ဟူ၍ ထိုခေတ်က ဗြာဟ္မဏ–ကျမ်းများတွင် အပါအဝင်ဖြစ်သည့် သချံဒသနနှ၌ ဆိုထားသည့်အတိုင်း ခန္ဓာကိုယ်ဖွဲ့စည်းမှုကြောင့်ဖြစ်သော ဒုက္ခ, ပတ်ဝန်းကျင်ကြောင့် ဖြစ်သော ဒုက္ခ, ကံကြမ္မာဆိုးကြောင့် ဖြစ်သောဒုက္ခ ဟူ၍ သုံးမျိုးရှိလေရာ ထိုဒုက္ခသုံးမျိုးကို ပယ်ဖျောက်နိုင်ရေးနှင့် ပတ်သက်၍ ရှေးရှေးသူတော်စင်များသည် မိမိတို့၏ ကိုယ်ကျင့်သိက္ခာကို ဖြူစင်မြင့်မြတ်အောင် ဆောက်တည်ပြီး ရှာခဲ့ကြ၏။ ထိုသို့ရှာမှလည်း ဒုက္ခသုံးမျိုးမှ လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းကို တွေ့မည် ဖြစ်၏။

**မသိလည်းတာဝန်ကရှိမြဲပင်**

ကိုယ်ကျင့်သိက္ခာကို ဖြူစင်မြင့်မြတ်အောင် မထိန်းသိမ်းနိုင်မှုသည် ကံကြမ္မာဆိုးကို လက်ရပ်ခေါ်ခြင်းပင်ဖြစ်၏။ ထိုကံကြမ္မာဆိုးသည် မိမိထံသို့လည်း ဒုက္ခကိုသယ်ဆောင်လာမည် ဖြစ်၏။ မိမိ၏ နိုင်ငံသူ နိုင်ငံသားများ ဆီသို့လည်း သယ်ဆောင်လာမည်ဖြစ်၏။ ကံကြမ္မာဆိုးသည် သူ၏ တစ်မျိုးတည်းသော ဒုက္ခကိုသာ သယ်ဆောင်လာသည်မဟုတ်။ အခြားဒုက္ခနှစ်မျိုးကိုလည်း အဖော်အဖြစ် ခေါ်လာမည်ဖြစ်၏။ ထိုကံကြမ္မာဆိုးကို ဖိတ်ခေါ်နိုင်သူ

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း မိမိပင်ဖြစ်၏။ ထိုကံကြမ္မာဆိုးကို မောင်းထုတ်နိုင်သူမှာလည်း မိမိပင်ဖြစ်၏။ သို့ဖြစ်လျှင် မိမိအနေဖြင့် ဘာလုပ်ရမည်နည်း။

ရှေးရှေးသူတော်စင်များသည် ကိုယ်ကျင့်သိက္ခာကို ဖြူစင်မြင့်မြတ်အောင် မထိန်းသိမ်းဘဲ သစ္စာမဲ့ခြင်း ကတိပျက်ခြင်း အားဖြင့် ကံကြမ္မာဆိုးကို လောကသို့ဖိတ်ခေါ်ရိုး အစဉ်အလာမရှိ။ ကိုယ်ကျင့်သိက္ခာကို ဖြူစင်မြင့်မြတ်အောင် ထိန်းသိမ်း,ကျင့်ကြံ, အားထုတ်ခြင်းဖြင့်သာ ကံကြမ္မာဆိုးကို မောင်းထုတ်ရိုးအစဉ်အလာ ရှိ၏။

ထို့အပြင် မိမိအပေါ်၌လည်းကောင်း၊ မိမိနိုင်ငံအပေါ်၌လည်းကောင်း၊ လောက အပေါ်၌လည်းကောင်း ကျရောက်လာမည့်ဒုက္ခများကို မကျရောက်အောင် ခုခံတွန်းလှန်ရာ၌ အကောင်းဆုံးလက်နက်မှာ မိမိကိုယ်ကျင့်သိက္ခာကို ဖြူစင်သည်ထက်ဖြူစင်အောင် မြင့်မြတ်သည်ထက် မြင့်မြတ်အောင် အားထုတ်ခြင်းပင်ဖြစ်၏။

မိမိသည်ဘုရင်ဖြစ်၏။ ထို့ကြောင့် မိမိသည်ရှေ့ဆောင်နွားလားနှင့်တူ၏။ "ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသော် နောက်နွားတစ်သိုက် ဖြောင့်ဖြောင့် လိုက်၏"။ ထို့ကြောင့် မိမိသည် ကိုယ်ကျင့်သိက္ခာကို ဖြူစင်မြင့်မြတ်အောင် ထိန်းသိမ်းသည့်နေရာ၌ ကပိလ တိုင်း၊ ဥတ္တရပဉ္စာလ နိုင်ငံသူနိုင်ငံသားများ တို့၏ စံပြဖြစ်အောင် ကျင့်ရမည်။ ရှေ့ဆောင်နွားလားသဖွယ် လမ်းပြရမည်။ ဤသို့ ဇယဒိသ မင်းကြီးက ဆုံးဖြတ်၏။

မိမိသည် မိမိအတွက်တာဝန်ရှိသည်မဟုတ်။ မိမိ၏မိသားစုအတွက်လည်း တာဝန်ရှိ၏။ ကပိလ တိုင်း၊ ဥတ္တရပဉ္စာလ နိုင်ငံသူနိုင်ငံသားများအတွက်လည်း တာဝန်ရှိ၏။ လောကတစ်ခုလုံးအတွက်လည်း တာဝန်ရှိ၏။ အချုပ်အားဖြင့်ဆိုရလျှင် ၃၁-ဘုံလုံးအတွက် တာဝန်ရှိ၏။ ထိုသို့ တာဝန်ရှိခြင်းကို မိမိအနေဖြင့် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ သိခြင်းနှင့် မသိခြင်းသည် ပမာနမဟုတ်။ တာဝန်ရှိခြင်းမရှိခြင်းနှင့် မဆိုင်၊ သိလည်း တာဝန်ကတော့ ရှိနေမြဲရှိနေမည်ဖြစ်၏။ မသိလည်း တာဝန်ကတော့ ရှိနေမြဲရှိနေမည် ဖြစ်၏။ အမှန်အားဖြင့် တာဝန်ဟူသည်ကား သိစိတ်နှင့်ကင်းလွတ်၍ တည်နိုင်သော ဓမ္မနိယာမ ဖြစ်၏။

**ဓမ္မနှင့်အဓမ္မတို့၏ သဘာဝချိန်ခွင်**

လောကကိုစောင့်တတ်သော လောကပါလနတ်များသည် သဘာဝ ချိန်ခွင်၌ ဓမ္မကိုတစ်ဖက်၊ အဓမ္မကိုတစ်ဖက်ထည့်၍ အမြဲတမ်း ချိန်နေကြ၏။ အဓမ္မဘက်က အလေးသာလျှင် လောကသည် သဘာဝချိန်ခွင်၏ အဆုံးအဖြတ်အတိုင်း အဓမ္မဘက်သို့ စောင်းထောင်၏။ အဓမ္မဘက်သို့စောင်းထောင်လျှင် လောကသည်ဆူပွက်၏။ ဓမ္မဘက်က အလေးသာလျှင် လောကသည် ဓမ္မဘက်သို့ စောင်းထောင်၏။ ဓမ္မဘက်သို့ စောင်းထောင်လျှင် လောကသည် ငြိမ်းချမ်း၏။ ထို့ကြောင့် မိမိအပါအဝင် လောကသည် ဓမ္မဘက်သို့ စောင်းထောင်နိုင်ရေးအတွက် ဓမ္မဘက်၌ ရပ်တည်ဖို့တာဝန်ရှိ၏။ ဓမ္မဘက်၌ ရပ်တည်

www.burmeseclassic.com

www.burmeseclassic.com



ပါမှလည်း လောကသည်ငြိမ်းချမ်းပေလိမ့်မည်။ လောကပါလနတ်သားများကလည်း မိမိတို့ကို ဓမ္မဘက်၌သာ ရပ်စေချင်ကြပါ၏။

ထို့ကြောင့် ဇယဒိသမင်းကြီးသည် ဗိုလ်ပါလက်နက်အားဖြင့် အဓမ္မဘက်၌ရပ်ပြီး ဘီလူးကိုမဆန့်ကျင်ဘဲ မိမိပြုခဲ့သော ကတိကဝတ်ကိုစောင့်ပြီး မိမိ၏ကိုယ်ကျင့်သိက္ခာကို ထိန်းခြင်းဖြင့် ဓမ္မဘက်၌ ရပ်ခြင်းဖြစ်၏။

**ထားခဲ့သောကတိဖျက်ရမည်ကို သေခြင်းထက်ကြောက်၏**

ခမည်းတော် ဇယဒိသ မင်းကြီးက မိမိ၏ကတိအတိုင်း ဘီလူးထံ အစားသွားခံမည် ဖြစ်၍ သားတော် အလီနသတ္တု မင်းသားအနေဖြင့် ကပိလ တိုင်း၊ ဥတ္တရပဉ္စာလမြို့၌ မင်းအဖြစ်စိုးစံရစ်ရန် ထီးနန်းကိုလွှဲအပ်သောအခါ သားတော်အလီနသတ္တု မင်းသားက ထီးနန်းကိုလက်မခံဘဲ ဖခမည်းတော်မင်းကြီးကိုယ်စား သားတော်အား သွားရောက်အစားခံခွင့်ပြုပါရန် လျှောက်ထားလေ၏။

အမှန်အားဖြင့် ဇယဒိသမင်းကြီးသည်လည်း သေရမည်ကို မကြောက်မဟုတ်၊ ကြောက်၏။ သားတော်အလီနသတ္တု သည်လည်း သေရမည်ကိုမကြောက်မဟုတ်၊ ကြောက်၏။ "သဗ္ဗေ ဘာယန္တိ မစ္စုနော=သတ္တဝါတိုင်း သေခြင်းမှကြောက်ကြ၏။" ဟူသည့် အတိုင်း အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များက လွဲလျှင် ကျန်ပုဂ္ဂိုလ်အားလုံးတို့သည် သေရမည်ကိုကြောက်ကြသည်ချည်း ဖြစ်ကြပါ၏။ သို့ရာတွင် ဇယဒိသမင်းကြီးနှင့် သားတော်အလီနသတ္တုမင်းသားတို့က ဇယဒိသမင်းကြီးသည် အခြေအနေအရ ကတိကဝတ်ကို ထားခြင်းဖြစ်ကြောင်း သိကြသော်လည်း မိမိတို့ထားခဲ့သော ကတိကဝတ်ကို ဖောက်ဖျက်ခြင်းအားဖြင့် မိမိတို့၏ ကိုယ်ကျင့်သိက္ခာ ပျက်ယွင်းသွားခြင်းကို သေခြင်းထက် ပို၍ကြောက်ကြ၏။

မင်းကြီးနှင့်သားတော်တို့၏ အမြင်အရ သေခြင်းသည် ကြောက်စရာကောင်း သော်လည်း ကိုယ်ကျင့်သိက္ခာပျက်ယွင်းခြင်းက ပို၍ပို၍ ကြောက်စရာကောင်းလှချေ၏။ အမှန်အားဖြင့် ဓမ္မတာအရ သေခြင်းသည် တစ်ဘဝအတွက်သာ ဒုက္ခကိုဖြစ်စေ၏။ ကိုယ်ကျင့်သိက္ခာပျက်ယွင်းခြင်းသည် ဘဝများစွာ သံသရာတစ်လျှောက်လုံးအတွက် ဒုက္ခကိုဖြစ်စေလေ၏။

**သီလလက်နက်**

သားတော်အလီနသတ္တုသည် ခမည်းတော်မင်းကြီး၏ ခွင့်ပြုချက်အရ ဘီးလူးထံအစားခံရန်သွား၏။ မင်းသားသည် အတတ်ပညာရပ်များကို အပြီးတိုင်တတ်မြောက်သူလည်း ဖြစ်၏။ ဗိုလ်ပါအင်အားနှင့် ပြည့်စုံသူလည်းဖြစ်၏။ သို့ပါလျက် လက်နက်ဟူ၍ မည်သည့်လက်နက်ကိုမှ ယူဆောင်မသွား၊ ဗိုလ်ပါဟူ၍လည်း အခြား မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ခေါ်ယူမသွား။ တစ်ယောက်တည်းသွား၏။ မင်းသား၏အမြင်အရ ရုပ်ပိုင်းဆိုင်ရာလက်နက်များသည်လည်း ဒုက္ခနှင့်ရင်ဆိုင်ရာတွင် တကယ်တမ်း လက်နက်မဟုတ်။ အသိပညာနှင့် အတတ်ပညာ တည်းဟူသော စိတ်ပိုင်းဆိုင်ရာ လက်နက်များ သည်လည်း လောကဓံနှင့်တွေ့ကြုံ၍ တကယ်တမ်းဒုက္ခနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ရသောအခါ လက်နက်မဟုတ်။ လောကဓံနှင့်ရင်ဆိုင်ပြီး တကယ်တမ်း တိုက်ကြသောအခါ ကိုယ်ကျင့် သိက္ခာ ဖြူစင်မြင့်မြတ်မှုဆိုင်ရာ သီလလက်နက်သည် သာလျှင် တကယ်တမ်း လက်နက်ဖြစ်၏။ ထို့ကြောင့် အလီနသတ္တု မင်းသားသည် ဘီလူးထံသို့ အစားခံရန် သွားသောအခါ ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်မှုဆိုင်ရာ သီလလက်နက်ကို သာလျှင် သူနှင့်အတူ တစ်ပါတည်းယူဆောင်သွား၏။

ဘီလူးသည် ချိန်းထားသောရက်၌ ပညောင်ပင်ပေါ်တက်၍ ဇယဒိသမင်းကြီး အလာကိုစောင့်၏။ မင်းမည်သည် ပရိယာယ်မာယာများ၏။ ဥပါယ်တံမျဉ်များ၏။ ဗိုလ်ပါ အပေါင်းနှင့် တပ်ချီ၍လည်း လာနိုင်၏။ မိမိ၏ကတိအတိုင်း ရိုးရိုးသားသား တစ်ယောက်တည်းလည်း လာနိုင်၏။ သို့ရာတွင် ဇယဒိသမင်းကြီးသည် မည်သို့သော မင်းဖြစ်သည်ကို ဘီလူးမသိ။ ထို့ကြောင့် ဘီလူးသည် ဖြစ်ပေါ်လာမည့် အခြေအနေ အရပ်ရပ်ကို သုံးသပ်နိုင်ရန် ပညောင်ပင်ပေါ်သို့တက်၍ ကြည့်ခြင်းဖြစ်၏။ သို့ရာတွင် အလီနသတ္တု မင်းသားတစ်ယောက်တည်း လာသည်ကိုမြင်မှ စိတ်အေးလက်အေးဖြစ်ပြီး ပညောင်ပင်မှ ဆင်းသက်ကာ အလီနသတ္တုမင်းသား လာရာဘက်သို့ ကျောပေး၍ ထိုင်နေလေ၏။

"ဝေတေသံ ဂန္ဓဇာတာနံ သီလဂန္ဓော အနုတ္တရော"ဟူသည့်အတိုင်း ပန်းရနံ့ဟူသည် လေညာသို့မတက်၊ လေအောက်သို့သာ သက်၏။ သီလရနံ့ကား လေညာသို့သာမက အထက်ဘဝဂ်တိုင်အောင် တက်၏။ ထို့ကြောင့် ရနံ့ဟူသမျှတို့တွင် သီလရနံ့သည်သာလျှင် အမြတ်ဆုံးဖြစ်၏ ဟူ၍ ဒေသနာတော်၌လာ ရှိသည့်အတိုင်း သီလ၏အာနုဘော်ကြောင့် ဘီလူးသည် အလီနသတ္တု မင်းသားကို စားလိုစိတ်မရှိ။ သို့ဖြစ်၍သာ အလီနသတ္တု မင်းသားလာရာဘက်သို့ ကျောပေး၍ ထိုင်နေခြင်းဖြစ်၏။

အလီနသတ္တုမင်းသားသည် ဘီလူးထံသို့လာရာ၌ တစ်စုံတစ်ခုသော ဥပါယ်ဖြင့် ဘီလူးကိုလှည့်စားလိုသော သဘောမရှိ။ ကိုယ်,နှုတ်,နှလုံး- သုံးပါးလုံး၌ ရိုးသားဖြောင့်မတ်သော သဘောဖြင့်သာ လာခြင်းဖြစ်၏။ ထို့ကြောင့် ဘီလူးဆီသို့ ရောက်သောအခါ ဘီလူး၏ရှေ့တည့်တည့်သွားပြီး "မိမိသည် ဇယဒိသမင်းကြီး၏သားတော် အလီနသတ္တု မင်းသားဖြစ်ကြောင်း၊ ပခမည်းတော်ကိုယ်စား အစားခံရန်လာခြင်း ဖြစ်ကြောင်း၊ အကယ်၍ သစ်ပင်ပေါ်မှ ခုန်ချ၍ သေပြီးနောက်မှ စားမည်ဆိုလျှင်လည်း သစ်ပင်ပေါ်မှခုန်ချ၍ အသေခံမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သင်နှစ်သက်သလို ပြောစေလိုကြောင်း၊ ယခုစားနိုင်ကြောင်းဖြင့်ပြောလေရာ ဘီလူးသည်မင်းသားအပေါ်၌ များစွာကျေနပ်၏။ ဤသို့ဖြစ်လာသည်မှာ မင်းသား၏ ဖြူစင်မြင့်မြတ်သော ကိုယ်ကျင့်သိက္ခာ၏ အာနုဘော်ကြောင့်မှတစ်ပါး အခြားသောအကြောင်းဟူ၍မရှိ။ ရနံ့တကာတို့တွင် သီလရနံ့သည် အမြတ်ဆုံးဖြစ်သလို လက်နက်တကာတို့တွင်လည်း သီလလက်နက်သည်သာ အထက်မြက်ဆုံး ဖြစ်လေ၏။ သီလကို အားလုံးက မြတ်နိုး၏။ မိမိတို့အနေဖြင့် တရားဓမ္မနှင့်အညီ ခိုင်မာသောကိုယ်ကျင့်သိက္ခာရှိအောင် မကျင့်နိုင်လျှင်သာ

www.burmeseclassic.com

www.burmeseclassic.com



ရှိမည်။ ခိုင်မာသော ကိုယ်ကျင့်သိက္ခာရှိသူများကိုမူ မိမိတို့၏ စိတ်ထဲက မြတ်နိုးသည်သာဖြစ်၏။ လေးစားသည်သာဖြစ်၏။ သို့ဖြစ်၍သာ ဤလောက၌ မည်သူမဆို မိမိကိုယ်ကို မတရားမလုပ်ဘဲ တရားအတိုင်းလုပ်သူဟူ၍ အထင်ခံလိုခြင်း ဖြစ်၏။

**သီလ၏စွမ်းအင်** ဘီလူးသည် အလီနသတ္တုမင်းသားအား မစားလိုချေ။ မစားလိုသော်လည်း "သင့်ကိုငါမစားလို၊သို့ဖြစ်၍ ပြန်တော့"ဟူ၍လည်း မပြောလိုချေ။ ထို့ကြောင့် အလီနသတ္တုမင်းသားအနေဖြင့် သူ့အလိုအလျောက် ပြန်သွားအောင် ဥပါယ်တံမျဉ်ကို သုံးပြန်၏။ တောထဲသို့ထင်းရှာလွှတ်လိုက်၏။ အလီနသတ္တုမင်းသားက ထင်းရှာယောင်ဆောင်ပြီး နေပြည်တော်သို့ပြန်မသွားဘဲ တကယ်ပင်ထင်းများကို ရှာဖွေယူလာပြန်၏။ ထို့နောက် ဘီလူးက မီးမွေးခိုင်းပြန်၏။ အလီနသတ္တုမင်းသားကလည်း တကယ်ပင်မီးကိုရှာ၍ မွေးပြန်၏။ နေပြည်တော်သို့ကား မပြန်ချေ။ သူလာကတည်းက ဘီလူးအစားခံရန် လာခြင်းဖြစ်၏။ ဥပါယ်တံမျဉ်ဖြင့် ဘီလူးလက်မှ လွတ်မြောက်အောင် ဆောင်ရွက်ရန်လာခြင်းမဟုတ်။ ထိုသို့ဆောင်ရွက်ရန်လည်း စိတ်ပင်မကူးမိ။ ဤသည်ပင် ဖြောင့်မတ်ခြင်းဖြစ်၏။ ဖြောင့်မတ်ခြင်းဟူသည်ပင် ဒုစရိုက်မှ ကင်းခြင်းဖြစ်၏။ ဒုစရိုက်မှ ကင်းခြင်းသည်ပင် သီလလုံခြုံခြင်း ဖြစ်၏။

သီလလုံခြုံလေ သိကြားမင်းဗိမာန် လှုပ်လေဖြစ်ကြောင်း ကိုယ်ကျင့်သိက္ခာ၌ ယုံကြည်သက်ဝင်သူများအားလုံးက ခြွင်းချက်မရှိ။ လက်ခံပြီးသား ဖြစ်၏။ အမှန်အားဖြင့် သီလ၏ စွမ်းအင်ကို သာသနာပ ကာလကတည်းက သူတော်စင်များက လက်ခံယုံကြည်ကြ၏။ သာသနာတွင်းကာလ၌လည်း သူတော်စင်များက လက်ခံယုံကြည်ကြ၏။ သီလ၏ စွမ်းအင်ဟူသည်မှာလည်း ဖြူစင်သောစိတ်၏ စွမ်းအင်ပင်ဖြစ်လေရာ ကိလေသာအညစ်အကြေးဟူ၍ လုံးဝမရှိသောစိတ်သည် ရဟန္တာတို့၏ သန္တာန်၌သာ ဖြစ်နိုင်လေရာ ရဟန္တာတို့၏ စိတ်စွမ်းအင်ကို ဗုဒ္ဓဘာသာဝင်များသာ သိနိုင်၏။ အခြားသူများအနေဖြင့်မူ မှန်းဆ၍သာသိနိုင်၏။ နောက်ဆုံး၌ ဘီလူးသည် အလီနသတ္တုမင်းသားအား နှုတ်ကဖွင့်၍ နေပြည်တော်သို့ပြန်ခိုင်းရတော့၏။ ထိုအခါ အလီနသတ္တုမင်းသားသည် ဘီလူး၏ စိတ်ဓာတ်ကိုသိလာ၏။ ဤဘီလူးကား ဘီလူးစစ်မဟုတ်ဘဲ လူသားဖြစ်မှန်းကိုလည်း သိလာ၏။ နောက်ဆုံး၌ ဘီလူးကို သူ၏ဘကြီးဖြစ်ကြောင်း အခိုင်အမာ အထောက်ထားပြ၍ နေပြည်တော်သို့ဖိတ်ကြားရာ ဘီလူးသည် အလီနသတ္တုမင်းသားနှင့် နေပြည်တော်သို့မလိုက်တော့ဘဲ ထိုတောထဲရှိ ဒိဗ္ဗစက္ခုရသေ့ကြီးထံ၌ ရသေ့ပြုသွားလေ၏။

ဤဇာတ်တော်၌လည်း မိသားစုတစ်ခုလုံး အမြင်ချင်းတူကြသည်ကို တွေ့ရ၏။ အမြင်တူဖို့ဆိုသည်မှာ လွယ်သည်မဟုတ်။ စရိုက်ချင်းတူမှ အမြင်ချင်းတူ၏။ သူတို့၏ စရိုက်ကား ကိုယ်ကျင့်တရားကောင်းသူတို့၏ စရိုက်၊ သူတို့၏ အမြင်ကလည်း ကိုယ်ကျင့်တရားကောင်းသူတို့၏ အမြင်ဖြစ်၏။ ထိုကဲ့သို့ စရိုက်ကောင်း၊ အမြင်ကောင်းဟူသည် တစ်ခဏချင်း တည်ဆောက်၍ ရကောင်းသော အရည်အသွေးများ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဘ၀ပေါင်းများစွာ တည်ဆောက်မှုရသော အရည်အသွေးများဖြစ်၏။ ဘ၀ပေါင်းများစွာ တည်ဆောက်ထားသော စရိုက်နှင့် အမြင်ဖြစ်ပါမှုလည်း စစ်မှန်သောစရိုက်ကောင်းနှင့် စစ်မှန်သောအမြင်ကောင်း ဖြစ်နိုင်၏။ သို့မဟုတ်ပါက တကယ်အစစ်အမှန်မဟုတ်ဘဲ အစစ်အမှန်ဟု ထင်ရသော အတု စရိုက်ကောင်းနှင့် အတု အမြင်ကောင်းသာ ဖြစ်နိုင်၏။

လောကရေးရာ၌ဖြစ်စေ၊ လောကုတ္တရာရေးရာ၌ဖြစ်စေ အမြင်သည်အရေးကြီး၏။ အမြင်မှန်လျှင် သမ္မာဒိဋ္ဌိဖြစ်၏။ သမ္မာဒိဋ္ဌိဖြစ်လျှင် အလောဘနှင့် အဒေါသသည် မလွဲမသွေ ပါတော့၏။ ဤသည်မှာ အဘိဓမ္မာဒေသနာတော်အရ စိတ်၏ နိယာမဖြစ်၏။ အကယ်၍ အမြင်သည် မှားသွားလျှင် မိစ္ဆာဒိဋ္ဌိဖြစ်၏။ မိစ္ဆာဒိဋ္ဌိဖြစ်လျှင် တဏှာနှင့် မာန သည် လာ၏။ တဏှာ,မာန,ဒိဋ္ဌိ–ဤတရား သုံးပါးတို့ကား ပပဉ္စ အမည်ဖြင့် အစုလိုက်ဖြစ်၏။ ပပဉ္စ–ဟူသည်မှာ အတ္တ –ကို ကျယ်သည်တက်ကျယ်အောင် တည်ဆောက် တတ်သောတရားဖြစ်၏။ အမှန်အားဖြင့်လည်း အတ္တ ကျယ်ပါမှ သံသရာကျယ်မည်ဖြစ်၏။

ဇယဒိသ မင်းကြီးသည်လည်းကောင်း၊ အလီနသတ္တုမင်းသားသည်လည်းကောင်း ပေါရိသာဒကို လူသားစားဘီလူးအဖြစ်သာမြင်ပါက ထိုအမြင်သည် သူတို့အတွက် မှားယွင်းသောအမြင် “ဒိဋ္ဌိ”ဖြစ်၏။ မှားယွင်းသောအမြင် “ဒိဋ္ဌိ”ဖြစ်ပါက ယင်းအမြင် အပေါ် အခြေခံ၍ မိမိမြင်သောဘီလူး၏ တန်ဖိုးကို တွက်ချက်မည်ဖြစ်၏။ တန်ဖိုးကို တွက်ချက်ခြင်းသည် မာန–၏ တာ၀န်ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်အရ မည်သည့်အရာ၀တ္ထုကိုမြင်မြင် ထိုအရာ၀တ္ထုကိုမြင်လျှင် မြင်ရုံမျှနှင့်လမ်းမဆုံးဘဲ စိတ်သည် ကောင်းနှင့် မကောင်းကို ဆုံးဖြတ်သည်အထိ သွား၏။ အကယ်၍ ဘီလူးကို ‘ကောင်း’အဖြစ်ဆုံးဖြတ်လျှင် တဏှာလာမည်ဖြစ်၏။ အကယ်၍ ‘မကောင်း’အဖြစ် ဆုံးဖြတ်လျှင် ဒေါသလာမည်ဖြစ်၏။ သာမန်ပုဂ္ဂိုလ်များအတွက်ဆိုလျှင် ဘီလူးကိုမကောင်းအဖြစ်ဆုံးဖြတ်ပြီး ဒေါသလာမည် ဖြစ်၏။ ဒေါသလာပါက ဘီလူးအစားကိုမခံတော့ဘဲ ဘီလူးကိုသတ်၍ဖြစ်စေ၊ လှည့်ပတ်၍ ဖြစ်စေ ဘီလူးမှလွတ်အောင် လုပ်မည်ဖြစ်၏။

ဇယဒိသမင်းကြီးနှင့် အလီနသတ္တုတို့ကမူ ဘီလူးကို ဘီလူးအဖြစ် မမြင်။ တစ်ရက်တာ ကာလအတွက် အသက်ကိုချမ်းသာပေးလိုက်သော ကျေးဇူးရှင် အဖြစ်သာမြင်ကြ၏။ ဤအမြင်ကို မှန်ကန်သောအမြင် “သမ္မာဒိဋ္ဌိ”ဟူ၍ဆိုရ၏။ “သမ္မာဒိဋ္ဌိ”ဖြစ်လျှင် ချစ်ခင်ခြင်း=အဒေါသနှင့်၊ စွန့်လွှတ်ခြင်း=အလောဘ တို့သည် လာလေတော့၏။ ထို့ကြောင့် သူတို့၌ ဗိုလ်ပါအင်အား အလုံအလောက်ရှိပါလျက် ထိုဗိုလ်ပါအင်အားဖြင့် ဘီလူးကို သတ်ရန်မကြိုးစားဘဲ ဘီလူးထံသွားရောက်၍ အစားခံရန်သာ ကြိုးပမ်းခြင်းဖြစ်၏။ ယခုခေတ်အမြင်နှင့်ကား တူချင်မှ တူမည်ဖြစ်၏။ အမြင်မတူလျှင် စရိုက်ချင်း မတူသောကြောင့်သာ ဖြစ်၏။ ဥပါဒါနပစ္စယာ ဘ၀ေါ– အရ စရိုက်ချင်းတူပါလျှင် အသိချင်းတူမည်ကား အမှန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"အကောဓေန ဇိနေ ကောခံ=ဒေါသ ကို မေတ္တာဖြင့်သာ အောင်ရာ၏" ဟူ၍ ဆိုသည့်အတိုင်း သံသရာတွင် တကယ်တမ်းစစ်မှန်သော အားကိုးလောက်သော လက်နက်ကောင်းကိုလိုချင်ပါလျှင် ထိုလက်နက်ကောင်းဟူသည် မိမိတို့၏ ကိုယ်ကျင့် သိက္ခာ ဖြူစင်မြင့်မြတ်မှုသာဖြစ်၏။ ယင်းသည်သာ ထက်မြက်သော၊ အားကိုးလောက်သော လက်နက်ကောင်းဖြစ်၏။ ထိုလက်နက်ကောင်းဖြင့် မည်သည့်ရန်သူကိုမဆို နိုင်အောင် တိုက်နိုင်၏။ သို့ရာတွင် ထိုလက်နက်ကောင်းကား တကယ်တမ်း အားကိုးလောက်သည် အထိ ထက်မြက်သော လက်နက်ကောင်းဖြစ်ဖို့တော့လို၏။ ထို့ကြောင့် အားကိုးလောက်သော လက်နက်ကောင်းဖြစ်လာစေရန် "အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ=အဏုမြူ မျှလောက်သော အပြစ်တို့၌ပင် လက်နက်ကောင်းအတွက် အန္တရာယ်"ဟူ၍ သူတော်စင်များက ရှုမြင်ခြင်းဖြစ်၏။

စလေဆရာ ဦးပုည၏ စကားကို ယူ၍သုံးရလျှင် "နတ်သုဓာ တစ်တင်းခွဲ၊ မစင်တစ်ပဲသား အကျမခံနိုင်"သည့် သဘောမျိုးဖြစ်၏။ အကုသိုလ် ဒုစရိုက်ကံကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ရေးနှင့် ပတ်သက်လျှင် မင်းကြီး၏မိသားစုအားလုံးသည် တစ်သဘောတည်းဖြစ်၏။

**ကျေးကွဲစွာဖြင့်သွားခွင့်ပြု၏**

"ဘီလူးလာလျှင် ဖိုင်းသတ်မည်၊ မသွားနှင့်ဟူ၍ မည်သူကမှ မတား၊ အားလုံးက အလိနသတ္တုမင်းသားကို သွားခွင့်ပြု၏။ သွားခွင့်ပြုသော်လည်း ကြေကွဲခြင်းများစွာနှင့် သွားခွင့်ပြုခြင်းဖြစ်၏။ ဖခမည်းတော် မင်းကြီးက ယောက်ျားတန်မဲ့ ငိုကြွေး၏။ မယ်တော်မိဖုရားကြီးက မူးမေ့၍ မြေ၌လဲကျ၏။ သူတို့သည် သူတို့၏သားကိုချစ်၏။ သို့ရာတွင် သူတို့သည် သူတို့၏ ကိုယ်ကျင့်တရားကို ပို၍ချစ်၏။

သူတို့သည် သူတို့၏ ကိုယ်ကျင့်တရားကို မိမိတို့၏ သားထက်ပို၍ချစ်သည်မှာ သူတို့၏ အကျိုးစီးပွားအတွက်မဟုတ်။ လောက၏ အကျိုးစီးပွားအတွက် ဖြစ်၏။ ပြည်၏ဖခင်ဖြစ်သောဘုရင် မကောင်းမှုပြုလျှင် ထိုမကောင်းမှု၏ အကျိုးဆက်သည် ပြည်သူပြည်သားအားလုံးအပေါ်၌ ကျရောက်နိုင်၏။

ထို့ကြောင့် အများအတွက် တစ်ယောက်ကို စတေးခြင်းဖြစ်၏။ တစ်ယောက်ကိုစတေးခြင်းသည် မိမိတို့၏ နှလုံးသားကို စတေးခြင်းပင်ဖြစ်၏။ဤသို့ စတေးနိုင်၍လည်း "ဂေါတမမြတ်စွာဘုရား"ဟူ၍ လောက၌ပေါ်လာခြင်းဖြစ်၏။ သတ္တဝါ အပေါင်း အသချေ သံသရာမှ လွတ်မြောက်သွားနိုင် ကြခြင်းဖြစ်၏။ ယနေ့ခေတ်၌ပင် ကုသိုလ်နှင့်အကုသိုလ်ကို ဗုဒ္ဓဘာသာဝင်များအနေဖြင့် ခွဲခြား၍ သိနိုင်ခြင်းဖြစ်၏။ သံသရာမျက်စိဖြင့်ကြည့်လျှင် ကုသိုလ်နှင့်အကုသိုလ်ကို ခွဲခြား၍ သိနိုင်ခြင်းကား သေးငယ်သော အကျိုးမဟုတ်။ မြင့်မြတ်သူများအတွက်ဆိုလျှင် သံသရာမှ ထွက်မြောက် နိုင်သည်အထိ အကျိုးကိုရ၏။

ထို့ကြောင့် မြင့်မြတ်သူတို့၏ လုပ်ငန်းဟူသမျှသည် အသွင်သဏ္ဌာန်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူ၏အကျိုးစီးပွားအတွက်ဖြစ်သော်လည်း အနှစ်သာရအားဖြင့်မူ အများ၏အကျိုးစီးပွား အတွက် ဖြစ်၏။

သို့ဖြစ်၍သာ သိဒ္ဓတ္ထမင်းသားသည် သုမေဓာရှင်ရသေ့ဘဝက "နတ်နှင့်တကွသော လောကကို သံသရာဒုက္ခမှ ကယ်တင်အံ့"ဟူ၍ ကြွေးကြော်ပြီး အလိနသတ္တုမြင်းသား ခံစားရသောဒုက္ခမျိုးကို လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ခံစားပြီး မိမိ၏ကိုယ်ကျိုးကို စွန့်ခဲ့ခြင်းဖြစ်၏။

ထိုကဲ့သို့ ကိုယ်ကျိုးစွန့်နိုင်ခဲ့သဖြင့်လည်း သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရား အဖြစ်သို့ ရောက်တော်မူခြင်းဖြစ်၏။ ထို့ကြောင့် ဘုရားဖြစ်ခြင်းဟူသည်မှာ မိမိ၏ အကျိုးစီးပွားအတွက် ဘုရားဖြစ်ချင်၍ ဘုရားဖြစ်ခြင်းမဟုတ်။ လောက၏ အကျိုး စီးပွားအတွက် ဘုရားဖြစ်ချင်၍ ဘုရားဖြစ်ခြင်းဖြစ်၏။ ပါရမီဖြည့်ခြင်း ဟူသည်မှာလည်း ထိုနည်းအတူပင် မိမိ၏ အကျိုးစီးပွားအတွက် ပါရမီပြည့်လို၍ ပါရမီဖြည့်ခြင်းမဟုတ်။ အများ၏ အကျိုးစီးပွားအတွက် ပါရမီပြည့်လို၍ ပါရမီဖြည့်ခြင်းဖြစ်၏။

သို့ရာတွင် အများ အတွက် ရည်ရွယ်၍ ဆောင်ရွက်သဖြင့် မိမိအတွက် ရသော အကျိုးသည် မိမိအတွက်ရည်ရွယ်၍ ဆောင်ရွက်သဖြင့် မိမိအတွက်ရသောအကျိုးထက် အဆပေါင်း အသင်္ချေပို၏။ ဤသည်မှာ ကမ္မနိယာမ–အရ ဖြစ်ခြင်းပေတည်း။

**အနိုင်အထက်ယူခြင်းသည် ဒုစရိုက်မှုဖြစ်၏**

ဇယဒိသမင်းကြီးသည် သူ့ကိုယ်ကိုသူပိုင်သည် မဟုတ်။ ပဋိညာဉ်အရ ပေါရိသာဒ– က ပိုင်၏။ ထိုနည်းအတူပင် အလိနသတ္တုမြင်းသားသည်လည်း ဖခမည်းတော်၏ ကိုယ်စားပြုလိုက်သဖြင့် သူ့ကိုယ်ကိုသူပိုင်သည်မဟုတ်။ ပေါရိသာဒ– ကပင် ပိုင်၏။ ထိုကဲ့သို့ ပေါရိသာဒ– က ပိုင်ကြောင်းကို အားလုံးက အသိအမှတ်ပြု၏။

ဇယဒိသ မင်းကြီးကလည်း အသိအမှတ်ပြု၏။ မယ်တော်မိဖုရားကြီးကလည်း အသိအမှတ်ပြု၏။ နမတော်ကလည်း အသိအမှတ်ပြု၏။ အလိနသတ္တု အိမ်ရှေ့မင်းသား၏ အိမ်ရှေ့မိဖုရားကလည်း အသိအမှတ်ပြု၏။ စစ်သည်ဗိုလ်ပါအပေါင်းတို့ကလည်း အသိအမှတ်ပြု၏။ ထို့ကြောင့် သူတို့အားလုံးသည် အလိနသတ္တု မင်းသားအား ဘီလူးထံမသွားရန် မတားမြစ်ခြင်းဖြစ်၏။ အကယ်၍ တားမြစ်ပါက ပေါရိသာဒ ဘီလူး ပိုင်ပစ္စည်းကို အင်အားဖြင့် အနိုင်အထက်ယူရာ ရောက်မည်ဖြစ်၏။ အနိုင်အထက် ယူခြင်းသည် ဒုစရိုက်မှုကို ကျူးလွန်ခြင်းဖြစ်၏။

ဒုစရိုက်မှုကို ကျူးလွန်ခြင်းဖြင့် ပြဿနာကို မိမိတို့လိုသည့်ပုံစံအတိုင်း ဖြေရှင်း ခြင်းသည် မြင့်မြတ်သူတို့၏ ပြဿနာဖြေရှင်းနည်းဖြင့် ဖြေရှင်းခြင်းမဟုတ်။ တကယ်တမ်း အားဖြင့်လည်း ပြဿနာသည် ထာဝရပြေရှင်းသွားမည်မဟုတ်။ အမြစ်ကား ကျန်မည် ဖြစ်၏။ အမြစ်မှ သောကသည် ပေါက်ဖွားလာပေတော့မည်။

**သစ္စာပြုကြခြင်း**

အလိနသတ္တု မင်းသားကို ပေါရိသာဒ ဘီလူးထံမှ ချမ်းသာစွာ လွတ်မြောက်စေလိုသော ဆန္ဒသည် အားလုံး၌ရှိ၏။ ထို့သို့

www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်ရာတွင်လည်း တရားသဖြင့် လွတ်မြောက်ခြင်းမျိုးသာ ဖြစ်စေလို၏။ ထို့ကြောင့် သူတို့အားလုံး သစ္စာပြုကြ၏။ သူတို့အားလုံးဆိုသည်မှာ အလီနသတ္တုမင်းသား၏ ခမည်းတော်နှင့် မယ်တော်မိဖုရားကြီး၊ နောက် မင်းသား၏နမတော်၊ နောက် မင်းသား၏အိမ်ရှေ့မိဖုရား တို့ဖြစ်ကြ၏။ သူတို့၏သစ္စာမှာ မိသားစုအချင်းချင်း တစ်ဦးအပေါ်တစ်ဦးက ထားရှိသော မေတ္တာနှင့် စေတနာကိုအခြေခံသော ဆက်ဆံရေးတို့ကို အမှန်အတိုင်း ဖော်ပြခြင်းဖြစ်၏။ ထို့နောင်မှ "အနုညာတော၊ သောတ္ထိ မုဋ္ဌေဟိ= ပေါရိသာဒ ဘီလူးက အနုးအညွတ်ခွင့်ပြုခြင်းဖြင့် ချမ်းသာစွာ လွတ်မြောက်ပါစေ"ဟူ၍ ဖြစ်၏။ အဓမ္မအင်အားဖြင့် လွတ်မြောက်ခြင်းသည် သံသရာမှ တကယ် လွတ်မြောက်ခြင်း မဟုတ်။ ဓမ္မမေတ္တာဖြင့် အနုးအညွတ်လွတ်မြောက်ခြင်းသည်သာ ပေါရိသာဒ လက်မှသာမက သံသရာမှပါ လွတ်မြောက်နိုင်သဖြင့် တကယ်လွတ်မြောက်ခြင်း မည်၏။

သမိုင်းဆရာတို့၏ အမြင်အရ'လူသည်တစ်နေ့ထက်တစ်နေ့ တိုးတက်၍ ယဉ်ကျေးလာသည်'ဟုဆို၏။ သူတို့ဆိုလိုသော ယဉ်ကျေးမှုသည် "စိတ္တံ ဒန္တံ သုခါဝဟံ=ယဉ်ကျေးသော စိတ်သည် ချမ်းသာကိုဆောင်၏"ဟူသော မြတ်စွာဘုရား၏ အဆိုအမိန့်နှင့်တော့ မညီပါချေ။ ယဉ်ကျေးသောစိတ် ရှိတော်မူကြသော ပုဂ္ဂိုလ်မြတ်များ အားလုံးသည် မြတ်စွာဘုရား၏ အဆုံးအမတော်အတိုင်း လိုက်နာကျင့်ကြံကြ သဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူသွားကြပြီး ဖြစ်လေသောကြောင့် ထိုအုပ်စု၌ မပါဝင်ဘဲ ယခုကျန်ရစ်သူများက 'မိမိတို့၏ယဉ်ကျေးမှုကို မိမိတို့၏ အမြင်ဖြင့် စ-တင်ရာမှ တဖြည်းဖြည်း တိုးတက်ဖြစ်ပေါ်လာသော ယဉ်ကျေးမှု'ဟူ၍ဆိုလျှင်တော့ မြတ်စွာဘုရား၏ အဆုံးအမတော်နှင့် နှိုင်းယှဉ်ပြီး ဆိုစရာမလိုအပ်ပါချေ။

**ကံအရာကိုချန်ထား၍ သစ္စာနှင့်မပြီးနိုင်သောအမှုမရှိ**

ကံတို့တွင် သစ္စာနှင့်ယှဉ်သော ကံသည် အစွမ်းထက်လှ၏။ လောက၌ ကံအရာကို ချန်ထား၍ သစ္စာနှင့် မပြီးနိုင်သော အမှုမည်သည်မရှိ-ဟူ၍ ရာဇဓမ္မသင်္ဂဟ ကျမ်း ၈၂-၌ ဆို၏။ အမှန်အားဖြင့်လည်း "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ" တကယ်တမ်းသာ တရားကိုစောင့်ပါက တရားကလည်း မိမိကိုပြန်၍ စောင့်မည်မှာ ယုံမှားစရာမရှိ။ ထို့ကြောင့်ပင် အလီနသတ္တုမင်းသားသည် ပေါရိသာဒ ဘီလူးလက်မှ ချမ်းသာစွာ လွတ်မြောက်ခဲ့ခြင်း ဖြစ်လေ၏။

တကယ်တမ်းသာ လူတို့သည် အလီနသတ္တုမင်းသားနှင့် သူ၏မိသားစုလို ကိုယ်ကျင့်သိက္ခာကို ဖြူစင်မြင့်မြတ်အောင် ကျင့်နိုင်မည်ဆိုပါလျှင် စစ်မှန်သော ငြိမ်းချမ်းမှုအပေါ်၌ တည်ဆောက်မှသာရနိုင်သော ချမ်းသာသုခသည် ဤလောက၌ မုချဖြစ်ပေါ်လာပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



**လောကသည် အကန်းသဖွယ်ဖြစ်၏**

အန္ဓိဘူတော အယံလောကော–လူတို့သည်မိမိတို့အနေဖြင့် ကာယကံဖြစ်စေ၊ ဝစီကံဖြစ်စေ၊ မနောကံဖြစ်စေ လုပ်ငန်း တစ်ခုခုကို ဆောင်ရွက်ရာ၌ ပိုင်ပိုင်နိုင်နိုင်နှင့် မှန်မှန်ကန်ကန် ဆုံးဖြတ်ပြီး ဆောင်ရွက်နိုင်ခြင်းမျိုးမရှိဘဲ ကောင်းလိမ့်နိုးနိုးနှင့် မှန်လိမ့်နိုးနိုး မျှော်ကိုးချက်ဖြင့်သာ ဆောင်ရွက်နိုင်ကြ၏။ ဤသို့ဆောင်ရွက်ခြင်းမျိုးကို ရည်ရွယ်၍ "လောကသည်အကန်းသဖွယ်ဖြစ်၏" ဟူ၍ ဆိုခြင်းဖြစ်၏။ အဘိဓမ္မာသဘောအရ အကန်းသဖွယ်ဖြစ်ခြင်းဟူသည်မှာ အဝိဇ္ဇာနှင့် တဏှာကို အကြီးအမှူးပြု၍ ဆောင်ရွက်ခြင်းပင်ဖြစ်၏။

အဝိဇ္ဇာနှင့်တဏှာကို အကြီးအမှူးပြု၍ ဆောင်ရွက်ခြင်းဟူသည်မှာလည်း လောက၏ အကျိုးစီးပွားထက် မိမိ၏အကျိုးစီးပွားကို ရှေ့တန်းတင်၍ ဆောင်ရွက်ခြင်းဖြစ်၏။ အဝိဇ္ဇာဟူသည် အမှောင်၏ သင်္ကေတဖြစ်၏။ ထို့ကြောင့် အဝိဇ္ဇာနှင့်တဏှာ ဦးစီးနေသမျှ အမှောင်အတွင်း၌ လမ်းလျှောက်နေရသလို ဖြစ်မည်မှာ ဓမ္မတာဖြစ်လေ၏။

တနုကေတ္ထ ဝိပဿတိ–ဟူသည့်အတိုင်း အကယ်၍သာ လူတို့သည် လောက၏ အကျိုးစီးပွားကို မိမိ၏အကျိုးစီးပွားထက် ရှေ့တန်းတင်၍ ဆောင်ရွက်မည်ဆိုပါက ဝိဇ္ဇာသည် ဦးဆောင်မည်ဖြစ်၏။ ဝိဇ္ဇာ ဆိုသည်မှာ အလင်း၏ သင်္ကေတဖြစ်၏။ အလင်းရောင်အောက်၌ မည်သည့်အရာဝတ္ထုကိုကြည့်ကြည့် ပြတ်ပြတ်သားသား မြင်ရသည်သာဖြစ်၏။

ထို့ကြောင့် ဝိဇ္ဇာဦးဆောင်ပြီး ကာယကံကိုပဲလုပ်လုပ်၊ ဝစီကံကိုပဲလုပ်လုပ်၊ မနောကံကိုပဲလုပ်လုပ် ဝိဇ္ဇာမှ အလင်းကိုရသဖြင့် အမှားအယွင်းနည်းပါးစွာဖြင့် လုပ်နိုင်မည်ဖြစ်၏။ ထိုသို့ လုပ်နိုင်ခြင်းမှာ ဝိဇ္ဇာဦးဆောင်သောကြောင့် ဖြစ်၏။ ဝိဇ္ဇာဦးဆောင်လျှင် ကိုယ်ကျိုး စွန့်လွှတ်နိုင်ခြင်း အလောဘလည်း ပါ၏။ လောကအပေါ် ချစ်ခင်ခြင်း အဒေါသ လည်းပါ၏။ ထိုသို့ဖြစ်ပါ၍လည်း လုပ်ငန်းများသည် အလင်းရောင် အောက်၌ လုပ်ဆောင်ကြရသည့် သဖွယ် ဖြစ်ရခြင်းဖြစ်၏။

**ပါရမီဆယ်ပါး ပါဝင်သည်ပင်ဖြစ်၏**

အလီနသတ္တုဇာတ်သည် သီလပါရမီကို ပဓာနပြု၍ ပြသော ဇာတ်ဖြစ်၏။ သို့ရာတွင် ဤဇာတ်၌ အခြားပါရမီများသည် လည်း အပဓာနအားဖြင့် ပါဝင်သည်ပင်ဖြစ်၏။ ထိုတွင် မိမိ၏အသက်စွန့်ခြင်းသည် 'ဒါနပါရမီ'ဖြစ်၏။ ထိုသို့စွန့်သဖြင့် မိမိအတွက် တာဝန်ကျေရေးမှတစ်ပါး အခြားတစ်စုံတစ်ရာသော လောကအကျိုးများကို မမျှော်ကိုး ခြင်းသည် 'နေက္ခမ္မပါရမီ'ဖြစ်၏။ ပေါရိသာဒ ကျေနပ်နစ်သက်နိုင်လောက်အောင် ဆောင်ရွက်နိုင်ခြင်းသည် 'ပညာပါရမီ'ဖြစ်၏။ ရဲရဲရင့်ရင့် အားထုတ်ခြင်းသည် 'ဝီရိယပါရမီ'ဖြစ်၏။ လုပ်ငန်းအောင်မြင် ပြီးဆုံးသည်အထိ အရာရာကို သည်းခံပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ခြင်းသည် 'ခန္တီပါရမီ'ဖြစ်၏။ လာရောက်အစားခံမည်ဟူ၍ ပေါရိသာဒအား ပဋိညာဉ်ပြုထားသည့်အတိုင်း မပျက်မကွက် သွားရောက်အစားခံခြင်းသည် 'သစ္စာပါရမီ' ဖြစ်၏။ ဖခမည်းတော်ကိုယ်စား မိမိအစားခံမည်ဟူ၍ ဆုံးဖြတ်ထားသည့်အတိုင်း ထိုဆုံးဖြတ်ချက်မှ မရွေ့လျောအောင် ဆောင်ရွက်ခြင်းသည် 'အဓိဋ္ဌာန်ပါရမီ'ဖြစ်၏။ ဘီလူးအပေါ် မေတ္တာထားခြင်းသည် 'မေတ္တာပါရမီ'ဖြစ်၏။ မိမိအပေါ် ကောင်းကောင်း ဆိုးဆိုး ဘီလူးဆက်ဆံသမျှ အားလုံးအပေါ် လျစ်လျူရှု၍ ဘီလူးခိုင်းသမျှ လိုက်နာဆောင်ရွက် ပေးခြင်းသည် 'ဥပေက္ခာပါရမီ' ဖြစ်၏။

ဤသို့လျှင် အလီနသတ္တု မင်းသားသည် ဘုရားမဖြစ်မီကာလ အလောင်းတော် ဘဝဖြင့် သီလပါရမီကို ပဓာနပြု၍ ပါရမီဆယ်ပါးကို ဖြည့်ခဲ့ပါ၏။ လောကအနေဖြင့် ကျေးဇူးတင်ဖွယ် ကြည်ညိုဖွယ် အားကျဖွယ် ဖြစ်ပါ၏။

## နေက္ခမ္မပါရမီ

နေက္ခမ္မ–သည်ပါဠိဝေါဟာရဖြစ်၏။ မြန်မာပြန်အနက်အားဖြင့်ဆွဲဆောင်မှုများမှ ရုန်းထွက်ခြင်းဖြစ်၏။ ရုန်းထွက်ခြင်း ဟူသည်မှာလည်း မိမိ၏အကျိုးစီးပွားအတွက် ဆောင်ရွက်နိုင်ရန် ဆွဲဆောင်မှုများမှ ရုန်းထွက်ခြင်းမျိုးမဟုတ်။ လောက၏ အကျိုးစီးပွား အတွက် ဆောင်ရွက်နိုင်ရန် ဆွဲဆောင်မှုများမှ ရုန်းထွက်ခြင်း ဖြစ်၏။ ထိုရုန်းထွက်မှုမျိုးကိုသာ "ပါရမီ"ဟူ၍ဆိုရ၏။

မိမိ၏အကျိုးစီးပွားအတွက် ဆောင်ရွက်ရန် ရုန်းထွက်ခြင်းမျိုးကိုမူ ပါရမီဟူ၍ မဆို။ သာမည သူလိုငါလိုပုဂ္ဂိုလ်များပင် ရုန်းထွက်နိုင်သောကြောင့် ပါရမီမမြောက်သော ကုသိုလ်ဟူ၍သာ ဆိုရ၏။ ပါရမီမမြောက်သောကုသိုလ်သည် "အဟောသိကံ"အဖြစ်သို့ ရောက်နိုင်၏။ **ပါရမီမြောက်သော ကုသိုလ်သည် "အဟောသိကံ"အဖြစ်သို့ ဘယ်အခါမှ မရောက်ချေ။**

အဘယ်ကြောင့်ဆိုသော် ပါရမီမမြောက်သောကုသိုလ်သည် လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာသို့ ဦးတည်၍ ပါရမီမြောက်သော ကုသိုလ်သည် နိဗ္ဗာန်ချမ်းသာသို့ ဦးတည်သောကြောင့် ဖြစ်၏။

အမှန်အားဖြင့် လူချမ်းသာ,နတ်ချမ်းသာ,ဗြဟ္မာချမ်းသာဟူသည်မှာ လမ်းခုလတ် ချမ်းသာဖြစ်၏။ ခရီးအဆုံးချမ်းသာမဟုတ်။ ခရီးအဆုံးချမ်းသာသို့ သွားပါက လမ်းခုလတ် ချမ်းသာသို့ ရောက်မြဲဖြစ်၏။ လမ်းခုလတ်ချမ်းသာ၌ တွယ်တာခြင်းမရှိဘဲ စွန့်လွှတ်နိုင်ပါမှ ခရီးဆုံးချမ်းသာသို့ မြန်မြန်ရောက်၏။

www.burmeseclassic.com

www.burmeseclassic.com



**ရှုံးထွက်ရမည့် ဆွဲဆောင်မှုများ**

ရှုန်းထွက်ရမည့်ဆွဲဆောင်မှုများကို ဝတ္ထုကာမနှင့် ကိလေသာကာမ ဟူ၍ ဆို၏။ ဝတ္ထုကာမ ဟူသည် တပ်မက်စရာ ကောင်းသော ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်၊ ဥစ္စာ၊ တန်ခိုးအာဏာများ၊ အများ တကာက ဝိုင်းဝန်း၍ လေးစားခြင်းခံရမှုများ၊ ထင်ပေါ်ကျော်စောမှုများ ဖြစ်၏။

ကိလေသာကာမဟူသည် တပ်မက်စရာများအပေါ် တပ်မက်မှုဖြစ်၏။ ထိုသို့သော ဝတ္ထုကာမနှင့် ကိလေသာကာမတို့မှ ရှုန်းထွက်ခြင်းသည် နေက္ခမ္မပါရမီဖြစ်၏။

အမှန်အားဖြင့် ရှုန်းထွက်ခြင်းဆိုသည်ကပင် ဝတ္ထုကာမကို တွေ့ပြီးသားဟူ၍ အဓိပ္ပာယ်ရ၏။ အဘယ်ကြောင့်ဆိုသော် တွေ့ပြီးမှသာ ရှုန်းထွက်နိုင်သောကြောင့် ဖြစ်၏။ ထိုနည်းအတူ ကိလေသာကာမကိုလည်း တွေ့ပြီးသားဟူ၍ အဓိပ္ပာယ်ရ၏။ ထိုသို့ ဝတ္ထုကာမနှင့် ကိလေသာကာမတို့ကို တွေ့ပါလျက် ယင်းတို့၌မရပ်မနားဘဲ ယင်းတို့၏ သိမ်းသွင်းမှုကို မခံဘဲ ယင်းတို့မှလွတ်အောင် ရှုန်းထွက်ခြင်းသည်ပင် နေက္ခမ္မ၏ အနက်ဖြစ်၏။ နေက္ခမ္မ၏ အဓိပ္ပာယ်ဖြစ်၏။

ထို့ကြောင့် ရှုန်းထွက်ခြင်းဟူသည်မှာ ဦးစွာဆွဲဆောင်မှုများကို တွေ့ကြုံပြီး ထိုဆွဲဆောင်မှုများ၏ လက်တွင်း၌ အကျမခံဘဲ ယင်းတို့မှ လွတ်မြောက်အောင် ရှုန်းထွက်ခြင်းပင်ဖြစ်၏။ ထိုကဲ့သို့ရှုန်းထွက်ရာ၌လည်း မိမိ၏ကိုယ်ကျိုးအတွက်မဟုတ်ဘဲ လောက၏ အကျိုးအတွက် ဖြစ်ပါမှ ပါရမီမည်၏။

ကာမဟူသည်မှာ မာရ်နတ်၏ ပထမတပ်မ ဖြစ်၏။ ယင်းကာမတွင် တပ်မက်စရာ အာရုံများလည်းပါ၏။ တပ်မက်တတ်သည်ဆိုသော တပ်မက်စိတ်လည်းပါ၏။ တပ်မက်စရာအာရုံများတွင် ပစ္စည်းဥစ္စာများလည်း ပါ၏။ နိုင်ငံရေးသမားများ၏ အဆိုအမိန့်အရ ဆိုရလျှင် လောကရေးရာ အဖြာဖြာတို့တွင် စီးပွားရေးရာသည် အခြေခံဖြစ်သည်–ဟု ဆို၏။ အခြားသော လောကရေးရာများ အားလုံးသည် မိမိတို့၏ ကိုယ်ပိုင်လမ်းကြောင်း ပေါ်၌ မိမိတို့လျှောက်ကြခြင်း မဟုတ်၊ စီးပွားရေးက ခင်းပေးသောလမ်းကြောင်းအပေါ်၌သာ စီးပွားရေး၏ ထီးရိပ်ကိုခို၍ လျှောက်နေကြခြင်းဖြစ်သည်–ဟု ဆိုကြ၏။ ထို့ကြောင့် စီးပွားရေးရာသည် အခြားသောအရာများအားလုံး၏ ရေသောက်မြစ်ဖြစ်ခြင်း ဖြစ်လေ၏။

ပိဋကတော်များကလည်း "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" သတ္တဝါဟူ၍ တည်ရှိနေခြင်းမှာ အာဟာရကို အမှီပြု၍ တည်ရှိခြင်းဖြစ်သည်–ဟု ဆို၏။ ထို့ကြောင့် ပစ္စည်းဥစ္စာများက လူများအပေါ် မည်မျှသော စွမ်းအားဖြင့် ဆွဲဆောင်နိုင်သည်ကို သဘောပေါက်နိုင်ပါ၏။

အမှန်အားဖြင့် ဝတ္ထုကာမတွင်ပါသော လာဘ်သပ်ပကာများ၊ ဘွဲ့ထူးဂုဏ်ထူးများ၊ ရာထူးဂုဏ်သိန်များသည် သာမန်သူတော်စင်များကိုပင်"ဟန်"ချက်ပျက်အောင် ဆွဲဆောင် နိုင်ပါ၏။ အာဂ စွမ်းဆောင်ချက်ပါတကား။

သို့ရာတွင် နေက္ခမ္မပါရမီရှင်များအနေဖြင့်မူ ပစ္စည်းဥစ္စာနှင့် အခြား ကာမဝတ္ထုတို့၏ ဆွဲဆောင်ချက်များမှလည်း ရှုန်းထွက်နိုင်ပါ၏။ ထိုသို့ရှုန်းထွက်ရာ၌ ပစ္စည်းဥစ္စာများကို

www.burmeseclassic.com

www.burmeseclassic.com



စွန့်ခြင်းအားဖြင့်လည်း ရုန်းထွက်နိုင်၏။ ခြေလက်အင်္ဂါများကို စွန့်ခြင်းအားဖြင့်လည်း ရုန်းထွက်နိုင်၏။ အသက်ကိုပင် စွန့်ခြင်းအားဖြင့် ရုန်းထွက်မှ ဖြစ်မည်ဆိုလျှင်လည်း အသက်ကိုစွန့်၍ ရုန်းထွက်နိုင်သည်ပင်ဖြစ်၏။ အလားတူပင် ရာထူးများ၊ အာဏာများ၊ ဂုဏ်များကိုလည်း စွန့်နိုင်သည်ပင်ဖြစ်၏။ ယင်းတို့၏ ဆွဲဆောင်မှုမှ ရုန်းထွက်နိုင်၏။

**ကိလေသာကာမ**

အဆိုပါဆွဲဆောင်မှုများမှ ရုန်းထွက်နိုင်ခြင်းမှာ ပြင်ပ ဗဟိဒ္ဓဝတ္ထုများမှ ရုန်းထွက်ခြင်းဖြစ်ကြ၏။ ထို့ထက်ပို၍ ခက်ခဲသော ဆွဲဆောင်မှုများမှ ရုန်းထွက်နိုင်ခြင်းမှာ တပ်မက်သောစိတ်မှ ရုန်းထွက်နိုင်ခြင်းဖြစ်၏။

တပ်မက်သောစိတ်ကို ကိလေသာကာမ-ဟူ၍ဆို၏။ ကိလေသာကာမ၏ တရားကိုယ်မှာ လောဘဖြစ်၏။ သို့ရာတွင် အခြားသော ကိလေသာများကိုလည်း ကိလေသာချင်းတူသဖြင့် ကာမ၌ပင် ထည့်သွင်း၍ ယူအပ်၏။ ပယ်ရမည့် ကိလေသာများတွင် လောဘသည် ခေါင်းဆောင်ဖြစ်၏။ ခေါင်းဆောင်ပါလျှင် ယင်း၏ နောက်လိုက် ကိလေသာများလည်း ပါဝင်သည်ပင်ဖြစ်၏။ ထို့ကြောင့် ကိလေသာကာမတွင် ကိလေသာဟူသမျှကို ယူရခြင်းဖြစ်၏။

ကိလေသာကာမအနေဖြင့် လောဘလည်း လောဘအလျောက် ဒေါသလည်း ဒေါသအလျောက် မောဟလည်း မောဟအလျောက် ဆွဲဆောင်သည်ပင်ဖြစ်၏။ လောဘဖြစ်လာသည့်အခါ လောဘအလျောက် တပ်မက်လိုက်ရမှ ကျေနပ်၏။ ဒေါသဖြစ်လာသည့်အခါ ဒေါသအလျောက် စိတ်ဆိုးလိုက်ရမှ ကျေနပ်၏။ မောဟဖြစ်လာသည့်အခါ မောဟအလျောက် တွေဝေလိုက်ရမှ ကျေနပ်၏။

ဤကဲ့သို့ တပ်မက်ခြင်း, စိတ်ဆိုးခြင်း, တွေဝေခြင်းသည် လောဘအလိုသို့လိုက်ခြင်းဖြစ်၏။ ဒေါသအလိုသို့လိုက်ခြင်းဖြစ်၏။ မောဟအလိုသို့လိုက်ခြင်းဖြစ်၏။ အကျဉ်းဆုံးဆိုရလျှင် ကိလေသာကာမ၏ ဆွဲဆောင်မှုသည် ဈာန်အဘိညာဉ်ရ သူတော်စင်များကိုပင် တုန်ခါသွားစေနိုင်ပါ၏။

**ရုန်းထွက်ဖြစ်အောင်ကြိုးစားရ၏**

နေက္ခမ္မပါရမီအနေဖြင့် လောဘဖြစ်လာသည့်အခါ လောဘအလိုသို့ မလိုက်မိအောင် လောဘ၏ ဆွဲဆောင်ချက်မှ ရုန်းထွက်ရ၏။ ဒေါသဖြစ်လာသည့်အခါ ဒေါသအလိုသို့ မလိုက်မိအောင် ဒေါသ၏ ဆွဲဆောင်ချက်မှ ရုန်းထွက်ရ၏။ မောဟဖြစ်လာသည့်အခါ မောဟအလိုသို့မလိုက်မိအောင် မောဟ၏ ဆွဲဆောင်ချက်မှ ရုန်းထွက်ရ၏။ မာယာ,သာဌေယျနှင့် ဣဿာ,မစ္ဆရိယ စသော အခြားကိလေသာများ ဖြစ်လာသည့်အခါ ယင်းတို့၏ အလိုသို့မလိုက်မိအောင် ယင်းတို့၏ ဆွဲဆောင်ချက်မှ ရုန်းထွက်ရ၏။ ဤသို့ရုန်းထွက်ရန်မှာ လွယ်သည်တော့မဟုတ်။ မလွယ်သော်လည်း နေက္ခမ္မပါရမီအနေဖြင့် ယင်းတို့မှ ရုန်းထွက်ဖြစ်အောင် ကြိုးပမ်းရ၏။ လေ့ကျင့်ရ၏။

ပဓာနအားဖြင့် ကာမတို့မှရုန်းထွက်နိုင်အောင် ကြိုးပမ်းခြင်းဟူသည်မှာ မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ ထိုလုပ်ငန်းမှ ရရှိမည့်အကျိုးကို မမျှော်ကိုးဘဲ မိမိတာဝန်အရ

www.burmeseclassic.com

www.burmeseclassic.com



မိမိလုပ်ငန်းကို လောကအတွက်လုပ်ခြင်းဟူ၍ လုပ်ငန်း၌သာ လေးလေးစားစား လုပ်ခြင်းဖြစ်၏။

ထိုအခါ မိမိ၏အကျိုးစီးပွားကို ပဓာနမထားသဖြင့် တပ်မက်ခြင်း လောဘလည်းဖြစ်မလာ။ စိတ်ဆိုးခြင်း ဒေါသလည်း ဖြစ်မလာ။ တွေဝေခြင်းမောဟလည်း ဖြစ်မလာ။ အခြားကိလေသာများလည်း ဖြစ်မလာ။ ဤသို့ ဖြစ်မလာအောင် ကြိုးပမ်းပါမှလည်း ကိလေသာကာမတို့မှ ရုန်းထွက်ခြင်း နေက္ခမ္မ-သဘောသို့ ရောက်၏။

အမှန်အားဖြင့် ပါရမီများတွင် နေက္ခမ္မပါရမီသည် ပဓာနကျ၏။ ထို့ကြောင့် မည်သည့်ပါရမီကို ဖြည့်သည်ဖြစ်စေ နေက္ခမ္မသဘောပါဝင်မှ ပါရမီဖြစ်၏။ နေက္ခမ္မ၏ ဆိုလိုရင်းမှာလည်း အရိယာမဖြစ်သေးသောကြောင့် ဓမ္မတာအရ တွေ့ကြုံရသော ကိလေသာများ၏ အလိုသို့လိုက်ပါခြင်းမရှိဘဲ ကိလေသာများကို တော်လှန်ခြင်းဖြစ်၏။ ထို့ကြောင့် ပါရမီများအနေဖြင့် မည်သည့်ပါရမီကိုဖြည့်ဖြည့် နေက္ခမ္မသဘောကို လိုအပ်ခြင်းဖြစ်၏။

## မာရ်နတ်၏တပ်မကြီးများ

**မာရ်နတ်၏ပထမတပ်မ** နေက္ခမ္မပါရမီအနေဖြင့် ရုန်းထွက်ရမည့် ဝတ္ထုကာမနှင့် ကိလေသာကာမများကို မာရ်နတ်၏တပ်မကြီး ဆယ်တပ်အဖြစ်ဖြင့် တင်စား၍ ကျမ်းဂန်များ၌ ဆို၏။ ပထမတပ်မမှာ အဆိုပါ ဝတ္ထုကာမနှင့် ကိလေသာကာမတို့ ဖြစ်ကြ၏။

**မာရ်နတ်၏ဒုတိယတပ်မ** ဒုတိယတပ်မမှာ နေက္ခမ္မသဘောဖြင့် လုပ်ငန်းလုပ်ရာတွင် ထိုလုပ်ငန်း၌ မမွေ့ လျော်ခြင်း-အရတိ ဖြစ်၏။ များသောအားဖြင့် လူများသည် မိမိတို့၏ ကိုယ်ကျိုးစီးပွား လုပ်ငန်းများ၌သာအမြဲ မွေ့လျော်ကြ၏။ စိတ်ဝင်စားကြ၏။ အများအတွက် အကျိုးပြု လုပ်ငန်းများ၌မူ မွေ့လျော်ခြင်းမရှိကြ။ စိတ်ဝင်စားခြင်းမရှိကြ။ အမှန်အားဖြင့် အရာရာတိုင်း၌ စိတ်ဝင်စားဖွယ်"ရတိ"သည် ရှိ၏။ ရှိသည်ဟူ၍လည်း ယုံကြည်ဖို့လို၏။ ယုံကြည်ရုံမျှနှင့် မပြီးသေး။ ထိုစိတ်ဝင်စားဖွယ် ရတိကို ရှာလိုသောဆန္ဒရှိမှသာ၊ ရှာလိုသော ဆန္ဒရှိရုံမျှနှင့်မပြီးသေးဘဲ တွေ့အောင်ရှာမည်ဟု ခိုင်မာသော စိတ်ဆုံးဖြတ်ချက် ရှိမှသာ၊ ခိုင်မာသောစိတ်ဆုံးဖြတ်ချက် ရှိရုံနှင့်မပြီးသေးဘဲ ဖွဲလုံ့လရှိမှသာ၊ ဖွဲလုံ့လ ရှိရုံနှင့်မပြီးသေးဘဲ ရှာတတ်သောအသိဉာဏ်ပညာ ရှိမှသာ၊ ရှာတတ်သော အသိဉာဏ် ရှိရုံနှင့်မပြီးသေးဘဲ လုပ်ငန်းအဆင့်ဆင့်၏ တိုးတက်မှုနှင့်ဆုတ်ယုတ်မှု အခြေအနေများကို အစဉ်သတိပြုပြီး ရှာမှသာ တွေ့နိုင်၏။

တိုသို့ရှာရာတွင် ဣန္ဒြေငါးပါးကို ထိုက်သင့်သလို ဣဒ္ဓိပါဒ်အဖြစ်သို့ရောက်အောင် ကြိုးပမ်းမှသာ လုပ်ငန်းတိုင်း၌ စိတ်ဝင်စားဖွယ် "ရတိ" ကို တွေ့မည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိအတွက်ဆိုလျှင် ကာမရတိကို တွေ့မည်၊ လောကအတွက်ဆိုလျှင် ဓမ္မရတိကို တွေ့မည်၊ ကာမနှင့်ဓမ္မ ဤမျှသာခြားနား၏။ ရတိကတော့ ရှိသည်ပင်။

လူများကား "မိမိ၏အကျိုးစီးပွားအတွက် လုပ်သောလုပ်ငန်းများ၌သာ စိတ်ဝင်စားဖွယ်ရတိဟူသည် ရှိကောင်း၏။ အများ၏ အကျိုးစီးပွားအတွက် လုပ်သောလုပ်ငန်းများ၌ စိတ်ဝင်စားဖွယ် ရတိဟူသည် မရှိကောင်း"ဟူ၍ မိမိတို့၏ ပင်ကိုသဘောဥာဏ်နှင့် စရိုက်အလိုက် ခံယူထားကြ၏။

ထိုခံယူချက်အတိုင်းပင် အများ၏ အကျိုးစီးပွားအတွက် လုပ်သောလုပ်ငန်းများ၌ စိတ်ဝင်စားဖွယ် ရတိကို မတွေ့ကြ။ ထိုအခါ လူတို့သည် အများ၏ အကျိုးစီးပွားအတွက် လုပ်သောလုပ်ငန်းများ၌ မမွေ့လျော်ခြင်း "အရတိ" ကို တွေ့လေ၏။ ထိုသူတို့သည် မမွေ့လျော်ခြင်း အရတိကို တွေ့သည်နှင့်တစ်ပြိုင်နက် ထိုလုပ်ငန်းမှ အကြောင်းအမျိုးမျိုး ပြပြီး ရှောင်ခွာသွားကြ၏။ ဤသည်ကိုပင် မာရ်နတ်၏ ဒုတိယတပ်မ၌ ကျဆုံးခြင်း ဟူ၍ ဆိုရ၏။

**မာရ်နတ်၏တတိယတပ်မ** အကယ်၍ နေ့ကမှ သဘောဖြင့် အများ၏ အကျိုးစီးပွားအတွက် လုပ်သောလုပ်ငန်း၌ စိတ်ဝင်စားဖွယ် ရတိကို တွေ့အောင်ရှာနိုင်သဖြင့် မာရ်နတ်၏ ဒုတိယတပ်မ ကို နိုင်သည်ဆိုစေဦး မာရ်နတ်၏ တတိယတပ်မနှင့် တွေ့ဖို့ရှိသေး၏။

မာရ်နတ်၏ တတိယတပ်မကား ဝတ်မွတ်ခြင်း "ခုပ္ပိပါသာ" ဖြစ်၏။ မိမိကိုယ်ကျိုးစီးပွားကို ပဓာနမထားဘဲ အများ၏ အကျိုးစီးပွားအတွက် လုပ်သူဟူသမျှသည် ဝတ်မွတ်ခြင်း ခုပ္ပိပါသာ ကို တွေ့ရမြဲဖြစ်၏။ အကယ်၍ ဝတ်မွတ်ခြင်း ခုပ္ပိပါသာ ၏ ဒဏ်ကို မခံနိုင်သဖြင့် ထိုလုပ်ငန်းမှ အများ၏ အကျိုးကို အယောင်ပြပြီး မိမိ၏ အကျိုးစီးပွားသို့ ဦးတည်၍ ဆောင်ရွက်မည်ဆိုပါလျှင် မာရ်နတ်၏ တတိယတပ်မ၌ ကျဆုံးသည်မည်၏။

မိမိ၏ အကျိုးစီးပွားသို့ ဦးတည်၍ဆောင်ရွက်ခြင်းဟူသည်မှာ အပူဇော်ခံရအောင် လုပ်ခြင်းမျိုး၊ နေရာရအောင်လုပ်ခြင်းမျိုး၊ ထင်ပေါ်ကျော်ကြားအောင်လုပ်ခြင်းမျိုး၊ အခြားတစ်နည်းနည်းဖြင့် မိမိအကျိုးရှိအောင်လုပ်ခြင်းမျိုးတို့ဖြစ်၏။

**မာရ်နတ်၏စတုတ္ထတပ်မ** အကယ်၍ ဝတ်မွတ်ခြင်း ခုပ္ပိပါသာ ၏ဒဏ်ကို နိုင်အောင် တိုက်နိုင်သည်ဆိုပါလျှင်လည်း မာရ်နတ်၏ စတုတ္ထတပ်မနှင့် တွေ့ဖို့ရှိသေး၏။ စတုတ္ထ တပ်မကား ပျင်းရိခြင်း "တဏှာ"ဖြစ်၏။ လောကဓမ္မတာအရ လုပ်ငန်းတစ်ခုကို ဆောင်ရွက်ရာ၌ မိမိ၏အကျိုးစီးပွားကို ပဓာနပြု၍ ဆောင်ရွက်ကြသူက အများစုဖြစ်၏။ အများ၏ အကျိုးစီးပွားကို ပဓာနပြု၍ ဆောင်ရွက်ကြသူက အနည်းစု ဖြစ်၏။ ထိုအခါ အများစု၏ အားပေးကူညီပံ့ပိုးမှုကို မရသောအခါ အနည်းစုသည် မနိုင်ဝန်ကိုထမ်းရဘိသကဲ့သို့ ဖြစ်၏။ ပင်ပန်းလှ၏။ ထိုအခါ လုပ်ငန်းမှ သက်သာသလို

www.burmeseclassic.com

www.burmeseclassic.com



နေချင်လာ ၏။ အချောင်ခိုချင်လာ၏။ လုပ်ငန်းကလည်း တာဝန်ကြီး၊ အများ၏ ပံ့ပိုးမှုကိုလည်း မရသောအခါ အားတက်မာန်တက် လုပ်ကိုင်ခြင်းမျိုး မဟုတ်တော့ဘဲ သင့်လျော်သလို သက်သက်သာသာ လုပ်ကိုင်ခြင်းမျိုးဖြစ်လာ၏။ ၎င်းသည်ကိုပင် ပျင်းရိခြင်း တန္ဒီ ဟူ၍ ဆိုရ၏။ ပျင်းရိခြင်း တန္ဒီ ဝင်လာလျှင် မာရ်နတ်၏ စတုတ္ထ တပ်မဌ် ကျဆုံးသည်မည်၏။

**မာရ်နတ်၏ပဥ္စမတပ်မ**

အကယ်၍ ပျင်းရိခြင်း တန္ဒီ ကိုနိုင်စေဦး မာရ်နတ်၏ပဥ္စမ တပ်မနှင့် တွေ့ရန်ရှိ၏။ ပဥ္စမတပ်မကား ငိုက်မျဉ်းခြင်း "ထိနမိဒ္ဓ"ဖြစ်၏။ အရှင်မဟာ မောဂ္ဂလာန်သည်ပင် ရဟန်းပြုပြီးနောက် ခုနစ်ရက်တိုင်တိုင် မဂဓ တိုင်း၊ ကလဝါလပုတ္တ ရွာငယ်၏ တောအုပ်၌ မအိမ်မနေစင်္ကြံသွားလျက် တရားအားထုတ်တော်မူလေရာ စင်္ကြံအစွန်း၌ ငိုက်မျဉ်းခြင်း ထိန မိဒ္ဓ ဝင်လေ၏။ ထိုအခါ မြတ်စွာဘုရားက တန်ခိုးတော်ဖြင့် တရားပြ၍ ထိတ်လန့်စေ၏။ ထိုအခါမှ ရှင်မဟာမောဂ္ဂလာန်သည် ငိုက်မျဉ်းခြင်း ထိနမိဒ္ဓကို အောင်နိုင်ပြီး တရားဆက်လက် အားထုတ်သဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူရ၏။ ထို့ကြောင့် ပင်ပန်းလွန်းသောအခါ ငိုက်မျဉ်းခြင်း ထိနမိဒ္ဓ ဝင်သည့်အတိုင်း မိမိ၏လုပ်ငန်းကို မလုပ်ဘဲငိုက်မျဉ်းနေပါက မာရ်နတ်၏ ပဥ္စမတပ်မ ငိုက်မျဉ်းခြင်း=ထိနမိဒ္ဓ–၌ ကျဆုံးသည်မည်၏။

**မာရ်နတ်၏ဆဋ္ဌတပ်မ**

အကယ်၍ ငိုက်မျဉ်းခြင်း ထိနမိဒ္ဓကို နိုင်စေဦး မာရ်နတ်၏ ဆဋ္ဌတပ်မနှင့် တွေ့ဖို့ရှိသေး၏။ ဆဋ္ဌတပ်မကား ကြောက်ရွံ့ခြင်း "ဘီရု" ဖြစ်၏။ ခန္ဓာကိုယ်ကလည်း ပင်ပန်း၊ အိပ်ရေးကလည်း မဝဖြစ်သောအခါ ကျန်းမာရေးနှင့်ပတ်သက်၍ ကြောက်ရွံ့မှု ဘီရုသည် ဝင်လာ၏။ ထိုကြောက်ရွံ့မှုဘီရု ကြောင့် မိမိ၏လုပ်ငန်းကို ဆက်လက်မလုပ်ပါက မာရ်နတ်၏ ဆဋ္ဌတပ်မ ကြောက်ရွံ့ခြင်း ဘီရု၌ ကျဆုံးသည်မည်၏။

အမှန်အားဖြင့် အများ၏ အကျိုးအတွက် ရည်ရွယ်သောစိတ်သည် နယ်နယ်ရရ ကုသိုလ်စိတ်မဟုတ်။ အလွန်အင်အားကြီးမားသော စွမ်းရည်ကို ပိုင်ဆိုင်သော ကုသိုလ်စိတ် ဖြစ်၏။ ထိုကုသိုလ်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များသည် မကောင်းသော အကုသိုလ် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်အန္တရာယ်များကို ပယ်နိုင်သည်သာဖြစ်၏။

ထို့ကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ ကြောက်ရွံ့မှု ဘီရုဖြစ်စရာအကြောင်းမရှိ။ ရှေးရှေးကျမ်းပြုဆရာများသည်လည်း သူတို့၏ ကျမ်းဦးပမာဏ၌ အများအတွက် ရည်ရွယ်၍ လုပ်သောအခါ ရတနာသုံးပါးအပေါ် ကိုးစားယုံကြည်မှုဖြင့် လုပ်အပ်၏။ ထိုသို့လုပ်ပါက အန္တရာယ်ကင်းကြောင်းဆိုကြ၏။

"အကျိုးမဲ့သေခြင်းမျိုးဖြင့် သေခဲ့ရသောဘဝပေါင်းကား မရေမတွက်နိုင် လောက်အောင် များလှလေပြီ။ ယခုလို အကျိုးရှိရှိသေခြင်းမျိုးဖြင့် မသေခဲ့ရဖူးသေး။ ယခုလို အကျိုးရှိရှိသေခြင်းမျိုးဖြင့် သေချင်နေသည်မှာ ကြာလှပြီ၊ သေပါစေ၊ နည်းနည်းမျှ မလျှော့"ဟူသော ခံယူချက်ဖြင့်သာလုပ်ပါက ကျန်းမာရေးနှင့် ပတ်သက်၍ ကြောက်ရွံ့မှု

www.burmeseclassic.com

www.burmeseclassic.com



ဘီရူ ဖြစ်စရာအကြောင်း ဘာမျှမရှိ–ဟူ၍ ဝေဘူဆရာတော်ကြီးက မိန့်ဖူးကြောင်း ကြားဖူး၏။

ဤသို့လျှင် အများ၏ အကျိုးစီးပွားအတွက်လုပ်သော မိမိတို့၏ စေတနာ စွမ်းအားကို ယုံကြည်ပြီးလုပ်ပါက ကြောက်ရွံ့မှု ဘီရူ ကို အောင်နိုင်ပါ၏။ အမှန်အားဖြင့် ကြောက်ရွံ့မှု ဘီရူ ဟူသည်မှာ "ငါ"ရှိနေ၍သာ ကြောက်ရွံ့နေခြင်းဖြစ်၏။ အကယ်၍သာ "ငါ"မရှိပါက ကြောက်ရွံ့မှု ဘီရူသည် ဖြစ်ပေါ်လာမည်မဟုတ်။ အခြားမာရ်နတ်၏ တပ်များလည်း ဝင်လာကြမည်မဟုတ်။

ထို့ကြောင့် အရေးအကြီးဆုံးအချက်အနေဖြင့် အစဉ်သတိပြုရန်ကား မည်သည့် လုပ်ငန်းကိုလုပ်လုပ် "ငါ"ကို ပါဝင်မလာအောင်၊ အကယ်၍ ပါဝင်လာပါကလည်း "ငါ"ကို ဦးစားမပေးမိအောင် အားထုတ်ရန်ပင်ဖြစ်ပါ၏။ ထိုအခါ မာရ်နတ်၏ ဆဋ္ဌတပ်မ ကို နိုင်မည်မှာသေချာ၏။

**မာရ်နတ်၏သတ္တမတပ်မ**

အကယ်၍ မာရ်နတ်၏ဆဋ္ဌတပ်မကို နိုင်သည်ဆိုစေဦး၊ မာရ်နတ်၏ သတ္တမတပ်မကို နိုင်ဖို့လိုသေး၏။ သတ္တမ တပ်မကား ယုံမှားမှု "ဝိစိကိစ္ဆာ" ဖြစ်၏။ လုပ်ငန်းများကို လုပ်ရာတွင် မည်သည့် လုပ်ငန်းကိုလုပ်လုပ် မိမိတို့မျှော်မှန်း ထားသည့်အတိုင်း ဖြစ်ချင်မှဖြစ်၏။ အနတ္တသဘော အရ သူဖြစ်ချင်သလိုသာ ဖြစ်၏။ မှန်ကန်သောအကြောင်းတရားများ ပြည့်စုံလေသောအခါ မှန်ကန်သောအကျိုးတရားသည် ဖြစ်ပေါ်ရ၏။ ဤသည်မှာ အကြောင်းနှင့် အကျိုးတို့၏ ဆက်သွယ်မှုဓမ္မတာအရ ဖြစ်၏။

ဤဓမ္မတာအရ အကြောင်းမှန်လျှင် အကျိုးမှန်၏။ အကြောင်းမှန်ဖို့ဆိုသည်ကား အမြင်မှန်မှု ဒိဋ္ဌိဝိသုဒ္ဓိအပေါ်၌ တည်၏။ အမြင်မှန်မှုသည်လည်း စိတ်ဓာတ်ဖြူစင်မှု စိတ္တဝိသုဒ္ဓိ အပေါ်၌တည်၏။ စိတ်ဓာတ်ဖြူစင်မှု စိတ္တဝိသုဒ္ဓိ ဟူသည်လည်း ကိုယ်ကျင့် သိက္ခာ မြင့်မားမှု သီလဝိသုဒ္ဓိ အပေါ်၌တည်၏။ ကိုယ်ကျင့်သိက္ခာမြင့်မားမှု သီလဝိသုဒ္ဓိ ဟူသည်မှာလည်း ငါ အတ္တနှင့် ငါ့အကျိုး အတ္တနိယကို ပယ်သတ်နိုင်မှု စိတ္တပရိ ယောဒါပန အပေါ်၌ တည်၏။

ထို့ကြောင့် လုပ်ငန်းများကိုလုပ်ရာတွင် မည်သည့်လုပ်ငန်းကိုလုပ်လုပ် ပထမ သီလရှိဖို့လို၏။ ထို့နောက် သမာဓိရှိဖို့လို၏။ သမာဓိရှိလျှင် ပညာသည် အလိုလိုဖြစ်ပေါ် လာမည်ဖြစ်၏။ ထိုအခါ အလင်း ဝိဇ္ဇာအောက်၌ လုပ်သည်မည်၏။

သို့မဟုတ်ပါက အမှောင် အဝိဇ္ဇာအောက်၌ လုပ်ရာရောက်၏။ အန္ဓဘူတော အယံ လောကော–အရ ဓမ္မတာအားဖြင့် မလာကသည် အမှောင်ထဲ၌သာ လုပ်လေ၏။ အများ၏အကျိုးစီးပွားအတွက် လုပ်ခြင်းမှာ 'တနုကေတ္တ ဝိပဿတိ' အရ အလင်းထဲ၌ လုပ်ခြင်းဖြစ်၏။ ထို့ကြောင့် အောင်မြင်မှု မအောင်မြင်မှုနှင့်ပတ်သက်၍ ယုံမှားမှု ဝိစိကိစ္ဆာ ဖြစ်စရာဘာမျှမလို။ ဦးတည်ချက်မှန်ဖို့သာလို၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ချက်မှန်လျှင် ပန်းတိုင်သို့ရောက်မည်ကား ဧကန်။ အချိန်ကာလနှင့် ပတ်သက်၍သာ ပြောစရာရှိ၏။ ပန်းတိုင်သို့ ရောက်မှု မရောက်မှုနှင့် ပတ်သက်၍ ပြောစရာမရှိ၊ တစ်ခုသောနေ့တွင် ရောက်မည်သာတည်း။ ထို့ကြောင့် လုပ်ငန်းများလုပ်ရာ၌ ပါရမီစိတ်ဓာတ်ကို လိုအပ်ခြင်းဖြစ်၏။

**မာရ်နတ်၏အဋ္ဌမတပ်မ** ယုံမှားမှု ဝိစိကိစ္ဆာကိုနိုင်ရုံနှင့်မပြီးသေး။ မာရ်နတ်၏ အဋ္ဌမ တပ်မ သည် ရှိသေး၏။ အဋ္ဌမတပ်မကား သူ့ကျေးဇူးကို ချေဖျက်မှု "မက္ခ" နှင့် မိမိကိုယ်ကိုတစ်စင်ထောင်မှု "ထမ္ဘ" တို့ဖြစ်၏။ လုပ်ငန်းများကို လုပ်ရာတွင် အောင်မြင်ရိပ်ကို တွေ့သည်နှင့်တစ်ပြိုင်နက် ရှေ့သွားပုဂ္ဂိုလ်တို့၏ ကျေးဇူးကို ချေဖျက်တတ်ကြ၏။

မိမိသာလျှင် အတော်ဆုံးအဖြစ်ဖြင့် တစ်စင်ထောင်တတ်ကြ၏။ ဤသို့ သူ့ကျေးဇူးကိုချေဖျက်ခြင်း မက္ခ နှင့် မိမိကိုယ်ကို တစ်စင်ထောင်ခြင်း ထမ္ဘ တို့ကို ပြုမိလျှင်ပင် မာရ်နတ်၏ အဋ္ဌမတပ်မ၌ ကျဆုံးသည်မည်၏။

ဤတပ်မကား အခြားသောတပ်မများထက် ပို၍သိမ်မွေ့၏။ အပ္ပမာဒ တရားကင်းမဲ့လျှင် ဤတပ်မ၌ ကျဆုံးတတ်၏။ မြန်မာရာဇဝင်၌လည်း "ဘေးတော်ဘိုးတော်များသည် ငါ့လောက်ဘုန်းမကြီး"ဟူ၍ အလောင်းစည်သူမင်းကြီးက နှုတ်မြွက်မိသည်နှင့် တစ်ပြိုင်နက် သူ၏မျက်စိများသည် ကွယ်လေ၏-ဟူ၍ ဖတ်ရဖူး၏။

အမှန်အားဖြင့် အလောင်းစည်သူမင်းကြီးသည် ဘေးတော်ဘိုးတော်များကို အထင်သေးသောစိတ်၊ စော်ကားလိုသောစိတ်ဖြင့် ထိုကဲ့သို့မြွက်ဆိုခြင်းမဟုတ်။ သူ၏ယုံကြည်ချက်အတိုင်း သဘောရိုးဖြင့်သာ မြွက်ဆိုခြင်းဖြစ်၏။ သို့ရာတွင် မာရ်နတ်ကမူ "သဘောရိုးလား၊ သဘောဆန်းလား"ဟူ၍ မတွက်၊ တိုက်ကွက်ကို ပြောင်း၏။ တိုက်ကွက်ကို ရသည်နှင့်တစ်ပြိုင်နက် သူ၏အဋ္ဌမတပ်နှင့် ဝင်၍တိုက်လေရာ မင်းကြီး၏ မျက်စိကွယ်ခြင်းဖြစ်၏။

**မက္ခနှင့်ထမ္ဘကိုမောင်းထုတ်ခြင်းနမူနာ** မြတ်စွာဘုရားသည် သစ္စာလေးပါးကို ဆရာမရှိဘဲ မိမိဘာသာမိမိ ထိုးထွင်း၍ သိခြင်းဖြစ်သော်လည်း မိမိသည် သစ္စာလေးပါးကို အသစ်အဆန်းအနေဖြင့် သိခြင်းမဟုတ်။ ရှေးဘုရားများ သိတော်မူခဲ့သည့်အတိုင်းသာ သိခြင်းဖြစ်သည်ဟူ၍ လည်းကောင်း၊ မိမိသည် ရှေးဘုရားများ ကျင့်တော်မူသည့်အတိုင်းသာ ကျင့်ခြင်းဖြစ်သည် ဟူ၍လည်းကောင်း၊ မိမိသည် ရှေးဘုရားများအနွယ်သာဖြစ်သည်ဟူ၍လည်းကောင်း ဖခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား မိန့်ကြားတော်မူသည့်အပြင် မက္ခနှင့်ထမ္ဘ-ကို မောင်းထုတ်တော်မူ၏။

**မာရ်နတ်၏နဝမတပ်မ** အကယ်၍ နေက္ခမ္မဓာတ်ဖြင့် မာရ်နတ်၏ အဋ္ဌမတပ်မကို နိုင်သည်ဆိုစေဦး၊ မာရ်နတ်တွင် နဝမတပ်မ ရှိသေး၏။ နဝမတပ်မ ကား တွယ်တာခြင်း "တဏှာ"၊ အထင်ကြီးခြင်း "မာန" ဖြစ်၏။ မည်သူမဆို လုပ်ငန်းများကိုလုပ်ရာ၌ အောင်မြင်သည်နှင့်အမျှ မိမိပတ်လည်တွင် ပရိသတ်များ

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝိုင်းလည်လာ၏။ လာဘ်သပ်ပကာ များဖြင့် ပူဇော်သူများက ပူဇော်ကြ၏။ ဦးတိုက်သူများက ဦးတိုက်ကြ၏။ ဘာပြောပြော "မှန်ပါ့ဘုရား"ဟူ၍ လိုက်သူများလည်း လိုက်ကြ၏။ တကယ့်အလောင်းတော်ဖြစ်ကြောင်း ဗျာဒိတ်ပေးသူများက ဗျာဒိတ်ပေးကြ၏။ ဤဒေသ သမိုင်းတွင်ပင် "အတူ" မရှိဟူ၍ မြှောက်သူများက မြှောက်ကြ၏။ ကယ်တင်ရှင်အဖြစ် ချီးပသူများကလည်း ချီးပကြ၏။ အားလုံးမက်မောစရာ ဂုဏ်ယူစရာများသာ ဖြစ်ကြပါ၏။

မိမိ၏ အောင်မြင်မှုက မြင့်မားလေလေ မိမိအနားသို့ကပ်လာသော ပရိသတ်ကလည်း အမျိုးအစားစုံလေဖြစ်၏။ အမှန်အားဖြင့် မက်မောစရာ ဂုဏ်ယူစရာများကား မိမိ၏ ဘက်တော်သားများမဟုတ်။ မိမိကို သတ်ဖြတ်မည့် မာရ်နတ်၏ ဘက်တော်သားများ ဖြစ်ကြ၏။ ထို့ကြောင့် မာရ်နတ်၏ ဘက်တော်သားများကို မိမိ၏ ဘက်တော်သားများ အဖြစ်ထင်ပြီး သူတို့ကို တွယ်တာလိုက်မည်၊ သူတို့၏ စကားကို နားထောင်လိုက်မည် ဆိုပါလျှင် မာရ်နတ်၏ နဝမတပ်မဌ ကျဆုံးသည်မည်၏။

**အလွန်အမြှောက်ကောင်းသူ** ဒဏ္ဍာရီ တစ်ခုကိုကြားဖူး၏။ လူ့ပြည်တွင် အလွန်အမြှောက်ကောင်းသော သူတစ်ယောက်သည် ကွယ်လွန်လေ၏။ ထိုအခါ ယမမင်းကြီး၏ ပညာရှိအမတ်များက လူ့ပြည်တွင် အလွန်အမြှောက်ကောင်းသူတစ်ယောက် ကွယ်လွန်ပြီဖြစ်ကြောင်း၊ မိမိတို့ငရဲပြည်သို့ မုချမသွေ ရောက်လာမည်ဖြစ်ကြောင်း၊ အကယ်၍ သူရောက်လာပါက ယမမင်းကြီးအနေဖြင့် သူ့ကိုသတိထားသင့်ပါကြောင်းဖြင့် ယမမင်းကြီးအား တင်ကြိုလျှောက်ထားကြ၏။

ထိုအခါ ယမမင်းကြီးက သူများကိုသာမြှောက်လို့ရမည်ဖြစ်ကြောင်း၊ မိမိလိုဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသူကို မြှောက်လို့ရမည်မဟုတ်ကြောင်းဖြင့် ပညာရှိအမတ်ကြီးများအားမိန့်ကြား၏။ ထိုအခိုက်တွင် အမြှောက်ကောင်းသူရောက်လာ၏။ ပညာရှိအမတ်ကြီးများကမူ တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြ၏။ အမြှောက်ကောင်းသူက ယမမင်းကြီးအား "အရှင်မင်းကြီး ကျွန်တော်မျိုး လူ့ပြည်တွင်ရှိစဉ်က ယမမင်းဟူသည် အလွန်လည်းရုပ်ဆိုးသည်၊ အလွန်လည်းရက်စက်သည်၊ အလွန်လည်း ကြောက်စရာကောင်းသည်ဟု ကြားခဲ့ပါသည်။ ယခု ကိုယ်တိုင်မင်းကြီးကိုတွေ့တော့မှ အကြားနှင့် လက်တွေ့ကွာခြားကြောင်း သိရပါသည်။ လက်တွေ့အရ မင်းကြီးသည် အလွန်ကျက်သရေရှိပါသည်။ အလွန်လည်းကြင်နာတတ်ပါသည်။ အလွန်လည်း ချစ်ခင်ဖွယ်ရှိပါသည်"ဟု လျှောက်တင်လေရာ ပညာရှိအမတ်ကြီးများက မင်းကြီးအား "အမြှောက်ကောင်းသူကမင်းကြီးကိုမြှောက်နေပြီ"ဟူ၍ တိုးတိုးလျှောက်ကြ၏။ ထိုအခါ ယမမင်းကြီးက သူ၏ပညာရှိအမတ်များအား "ဟာ သူပြောနေတာ အမှန်တွေကွ၊ မြှောက်နေတာမဟုတ်ဘူး"ဟူ၍ ပြန်လည်မိန့်ကြားလိုက်၏။

မာရ်နတ်၏ နဝမတပ်မသည် ယမမင်းကြီးကိုပင် မျက်စိလည်လောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



မိမိလုပ်ငန်း၌ ကျွမ်းကျင်၏။ လိမ္မာ၏။ မည်သူမဆို ငါ"အတ္တ"နှင့် ငါ့ဥစ္စာ"အတ္တနိယ" ကို တတ်နိုင်သလောက် လျစ်လျူမရှုနိုင်ပါက ထိုသူသည် မာရ်နတ်၏ နဝမတပ်မ၌ ကျဆုံးရမည်ပင်ဖြစ်၏။ ထို့ကြောင့် နေကွမ္မပါရမီအရ မည်သည့်လုပ်ငန်းကိုလုပ်သည်ဖြစ်စေ မာရ်နတ်၏ နဝမတပ်မ၌ မကျရောက်လေအောင် ယင်းတပ်မ၏ အန္တရာယ်ကို သတိပြုရာ၏။

**မာရ်နတ်၏ဒသမတပ်မ**

မာရ်နတ်၏ ဒသမတပ်မ သည်လည်း ရှိသေး၏။ ဒသမတပ်မကား မိမိကိုယ်ကို ချီးမြှောက်ပြောဆိုခြင်း "အတ္တုက္ကံသန"နှင့် သူတစ်ပါးကို နှိမ်ချပြောဆိုခြင်း "ပရဝမ္ဘန" တို့ဖြစ်ကြ၏။ ထိုတပ်မသည်လည်း အားကောင်းသည်ပင် ဖြစ်၏။ မိမိ၏ဂုဏ်ကို ထုတ်ဖော်ပြောဆိုတတ်သူကို သူယုတ်ဟူ၍ပင် လောကနီတိ၌ ဖော်ပြ၏။

အမှန်အားဖြင့် နှိမ်ချပြောဆိုလောက်အောင် လောက၌ အသုံးမကျသော သက်ရှိ သက်မဲ့ဟူ၍မရှိ။ ပဋ္ဌာန်း ဥပနိဿယ ပစ္စည်းအရ ဤလောက၌ အသုံးမချတတ် ခြင်းသာ ရှိ၏။ အသုံးမကျခြင်းဟူ၍ မရှိ။အသုံးချတတ်လျှင် အားလုံး အသုံးကျသည်သာ ဖြစ်၏။

ထို့ကြောင့် လောကကို ကတညုတ မျက်စိဖြင့်ကြည့်တတ်ဖို့သာလို၏။ ကတညုတ မျက်စိဖြင့်ကြည့်တတ်လျှင် အားလုံးအသုံးကျ၏။ ပါရမီဖြည့်သူများအားလုံးသည် လောကကို ကတညုတ မျက်စိဖြင့် ကြည့်ကြသူများချည်း ဖြစ်ကြ၏။ ကတညုတ မျက်စိဖြင့် လောကကို ကြည့်တတ်ပါမှလည်း ပါရမီလုပ်ငန်းကို လုပ်၍ရ၏။

**ဗျာဒိတ်ဦးစွာရသော သုမေဓာ၏နေကွမ္မပါရမီ**

ကတညုတ မျက်စိဖြင့် လောကကို ကြည့်၍ နေကွမ္မပါရမီ ဖြည့်တော်မူသော အလောင်းတော် သိဒ္ဓတ္ထ မင်းသား၏ ဘဝများစွာအနက် သုမေဓာရှင်ရသေ့ဘဝသည် အစဆုံး ဘဝဖြစ်၏။ ထို့ကြောင့် နေကွမ္မပါရမီသဘောကို နားလည်နိုင်ရန်နှင့် မြတ်စွာဘုရား၏ ကျေးဇူးတော်အနန္တကို သိရှိနိုင်ရန် သုမေဓာရှင်ရသေ့၏ ဘဝကို နားလည်အောင် လေ့လာအပ်ပါ၏။

သုမေဓာသည် ဗြာဟ္မဏလူမျိုးဖြစ်၏။ မိဘနှစ်ဦးလုံးပင် ဗြာဟ္မဏချည်းဖြစ်၏။ သို့ရာတွင် သုမေဓာသည် ဤဘဒ္ဒကမ္ဘာ၌ ဖြစ်သည်မဟုတ်။ လွန်ခဲ့သောကာလ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းက ဖြစ်ခဲ့ခြင်းဖြစ်၏။ ထိုစဉ်က သုမေဓာ၏နေပြည်တော်သည် အမရဝတီ ဖြစ်၏။ အမရဝတီနေပြည်တော်တွင် သုမေဓာသည် ကျောင်းသားဘဝ၌ မိဘနှစ်ပါးနှင့်အတူ ကြီးပြင်းခဲ့၏။ သို့ရာတွင် သုမေဓာ၏ မိဘနှစ်ပါးသည် သုမေဓာ ပျို့ရွယ်စဉ်ကပင် ကွယ်လွန်သွားခဲ့၏။ ပညာရပ်များကို အပြီးတိုင်အောင် သုမေဓာ သင်ယူပြီးမှ မိဘနှစ်ပါးကွယ်လွန်ခြင်း ဖြစ်သောကြောင့် သုမေဓာအတွက် တော်သေး၏။ အမွေစားအမွေခံအဖြစ် သူတစ်ယောက်တည်း ကျန်ရစ်၏။ မိဘနှစ်ပါး ကွယ်လွန် သွားသောအခါ အမွေထိန်းဘဏ္ဍာစိုးက ရှိရှိသမျှ အမွေပစ္စည်းများကို အမွေဆက်ခံသူ သုမေဓာအား လွှဲအပ်၏။

www.burmeseclassic.com

www.burmeseclassic.com



အမွေထိန်းဘဏ္ဍာစိုးက အမွေပစ္စည်းများကို လွှဲအပ်သောအခါ စာရင်းနှင့်တကွ လွှဲအပ်ခြင်းဖြစ်၏။ သုမေဓာသည် မိဘနှစ်ပါး လက်ထက်ပွား ပစ္စည်းများကိုလည်း ရလိုက်၏။ မိဘနှစ်ပါးတို့၏ ဘိုးဘေးတို့မှ ဆင်းသက်သော ပစ္စည်းများကိုလည်း ရလိုက်၏။ ထို့ကြောင့် သုမေဓာ၏ ပစ္စည်းများသည် ကုဋေကုဋာချီ၍ များပြားလေ၏။ သုမေဓာတစ်သက်လုံး စား၍မကုန်လောက်အောင်များပြား၏။ ထို့ကြောင့် ဤ ပစ္စည်းများဖြင့် လောက၏အကျိုးစီးပွားကို ပံ့ပိုးမည်ဆိုပါကလည်း ပံ့ပိုးနိုင်ပါ၏။

သို့ရာတွင် သုမေဓာကား ထူးခြားသော အတွေးအမြင်ရှိသူဖြစ်၏။ သူ့ခေတ် ကျောင်းသင်ပညာရပ်များအရလည်း သုမေဓာသည် ပုရောဟိတ်ဘွဲ့ခံနိုင်လောက်အောင် တတ်ကျွမ်းသူဖြစ်၏။ ပဋိသန္ဓေဉာဏ်အရလည်း အလွန်ထက်မြက်သူဖြစ်၏။ ထို့ကြောင့် သူ၏အတွေးအမြင်များမှာ အခြားသူများ၏ အတွေးအမြင်များနှင့် မတူဘဲ တစ်မူ ထူးခြားခြင်း ဖြစ်၏။

လောကကို တကယ်တမ်းကြီးပွားတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက ပစ္စည်း ဥစ္စာများဖြင့် ပံ့ပိုး၍လည်း အကျိုးရှိလှသည်မဟုတ်။ အတတ်ပညာများဖြင့် ပံ့ပိုး၍လည်း အကျိုးရှိလှသည်မဟုတ်။ ဤသည်မှာ သူ၏ကိုယ်တွေ့အပေါ်မှီသော အတွေးအမြင်ဖြစ်၏။

အမှန်အားဖြင့် ပစ္စည်းဥစ္စာနှင့် အတတ်ပညာများသည် ကိုယ်စိတ်နှစ်ပါး၏ ငြိမ်းချမ်းမှုကို မပေးနိုင်ဘဲ ပူလောင်မှုကိုသာပေးနိုင်၏။ ပစ္စည်းရှိပြန်ပါကလည်း ပစ္စည်းက သူ့ချည်းမနေ၊ မာန ကိုခေါ်လာ၏။ သောကကို ခေါ်လာ၏။ ပညာရှိပြန်ပါကလည်း ပညာက သူ့ချည်း မနေ၊ မာနကိုခေါ်လာ၏။ ဒေါသကိုခေါ်လာ၏။ ဤသို့ သုမေဓာ သိ၏။ သူ၏ လက်တွေ့အရပင် ပစ္စည်းဥစ္စာအရ သူသည် အမရဝတီနေပြည်တော်၌ ပြည့်စုံသူဖြစ်၏။ သူလို ပစ္စည်းဥစ္စာပြည့်စုံသူများနှင့် သူ့ထက် ပစ္စည်းဥစ္စာပြည့်စုံသူများသည်လည်း အမရဝတီနေပြည်တော်၌ အများပင်ရှိ၏။ သို့ရာတွင် သူတို့၏ပစ္စည်းဥစ္စာများသည် လောက၌ သာယာငြိမ်းချမ်းမှုကို ဖန်တီးနိုင်ကြောင်း သူမတွေ့။

ပညာအရလည်း သုမေဓာသည် ပုရောဟိတ်အဆင့်တိုင်အောင် တတ်မြောက်သူ ဖြစ်၏။ သူလိုပင် တန်းတူရည်တူပညာတတ်များနှင့် သူ့ထက်သာအောင်တတ်သော ပညာတတ်များသည်လည်း အမရဝတီနေပြည်တော်၌ ရှိကြသည်ပင်ဖြစ်၏။ သို့ရာတွင် သူတို့၏ပညာများသည် လောက၌ ငြိမ်းချမ်းသာယာမှု လွှမ်းမိုးလာအောင် ဖြစ်ဖြစ်မြောက်မြောက် ဆောင်ရွက်ပေးနိုင်ကြောင်း သူမတွေ့။ ထို့ကြောင့် လောကကို ငြိမ်းချမ်း သာယာအောင် ဆောင်ရွက်ရာ၌ ပစ္စည်းဥစ္စာများသည်လည်းကောင်း၊ အတတ်ပညာများသည်လည်းကောင်း တကယ်တမ်းအားကိုးလောက်သော အရာဝတ္ထုများ မဟုတ်ကြကြောင်းကို သူသိ၏။ သူမြင်၏။ ထို့ကြောင့် အားကိုးလောက်သောအရာဝတ္ထုကို သူလိုချင်၏။

www.burmeseclassic.com

www.burmeseclassic.com



သုမေဓာသည် လောကတစ်ခုလုံးကို ငြိမ်းချမ်းသာယာစေချင်သည်မှာ အမှန်ဖြစ်၏။ လောကတစ်ခုလုံး ငြိမ်းချမ်းသာယာအောင် လုပ်ချင်သည်မှာလည်း အမှန်ဖြစ်၏။ သို့ဖြစ်လျှင် လောကတစ်ခုလုံး ငြိမ်းချမ်း သာယာအောင်လုပ်ရာ၌ တကယ်တမ်း အားကိုးလောက်သော အရာဝတ္ထုကား မည်သို့သောအရာဝတ္ထု ဖြစ်လေသနည်း?။ ဤမေးခွန်းကို သုမေဓာသည် သူ့ဘာသာသူဖြေ၏။ သူ့အဖြေကား ကိုယ်ကျင့် သိက္ခာဖြစ်၏။

ကိုယ်ကျင့်သိက္ခာကို ထူထောင်ရာ၌ တဏှာ လောဘကိုသတ်ရ၏။ တဏှာ လောဘကို သတ်ပါမှ လောကသည် သာယာလာမည်ဖြစ်၏။ ငြိမ်းချမ်းလာမည်ဖြစ်၏။ တဏှာလောဘသည် ဒုက္ခကို ဖန်တီးပေး၏။ ထို့ကြောင့် တဏှာလောဘကို "သမုဒယသစ္စာ"ဟူ၍ဆိုခြင်းဖြစ်၏။

မာနဆိုသည်မှာလည်း အရင်းစစ်လိုက်လျှင် တဏှာလောဘနှင့်ပင် စပ်၏။ သောက,ပရိဒေဝ တို့သည်လည်း တဏှာလောဘမှပင် မြစ်ဖျားခံကြသည်ချည်းဖြစ်၏။ အချုပ်အားဖြင့်ဆို ရလျှင် လောကဟူ၍ရှိနေခြင်းသည်ပင် တဏှာလောဘမှ မြစ်ဖျားခံခြင်းကြောင့် ဖြစ်၏။ ဗိသုကာ တဏှာလောဘကို မျက်မှောက်ထင်ထင် သိပါမှ လောကသည် သောကမှ လွတ်မြောက်ပေလိမ့်မည်။ ဤအမြင်ကို သူသည်ဓမ္မဒါန အဖြစ်ဖြင့် လောကအား ပေးချင်၏။ ပေးနိုင်အောင်လည်း သူကြိုးစား၏။

သိဒ္ဓတ္ထမင်းသားသည် တဏှာဗိသုကာ ရှာဖွေသည့်လုပ်ငန်းကို သုမေဓာဘဝမှ စ၍လုပ်ခဲ့ရာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းလွန်ပြီးနောက် ဗောဓိပင်နှင့် ရွှေပလ္လင်ထက် ရောက်မှ မျက်ဝါးထင်ထင် အသမ္မောဟပဋိဝေဓ– သိဖြင့် မြင်နိုင်ခဲ့လေ၏။ ထိုအခါကျမှ "တဏှာဗိသုကာ ယခုသင့်ကိုငါတွေ့ပြီ" ဟူ၍ကြွေးကျော်နိုင်ခဲ့၏။ အမှန်အားဖြင့် လောက၌ တကယ်တမ်း ငြိမ်းချမ်းသာယာမှုကို ဖြစ်အောင် တည်ဆောက်လိုပါလျှင် မည်သည့်လုပ်ငန်းကို လုပ်လုပ် တဏှာ၏ အလိုသို့မလိုက်ဘဲ တဏှာ၏ အလိုကို တွန်းလှန်နိုင်ပါမှ ဖြစ်မည်ဟု သုမေဓာသည်သိ၏။

လောက၌ ငြိမ်းချမ်းသာယာမှုကို ဖြစ်အောင် ဆောင်ရွက်လိုပါလျှင် ဒုစရိုက်ကင်းမှဖြစ်၏။ ဒုစရိုက်ကင်းအောင် ဆောင်ရွက်ဖို့ဆိုသည်မှာလည်း ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းနိုင်မှ ဖြစ်၏။

ကိုယ်ကျင့်သိက္ခာဟူသည်မှာ သီလသိက္ခာမှပင်အစဖြစ်၏။ သီလသိက္ခာခိုင်ပါမှ ယင်းအပေါ်၌ စိတ်၏ရိုးသားဖြူစင်မှု သမာဓိသိက္ခာကို တည်ဆောက်၍ရ၏။ စိတ်ထား ဖြူစင်ရိုးသားမှု သမာဓိသိက္ခာခိုင်ပါမှလည်း ယင်း၏ အပေါ်၌ မှန်သောအမြင် ပညာသိက္ခာကို တည်ဆောက်၍ရ၏။ သို့မဟုတ်ပါဘဲ အသိပညာပြည့်စုံရေးသာ ပဓာနဟူသော အမြင်ဖြင့် ပညာရပ်များကိုသာ တတ်သည်ထက်တတ်အောင်၊ ကြွယ်ဝသည်ထက်ကြွယ်ဝအောင် အားတက်မာန်တက် ဆောင်ရွက်ပါက ရရှိသော ပညာသည် တကယ်တမ်းပညာမဟုတ်ဘဲ ဗဟုသုတသာ ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဗဟုသုတ ဟူသည် လောဘကို မောင်းမထုတ်ဘဲ လောဘကို ဖိတ်ခေါ်တတ်၏။ ထိုအခါ လောဘကလည်း သူ့ချည်းမနေဘဲ မာန, ဒေါသ တို့ကိုပါ ဖိတ်ခေါ်ပြန်၏။ ထိုအခါ ပညာဗဟုသုတသည် လောကလူသားတို့၏ အကျိုးစီးပွားအတွက် လုပ်လိုသော ဆန္ဒဖြင့် လုပ်ပါသော်လည်း မိမိဖိတ်ခေါ်ထားသော လောဘ,ဒေါသနှင့် မာန်မာန တို့ကြောင့် မိမိ၏ဆန္ဒအတိုင်း ကောင်းကျိုးဟူ၍ ဖြစ်ပေါ်မလာဘဲ ဆိုးကျိုးများသာ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာတတ်ကြ၏။

ဤသို့ဖြစ်ရခြင်းမှာ ပညာကို သီလအခြေခံသော သမာဓိအပေါ်၌ မတည်ဆောက်ဘဲ အခြေခံများအပေါ်၌ တည်ဆောက်မိသောကြောင့်ဖြစ်၏။ ထို့ကြောင့် လောက၌ ငြိမ်းချမ်းသာယာမှုဖြစ်ပေါ်လာအောင် ဆောင်ရွက်ရာ၌ တကယ်တမ်း မှန်ကန်သောနည်းမှာ ကိုယ်ကျင့်သိက္ခာကို ကောင်းသည်ထက်ကောင်းအောင် ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်သည့်နည်းပင်ဖြစ်၏။

ထိုနည်းကို သုမေဓာရှင်ရသေ့သည် လွန်ခဲ့သောကာလ လေးသင်္ချေနှင့်ကမ္ဘာ တစ်သိန်းက စတင်ကျင့်သုံးခဲ့၏။ ထိုနည်းအတိုင်းပင် ဘုရားဖြစ်သည်အထိ ကျင့်သုံးပါ၏။ အမှန်အားဖြင့် သုမေဓာသာမက အလောင်းတော်ဟူသမျှသည်လည်း ဤနည်းအတိုင်းပင် လိုက်နာကျင့်သုံးကြသဖြင့်သာ သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူကြခြင်း ဖြစ်၏။

**လောဘဆန့်ကျင်ရေးနှင့် နေက္ခမ္မပါရမီ**

သုမေဓာသည် လောက၌ငြိမ်းချမ်းသာယာမှု လွှမ်းမိုးရေးအတွက် ပစ္စည်း ဥစ္စာထက်လည်းကောင်း၊ အသိပညာ, အတတ်ပညာထက်လည်းကောင်း ကိုယ်ကျင့်သိက္ခာသည် အရေးကြီးသည်ဟူ၍ သိ၏။ ကိုယ်ကျင့်သိက္ခာကို တည်ဆောက်ရာ၌ လောဘကို မြင်အောင်ကြည့်ပြီး လောဘဝင်မလာနိုင်အောင် လုပ်ပါမှ ခိုင်မာသော ကိုယ်ကျင့်သိက္ခာကို တည်ဆောက်၍ ရသည် ဟူ၍လည်း သိ၏။ ထို့ကြောင့် သုမေဓာသည် လောဘဆန့်ကျင်ရေးလုပ်ငန်းအနေဖြင့် "နေက္ခမ္မပါရမီ"ကို အားထုတ်ခြင်း ဖြစ်လေ၏။

သုမေဓာသည် သူပိုင်ပစ္စည်း ဥစ္စာများကို အမရဝတီမင်းကြီးထံ သွားရောက်၍ သူပိုင်ပစ္စည်းများအားလုံးကို မင်းကြီးအားအပ်နှင်း၏။ သုမေဓာသည် လောကအကျိုးကို သယ်ပိုးရန် သန္နိဋ္ဌာန်ချပြီးဖြစ်၏။ လောက၏အကျိုးကို သယ်ပိုးလိုသူများသည် မိမိတို့၏ အကျိုးကို စွန့်နိုင်မှုဖြစ်၏။

လောက၏အကျိုးကို တကယ်တမ်းသယ်ပိုးလာပါက ထိုသယ်ပိုးခြင်း၏ မြင့်မြတ်သော အာနုဘော်ကြောင့် အဖျက်သမားတို့၏ ခေါင်းဆောင် မာရ်နတ်သည် မနေနိုင်မထိုင်နိုင်ဖြစ်လာ၏။ ထိုအခါ အများ၏အကျိုးကို သယ်ပိုးသောသူ၏ မြင့်မြတ်သော လုပ်ငန်းကို ဖျက်ဆီးရန် ရှေး၌ဆိုခဲ့သည့်အတိုင်း မာရ်နတ်သည် သူ၏ တပ်မများကို လွှတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



**မာရ်နတ်၏တပ်ဦးတွင် ကျဆုံးသူများ**

သူ၏တပ်မမှာ စုစုပေါင်းဆယ်တပ်ရှိ၏။ ထိုတပ်မ ဆယ်တပ်တွင် ပထမတပ်မမှာ "ကာမ"တပ်မ ဖြစ်၏။ "ကာမ" တပ်မတွင် ပစ္စည်းဥစ္စာများလည်း ပါဝင်၏။ ရာထူး, ဂုဏ်သိန်များလည်း ပါဝင်၏။ ဘွဲ့ထူးဂုဏ်ထူးများလည်း ပါဝင်၏။ ထင်ပေါ်ကျော်ကြားမှုများလည်း ပါဝင်၏။ ဘုန်းတော်ဘွဲ့, ဂုဏ်တော်ဘွဲ့များကို သီကျူးခြင်းများလည်း ပါဝင်၏။ အလွန်ထက်မြက်သော တန်ခိုးအာဏာများလည်း ပါဝင်၏။ ဤတပ်မနှင့် တိုက်လေသောအခါ အဘယ်မည်သော မြင့်မြတ်သူသည် ဤတပ်မ၏ ထိုးစစ်ကို ကြံ့ကြံ့ခိုင်နိုင်ပါတော့မည်နည်း။ များသောအားဖြင့် လောက၏အကျိုးကို ဆောင်ရွက်ကြသော မြင့်မြတ်သူများသည် မာရ်နတ်၏ ဤ"ကာမ"တပ်မဦးပင် ကျဆုံးတတ်၏။ ထိုအခါ သူ၏မြင့်မြတ်သော အများအကျိုးပြုလုပ်ငန်းများသည်လည်း ပျက်စီးလေတော့၏။ မိမိအတွက် မိမိ၏အကျိုးပြုလုပ်ငန်းများကိုသာ လုပ်မိလေတော့၏။ ဤသည်မှာ မာရ်နတ်၏ ပထမတပ်မပင်ရှိသေး၏။ နောက်ထပ်တပ်မများလည်း လာရန်ရှိသေး၏။

ထို့ကြောင့် သုမေဓာသည် ဘုရားအဖြစ်သို့မရောက်မီကာလတစ်လျှောက်လုံး တွေ့ကြုံရမည့် မာရ်နတ်၏ "ကာမ" တပ်မကို အနိုင်တိုက်နိုင်ရန် ကြိုတင်လေ့ကျင့်သောအားဖြင့် သူ၏စည်းစိမ်ဥစ္စာအားလုံးကို စွန့်လွှတ်ခြင်းဖြစ်၏။ အမှန်အားဖြင့် မာရ်နတ်၏ ပထမတပ်ဦးဖြစ်သော "ကာမ"တပ်မကို နိုင်အောင်မတိုက်နိုင်ဘဲနှင့် လောကအတွက် အများအကျိုးပြုလုပ်ငန်းများကို မည်သို့လုပ်နိုင်ပါလေမည်နည်း။ ဤသို့ သုမေဓာ သိ၏။

သုမေဓာသည် သူ၏စည်းစိမ်ဥစ္စာများကို ပယ်စွန့်လိုသည်မှာမှန်၏။ သို့ရာတွင် ဤသို့ပယ်စွန့်ခြင်းသည် သဲထဲရေသွန် သဘောမျိုး ဖြစ်မသွားဖို့လည်း လို၏။ သူ၏ ကုဋေကုဋာချီသော ပစ္စည်းဥစ္စာများသည် လောကအတွက်အကျိုးရှိအောင် သူ့နည်းနှင့်သူ အသုံးချ၍ရ၏။ ထိုသို့အသုံးချနိုင်သောသူမှာ အမရဝတီမင်းကြီးသာဖြစ်၏။ ထို့ကြောင့် သူ၏ပစ္စည်းဥစ္စာများကို လောကအတွက်အသုံးချနိုင်ရန် မင်းကြီးအား အပ်နှင်းခြင်းဖြစ်၏။

မိမိ၏ ပစ္စည်းဥစ္စာများကို မင်းကြီးအားမအပ်ဘဲ သာဟတ္ထိကဒါနမြောက်အောင် မိမိကိုယ်တိုင်ပေးလှူ၍လည်း ရပါ၏။ သို့ရာတွင် ထိုသို့ပေးလှူပါက ထိုခေတ်၏ အုပ်ချုပ်ရေးစနစ်နှင့် ကိုက်ညီချင်မှ ကိုက်ညီမည်ဖြစ်၏။ သက်ဦးဆံပိုင်မင်းများသည် မိမိတို့၏ အုပ်ချုပ်ရေးအာဏာကို အသုံးပြုချင်သလို အသုံးပြုနိုင်ခွင့် ရှိ၏။ ထို့ကြောင့် အကောင်းဆုံးနည်းမှာ မိမိ၏ပစ္စည်းဥစ္စာများကို မင်းကြီးအားသွားရောက်အပ်နှင်းခြင်းသာ ဖြစ်သည်–ဟူ၍ သုမေဓာဆုံးဖြတ်ပြီး အမရဝတီမင်းကြီးထံသို့သွားရောက်၍ သူ၏ဥစ္စာပစ္စည်းများကို အပ်နှင်းခြင်းဖြစ်၏။

သုမေဓာ၏ ရည်ရွယ်ချက်သည်–

(၁) မြင့်မြတ်ခြင်း၊
(၂) စူးစမ်းချင့်ချိန်ခြင်း၊
(၃) လုပ်နည်းလုပ်ဟန်မှန်ကန်ခြင်း–

www.burmeseclassic.com

www.burmeseclassic.com



တည်းဟူသော အင်္ဂါသုံးချက်နှင့် ပြည့်စုံသဖြင့် နှစ်သက်ဖွယ်ဖြစ်၏။ နှစ်သက်ဖွယ် ဖြစ်သည့်အလျောက်လည်း မင်းကြီးကနှစ်သက်၏။

**သုမေဓာတို့ခေတ်က သိသောဒုက္ခ**

သုမေဓာက အပ်သော်လည်း မင်းကြီးက လက်မခံ။ သုမေဓာ၏ အလိုဆန္ဒအတိုင်း ဆောင်ရွက်နိုင်ရန် မင်းကြီးက သုမေဓာအား ပြန်လည်လွှဲအပ်၏။ ထိုအခါ သုမေဓာသည် သူ၏ပစ္စည်း ဥစ္စာများကို အမရဝတီပြည်သူများအား သင့်လျော်သလို ခွဲဝေလှူဒါန်းလေ၏။

ထို့နောက် တောထွက်၍ ဟိမဝန္တာရှိ ဓမ္မိကတောင်ယံ၌ ရသေ့ရဟန်းပြု၍ တရားအားထုတ်၏။ မကြာမြင့်မီကာလအတွင်း ဈာန်အဘိညာဉ်ကို ရ၏။ သုမေဓာသည် လောက၏ဒုက္ခကို ထိုခေတ်အမြင်အတိုင်းသိ၏။

ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း သည် ဒုက္ခဖြစ်၏။ ဤဒုက္ခမျိုးကို "ခန္ဓာဖွဲ့စည်းမှုဒုက္ခ" ဟူ၍ ထိုခေတ်ပညာရှင်များက သတ်မှတ်ထား၏။

မချစ်သောသူနှင့် ပေါင်းသင်းရခြင်းသည်လည်းကောင်း၊ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်း သည်လည်းကောင်း ဒုက္ခပင်ဖြစ်၏။ ထိုဒုက္ခကို "ပတ်ဝန်းကျင်ဒုက္ခ" ဟူ၍ ထိုခေတ်ပညာရှင်များက သတ်မှတ်ထား၏။

မိမိတို့အလိုရှိသော အရာဝတ္ထုကို မရခြင်းသည်လည်း ဒုက္ခဖြစ်၏။ ထိုဒုက္ခကို "ကံကြမ္မာဒုက္ခ"ဟူ၍ ထိုခေတ်ပညာရှင်များက သတ်မှတ်ထား၏။ ဤဒုက္ခသုံးမျိုးကို သုမေဓာသည် သိ၏။

သုမေဓာသာမက သာမန်ပုဂ္ဂိုလ်များသည်ပင် ဤဒုက္ခသုံးမျိုးကို သိကြပါ၏။ ထိုခေတ် ဒဿနကျမ်းများကလည်း ဒုက္ခကို ထိုသုံးမျိုးအတိုင်းသာ ဖော်ပြကြ၏။ ထို့ထက်ပို၍ မဖော်ပြကြ။ ထိုသို့မဖော်ပြကြခြင်းမှာလည်း မသိ၍ မဖော်ပြကြခြင်းသာ ဖြစ်၏။

အမှန်အားဖြင့် စတုတ္ထဒုက္ခတစ်မျိုး ရှိသေး၏။ စတုတ္ထဒုက္ခကား "ဘဝခန္ဓာကို ရခြင်း"ပင် ဖြစ်၏။ ယင်းကို သင်္ခါရဒုက္ခဟူ၍လည်းကောင်း၊ ဥပါဒါနက္ခန္ဓာဒုက္ခ ဟူ၍လည်းကောင်း ဆိုရ၏။ စတုတ္ထဒုက္ခကို အရိယသစ္စာ ဉာဏ်ကိုရပါမှ ပိုင်းပိုင်းခြားခြား သိ၏။ စတုတ္ထ ဒုက္ခသည် အရိယသစ္စာဉာဏ်နှင့် ဆိုင်၏။

သုမေဓာသည် အရိယသစ္စာဉာဏ်ကိုမရသေးသဖြင့် စတုတ္ထဒုက္ခကို ပိုင်းပိုင်းခြားခြား မသိသေးသော်လည်း "စတုတ္ထဒုက္ခကိုသိပါမှ လောကမှ တကယ်လွတ်မြောက်နိုင်မည် ဖြစ်ကြောင်း၊ လောကဟူသည်ပင် ဒုက္ခဖြစ်ကြောင်း"ကိုတော့ သုမေဓာသိ၏။ ထို့ကြောင့် စတုတ္ထဒုက္ခကို ထိုးထွင်း၍ သိနိုင်သော အရိယသစ္စာဉာဏ်ကိုရဖို့အတွက် တောထွက်၍ တရားကျင့်ခြင်းဖြစ်၏။ သို့ရာတွင် သုမေဓာသည် တရားဘာဝနာများကို ကျင့်ကြံပွားများ အားထုတ်သောအခါ လောကီဈာန် အဘိညာဉ်များကို ရပါ၏။ အရိယသစ္စာဉာဏ် ကိုမူ မရသေးချေ။

ထိုစဉ်က လောကတွင် ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူပြီဖြစ်၏။ ဒီပင်္ကရာ

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ပွင့်တော်မူသော်လည်း ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူကြောင်း သုမေဓာမသိ။ လောက၌ မြတ်စွာဘုရားပွင့်တော်မူခြင်းမှာ တိတ်တဆိတ်ပွင့်တော်မူခြင်း မဟုတ်။ စကြဝဠာတိုက်တစ်သောင်း တုန်လှုပ်လောက်အောင်ပင် ထူးထူးခြားခြား ပွင့်တော်မူခြင်းဖြစ်၏။ အမှန်အားဖြင့် မြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေယူလျှင်ပင် စကြဝဠာတိုက်တစ်သောင်းသည် တုန်လှုပ်ရ၏။ ထူးခြားသောနိမိတ်ကြီးများ ထင်ရှား ဖြစ်ပေါ်လာရ၏။ ဓမ္မတာအရ မြတ်စွာဘုရားအလောင်း နောက်ဆုံးဘဝ ပဋိသန္ဓေ နေသောအခါ၊ ဖွားမြင်တော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါ၊ ဓမ္မစကြာ တရားဦး ဟောတော်မူသောအခါ ဤလေးမျိုးသောအခါသမယတို့၌ ထပ်တူထပ်မျှ ဤမျှလောက်ထူးခြားပါ၏။

ထိုသို့ထူးခြားပါသော်လည်း သုမေဓာသည် မိမိ၏ဈာန်သမာပတ်၌သာ မွေ့လျော် နေခြင်းဖြစ်သဖြင့် ထိုထူးခြားချက်များကို မသိလိုက်ခြင်းဖြစ်၏။ ဒီပင်္ကရာ မြတ်စွာဘုရား သည် နှစ်ပေါင်းတစ်သိန်းတန်း၌ ပွင့်တော်မူခြင်းဖြစ်လေရာ ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူသောအချိန်တွင် သုမေဓာသည် အရွယ်အားဖြင့် များစွာကြီးရင့်လေပြီ။ သုမေဓာ၏ ဈာန်သမာဓိအားသည်လည်း စကြဝဠာတိုက်တစ်သောင်း တုန်လှုပ်သည်ကိုပင် မသိနိုင်လောက်အောင် ဈာန်သမာပတ်အာရုံ၌ စူးစိုက်လွန်းချေ၏။ သမာဓိအားကောင်းလေ မိမိ၏ အာရုံမှတစ်ပါး အခြားအာရုံများသို့ စိတ်မရောက်လေပင်ဖြစ်၏။ ဤသည်မှာ သမာဓိ၏ သဘောဖြစ်၏။

ထိုကဲ့သို့သော သမာဓိမျိုးကို သုမေဓာရှင်ရသေ့သည် ရရှိပိုင်ဆိုင်ထားလေ၏။ ထိုသမာဓိမျိုးကို ရရှိပိုင်ဆိုင်ပါမှလည်း နိယတဗျာဒိတ်ကို ခံယူနိုင်မည်ဖြစ်၏။ ဤသည် မှာလည်း ဓမ္မတာပင်ဖြစ်ချေ၏။

## ဒီပင်္ကရာမြတ်စွာဘုရားကို ဖူးခွင့်ရခြင်း

တစ်ခုသောနေ့တွင် ဒီပင်္ကရာမြတ်စွာဘုရားသည် နောက်ပါ ရဟန္တာမထေရ်ပေါင်း လေးသိန်း ခြံရံလျက် ရမ္မာဝတီ ပြည်သို့ ဒေသစာရီ ကြွချီတော်မူလာပြီး သုဒဿန ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဖြစ်၏။ ရမ္မာဝတီပြည်သူ ပြည်သားများသည် မြတ်စွာဘုရားထံသွားရောက်ပြီး တရားတော်ကိုနာယူကြ၏။ နောက်တစ်နေ့၌ ရမ္မာဝတီပြည်တွင်းသို့ကြွရောက်၍ ဆွမ်းအလှူခံပါရန်လည်း ပင့်လျှောက်ကြ၏။ ရမ္မာဝတီပြည်သူပြည်သားများသည် အတုမဲ့အလှူတော် "အသဒိသဒါန" ကိုစီရင်ကြ၏။ မဏ္ဍပ်ကို ဆောက်လုပ်ကြ၏။ လမ်းများကိုပြင်ကြ၏။ မြတ်စွာဘုရား ကြွတော်မူနိုင်ရန် အတွက် ပြင်ဆင်ဖွယ်ရှိသမျှကို ပြင်ဆင်ကြ၏။

ထိုအခါ သုမေဓာရှင်ရသေ့သည် မိမိ၏ဈာန်အဘိညာဉ်ဖြင့် ရမ္မာဝတီပြည်၏ အထက်ကောင်းကင်ခရီးဖြင့် ကြွတော်မူလေရာ ရမ္မာဝတီပြည်သူပြည်သားတို့၏ ဆောင်ရွက်မှုများကို တွေ့မြင်သဖြင့် မြေပြင်သို့ဆင်း၍ အကျိုးအကြောင်းကိုမေး၏။ ရမ္မာဝတီပြည်သူပြည်သားများကလည်း ဒီပင်္ကရာမြတ်စွာဘုရားသည် နောက်ပါရဟန္တာ

www.burmeseclassic.com

www.burmeseclassic.com



လေးသိန်းခြံရံလျက် ဤမြို့တွင်းသို့ ဆွမ်းခံကြွတော်မူမည်ဖြစ်၍ လမ်းများပြင်ဆင်နေခြင်း ဖြစ်ကြောင်း ပြန်လည်လျှောက်ထားကြ၏။

ထိုအခါ သုမေဓာရှင်ရသေ့သည် "သင်တို့၏ကောင်းမှု၌ ငါလည်းပါဝင်လို၏။ ငါ့အတွက်လည်း လုပ်ငန်းတာဝန်ကို ပေးကြလော့"ဟူ၍ ပြောဆိုရာ ရမ္မာဝတီ ပြည်သားများက သုမေဓာရှင်ရသေ့အတွက် ရွံ့ဗွက်အိုင်တစ်ခုကို နေရာသတ်မှတ်၍ လမ်းပြင်ဆင်ရန် လုပ်ငန်းတာဝန်ပေးလိုက်၏။ သုမေဓာရှင်ရသေ့လည်း မိမိ၏တာဝန်ကို ရိုသေကောင်းမွန်စွာ ထမ်းဆောင်၏။

သုမေဓာရှင်ရသေ့သည် မိမိတာဝန်အရ လမ်းပြင်ဆင်၍ မပြီးသေးမီ ဒီပင်္ကရာ မြတ်စွာဘုရားနှင့်တကွ ရဟန္တာလေးသိန်းတို့ကြွလာတော်မူကြ၏။ သုမေဓာရှင်ရသေ့သည် လမ်းခင်း၍မပြီးသေးဘဲ ကျန်သည့်ကွက်လပ်၌ မိမိကိုယ်ကို အလျားမှောက်၍ တံတား သဖွယ်ပြုလုပ်ပြီး မြတ်စွာဘုရားနှင့်တကွ နောက်ပါရဟန္တာများအား မိမိကိုယ်ပေါ်မှ နင်းလျှောက်၍ ကြွတော်မူပါရန် လျှောက်ထား၏။

သုမေဓာရှင်ရသေ့၏ စိတ်ကလည်း ဘုရားဆုကို တောင့်တလျက်ရှိ၏။ အမှန်အားဖြင့် သုမေဓာရှင်ရသေ့သည် ထိုအချိန်က ရဟန္တာဖြစ်နိုင်လောက်သော ပါရမီတော်များ ပြည့်စုံပြီးသားဖြစ်တော်မူ၏။ လိုချင်လျှင် ဒီပင်္ကရာမြတ်စွာဘုရား၏ လက်ထက်တော်၌ပင် ရဟန္တာအဖြစ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်၏။

**ယောကျ်ားကောင်းမှန်လျှင် ပြုရမည့်တာဝန်**

သစ္စ ဉာဏ်ကိုရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုတော် မူကြသူ အားလုံးတို့သည် မိမိတို့၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြသူများချည်း ဖြစ်ကြပါ၏။ သို့ရာတွင် တာဝန် ဟူသည် အားလုံးတစ်ပြေးတည်းမဟုတ်။ အကြီးအသေး ရှိ၏။ အနည်းအများရှိ၏။ ယန္တရားတစ်ခုတွင်ပါဝင်သော စက်ပစ္စည်း အစိတ်အပိုင်း အမျိုးမျိုးသဖွယ်ဖြစ်၏။ တာဝန်ကြီးသည့် အစိတ်အပိုင်းက တာဝန်ကြီး၏။ တာဝန်သေးသည့်အစိတ်အပိုင်းက တာဝန်သေး၏။ လောကသည်လည်း ယန္တရား သဖွယ်ဖြစ်၏။ ထို့ကြောင့် လောက လူသားတိုင်းအတွက် ဆင်းရဲမှ လွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ၌ တာဝန် ကိုယ်စီ ရှိ၏။ သို့ရာတွင် ရှိသောတာဝန်ကား တာဝန်အနေဖြင့် တစ်မျိုးတည်း ဖြစ်သော်လည်း လုပ်ငန်းအနေဖြင့်မူ အမျိုးမျိုးဖြစ်၏။

သုမေဓာရှင်ရသေ့သည် ဝေနေယျသတ္တဝါများအား မဂ္ဂင်သင်္ဘောဖြင့် နိဗ္ဗာန်သို့ ပို့ဆောင်ရေးလုပ်ငန်း၌ ခရီးသည်အဖြစ်လည်း မလိုက်လို။ လုပ်သားအဖြစ်လည်း မလိုက်လို။ လုပ်သားအဖြစ်လည်း မဆောင်ရွက်လို။ အကြီးဆုံးမာလိန်မှူးအဖြစ်ဖြင့်သာ ဆောင်ရွက်လို၏။ ထို့ကြောင့် သုမေဓာရှင်ရသေ့သည် ဘုရားဆုကို တောင့်တခြင်းဖြစ်၏။ ထိုအချိန်က နိဗ္ဗာန်ကို မျက်မှောက်ပြုလျှင် ရနိုင်ပါလျက် မျက်မှောက်မပြုဘဲ လက်လွှတ် လိုက်ခြင်းသည် စင်စစ်အားဖြင့် အနစ်နာခံခြင်းဖြစ်၏။ ဤသည်မှာ ယောကျ်ားကောင်း တို့၏ စိတ်ထားဖြစ်၏။ လောက၌ ယောကျ်ားကောင်းမှန်လျှင် ဓမ္မတာအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ကိုယ်ကျိုးကို အနစ်နာခံ၍ လောက၏အကျိုးကို ဆောင်ရွက်ကြ သည်ချည်း ဖြစ်၏။

လောက၌ ဒိဋ္ဌာနုဂတိ သည် အရေးကြီး၏။ ဒိဋ္ဌာနုဂတိသည် အသိဉာဏ်တို့၏ အကြောင်းအရင်းလည်းဖြစ်၏။ ထို့ကြောင့် "ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့် သွားသော် နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏"ဟူ၍ဆိုခြင်းဖြစ်၏။

သုမေဓာရှင်ရသေ့သည် မဟာပုရိသလက္ခဏာကျမ်းကို တတ်ကျွမ်းသော ပညာရှင်ဖြစ်သဖြင့် မြတ်စွာဘုရား၏ လက္ခဏာတော်ကို သိ၏။ မြတ်စွာဘုရား၏ တာဝန်ကိုရိပ်စားမိ၏။ မြတ်စွာဘုရား၏ ကရုဏာနှင့်ပညာတော်ကို မှန်းဆနိုင်၏။ ထို့ကြောင့် သုမေဓာရှင်ရသေ့သည် သူကိုယ်တိုင်ဖူးတွေ့ရသော ဒီပင်္ကရာမြတ်စွာဘုရားကို အားကျ၏။ ဒီပင်္ကရာမြတ်စွာဘုရားကို အတုလိုက်လို၏။ ထို့ကြောင့် သုမေဓာ ရှင်ရသေ့သည် သာဝကဆုကို မတောင့်တဘဲ သမ္မာသမ္ဗောဓိဆုကို တောင့်တခြင်းဖြစ်၏။ လောကတွင် တာဝန်အကျေဆုံး ပုဂ္ဂိုလ်များထက် ပို၍တာဝန်ကျေလိုသူဖြစ်၏။ မိမိ၏အားအစွမ်းကို ယုံကြည်ကြသော အာဇာနည်ပုဂ္ဂိုလ်ဟူသမျှတို့သည် ဤအတိုင်းပင် ဖြစ်ကြ၏။

အမှန်အားဖြင့်လည်း မိမိ၏ကိုယ်ကျိုးကိုစွန့်၍ လောက၏အကျိုးကို ဆောင်ရွက်ကြသူများသာ အာဇာနည်ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြ၏။

ထိုအချိန်တွင် ပရိသတ်ထဲ၌ သုမိတ္တာ လည်းပါ၏။ သုမိတ္တာ သည် ဗြာဟ္မဏ အနွယ်ဝင် အပျိုစင်ဖြစ်၏။ လက်ထဲ၌လှူစရာ ကြာရှစ်ခိုင်ပါ၏။ ဒီပင်္ကရာမြတ်စွာဘုရား အား လှူဒါန်းရန်ဖြစ်၏။ သုမိတ္တာသည် သုမေဓာရှင်ရသေ့ကို မြင်သောအခါ ကြာငါးခိုင်ကိုခွဲ၍ပေး၏။ သူမအတွက် ကြာသုံးခိုင်ကို ချန်ထား၏။ နှစ်ဦးလုံး ဒီပင်္ကရာမြတ်စွာဘုရားအား လှူဒါန်းရန်ဖြစ်၏။ တာဝန်ကိုယ်စီရှိကြ၏၊ သူ့တာဝန်နှင့်သူ၊ ကိုယ့်တာဝန်နှင့်ကိုယ်။

သုမေဓာရှင်ရသေ့က ဘုရားဆုကိုတောင်းရန်နှင့် သုမိတ္တာ က ပါရမီဖြည့်ဖက်ဆုကို တောင်းရန်ဖြစ်၏။ နှစ်ဦးလုံး မိမိတို့ကြာပန်းများကို ဒီပင်္ကရာမြတ်စွာဘုရားအား လှူဒါန်းပြီး မိမိတို့ရည်မှန်းထားသောဆုများကို တောင်းကြ၏။ ဒီပင်္ကရာမြတ်စွာဘုရား ကလည်း အနာဂတံသ ဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူပြီး သုမေဓာ ရှင်ရသေ့နှင့် သုမိတ္တာ တို့ နှစ်ဦးလုံး မိမိတို့တောင်းသည့်အတိုင်း ဆုများပြည့်စုံမည် ဖြစ်ကြောင်း ဗျာဒိတ်ပေးတော်မူ၏။

ထိုအခါ စကြဝဠာတိုက်တစ်သောင်းမှ လာရောက်ကြသော နတ်ဗြဟ္မာတို့သည် "လောက၏ အနိုင်းမဲ့ခေါင်းဆောင်ကိုရပြီ"ဟူ၍ များစွာဝမ်းမြောက်ကြ၏။ ဝမ်းမြောက် ရုံသာမက အလောင်းတော် သုမေဓာအား ဘုရားဖြစ်သည်အထိ လိုအပ်သလို စောင့်ရှောက်ရန်လည်း သန္နိဋ္ဌာန်ချကြ၏။

အကယ်၍ သူတို့သည် ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော်၌ ကျွတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



မဝင်နိုင်လျှင် သုမေဓာရှင်ရသေ့အနေဖြင့် ဂေါတမဘုရားအဖြစ်ဖြင့် ပွင့်တော်မူသောအခါ ကျွတ်တမ်းဝင်နိုင်မည်ဟူ၍ မျှော်လင့်ကြ၏။ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် လောက၏အနှိုင်းမဲ့ခေါင်းဆောင်ကို တွေ့ကြပြီ။ သုမေဓာရှင်ရသေ့၏ ဘဝကို လေ့လာကြည့်ပါက သုမေဓာရှင်ရသေ့သည် မိမိတောင့်တတော်မူသည့်အတိုင်း သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူနိုင်ရန် ယခုဘဝမှစ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်တော်မူရပေဦးမည်။ စောင့်လိုသူများကလည်း စောင့်ကြရပေဦးမည်။

သုမေဓာရှင်ရသေ့ ဘုရားဖြစ်ချင်သည်မှာ သူ့အတွက်တော့မဟုတ်။ လောကအတွက်ဖြစ်၏။ ဘုရားဖြစ်ပါမှ လောကကို တာဝန်အကျေဆုံး ကယ်တင်နိုင်မည်ဖြစ်၏။ သူ၏အကျိုးစီးပွားအနေဖြင့် စဉ်းစားလျှင်မူ ဒီပင်္ကရာမြတ်စွာဘုရားထံတော်မှ လေးပါဒမျှသာရှိသော တရားဂါထာတစ်ပုဒ်ကို နာကြား၍မဆုံးမီပင် ရဟန္တာဘဝဖြင့် နိဗ္ဗာန်ချမ်းသာကို ရနိုင်၏။

သို့ရာတွင် သုမေဓာသည် နိဗ္ဗာန်ကိုမယူသေးဘဲ စွန့်လွှတ်လိုက်၏။ နိဗ္ဗာန်ချင်း ခြားနား၍တော့မဟုတ်။ နိဗ္ဗာန်ဟူသည်မှာ အားလုံးအတူတူပင်ဖြစ်၏။ ဘာမျှကွဲပြား ခြားနားသည်မဟုတ်။ မြတ်စွာဘုရား မျက်မှောက်ပြုသော နိဗ္ဗာန်လည်း ထိုနိဗ္ဗာန်ပင်၊ အတူတူ။ ရဟန္တာအရှင်မြတ်များ မျက်မှောက်ပြုသော နိဗ္ဗာန်လည်း ထိုနိဗ္ဗာန်ပင်၊ အတူတူ။ နိဗ္ဗာန်ချင်းခြားနားသည်ဟူ၍ ဘာမျှမရှိ။ ထို့ကြောင့် သုမေဓာရှင်ရသေ့သည် လောကအတွက် သူ့အကျိုးကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် နောက်ကျခံပြီးမှ ယူတော်မူခြင်းဖြစ်၏။

များစွာပင်ကြည်ညိုဖွယ်ကောင်းပါ၏။ အတုယူဖွယ်လည်းကောင်းပါ၏။ အားရှိသော ယောကျ်ားကောင်းများအနေဖြင့် အတုယူရာတွင် အများအတွက် ဆောင်ရွက်ရာ၌ စိတ်ဓာတ်ကျဆင်းလာပါက အားတင်းဖွယ်၊ ပုံရိပ်အဖြစ် ရှုကြည့်ဖွယ် ကောင်းခြင်းဖြစ်ပါ၏။

**ပါရမီမြောက်သောလုပ်ငန်း** သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ရန်အတွက် ပါရမီတော်များကို ဖြည့်ကျင့်ရာ၌ ဘုရားမဖြစ်သေးသရွေ့ ကာလပတ်လုံး မိမိစည်းစိမ်ဥစ္စာများကိုလည်း လောကအတွက် လိုအပ်လျှင်စွန့်ရပေဦးမည်။ မိမိ၏ရာထူးများကိုလည်း လောကအတွက် လိုအပ်လျှင် စွန့်ရပေဦးမည်။ မိမိ၏ မိသားစုကိုလည်း လောကအတွက် လိုအပ်လျှင် စွန့်ရပေဦးမည်။ မိမိ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများကိုလည်း လောကအတွက်လိုအပ်လျှင် စွန့်ရပေဦးမည်။ မိမိ၏ အသက်ကိုပင် လောကအတွက်လိုအပ်လျှင် စွန့်ရပေဦးမည်။ အကျိုးစီးပွားအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ အများ၏အကျိုးကို ဦးစားပေး၍ ဆောင်ရွက်ရပေဦးမည်။ ထို့နောင်မှ မိမိ၏ဆွေမျိုးများအကျိုး၊ ထို့နောင်မှ မိမိ၏အကျိုးကို ဆောင်ရွက်ရပေဦးမည်။ အနစ်နာခံဖွယ်များသည် များလှစွာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အနစ်နာခံနိုင်ပါမှ၊ အနစ်နာခံရာ၌လည်း စိတ်ရောကိုယ်ပါ ရှိပါမှ ဤလောက၌ ဘုရားဖြစ်နိုင်မည်ဖြစ်၏။

လောကရေးရာအရဆိုလျှင်လည်း စစ်မှန်သောခေါင်းဆောင် ဖြစ်နိုင်မည်ဖြစ်၏။ စစ်မှန်သော ခေါင်းဆောင်ဖြစ်ပါမှလည်း လောက၏မြတ်နိုးခြင်းကို ခံထိုက်မည်ဖြစ်၏။

လောက၏ အစီးအပွားအတွက် ဆောင်ရွက်မှုနှင့်ပတ်သက်၍ ပညာရှိသူတော်စင်များ၏ အဆိုအမိန့်တစ်ခုရှိ၏။ ယင်းအဆိုအမိန့်ကား=အာရာနောယ လောကဿ-ဟူ၍ဖြစ်၏။ ယင်း၏အနက်မှာ လောကလူအပေါင်းက ကျေနပ်လက်ခံသော လုပ်ငန်းမျိုးဖြစ်ပါမှ ပါရမီမြောက်သော လုပ်ငန်းဖြစ်သည်-ဟူ၍ဖြစ်၏။

**ပါရမီမမြောက်သောလုပ်ငန်း** အမှန်အားဖြင့် လောကအတွက် ဆောင်ရွက်ရာတွင် "ငါ-အတ္တ"နှင့် "ငါ့ဥစ္စာ-အတ္တနိယ"နှစ်မျိုးလုံးကို ဖျောက်ပြီး ဆောင်ရွက်ပါမှ လောကအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ရာရောက်၏။ ငါဆောင်ရွက်ရမှ ဆိုပါလျှင်လည်း "ငါ-အတ္တ"ကိုမဖျောက်ဘဲဆောင်ရွက်ရာရောက်၏။ ငါ့အုပ်စုဆောင်ရွက်ရမှဆိုပါလျှင်လည်း "ငါ့ဥစ္စာ-အတ္တနိယ"ကို မဖျောက်ဘဲ ဆောင်ရွက်ရာ ရောက်၏။ အမှန်အားဖြင့် "ငါ-အတ္တ"နှင့် "ငါ့ဥစ္စာ-အတ္တနိယ"ကို မဖျောက်ဘဲ ယင်းတို့အပေါ်အားပြုပြီး ဆောင်ရွက်သော လုပ်ငန်းဟူသမျှသည် ပါရမီမြောက်သော လုပ်ငန်းမဟုတ်။

ပါရမီမြောက်သော လုပ်ငန်းမဟုတ်လျှင် လောက၏ အစီးအပွားအတွက်ဟူသော ရည်ရွယ်ချက်သည်လည်း အယောင်ဆောင်ရည်ရွယ်ချက်သာ ဖြစ်၏။ အယောင်ဆောင်ခြင်းဟူသမျှသည် ကောင်းသောနိဂုံးသို့ ရောက်ရိုးမရှိချေ။

**ကရုဏာနှင့်ပညာ** သုမေဓာ၏ ဘဝကိုကြည့်လျှင် သုမိတ္တာသည် အလိုအလျောက် ပါဝင်လာသည်ကို တွေ့ရ၏။ ဤသည်မှာလည်း အကြောင်းမဲ့ မဟုတ်၊ ဓမ္မတာအရ ပါဝင်လာခြင်းဖြစ်၏။ မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ ပြုလုပ်သူ၌ ကရုဏာနှင့် ပညာရှိဖို့လို၏။ ဒင်္ဂါးပြားတစ်ပြားတွင် ခေါင်းနှင့်ပန်း ပါရှိပါမှ အသုံးပြု၍ ရသော ဒင်္ဂါးဖြစ်၏။ ထို့အတူပင် လုပ်ငန်းတည်းဟူသော စေတနာ၌လည်း ကရုဏာနှင့်ပညာသည် ခေါင်းနှင့်ပန်းသဖွယ် ပါရှိရ၏။ ထိုသို့ ပါရှိပါမှလည်း လောကအတွက် အသုံးပြု၍ရသောလုပ်ငန်းဖြစ်၏။ လောကအတွက် အသုံးပြု၍ ရပါမှလည်း လောက၏ မြတ်နိုးခြင်းကို ခံရမည်ဖြစ်ပါ၏။

ပါရမီမြောက်သော လုပ်ငန်းများကို ဆောင်ရွက်ရာ၌ အမျိုးသမီးသည် "ကရုဏာ"၏ ပုံဆောင်ဖြစ်၍ အမျိုးသားသည် "ပညာ"၏ပုံဆောင်ဖြစ်၏။ ယင်းပုံဆောင်နှစ်မျိုးသည် ခွဲ၍မရဘဲ တစ်သားတည်းလည်းဖြစ်ဖို့လို၏။ ဒင်္ဂါးပြား၏ ခေါင်းနှင့်ပန်းကို ခွဲ၍မရသလိုပင်ဖြစ်၏။

ဤဓမ္မတာအရ သုမေဓာရှင်ရသေ့၏ ဗျာဒိတ်ခံပွဲ၌ သုမိတ္တာသည် အလိုအလျောက် ပါဝင်လာခြင်းဖြစ်၏။ ကရုဏာနှင့်ပညာတို့၏ ပေါင်းဆုံပွဲဖြစ်၏။ တစ်နည်းအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရလျှင်လည်း လောကအတွက် လ နှင့် နေ တို့၏ ပထမဦးဆုံး ထွန်းပပွဲဖြစ်၏။ "လ"သည် အမျိုးသမီးဖြစ်လျှင် "နေ"သည် အမျိုးသားဖြစ်၏။

သုမေဓာရှင်ရသေ့၏ ဘဝသည် ဂေါတမဗုဒ္ဓဝင်၌ အစဆုံးဘဝဖြစ်၏။ အစဆုံး ဘဝတွင် နေက္ခမ္မပါရမီဖြင့် စ၏။ အနုလောမ ပဋိစ္စသမုပ္ပါဒ်အရ ဘဝဟူသမျှတွင်လည်း ဘဝနိကန္တိကလောဘဇော အနေဖြင့် တဏှာ–က စ၏။ ပဋိလောမ ပဋိစ္စသမုပ္ပါဒ်အရ ဘဝမှ လွတ်မြောက်ခြင်း ဟူသမျှတွင်လည်း တဏှာကိုပယ်သတ်သည့်အနေဖြင့် နေက္ခမ္မ– က စရ၏။ ဘဝဖြစ်ပေါ်ခြင်းသည် တဏှာကစလျှင် ဘဝမှ လွတ်မြောက်ခြင်းသည် နေက္ခမ္မ– က စ၏။

ထို့ကြောင့် မြင့်မြတ်သူတို့၏ လုပ်ငန်းဟူသမျှ၌ နေက္ခမ္မသဘောပါဝင်မှ ပါရမီအဖြစ်သို့ ရောက်နိုင်ခြင်းဖြစ်၏။ သို့ဖြစ်၍ သုမေဓာရှင်ရသေ့ဘဝသည် အစကောင်းသည်ဟူ၍ ဆိုရ၏။ လုပ်ငန်းဟူသမျှတွင် အစကောင်းမှ အနှောင်းသေချာ၏။ နေက္ခမ္မပါရမီနှင့် ပတ်သက်၍ ဝိသတိနိပါတ် သောမနဿ ဇာတ်လာ သောမနဿ မင်းသားဘဝ၊ ဝိသတိနိပါတ် ဟတ္ထိပါလ ဇာတ်လာ ဟတ္ထိပါလဗြာဟ္မဏဘဝ၊ ဝိသတိနိပါတ် အယောဃရ ဇာတ်လာ အယောဃရမင်းသားဘဝ၊ စတ္တာလီသနိပါတ် စူဠသုတသောမ ဇာတ်လာ စူဠသုတသောမ မင်းသားဘဝ တို့သည်လည်း တောထွက်ခြင်း နေက္ခမ္မပါရမီနှင့် ပတ်သက်၍ ထင်ရှားကြပါ၏။

သို့ရာတွင် ဗုဒ္ဓဝင်ပါဠိတော်လာ သုမေဓာဘဝသည် ဘုရားလောင်း၏ အစဆုံး ဘဝဖြစ်သဖြင့် နေက္ခမ္မ ပါရမီသဘောကို ပို၍နားလည်ဖွယ်ရှိ၏။ အမှန်အားဖြင့် သုမေဓာ၏ ဘဝသည် ထိုခေတ်ဓလေ့ကို လွန်လေ၏။

**ဝေဒကိုတော်လှန်ခြင်း** ထိုခေတ်ဓလေ့အရ တောထွက်ခြင်းဟူသည်မှာ အသက် ၅၀– မှ အသက် ၇၅–နှစ်အတွင်းပြုလုပ်ရသော ကျင့်စဉ်ဖြစ်၏။ အသက် ၂၅–နှစ်တိုင်အောင် ပညာသင်ရ၏။ အသက် ၂၆–နှစ်မှ ၄၉–နှစ်တိုင်အောင် အိမ်ထောင်သည်ဘဝ၏ တာဝန်ကို ထမ်းဆောင်ရ၏။ ထို့နောက် အသက် ၅၀–မှ ၇၅–နှစ်တိုင်အောင် တောထွက်၍ တရားဘာဝနာကျင့်စဉ်များကို ကျင့်သုံးပြီး ကျောင်းသားများ၏ ဆရာ "ဂုရု"တာဝန်ကို ထမ်းဆောင်ရ၏။ ထိုမှနောက်၌ကား မိမိဘာသာတစ်ယောက်တည်း တရားဘာဝနာအလုပ်ကိုသာ စောက်ချပြီးလုပ်ရ၏။ ဤသည်မှာ ဝေဒကျမ်းများ၏ အရွယ်လေးပါးအပေါ် တာဝန်သတ်မှတ်ချက်ဖြစ်၏။ သုမေဓာရှင်ရသေ့ကား ငယ်ရွယ်စဉ် ကာလ၌ပင် တောထွက်ခြင်းဖြစ်သဖြင့် ဝေဒကို တော်လှန်သူဖြစ်၏။ ဝေဒကို တော်လှန်နိုင်သဖြင့်လည်း အလောင်းတော် ဖြစ်လာရခြင်း ဖြစ်၏။

သုမေဓာကို ကြည့်လျှင် ဝေဒခေတ် ပညာတတ်ပင်ဖြစ်၏။ ထိုခေတ်က ပညာရေးမှာလည်း ဝေဒပညာရေးသာဖြစ်၏။ သူ၏ တပ်မက်ဖွယ်ကောင်းသော စည်းစိမ်ဥစ္စာများကို စွန့်၍ သခ်မ်းကျောင်းကိုမိုဝဲ၏။ ထို့နောက် သခ်မ်းကျောင်းကို

www.burmeseclassic.com

www.burmeseclassic.com



စွန့်၍ သစ်ပင်ရင်းကို မှီဝဲ၏။ အစာအာဟာရနှင့် ပတ်သက်၍လည်း ရွာဆွမ်းကိုစွန့်၍ သစ်သီးသစ်ဖုများကို ရှာဖွေမှီဝဲ၏။ ထို့နောက် သစ်သီးသစ်ဖုများ ရှာဖွေခြင်းကိုစွန့်၍ အလိုလိုကြွေကျသော သစ်သီးများကိုသာ ဘုဉ်းပေး၏။ တစ်စတစ်စ ရန်းထွက်ခြင်းဖြစ်၏။

သောမနဿဇာတ်တွင် အလောင်းတော်သောမနဿသည် ကုရုတိုင်း၊ ဥတ္တရပဉ္စာလမြို့တော် ရေဏုမင်း၏ သားတော်ဖြစ်၏။ မင်းစည်းစိမ်ကို မယူဘဲ မင်းသားဘဝဖြင့်ပင် တောထွက်၏။ ဟတ္ထိပါလဇာတ်တွင် အလောင်းတော် ဟတ္ထိပါလသည် ဗာရာဏသီပြည် ဧသုကာရီမင်းကြီး၏ ပုရောဟိတ်သား လေးယောက်တို့အနက် အကြီးဆုံးဖြစ်၏။ ဟတ္ထိပါလသည်လည်း မင်းကြီးကပေးသော မင်းစည်းစိမ်ကိုမယူဘဲ တောထွက်၏။ အယောဃရ ဇာတ်တွင် အလောင်းတော်အယောဃရသည် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ သားတော်ဖြစ်၏။ သူသည်လည်း မင်းစည်းစိမ်ကို မယူဘဲ တော်ထွက်၏။ စူဠသုတသောမ ဇာတ်တွင် အလောင်းတော်စူဠသုတသောမ သည် သုဒဿနပြည်၏ ဧကရာဇ်ဖြစ်၏။ စန္ဒာဒေဝီအမှူးပြုသော မိဖုရားပေါင်း တစ်သောင်း ခြောက်ထောင်ရှိ၏။ မင်းကြီးသည် သူ၏ဦးခေါင်း၌ ဆံပင်ဖြူပေါက်သည်ကို မြင်သော အခါ တောထွက်၏။ ထို့အပြင် အခြားတောထွက်သော ဇာတ်များလည်း များစွာပင် ရှိလေ၏။

**ပါရမီဆယ်ပါးပါဝင်ခြင်း** နေကွမ္မပါရမီကို ဖြည့်ကျင့်ရာ၌ အခြားပါရမီများသည် ပါဝင်သည်ပင်ဖြစ်၏။

၁။ စည်းစိမ်ဥစ္စာများနှင့် အခွင့်အရေးများကို ထိုထိုပုဂ္ဂိုလ်များအား စွန့်လွှတ် လှူဒါန်းခြင်းသည် ဒါနပါရမီဖြစ်၏။

၂။ မိမိ၏ ဘဝအဆင့်အတန်း မြင့်မားသွားသည်ဖြစ်စေ၊ နိမ့်ကျသွားသည်ဖြစ်စေ၊ တစ်စုံတစ်ရာ ချောက်ချားခြင်းမရှိဘဲ မိမိ၏ကိုယ်ကျင့်သိက္ခာကို ကောင်းအောင် ထိန်းသိမ်းခြင်းသည် သီလပါရမီဖြစ်၏။

၃။ တပ်မက်စရာများနှင့် တပ်မက်သော စိတ်တို့၏ ဆွဲဆောင်မှုမှ ရုန်းထွက်ခြင်းသည် နေကွမ္မ ပါရမီဖြစ်၏။

၄။ ဤသို့သော ပါရမီအကျင့်ဖြင့်သာ သဗ္ဗညုတဉာဏ်တော်ကို ရနိုင်သည်ဟူ၍ သိသော အသိသည် ပညာပါရမီဖြစ်၏။

၅။ ထိုအကျင့်အတိုင်း ခွဲလုံ့လဖြင့် ကျင့်ခြင်းသည် ဝီရိယ ပါရမီဖြစ်၏။

၆။ တွေ့ကြုံရသော အခက်အခဲဟူသမျှကို ကျော်လွှားသွားနိုင်သည်အထိ ကြံ့ကြံ့ခံနိုင်ခြင်းသည် ခန္တီပါရမီဖြစ်၏။

၇။ ကိုယ်နှုတ်စိတ် သုံးပါးလုံးတို့ တစ်ဖြောင့်တည်းဖြစ်ခြင်းသည် သစ္စာပါရမီဖြစ်၏။

၈။ မိမိဆုံးဖြတ်ထားသည့်အတိုင်း ဖြစ်အောင်လုပ်ခြင်းသည် အဓိဋ္ဌာန်ပါရမီဖြစ်၏။

၉။ လောကအပေါ် တကယ်အကျိုးလိုလားသော နလုံးသားဖြင့် ချစ်တတ်ချင်းသည် မေတ္တာပါရမီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ မိမိအပေါ်ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အရာရာကို ခွင့်လွှတ်နိုင်ခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

ပါရမီတစ်ပါးကို ဖြည့်ကျင့်ရာ၌ အခြားပါရမီများလည်း ထိုက်သင့်သလို ပါဝင်၏။ ပဓာနနှင့် အပဓာနသာ ခြားနား၏။ အမှန်အားဖြင့် လုပ်ငန်းများလုပ်ရာ၌ မိမိအတွက် ဘာကိုမျှ မျှော်ကိုးခြင်းမရှိဘဲ လွတ်လွတ်စင်ကြယ်သော စိတ်ထားဖြင့် မိမိတာဝန်အရ ဟူ၍ခံယူပြီး လုပ်ခြင်းသည် နေက္ခမ္မပါရမီ၏၊ အနှစ်သာရဖြစ်၏။

လုပ်ငန်း၌ နေက္ခမ္မပါရမီသဘော ပါဝင်လာလျှင် ကျန်သော ပါရမီသဘောများသည်လည်း ပါဝင်လာတော့သည်သာဖြစ်ပါ၏။ ထို့ကြောင့် မိမိတို့၏ ကာယကံ, ဝစီကံ,မနောကံ တို့၌ နေက္ခမ္မပါရမီသဘောပါဝင်နိုင်စေခြင်းဌာ တစ်စတစ်စစွန့်လွှတ်ခြင်း, အနစ်နာခံခြင်း ဖြင့် မိမိတို့၏ လုပ်ငန်းများကို လုပ်နိုင်အောင် ကြိုးစားအပ်ပါ၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များ အများစုရှိသော အဖွဲ့အစည်းသည်လည်းကောင်း၊ အရပ်ဒေသသည် လည်းကောင်း အဘယ်မျှငြိမ်းချမ်းပေလိမ့်မည်နည်း။

❂❂❂❂❂❂❂

## ပညာပါရမီ

ပညာသည် မောဟ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြောင့် ပညာကို "အမောဟ"ဟူ၍ ခေါ်ခြင်းဖြစ်၏။ မောဟကို မြန်မာဝေါဟာရအားဖြင့် "တွေဝေခြင်း" ဟူ၍ဆို၏။ ထို့ကြောင့် မောဟတွင် မိမိက အကုသိုလ်ကို လုပ်နေပါလျက် အကုသိုလ်ကို လုပ်နေမှန်းမသိသောသဘောနှင့်၊ မိမိက ကုသိုလ်ကို လုပ်နေပါလျက် ကုသိုလ်ကိုလုပ်နေမှန်း မသိသော သဘောလည်း ပါဝင်၏။ ထို့ကြောင့် မောဟကို "မသိခြင်း=အပ္ပဋိပတ္တိ" ဟူ၍လည်း ဆိုရ၏။

မောဟတွင် မိမိကအကုသိုလ်လုပ်နေပါလျက် ကုသိုလ်ကိုလုပ်နေသည်ဟူ၍ သိသောသဘောနှင့်၊ မိမိကကုသိုလ်ကို လုပ်နေပါလျက် အကုသိုလ်ကို လုပ်နေသည်ဟူ၍ သိသောသဘောလည်းပါဝင်၏။ ထို့ကြောင့် မောဟကို "ဖောက်ပြန်စွာသိခြင်း=ဝိပ္ပဋိပတ္တိ" ဟူ၍လည်း ဆိုရ၏။

လောကတွင် ကုသိုလ်အကုသိုလ်ဟူ၍ ပုံသေသတ်မှတ်ချက်မရှိဘဲ မိမိ၏ လုပ်ငန်းအောင်မြင်လျှင် ကုသိုလ်ဟူ၍လည်းကောင်း၊ မိမိ၏ လုပ်ငန်းမအောင်မြင်လျှင် အကုသိုလ်ဟူ၍လည်းကောင်း သိသော သဘောသည်လည်း မောဟတွင်ပါဝင်၏။ ထို့ကြောင့် မောဟကို "မှားယွင်းစွာသိခြင်း=မိစ္ဆာပဋိပတ္တိ" ဟူ၍လည်းဆိုရ၏။

ပညာသည် မောဟ၏ဆန့်ကျင်ဘက် ဖြစ်သဖြင့် မောဟ၏သဘောကိုသိလျှင် ပညာ၏ သဘောကိုပါ သိပြီးဖြစ်တော့၏။ ဗုဒ္ဓအဘိဓမ္မာအရဆိုလျှင် မောဟသည် သစ္စာလေးပါး, အတိတ်ရုပ်နာမ်,အနာဂတ်ရုပ်နာမ်,ပစ္စုပ္ပန်ရုပ်နာမ်နှင့် ယင်းတို့၏

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကျိုးဆက်သွယ်မှု ပဋိစ္စသမုပ္ပါဒ်၊ ပေါင်း ဤရှစ်ဌာနတို့၌ မသိသင့်သည်ကို သိအောင်၊ သိသင့်သည်ကို မသိအောင်ပြုလုပ်တတ်၏။

**အသိနှင့်အကျင့် အမှားနှင့်အမှန်**

လောကတွင် အသိနှင့် အကျင့်ဟူ၍ နှစ်ပိုင်း ရှိလေရာ မိမိက အကုသိုလ် လုပ်ငန်းကို လုပ်၏။ အကုသိုလ်မှန်းသိ၏။ သို့ရာတွင် ဆက်၍လုပ်၏။ ဤသည်မှာ "အသိမှန်နှင့်အကျင့်မှား"ဖြစ်၏။ ဆက်၍လုပ်ရာတွင် မိမိ၏ကိုယ်ကျိုး ကိုယ့်စီးပွားအတွက်မဟုတ်ဘဲ လောက၏ အကျိုးစီးပွားအတွက်၊ သို့မဟုတ် ဓမ္မပွားစီးရေး အတွက် မိမိဘဝကို အနစ်နာခံပြီး စတေးသည့်သဘောမျိုးဖြင့် လုပ်ပါက ထိုသို့လုပ်ခြင်းမျိုးကို မြင့်မြတ်သူတို့၏ လုပ်ခြင်း ဟူ၍ဆိုရ၏။

အကယ်၍ မိမိ၏အကျိုးစီးပွားအတွက် လုပ်ခြင်းမျိုးဖြစ်ပါက ထိုသို့လုပ်ခြင်းမျိုးကို မြင့်မြတ်သူတို့၏ လုပ်ခြင်း ဟူ၍မဆိုရ။ ထို့အပြင် မိမိက အကုသိုလ်လုပ်ပါလျက် ကုသိုလ်လုပ်နေသည်ဟူ၍ သိ၏။ ဆက်လုပ်၏။ ဤသည်မှာ "အသိမှားနှင့်အကျင့်မှား" ဖြစ်၏။ အကုသိုလ်မှန်းလည်းမသိ၊ ကုသိုလ်မှန်းလည်း မသိ၊ မိမိ၏ပင်ကိုစရိုက်အရ လုပ်နေခြင်းဖြစ်ပါက အသိနှင့် ပတ်သက်လျှင် "အသိမှား၊ သို့မဟုတ် ဉာဏ်မဲ့စိတ်" ပင် ဖြစ်၏။

အကျင့်နှင့် ပတ်သက်လျှင်တော့ အကျင့်မှန်လည်းဖြစ်နိုင်၏။ အကျင့်မှားလည်း ဖြစ်နိုင်၏။ အဖြစ်ကို အဖြစ်အတိုင်းသိပါက အသိဉာဏ်နှင့် ပတ်သက်လျှင် ယထာဘူတ ဉာဏ်ဟူ၍ဆိုရ၏။ အကျင့်ဘက်က တစ်ပိုင်းဖြစ်၏။ အကုသိုလ်ကို ကုသိုလ်ဟူ၍ အဖြစ်နှင့်အသိ ဖောက်လွဲဖောက်ပြန်မြင်ပါက အသိနှင့် ပတ်သက်လျှင် "မိစ္ဆာဒိဋ္ဌိ" ဟူ၍ ဆိုရ၏။ ဤနေရာ၌လည်း အကျင့်ကတစ်ပိုင်းပင်ဖြစ်၏။ အကုသိုလ်ကို အကုသိုလ်မှန်း မသိဘဲ မိမိ၏ဝါသနာအရ လုပ်ခြင်းမျိုးဖြစ်ပါက အသိနှင့်ပတ်သက်လျှင် "မောဟ၊ သို့မဟုတ် ဉာဏဝိပ္ပယုတ်စိတ်"ဟူ၍ဆိုရ၏။ အကျင့်ကမူတစ်ပိုင်းဖြစ်၏။ လောက၏အကျိုး ဓမ္မ၏အကျိုးအတွက် လုပ်ခြင်းဖြစ်လျှင် ကောင်း၏။ မိမိ တစ်ကိုယ်ကောင်းအတွက် လုပ်ခြင်းဖြစ်လျှင် မကောင်း။ အကျဉ်းအားဖြင့် ဆိုရလျှင် အခြားသူများ၏ သောကနှင့် ရောနှောထားသော မိမိတို့၏သောမနဿသည် တစ်ပတ်လည်သောအခါ မိမိတို့၏ သောကနှင့် ရောနှောထားသော အခြားသူများ၏ သောမနဿဖြစ်တတ်ပါ၏။

**ပညာကိုပါရမီဖြစ်ရန် တွဲဖို့လိုသောတရား**

ပညာကို ပါရမီတစ်ရပ်အနေဖြင့်ဆိုရလျှင် ပညာကို ကရုဏာနှင့် တွဲဖို့လို၏။ ကရုဏာမပါသောပညာသည် ပါရမီအဆင့်သို့ ရောက်ဖို့ခက်၏။ မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ သိမှုသဘောသည် ပါဝင်၏။ ထိုအသိသည် ပညာဖြစ်ချင်ဖြစ်မည်။ ဒိဋ္ဌိဖြစ်ချင်ဖြစ်မည်။ မောဟဖြစ်ချင်ဖြစ်မည်။ ဉာဏဝိပ္ပယုတ် ဖြစ်ချင်ဖြစ်မည်။

ပညာဖြစ်ရိုးမှန်လျှင် ယင်း၏အောက်၌ သမာဓိရှိရ၏။ တစ်ဖန် ယင်း၏အောက်၌

www.burmeseclassic.com

www.burmeseclassic.com



သီလရှိရ၏။ သီလရှိသည်ဆိုကတည်းက ကရုဏာသည် အလိုလိုပါဝင်ပြီးသားဖြစ်၏။ သို့မှသာ အားပြည့်သောသီလဖြစ်၏။ ကရုဏာပါလျှင် မေတ္တာ၊မုဒိတာ၊ဥပေက္ခာတို့သည် ပါဝင်ဖို့မခက်ခဲ။ ထို့ကြောင့် ပါရမီမြောက်သော ပညာဖြစ်လာနိုင်စေရန် အင်အားပြည့်သော သီလနှင့် သမာဓိလို၏။ သီလနှင့်သမာဓိသာ အင်အားပြည့်ပါက လောကအပေါ် ချစ်ဖို့၊ကြင်နာဖို့၊ဝမ်းသာဖို့၊ခွင့်လွှတ်ဖို့ ဘာမျှခက်သည်မဟုတ်။ ဤကဲ့သို့သာ မိမိတို့၏ သန္တာန်၌ ဗြဟ္မစိုရ်ကို အခြေခံသော သီလရှိမည်ဆိုလျှင်၊ ထို့နောက် သမာဓိလည်း ရှိမည်ဆိုလျှင်ပညာပေါ်လာမည်ဖြစ်၏။ ပေါ်လာသော ပညာသည် ပါရမီမြောက်မည် ဖြစ်၏။

ထို့ကြောင့် ပညာပါရမီအတွက် အရေးကြီးလှသောအနေဖြင့် ဗြဟ္မစိုရ်ကို အခြေခံသော ကိုယ်ကျင့်သိက္ခာကို ခိုင်မာအောင်တည်ဆောက်အပ်၏။ ပညာသမာ အာဘာ နတ္ထိ-အရ ပညာသည်နေမင်းနှင့် တူသည်ဆိုလျှင် ကရုဏာသည် အရဏ်နှင့် တူပါ၏။ အရဏ်မရှိဘဲနှင့် နေထွက်ရိုးမရှိသကဲ့သို့ ကရုဏာမပါသော ပညာသည်လည်း ပါရမီဖြစ်ရိုးမရှိချေ။

**အဆင့်နှစ်ဆင့်**
**ပါရမီမြောက်သောပညာ**

ပညာသည် ပါရမီမြောက်သော ပညာဖြစ်ဖို့အတွက် အဆင့်အားဖြင့် နှစ်ဆင့်ရှိ၏။ ပထမ အဆင့်မှာ ပန်းတိုင်နှင့် ပတ်သက်၏။ ဒုတိယအဆင့်မှာ လမ်းစဉ်နှင့်ပတ်သက်၏။ စစ်ရေးဝေါဟာရအရဆိုရလျှင် ပထမအဆင့်ပညာသည် မဟာဗျူဟာဖြစ်၏။ ဒုတိယ အဆင့်ပညာသည် နည်းဗျူဟာဖြစ်၏။

မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ ပထမအဆင့်ပညာအရ ပန်းတိုင်ပျောက်၍ မဖြစ်။ ပန်းတိုင်အဖြစ် အမြဲတမ်း လောကတ္ထစရိယ- ဖြစ်နေရမည် ဖြစ်၏။ မိမိ၏အကျိုးထက် လောကအကျိုးသို့ ပို၍ဦးတည်နေရမည်ဖြစ်၏။ သို့မှသာ မိမိ၏ တဏှာကို သတ်နိုင်မည်ဖြစ်၏။ မိမိ၏ တဏှာသေသည်နှင့် တစ်ပြိုင်နက် မိမိအတွက် အကျိုး အမြတ်ဟူ၍ ဘာကိုမျှ ငဲ့ကွက်စရာရှိနေတော့မည်မဟုတ်။ မိမိလုပ်သမျှသည် လောကအတွက်သို့သာ ဦးတည်သည်ချည်းဖြစ်၏။ သို့ရာတွင် ကမ်းသို့ ဦးတည်၍ ပြေးသွားသောလှိုင်းတံပိုးသည် ကမ်းရိုးသို့ရောက်ပြီးနောက် ပျောက်မသွားဘဲ ပင်လယ်သို့ ပြန်လာသလို လောကအတွက် ဦးတည်၍ လုပ်သောလုပ်ငန်း၏ အကျိုးသည်လည်း လောကသို့ရောက်ပြီးနောက် လောကမှတစ်ဆင့် မိမိထံသို့ပြန်လာမြဲဖြစ်၏။

ထို့ကြောင့် လောက၏အကျိုးစီးပွားအတွက် ဦးတည်၍ လုပ်သော လုပ်ငန်း မှန်သမျှမှ လောကအတွက်ရသလို မိမိအတွက်လည်း အလိုလို ရပြီးသားဖြစ်၏။ သို့ဖြစ်၍လည်း ယင်းလုပ်ငန်းမျိုးကိုသာ ပါရမီဟူ၍ ခေါ်ခြင်းဖြစ်၏။ အမှန်အားဖြင့် ငါ့အတွက်ဟူ၍ ထည့်မတွက်ခြင်းသည်ပင်လျှင် အလိုလို ငါ့အတွက်ဖြစ်လေ၏။

ဤသဘောကို စာပေများ၌ အတိတ်ကာလက ခေါင်းဆောင်ကောင်းများ၏ ဘဝများ၌လည်း တွေ့ရ၏။ ပစ္စုပ္ပန်ကာလ၌လည်း ယနေ့ခေတ် အာဇာနည်ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းများ၏ ဘဝများ၌ တွေ့ရ၏။ အနာဂတ်၌လည်း အာဇာနည်ခေါင်းဆောင် ကောင်းများ၏ ဘဝများ၌ တွေ့ရမည်ပင်ဖြစ်ပါ၏။

ဤသည်မှာ မိမိတို့၏ ဘဝအတွေ့အကြုံအရ မငြင်းနိုင်သော အထောက်အထား ဖြစ်၏။ အလောင်းတော်ကြီးများ၏ ဘဝဖြစ်စဉ်များနှင့် ကမ္ဘာ့ခေါင်းဆောင် ကြီးများ၏ ဘဝဖြစ်စဉ်များကလည်း ဤအချက်မှန်ကန်ကြောင်း အထင်အရှား သက်သေပြလျက်ရှိ၏။

ဒုတိယအဆင့်ပညာအရ မိမိတို့ လက်ရှိဘဝ၏ အချိန်အခါနှင့် အခြေအနေအရ လောကတ္ထစရိယကို လုပ်ရာတွင် လိုအပ်သလို လုပ်နည်းလုပ်ဟန်များကို ပြောင်းနိုင်၏။ သို့ရာတွင် ပန်းတိုင်ကိုမူ ပြောင်း၍မရ။ မန္တလေးသို့သွားသောအခါ အလျဉ်းသင့်သလို ရေလမ်းကလည်း သွားနိုင်၏။ ကုန်းလမ်းကလည်း သွားနိုင်၏။ လေလမ်းကလည်း သွားနိုင်၏။ သင့်လျော်သလိုသွားနိုင်၏။ သို့ရာတွင် မည်သို့ပင်သွားသွား မန္တလေးသို့ သွားသည်ချည်း ဖြစ်ရ၏။

ထို့ကြောင့် ပညာပါရမီကို ပြည့်အောင်လုပ်ရာတွင် ပန်းတိုင်ကို မပြောင်းရဘဲ လမ်းစဉ်ကိုမူသင့်လျော်သလို ပြောင်းသည်-ဟူ၍ ဆိုခြင်းဖြစ်ပါ၏။ အလောင်းတော်ကြီး များသည်လည်း ဤနည်းအတိုင်းပင် မိမိတို့၏ ဘဝအခြေအနေနှင့် အချိန်အခါအရ ပညာကို လိုအပ်သလို အသုံးပြုသွားကြလေ၏။

ပိဋကစာပေများတွင် ထိုထိုခေါင်းဆောင်များကို လူအဖြစ်ဖြင့်လည်းတွေ့ရ၏။ တိရစ္ဆာန် အဖြစ်ဖြင့်လည်း တွေ့ရ၏။ လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ တကယ်တမ်း မြင့်မြတ်သော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဆောင်ရွက်ချက်များကို ဆိုင်ရာဆိုင်ရာ ပရိသတ်များက ကျေနပ်ကြ၏။ လူဖြစ်လျှင်လည်း လူပရိသတ်က ကျေနပ်ကြ၏။ တိရိစ္ဆာန်ဖြစ်လျှင်လည်း တိရစ္ဆာန်ပရိသတ်က ကျေနပ်ကြ၏။ ထိုသို့ကျေနပ်ကြခြင်းမှာ ထိုထိုခေါင်းဆောင်များသည် သူတို့၏ဘဝ၊ သို့မဟုတ် အတ္တကို ပရိသတ်၏ ဘဝ၊ သို့မဟုတ် ပရိသတ်၏ အတ္တနှင့် တစ်သားတည်းပြုထားသောကြောင့် ဖြစ်၏။

ထို့ကြောင့် စစ်မှန်သော ခေါင်းဆောင်များကို "ဘဝပျောက်နေသူများ၊ သို့မဟုတ် အတ္တပျောက်နေသူများ"ဟူ၍ဆိုရ၏။ ဘဝပျောက်ခြင်း၊ သို့မဟုတ် အတ္တပျောက်ခြင်း ဟူသည်မှာ သူတို့၏ ဘဝသည်ပင်လျှင် ပရိသတ်၏ဘဝ၊ သူတို့၏အတ္တသည်ပင်လျှင် ပရိသတ်၏ အတ္တ ဖြစ်နေခြင်းပင်ဖြစ်၏။

သူတို့၏ဘဝကား သတ်သတ်၊ ပရိသတ်၏ဘဝကား သတ်သတ်။ သူတို့၏ အတ္တကား သတ်သတ်၊ ပရိသတ်၏အတ္တကား သတ်သတ်ဟူ၍မရှိ။ အားလုံး တစ်ခုတည်း။ ထို့ကြောင့် အကယ်၍ ခါးသီးသော အကျိုးတရားများနှင့် ကြုံရစေကာမူ မိမိတို့ ခေါင်းဆောင်လုပ်သမျှသည် မိမိတို့၏ လုပ်ဆောင်ချက်များချည်းဖြစ်လေရာ မည်သူက မည်သူ့ကိုအပြစ်တင်၍ ရပေတော့မည်နည်း။ ဤသဘောကို ရသစာပေ၌ "ရသ"ဟူ၍ဆိုရ၏။ ရသ ဟူ၍ ဆိုရသဖြင့်လည်း ခါးသီးသော အကျိုးတရားများနှင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံရစေကာမူ "ရသ"ဟူသော အမည်နှင့်လိုက်အောင် နှစ်သက်ဖွယ်ဖြစ်ပါ၏။ အားတက်ဖွယ်လည်းဖြစ်ပါ၏။

အမှန်အားဖြင့် "ဒီမိုကရေစီ၏ သဘောတရားသည် ခေါင်းဆောင်၏ ဘဝနှင့် ပရိသတ်၏ဘဝ တစ်သားတည်းဖြစ်ခြင်းမှ ထွက်ပေါ်ခြင်းဖြစ်သည်" ဟုဆိုလျှင် ရနိုင်သည်ပင် ဖြစ်၏။

အမှန်အားဖြင့် ကောင်းကင်၌ လမင်းသည်တစ်ခုတည်းဖြစ်၏။ သို့ရာတွင် ရေကန်တိုင်း၌ လမင်း၏ အရိပ်သည်ထင်၏။ ရေကန်ဦးရေ ရှိသလောက် လမင်း၏ ဦးရေသည်ရှိ၏။ ရေကန်၏ ရေကြည်လင်မှုအလိုက် လမင်း၏ အရိပ်သည်လည်း ကြည်လင်၏။ ထို့အတူပင် ခေါင်းဆောင်သည် တစ်ယောက်တည်းဖြစ်သော်လည်း ခေါင်းဆောင်၏ ဘဝသည် ပရိသတ်၏ ဘဝပေါင်းများစွာနှင့် တစ်သားတည်းဖြစ်၏။

သို့ရာတွင် ပရိသတ်၏ အရည်အချင်းအလိုက် ခေါင်းဆောင်၏ ဘဝသည် ပရိသတ်၏ ဘဝများနှင့် တစ်သားတည်းဖြစ်မှုချင်းတော့ မတူချေ။ ပိပြင်သည်လည်းရှိ၏။ မှုန်ဝါးသည်လည်း ရှိလေ၏။ လူလည်းဘုရားလောင်း၊ တိရစ္ဆာန်လည်းဘုရားလောင်း၊ အတွင်းသရုပ်အနေဖြင့် အတူတူပင်။ အမြင်ပုံသဏ္ဌာန် အနေဖြင့်သာ လူနှင့်တိရစ္ဆာန် ကွဲပြား၏။ ဤသဘောအရပင် ခေါင်းဆောင်ဘဝသည် လူတိုင်း၏ ဘဝ၌ရှိ၏။သို့ဖြစ်၍ တစ်သားတည်းဟူ၍ ဆိုအပ်၏။

ပါရမီသဘောအရ ပညာကို ပြည့်အောင်အားထုတ်ရာ၌ စာပေကျမ်းဂန်များနှင့် ဘဝအတွေ့အကြုံများကို လေ့လာဆည်းပူးအပ်၏။ ထိုသို့လေ့လာဆည်းပူးရာတွင် မဇ္ဈိမပဋိပဒါကျဖို့လိုအပ်၏။ စာပေကျမ်းဂန် လေ့လာဆည်းပူးခြင်းနှင့် ပတ်သက်၍ ဒီပဲရင်းဆရာတော်ကြီးက "တရားကို စာအုပ်ကွယ်တတ်သည်" ဟူ၍ မိန့်ဖူးကြောင်း ကြားသိရ၏။ လက်တွေ့အားဖြင့်လည်း တကယ်စာတတ်ပေတတ် ပုဂ္ဂိုလ်များကို တွေ့ဖူးပါ၏။ နှုတ်ကပြောဆိုလိုက်သည့် စာသံပေသံများမှာ အံ့မခန်းပင်ဖြစ်၏။ သို့ရာတွင် လက်တွေ့အကျင့်သိက္ခာပိုင်း၌မူ မိမိပြောသလို မကျင့်၊ မိမိရွတ်ဆိုသည့် စာပေ၏ အဆိုအမိန့်များနှင့် လုံးလုံးခြားနား၏။ ဤသည်မှာ တရားကိုစာအုပ်က ကွယ်ခြင်းဖြစ်၏။

ယင်းကို "အန္တ ပဋိပဒါ"ဟူ၍ဆိုရ၏။ အစွန်းရောက်သဘောဖြစ်၏။ အချို့သော သူများကျတော့လည်း စာပေကျမ်းဂန်များကို လျစ်လျူ၏။ အစဉ်အလာကို ပယ်၏။ မိမိ၏အယူအတိုင်း ပြော၏။ ဆို၏။ လုပ်ကိုင်၏။ ဤသဘောမှာလည်း အစွန်းရောက် အန္တ ပဋိပဒါ ပင်ဖြစ်၏။

ထို့ကြောင့် ပညာကို လေ့လာဆည်းပူးရာတွင် စာပေကျမ်းဂန်နှင့် လက်တွေ့ကို လိုက်လျောညီထွေ ရှိအောင် အားထုတ်အပ်၏။ သို့မှသာ မဇ္ဈိမပဋိပဒါကျသော လေ့လာအားထုတ်နည်း ဖြစ်ပေလိမ့်မည်။ မဇ္ဈိမပဋိပဒါ ကျမှလည်း ကိုယ်ကျင့်သိက္ခာကို တည်ဆောက်နိုင်ပြီး လောကတ္တစရိယအတွက် အသုံးဝင်သော ပညာဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ပိဋကတော်များ၌လည်း "ဆေးကြောင့် ဖြစ်ပေါ်လာသော ရောဂါသည် ဆေးဝါးကို မှီဝဲလေ ရောဂါသည်းလေ"ဖြစ်သကဲ့သို့ ပညာကြောင့် ဖြစ်ပေါ်လာသော ကောက်ကျစ်မှုသည် "ပညာတတ်လေ ပို၍ကောက်ကျစ်လေ" ဖြစ်တတ်ပါ၏။ ပညာကို မရွှိမပဋိပဒါ ကျအောင် အားမထုတ်ခြင်း၏ အပြစ်ပင်ဖြစ်ပါ၏။

**အသိဉာဏ်၏ဦးဆောင်မှု**

ပါရမီမြောက်သော လုပ်ငန်း၌ဖြစ်စေ၊ ပါရမီ မမြောက်သော လုပ်ငန်း၌ဖြစ်စေ၊ မည်သည့်လုပ်ငန်း၌ဖြစ်ဖြစ် အသိဉာဏ်သည် ဦးဆောင်မှုကဏ္ဍမှ ပါဝင်ရသည်ချည်းဖြစ်၏။ အသိဉာဏ်ဟူသည်မှာ ပညာ၏အမည်ဖြစ်၏။ ထို့ကြောင့် ပညာသည်အရေးကြီး၏။ ပညာသည် ပန်းတိုင်အရ မပြောင်းလဲနိုင်သော်လည်း လမ်းစဉ်အရ သင့်လျော်သလို ပြောင်းနိုင်၏။

ထို့ကြောင့် ဒါနပါရမီကို ဖြည့်ကျင့်ရာ၌ အလှူခံသူတိုင်း၏ စိတ်ကြိုက်ဖြစ်ဖို့ အရေးကြီး၏။ အလှူခံသူတိုင်း၏ စိတ်ကြိုက်ဖြစ်အောင် ဆောင်ရွက်နိုင်ခြင်းသည်လည်း အရေးကြီးသည်ပင်ဖြစ်၏။ ထို့ကြောင့် အလှူခံသူတိုင်း၏ စိတ်ကြိုက်ဖြစ်အောင် ဆောင်ရွက်နိုင်ခြင်းကိုလည်း ပညာပါရမီဟူ၍ပင် ဆိုရ၏။ အလားတူပင် သီလပါရမီ စသောလုပ်ငန်းများ၌လည်း မိမိနှင့်ဆက်သွယ်ရာ ပုဂ္ဂိုလ်များ ကျေနပ်မှုရှိအောင် ဆောင်ရွက်နိုင်ခြင်းသည် နဂိုမူလက ပညာပါရမီဓာတ်ခံရှိသော ပုဂ္ဂိုလ်ဖြစ်ပါမှ ဆောင်ရွက်နိုင်သော လုပ်ငန်းဖြစ်၏။

အမှန်အားဖြင့်လည်း လောကတ္ထစရိယ အတွက် ဆောင်ရွက်ရာတွင် တကယ်တမ်း လောကအတွက် အကျိုးရှိပါမှလည်း ရည်ရွယ်ရင်း ပြည့်မြောက်မည်ဖြစ်၏။ ရည်ရွယ်ရင်းပြည့်မြောက်ပါမှလည်း ပညာပါရမီဟူသောအမည်ကို ခံယူထိုက်မည်ဖြစ်၏။ သို့မဟုတ်ပါက ဗဟုသုတအဆင့်၌သာ ရှိပေလိမ့်မည်။

**ပညာပါရမီပြည့်စုံအောင် လုပ်အပ်သောအဆင့်များ**

ပါရမီသဘောအရ ပညာကိုဆည်းပူးရာ၌ အကြားအမြင် ရှိဖို့လည်း လို၏။ ထိုးထွင်း၍သိဖို့လည်း လို၏။ မိမိ၏ ကိုယ်ကျင့်သိက္ခာကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်အောင် ပွားများဖို့လည်းလို၏။ အကြားအမြင် မရှိပါကလည်း သစ္စဉာဏ်ကို ရနိုင်ဖို့ အကြောင်းမရှိ။ ပိဋကတော်များ၌ ထိုသဘောကို "ပရတောဃောသ"အနေဖြင့် ဖော်ပြထား၏။ ထို့ကြောင့် အကြားအမြင်သည်လည်း များစွာပင်ပြဋ္ဌာန်းပါ၏။

ထိုနည်းအတူပင် ထိုးထွင်း၍သိမှုနှင့် ပွားများလာအောင် အားထုတ်မှုသည်လည်း လိုအပ်သည်ပင်ဖြစ်၏။ ပညာနှင့်ပတ်သက်၍ ဤသုံးဆင့်ကို ကျမ်းဂန်များ၌ သုတမယပညာ၊ စိန္တာမယပညာ၊ ဘာဝနာမယပညာ ဟူ၍ ခွဲခြားပြီး ဖော်ပြထား၏။ ဤသုံးဆင့်မှာ ပညာပါရမီအတွက် တကယ်တမ်းလိုအပ်သော အဆင့်များဖြစ်၏။ ထို့ကြောင့် ပညာကိုပါရမီအနေဖြင့် လေ့လာအားထုတ်ရာတွင် ဤသုံးဆင့်ကို ပြည့်စုံအောင် အားထုတ်ပါမှ "ပညာသမာ အာဘာ နတ္ထိ" ဟူသည်နှင့်အညီ တကယ်တမ်းထွန်းပသော

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်စစ်ကို တွေ့ရှိနိုင်မည်ဖြစ်၏။ သို့မဟုတ်ပါက အလင်းရောင်အတုကြောင့် ကိုယ်ကျိုးရှာသမား ဘဝဖြင့် သံသရာ၌အဆုံးမရှိအောင် ကျင်လည်နေရပေလိမ့်မည်။

**ပညာပါရမီနှင့်ဝိဓူရဇာတ်တော်**

ပညာပါရမီဖြည့်ခြင်းနှင့်ပတ်သက်၍ ဇာတ်တော်ပေါင်းများစွာရှိသည့်အနက် ဝိဓူရဇာတ်သည် စိတ်ဝင်စားဖွယ်ကောင်း၏။ ကုရုတိုင်း၊ ဣန္ဒပတ္တနဂိုပြည်တွင် ကောရဗျ မင်း စိုးစံစဉ်ကာလ ဖြစ်၏။ ကောရဗျ မင်း၏ အမတ်ကြီးမှာ ဝိဓူရ ဖြစ်၏။ ဝိဓူရကို "ဝိဓူရသုခမိန်" ဟူ၍ ခေါ်၏။ ဝိဓူရသုခမိန်သည် ဘုရားလောင်းဖြစ်၏။ ပညာအရာ၌ အလွန်ကျော်ကြား၏။ သူ၏သတင်းသည် ဇမ္ဗူဒိပ်ကျွန်းရှိ တိုင်းပြည်များတိုင်အောင် ပျံ့နှံ့၏။

တစ်ခုသောနေ့တွင် ကောရဗျမင်းသည် ဥပုသ်ဆောက်တည်ပြီး မိမိ၏ဉယျာဉ်၌ သီလကို စင်ကြယ်အောင် စောင့်ထိန်းလျက်နေ၏။ သိကြားမင်းသည်လည်းကောင်း၊ ဂဠုန်မင်းသည်လည်းကောင်း၊ နဂါးမင်းသည်လည်းကောင်း မိမိတို့၏နိုင်ငံမှ ထွက်ခွာခဲ့ပြီး ထိုဉယျာဉ်သို့ပင် လာရောက်၍ ဥပုသ်သီတင်းဆောက်တည်လျက် နေကြ၏။ နေ့အခါ၌မူ မင်းလေးပါးတို့သည် သီလကိုသာ မပြောက်,မကျား,မကျိုး,မပေါက် စင်စင်ကြယ်ကြယ်ဖြစ်အောင် ဆင်ခြင်ပွားများပြီး မိမိတို့နှစ်သက်ရာ နေရာအသီးသီး၌ နေကြ၏။ ညချမ်းရောက်သောအခါ မင်းလေးပါးတို့သည် မိမိတို့၏နေရာအသီးသီးမှ ထွက်ခဲ့ကြပြီး မင်္ဂလာလေးထောင့်ကန်၌ ဆုံကြ၏။

**ပုထုဇဉ်တို့၏သဘောထား**

မင်းလေးပါးတို့သည် ပုထုဇဉ်များဖြစ်ကြ၏။ ပုထုဇဉ်များဖြစ်ကြသဖြင့် ပုထုဇဉ်တို့၏ သဘာဝအတိုင်း အရာရာတိုင်း၌ "အသာ"ရလိုကြ၏။ ကုသိုလ်ရေး၌ပင် "အသာ"ရလိုကြ၏။ ထို့ကြောင့် "သူ့သီလကပိုမြတ်သည်၊ ငါ့သီလကပိုမြတ်သည်"ဟု အချင်းချင်း ပြိုင်ကြ၏။ သို့ရာတွင် အားလုံးက ကျေနပ်လက်ခံနိုင်သော အဆုံးအဖြတ်ကို မရကြ။ သူ့အကြောင်းပြချက်နှင့်သူမှန်သည်ချည်း ဖြစ်၏။

နဂါးမင်းကလည်း သူ၏သီလသည် သာမညသီလမဟုတ်၊ ဂဠုန်မင်း၏အန္တရာယ်ကို လျစ်လျူရှုပြီး ထိန်းသောသီလဖြစ်၏။ ထို့ကြောင့် အားလုံးထက် သူ့သီလကမြတ်၏–ဟူ၍ဆို၏။ ဂဠုန်မင်းကလည်း သူ့သီလသည် သာမညသီလမဟုတ်၊ နဂါးမင်းကို မစားဘဲ အငတ်ခံပြီး ထိန်းသောသီလဖြစ်၏။ ထို့ကြောင့် အားလုံးထက် သူ့သီလကမြတ်၏–ဟုဆို၏။ သိကြားမင်းကလည်း သူ၏သီလသည် သာမညသီလမဟုတ်၊ နတ်တို့၏ကာမဂုဏ်ကို လျစ်လျူရှုပြီး ထိန်းသောသီလဖြစ်၏။ ထို့ကြောင့် အားလုံးထက် သူ့သီလကမြတ်၏–ဟုဆို၏။ ကောရဗျမင်းကလည်း သူ၏သီလသည် သာမညသီလမဟုတ်၊ မင်းစည်းစိမ်ကို လျစ်လျူရှုပြီး ထိန်းသောသီလဖြစ်၏။ ထို့ကြောင့် အားလုံးထက် သူ့သီလကမြတ်၏–ဟုဆို၏။ အမှန်အားဖြင့် မင်းလေးပါးတို့သည် သစ္စာအမှန်တရားနှင့် ပတ်သက်၍ ဘက်ပေါင်းစုံကိုမမြင်နိုင်ဘဲ မိမိတို့၏ မြင်သောဘက်မှ

www.burmeseclassic.com

www.burmeseclassic.com



ဆိုခြင်းဖြစ်၏။ ထို့ကြောင့် အချင်းချင်း ငြင်းခုန်ကြခြင်းဖြစ်၏။ မျက်မမြင် ပုဏ္ဏားခြောက်ယောက်သဖွယ် ဖြစ်၏။

မင်းလေးပါးတို့သည် မိမိတို့၏ သီလပြဿနာကို ဝိဓူရသုခမိန်ထံသွား၍ အဆုံးအဖြတ်ခံရန် သဘောတူကြ၏။ သစ္စာအမှန်တရားဟူသည် အရေအတွက် သဘောအရ အမှန်မဟုတ်။ အရည်အချင်းသဘောအရသာ အမှန်ဖြစ်၏။ အရေအတွက် ဟူသည်မှာ အဆုံးအပိုင်းအခြားရှိသော "အန္တ" သဘောကို ဆောင်၏။ အရည်အချင်း ဟူသည်မှာ အဆုံးအပိုင်းအခြားမရှိသော "အနန္တ" သဘောကို ဆောင်၏။ ထို့ကြောင့် အရေအတွက်အပေါ် အခြေခံ၍ ငြင်းခုံနေလျှင် ထိုသို့ငြင်းခုံခြင်းသည် မည်သည့်အခါမျှ ဆုံးမည်မဟုတ်။ ထို့ကြောင့် အရေအတွက်အပေါ် အခြေခံ၍ ငြင်းခုံ နေကြသော မင်းလေးပါးတို့၏ ပြဿနာကို ဝိဓူရသုခမိန်က အရည်အချင်းအပေါ် အခြေခံ၍ မင်းလေးပါးတို့၏ သီလများသည် ဝိတိက္ကမကိလေသာ များကို ပယ်ရာ၌ ဝိရတိ သဘောအရ "တဒင်္ဂပဟာန်ချင်း တူကြသဖြင့် အားလုံး ထပ်တူထပ်မျှ မြတ်ကြပါ၏" ဟူ၍ အဆုံးအဖြတ်ပေးလိုက်ရာ မင်းလေးပါးလုံး ကျေနပ်ကြ၏။

ကျေနပ်နှစ်သက်ကြသည့်အလျောက် သိကြားမင်းက ဝိဓူရသုခမိန်အား "ဘွဲ့ဖြူပုဆိုး" ဖြင့်လည်းကောင်း၊ ဂဠုန်မင်းက "ရွှေပန်းကုံး" ဖြင့်လည်းကောင်း၊ နဂါးမင်းက "ပတ္တမြား" ဖြင့်လည်းကောင်း၊ ကောရဗျမင်းက "ဆင်,မြင်း စသောရတနာ" များဖြင့်လည်းကောင်း ပူဇော်ကြ၏။ ထို့နောက် မိမိတို့နေရာများသို့ ပြန်ကြလေ၏။

နဂါးမင်းသည် နဂါးပြည်သို့ ရောက်၏။ နဂါးပြည်သို့ရောက်သောအခါ သူ၏လည်၌ဆင်မြန်းသော ပတ္တမြားကိုမတွေ့သဖြင့် သူ၏မိဖုရားကြီး ဝိမလာဒေဝီ က မေးမြန်း၏။ နဂါးမင်းကလည်း ဝိဓူရသုခမိန်၏ တရားဒေသနာကို နာကြားရသဖြင့် သုခမိန်၌ ကြည်ညို၍ ပူဇော်ခဲ့ကြောင်း ပြန်လည်ပြောကြား၏။ ထိုအခါ ဝိမလာဒေဝီ ကလည်း ဝိဓူရသုခမိန်၏ တရားဒေသနာကို နာကြားလိုလှ၏။ သို့ရာတွင် ထိုခေတ်ယဉ်ကျေးမှုအရ အမျိုးသမီးအနေဖြင့် အမျိုးသားဖြစ်သူ ဝိဓူရသုခမိန်၏ တရားဒေသနာကို နာကြားနိုင်ရန် ပင့်ခေါ်ပေးဖို့ တိုက်ရိုက် ထုတ်ဖော်ပြောဆိုခွင့်မရှိ။ ထို့ကြောင့် ဝိမလာဒေဝီသည် ဝိဓူရသုခမိန်ထံမှ တရားဒေသနာ နာကြားနိုင်ရေးအတွက် ပရိယာယ်ဆင်ရလေ၏။

ဝိမလာဒေဝီသည် ကျက်သရေတိုက်ခန်းသို့ ဝင်၍အိပ်လေ၏။ အစာလည်း မစားတော့။ အကျိုးအမြတ်တိုင်းအတွက် ထိုက်တန်သောအရင်းအနှီးကို ရင်းနှီးရ၏။ ထို့ကြောင့် ဝိမလာဒေဝီသည် ဤသို့ရင်းနှီးခြင်းဖြစ်၏။ ရံရွေတော် နဂါးမငယ်များ အားလည်း မိမိမကျန်းမာကြောင်း ပြောထား၏။ နဂါးမင်းကြီးသည် မိမိ၏ညီလာခံ၌ ဝိမလာဒေဝီကို မတွေ့သောအခါ မေးမြန်းလေရာ ဝိမလာဒေဝီ မကျန်းမာကြောင်း သိရသဖြင့် ဝိမလာဒေဝီ၏ ကျက်သရေတိုက်ခန်းသို့လာ၍ သတင်းမေး၏။ ဝိမလာဒေဝီ ကလည်း" ဝိဓူရ၏နှလုံးသားကို တရားသဖြင့်ရပါမှ" မိမိကျန်းမာမည်ဖြစ်ကြောင်း နဂါးမင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးအား တင်လျှောက်၏။ နှလုံးသားကို တရားသဖြင့်ရခြင်းဟူသည်မှာ ဝိဓူရသုခမိန်က သူ၏နှလုံးသားကို ကိုယ်တိုင်ပေးပါမှ သို့မဟုတ် ဝိဓူရသုခမိန် သူ့ဘာသာသေဆုံးပြီး သူ၏နှလုံးသားသည် ပုံသကူဖြစ်ပါမှသာ တရားသဖြင့် ရနိုင်ခြင်းဖြစ်၏။

**နဂါးမင်း၏သမီးတော် ဣရန္ဒတီ**

နဂါးမင်းသည် တရားရှင်ဖြစ်ပါ၏။ သို့ရာတွင် သူ၏တရားသည် ကျဉ်းထဲကျပ်ထဲ၌ သူ့ကိုပြန်၍ မဆုံးမနိုင်ခဲ့။ ပုထုဇဉ်တို့၏ တရားကား တကယ်တမ်း အားကိုးလောက်သည် မဟုတ်။ သတိသမ္ပဇဉ် အမြဲယှဉ်နေပါမှ တော်ကာကျ၏။ ထိုအချိန်က နဂါးမင်းသည် သတိသမ္ပဇဉ်လွတ်လေ၏။ ထို့ကြောင့် သူသည် သူ၏မိဖုရား ပြန်လည်ကျန်းမာရေးအတွက် ဝိဓူရ၏နှလုံးသားကို တရားသဖြင့် ရနိုင်ရန် အကြံထုတ်ရ၏။ နောက်ဆုံး၌ နဂါးမင်းသည် မိမိ၏သမီးတော် ဣရန္ဒတီ အား တာဝန်ပေးရတော့၏။ သမီးတော် ဣရန္ဒတီသည် ခမည်းတော်၏ တာဝန်ပေးချက်အရ ဟိမဝန္တာရှိ ကာဠာဂိရိတောင်ထိပ်၌ ပန်းမွှေ့ရာခင်းလျက် ကပြီး သီချင်းဆိုလျက်ရှိလေ၏။ သီချင်း၏ အနက်မှာ "ဝိဓူရသုခမိန်၏ နှလုံးသားကို တရားသဖြင့်ရအောင် ဆောင်ကျဉ်းနိုင်သူအား မိမိ၏ခင်ပွန်းပြုမည်" ဟူ၍ဖြစ်၏။

ကာဠာဂိရိတောင်ထိပ်၌ ဘီလူးအစည်းအဝေးရှိ၏။ ထိုအစည်းအဝေးသို့ တက်ရောက်ရန် ပုဏ္ဏက သည် မနောမယသိန္ဓောမြင်းဖြင့် လာ၏။ ပုဏ္ဏကသည် ဝေဿဝဏ်နတ်မင်းကြီး၏ တူလည်းဖြစ်၏။ ရာထူးအားဖြင့် စစ်သူကြီးလည်းဖြစ်၏။ ပုဏ္ဏက လာစဉ်က ဣရန္ဒတီ၏သီချင်းသံကို ကြားရ၏။ သီချင်း၏ အဓိပ္ပာယ်ကိုလည်း သိရ၏။ ဣရန္ဒတီ က–သည်ကိုလည်းမြင်ရ၏။ ဣရန္ဒတီသည် လှလည်းလှ၏။ ချောလည်းချော၏။ အကလည်းကောင်း၏။ အဆိုလည်းကောင်း၏။ ပုဏ္ဏကသည် ဣရန္ဒတီ၏ အလှကွန်ရက်၌ မိလေ၏။ ထိုအခါ ပုဏ္ဏကသည် မိမိ၏အစွမ်းသတ္တိကို ပြမှ ဖြစ်ချေတော့မည်ဟု ဆုံးဖြတ်လိုက်၏။ စကြဝဠာတစ်ခုလုံးသည် ပုဏ္ဏကအတွက် ဣရန္ဒတီချည်း ဖြစ်လျက်ရှိချေပြီ။ အမှန်အားဖြင့် ပုဏ္ဏကနှင့် ဣရန္ဒတီသည် ရှေးဘဝက ရေစက်ပါခဲ့သူများ ဖြစ်ကြ၏။ ပုဏ္ဏက–က ဝိဓူရသုခမိန်၏ နှလုံးသားကို တရားသဖြင့်ရအောင် ဆောင်ကြဉ်းပေးမည်ဖြစ်ကြောင်း ဣရန္ဒတီအားပြော၏။

ဣရန္ဒတီသည် ပုဏ္ဏကအား မိမိ၏ဖခမည်းတော်ဆီသို့ ခေါ်ဆောင်သွား၏။ မိမိ၏ဖခမည်းတော်နှင့် ပုဏ္ဏကကို တွေ့ဆုံပေး၏။ ဖခမည်းတော်ကလည်း မယ်တော်နှင့် တိုင်ပင်ကာ ဝိဓူရ၏နှလုံးသားကို တရားသဖြင့်ရအောင် ဆောင်ကြဉ်းပေးလျှင် ဣရန္ဒတီနှင့် ပုဏ္ဏကအား ထိမ်းမြားလက်ထပ်ပေးမည်ဖြစ်ကြောင်း ပြောလိုက်၏။

ပုဏ္ဏကသည် ဝိဓူရသုခမိန်၏အကြောင်းကို နဂါးမင်းထံမှ မေးမြန်းစုံစမ်းပြီး ဣန္ဒပတ္ထနဂိုရ်ပြည်သို့ လာခဲ့၏။ ဝေပုလ္လတောင်မှ မနောဟရပတ္တမြားကိုလည်း ယူဆောင်လာ၏။ ဝိဓူရသုခမိန်၏အရှင် ကောရဗျမင်းသည် အန်ကစားခြင်း၌ ဝါသနာထုံ၏။ အံကစားတိုင်းလည်း ကောရဗျမင်းက နိုင်သည်ချည်းဖြစ်၏။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဝိဓူရသုခမိန်ကို လောင်းကြေးထားပြီး ကောရဗျမင်းနှင့် နိုင်အောင်အန်ကစား၍ ဝိဓူရသုခမိန်ကို ယူခြင်းသည် အကောင်းဆုံးနည်းလမ်းလည်းဖြစ်၏။ တရားသော နည်းလမ်းလည်းဖြစ်၏။ ဤသို့ ပုဏ္ဏကသည် တွေးလေ၏။ ထိုအတိုင်းဆောင်ရွက်ရန် ပုဏ္ဏကသည် လှပသောလုလင်အသွင်ဖြင့် မနောမယသိန္ဓောမြင်းကိုစီးလျက် ကြွေအန်ကျူးသည့် ကောရဗျမင်းကြီးစိုးစံရာ ဣန္ဒပတ္တနဂိုရ်ပြည်သို့ သွားလေ၏။ မင်းကြီးထံရောက်လျှင်—

"အရှင်မင်းကြီး ကျွန်ုပ်၏အမည်သည် ကစ္စည်းလုလင်ဖြစ်ပါ၏။ ကျွန်ုပ်သည် အရှင်မင်းကြီးနှင့် အန်ကစားလို၍ လာခြင်းဖြစ်ပါ၏။ ကျွန်ုပ်၌ မနောဟရပတ္တမြားနှင့် မနောမယသိန္ဓောမြင်းတို့ ပါလာပါ၏။"

ဤသို့ဆို၍ ပုဏ္ဏကသည် ကောရဗျမင်းကြီးအား မနောမယသိန္ဓောမြင်းနှင့် မနောဟရပတ္တမြားတို့၏ အစွမ်းကိုပြ၏။ မင်းကြီးသည်များစွာကျေနပ်၏။ ထို့ကြောင့် မင်းကြီးသည် ကစ္စည်းလုလင်နှင့် အန်ကစားရန် သဘောတူလိုက်၏။ မင်းကြီးဘက်မှ လောင်းကြေးကား မင်းကြီး၊ မင်းကြီး၏မိဖုရား၊ ထီးနန်းမှတစ်ပါး ကျန်နှစ်သက်ရာများ ဖြစ်၏။

ကောရဗျမင်းနှင့် ကစ္စည်းလုလင်တို့ အန်ကစားကြရာ ကောရဗျမင်းကြီးအား အန်ကစားတိုင်း နိုင်အောင်လုပ်ပေးသော မင်းကြီး၏ ကိုယ်စောင့်နတ်သမီးကို ပုဏ္ဏကသည် ခြိမ်းခြောက်၍ ထွက်ပြေးစေ၏။ ထို့နောက် ကစ္စည်းလုလင်သည် မိမိ၏တန်ခိုး ဖြင့် နိုင်အောင်ကစား၏။ ကြွေအန်ကစားပွဲတွင် ကစ္စည်းလုလင်နိုင်၏။ ကောရဗျမင်းကြီးရှုံး၏။ ထိုအခါကစ္စည်းလုလင်သည် လောင်းကြေးအဖြစ် ဝိဓူရသုခမိန်အားပေးရန်တောင်း၏။ သို့ရာတွင် မင်းကြီးလောင်းကြေးထဲတွင် ဝိဓူရသုခမိန်မပါသဖြင့် မပေးထိုက်ကြောင်းပြော၍ အငြင်းပွားလေ၏။ နောက်ဆုံး၌ ထိုအငြင်းပွားမှုနှင့် ပတ်သက်၍ ဝိဓူရသုခမိန်၏ အဆုံးအဖြတ်ကိုယူရန် နှစ်ဦးလုံးက သဘောတူကြ၏။ ကောရဗျမင်းကြီးနှင့် ကစ္စည်းလုလင်တို့သည် ဝိဓူရသုခမိန်ထံသို့ သွားရောက်၍ အဆုံးအဖြတ်ကို ခံကြ၏။ ဝိဓူရသုခမိန်ကလည်း မိမိသည် ကောရဗျမင်းကြီး၏ ကျွန်ဖြစ်၍ လောင်းကြေး၌ ပါဝင်ကြောင်း ဆုံးဖြတ်၏။ ထို့ကြောင့် ကောရဗျမင်းကြီးသည် ကစ္စည်းလုလင်အား စိတ်မသက်မသာစွာဖြင့် ဝိဓူရသုခမိန်ကို ပေးလိုက်ရ၏။

မင်းကြီးသည် ဝိဓူရသုခမိန်အား ကစ္စည်းလုလင်နောက်သို့မလိုက်မီ မိမိအား အိမ်ရာတည်ထောင် လူတို့ဆောင်၌ (၁) ဘေးကင်းစွာ အသက်မွေးမြူရမှု၊ (၂) စိုးရိမ်ရခြင်းမရှိဘဲ နေရမှု၊ (၃) ချီးမြှောက်ထောက်ပံ့ရမှု၊ (၄) မှန်သောစကားကို ဆိုရမှု၊ (၅) တမလွန်၌ ကောင်းကျိုးရမှု တို့နှင့် ပတ်သက်၍ တရားဟောကြားသွားပါရန် ပြောသဖြင့် ဝိဓူရသုခမိန်သည် မင်းကြီးအား တစ်သက်ပတ်လုံး အမှတ်ရနိုင်စေရန် ဟောကြားလေ၏။ ထို့နောက် မင်းကြီးအားလိုက်ပို့၏။

www.burmeseclassic.com

www.burmeseclassic.com



**ဝိဒူရသုခမိန်နှင့်ပုဏ္ဏက** ထို့နောက် ဝိဓူရသုခမိန်သည် ပုဏ္ဏကအား မိမိ၏ မိသားစုများအား ဆိုဆုံးမနိုင်ရေးအတွက် မိမိ၏အိမ်၌ နှစ်ရက်သုံးရက် နေခွင့်ပြုပါရန် ပြောကြားရာ ပုဏ္ဏက ကလည်း ခွင့်ပြု၏။ ဝိဓူရသုခမိန်သည် ပုဏ္ဏကအားလည်း မိမိအိမ်၌ နှစ်သက်သလို နေပါရန်ပြောကြားရာ ပုဏ္ဏက ကလည်း သဘောတူပြီး ဝိဓူရ သုခမိန်၏ ညွှဝတ်ပြုမှုဖြင့် ဝိဓူရသုခမိန်အိမ်၌ နှစ်ရက်သုံးရက် နေထိုင်၏။ ဝိဓူရသုခမိန်သည် မိမိ၏အိမ်၌ ပုဏ္ဏက နေထိုင်စဉ် ကာလအတွင်း ထိုက်တန်စွာ ညွှဝတ်ပြုလေ၏။

ဝိဓူရသုခမိန်တွင် သားတစ်ထောင်၊ သမီးတစ်ထောင်၊ ဇနီးတစ်ထောင်၊ ကိုယ်လုပ်အမျိုးသမီး ခုနစ်ရာ ရှိ၏။ ကျွန်ယောကျ်ား၊ ကျွန်မိန်းမများလည်း များစွာရှိ၏။ ဝိဓူရသုခမိန်သည် မိမိ၏မိသားစုများအား မိမိသည် ပုဏ္ဏကပိုင် ပစ္စည်းဖြစ်သွားသဖြင့် ယနေ့မှ လေးရက်မြောက်နေ့၌ ပုဏ္ဏက နောက်သို့လိုက်ရမည်ဖြစ်ကြောင်း ပြောပြ၏။ နေတတ်ထိုင်တတ်ရန် ဆုံးမစကားများကိုလည်း ဟောပြောဆုံးမ၏။ မင်းခစားအဖြစ် နေထိုင်ပုံနေထိုင်နည်းနှင့် ပတ်သက်၍လည်း သွန်သင်၏။ ထို့နောက် ဝိဓူရသုခမိန်သည် မင်းကြီးကို သွားရောက်ဖူးမြော်ပြီး မိမိ၏မိသားစုများအား ကြည့်ရှုစောင့်ရှောက်တော်မူပါရန် မင်းကြီးအား တောင်းပန်လျှောက်ထား၏။

ထိုအခါ မင်းကြီးက "ငါသည် ကစ္စည်းလုလင်ကို ဥပါယ်တံမျဉ်ဖြင့် သတ်မည်၊ အမတ်ကြီးသည် ကစ္စည်းလုလင်နောက်သို့ လိုက်ဖို့မလို"ဟူ၍ဆိုလေရာ ဝိဓူရသုခမိန်က မင်းကြီး၏ မူလကတိအတိုင်း တည်ပါရန် လျှောက်ထား၏။ မင်းကြီးလည်း ဆိတ်ဆိတ်နေလိုက်၏။

ဝိဓူရသုခမိန်သည် ပြုဖွယ်ကိစ္စများအားလုံးကို ပြုပြီးသောအခါ ပုဏ္ဏကထံသို့ သွား၏။ ပုဏ္ဏကသည် ဝိဓူရသုခမိန်ကို မိမိ၏မြင်းအမြီးကိုဆွဲစေပြီး ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ သွား၏။ ဝိဓူရသုခမိန်ကလည်း မိမိ၏ ပုဆိုးကျွတ်မသွားစေရန် အဓိဋ္ဌာန်ပြီး မနောမယသိန္ဓောမြင်း၏ အမြီးကိုဆွဲလျက် ပုဏ္ဏကခေါ်ဆောင်ရာသို့ လိုက်လေ၏။

ပုဏ္ဏကသည် ဟိမဝန္တာ၌ တောင်၊ သစ်ပင်၊ ချုံပိတ်ပေါင်းထူထပ်ရာ တောင်ကြားသို့လည်းကောင်း၊ သစ်ပင်ကြားသို့လည်းကောင်း၊ သုံးကြိမ်တိုင်တိုင် မြင်းကို စိုင်း၏။ သို့ရာတွင် ဝိဓူရသုခမိန်သည် ပုဏ္ဏကအပေါ် ထားရှိသော သူ၏မေတ္တာ စေတနာတို့၏ အာနုဘော်ကြောင့် တောင်နှင့်လည်းမတိုက်မိ၊ သစ်ပင်များနှင့်လည်း မတိုက်မိ။ ပုဏ္ဏက ကမူ ဝိဓူရသုခမိန် သေပြီဟုထင်ပြီး နောက်ကိုပြန်ကြည့်၏။ ဝိဓူရသုခမိန် မသေသေးကြောင်း တွေ့ရသောအခါ ကောင်းကင်ထက်ရှိ လေအဟုန်သို့ စိုင်းပြန်၏။ ဝိဓူရသုခမိန်ကား မသေ။ ထို့နောက် လေသင်ဇုန်းသို့စိုင်းပြန်၏။ ဝိဓူရ သုခမိန်ကား မသေ။ ထိုအခါ ပုဏ္ဏကသည် ပြင်းစွာအမျက်ထွက်လေ၏။

ပုဏ္ဏကသည် ကာဠာဂိရိတောင်ထိပ်သို့ သွားပြန်၏။ တောင်ထိပ်ပေါ်၌ ဝိဓူရသုခမိန်ကို ထား၍ ကြောက်မက်ဖွယ်ကောင်းသော ဘီလူးအသွင်ဖြင့်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်အသွင်ဖြင့် လည်းကောင်း၊ အမုန်ယစ်သော ဆင်အသွင်ဖြင့်လည်းကောင်း၊ ကြီးမားစွာသော မြွေအသွင်ဖြင့်လည်းကောင်း ခြောက်ပြန်၏။ ဝိဓူရသုခမိန်ကားမကြောက်။ မကြောက်သဖြင့် သေလည်းမသေ။ ပုဏ္ဏကသည် စိတ်လည်းပျက်၏။ အမျက်လည်း ထွက်၏။

ထို့နောက် လေပြင်းကို တိုက်ခတ်စေပြန်၏။ ဝိဓူရသုခမိန်ကား မလွင့်၊ ထို့နောက် ပုဏ္ဏကသည် ကာဠာဂိရိတောင်ကို သိမ့်သိမ့်တုန်အောင်လှုပ်၏။ ဝိဓူရသုခမိန်ကား နေရာမှ မရွေ့။ ထို့နောက် ပုဏ္ဏကသည် ကာဠာဂိရိတောင်တွင်းသို့ဝင်၍ အတွင်းဘက်မှ သည်းစွာသောအသံကို ပြု၏။ ဝိဓူရသုခမိန်ကား မထိတ်လန့်။ ထို့နောက် ပုဏ္ဏကသည် ကြောက်မက်ဖွယ်ကောင်းသော ဘီလူးအသွင်ကို ဖန်ဆင်း၍ ဝိဓူရသုခမိန်ကို တွန်းလား ထိုးလားလုပ်ပြန်၏။ ဝိဓူရသုခမိန်ကားမသေ။ ထို့နောက် ပုဏ္ဏကသည် ဝိဓူရသုခမိန်၏ ခြေကိုကိုင်၍ ပထမအကြိမ် ၁၅-ယူဇနာ၊ ဒုတိယအကြိမ် ၃၀-ယူဇနာ၊ တတိယအကြိမ် ၆၀-ယူဇနာ တိုင်အောင်ပစ်လွှင့်၍ မြေသို့ကျစေ၏။ သို့ရာတွင် ဝိဓူရသုခမိန်ကားမသေ။ ထိုအခါ ပုဏ္ဏကသည် များစွာစိတ်မသက်မသာ ရှိလေ၏။ ဝိဓူရသုခမိန်ကို သူ့ဘာသာ သေအောင် မစွမ်းဆောင်နိုင်လျှင် ကာယကံမြောက် မိမိကသတ်ရမည့်အခြေသို့ ရောက်ရန်သာရှိတော့၏။ ထိုအခါ သူ၏ပဋိညာဉ်ပျက်ပေတော့မည်။

ပုဏ္ဏကသည် မိမိကိုမသေလျှင် သေအောင်သတ်နေသည့် သဘောရှိကြောင်း ဝိဓူရသုခမိန် တွေ့ရသဖြင့် ဘာကြောင့်မိမိကိုသတ်ရန် အားထုတ်ကြောင်း မေးရာ ပုဏ္ဏကသည် အကျိုးအကြောင်း အစုံအလင်ကိုပြောပြ၏။ "ဝိမလာဒေဝီက မိမိ၏ နှလုံးသားကို လိုချင်သည်ဆိုသည်မှာ မိမိ၏တရားကို နာကြားချင်ခြင်းကို ဆိုခြင်း ဖြစ်သည်"ဟု ဝိဓူရသုခမိန် ချက်ချင်းသိ၏။

ထို့ကြောင့် ဝိဓူရသုခမိန်သည် မိမိပညာအစွမ်းဖြင့် မိမိ၏ အသက်မသေရအောင် လည်းကောင်း၊ ဝိမလာဒေဝီ တရားနာရအောင်လည်းကောင်း၊ ပုဏ္ဏက ဣရန္ဒတီနှင့် လက်ဆက်ရအောင်လည်းကောင်း ပြုလုပ်အံ့ဟု သန္နိဋ္ဌာန်ချပြီး ပုဏ္ဏကအား မိမိမသေမီ မိမိဟောကြားမည့် "သာဓုနရ=လူကောင်း" တရားကို ကြားနာပြီးမှ ပုဏ္ဏကအနေဖြင့် ရှေ့ဆက်လက်လုပ်စရာရှိသည်များကို ဆက်လုပ်ရန်ပြောလေရာ ပုဏ္ဏကသည် သဘော တူလေ၏။

## လူကောင်းတရား

သာဓုနရ=လူကောင်းတရားဟူသည်မှာ ဤသို့ဖြစ်၏-

လောကတွင် သာဓုနရ လူကောင်းဖြစ်လာနိုင်စေရန် မိမိအပေါ် ပြုထားသော သူတစ်ပါး၏ ကျေးဇူးကို တုန့်ပြန်ပြုရ၏။ အကယ်၍ မပြုနိုင်သေးလျှင်လည်း စိတ်ဖြင့်ပင်မပြစ်မှားရ၊ စိတ်ဖြင့် ပြစ်မှား ချေသော် စိုပြီးသားလက်ကို ခြောက်အောင်ပြုရာရောက်၏။ ကိုယ်ဖြင့် ကာယကံမြောက်ပြစ်မှားလျှင်မူကား အဆွေခင်ပွန်းကို ပြစ်မှားသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျေးဇူးရှင်ကို သက်မဲ့ပင်ဖြစ်စေ၊ မပြစ်မှားရ။ မိန်းမတို့၏ ယုတ်မာသောအလိုသို့ မလိုက်ပါရ။ ဤတရားလေးပါးသည် "သာဓုနရ=လူကောင်းတရား" လေးပါး ဖြစ်၏။ ထိုတရားလေးပါးကို ပြည့်စုံအောင်ဖြည့်ကျင့်ပါမှ "သာဓုနရ= လူကောင်း"မည်၏ဟူ၍ဖြစ်၏။

ပုဏ္ဏကသည် သာဓုနရ=လူကောင်းတရား လေးပါးကို နာကြားရသောအခါ များစွာသဲဝေဂရ၏။ အမှန်အားဖြင့် ဝိဓူရသုခမိန်၏ ကျေးဇူးသည် သူ့အပေါ်၌ရှိ၏။ သုံးရက်တိုင်တိုင် ဝိဓူရသုခမိန်၏အိမ်၌ သူနေခဲ့ဖူး၏။ ဝိဓူရသုခမိန်၏ ညှော်ဝတ်ကို သူခံယူဖူး၏။ ဝိဓူရသုခမိန်သည် သူ၏ရန်သူလည်းမဟုတ်။ ရှေ့ကမည်သို့မျှ ပတ်သက်ခြင်းလည်းမရှိခဲ့။ ဣရန္ဓတီကြောင့်သာ ယခုကဲ့သို့ ပတ်သက်လာရခြင်းဖြစ်၏။ ထို့ကြောင့် သာဓုနရ တရားတော်အရဆိုလျှင် သူသည် သူ့ကျေးဇူးကို ချေဖျက်သူလည်း ဖြစ်၏။ စိုပြီးသားလက်ကို ခြောက်အောင်လုပ်သူလည်းဖြစ်၏။ အဆွေခင်ပွန်းကို ပြစ်မှားသူလည်းဖြစ်၏။ မိန်းမတို့၏ ယုတ်မာသောအလိုသို့ လိုက်သူလည်းဖြစ်၏။ ထို့ကြောင့် သူသည် လောက၌ လူကောင်းမဟုတ်တော့။ ဤသို့စဉ်စားပြီး ဝိဓူရသုခမိန်ကို ကုရုတိုင်း၊ ဣန္ဒပတ္တနဂိုရ်ပြည်သို့ ပြန်ပို့ရန် ဆုံးဖြတ်လိုက်၏။ သူ၏ဆုံးဖြတ်ချက်ကိုလည်း ဝိဓူရသုခမိန်အားပြော၏။ ထိုအခါ ဝိဓူရသုခမိန်က နဂါးပြည်သို့ပို့ရန်ပြောသဖြင့် ပုဏ္ဏကသည် ဝိဓူရသုခမိန်ကို နဂါးပြည်သို့ လိုက်ပို့၏။ အမှန်အားဖြင့် ပုဏ္ဏကသည် ဝိဓူရသုခမိန်ကို နဂါးပြည်သို့ပို့ရာ၌ သုခမိန်အတွက် အန္တရာယ်များရှိလေမည်လားဟူ၍ စိတ်တထင့်ထင့်နှင့် ပို့ရခြင်းဖြစ်၏။ ပုဏ္ဏကသည် ဝိဓူရသုခမိန်အပေါ်၌ ထိုမျှလောက် ကြည်ညိုသွားလေ၏။

**နဂါးပြည်၌ဝိဓူရသုခမိန်တရားဟောခြင်း**

နဂါးပြည်သို့ရောက်သောအခါ နဂါးပြည်၌ အလှူခံပုဂ္ဂိုလ်မရှိ၍ ဒါနပြုရန် ခက်ခဲသဖြင့် ဝိဓူရသုခမိန်သည် နဂါးမင်းကြီးအားလည်းကောင်း၊ ဝိမလာဒေဝီအား လည်းကောင်း ခန္တီနှင့် မေတ္တာတရားတို့ကို ဟောကြားလေ၏။

အမှန်အားဖြင့် မေတ္တာသည် ကောင်းမှုကုသိုလ်တိုင်း၏ အခြေခံဖြစ်၏။ မေတ္တာရှိလျှင် ခန္တီသည်လည်း ကျင့်သုံးရလွယ်၏။ ဒါနလည်းပြုရလွယ်၏။ သံသရာကြီးပွားရေးအတွက် အခြားမည်သည့် ကုသိုလ်ကိုမဆို ကျင့်သုံးရလွယ်၏။ ထို့ကြောင့် သံသရာကြီးပွားရေးအတွက် မေတ္တာကို ပဓာနထား၍ ကျင့်သုံးရန်ဟောကြားလေရာ နဂါးမင်းကြီးသည်လည်း အားရကျေနပ်၏။ ဝိမလာဒေဝီသည်လည်း အလို ပြည့်၏။ ထို့နောက် ပုဏ္ဏက၏ ဆောင်ရွက်ချက်များအပေါ် ကျေနပ်သဖြင့် နဂါးမင်းနှင့် မိဖုရားတို့သည် ပုဏ္ဏကနှင့် သမီးတော်ဣရန္ဓတီကို ထိမ်းမြားလက်ထပ်ပေး၏။

ပုဏ္ဏကသည် ဣရန္ဓတီကို ရသောအခါ များစွာဝမ်းမြောက်၏။ ဝိဓူရသုခမိန်အားလည်း ကျေးဇူးတင်၏။ ထို့ကြောင့် မနောဟရပတ္တမြားဖြင့် ဝိဓူရသုခမိန်အား ပူဇော်၏။ ပုဏ္ဏကသည် နဂါးမင်းနှင့်မိဖုရားတို့၏ အမိန့်အရ ဝိဓူရသုခမိန်ကို

www.burmeseclassic.com

www.burmeseclassic.com



ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်သို့ ပြန်ပို့ပေး၏။ မိမိမှုကား ဣရန္ဒတီနှင့်အတူ စတုမဟာရာဇ်နတ်ပြည်သို့ သွား၏။

ကောရဗျမင်းကြီးသည် ဝိဓူရသုခမိန်ကို ပြန်တွေ့မြင်ရသောအခါ များစွာဝမ်းသာ၏။ ပြည်သူပြည်သားအပေါင်းတို့လည်း များစွာဝမ်းသာကြလေ၏။ ဝိဓူရသုခမိန်သည် ပုဏ္ဏက ပူဇော်လိုက်သော မနောဟရပတ္တမြားကို ကောရဗျမင်းကြီးအား ဆက်သ၏။ ဝိဓူရသုခမိန်သည် ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်၌ ကောရဗျမင်းကြီး၏ အမတ်ကြီးအဖြစ် အသက်ထက်ဆုံး သူ၏တာဝန်ကို ဆောင်ရွက်၏။ မင်းကြီးနှင့်တကွသော တိုင်းသူပြည်သားများအား ကုသိုလ်ကောင်းမှုများ၌ မမေ့မလျော့ရှိကြရန် ကြောင့်ကြစိုက်သဖြင့် စုတေသောအခါ ပရိသတ်နှင့်တကွ နတ်ပြည်သို့လားရလေ၏။

ဤဇာတ်တွင် ပညာပါရမီ၏ အခန်းသည် များစွာအံ့ဖွယ်ရှိ၏။ ဝိဓူရသုခမိန် တွေ့ရသော အုပ်ချုပ်ရေးစနစ်သည်လည်း သက်ဦးဆံပိုင် စနစ်ဖြစ်၍ ဘုရင်ကျေနပ်စေရန် ဝိဓူရသုခမိန်သည် တော်ရုံပညာဖြင့် ဆောင်ရွက်နိုင်စွမ်းရှိမည်မဟုတ်။ သို့ရာတွင် ဝိဓူရသုခမိန်သည် သူ၏ပညာဖြင့် ဘုရင်ကို ကျေနပ်စေခဲ့၏။

ထို့နောက် ဝိဓူရသုခမိန်တွေ့ရသည်မှာ အလွန်တန်ခိုးထက်၍ အမျက်စောင်မာန်ကြီးသော ပုဏ္ဏကဖြစ်၏။ ပုဏ္ဏကသည် ဘီလူးလည်းဖြစ်၏။ ရမ္မက်က ဖမ်းစားခြင်း ခံထားရသူလည်းဖြစ်၏။ ထိုပုဏ္ဏက ကဲ့သို့သော ဘီလူးကို ယဉ်ကျေးသိမ်မွေ့ လာအောင် ဝိဓူရသုခမိန်အနေဖြင့် ဆောင်ရွက်ရသည်မှာ မည်မျှခက်ခဲမည်ကို ခန့်မှန်းနိုင်၏။ သို့ရာတွင် ဝိဓူရသုခမိန်သည် ပုဏ္ဏကကို ယဉ်ကျေးသိမ်မွေ့သွားအောင် သူ၏ပညာစွမ်းဖြင့် ဆောင်နိုင်ပါ၏။ တတိယတွေ့ရသူများမှာ နဂါးများဖြစ်ကြ၏။ နဂါးများသည် "နဂါးမျက်စောင်း အကြောင်းမရွေး"ဟူသောစကားပုံအတိုင်း အမျက်စောင်မာန်ကြီးသူများ ဖြစ်ကြ၏။ ထို့ကြောင့် နဂါးများနှင့်ဆက်ဆံရာ၌ ပုဏ္ဏကသည် စိုးရိမ်လောက်အောင်ပင် အန္တရာယ်ကြီးမားသဖြင့် ဝိဓူရသုခမိန်သည် မိမိပညာစွမ်းရည်ကို အသုံးပြုရမည်ဖြစ်၏။ သို့ရာတွင် ဝိဓူရသုခမိန်သည် ဝရုဏနဂါးမင်းနှင့် ဝိမလာဒေဝီကိုပါ စိတ်ကျေနပ်လောက်အောင် ဆောင်ရွက်နိုင်စွမ်း ရှိ၏။ ဤသည်မှာ ပညာပါရမီ၏ အာနုဘော်များကြောင့်ပင်ဖြစ်၏။

**ရန်အောင်ကြောင်းတရားလေးပါး** ဝိဓူရသုခမိန်၏ ဆောင်ရွက်ချက်များကို ကြည့်လျှင် သူ၏ဆောင်ရွက်ချက်များသည် ပညာပြဋ္ဌာန်းသည် မှန်သော်လည်း သစ္စာနှင့်ယှဉ်သော ဆောင်ရွက်ချက်များဖြစ်၏။ ဓမ္မနှင့်ယှဉ်သော ဆောင်ရွက်ချက်များဖြစ်၏။ ဝီရိယနှင့် ယှဉ်သော ဆောင်ရွက်ချက်များဖြစ်၏။ စာဂနှင့် ယှဉ်သော ဆောင်ရွက်ချက်များဖြစ်၏။ သစ္စာ, ဓမ္မ, ဝီရိယ (ဓိတိ) ,စာဂ တို့သည် ရန်အောင်ကြောင်း တရားများ ဖြစ်ကြ၏။ ဤရန်အောင်ကြောင်း တရား လေးပါးတို့ ဝန်းရံသောပညာဖြင့် ဝိဓူရသုခမိန်သည် ပုဏ္ဏက၏ရန်ကိုလည်း အောင်ခဲ့၏။ ဝရုဏ နဂါးမင်းနှင့် မိဖုရား ဝိမလာဒေဝီ၏ ရန်ကိုလည်းအောင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



**သစ္စာဖြင့်ဆောင်ရွက်ခြင်း** သစ္စာအရ ဝိဓူရသုခမိန်သည် မိမိထံသို့ ကောရဗျမင်းကြီးနှင့် ပုဏ္ဏကဘီလူးတို့ လာရောက်၍ လောင်းကြေး ပြဿနာကို မေးမြန်းစဉ်ကပင် မိမိသည်ကောရဗျမင်းကြီး၏ ကျွန်မဟုတ်ကြောင်း ပြောလိုက်လျှင်ပင် ပုဏ္ဏက၏ရန်မှ အောင်နိုင်ပြီးဖြစ်၏။

သို့ရာတွင် ထိုကဲ့သို့သော အောင်ခြင်းသည် သစ္စာနှင့်ယှဉ်သော အောင်ခြင်းမဟုတ်။ သစ္စာနှင့်ယှဉ်သော အောင်ခြင်းမဟုတ်ပါဘဲလျက် ရန်ကိုအောင်နိုင်ခြင်းဟူသည် ရှုံးသော အောင်ခြင်းဖြစ်၏။ နိုင်သောအောင်ခြင်းမဟုတ်။ အမှန်အားဖြင့် ထိုကဲ့သို့ အောင်ခြင်းမျိုးသည် သံသရာ၌ ကြီးစွာသော ရှုံးခြင်းများကို ဖြစ်စေတတ်ပါ၏။ ထို့ကြောင့် ဝိဓူရသုခမိန်သည် ပုဏ္ဏက၏ရန်ကို အောင်ရာ၌ ရှုံးသောအောင်ခြင်းမျိုးကို အသုံးမပြုဘဲ နိုင်သောအောင်ခြင်းမျိုးကိုသာ အသုံးပြုခြင်းဖြစ်၏။

**ဓမ္မဖြင့်ဆောင်ရွက်ခြင်း** ဓမ္မအရလည်း ဝိဓူရသုခမိန်သည် မိမိ၏အကျိုး အတ္တတ္ထစရိယနှင့် ဆွေမျိုးတို့၏အကျိုး ဉာတတ္ထစရိယ ထက် လောက၏အကျိုး လောကတ္ထစရိယ ကိုသာငဲ့ပြီး ဆောင်ရွက်ခြင်းဖြစ်၏။ သို့ဖြစ်၍သာ မိမိ၏ မိသားစုများ မင်းနှင့်တကွ ပြည်သူများ ငိုကြွေးမြည်တမ်းစဉ် ဝိဓူရသုခမိန်သည် ပုဏ္ဏက နောက်သို့ လိုက်ခဲ့ခြင်း ဖြစ်၏။ ထို့ကြောင့် ဝိဓူရသုခမိန်သည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူသည်အထိ အခက်အခဲဟူသမျှကို အောင်နိုင်ခဲ့ခြင်းဖြစ်၏။ ဓမ္မအတိုင်းကျင့်သူ ဟူသမျှသည် "ဥဇု"ဂုဏ်အရ ကာယကံ အားဖြင့်လည်း ဖြောင့်ရ၏။ ဝစီကံအားဖြင့်လည်း ဖြောင့်ရ၏။ "သုဟုဇု"ဂုဏ်အရ မနောကံအားဖြင့်လည်း ဖြောင့်ရ၏။ သို့မှသာ ဓမ္မနှင့် အညီ ဆောင်ရွက်နိုင်မည်ဖြစ်၏။

**ဝီရိယဖြင့်ဆောင်ရွက်ခြင်း** ဝီရိယအရ ဆောင်ရွက်ရာ၌ ဝိဓူရသုခမိန်သည် သူ၏ဝီရိယကို သမ္မပ္ပဓာန်ထိုက်အောင်၊ ဣဒ္ဓိပါဒ်ထိုက်အောင် အသုံးပြုခဲ့၏။ ထို့ကြောင့်လည်း သူ၏ဝီရိယသည် တန်ခိုးရှိခြင်းဖြစ်၏။ တန်ခိုးရှိသဖြင့်လည်း ရန်များကို အောင်နိုင်ခြင်း ဖြစ်၏။

**စာဂဖြင့်ဆောင်ရွက်ခြင်း** စာဂ အရ ဆိုလျှင်လည်း ဝိဓူရသုခမိန်သည် မိမိ၏ဘဝကို လောကအတွက် ပူဇော်ပြီးသားဖြစ်၏။ လောကကို ဓမ္မလမ်းကြောင်းအပေါ်၌ တင်ပေးရန် သူ၏တာဝန်အဖြစ် သတ်မှတ်ပြီးသားဖြစ်၏။ ထို့ကြောင့် ဝိဓူရသုခမိန်သည် သူ၏ဘဝကို စွန့်ပြီး ပုဏ္ဏကနှင့်လည်း ရင်ဆိုင်၏။ ဘေးရန်ကို ပြေး၍တွေ့၏။ နဂါးများနှင့်လည်း ရင်ဆိုင်၏။ ဘေးရန်ကို ပြေး၍တွေ့၏။ ဘေးရန်ကိုမရှောင်။ ထိုသို့ပြေး၍ တွေ့ခြင်းမှာ ပုဏ္ဏကနှင့် ဝရုဏနဂါးမင်းတို့၏ အကျိုးစီးပွားအတွက်ဖြစ်၏။ လောက၏ တစ်ခုသောနေရာ၌ အမှားအယွင်းများကို တွေ့မြင်ပါလျက် မိမိနှင့်မဆိုင်ဟူသော အကြောင်းပြချက်ဖြင့် ထိုအမှားအယွင်းကို မသိကျိုးကျွန် ပြုခြင်းသည်ကား တာဝန်မဲ့ခြင်းပင်ဖြစ်၏။ အမှန်အားဖြင့် ဘုံအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဘဝင်တိုင်အောင်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင်တို့သည် အာသဝဓမ္မအရ သံယောဇဉ် သဘောဖြင့် အားလုံး မိမိနှင့်ဆိုင်သည်ချည်း ဖြစ်၏။ ထို့ကြောင့် အာသဝဓမ္မ-အရ သံယောဇဉ်များကို ပယ်သတ်နိုင်ရေး၌ စာဂသည် များစွာအရေးကြီး၏။ ထို့ကြောင့် ဝိရိယရသုခမိန်သည် လောကကို ကယ်တင်ရန် "ဂေါတမဗုဒ္ဓ" ဖြစ်လာရခြင်း ဖြစ်၏။

တာဝန်မှ ရှောင်နေလျှင် လွတ်ပါ၏။ တာဝန်ဟူသည်မှာလည်း မည်သူကမျှ သူ့အပေါ်ပေးသော တာဝန်မဟုတ်။ သူ့ဘာသာသူယူသော တာဝန်ဖြစ်၏။ အမှန်အားဖြင့်လည်း လောက၏တာဝန်များကို မိမိဘာသာမိမိ ယူတတ်ပါမှ ရန်အောင်ကြောင်း "စာဂ" အရ မိမိ၏ ပတ်ဝန်းကျင်ကို အပြီးအပြတ်အောင်နိုင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်၏။

**တရားဟောဓမ္မကထိက**

ဝိရိယရသုခမိန်သည် တရားဟောဓမ္မကထိက ဖြစ်၏။ သူတရားဟောရာတွင် အခြားသော တရားဟောဓမ္မကထိကများနှင့် မတူ။ ရှေ့ဦးစွာ သူ့ကိုယ်သူပြန်ဟော၏။ အခြားသူများကို မဟောမီ မိမိကိုယ်ကို ပြန်ဟောခြင်းသည် ကောင်း၏။ ထိုအခါ မိမိဟောသောတရားကို မိမိကိုယ်တိုင် လိုက်နာသည်၊ မလိုက်နာသည်ကို စိစစ်ပြီးသားဖြစ်၏။ မိမိကိုယ်တိုင်လိုက်နာသော တရားကိုသာ ဝိရိယရသုခမိန်သည် အခြားသူများကို ဟောကြားလေ၏။ မိမိဟောသော တရားကို မိမိအားရှေးဦးစွာ မဟောဘဲ ဖြစ်စေ၊ မိမိကိုယ်ကို ရှေးဦးစွာဟောသော်လည်း မိမိကိုယ်တိုင်က မလိုက်နာလျှင်ဖြစ်စေ၊ ထိုကဲ့သို့သော တရားများကို အခြားသူများအား ဟောခြင်းသည် တကယ်တမ်းစစ်မှန်သော တရားဟောခြင်းမဟုတ်။

ဝိရိယရသုခမိန်သည် ပုဏ္ဏကနှင့်ဆက်ဆံရာ၌ဖြစ်စေ၊ ဝရုဏနဂါးမင်းနှင့် ဆက်ဆံရာ၌ဖြစ်စေ၊ အခြားသူများနှင့်ဆက်ဆံရာ၌ ဖြစ်စေ၊ သူ၏စိတ်ထဲ၌ "သာဓုနရ=လူကောင်းတရားကို "အမြဲတမ်းမွေးမြူ၏။ ဝိရိယရသုခမိန်သည် ပတ်ဝန်းကျင်ကို ကတညုတမျက်စိဖြင့်သာ ကြည့်၏။

ထိုသို့ကြည့်သောအခါ ပတ်ဝန်းကျင်သည် သူ၏ကျေးဇူးရှင်ဖြစ်လာ၏။ ကျေးဇူးရှင်အဖြစ် သတ်မှတ်ထားသောကြောင့် ပတ်ဝန်းကျင်၌ ကျေးဇူးဆပ်ခြင်းကိုသာ ပြု၏။ ကျေးဇူးမဲ့ကို မပြု။ ပြစ်မှားခြင်းကိုမပြု။ ထိုကဲ့သို့ပြုရန် ဆွဲဆောင်သိမ်းသွင်းခြင်းမျိုးကိုလည်း အားမပေး။ ဤသည်မှာ ပတ်ဝန်းကျင်နှင့်ဆက်ဆံရာ၌ ဝိရိယရသုခမိန်၏ စိတ်ထားဖြစ်၏။ ခံယူချက်ဖြစ်၏။ သဘောထားဖြစ်၏။

ပတ်ဝန်းကျင်နှင့်ဆက်ဆံရာ၌ ဝိရိယရသုခမိန်သည် ကာယကံအားဖြင့်လည်း ရန်အောင်ကြောင်း တရားလေးပါးအတိုင်း ကျင့်၏။ သစ္စာအရ ရိုးရိုးသားသားနှင့် မှန်မှန်ကန်ကန် ဆက်ဆံ၏။ ဓမ္မအရ တရားလမ်းမှန်အတိုင်း ဆက်ဆံ၏။ ဓိတိအရ တက်တက်ကြွကြွနှင့် လေးလေးစားစား ဆက်ဆံ၏။ စာဂ အရ အမြတ်ထုတ်လိုသော သဘော လုံးဝမပါဘဲ သူတစ်ဘက်သား အကျိုးဖြစ်ထွန်းစေလိုသော သဘောမျိုးဖြင့်သာ ဆက်ဆံ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိဓူရသုခမိန်သည် ပတ်ဝန်းကျင်နှင့်ဆက်ဆံရာတွင် ဝစီကံအားဖြင့်လည်း အမြဲတမ်းသမ္မာဝါစာဖြင့် ပြောဆိုဆက်ဆံ၏။ သူ၏စကားသည် အမြဲတမ်း မုသာဝါဒမှ ကင်း၏။ ထို့ကြောင့် သူ၏စကားသည် သစ္စ ဝါစာဖြစ်၏။ သူ၏စကားသည် ပိသုဏ=ကုန်းချောခြင်း မှကင်း၏။ ထို့ကြောင့် သုဘာသိတဝါစာ ဖြစ်၏။ သူ၏ စကားသည် ဖရုသ– ကြမ်းတမ်းခြင်းမှ ကင်း၏။ ထို့ကြောင့် ပိယဝါစာ ဖြစ်၏။ သူ၏ စကားသည် သမ္ဖပ္ပလာပ=ပြိန်ဖျင်းခြင်းမှ ကင်း၏။ ထို့ကြောင့် ဓမ္မဝါစာဖြစ်၏။

ဝိဓူရသုခမိန်သည် အခြားသူများနှင့်ဆက်ဆံရာတွင် ဤကဲ့သို့ကာယကံအားဖြင့် လည်းကောင်း၊ ဝစီကံအားဖြင့်လည်းကောင်း၊ မနောကံအားဖြင့်လည်းကောင်း ဆက်ဆံခြင်း ခံရသူများအနေဖြင့် အကျိုးရှိအောင် ဆက်ဆံနိုင်သောကြောင့် သူ၏ ဆက်ဆံမှုကို "ဥပါယကောသလ္လ=ဉာဏ်နှင့်ယှဉ်သောဆက်ဆံမှု" ဟူ၍ဆိုရ၏။ ဥပါယကောသလ္လ ဉာဏ်ဟူသည်မှာ ဆက်ဆံခြင်းခံရသူများအတွက် အမှန်ဆုံး၊ အကျိုးရှိဆုံး၊ ကျေနပ်ဖွယ် အဖြစ်ဆုံးကို ရွေးချယ်စိစစ်၍ ဆောင်ရွက်နိုင်သော ဉာဏ်ဖြစ်၏။ ယင်းဉာဏ်တွင် ကရုဏာပါရမီဖြစ်၏။

ဝိဓူရသုခမိန်၏ဆောင်ရွက်မှုတွင် ကရုဏာနှင့် ဥပါယကောသလ္လ ဉာဏ် နှစ်ပါးစုံ ပါဝင်လေသောကြောင့် သူ၏ဆောင်ရွက်မှုများကို "ပညာပါရမီဖြည့်ခြင်း၏ အတွင်း သရုပ်နှင့် အပြင်သဏ္ဌာန်များ" ဟူ၍ဆိုကြခြင်း ဖြစ်ပါ၏။

**ပါရမီဆယ်ပါး ပါဝင်သောလုပ်ငန်း**

ဝိဓူရဇာတ်၌ ပညာပါရမီ ဦးဆောင်ဖြစ်သော်လည်း အခြား ပါရမီများကိုပါ ဝိဓူရသုခမိန်ဖြည့်ကြောင်းတွေ့ရ၏။ သူ၏ လုပ်ငန်း၌ ဒါနပါရမီအရ ကိုယ်ကျိုးစွန့်လွှတ်ထားခြင်းကိုလည်း တွေ့ရ၏။ သီလပါရမီအရ ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်၍ ကောင်းသော သုဂတိသို့ လားမည်ဖြစ်သဖြင့် "သေချင်သည့်အချိန်သေ" ဟူ၍ မကြောက်မရွံ့ ရဲဝံ့စွာ ဆိုနိုင်လောက် အောင်ပင် ဖြူစင်မြင့်မြတ်ခြင်းကိုလည်းတွေ့ရ၏။

နေက္ခမ္မပါရမီနှင့် ပတ်သက်၍ ဝိဓူရသုခမိန်သည် မိမိဆောင်ရွက်သည့်လုပ်ငန်းမှ မိမိအတွက် တစ်စုံတစ်ရာ ရကောင်းစေဟူ၍ မျှော်ကိုးခြင်းလုံးဝမရှိသည်ကိုလည်း တွေ့ရ၏။

ကောရဗျမင်းကြီးနှင့် ဆက်ဆံရာတွင်လည်း ကောရဗျမင်းကြီး၏ အကျိုးသည်သာ ပထမ၊ ထို့အတူ ပုဏ္ဏကဘီလူး၊ ဝရုဏနဂါးမင်း၊ ဝိမလာဒေဝီတို့နှင့် ဆက်ဆံရာ၌လည်း ယင်းတို့၏ အကျိုးသည်သာ ပထမဟူ၍ခံယူပြီး ဆက်ဆံခြင်းကိုတွေ့ရ၏။ ထို့ကြောင့် နေက္ခမ္မ ပါရမီကိုဖြည့်ရာ ရောက်ခြင်းဖြစ်၏။

ဝီရိယပါရမီနှင့် ပတ်သက်၍ မည်သို့သောအန္တရာယ်များ အခက်အခဲများနှင့် ကြုံရသည်ဖြစ်စေ ဝိဓူရသုခမိန်သည် မိမိအနေဖြင့် အားမလျှော့ဘဲ လုပ်သင့်လုပ်ထိုက် သည်များကို အမြဲလုပ်ဆောင်နေခြင်းကိုလည်း တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခန္တီပါရမီနှင့်ပတ်သက်၍ ဝိစူရသုခမိန်သည် အခက်အခဲဟူသမျှကို မိမိလိုရာပန်းတိုင်သို့ ရောက်သည်အထိ သည်းခံခွင့်လွှတ်ပြီး ဆောင်ရွက်ခြင်းကိုလည်းတွေ့ရ၏။

သစ္စာပါရမီနှင့် ပတ်သက်၍ ဝိစူရသုခမိန်သည် အလွန်ရိုးသားဖြောင့်မတ်စွာဖြင့် အမှန်အတိုင်း ပြောဆိုဆောင်ရွက်သည်ကိုလည်း တွေ့ရ၏။

အဓိဋ္ဌာန်ပါရမီနှင့် ပတ်သက်၍ ဝိစူရသုခမိန်သည် "အားလုံးကျေနပ်စေရမည်" ဟူသော မိမိ၏ဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ပေါ်အောင် ဆောင်ရွက်ခြင်းကိုလည်း တွေ့ရ၏။

မေတ္တာပါရမီနှင့်ပတ်သက်၍ ဝိစူရသုခမိန်သည် မိမိအပေါ် မည်မျှညှဉ်းပန်းနှိပ်စက်စေကာမူ ပုဏ္ဏကအပေါ် အရှင်သခင်အဖြစ် မေတ္တာထားသည်ကိုလည်းကောင်း၊ ကောရဗျမင်းကြီးနှင့် အခြားသူများအပေါ်၌လည်း မထိမဲ့မြင်ပြုခြင်း၊ မကျေမနပ်ဖြစ်ခြင်းမျိုးလုံးဝမရှိဘဲ တကယ့်မေတ္တာစစ်မေတ္တာမှန်ဖြင့်သာ ဆက်ဆံခြင်းကိုလည်းကောင်း တွေ့ရ၏။

ဥပေက္ခာပါရမီနှင့် ပတ်သက်၍ ကောရဗျမင်းကြီးက ဝိစူရသုခမိန်ကို လောင်းကြေးအဖြစ် သတ်မှတ်၍ လောင်းကစားခြင်းကိုလည်းကောင်း၊ ပုဏ္ဏကဘီလူးက သုခမိန်ကို မသေ-သေအောင် နှိပ်စက်ညှဉ်းပန်းခြင်းကို လည်းကောင်း လျစ်လျူရှုပြီး ဘာမျှမဖြစ်သကဲ့သို့ သဘောထားခြင်းကိုလည်း တွေ့ရ၏။

အမှန်အားဖြင့် ဝိစူရသုခမိန်သည် ဤစိတ်ထား၊ ဤပါရမီတို့၏ အာနုဘော်ကြောင့်သာ မိမိ၏ ရည်မှန်းချက်အတိုင်း ကောရဗျမင်း၊ ပုဏ္ဏကဘီလူး၊ ဣရန္ဒတီနဂါးမ၊ဝရုဏ နဂါးမင်း၊ ဝိမလာဒေဝီတို့အားလုံး ကျေနပ်အောင် ဆောင်ရွက်နိုင်ပြီး ကွယ်လွန်သောအခါ၌လည်း နတ်ရွာသုဂတိသို့ လားရောက်ခြင်းဖြစ်၏။ နောက်ဆုံး၌ သဗ္ဗညုတဉာဏ်တော်ကို ရ၍ သုံးလောကထွတ်ထား မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူနိုင်ခြင်းဖြစ်ပါ၏။ ထို့ကြောင့် ပါရမီတို့၏အာနိသင်ကို တကယ်ယုံကြည်ပြီး တကယ်သာ လိုက်နာ ကျင့်သုံးမည်ဆိုပါက ဤလောက၌ မည်သည့်အခက်အခဲမျိုးကို မဆို ကျော်လွှား လွန်မြောက်နိုင်မည်မှာ သေချာလှပါ၏။

**မမှိုဝဲအပ်သောငါနှင့် မှိုဝဲအပ်သောငါ**

ပါရမီဖြည့်ခြင်း ဟူသည်မှာလည်း အထူးအဆန်းတော့ မဟုတ်လှ။ "လောကအပေါ် စေတနာထားနိုင်ခြင်းသည်ပင်" ပါရမီဖြည့်ခြင်း ဖြစ်၏။ လောကအပေါ် စေတနာထားနိုင်ခြင်း ဟူသည်မှာလည်း အထူးအဆန်းတော့မဟုတ်။ မိမိ၏ "ငါ"ကို ထိန်းကျောင်းနိုင်ခြင်းသည်ပင်လျှင် လောကအပေါ် စေတနာထားခြင်း ဖြစ်၏။ ထို့ကြောင့် "ငါမှငါ၊ ငါ့မိသားစုမှ ငါ့မိသားစု၊ ငါ့အုပ်စုမှ ငါ့အုပ်စု၊ ငါ့လူမျိုးမှ ငါ့လူမျိုး၊ ငါ့နိုင်ငံမှ ငါ့နိုင်ငံ"ဟူ၍ တစ်ဖက်သားအပေါ် ချုပ်ချယ်ခြင်းဟူသမျှသည် မိမိ၏ "ငါ"ကို ထိန်းကျောင်းခြင်းမဟုတ်။ မိမိ၏ ငါကိုမွေးမြူခြင်းသာဖြစ်၏။ ဗုဒ္ဓစာပေများ၌ ဤအယူ

www.burmeseclassic.com

www.burmeseclassic.com



ဤအမြင်ကို ဣဒမေဝ သစ္စံ၊ မောဃမညံ-(ဤ "ငါ"နှင့် ပတ်သက်သမျှသည်သာ သစ္စာဖြစ်၏။ "ငါ"နှင့် မပတ်သက်သမျှသည် အချိးနှိးသာဖြစ်၏) ဟူ၍ ယူသောအယူ၊ မြင်သောအမြင် "ဣဒံသစ္စာဘိနိဝေသဒိဋ္ဌိ" အဖြစ် ဖော်ပြခြင်း ဖြစ်၏။ ဤအယူဤအမြင်သည် ပါရမီ၏ အန္တရာယ်ဖြစ်၏။ ယင်းကို ထိန်းကျောင်း အပ်၏။ သို့ရာတွင် ပါရမီကို အထောက်အကူပြုသော "ငါ"လည်းရှိသေး၏။ ယင်း"ငါ"ကား သူတစ်ပါးကို မချုပ်ချယ်သော "ငါ"တည်း။ ယင်းငါမျိုးကိုမူ ပါရမီအတွက် မွေးမြူ အပ်ပါ၏။ ပါရမီအတွက် မွေးမြူအပ်သော "ငါ"ကို သေဝိတဗ္ဗ-မိုဝဲအပ်သော ငါ"ဟူ၍ဆိုရ၏။

❁❁❁❁❁❁❁

## ဝီရိယပါရမီ

ဝီရိယသည် အဘိဓမ္မာဒေသနာတော်အရ စေတသိက် ဖြစ်၏။ ယင်း စေတသိက်သည် ကုသိုလ်စိတ်များနှင့်လည်း ယှဉ်၏။ အကုသိုလ် စိတ်များနှင့်လည်း ယှဉ်၏။ ဝီရိယ၏ အနက်မှာ နိရုတ္တိနည်းအရ "ရဲရင့်ခြင်း"ဟူ၍ ဖြစ်၏။ မြန်မာဝေါဟာရ အရ ရဲရင့်ခြင်းကို မကောင်းသော ဒုစရိုက်နေရာ၌လည်း သုံး၏။ ကောင်းသော သုစရိုက်မှု များ၌လည်း သုံး၏။ အဘိဓမ္မာသဘောအရ ဆိုလျှင် မကောင်းသော ဒုစရိုက်မှုများ၌ ရဲရင့်ခြင်းကို "မိုက်မဲခြင်း" ဟူ၍ဆိုရ၏။ ကောင်းသော ကုသိုလ် သုစရိုက်များ၌ ရဲရင့်ခြင်းကို "သတ္တိရှိခြင်း" ဟူ၍ဆိုရ၏။

အမှန်အားဖြင့် အကုသိုလ်အမှုများ၌ ရဲရင့်ခြင်းကို မိုက်မဲခြင်း=မောဟ- က ဦးဆောင်၏။ ထို့ကြောင့် မိုက်မဲခြင်း ဟူ၍ဆိုခြင်းဖြစ်၏။

ကုသိုလ်အမှုများ၌ ရဲရင့်ခြင်းကို ပိုင်းခြား၍သိခြင်း= အမောဟ- က ဦးဆောင်၏။ ထို့ကြောင့် သတ္တိရှိခြင်း ဟူ၍ဆိုခြင်းဖြစ်၏။

ဤသည်မှာ ဝီရိယ၏သဘောနှစ်မျိုးဖြစ်၏။ ထိုသဘောနှစ်မျိုးတွင် ဝီရိယပါရမီ အရ ကောင်းသော ကုသိုလ်သုစရိုက်များ၌ ရဲရင့်ခြင်း (ဝါ) သတ္တိရှိခြင်းကိုသာယူရ၏။

လုပ်ငန်းများကို လုပ်ကြရာတွင် လုပ်ငန်းတို့၏ သဘာဝအရ အစ၊ အလယ်၊ အဆုံး ဟူ၍ သုံးပိုင်းရှိလေရာ အစပိုင်း၌ အားတက်ဖွယ်ရှိ၏။ အလယ်ပိုင်းရောက်သောအခါ အခက်အခဲများကို တွေ့ရ၏။ ယင်းအခက်အခဲများကို ကျော်လွှန်နိုင်မှ လုပ်ငန်းသည် အဆုံးပိုင်းသို့ရောက်၍ ပြီးဆုံး၏။ အကယ်၍ လုပ်ငန်းများ၌ တွေ့ကြုံရသော အခက်အခဲ များကို မကျော်လွှန်နိုင်သောအခါ လုပ်ငန်းသည် တစ်ဝက်တစ်ပိုင်းနှင့် အဆုံးသတ်၏။ အဆုံးပိုင်းသို့မရောက်။ သို့ဖြစ်၍ လုပ်ငန်း၏ အပိုင်းသုံးပိုင်းကို အကြောင်းပြု၍ ဝီရိယ ကိုလည်း အာရမ္ဘ၊ နိက္ကမ၊ ပရက္ကမ ဟူ၍ အပိုင်းသုံးပိုင်း ခွဲနိုင်၏။ အစပိုင်းဝီရိယကို "အာရမ္ဘဝီရိယ"ဟူ၍ဆိုရ၏။

www.burmeseclassic.com

www.burmeseclassic.com



အာရမ္ဘ ဟူသည်မှာ "အစ"ဟူ၍ ဖြစ်၏။ ထို့ကြောင့် အစပိုင်း ဝီရိယကို အာရမ္ဘဝီရိယဟူ၍ ဆိုခြင်းဖြစ်၏။ လုပ်ငန်း၏ အစပိုင်းဟူသမျှသည် စိတ်လှုပ်ရှားဖွယ် မျှော်လင့်ဖွယ် အားတက်ဖွယ်များနှင့် လွှမ်းမိုးတတ်၏။ ထို့ကြောင့် အစပိုင်းဝီရိယသည် အဿာဒ=သာယာဖွယ်ရှိ၏။ သာယာဖွယ်ရှိသဖြင့်လည်း မည်သူမဆို လုပ်ငန်းတစ်ခုကို လုပ်ရာ၌ ထိုသူ့အတွက် အစပိုင်း အာရမ္ဘဝီရိယသည် မခက်မခဲ ဖြစ်ပေါ်တတ်၏။

လုပ်ငန်း၏ အလယ်ပိုင်းသို့ရောက်သောအခါ အခက်အခဲများကို တွေ့လာရ၏။ ထို့ကြောင့် ထိုအပိုင်းကို အာဒီနဝ=မသာယာဖွယ်အပိုင်း ဟူ၍ဆိုရ၏။ ထိုအပိုင်းနှင့် ပတ်သက်သော ဝီရိယကိုလည်း "နိက္ကမဝီရိယ"ဟူ၍ ဆိုရ၏။ နိက္ကမ ဟူသည်မှာ "ကျော်လွန်ခြင်း"ဟူ၍ဖြစ်၏။ ထို့ကြောင့် လုပ်ငန်း၌ နိက္ကမဝီရိယဖြစ်လျှင် အခက်အခဲများ အားလုံးကို ကျော်လွှားသွားနိုင်မည်ဖြစ်၏။ အခက်အခဲများအားလုံးကို မကျော်လွှား နိုင်လျှင် ထိုဝီရိယသည် နိက္ကမဝီရိယ မဟုတ်။ အကယ်၍လုပ်ငန်း၌ အခက်အခဲ များကို မကျော်လွှားနိုင်ပါက ထိုလုပ်ငန်းသည် တစ်ဝက် တစ်ပိုင်းနှင့်ပင် ရပ်သွားမည် ဖြစ်၏။ ရှေ့သို့မတက်တော့။ အကယ်၍ ရှေ့သို့တက်နိုင်ပြီး လုပ်ငန်း၏ အလယ်ပိုင်းကို လွန်မြောက်သောအခါ အဆုံးပိုင်းသို့ရောက်လာ၏။

အဆုံးပိုင်းကို "နိဿရဏ" ဟူ၍ခေါ်၏။ နိဿရဏ ဟူသည်မှာ"လွန်မြောက်ခြင်း" ဟူ၍ဖြစ်၏။ လွန်မြောက်ခြင်း အပိုင်းနှင့် ပတ်သက်သော ဝီရိယကို ပရက္ကမဝီရိယ ဟူ၍ခေါ်၏။ ပရက္ကမ ၏အနက်မှာ "အပြီးတိုင်ရောက်သွားခြင်း"ဟူ၍ဖြစ်၏။ ထို့ကြောင့် ပရက္ကမဝီရိယဖြစ်လျှင် ရည်မှန်းထားသည့်အတိုင်း လုပ်ငန်းတစ်ခုလုံး အပြီးသတ် အောင်မြင်၏။

ဝီရိယပါရမီတွင် အစပိုင်း အာရမ္ဘဝီရိယလည်းပါရ၏။ အလယ်ပိုင်း နိက္ကမဝီရိယ လည်း ပါရ၏။ အဆုံးပိုင်း ပရက္ကမဝီရိယလည်း ပါရ၏။ သုံးပိုင်းလုံး ပါဝင်ရ၏။ အစပိုင်းသည် သာယာဖွယ် အဿာဒ သဘောကို ဆောင်၏။ အလယ်ပိုင်းသည် မသာယာဖွယ် အာဒီနဝ သဘောကို ဆောင်၏။ အဆုံးပိုင်းသည် ယင်းနှစ်မျိုးမှ လွတ်မြောက်ခြင်း နိဿရဏသဘောကို ဆောင်၏။ ထိုတွင် အစပိုင်း အာရမ္ဘဝီရိယသည် သာယာဖွယ် အဿာဒ သဘောကို ဆောင်သော်လည်း ယင်း၌ ကိလေသာအနှောင့် အယှက် ပါသင့်သလောက် ပါသည်ပင်ဖြစ်၏။ ယင်းကိလေသာကား မြူဆွယ်သော သဘောရှိချင်လည်းရှိမည်။ ခြိမ်းချောက်သော သဘောရှိချင်လည်းရှိမည်။ မည်သို့ပင်ရှိရှိ လုပ်ငန်းကို အဟန့်အတားပြုသည့်သဘောကို ဆောင်သည်ချည်း ဖြစ်ပါ၏။ ထို့ကြောင့် လုပ်ငန်း၏အစပိုင်း၌ တွေ့ရသောကိလေသာကို ပယ်ရမည်သာဖြစ်၏။ အကယ်၍ အစပိုင်း အဟန့်အတားကို မပယ်နိုင်ပါက လုပ်ငန်းသည် အစ၌ပင် ရပ်သွားမည်ဖြစ်၏။

လုပ်ငန်း၏ အလယ်ပိုင်းသည်ကား အခက်အခဲပိုင်း ဖြစ်၏။ ထို့ကြောင့် ထိုအပိုင်းကို မသာယာဖွယ်အပိုင်း ဟူ၍လည်းကောင်း၊ အပြစ်အနာအဆာပိုင်းဟူ၍ လည်းကောင်း ဆိုရ၏။ ပါဠိဝေါဟာရအားဖြင့် အာဒီနဝပိုင်းဖြစ်၏။ လုပ်ငန်းကို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရာ၌ အခက်အခဲကိုလွန်မှ ရှေ့ကိုတက်နိုင်မည်ဖြစ်၏။ အခက်အခဲ ဟူသမျှသည်လည်း သူ့သဘောနှင့်သူ ကိလေသာများပင် ဖြစ်၏။ ထို့ကြောင့် လုပ်ငန်း၏ အလယ်ပိုင်း၌ တွေ့ရသော ကိလေသာများကိုလည်း ပယ်ရမည်သာဖြစ်၏။ လုပ်ငန်း၏အဆုံးပိုင်း၌လည်း လွတ်မြောက်ရာ "နိဿရဏ" သဘော ရှိသည်မှန်သော်လည်း အဆုံးသတ်အနေဖြင့် လွတ်မြောက်ရမည့် အဿာဒ နှင့် အာဒီနဝ သဘောသည် ပန်းမဝင်မချင်း အကြွင်းအကျန် သတ္တိအနေဖြင့် ရှိသည်သာဖြစ်၏။ ထို့ကြောင့် အကြွင်းအကျန်သတ္တိသည်လည်း ကိလေသာအဟန့်အတားများပင် ဖြစ်၏။ သို့ဖြစ်၍ ထိုအဟန့်အတား ကိလေသာများ ကိုလည်း ပယ်ရမည်ပင်ဖြစ်၏။ အဟန့်အတား ကိလေသာများကိုပယ်ခြင်းကို "အာတာပ" ဟူ၍ဆိုရ၏။ အာတာပ ဟူသည်"ကိလေသာများကို လောင်မြိုက်ခြင်း"ဟူ၍ဖြစ်၏။

အမှန်အားဖြင့် လုပ်ငန်းတစ်ခုကို လုပ်ရာ၌ အာရမ္ဘဝီရိယသည်လည်း ဆိုင်ရာ အဟန့်အတား ကိလေသာကို လောင်မြိုက်ခြင်း အာတာပ သဘောရှိသည်သာ ဖြစ်၏။ နိက္ကမဝီရိယသည်လည်း ဆိုင်ရာအဟန့်အတားကိလေသာကို လောင်မြိုက်ခြင်း အာတာပ သဘောရှိသည်သာဖြစ်၏။ ပရက္ကမဝီရိယသည်လည်း ဆိုင်ရာအဟန့်အတား ကိလေသာကို လောင်မြိုက်ခြင်း အာတာပ သဘောရှိသည်သာဖြစ်၏။ အမှန်အားဖြင့် ဝီရိယပါရမီတွင် အစ အာရမ္ဘဝီရိယလည်း ပါဝင်၏။ အလယ် နိက္ကမဝီရိယလည်း ပါဝင်၏။ အဆုံး ပရက္ကမဝီရိယလည်း ပါဝင်၏။ ထိုတွင် အစဝီရိယသည် မိမိ၏ အာတာပ–သဘောဖြင့် လုပ်ငန်း၏ အစပိုင်းအခက်အခဲများကို ပယ်နိုင်၏။ အလယ် ဝီရိယသည်လည်း မိမိ၏အာတာပ–သဘောဖြင့် လုပ်ငန်း၏အလယ်ပိုင်း အခက်အခဲများကို ပယ်နိုင်၏။ အဆုံး ဝီရိယသည်လည်း မိမိ၏အာတာပ–သဘောဖြင့် လုပ်ငန်း၏ အဆုံးပိုင်း အခက်အခဲများကို ပယ်နိုင်၏။ ထို့ကြောင့် ဝီရိယ ပါရမီသည် ပါရမီရှင်အား သူ၏လုပ်ငန်းကို အပြီးတိုင်အောင် ဆောင်ရွက်စေနိုင်ခြင်း ဖြစ်၏။

လုပ်ငန်းတစ်ခုကို ပြီးအောင် ဝီရိယပါရမီဖြင့် ဆောင်ရွက်ရာတွင် ဝီရိယ ပြဋ္ဌာန်းသဖြင့် ဝီရိယကို ပဓာနပြု၍ ဆိုခြင်းဖြစ်သော်လည်း ယင်းသို့ဆိုရာ၌ ကံလည်း ပါ၏။ ဉာဏ်လည်းပါ၏။ ကံ, ဉာဏ်, ဝီရိယ သုံးမျိုးစုံပါမှ လုပ်ငန်းဟူသမျှသည် အဆုံးသို့ ရောက်နိုင်၏။

ကျမ်းဂန်များတွင် ကံကို မျိုးစေ့နှင့်နှိုင်းပြီး၊ ဝီရိယကို မြေဩဇာနှင့် နှိုင်း၍ ဆိုကြ၏။ ဉာဏ်ကိုမူ ရေနှင့်နှိုင်းကြလေ၏။ ထိုနှိုင်းခိုင်းချက် အရဆိုလျှင် သစ်ပင်တစ်ပင် ဖြစ်ထွန်းရာ၌ မျိုးစေ့လည်းလို၏။ မြေဩဇာလည်းလို၏။ ရေလောင်းပေးဖို့လည်းလို၏။ အကယ်၍ မျိုးစေ့ပင်မကောင်းစေကာမူ မြေဩဇာလည်း ကောင်းမည်၊ ရေကိုလည်း မှန်မှန်လောင်းပေးမည်ဆိုလျှင် ထိုမကောင်းသောမျိုးစေ့မှ သန်မာထွားကျိုင်းသော အပင်သည် ပေါက်နိုင်ပါ၏။

သတ္တဝါဟူသမျှသည် အစမထင်သော သံသရာ၌ ကျင်လည်ခဲ့ကြသူများ ဖြစ်ကြ၏။ ထို့ကြောင့် သူတို့သည် သံသရာ၌ ကောင်းမှု "ကံ" များစွာကိုလည်း လုပ်ခဲ့ကြ၏။ မကောင်းမှု "ကံ" များစွာကိုလည်း လုပ်ခဲ့ကြ၏။ ထို့ကြောင့် သူတို့၏ သန္တာန်၌

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုကံများသည်လည်း မရေမတွက်နိုင်အောင် ရှိကြ၏။ မကောင်းမှုကံများသည်လည်း မရေမတွက်နိုင်အောင်ရှိကြ၏။ ထိုကံများသည် နာနာက္ခဏိက ကမ္မသတ္တိအရ မျိုးစေ့အနေဖြင့် အပင်ပေါက်ရန် အဆင်သင့်ဖြစ်နေကြ၏။ မြေသြဇာနှင့် ရေကိုရလျှင် အပင်ပေါက်ကြမည်ဖြစ်၏။ မြေသြဇာနှင့် ရေကား ဝီရိယနှင့်ဉာဏ်ဖြစ်၏။

မိမိတို့၏ သန္တာန်၌ မျိုးစေ့ကား အစုံရှိ၏။ လောဘပင်ကိုလည်း စိုက်၍ရ၏။ အလောဘပင်ကိုလည်း စိုက်၍ရ၏။ ဒေါသပင်ကိုလည်း စိုက်၍ရ၏။ အဒေါသပင်ကိုလည်း စိုက်၍ရ၏။ မောဟပင်ကိုလည်း စိုက်၍ ရ၏။ အမောဟပင်ကိုလည်း စိုက်၍ရ၏။ ကုသိုလ်ဆိုင်ရာ အပင်ဖြစ်စေ၊ အကုသိုလ်ဆိုင်ရာ အပင်ဖြစ်စေ မည်သည့်အပင်ကိုစိုက်စိုက် အားလုံးစိုက်၍ ရ၏။ မိမိတို့၏ဆန္ဒအရ ရွေးချယ်တတ်သော ဉာဏ်အလိုက် ဆိုင်ရာဆိုင်ရာ အပင်များကို စိုက်၍ရပါ၏။ အဆိပ်မျိုးစေ့ကို ရွေးချယ်ပြီးစိုက်လျှင် အဆိပ်ပင်ပေါက်၏။ ဆေးဖက်မျိုးစေ့ကို ရွေးပြီးစိုက်လျှင် ဆေးဖက်ဝင်အပင်ပေါက်၏။

တစ်နည်းအားဖြင့် တင်စား၍ဆိုရလျှင် ကံသည်ဆောက်လုပ်ရေးပစ္စည်းများနှင့် တူ၏။ ဉာဏ်သည် ဗိသုကာနှင့် တူ၏။ ဝီရိယသည် ဆောက်လုပ်ရေးသမားနှင့် တူ၏။ ဆောက်လုပ်ရေးသမားသည် အဆောက်အအုံကို ဆောက်ရာ၌ ဗိသုကာဆွဲပေးသည့်ပုံအတိုင်း ဆောက်မည်ဖြစ်၏။ ဆောက်လုပ်ရေးသမား၏ လုပ်ငန်းကား ဆောက်လုပ်ခြင်းသာဖြစ်၏။ ဗိသုကာက အကျဉ်းထောင်ပုံ ဆွဲပေးလျှင် ဆောက်လုပ်ရေးသမားက အကျဉ်းထောင်ကို ဆောက်မည်ဖြစ်၏။ ဗိသုကာက ဘုရားကျောင်းပုံ ဆွဲပေးလျှင် ဆောက်လုပ်ရေးသမားက ဘုရားကျောင်းကို ဆောက်မည်ဖြစ်၏။ ထို့ကြောင့် အဆောက်အအုံတစ်ခုကို ဆောက်ရာ၌ ဆောက်လုပ်ရေးပစ္စည်းများသည် ဗိသုကာနှင့် ဆောက်လုပ်ရေးသမားတို့ကို လိုက်၍ အဆောက်အအုံ၏ သဏ္ဌာန် ပေါ်လာသကဲ့သို့ပင် လုပ်ငန်းတစ်ခုကို လုပ်ရာ၌လည်း ကံသည် ဉာဏ်နှင့် ဝီရိယကိုလိုက်၍ တစ်ကိုယ်ကောင်း၊ သို့မဟုတ် အများအတွက်ဟူ၍ ထိုက်သင့်သလို အကျိုးတရားဖြစ်ပေါ်လာရ၏။ ဆောက်လုပ်ရေးပစ္စည်းသဖွယ်ဖြစ်သော ကံသည် သတ္တဝါတိုင်း၌ စုမိဆောင်းမိ များစွာရှိလေ၏။

**တာဝန်နှင့်လုပ်ငန်း** လက်တွေ့အားဖြင့်လည်း မိမိတို့၏ လုပ်ငန်းကို ကြိုးစားပမ်းစား ဆောင်ရွက်သူများသည် ဤမြေပြင်၌ များစွာပင်ရှိကြပါ၏။ ထိုသူများအားလုံးသည် ဝီရိယပါရမီကို ဖြည့်သူများလည်း ဖြစ်နိုင်၏။ ဝီရိယပါရမီကို မဖြည့်သူများလည်း ဖြစ်နိုင်၏။

ဝီရိယကို အထွတ်အထိပ်ရောက်အောင် အားထုတ်သူတိုင်း ဝီရိယပါရမီကို ဖြည့်ခြင်းဟူ၍ မဆိုအပ်။ အမှန်အားဖြင့် ပါရမီဟူသမျှသည် "ကရုဏာနှင့် ဥပါယကောသလ္လဉာဏ်"ကို ရှေ့သွားပြုရ၏။ ယင်းနှစ်ပါးရှေ့သွားပြုသော ဝီရိယသည်သာ ပါရမီထိုက်သော ဝီရိယဖြစ်၏။ ယင်းနှစ်ပါး ရှေ့သွားပြုပါမှလည်း မြင့်မြတ်သူတို့ လုပ်ငန်း ဟူသောအမည်ကို ခံထိုက်ပါ၏။ ယင်းနှစ်ပါး ရှေ့သွားမပြုဘဲ တာဝန်ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြချက်ဖြင့် သက်စွန့်ဆံဖျား ကြိုးပမ်းခြင်းသည် ပါရမီမဟုတ်။ မောဟ၏ မျက်လှည့်သာ ဖြစ်၏။ အမှန်အားဖြင့် တာဝန်ဟူသည် မြင့်မြတ်သောသဘောကို ဆောင်ပါမှ တာဝန်ဖြစ်၏။ သို့မဟုတ်ပါက လုပ်ငန်းသာဖြစ်၏။ ပါရမီနယ်ပယ်၌ တာဝန်နှင့် လုပ်ငန်းသည် ကွဲပြား၏။

**ကရုဏာနှင့်ချစ်ချင်းမေတ္တာ**

ကရုဏာကို "ကြင်နာခြင်း" ဟူ၍ဆို၏။ ကြင်နာခြင်းသည် ချစ်ခြင်း မေတ္တာကို အခြေခံမှ ဖြစ်၏။ မေတ္တာ၏ တရားကိုယ်မှာ အဒေါသ စေတသိက်ဖြစ်၏။ ထို့ကြောင့် မေတ္တာသည် ဒေါသ၏ ဆန့်ကျင်ဘက် ဖြစ်ရခြင်းဖြစ်၏။ အမှန်အားဖြင့် ချစ်တတ်ပါမှ ကြင်နာတတ်၏။ ချစ်တတ်ခြင်းဟူသည်မှာ လောကကိုချစ်တတ်ခြင်း ဖြစ်၏။

လောကကို ချစ်တတ်ခြင်းတွင် မိမိကိုယ်ကိုချစ်တတ်ခြင်းလည်း ပါဝင်၏။ ကျမ်းဂန်များ၌ "လောကတွင် မိမိသည်သာ မိမိအတွက် ချစ်စရာအကောင်းဆုံး ဖြစ်သည်" ဟု ဆိုရ၏။

တကယ်တမ်းအားဖြင့် ဆိုရလျှင် ချစ်ခြင်းနှင့်နစ်ခြင်းသည် ရောထွေးနေတတ်၏။ မိမိကိုယ်ကို မိမိချစ်လျှင် မိမိ၏ကောင်းစားရေးကို မိမိကဆောင်ရွက်ရမည်ဖြစ်၏။ မိမိ၏ ကောင်းစားရေးအတွက် ပစ္စုပ္ပန်ကောင်းစားရေးနှင့် တမလွန်ကောင်းစားရေး နှစ်မျိုးလုံးပါ၏။ နှစ်မျိုးလုံး ပါဝင်ပါမှလည်း မိမိကိုယ်ကိုမိမိ တကယ်ချစ်ရာရောက်၏။ တမလွန်ကောင်းစားရေးကို မျက်ကွယ်ပြုပြီး ပစ္စုပ္ပန်ကောင်းစားရေးနှင့် ပစ္စက္ခမြင့်မားရေး သို့သာ ဦးတည်ဆောင်ရွက်လျှင်လည်း ထိုကဲ့သို့သော ဆောင်ရွက်ခြင်းမျိုးသည် မိမိကိုယ်ကို ချစ်ရာမရောက်ဘဲ နစ်ရာရောက်သော ဆောင်ရွက်ခြင်းမျိုး သာဖြစ်၏။

**တကိုယ်ကောင်းစိတ် မထားသင့်**

မိမိကိုယ်ကို တကယ်တမ်း ချစ်သည်ဆိုပါလျှင် လောကနှင့် သံသရာ နှစ်ဖြာ၌ ချမ်းသာအောင်ဆောင်ရွက်ပါမှ မိမိကိုယ်ကိုမိမိ တကယ်တမ်း ချစ်ရာရောက်၏။ လောကနှင့် သံသရာနှစ်ဖြာ၌ ချမ်းသာအောင် ဆောင်ရွက်ခြင်းဟူသည်မှာ တစ်ကိုယ်ကောင်းစိတ်ထားကို မမွေးမြူ ခြင်း ဖြစ်၏။ တကိုယ်ကောင်းစိတ်ထားကို မမွေးမြူလျှင်ပင် လောကကိုလည်း ချစ်ရာ ရောက်၏။ မိမိကိုယ်ကိုလည်း ချစ်ရာရောက်၏။

ထို့ကြောင့် လောကကိုချစ်တတ်လျှင် ကရုဏာသည်ဖြစ်ပေါ်ဖို့ လွယ်ပါ၏။ ဥပါယကောသလ္လဉာဏ်ဖြစ်ဖို့သာ အရေးကြီးတော့၏။ ကရုဏာပါနေမှတော့ ဥပါယ ကောသလ္လဉာဏ်ဖြစ်ဖို့လည်း ခက်မည်မဟုတ်တော့။ ထိုအခါ ကြိုးပမ်းမှုဝီရိယသည် ဝီရိယပါရမီသဘောကို ဆောင်ပါ၏။

မြတ်စွာဘုရားအလောင်းတော်၏ ဝီရိယပါရမီနှင့် ပတ်သက်၍ ဟောကြား တော်မူသော ဇာတ်တော်များအနက် "ဝဏ္ဏုပထ ဇာတ်"နှင့် "မဟာဇနက ဇာတ်"သည် ထင်ရှား၏။ ဝဏ္ဏုပထ ဇာတ်သည် ဧကနိပါတ်၌လာ၏။ မဟာဇနကဇာတ်သည် မဟာနိပါတ်၌လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏုပထဇာတ်

ဝဏ္ဏုပထဇာတ်မှာ ဤသို့ဖြစ်၏။ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း အုပ်စိုး၏။ ဘုရားလောင်းသည် ကုန်သည်ဖြစ်၏။ တစ်ရပ်မှ တစ်ရပ်သို့ လှည်းပေါင်းငါးရာဖြင့်သွား၍ ကုန်သွယ်ခြင်းဖြစ်၏။ တစ်ခါတွင် သဲကန္တာရ အတွင်း၌ လမ်းမှား၍ နေ၏။ ရေပြတ်သဖြင့် ရေတွင်းတူးကြရာ အတောင်ခြောက်ဆယ်တိုင် ရောက်၏။ ရေမတွေ့ဘဲ ကျောက်ဖြာကိုသာ တွေ့လေ၏။ ရှေ့ဆက်၍လည်း တူး၍ မရတော့။ ရေတွင်းတူးသူများအားလုံး လက်လျှော့ကြ၏။ ရေငတ်သဖြင့် သေရန်မှ တစ်ပါး အခြားရွေးချယ်ရန် လမ်းမရှိတော့။ သို့ရာတွင် ဘုရားလောင်း ကုန်သည်မှူးသည် လုလင်တစ်ဦးအား သံတူဖြင့် ကျောက်ဖြာကိုကွဲအောင် ထုရိုက်ခိုင်း၏။ နောက်ဆုံး၌ ကျောက်ဖြာကွဲပြီး ရေများထွက်လာ၏။ ထန်းလုံးခန့် ပမာဏရှိ၏။ ဤနည်းဖြင့် သူတို့သည် အသက်ဘေးမှ လွတ်မြောက်ကြ၏။ မိမိ၏ နေရပ်ဒေသသို့ ပြန်လည် ရောက်ကြ၏။

ဤဇာတ်တွင် ဘုရားလောင်း၏ လုံ့လဝီရိယကို တွေ့ရ၏။ ယင်းလုံ့လဝီရိယကား အသက် မသေမချင်း မလျှော့သော လုံ့လဝီရိယဖြစ်၏။ သူ့ကိုမှီ၍ အခြားသော လှည်းကုန်သည် ငါးရာတို့ အသက်ရှင်ကြခြင်းဖြစ်၏။ ဘုရားလောင်း၏ လုံ့လကား ဉာဏ်မဲ့လုံ့လမဟုတ်။ ဉာဏ်ရှိလုံ့လဝီရိယဖြစ်၏။ သဲကန္တာရထဲ၌ မည်သည့်နေရာသည် ရေရှိသည်ကို သူ၏ပညာဖြင့် တပ်အပ်သိ၏။ ထိုသို့သိနိုင်ရန် အတတ်ပညာများကို မူလကတည်းက လေ့လာသင်ယူပြီးသားဖြစ်၏။ ထို့ကြောင့် ဘုရားလောင်းသည် ရေရှိသည့်နေရာကို မှန်စွာရွေးချယ်နိုင်ခြင်း ဖြစ်၏။

ရေတွင်းကိုတူးကြ၏။ အတောင်ခြောက်ဆယ်တိုင်အောင် ရောက်၏။ အောက်က ကျောက်သားများခံနေ၏။ ရှေ့ဆက်ပြီး တူး၍မရတော့။ ရေတွင်းတူးသူများအားလုံး စိတ်ပျက်ကုန်ကြပြီ။ ရှေ့ဆက်ပြီး ဘာလုပ်ရမှန်းမသိတော့။ အသေခံရုံသာ ရှိတော့၏။ ဘုရားလောင်းကား သူများနှင့် တူသူမဟုတ်။ သူ့အရည်အချင်းကို သူသိ၏။ သူ၏ တွက်ဆချက်ကို သူယုံကြည်၏။ မဟာဗျူဟာအရ သူသည်မှန်၏။ နည်းဗျူဟာအရ သူသည်မှားနေ၏။ ဤသို့ သူသည်ခွဲခြားပြီး နားလည်၏။ မဟာဗျူဟာအရသာ မှန်ဖို့အရေးကြီး၏။ မဟာဗျူဟာအရ မှန်လျှင် နည်းဗျူဟာကို လိုအပ်သလို ပြင်နိုင်၏။

ထို့ကြောင့် သူသည်နည်းဗျူဟာကို ပြင်လိုက်၏။ ရေတွင်းကို ရှေ့ဆက်ပြီး သူ အတူးမခိုင်း။ ကျောက်သားကိုသာ သံတူဖြင့် ကွဲအောင်ရိုက်ခိုင်း၏။ ဘုရားအလောင်းသည် သူကိုယ်တိုင် ကျောက်ဖျာကိုနားဖြင့်ကပ်၍ နားထောင်ပြီးပြီ။ ရေစီးသံကို သူကိုယ်တိုင် ကြားရ၏။ ထို့ကြောင့် ကျောက်ဖျာအောက်၌ ရေရှိမှန်း တထစ်ချ သူသည်သိခြင်း ဖြစ်၏။ သို့ဖြစ်၍လည်း သူသည်ကျောက်ဖျာကို သံတူဖြင့် ကွဲအောင် ခွဲခိုင်းခြင်းဖြစ်၏။

ထိုအချိန်သည် ဘုရားအလောင်းတော်အတွက် အလွန်အရေးကြီးသောအချိန် ဖြစ်၏။ စိတ်ဓာတ်ရေးရာအရ အားလုံးပျက်စီးနေသော အချိန်ဖြစ်၏။ ဘုရားအလောင်း

www.burmeseclassic.com

www.burmeseclassic.com



သည် အချိန်ကိုသိ၏။ အခြေအနေကိုသိ၏။ ကုန်သည်အားလုံးကို သူ့အပေါ်၌ ယုံကြည် အားကိုးလာစေရန် သူသည်စည်းရုံး၏။ သူသည် ခေါင်းဆောင်နေရာကို ယူထားသူဖြစ်၏။ ခေါင်းဆောင်ဟူသည် ငယ်သားတို့ထက် အဘက်ဘက်မှ သာကြောင်းကို အနိုင်အမာ ပြနိုင်ရန် ဝတ္တရားရှိ၏။ ထို့ကြောင့် သူကြိုးစား၏။ ဉာဏ်အရာတွင်လည်း သူကသာကြောင်း လက်တွေ့ပြရ၏။ ယောင်ဝါးဝါးလုပ်၍မရ။ ကရုဏာအရာတွင်လည်း သူကသာကြောင်း လက်တွေ့ပြရ၏။ ဝီရိယအရာတွင်လည်းကောင်း၊ အနှစ်နာခံမှုအရာ တွင်လည်းကောင်း သူက အားလုံးထက်သာကြောင်း လက်တွေ့ပြရ၏။

ကျောက်ဖျာအောက်၌ ရေရှိကြောင်း မယုံကြည်သူများပင်လျှင် သူတို့အပေါ်၌ ထားသော ဘုရားလောင်း၏ မေတ္တာစေတနာကို ထောက်ထားပြီး ဘုရားလောင်းအပေါ် ငဲ့ညှာထောက်ထားချက်ဖြင့် အားသွန်ခွန်စိုက် လုပ်ကိုင်လာသည်အထိ ဘုရားလောင်းသည် သူ၏ပရိသတ်ကို စည်းရုံးနိုင်ခဲ့၏။ ထိုသို့စည်းရုံးနိုင်ခြင်းသည် မိမိ၏ပရိသတ်အပေါ်၌ ထားရှိသော တကယ့်မေတ္တာ,စေတနာ တို့ကို အခြေခံပြီး စည်းရုံးခြင်းဖြစ်၏။ မိမိ၏ ကိုယ်ကျိုးကိုကြည့်ပြီး စည်းရုံးသော၊ မိမိ၏ပရိသတ်အားကို မိမိ၏ကိုယ်ကျိုးအတွက် အသုံးပြုရန် ရည်ရွယ်ပြီးစည်းရုံးသော စည်းရုံးခြင်းမျိုးမဟုတ်။ ထို့ကြောင့်လည်း ဓမ္မ၏ အာနုဘော်အရ အောင်မြင်ခြင်းဖြစ်၏။

**မဟာဇနကဇာတ်တော်**

မဟာနိပါတ်လာ မဟာဇနကဇာတ်တော်မှာ ဤသို့ဖြစ်၏။ ရှေးအခါက ဝိဒေဟရာဇ်တိုင်း၊ မိထိလာပြည်တွင် မဟာဇနကမင်းကြီး စိုးစံတော်မူ၏။ မဟာဇနက မင်းကြီးတွင် သားတော်နှစ်ပါး ထွန်းကား၏။ သားတော်ကြီး၏ အမည်မှာ "အရိဋ္ဌဇနက" ဖြစ်၍ သားတော်ငယ်၏ အမည်မှာ "ပေါလဇနက" ဖြစ်၏။ မဟာဇနကမင်းကြီးသည် သားတော်အကြီး အရိဋ္ဌဇနက ကို အိမ်ရှေ့အရာထား၍ သားတော်အငယ် ပေါလဇနက ကို သေနာပတိအရာ၌ ထား၏။ မဟာဇနကမင်းကြီး လွန်တော်မူသောအခါ အရိဋ္ဌဇနက သည်မင်းဖြစ်လာပြီး ညီတော် ပေါလဇနက သည် အိမ်ရှေ့မင်းဖြစ်လာ၏။

အိမ်ရှေ့မင်း ပေါလဇနက၏ အမတ်တစ်ယောက်သည် မိမိ၏အရှင် အိမ်ရှေ့မင်း အပေါ် မကျေမနပ်ဖြစ်ပြီး မင်းကြီးအရိဋ္ဌဇနက အား "မိမိ၏အရှင် အိမ်ရှေ့မင်းသည် မင်းကြီးအပေါ် မကောင်းကြံနေပါသည်"ဟူ၍တိုင်ကြား၏။ တစ်ကြိမ်အရေးမယူလျှင် နှစ်ကြိမ်၊ နှစ်ကြိမ်အရေးမယူလျှင် သုံးကြိမ်၊ အခွင့်သာတိုင်း တိုင်ကြား၏။ နောက်ဆုံး၌ မင်းကြီးသည် ညီတော်အိမ်ရှေ့မင်းအား ဖမ်းဆီး၍ ထောင်သွင်းအကျဉ်းချထားစေလိုက်၏။

ညီတော်အိမ်ရှေ့မင်းသည် နောင်တော်မင်းကြီးအပေါ် သစ္စာစောင့်သိသူဖြစ်၏။ အမတ်၏ ကုန်းတိုက် တိုင်ကြားသည့်အတိုင်း သစ္စာပျက်သူမဟုတ်။ သို့ပါလျက် မင်းကြီးသည် ညီတော်ကိုလွဲမှားစွာ အရေးယူလိုက်၏။ မင်းလုပ်သူ၏ အရည်အချင်း မပြည့်မှုပင်ဖြစ်၏။ အရည်အချင်းမပြည့်ဘဲ ရာထူးကြီးများကို ယူထားမိပါက ထိုရာထူး

www.burmeseclassic.com

www.burmeseclassic.com



ကြီးများကပင် တစ်ခုသောနေ့တွင် ရာထူးယူထားသူအား ဒဏ်ခတ်တတ်၏။ ဤသည်မှာလည်း ဓမ္မနိယာမ ပင်ဖြစ်၏။

သစ္စာသည်ဘဝကိုးကွယ်ရာ

ညီတော်အိမ်ရှေ့မင်းသည် သူ့အတွက် ကိုးကွယ်ရာကို ရှာ၏။ ယခုသူသည် ကိုးကွယ်ရာမဲ့ ဖြစ်၏။ သူ၏ ရဲမက်များသည်လည်း မင်းကြီး၏အာဏာကို မလွန်ရဲဘဲရှိကြ၏။ ထို့ကြောင့် သူသည် ရဲမက်များမှ ကိုးကွယ်ရာကို မမြင်နိုင်ချေ။ ထို့ကြောင့် သူ့အတွက် "သစ္စာမှတစ်ပါး ကိုးကွယ်ရာဟူ၍ မရှိ"၊ ဤသို့ သူသည်ဆင်ခြင်၏။ ထို့ကြောင့် ညီတော်အိမ်ရှေ့မင်းသည်–

"ငါသည် နောင်တော်၏ရန်သူ စင်စစ်မှန်လျှင် ဤအိမ်တံခါး, အနှောင်အဖွဲ့,သံခြေကျဉ်း တို့သည်လည်း မပွင့်မလွတ် စေကုန်သတည်း။ နောင်တော်၏ ရန်သူစင်စစ် မဟုတ်ခဲ့ပါလျှင် ဤအိမ်တံခါး အနှောင်အဖွဲ့,သံခြေကျဉ်း တို့သည် ယခုခဏချင်း ပွင့်စေလွတ်စေကုန်သတည်း"–

ဟူ၍သစ္စာပြုလိုက်ရာ သစ္စာ၏အာနုဘော်ကြောင့် အိမ်ရှေ့မင်းသားသည် အနှောင်အဖွဲ့အားလုံးမှ လွတ်သွားလေ၏။ ထို့နောက် သူသည် ပစ္စန္တရစ်သို့သွား၍ လူသူလက်နက်များကို စုဆောင်း၏။ သူ၏ရိုးသားဖြောင့်မတ်မှုနှင့် သူ၏လုပ်ရည်ကိုင်ရည်ကြောင့် အိမ်ရှေ့မင်းသားသည် အင်အားများစွာကို စုရုံးမိ၏။ ထိုအခါ အိမ်ရှေ့မင်းသားသည် မိထိလာကို ဝန်းရံပိတ်ဆို့လေ၏။

ညီတော်အိမ်ရှေ့မင်းသည် မိထိလာမြို့ကို စနစ်တကျ ဝန်းရံမိသောအခါ နောင်တော် အရိဋ္ဌမင်းကြီးထံသို့ ဤသို့ရာဇသံပေးလိုက်၏–

"နောင်တော်အရိဋ္ဌမင်း...အကျွန်ုပ်သည် အိမ်ရှေ့မင်းစည်းစိမ်နှင့် နေစဉ်ကာလအတွင်း နောင်တော်အား သုံးပါးသောကံတို့ဖြင့် ရန်သူ နှလုံးထား ပြစ်မှားမိသောအရာ မရှိစဖူး၊ ယခုမူ အကျွန်ုပ်သည် ရန်သူမလုပ်လိုဘဲလျက် နောင်တော်က လုပ်စေလိုသောကြောင့် ရန်သူလုပ်ရပေတော့မည်။ ထို့ကြောင့် နန်းကိုပင်အပ်မည်လော၊ စစ်ကိုပင် ထိုးမည်လော"–

အရိဋ္ဌဇနကမင်းကြီးသည် ညီတော်ပေါလဇနက၏ ရာဇသံကို ကြားရသောအခါ ပြင်းစွာအမျက်ထွက်၏။ ညီတော်ပေါလဇနကထံ "စစ်ထိုးမည်" ဟူ၍ချက်ချင်း အကြောင်းပြန်လိုက်၏။ ထို့နောက် မိမိ၏မိဖုရားကြီးအား စစ်သတင်းကို နားထောင်၍ သတိဝိရိယနှင့် နေရန်မှာကြား၏။ ထိုစဉ်က မိဖုရားကြီးသည် အလောင်းတော်ကို ပဋိသန္ဓေယူ၍ ကိုယ်ဝန်အရင့်အမာနှင့် ရှိ၏။

ညီနောင်နှစ်ပါးစစ်ထိုးရာ နောင်တော်အရိဋ္ဌဇနက သည် စစ်ပွဲ၌ကျ၏။ မိဖုရားကြီးသည် အရိဋ္ဌဇနက မင်းကြီး ကျဆုံးကြောင်းကြားရလျှင် နန်းစဉ်ရတနာများကို မိမိ

www.burmeseclassic.com

www.burmeseclassic.com



နိုင်သလောက်ယူဆောင်၍ မထင်မရှားသော အသွင်ဖြင့် ကာလစမ္ပာနဂိုရ်ပြည်သို့ သွားလေ၏။ ကာလစမ္ပာနဂိုရ်၌ ဒိသာပါမောက္ခဆရာကြီးက မိဖုရားကြီးကို မိမိ၏ နှမငယ်အဖြစ် စောင့်ရှောက်၏။ မိဖုရားကြီးသည် ကာလစမ္ပာနဂိုရ်၌ သားတော်ကို ဖွားမြင်၏။ သားတော်၏အမည်ကို "မဟာဇနက"ဟူ၍ မှည့်၏။ မဟာဇနက ဟူသည်မှာ ဘိုးတော်၏အမည်ဖြစ်၏။ ဘိုးတော်၏အမည်ကိုယူ၍ မိမိ၏သားတော်ကို မှည့်ခေါ်ခြင်း ဖြစ်၏။

မဟာဇနကမင်းသားသည် မိမိမင်းသားဖြစ်ကြောင်း၊ မိထိလာပြည်သည် မိမိ၏ ဖခမည်းတော် အရိဋ္ဌဇနက မင်းကြီး စိုးစံရာပြည်ဖြစ်ကြောင်း၊ ညီတော်ကလုယူထားခြင်း ဖြစ်ကြောင်း မယ်တော်မိဖုရားထံမှ သိ၏။ မဟာဇနကမင်းသားသည် မင်းသားတို့ တတ်မြောက်အပ်သော ပညာရပ်များကို ဒိသာပါမောက္ခဆရာကြီးထံမှ အပြီးတိုင် တတ်မြောက်အောင် သင်ယူ၏။ "မိမိဖခမည်းတော်၏ ဥစ္စာဖြစ်သော မိထိလာထီးနန်းကို ပြန်လည်၍ ရအောင်ယူမည်"ဟု မဟာဇနကမင်းသားက သန္နိဋ္ဌာန်ချ၏။

မယ်တော်မိဖုရားကြီးအား သူ၏ဆုံးဖြတ်ချက်ကို ပြောပြသောအခါ မယ်တော်က စစ်စရိတ်အဖြစ်အသုံးပြုရန် နန်းစဉ်ရတနာများကို မင်းသားအားပေးအပ်၏။ သို့ရာတွင် မယ်တော်မိဖုရားကြီး ပေးအပ်သော နန်းစဉ်ရတနာများကိုမယူ။ မိမိ၏လုံ့လဖြင့်သာ စီးပွားဥစ္စာများကို ရှာဖွေ၍ မိထိလာပြည်ကို ပြန်ယူနိုင်ရန်သာ အားသန်၏။ ထို့ကြောင့် မင်းသားသည် သင်္ဘောသား ခုနစ်ရာတို့နှင့်အတူ သုဝဏ္ဏဘူမိသို့ သင်္ဘောဖြင့် ကုန်ကူးသန်းရန်သွား၏။

ခုနစ်ရက်မြောက်၌ သင်္ဘောသည် သမုဒ္ဒရာ၌ လှိုင်းမိ၍ပျက်လေ၏။ သင်္ဘောသား ခုနစ်ရာတို့အားလုံး သမုဒ္ဒရာ၌ သေဆုံးကြ၏။ မဟာဇနကမင်းသားကား မိထိလာ ပြည်ဘက်သို့ ဦးတည်၍ ရေကူးလေ၏။ မင်းသားသည် လင်းယဉ်တိုင်ပေါ်မှ သမုဒ္ဒရာ တွင်းသို့ မခုန်ချမီ ထောပတ်နှင့်သကြားကို အဝစား၏။ ပုဆိုးကိုဆီဆွတ်ပြီး မြဲမြံစွာ ဝတ်ဆင်၏။ ထို့နောက် လင်းယဉ်တိုင်ပေါ်သို့တက်၍ သမုဒ္ဒရာအတွင်းသို့ ခုန်ချ၏။ ငါးလိပ်တို့နှင့် ဝေးနိုင်သမျှဝေးအောင် အားစိုက်ပြီးခုန်ချ၏။ သင်္ဘောပျက်အနီး၌ကား ငါးလိပ်တို့ပေါများ၏။

မင်းသားသည် ခုနစ်ရက်တိုင်တိုင် မလျှော့သောစွဲဖြင့် သမုဒ္ဒရာပြင်၌ ကူး၏။ သမုဒ္ဒရာ၌ ကူးနေစဉ်အတွင်း မင်းသားသည် ဥပုသ်ကိုစောင့်၏။ မင်းသားသည် သေဘေးမှ စိုးရိမ်စိတ်ကို ဖျောက်၏။ ရဲရင့်စိတ်ကို မွေး၏။ စိုးရိမ်ခြင်းဟူသည်မှာ အကုသိုလ်ဖြစ်၍ ရဲရင့်ခြင်းဟူသည်မှာ ကုသိုလ်ဖြစ်၏။ အကုသိုလ်ဟူသည် မကောင်းသော အကျိုးကို ပေး၍ ကုသိုလ်သည် ကောင်းသောအကျိုးကိုပေး၏။

ဘေးအန္တရာယ်နှင့်ကြုံသောအခါ မိမိအတွက်ဟူ၍ စဉ်းစားလျှင် ကြောက်ခြင်းသည် ဖြစ်ပေါ်လာ၏။ လောကအတွက်ဟူ၍ စဉ်းစားလျှင် မိမိအတွက်နစ်နာစရာ မိမိပင်

www.burmeseclassic.com

www.burmeseclassic.com



မရှိလေသောကြောင့် ရဲရင့်ခြင်းသည် ဖြစ်ပေ၏။ ထို့ကြောင့် မင်းသားသည် ကြောက်ခြင်း အကုသိုလ်မဖြစ်အောင် ရှောင်၏။ စိုးရိမ်ခြင်းကို မဖြစ်စေရအောင် ဆင်ခြင်၏။ ရဲရင့်ခြင်း ကုသိုလ်ဖြစ်အောင် မွေးမြူ၏။ ရဲရင့်သောဝီရိယကို အဖန်ဖန်ပြု၏။

သမုဒ္ဒရာစောင့် မဏိမေခလာနတ်သမီးသည် သမုဒ္ဒရာပြင်၌ ကူးနေသော အလောင်းတော် မဟာဇနက မင်းသားကိုမြင်၍ ဤသို့မေးမြန်း၏–

"ကမ်းမမြင်သော သမုဒ္ဒရာ၌ ဘာကြောင့်အပင်ပန်းခံ၍ ကူးလေသနည်း"

ထိုအခါ အလောင်းတော်မဟာဇနက မင်းသားသည် မဏိမေခလာနတ်သမီးအား ဤသို့ပြန်ပြော၏–

"ကျွန်ုပ်သည် လူတို့၏တာဝန်နှင့် ဝီရိယ၏ အာနိသင်ကို ဆင်ခြင်၍ ကမ်းမမြင်နိုင်သော သမုဒ္ဒရာ၌ ဤကဲ့သို့အပင်ပန်းခံ၍ ကူးခြင်းဖြစ်၏"

ထို့နောက် မင်းသားနှင့် မဏိမေခလာနတ်သမီးတို့သည် လှုံ့လနှင့် ပတ်သက်၍ ဤသို့အချီအချ ပြောကြပြန်၏–

နတ်သမီး – မင်းသား...သင်၏လူ့ဝတ္တရားနှင့် ဝီရိယ၏အာနိသင်ဟူသည် ဤကမ်းမမြင်နိုင်သော သမုဒ္ဒရာ၌ သေခြင်းအကျိုးကိုသာ ဖြစ်စေနိုင်၏။ အခြားအကျိုးကို ဖြစ်စေနိုင်သည်မဟုတ်။ သေခြင်းအကျိုးကို ဖြစ်စေတတ်သော အကြောင်းတရားဟူသည် ကောင်းမြတ်သော သဘောရှိပါ၏လော။

မင်းသား – နတ်သမီး...မိမိ၏ရည်ရွယ်ချက်အတိုင်း ဖြစ်နိုင်ဖို့အကြောင်းမရှိဟူ၍ ဆုံးဖြတ်ပြီး ကံကြမ္မာအတိုင်း ဖြစ်လိုရာ ဖြစ်စေတော့ဟူ၍ လည်စင်းပြီးခံလျှင် လူဖျင်းလူညံ့သာ ဖြစ်၏။ ထို့ကြောင့် လည်စင်းပြီးခံခြင်းသည် သေခြင်းအကျိုးကိုလည်းရ၏။ လူဖျင်း လူညံ့ ဖြစ်ရခြင်း အကျိုးကိုလည်းရ၏။ ထို့ကြောင့် အကျိုးနှစ်မျိုးကို ရ၏။

အကျိုးသည် မိမိ၏ဆန္ဒနယ်နိမိတ်အလွန်၌ ရှိသည်လည်းရှိ၏။ ဆန္ဒနယ်နိမိတ် အတွင်း၌ ရှိသည်လည်းရှိ၏။ အကြောင်းသည် မိမိ၏ဆန္ဒနယ်နိမိတ်အတွင်း၌ ရှိ၏။ ထို့ကြောင့် မိမိ၏ဆန္ဒနယ်နိမိတ် အလွန်၌ရှိသော အကျိုးကို မတွယ်တာဘဲ မိမိ၏ဆန္ဒနယ်နိမိတ်အတွင်း၌ရှိသော အကြောင်းနှင့်အကျိုးကိုသာ လေးစားစွာပြုရ၏။ လေးစားစွာပြုအပ်သော အကြောင်းတရားသည် မိမိ၏ ဝမ်းဗိုက်ထဲ၌ အကျိုးတရားကို သယ်ဆောင်ပြီးသား ဖြစ်၏။

နတ်သမီး...သင်ကြည့်ပါလေ၊ ဝီရိယမဲ့သော သင်္ဘောသား ခုနစ်ရာသည် သေကြကုန်ပြီ။ ဝီရိယရှိသော အကျွန်ုပ်သည် အသက်

www.burmeseclassic.com

www.burmeseclassic.com



ရှင်လျက်ရှိ၏။ သင်နတ်သမီးကိုလည်း အနီးကပ်မြင်ရ၏။ ဤသည်မှာ ဝီရိယ၏လက်တွေ့အကျိုး မဟုတ်ပါလော။ သတ္တဝါတစ်ယောက်ဖြစ်ရခြင်းတွင် မျိုးနွယ်စု "ဉာတိ" တို့၏ကျေးဇူးလည်း ပါ၏။ နတ် "ဒေဝါ" တို့၏ ကျေးဇူးလည်းပါ၏။ ဗြဟ္မာ "ပိတာ" တို့၏ ကျေးဇူးလည်း ပါ၏။ လုံ့လရှိသမျှအားထုတ်ခြင်းသည် ယင်းတို့အပေါ် ကျေးဇူးကြွေးကို ဆပ်နေခြင်းဖြစ်၏။ ထိုသို့ဆပ်ခြင်းအားဖြင့် ကြွေးကင်းသူ "အနဏ" ဖြစ်နိုင်ပါ၏။

ကျွန်ုပ်သည် အလုပ်၏ဆန္ဒလွန်အကျိုးကို မျှော်ကိုးခြင်းမပြုဘဲ ဆန္ဒတွင်း အလုပ်ကိုသာ ပြီးစီးအောင် စွမ်းအားရှိသလောက် အားထုတ်ခြင်း ဖြစ်၏။

နတ်သမီး – မင်းသား သင်၏စိတ်ထားကို နှစ်သက်ပါ၏။ ထို့ကြောင့် သင်လိုရာသို့ ကျွန်ုပ်ပို့ပေးမည်။

ထိုအခါ မဟာဇနကမင်းသားက မိထိလာပြည်သို့ ပို့ပေးရန် မဏိမေခလာနတ်သမီးအား ပြော၏။ နတ်သမီးသည်လည်း မင်းသားပြောသည့်အတိုင်း မင်းသားကိုသယ်ဆောင်၍ မိထိလာပြည်၏ သရက်ဥယျာဉ်ရှိ မင်္ဂလာကျောက်ဖြာထက်၌ တင်ထားလေ၏။

ထိုနေ့သည်ကား ပေါလဇနကမင်းကြီး နတ်ရွာစံပြီး ခုနစ်ရက်မြောက်နေ့ဖြစ်၏။ မင်းကြီးတွင် သားတော်မထွန်းကားဘဲ သမီးတော်သာ ထွန်းကားခဲ့၏။ သမီးတော်၏အမည်မှာ "သီလဝတီ" ဖြစ်၏။ သီလဝတီသည် ဉာဏ်ပညာလည်းရှိ၏။ ကိုယ်ကျင့်သီလနှင့်လည်းပြည့်စုံ၏။ ထိုခေတ်ယဉ်ကျေးမှုအရ သမီးတော်ကို နန်းတင်ရန်မဖြစ်နိုင်သဖြင့် သမီးတော်ကို သိမ်းပိုက်ပြီး မိထိလာပြည်ထီးနန်းကို စိုးစံမည့် မင်းလောင်းကို မှူးမတ်များကရှာနေကြ၏။ ထိုခေတ်မင်းလောင်းရှာနည်းအရ ဖုဿရထားကို လွှတ်၍ ရှာလေရာ ဖုဿရထားသည် သရက်ဥယျာဉ်ရှိ မင်္ဂလာကျောက်ဖျာသို့ ဦးတည်၍ဆိုက်လေ၏။

ထိုအခါ ပုရောဟိတ်ပုဏ္ဏားနှင့် မှူးမတ်တို့သည် မဟာဇနကမင်းသားအားအကျိုးအကြောင်း လျှောက်ထားပြီး မင်းမြှောက်၍ နန်းတော်သို့ ပင့်ဆောင်ကြ၏။ မှူးမတ်တို့က ပေါလဇနကမင်းကြီး မှာကြားခဲ့သည့် စကားများကို တင်လျှောက်ကြ၏။ နတ်ရွာစံမင်းကြီး၏ မှာကြားချက်အတိုင်း မဟာဇနကမင်းသည် ဗိုလ်ခြေတစ်ထောင်တင်ရသည့် လေးကိုလည်း တစ်ယောက်တည်းတင်ပြ၏။ ပလ္လင်တော်၏ ခေါင်းရင်းကိုလည်း ပြောပြ၏။ ပေါလဇနကမင်းကြီးမြုပ်ထားခဲ့သော ရွှေအိုးကြီး ၁၁–လုံးတို့ကိုလည်း ဖော်ထုတ်၏။ မဟာဇနက မင်းကြီးသည် ပေါလဇနကမင်းကြီး မှာကြားချက်များကို အားလုံးဆောင်ရွက်နိုင်စွမ်းရှိသဖြင့် သီလဝတီ ကို မိဖုရားကြီးအရာ၌ ထား၍ ဝိဒေဟရာဇ်တိုင်း၊ မိထိလာပြည်ကို စိုးစံတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ကာလစမ္ပာနဂိုရ်ပြည်၌ရှိသော ကျေးဇူးရှင်ဒိသာပါမောက္ခဆရာကြီးနှင့် မယ်တော်မိဖုရားကြီးကိုလည်း မိထိလာပြည်သို့ ခေါ်ဆောင်၍ များစွာသော စည်းစိမ်အခြွေအရံတို့ဖြင့် လုပ်ကျွေးပြုစုလေ၏။ သူ၏ရည်မှန်းချက်သည် ငြိမ်းချမ်းစွာဖြင့်ပင် ပြည့်စုံလေ၏။

မဟာဇနကမင်းကြီးသည် မိထိလာမြို့တွင်း၌ အလှူဇရပ်ငါးလုံးဆောက်၍ နေ့စဉ်အလှူပေး၏။ ပေါလဇနက မင်းကြီးကဲ့သို့ပင် ပစ္စေကဗုဒ္ဓါတို့အားလည်း နန်းတော်သို့ပင့်၍ နေ့စဉ်ဆွမ်းလုပ်ကျွေး၏။ နိုင်ငံတော်ကိုလည်း တရားနှင့်အညီ အုပ်ချုပ်၏။

မဟာဇနကမင်းကြီးနှင့် သီလဝတီ မိဖုရားကြီးတို့တွင် သားတော် တစ်ပါးထွန်းကား၏။ သားတော်၏ အမည်မှာ "ဒီဃာဝု" ဖြစ်၏။ ဒီဃာဝုမင်းသား အရွယ်ရောက်သောအခါ မဟာဇနက မင်းကြီးက အိမ်ရှေ့အရာကို ပေး၏။ မဟာဇနကမင်းကြီးသည် ဝိဒေဟရာဇ်တိုင်း၊ မိထိလာပြည်၌ နှစ်ပေါင်း ခုနစ်ထောင်တိုင်တိုင် မင်းအဖြစ် အုပ်စိုး၏။ ထို့နောက် သားတော် ဒီဃာဝု ကို နန်းအပ်၍ ရသေ့ရဟန်းပြုကာ တောထွက်တော်မူ၏။ ဟိမဝန္တာ၌ ဈာန်အဘိညာဉ်ဖြင့် နှစ်ပေါင်းသုံးထောင်တိုင်အောင် တရားဘာဝနာ ကျင့်သုံးပြီး စုတေသောအခါ ဗြဟ္မာ့ပြည်သို့ လား၏။ သီလဝတီမိဖုရားကြီးသည်လည်း မင်းဥယျာဉ်၌ပင် ရသေ့ရဟန်းပြု၍ ပထမဈာန်ကိုရ၏။ စုတေသောအခါ ဗြဟ္မာ့ပြည်သို့လား၏။

## တရားနှင့်လျော်သောလုံ့လ

မဟာဇနကဇာတ်တော်၌ မှတ်သားဖွယ်ကောင်းသည်မှာ မဟာဇနကမင်းသား၏ ဖွဲလုံ့လပင် ဖြစ်၏။ ယင်းကို "ဓမ္မဝါယာမ" ဟူ၍ဆို၏။ ဓမ္မဝါယာမ ဟူသည်မှာ တရားနှင့်လျော်သော ဝီရိယဖြစ်၏။ ယင်းကို ကိုယ်ကျင့်သိက္ခာ မြင့်မြတ်စင်ကြယ်မှုအပေါ်၌ တည်ဆောက်ရ၏။ သမုဒ္ဒရာ၌ သင်္ဘောပျက်စဉ် မင်းသားနှင့်အတူ ပါသွားကြသော သင်္ဘောသား ခုနစ်ရာတို့သည် သမုဒ္ဒရာ၌ သေဆုံးကြ၏။ သင်္ဘောပျက်စဉ် သင်္ဘောသား ခုနစ်ရာတို့သည် မိမိတို့၏ ဖွဲလုံ့လကို မပြုဘဲ လည်စင်း၍အသေခံသူများ ဖြစ်ကြ၏။ လည်စင်း၍ အသေခံခြင်းမှာလည်း ကမ်းမမြင်ရသော သမုဒ္ဒရာ၌ မည်သို့ပင်အားစိုက်၍ ကူးစေကာမူ သမုဒ္ဒရာ၏ကမ်းသို့ ရောက်ဖို့ရန် မဖြစ်နိုင်သဖြင့် "ကူးလည်းသေမည်၊ မကူးလည်းသေမည်၊ သေမည့်အတူတူ အပင်ပန်းမခံတော့"ဟူ၍ ဘဝကို ငဲ့ညှာတတ်သော ဘဝနိကန္တိက တဏှာဖြင့် သန္နိဋ္ဌာန်ကျ ဆုံးဖြတ်ကြသောကြောင့် သာဖြစ်၏။ နတ်များ ကယ်မှသာ သူတို့အနေဖြင့် အသက်ရှင်ခွင့်ရှိ၏။ အကယ်၍ နတ်များမကယ်လျှင် သူတို့အနေဖြင့် အသက်ရှင်ခွင့် မရှိ။ ထို့ကြောင့် သူတို့၏ အသက်ရှင်ရေးနှင့် မရှင်ရေးသည် ကံကြမ္မာအပေါ်၌သာ တည်၏။ လူသားတို့၏ လုံ့လအပေါ်၌ မတည်ဟူ၍ သူတို့က တထစ်ချ ယူဆကြ၏။ အကယ်၍ လူသားတို့၏ လုံ့လကိုပြုလျှင်လည်း အကျိုးမရှိသော လုံ့လပြုခြင်းသာ ဖြစ်၏။ မိုက်မဲခြင်းသာဖြစ်၏။ ဤသို့ သင်္ဘောသား ခုနစ်ရာတို့က ယူဆပြီး လုံ့လမပြုကြသောကြောင့် အားလုံးသေဆုံးကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မဟာဇနကမင်းသားကမူ ဤသို့မယူ။ ကံဟူသည် မိမိ၏ဆန္ဒအလွန်၌သာ ရှိ၏။ ဉာဏ်နှင့်ဝီရိယကား မိမိ၏ဆန္ဒအတွင်း၌ ရှိ၏။ ဉာဏ်နှင့်ဝီရိယတို့သည် မိမိ၏ဆန္ဒအတွင်း၌ ရှိသဖြင့် မိမိကြိုက်သလို အသုံးချနိုင်၏။ ကံဟူသည် မိမိတို့၏ သန္တာန်၌ မထင်ရှားသော အသွင် "သတ္တိ" ဖြင့် အစဉ်တစိုက်ရှိ၏။ ထာဝရရှိ၏။ အစမထင်သော သံသရာမှစ၍ အစဉ်တစိုက်ရှိလေရာ နိဗ္ဗာန်ကို မရမချင်း အမြဲတမ်း ရှိနေမည်ဖြစ်၏။ "ကုသလာကုသလံ ဇဟံ" ဟူသည့်အတိုင်း ဆိုင်ရာဆိုင်ရာမဂ်တို့ဖြင့် မပယ်သတ်သရွေ့ကာလပတ်လုံး ကုသိုလ်ကံများကလည်း အနန္တပင်ရှိ၏။ အကုသိုလ်ကံများကလည်း အနန္တပင်ရှိ၏။ ဉာဏ်ရှိလျှင် ရှိသလို ရွေးချယ်နိုင်၏။

သို့ရာတွင် မိမိ၏ကိုယ်ကျင့်တရား ဖြူစင်မှုအပေါ် အခြေခံသော ဉာဏ်ဖြစ်ဖို့တော့ လို၏။ ထိုဉာဏ်မျိုးဖြစ်ပါမှ ဝီရိယသည် ဓမ္မဝါယမ ဖြစ်နိုင်၏။ တရားနှင့်လျော်ညီသော အားထုတ်မှု ဖြစ်နိုင်၏။ ဓမ္မဝါယမဖြင့် အကောင်အထည်ဖော်ပြပါမှလည်း ကံသည် ကောင်းသောအသွင် ဗျတ္တိဖြင့် ထင်ရှားပေါ်လာမည်ဖြစ်၏။ ကံဟူသည် မထင်ရှားသော အသွင် သတ္တိသဘောဖြင့် အနန္တရှိ၏။ ယင်းအနန္တထဲမှ ထင်ရှားသောအသွင် ဗျတ္တိ သဘောသို့ ရောက်အောင် အားထုတ်ရာ၌ ဝီရိယသည် ပဓာနဖြစ်၏။

ဝီရိယသည် မှန်ကန်သောဉာဏ်ဖြင့် ရွေးချယ်မှုအရ ကံကိုအကောင်အထည် ဖော်ခြင်း ဖြစ်လျှင် ဓမ္မဝါယာမ ဖြစ်၏။ မမှန်သောဉာဏ်ဖြင့် ရွေးချယ်မှုအရ ကံကို အကောင်အထည် ဖော်ခြင်း ဖြစ်လျှင် အဓမ္မဝါယာမ ဖြစ်၏။ ဤသို့ မဟာဇနကမင်းသားက ခံယူ၏။

ကံကို ဓမ္မဝါယာမအဖြစ် အကောင်အထည်ဖော်လျှင် ကောင်းသောအကျိုးကို ရ၏။ အဓမ္မဝါယာမအဖြစ် အကောင်အထည်ဖော်လျှင် မကောင်းသောအကျိုးကို ရ၏။ မိမိတို့၏သန္တာန်၌ အကောင်အထည်ဖော်စရာကံများကား အနန္တပင်ရှိချေ၏။ အချိန်မရွေး ရနိုင်၏။

ထို့ကြောင့် ကံအတွက်ပူပန်စရာ လိုအပ်လှသည်မဟုတ်။ အမှန်လိုအပ်သည်ကား ဉာဏ်,ဝီရိယနှင့် သီလသာဖြစ်၏။ မိမိလုပ်သောလုပ်ငန်း၏ အကျိုးပေးမှုနှင့် ပတ်သက်၍လည်း ပူစရာမလို။ ကံနှင့် ပတ်သက်လျှင် အကျိုးတရားဟူသည် ဓမ္မတာအတိုင်း လုပ်ငန်းနှင့်အပြိုင် အကျိုးပေးသည်လည်းရှိ၏။ ခဏမခြား အကျိုးပေးသည်လည်းရှိ၏။ နောက်ကာလမှ အကျိုးပေးသည်လည်းရှိ၏။ လုပ်ငန်းနှင့်အပြိုင် အကျိုးပေးခြင်းကို "သဟဇာတ" ဟူ၍ဆိုရ၏။ ခဏမခြား အကျိုးပေးခြင်းကို "အနန္တရ" ဟူ၍ ဆိုရ၏။ နောက်ကာလမှ အကျိုးပေးခြင်းကို "နာနာက္ခဏိက" ဟူ၍ ဆိုရ၏။ ထိုသုံးမျိုးလုံးတွင် လုပ်ငန်းနှင့်အပြိုင် အကျိုးပေးခြင်းနှင့် ခဏမခြားအကျိုးပေးခြင်းကား လုပ်ငန်းတိုင်း၌ ရှိ၏။

ယင်းအကျိုးကား မိမိတို့၏သန္တာန်၌ အကုသိုလ်ပွားခြင်းနှင့် အကုသိုလ်ပါးခြင်းတို့ ဖြစ်ကြ၏။ ဓမ္မဝါယာမဖြင့် အကောင်အထည်ဖော်သော လုပ်ငန်း၏ အကျိုးသည်

www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ် ပါးခြင်းဖြစ်၏။ အဝမ္ပဝါယာမဖြင့် အကောင်အထည်ဖော်သော လုပ်ငန်း၏ အကျိုးသည် အကုသိုလ်ပွားခြင်းဖြစ်၏။ သို့ရာတွင် လုပ်ငန်းတိုင်းသည် အကြောင်းတရား အနေဖြင့် မိမိနှင့်အပြိုင် အကျိုးပေးလျက် ရှိသည်ကိုလည်းကောင်း၊ ခဏမခြား အကျိုး ပေးလျက်ရှိသည်ကို လည်းကောင်း သိသူနည်းပါး၏။ သတိသမ္ပဇဉ် ရှိမှသာ သိနိုင်၏။

မဟာဇနကမင်းသားသည် သတိသမ္ပဇဉ်ရှိသူဖြစ်၏။ ထို့ကြောင့်ဝမ္ပဝါယာမဖြင့် သေမင်းကို အံတု၍ သမုဒ္ဒရာ၌ ကူးနေခြင်း ဖြစ်၏။ ထိုသို့ကူးရာ၌ သူသည်သီလကို မမေ့။ အမှန်အားဖြင့် သီလရှိမှသာ မိမိ၏ဆန္ဒသည်ပြည့်စုံ၏။ "သီလနှင့်ပြည့်စုံသူ၏ တောင့်တမှုဟူသည် မိမိ၏ သီလစင်ကြယ်သည်နှင့်အမျှ ပြည့်စုံ၏" ဟူ၍ ဒေသနာတော်၌ လာ၏။ ထို့ကြောင့် မဟာဇနကမင်းသားသည် သမုဒ္ဒရာရေပြင်ကျယ်ကို ကူးရာ၌ သီလကိုအထူးတလည် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်၏။

အန္ဓိဘူတော အယံ လောကော–ဟူသည်နှင့်အညီ ပုထုဇဉ်များသည် အမှောင်တွင်း၌ လမ်းလျှောက်နေကြသူများသဖွယ် မည်သည့်လုပ်ငန်းကိုလုပ်လုပ် အားလုံးစမ်းတဝါးဝါး နှင့် လုပ်နေကြခြင်းသာ ဖြစ်၏။ ထို့ကြောင့် လုပ်ငန်းများကို လုပ်ရာ၌ စမ်းတဝါးဝါး မဖြစ်ရလေအောင် အလင်းရောင်လို၏။ အလင်းရောင်ဟူသည် သီလစင်ကြယ်မှုပင် ဖြစ်၏။ သီလစင်ကြယ်လျှင် သမာဓိအားကောင်း၏။ သမာဓိအားကောင်းလျှင် မည်သည့် လုပ်ငန်းကိုလုပ်လုပ် စမ်းတဝါးဝါးနှင့် လုပ်နေခြင်းမျိုး မဟုတ်တော့ဘဲ၊ တိတိကျကျ ပိုင်ပိုင်နိုင်နိုင် သိသောအသိဖြင့် လုပ်ရခြင်းမျိုးဖြစ်၏။

အလင်းရောင်၌ အရာဝတ္ထုဟူသမျှကို ကွဲကွဲပြားပြား မြင်နေသည့်သဘောမျိုးဖြစ်၏။ မိမိလုပ်သောလုပ်ငန်းနှင့် ပတ်သက်၍ တိတိကျကျသိခြင်းကို "ယထာဘူတ– ဉာဏ်ဖြင့် သိခြင်း" ဟူ၍ ဆိုရ၏။ မဟာဇနကမင်းသားသည် သမုဒ္ဒရာရေပြင်ကျယ်ကို ကူးရာ၌ သူ၏ကူးခတ်မှုသည် သီလ,သမာဓိ,ပညာ တို့နှင့် ယှဉ်သော ကူးခတ်မှု ဖြစ်၏။ ထို့ကြောင့် မင်းသားသည်အသက်မသေဘဲ မိထိလာထီးနန်းကို ရခြင်းဖြစ်၏။ အကယ်၍ မင်းသားသည် သမုဒ္ဒရာ၌ ကူးခတ်ရင်း သေလွန်စေကာမူ သူ၏ ဝမ္ပဝါယာမကြောင့် နတ်ပြည်၌ နတ်စည်းစိမ်ကိုရမည်ကား မလွဲကေန် ဖြစ်လေ၏။ ဤသို့ မင်းသားသည် သိ၏။ ထို့ကြောင့် မင်းသားက သူ၏ဝမ္ပဝါယာမသည် အကျိုးမဲ့မဖြစ်နိုင်ဟူ၍ ဆိုခြင်း ဖြစ်၏။

**အားထုတ်ခြင်း၌ အမြင်အမျိုးမျိုး**

အကြောင်းနှင့်အကျိုးတို့၏ ဆက်သွယ်မှုနှင့်ပတ်သက်၍ အမြင် လေးမျိုးရှိ၏။ အကြောင်းနှင့် အကျိုးတို့၏ ဆက်သွယ်မှုကိုပင် လမ်းစဉ်နှင့် ပန်းတိုင်တို့၏ ဆက်သွယ်မှု ဟူ၍လည်း ဆိုကြ၏။ ထိုလေးမျိုးတို့တွင် "အကြောင်းကိုသာ ထည့်တွက်စရာလို၏၊ အကျိုးကို ထည့်တွက် စရာမလို" ဟူ၍ ဆိုသောအမြင်လည်းရှိ၏။ ထိုအမြင်အရ လုပ်ငန်းတစ်ခုကို လုပ်ရာ၌ အကျိုးတရားကို မမြင်ရသောကြောင့် အကျိုးကို အလေးမထားခြင်း ဖြစ်၏။ အမှန်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတိုင်း၌ မဟာဇနကမင်းသား၏ အမြင်အရ အကျိုးသည် သဟဇာတ အနေဖြင့် တစ်ပြိုင်နက်တည်း ပါဝင်သည်လည်းရှိ၏။ အနန္တရအနေဖြင့် ခဏမခြား ပါဝင်သည်လည်း ရှိ၏။ ဤ၌ အကျိုးတရားဟူသည် ဓမ္မထွန်းကားခြင်းနှင့် အဓမ္မထွန်းကားခြင်း တို့ဖြစ်၏။ ဤအကျိုးမျိုးသည် လုပ်ငန်းတိုင်း၌ တစ်ပြိုင်နက်တည်းနှင့် ခဏမခြားပါဝင်၏။ ယင်းမှ တစ်ဆင့် နောက်ကာလအကျိုးများသည် ကမ္မနိယာမအတိုင်း လာမည်ဖြစ်၏၊ ဤသို့အကြောင်းနှင့်အကျိုးတို့၏ ဆက်သွယ်မှုကို မမြင်သောအခါ အကြောင်းကိုသာ အလေးပြုပြီး အကျိုးကို အလေးမပြုသောအမြင် ပေါ်လာခြင်းဖြစ်၏။ ဤအမြင်သည်လည်း မှန်သောအမြင်မဟုတ်။ ဤအမြင်မျိုးကို ကျမ်းဂန်များ၌ "နတ္ထိကဒိဋ္ဌိ" ဟူ၍ဆို၏။

နောက်အမြင်တစ်မျိုးကား "အကျိုးကိုသာ အလေးထားပြီး အကြောင်းကို အလေးမထားသော အမြင်" ဖြစ်၏။ ဤအမြင်အရ မိမိလိုချင်သော အကျိုးကိုသာ ရမည်ဆိုလျှင် မိဘကိုပင် သတ်ရသတ်ရ သတ်သင့်သည်-ဟူသော အမြင်မျိုး ဖြစ်၏။ ဤအမြင်သည်လည်း မှန်သောအမြင်မဟုတ်။ ထို့ကြောင့် ဤအမြင်မျိုးကို ကျမ်းဂန်များ၌ "အကိရိယဒိဋ္ဌိ"ဟု ဆိုခြင်းဖြစ်၏။

နောက်အမြင်တစ်မျိုးရှိသေး၏။ ယင်းအမြင်ကား "အကြောင်းကိုလည်း အလေးမထား၊ အကျိုးကိုလည်း အလေးမထားသောအမြင်" ဖြစ်၏။ ဤအမြင်အရ အချိန်အခါနှင့် အခြေအနေတို့သည် ထာဝစဉ် ပြောင်းလဲနေကြ၏။ ထို့ကြောင့် "ဟိုကွေ့ရောက် ဟိုတက်နှင့်လှော်၊ ဒီကွေ့ရောက် ဒီတက်နှင့်လှော်ရ၏။ ပုံသေကားကျ လုပ်၍မရ" ဟု ဆိုကြ၏။ ဤအဆိုသည် နည်းဗျူဟာအရ ဆိုခြင်းဖြစ်လျှင် မှန်ပါ၏။ သို့ရာတွင် မဟာဗျူဟာအရ ဆိုခြင်းဖြစ်လျှင် မှားလေ၏။ ထို့ကြောင့် ဤအမြင်မျိုးကို ကျမ်းဂန်များ၌ "အဟေတုကဒိဋ္ဌိ" ဟုဆိုကြ၏။ နောက်ဆုံးအမြင်ကား "အကြောင်းကိုလည်း အလေးထားရ၏။ အကျိုးကိုလည်းအလေးထားရ၏။" အကြောင်းမှန်သည် မမှန်သည်ကို ရရှိသောအကျိုးနှင့် စိစစ်ရ၏။ ရရှိသောအကျိုးမှန်သည် မမှန်သည်ကိုလည်း အကြောင်းနှင့် စိစစ်ရ၏။ အကြောင်းနှင့်အကျိုးကို အချင်းချင်းတိုက်ဆိုင်၍ စိစစ်ရ၏။ အကျိုးတရားဟူသည် အကြောင်းတရားနှင့် ကာလတူလည်းရှိ၏။ ကာလပြားလည်းရှိ၏။ မည်သို့ပင်ရှိရှိ အကြောင်းနှင့်အကျိုးတို့သည် ဓမ္မသဘာဝအားဖြင့် တူရသည်သာဖြစ်၏။ ကောင်းသော အကြောင်းသည် ကောင်းသောအကျိုးကို ပေး၏။ မကောင်းသော အကြောင်းသည် မကောင်းသောအကျိုးကိုပေး၏။ အကြောင်းဘက်၌ဖြစ်စေ အကျိုးဘက်ဖြစ်စေ "ကောင်း" ဟူသည်မှာ အကုသိုလ်ပါးခြင်းဖြစ်၏။ "မကောင်း"ဟူသည်မှာ အကုသိုလ် တိုးပွားခြင်း ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရလျှင် ကောင်း-မကောင်းကို နိဗ္ဗာန်နှင့်တိုင်းရ၏။ ဤနေရာ၌ နိဗ္ဗာန်ဟူသည်မှာ တဏှာမှ ထွက်မြောက်ခြင်း ဖြစ်၏။ တဏှာနည်းနည်း ပါးလျှင် နည်းနည်းကောင်း၏။ များများပါးလျှင် များများကောင်း၏။ ဤအမြင်သည်သာ မှန်သောအမြင်ဖြစ်၏။ ထို့ကြောင့် ဤအမြင်မျိုးကို "သမ္မာဒိဋ္ဌိ"ဟု ဆိုရ၏။

www.burmeseclassic.com

www.burmeseclassic.com



မဟာဇနကမင်းသားသည် မိထိလာထီးနန်းကို လိုချင်၍ သင်္ဘောဖြင့်ကုန်ကူးသည်မှာလည်းမှန်၏။ သမုဒ္ဒရာပြင်ကျယ်၌ ရေကူးသည်မှာလည်းမှန်၏။ သို့ရာတွင် သူ့၏လိုချင်ခြင်းကား သူ့အတွက်လိုချင်ခြင်းမဟုတ်။ လောကအတွက် လိုချင်ခြင်းသာဖြစ်၏။ ဓမ္မအတွက် လိုချင်ခြင်းသာဖြစ်၏။ ထီးတော်တင်လို၍ ငြမ်းဆင်ခြင်းမျိုးသာဖြစ်၏။ အားကြီးမာန်တက် စီးပွားရှာရာ၌ မိမိအတွက်ခံစားချင်၍ စီးပွားရှာခြင်းမျိုးဖြစ်လျှင် နိဗ္ဗာန်နှင့်ဝေး၏။ လောကအတွက် ပေးစွန့်ချင်၍ ရှာခြင်းမျိုးဖြစ်လျှင် နိဗ္ဗာန်နှင့်နီး၏။ မဟာဇနက စီးပွားရှာခြင်းသည်ကား နိဗ္ဗာန်နှင့်နီးသော စီးပွားရှာခြင်းသာဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်နှင့်နီးခြင်း ဝေးခြင်းဟူသည်မှာ လုပ်ငန်းအပေါ်၌မတည်။ မိမိ၏အမြင်နှင့် မိမိ၏ခံယူချက် မိမိ၏နှလုံးသွင်းအပေါ်၌သာ တည်လေ၏။

မဟာဇနကမင်းသားသည် သူ၏လုပ်ငန်းများကို ဆောင်ရွက်ရာ၌ သမ္မာဒိဋ္ဌိအမြင်ဖြင့်သာ ဆောင်ရွက်ခြင်းဖြစ်၏။ အကြောင်းနှင့်အကျိုးတို့၏ ဆက်သွယ်မှုကို ဆင်ခြင်ရာ၌ တကွဖြစ်ဖက်=သဟဇာတ အနေဖြင့်လည်း ဆင်ခြင်၏။ ခဏမခြားဖြစ်ဖက်=အနန္တရ အနေဖြင့်လည်း ဆင်ခြင်၏၊ ကာလခြားပြီးဖြစ်ဖက်=နာနာက္ခဏိက အနေဖြင့်လည်း ဆင်ခြင်၏။ ထို့ကြောင့် မဟာဇနကမင်းသားသည် မိမိ၏ ရည်မှန်းချက်အတိုင်း အောင်မြင်ခြင်းဖြစ်၏။ ဤဇာတ်တော်၌ မဟာဇနက မင်းသား၏ ဝီရိယပါရမီကို တွေ့ရသော်လည်း ဝီရိယပါရမီသည် ပဓာနအားဖြင့် ပါဝင်ခြင်းသာဖြစ်၏။ အခြားသော ပါရမီများသည်လည်း အပဓာနအားဖြင့် ပါဝင်ကြသည်ပင်ဖြစ်၏။

မိမိ၏အကျိုးအတွက် မဟုတ်ဘဲ လူသားတို့ လိုက်နာကျင့်သုံးရမည့် တာဝန်နှင့် ဝတ္တရားအတွက် အထောက်အထားပြသောအားဖြင့် ဘဝကို စွန့်လွှတ်ခြင်းသည် **ဒါနပါရမီ** ဖြစ်၏။

ဥပုသ်သီလစောင့်သုံးပြီး မိမိ၏ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းခြင်းသည် **သီလပါရမီ** ဖြစ်၏။

မိမိခန္ဓာကိုယ်ကို မပင်ပန်းစေချင်သော ဘဝနိကန္တိက တဏှာမှ လွတ်မြောက်ခြင်းသည် **နေက္ခမ္မပါရမီ** ဖြစ်၏။

မိမိ၏လုပ်ငန်းနှင့် ပတ်သက်၍ ဘက်စုံသိမြင်ခြင်းသည် **ပညာပါရမီ** ဖြစ်၏။

အခက်အခဲဟူသမျှကို သည်းခံခြင်းသည် **ခန္တီပါရမီ** ဖြစ်၏။

မိမိ၏ဆုံးဖြတ်ချက်နှင့် မိမိ၏ဆောင်ရွက်ချက် ရှေ့နောက်ညီခြင်းသည် **သစ္စာပါရမီ** ဖြစ်၏။

မိမိ၏ဆုံးဖြတ်ချက်အတိုင်း မဖြစ်ဖြစ်အောင် ဆောင်ရွက်ခြင်းသည် **အဓိဋ္ဌာန်ပါရမီ** ဖြစ်၏။

လောကအပေါ် ထာဝစဉ်မေတ္တာထားခြင်းသည် **မေတ္တာပါရမီ** ဖြစ်၏။

ပတ်ဝန်းကျင်၏ အထိအတွေ့များ၌ မနစ်မျောဘဲ"မိမိ၏အလုပ်သည်

www.burmeseclassic.com

www.burmeseclassic.com



မိမိလုပ်၊မိမိလမ်းကိုသာ မိမိသွား၊ ရပ်တန့်မနေနှင့် ”ဟူသောခံယူချက်အတိုင်း ဆောင်ရွက်ခြင်းသည် ဉပေက္ခာပါရမီ ဖြစ်၏။

ထို့ကြောင့် မဟာဇနကဇာတ်၌ ဝိရိယပါရမီကို ပဓာနအားဖြင့် တွေ့ရပြီး အခြားသောပါရမီများကိုလည်း အပဓာနအားဖြင့် တွေ့ရခြင်း ဖြစ်ပါ၏။ အကယ်၍ လူတို့သည် အများအတွက် မိမိတို့၏ကိုယ်ကျိုးကိုစွန့်ပြီး ဆောင်ရွက်ရာတွင် စိတ်ပျက်အားငယ်ဖွယ်များနှင့် တွေ့ကြုံရပါက သမုဒ္ဒရာကို လက်ပစ်ကူးသော မဟာဇနကမင်းသားကို ရည်မှန်းပြီး ဆောင်ရွက်မည်ဆိုပါက မိမိတို့တွေ့ကြုံရသော စိတ်ပျက်အားငယ်ဖွယ်များကို ကျော်လွှားနိုင်ဖွယ် ရှိပါ၏။ သို့ရာတွင် မိမိတို့အနေဖြင့် အမြဲတမ်းအလေးထားရမည့် အချက်ကား မိမိတို့၏ ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်ရေးသာ ဖြစ်၏။ မြတ်စွာဘုရားကလည်း –

ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိဝိသုဒ္ဓတ္တာ။

“သီလရှိသူ၏ တောင့်တမှုဟူသမျှသည် မိမိ၏သီလစင်ကြယ်မှုကြောင့်ပင် ပြည့်စုံလေ၏”ဟူ၍ ဟောကြားတော်မူထားရာ မြတ်စွာဘုရား၏ ဟောကြားတော်မူချက်သည် မည်သည့်နည်းနှင့်မျှ မှားယွင်းနိုင်ဖွယ်မရှိကြောင်း လေးနက်စွာယုံကြည်ပြီး မိမိကိုယ်ကျင့်သိက္ခာကို အခြေခံကာ မိမိတို့၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်အပ်ပါ၏။

အများကောင်းစားစေလိုသော စိတ်ကောင်း စေတနာကောင်းဖြင့် ဆောင်ရွက်ပါသော်လည်း မိမိတို့ကိုယ်တိုင်က ကိုယ်ကျင့်သိက္ခာကို အလေးအနက်ထားပြီး ဆောင်ရွက်ခြင်းမျိုး မဟုတ်ပါလျှင် မိမိတို့၏ ဆောင်ရွက်ချက်များသည် မိမိတို့မျှော်မှန်း ထားသည့်အတိုင်း အများကောင်းကျိုးဖြစ်လာဖို့ များစွာပင်ခဲယဉ်းပါ၏။ ထို့ကြောင့် မည်သည့်လုပ်ငန်းကို လုပ်လုပ် တကယ်တမ်း အများကောင်းကျိုးကိုသာ စိတ်ကောင်း စေတနာကောင်းဖြင့် မျှော်မှန်းရိုးမှန်ပါလျှင် မိမိတို့၏ ဖြူစင်မြင့်မြတ်သော ကိုယ်ကျင့်သိက္ခာအပေါ် အခြေခံ၍သာ ဆောင်ရွက်အပ်ပါ၏။ ထိုသို့ ဆောင်ရွက်ပါမှလည်း တကယ်တမ်း အများကောင်းကျိုးသည် ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



# ခန္တီပါရမီ

ခန္တီသည် ပါဠိဝေါဟာရဖြစ်၏။ မြန်မာဝေါဟာရအားဖြင့် သည်းခံခြင်း ဟူ၍ဖြစ်၏။ သည်းခံခြင်း၏ ကျယ်ပြန့်သောအနက်အရ မြတ်နိုးခြင်း ခံရမှုကိုလည်း သည်းခံ၏။ မထိမဲ့မြင်ပြုခြင်းခံရမှုကိုလည်း သည်းခံ၏။ ဤသို့ ခန္တီ၏အနက်ကို ဆို၏။

သို့ရာတွင် ဝေါဟာရ အသုံးအနှုန်းအားဖြင့် သူတစ်ပါးက စော်ကားလာသောအခါ တစ်စုံတစ်ရာ တုံ့ပြန်မှုမပြုဘဲ ခွင့်လွှတ်ခြင်းကိုသာ သည်းခံခြင်းဟူ၍ ဆိုလေ့ရှိပါ၏။ တရားကိုယ်အားဖြင့် "အဒေါသ" စေတသိက်ပြဋ္ဌာန်းသော နာမ်ခန္ဓာတရားစုများ ဖြစ်၏။ အဒေါသဟူသည်မှာ "မေတ္တာ" ဖြစ်၏။ အဘိဓမ္မာ တရားကိုယ်သဘောအရ သည်းခံခြင်းဟူသည်မှာ မိမိအားစော်ကားလာသူအပေါ် မေတ္တာမပျက်ခြင်းပင် ဖြစ်၏။ မေတ္တာဝင်လျှင် အပြစ်မမြင်တတ်။ ထို့ကြောင့် မေတ္တာသည် သည်းခံခြင်း၏ တရားကိုယ် ဖြစ်ရခြင်းဖြစ်၏။

ခန္တီပါရမီသည် အလွန်အရေးကြီးသော ပါရမီဖြစ်၏။ ပါရမီဆယ်ပါးတွင် မည်သည့်ကောင်းမှုကုသိုလ် လုပ်ငန်းကို လုပ်သည်ဖြစ်စေ မိမိအတွက် အကျိုးကို မမျှော်ကိုးခြင်း နေက္ခမ္မသဘောပါဝင်မှသာ ထိုလုပ်ငန်းသည် ပါရမီမြောက်၏။ ပါရမီ မြောက်သော်လည်း ခန္တီနှင့်ဥပေက္ခာတို့က ပံ့ပိုးမှသာ ခိုင်ခံ့၏။ သို့မဟုတ်ပါက ပါရမီသည် ပျက်တတ်၏၊ ကျိုးတတ်၏။

ထို့ကြောင့် ခန္တီပါရမီသည် ပါရမီဆယ်ပါးတွင် အရေးကြီးသောပါရမီအဖြစ် အထူးကြီးစား၍ အားထုတ်ရသောပါရမီ ဖြစ်ရခြင်းဖြစ်၏။ အမှန်အားဖြင့် ခန္တီသည် လောကဥ္စ အဓမ္မကိုပယ်သတ်ရာတွင် အထက်မြက်ဆုံးသော ဓမ္မနည်းဖြစ်၏။ ထို့ကြောင့် ကျမ်းဂန်များ၌လည်း "သည်းခံခြင်းထက် လွန်မြတ်သောတရားမည်သည် မရှိ" ဟူ၍ ဆိုခြင်းဖြစ်ပါ၏။

ရုပ်ဝတ္ထုများနယ်ပယ်၌ သက်ရောက်အားနှင့် တုံ့ပြန်သက်ရောက်အား ရှိသကဲ့သို့ နာမ်တရားများနယ်ပယ်၌လည်း သက်ရောက်အားနှင့် တုံ့ပြန်သက်ရောက်အားသည် ရှိသည်သာဖြစ်၏။ ဤသည်မှာ အနုလောမဓမ္မတာဖြစ်၏။

ထိုဓမ္မတာအရ သူကတစ်ချက်ရိုက်လျှင် မိမိကအနည်းဆုံး တစ်ချက်ပြန်ရိုက် ချင်၏။ သူကမာလျှင် မိမိကလည်း ပြန်၍မာသည်ပင်ဖြစ်၏။ ဤသဘောကို ကောင်းသော ဘက်၌လည်း ရနိုင်၏။ မကောင်းသောဘက်၌လည်း ရနိုင်၏။ ဤသည်ကို အစုန်သဘော ဟူ၍ဆိုရ၏။ လောကဟူသည်မှာ အစုန်သဘောအတိုင်း ရွေ့လျားရ၏။ အစုန်သဘော အတိုင်း ရွေ့လျားမှုဟူသမျှသည် ပါရမီမဟုတ်။ အစုန်သဘောကို ဆန်ပြီး ရွေ့လျား

www.burmeseclassic.com

www.burmeseclassic.com



နိုင်မှသာ ပါရမီသဘောကိုဆောင်သည် မည်၏။ ပါရမီသဘောကို ဆောင်ပါမှလည်း လောကုတ္တရာနယ်ပယ်သို့ ဦးတည်နိုင်၏။ ထို့ကြောင့် ပါရမီသဘောကို "ပဋိလောမ ဓမ္မတာ" ဟူ၍ ဆိုရ၏။

ပဋိလောမဓမ္မတာအရ ခန္တီပါရမီကို ဖြည့်ကျင့်မည်ဆိုပါလျှင် အစွန်းကျင့်စဉ်ကို ရှောင်ပြီး အလယ်ကျင့်စဉ်အတိုင်း ကျင့်မှ ဖြစ်၏။ အစွန်းကျင့်စဉ်ကို "အန္တပဋိပဒါ" ဟူ၍ဆို၏။ အလယ်ကျင့်စဉ်ကို "မဇ္ဈိမပဋိပဒါ" ဟူ၍ဆို၏။ အကယ်၍ သူတစ်ပါးက မိမိအပေါ်စော်ကားလာပါက မိမိကလည်း ပြန်၍လက်စားချေ၏။ လက်တုံ့ပြန်၏။

ဤကဲ့သို့ လက်တုံ့ပြန်ခြင်းမှာ အလားတူ စော်ကားမှုမျိုး နောင်ကာလ၌ မပေါ် ပေါက်နိုင်အောင်အားထုတ်ခြင်း တစ်မျိုးပင်ဖြစ်၏။ သို့ရာတွင် ဤအားထုတ်နည်းကား မှန်ကန်သော အားထုတ်နည်းမဟုတ်။ ဖြစ်ပေါ်လာသော စိတ်၏အလိုအတိုင်း လိုက်၍ အားထုတ်ခြင်းသာဖြစ်၏။ ထို့ကြောင့် ဤအားထုတ်နည်းကို "ကာမသုခလ္လိကာနုယောဂ" ဟူ၍ဆိုရ၏။ အစွန်းရောက်ကျင့်စဉ် အန္တပဋိပဒါ ၌ သက်ဝင်၏။

နောင်အလားတူ စော်ကားမှုမျိုး ထပ်မံ၍ မပေါ်ပေါက်ရလေအောင် ဇက်စင်းပြီး ခံနေပါကလည်း စိတ်၏အလိုကို ဆန့်ကျင်ရသဖြင့် အလွန်ပင်ဆင်းရဲသော အားထုတ်ခြင်း သာဖြစ်၏။ ထို့ကြောင့် ဤအားထုတ်နည်းကို "အတ္တကိလမထာနုယောဂ" ဟူ၍ဆိုရ၏။ အစွန်းရောက်ကျင့်စဉ် အန္တပဋိပဒါ ၌ သက်ဝင်၏။

စော်ကားမှုတည်းဟူသော အဓမ္မကို ဤအားထုတ်နည်းနှစ်မျိုးအတိုင်း အားထုတ်၍ ငြိမ်းသတ်ခြင်းဖြစ်ပါက စော်ကားမှုတည်းဟူသော အဓမ္မနည်းကို မှန်သောဓမ္မဖြင့် ငြိမ်းသက်ရာမရောက်။ စော်ကားမှုသည်လည်း မည်သို့မျှ ငြိမ်းအေးသွားလိမ့်မည်မဟုတ်။ စော်ကားမှုသံသရာသည် လည်ပတ်ရန်သာရှိ၏။

**လူတိုင်း၏တာဝန်** ဤလောက၌ အဓမ္မမထွန်းကားအောင် ဆောင်ရွက်ဖို့ လူတိုင်း၌ တာဝန်ရှိ၏။ မြင့်မြတ်သူများအနေဖြင့် ပို၍တာဝန်ရှိ၏။ ထို့ကြောင့် ထိုတာဝန်အရ အဓမ္မကို ချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်ရန် မှန်ကန်သောနည်းကို သုံးဖို့လို၏။ ထိုမှန်ကန်သောနည်းကား သည်းခံခြင်း "ခန္တီ" ပင်ဖြစ်၏။ သည်းခံခြင်း ဆိုသော်လည်း ယင်းသည်းခံခြင်းကို အစွန်းရောက်ကျင့်စဉ်ဖြင့် အသုံးပြု၍မရ။ အလယ်ကျင့်စဉ်ဖြင့် အသုံးပြုမှ ရ၏။ အလယ်ကျင့်စဉ်၏ မဏ္ဍိုင်မှာ အဒေါသပင်ဖြစ်၏။ အဒေါသ ရှိသော်လည်း ဉာဏ်မယှဉ်သောအဒေါသမဟုတ်၊ ဉာဏ်ယှဉ်သော အဒေါသ ဖြစ်၏။

သည်းခံခြင်း ခန္တီကို အလယ်ကျင့်စဉ် မဇ္ဈိမပဋိပဒါအတိုင်း အသုံးပြုသောအခါ ယင်း၏ နီးသောအကြောင်း-ပဒဋ္ဌာန်ကို သိဖို့ လို၏။ သည်းခံခြင်း ခန္တီ၏ နီးသော အကြောင်းပဒဋ္ဌာန်ကား "မှန်မှန်ကန်ကန်သိခြင်း ယထာဘူတဉာဏ်" ဖြစ်၏။ ထို့ကြောင့် မိမိအပေါ် စော်ကားမှုများကို ယင်းနှင့်ပတ်သက်၍ အကျိုးအကြောင်း ဆင်ခြင်နိုင်သော

www.burmeseclassic.com

www.burmeseclassic.com



ယထာဘူတဉာဏ်ဖြင့် ပိုင်းခြားဝေဖန်ပြီး အဒေါသဖြင့် သည်းခံမှသာ ပါရမီမြောက်သော သည်းခံခြင်း ဖြစ်၏။

ပါရမီမြောက်သော သည်းခံခြင်းဟူကလည်း ကုသိုလ်တရားသာဖြစ်၏။ သို့ဖြစ်၍ သာ ခန္တီ၏အရကောက်ကို အဒေါသ (ဝါ) မေတ္တာ ပြဋ္ဌာန်းသော နာမ်တရားများ အစု အဝေး ဟူ၍ ဆိုခြင်းဖြစ်၏။

မိမိသိက္ခာကိုလေးစားခြင်း

စော်ကားမှုများကို ယထာဘူတဉာဏ်ဖြင့် ပိုင်းခြားဝေဖန် ကြည့်သောအခါ စော်ကားခြင်း၏ ဖြစ်ရပ်မှန်များကို သိလာ၏။ မိမိအပေါ် စော်ကားခြင်းကို မိမိက ပြန်လည်စော်ကားခြင်းဖြင့် တုံ့ပြန်သော အခါ ဖြစ်ပေါ်လာမည့်အပြစ်များကို မြင်လာ၏။ မိမိကဲ့သို့သော ပုဂ္ဂိုလ်မျိုးကလည်း ဤကဲ့သို့သော တုံ့ပြန်မှုမျိုးကို မပြုသင့်ကြောင်းဖြင့် မိမိသိက္ခာက မိမိကိုထိန်းသိမ်း လာ၏။ မိမိ၏သိက္ခာကို မိမိက အလေးအနက် ထားလာ၏။ မိမိသိက္ခာကို မိမိက အလေးအနက် ထားလာသောအခါ ထိုကဲ့သို့ လက်တုံ့ပြန်ရန် ရှက်လာ၏။ ယင်းကို "ဟိရီ" ဟူ၍ဆိုရ၏။ ဟိရီသည် ကုသိုလ်စေတသိက် ဖြစ်၏။ ထို့အပြင် လောကကို ငဲ့ဖို့လည်း လိုလာ၏။ လောကတွင် မိမိကို စော်ကားသူလည်း ပါဝင်၏။ မိမိက မြင့်မြတ်သူဖြစ်ပါမှ လောက၏အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည် ဖြစ်၏။ အမှန်အားဖြင့် "သူချလျှင် ငါကလည်း ပြန်ချမည်၊ သူမာလျှင် ငါကလည်း ပြန်မာ မည်" ဟူသော အစွန်းစိတ်ထားမျိုးသည် မြင့်မြတ်သူတို့၏ စိတ်ထားမဟုတ်။ ထိုစိတ်ထား မျိုးဖြင့် လောက၌ ထာဝစဉ်ငြိမ်းချမ်းမှုကို ဆောင်ရွက်၍မရ။ အကယ်၍ ငြိမ်းချမ်းမှုကို ဆောင်ရွက်၍ ရသည်ဆိုလျှင်လည်း ထိုငြိမ်းချမ်းမှုသည် ထာဝစဉ်ငြိမ်းချမ်းမှုမဟုတ်ဘဲ ယာယီငြိမ်းချမ်းမှုမျိုးသာ ဖြစ်နိုင်ပါ၏။

ဤသို့သော ငြိမ်းချမ်းမှုသည် အာဃာတအပေါ်၌ တည်ဆောက်ထားသော ငြိမ်းချမ်းမှုဖြစ်သဖြင့် တစ်ခုသောနေ့တွင် အန္တရာယ်ကို ဖြစ်ပေါ်လာစေနိုင်သည်မှာ စိတ္တဇေဒအရ ပေါ်လွင်ပါ၏။ ထိုအခါ မိမိ၏စိတ်လိုက်မာန်ပါ တုံ့ပြန်မှုကို အကြောင်းပြု၍ မိမိတာဝန်ယူထားသော လောက၊ မိမိတာဝန်ယူထားသော ပတ်ဝန်းကျင်အပေါ်၌ ကျရောက်လာမည့် အန္တရာယ်များကို မျက်ဝါးထင်ထင် မြင်လာ၏။ ထို့ကြောင့် မိမိ တစ်ကိုယ်တည်းခံစားချက်ဖြင့် စိတ်လိုက်မာန်ပါလုပ်ရန် ကြောက်ရွံ့လာ၏။ ယင်းကို "သြတ္တပ္ပ"ဟူ၍ ဆိုရ၏။ သြတ္တပ္ပသည် ကုသိုလ်စေတသိက်ဖြစ်၏။ ဟိရီနှင့် သြတ္တပ္ပသည် ယထာဘူတဉာဏ်ကို လမ်းခင်းပေး၏။ ယထာဘူတဉာဏ်သည် အဒေါသကို သည်းခံခြင်း အဖြစ် သရုပ်ဖော်၏။

မိမိအပေါ် စော်ကားမှုနှင့် ပတ်သက်၍ လက်တုံ့ပြန်ရန်အတွက် စဉ်းစားရာတွင် မိမိ၏သိက္ခာကို မိမိက လေးစားခြင်း= ဟိရီနှင့် မိမိကိုအကြောင်းပြု၍ အန္တရာယ်ကျ ရောက်ခြင်းခံရမည့် မိမိ၏ ပတ်ဝန်းကျင် ပရိသတ်အပေါ် ငဲ့ညှာခြင်း=သြတ္တပ္ပတို့ ဝင်ရောက်လာသောအခါ စော်ကားမှုအပေါ် လက်တုံ့ပြန်ခြင်း၏အပြစ် အာဒီနဝကို

www.burmeseclassic.com

www.burmeseclassic.com



ယထာဘူတဉာဏ်ဖြင့် မှန်ကန်စွာ သိမြင်လာ၏။ လက်တုံ့ပြန်ခြင်း၏ အပြစ်ကို မြင်လာသောအခါ လက်တုံ့ပြန်ခြင်းတည်းဟူသော အဓမ္မနည်းကို မသုံးတော့ဘဲ ခွင့်လွှတ်ခြင်းတည်းဟူသော ဓမ္မနည်းကို သုံးလာ၏။ အမှန်အားဖြင့်လည်း လောက ဖြစ်စဉ်များ၌ အဓမ္မကို အဓမ္မဖြင့် ငြိမ်းသတ်နိုင်ရိုးမရှိ။ အဓမ္မကို ဓမ္မဖြင့်သာ ငြိမ်းသတ် နိုင်ရိုးရှိပါ၏။ ထို့ကြောင့် စော်ကားမှုကို သည်းခံမှုဖြင့်သာ မြင့်မြတ်သူအစဉ်အဆက်တို့ ငြိမ်းသတ်ခဲ့ကြခြင်းဖြစ်၏။ ထိုနည်းသည်သာလျှင် စော်ကားမှုတည်းဟူသော အဓမ္မမှ တကယ်တမ်းလွတ်မြောက်မှုတည်းဟူသော နိဿရဏ ကိုရနိုင်သော နည်းကောင်းနည်းမှန် ဖြစ်၏။

**မစ္ဆိမပဋိပဒါကျသော သည်းခံခြင်း**

မည်သည့် လုပ်ငန်းကိုလုပ်လုပ် မစ္ဆိမပဋိပဒါအရ လုပ်မည်ဆိုပါလျှင် ယင်းလုပ်ငန်းနှင့် ပတ်သက်၍ အမှန်အတိုင်းသိဖို့ "ယထာဘူတဉာဏ်"လို၏။ စိတ်လိုက်မာန်ပါလုပ်ခြင်း၌ အပြစ်ကို သိဖို့ "နိဗ္ဗိဒါ ဉာဏ်"လို၏။ အပြစ်ကိုသိလျှင် စိတ်လိုက်မာန်ပါ လုပ်လိုက်ရမှ ကျေနပ်သည့် ဉာဉ်ဆိုးကို စွန့်လွှတ်ဖို့ "ဝိရာဂဉာဏ်"သည် ဝင်လာမည် ဖြစ်၏။ ဤဉာဏ်သုံးမျိုးဖြင့် ဆောင်ရွက်သော လုပ်ငန်းမှသာ မစ္ဆိမပဋိပဒါအရ လုပ်သောလုပ်ငန်းမည်၏။

သည်းခံခြင်း ခန္တီနှင့်ပတ်သက်၍ သူတစ်ပါး၏ စော်ကားမှုကို သည်းခံရာ၌လည်း မစ္ဆိမပဋိပဒါအရ သည်းခံခြင်းမျိုးဖြစ်မှသာ ပါရမီမြောက်သော သည်းခံခြင်းမျိုးဖြစ်၏။ သို့မဟုတ်ပါက အာဃာတ ကို ကိုယ်ထည်ပြုထားသော သည်းခံခြင်းမျိုးသာ ဖြစ်နိုင်၏။ အဒေါသကို ကိုယ်ထည်ပြုထားသော သည်းခံခြင်းမျိုး မဖြစ်နိုင်ပါချေ။

သည်းခံခြင်းဟူသည် နုံ့သောဒေါသဖြင့် သည်းခံသည်လည်းရှိ၏။ အဒေါသဖြင့် သည်းခံသည်လည်းရှိ၏။ နုံ့သောဒေါသဖြင့် သည်းခံခြင်းကို ကြောက်၍ သည်းခံခြင်းဟူ၍ဆိုရ၏။ ကြောက်၍သည်းခံခြင်းတွင် အာဃာတသည် အမြစ်တွယ်လျက် ရှိ၏။ တစ်ခုသောနေ့တွင် အမြစ်တွယ်နေသော အာဃာတမှ ထက်သောဒေါသသည် ဖြစ်ထွန်းလာနိုင်၏။ ထက်သောဒေါသ ဖြစ်ထွန်းလာလျှင် လက်စားချေခြင်းသည် မလွဲသာ မရှောင်သာ ဖြစ်ပေါ်လာမည်ဖြစ်၏။ ထိုအခါ စော်ကားမှုသံသရာသည်လည်းကောင်း၊ လက်စားချေမှု သံသရာသည်လည်းကောင်း လှူသမိုင်း၌ အတောမသတ် လည်ပတ်နေမည်ဖြစ်၏။

ထို့ကြောင့် မြင့်မြတ်သူများသည် အဒေါသဖြင့် သည်းခံခြင်းကိုသာ ကျင့်ကြံအားထုတ်ကြခြင်းဖြစ်၏။ အဒေါသဖြင့် သည်းခံခြင်းသည်သာ အာဃာတကို ပယ်ဖျောက်နိုင်သဖြင့် အမုန်းသံသရာကို တိုစေနိုင်၏။ ဘဝကိုလည်း အနဋ္ဌ ရတနာ ဖြစ်စေနိုင်၏။ အနဋ္ဌ ရတနာဖြစ်ခြင်းဟူသည်မှာ အရာရာတိုင်း၌ "ငါ–ငါ့ဥစ္စာ" ဟူ၍သိမ်းပိုက်တတ်သော တစ်ကိုယ်ကောင်းအမြင်ကို ပယ်သတ်နိုင်ခြင်းဖြစ်၏။ အမှန်အားဖြင့် တစ်ကိုယ်ကောင်း အမြင်ကင်းလေလေ ဘဝသည်တန်ဖိုးမြင့်လေလေ ဖြစ်၏။ တန်ဖိုးမြင့်လေလေ ချမ်းသာလေလေ ဖြစ်ခြင်းကား ဓမ္မတာ။

www.burmeseclassic.com

www.burmeseclassic.com



အဒေါသဆိုကတည်းက ယင်းသည်းခံမှုတွင် အလောဘလည်း ပါရ၏။ အမောဟလည်းပါရ၏။ မေတ္တာလည်း ပါရ၏။ ကရုဏာလည်း ပါရ၏။ ထိုသို့ပါမှလည်း၊ မြင့်မြတ်သူတို့၏လုပ်ငန်း ပါရမီသဘောကို ဆောင်၏။ မေတ္တာပါဝင်သဖြင့် လောကကို ကြည့်တိုင်း ချစ်စရာကိုသာ မြင်၏။ ကရုဏာပါဝင်သဖြင့် လောကကို ကြည့်တိုင်း ကြင်နာစရာကိုသာမြင်၏။ လောက၌ ချစ်စရာနှင့် ကြင်နာစရာကိုချည်း မြင်ရလေသောအခါ မိမိချစ်ရသောလောက၊ မိမိကြင်နာရသော လောကအတွက် အနစ်နာခံချင်စိတ် အလောဘပဓာန–သည် လည်းကောင်း၊ သူတို့ နစ်သက်နိုင်မည်ကို ရွေးချယ်တတ်သော အသိဉာဏ် အမောဟပဓာန– သည်လည်းကောင်း အလိုအလျောက်ပေါ်လာ၏။ အထူးအားထုတ်စရာမလို။ ဤသည်ပင် "အသင်္ခါရိက" ဖြစ်၏။

**ဘဝပန်းတိုင်သို့ ရောက်အောင်သွားရာလမ်း**

အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုး အာနုဘော်ကြီးခြင်း တည်းဟူသော အကျိုးတရား ငါးပါးတို့သည် ဘဝ၏ ပန်းတိုင်များမဟုတ်ကြ။ ပန်းတိုင်၏လမ်းများသာ ဖြစ်ကြ၏။ ထိုလမ်းများအတိုင်း ပန်းတိုင်သို့လျှောက်ရ၏။ ယင်းအကျိုးထူးတရား ငါးပါးတို့ကိုရရှိရန် လူတို့တောင့်တကြသည် မှန်၏။ ရရှိရန်အားထုတ်ကြသည်လည်း မှန်၏။ သို့ရာတွင် ထိုသို့တောင့်တရာ၌ ဖြစ်စေ၊ ရရှိရန်အားထုတ်ရာ၌ ဖြစ်စေ အကျိုးထူးတရား ငါးပါးတို့ကို လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာ၌ အသုံးချပစ္စည်း၊ အသုံးချ ကိရိယာအဖြစ်သာ ရည်ရွယ်၍ တောင့်တမှသာ ထိုတောင့်တချက်သည် ဘဝ၏ ပန်းတိုင်အတွက် မှန်သော တောင့်တချက် ဖြစ်၏။ ထိုအတိုင်းရည်ရွယ်၍ ရရှိရန် အားထုတ်မှသာ ထိုအားထုတ်ချက်သည် ဘဝ၏ ပန်းတိုင်အတွက် မှန်သောအားထုတ်ချက် ဖြစ်၏။

ဘဝ၏ပန်းတိုင်သည်ရှိ၏။ ဘဝ၏ပန်းတိုင်ဟူသည်ကား ဘဝကိုဖန်တီး ပေးခဲ့သော ဖန်တီးရှင်အား ပြန်လည်၍ ကျေးဇူးဆပ်ခြင်းပင် ဖြစ်၏။ ဘဝ၏ ဖန်တီးရှင်များတွင် မိဘလည်းပါ၏။ အခြားလူသားများလည်း ပါ၏။ သဘာဝတော၊တောင်၊ရေ၊မြေ နှင့် တိရစ္ဆာန်များလည်းပါ၏။ တရားဓမ္မနှင့် ရိုးရာယဉ်ကျေးမှုလည်းပါ၏။ ဘုရားရှင်နှင့် နတ်ဒေဝါများလည်းပါ၏။ ဤငါးမျိုးကိုခြုံ၍ လောကဟူ၍ခေါ်ဆိုရ၏။ လောကကြောင့်သာ ဘဝသည်ဖြစ်ပေါ်၍ တည်တံ့ရခြင်းဖြစ်၏။

ထို့ကြောင့် လောကကို ဘဝ၏ကျေးဇူးရှင်ဟူ၍ ခေါ်ဆိုရခြင်းဖြစ်၏။ သို့ဖြစ်လေရာ ဘဝ၏ ကျေးဇူးရှင်များကို ပြန်လည်၍ ကျေးဇူးဆပ်ခြင်းသည်သာလျှင် ဘဝ၏ ပန်းတိုင်ဖြစ်၏။ ပန်းတိုင်ဖြစ်လျှင် ပန်းတိုင်၏ ဓမ္မတာအတိုင်း အေးချမ်းရမည်ကား မုချ။ ပန်းတိုင်သို့ ရောက်အောင် တကယ်တမ်း သွားဖို့သာလိုပါ၏။ သို့ရာတွင် ဘဝဟူသည်လည်း အနိစ္စမျိုးပင် ဖြစ်၏။ အနိစ္စသဘောအရ ဖြစ်၏၊ တည်၏၊ ပျက်၏။ ဖြစ်ချင်းက တည်ခြင်းကို ကျေးဇူးပြု၏၊ တည်ခြင်းကပျက်ခြင်းကို ကျေးဇူးပြု၏၊

www.burmeseclassic.com

www.burmeseclassic.com



ပျက်ခြင်းက နောက်တစ်ဖန်ဖြစ်ခြင်းကို ကျေးဇူးပြုပြန်၏။ ဤသည်မှာ ကြောင်းကျိုး နိယာမ အရ ဖြစ်၏။ အကြောင်းကောင်းမှ အကျိုးကောင်း၏၊ အကြောင်း မကောင်းလျှင် အကျိုးလည်းမကောင်း။ ထို့ကြောင့် ဘဝတည်ရှိနေစဉ်ကာလအတွင်း ဘဝကျေးဇူးရှင် လောကကို ပြန်လည်၍ ကျေးဇူးဆပ်ခြင်းသည် အကြောင်းကောင်းအောင် အားထုတ်ခြင်း ဖြစ်၏။ ဤသို့သာ အားထုတ်ပါက ဘဝသည် အတည်ကောင်း၏။ အတည်ကောင်းလျှင် အပျက်လည်းကောင်း၏။ အပျက်ကောင်းလျှင် နောက်တစ်ဖန် အဖြစ်ကောင်း၏။ "အပျက်" သည်လည်း "အဖြစ်" အား ကြောင်းကျိုးနိယာမအရ ကျေးဇူးပြုသည်ပင် ဖြစ်၏။ မွေးခြင်းမှသေခြင်းအထိ ကာလအပိုင်းခြားသည် ဘဝ၏စခန်းတစ်ခုမှ တစ်ခုသို့သာ ဖြစ်၏။ သံသရာခရီးကို လျှောက်နေရသော ဘဝ၏အဆုံးမဟုတ်။ ဘဝ၏ မိုင်တိုင်သာ ဖြစ်၏။ ပန်းတိုင်မဟုတ်။ ပန်းတိုင်ဟူသည် ပတ်ဝန်းကျင် လောကနှင့် ဆက်ဆံရာတွင် မိမိတို့၏ သန္တာန်၌ ဖြစ်ပေါ်တတ်သော "ငါသာလျှင်" ဟူသော တစ်ကိုယ်ကောင်း အမြင်ကို မြစ်ပြတ်ပယ်သတ်နိုင်မှုပင် ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရဖြင့် "နိဗ္ဗာန်" ဟူ၍ဆိုရ၏။

နိဗ္ဗာန်ကို ရရှိခြင်းသည်သာလျှင် ဘဝတွင်အမြင့်မားဆုံးသော အကျိုးစီးပွားဖြစ်၏။ အခြားသောအကျိုးစီးပွားများသည် စင်စစ်အားဖြင့် ဘပအတွက် အဝိဇ္ဇာကရှာပေးသော ပန်းတိုင်များသာဖြစ်၏။ ဘဝအတွက် ဝိဇ္ဇာကရှာပေးသော ပန်းတိုင်မဟုတ်။ နိဗ္ဗာန် သည်သာလျှင် ဘဝအတွက် ဝိဇ္ဇာကရှာပေးသော ပန်းတိုင်ဖြစ်၏။ ဝိဇ္ဇာနှင့်အဝိဇ္ဇာသည် သဘောအားဖြင့် ဖြောင့်ဖြောင့်ဆန့်ကျင်သလို နိဗ္ဗာန်နှင့်အခြားသော သမ္ပတ္တိများသည်လည်း တူရှုအားဖြင့် ဖြောင့်ဖြောင့်ဆန့်ကျင်လေ၏။ နိဗ္ဗာန်သည် စွန့်လွှတ်ခြင်း "အလောဘ" အပေါ်၌ အခြေခံ၍ အခြားသော သမ္ပတ္တိများသည် ရယူခြင်း "လောဘ" အပေါ်၌ အခြေခံ၏။ ထို့ကြောင့် လောက၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွားကို စွန့်လွှတ်ခြင်းသည် သံသရာခရီး၌ ဘဝပန်းတိုင်သို့သွားသော လမ်းမကြီးအပေါ်တွင် လျှောက်နေခြင်း ဖြစ်၏။ ထို့ကြောင့် မိမိ၏အကျိုးစီးပွားအတွက် လောကကို အသုံးချခြင်းသည် နိဗ္ဗာန်၏ ဆန့်ကျင်ဘက် တူရှုသို့သွားရာလမ်းပေါ်တွင် လျှောက်ရာရောက်ပြီး၊ လောက၏ အကျိုးစီးပွားအတွက် မိမိကိုအသုံးချခြင်းသည်သာလျှင် နိဗ္ဗာန်သို့ ဦးတည်သော လမ်းပေါ်တွင် လျှောက်ရာရောက်၏။

**လောကစံရှစ်ပါး** လောကရှိ ဓမ္မဟူသမျှကို အုပ်စုဖွဲ့လိုက်လျှင် စုစုပေါင်း ရှစ်မျိုး သာရှိ၏။ ယင်းကို "လောကစံရှစ်ပါး" ဟူ၍ဆို၏။ လူမိုက် များသည်လည်း ဤလောကစံရှစ်ပါးနှင့်ပင် တွေ့ကြုံရ၏။ သူတော်စင်များသည်လည်း ဤလောကစံ ရှစ်ပါးနှင့်ပင် တွေ့ရ၏။ ကြုံရ၏။ အရိယာများသည်လည်း ဤလောကစံ ရှစ်ပါးနှင့်ပင် တွေ့ရ၏။ ကြုံရ၏။ တွေ့စရာကြုံစရာကား အားလုံးအတွက် အတူတူ။ လောကစံရှစ်ပါးသာဖြစ်၏။ ဘာမျှမထူးခြား။ သို့ရာတွင် လောကစံတရားတိုင်း၌

www.burmeseclassic.com

www.burmeseclassic.com



တူရှုနှစ်ဘက်စီရှိ၏။ တစ်ဘက်သောတူရှုမှာ ငါ့ကျိုး-ငါ့စီးပွားသို့ ဦးတည်သော အဓမ္မတူရှုဖြစ်၍ အခြားတစ်ဘက်သော တူရှုမှာ လောကကျိုး လောကစီးပွားသို့ ဦးတည်သော ဓမ္မတူရှုဖြစ်၏။ ငါ့ကျိုး ငါ့စီးပွားတူရှုအတိုင်း လျှောက်လျှင် လောကဓံမှ အကုသိုလ်အနှစ်ကို ထုတ်ရာရောက်၏။ လောကဓံမှ အကုသိုလ်အနှစ်ကိုလည်း ထုတ်၍ ရ၏။ ကုသိုလ်အနှစ်ကိုလည်း ထုတ်၍ရ၏။ နှစ်မျိုးလုံး ထုတ်၍ရ၏။ ထို့ကြောင့် အနှစ်ထုတ်စရာ လောကဓံက တစ်ခုတည်း။ အနှစ်ထုတ်သူများ၏ အမြင်နှင့် ခံစားချက်ကို လိုက်၍ ထွက်ပေါ်လာသော အနှစ်များကတော့ အမျိုးမျိုး။

လောကဓံမှ အကုသိုလ်အနှစ်ကို ထုတ်သူများသည် စိတ်၏အလိုသို့ လိုက်သူများ ဖြစ်ကြ၏။ လောဘစိတ်ဖြစ်လျှင်လည်း လောဘ၏ အလိုသို့လိုက်၍ တပ်မက်လိုက်၏။ ဒေါသစိတ်ဖြစ်လျှင်လည်း ဒေါသ၏ အလိုသို့လိုက်၍ စိတ်ဆိုးလိုက်၏။ မောဟစိတ်ဖြစ်လျှင်လည်း မောဟ၏ အလိုသို့လိုက်၍ တွေဝေလိုက်၏။ ဤသူများကို လူမိုက်များဟူ၍ဆိုကြ၏။ လောက၏ အညစ်အကြေးများအဖြစ် သတ်မှတ်ကြ၏။

မြင့်မြတ်သူများကား ထိုသို့မဟုတ်။ လောဘစိတ်ဖြစ်လျှင်လည်း လောဘ၏ အလိုသို့မလိုက်။ လောဘ၏ ဆွဲဆောင်ချက်ကို တွန်းလှန်၏။ ဒေါသစိတ်ဖြစ်လျှင်လည်း ဒေါသ၏အလိုသို့မလိုက်။ ဒေါသ၏ ဆွဲဆောင်ချက်ကို တွန်းလှန်၏။ မောဟစိတ်ဖြစ်လျှင်လည်း မောဟ၏ အလိုသို့မလိုက်။ မောဟ၏ ဆွဲဆောင်ချက်ကို တွန်းလှန်၏။ ဤသို့ စိတ်၏အလိုမလိုက်ဘဲ စိတ်၏ဆွဲဆောင်ချက်ကို တွန်းလှန်ခြင်းသည်ပင်လျှင် သည်းခံခြင်းမည်၏။

ဓမ္မတာအားဖြင့် စိတ်ဟူသည် မကောင်းမှု၌ မွေ့လျော်တတ်၏။ မကောင်းမှု၏ ဆွဲဆောင်ရာနောက်သို့ လိုက်ပါတတ်၏။ သို့ဖြစ်လေရာ မကောင်းမှု၌ မွေ့လျော်တတ်သော စိတ်၏အလိုသို့လိုက်၍ ဆောင်ရွက်ခြင်းသည် လောကဓံတရားကို ပဋိစ္စသမုပ္ပါဒ် အနုလောမ နည်းအရ တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်၏။ ယင်းကို "မိစ္ဆာပဋိပဒါ" ဟူ၍ ဆိုရ၏။ စိတ်၏အလိုသို့မလိုက်ဘဲ ဆောင်ရွက်ခြင်းသည် လောကဓံတရားကို ပဋိစ္စသမုပ္ပါဒ် ပဋိလောမ နည်းအရ တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်၏။ ယင်းကို "သမ္မာပဋိပဒါ" ဟူ၍ဆိုရ၏။

### သူလိုငါလိုပုဂ္ဂိုလ်များနှင့် သည်းခံခြင်းတရား

စိတ်၏ အလိုသို့ မလိုက်ခြင်းကိုပင် သည်းခံခြင်း ဟူ၍ ဆိုရလေ၏။ သည်းခံခြင်းဟူသည် အရာကျယ်လှ၏။ သို့ရာတွင် မိမိအပေါ် သူတစ်ပါးက စော်ကားခြင်းကို တုံ့ပြန်မှု မပြုဘဲ နေခြင်းကိုသာလျှင် သည်းခံခြင်းဟူ၍ အများက နားလည်ကြ၏။ ထိုသည်းခံခြင်း မျိုးကိုသာလျှင် စာပေများ၌ သည်းခံခြင်းအဖြစ် ဖော်ပြကြ၏။ အမှန် အားဖြင့် ကာမဂုဏ်များ၏ ဆွဲဆောင်မှုများနှင့် ကိလေသာများ၏ ဆွဲဆောင်မှုများကို ပဋိလောမအားဖြင့် တုံ့ပြန်ခြင်းသည် သည်းခံခြင်းပင်ဖြစ်၏။ ထို့ကြောင့် "မြတ်နိုးခြင်း ခံရမှုကိုလည်း သည်းခံ၏။ မထိမဲ့မြင် ပြုခြင်းခံရမှုကိုလည်း သည်းခံ၏" ဟူ၍ မဟာဗုဒ္ဓဝင်၌ ဆိုခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သည်းခံခြင်းဟူသည် ဝေါဟာရအားဖြင့်သာရှိပြီး အနက်အားဖြင့် မရှိနိုင်သော သဘော ဟူ၍ အများကဆိုကြ၏။ ထိုအဆိုသည် သာမန်သူလိုငါလို ပုဂ္ဂိုလ်များအတွက် မှန်ပါ၏။

သို့ရာတွင် သူလိုငါလို မဟုတ်သူများအတွက်မူ သည်းခံခြင်းဟူသည် ဤလောက၌ တကယ်ပင်ကျင့်သုံး၍ ရကောင်းသော ကျင့်စဉ်တစ်ခုအဖြစ် လက်ခံရန်ဝန်လေးခြင်း မရှိကြောင်းကို တွေ့ရ၏။

ကမ္ဘာ့သမိုင်း၌ မေ့၍မရကောင်းသော ပုဂ္ဂိုလ်မြတ်များသည် သည်းခံခြင်းတရားကို လက်တွေ့ကျင့်သုံးသူများဖြစ်ကြ၏။ ဤအဆိုကို မည်သည့်ဘာသာဝင်ကမှ မငြင်းဆိုနိုင်။ အားလုံးက ဝန်ခံကြရ၏။ သို့ဖြစ်လေရာ "သည်းခံခြင်းကြောင့် မြင့်မြတ်သည်၊ မြင့်မြတ်ခြင်းကြောင့် သည်းခံသည်" ဟူ၍ သည်းခံခြင်းနှင့် မြင့်မြတ်ခြင်းကို အကျိုးအကြောင်း နိယာမအားဖြင့် စက်ဝန်းဖြစ်ရပ်ဟူ၍ ဆိုရ၏။

သို့ရာတွင် စက်ဝန်းဖြစ်ရပ်ကို ဒဿနစာပေများ၌ "အာနန္တဒေါသ" သင့်ရောက်သော အဆိုဟူ၍ သတ်မှတ်ကြ၏။ အာနန္တဒေါသ ဟူသည်မှာ အစရှာမရသော အပြစ်ဒေါသဟူ၍ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ လောက(ဝါ)သခ်ၤတ ဖြစ်စဉ်များသည် အကြောင်းအကျိုး နိယာမအရ အစရှာမရသော ဖြစ်စဉ်များသာဖြစ်ကြ၏။ အမှန်အားဖြင့် အစဟူသည် လက်တွေ့သဘောအရ မပြဋ္ဌာန်းလှ။ ဒဿန သဘောအရ ပြဋ္ဌာန်း၏။ လက်တွေ့သဘောအရ ဆိုလျှင် အဆုံးသာပြဋ္ဌာန်း၏။ လက်တွေ့တွင် ပစ္စုပ္ပန်တည့်တည့် ဖြစ်ဖို့သာ အရေးကြီး၏။ ပစ္စုပ္ပန်တည့်တည့်သဘောကို တွေးခေါ်မြော်မြင်ခြင်း တက္ကာဝစရ ဖြင့် မရကောင်း၊ ကိုယ်တိုင်ကျင့်စဉ် အတက္ကာဝစရဖြင့်သာ ရကောင်း၏။ တက္ကာဝစရကို ဒဿနသဘော ဟူ၍လည်း ဆိုကြ၏။ အမှန်အားဖြင့် သည်းခံခြင်း၏ တရားကိုယ်မှာ အဒေါသပြဋ္ဌာန်းသော နာမ်တရားဖြစ်လေရာ ယင်းကို မျက်နှာစာတစ်ဘက်မှ ကြည့်လျှင် "သည်းခံခြင်း"အဖြစ်မြင်ရပြီး အခြားတစ်ဘက်မှ ကြည့်လျှင် "မြင့်မြတ်ခြင်း" အဖြစ် မြင်ရ၏။ မျက်နှာစာသာခြားနား၏။ တရားကိုယ်မှာ မခြားနား။ ထို့ကြောင့် ယင်းကို အစရှာမရသော လောကဖြစ်စဉ်၊ (ဝါ)သခ်ၤတ ဖြစ်စဉ်ဟူ၍ ဆိုခြင်းဖြစ်၏။

သာမန်သူလို ငါလိုပုဂ္ဂိုလ်များထက် မြင့်မားလိုသူများသည် သည်းခံခြင်းခန္တီကို မလွဲမသွေ ကျင့်ကြံအားထုတ်ဖို့လို၏။ သည်းခံခြင်းခန္တီကို ကျင့်ကြံအားထုတ်ပါမှလည်း သာမန်သူလိုငါလို ပုဂ္ဂိုလ်များထက် မြင့်မားမည်ဖြစ်၏။ ကိုယ်ကျင့်တရားအရ သာမန် သူလိုငါလို ပုဂ္ဂိုလ်မျိုးဖြစ်ပါလျက် လက်တွေ့အရ မြင့်မြတ်သူများ၏ နေရာကို ရယူ ထားပါလျှင် ထိုသို့ယူထားခြင်းသည် အတွင်းသရုပ်နှင့် အပြင်သဏ္ဌာန်တို့၏ ဝိရောဓိ သဘောကို ဆောင်သည်မည်၏။ ဝိရောဓိသဘောကို ဆောင်ခြင်းသည် လူ့သိက္ခာ၏ အဆိုးရွားဆုံးသော ပြယုဂ်ဖြစ်လေသောကြောင့် လောကအတွက်လည်း အန္တရာယ်ပင် ဖြစ်၏။ မိမိအတွက်လည်း အန္တရာယ်ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လူ့ဘ၀ကိုရခိုက် လောကအတွက် လည်းကောင်း၊ မိမိအတွက် လည်းကောင်း၊ အန္တရာယ်မဖြစ်နိုင်စေရန် လူ့သိက္ခာ၏ ကောင်းသော ပြယုဂ်ဖြင့် သည်းခံခြင်း ခန္တီတရားကို တတ်နိုင်သမျှ ကျင့်သုံးအပ်၏။ သို့မှသာ အတွင်းသရုပ်နှင့် အပြင်သဏ္ဌာန်တို့၏ ဝိရောဓိသဘောကို မဆောင်ဘဲ တကယ်တမ်း မြင့်မြတ်သူများ အဖြစ်ဖြင့် လူဖြစ်ရကျိုးနပ်မည်ဖြစ်၏။ မိမိရသောအခွင့်အရေးကို မှန်ကန်စွာ အသုံးချရာလည်း ရောက်၏။

**ပုဏ္ဏောဝါဒသုတ္တန်**

စာပေအထောက်အထား အရဆိုလျှင် မဇ္ဈိမနိကာယ်၊ ပုဏ္ဏောဝါဒသုတ္တန်အရလည်း သည်းခံခြင်းသည် မိမိတို့၏ အမြင်အပေါ်၌ များစွာတည်ကြောင်းကို တွေ့ရှိရ၏။ အကယ်၍မိမိတို့သည် လောကအပေါ် ချစ်တတ်သောမျက်စိ၊ ကြင်နာ တတ်သော မျက်စိ၊ ကျေးဇူးတင်တတ်သော မျက်စိဖြင့်သာ ကြည့်မည်ဆိုပါလျှင် ချစ်စရာကောင်းသော လောက၊ ကြင်နာစရာ ကောင်းသော လောက၊ ကျေးဇူးတင်စရာ ကောင်းသော လောကအပေါ် သည်းခံနိုင်ဖွယ်များစွာရှိ၏။

ထို့ကြောင့် လောကအပေါ် တကယ်တမ်းချစ်စိတ်၊ ကြင်နာစိတ်၊ ကျေးဇူးတင်စိတ်ကို မွေးဖို့သာ လို၏။ ထိုစိတ်မျိုးကို မွေးနိုင်လျှင် သည်းခံခြင်းခန္တီကို သိပ်ပြီး ခဲခဲယဉ်းယဉ်း ကျင့်စရာမလို။ တပြည်းပြည်းချင်း ကျင့်၍ရနိုင်၏။ လက်တွေ့အားဖြင့် ကျင့်ကြံ အားထုတ်ခြင်းမရှိဘဲ စိတ်ကူးဖြင့် ကျင့်ရုံနှင့်တော့ သည်းခံခြင်းခန္တီသည် တကယ်တမ်း သည်းခံခြင်းခန္တီ ဖြစ်လာမည်မဟုတ်။ လက်တွေ့ကျင့်ခြင်းကိုပင် ပဋိပတ္တိ ဟူ၍လည်းကောင်း၊ စရဏ ဟူ၍လည်းကောင်း ဆိုရ၏။ စိတ်ကူးဖြင့် ကျင့်ခြင်းကို ပရိယတ္တိ ဟူ၍လည်းကောင်း၊ ဝိဇ္ဇာ ဟူ၍လည်းကောင်း ဆိုရ၏။

> အမှန်အားဖြင့် ပရိယတ္တိ မပါသော ပဋိပတ္တိသည် "မိစ္ဆာတပ" သဘောကိုဆောင်၍ ပဋိပတ္တိ မပါသော ပရိယတ္တိသည်လည်း "ဥပါဒါန်" သဘောကို ဆောင်တတ်ပါ၏။ ထိုသို့ ဆောင်လျှင် အစွန်းရောက် အန္တပဋိပဒါ ဖြစ်၍ နှစ်ပါးစုံအချိုးညီပါမှ မဇ္ဈိမပဋိပဒါ ဖြစ်မည်ဖြစ်၏။

သည်းခံခြင်းနှင့် ပတ်သက်၍ ရှင်ပုဏ္ဏ၏ အမြင်ကို မြတ်စွာဘုရားက ကိုယ်တော်တိုင် သာဓုခေါ်တော်မူ၏။ မြတ်စွာဘုရားနှင့် ရှင်ပုဏ္ဏတို့၏ အမေးအဖြေမှာ ဤသို့ဖြစ်၏—

| | | |
|---|---|---|
| မြတ်စွာဘုရား | – | ချစ်သားပုဏ္ဏ... သုနာပရန္တ ဇနပုဒ်သားတို့သည် ကြမ်းတမ်းကြကုန်၏။ ရန့်ရင်းကြကုန်၏။ အကယ်၍ သုနာပရန္တ ဇနပုဒ်သား တို့သည် သင့်ကို ဆဲရေးကြလျှင် သင်၏စိတ် မည်ကဲ့သို့ဖြစ်မည်နည်း။ |
| ရှင်ပုဏ္ဏ | – | မြတ်စွာဘုရား... သုနာပရန္တ ဇနပုဒ်သားတို့က တပည့်တော်ကို ဆဲရေးကြလျှင် "သုနာပရန္တ ဇနပုဒ်သား တို့သည် လူကောင်းများသာ ဖြစ်ကြသည်။ ငါ့ကို ဆဲရေးရုံမျှသာ ဆဲရေးကြသည်။ ထုခြင်း,ထောင်းခြင်းကိုမူ မပြုကြ" |

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ နှလုံးသွင်းလျက် အမျက်ဒေါသကို သိမ်းဆည်း သည်းခံပါမည်ဘုရား။

မြတ်စွာဘုရား - ချစ်သားပုဏ္ဏ... သုနာပရန္တ ဇနပုဒ်သားတို့သည် သင့်ကို ထုခြင်း, ထောင်းခြင်း ပြုကြလျှင် သင်၏စိတ် မည်သို့ ဖြစ်မည်နည်း။

ရှင်ပုဏ္ဏ - မြတ်စွာဘုရား ...သုနာပရန္တ ဇနပုဒ်သားတို့က တပည့်တော်ကို ထုခြင်းထောင်းခြင်း ပြုကြလျှင် "သုနာပရန္တ ဇနပုဒ်သားတို့သည် လူကောင်းများသာ ဖြစ်ကြသည်။ အထူးကောင်းသူများသာ ဖြစ်ကြသည်။ ငါ့ကို ထုခြင်း, ထောင်းခြင်းကိုသာ ပြုကြ၏။ ဓားဖြင့် ခုတ်သတ် ခြင်းကိုမူ မပြုရှာကြ"ဟူ၍ နှလုံးသွင်းပြီး အမျက်ဒေါသကို သိမ်းဆည်း သည်းခံပါမည်ဘုရား။

မြတ်စွာဘုရား - ချစ်သားပုဏ္ဏ...သုနာပရန္တ ဇနပုဒ်သားတို့သည် သင့်ကို ဓားဖြင့် ခုတ်သတ်ကြလျှင် သင်၏စိတ် မည်သို့ ဖြစ်မည်နည်း။

ရှင်ပုဏ္ဏ - မြတ်စွာဘုရား... သုနာပရန္တ ဇနပုဒ်သားတို့က တပည့်တော်ကို ဓားဖြင့် ခုတ်သတ်ကြပါလျှင် "သုနာပရန္တ ဇနပုဒ်သားတို့သည် လူကောင်းများသာ ဖြစ်ကြသည်။ အထူးကောင်းသူများသာ ဖြစ်ကြသည်။ အရှင်ဆန္နသည် မိမိကိုယ်ကို မိမိ ဘာသာ ဓားဖြင့်သတ်ရသည်။ ငါ့မှာ ရှင်ဆန္န-လို ကိုယ်တိုင် မသတ်ရ။ သူတို့က သတ်ပေးကြသည်" ဟူ၍ နှလုံးသွင်းကာ အမျက်ဒေါသကို သိမ်းဆည်း သည်းခံပါမည်ဘုရား။

မြတ်စွာဘုရား - သာဓု၊ ချစ်သားပုဏ္ဏ... သာဓု-သာဓု။

ရှင်ပုဏ္ဏသည် လောကကို ကျေးဇူးဆပ်ချင်သူ ဖြစ်၏။ လောကကို ကျေးဇူး ဆပ်ခြင်းသည် မိမိ၏အစီးအပွားကို ရအောင်ရှာသော နည်းများတွင် အကောင်းဆုံး စီးပွားရှာနည်းဖြစ်၏။ ဤသို့ ရှင်ပုဏ္ဏသည် သဘောပေါက်၏။

ထို့ကြောင့် ပတ်ဝန်းကျင်နှင့်ဆက်ဆံရာ၌ အခါခပ်သိမ်း သူ့ကျေးဇူးကို မြင်တတ်သော မျက်စိဖြင့်သာ ပတ်ဝန်းကျင်ကိုကြည့်ပြီး ဆက်ဆံခြင်းဖြစ်ကြောင်း တွေ့ရ၏။ အမှန်အားဖြင့်လည်း ကြည့်တတ်လျှင် ပတ်ဝန်းကျင်လောကသည် မိမိတို့၏ ကျေးဇူးရှင်များ ဖြစ်ကြောင်းကို တွေ့ရမည်ဖြစ်၏။ မြင်ရမည်ဖြစ်၏။ မည်သူသည် ပတ်ဝန်းကျင်လောက မရှိဘဲ အသက်ရှင်နေထိုင်နိုင်မည်နည်း။ ဤသည်မှာ မြတ်စွာဘုရား လက်ထက်တော်က မြတ်စွာဘုရား၏ တပည့်သားတစ်ဦးက သည်းခံခြင်းနှင့် ပတ်သက်၍ ရှုမြင်ပုံနှင့်ကျင့်သုံးပုံ အထောက်အထားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း အလောင်းတော်ဘဝက သည်းခံခြင်း ခန္တီပါရမီကို ဖြည့်ကျင့်မှုနှင့် စပ်လျဉ်း၍ ဖော်ပြသောဇာတ်ကောင်များအနက် စတုက္ကနိပါတ်၊ ခန္တီဝါဒီဇာတ်သည်လည်းကောင်း, တိံသနိပါတ်၊ မဟာကပိဇာတ်သည်လည်းကောင်း ထင်ရှား၏။

ထိုဇာတ်တော်နှစ်ဇာတ်တို့တွင် ခန္တီဝါဒီဇာတ်တော်၏ အကျဉ်းချုပ်မှာ ဤသို့ ဖြစ်၏။

**ခန္တီဝါဒီဇာတ်** ရှေးအခါက ဗာရာဏသီပြည်တွင် ကလာဗုမည်သော မင်းသည် မင်းပြု၏။ ဘုရားလောင်းသည် ဗြာဟ္မဏမျိုး၌ ဖြစ်၏။ ဘုရားလောင်း၏ အမည်မှာ "ကုဏ္ဍလ" ဖြစ်၏။ ကုဏ္ဍလ ၏ မိဘများသည် ကုဋေ ၈၀-ဆယ် ကြွယ်ဝ၏။ ကုဏ္ဍလ ပညာသင်ချိန်ရောက်သောအခါ မိဘများက ကုဏ္ဍလအား တက္ကသိုလ်ပြည်၊ ဒိသာပါမောက္ခဆရာကြီးထံသို့ စေလွှတ်၍ ပညာသင် စေ၏။

**ဒါန** ကုဏ္ဍလ သည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ၌ ယောကျ်ားတို့ တတ်အပ်သော အတတ်ပညာများကို အပြီးတိုင်သင်ယူ၏။ တက္ကသိုလ် ပညာရပ်များ ပြီးဆုံးသောအခါ ကုဏ္ဍလ သည် မိဘများထံသို့ ပြန်လာ၏။ ကုဏ္ဍလ သည် အိမ်ထောင်မပြုဘဲ မိဘများနှင့်အတူစီးပွားဥစ္စာရှာ၏။ မိဘနှစ်ပါး ကွယ်လွန်သောအခါ ကုဏ္ဍလ သည် ဤသို့ ဆင်ခြင်၏။ လူတို့သည် လောက၌ ချမ်းသာချင်ကြ၏။ ကျန်းမာချင်ကြ၏။ ပညာရှိချင်ကြ၏။ ချမ်းသာချင်၍ စီးပွားဥစ္စာကို မနားမနေ ရှာဖွေကြ၏။ ရှာဖွေသည့်အတိုင်း စီးပွားဥစ္စာများကို ရကြ၏။ ထိုအခါ သူတို့သည် မိမိတို့ ကိုယ်ကို ချမ်းသာသူများအဖြစ် သတ်မှတ်ကြ၏။ အမှန်အားဖြင့် သူတို့သည် သောက, ပရိဒေဝ များ၏ သားကောင်များသာဖြစ်ကြ၏။ ထို့ကြောင့် သူတို့သည်ချမ်းသာသူများ မဟုတ်ကြ။ ဆင်းရဲသူများသာ ဖြစ်ကြ၏။ သို့ဖြစ်လေရာ ချမ်းသာခြင်း၏ တကယ်တမ်း မှန်ကန် သောနည်းမှာ စီးပွားဥစ္စာကို ရှာခြင်းမျှသာမဟုတ်။ ရှာဖွေ၍ ရထားသော စီးပွားဥစ္စာများကို ပေးလှူမှု=ဒါနပြုခြင်း ဖြစ်၏။ ထို့ကြောင့် "တကယ်တမ်း ချမ်းသာ ချင်လျှင် ဒါနကိုပြုရမည်။" ဤသို့ ကုဏ္ဍလ လုလင်သည် ချမ်းသာနှင့်ပတ်သက်၍ သဘောပေါက်၏။

**သီလ** လောကတွင် လူတို့သည် ကျန်းမာချင်ကြသည့်အားလျော်စွာ မိမိတို့ကိုယ်ကို ကျန်းမာအောင် ဆေးဝါးမှီဝဲကြ၏။ ကျန်းမာရေးဆိုင်ရာ လေ့ကျင့်ခန်းများကို လုပ်ကြ၏။ သို့ရာတွင် သူတို့သည် ဆေးဝါးမှလည်း ရောဂါကိုရကြ၏။ လေ့ကျင့်ခန်း မှလည်း ရောဂါကိုရကြ၏။ ထို့ကြောင့် သူတို့သည် မကျန်းမာကြ။ အကယ်၍သာ ကျန်းမာချင်ရိုး မှန်ပါက ဆေးဝါးကိုမှီဝဲရုံ၊ လေ့ကျင့်ခန်းလုပ်ရုံမျှနှင့် မလုံလောက်။ သီလကိုစောင့်ထိန်းရဦးမည် ဖြစ်၏။ အမှန်အားဖြင့် သီလသည်သာလျှင် ကျန်းမာခြင်း၏

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းမှန်ကန်သော နည်းဖြစ်၏။ သို့ဖြစ်၍ "တကယ်တမ်းကျန်းမာချင်ပါလျှင် သီလကို စောင့်ထိန်းရမည်။" ဤသို့ ကုဏ္ဍာလ လုလင်သည် ကျန်းမာရေးနှင့် ပတ်သက်၍ နားလည်လာ၏။

ဘာဝနာ

လောက၌ လူတို့သည် ပညာရှိဖြစ်ချင်ကြသည့်အားလျော်စွာ အမျိုးမျိုးသော ပညာရပ်များကို ဆည်းပူးကြ၏။ လေ့လာကြ၏။ သို့ရာတွင် သူတို့ ဆည်းပူးလေ့လာ ထားသော ပညာရပ်များသည် သူတို့အတွက် အမှားအမှန် ဆုံးဖြတ်ရာ၌ တကယ်တမ်း အားကိုးရသည်မဟုတ်။ စမ်းတဝါးဝါးဖြင့် လုပ်ကြရခြင်းသာ ဖြစ်၏။ ရှေးပြော လုပ်ထုံးလုပ်နည်း ရှိမထားလျှင် ကြောင်းကျိုးဆင်ခြင်ကာ မှန်လိမ့်နိုးနိုး မျှော်ကိုးချက်ဖြင့်သာ လုပ်ကြခြင်းဖြစ်၏။ ထွက်ပေါ်လာမည့်အကျိုးကို တကယ်တမ်း မျက်စိဖြင့်မြင်ရသလို မိမိတို့၏ ပညာဖြင့်မြင်ပြီးမှ လုပ်ချင်ပါသည်ဆိုလျှင် ဘာဝနာကို ပွားများရမည် ဖြစ်၏။ ဘာဝနာသည်သာလျှင် တကယ်တမ်း မှန်ကန်သော ပညာကို ပေးစွမ်းနိုင်၏။ ထို့ကြောင့် တကယ်တမ်းပညာရှိဖြစ်ချင်လျှင် ပညာရပ်များကို လေ့လာဆည်းပူးရုံမျှနှင့် မလုံလောက်သေး။ ဘာဝနာကို ပွားများအားထုတ်ဖို့လည်း လိုသေး၏။ "ဘာဝနာသည်သာ စစ်မှန်သော ပညာကိုရရှိခြင်း၏ အကြောင်း ဖြစ်၏။" ဤသို့ ကုဏ္ဍာလ လုလင်သည် သိမြင်၏။

ထို့ကြောင့် ကုဏ္ဍာလ လုလင်သည် တကယ်တမ်း ချမ်းသာရန်၊ တကယ်တမ်း ကျန်းမာရန်၊ တကယ်တမ်း ပညာရှိရန် မိဘများက အမွေအနှစ်အဖြစ် ထားခဲ့သော ပစ္စည်းဥစ္စာ ကုဋေ ၈၀-ဆယ်ကို စွန့်လွှတ်လှူဒါန်းပြီး ရသေ့ပြုလေ၏။ ဟိမဝန္တာသို့ကပ်၍ တရားဘာဝနာ ပွားများအားထုတ်လေ၏။ ထိုအခါ ကုဏ္ဍာလ ရသေ့သည် ဒါနပြုခြင်းဖြင့် ချမ်းသာသူဖြစ်ခဲ့ပြီ။ သီလကို စောင့်ထိန်းသဖြင့် ကျန်းမာသူဖြစ်ခဲ့ပြီ၊ ဘာဝနာကို ပွားများသဖြင့် ပညာရှိသူလည်း ဖြစ်ခဲ့ပြီ။

ကုဏ္ဍာလ ရသေ့သည် ချဉ်ဆားမှီဝဲအံ့သောငှာ ဟိမဝန္တာမှ ကြွလာပြီး ဗာရာဏသီပြည် ကာလာဗုမင်း၏ ဥယျာဉ်၌ သီတင်းသုံးနေထိုင်၏။ ကလာဗုမင်း၏ စစ်သူကြီးက ကိုးကွယ်၏။ တစ်ခုသောနေ့တွင် ကလာဗုမင်းသည် ဥယျာဉ်သို့ထွက်၏။ ကချေသည် များလည်း ပါ၏။ ဥယျာဉ်၌ မင်းသည် သောက်စားမူးယစ်၏။ ကချေသည်များကလည်း သီဆိုကြ၏။ ကခုန်ကြ၏။ မင်းအားအတတ်နိုင်ဆုံး ဖျော်ဖြေကြ၏။ မင်းသည် ကချေသည်မတစ်ယောက်၏ ရင်ခွင်၌ အိပ်ပျော်သွားသောအခါ အခြားသော ကချေသည် များသည် မင်း၏အပါးမှခွာ၍ ဥယျာဉ်ကို လှည့်လည်ကြည့်ရှုရင်း အင်ကြင်းပင်အောက်၌ သီတင်းသုံးလျက်ရှိသော ကုဏ္ဍာလ ရသေ့ကို တွေ့မြင်သွားကြ၏။ ကချေသည်များသည် ကုဏ္ဍာလ ရသေ့ထံသွားရောက်ဖူးမြော်ကြ၏။ တရားဒေသနာကို နာယူကြ၏။ ထို့ကြောင့် ကလာဗုမင်းထံ၌ ကချေသည် တစ်ယောက်တည်းသာကျန်ခဲ့၏။

ကလာဗုမင်းနိုးလာသောအခါ အကျိုးအကြောင်းကိုသိလျှင် များစွာ အမျက်ထွက်၏။ ကချေသည်များက ဝိုင်ဝိုင်းလည်ရအောင် ရသေ့က ငါ့ထက်ဘာများပိုစွမ်း

www.burmeseclassic.com

www.burmeseclassic.com



ပါလေသနည်း။ ဤသို့ မနာလိုဝန်တိုစိတ်ဖြင့်တွေးပြီး မင်းသည်သန်လျက်ကိုကိုင်လျက် ရသေ့ထံသို့ လျင်မြန်စွာသွား၏။ ထို့နောက် မင်းကရသေ့အား "မည်သည့်ဝါဒရှိပါသနည်း" ဟု မေးမြန်းရာ ရှင်ရသေ့က "သည်းခံခြင်း=ခန္တီဝါဒ" ရှိကြောင်း ပြန်ကြား၏။ ထိုအခါ ကလာဗုမင်းက "ရှင်ရသေ့သည် တကယ်ပင် သည်းခံနိုင်သူဖြစ်သည်-မဖြစ်သည်ကို သိရအံ့" ဟုဆိုပြီး လူသတ်သမားကိုခေါ်ယူကာ ဘုရားလောင်းရှင်ရသေ့အား ဆူးကြိမ်လုံးဖြင့် ရိုက်စေ၏။ စိတ်မဆိုးကြောင်း တွေ့ရလျှင် ရှင်ရသေ့၏ ခြေ, လက်, နား, နှာခေါင်း တို့ကို ဖြတ်စေပြန်၏။ သည်းခံကြောင်း တွေ့ရပြန်လျှင် ကလာဗုမင်းသည် လက်လျှော့ပြီး ရှင်ရသေ့၏ရင်ကို ခြေဖြင့်ကန်၍ ထွက်ခွာသွားလေ၏။

မင်းထွက်ခွာသွားလျှင် စစ်သူကြီးသည် ဘုရားလောင်း ရသေ့ထံ လာရောက်ပြုစုပြီးလျှင် ရှင်ရသေ့အား "အကယ်၍ စိတ်ဆိုးပါလျှင် တိုင်းသူပြည်သားများအပေါ် စိတ်မဆိုးဘဲ မင်းအပေါ်၌သာ စိတ်ဆိုးရန်" လျှောက်ထား၏။ ရှင်ရသေ့ကလည်း "မိမိသည် မည်သူ့ကိုမျှ စိတ်မဆိုးကြောင်း၊ မင်းကြီးကိုလည်း စိတ်မဆိုးပါကြောင်း" ဖြင့်ပြန်ပြော၏။ ထို့အပြင် "မင်းကြီးအသက်ရှည်ပါစေ" ဟူ၍ပင် မင်းကြီးအပေါ် မေတ္တာပို့ရင်း ရှင်ရသေ့သည် ကွယ်လွန်သွား၏။

ကလာဗုမင်းကြီးသည် ဥယျာဉ်မှ ထွက်လျှင်ပင် မြေမျိုခံရပြီး အဝီစိငရဲသို့ ကျလေ၏။ ဗာရာဏသီ ပြည်သူပြည်သားများသည် ဘုရားလောင်းရှင်ရသေ့၏ ဥတ္တမရုပ်ကြွင်းကို ပန်းနံ့သာတို့ဖြင့် ပူဇော်၍ မီးသဂြိုဟ်ကြ၏။

ဘုရားလောင်း ရှင်ရသေ့သည် ပါရမီ ဆယ်ပါးတွင် "သည်းခံခြင်း=ခန္တီ"ကို အလေးအနက်ပြု၍ ကျင့်သောကြောင့် "ခန္တီဝါဒီ" ဟူ၍ အမည်တွင်၏။ ရှင်ရသေ့သည် ဆူးကြိမ်ဖြင့်ရိုက်သော်လည်း စိတ်မဆိုး၊ သည်းခံ၏။ လက်များ,ခြေများ,နှာသီးများနှင့် နားရွက်များကို ဖြတ်သော်လည်း စိတ်မဆိုး၊ သည်းခံ၏။ ရှင်ရသေ့၏ စိတ်စွမ်းရည်သည် ထက်၏။ ထိုကဲ့သို့ထက်အောင် ဘာဝနာဖြင့်ထုံထား၏။ ဘာဝနာဖြင့် ထုံရာတွင် သိစရာအာရုံနှင့် သိစိတ်တို့ နှစ်ခုမပြား တစ်သားတည်းဖြစ်သွားသော စိတ်အခြေအနေမျိုးသည် ရှိ၏။ ထိုအခြေအနေမျိုးကို "နိရုဒ္ဓါဝဋ္ဌာ" ဟူ၍ ခေါ်၏။

> ထိုအခြေအနေမျိုးသို့ရောက်အောင် စိတ်ကိုဘာဝနာဖြင့် ထုံထားပါလျှင် စိတ်သည်ဘာဝနာအာရုံမှတစ်ပါး အခြားမည်သည့်အာရုံကိုမျှမသိ။ မီးဖြင့်ရှို့လျှင်လည်း ရှို့မှန်မသိ။ ဓားဖြင့်ခုတ်လျှင်လည်း ခုတ်မှန်းမသိ။ ဤဘာဝနာအဆင့်ကို ရှင်ရသေ့သည် ရထား၏။ ထို့ကြောင့်လည်း သည်းခံနိုင်ခြင်းဖြစ်၏။

သည်းခံနိုင်သောကြောင့်လည်း တန်ခိုးကြီးခြင်းဖြစ်၏။ တန်ခိုးကြီးသောကြောင့်လည်း ကလာဗုမင်းသည် မြေမျိုခံရပြီး အဝီစိသို့ ကျရောက်သွားရခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**ရှင်ရသေ့၏တန်ခိုး**

ရှင်ရသေ့၏ တန်ခိုးကား သီလတန်ခိုး၊ သမာဓိတန်ခိုး၊ ပညာတန်ခိုး ပင်ဖြစ်၏။ အခြားသောတန်ခိုးများမဟုတ်ကြ။ ခန္တီဝါဒီ အမည်အရ သည်းခံသည်ဆိုရာ၌ မိမိ၏ သန္တာန်တွင် သည်းခံနိုင်သောစိတ်အင်အား ရှိဖို့လို၏။ စိတ်အင်အားမရှိဘဲ သည်းခံ၍မရ။ ထို့ကြောင့် ခန္တီဝါဒီ ရှင်ရသေ့သည် သီလ, သမာဓိ, ပညာဖြင့် စိတ်အင်အားကို မွေးမြူထားခြင်းဖြစ်၏။ စိတ်အင်အားကို မွေးမြူရာတွင် သံသရာသဘောအရ တစ်ဘဝတည်းဖြင့် လုံလောက်သည်မဟုတ်။ ဘဝပေါင်းများစွာ မွေးမြူမှုဖြစ်၏။

ထို့ကြောင့် ခန္တီဝါဒီ ရှင်ရသေ့သည် သုမေဓာရသေ့ဘဝမှစ၍ ဘဝပေါင်းလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် စိတ်အင်အားကို မွေးမြူခြင်းဖြစ်ပါ၏။ ထိုသို့မွေးမြူခဲ့သောကြောင့်လည်း ခန္တီဝါဒီ ရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ သုံးလောကထွတ်ထား သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူခြင်းဖြစ်၏။

အကျိုးတရားအနေဖြင့်ဆိုရလျှင် ခန္တီဝါဒီ ရှင်ရသေ့အတွက် ဘုရားဖြစ်ရခြင်း အကျိုးထက် ပိုမိုကြီးမားသော သို့မဟုတ် ဘုရားဖြစ်ခြင်းနှင့်ညီမျှသော အကျိုးတရားဟူသည် ဤလောက၌ မရှိကောင်း။

ထို့ကြောင့် သေခြင်းစုတိ၏ ဟိုမှာဘက် ဘဝများစွာကို မြင်အောင်ကြည့်ပြီး မိမိတို့၏သန္တာန်၌ စိတ်အင်အားများကို ပွားများသည်ထက် ပွားများအောင် အားထုတ်အပ်ပါ၏။ စိတ်အင်အားပွားများအောင် အားထုတ်ခြင်း ဟူသည်မှာလည်း လောကကို မိမိအတွက်အသုံးမချဘဲ မိမိကို လောကအတွက်အသုံးချခြင်းပင် ဖြစ်ပါ၏။

ဤသို့အသုံးချခြင်းသည် အသွင်အားဖြင့် နာကျည်းဖွယ်ဖြစ်သော်လည်း အနှစ်သာရအားဖြင့် အားလုံးတို့၏ မြတ်နိုးဖွယ် ဖြစ်ပါ၏။ ဤသဘောကို ဤဇာတ်၌ တွေ့ရ၏။

**မဟာကပိဇာတ်**

မဟာကပိ ဇာတ်၏ အကျဉ်းချုပ်မှာ ဤသို့ဖြစ်၏။ ရှေးအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလျက်နေ၏။ လယ်သမားပုဏ္ဏား တစ်ယောက်သည် ဟိမဝန္တာတောင်ခြေ၌ လယ်ထွန်၏။ လယ်ထွန်ပြီးသောအခါ နွားတို့ကို ထွန်မှဖြုတ်၍ လွှတ်လိုက်၏။ လယ်သမားကမူ ပေါက်တူးဖြင့် လုပ်ငန်းကို လုပ်လျက်ရှိ၏။ လယ်သမား ပေါက်တူးပေါက်နေစဉ် နွားတို့သည် ဟိမဝန္တာသို့ ဝင်ကြ၏။ လယ်သမားသည်လည်း ပေါက်တူးကိုပေါက်ရင်း နွားတို့ကို သတိမရဘဲရှိ၏။ နွားတို့ကို သတိရ၍ ကြည့်လိုက်သောအခါ နွားတို့ကို မတွေ့တော့။ ထို့ကြောင့် လယ်သမားသည် ဟိမဝန္တာသို့ဝင်၍ နွားများကိုရှာ၏။

လယ်သမားသည် နွားများကိုရှာရင်း ဟိမဝန္တာ၌ မျက်စိလည်လေ၏။ ခုနစ်ရက်တိုင်တိုင်ဖြစ်၏။ အစာလည်းမစားရ၊ ရေလည်းငတ်၏။ ဤသို့ဖြင့် ပင်ပန်းလှ၏။ ခုနစ်ရက်မြောက်နေ့တွင် တည်ပင်တစ်ပင်ကို တွေ့၏။ ကြွေကျ နေသောတည်သီးများကို စား၏။ ကြွေကျနေသော တည်သီးများ ကုန်သောအခါ သူသည် တည်ပင်ပေါ်သို့တက်၍ တည်သီးများကို စား၏။ ထိုအခါ တည်ပင်ကိုင်းကျိုး၍ အကိုင်းနှင့်တကွ လယ်သမားသည်

www.burmeseclassic.com

www.burmeseclassic.com



ချောက်ကြားသို့ ကျသွား၏။ ထိုချောက်၌ ဆယ်ရက်တိုင်တိုင် နေရ၏။ အစာလည်းမစားရ၊ ရေလည်းမသောက်ရ။

ဘုရားလောင်းမျောက်မင်းသည် ထိုချောက်သို့ရောက်လာပြီး ဒုက္ခရောက်နေသော လယ်သမားပုဏ္ဏားကို တွေ့၏။ မျောက်မင်းသည် ချောက်တွင်းသို့ဆင်းပြီး လယ်သမား ပုဏ္ဏားကို ချောက်ထဲမှ ကျောပိုး၍ကယ်တင်လေ၏။ အပေါ်သို့ ရောက်သောအခါ မျောက်မင်းသည် ပင်ပန်းလွန်းသဖြင့် လယ်သမားကိုအစောင့်ထားပြီး လယ်သမား၏ ပေါင်ပေါ်၌ ခဏအိပ်လေ၏။ မျောက်ကလည်းပင်ပန်း၊ လယ်သမားကလည်း ထမင်းဆာ။

လယ်သမားသည် ထမင်းဆာလွန်းသဖြင့် အကြံဆိုးကိုကြံမိ၏။ အိပ်နေသော ကျေးဇူးရှင်မျောက်ကို သတ်စားရန်နှင့် ရိက္ခာအဖြစ်ဆောင်ယူသွားရန် ဖြစ်၏။ ထိုအကြံ အတိုင်းပင် လယ်သမားသည်မျောက်ကို ကျောက်ခဲဖြင့် ထုသတ်လေ၏။ သို့ရာတွင် အားပြတ်နေသောလယ်သမား၏ ထုနှက်ချက်သည် မျောက်သေလောက်အောင် မပြင်းထန် သဖြင့် မျောက်သည်မသေဘဲ ရှိ၏။ ထိုအခါ မျောက်သည်အလန့်တကြား သစ်ပင်ပေါ်သို့ ခုန်တက်ပြီး မျက်ရည်များဖြင့် လယ်သမားကိုကြည့်ကာ မိမိ၏ဦးခေါင်းမှ ကျသော သွေးစက်များကို ခြေရာခံပြီးလိုက်ရန် ပြော၏။

ဤနည်းအားဖြင့် မျောက်သည် သစ်ကိုင်းတစ်ခုမှ သစ်ကိုင်းတစ်ခုသို့ ခုန်၍ခုန်၍ အပေါ်မှသွား၏။ ဦးခေါင်းမှကျသော သွေးစက်များအတိုင်း လယ်သမားက မြေပြင်မှ လိုက်၏။ လူတို့သွားရာလမ်းသို့ ရောက်သောအခါ မျောက်မင်းသည် လယ်သမားအား ဤခရီးအတိုင်း ဆက်၍သွားရန် ပြောပြီး ဟိမဝန္တာသို့ပြန်လေ၏။

လယ်သမားသည် လမ်းခရီး၌ ရေအိုင်တစ်အိုင်ကိုတွေ့၍ ရေသောက်ရန် ရေအိုင်သို့ ဆင်းသောအခါ ရေပေါက်များထိရာ နေရာတိုင်းသည် အနာဖြစ်၏။ ထိုအနာကား ရိုးရိုးအနာမဟုတ်။ ပြင်းထန်သောနူနာဖြစ်၏။ ထိုနူနာကို ခုနစ်ရက်တိုင်တိုင် ခံစားရ၏။ ဒေသတစ်ခုမှ ဒေသတစ်ခုသို့ လှည့်လည်သွားလာရင်း ဗာရာဏသီပြည် မိဂါဇိန်ဥယျာဉ်သို့ ရောက်သောအခါ မြေမျို၍ အဝီစိငရဲ၌ကျခံရ၏။

ဤဇာတ်တော်၌ ဘုရားအလောင်းသည် မျောက်ဖြစ်၏။ ခန္တီဝါဒီ ဇာတ်၌ ဘုရားလောင်းသည် ပုဏ္ဏားလုလင် ဖြစ်၏။ မျောက်၏ ပဋိသန္ဓေသည် အကုသိုလ်၏ အကျိုးဝိပါက်ဖြစ်၍ ပုဏ္ဏား၏ ပဋိသန္ဓေသည် ကုသိုလ်၏အကျိုးဝိပါက် ဖြစ်၏။ ထို့ကြောင့်မဟာကပိဇာတ်တော်အရ ဘုရားအလောင်းတော်သည်ပင် ရှေးဘဝ၌ မကောင်းမှု ဒုစရိုက်ကို ကျူးလွန်ခြင်းကြောင့် တိရစ္ဆာန် မျောက်ဘဝ၌ ဖြစ်ရ၏။

သို့ရာတွင် သူ၏သန္တာန်၌ မေတ္တာစိတ်သည် အပြည့်ရှိ၏။ သူ၏ မေတ္တာစိတ်သည် သည်းခံခြင်း=ခန္တီသဘောကို ဆောင်၏။ ထို့ကြောင့် မျောက်မင်းသည် ပုဏ္ဏားအပေါ် သည်းခံနိုင်ခြင်းဖြစ်၏။ ရှေးရှေးဘဝက အကုသိုလ်ဒုစရိုက်ကို ကျူးလွန်ခြင်းများလည်း သူ၏အကျိုးစီးပွားအတွက် ကျူးလွန်ခြင်းမဟုတ်၊ လောက၏အကျိုးစီးပွားအတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်ခြင်းဖြစ်၏။ သို့ဖြစ်၍သာ သူသည် အကုသိုလ်ကံကြောင့် မှောက်ဖြစ်ပါလျက် ပါရမီ ကုသိုလ်ကံကြောင့် လူထက်မြင့်သော စိတ်နေစိတ်ထားကို ခံယူထားနိုင်ခြင်း ဖြစ်၏။

အမှန်အားဖြင့် ပါရမီဟူသည် အနစ်နာခံခြင်းအပေါ်၌ တည်ဆောက်မှ ဖြစ်၏။ ထို့ကြောင့် မည်မျှကြီးမားသော ကောင်းမှုများကိုလုပ်လုပ် အနစ်နာခံခြင်းသဘောမပါလျှင် ယင်းလုပ်ငန်းသည် ပါရမီအဖြစ်သို့မရောက်။ သာမန်ကုသိုလ်အဖြစ်သာ ရပ်တည်၏။ အနစ်နာခံခြင်းဟူသည်မှာ အများအတွက် မိမိ၏ကိုယ်ကျိုးကို စွန့်ခြင်းဖြစ်၏။ မိမိ၏ ဘဝကိုစတေးခြင်းဖြစ်၏။

အနစ်နာခံခြင်းသည် ကြီးမားသော အာနုဘော်ရှိ၏။ ထိုအာနုဘော်ကြောင့် ပါရမီဟူသည် မိမိအတွက်နစ်နာသဖြင့် အသွင်အားဖြင့် မနှစ်မြို့ဖွယ်ဖြစ်သော်လည်း လောကအတွက် အနှစ်သာရအားဖြင့် "စံ" အဖြစ် မြတ်နိုးဖွယ်ဖြစ်၏။

ကမ္မနိယာမ–အရ အကုသိုလ်လုပ်လျှင် မကောင်းကျိုးကိုရ၏။ ကုသိုလ်လုပ်လျှင် ကောင်းကျိုးကို ရ၏။ ဘုရားလောင်း မှောက်ဖြစ်ရခြင်းသည် အကုသိုလ်ကြောင့် ဖြစ်၏။ ခန္တီပါရမီကို ကျင့်နိုင်ခြင်းသည် ကုသိုလ်ကြောင့် ဖြစ်၏။ စိတ်တို့သည် လျင်မြန်ကုန်၏။ ခဏအတွင်း၌ပင် ကုဋေတစ်သိန်းခန့် ဖြစ်ပျက်နိုင်၏။ သို့ဖြစ်လေရာ အကုသိုလ် လုပ်ငန်း၌လည်း ကုသိုလ်သဘောသည် ပါနိုင်၏။ ကုသိုလ်လုပ်ငန်း၌လည်း အကုသိုလ် သဘောသည် ပါနိုင်၏။ ထိုသို့ပါရာတွင် အကုသိုလ်က မကောင်းကျိုးကို ပေး၏။ ကုသိုလ်က ကောင်းကျိုးကိုပေး၏။ သူ့ကံနှင့်သူ့အကျိုး သတ်သတ်စီဖြစ်၏။

ဤလောက၌ အများအတွက် မိမိဘဝကို စတေးကြသော ပုဂ္ဂိုလ်များရှိကြပါ၏။ အသက်ကိုအသေခံ၍ပင် အနစ်နာခံသူများ ရှိကြပါ၏။ သို့ရာတွင် ဘဝကိုစတေးတိုင်း ပါရမီမြောက်သည်မဟုတ်။ အသက်ကိုအသေခံတိုင်း ပါရမီမြောက်သည်မဟုတ်။ ဒေါသအာဃာတဖြင့် စတေးသည်လည်းရှိ၏။ မာန်မာနဖြင့် စတေးသည်လည်းရှိ၏။ ထိုကဲ့သို့သော စတေးခြင်းကား ပါရမီမြောက်သော စတေးခြင်းမဟုတ်။ အများအတွက် စတေးခြင်းသည် အသွင်အားဖြင့် မြတ်နိုးဖွယ်ချည်း ဖြစ်သည်မှန်၏။ အနှစ်သာရအားဖြင့်မူ မြတ်နိုးဖွယ်ဖြစ်ချင်မှ ဖြစ်၏။

> ဒေါသအာဃာတဖြင့် စတေးလျှင်ဖြစ်စေ၊ မာန်မာနဖြင့် စတေးလျှင် ဖြစ်စေ၊ သူရဲကောင်းဖြစ်လို၍ စတေးလျှင်ဖြစ်စေ၊ ထိုသို့စတေးခြင်းသည် အတ္တအပေါ် အခြေခံ၍ စတေးခြင်းသာဖြစ်၏။ အတ္တအပေါ်အခြေခံ၍ စတေးခြင်းသည် အနှစ်သာရအားဖြင့် အကုသိုလ်ချည်းဖြစ်သဖြင့် မြတ်နိုးဖွယ်မဖြစ်။ အနှစ်သာရအားဖြင့်ပါ မြတ်နိုးဖွယ်ဖြစ်သော စတေးခြင်း ဟူသည်မှာ လောကကို စောင့်ရှောက်ရန်အတွက်၊ ဓမ္မကို စောင့်ရှောက်ရန် အတွက် အတ္တအပေါ်အခြေမခံဘဲ အဒေါသ–ခေါ် မေတ္တာစိတ် သက်သက် ဖြင့်သာ စတေးခြင်းဖြစ်၏။ ထိုသို့စတေးနိုင် ပါမှလည်း ပါရမီသဘောသို့ သက်ဝင်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်စိတ်သည်လည်း ဘဝကိုစတေးနိုင်စေပါ၏။ ကမ္ဘာသမိုင်း၌ ဟစ်တလာ၏ မျိုးချစ်စိတ်သည် အံ့မွယ်ရှိပါ၏။ သို့ရာတွင် သူ၏မျိုးချစ်စိတ်ကား အတ္တအပေါ် တည်ဆောက်ထားသော မျိုးချစ်စိတ်ဖြစ်၏။ ထို့ကြောင့် သူ၏မျိုးချစ်စိတ်သည် ကမ္ဘာ၏ မြတ်နိုးမှုကို မခံယူရခြင်း ဖြစ်၏။ အမှန်အားဖြင့် အတ္တအပေါ်၌ တည်ဆောက်ထားသော မျိုးချစ်စိတ်သည် စွန့်စားမှုကို ဖြစ်စေနိုင်၏။ ဘဝကိုစတေးနိုင်စေ၏။

သို့ရာတွင် ထိုစွန့်စားမှုမျိုး၊ ထိုစတေးမှုမျိုးသည် ပါရမီမြောက်သော စွန့်စားမှုမျိုးလည်းမဟုတ်။ ပါရမီမြောက်သော စတေးမှုမျိုးလည်းမဟုတ်။ ပါရမီမြောက်သော စွန့်စားမှုမျိုး၊ ပါရမီမြောက်သော စတေးမှုမျိုး ဟူသည် အတ္တအပေါ်၌ အခြေမတည်ဘဲ အဒေါသအပေါ်၌ အခြေတည်သော စွန့်စားမှုမျိုး၊ အဒေါသအပေါ်၌ အခြေတည်သော စတေးမှုမျိုးသာဖြစ်၏။ ထိုကဲ့သို့သော စွန့်စားမှုမျိုး၊ ထိုကဲ့သို့သော စတေးမှုမျိုးသာ ဖြစ်ရိုးမှန်လျှင် ထိုစွန့်စားမှုမျိုး၊ ထိုစတေးမှုမျိုးသည် ကျောက်သားထက်ပင် မာကျောသော နှလုံးသားပိုင်ရှင် ရန်သူကိုပင် မျက်ရည်ဝဲစေနိုင်၏။

ဤသဘောကို ဒေဝဒတ်၏ ဘဝနိဂုံး၌ တွေ့ရ၏။ ဒေဝဒတ်သည် နောက်ဆုံး၌ မြတ်စွာဘုရား၏ မေတ္တာကို နားလည်ပြီး သနားဖွယ် မျက်ရည်ဝဲခဲ့ရရှာ၏။ ဤသည်မှာ ပါရမီ၏ အောင်ပွဲဖြစ်၏။ ပါရမီ၏ အာနုဘော်ဖြစ်၏။ မဟာကပိဇာတ်၌လည်း မျောက်မင်း၏ မေတ္တာကို နားလည်သွားသောအခါ မျက်ရည်ဝဲရပြန်၏။ အမှန်အားဖြင့် စစ်မှန်သောမေတ္တာ၏ အာနုဘော်ကို မည်သူပဲဖြစ်ဖြစ် မည်သို့လျှင် အန်တုနိုင်ပါမည်နည်း။ မေတ္တာ၏ အာနုဘော်သည် ထိုမျှလောက်ကြီးမားပါ၏။

ခန္တီဝါဒီဇာတ်၌ ရှင်ရသေ့၏ သည်းခံနိုင်မှုသည် မူလပင်ကိုစိတ်ကို အားဖြည့်သော ဘာဝနာ၏ စွမ်းအားကြောင့် မတုန်မလှုပ်သည်းခံနိုင်ခြင်းဖြစ်၏။

မဟာကပိဇာတ်၌ မျောက်မင်း၏ သည်းခံနိုင်မှုကား ဘာဝနာကြောင့် သည်းခံနိုင်မှု မဟုတ်၊ မူလပင်ကိုစိတ်ဖြင့် သည်းခံနိုင်မှုသာ ဖြစ်၏။

ထို့ကြောင့် မျောက်မင်းသည် တုန်လှုပ်၏။ တုန်လှုပ်သော်လည်း အားတင်း၍ သည်းခံ၏။ မျောက်မင်းသည် သစ်ပင်ပေါ်ကနေ၍ ပုဏ္ဏားကို ကြည့်ရင်း မျက်ရည်တွေကျရှာ၏။ အဘယ်မျှ ကျေကွဲနေသည်ကို မှန်းဆနိုင်၏။ ဒေါသနှင့် အဒေါသတို့၏ သူကနိုင်လိုက် ကိုယ်က နိုင်လိုက်ဖြင့် အချင်းချင်း အားပြိုင်မှုများကို သိနိုင်၏။ နောက်ဆုံး၌ အဒေါသက ဒေါသအပေါ် အနိုင်ယူလိုက်၏။

ဤသို့ အဒေါသက ဒေါသအပေါ် အနိုင်ယူနိုင်ခြင်းကိုပင် ခန္တီပါရမီ ဟူ၍ဆိုရ၏။ ဤလောက၌ ခန္တီပါရမီသည် ကျင့်ရန်ခက်ပါ၏။ ခက်သော်လည်း မဟာကပိဇာတ်အရ ကျင့်နိုင်လျှင် ရနိုင်ကြောင်း တွေ့ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ခန္တီဝါဒီဇာတ်၌ ခန္တီဝါဒီရှင်ရသေ့၏ ခန္တီပါရမီကို ပဓာနထား၍ ဆိုခြင်းဖြစ်သော်လည်း ခန္တီပါရမီ၌ အခြားပါရမီများလည်း ပါဝင်သည် ဖြစ်၏။ ထို့ကြောင့် ဤဇာတ်၌ ပါရမီဆယ်ပါးလုံးကို ရအပ်၏။ ပါရမီဆယ်ပါးတွင် အသက်ကိုစွန့်ခြင်းသည် “ဒါနပါရမီ” ဖြစ်၏။ ကလာဗုမင်းအပေါ် ကြမ်းတမ်းရိုင်းပြစွာ မပြောမဆိုခြင်းသည် “သီလပါရမီ” ဖြစ်၏။ သည်းခံခြင်း၌သာ စိတ်ဝင်စားပြီး အခြားသော အကျိုးတရားများ၌ စိတ်မဝင်စားခြင်းသည် “နေက္ခမ္မပါရမီ” ဖြစ်၏။

ဒေါသဖြစ်ခြင်းသည် အကုသိုလ်ဖြစ်၍ ဒေါသမဖြစ်ခြင်းသည် ကုသိုလ်ဖြစ်သည် ဟူ၍ အမှန်အတိုင်းသိခြင်းသည်လည်းကောင်း၊ ထိုသို့သိသည့်အားလျော်စွာ ဓားဖြင့်ခုတ်ခြင်းကို ခံနိုင်အောင် ဆိုင်ရာဘာဝနာကို ပွားများခြင်းသည်လည်းကောင်း “ပညာပါရမီ” ဖြစ်၏။

ကြိုးစားပမ်းစား ဓားချက်များကို ခံနိုင်အောင် ခံယူခြင်းသည် “ဝီရိယပါရမီ” ဖြစ်၏။

အပြောနှင့်အလုပ် ရှေ့နောက်ညီခြင်းသည် “သစ္စာပါရမီ” ဖြစ်၏။

သည်းခံမည်ဟူ၍ ဆုံးဖြတ်ထားသည့်အတိုင်း မိမိ၏ဆုံးဖြတ်ချက် မပျက်ပြားရအောင် ကျင့်ခြင်းသည် “အဓိဋ္ဌာန်ပါရမီ” ဖြစ်၏။

ကလာဗုမင်းအပေါ် တစ်စုံတစ်ရာအမျက်မထွက်ဘဲ မေတ္တာထားနိုင်ခြင်းသည် “မေတ္တာပါရမီ” ဖြစ်၏။ ခံရလေခြင်းဟူ၍ မိမိကို အာရုံပြုသောအားဖြင့် လည်းကောင်း၊ လုပ်ရက်လေခြင်းဟူ၍ ကလာဗုမင်းကို အာရုံပြုသောအားဖြင့်လည်းကောင်း စိတ်ထားယိမ်းယိုင်, တုန်လှုပ်မှု မရှိခြင်းသည် “ဥပေက္ခာပါရမီ” ဖြစ်၏။

ဤသို့လျှင် ခန္တီပါရမီ၌ အခြားသော ပါရမီကိုးပါးတို့သည်လည်း ထိုက်သင့်သလို ပါဝင်သည်သာဖြစ်ပါ၏။

မဟာကပိဇာတ်၌လည်း ဤအတိုင်းပင်ဖြစ်ပါ၏။ ခန္တီပါရမီသည် ပဓာနအားဖြင့်ဖြစ်၏။ အခြားသော ပါရမီများသည် အပဓာနအားဖြင့် ဖြစ်ကြ၏။

ပုဏ္ဏားကိုကယ်တင်ရန် မိမိအသက်ကို မငဲ့ကွက်ဘဲချောက်ထဲသို့ဆင်းခြင်းသည် “ဒါနပါရမီ” ဖြစ်၏။

ပုဏ္ဏားက မိမိအား ကြီးစွာသော ကျောက်တုံးဖြင့်ထုသော်လည်း လက်တုန့်မပြန်ခြင်းသည်လည်းကောင်း၊ သေပေစေတော့ဟူ၍ စိတ်ဆိုးပြီး စွန့်ပစ်မသွားခြင်းသည်လည်းကောင်း “သီလပါရမီ” ဖြစ်၏။

ပုဏ္ဏားကို ကယ်တင်ခြင်း၌ တစ်စုံတစ်ရာသောအကျိုးကို မျှော်ကိုးမှုမရှိဘဲ ဝတ္တရားအရဟူ၍ နှလုံးပိုက်ကာ ကယ်တင်ခြင်းသည် “နေက္ခမ္မပါရမီ” ဖြစ်၏။

ချောက်မှ ပုဏ္ဏားကိုကယ်တင်နိုင်ရန် နည်းလမ်းများကိုသိခြင်းသည် “ပညာပါရမီ” ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သိသည့်အတိုင်း ပုဏ္ဏားကို ကယ်တင်နိုင်ရန် ကြိုးပမ်းခြင်းသည် "ဝီရိယပါရမီ" ဖြစ်၏။

ကယ်တင်မည်ဟူ၍ ပြောခဲ့သည့်အတိုင်း အပြောနှင့်အလုပ် ညီညွတ်အောင် ကယ်တင်ခြင်းသည် "သစ္စာပါရမီ" ဖြစ်၏။

ကယ်တင်ရန် ဆုံးဖြတ်ထားသည့်အတိုင်း မိမိ၏ဆုံးဖြတ်ချက် မပျက်ပြားရအောင် ဆောင်ရွက်ခြင်းသည် "အဓိဋ္ဌာန်ပါရမီ" ဖြစ်၏။

'ငါစွန့်ပစ်လိုက်လျှင် သားရဲတိရစ္ဆာန်များအလယ်၌ ပုဏ္ဏားတော့ သေရှာတော့မည်' ဟူ၍သနားကြင်နာသော စိတ်ရှိခြင်းသည် "မေတ္တာပါရမီ" ဖြစ်၏။

သူ့အကျိုးကို ဤမျှလောက် အပင်ပန်းခံ၍ ဆောင်ရွက်ပါလျက် ငါ့အပေါ် ဤမျှလောက် အကျိုးမဲ့ ပြုလေသည်ဟူ၍ နှလုံးပိုက်ပြီး ပုဏ္ဏားအပေါ် စိတ်ကွက်နိုင်ပါလျက် စိတ်မကွက်ခြင်းသည် "ဥပေက္ခာပါရမီ" ဖြစ်၏။ ဤသို့လျှင် အခြားပါရမီများကိုလည်း ရအပ်၏။

ပါရမီများကို ဖြည့်ကျင့်ရာ၌ ခန္တီပါရမီနှင့် ဥပေက္ခာပါရမီသည် များစွာ အရေးကြီး၏။ ပါရမီဆယ်ပါးတို့တွင် ခန္တီပါရမီသည် အမိနှင့်တူ၍ ဥပေက္ခာပါရမီသည် အဖနှင့် တူသည်-ဟူ၍ လယ်တီဆရာတော်ဘုရားကြီးက ဥတ္တမပုရိသဒီပနီ၌ မိန့်တော်မူထား၏။ ဥပမာအားဖြင့်ဆိုရလျှင် လမ်းကိုလျှောက်ရာ၌ ပတ်ဝန်းကျင်အပေါ် ငေးမောမနေဘဲ မိမိလျှောက်ရမည့်လမ်းအတိုင်း လျှောက်ပါမှ လိုအပ်သောခရီးကို သတ်မှတ်ချိန်အတွင်း ရောက်၏။ ဤဥပမာအရ ပတ်ဝန်းကျင်အပေါ် ငေးမောမနေခြင်းသည် ခန္တီပါရမီနှင့် တူ၏။ မိမိလျှောက်ရမည့်လမ်းအတိုင်း ဖြောင့်တန်းစွာ လျှောက်ခြင်းသည် ဥပေက္ခာပါရမီနှင့် တူ၏။

လုပ်ငန်းတစ်ခုကို လုပ်ကြရာတွင် သာယာဖွယ်ကိုလည်း တွေ့တတ်၏။ သာယာဖွယ်သည် သာယာဖွယ်အလျောက် ဆွဲဆောင်တတ်၏။ ယင်း၏ဆွဲဆောင်ချက်ကို မတွန်းလှန်နိုင်ဘဲ သာယာဖွယ်၌ သာယာနေမည်ဆိုလျှင် ရှေ့ဆက်မသွားဘဲ သာယာဖွယ်၌ ရပ်တန့်ရာရောက်၏။ ထိုအခါ မိမိလုပ်သောလုပ်ငန်းသည်ပျက်၏။ ထို့ကြောင့် သာယာဖွယ်ကို တွေ့ပါကလည်း သာယာဖွယ်၌ မနစ်မြုပ်ဘဲ နေနိုင်အောင်ကျင့်ရ၏။ သာယာဖွယ်ကိုတွေ့ပါလျက် ယင်း၌မနစ်မြုပ်ဘဲ ရုန်းထွက်နိုင်ခြင်းသည် ခန္တီပါရမီ ဖြစ်၏။

မိမိလုပ်ရမည့်အလုပ်ကိုသာ မပျက်မကွက် သက်သက်လုပ်ကိုင်ခြင်းသည် ဥပေက္ခာ ပါရမီဖြစ်၏။ နောက်တစ်မျိုး တွေ့နိုင်သည်ကား မသာယာဖွယ်ဖြစ်၏။ ထိုသို့ တွေ့ကြုံရသောအခါ မသာယာဖွယ်ကလည်း မသာယာဖွယ်အလျောက် ဆွဲဆောင်တတ်၏။ ထိုသို့ဆွဲဆောင်ချက်အရ စိတ်ဆိုးခြင်းဖြင့် တုံ့ပြန်မည်ဆိုလျှင်လည်း ရှေ့ဆက်မသွားဘဲ မသာယာဖွယ်၌ ရပ်တန့်ရာရောက်၏။ ထိုအခါ မိမိလုပ်သော လုပ်ငန်းသည် ပျက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မသာယာဖွယ်ကို တွေ့ပါကလည်း ယင်း၌ စိတ်ဆိုးခြင်းဖြင့် မတုံ့ပြန်မိအောင် အားထုတ်ရ၏။ မသာယာဖွယ်ကိုတွေ့ပါလျက် ယင်း၌ စိတ်ဆိုးခြင်းဖြင့် မတုံ့ပြန်ခြင်းသည် ခန္တီပါရမီဖြစ်၏။

မိမိလုပ်ရမည့်အလုပ်ကို အပျက်မခံဘဲ ဆက်ဆက်လုပ်ဖြစ်အောင် လုပ်ခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

လုပ်ငန်းကိုလုပ်ရာ၌ မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ လောကဓံတရားနှင့် ကြုံရမြဲဖြစ်၏။ ဒါနကိုလုပ်လျှင်လည်း လောကဓံနှင့် ကြုံရ၏။ သီလကိုဆောက်တည်လျှင်လည်း လောကဓံနှင့်ကြုံရ၏။ အခြားမည်သည့် လုပ်ငန်းကိုလုပ်လုပ် လောကဓံနှင့် ကြုံရမည်ပင် ဖြစ်၏။ လောကဓံတွင် သာယာဖွယ်သဘောလည်းပါ၏။ မသာယာဖွယ် သဘောလည်းပါ၏။ သာယာဖွယ်ကလည်း သာယာဖွယ်အလျောက် ဆွဲဆောင်၏။ လုပ်ငန်းကို အဟန့်အတားပြု၏။ မသာယာဖွယ်ကလည်း မသာယာဖွယ်အလျောက် ဆွဲဆောင်၏။ လုပ်ငန်းကို အဟန့်အတားပြု၏။ ထို့ကြောင့် မိမိလုပ်သောလုပ်ငန်းကို အပြီးတိုင်ရောက်စေချင်ပါလျှင် သာယာဖွယ်နှင့် တွေ့သည်ဖြစ်စေ၊ မသာယာဖွယ်နှင့် တွေ့သည်ဖြစ်စေ မတုန်လှုပ်ဖို့လို၏။ ယင်းသို့ မတုန်လှုပ်ခြင်းသည်ပင်လျှင် ခန္တီပါရမီဖြစ်၏။ မတုန်လှုပ်ရုံမျှနှင့် ရပ်မနေဘဲ မိမိလုပ်ရန် ရှိသည်များကို ဆက်လက်လုပ်ခြင်းသည် ဥပေက္ခာပါရမီဖြစ်၏။

ထို့ကြောင့် ခရီးသွားယောက်ျားသည် ဘေးပတ်ဝန်းကျင်ကို မကြည့်ဘဲ မိမိ၏ ရှေ့တည့်တည့်ကိုသာ ကြည့်ပြီး ခရီးသွားနိုင်မှ လိုရာခရီးကို မြန်မြန်ရောက်နိုင်သကဲ့သို့ မြင့်မြတ်သူများသည် မိမိတို့၏ လုပ်ငန်းများကိုလုပ်ရာ၌ ဖါရမီသဘောပါဝင်နိုင်စေရန် ပတ်ဝန်းကျင်၏ ဆွဲဆောင်ချက်များကို လှည့်မကြည့်ဘဲ မိမိ၏ဆုံးဖြတ်ချက်အတိုင်း မိမိ၏လုပ်ငန်းကိုသာ ပြီးစီးအောင်လုပ်အပ်ပါ၏။

○○○○○○○

www.burmeseclassic.com

www.burmeseclassic.com



# သစ္စာပါရမီ

သစ္စာပါရမီနှင့် ပတ်သက်၍ ဆရာတော်အရှင်ဇနကာဘိဝံသ– က သူ၏ ဗုဒ္ဓဝင်အမေးအဖြေ၌ "လိမ်၍ပြောခြင်း၊ ပြောသည့်အတိုင်းမလုပ်ခြင်းကား လူများကို အထင်မှားအောင် လှည့်စားခြင်းမည်၏။ ထို့ကြောင့် လူတစ်ယောက်ကိုဖြစ်စေ၊ အများကို ဖြစ်စေ အထင်မမှားအောင် မုသားလည်းမပြော၊ ကြွားဝါ၍လည်းမပြောဘဲ ပြုလုပ်နိုင်သလောက် ပြော၍ ပြောသည့်အတိုင်း ပြုလုပ်ခြင်းသည် သစ္စာပါရမီတည်း" ဟူ၍ ဖော်ပြထား၏။

ထို့အပြင် သစ္စာပါရမီ အရေးကြီးမှုနှင့် စပ်လျဉ်း၍လည်း "ဘုရားလောင်းတော်သည် ပါရမီမရင့်သေးမီက ပါဏာတိပါတ–စသော ပြစ်မှုများကို ပြုတန်သလောက်ပြုမည် ဖြစ်သော်လည်း မုသားကိုကား သူတစ်ပါးအကျိုးပျက်အောင် သစ္စာဖျက်၍ မည်သည့် အခါမျှ မဆိုခဲ့ပေ" ဟူ၍လည်း ဗုဒ္ဓဝင်အမေးအဖြေ၌ပင် ဖော်ပြထား၏။

ထို့ကြောင့် ဘုရားအလောင်းတော်သည် သစ္စာပါရမီကို လောက၏ စီးပွားအတွက် အလွန်အလေးအနက်ထား၍ ဖြည့်ကျင့်တော်မူကြောင်း သိရ၏။

လောကတွင် လူတို့သည် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် စကားဖြင့်သာ ဆက်ဆံခြင်းဖြစ်၏။ သို့ဖြစ်လေရာ စကားကိုသာအားကိုးပြီး ယုံထိုက်မယုံထိုက်ကို ဆုံးဖြတ်ရ၏။ စကားမှတစ်ပါး အခြားအားကိုးရာဟူ၍ ထိုက်ထိုက်တန်တန်ရှိသည်မဟုတ်။ "နှုတ်တစ်ရာ စာတစ်လုံး"ဟူ၍ဆိုကြသော်လည်း စာဟူသည်မှာ စကား၏ အုပ်စုဝင်ပင် ဖြစ်၏။ သို့ဖြစ်လေရာ ကံသုံးပါးတို့တွင် ဝစီကံသည် သစ္စာနှင့်ယှဉ်ပါက လောကကို စောင့်ရှောက်တတ်၏။ သစ္စာနှင့် မယှဉ်ပါက လောကကိုဖျက်ဆီးတတ်၏။ ထို့ကြောင့် လောက၏ဖြစ်မှုနှင့် ပျက်မှုသည် ဝစီကံအပေါ်၌ တည်သည်ဟူ၍ ဆိုနိုင်ပါ၏။ ဝစီကံ ဟူသည်မှာ စကားပင်ဖြစ်၏။

သစ္စာဟူသည် မြန်မာဝေါဟာရအားဖြင့် "ဖြောင့်မှန်ခြင်း" ဖြစ်၏။ "မှန်ခြင်း" ဟူ၍လည်းဆို၏။ မှန်ခြင်းတွင် ဖြောင့်မတ်ခြင်းသဘောသည် ပါဝင်၏။ ထို့ကြောင့် သစ္စာကို ဖြောင့်မှန်ခြင်းဟူ၍ ဆိုခြင်းဖြစ်၏။ ဖြောင့်မှန်ခြင်းသည်လည်း နှစ်မျိုးရှိပြန်၏။ အပြောနှင့်အလုပ် ရှေ့နောက်ညီညွတ်ခြင်းသည် ဖြောင့်မှန်ခြင်း တစ်မျိုးဖြစ်၏။ ယင်းကို "ဥဇု" ဟူ၍ ပါဠိဝေါဟာရအားဖြင့် ဆို၏။ ကံအားဖြင့်ဆိုရလျှင် ကာယကံနှင့် ဝစီကံတို့ ရှေ့နောက်ညီခြင်း၊ တစ်ဖြောင့်တည်းကျခြင်း ဖြစ်၏။ ကာယကံ၊ ဝစီကံနှင့် မနောကံတည်းဟူသော ကံသုံးပါးတို့ ရှေ့နောက်ညီခြင်းသည် အခြားသော ဖြောင့်မှန်ခြင်း တစ်မျိုးဖြစ်၏။ ယင်းဖြောင့်မှန်ခြင်းကို "သုဟုဇု" ဟူ၍ ပါဠိဝေါဟာရအားဖြင့် ဆို၏။ ဥဇု ကို ဖြောင့်မတ်ခြင်းဟူ၍ဆိုရလျှင် သုဟုဇု ကို အလွန်ဖြောင့်မတ်ခြင်း ဟူ၍ ဆိုရ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် ကာယကံနှင့်ဝစီကံ ရှေ့နောက် တစ်ဖြောင့်တည်းကျခြင်းကိုပင် သစ္စာဟူ၍ဆိုပါ၏။ ယင်းကိုပင် ပြောသည့်အတိုင်းလုပ်ခြင်း၊ လုပ်သည့်အတိုင်းပြောခြင်းဟူ၍ကျမ်းဂန်များ၌ဆိုပါ၏။ ကံသုံးပါးတို့ တစ်ဖြောင့်တည်း ကျခြင်းကိုမူ အထူးပြောဖွယ်ရာမရှိ၊ သစ္စာမည်သည်သာဖြစ်၏။

သို့ရာတွင် ကံသုံးပါးတို့ တစ်ဖြောင့်တည်းကျခြင်းမှာ ပုထုဇဉ်များအနေဖြင့် လိုက်နာကျင့်သုံးရန် လွယ်ကူသောကိစ္စမဟုတ်။ ဝစီကံနှင့်ကာယကံ တစ်ဖြောင့်တည်းကျလျှင်ပင် သစ္စာအနေဖြင့် လုံလောက်ပါ၏။ လောကအတွက် အသုံးပြု၍လည်းရပါ၏။

သဘောအားဖြင့်ကား စကားလုံးသည် မနောကံ၌ အစပြု၏။ စကားလုံးကို "အသံ" ဟူ၍လည်းကောင်း၊ "နိရုတ္တိ" ဟူ၍လည်းကောင်း ဆိုရ၏။ မနောကံ၌အစပြု၍ စကားလုံးဖြစ်လာသည်နှင့် တစ်ပြိုင်နက် ယင်းစကားလုံးတွင် သဒ္ဒါလည်း ပါ၏။ အနက်လည်းပါ၏။ စကားလုံးကို ငွေစက္ကူနှင့်နှိုင်း၍ ဆိုရလျှင် သဒ္ဒါနှင့်အနက်ကို ငွေစက္ကူ၏ တစ်ဘက်စီ၌ရှိသော ခေါင်း,ပန်း တို့နှင့် နှိုင်း၍ ဆိုရ၏။ လောကတွင် ခေါင်းနှင့်ပန်း ပါဝင်သော ငွေစက္ကူသာ သုံး၍ရသကဲ့သို့ သဒ္ဒါနှင့်အနက် ပါသော စကားလုံးသည်သာ သုံး၍ရ၏။ ဤနေရာ၌ သဒ္ဒါဟူသည်မှာ အမည်ဖြစ်၏။ အမည်ကိုသာ သိပြီး ယင်း၏အနက်ကို မသိပြန်လျှင်လည်း အနက်နှင့် ပတ်သက်၍ သိအောင် "ဒါဘာလဲ"ဟူ၍ မေးရပြန်၏။ အနက်ကိုသာ သိပြီး ယင်း၏အမည်ကို မသိပြန်လျှင်လည်း "ဒါဘာခေါ်လဲ" ဟူ၍မေးရပြန်၏။

ထို့ကြောင့် အမည်နှင့်အနက် နှစ်မျိုးစုံပါဝင်မှသာ စကားလုံးသည် အသုံးဝင်ပါ၏။ စကားလုံးသည် မနောကံ၌ စ၍ဖြစ်၏။ မနောကံဆိုသည်မှာ စိတ်၌ဖြစ်သော စေတနာ ဖြစ်၏။ စေတနာကို အလုပ်ဟူ၍ ဆိုရ၏။ ထို့ကြောင့် ကာယကံမှုကို လုပ်သည်ဖြစ်စေ၊ ဝစီကံမှုကိုလုပ်သည်ဖြစ်စေ၊ မနောကံမှုကိုလုပ်သည်ဖြစ်စေ၊ မည်သည့်လုပ်ငန်းကိုလုပ်လုပ် အလုပ်ဟူသည် စိတ်မှပင် စတင်ရ၏။ သို့ဖြစ်လေရာ စကားလုံးသည်လည်း စိတ်မှပင် စ၍ဖြစ်၏။

စိတ်မှစ၍ဖြစ်ပြီး နောက်မှသာလျှင် ဆိုင်ရာဆိုင်ရာ ကာယကံမှု, ဝစီကံမှုတို့သည် သင့်လျော်သလိုဖြစ်ကြ၏။ ထို့ကြောင့် စိတ်မှာဖြစ်ခြင်းနှင့် နှုတ်မှာဖြစ်ခြင်းတို့သည် ရှေ့နောက်ညီညွတ်ဖို့လို၏။ တစ်ဖြောင့်တည်းကျဖို့လို၏။ ထို့အတူ နှုတ်မှာဖြစ်ခြင်းနှင့် ကိုယ်မှာဖြစ်ခြင်းတို့သည်လည်း ရှေ့နောက်ညီညွတ်ဖို့လို၏။ တစ်ဖြောင့်တည်းကျဖို့လို၏။

> ထိုကဲ့သို့ တစ်ဖြောင့်တည်းကျခြင်း, ရှေ့နောက်ညီညွတ်ခြင်း ကိုပင် ဖြောင့်မှန်ခြင်းဟူ၍လည်းကောင်း၊ သစ္စာရှိခြင်းဟူ၍လည်းကောင်း၊ ရိုးသားခြင်းဟူ၍လည်းကောင်း ဆိုရ၏။ သို့မဟုတ်ပါက သစ္စာမဲ့ခြင်းဖြစ်၏။ သစ္စာရှိခြင်းကိုသာ သစ္စာပါရမီ၌ ထည့်သွင်းရေတွက်အပ်၏။

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ကိုသိသော အသိမှတစ်ပါး ကျန်အသိဟူသမျှသည် စကားလုံးနှင့် ကင်း၍ မရကောင်း။ ထို့ကြောင့် "အသိ၏ကိုယ်ထည်သည် စကားလုံးဖြစ်သည်"ဟူ၍ ဆိုရ၏။ စကားလုံးဟူရာ၌ အသံထွက်ခြင်းနှင့် အသံမထွက်ခြင်းသည် ပဓာနမဟုတ်။ အမည်နှင့် အနက်ပါခြင်းသည်သာ ပဓာနဖြစ်၏။ ငွေစက္ကူတွင် ခေါင်းနှင့်ပန်းပါဖို့သာ ပဓာန ဖြစ်သကဲ့သို့ပင် ဖြစ်၏။ စကားလုံးတွင် အမည်နှင့်အနက် ပါဝင်လျှင် ထိုစကားလုံးသည် ဝေါဟာရ ဟူသော အမည်ကိုရ၏။

ဝေါဟာရဟူသောအမည်ကိုရလျှင် ဆိုလိုရင်းကိုသိစေနိုင်၏။ ဆိုလိုရင်းကို သိစေရာ၌ ယင်းဆိုလိုရင်းသည် သစ္စာနှင့်ယှဉ်မှ မှန်ကန်သောဆိုလိုရင်း ဖြစ်၏။ ယုံကြည်ထိုက်သောဆိုလိုရင်းဖြစ်၏။ ကျမ်းဂန်များ၌မူ ယုံကြည်ထိုက်သော ဆိုလိုရင်း ဟူသည် အရိယာပုဂ္ဂိုလ်တို့၏ စကားလုံး၌သာ ရကောင်းသည်ဟူ၍ ဖော်ပြကြ၏။

အမှန်အားဖြင့် အရိယာပုဂ္ဂိုလ်တို့၏ စကားလုံးသည် ကံသုံးပါးတို့၌ တစ်ဖြောင့်တည်းကျ၏။ ထို့ကြောင့် ရိုးဖြောင့်ခြင်း ဖြစ်၏။ သစ္စာနှင့် ယှဉ်ခြင်းဖြစ်၏။ သို့ရာတွင် မြင့်မြတ်သူတို့၏ စကားသည်လည်း အရိယာပုဂ္ဂိုလ်တို့၏ စကားလိုပင် ကံသုံးပါးတို့၌ တစ်ဖြောင့်တည်း ကျနိုင်ပါ၏။ သို့ဖြစ်၍သာ မြင့်မြတ်သူတို့၏ စကားလုံးကို ကျမ်းဂန်များ၌ သစ္စာပါရမီအဖြစ် ဖော်ပြခြင်းဖြစ်၏။

လုပ်ငန်းများကို လုပ်ကြရာတွင် အသိသည် ဦးဆောင်သည် ဖြစ်၏။ တစ်ဖန် အသိကို စကားလုံးက ဦးဆောင်၏။ ကိုယ်တွေ့အားဖြင့်လည်း မည်သည့်အရာဝတ္ထုကို သိသည်ဖြစ်စေ၊ စကားလုံးကို စိတ်ထဲကအသံမထွက်ဘဲ ရွတ်ဆိုပြီးမှ သိခြင်းလုပ်ငန်း ပြီးဆုံး၏။ ခွေးကိုသိလျှင်လည်း စိတ်ထဲက ခွေးဟူ၍ ရွတ်ဆို၏၊ အသံကတော့မထွက်။ နွားကိုသိလျှင်လည်း ထိုနည်းအတူ စိတ်ထဲက နွားဟူ၍ ရွတ်ဆို၏၊ သံကတော့မထွက်။ အကယ်၍ အရာဝတ္ထုတစ်ခုကို အရာဝတ္ထုတစ်ခုမှန်းသာသိပြီး ယင်း၏အမည်ကို စိတ်ထဲကမရွတ်ဆိုနိုင်လျှင် ယင်းအသိသည် တရားဝင်သောအသိမဟုတ်။

ထို့ကြောင့် တရားဝင်သော အသိဟူသည် စကားလုံးကို စိတ်ထဲကရွတ်ဆိုခြင်းပင် ဖြစ်သည် ဟူ၍ဆိုရ၏။ သို့ရာတွင် ထိုကဲ့သို့ စိတ်ကရွတ်ဆိုခြင်းကို ရွတ်ဆိုသူက ကြားရ၏။ တန်ခိုးရှင်များကလည်း ကြားရ၏။ သာမန်အခြားသူများကမူ မကြားရချေ။

ထို့ကြောင့် မိမိသည်မိမိကိုယ်ကို လည်းကောင်း၊ တန်ခိုးရှင်များကိုလည်းကောင်း လိမ်၍မရ-ဟူ၍ဆိုခြင်းဖြစ်၏။ အမှန်အားဖြင့် ဘာကိုပဲကြံစည်ကြံစည် စကားလုံး ဖြင့်သာကြံစည်ရ၏။ ထို့ကြောင့် စကားလုံးသည် အသိ၏ကိုယ်ထည်ဖြစ်သည်ဟူ၍ ဆိုခြင်းဖြစ်၏။ စကားလုံးသည် အသိ၏ကိုယ်ထည်ဖြစ်လျှင် အသိသည် စကားလုံး အနေဖြင့် အသံရှိ၏။ သို့ရာတွင် ဌာန်,ကရိုဏ်း, ပယတ် တို့နှင့်မဆုံသောကြောင့် အသံတော့မထွက်၊ အသံမထွက်သော်လည်း ထိုစကားလုံး၏ အသံကိုမူ မိမိကိုယ်တိုင်နှင့် တန်ခိုးရှင်များသာ ကြားကြ၏။ သိကြ၏။ အခြားသာမန်လူများ မကြားကြ။ မသိကြ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သာမန်အခြားသူများအား ကြားနိုင်စေရန် မိမိ၏စိတ်ထဲက စကားလုံးများကို ဖော်ထုတ်ပြောသောအခါ စိတ်ထဲကစကားလုံးနှင့် နှုတ်ကစကားလုံးသည် အချင်းချင်း မညီဘဲ ရှိနိုင်၏။ ထို့အပြင် နှုတ်ကပြောသော စကားလုံးအတိုင်း ကိုယ်က မလုပ်ဘဲလည်း ရှိနိုင်၏။ ဤသို့ရှေ့နှင့်နောက် မညီမညွတ်ဖြစ်ခြင်းကိုပင် သစ္စာမဲ့ခြင်းဟူ၍ ဆိုရ၏။

ဤသို့ သစ္စာ၏သဘောကို အကျယ်အားဖြင့် ဆိုနိုင်သော်လည်း လောကသုံးအားဖြင့်မူ နှုတ်ကပြောသော စကားလုံးကိုပင် သစ္စာပါရမီအရာ၌ ယူရ၏။ သစ္စာပါရမီအရာ၌ အလုပ်နှင့်ညီညွတ်သောအပြောသည် ပါရမီထိုက်၏။

ထို့ကြောင့် မြတ်စွာဘုရားကို အပြောနှင့်အလုပ် ညီညွတ်သူ "ယထာဝါဒီ တထာကာရီ" ဟူ၍လည်းကောင်း၊ အပြန်အလှန်အားဖြင့် အလုပ်နှင့်အပြော ညီညွတ်သူ "ယထာကာရီ တထာဝါဒီ" ဟူ၍လည်းကောင်း သစ္စာပါရမီကို အမွန်အမြတ် ပြုသောအားဖြင့် ဖွဲ့ချီးတော်မူခြင်းဖြစ်၏။

> ထို့ကြောင့်သစ္စာပါရမီအရာ၌ ပြောသည့်အတိုင်းလုပ်၍ လုပ်သည့်အတိုင်းသာ ပြောခြင်းကိုပင် သစ္စာပါရမီဖြည့်ခြင်းဟူ၍ ဆိုရ၏။ အပြောနှင့်အလုပ်တွင် အပြောကသတ်သတ် အလုပ်ကသတ်သတ်ဟူ၍ နှစ်ခုကွဲပြားနေခြင်းသည် သစ္စာပါရမီသဘောကို မဆောင်။ အပြောနှင့် အလုပ် တစ်သားတည်းဖြစ်မှသာ သစ္စာပါရမီသဘောကို ဆောင်၏။

ဤလောကတွင် မည်သူမဆို မိမိကိုယ်တိုင်က မှန်သောစကားကို မဆိုနိုင်စေကာမူ မှန်သောစကားကို ဆိုနိုင်သူများအပေါ် များစွာမြတ်နိုးကြ၏။ သို့ရာတွင် ပုထုဇဉ်တို့၏ ဓမ္မတာအရ ထိုမှန်သောစကားသည် မိမိသိက္ခာကို "ခဝါ" ချသောစကားမျိုး မဟုတ်ပါမှသာ မိမိက မြတ်နိုးမည်ဖြစ်၏။

စကားခြောက်ခွန်းတွင် "မှန်လည်းမှန်၊ အကျိုးလည်းရှိသောစကားမျိုး" ဖြစ်ပါက ကြားရသူကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပြောဆိုသင့်သောစကားမျိုး ဖြစ်သည်ဟူ၍ ကျမ်းဂန်များ၌ လာရှိပါ၏။

ထို့ကြောင့် စကားကိုပြောဆိုရာတွင် ကြားရသူကြိုက်ဖို့ မကြိုက်ဖို့မှာ အဓိကမဟုတ်။ မှန်ဖို့နှင့်အကျိုးရှိဖို့သာ အဓိက ဖြစ်၏။ ပုဂ္ဂိုလ်ကိုင်ပါက ကြားရသူပါ ကြိုက်လျှင်မူ ပို၍ကောင်း၏။ သို့ရာတွင် သစ္စာပါရမီဟူသည် "ပုဂ္ဂိုလ်ကိုင်၍ ဆိုရသောစကားမဟုတ်၊ ဓမ္မကိုင်၍ဆိုရသောစကား" သာဖြစ်၏။

လောကတွင် မှန်သောစကားကိုပြောဆိုသူ နည်းပါးလာသောအခါ "နှုတ်တစ်ရာ၊ စာတစ်လုံး" ဟူသောဥပဒေသဖြင့် စာချုပ်စာတမ်းများ ပေါ်လာရ၏။ သို့ရာတွင် စာချုပ်စာတမ်းများသည်လည်း နှုတ်စကားထက်ပို၍ ကာလကြာရှည်စွာတည်နိုင်သော စကားတစ်မျိုးသာဖြစ်၏။ စကားမှ သီးခြားအရာမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓစာပေများအရ စကားသည် တကယ်တမ်းသာ သစ္စာနှင့်ယှဉ်ပါက တကယ် တမ်းပင် စွမ်းအားရှိ၏။ ယင်းသဘောကို သစ္စာဆိုခြင်းဖြင့် ပြယုဂ်ထုတ်ကြ၏။ ဗုဒ္ဓစာပေများ၌သာမက ဗြာဟ္မဏစာပေများ၌လည်း ဤယုံကြည်ချက်ကိုလက်ခံကြ၏။ ဗြာဟ္မဏတို့ ယုံကြည်ချက်အရ အသံသည် နေရာတိုင်း၌ ရှိ၏။ ဥပမာအားဖြင့် တိုင် တစ်တိုင်ကို လက်ဖြင့်ခေါက်ကြည့်ပါက အသံထွက်၏။ အသံထွက်ခြင်းမှာ မူလကပင် တိုင်၌ရှိသော အသံကြောင့် ဖြစ်၏။ အသံရှိခြင်းနှင့် အသံထွက်ခြင်းသည် အဓိပ္ပာယ် အားဖြင့် ခြားနား၏။ အသံရှိခြင်းသည် နိစ္စသဘောကို ဆောင်သဖြင့် အကြောင်းတရား များနှင့်မဆိုင်။ အသံထွက်ခြင်းသည် အနိစ္စသဘောကိုဆောင်သဖြင့် အကြောင်းတရား များနှင့် ဆိုင်၏။ အကြောင်းတရားများနှင့်မဆိုင်ဘဲ သူ့ဟာသူရှိခြင်းသည် ဗြဟ္မာဖြစ်၏။ ဤသို့အရှိတရား နိစ္စနှင့် အဖြစ်တရား အနိစ္စတို့ ခြားနားကြ၏။ "နိစ္စသည် ဗြဟ္မာ ဖြစ်၍ အနိစ္စသည် လောကဖြစ်၏"။

ထို့ကြောင့် နိစ္စဖြစ်သောအသံကို ဗြဟ္မာဟူ၍ဆိုခြင်းဖြစ်၏။ ဗြဟ္မာ ဟူသည်ကား အနန္တ စွမ်းအင်ရှိ၏။ နေရာတိုင်း၌ ရှိ၏။ နေရာတိုင်း၌ ရှိသောကြောင့်သာ အနန္တ စွမ်းအင် ရှိခြင်းဖြစ်၏။ ဤသဘောအရ အသံသည် သက်ရှိ၌လည်းရှိ၏။ သက်မဲ့၌လည်း ရှိ၏။ ကောင်းကင်၌လည်း ရှိ၏။ မြေ၌လည်းရှိ၏။ ထို့ကြောင့် အသံသည် နေရာတိုင်း၌ ရှိသည်ဟူ၍ ဆိုရ၏။ နေရာတိုင်း၌ရှိလျှင် ဗြဟ္မာဖြစ်၏။ ဗြဟ္မာဖြစ်လျှင် အနန္တ စွမ်းအင်ရှိ၏။ ထို့ကြောင့် အသံသည် အနန္တ စွမ်းအင်ရှိ၏။

**ဗုဒ္ဓစာပေနှင့် ဗြာဟ္မဏစာပေ၏ သဘောထား**

ဗုဒ္ဓစာပေများကလည်း "အသံသည် စွမ်းအင်ရှိသည်" ဟူ၍ ယုံကြည်၏။ ဗြာဟ္မဏစာပေများကလည်း "အသံသည် စွမ်းအင် ရှိသည်" ဟူ၍ယုံကြည်၏။ သို့ရာတွင် ဗုဒ္ဓစာပေများက အသံ ကို စေတနာနှင့်တွဲ၍ စွမ်းအင်ရှိခြင်းကိုဆို၏။ ဗြာဟ္မဏစာပေ များကမူ အသံကိုစေတနာနှင့်မတွဲဘဲ သူချည်းသတ်သတ် စွမ်းအင်ရှိခြင်းကိုဆို၏။

ထို့ကြောင့် ဗုဒ္ဓစာပေများအရဆိုလျှင် သစ္စာနှင့်ယှဉ်သောအသံသည် ကောင်းကျိုးကို ဖြစ်ပေါ်စေနိုင်၏။ မုသားနှင့်ယှဉ်သော အသံသည် ဆိုးကျိုးကို ဖြစ်ပေါ်စေနိုင်၏။

ဗြာဟ္မဏစာပေများအရဆိုလျှင် မုသားဆိုခြင်းသည် အသံတည်းဟူသော ဗြဟ္မာကို စော်ကားခြင်းဖြစ်၍ မကောင်းသောအကျိုးကို ဖြစ်ပေါ်စေနိုင်၏။ သစ္စာဆိုခြင်းသည် အသံတည်းဟူသော ဗြဟ္မာကို ပူဇော်ခြင်းဖြစ်၍ ကောင်းသောအကျိုးကို ဖြစ်ပေါ် စေနိုင်၏။

အသံနှင့်ပတ်သက်၍ ကောင်းကျိုး ဆိုးပြစ်ကို ဖော်ပြရာ၌ ယူပုံချင်းမတူသော်လည်း အကျိုး အပြစ်ကို လက်ခံရာ၌မူ အတူတူပင်ဖြစ်ကြောင်း တွေ့ရှိရ၏။ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းကလည်း မှန်သောစကား ဆိုခြင်းကို မြတ်နိုးပြီး မှားသောစကား ဆိုခြင်းကို စက်ဆုပ်ခြင်းမှာ စကား၏ အာနုဘော်ကြောင့်လည်း ဖြစ်နိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ပါရမီတို့တွင် မမျှော်ကိုးခြင်း နေက္ခမ္မပါရမီသည် အုတ်မြစ်နှင့်တူလျှင် မှန်ကန်ခြင်း သစ္စာပါရမီသည် အထွတ်နှင့်တူ၏။

ထို့ကြောင့် မည်သည့်ပါရမီပင်ဖြစ်စေ အုတ်မြစ်နှင့်အထွတ်ပါမှ တင့်တယ်၏။ ထို့ကြောင့် ဘုရားလောင်းသည် ပါရမီအရဆိုလျှင် နှစဥ်ကာလက ပါဏာတိပါတ စသော အပြစ်များကို ကျူးလွန်မိစေကာမူ မိမိ၏ကိုယ်ကျိုး ကိုယ်စီးပွားအတွက် မမှန်မကန် မည်သည့်အခါမျှ မကျူးလွန်။ အများ၏အကျိုးစီးပွားအတွက်သာ မှန်မှန်ကန်ကန် အနစ်နာခံ၍ ကျူးလွန်မိခြင်းဖြစ်ပါ၏။ ဤသည်မှာ နေက္ခမ္မနှင့်သစ္စာတို့၏ သဘောဖြစ်၏။

ဘုရားအလောင်းတော်သည် ပါဏာတိပါတ စသော အပြစ်ဒဏ်များကြောင့် ဒုဂ္ဂတိဘုံ၌ ဖြစ်ရသောအခါ ငုံးအောက်ငယ်သော သတ္တဝါသာ မဖြစ်နိုင်ခြင်း ဖြစ်၏။ အခြားသောတိရစ္ဆာန်များကား ဖြစ်နိုင်၏။ တိရစ္ဆာန်ဖြစ်ရသော်လည်း နေက္ခမ္မပါရမီနှင့် သစ္စာပါရမီတို့ကြောင့် မိမိဖြစ်ရာ ဘဝများ၏ အထက်တန်းများ၌သာ ဖြစ်ရခြင်းဖြစ်၏။

ထို့ကြောင့် ကံအရဆိုရလျှင်လည်း မြတ်စွာဘုရားအလောင်းတော်သည် ငါးပါးသီလတွင် မုသာဝါဒကံကို အမြဲစောင့်ထိန်းကြောင်း ထင်ရှား၏။ အကယ်၍ မုသာဝါဒကံကိုသာ မထိန်းသိမ်းနိုင်ပါလျှင် လောက၌ ဘုရားလောင်းဟူ၍လည်း ဖြစ်မလာနိုင်။ ဘုရားလောင်းဟူ၍ ဖြစ်မလာလျှင် ဘုရားဟူ၍လည်း ဖြစ်မလာနိုင်ပါချေ။

သစ္စာပါရမီသည် ဤမျှလောက် တန်ဖိုးကြီးမားပါ၏။ တန်ဖိုးကြီးမားသလောက်လည်း မြတ်နိုးဖွယ်ရှိပါ၏။ ထို့ကြောင့်လည်း လောက၌ လူတို့သည် သစ္စာပါရမီကို မြတ်နိုးကြခြင်း ဖြစ်၏။

လူမှုဆက်ဆံရေးအရ အချင်းချင်းဆက်ဆံရာ၌ သစ္စာပါရမီအရ မှန်သောစကားကို ဆိုသောသူဖြစ်မှသာ ယုံယုံကြည်ကြည်ဆက်ဆံထိုက်သူဖြစ်၏။ အကယ်၍ ယုံကြည်စွာ ဆက်ဆံထိုက်သူမဟုတ်သဖြင့် စိတ်တထင့်ထင့်ဖြင့်သာ ဆက်ဆံရမည်ဆိုပါက ထိုသို့သော ဆက်ဆံရေးသည် အဘယ်သို့လျှင် လောကအတွက် အကျိုးအမြတ်ကို ဖြစ်စေနိုင်ပါမည်နည်း။

ထို့ကြောင့် သစ္စာပါရမီသည် လောကလူအပေါင်းတို့ ကြီးပွားတိုးတက်ရေးအတွက် အချင်းချင်းဆက်ဆံ၍ ဆောင်ရွက်ရာ၌ အလွန်အရေးပါသော ပါရမီဖြစ်၏။

ထို့ကြောင့်လည်း မြတ်စွာဘုရားအလောင်းတော်သည် နိယတဗျာဒိတ်ကို ရတော်မူချိန်မှစ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် သစ္စာပါရမီကို ကျင့်သုံးသောအားဖြင့် မှန်သောစကားကိုသာ ဆိုခဲ့ခြင်းဖြစ်၏။ မုသာဝါဒကံကို စောင့်ထိမ်းတော်မူခဲ့ခြင်းဖြစ်၏။ ဓမ္မတာအားဖြင့် လူတို့သည် မုသာဝါဒကံကို စောင့်ထိန်းပြီး မှန်ကန်သောသစ္စာစကားကိုသာ ဆိုခဲ့ပါလျှင် ထိုသို့ဆိုရခြင်း၏ အာနုဘော်ကြောင့် လောက၌ နွယ်များ, မြက်များ, သစ်ပင်များသည်ပင် ဆေးဖက်ဝင်ကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မသစ္စာဖောက်များ

သစ္စာဟူသည်တန်ဖိုးကြီး၏။ ထို့ကြောင့် လူတို့သည် လောကရေးရာ၌ဖြစ်စေ၊ ဓမ္မရေးရာ၌ ဖြစ်စေ၊ သစ္စာဝတ်ရုံကို ခြုံချင်ကြ၏။ သစ္စာ၏အသွင်ကိုပြချင်ကြ၏။ သို့ဖြစ်သော်လည်း သူတို့သည် သစ္စာ၏သဘောအရ အလုပ်နှင့်အပြော တစ်ဖြောင့်တည်းကျရခြင်းကိုမူ မသိကျိုးကျွန်ပြုကြ၏။

ဓမ္မရေးရာ၌ ကျွမ်းကျင်သူများက ဓမ္မနှင့် ပတ်သက်လျှင် ကရားရေလွှတ် တတွတ်တွတ်ပြောကြ၏။ ရောမ ဓမ္မကထိကကြီး၏ အသွင်ကိုယူကြ၏။ အမှန်အားဖြင့် ထိုသူများသည် အသွင်များကိုသာ ယူကြသူများဖြစ်ကြ၏။ အနှစ်သာရကိုမူ မယူကြချေ။

ထိုအခါ အသွင်နှင့်အနှစ်သာရသည် အချင်းချင်းဆန့်ကျင်လေ၏။ "နှုတ်က ပြောတော့ ဓမ္မ၊ လက်ကလုပ်တော့ အဓမ္မ"။ ဤသည်မှာ နှုတ်နှင့်လက် တစ်ဖြောင့်တည်း မကျခြင်း ဖြစ်၏။

တစ်ဖြောင့်တည်းမကျလျှင် ဓမ္မကို သစ္စာဖောက်ခြင်းပင် ဖြစ်၏။ ဓမ္မကို သစ္စာဖောက်လျှင် ထိုသူသည် တစ်ခုသောနေ့တွင် သစ္စာဖောက်သူတို့၏ သွားရာလမ်းအတိုင်း သွားကြရမည်ဖြစ်၏။

ထိုသူ၏အပေါင်းပါတို့သည်လည်း ထိုသူသွားသည့်အတိုင်း နောက်ကလိုက်၍ သွားကြရမည်ဖြစ်၏။ ထို့ကြောင့် ဤမျိုးစုကို ဓမ္မနှင့်ပတ်သက်၍ သစ္စာဖောက်ခြင်း ဖြစ်သဖြင့် "ဓမ္မသစ္စာဖောက်"ဟူ၍ ဆိုရ၏။

လောကရေးရာ ကျွမ်းကျင်သူများကလည်း ဆိုကြပြန်၏။ လောကကြီး တစ်ခုလုံး ကိုပင် သူတို့က စောင့်ရှောက်နေသည့်သဖွယ်၊ ကျွေးမွေးနေသည့်သဖွယ် ပြောကြပြန်၏။ ဆိုကြပြန်၏။ လက်တွေ့အားဖြင့်မူ သူတို့သည် လောက၏ အစီးအပွားကို အယောင်ပြပြီး မိမိတို့၏ အစီးအပွားကိုသာ လုပ်ကြ၏။

ဤသူများသည်လည်း အသွင်သဏ္ဌာန်အားဖြင့် လောက၊ အနှစ်သာရအားဖြင့် အတ္တ၊ ဤသို့လျှင် အသွင်သဏ္ဌာန်နှင့်အနှစ်သာရတို့သည် အချင်းချင်းဆန့်ကျင်ကြ၏။ ဤသို့ဆန့်ကျင်ခြင်းသည် လောကကို သစ္စာဖောက်ခြင်းပင် ဖြစ်၏။

လောကကို သစ္စာဖောက်လျှင် သစ္စာဖောက်သူတို့၏ သွားရာလမ်းအတိုင်း တစ်ခုသော နေ့တွင် ထိုသူတို့နှင့် ထိုသူတို့၏အပေါင်းပါတို့သည် သွားကြရမည်ဖြစ်၏။ ထို့ကြောင့် ဤမျိုးစုကို လောကနှင့် ပတ်သက်၍ သစ္စာဖောက်ခြင်းဖြစ်သဖြင့် လောကသစ္စာ ဖောက်သူ ဟူ၍ ဆိုရ၏။

သစ္စာသည်ရှင်း၏။ ပြတ်သား၏။ သစ္စာကို ပူဇော်လျှင် သစ္စာကပြန်၍ ချီးမြှောက်၏။ သစ္စာကိုလှည့်ပတ်လျှင် သစ္စာကပြန်၍ ဒဏ်ခတ်၏။ ဤကား ဓမ္မတာ။ ဤဓမ္မတာကို ရှောင်လွှဲ၍ မရကောင်း။

သစ္စာပါရမီကို ဖြည့်ကျင့်တော်မူသော ဘုရားအလောင်းတော်၏ ဘဝပေါင်းများစွာအနက် မဟာသုတသောမမင်း၏ ဘဝသည် များစွာကြည်ညိုဖွယ်ကောင်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



မဟာသုတသောမမင်း၏ ဘဝကို အသိတိနိပါတ်၊ မဟာသုတသောမ ဇာတ်တော်၌ ဖော်ပြထား၏။ ဇာတ်လမ်းအကျဉ်းချုပ်မှာ ဤသို့ဖြစ်၏—

**မဟာသုတသောမမင်း** ကုရုတိုင်း၊ ဣန္ဒပတ္တနဂိုရ်ပြည်၌ ကောရဗျမင်းသည် နန်းစံ၏။ သူ၏သားမှာ သုတသောမဖြစ်၏။ သုတသောမမင်းသား ပညာသင်ချိန်တွင် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ၌ ထိုခေတ်ပညာရေး စနစ်အရ ပညာများကိုအဆုံးတိုင်သင်ယူ၏။ သူ၏ပညာဖက်များမှာ တစ်ရာ့တစ်ပါးသော မင်းသားတို့ဖြစ်ကြ၏။ သုတသောမသည် ပညာသင်ဖက်မင်းသားတို့၏ ဦးဆောင်လည်း ဖြစ်၏။ လက်ထောက်ဆရာလည်းဖြစ်၏။ ပညာသင်ကြားပြီး၍ ကျောင်းဆင်းသောအခါ သုတသောမမင်းသားက ကျန်မင်းသားတို့အား မိမိတို့၏တိုင်းပြည် အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ဩဝါဒပေး၏။ မင်းသားတို့သည် မိမိတို့တိုင်းပြည်၌ မင်းအဖြစ်အုပ်ချုပ်သော အခါ သုတသောမမင်း၏ ဩဝါဒအတိုင်း အုပ်ချုပ်၏။

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ဗြဟ္မဒတ်မင်းသည် သုတသောမမင်း၏ ပညာသင်ဖက်လည်းဖြစ်၏။ သုတသောမမင်း၏ တပည့်လည်း ဖြစ်၏။ အရင်းနှီးဆုံးလည်း ဖြစ်၏။ ဗြဟ္မဒတ်မင်းကား အသားကို နှစ်သက်၏။ ပွဲတော်တည်ရာ၌ အသားဟင်းမပါလျှင် ပွဲတော်မတည်တတ်သူ ဖြစ်၏။ သူ၏ စားတော်ဆက်မှာ ရသက ဖြစ်၏။ ရသက ပွဲတော်ကို ဆက်တိုင်း အသားဟင်းကို ထည့်၍ ဆက်ရ၏။ တစ်ခုသောနေ့တွင် အသားမရသဖြင့် လူသားကိုချက်၍ ပွဲတော်ဆက်မိ၏။ ထိုအခါမှစ၍ ဗြဟ္မဒတ်မင်းသည် လူသားမစားရ မနေနိုင်ဖြစ်ကာ စားတော်ဆက် ရသကအား လူသားကိုနေ့တိုင်းချက်ပြီး ပွဲတော်ကိုဆက်စေ၏။ ရသကသည် လူသားကို ရအောင်ရှာရာတွင် တိုင်းသူပြည်သားများကို မသိစေဘဲ ဥပါယ်တံမျဉ်ဖြင့် ရအောင်ရှာ၏။

အစတွင် အကျဉ်းထောင်သားများကို သတ်၍ချက်ရ၏။ အကျဉ်းထောင်သားများ ကုန်သွားသောအခါ ရသက သည် လမ်းခရီး၌ ဥစ္စာထုပ်ကိုချထားပြီး ထိုဥစ္စာထုပ်ကို ကောက်ယူသူအား သူခိုးဟူ၍စွပ်စွဲပြီး သတ်၍ချက်ရ၏။ ဥစ္စာထုပ်ကို ကောက်ယူသူ မရှိသောအခါ ရသက သည် ညဥ့်သန်းခေါင်၌ လူများကို ချောင်း၍သတ်ပြီး ချက်ရ၏။ ဗြဟ္မဒတ်မင်းကား နေ့တိုင်းလူသားမပါဘဲ ပွဲတော်မတည်။ ထို့ကြောင့် ဗြဟ္မဒတ်မင်းကို "လူသားစားသူ=ပေါရိသာဒ" ဟူ၍ ခေါ်ကြ၏။ ပေါရိသာဒ၏ အနက်မှာ "လူသား စားသူ" ဟူ၍ ဖြစ်၏။

ပြည်သူပြည်သားများသည် မိမိတို့၏ဆွေမျိုးများ အသတ်ခံရဖန်များလာသောအခါ မင်းယင်ပြင်၌ စုဝေး၍ မင်းကြီးအားတိုင်ကြားကြ၏။ မင်းကြီးက အရေးမယူသောအခါ စစ်သူကြီးထံသွား၍ တိုင်ကြားကြ၏။ စစ်သူကြီးသည် မြို့တွင်း၌ အစောင့်ချ၍ သူသတ်သမားကို ဖမ်းစေ၏။ ထိုအခါ စားတော်ဆက် ရသက ကို လက်ပူးလက်ကြပ်မိ၏။ စစ်သူကြီးက ရသကကို မင်းကြီးထံခေါ်သွားပြီး အကျိုးအကြောင်းကို တင်ပြ လျှောက်ထား

www.burmeseclassic.com

www.burmeseclassic.com



၏။ မင်းကြီးကလည်း သူ၏အပြစ်ကိုဝန်ခံ၏။ စစ်သူကြီးကလည်း ဇာတ်တူသားစား၍ ပျက်စီးရခြင်းအကြောင်းများကို ဇာတ်တော်အထောက်အထားများနှင့် တင်ပြလျှောက်ထားပြီး လူသားကိုမစားပါရန် လျှောက်ထား၏။ မင်းကြီးကလည်း လူသားကိုမစားဘဲ မနေနိုင်ကြောင်း ပြန်လည်မိန့်ကြား၏။ ထိုအခါ တိုင်းသူပြည်သားများက မခံမရပ်နိုင်ဖြစ်ကြပြီး မင်းကြီးကိုနှင်ထုတ်လိုက်၏။ မင်းကြီးသည်လည်း နန်းကိုစွန့်၍ ရသကနှင့်အတူ တောအုပ်သို့ဝင်၏။

မင်းကြီးနှင့် ရသကသည် တောအုပ်အတွင်းရှိ ညောင်ပင်တစ်ပင်အောက်၌ နေကြ၏။ မင်းကြီးက လူသားကိုရှာ၏။ ရသက–က ချက်၍ဆက်၏။ တစ်နေ့တွင် လူသားကို ရှာမရသောအခါ ရသကကို သတ်၍ ချက်ပြီးစား၏။ ထိုအခါမှစ၍ မင်းကြီးသည် တောတွင်းညောင်ပင်၌ တစ်ယောက်တည်း နေလေ၏။ တစ်နေ့တွင် လှည်းပေါင်း ငါးရာဖြင့် ကုန်သွယ်သွားသော ပုဏ္ဏားကုန်သည်ကို ဖမ်းယူပြီး ထွက်ပြေးရာ နောက်က အစောင့်များလိုက်သဖြင့် စည်းရိုးတစ်ခုကို ခုန်ကူးရာ ရှားငုတ်ပေါ်ကျ၏။ ရှားငုတ်သည် သူ၏ခြေဖဝါးကို ထုတ်ချင်းခတ်စူးဝင်သွားလေ၏။

ပေါရိသာဒသည် ပုဏ္ဏားကိုလွှတ်ပြီး မိမိ၏နေရာညောင်ပင်အောက်၌ အိပ်၏။ "မိမိအနာကို ခုနစ်ရက်အတွင်း ပျောက်အောင်ကုပေးပါလျှင် တစ်ရာ့တစ်ပါးသော မင်းတို့ဖြင့် ယဇ်ပူဇော်ပါမည်" ဟူ၍ ညောင်ပင်စောင့်နတ်အား တိုင်တည်၏။ ပေါရိသာဒ၏ ရှားငုတ်စူးသောအနာသည် အကြောင်းအားလျော်စွာ ခုနစ်ရက်အတွင်း ပျောက်ကင်းသွား၏။ ညောင်ပင်စောင့်နတ်က ကုသပေးသည်ဟူ၍ ယူဆပြီး ညောင်ပင်စောင့်နတ်ကို ယဇ်ပူဇော်ရန် တစ်ရာ့တစ်ပါးသောမင်းတို့ကို ဖမ်းဖို့အားထုတ်၏။

ပေါရိသာဒသည် အားပြည့်အောင် အစာစားပြီးနောက် တစ်ရာသောမင်းတို့ကို ဖမ်းရန်ထွက်၏။ ထိုအခါ ရှေးဘဝကမိတ်ဆွေ ဘီလူးနှင့်တွေ့ပြီး ဘီလူးက "ပဒလက္ခဏ" မန္တန်ကို သင်ပေးလိုက်၏။ မန္တန်သည် ခွန်အား၊ လျင်မြန်ခြင်း၊ ဘုန်းတန်ခိုး၊ ကြောက်မက်ဖွယ်အသံတို့ကို ဖြစ်စေ၏။ ပေါရိသာဒသည် မန္တန်၏ အာနုဘော်ဖြင့် တစ်ရာသောမင်းတို့ကို ခုနစ်ရက်အတွင်းဖမ်း၍ လက်ဝါးကိုဖောက်ပြီး ညောင်ပင်၌ ချိတ်ဆွဲထား၏။ သုတသောမမင်းကိုမူ ဆရာဖြစ်သဖြင့် မဖမ်းဘဲထား၏။ ပေါရိသာဒသည် ဤမျှလောက်တော့ လူစိတ်ရှိသေး၏။ ပေါရိသာဒသည် မိမိ ဖမ်းထားသောမင်းတို့ဖြင့် ညောင်စောင့်နတ်ကိုပူဇော်ရန် မီးကိုမွေး၏။ တံစို့များကို ချွန်၏။

ထိုအခါ ညောင်ပင်စောင့်နတ်သည် ထိုမင်းတို့ဖြင့် ယဇ်မပူဇော်ရလေအောင် တားမြစ်ပေးဖို့ သိကြားမင်းထံသွား၍ တောင်းပန်၏။ "ပေါရိသာဒကို တကယ်တမ်းယဉ်ကျေးအောင် ဆုံးမနိုင်သူဟူ၍ ဤလောကတွင် သုတသောမမင်း တစ်ပါးတည်းသာ ရှိသဖြင့် သုတသောမမင်းကိုပါ ဖမ်းခိုင်းမှ ဖြစ်မည်" ဟူ၍ သိကြားမင်းက ညောင်ပင်စောင့်နတ်အား ညွှန်ကြား၏။ သိကြားမင်းညွှန်ကြားသည့်အတိုင်း သုတသောမမင်းကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဖို့ ညောင်ပင်စောင့်နတ်က ကိုယ်ထင်ပြ၍ ပေါရိသာဒအား ပြော၏။ ညောင်ပင်စောင့်နတ်ပြောသည့်အတိုင်း မိဂါဇိန်ဥယျာဉ်ရှိ မင်္ဂလာရေကန်၌ ရေချိုးထွက်လာချိန်တွင် သုတသောမမင်းကိုဖမ်းရန် ပေါရိသာဒသည် ဣန္ဒပတ္တနဂိုရ်ပြည်သို့သွား၍ မင်္ဂလာရေကန်၌ဆင်းပြီး ကြာရွက်များအောက်၌ ပုန်းနေ၏။ ဤနေ့တွင် ဖုသျှနက္ခတ်အရ သုတသောမမင်းသည် မင်္ဂလာရေကန်သို့ ဆက်ဆက်လာမည်ကို ပေါရိသာဒသိသဖြင့် ယခုကဲ့သို့ပုန်းအောင်း၍ စောင့်ခြင်းဖြစ်၏။ ပေါရိသာဒသည်လည်း နက္ခတ္တ ပါရဂူတစ်ယောက်ဖြစ်၏။

သုတသောမမင်းသည် မိဂါဇိန်ဥယျာဉ်ရှိ မင်္ဂလာရေကန်၌ ရေချိုးရန် ထွက်ကြွလာရာ အရှေ့တံခါး၌ နန္ဒပုဏ္ဏားနှင့် တွေ့၏။ နန္ဒပုဏ္ဏားကား တက္ကသိုလ်ပြည်မှ လာသူဖြစ်၏။ သူသည် ကဿပ မြတ်စွာဘုရားကိုယ်တိုင် ဟောကြားတော်မူခဲ့သော "သတာရဟ" ဂါထာလေးဂါထာကို သုတသောမမင်းအား ဟောကြားရန်လာခြင်းဖြစ်၏။ သတာရဟ ဂါထာဟူသည်မှာ တစ်ရာတန်သောဂါထာဟူ၍ ဖြစ်၏။ သုတသောမမင်းသည် "ယခုမင်္ဂလာရေကန်သို့ သွားမည်ဖြစ်သဖြင့် ယနေ့တရားမနာနိုင်သေးဘဲ နက်ဖြန်မှသာ တရားကိုနာယူပါမည်" ဟူ၍ပြောပြီး နန္ဒပုဏ္ဏားနှင့်ချိန်းဆို၏။ နန္ဒပုဏ္ဏားကိုလည်း ဆက်ဆက်စောင့်ရန် တောင်းပန်ပြီး နေရာထိုင်ခင်းနှင့် စားဖွယ်သောက်ဖွယ်များကို စီစဉ်ပေးလေ၏။ ထို့နောက် သုတသောမမင်းသည် မင်္ဂလာရေကန်သို့ ဆက်လက်ထွက်လာပြီး မင်္ဂလာရေကန်၌ ရေဆင်း၍ချိုး၏။ သုတသောမမင်းသည် ရေချိုးပြီး၍ အဝတ်စိုများကို လဲလှယ်ပြီးသည်နှင့် တစ်ပြိုင်နက် ပေါရိသာဒသည် "ငါ ပေါရိသာဒ"ဟူ၍ ဟစ်ကြွေးပြီး သုတသောမမင်းကိုထမ်း၍ ပြေးလေ၏။ မန္တန်၏အာနုဘော်ကြောင့် မည်သူမျှမလိုက်ရဲချေ။

"သတာရဟ လေးဂါထာကို နာယူရန် နန္ဒပုဏ္ဏားနှင့်ချိန်းထားသဖြင့် ကတိပျက်မည်စိုးသောကြောင့် တရားနာယူနိုင်ရန် မိမိကိုလွှတ်ပါ။ နက်ဖြန်တရားနာပြီး ပြန်လာပါမည်" ဟူ၍ သုတသောမမင်းက ပေါရိသာဒအား လမ်းခရီး၌ပင် မေတ္တာရပ်ခံ၏။ သို့ရာတွင် ပေါရိသာဒက သုတသောမမင်း၏ ကတိကိုမယုံကြည်သဖြင့် မလွှတ်။ "အကယ်၍ မိမိကတိအတိုင်း ပြန်မလာခဲ့သော် သံသရာတစ်လျှောက်လုံး ဘဝအဆက်ဆက်၌ မင်းဘဝသို့မရောက်ရပါစေသား" ဟူသော အဓိဋ္ဌာယ်မျိုးဖြင့် ကျိန်ဆိုသောအခါမှသာ ပေါရိသာဒသည် သုတသောမမင်းကို လွှတ်လိုက်၏။ သုတသောမမင်းကျိန်ဆိုစဉ် "သုတသောမမင်းသည် သာမညမင်းတို့မကျိန်ဆိုရဲသော ကျိန်စာကိုဆိုပေသည်၊ ငါ့ထံသို့ ပြန်လိုလည်းပြန်၊ မပြန်လိုလည်းနေစေ၊ ငါလည်း မင်းတစ်ပါးပင်၊ သူပြန်မလာသော် ငါ၏လက်မောင်းသွေးကို ထုတ်ယူ၍ ညောင်ပင်စောင့်နတ်မင်းအား ငါ၏ကတိအတိုင်း ယဇ်ပူဇော်တော့မည်"ဟူ၍ကြံစည်ပြီး လွှတ်လိုက်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သုတသောမမင်းသည် နန်းတော်သို့သွား၏။ နန္ဒပုဏ္ဏားထံမှ သတာရဟာဂါထာလေးဂါထာကို နာယူ၏။ ထို့နောက် နန္ဒပုဏ္ဏားအား တစ်ဂါထာလျှင် အသပြာတစ်ထောင်နှုန်းဖြင့် လေးထောင်ကိုပူဇော်၏။ ထို့နောက် သုတသောမမင်းသည် မိဘတို့ကိုရှိခိုးပြီး နန်းကိုအပ်ကာ ပေါရိသာဒ ထံပြန်လာ၏။ ပေါရိသာဒသည် သုတသောမမင်းမိမိထံပြန်လာသည်ကို မြင်သောအခါ များစွာအံ့သြ၏။ သုတသောမမင်းသည် သတာရဟာလေးဂါထာ၏ အာနုဘော်ကြောင့်သာ သေခြင်းကိုမကြောက်ဘဲ ယခုကဲ့သို့ပြန်လာခြင်းဖြစ်ရမည်ဟူ၍ တွေး၏။ သူလည်းသေခြင်းကိုမကြောက်သူ ဖြစ်လိုသဖြင့် သတာရဟာလေးဂါထာကို သူ့အားဟောကြားပါရန် တောင်းပန်၏။ ထိုအခါ သုတသောမမင်းက ပေါရိသာဒအား သတာရဟာ လေးဂါထာကို ဟော၏။

ပေါရိသာဒသည် သတာရဟာ လေးဂါထာကို သုတသောမမင်းထံမှ နာကြားပြီးသောအခါ တစ်ဂါထာလျှင် ဆုတစ်ဆုကျစီဖြင့် ဆုလေးဆုကို သုတသောမမင်းအားပေး၏။ ဆုလေးဆုကိုပေးသောအခါ သုတသောမမင်းက "သင်ပေးသည့်အတိုင်း ငါကတောင်းသော်လည်း သင်ပေးမှ ရမည်ဖြစ်၏။ အကယ်၍ ပေးမည်ဆိုပြီး မပေးပါက ပေးအောင်လုပ်နိုင်သူဟူ၍ ဤတွင်မရှိ။ ထိုကြောင့် ငါမယူလို" ဟူ၍ငြင်းပယ်၏။ သို့ရာတွင် ပေါရိသာဒက "တောင်းသာတောင်းပါ၊ တောင်းသည့်အတိုင်း အသက်ကိုစွန့်၍ပင်ပေးပါမည်" ဟူ၍ ကတိသစ္စာပြုပြီး ပြောဆိုသောအခါမှသာ ဆုလေးဆုကိုတောင်း၏။ သုတသောမမင်း တောင်းသောဆုတို့မှာ–

(၁) ပေါရိသာဒအသက်တစ်ရာရှည်စေရန်၊

(၂) ဖမ်းထားသောမင်းတို့ကို မစားရန်၊

(၃) သူတို့၏နိုင်ငံသို့ပြန်ပို့ရန်၊

(၄) မည်သည့်အခါမှလူသားကိုမစားရန်–

ဟူ၍ဖြစ်၏။ ပေါရိသာဒသည် ဆုလေးဆုအနက် ရှေ့ဆုသုံးဆုကို လွယ်ကူစွာပင်ပေး၏။ နောက်ဆုံးဆုကိုမူ အလွယ်တကူမပေးချေ။

သုတသောမမင်းက ပေါရိသာဒအား "အကယ်၍ အသက်ကိုပင်စွန့်ရစေကာမူ သင်တောင်းသောဆုကိုပေးမည် ဟုဆိုခဲ့ပြီးမှ ယခုငါတောင်းသော စတုတ္ထဆုကို မပေးခြင်းသည် သင်၏ကတိသစ္စာမတည်ခြင်းပင် ဖြစ်၏။ အမှန်အားဖြင့် ခန္ဓာကိုယ်နှင့် စည်းစိမ်ဥစ္စာယှဉ်လာလျှင် ခန္ဓာကိုယ်အတွက် စည်းစိမ်ဥစ္စာကို စွန့်ရ၏။ ခန္ဓာကိုယ်နှင့် အသက်ယှဉ်လာလျှင် အသက်အတွက် ခန္ဓာကိုယ်ကို စွန့်ရ၏။ အသက်နှင့်ကတိသစ္စာယှဉ်လာလျှင် ကတိသစ္စာအတွက် အသက်ကိုစွန့်ရ၏" ဟူ၍ တရားကိုဟောသောအခါမှသာ ပေါရိသာဒသည် "လူသားကိုမစားတော့ပါ" ဟူသော စတုတ္ထဆုကို ပေးလေ၏။ ထိုအခါ ပေါရိသာဒလည်း ငါးပါးသီလမြဲသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သုတသောမမင်းနှင့် ပေါရိသာဒတို့သည် မင်းများကို နှစ်ယောက်အတူသွား၍ လွှတ်ကြ၏။ ကျန်းမာအောင်ပြုစုကြ၏။ ထို့နောက် မင်းများကျန်းမာလာသောအခါ သုတသောမမင်းသည် ကျန်းမာသောမင်းများနှင့်အတူ ဗာရာဏသီပြည်သို့သွား၍ ပေါရိသာဒကို နန်းတင်၏။ ထို့နောင်မှ အခြားသောမင်းများသည်လည်း မိမိတို့၏ နိုင်ငံသို့ပြန်၍ မင်းပြုကြ၏။ သုတသောမမင်းသည်လည်း မိမိ၏နိုင်ငံ ဣန္ဒပတ္ထနဂိုရ်ပြည် သို့ပြန်၍ မင်းပြု၏။ သုတသောမမင်းသည် သူ၏ကြီးစွာသောဂုဏ်ကျေးဇူးတို့ကြောင့် "မဟာသုတသောမမင်း" ဟူ၍ ထင်ရှား၏။

ထိုအချိန်က ဇမ္ဗူဒိပ်မြေပြင်ရှိ တစ်ရာ့တစ်ပါးသော မင်းအားလုံးတို့သည် မဟာသုတသောမ မင်း၏ အဆုံးအမခံ၍ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မိမိတို့၏နိုင်ငံကို အုပ်ချုပ်ကြသည်ချည်း ဖြစ်လေ၏။

> လောကတွင် အချစ်ဆုံးဟူသည် မိမိကိုယ်သာလျှင် ဖြစ်၏။ သို့ဖြစ်လျှင် အချစ်ဆုံးအတွက် အကောင်းဆုံးကို လုပ်ပေးရ၏။ အချစ်ဆုံးအတွက် အကောင်းဆုံးဟူသည် မိမိ၏အကျိုးစီးပွားအတွက် လုပ်ခြင်းဖြစ်သည်ဟူ၍ ဆိုသူများက ဆိုကြ၏။ ထိုအဆိုအရ မိမိ၏အကျိုးစီးပွားအတွက်ဟူရာ၌ အခြားသူများ၏ အကျိုးစီးပွားမပါဝင်၊ ထို့ကြောင့် ပဋိပက္ခသဘောရှိ၏။ အချစ်ဆုံးအတွက် အကောင်းဆုံးဟူသည် လောက၏ အကျိုးစီးပွားအတွက် လုပ်ခြင်းဖြစ်သည်ဟူ၍ ဆိုသူများကလည်း ဆိုကြ၏။ ထိုအဆိုအရ လောက၏အကျိုးစီးပွား အတွက်ဟူရာ၌ မိမိ၏အကျိုးစီးပွား ပါဝင်၏။ ထို့ကြောင့် ပဋိပက္ခ သဘောမရှိ။

ထိုအုပ်စုနှစ်မျိုးတွင် ပေါရိသာဒသည် ပထမအုပ်စု၌ ပါဝင်၏။ မဟာသုတသောမ မင်းသည် ဒုတိယအုပ်စု၌ ပါဝင်၏။ ပေါရိသာဒ-က သူ၏အယူအရ သူသည် မိမိကိုယ်ကိုချစ်သူဖြစ်၏။ မိမိကိုယ်ကိုချစ်လျှင် မိမိကိုယ်၏ အလိုဆန္ဒကို ပြည့်ဝအောင် ဆောင်ရွက်ပေးရမည်ဖြစ်၏။ မိမိကိုယ်က လူသားစားခြင်းကိုနှစ်သက်၏။ ထို့ကြောင့် တရားသည် မတရားသည်ကို အရေးထားဖို့မလို။ လူသားစားရဖို့သာ အရေးကြီး၏။ ထို့ကြောင့် သူသည်လူသားစားခြင်းကို မည်သည့်အခါမှ စွန့်နိုင်မည်မဟုတ် ဟူ၍ ဆို၏။

မဟာသုတသောမမင်းကမူထိုသို့မဆို။ မဟာသုတသောမမင်း၏အယူအရ မိမိ၏ အချစ်ဆုံးဖြစ်သော မိမိကိုယ်အတွက် အကောင်းဆုံးဆောင်ရွက်ခြင်းဟူသည်မှာ လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်၏။ လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင် သစ္စာတရားအတိုင်း လိုက်နာကျင့်သုံးရ၏။ သုတသောမမင်း၏ အဆိုအရ စည်းစိမ်ဥစ္စာထက် ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများက ပို၍ချစ်ဖို့ကောင်း၏။ ခန္ဓာကိုယ် အင်္ဂါအစိတ်အပိုင်းများထက် အသက်ကပို၍ ချစ်ဖို့ကောင်း၏။ အသက်ထက် သစ္စာတရားက ပို၍ချစ်ဖို့ကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိမိ၏အချစ်ဆုံးဖြစ်သော မိမိအတွက် တကယ်တမ်းချစ်ရာရောက်အောင် အကောင်းဆုံးဆောင်ရွက်ခြင်းမှာ သစ္စာတရားနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၏။ မည်သည့် လုပ်ငန်းကိုမဆို သစ္စာတရားကို အထွတ်တင်ပြီးလုပ်လျှင် ထိုလုပ်ငန်းသည် လုပ၏။ မြတ်နိုးဖွယ်ဖြစ်၏။ အကယ်၍ နေကွမ္မကိုအုတ်မြစ်ခံပြီး သစ္စာကိုအထွတ်တင်လျှင် ထိုလုပ်ငန်းသည် ပါရမီဖြစ်၏။

ဟင်းချက်ရာတွင် ဟင်းအမယ်များကို တစ်သားတည်းဖြစ်အောင် ချက်ပါမှ ဟင်းအရသာပေါ်၏။ ဟင်းအရသာဟူသည် ဓမ္မသစ်ဖြစ်၏၊ ဓမ္မသစ်ဖြစ်ပါမှ အားသစ်ဖြစ်၏။ ဟင်းအမယ်များကို ရောနှောထားရုံမျှနှင့် ဓမ္မသစ်မဖြစ်၊ ဓမ္မသစ်မဖြစ်လျှင် ဟင်းအရသာမဖြစ်။ အောက်ဆီဂျင်ဓာတ်နှင့် ဟိုက်ဒြိုဂျင်ဓာတ်ကို သူ့အချိုးအတိုင်း တစ်သားတည်းဖြစ်အောင် ပေါင်းစပ်ပါမှ ရေဖြစ်၏။ ရေဟူသည် ဓမ္မသစ်မှအားသစ်ဖြစ်၏။ ယင်းဓာတ်နှစ်မျိုးကို ရောနှောထားရုံမျှနှင့် ရေမဖြစ်။ ရေသည်ဓမ္မသစ်ဖြစ်၏။ ဓမ္မသစ် ဖြစ်လျှင် အားသစ်ထွက်၏။ တူရိယာများကို တီးမှုတ်ရာ၌လည်း "သံစဉ်"များကို တစ်သားတည်းဖြစ်အောင် တီးမှုတ်နိုင်ပါမှ ဓမ္မသစ်ဖြစ်၏။ ဓမ္မသစ်ဖြစ်မှ အားသစ်ထွက်၏။

ထိုနည်းအတိုင်းပင် ဝစီကံနှင့် ကာယကံတို့ကို တစ်သားတည်းဖြစ်အောင် ကျင့်သုံးပါမှ သစ္စာဖြစ်၏။ သစ္စာဟူသည် ဓမ္မသစ်မှ အားသစ်ဖြစ်၏။ ဝစီကံနှင့် ကာယကံကို တစ်သားတည်းဖြစ်အောင်မလုပ်ဘဲ ရောနှောနေရုံမျှနှင့်တော့ သစ္စာမဖြစ်။ ဤသဘောကို ဒဿနအမြင်အရ "နိရဝယဝ" ဟူ၍ ဆိုရ၏။ "နိရဝယဝ" ဟူသည် အစိတ်အပိုင်းဟူ၍ မပေါ်လွင်တော့ဘဲ တစ်သားတည်းဖြစ်သွားခြင်း ဖြစ်၏။

အနုပညာအမြင်အရ "ရသ" ဟူ၍ဆိုရ၏။

ကိုယ်ကျင့်သိက္ခာအမြင်အရ "သစ္စာ" ဟူ၍ဆိုရ၏။

အမှန်အားဖြင့် နိရဝယဝ,ရသ,သစ္စာ ဟူသည်တို့သည် အသွင်သဏ္ဌာန်အားဖြင့်သာ ခြားနားခြင်းဖြစ်ကြ၏။ အနှစ်သာရအားဖြင့်မူ မခြားနား၊ အတူတူပင်ဖြစ်ကြ၏။ ထို့ကြောင့် ယင်းတို့သည် ဓမ္မသစ်အနေဖြင့် ထက်မြက်သောစွမ်းအင် ရှိကြခြင်းဖြစ်၏။

မဟာသုတသောမမင်းသည် ပေါရိသာဒနှင့်ဆက်ဆံရာ၌ အဓိကအားဖြင့် သစ္စာ၏ စွမ်းအားကိုသာ အသုံးပြု၏။ သူ၏သစ္စာစွမ်းအားကြောင့်သာ ပေါရိသာဒသည် လူရိုင်း ဘဝမှ လူယဉ်ဘဝသို့ ပြောင်းလဲသွားခြင်းဖြစ်၏။

ပေါရိသာဒသည် မိမိ၏တိုင်းနိုင်ငံကိုပင် စွန့်လွှတ်နိုင်သော်လည်း နောက်ဆုံး၌ သစ္စာကိုမစွန့်နိုင်သူ ဖြစ်လာရ၏။

ထို့ကြောင့်ပင် ပေါရိသာဒသည် မြတ်စွာဘုရားလက်ထက်တော်၌ အင်္ဂုလိမာလ မထေရ်အဖြစ်ဖြင့် ကျွတ်တမ်းဝင်သွားနိုင်ခြင်းဖြစ်၏။

ထို့ကြောင့် ဤလောက၌ မည်သူမဆို သစ္စာတရားကိုကိုင်စွဲပြီးသာ မိမိတို့ လုပ်ငန်းများကို လုပ်မည်ဆိုပါက မဟာသုတသောမမင်းလိုပင်

www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲသော လုပ်ငန်းများကို အောင်မြင်မည်ဖြစ်၏။ အကယ်၍ မအောင်မြင်လျှင်လည်း သစ္စာ၏စွမ်းအား ပမာဏမပြည့်သေး၍သာဖြစ်၏။ စွမ်းအား မရှိ၍ကားမဟုတ်။ ထို့ကြောင့် စွမ်းအားပမာဏကို လိုအပ်သော အတိုင်းအတာသို့ရောက်အောင် အားထုတ်အပ်၏။ စွမ်းအားပမာဏ ပြည့်မီလျှင် မုချအောင်မြင်မည်ဖြစ်ပါ၏။

အိန္ဒိယခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ ကြီးသည်လည်း သူ၏ ဘဝတစ်လျှောက်လုံး လုပ်ငန်းများကိုဆောင်ရွက်ရာ၌ သစ္စာ၏ စွမ်းအားကိုအသုံးပြု၍ ဆောင်ရွက်သည်ချည်းဖြစ်၏။ ထို့ကြောင့် သူ၏ဆောင်ရွက်နည်းကို သက္ကဋဝေါဟာရဖြင့် "သတျာဂြဟ" ဟူ၍ဆို၏။ သတျာဂြဟ၏အနက်မှာ သစ္စာတရားကို စွဲကိုင်ခြင်းဖြစ်၏။ ပါဠိဝေါဟာရဖြင့် ဆိုရလျှင် "သစ္စဂ္ဂါဟ" ဟူ၍ဖြစ်၏။

ဤနည်းကား ရှေးသူမြတ်တို့ အသုံးပြုသောနည်းဖြစ်၏။ တကယ်တမ်းမြင့်မြတ်သူ မှန်ပါလျှင် သစ္စာတရားကို စွဲကိုင်၍သာ မိမိတို့လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရိုးဖြစ်လေ၏။

ဤဇာတ်တော်၌ မဟာသုတသောမမင်းသည် ပေါရိသာဒကို ယဉ်ကျေးအောင် ဆုံးမရာ၌ သစ္စာကို ပဓာနပြု၍ အသုံးပြုသည်မှန်သော်လည်း အခြားပါရမီများကိုလည်း အထောက်အပံ့အနေဖြင့် အသုံးပြုသည်ပင်ဖြစ်၏။ အခြားပါရမီများ၏ ပံ့ပိုးမှုကို ရလေသောအခါ သစ္စာပါရမီသည် မိမိ၏အထွတ်အထိပ် စွမ်းအားကိုပြနိုင်လေ၏။ သစ္စာပါရမီကို အခြားပါရမီများက ပံ့ပိုးရာ၌-

မဟာသုတသောမမင်းသည် နန္ဒပုဏ္ဏားထံမှ သတာရဟလေးဂါထာကို နာကြားပြီး မိမိ၏အသက်ကိုစွန့်ရန် ပေါရိသာဒထံပြန်လာခြင်းသည် ဒါနပါရမီ၏ ပံ့ပိုးမှုဖြစ်၏။

မိမိအသက်ရှင်ရေးအတွက် အဓမ္မနည်းကိုအသုံးမပြုခြင်းသည် သီလပါရမီ၏ ပံ့ပိုးမှုဖြစ်၏။

တစ်စုံတစ်ရာ မျှော်ကိုးခြင်းကိုမပြုဘဲ တာဝန်အရဟူ၍ခံယူပြီး ဆောင်ရွက်ခြင်းသည် နေက္ခမ္မပါရမီ၏ ပံ့ပိုးမှုဖြစ်၏။

ပေါရိသာဒ၏ "အထာ"ကိုသိခြင်းသည် ပညာပါရမီ၏ ပံ့ပိုးမှုဖြစ်၏။

ပေါရိသာဒ၏ အကျိုးစီးပွား တစ်ခုတည်းကိုသာ ကြည့်ပြီး ပေါရိသာဒကို မယဉ်ကျေး-ယဉ်ကျေးအောင် ဆုံးမရန်ကြိုးပမ်းခြင်းသည် ဝီရိယ ပါရမီ၏ ပံ့ပိုးမှုဖြစ်၏။

တွေ့ကြုံသမျှသော အခက်အခဲများအားလုံးကို သည်းခံခြင်းသည် ခန္တီပါရမီ၏ ပံ့ပိုးမှုဖြစ်၏။

မိမိ၏ဆုံးဖြတ်ချက်အတိုင်း အားမလျှော့ဘဲ ကြံ့ကြံ့ခံခြင်းသည် အဓိဋ္ဌာန်ပါရမီ၏ ပံ့ပိုးမှုဖြစ်၏။

မိမိကိုလွှတ်လိုက်သည့်အတွက် ပေါရိသာဒအပေါ် ကျေးဇူးတင်၍ ထိုကျေးဇူးကို ဆပ်သောအားဖြင့် မေတ္တာစိတ်ကိုတိုး၍တိုး၍ ထားခြင်းသည် မေတ္တာပါရမီ၏ ပံ့ပိုးမှုဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသော ကောင်းကျိုး-ဆိုးပြစ်တို့၌ ရပ်တန့်မနေဘဲ လျစ်လျူရှုကာ မိမိ၏လုပ်ငန်းစဉ်အပေါ်၌ ကြည်ကြည်လင်လင် ရပ်တည်နိုင်ခြင်းသည် ဥပေက္ခာပါရမီ၏ ပံ့ပိုးမှုဖြစ်၏။

မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ ပါရမီ၏သဘောအရ ပါရမီဆယ်ပါးတို့တွင် ပါရမီတစ်ပါးက အကြီးအမှူးပြုပြီး ကျန်ပါရမီများက ပံ့ပိုးရ၏။ သို့မှသာ ထိုလုပ်ငန်းသည် အောင်မြင်မည်ဖြစ်၏။ အောင်မြင်မည်ဆိုသော်လည်း အရမ်း အောင်မြင်မည်မဟုတ်။ ပါရမီ၏ လိုအပ်သော ပမာဏအတိုင်းအတာကို ပြည့်အောင်ဖြည့်ဖို့လည်း လိုအပ်၏။ သို့မှသာ အောင်မြင်မည်ဖြစ်၏။ အမှန်အားဖြင့် ပါရမီသည် စွမ်းအားရှိသည်မှန်၏။ သို့ရာတွင် ပါရမီ၌ ကာလနှင့်ဒေသတို့၏ သဘောအရ အတိုင်းအတာပမာဏနှင့် အချိန်ကာလတို့ကိုလည်း ထည့်သွင်းရေတွက်ရန် လိုအပ်ပါ၏။

ပါရမီတို့၏ သဘောအရ ဤမဟာသုတသောမဇာတ်တော်၌ကား သစ္စာပါရမီက အကြီးအမှူးဖြစ်ပြီး ကျန်ပါရမီများက အထောက်အကူအနေဖြင့် ပံ့ပိုးကြ၏။ ထို့ကြောင့် မဟာသုတသောမမင်းသည် ပေါရိသာဒကို ယဉ်ကျေးအောင်ဆုံးမနိုင်ခြင်းဖြစ်ပါ၏။

❁❁❁❁❁❁

## အဓိဋ္ဌာန်ပါရမီ

"အဓိဋ္ဌာန်"ဟူသော ဝေါဟာရသည် "အဓိဋ္ဌာန" ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာသော မြန်မာပြုဝေါဟာရဖြစ်၏။ အဓိဋ္ဌာန၏ အနက်ကို ဆရာတော် "အရှင်ဇနကာဘိဝံသ" က သူ၏ ဗုဒ္ဓဝင်အမေးအဖြေစာအုပ်၌ "ဒါန-စသော ပါရမီကို စွဲစွဲမြဲမြဲ ဖွဲကောင်းကောင်းနှင့် ပြုလုပ်မည်ဟု ဆုံးဖြတ်ထားမှု၊ ဆုံးဖြတ်ထားသည့်အတိုင်း ပြုလုပ်မှုကို အဓိဋ္ဌာန်ဟုခေါ်၏။" ဟူ၍ ဖော်ပြထား၏။

လယ်တီဆရာတော်ဘုရားကြီးက သူ၏ ဥတ္တမပုရိသဒီပနီ၌ "စိတ်ပဋိညာဉ် မရွေ့ပြောင်းသည်ကား အဓိဋ္ဌာန်ပါရမီတည်း" ဟူ၍ အကျဉ်းအားဖြင့် ဆိုပါ၏။ အကျယ်အားဖြင့်ကား အဓိဋ္ဌာန်ပါရမီဟူသည် သဗ္ဗညုဗောဓိ, ပစ္စေကဗောဓိ, သာဝက ဗောဓိ-ဟူသော ဗောဓိသုံးမျိုးတို့၏ အခြေမူလသမ္ဘာရဖြစ်သော ဒါနမှု, သီလမှု, နေက္ခမ္မမှု, ပညာမှု- စသည်တို့၌ မရွေ့မယိုင် ကြံ့ခိုင်ခြင်းလက္ခဏာရှိ၏။ ယင်းတို့၏ ဆန့်ကျင်ဘက်ကို နှိမ်နင်းပယ်ရှားခြင်းကိစ္စရှိ၏။ ယင်းလုပ်ငန်းတို့၌ မတုန်မလှုပ်ဘဲ တည်မြဲသောအနေဖြင့် ထင်ရှား၏။ ယင်း ဒါနမှု, သီလမှု, နေက္ခမ္မမှု, ပညာမှု-စသည်တို့သည် အဓိဋ္ဌာန်၏ အနီးဆုံးအကြောင်းဖြစ်၏" ဟူ၍ဆို၏။

မြန်မာဝေါရအားဖြင့် အဓိဋ္ဌာန်ပါရမီဟူသည် ကောင်းသောလုပ်ငန်းများကို ပါရမီမြောက်အောင်ဆောင်ရွက်ရာ၌ ယင်းလုပ်ငန်းများ မပျက်ပြားသွားရလေအောင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်မာသော ဆုံးဖြတ်ချက်ချပြီး ထိုဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ခြင်းပင်ဖြစ်၏။ ထို့ကြောင့် အဓိဋ္ဌာန်ပါရမီဟူသည် ကျန်ပါရမီတို့ကို ဖြစ်မြောက်အောင် ပံ့ပိုးသောအားဖြင့် အားဖြည့်ပေးသော ပါရမီပင်ဖြစ်၏။

ပံ့ပိုးသောအားဖြင့် အားဖြည့်ခြင်းဟူသည်မှာ ထိုပါရမီတို့၏ ဆန့်ကျင်ဘက်များကို ဖယ်ရှားနှိမ်နင်းပေးခြင်း ဖြစ်၏။ ထို့ကြောင့် ကျန်ပါရမီများမရှိဘဲနှင့် အဓိဋ္ဌာန်ပါရမီဟူ၍ သီးခြားဖြစ်သည်မဟုတ်။ အဓိဋ္ဌာန်ဟူသည် နိုင်မာသောဆုံးဖြတ်ချက် ဖြစ်လေရာ နိုင်မာသောဆုံးဖြတ်ချက် မပါဝင်ဘဲနှင့်လည်း အခြားသောပါရမီများ ဖြစ်ပေါ်လာမည်မဟုတ်။ ထို့ကြောင့် ပါရမီအားလုံးတို့အတွက် မောင်းနှင်အားအဖြစ်ဖြင့် အဓိဋ္ဌာန်ပါရမီကို ယူရ၏။ အမှန်အားဖြင့် အဓိဋ္ဌာန်ပါရမီတည်းဟူသော မောင်းနှင်အားကြောင့်သာ ဒါန,သီလ စသော ပါရမီများသည် တရွေ့ရွေ့လှုပ်ရှားကြပြီး တဖြည်းဖြည်းရင့်ကျက်လာခြင်းဖြစ်လေ၏။

ကုသိုလ်ကောင်းမှုများကိုလုပ်ရာ၌ နိုင်မာသောဆုံးဖြတ်ချက်ဖြင့် မောင်းနှင်ပံ့ပိုးပေးပါမှသာ ယင်းကောင်းမှုသည် အထွတ်အထိပ်သို့လည်း ရောက်၏။ ပါရမီသဘောကိုလည်း ဆောင်၏။ လူတို့သည် ဒါနကို ဒြပ်ရှိအနေဖြင့်လည်း ပြုတတ်ကြ၏။ ဒြပ်မဲ့အနေဖြင့်လည်း ပြုတတ်ကြ၏။ ဒြပ်ရှိအနေဖြင့် ပြုခြင်းဟူသည်မှာ မိမိ၏ပစ္စည်းဥစ္စာကိုဖြစ်စေ မိမိ၏ကာယအားနှင့် ဉာဏအားကိုဖြစ်စေ လှူဒါန်းခြင်းဖြစ်၏။

မိမိ၏ပစ္စည်းဥစ္စာကိုလှူလျှင် "အာမိသဒါန" ဖြစ်၏။ မိမိ၏ကာယအားနှင့် ဉာဏအားကိုလှူလျှင် "ဓမ္မဒါန" ဖြစ်၏။ အမှန်အားဖြင့် ဒါန၏ အနှစ်သာရမှာ စွန့်လွှတ်ခြင်းနှင့် အနစ်နာခံခြင်းဖြစ်၏။

ပုထုဇဉ်တို့၏ ဓမ္မတာအတိုင်း စွန့်လွှတ်ရဖန်များလာသောအခါဖြစ်စေ၊ အနစ်နာခံရဖန်များလာသောအခါဖြစ်စေ၊ အလှူခံပုဂ္ဂိုလ်များ၌ စိတ်ကွက်စရာများကို တွေ့ကြုံရသောကြောင့်ဖြစ်စေ၊ ဒါယကာများဘက်က စိတ်ကွက်လာတတ်၏။ စေတနာပျက်လာတတ်၏။ ဤသို့ဖြစ်လာခြင်းသည် အဓိဋ္ဌာန်တည်းဟူသော မောင်းနှင်အားလျော့လာခြင်းပင်ဖြစ်၏။ မောင်းနှင်အားလျော့လာသည်နှင့်အမျှ ဒါန၏ အရှိန်သည်လည်း လျော့လာ၏။ မောင်းနှင်အား ရပ်သွားသည်နှင့်တစ်ပြိုင်နက် ဒါန၏အရှိန်သည်လည်း ရပ်သွားလေ၏။ ထိုအခါ ဒါနသည် ပါရမီဒါနမဟုတ်တော့။ သာမန်ဒါနသာ ဖြစ်လေတော့၏။

ထို့ကြောင့် ဒါနကို ပါရမီဒါနဖြစ်ရလေအောင် တကယ်တမ်း ဆောင်ရွက်တော့မည်ဆိုလျှင် စိတ်ကွက်စရာအကြောင်းများစွာကို တွေ့ကြုံရသော်လည်း ယင်းစိတ်ကွက်စရာများကို ကျော်လွှန်အောင်အားထုတ်ရ၏။ ယင်းစိတ်ကွက်စရာများသည် ဒါနပါရမီ၏ အန္တရာယ်များ ဖြစ်ကြ၏။ ယင်းအန္တရာယ်များကို ကျော်လွှန်နိုင်ဖို့လို၏။ ပယ်ရှားနိုင်ဖို့လို၏။ အန္တရာယ်များကို ကျော်လွှန်နိုင်ခြင်း, ပယ်ရှားနိုင်ခြင်းသည်ပင် အဓိဋ္ဌာန်ပါရမီဖြစ်၏။ ဒါန၏ အန္တရာယ်များကို အဓိဋ္ဌာန်ပါရမီက ဖယ်ရှားပေးပြီး ဒါနလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို ဖြောင့်ဖြူးအောင် ခင်းကျင်းပေးမှသာ ဒါနသည် သူ၏လမ်းအတိုင်း ပန်းတိုင်သို့ရောက်အောင် သွားနိုင်မည်ဖြစ်၏။ ပန်းတိုင်သို့ရောက်အောင်သွားနိုင်ပါမှလည်း ဒါနသည် ပါရမီမြောက်မည်ဖြစ်၏။ ဒါနကို ပါရမီမြောက်အောင် ဆောင်ရွက်ရာ၌ အဓိဋ္ဌာန်က လမ်းရှင်းပေးသကဲ့သို့ ဖြစ်၏။

ခန္တီက ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုဟူသမျှကို တွန်းလှန်ပေးသကဲ့သို့ ဖြစ်၏။ ဥပေက္ခာက ဒါနအနေဖြင့် မိမိ၏လမ်းကြောင်းအတိုင်း တည့်တည့်မတ်မတ်သွားရအောင် ဆောင်ရွက်ပေးရသကဲ့သို့ဖြစ်၏။ နေက္ခမ္မက ဒါနမှရရှိလာမည့် အကျိုးတရားဟူသမျှ၌ ဒါယကာအနေဖြင့် စိတ်ဝင်စားခြင်းမရှိဘဲ စွန့်လွှတ်ခြင်းနှင့် အနစ်နာခံခြင်းသက်သက်၌သာ စိတ်ဝင်စားအောင်ဆောင်ရွက်ပေး၏။ ထိုအခါ ဒါနသည် ပါရမီသဘောကို ဆောင်လေတော့၏။ ဤသို့ဆောင်ပါမှလည်း ဒါနသည် မြင့်မြတ်သူတို့၏ လုပ်ငန်း ဖြစ်နိုင်ပါ၏။ သို့မဟုတ်ပါက ဒါနသည် သူလိုငါလို သာမန်ပုဂ္ဂိုလ်တို့၏ လုပ်ငန်းသာဖြစ်ချေမည်။

သီလကိုဆောက်တည်ရာ၌လည်း ပါရမီသီလဖြစ်ရလေအောင် အဓိဋ္ဌာန်က ကျူးလွန်ဖွယ်များဖြစ်သော ဒုစရိုက်များနှင့် ဒုရာဇီဝများကို ကြံ့ကြံ့ခိုင်ခိုင် နှိမ်နင်းပေး၏။ ခန္တီက ဆွဲဆောင်မှုများကို ကြံ့ကြံ့ခံ၏။ ဥပေက္ခာက သီလအား မိမိလမ်းအတိုင်း ဖြောင့်ဖြောင့်သွားနိုင်အောင် တည့်မတ်ပေး၏။ ထိုအခါ သုစရိုက်နှင့် သမ္မာအာဇီဝကို ကျင့်သောအားဖြင့် ပါရမီသဘောကို ဆောင်လေ၏။

> အမှန်အားဖြင့် ဆုံးဖြတ်ချက်ခိုင်မာမှသာ မြင့်မြတ်သူများသည် မိမိတို့ တွေ့ကြုံရသော အခက်အခဲဟူသမျှကို ကျော်လွှားပြီး မိမိတို့ရည်ရွယ်ထားသည့် ပါရမီလမ်းအတိုင်း ဖြောင့်ဖြောင့်မတ်မတ် သွားနိုင်ကြ၏။ ထိုတွင် ဆုံးဖြတ်ချက်ခိုင်မာခြင်းသည် အဓိဋ္ဌာန်ပါရမီကြောင့် ဖြစ်၏။ ဖြောင့်ဖြောင့်တန်းတန်း ကိုယ့်လမ်းကိုယ်သွားနိုင်ခြင်းသည် ဥပေက္ခာပါရမီကြောင့်ဖြစ်၏။ မည်သည့်အကျိုးကိုမျှ မမျှော်ကိုးဘဲ စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ခြင်းသည် နေက္ခမ္မပါရမီ ကြောင့်ဖြစ်၏။

လောက၌ လူကောင်းဖြစ်စေ၊ လူဆိုးဖြစ်စေ၊ မည်သူမဆို ဓမ္မနှင့်အညီ လုပ်ကိုင်ဆောင်ရွက်လိုကြသည်ချည်း ဖြစ်၏။ “သူမတရား” ဟူ၍ မည်သူမျှအပြောမခံလိုကြ။ “သူတရားတယ်” ဟူ၍သာ အပြောခံချင်ကြသူချည်း ဖြစ်၏။ ဤသည်မှာ လူ့ဘဝ၏ ဗီဇဓမ္မတာဖြစ်၏။ လူ့ဘဝ၏ ဗီဇဟူသည် ကုသိုလ်ကံ၏အကျိုးတရားသာဖြစ်၏။ သို့ရာတွင် ကောင်းသောလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိမိအဆင့်အရ မက်မောလောက်ဖွယ်ကို မတွေ့သေးလျှင် ထိုက်တန်သလောက် အနစ်နာခံနိုင်ကြသော်လည်း မက်မောလောက်သော အခွင့်အရေးများနှင့် ကြုံတွေ့ရသောအခါ မိမိဘက်က အသာမရလျှင် ရအောင်ယူတတ်ကြ၏။

ဤသည်မှာ မိမိတို့၏စိတ်ဓာတ် မခိုင်မာမှုကြောင့်ဖြစ်၏။ စိတ်ဓာတ်မခိုင်မာလျှင် ဆုံးဖြတ်ချက်လည်း မခိုင်မာချေ။ ဆုံးဖြတ်ချက်မခိုင်မာခြင်းသည် အဓိဋ္ဌာန်ပါရမီ

www.burmeseclassic.com

www.burmeseclassic.com



ပျက်ပြားခြင်းပင်ဖြစ်၏။ အဓိဋ္ဌာန်ပါရမီ ပျက်ပြားလျှင် ရရှိမည့်အကျိုးတရား၏ ဆွဲဆောင်မှုကိုမတွန်းလှန်နိုင်။ ထိုအခါ မူလက မိမိရည်ရွယ်ထားသည့်အတိုင်း လုပ်ငန်းကို အပြီးသတ်အောင် မဆောင်ရွက်နိုင်တော့ဘဲ မိမိ၏မူလရည်ရွယ်ချက်မှ သွေဖည်သွားလေ၏။ ထိုအခါ လုပ်ငန်းနှင့်ပတ်သက်၍ ရရှိမည့်အကျိုးတရားကို မရလျှင် ရသည့်နည်းဖြင့် ရအောင်ကြိုးစားတော့၏။ ယှဉ်ဖက်များကို နင်းမှရမည်ဆိုလျှင်လည်း နင်းတော့၏။ အထက်လူကြီးများကို ခစားမှရမည်ဆိုလျှင်လည်း နည်းမျိုးစုံဖြင့်ခစားတော့၏။ ထိုအခါ လုပ်ငန်းပြီးမြောက်အောင်မြင်ရေးသာ ပဓာနဟူသော မိမိ၏မူလရည်ရွယ်ချက် နေက္ခမ္မသည် ပျက်လေတော့၏။ ထို့ကြောင့် နေက္ခမ္မပျက်ပြားခြင်းသည်လည်း အဓိဋ္ဌာန်ပါရမီအပေါ်၌ တာဝန်ရှိလေ၏။ သို့ဖြစ်လေရာ နေက္ခမ္မပါရမီဖြစ်မြောက်ရေး၌လည်း အဓိဋ္ဌာန်ပါရမီသည် များစွာပြဋ္ဌာန်း၏။ အမှန်အားဖြင့် မည်သည့်ကောင်းမှုကိုလုပ်သည်ဖြစ်စေ ဆုံးဖြတ်ချက် ခိုင်မာခြင်းတည်းဟူသော အဓိဋ္ဌာန်ပါရမီ မပျက်စီးပါမှလည်း မည်သည့်အကျိုးကိုမျှ မျှော်ကိုးခြင်းမရှိဘဲ တာဝန်အရ စေတနာသန့်သန့်ဖြင့် လုပ်ခြင်းတည်းဟူသော နေက္ခမ္မပါရမီသည် ဖြစ်နိုင်၏။

ထိုနည်းအတူပင် ပညာပါရမီကို ဖြည့်ကျင့်ရာ၌ဖြစ်စေ၊ ဝီရိယပါရမီကို ဖြည့်ကျင့်ရာ၌ဖြစ်စေ၊ ခန္တီပါရမီကိုဖြည့်ကျင့်ရာ၌ဖြစ်စေ၊ သစ္စာပါရမီကို ဖြည့်ကျင့်ရာ၌ဖြစ်စေ၊ မေတ္တာပါရမီကို ဖြည့်ကျင့်ရာ၌ဖြစ်စေ၊ ဥပေက္ခာပါရမီကို ဖြည့်ကျင့်ရာ၌ဖြစ်စေ ထိုထိုပါရမီဟူသမျှတို့သည် ခိုင်မာသောဆုံးဖြတ်ချက်အပေါ်၌ တည်သည်ချည်းဖြစ်၏။ ခိုင်မာသော ဆုံးဖြတ်ချက်ဟူသည်လည်း အဓိဋ္ဌာန်ပါရမီပင်ဖြစ်၏။ ထို့ကြောင့် ဆုံးဖြတ်ချက် မခိုင်မာလျှင် မည်သည့်လုပ်ငန်းမျိုးမဆို ဆန့်ကျင်ဘက်အကြောင်းတရားများနှင့် တွေ့ကြုံလျှင် ပျက်တတ်ချေ၏။

လောကဖြစ်စဉ်ဟူသမျှ၌ ဆန့်ကျင်ဘက်အကြောင်းတရားများ ဟူသည်မှာလည်း ဓမ္မတာအားဖြင့် ပေါ်ပေါက်မြဲပင်ဖြစ်၏။ ဘုရားဖြစ်ကာနီး၌ မာရ်နတ်ကဖျက်၏။ ဘုရားအလောင်းတော်ဘဝများ၌ ဒေဝဒတ်အလောင်း၏ ဘဝများက ဆန့်ကျင်ဘက် ပြု၏။ ဤသည်မှာ သက်ရှိနှင့်ပတ်သက်၍ ထင်ရှားသောသာဓကများဖြစ်၏။ ဓမ္မနှင့် ပတ်သက်လျှင်လည်း ကုသိုလ်ကို အကုသိုလ်ကဆန့်ကျင်၏။ ထို့ကြောင့် ဆန့်ကျင်ဘက် ရှိခြင်းသည် လောက၏ ဓမ္မတာဖြစ်၏။ ဆန့်ကျင်ဘက်မရှိခြင်းသည်သာ လောကုတ္တရာ ဓမ္မတာဖြစ်၏။

ထို့ကြောင့် လောကုတ္တရာဓမ္မတာအရ ဆန့်ကျင်ဘက်အစုံတရားများ မရှိရလေအောင် အကုသိုလ်ကိုလည်း ပယ်ရ၏။ ကုသိုလ်ကိုလည်း ပယ်ရ၏။ ကုသိုလ်လည်း လောကဓမ္မတာ၌ဝင်၏။ ထို့ကြောင့် ဆန့်ကျင်ဘက်ရှိ၏။ အကုသိုလ်လည်း လောကဓမ္မတာ၌ဝင်၏။ ထို့ကြောင့် ဆန့်ကျင်ဘက်ရှိ၏။ ဆန့်ကျင်ဘက်မရှိပါမှ လောကုတ္တရာဓမ္မ ဖြစ်ပေ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ အမှန်အားဖြင့် ပါရမီဟူသည်ကား ဆန့်ကျင်ဘက်များမရှိရာ လောကုတ္တရာစမ္မသို့ ဦးတည်သောလုပ်ငန်းများ ဖြစ်၏။

အမျိုးသားရေးအတွက် မိမိတို့၏ ဘ၀ကိုစတေးပြီး အနစ်နာခံကြသော မြင့်မြတ်သူများကို မကြာခဏတွေ့ရပါ၏။ မိမိတို့ဘ၀ကိုစတေးခြင်း ဟူသည်မှာ ဒါန ပါရမီသဘောသို့ သက်ဝင်၏။ ဒါနသည် ပါရမီသဘောသို့ သက်ဝင်သဖြင့်လည်း ကြီးမြတ်သောအကျိုးတရားများကို ပေးတတ်၏။

ကြီးမြတ်သောအကျိုးတရားများတွင် ပစ္စည်းဥစ္စာရရှိခြင်း "လာဘ"၊ ရိုသေ လေးစားမှုခံရခြင်း "သက္ကာရ"၊ ထင်ပေါ်ကျော်ကြားခြင်း "သိလောက" တို့သည် ထင်ရှားကြ၏။

အမျိုးသားရေးအတွက် တကယ်တမ်းသာ အနစ်နာခံပြီး ဆောင်ရွက်ပါက တစ်ခုသောနေ့တွင် ဆောင်ရွက်ကြသူများထံသို့ ဖော်ပြပါ ကြီးမားသော အကျိုးတရား များသည် မလွဲမသွေ ရောက်လာမည်ဖြစ်၏။ ထိုအကျိုးတရားများကား အသွင်အားဖြင့် ကောင်းသော်လည်း အနစ်သာရအားဖြင့် မကောင်း။ အမှန်အားဖြင့် ထိုအကျိုးတရား များသည် မာရ်နတ်၏ ဘက်တော်သားများ ဖြစ်ကြ၏။ ပါရမီ၏ အန္တရာယ်များ ဖြစ်ကြ၏။

**ပါရမီရှင်ဟုတ်မဟုတ် စမ်းသပ်ခြင်း**

အမျိုးသားရေးအတွက် တကယ်ဘမ်း ကိုယ်ကျိုးကိုစွန့်ပြီး အနစ်နာခံဆောင်ရွက်သူသည် ပါရမီရှင်ဟုတ် မဟုတ် စမ်းသပ်ရန် မာရ်နတ်၌ တာဝန်ရှိ၏။ ပါရမီရှင်မဟုတ်လျှင် ကိစ္စမရှိ။ ပါရမီရှင်ဟုတ်ပါက တားဆီးရန် မာရ်နတ်၌ တာဝန်ရှိ၏။ မာရ်နတ်၏တာဝန်ကား လောကုတ္တရာသို့ဦးတည်သော ဆောင်ရွက်ချက်ဟူသမျှကို ဖျက်ဆီးရန်ဖြစ်၏။ ထို့ကြောင့် မာရ်နတ်က သူ၏လက်နက်များဖြင့် စမ်းသပ်လိုက်ခြင်းဖြစ်၏။ သူ၏လက်နက်များ ဟူသည်မှာ ကာမဂုဏ်များပင်ဖြစ်၏။ ကာမဂုဏ်များတွင် အထက်ဖော်ပြပါအတိုင်း ပစ္စည်းဥစ္စာ ရရှိမှု၊အရိုအသေခံရမှုနှင့် ထင်ပေါ်ကျော်ကြားမှုတို့သည် အထင်ရှားဆုံး ဖြစ်ကြ၏။ ယင်းကို မာရ်နတ်၏ "ပထမတပ်မ" ဟူ၍ ကျမ်းဂန်များ၌ ဆို၏။ ပထမတပ်မတွင် မက်မောစရာများသာမက ကြောက်စရာများလည်းပါ၏။

မြင့်မြတ်သူများအနေဖြင့် မာရ်နတ်၏ ပထမတပ်မနှင့် တွေ့ဆုံရသောအခါ အရေးကြီးဆုံးလုပ်ငန်းမှာ ထိုတပ်မ၌ မိမိတို့ကျဆုံးမသွားရအောင် ပြန်လည်တွန်းလှန်ဖို့ ဖြစ်၏။ ပြန်လည်တွန်းလှန်ရာတွင် မိမိ၏အမျိုးသားရေးလုပ်ငန်း မပျက်ပြားသွားရ လေအောင် ခိုင်မာသောဆုံးဖြတ်ချက် ပြိုကွဲမသွားဖို့လို၏။ ခိုင်မာသောဆုံးဖြတ်ချက် ပြိုကွဲမသွားပါမှ ကာမဂုဏ်များ၏ ဆွဲဆောင်မှုကို တွန်းလှန်နိုင်သော ခန္တီက လာနိုင်၏။ ခန္တီလာပါမှ မိမိ၏မူလရည်မှန်းချက်အတိုင်း မကောက်မကွေ့ဘဲ ဖြောင့်ဖြောင့်မတ်မတ် သွားနိုင်မှ ဥပေက္ခာက လာနိုင်၏။ ထိုအခါမှသာ ကာမဂုဏ်တို့၌ မမက်မောခြင်း= နေက္ခမ္မက လာပေလိမ့်မည်။ နေက္ခမ္မလာလျှင် မက်မောစရာများနှင့် တွေ့ကြုံရသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မတာအရ မက်မောသော်လည်း ယင်းတို့၌ မက်မောတွယ်တာကာ ရပ်တန့်မနေဘဲ မိမိ၏လုပ်ငန်းကို ပန်းတိုင်သို့ ရောက်သည်အထိ ဆောင်ရွက်နိုင်ပေမည်။

ကြောက်မက်ဖွယ်ရာ အန္တရာယ်များနှင့် တွေ့ကြုံရသောအခါ ဓမ္မတာအရ ကြောက်သော်လည်း ရည်မှန်းချက် ခိုင်မာမှုကြောင့် ကြောက်မနေအားဘဲ မိမိ၏ လုပ်ငန်းကိုသာ ပြီးဆုံးသည်တိုင်အောင် ဆောင်ရွက်နိုင်ပေမည်။ ဤသို့ဆောင်ရွက်နိုင်ပါမှလည်း မာရ်နတ်၏စမ်းသပ်ချက်ကို အောင်မြင်စွာကျော်လွန်နိုင်သော မြင့်မြတ်သူ စစ်စစ် ဖြစ်မည်ဖြစ်၏။ မြင့်မြတ်သူစစ်စစ်ဖြစ်ပါမှလည်း အမျိုးသားရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်၏။ အမျိုးသားရေးကို သစ္စာမဖောက်သူ ဖြစ်မည်ဖြစ်၏။

လောကဓမ္မတာအားဖြင့်လည်း မည်သည့်လုပ်ငန်းဖြစ်စေ လုပ်ငန်းတစ်ခုအတွက် ဆောင်ရွက်ရန်တာဝန်ပေးရာ၌ အရည်အချင်းစစ်စာမေးပွဲသည် ရှိမြဲဖြစ်၏။ စာမေးပွဲဖြင့် စစ်ဆေးခြင်းကို အောင်မြင်ပါမှသာ ဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ရန် တာဝန်ပေးခြင်းကို ထိုက်ထိုက်တန်တန် ခံရမည်ဖြစ်၏။ အမျိုးသားရေးအတွက် တကယ်တမ်း သက်စွန့်ကြိုးပမ်းဆောင်ရွက်သူများကိုလည်း မာရ်နတ်က စာမေးပွဲစစ်သည်ပင်ဖြစ်၏။ မာရ်နတ်က စစ်သောစာမေးပွဲမှာ ကာမဂုဏ်စာမေးပွဲဖြစ်၏။ ထိုစာမေးပွဲကို အောင်မြင်ကြသူများမှာ မိမိတို့၏ ဆုံးဖြတ်ချက်ကို အဓိဋ္ဌာန်ပါရမီမြောက်အောင် ခိုင်ခိုင်မာမာထားနိုင်သူများသာ ဖြစ်ကြ၏။ အမှန်အားဖြင့် မိမိတို့၏ ဆုံးဖြတ်ချက်ကို အဓိဋ္ဌာန်ပါရမီမြောက်အောင်သာ ခိုင်ခိုင်မာမာထားနိုင်ပါလျှင် ကျန်ပါရမီများသည် သူ့လုပ်ငန်းနှင့်သူ ချောမောအောင်မြင်သွားကြမည်ဖြစ်၏။

ထို့ကြောင့် အဓိဋ္ဌာန်ပါရမီသည် အများအကျိုးပြုလုပ်ငန်း၌ အခြေခံအနေဖြင့် အရေးကြီး၏။ အကယ်၍ အဓိဋ္ဌာန်သာ အင်အားပြည့်ဖြစ်ပါက လိုအပ်သောအကျိုးကို တောင့်တ၍ ရ၏။ သစ္စာစွမ်းသကဲ့သို့ အဓိဋ္ဌာန်လည်းစွမ်းလေ၏။

**သမိုင်းကို ထာဝစဉ်လိမ်၍မရ**

လာဘ်လာဘနှင့်တွေ့သောအခါ ရှောင်နိုင်သူရှား၏။ ထို့ကြောင့် အများအကျိုးကို ဦးလည်မသုန်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားသူများသည် လာဘ်လာဘကို ကြီးစွာ သတိထားရ၏။ လာဘ်လာဘသည် အသွင်အမျိုးမျိုးဖြင့် ဝင်လာတတ်၏။ လာဘ်လာဘသည် မိမိဝင်လာခြင်း၌ အကြောင်းပြချက် အမျိုးမျိုးရှိ၏။ လာဘ်လာဘကား မာရ်နတ်၏ တပ်မှုဖြစ်သည်ကို အစဉ်သတိရှိဖို့လို၏။ အစဉ်သတိမရှိလျှင် လာဘ်လာဘ၌ ကျဆုံးဖို့သေချာ၏။

ထို့အပြင် အများ၏ ရိုသေလေးစားမှုနှင့် တွေ့ရလျှင်လည်း ယင်း၌သာယာတတ်၏။ မက်မောတတ်၏။ တွယ်တာတတ်၏။ အမှန်အားဖြင့်လည်း အများရိုသေမှုကိုခံရသော ခေါင်းဆောင်ဟူသောအဆင့်သည် များစွာပင်မက်မောဖွယ်ဖြစ်ပါ၏။ တကယ်တမ်း မြင့်မြတ်သူများမှတစ်ပါး အခြားသူများသည် အရိုအသေခံရမှု၌ နစ်မြှုပ်တတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အရှိအသေခံရမှု၌ နှစ်ခြိုက်ပါက မာရ်နတ်၏ ပထမတပ်မ၌ ကျဆုံးသည်ပင် ဖြစ်၏။

ထို့ပြင် ထင်ပေါ်ကျော်ကြားမှုနှင့် တွေ့ရလျှင်လည်း ခံနိုင်သူရှား၏။ ယင်းသည်လည်း မာရ်နတ်၏ တပ်မပင်ဖြစ်၏။ ထင်ပေါ်ကျော်ကြားမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်မှသာ မိမိတို့၏ မူလရည်မှန်းချက်အတိုင်း အများအကျိုးပြုလုပ်ငန်းကို အမှန်အကန် ဆောင်ရွက်နိုင်မည် ဖြစ်၏။ အမှန်အကန်ဆောင်ရွက်ခြင်း ဟူသည်မှာ မိမိတို့၏ လုပ်ငန်းကို မျက်ခြည် ပြတ်မခံခြင်းပင်ဖြစ်၏။ လာဘ်လာဘ လာသည်ဖြစ်စေ၊ မလာသည် ဖြစ်စေ၊ လာဘ်လာဘကို လှည့်မကြည့်။ အကယ်၍ လှည့်ကြည့်လျှင်လည်း အသုံးပြုစရာ ယာဉ်အဖြစ်သာ ကြည့်၏။ ခရီးဆုံးပန်းတိုင်အဖြစ် မကြည့်။ မိမိတို့၏ လုပ်ငန်း အောင်မြင်ရေးကိုသာ ခရီးဆုံးပန်းတိုင်အဖြစ် ကြည့်ကြ၏။

ထိုနည်းအတူ အရှိအသေခံရမှုနှင့် ထင်ပေါ်ကျော်ကြားမှုများကိုလည်း မိမိတို့၏ လုပ်ငန်းအောင်မြင်ရေးအတွက် အသုံးချကိရိယာများအဖြစ်သာ ကြည့်ကြ၏။ မက်မောတွယ်တာစရာကောင်းသော ပန်းတိုင်များအဖြစ် မကြည့်ကြ။

ထိုသို့မကြည့်ပါမှလည်း မိမိတို့၏လုပ်ငန်းကို ရေဆုံးရေဖျားတိုင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်၏။ သို့မဟုတ်ပါက မိမိတို့၏ လုပ်ငန်းသည် လမ်းခုလတ်၌ ခါးပြတ်သွားပေလိမ့်မည်။ ထိုအခါ မိမိတို့သည်လည်း အများအကျိုးကို ဆောင်ရွက်လိုသူများ ဖြစ်လိုကြပါလျက် တကယ်တမ်း မဆောင်ရွက်နိုင်သူများ ဖြစ်သွားကြပေလိမ့်မည်။ ထိုအခါသမိုင်းက ထိုပုဂ္ဂိုလ်မျိုးကို မြင့်မြတ်သူများအဖြစ် မှတ်တမ်းမတင်ဘဲ လူယုတ်မာများ အဖြစ်လည်းကောင်း၊ ဘဝသစ္စာဖောက်သူများအဖြစ်လည်းကောင်း မှတ်တမ်းတင်ပေလိမ့်မည်။ အမှန်အားဖြင့် သမိုင်းကို ထာဝစဉ်လိမ်၍မရ။ သမိုင်း၌ အဝိဇ္ဇာလွှမ်းမိုးခိုက်သာ လိမ်၍ရ၏။ သမိုင်း၌ ဝိဇ္ဇာရှိသေး၏။ ဝိဇ္ဇာက အဝိဇ္ဇာကို ပယ်သတ်နိုင်သောနေ့တွင် သမိုင်း၌ "အလိမ်"သည် ပေါ်လေ၏။

**လောကဓံရှစ်ပါးနှင့် မာရ်နတ်**

မာရ်နတ်၏တပ်မ ၁၀ တပ်ကို အကျဉ်းချုံးပြီး မင်္ဂလသုတ်၌ လောကဓံရှစ်ပါးအဖြစ် ဖော်ပြထား၏။ ထို့ကြောင့် မာရ်နတ်၏တပ်မတွင် တပ်မက်စရာများလည်း ပါ၏။ ကြောက်ရွံ့စရာများလည်းပါ၏။ သို့ဖြစ်ရာ လူဟူသည် ဓမ္မတာအရ လောကဓံရှစ်ပါးကို မလွဲမသွေ တွေ့ကြုံရမည်ဖြစ်ရာ ထိုလောကဓံရှစ်ပါးကိုပင် အရင်းအနှီးပြု၍ လောကလူသားများ အတွက် အကောင်းကိုလည်းပြုနိုင်၏။ အဆိုးကိုလည်းပြုနိုင်၏။ အရင်းအနှီးပြုစရာ လောကဓံရှစ်ပါးကား မပြောင်းလဲ၊ လောကဓံရှစ်ပါး တစ်မျိုးတည်းပင်ဖြစ်၏။ အရင်းအနှီးပြုသူများကသာ ပြောင်းလဲကြ၏။ ထိုသို့ပြောင်းလဲကြရာတွင် လူ၏ပင်ကို ပကတိမူလဇီဝသည် ပဋိသန္ဓေအားဖြင့်မှု ကုသလစိပါက်ချည်းသာ ဖြစ်ကြ၏။ သိပ်ပြီး ထူးခြားမှုမရှိလှ။ ထူးခြားမှုရှိသည်ဆိုလျှင်လည်း ဒွိဟိတ်နှင့်တိဟိတ်လောက်သာ ထူးခြားမည် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ပါလျှက် လောကဓံကိုအရင်းအနှီးပြုရာ၌မူ လက်တွေ့အားဖြင့် များစွာထူးခြား၏။ အမှန်အားဖြင့် လူဟူသည် မည်သူမဆို ပဋိသန္ဓေသဘောအရ မိမိကအနစ်နာခံပြီး အများ၏အကျိုးစီးပွားကိုဆောင်ရွက်လိုသူချည်း ဖြစ်ကြပါ၏။ သို့ရာတွင် ပဝတ္တိသဘောအရ လက်တွေ့အားဖြင့်မူ အများအကျိုးနှင့် မိမိအကျိုးယှဉ်လာလျှင် မိမိအကျိုးကို ဦးစားပေး ဆောင်ရွက်မိကြ၏။

ထိုသို့ဖြစ်ခြင်းမှာ မိမိ၏ဆုံးဖြတ်ချက် အဓိဋ္ဌာန်မခိုင်မာသောကြောင့်ဖြစ်၏။ ထို့ကြောင့် ဆုံးဖြတ်ချက်မခိုင်မာလျှင် လုပ်ချင်သည်ကတစ်ခြား၊ လုပ်မိသည်ကတစ်ခြား ဖြစ်တတ်၏။ အကယ်၍ ပဋိသန္ဓေသဘောအရ လုပ်ချင်သည့်အတိုင်း ပဝတ္တိသဘောအရ လုပ်ဖြစ်ပါက ထိုသို့လုပ်ဖြစ်ခြင်းသည်ပင် အဓိဋ္ဌာန်ပါရမီဖြစ်ပါ၏။ အဓိဋ္ဌာန်ပါရမီနှင့် စပ်၍ ဖော်ပြထားသော ပိဋကစာပေများတွင် မဟာနိပါတ်၊ တေမိယဇာတ်တော်ကြီးသည် များစွာထင်ရှား၏။

**တေမိယဇာတ်တော်**

တေမိယဇာတ်တော်ကြီး၌ တေမိယမင်းသား၏ ဖြစ်ရပ်များကို ဤသို့ဖော်ပြထား၏။ ကာသိတိုင်း၊ ဗာရာဏသီပြည်၌ ကာသိကရာဇ်မင်းကြီးသည် စိုးစံတော်မူ၏။ သူ၏မိဖုရားကြီးမှာ စန္ဒာဒေဝီဖြစ်၏။ မင်းမိဖုရားနှစ်ပါးလုံးပင် တရားနှင့်အညီ ကျင့်ကြံနေထိုင်သူများဖြစ်ကြ၏။ သို့ရာတွင် သူတို့၌ သားသမီးရတနာ မထွန်းကားချေ။ ထို့ကြောင့် ဗာရာဏသီပြည်၌ နန်းဆက်ပြတ်မည့်သဘောသည် ထင်လာ၏။ ထိုခေတ်ယဉ်ကျေးမှုအရ သားသမီး မထွန်းကားခြင်းသည် မင်း၌တာဝန်ရှိ၏။ ထို့ကြောင့် ပြည်သူပြည်သားများသည် နန်းရင်ပြင်၌ စုဝေးကြပြီးလျှင် သားရတနာထွန်းကားအောင် ဆောင်ရွက်ရန် မင်းကြီးအား ဟစ်ကြွေးလျှောက်ထားကြကုန်၏။ ထိုအခါ ကာသိကရာဇ်မင်းကြီးသည် ပြည်သူ ပြည်သားများ၏ ဆန္ဒအတိုင်း စန္ဒာဒေဝီမိဖုရားကြီးအား သားရတနာထွန်းကားအောင် ကျင့်ကြံအားထုတ်ရန် မိန့်ကြား၏။ မိဖုရားကြီးသည်လည်း မင်းကြီး၏အမိန့်တော်အတိုင်း သားရတနာ ရပါစေခြင်းငှာ ရှစ်ပါးသီလကို စောင့်သုံးပြီး သစ္စာပြု၏။

စန္ဒာဒေဝီမိဖုရားကြီး ပြုလိုက်သော သစ္စာ၏အာနုဘော်ကြောင့် စန္ဒာဒေဝီ မိဖုရားကြီး၌ သားရတနာထွန်းကားရန် သိကြားမင်းသည် တာဝန်အရ လုံ့လစိုက်ရတော့၏။ ထိုစဉ် တာဝတိံသာနတ်ပြည်၌ အလောင်းတော်နတ်သားသည် စုတေခါနည်းဖြစ်၏။ အလောင်းတော်နတ်သားအား စန္ဒာဒေဝီ မိဖုရားကြီး၏ဝမ်း၌ ပဋိသန္ဓေယူရန် သိကြားမင်းက တိုက်တွန်း၏။ နတ်သားငါးရာတို့လည်း အလောင်းတော်နတ်သား၏ အခြွေအရံများအဖြစ် အမတ်များ၏အိမ်၌ ပဋိသန္ဓေယူကြရန် သိကြားမင်းက တိုက်တွန်း၏။ သိကြားမင်း၏ တိုက်တွန်းချက်အရ အလောင်းတော်နတ်သားနှင့်အတူ နတ်သားငါးရာ တို့သည် မိဖုရားကြီးနှင့်တကွ ဆိုင်ရာဆိုင်ရာ အမတ်ငါးရာတို့၏ အိမ်၌ ပဋိသန္ဓေ ယူကြကုန်၏။ အချိန်တန်၍ ဖွားမြင်သောအခါ အလောင်းတော်မင်းသားနှင့် အခြွေအရံ ဖွားဖက်တော် အမတ်သားများ ဖွားမြင်သောထိုနေ့၌ ဗာရာဏသီပြည်တွင် မိုးရွာ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းနှင့်တကွ ပြည်သူပြည်သားများသည်လည်း မိမိတို့အလိုအလျောက် ပျော်မြူးကြ၏။ ဗာရာဏသီပြည်သူပြည်သားများကို မိုးရေနှင့်ပီတိရေတို့ဖြင့် ဆွတ်ဖျန်းခိုက်၌ ဖွားမြင်သည် ဖြစ်သောကြောင့် မင်းကြီးသည် မိမိ၏သားတော်ကို "တေမိယ" ဟူ၍ ကိုယ်တော်တိုင် အမည်မှည့်တော်မူ၏။ တေမိယ ၏အနက်မှာ "ဆွတ်ဖျန်းခြင်း" ဟူ၍ဖြစ်၏။

တစ်လသားအရွယ်တွင် တေမိယ မင်းသားသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ် ရခြင်းနှင့် ပတ်သက်၍ သံဝေဂဖြစ်ရပ်တစ်ခုကို မျက်ဝါးထင်ထင် တွေ့ကြုံရလေ၏။ ထိုနေ့ကား တေမိယ မင်းသားသည် ဖခမည်းတော်၏ ရင်ခွင်ထက်၌ စံနေခိုက်ဖြစ်၏။ မင်းကြီးသည်လည်း မိမိ၏သားတော်ကို ရင်ဝယ်ပိုက်၍ ပလ္လင်ထက်၌ စံနေခိုက်ပင်ဖြစ်၏။ ထိုစဉ်ကာလဝယ် မင်းမှုထမ်းများသည် ခိုးသူလေးယောက်ကို မင်းကြီး၏ ရှေ့တော်မှောက် သို့ ခေါ်ဆောင်လာကြ၏။ ထိုအခါ မင်းကြီးသည် တည်ဆဲဥပဒေအတိုင်း အဂတိတရား မလိုက်ဘဲ ခိုးသူလေးယောက်တို့အပေါ် ထိုက်သင့်သောပြစ်ဒဏ်ကို စီရင်လေ၏။ ခိုးသူလေးယောက်တို့အနက် ခိုးသူတစ်ယောက်အပေါ် သူ၏ပြစ်မှုအားလျော်စွာ သေဒဏ်ကို မင်းကြီးကစီရင်၏။ ထိုအခါ တေမိယမင်းသားသည် များစွာ သံဝေဂဖြစ်လေ၏။

**မင်းဘဝကား စေတီတော်ကို ထီးတင်သည့်နှယ်တည်း**

တေမိယမင်းသားသည် အတိတ်ဘဝများကို ပြန်လည်အောက်မေ့နိုင်သော "ဇာတိဿရ-ဉာဏ်" ကိုရသူဖြစ်၏။ သူသည် ဒုတိယဘဝက တာဝတိံသာ နတ်သားဖြစ်ခဲ့သည်ကိုလည်း ပြန်လည်အမှတ်ရ၏။ တတိယဘဝက ဤဗာရာဏသီ၌ မင်းဖြစ်၍ ငရဲ၌ကျခဲ့သည်ကိုလည်း ပြန်လည်အမှတ်ရ၏။ ထို့ကြောင့် သူသည် သူ၏ နီးကပ်သောဘဝအတွေ့အကြုံအရ မင်းမဖြစ်လိုတော့။ မင်းဘဝကား စေတီတော်မြတ်ကို ထီးတင်သည့်နှယ် ဖြစ်ချေ၏။ ငြမ်းကိုအကြောင်းပြု၍ ထီးတင်ရာတွင် ငြမ်းကတစ်ခြား ထီးတော်က တစ်ခြားဖြစ်၏။ ငြမ်းကမတင့်တယ်။ ထီးတော်က တင့်တယ်၏။ မင်းဘဝဟူသည်လည်း ထို့အတူပင်ဖြစ်၏။ ပြည်သူပြည်သားများ ငြိမ်းချမ်းစွာ နေနိုင် စိမ့်သောငှာ လူဆိုးများကို နှိပ်ကွပ်ရ၏။ လူဆိုးများကို နှိပ်ကွပ်ရခြင်းသည် ငြမ်းသဖွယ်ဖြစ်၍ မတင့်တယ်။ အကုသိုလ်ဖြစ်၏။ ပြည်သူပြည်သားများ ငြိမ်းချမ်းစွာနေနိုင်အောင် ဆောင်ရွက်ခြင်းသည် ထီးတော်သဖွယ်ဖြစ်၍ တင့်တယ်၏။ ပါရမီကုသိုလ်ဖြစ်၏။

မင်းဘဝတွင် အကုသိုလ်ကိုအကြောင်းပြု၍ ပါရမီကုသိုလ်ကို လုပ်ခွင့်ရှိပါသော်လည်း တေမိယမင်းသားသည် အကုသိုလ်နှင့်ရောသော ပါရမီကုသိုလ်မျိုးကို မလိုချင်။ ကုသိုလ်ကိုအကြောင်းပြု၍ ပါရမီကုသိုလ်မျိုး ကိုသာ လုပ်ချင်၏။ အကုသိုလ်နှင့်မရောသော ပါရမီကုသိုလ်ကိုသာ လိုချင်၏။ ထို့ကြောင့် တေမိယ မင်းသားသည် ဗာရာဏသီပြည်၌ မင်းမလုပ်ရအောင် စိတ်ကိုဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

တေမိယ မင်းသားသည် ဗာရာဏသီပြည်၌ မင်းမလုပ်ရန် ဆုံးဖြတ်ထားသော်လည်း ထိုဆုံးဖြတ်ချက်ကို မည်သို့ အကောင်အထည်ဖော်ရန် စဉ်းစား၍ မရဘဲရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်ဥပဒေအရ မင်း၏ သားတော်သည် မလွဲသာမရှောင်သာ မင်းဖြစ်ရမည်ဖြစ်၏။ ငြင်းဆန်၍မရ။ တေမိယ မင်းသားသည် မင်းမဖြစ်ရေးအတွက် အမျိုးမျိုးစဉ်းစား၏။ ထိုကိစ္စကား ပညာပါရမီ၏ အရာဖြစ်၏။ ထိုအချိန်က တေမိယမင်းသား၏ ပညာပါရမီသည် မဖွံ့ဖြိုးသေးချေ။ အရွယ်အားဖြင့်လည်း တစ်လခန့်မျှသာရှိသေး၏။ အမှန်အားဖြင့်လည်း တေမိယ မင်းသား၏ ဘဝသည် အဓိဋ္ဌာန်ပါရမီကို အထွတ်အထိပ်သို့ ရောက်အောင် ဖြည့်ကျင့်တော်မူရမည့် ဘဝ–သာဖြစ်၏။ ထိုဘဝ၌ ပညာပါရမီကိုမူ အထောက်အပံ့အနေဖြင့်သာ ဖြည့်ကျင့်ရမည်ဖြစ်၏။ ထို့ကြောင့် တေမိယ မင်းသားသည် မင်းမဖြစ်အောင် မည်ကဲ့သို့ကျင့်ကြံရမှန်း မသိခြင်းဖြစ်၏။

ထိုအခါ တေမိယမင်းသား၏ မယ်တော်ဖြစ်ခဲ့ဖူးသော ထီးချက်စောင့် နတ်သမီးက တေမိယ မင်းသားအား "အကယ်၍ မင်းမဖြစ်လိုလျှင် သင်၏ အစွမ်းကို မပြလင့်၊ ဆင်းရဲပင်ပန်းခံ၍ မဆွံ့သော်လည်း ဆွံ့သကဲ့သို့၊ နားမထိုင်းသော်လည်း နားထိုင်းသကဲ့သို့၊ နှုတ်မအ သော်လည်း နှုတ်အ သကဲ့သို့ နေထိုင်ကျင့်ကြံ သွားပါလော့။ သင်၏အလိုသည် ပြည့်လိမ့်မည်" ဟူ၍ အကြံပေး၏။ တေမိယ မင်းသားသည် နတ်သမီး၏ အကြံပေးချက်ကို အလွန်နှစ်သက်သဖြင့် ထိုအတိုင်းနေထိုင်ကျင့်ကြံသွားရန် ဆုံးဖြတ်လိုက်၏။

**ဘုန်းကံနှင့်အဓိဋ္ဌာန်ပါရမီ**

တစ်လသားအရွယ် တေမိယ မင်းသားနှင့် ထီးချက်စောင့် နတ်သမီးတို့ အချင်းချင်းပြောဆို ဆက်ဆံနိုင်ခြင်းသည် ဘုန်းကံ၏ အရာဖြစ်၏။ ဘုန်းကံဟူသည် အစိန္တေယျ ဖြစ်၏။ ဘုန်းကံ၏ အစိန္တေယျ–သဘောကို နားလည်နိုင်ပါမှ တေမိယမင်းသားနှင့် ထီးချက်စောင့်နတ်သမီးတို့ အချင်းချင်း ပြောဆို ဆက်ဆံနိုင်ခြင်း သဘောကို နားလည်မည်ဖြစ်၏။ အသွင်သဏ္ဌာန်အားဖြင့် တေမိယမင်းသားသည် တစ်လအရွယ်မျှသာဖြစ်၏။ အနှစ်သာရ အားဖြင့်မူ တေမိယ မင်းသား၏ ခန္ဓာသည် အသချေ်ပေါင်းများစွာ ဖြည့်ဆည်းပူးထားသော ပါရမီကုသိုလ်တို့၏ အာနုဘော်ကို ထုလုပ်ထားသော ဒြပ်ထုဖြစ်၏။ ထို့ကြောင့် တေမိယမင်းသားသည် အစိန္တေယျသဘောအရ ထီးချက်စောင့်နတ်သမီးနှင့် အချင်းချင်း စကားပြောနိုင်ခြင်းဖြစ်၏။

တေမိယမင်းသားသည် ထီးချက်စောင့်နတ်သမီး အကြံပေးချက်အတိုင်း လိုက်နာ၏။ ဆွံ့အ သကဲ့သို့နေ၏။ နားထိုင်းသကဲ့သို့နေ၏။ နှုတ်အ သကဲ့သို့နေ၏။ နို့ဆာသော်လည်း မငိုဘဲ အထိန်းတော်များက နို့တိုက်မှ မင်းသားက နို့စို့၏။ ဣရိယာပုထ်နှင့် ပတ်သက်လျှင်လည်း အထိန်းတော်များ ထားသည့်အတိုင်းသာ နေ၏။ နည်းနည်းမျှ မရွေ့၊ မရွေ့ရုံသာမက လှုပ်လည်းမလှုပ်။ ထိုအခါ အထိန်းတော်များက မင်းမိဖုရားတို့အား ထိုအကြောင်းကို တင်လျှောက်ကြ၏။

မင်းမိဖုရားတို့သည် များစွာသောကရောက်ကြလေ၏။ သူတို့၏ မျှော်လင့်ချက်သည် ကျေပျက် အံ့သကဲ့သို့ရှိလေ၏။ တိုင်းသူပြည်သားတို့သည်လည်း နှလုံးစိတ်ဝမ်း ညှိုးနွမ်းကြကုန်၏။ အားလုံးတို့၏ မျှော်လင့်ချက်သည် ပျက်စီးတော့မည်ကဲ့သို့ ဖြစ်လေ၏။ ထိုအခါ မင်းကြီးသည် မကြံတတ် မစည်တတ်ဖြစ်ကာ ပုရောဟိတ်တို့နှင့် တိုင်ပင်၏။

www.burmeseclassic.com

www.burmeseclassic.com



ပုရောဟိတ်တို့က မင်းသားအား တစ်နှစ်အရွယ်တွင် နို့ငတ်ထား၍ စမ်းသပ်ကြ၏။ မင်းသားသည် နို့ဆာသော်လည်းမငို။ မင်းသား၏ ဆုံးဖြတ်ချက်သည် ခိုင်မာလှ၏။ အရွယ်နှင့်မမျှသော်လည်း ပါရမီ၏ အာနုဘော်နှင့်မှ မျှပါ၏။

နှစ်နှစ်အရွယ်တွင် တေမိယမင်းသားကို အခြွေအရံအမတ်သား ငါးရာတို့နှင့် အတူတူထား၏။ အနီးတွင် မုန့်ခဲဖွယ်အမျိုးမျိုးကို ထား၏။ အမတ်သားများက သူ့ထက်ငါ ယူ၍ စားကြ၏။ တေမိယ မင်းသားက တော့ မလှုပ်။ သူ၏ခံတွင်းထဲသို့ ခွံ့ပေးမှစား၏။ မခွံ့ပေးလျှင်မစား။ ငိုလည်းမငို၊ ရယ်လည်းမရယ်၊ လှုပ်လည်းမလှုပ်။ သူ၏ဆုံးဖြတ်ချက်ကိုသာ ခိုင်မာအောင် အာရုံပြု၏။ ဆုံးဖြတ်ချက်ခိုင်မာသည်နှင့်အမျှ အခြားသော ပါရမီများသည်လည်း သူ့နေရာနှင့်သူ ပေါ်လာကြ၏။

သုံးနှစ်အရွယ်တွင် သစ်သီးများဖြင့်လည်းကောင်း၊ လေးနှစ်အရွယ်တွင် ကစားစရာ ဖြင့်လည်းကောင်း၊ ငါးနှစ်အရွယ်တွင် ဘောဇဉ်ဖြင့်လည်းကောင်း စမ်းသပ်ကြပြန်၏။ တေမိယမင်းသားကား ရှေးအတိုင်းပင် မတုန်မလှုပ်။

ခြောက်နှစ်အရွယ်တွင် ကစားစရာ သစ်ခက်တဲနန်းကို ဆောက်လုပ်ပြီးလျှင် တဲနန်းအတွင်း၌ မင်းသားကိုထား၏။ အခြားသောအခြွေအရံ အမတ်သားငါးရာ တို့ကိုလည်း မင်းသားနှင့်အတူထား၍ ကစားစေ၏။ အားလုံးပျော်ရွှင်စွာ ကစားကြစဉ် တဲနန်းကို မီးတိုက်၏။ တဲနန်းကို မီးလောင်သောအခါ မင်းသားမှ တစ်ပါးသော ကစားဖော်များ ထွက်ပြေးကြ၏။ တေမိယမင်းသားကား မတုန်မလှုပ်၊ ထားသည့် နေရာ၌သာ ရှိလေ၏။ မီးဖြင့်စမ်းသပ်သော်လည်း စမ်းသပ်ချက်သည် အချည်းနှီးသာ ဖြစ်လေ၏။

ခုနစ်နှစ်သားအရွယ်တွင် ဆင်ဖြင့်လည်းကောင်း၊ ရှစ်နှစ်သားအရွယ်တွင် မြွေဖြင့် လည်းကောင်း စမ်းသပ်ပြန်၏။ ဘာမျှမထူးခြား။ မင်းမှူးမတ်များသည် များစွာအကြံရ ခက်ကြ၏။ မင်းသား၏ လက္ခဏာအရ မင်းသားသည် ဆွံ့ဖို့လည်းမဖြစ်နိုင်။ အ–ဖို့လည်း မဖြစ်နိုင်။ နားထိုင်းဖို့လည်း မဖြစ်နိုင်။ ကာသိကရာဇ်မင်းသာ ဖြစ်နိုင်၏။ သို့ပါလျက် မင်းသားသည် ဆွံ့နေ၏။ အ–နေ၏။နားထိုင်းနေ၏။ ထိုအခါ ပုရောဟိတ် တို့သည် သူတို့၏အတတ်ပညာကို သူတို့သံသယရှိရမလို ဖြစ်လာ၏။ သူတို့၏လက္ခဏာ ကျမ်းကို သူတို့သံသယရှိရမလို ဖြစ်လာ၏။ သို့ရာတွင် ပုရောဟိတ်တို့သည် သူတို့၏ အတတ် ပညာနှင့် သူတို့၏ကျမ်းဂန်များ၌ သံသရှိ၍မဖြစ်။ ထို့ကြောင့် တေမိယ မင်းသား အပေါ်၌သာ သံသယရှိကြပြီး အခြားနည်းတစ်မျိုးဖြင့် မင်းသားအား စမ်းသပ်ရန် မင်းကြီးအား တင်လျှောက်ကြပြန်၏။ ထိုအခါ တေမိယ မင်းသားသည် ကိုးနှစ်အရွယ်သို့ ရောက်ချေပြီ။

ကိုးနှစ်အရွယ်တွင် မင်းသားအား ကချေသည်များဖြင့် စမ်းသပ်ပြန်၏။ ထိုစမ်းသပ် ချက်သည်လည်း ထူးမခြားနားပင်ဖြစ်၏။ ဆယ်နှစ်အရွယ်တွင် သန်လျက်ဖြင့် ခုတ်မည့် အမူအရာဖြင့်လည်းကောင်း၊ ဆယ့်တစ်နှစ်အရွယ်တွင် ရတ်တရက်အလန့်တကြား

www.burmeseclassic.com

www.burmeseclassic.com



ခရုသင်းမှုတ်သဖြင့်လည်းကောင်း၊ ဆယ့်နှစ်နှစ်အရွယ်တွင် ရုတ်တရက်အလန့်တကြား စည်တီးသဖြင့်လည်းကောင်း၊ ဆယ့်သုံးနှစ်အရွယ်တွင် တေမိယမင်းသားကို အမှောင်ခန်း၌ ထားပြီး ရုတ်တရက်မီးထွန်းသဖြင့်လည်းကောင်း စမ်းသပ်ကြပြန်၏။ ဘာမျှ မထူးခြား။ ဆယ့်လေးနှစ်အရွယ်တွင် တစ်ကိုယ်လုံးကို တင်လဲရည်ဖြင့်သုတ်လိမ်းပြီး ယင်တို့အား ကိုက်ခဲစေသဖြင့် လည်းကောင်း၊ ဆယ့်ငါးနှစ်သားအရွယ်တွင် မင်းသားကို ကျင်ကြီး ကျင်ငယ် သုတ်သင်ပေးခြင်းမပြုဘဲ ကျင်ကြီးကျင်ငယ် အလိမ်းလိမ်းထားသဖြင့် လည်းကောင်း၊ ဆယ့်ခြောက်နှစ်သားအရွယ်တွင် မင်းသားကိုသလွန်ပေါ်တင်၍ သလွန် အောက်မှ မီးဖိုကိုထားသဖြင့်လည်းကောင်း စမ်းသပ်ကြပြန်၏။ မင်းသားကား မတုန်မလှုပ်။ ဆယ့်ခုနစ်နှစ်အရွယ်တွင် က ချေသည်မများအား ကာမဂုဏ်ဖြင့် ဖြားယောင်းစေပြန်၏။ တေမိယ မင်းသားကား ဘာမျှထူးခြားမလာ။ မင်းသားသည် ကာမဂုဏ်၏ ဆွဲဆောင်ချက် ကိုလည်း အောင်မြင်စွာ တွန်းလှန်နိုင်လေ၏။

ဤသို့လျှင် တေမိယမင်းသားအား နှစ်ပေါင်း တစ်ဆယ့်ခုနစ်နှစ်တိုင်တိုင် စမ်းသပ်နည်း တစ်ဆယ့်ခုနစ်မျိုးတို့ဖြင့် စမ်းသပ်ကြပါသော်လည်း မင်းသားကို ထိတ်လန့်အောင်လည်းကောင်း၊ ကိုယ်လက်လှုပ်ရှားအောင်လည်းကောင်း၊ အသံထွက် အောင်လည်းကောင်း၊ စကားပြောအောင်လည်းကောင်း၊ ဣန္ဒြေပျက်အောင်လည်းကောင်း မလုပ်နိုင်ဘဲရှိကြလေ၏။

ထိုအခါ ကာသိကရာဇ်မင်းကြီးသည် သားတော်နှင့်ပတ်သက်၍ များစွာကြေကွဲရ၏။ ဤသားတော်ကား နယ်နယ်ရရသားတော်မဟုတ်။ သိကြားမင်းထံ ဆုပန်၍ ယူရသော သားတော်ဖြစ်၏။ ငယ်စဉ်က မိမိ၏ ရင်ခွင်၌ထား၍ ကြီးပြင်းစေရသော သားတော်ဖြစ်၏။ ယခုတော့ ထိုသားတော်သည် မလှုပ်ယှက်နိုင်အောင် ဆွံ့သူဖြစ်ချေ၏။ အသံပင် မထွက်နိုင်အောင် အ– သူဖြစ်ချေ၏။ ဘာသံကိုမျှ မကြားနိုင်အောင် နားထိုင်းသူဖြစ်ချေ၏။ မင်းကြီးသည် မိမိသားတော်ကိုချစ်ပါ၏။ သို့ဖြစ်ပါသော်လည်း သားတော်နှင့် ပတ်သက်၍ ဇာရာဏာသီပြည်၏ ထိုခေတ်ဓလေ့ထုံးတမ်းအရ လိုက်နာရုံသာရှိတော့၏။ ထို့ကြောင့် မင်းကြီးသည် မိမိ၏သားတော်နှင့် ပတ်သက်၍ မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို ပုရောဟိတ်များအား မေးမြန်းရတော့၏။

ထိုအခါ ပုရောဟိတ်များက "ဤမင်းသားသည်ကျက်သရေမဲ့သူဖြစ်သည်၊ ဤ မင်းသားသည် အသက်ရှင်လျက် နန်းတွင်း၌ ရှိနေပါက မင်း,မိဖုရားနှစ်ပါးစုံအတွက်လည်း အန္တရာယ်ရှိ၏။ ခိုးသားဓားပြများ သောင်းကြန်းထကြွပြီး နိုင်ငံတော်အတွက်လည်း အန္တရာယ်ရှိနိုင်သည်။ ထို့ကြောင့် တေမိယ မင်းသားကို တိတ်တဆိတ် သုသာန်ထုတ်ပြီး မြေမြှုပ်၍ သတ်သင့်ပါသည်" ဟူ၍ မင်းကြီးအား တင်လျှောက်ကြ၏။ မင်းကြီးကလည်း သဘောတူလိုက်ရလေ၏။

စန္ဒာဒေဝီမိဖုရားကြီးသည် ထိုအကြောင်းကို ကြားသိရသောအခါ ကာသိကရာဇ် မင်းကြီးထံသို့အခစားဝင်၏။ မိဖုရားကြီးသည် သားတော်တေမိယကို ဖွားမြင်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက မိဖုရားကြီးအား လိုရာဆုကိုတောင်းရန် ဆုတစ်ဆုကိုပေးဖူး၏။ မိဖုရားကြီးသည် ယခု ထိုဆုကို တောင်းရပေတော့မည်။ ထိုဆုကား "သားတော်အား ထီးနန်းလွှဲအပ်ရန်ဆု" ဖြစ်လေ၏။ ထိုဆုကို သားတော်အားပေးရန် မင်းကြီးအား မိဖုရားကြီးက တောင်း၏။ မင်းကြီးကလည်းပေးချင်ပါ၏။ သို့ရာတွင် ပေး၍ကားမဖြစ်။ တရားနှင့်အညီ အုပ်ချုပ်သောမင်းဟူသည် မိမိ၏ တိုင်းသူပြည်သားများအားလုံးကို "အတ္တနောဝ ပဓံ ပဓံ" မိမိ၏ ရင်နှစ်သည်းချာ သားရတနာနှင့် ထပ်တူထားရ၏။

တစ်ဖက်ကား တစ်ယောက်တည်းသောသား=တေမိယ၊ အခြားတစ်ဖက်ကား မြောက်များစွာသောသား=တိုင်းသူပြည်သားများ။ အမှန်အားဖြင့် သားသမီးများအတွက် မိခင်သည် ကရုဏာ၏ရုပ်လုံးဖြစ်၏။ ဖခင်သည် ပညာ၏ရုပ်လုံးဖြစ်၏။

ထို့ကြောင့် တိုင်းသူပြည်သားများအတွက် မိမိ၏သားတော် တေမိယကို စတေးရပေတော့မည်။ သို့ရာတွင် မိဖုရားကြီးအား မိမိပေးခဲ့သော ကတိအရ သားတော် တေမိယမင်းသားအား ခုနစ်ရက်သာ ထီးနန်းကိုလွှဲအပ်ရန် သဘောတူလိုက်၏။ တေမိယ မင်းသားသည် သူ၏ကံဇာတာအတိုင်း မင်းဖြစ်မိအောင်တော့ ဖြစ်လိုက်ရသေး၏။

ခမည်းတော် ကာသိကရာဇ်မင်းကြီးနှင့် မယ်တော်စန္ဒာဒေဝီ မိဖုရားကြီးသည် သားတော်တေမိယ မင်းသားအား ဖွားဖက်တော်အမတ်ငါးရာ ခြံရံစေလျက် ဘိသိက်သွန်း၍ ထီနန်းကို ပေးလေ၏။

မယ်တော်မိဖုရားကြီးသည် သားတော်အား သလွန်ပေါ်၌ လျောင်းစေလျက် ခြောက်ညဥ့်ပတ်လုံး မအိပ်မစက် သားတော်အား အမျိုးမျိုးသောစကားများကို ပြောဆို၏။ သားတော်က မိမိအား တစ်စုံတစ်ရာ ပြန်ပြောနိုးနိုးဖြင့် မျှော်ကိုး၏။ မိဖုရားကြီးသည် ရိုးရိုးပြောနေရာမှ စကားပြန်မရသောအခါ မျက်ရည်ယိုစီး ငိုကြီးချက်မနှင့် ပြောပြန်၏။ သို့ရာတွင် သားတော်တေမိယ မင်းသားထံမှ စကားပြန်မရချေ။

တေမိယမင်းသားသည် မယ်တော်စန္ဒာဒေဝီအား ပြန်၍ပြောဆိုချင်ပါ၏။ သို့ရာတွင် နှစ်ပေါင်း တစ်ဆယ့်ခုနစ်နှစ်တိုင်တိုင် စောင့်ထိမ်းလာခဲ့သော အဓိဋ္ဌာန်ပါရမီကိုတော့ ချိုး၍မဖြစ်။ မိမိ၏ကျေးဇူးရှင် မယ်တော်အား စိတ်ရှိလက်ရှိ စကားများကို ပြောချင်ပါလျက် မပြောနိုင်သဖြင့် ခံစားရသော သူ့ခံစားချက်ကို တေမိယ မင်းသားသာ သိပေလိမ့်မည်။

ခုနစ်ရက်မြောက်သွားလေပြီ။ ကာသိကရာဇ်မင်းကြီးသည် သုနန္ဒာရထားထိန်းအား ခေါ်၍ သားတော်တေမိယ မင်းသားကို ရထားပေါ်သို့တင်ဆောင်ပြီးလျှင် သုသာန်သို့ထုတ်၍ မြေမြှုပ်ပြီးသတ်ရန် အမိန့်ပေးလိုက်၏။ ထိုစဉ်ကာလတွင် မိဖုရားကြီးကလည်း သားတော်အား အမျိုးမျိုးသောစကားများကို ပြောဆို၏။ တေမိယမင်းသားထံမှ တစ်စုံတစ်ခုသော စကားပြန်ကို ရနိုးနိုးဟူသောမျှော်လင့်ချက်ဖြင့် ပြောဆိုခြင်းဖြစ်၏။ သို့ရာတွင် တေမိယ မင်းသားကမူ မတုန်မလှုပ်။ စိတ်ထဲကမူ "သူ၏ရည်မှန်းချက် ပြည့်စုံတော့မည်" ဟူ၍ ကျေနပ်၏။ သို့ရာတွင် သူ၏ကျေနပ်ချက်များ မျက်နှာပြင်ပေါ်၌ ပေါ်မလာရလေအောင် သတိထား၍ ထိန်းချုပ်ရ၏။ အံ့ဩဖွယ်ရှိပါပေစွ။

www.burmeseclassic.com

www.burmeseclassic.com



ရထားထိန်းသည် တေမိယ မင်းသားကို မင်းဝတ်တန်ဆာဖြင့်ပင် ရထားပေါ်သို့ တင်၍ မြို့၏အရှေ့ သုံးယူဇနာဝေးသော တောအုပ်ဆီသို့ ရထားကိုမောင်းသွား၏။ တောအုပ်သို့ရောက်သောအခါ ရထားထိန်းသည် တေမိယမင်းသား၏ ကိုယ်၌ ဝတ်ဆင်ထားသော မင်းဝတ်တန်ဆာများကို ချွတ်၏။ ထို့နောက် တေမိယ မင်းသားကို မြှုပ်နှံရန် တွင်းကိုတူးလေ၏။

**တေမိယမင်းသား စကားပြောခြင်း**

ထိုအခါ တေမိယ မင်းသားသည် မိမိ၏အလိုပြည့်ပြီဖြစ်၍ များစွာ ဝမ်းသာ၏။ တေမိယမင်းသားသည် ဘုန်းကံရှင်တို့၏ ဣရိယာပုတ်အတိုင်း လှုပ်ရှားနိုင်၏။ ထို့ကြောင့် သူသည် တွင်းတူးနေသော သုနန္ဒာရထားထိန်းထံသို့သွား၍ စကားပြော၏။

တေမိယ မင်းသားက "မိမိသည် ဆွံ့လည်းမဆွံ့၊ အ– လည်း မအ၊ နားလည်း မထိုင်း။ မင်းမပြုလို၍သာ တစ်ဆယ့်ခုနစ်နှစ်တို့ ကာလပတ်လုံး မဆွံ့ဘဲလျက် ဆွံ့ချင်ယောင်ဆောင်ခဲ့သည်၊ မအ– ဘဲလျက် အ– ချင်ယောင်ဆောင်ခဲ့သည်။ နားမထိုင်းဘဲလျက် နားထိုင်းယောင်ဆောင်ခဲ့သည်။ ယခုအခါ ဤအရပ်၌ပင် ရသေ့ရဟန်းဝတ်၍ နေတော့မည်။ ခမည်းတော်နှင့် မယ်တော်တို့အား အကြောင်းစုံကို ပြန်လည်လျှောက်ကြားလေတော့" ဟူ၍ သုနန္ဒာ ရထားထိန်းအား မိန့်ကြားလေ၏။

ရထားထိန်းသည် နေပြည်တော်သို့ပြန်သွားပြီး ကာသိကရာဇ်မင်းကြီး၊ မယ်တော် စန္ဒာဒေဝီ မိဖုရားကြီးတို့အား အကြောင်းစုံလျှောက်ထား၏။ ရထားထိန်းပြန်သွားလျှင်ပင် တေမိယ မင်းသားသည် မိမိ၏ဘုန်းကံကြောင့် အဆင်သင့်ဖြစ်နေသော ရဟန်းပရိက္ခရာတို့ဖြင့် ရှင်ရဟန်းပြုလေ၏။

မင်းကြီးသည်လည်း သားတော် တေမိယနှင့် ပတ်သက်၍ ဖြစ်ရပ်များ အစုံအလင် သိရသောအခါ ဗိုလ်ပါအပေါင်းနှင့်တကွ သားတော်ထံသို့လာ၍ နန်းတော်သို့ပြန်လိုက်ပြီး မင်းပြုရန်ပြော၏။ ထိုအခါ အလောင်းတော် တေမိယ မင်းသားကလည်း ကာမဂုဏ်တို့၏ အပြစ်နှင့် ရသေ့ရဟန်းပြုခြင်းတို့၏ အကျိုးတို့ကို မင်းကြီးအားဟောကြားလေ၏။

သားတော်တေမိယကို အကြောင်းပြု၍ မင်းကြီးနှင့်တကွ ဗိုလ်ပါအပေါင်းတို့သည် လည်းကောင်း၊ ခုနစ်ပြည်ထောင် မင်းသားတို့သည်လည်းကောင်း တေမိယမင်းသားထံ၌ ရဟန်းပြုကြလေ၏။ တေမိယ မင်းသား၏ ဆုံးဖြတ်ချက် ခိုင်မာခြင်း=အဓိဋ္ဌာန်ပါရမီသည် ထိုမျှလောက်အာနုဘော်ရှိပါ၏။

**ပါရမီ၏သဘော**

ဤဇာတ်တော်သည် အလောင်းတော်တေမိယ မင်းသား၏ အထွတ်အထိပ်ရောက်သော အဓိဋ္ဌာန်ပါရမီကို ပြလိုရင်းဖြစ်၏။ အဓိဋ္ဌာန်ပါရမီခိုင်မာလျှင် အခြားပါရမီများသည်လည်း မိမိတို့၏ လုပ်ငန်းအတိုင်း လုပ်ကြမြဲဖြစ်၏။ ထို့ကြောင့် လောက၏ အကျိုးစီးပွားကို ဆောင်ရွက်ရန်ရည်စူးပါလျှင် မိမိကိုယ်တိုင်က ဆုံးဖြတ်ချက်ကိုခိုင်မာအောင် အားထုတ်ဖို့လို၏။ သို့မဟုတ်ပါက လောက၏ အကျိုး

www.burmeseclassic.com

www.burmeseclassic.com



စီးပွားကို အယောင်ပြပြီး မိမိ၏အကျိုးစီးပွားကို ဆောင်ရွက်ရေးသို့ ဦးတည်သွားတတ်၏။ အမှန်အားဖြင့် ပါရမီတို့၏ ဓမ္မတာမှာ မလိုချင်လေ ရလေဖြစ်၏။

ထိုသို့ရခြင်းမှာ အကောင်းရခြင်းတော့မဟုတ်။ ပါရမီကိုမပျက်လျှင် ပျက်အောင် ဖျက်ခြင်းသာဖြစ်၏။ အကယ်၍ ရခြင်း၌ သာယာသွားပါက ပါရမီသည် ပျက်လေတော့၏။ ရခြင်း၌ မသာယာမှသာ ပါရမီသည် ရင့်၍ရင့်၍ သွားမည်ဖြစ်၏။ ပါရမီရင့်၍ရင့်၍ လာသည်နှင့်အမျှ ရခြင်းများသည်လည်း ပါရမီကို မပျက်လျှင်ပျက်အောင် ဖျက်သည့် အနေဖြင့် တိုး၍တိုး၍ လာမည်ဖြစ်၏။ ပါရမီသဘောဟူသည် ဤဓမ္မတာအတိုင်းပင်ဖြစ်၏။

**ကာမဂုဏ်ကိုရှောင်၍မရ**

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဥါရခြောက်ပါးရှိနေလျှင် အာရုံခြောက်ပါး ရှိလာမည်ဖြစ်၏။ အာရုံခြောက်ပါး ဟူသည် ကာမဂုဏ်ငါးပါးနှင့် စပ်သည်ပင်ဖြစ်၏။ ထို့ကြောင့် ကာမဂုဏ်ကိုရှောင်၍မရ။ မျက်စိရှိလျှင် အဆင်းကိုမြင်မည် ဖြစ်၏။ နားရှိလျှင် အသံကိုကြားမည် ဖြစ်၏။ အခြားအာရုံများလည်း ထိုနည်းအတူပင်ဖြစ်၏။ အမှန်အားဖြင့် အာရုံများကို မသိအောင် လုပ်၍မရ။ မသိအောင်လုပ်ရန်လည်းမလို။ လုပ်ရန်လိုသည်ကား အာရုံများ၌ မတပ်မက်ရန်သာ ဖြစ်၏။ အာရုံများ၏ ဆွဲဆောင်ချက်ကို တွန်းလှန်ရန်သာဖြစ်၏။ ထိုသို့ အာရုံများ၏ ဆွဲဆောင်ချက်ကို တွန်းလှန်နိုင်ခြင်းသည်ပင် ခန္တီပါရမီဖြစ်၏။

**မဇ္ဈိမပဋိပဒါကျင့်စဉ်**

အာရုံများဆွဲဆောင်ချက်ကို တွန်းလှန်ရာ၌ အဆင်းကို အဆင်း အဖြစ်မမြင်ဘဲ၊ အဆင်းကိုကာမဂုဏ်အဖြစ် မြင်နေပါက ယင်း၏ဆွဲဆောင်ချက်ကို တွန်းလှန်ရန်ခက်၏။ အကယ်၍ အတင်းအဓမ္မ တွန်းလှန် ပါကလည်း အတ္တကိလမထာနုယောဂ ကျင့်စဉ်၌ အကျုံးဝင်၏။ ထို့ကြောင့် အောင်မြင် လိမ့်မည်မဟုတ်။ အကယ်၍ အောင်မြင်လိုပါက မဇ္ဈိမပဋိပဒါ ကျင့်စဉ်၌ အကျုံးဝင်အောင် လုပ်ဖို့လို၏။

မဇ္ဈိမပဋိပဒါ ကျင့်စဉ်၌ အကျုံးဝင်အောင် လုပ်ခြင်းဟူသည်မှာ အဆင်းကိုမြင်လျှင် အဆင်းသာမညအဖြစ်သာ သိအောင်အားထုတ်ဖို့လို၏။ ထိုနည်းအတူ အသံကိုကြား လျှင်လည်း အသံသာမညအဖြစ် လည်းကောင်း၊ အနံ့ကိုနံလျှင် အနံ့သာမညအဖြစ် လည်းကောင်း၊ ဤသို့စသည်ဖြင့် အခြားအာရုံများကို သိရာ၌လည်း သိစရာသာမညအဖြစ် လည်းကောင်း၊ ထိုအဆင့်မျှလောက်သာ သိအောင်အားထုတ်ဖို့လို၏။ ကာမဂုဏ်များအဖြစ် သိအောင်အားထုတ်ဖို့မဟုတ်။ အမှန်အားဖြင့်လည်း အာရုံနယ်ပယ်၌ သိစရာအားလုံးသည် ပရမတ္ထအားဖြင့် ရုပ်နာမ်သင်္ခါရများသာဖြစ်ကြ၏။ ကာမဂုဏ်လည်း မဟုတ်၊ ပုဂ္ဂိုလ်လည်း မဟုတ်၊ အရာဝတ္ထုလည်း မဟုတ်။ ထို့ကြောင့် မည်သည့်အာရုံကိုသိသိ သိစရာ ရုပ်နာမ်သင်္ခါရအနေဖြင့်သာ သိပါက ယထာဘူတ ဉာဏ် သာဖြစ်၏။ လောဘ လည်းမဖြစ်၊ ဒေါသလည်းမဖြစ်၊ မောဟလည်းမဖြစ်၊ တဏှာလည်းမဖြစ်၊ မာနလည်းမဖြစ်၊ ဒိဋ္ဌိလည်း မဖြစ်၊ အကုသိုလ်ဟူ၍မဖြစ်။ ဤသို့သာသိအောင် အားထုတ်နိုင်ပါက ပါရမီ သဘောသည် အလိုလို သက်ဝင်လေ၏။ ဤသည်မှာ ပရမတ္ထသစ္စာအရဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**ပဒုမ္မာကြာပန်းနှင့်ရွှံ့ညွန်**

သမ္မုတိသစ္စာအရဆိုလျှင်လည်း ပဒုမ္မာကြာပန်းသည် ရွှံ့ညွန်နှင့် ကင်း၍မဖြစ်နိုင်၊ ထိုသို့မဖြစ်နိုင်သော်လည်း ရွှံ့ညွန်များ လိမ်းကျံခြင်း မရှိနိုင်သကဲ့သို့ လူတို့သည်လည်း ကာမဂုဏ်များနှင့်ကင်း၍ မဖြစ်နိုင်။ ထိုသို့ ကာမဂုဏ်များနှင့် ကင်း၍ မဖြစ်နိုင်သော်လည်း ကာမဂုဏ်များက မိမိကိုယ်ကို လိမ်းကျံခြင်း မရှိရလေအောင် အားထုတ်ရမည်ဖြစ်၏။ ထိုသို့အားထုတ်နိုင်ခြင်းသည်ပင် ဆိုင်ရာဆိုင်ရာ ပါရမီများကို ဖြည့်ကျင့်ခြင်း မည်ပါ၏။

အမှန်အားဖြင့် ရွှံ့ညွန်ပေါလေ ပဒုမ္မာကြာပန်းများ လှပလေဖြစ်သကဲ့သို့ ကာမဂုဏ်များပြားလေ ပါရမီကိုဖြည့်ကျင့်ရ ကောင်းလေဖြစ်၏။ ထို့ကြောင့် ပြည့်ရှင်မင်းများ၏ ဘ၀သည် ပါရမီဖြည့်ရာ၌ ပို၍ထက်မြက်ပါ၏။ သို့ဖြစ်လေရာ တေမိယ ဇာတ်တော်၌ တေမိယ မင်းသားအနေဖြင့် ပြည့်ရှင်မင်းကြီး မလုပ်လိုခြင်းသည် မက်မောဖွယ်တို့နှင့် ပြည့်စုံသော ပြည့်ရှင်မင်းဘ၀ကို လက်တွေ့ကျကျ စွန့်လွှတ်လိုက်ခြင်းပင် ဖြစ်၏။ ဤသည်ပင် ပါရမီဖြစ်၏။

ဤပါရမီမျိုးသည်သာလျှင် တကယ်တမ်း အားကောင်းသော ပါရမီဖြစ်၏။ နည်းနည်းရှိက နည်းနည်းစွန့်နိုင်၏။ များများရှိက များများစွန့်နိုင်၏။ နည်းနည်းစွန့်ခြင်းထက် များများစွန့်ခြင်းက ပို၍အားကောင်း၏။ ပို၍ချီးမွမ်းဖွယ်ဖြစ်၏။ ပို၍ လေးမြတ်ဖွယ်ဖြစ်၏။ လောကအတွက်လည်း ပို၍ကျေးဇူးများ၏။

ထို့ကြောင့် များများစွန့်နိုင်အောင် များများရှာရ၏။ များများရှာခြင်းဟူသည်မှာ သူဌေးဖြစ်အောင်လုပ်ခြင်း, မင်းဖြစ်အောင်လုပ်ခြင်းတို့ပင်ဖြစ်၏။ ထို့ကြောင့် စွန့်လို၍ များများရှာခြင်း၌ အပြစ်မရှိ။ ပါရမီကုသိုလ် ဖြစ်ခွင့်များစွာရှိ၏။ မိမိခံစားလို၍ များများရှာခြင်း၌သာ အပြစ်ရှိ၏။ အကုသိုလ်ဖြစ်ခွင့် များစွာရှိပါ၏။

ထို့ကြောင့် ကာမဂုဏ်တော၌ နေထိုင်ကြရာတွင် ကာမဂုဏ်ကို အသုံးချတတ်ပါက အဆိပ်ကို ဆေးဖြစ်အောင် အသုံးချသကဲ့သို့ များစွာပင် အသုံးကျပါ၏။ များစွာပင်အကျိုး များပါ၏။ ကာမဂုဏ်ကို အသုံးမချတတ်ပါက အဆိပ်ကို အဆိပ်အဖြစ်သာ အသုံးချ သကဲ့သို့ များစွာပင် အန္တရာယ်များပါ၏။

**ဆေးနှင့်အဆိပ်**

အမှန်အားဖြင့် ဤလောက၌ ဆေးဖြစ်စေ၊ အဆိပ်ဖြစ်စေ၊ ယင်းတို့၏ အသုံးကျမှုနှင့် အသုံးမကျမှုသည် ယင်းတို့အပေါ်၌ ပဓာနအားဖြင့် မတည်ဘဲ လူတို့၏ အသုံးချနိုင်မှုနှင့် မချနိုင်မှုအပေါ်၌သာ ပဓာနအားဖြင့်တည်၏။ ထိုနည်းအတူပင် ကာမဂုဏ်တို့၏ အသုံးကျမှုနှင့် မကျမှုသည် ကာမဂုဏ်တို့၏အပေါ်၌ ပဓာနအားဖြင့်မတည်ဘဲ ကာမဂုဏ်တော၌ ပေါက်ပွားလာသူများ၏ အသုံးချနိုင်မှုနှင့် မချနိုင်မှု အပေါ်၌သာ တည်၏။

တစ်ခုတည်းသော အဆိပ်ကိုပင် ဆေးအဖြစ် အသုံးချတတ်လျှင် အသုံးချ၍ ရ၏။ အသုံးမချတတ်လျှင် အဆိပ်သည် အဆိပ်သာဖြစ်၏။ ထိုနည်းအတူ တစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



တည်းသော ကာမဂုဏ်ကိုပင် လောက၏အစီးအပွားအတွက် ပါရမီလုပ်ငန်းအဖြစ် အသုံးချတတ်လျှင် ပါရမီလုပ်ငန်းအဖြစ် အသုံးချ၍ရ၏။ လောကအတွက် အသုံးမချတတ်လျှင် ကာမဂုဏ်သည် အဆိပ်ပင်ဖြစ်၏။

ဤဇာတ်တော်အရ အလောင်းတော် တေမိယ မင်းသားသည် မင်းစည်းစိမ်တည်းဟူသော ကာမဂုဏ်ကို ဆေးအဖြစ် အသုံးချ၍ ရကြောင်းကိုလည်း ပြော၏။ အဆိပ်အဖြစ် အသုံးချ၍ ရကြောင်းကိုလည်း ပြော၏။ ဆေးအဖြစ် အသုံးချခြင်းဟူသည်မှာ လောကအတွက် အသုံးချခြင်းဖြစ်၏။ အဆိပ်အဖြစ် အသုံးချခြင်းဟူသည်မှာ မိမိအတွက် အသုံးချခြင်း ဖြစ်၏။

တေမိယ မင်းသားသည် ဗာရာဏသီမင်း၏ စည်းစိမ်တည်းဟူသော ကာမဂုဏ်ကို ဆေးအဖြစ် အသုံးချသွားလေ၏။ စွန့်နိုင်ခဲသော ပစ္စည်းကို လောကအတွက် စွန့်လွှတ်သွားခြင်း၌ သူ၏အတွက် ရခြင်းသည်လည်း ဓမ္မတာအားဖြင့် ပါဝင်၏။ ဤဓမ္မတာကို တေမိယ မင်းသားက ပြလေ၏။

တေမိယဇာတ်တော်၌ အဓိဋ္ဌာန်ပါမီကို ပဓာနအားဖြင့် ပြသော်လည်း အခြားပါရမီများလည်း ပါဝင်သည်ပင်ဖြစ်၏။

တေမိယမင်းသားသည် ဒါနပါရမီအနေဖြင့် အရာရာတိုင်းကိုစွန့်၏။ မင်းစည်းစိမ်ကို စွန့်၏။ အသက်ကိုပင်စွန့်၏။

သီလပါရမီအနေဖြင့် ဒုစရိုက်အားလုံးမှ ကြဉ်ရှောင်၏။

နေက္ခမ္မပါရမီအနေဖြင့် ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိကို မျှော်ကိုးခြင်းမရှိဘဲ လုပ်သင့်လုပ်ထိုက်သော အလုပ်ကိုလုပ်၏။

ပညာပါရမီအနေဖြင့် မိမိ၏အဓိဋ္ဌာန်ပါရမီ ပြည့်မြောက်နိုင်စေရန် ဆွံ့ယောင်၊ အ- ယောင်၊ နားထိုင်းယောင် ဆောင်သောနည်းကို အသုံးပြု၏။

ဝီရိယပါရမီအနေဖြင့် တကယ့်ကို ဆွံ့ယောင်၊ အ - ယောင်၊ နားထိုင်းယောင် ဆောင်ပြီးနေ၏။

ခန္တီပါရမီအနေဖြင့် တွေ့ကြုံရသော ဒုက္ခအပေါင်းကို သည်းခံ၏။

မေတ္တာပါရမီအနေဖြင့် ခမည်းတော် မယ်တော်နှင့်တကွ တိုင်းသူပြည်သားများ အပေါ် မေတ္တာထား၏။

ဥပေက္ခာပါရမီအနေဖြင့် သာယာဖွယ်နှင့် နာကြည်းဖွယ်တို့ကို လျစ်လျူရှုကာ မိမိ၏ရည်မှန်းချက်အတိုင်း ဖြောင့်ဖြောင့်မတ်မတ်သွား၏။

ဤသို့လျှင် မြတ်စွာဘုရားသည် လောကသုံးပါးကို ဒုက္ခအပေါင်းမှ ကယ်တင်နိုင်ရန်အတွက် တေမိယ မင်းသားဘဝက လိုအပ်သော အဓိဋ္ဌာန်ပါရမီကိုလည်းကောင်း၊ အခြံအရံအနေဖြင့် အခြားပါရမီများကိုလည်းကောင်း ခက်ခဲပင်ပန်းစွာ ဖြည့်ကျင့်တော်မူခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



လောကအပေါ် ထားရှိတော်မူသော မြတ်စွာဘုရား၏ ကရုဏာတော်ကား အံ့သြဖွယ် ရှိလှပါဘိ။ ဤသည်မှာ ယောက်ျားကောင်း၊ ယောက်ျားမြတ်တို့၏ လုပ်ထုံး လုပ်နည်းပေတည်း။ ဤလုပ်ထုံးလုပ်နည်းအတိုင်း အနှစ်နာခံ၍ ဆောင်ရွက်နိုင်ပါမှ လည်း ယောက်ျားကောင်း ယောက်ျားမြတ်ဖြစ်နိုင်ပါ၏။

## မေတ္တာပါရမီ

မေတ္တာကို "ချစ်ခြင်း"ဟူ၍ မြန်မာပြန်ဆိုကြ၏။ ချစ်ခြင်းကို"ကော်စေး"နှင့် နှိုင်း၍ ဥပမာပြကြ၏။ အရာဝတ္ထုများကို ကော်စေးဖြင့်ကပ်ထားသောအခါ ထိုအရာ ဝတ္ထုများသည် ဖရိုဖရဲ မပြိုကွဲဘဲ တစ်စည်းတစ်လုံးတည်း ရှိကြ၏။ ထိုသဘော အတိုင်းပင် လောကကို ဖရိုဖရဲပြိုကွဲမသွားရလေအောင် မေတ္တာဖြင့်ဖွဲ့စည်းထားရ၏။

အမှန်အားဖြင့် လောကကို မေတ္တာဖြင့် ဖွဲ့စည်းထားသောအခါ လောကသည် သိပ်သည်း၏။ တစ်ခုတည်းမဟုတ်သော်လည်း တစ်ခုတည်းကဲ့သို့ဖြစ်၏။ မေတ္တာ၏ တရားကိုယ်မှာ "အဒေါသ"ဖြစ်၍ အဒေါသဖြင့် ဖွဲ့စည်းလျှင် လောကသည် သိပ်သည်း၍ ဒေါသဖြင့်ဖွဲ့စည်းလျှင် လောကသည် ဖရိုဖရဲဖြစ်၏။ ထို့ကြောင့် လောကမပြိုကွဲရေးအတွက် မေတ္တာကိုလိုအပ်၏။ လောကသိပ်သည်းခြင်းဟူသည်မှာ ငြိမ်းချမ်းခြင်းဖြစ်၍ လောက ဖရိုဖရဲပြိုကွဲခြင်းဟူသည်မှာ ဆူပူခြင်းဖြစ်၏။

ထို့ကြောင့် လောက၌ ငြိမ်းချမ်းခြင်း စိုးမိုးအောင်ပြုနိုင်ရန် တစ်ဦးက တစ်ဦးအပေါ် မေတ္တာထားရခြင်းဖြစ်၏။ မေတ္တာထားမှု အားကောင်းလေ လောကသည် ငြိမ်းချမ်းလေ ဖြစ်၏။ တစ်ဦးက တစ်ဦးအပေါ် ချစ်နိုင်လေ လောကသည် သာယာလေဖြစ်၏။ လောကသာယာလေ ဒုလ္လဘတရားတော်နှင့်အညီ လောက၌ လူဖြစ်ရကျိုးနပ်လေဖြစ်၏။

**ချစ်ခြင်းမေတ္တာသုံးမျိုး** လောက၌ လက်တွေ့အားဖြင့်လည်း ချစ်ခြင်းမေတ္တာ သုံးမျိုး ကို တွေ့ရ၏။ ချစ်သူအချင်းချင်း ချစ်သော ချစ်ခြင်း မေတ္တာကတစ်မျိုး၊ မိသားစုအချင်းချင်းချစ်သော ချစ်ခြင်း မေတ္တာကတစ်မျိုး၊ မြင့်မြတ်သော သူများက လောကအပေါ်ချစ်သော ချစ်ခြင်းမေတ္တာက တစ်မျိုးဖြစ်၏။

ထိုသုံးမျိုးတွင် ချစ်သူအချင်းချင်းချစ်သော ချစ်ချင်းမေတ္တာဖြင့် တစ်ဦးနှင့်တစ်ဦး နှောင်ဖွဲ့သောအခါ ချစ်သူနှစ်ဦးတို့၏ စည်းလုံးမှုသည် ခိုင်မြဲ၏။ အသွင်သဏ္ဍာန်အရ နှစ်ဦးဖြစ်သော်လည်း အနှစ်သာရအရ တစ်ဦးတည်းကဲ့သို့ ဖြစ်၏။ အကယ်၍ ချစ်ခြင်း မေတ္တာပျောက်ပြီး ဒေါသရောက်လာသည်နှင့်တစ်ပြိုင်နက် ချစ်ရသူနှစ်ဦးတို့၏ စည်းလုံးမှု

www.burmeseclassic.com

www.burmeseclassic.com



သည် ပျက်လေတော့၏။ အနှစ်သာရသည် ပျက်စီးလေတော့၏။ ထိုအခါ ချစ်သူဘဝသည် ဖရိုဖရဲပြိုကွဲလေ၏။ ချစ်သူဘဝ ပြိုကွဲခြင်းသည် မိသားစုဘဝပြိုကွဲမှုကို ဖန်တီးတတ်၏။

မိသားစုအချင်းချင်း ချစ်သော ချစ်ခြင်းမေတ္တာဖြင့် မိသားစုကို နှောင်ဖွဲ့သော အခါ မိသားစု၏ စည်းလုံးမှုသည် သိပ်သည်း၏။ မိသားစုသည် အသွင်သဏ္ဌာန်အရ အများဖြစ်သော်လည်း အနှစ်သာရအရ တစ်ခုတည်းကဲ့သို့ ဖြစ်၏။ အကယ်၍ မိသားစု အတွင်း၌ မေတ္တာပျောက်၍ ဒေါသရောက်ပြီဆိုလျှင် မိသားစု၏ စည်းလုံးမှုသည် ပျက်လေတော့၏။ အနှစ်သာရသည် ပျက်လေတော့၏။ ထိုအခါ မိသားစုဘဝသည်လည်း ဖရိုဖရဲပြိုကွဲလေ၏။ မိသားစုဘဝ ပြိုကွဲခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားရေးဘဝ ပြိုကွဲမှုကို ဖန်တီးတတ်၏။ ထို့ကြောင့် မိသားစုအတွင်း အချင်းချင်းချစ်ခင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားရေးဘဝကို သာယာငြိမ်းချမ်းအောင် ပြုတတ်ပါ၏။

**ပါရမီမေတ္တာ** မြင့်မြတ်သူများက လောကအပေါ် ချစ်သော ချစ်ခြင်းမေတ္တာကို "ပါရမီမေတ္တာ" ဟူ၍ ဆို၏။ ပါရမီမေတ္တာဖြင့် လောကအပေါ် ချစ်နေခြင်းကိုပင် "လူစင်စစ်က ဗြဟ္မာဘဝဖြင့် နေခြင်း" ဟူ၍ဆို၏။

ဤကဲ့သို့ပါရမီမေတ္တာဖြင့် ချစ်တတ်သူများရှိရာနိုင်ငံ၌ လူဖြစ်ရခြင်းသည် လူ့ဘဝကို အရတော်စွာ ရခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံ၌ အမျိုးသားရေးဘဝသည် မေတ္တာအရ ငြိမ်းချမ်းနိုင်သောကြောင့်ဖြစ်၏။ ပါရမီမေတ္တာသည် အသွင်သဏ္ဌာန်အားဖြင့် အစိတ်စိတ်အမြွာမြွာဖြစ်နေသော နိုင်ငံတစ်နိုင်ငံကို အနှစ်သာရအားဖြင့် တစ်ခုတည်း ကဲ့သို့ဖြစ်အောင် စုစည်းနိုင်စွမ်းရှိပါ၏။

အမှန်အားဖြင့် လောကအပေါ် ဗြဟ္မာတို့၏ ချစ်ခြင်းမေတ္တာဖြင့် ချစ်တတ်သူ များကသာ မိမိတို့၏ ပါရမီမေတ္တာဖြင့် မိသားစုမေတ္တာကိုလည်း ထိန်းနိုင်၏။ ချစ်သူမေတ္တာကိုလည်း ထိန်းနိုင်၏။ ထို့ကြောင့် လောကပါလနတ်များသည် လောက အတွက် ပါရမီမေတ္တာဖြင့်ချစ်တတ်သူများကို အစဉ်တောင့်တ၏။ မျှော်လင့်၏။ လူများ,နတ်များ,ဗြဟ္မာများ ကလည်း တောင့်တ၏။

အမှန်အားဖြင့်လည်း ပါရမီမေတ္တာဖြင့် လောကကိုချစ်တတ်ရန်မှာ ခဲယဉ်း သော်လည်း လုပ်၍မရကောင်းသောအရာမဟုတ်။ လုပ်၍ရကောင်းသည်ပင် ဖြစ်၏။ ကမ္ဘာအသချေ်အနန္တ အတွင်း၌ ဤကဲ့သို့သော ပုဂ္ဂိုလ်များ ရှေ့ကလည်းရှိခဲ့ဖူး၏။ နောင်လည်းရှိဦးမည်ပင် ဖြစ်၏။ ယခုလည်းရှိအောင် လုပ်၍ရ၏။ တကယ်တမ်း လုပ်ချင်သည့် စိတ်ရှိဖို့သာလို၏။ အမှန်အားဖြင့် မိမိတို့၏ ပဋိသန္ဓေသည် ညံ့လှသည်မဟုတ်။ ဒုလ္လဘ–တရားနှင့်အညီရသော ပဋိသန္ဓေဖြစ်၏။ ကုသိုလ်၏ အကျိုး=ကုသလဝိပါက် ဖြစ်၏။ ထို့ကြောင့် စွမ်းအင်ရှိသည်ကား အမှန်။ စွမ်းအင်ကို အသုံးချတတ်ရန်သာ လိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com



**လောကကိုသာယာ ငြိမ်းချမ်းစေသောချစ်ခြင်း**

လူတို့သည် မိမိတို့၏ အတွေ့အကြုံအရ တစ်မျိုးမျိုးသော အချစ်ဖြင့် ချစ်ခဲ့ဖူးသူများချည်း ဖြစ်ကြ၏။ ချစ်ရခြင်း၏ ကောင်းမြတ်သောအရသာကို ခံစားဖူးကြသည်ချည်း ဖြစ်ကြ၏။ တကယ်တမ်းချစ်ပါက မိမိချစ်ရသူအတွက် မိမိကအနစ်နာခံခြင်း၌လည်း ကောင်းမြတ်သောအရသာကို ခံစားဖူးသည်ချည်း ဖြစ်၏။ ထို့ကြောင့် ချစ်ခြင်းမေတ္တာဖြင့် လောကကိုသာယာငြိမ်းချမ်းအောင် ဖန်တီးနိုင်ကြောင်းမှာ အထူးသက်သေပြစရာမလိုသော အမှန်သစ္စာဖြစ်၏။ ထိုအမှန်သစ္စာသည် ချစ်သူချစ်မေတ္တာ၌လည်း သူ့နည်းနှင့်သူမှန်၏။ မိသားစုချစ်မေတ္တာ၌လည်း သူ့နည်းနှင့်သူမှန်၏။ လောကချစ်မေတ္တာ၌လည်း သူ့နည်းနှင့်သူမှန်၏။ အချစ်ဟူသမျှအားလုံး၌ သူ့နည်းနှင့်သူမှန်ပါ၏။ သို့ရာတွင် မှန်ပုံချင်းမှာမူ ခြားနား၏။

**ချစ်သူနှစ်ဦးချစ်မေတ္တာ**

ချစ်သူချစ်မေတ္တာ၌ မိမိချစ်ရသူအတွက်သာ ရည်စူး၏။ အခြားသူများအတွက် မရည်စူး။ အကန့်အသတ်ရှိ၏။ အခြားသူများ သေလိုသေ၊ ရှင်လိုရှင်၊ ဘာမျှကိစ္စမရှိ။ မိမိ၏ချစ်ခြင်းမေတ္တာသည် မိမိချစ်ရသူကိုသာ လွှမ်းခြုံ၏။ ကာကွယ်၏။ အသက်ပေး၏။ ဤလောက၌ မိမိချစ်ရသူမှတစ်ပါး အခြားလူပေါင်း အသချေ်ရှိ၏။ ထိုအသချေ်သော လူပေါင်းများစွာတို့၏ အကျိုးစီးပွားကို မရည်စူးသည့်အပြင် ထိုအသချေ်သော လူပေါင်းများစွာအနက်မှ မိမိလက်လှမ်းမီသလောက်ကို ကန့်ကြမ်းပြု၍ မိမိချစ်ရသူအတွက်သာ ပံ့ပိုး၏။ ထိုအခါ မိမိချစ်ရသူနှင့် အခြားလူများအကြား ပဋိပက္ခသည် ပေါ်ပေါက်တော့၏။

ပဋိပက္ခပေါ်ပေါက်လေလျှင် ငြိမ်းချမ်းမှုသည် ထိုဒေသ၌ အဘယ်သို့လျှင် ဖြစ်နိုင်ပါလိမ့်မည်နည်း။ ထို့ကြောင့် ချစ်သူချစ်ကို "တဏှာပေမ" ဟူ၍ဆိုခြင်းဖြစ်၏။ ထိုအချစ်တွင် တဏှာအရင်းခံ၏။ တဏှာအရင်းခံသောအချစ်မျိုးကို တိရစ္ဆာန်လောက၌ပင် တွေ့ရတတ်ပါ၏။ ထို့ကြောင့် ထိုတဏှာပေမ အချစ်မျိုးဖြင့် လောကကို သာယာငြိမ်းချမ်းအောင် လုပ်နိုင်စွမ်းမရှိ။

**မိသားစုချစ်မေတ္တာ**

မိသားစုအချစ်၌လည်း မိမိတို့၏မေတ္တာသည် မိသားစုနယ်နိမိတ်အတွင်း၌သာ ရှိ၏။ မိသားစုနယ်နိမိတ်ကို မကျော်လွန်။ အမှန်အားဖြင့် မိသားစုနယ်နိမိတ်၏ အပြင်ဘက်၌ မိသားစုပေါင်း များစွာရှိ၏။ လူပေါင်းများစွာရှိ၏။ ထိုသို့ရှိသော်လည်း မိသားစုမေတ္တာသည် ထိုမိသားစုများ, ထိုသူများနှင့်မဆိုင်။ အကန့်အသတ်ရှိ၏။ အကန့်အသတ်ရှိသဖြင့် ပဋိပက္ခသဘောကို ဆောင်၏။ ပဋိပက္ခသဘောကို ဆောင်နေသမျှကာလပတ်လုံး ငြိမ်းချမ်းမှုသည် ဖြစ်ရိုးမရှိ။ ထို့ကြောင့် မိသားစု၏ အချစ်ကို "ဂေဟဿိတပေမ" ဟူ၍ ဆိုခြင်းဖြစ်၏။ "ဂေဟဿိတပေမ-ဟူသည် မိသားစုအပေါ် အမှီပြုသောအချစ်" ဟူ၍ အနက်ရ၏။

ထိုအချစ်တွင် လောဘအရင်းခံ၏။ လောဘဟူသည် အကုသိုလ်ဖြစ်လေရာ အကုသိုလ်အရင်းခံသော ချစ်ခြင်းမေတ္တာဖြင့် လောကကို သာယာငြိမ်းချမ်းအောင် လုပ်နိုင်စွမ်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



**လောကချစ်ပါရမီချစ်** လောကအချစ်၌သာ အကန့်အသတ်မရှိ။ အားလုံးပါဝင်၏။ ထို့ကြောင့် လောကချစ်ကို ပါရမီချစ်ဟူ၍ ဆိုခြင်းဖြစ်၏။ မြင့်မြတ်သူများသာ ထိုအချစ်မျိုးဖြင့် လောကကိုချစ်တတ်၏။ လောကကိုထိုအချစ်မျိုးဖြင့် ချစ်တတ်သောကြောင့်သာ မြင့်မြတ်သူများ ဖြစ်ကြရခြင်း ဖြစ်၏။ အကန့်အသတ်မဲ့ ချစ်ခြင်းနှင့် မြင့်မြတ်ခြင်းသည် တစ်ခုနှင့်တစ်ခု အကြောင်းအကျိုးသဘောဖြင့် ဆက်သွယ်သည်မဟုတ်။ မျက်နှာပြင်သို့မဟုတ် ရှုထောင့်၊ သို့မဟုတ် ဂုဏ်သဘောမျိုးသာ ဆက်သွယ်ခြင်းဖြစ်၏။

ပါရမီချစ်ကို လောကရှုထောင့်မှကြည့်လျှင် အကန့်အသတ်မဲ့သဘောကို တွေ့ရ၏။ သူလည်းအချစ်ခံရသူ ဖြစ်၏။ ငါလည်းအချစ်ခံရသူဖြစ်၏။ အားလုံးအချစ်ခံရသူချည်း ဖြစ်ကြ၏။ မည်သူမျှ ကွက်၍မကျန်ခဲ့။ အားလုံးပါဝင်၏။ ထို့ကြောင့် အကန့်အသတ်မဲ့ဟူ၍ ဆိုခြင်းဖြစ်၏။ ကိုယ်ကျင့်သိက္ခာရှုထောင့်မှ ကြည့်လျှင် မြင့်မြတ်ခြင်းကို တွေ့ရ၏။

ထို့ကြောင့် အကန့်အသတ်မဲ့ခြင်းနှင့် မြင့်မြတ်ခြင်းသည် ပါရမီမေတ္တာ၏ ရှုထောင့်နှစ်မျိုး၊ သို့မဟုတ် မျက်နှာပြင်နှစ်မျိုး၊ သို့မဟုတ် ဂုဏ်နှစ်မျိုးသာ ဖြစ်၏။ အကြောင်းအကျိုးအနေဖြင့် တစ်ခုစီ သီးခြားမဟုတ်။

ပါရမီမေတ္တာသည် ချစ်သူချစ်မေတ္တာကိုလည်း ထိန်းကျောင်းနိုင်၏။ မိသားစု ချစ်မေတ္တာကိုလည်း ထိန်းကျောင်းနိုင်၏။ အမှန်အားဖြင့် ပုထုဇဉ်တို့ဓမ္မတာအရ လူသားတိုင်း၌ အချစ်သည်ရှိ၏။ ချစ်သူချစ်လည်းရှိ၏။ မိသားစုချစ်လည်းရှိ၏။ လောကချစ်လည်းရှိ၏။ သို့ရာတွင် လောကချစ်ကား အားအနည်းဆုံးဖြစ်၏။ ဗီဇ သဘောမျိုးလောက်သာ ရှိ၏။

အမှန်အားဖြင့် ဗီဇရှိလျှင်ပင် အပင်ပေါက်လာအောင် ပျိုးထောင်၍ရ၏။ ထို့ကြောင့် လူတိုင်းသည် ပါရမီချစ်ဖြင့် လောကကိုချစ်၍ ရသည်ဟူ၍ ဆိုခြင်းဖြစ်၏။

**အနှစ်သာရနှင့်အသွင်သဏ္ဌာန်** ပုထုဇဉ်ဟူသမျှ၌ မိမိခန္ဓာကိုယ်ကို "ငါ" ဟူ၍ ပြောတတ်သော ဓမ္မအစုသည်ရှိ၏။ ယင်းကို "အတ္တဝါဒ" ဟူ၍ဆိုရ၏။ အတ္တဝါဒ ဟူသည်မှာ မိမိခန္ဓာကိုယ်ကို "ငါ"ဟူ၍ ပြောတတ်သော ဓမ္မ–ဟူ၍ အဓိပ္ပာယ်ရ၏။ ယင်းဓမ္မမှာ တရားကိုယ်အားဖြင့် တဏှာ,မာန, ဒိဋ္ဌိ–တို့ပင်ဖြစ်ကြ၏။

ထို့ကြောင့် အတ္တဝါဒ အရ ငါသည်တဏှာဖြင့်စွဲသောအခါ "ငါ"၊ မာနဖြင့်စွဲသောအခါ "ငါ"၊ ဒိဋ္ဌိဖြင့်စွဲသောအခါ "ငါ"ဟူ၍ သုံးမျိုးဖြစ်လာ၏။ ယင်းကို "ပပဉ္စ" ဟူ၍လည်းခေါ်၏။ ပပဉ္စ ဟူသည်မှာ ချဲ့ခြင်းဖြစ်၏။ လောကကို အနှစ်သာရနှင့် အသွင်သဏ္ဌာန်ဟူ၍ ခွဲလိုက်လျှင် နှစ်ပိုင်းရ၏။

ထို့ကြောင့် လောက၏အနှစ်သာရမှာ တဏှာ,မာန,ဒိဋ္ဌိ၊ သို့မဟုတ် "ငါ"ဖြစ်၏။ ယင်းသည် အသွင်သဏ္ဌာန်အားဖြင့် ၃၁–ဘုံဖြစ်လာ၏။ ထို့ကြောင့် လောကကို

www.burmeseclassic.com

www.burmeseclassic.com



အနှစ်သာရရှုထောင့်မှပြောလျှင် တဏှာ,မာန,ဒိဋ္ဌိ တည်းဟူသော ပပဥ္စ တရားသုံးပါး၊ သို့မဟုတ် "ငါ" ဟူ၍ဆိုရ၏။ အသွင်သဏ္ဌာန်ရှုထောင့်မှ ပြောလျှင် ၃၁-ဘုံ ဟူ၍ဆိုရ၏။

လူဟူသည် လောကသားပင်ဖြစ်လေရာ လူ၌ လောကသည် အနှစ်သာရ အနေဖြင့်လည်း ပါဝင်၏။ အသွင်သဏ္ဌာန်အနေဖြင့်လည်း ပါဝင်၏။ ထို့ကြောင့် လူ၏လုပ်ငန်းဟူသမျှ၌လည်း ကာယကံမှု၌ပင်ဖြစ်စေ၊ ဝစီကံမှု၌ပင်ဖြစ်စေ၊ မနောကံမှု၌ပင်ဖြစ်စေ လောကသဘောသည် ဓမ္မတာအားဖြင့် ပါဝင်သည်ပင်ဖြစ်၏။

ထို့ကြောင့် လောကသဘောအရ ပုထုဇဉ်တို့သည် ကာယကံမှုကိုလည်း ငါ-ဟူ၍ ပြောတတ်၏။ ဝစီကံမှုကိုလည်း ငါ-ဟူ၍ပြောတတ်၏။ မနောကံမှုကိုလည်း ငါ-ဟူ၍ ပြောတတ်၏။ ဤသည်မှာ ဓမ္မတာဖြစ်၏။ ဤဓမ္မတာအရပင် ချစ်သူမေတ္တာ၌လည်း ငါ-ပါဝင်၏။ မိသားစုမေတ္တာ၌လည်း ငါ-ပါဝင်၏။ လောကချစ်မေတ္တာ၌လည်း ငါ-ပါဝင်၏။ ထိုသို့ ငါ-ပါဝင်ရာတွင် အနုလောမ-နည်းဖြင့် ပါဝင်သည်လည်းရှိ၏။ ပဋိလောမ-နည်းဖြင့် ပါဝင်သည်လည်းရှိ၏။ အနုလောမ-နည်းဖြင့် ပါဝင်ခြင်းကို အစုန်နည်းဟူ၍ ဆိုရ၏။ အစုန်နည်းဖြင့် ငါ-ပါဝင်သောအခါ ငါ-သည် ပွားသည်ထက်ပွားလာ၏။ ပဋိလောမ-နည်းဖြင့် ငါ-ပါဝင်ခြင်းကို အဆန်နည်းဟူ၍ ဆိုရ၏။ အဆန်နည်းဖြင့် ငါ-ပါဝင်လာသောအခါ ငါ-သည် ပါးသည်ထက်ပါးလာ၏။

**မေတ္တာသုံးမျိုးနှင့်ပါရမီချစ်**

ချစ်ခြင်းမေတ္တာ၌ "ငါ" အပွားဆုံး ပါဝင်သောအခါ ချစ်သူချစ် ဖြစ်လာ၏။ "ငါ" အပါးဆုံးပါဝင်သောအခါ လောကချစ်ဖြစ်လာ၏။ မိသားစု၏ ချစ်ခြင်းမေတ္တာ၌ကား ငါ-သည် အလယ်ဗဟို၌ရှိ၏။ ပွားရာဘက်သို့လည်း ရွေ့ရှုနိုင်၏။ ပါးရာဘက်သို့လည်း ရွေ့ရှုနိုင်၏။

ထို့ကြောင့် မိသားစုချစ်ခြင်းမေတ္တာကိုကောင်းသောမေတ္တာပြယုဂ်အဖြစ်လည်း ထုတ်၍ရ၏။ မကောင်းသောမေတ္တာပြယုဂ် အဖြစ်လည်း ထုတ်၍ရ၏။ လောကအတွက် ဘေးဖြစ်လျှင် မကောင်း၊ လောကအတွက်ဆေးဖြစ်လျှင် ကောင်း၏။

မေတ္တာသုံးမျိုးတွင် ချစ်သူချစ်မေတ္တာသည် အစွန်းရောက်မေတ္တာဖြစ်၏။ ယင်း၌ မိမိချစ်သူအသာစံရေးသာ ပါဝင်သဖြင့် လောဘစွန်းသို့ရောက်၏။ အခြားသူများအပေါ် အဟန့်အတားပြုသဖြင့် ဒေါသစွန်းသို့ရောက်၏။ မိသားစုချစ်ခြင်းမေတ္တာ၌လည်း ထိုနည်းအတူပင် မိမိ၏မိသားစုအတွက်သာဖြစ်လျှင် လောဘစွန်းရောက်၏။ အခြားမိသားစုများအပေါ် ငဲ့ညှာထောက်ထားခြင်း မရှိလျှင် ဒေါသစွန်းသို့ရောက်၏။ အစွန်းရောက်အချစ်ဟူသမျှသည် လောကအတွက် အန္တရာယ်ပင်ဖြစ်၏။ ထို့ကြောင့် လောကကို အန္တရာယ်ပြုခြင်းမှ ကာကွယ်ရန်အတွက် အစွန်းရောက်အချစ်မျိုးများအပေါ် လောကချစ်ဖြင့် ထိန်းကျောင်းရ၏။

www.burmeseclassic.com

www.burmeseclassic.com



လောကချစ်ဟူသည်မှာ ယင်း၌ ငါ– ပါးသည်ထက်ပါး၍လာသော အချစ်ဖြစ်၏။ ထို့ကြောင့်ပင် လောကချစ်ကို ပါရမီချစ်ဟူ၍ ဆိုရခြင်းဖြစ်၏။

ချစ်သူချစ်၌လည်း ငါ– ပါး၍ပါး၍လာသည်နှင့်အမျှ ယင်းအချစ်သည်လည်း ပါရမီ အချစ်ဖြစ်လာ၏။ ထိုနည်းအတူပင် မိသားစုအချစ်၌လည်း ငါ– ပါး၍ပါး၍ လာသည်နှင့်အမျှ ယင်းအချစ်သည်လည်း ပါရမီအချစ်ဖြစ်လာသည်။ ထို့ကြောင့် ပါရမီချစ်၌ ချစ်သူချစ်လည်းပါ၏။ မိသားစုချစ်လည်းပါ၏။ အမှန်အားဖြင့် အချစ်သုံးမျိုး ကွဲပြားသွားသည်မှာ ငါ– အထူအပါးကို လိုက်၍ သုံးမျိုး ကွဲပြားသွားခြင်း ဖြစ်၏။ ငါ ပါးသွားသည်နှင့်အမျှ ချစ်သူချစ်နှင့် မိသားစုအချစ်တို့သည် ပါရမီချစ်အဆင့်သို့ ဝင်ရောက်လာ၏။

သို့ရာတွင် အချင်းချင်းကျေးဇူးပြုမှု၏ အားကြီးသောအထောက်အပံ့ ဥပနိဿယ ပစ္စည်းအနေဖြင့်မူ ချစ်သူချစ်က မိသားစုအချစ်ထက် ပို၍အားကောင်း၏။ မိသားစုအချစ်က လောကချစ်ထက်ပို၍ အားကောင်း၏။

ထို့ကြောင့် မြတ်စွာဘုရားသည် အလောင်းတော်ဘဝများက ဆိုင်ရာဆိုင်ရာ ပါရမီများကို ဖြည့်ကျင့်တော်မူရာ၌ မိမိ၏ ချစ်သူနှင့် မိသားစုတို့ကို ချစ်သူချစ်နှင့် မိသားစုချစ်အဆင့်မှ လောကချစ်အဆင့်သို့ တက်လှမ်းရာ၌ ပါရမီဖြည့်ဖက်များဖြင့် အားယူရခြင်း ဖြစ်လေ၏။

လောကကိုတကယ်ချစ်တတ်ဖို့သာလို၏။ တကယ်သာ ချစ်တတ်ရိုးမှန်ပါလျှင် မိမိချစ်ရသောလောကအတွက် အနစ်နာခံဖို့ဆိုသည်မှာ ဘာမျှဝန်လေးသောလုပ်ငန်းမဟုတ်။ အနစ်နာ ခံနိုင်ခြင်းသည်ပင်လျှင် ဒါနပါရမီသဘောဖြစ်၏။ မိမိချစ်ရသော လောကမှ ဘာကိုမျှ မမျှော်လင့်ဘဲချစ်ရသဖြင့် ယင်း၏အကျိုးစီးပွားအတွက် ဆောင်ရွက်ခွင့် ရရုံသက်သက်ဖြင့် ကျေနပ်နိုင်ခြင်းသည်လည်း ဘာမျှဝန်လေးသောလုပ်ငန်းမဟုတ်။ ဘာကိုမျှ မမျှော်ကိုးဘဲ စေတနာသန့်သန့်ဖြင့် ဆောင်ရွက်နိုင်ခြင်းသည်ပင်လျှင် နေက္ခမ္မပါရမီ သဘောဖြစ်၏။

ထိုအခါ အခြားပါရမီများသည်လည်း မိမိတို့၏ ဆိုင်ရာဆိုင်ရာ လုပ်ငန်းများ၌ အလိုအလျောက် ပါဝင်လာမည်ဖြစ်၏။ ထို့ကြောင့် လောက၏အကျိုးစီးပွားအတွက် ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချလိုက်ပါလျှင် ယင်းသန္နိဋ္ဌာန် ခိုင်မြဲနိုင်ရေးအတွက် လောကအပေါ် တကယ်တမ်း ချစ်တတ်သောစိတ်ကို ထားရှိဖို့လည်းလိုအပ်ပါ၏။ တကယ်ချစ်မှ ချစ်ရသူအတွက် ဆောင်ရွက်ရန် ချထားသောသန္နိဋ္ဌာန်သည် ခိုင်မာ၏။ သန္နိဋ္ဌာန်ခိုင်မာလျှင် အခြားပါရမီများသည်လည်း မခက်မခဲဘဲ ဖြစ်လာနိုင်၏။

ဘာကိုမျှ မမျှော်ကိုးဘဲ အနစ်နာခံခြင်းသက်သက်သည် အသွင်သဏ္ဌာန်အားဖြင့် ဘာအကျိုးမျှမရှိဘဲ ရှုံးသွပ်မိုက်မဲခြင်း သဘောမျိုးသာဖြစ်သည်ဟူ၍ မှတ်ထင်ဖွယ်ရှိ၏။ အမှန်အားဖြင့် ထိုအထင်သည် အလွန်မှားသောအထင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတစ်ခုကိုလုပ်ရာ၌ ဘာကိုမျှ မမျှော်ကိုးဘဲ မိမိ၏ ကာယအား၊ ဉာဏအား၊ ဓနအား တို့ကို အတတ်နိုင်ဆုံး သုံးစွဲပြီး အနစ်နာခံ၍ ဆောင်ရွက်ခြင်းသည် အလွန်ကြီးမားသောအကျိုးကို ရခြင်းလည်းမည်၏။ အလွန်ထက်မြက်သော ဉာဏ်ပညာဖြင့် ဆောင်ရွက်ခြင်းလည်းမည်၏။ ထိုကြီးမားသော အကျိုးကို ရခြင်းဟူသည်ကား လောဘကို သတ်နိုင်ခြင်းပင်ဖြစ်၏။

ဤလောက၌ လောဘကိုသတ်နိုင်ခြင်းလောက် ကြီးမားသောအကျိုးကို ရခြင်းဟူသည် မရှိပေ။ မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်တော်မူခြင်းသည် မိမိကိုယ်တိုင်ကလည်း လောဘကိုသတ်နိုင်ဖို့၊ ဝေနေယျသတ္တဝါများအားလည်း လောဘကိုသတ်နိုင်အောင် သင်ကြားပေးဖို့သာဖြစ်၏။ အခြားရည်ရွယ်ချက်ဟူ၍မရှိ။

ထို့ကြောင့် လောဘကိုသတ်နိုင်ခြင်းသည် အလွန်ကြီးမားသော အကျိုးကိုရခြင်း မည်၏ ဟူ၍ဆိုခြင်းဖြစ်၏။ ထို့အပြင် ထိုအမြင်မျိုးဖြင့် မိမိ၏လုပ်ငန်းကို မြင်နိုင်ခြင်းသည်လည်း သာမညဉာဏ်ဖြင့် မြင်နိုင်ခြင်းမျိုးမဟုတ်။ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ဖြင့်သာ အမှန်အကန် မြင်နိုင်ခြင်းမျိုးဖြစ်၏။

အခြားဉာဏ်မျိုးဖြင့် ထိုအမြင်မျိုးကို မြင်နိုင်သည်ဆိုလျှင်ပင် ထိုအမြင်မျိုးသည် မှန်းဆအမြင်မျိုးသာ ဖြစ်နိုင်၏။ တိုက်ရိုက်အမြင်မျိုးမဖြစ်နိုင်ချေ။ အကယ်၍ မှန်းဆအမြင်မျိုးပင် ဖြစ်စေဦးတော့ ထိုမျှလောက် မှန်းဆနိုင်သောအမြင်ဉာဏ်မျိုးသည် အလွန်ထက်မြက်သော အမြင်ဉာဏ်မျိုးမှတစ်ပါး အခြားအမြင်ဉာဏ်မျိုးမဖြစ်နိုင်ချေ။ ထို့ကြောင့် ရှုသွပ်မိုက်မဲခြင်းမျိုးမဟုတ်ဘဲ တကယ်ကို ပညာရှိခြင်းမျိုးသာ ဖြစ်သည်ဟူ၍ ဆိုရခြင်းဖြစ်၏။

အမှန်အားဖြင့် လောဘကို သတ်နိုင်ခြင်းသည် ဓမ္မအားဖြင့် နိဗ္ဗာန်ကိုရခြင်းဖြစ်၏။ နိဗ္ဗာန်ကိုရခြင်းသည် သန္တိသုခကိုရခြင်းပင်ဖြစ်၏။ ဤလောက၌ သန္တိသုခ–လောက် ငြိမ်းချမ်းသော ချမ်းသာဟူသည် မရှိကောင်းပေ။ ထို့ကြောင့် သန္တိသုခ–ကိုရသော ပုဂ္ဂိုလ်များသည် မည်သည့်နည်းနှင့်မျှ နိမ့်ကျသူများ မဖြစ်နိုင်ကြောင်းမှာ ပေါ်လွင်ပါ၏။

> ဗုဒ္ဓဒေသနာတော်အရဆိုလျှင် သန္တိသုခ–ကို ရကြသူများသည် အရိယာပုဂ္ဂိုလ်များသာဖြစ်ကြ၏။ အရိယာပုဂ္ဂိုလ်ဟူသမျှသည် လူနတ်ဦးခိုက်ပူဇော်ထိုက်သူများသာ ဖြစ်ကြ၏။ အမှန်အားဖြင့် လောဘကို ကုန်အောင်မပြုနိုင်ကြသေးစေကာမူ လောဘကိုပါးသည်ထက် ပါးအောင် ပြုနိုင်ကြသူများသည်ပင် လူနတ်ဦးခိုက် ပူဇော်ထိုက်သူများ ဖြစ်ကြလေပြီ။

လောဘကို ပါးသည်ထက်ပါးအောင် ပြုနေတော်မူသော မြတ်စွာဘုရားအလောင်းတော်နှင့်စပ်လျဉ်း၍ ဆိုရလျှင် အလောင်းတော်၏ ကိုယ်ခန္ဓာကိုမဆိုထားနှင့်ဦး ကိုယ်ခန္ဓာနှင့်စပ်သော ဝတ်လဲတော်ကို ယဒိုကာရဗြဟ္မာက အကနိဋ္ဌဗြဟ္မာ့ဘုံ၌

www.burmeseclassic.com

www.burmeseclassic.com



"ဒုဿစေတီ" တည်၍ ပူဇော်၏။ အလောင်းတော်မင်းသား၏ ဆံတော်ကို သိကြားမင်းက တာဝတိံသာနတ်ပြည်၌ "စူဠာမဏိစေတီ" တည်၍ ပူဇော်၏။ အလောင်းတော်မင်းသား၏ သက်မဲ့ဖြစ်သော အရာဝတ္ထုများသည်ပင် နတ်ဗြဟ္မာတို့၏ ပူဇော်အထူးကို မည်မျှ ခံယူတော်မူထိုက်သည်ကို မှန်းဆ၍ သိနိုင်ပါ၏။

အမှန်အားဖြင့် ဤအကျိုးများမှာ မမျှော်ကိုးပါမှ ရနိုင်သောအကျိုးများဖြစ်လေ၏။ သာမန်လက်တွေ့အားဖြင့်လည်း အလိုနည်းက အရများ၍ အလိုကြီးက အရနည်းကြောင်းကို မည်သူမျှ မငြင်းကြ။ ထိုသို့ပင်ရသော်လည်း ရခြင်း၌တပ်မက်မှုမရှိ။ တပ်မက်မှုမရှိလေ ရလေ၊ ရလေ တပ်မက်မှုမရှိလေ ဖြစ်ပါ၏။

**မေတ္တာပြယုဂ်စွမ်းအားများ** မမျှော်ကိုးခြင်းဟူသည်မှာလည်း တကယ်ချစ်မှသာ ဖြစ်နိုင်၏။ ထို့ကြောင့် ချစ်ခြင်းမေတ္တာသည် ပါရမီမြောက်လေ စွမ်းအားကြီးမားလေဖြစ်၏။ စွမ်းအားကြီးမားသော ချစ်ခြင်းမေတ္တာကို ပါးစပ်ကရွတ်ဆိုနေရုံမျှနှင့်တော့ ဖြစ်ပေါ်လာအောင် လုပ်၍မရ။ လက်တွေ့ကျင့်ကြံခြင်း၊ အားထုတ်ခြင်းဖြင့်သာ ဖြစ်ပေါ်လာအောင် လုပ်၍ရကောင်း၏။ ကျင့်စတွင် မေတ္တာသည် စွမ်းအင်နည်းပါးမည်ဖြစ်သော်လည်း ကျင့်ပါများသောအခါ မေတ္တာသည် တဖြည်းဖြည်းချင်း စွမ်းအင်ကြီးမားလာမည် ဖြစ်၏။ မေတ္တာစွမ်းအား ပြယုဂ်များကို ကျမ်းဂန်များ၌ ဖော်ပြထားလေရာ တိကနိပါတ်၊ သေယျဇာတ်။ စတုက္ကနိပါတ်၊ ကေရာဇဇာတ်နှင့် မဟာနိပါတ်၊ သုဝဏ္ဏသာမဇာတ်တို့သည် ထင်ရှားကြ၏။ ထိုဇာတ် တို့တွင် သေယျဇာတ် အကျဉ်းမှာ ဤသို့ဖြစ်၏။

**သေယျဇာတ်** ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ တစ်နေ့တွင် ဗြဟ္မဒတ်မင်းသည် အပြစ်ရှိသော အမတ်တစ်ယောက်ကို အပြစ်အားလျော်စွာ တိုင်းပြည်မှ နှင်ထုတ်လိုက်၏။ ထိုအမတ်သည် ကောသလမင်းထံသွား၍ ခစားပြီးလျှင် ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းယူပါလျှင် အလွယ်နှင့်ရမည်ဟူ၍ လျှောက်ထား၏။ ထိုလျှောက်ထားချက်အတိုင်း ကောသလမင်းသည် ဗာရာဏသီပြည်ကို ဝင်ရောက်တိုက်ခိုက်၏။ မင်းနှင့်တကွ အမတ်များကို ထောင်သွင်းအကျဉ်းချ၏။ ဗာရာဏသီမင်းသည် ရန်သူဖြစ်သော ကောသလမင်းကို အာရုံပြု၍ မေတ္တာပွား၏။ ဗာရာဏသီမင်း၏ မေတ္တာသည် ဈာန်အဆင့်သို့ရောက်၍ အလွန်အားရှိ၏။

ထိုအခါ ကောသလမင်းသည် မနေနိုင်မထိုင်နိုင်အောင် ပူလောင်ခြင်းဝေဒနာကို ခံစားရ၏။ ဗာရာဏသီမင်းကို တောင်းပန်ဝန်ချပြီး တိုင်းပြည်ကို ဗာရာဏသီမင်းအား ပြန်လည်အပ်နှံလိုက်ပါမှ ပူလောင်ခြင်းဝေဒနာသည်ငြိမ်း၏။ ဤဇာတ်မှာ "မေတ္တာစွမ်းအင်ပြ" ဇာတ်ဖြစ်၏။ ဤဇာတ်တော်အရ မေတ္တာလက်နက်သည် အခြားလက်နက်များထက် ပိုမို၍ အစွမ်းထက်ကြောင်း ထင်ရှား၏။

ကေရာဇ ဇာတ်အကျဉ်းမှာ ဤသို့ဖြစ်၏–

www.burmeseclassic.com

www.burmeseclassic.com



**ကေရာဇာတ်**

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ တစ်နေ့တွင် ဗြဟ္မဒတ်မင်းသည် အပြစ်ရှိသောအမတ်တစ်ယောက်ကို အပြစ်အားလျော်စွာ တိုင်းပြည်မှနှင်ထုတ်လိုက်၏။ ထိုအမတ်သည် ကောသလတိုင်း ဒုဗ္ဗိသေန မင်းထံသို့သွားရောက်၍ ခစား၏။ "ဗာရာဏသီပြည်ကို သိမ်းယူလျှင်အလွယ်နှင့်ပင်သိမ်းယူနိုင်ကြောင်း" ဖြင့် ပြည်ပြေးအမတ်က ဒုဗ္ဗိသေနမင်းအား လျှောက်ထား၏။ ဒုဗ္ဗိသေန မင်းသည် ပြည်ပြေးအမတ်၏ လျှောက်ထားချက်အတိုင်း ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းယူ လိုက်၏။ ဗာရာဏသီမင်းကိုလည်း နန်းတော်တံခါးအထက်၌ တွဲလျားစောက်ထိုး ချထားစေ၏။ ဗာရာဏသီမင်းသည် ဒုဗ္ဗိသေန မင်းကို အာရုံပြု၍ မေတ္တာပွား၏။ မေတ္တာသည်စျာန်အဆင့်ရောက်သဖြင့် ဗြဟ္မဒတ်မင်းသည် အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်ပြီး ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ၍ နေတော်မူ၏။

ထိုအခါ ဒုဗ္ဗိသေနမင်းသည် ပူလောင်ခြင်းဝေဒနာကို ပြင်းထန်စွာခံစားရပြီး မြေပြင်၌ လူးလိမ့်၍နေရ၏။ ဒုဗ္ဗိသေနမင်းသည် ကောင်းကင်၌ တည်နေတော်မူသော ဗာရာဏသီမင်းကို သွားရောက်ကန်တော့၍ တိုင်းပြည်ကို ဗာရာဏသီမင်းအား ပြန်လည်အပ်နှံလိုက်မှ ပူလောင်ခြင်းဝေဒနာသည် ပျောက်ကင်းသွား၏။ ဤဇာတ်မှာလည်း "မေတ္တာစွမ်းအင်ပြ"ဇာတ်ပင်ဖြစ်၏။ ထိုဇာတ်တော်များအရ မေတ္တာကို တကယ်တမ်း စျာန်အဆင့်သို့ရောက်အောင် ပွားများအားထုတ်နိုင်ပါက မည်မျှလောက် အမျက်ဒေါသကြီးမားသူများကိုပင်ဖြစ်စေကာမူ ပျော့ပျောင်းသွားအောင် စွမ်းဆောင်နိုင်ပါ၏။ သံဝေဂရသွားအောင် စွမ်းဆောင်နိုင်ပါ၏။

ထိုကြောင့်ပင် ဗြဟ္မဒတ်မင်း၏ မေတ္တာစွမ်းအင်ကြောင့် ရန်သူဖြစ်သော ကောသလမင်းသည်လည်းကောင်း၊ ဒုဗ္ဗိသေနမင်းသည်လည်းကောင်း ဗြဟ္မဒတ်မင်းအား ဝန်ချတောင်းပန်ရခြင်းဖြစ်၏။ မေတ္တာစွမ်းအင်ပြ နောက်ဇာတ်တစ်ဇာတ်မှာ သုဝဏ္ဏသာမဇာတ်ဖြစ်၏။ ယင်းဇာတ်လမ်းအကျဉ်းမှာ ဤသို့ဖြစ်၏–

**သုဝဏ္ဏသာမဇာတ်တော်**

ဗာရာဏသီပြည်နှင့်မနီးမဝေး မြစ်ကမ်းပါးတစ်ဖက်စီတွင် တံငါရွာကြီးတစ်ရွာစီရှိ၏။ တံငါရွာတစ်ရွာ၏ တံငါသူကြီးသားမှာ ဒုကူလဖြစ်၏။ အခြားတံငါရွာတစ်ရွာ၏ တံငါသူကြီးသမီးမှာ ပါရိကာဖြစ်၏။ သူတို့နှစ်ယောက်ကို မိဘနှစ်ဦးက လက်ထပ်ထိမ်းမြားပေးလိုက်၏။ ထိုကြောင့် ဒုကူလနှင့်ပါရိကာတို့သည် တံငါရွာ၌ ဇနီးမောင်နှံဖြစ်သွားကြ၏။ သူတို့သည် တံငါမျိုးနွယ် မိဘနှစ်ဦးမှ ဆင်းသက်လာခြင်းဖြစ်သော်လည်း တံငါလုပ်ငန်းကိုမလုပ်ကြ။ သူတို့နှစ်ဦးသည် မိဘများကိုပန်ကြားပြီး ဟိမဝန္တာသို့သွား၍ မိဂသမ္မတာမြစ်အနီး၌ ရဟန်းပြုကာနေကြ၏။ ကျောင်းသခ်မ်းကိုယ်စီနှင့် နေကြခြင်းဖြစ်၏။

သူတို့နှစ်ဦးလုံး တစ်နေ့တွင် မျက်စိကွယ်ကြမည့် အတိတ်ကံများပါကြ၏။ ထိုအကြောင်းကို သိကြားမင်းကသိ၏။ ထိုကြောင့် သူတို့တွင် သားတစ်ယောက်ရှိဖို့လို၏။

www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်း၏တိုက်တွန်းချက်အရ ပါရိက္ကာရသေ့ပန်းပွင့်၍ သားအိမ်စင်ကြယ်သောအခါ ဒုကူလက ပါရိက္ကာ၏ချက်ကို လက်ဖြင့်သုံးသပ်၏။ ထိုအခါ ဘုရားလောင်းနတ်သားသည် နတ်ပြည်မှစုတေ၍ ပါရိက္ကာ၏ဝမ်း၌ ပဋိသန္ဓေယူ၏။ ဖွားမြင်သောအခါ "သုဝဏ္ဏသာမ"ဟူ၍ အမည်တွင်၏။

သုဝဏ္ဏသာမသည် တောတွင်းတိရစ္ဆာန်များ၏အလယ်၌ ကြီးပြင်းရသူဖြစ်၏။ သူ၏အဖော်များတွင် ကြောက်စရာကောင်းသော ခြင်္သေ့များလည်းပါ၏။ ကျားများလည်းပါ၏။ သစ်များလည်းပါ၏။ ထိုအပြင် လူကိုကြောက်တတ်သော သမင်များနှင့်ကိန္နရာများလည်းပါ၏။ သုဝဏ္ဏသာမသည် ထိုတိရစ္ဆာန်များအားလုံးကို ချစ်၏။ တိရစ္ဆာန်များအားလုံးကလည်း သူ့ကိုချစ်၏။

သူငယ်စဉ် အရွယ်မရောက်မီကာလ၌ မိဘများက သစ်သီးကြီးငယ်ကို သွား၍ရှာဖွေစဉ် သုဝဏ္ဏသာမကို ကျောင်းသင်္ခမ်း၌ ထားခဲ့သောအခါ ကိန္နရာများက ဂန္ဓမာဒနတောင်မှ လာ၍ သူ့ကိုရေချိုးပေး၏။ ဤမျှလောက်အထိ သူတို့သည် သုဝဏ္ဏသာမကို ချစ်ကြ၏။ တိရစ္ဆာန်များကို ဤသို့ယဉ်ပါးသွားအောင် စွမ်းဆောင်နိုင်သော သုဝဏ္ဏသာမ၏ မေတ္တာအင်အားသည် မည်မျှလောက်ကြီးမားသည်ကို မှန်းဆ၍ သိနိုင်၏။

တစ်ခုသောနေ့တွင် မိဘနှစ်ပါးသည် သစ်သီးရှာပြီးပြန်လာကြရာ သင်္ခမ်းကျောင်းနှင့် မနီးမဝေးအရောက်တွင် မိုးကြီးရွာသွန်းသဖြင့် သစ်ပင်ခြေရင်းရှိ တောင်ပို့ပေါ်သို့တက်၍ ရပ်နားကြ၏။ သူတို့၏ကိုယ်မှ ချွေးနှင့်ရောသောရေသည် ကျ၍ တောင်ပို့တွင်းရှိ မြွေဟောက်၏ နှာခေါင်းထဲသို့ ဝင်၏။ ထိုအခါ မြွေဟောက်သည် ပြင်းစွာမှုတ်လေလျှင် မိဘနှစ်ပါး၏ မျက်စိများသည် မြွေဆိပ်သင့်၍ ကွယ်ကြလေ၏။ ထိုအခါ မိဘနှစ်ပါးသည် ငိုကြွေးကြ၏။ ထိုသို့ငိုကြွေးခြင်းမှာ သူတို့အတွက်စိုးရိမ်၍ ငိုကြွေးကြခြင်းမဟုတ်။ သားငယ် သုဝဏ္ဏသာမ အတွက် စိုးရိမ်၍ငိုကြွေးကြခြင်း ဖြစ်၏။

သုဝဏ္ဏသာမသည် မိဘများရောက်ချိန်တန်လျက် မရောက်သောအခါ မိဘများနောက်သို့လိုက်၏။ ငိုကြွေးသံကြား၍ သွားကြည့်ရာ မိဘနှစ်ပါးလုံး မျက်စိကွယ်နေသည်ကို သုဝဏ္ဏသာမ တွေ့ရ၏။ ထိုအခါသူသည် မိဘများကို ကျောင်းသင်္ခမ်းသို့ ခေါ်ဆောင်လာ၏။ မျက်မမြင်မိဘနှစ်ပါးအတွက် စင်္ကြံလျှောက်ရန်နှင့် ကျင်ကြီး–ကျင်ငယ်စွန့်သောအခါသွားရန် ကြိုးတန်းများကို လုပ်ပေးထား၏။ သုဝဏ္ဏသာမသည် မျက်မမြင်မိဘနှစ်ပါးကို လိုလေသေးမရှိရလေအောင် အဘက်ဘက်မှ ပြုစုစောင့်ရှောက်၏။ ထိုကဲ့သို့ စောင့်ရှောက်နိုင်ရန်အတွက်ပင် သူသည် ဒုကူလနှင့်ပါရိက္ကာတို့၏သား သုဝဏ္ဏသာမ ဖြစ်ခဲ့ရခြင်း ဖြစ်လေ၏။

သုဝဏ္ဏသာမသည် သစ်သီးရှာရန် တောထဲသို့သွားသောအခါ ကိန္နရီများကလိုက်၍ သစ်သီးများကို ခူးပေးကြ၏။ ရေခပ်ရန် ရေဆိပ်သို့သွားသောအခါ သမင်များကလိုက်၍

www.burmeseclassic.com

www.burmeseclassic.com



ရေခပ်ပေးကြ၏။ ရေအိုးကို ကျောပေါ်တင်၍ သယ်ဆောင်ပေးကြ၏။ တစ်နေ့တွင် သုဝဏ္ဏသာမသည် သမင်များနှင့် ရေခပ်သွားသောအခါ တောလည်လာသော ဗာရာဏသီပြည့်ရှင် ဘုရင်ပိဠိယက္ခမင်းကြီးက သုဝဏ္ဏသာမကို သမင်များအကြား၌ တွေ့ရသောအခါ အံ့အားသင့်သွား၏။ လူလော, နတ်လော ခွဲခြား၍ မင်းကြီးမသိ။ ဆိပ်လူးမြားဖြင့်ပစ်ပြီးမှ မေးမည်ဟူ၍ကြံစည်ပြီး လေးဖြင့်ပစ်လိုက်၏။ ထိုအခါ သုဝဏ္ဏသာမသည် လဲကျသွား၏။ သမင်တို့သည်လန့်ပြီးပြေးကြကုန်၏။ သုဝဏ္ဏသာမသည် ငိုကြွေး၏။ သူ၏ငိုကြွေးခြင်းသည် သူ့အတွက်ငိုကြွေးခြင်းမဟုတ်။ သူမရှိတော့လျှင် မိဘများဒုက္ခရောက်တော့မည်ကို စိုးရိမ်ပြီး ငိုကြွေးခြင်းဖြစ်၏။ သုဝဏ္ဏသာမသည် သူ့အား မြားဖြင့်ပစ်သူကို စိတ်လည်းမဆိုး၊ သတိလည်းမရအား။ မိဘနှစ်ပါးကိုသာ ဦးစွာအမှတ်ရလိုက်၏။ မိဘနှစ်ပါးကိုသာ တမ်းတနေ၏။ ထိုအခါ ပိဠိယက္ခမင်းကြီးသည် သုဝဏ္ဏသာမကို မျက်မမြင်မိဘနှစ်ပါးအား လုပ်ကျွေးပြုစုနေသော သူတော်စင် ယောကျ်ားမြတ်အဖြစ် သိလေ၏။

မင်းကြီးသည် သုဝဏ္ဏသာမအား တောင်းပန်၏။ သုဝဏ္ဏသာမ ကိုယ်စား သုဝဏ္ဏသာမ၏ မိဘနှစ်ပါးကို လုပ်ကျွေးပါမည်ဟု ပြောဆိုပြီး တာဝန်ယူ၏။ ဂန္ဓမာဒန တောင်စောင့် ဗဟုသုန္ဒရီနတ်သမီးကလည်း ပိဠိယက္ခမင်းကြီးအား သုဝဏ္ဏသာမ၏ မျက်မမြင်မိဘနှစ်ပါးကို သုဝဏ္ဏသာမကိုယ်စား လုပ်ကျွေးပြုစုရန် ပြော၏။ ထိုအခါ ပိဠိယက္ခမင်းကြီးသည် မျက်မမြင်မိဘနှစ်ပါးကို လုပ်ကျွေးရန် ရေပြည့်အိုးကိုထမ်းကာ ဘုရားလောင်း သုဝဏ္ဏသာမ ညွှန်လိုက်သည့်လမ်းအတိုင်း သွားလေရာ ဖခင်ဒုကူလထံသို့ ရောက်၏။ မင်းကြီးက ဒုကူလအား မိမိသည် ဗာရာဏသီပြည့်အရှင် ဘုရင်ဖြစ်ကြောင်း၊ သုဝဏ္ဏသာမအား မြားဖြင့်ပစ်သတ်မိကြောင်း ပြော၏။ ထိုစကားသံကို မိခင်ပါရိကာ ကြား၍ ကြိုးတန်းဖြင့် ဒုကူလထံသို့ လာ၏။ ဒုကူလ–က ပါရိကာအား အကျိုးအကြောင်း ပြောပြပြီး မင်းကြီးအပေါ် အမျက်မထွက်ရန် ပြော၏။ ထိုအခါ ဒုကူလနှင့်ပါရိကာ မိဘနှစ်ပါးတို့သည် သားတော်သုဝဏ္ဏသာမ၏ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ချီးမွမ်းလျက် သည်းစွာငိုကြွေးကြလေ၏။

အမှန်အားဖြင့် သုဝဏ္ဏသာမ၏ဘဝနှင့် မိဘနှစ်ပါးတို့၏ ဘဝသည် အရေအတွက်အားဖြင့် အသီးသီးဖြစ်သော်လည်း အရည်အချင်းအားဖြင့်မူ အသီးသီးမဟုတ်။ တစ်ခုတည်းသာဖြစ်လေ၏။ ထို့ကြောင့် မိဘနှစ်ပါးအနေဖြင့်လည်း ဘာကိုပင်စဉ်းစား စဉ်းစား မိမိတို့၏အကျိုးအတွက်မစဉ်းစား၊ သား သုဝဏ္ဏသာမအတွက်သာ စဉ်းစား၏။ သား သုဝဏ္ဏသာမ အနေဖြင့်လည်း ဘာကိုစဉ်းစားစဉ်းစား မိမိအတွက်မစဉ်းစား၊ မိဘနှစ်ပါးအတွက်သာ စဉ်းစား၏။ ထို့ကြောင့် သူတို့မိသားစုသုံးဦး၏ သုံးဘဝသည် အရေအတွက်အားဖြင့် သုံးဘဝဖြစ်သော်လည်း အရည်အချင်းအားဖြင့် တစ်ဘဝတည်း ဖြစ်သည်ဟူ၍ ဆိုရ၏။ ဤသည်မှာ မေတ္တာဖြင့်ပေါင်းစပ်ခြင်းကြောင့်သာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒုကူလနှင့်ပါရိကာတို့က ပိဠိယက္ခမင်းကြီးအား သူတို့နှစ်ယောက်ကို သားတော် သုဝဏ္ဏသာမထံ ခေါ်သွားရန် ပြောကြ၏။ မင်းကြီးသည် သူတို့မိသားစုကိုတွေ့ရသောအခါ များစွာအံ့ဩ၏။ သူသည်သုဝဏ္ဏသာမကို မြားဖြင့်ပစ်သတ်သူဖြစ်ပါလျက် အပစ်ခံရသူ သုဝဏ္ဏသာမ–ကလည်း သူ့ကိုစိတ်မဆိုး။ မိဘနှစ်ပါးကလည်း သူ့ကိုစိတ်မဆိုး။ စိတ်မဆိုးရုံသာမက အစားအသောက်များဖြင့်ပင် ရှိသေလေးစားစွာ ဧည့်ဝတ်ပြုကြသေး၏။

သူတို့၏ မိသားစု၌ ဒေါသဟူသည် ရှိမှပင်ရှိပါလေစ။ ပိဠိယက္ခမင်းကြီးသည် ဤမိသားစုအပေါ်၌ များစွာပင်ကရုဏာသက်မိ၏။ ထို့ကြောင့် မင်းကြီးသည် သူ၏ မင်းဘဝကိုစွန့်လွှတ်ကာ ဤမိသားစုဘဝနှင့် တစ်သားတည်းပြုရန် သန္နိဋ္ဌာန်ချလိုက်၏။ မင်းကြီးသည် ဒုကူလနှင့်ပါရိကာ မိဘနှစ်ပါးကို သုဝဏ္ဏသာမရှိရာ မိဂသမ္မတာမြစ်ကမ်းပါးသို့ ခေါ်ဆောင်သွား၏။

မိဘနှစ်ပါးသည် သား သုဝဏ္ဏသာမထံသို့ရောက်သောအခါ ဒုကူလ–သည် သား၏ဦးခေါင်းကို မိမိ၏ပေါင်ပေါ်၌လည်းကောင်း၊ မိခင်ပါရိကာ– က သား၏ခြေတို့ကို မိမိ၏ပေါင်ပေါ်၌လည်းကောင်း ထား၍ မိမိတို့စွမ်းနိုင်သမျှ ပြုစုကြ၏။ သူတို့အပေါ်၌ ထားရှိခဲ့သော သား သုဝဏ္ဏသာမ၏ ဂုဏ်ကျေးဇူးများကို ဖော်ထုတ်ပြောဆိုလျက် ငိုကြွေးကြ၏။ တို့နောက် သူတို့သည် သုဝဏ္ဏသာမ မသေသေးမှန်းသိသဖြင့် သစ္စာပြုကြ၏။

ထိုအခါ သုဝဏ္ဏသာမသည် လှုပ်ရှားလာ၏။ နောက် ဗဟုသုန္ဒရီနတ်သမီး ရောက်လာကာ သစ္စာပြုပြန်၏။ ထိုအခါ သုဝဏ္ဏသာမသည် လုံးဝကျန်းမာလာ၏။ မိဘနှစ်ပါးလည်း မျက်စိပြန်မြင်လာ၏။

ဤသို့လျှင် မိဘနှစ်ပါး, သား သုဝဏ္ဏသာမ, ပိဠိယက္ခမင်းကြီး၊ ပေါင်းလေးဦး တို့သည် သခ်မ်းကျောင်း၌ ပြန်လည်ဆုံကြလေ၏။ ပိဠိယက္ခမင်းကြီးသည်လည်း ဗာရာဏသီပြည်သို့ပြန်၍ တရားနှင့်အညီမင်းပြု၏။ သုဝဏ္ဏသာမတို့ မိသားစုသည်လည်း မိမိတို့၏ ကျောင်းသခ်မ်း၌ပင် ဆက်လက်နေထိုင်ကာ တရားဘာဝနာများကို အားထုတ်ပြီး ဈာန်အဘိညာဉ်များကိုပါ ရလေ၏။ သူတို့သည် အသက်ထက်ဆုံး အေးချမ်းစွာ နေထိုင်ကြ၏။ ပိဠိယက္ခမင်းကြီး စုတေသောအခါ နတ်ပြည်သို့ရောက်၍ သုဝဏ္ဏသာမ တို့မိသားစု စုတေသောအခါ ဈာန်အဘိညာဉ်တို့၏ အာနုဘော်ကြောင့် ဗြဟ္မာ့ပြည်သို့ ရောက်ကြကုန်၏။

ဤဇာတ်တော်အရ သုဝဏ္ဏသာမ နစဉ်ကာလ က သူ၏မေတ္တာသည်လည်း ဈာန်အဆင့်သို့ မရောက်စေကာမူ အလွန်ပင်အားကောင်း၏။ ကိန္နရာတို့က ပြုစုယုယ၍ ထိန်းကျောင်းခြင်းခံရသည်အထိပင် အားကောင်း၏။ အရွယ်ရောက်သောအခါ၌လည်း အားကောင်းသည်ပင်ဖြစ်၏။ နောက်ဆုံး ဈာန်သမာပတ်ရသောအခါ ပို၍အားကောင်း၏။ အကွဲကွဲအပြားပြားဖြစ်နေသော သတ္တဝါများကို စုစည်းရာတွင် မေတ္တာလောက်ခိုင်ခံ့အောင် စုစည်းနိုင်သော၊ စည်းရုံးနိုင်သော အင်အားမည်သည် မရှိချေ။ သုဝဏ္ဏသာမ၏ မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျားရဲ, ခြင်္သေ့ရဲ များသည်ပင် ယဉ်ပါးလာကြ၏။ အလွန်ကြောက်တတ်သော ကိန္နရီတို့သည်ပင် ရဲရင့်လာကြ၏။ ထိုသို့ဆိုလျှင် အလွန်ရက်စက် ကြမ်းကြုပ်သော လူသားများကို မေတ္တာဖြင့်သိမ်မွေ့လာအောင် လုပ်နိုင်သည်မှာ ယုံမှားစရာမရှိ။ ကမ္ဘာသမိုင်း၌ လူကြမ်းကြီးများကို ယဉ်ပါးအောင် စွမ်းဆောင်နိုင်သော အကွဲကွဲအပြားပြား ဖြစ်နေသော လူများကိုစည်းရုံးနိုင်သော မေတ္တာရှင်များသည် တကယ်ပင်ရှိခဲ့ဖူးပါ၏။

**ငြိမ်းချမ်းခြင်းကို ရှာသောနည်းနှစ်နည်း**

ဤလောက၌ လူတို့သည် မည်သူမဆို ငြိမ်းချမ်းစွာ နေချင်ကြသူများချည်းဖြစ်ကြ၏။ ထို့ကြောင့် လူတို့သည် ငြိမ်းချမ်းစွာ နေထိုင်နည်းကို အသုံးပြုကြ၏။ သူတို့အသုံးပြုသော နည်းမှာ နှစ်နည်းရှိ၏။ ထိုနှစ်နည်းတွင် တစ်နည်းမှာ ထာဝစဉ်ငြိမ်းချမ်းစွာ နေထိုင်နည်းဖြစ်၍ အခြားတစ်နည်းမှာ ယာယီငြိမ်းချမ်းစွာ နေထိုင်နည်းဖြစ်၏။ ထာဝစဉ် ငြိမ်းချမ်းစွာနေထိုင်နည်းကား တစ်ဦးအပေါ် တစ်ဦးက မေတ္တာထားခြင်း ဖြစ်၏။

သို့ရာတွင် ထိုနည်းကား ဖြတ်လမ်းမဟုတ်။ ဖြတ်လမ်းမဟုတ်သဖြင့် ငြိမ်းချမ်းမှုကို ရအောင်ယူရာ၌ အချိန်ကြာ၏။ အချိန်ကြာသည်ကို မစောင့်ဆိုင်းနိုင်သောအခါ လူတို့သည် ဖြတ်လမ်းကိုလိုက်ကြ၏။ ဖြတ်လမ်းဟူသည် ဒေါသကိုသုံးခြင်းဖြစ်၏။ တစ်ခါတည်း မလှုန်နိုင်အောင် ရက်စက်ခြင်း ဖြစ်၏။ လောကငြိမ်းချမ်းအောင် ဆောင်ရွက်ရာ၌ ဝေပစိတ္တိအသူရာမင်းကြီးသည် ဖြတ်လမ်းကိုလိုက်၏။ သိကြားမင်းသည် လမ်းဟောင်းကို လိုက်၏။ ဖြတ်လမ်းကား ဒေါသလမ်းဖြစ်၏။ လမ်းဟောင်းကား အဒေါသလမ်းဖြစ်၏။ အဒေါသလမ်းဟူသည် မေတ္တာလမ်းပင်ဖြစ်၏။

လောကငြိမ်းချမ်းမှုကို အချိန်တိုတိုနှင့် ရချင်သူများသည် ယာယီငြိမ်းချမ်းစွာ နေထိုင်နည်းအရ ဒေါသလမ်းကို လိုက်ကြ၏။ ဒေါသလမ်းကိုလိုက်လျှင် အချိန်တိုတိုနှင့် ငြိမ်းချမ်းမှုကို ရသည်ကားမှန်၏။ သို့ရာတွင် အချိန်ကိုတွက်ရာ၌ သူတို့တွက်သော သင်္ချာနည်းကား ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ အနုလောမသင်္ချာနည်းဖြစ်၏။ အနုလောမသင်္ချာနည်းကို မိစ္ဆာပဋိပဒါ- ဟူ၍လည်းဆိုရ၏။ မိစ္ဆာပဋိပဒါ-ဟူသည်မှာ မှားယွင်းသောအကျင့်တည်း။ အနုလောမသင်္ချာနည်းသည် ပစ္စက်နှင့်ခေါင်းအကြားရှိ ကာလကိုသာ အရှိထား၏။

ခေါင်း၏ဟိုမှာဘက်၌ ကာလဟူသည် ရှိသေးသည်ဟူ၍ သူတို့မသိကြ။ အမှန်အားဖြင့် ပစ္စက်နှင့် ခေါင်းအကြားရှိကာလသည် သံသရာကာလနှင့်နှိုင်းယှဉ်လိုက်လျှင် စက္ကန့်ပိုင်းမျှပင် ကြာလှသည်မဟုတ်။ အလွန်တိုတောင်း၏။ ထို့ကြောင့် ထိုတိုတောင်းသော ကာလအလိုက် ရရှိသောငြိမ်းချမ်းမှုသည်လည်း အလွန်တိုတောင်းသည်ပင် ဖြစ်၏။ ထို့ကြောင့် ထိုငြိမ်းချမ်းမှုမျိုးကို "အမြဲငြိမ်းချမ်းမှု" ဟူ၍ဆိုရ၏။ အဒေါသလမ်းကို လိုက်သူများကား ငြိမ်းချမ်းမှုကာလကို ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ပဋိလောမသင်္ချာ နည်းဖြင့် တွက်၏။ ပဋိလောမသင်္ချာနည်းကို သမ္မာပဋိပဒါ-ဟူ၍လည်း ဆိုရ၏။ သမ္မာပဋိပဒါ-ဟူသည်မှာ မှန်ကန်သောအကျင့်တည်း။ ပဋိလောမသင်္ချာနည်းသည်

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန် တိုင်အောင် သံသရာကာလကို အရှိထား၏။ ထို့ကြောင့် သံသရာကာလကို အရှိထား၍ ရသော ငြိမ်းချမ်းမှုကာလသည် မတိုတောင်း၊ အချိန်ကြာမြင့်စွာ တည်ရှိနိုင်၏။

ထို့ကြောင့် ထိုငြိမ်းချမ်းမှုမျိုးကို "မြစ်ပြတ်ငြိမ်းချမ်းမှု" ဟူ၍ဆိုရ၏။ အမြဲငြိမ်းချမ်းမှုမှ ဆုပ္ပက်ခြင်းသည် အနေးနှင့်အမြန် ဖြစ်လာဖို့ သေချာ၏။ မြစ်ပြတ်ငြိမ်းချမ်းမှုမှ ဆုပ္ပက်ခြင်းဟူသည် မည်သည့်အခါမျှ ဖြစ်ပေါ်မလာနိုင်ချေ။ ထာဝစဉ်ငြိမ်းချမ်းသည်သာ ဖြစ်တော့၏။ ထို့ကြောင့် ဤဇာတ်တော်အရ သုဝဏ္ဏသာမသည် ပဋိလောမ သချာ နည်းဖြင့်တွက်၍ ငြိမ်းချမ်းမှုကို အဒေါသ-လမ်းဖြင့် ရှာခြင်းဖြစ်၏။ သူရှာသည့်အတိုင်း ရရှိသောငြိမ်းချမ်းမှုသည် သံသရာဆုံးသည်တိုင်အောင် တည်တံ့ပါ၏။

သုဝဏ္ဏသာမသည် သူ၏ပတ်ဝန်းကျင်ကို ချစ်ရာ၌ သူ၏အကျိုးကိုမကြည့်ဘဲ ပတ်ဝန်းကျင်၏အကျိုးကိုသာကြည့်၏။ ဘာကိုပဲစဉ်းစားစဉ်းစား သူ့အတွက် ပဓာနထား၍ မစဉ်းစားဘဲ ပတ်ဝန်းကျင်အတွက်သာ ပဓာနထား၍ စဉ်းစား၏။ သူက သူ့အတွက် ပဓာနမထားသောအခါ ပတ်ဝန်းကျင်က သူ့အတွက် ပဓာနထားလာ၏။ ဤကား ဓမ္မတာ။ ပတ်ဝန်းကျင်ကိုချစ်ရာ၌မှု အားလုံးအပေါ် တန်းတူရည်တူထား၍ သူကချစ်ခြင်းဖြစ်သော်လည်း ကျေးဇူးပြုရာ၌မှု သူ့အပေါ်ထားရှိသော ကျေးဇူးထုထည်ကို လိုက်၍ ခြားနားမှုတော့ရှိ၏။

အမှန်အားဖြင့်လည်း သူ့အပေါ် တင်ရှိနေသော ကျေးဇူးထုထည်ကို ကျေနိုင်သမျှ ကျေအောင် ပေးဆပ်ဖို့မှာ တာဝန်ရှိ၏။ ထိုတာဝန်ကို သုဝဏ္ဏသာမသည် ဝမ်းမြောက် ဝမ်းသာစွာဖြင့်ယူ၏။ သူ့အပေါ် ကျေးဇူးထုထည်ကို အကြီးမားဆုံးတင်ပေးထားသူများကား သူ၏ မိဘနှစ်ပါးပင်ဖြစ်၏။ ထို့ကြောင့် သုဝဏ္ဏသာမသည် မျက်မမြင် မိဘနှစ်ပါးကို ကျေးဇူးကြွေးကျေအောင် ဆပ်သည့်အနေဖြင့် လုပ်ကျွေးခြင်း ဖြစ်၏။ ထို့ကြောင့် သုဝဏ္ဏသာမ-ကို ဤလောက၌ "ကျေးဇူးအသိတတ်ဆုံးပုဂ္ဂိုလ်တို့ထက် ပို၍ကျေးဇူး သိတတ်သူ" ဟူ၍ဆိုရ၏။ အမှန်အားဖြင့် သူ့ကျေးဇူးကို သိတတ်လေ မေတ္တာစိတ်အား ကောင်းလေဖြစ်၏။ ဤသည်မှာ ဓမ္မနိယာမပင်ဖြစ်၏။ ဤဓမ္မနိယာမကို မိမိတို့၏ ကိုယ်တွေ့ဖြင့် သက်သေပြနိုင်၏။

သုဝဏ္ဏသာမသည် သူ၏ပတ်ဝန်းကျင်ကိုချစ်ရာ၌ သူ၏မေတ္တာသည် ပါရမီမြောက် မေတ္တာဖြစ်၏။ ထိုသို့ ပါရမီမြောက် မေတ္တာဖြစ်အောင် အခြားပါရမီများကလည်းဝိုင်းဝန်း၍ ပံ့ပိုးပေး၏။ ထိုသို့ပံ့ပိုးရာတွင် သုဝဏ္ဏသာမသည် သူ၏ပတ်ဝန်းကျင်နှင့်ဆက်ဆံရာ၌ ဘာကိုဘဲလုပ်လုပ်၊ ဘာကိုပဲစဉ်းစားစဉ်းစား၊ သူ့အတွက်ပဓာနထား၍ ထည့်မတွက်ဘဲ ပတ်ဝန်းကျင်အတွက်သာ ပဓာနထား၍ ထည့်တွက်ခြင်းသည် "ဒါနပါရမီ" ဖြစ်၏။

ပတ်ဝန်းကျင်အပေါ် မကောင်းလုပ်ခြင်း၊ မကောင်းပြောခြင်း၊ မကောင်းကြံခြင်းမှ ကင်းဝေးခြင်း၊ အထူးအားဖြင့် သူ့ကိုမြားဖြင့်ပစ်သော ပိဠိယက္ခမင်းကြီးအပေါ် ပြန်၍ မကျိန်ဆဲခြင်းသည် "သီလပါရမီ" ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မှ တစ်စုံတစ်ရာမျှော်ကိုးခြင်းမရှိဘဲ ပတ်ဝန်းကျင်အပေါ် မေတ္တာ သက်သက်ဖြင့်သာ ပြုမူဆောင်ရွက်ခြင်းသည် "နေက္ခမ္မပါရမီ" ဖြစ်၏။

ပတ်ဝန်းကျင်နှင့်ဆက်ဆံရာတွင် ပတ်ဝန်းကျင်က ကျေနပ်လာအောင် ဆက်ဆံနိုင်ခြင်းသည် "ပညာပါရမီ" ဖြစ်၏။

မေတ္တာပါရမီကို ကြိုးစားပမ်းစား ပွားများခြင်းသည် "ဝီရိယပါရမီ" ဖြစ်၏။

မေတ္တာပွားများရာ၌ ဆန့်ကျင်ဘက်အကြောင်းများနှင့် ကြုံရစေကာမူ ယင်းဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် မေတ္တာပွားခြင်းလုပ်ငန်း ပျက်မသွားခြင်း၊ အထူးအားဖြင့် ပိဋကမင်းကြီးက မိမိအားမြားဖြင့်ပစ်သတ်စေကာမူ ပိဋကမင်းကြီးအပေါ် အမျက်ဒေါသမဖြစ်ဘဲ မေတ္တာကိုဆက်လက်ပွားနိုင်ခြင်းသည် "ခန္တီပါရမီ" ဖြစ်၏။

အားလုံးသော သတ္တဝါများအပေါ် အစဉ်တစိုက် မှန်မှန်ကန်ကန် မေတ္တာကို ပွားနိုင်ခြင်းသည် "သစ္စာပါရမီ" ဖြစ်၏။

မိမိ၏ရည်ရွယ်ချက်အတိုင်း မိမိ၏မေတ္တာပွားခြင်းလုပ်ငန်း ပျက်ပြားမသွားဘဲ ခိုင်မြဲနေခြင်းသည် "အဓိဋ္ဌာန်ပါရမီ" ဖြစ်၏။

ပိဋကမင်းကြီးအပါအဝင် ကောင်းကောင်းဆိုးဆိုး အားလုံးသောသတ္တဝါများ အပေါ် ခွဲခြားမှုမရှိဘဲ မေတ္တာပွားနိုင်ခြင်းသည် "ဥပေက္ခာပါရမီ" ဖြစ်၏။

ထိုစဉ်က ဟိမဝန္တာရှိ မိဂသမ္မတာမြစ်ဝှမ်းဒေသ၌ ခြင်္သေ့၊ကျား၊သမင်-စသော သတ္တဝါများအားလုံးတို့သည် အချင်းချင်း ချစ်ခင်ကြင်နာစွာ နေထိုင်ကြ၏။ ထိုသို့ အချင်းချင်း ချစ်ခင်ကြင်နာစွာ နေထိုင်ကြခြင်းသည် သုဝဏ္ဏသာမ၏ မေတ္တာ ကြောင့်သာဖြစ်၏။ မှဆိုးကြီးပိဋကကိုပင် မိမိ၏မှဆိုးလုပ်ငန်းကိုစွန့်ပြီး ဗာရာဏသီ ပြည်၌ တရားနှင့်အညီ ပြန်လည်ရှုမင်းပြုသွားအောင် သုဝဏ္ဏသာမ၏မေတ္တာသည် စွမ်းနိုင်ပါ၏။ ထိုသို့စွမ်းနိုင်ခြင်းမှာလည်း သုဝဏ္ဏသာမ၏ မေတ္တာပါရမီကို အခြားသော ပါရမီများကပါ ပံ့ပိုးပေးသောကြောင့် ဖြစ်ပါ၏။

ထို့ကြောင့် ဦးဆောင်ပါရမီ၏နောက်၌ အခြားပါရမီများသည်လည်း ဓမ္မတာ အားဖြင့် ပူးပေါင်းပါဝင်ကြသည်ပင် ဖြစ်လေ၏။ အမှန်အားဖြင့် ပါရမီဖြည့်ခြင်းဟူသည်မှာ လူသားတို့၏အနေဖြင့် လူ့ကျင့်ဝတ်ကို ပီပီပြင်ပြင် ဖြည့်ခြင်းပင်ဖြစ်၏။ လူမှန်လျှင် လူ့ကျင့်ဝတ်ကိုကျင့်ရ၏။ လူ့ကျင့်ဝတ်ကိုကျင့်ပါမှလည်း လူစစ်စစ်ဖြစ်၏။ လူ့ဘဝသို့ ရောက်လာသူတိုင်း လူစစ်စစ်ဖြစ်ချင်မှဖြစ်၏။ ထို့ကြောင့် လူ့ဘဝသို့ရောက်လာရာဝယ် လူ့ဘဝနှင့်အညီ လူစစ်စစ်ဖြစ်ရလေအောင် လူ့ကျင့်ဝတ်ကိုကျင့်ခြင်းသည်ပင် ပါရမီ ဖြည့်ခြင်းမည်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဥပေက္ခာပါရမီ

ဥပေက္ခာသည် ပါဠိဝေါဟာရ ဖြစ်၏။ ယင်းကို မြန်မာဝေါဟာရအားဖြင့် "လျစ်လျူရှုခြင်း" ဟူ၍ ဆိုကြ၏။ သတ္တဝါတို့အပေါ်၌လည်ကောင်း၊ ယင်းတို့၏ ဆက်ဆံမှုများ အပေါ်၌လည်းကောင်း၊ လျစ်လျူရှုရသည်မှာ လွယ်ကူသည်မဟုတ်။ မြင့်မြတ်သူတို့သာ ဆောင်ရွက်နိုင်သော လုပ်ငန်းဖြစ်၏။ ထို့ကြောင့် ပါရမီဟူသောအမည်ကို ရခြင်းဖြစ်၏။

ဥပေက္ခာ၏ တရားကိုယ်မှာ ပရမတ္ထအားဖြင့် "တတြမဇ္ဈတ္တတာ" စေတသိက် ဖြစ်၏။ တတြမဇ္ဈတ္တတာ ၏အနက်မှာ "ချိန်ခွင်လျှာသဖွယ် အလယ်၌ တည့်မတ်စွာ တည်ရှိခြင်း" ဟူ၍ဖြစ်၏။ ယင်း၏ဆိုလိုရင်းမှာ မြင့်မြတ်သူများအနေဖြင့် လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင် ကောင်းသောပတ်ဝန်းကျင်နှင့် ဆိုးသော ပတ်ဝန်းကျင်တို့၏ ဆွဲဆောင်မှုများကို ဂရုမစိုက်ဘဲ မိမိ၏လုပ်ငန်း ပြီးဆုံး အောင်မြင်ရေးကိုသာ ဂရုစိုက်ပြီး အရှိန်မပျက် တန်းတန်းမတ်မတ် ဆောင်ရွက်ခြင်း ဖြစ်၏။ ထိုသို့ဆောင်ရွက်ရာတွင် မိမိ၏စိတ်ထဲ၌ ကောင်းကောင်းဆိုးဆိုး အာရုံများဟူ၍ ဘာကိုမျှ ဂရုမစိုက်ဘဲ မိမိ၏လုပ်ငန်းအောင်မြင်ရေး တည်းဟူသော အာရုံတစ်ခုတည်း ကိုသာ အလေးအနက်ထားရှိပါမှ တတြမဇ္ဈတ္တတာ သဘောသည် ဖြစ်နိုင်၏။

လုပ်ငန်းကို လုပ်ရာတွင် မည်သည့်လုပ်ငန်း၌ဖြစ်စေ၊ မိမိ၏လုပ်ငန်း မအောင် မြင်အောင်၊ အကယ်၍ အောင်မြင်လျှင်လည်း လုပ်ငန်းပြီးစီးမှု နှောင့်နှေးသွားအောင် ဟန့်တားသော အဟန့်အတားဟူသည် ရှိစမြဲဖြစ်၏။ ထိုအဟန့်အတားများကို လောကဓံ သဘောအရ အုပ်စုခွဲလိုက်လျှင် စုစုပေါင်း ရှစ်မျိုးရှိ၏။ ယင်းကို "လောကဓံတရား ရှစ်ပါး" ဟူ၍ ဆိုကြ၏။

လောကဓံတရားရှစ်ပါးတို့ဟူသည် မြင့်မြတ်သူများအနေဖြင့် လောက၏ အကျိုး စီးပွားကို ဆောင်ရွက်ရာတွင် သူ့နည်းနှင့်သူ အဟန့်အတားပြုကြသည်ချည်း ဖြစ်ကြ၏။ ထိုသို့ပြုရာတွင် လောကဓံတရားများအပေါ် တုံ့ပြန်မှုအနေဖြင့် ပြန်လည် ဂရုစိုက်၍ လှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက် လုပ်ငန်းအောင်မြင်ရေးတည်းဟူသော မိမိ၏ မူလအာရုံသည် ပျောက်ပျက်သွားပြီး အာရုံသစ်သည် ဝင်လာတော့မည်ဖြစ်၏။ ထိုအခါ မိမိ၏လုပ်ငန်းသည် ပျက်ချင်လည်းပျက်သွားနိုင်၏။ မပျက်လျှင်လည်း နှောင့်နှေး သွားနိုင်၏။

အမှန်အားဖြင့် မိမိဆောင်ရွက်နေသော လုပ်ငန်းနှင့် ပတ်သက်၍ လောကဓံ၏ ထိုးနှက်ချက်အပေါ် ပြန်လည်ထိုးနှက်ခြင်းသည် မိမိ၏အကျိုးစီးပွားကို ငဲ့ခြင်းသဘော သက်ရောက်၏။ လောက၏အကျိုးစီးပွားကို ပစ်ပယ်ခြင်းသဘောလည်း သက်ရောက်၏။ လောက၏အကျိုးစီးပွားကို ပစ်ပယ်၍ မိမိ၏အကျိုးစီးပွားကို ငဲ့ကွက်ခြင်းသည် လည်းကောင်း၊ အကယ်၍ လောက၏အကျိုးစီးပွားကို မပစ်ပယ်စေကာမူ လောက၏

www.burmeseclassic.com

www.burmeseclassic.com



အကျိုးစီးပွားထက် မိမိ၏အကျိုးစီးပွားကို ပို၍ငဲ့ကွက်ခြင်းသည်လည်းကောင်း မြင့်မြတ်သူတို့၏ အလုပ်မဟုတ်။ သဘောအားဖြင့် လောကဓံ၏ ထိုးနှက်ချက်ကြောင့် တုန်လှုပ်ပြီး လောကဓံအပေါ် ပြန်လည်တုံ့ပြန်ခြင်းသည် လောက၏အကျိုးစီးပွားထက် မိမိ၏အကျိုးစီးပွားကို ပို၍ငဲ့ကွက်ရာရောက်၏။ ထိုသို့ရောက်လျှင် မိမိ၏ ဆောင်ရွက်ချက်သည် ပါရမီအမည်ရသော ဆောင်ရွက်ချက်ဟူ၍ မည်သို့လျှင် ဖြစ်နိုင်ပါတော့မည်နည်း။

မိမိ၏အကျိုးစီးပွားအတွက် ဆောင်ရွက်ရာ၌မှု ဖြစ်ပေါ်လာသော လောကဓံတရားများအပေါ် ပြန်လည်တုံ့ပြန်ခြင်းသည် မိမိ၏အကျိုးစီးပွားကို ငဲ့ကွက်ခြင်းသဘောသက်ရောက်သဖြင့် ရည်ရွယ်ချက်နှင့် လက်တွေ့ဆောင်ရွက်ချက် (ဝါ) လမ်းစဉ်နှင့်ပန်းတိုင်သည် လိုက်လျောညီထွေရှိပါ၏။ လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာ၌မှု လောကဓံ၏ ထိုးနှက်မှုအပေါ် ပြန်လည်တုံ့ပြန်နေပါက ယင်းသို့ တုံ့ပြန်ခြင်းသည် မိမိ၏အတ္တကို ထိ၍ နာကျည်းခြင်းကို ရည်ညွှန်းရာ ရောက်သောကြောင့် ရည်ရွယ်ချက်နှင့် လက်တွေ့ဆောင်ရွက်ချက်သည်လည်းကောင်း၊ လမ်းစဉ်နှင့်ပန်းတိုင်သည်လည်းကောင်း လိုက်လျောညီထွေ ရှိတော့မည်မဟုတ်။

ထိုအခါ မိမိသည်လည်း မြင့်မြတ်သူဖြစ်တော့မည် မဟုတ်၊ မိမိ၏လုပ်ငန်းသည်လည်း ပါရမီဟူသောအမည်ကို ရတော့မည်မဟုတ်။ ထို့ကြောင့် မြင့်မြတ်သူများအနေဖြင့် လောက၏အကျိုးစီးပွားကို ဆောင်ရွက်ရာတွင် လောကဓံ၏ ထိုးနှက်ချက်ဟူသမျှကို လောက၏ မျက်နှာကိုထောက်၍ ကြံ့ကြံ့ခံပြီး မိမိ၏လုပ်ငန်းကို မျက်ခြည်ပြတ်မခံဘဲဆောင်ရွက်ဖို့လိုပါ၏။ ထိုသို့ဆောင်ရွက်ရာတွင် အရပ်သုံးဝေါဟာရဖြင့် ပြောရပါက "စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်" ဟူသောစိတ်ထားမျိုးဖြင့်သာ ဆောင်ရွက်ရမည် ဖြစ်၏။ ထိုသို့ဆောင်ရွက်မှသာ ဥပေက္ခာပါရမီကို ဖြည့်ကျင့်ရာရောက်၏။

အမှန်အားဖြင့် ဥပေက္ခာပါရမီဟူသည်မှာ ပတ်ဝန်းကျင်မှ ရိုက်ခတ်လာသော ကောင်းကျိုးဆိုးပြစ်များကို လျစ်လျူရှုပြီး လောက၏အစီးအပွားအတွက် မိမိအလုပ်ကိုသာ လုပ်မြဲအတိုင်း မဖင့်မနွှဲဘဲ ဆက်လက်လုပ်ခြင်းဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရလျှင် လောက၏ မျက်နှာကို ငဲ့ကာ အခြားကိုအာရုံမစိုက်ဘဲ မိမိ၏အလုပ်ကိုသာ အာရုံစိုက်ပြီး လုပ်ခြင်းဖြစ်၏။ အခြားကို အာရုံမစိုက်ခြင်းကိုပင် လျစ်လျူရှုခြင်း ဟူ၍ဆို၏။ ဥပေက္ခာအရ ကောင်းကောင်း ဆိုးဆိုး တွေ့ကြုံရသမျှကို လျစ်လျူရှုနေရုံမျှနှင့် မပြီးသေးဘဲ မြှောက်လျှင်လည်း မမြှောက်၊ မြှောက်ခြင်း၌ မသာယာ။ ခြောက်လျှင်လည်းမကြောက်၊ ခြောက်ခြင်း၌ မတုန်လှုပ်ဘဲ အခြားပါရမီများအား ရှေ့သို့တန်းတန်းမတ်မတ် ဦးတည်ပေးခြင်းသဘောတိုင်အောင် ယူရ၏။

ထိုသို့ ဥပေက္ခာက ဦးတည်ပေးမှသာ အခြားပါရမီများက မိမိတို့၏ လုပ်ငန်းများကို မိမိတို့လမ်းကြောင်းအတိုင်း မိမိတို့အနေဖြင့် ဖြောင့်ဖြောင့်တန်းတန်း မယိမ်းမယိုင်ဘဲ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါ၏။ ဥပေက္ခာပါရမီသည် အခြားပါရမီများအတွက် လမ်းပြသဖွယ်ဆောင်ရွက်လေ၏။ အခြားပါရမီများက သူပြသည့်လမ်းအတိုင်း သွားကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဥပေက္ခာပါရမီသည် မြင့်မြတ်သူများအနေဖြင့် လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင် များစွာအရေးကြီးပါ၏။

**လယ်တီဆရာတော်ဘုရားကြီး၏ ရှင်းပြချက်**

လယ်တီဆရာတော်ကြီးကမူ ပါရမီဆယ်ပါးတွင် "ခန္တီပါရမီသည် အမိနှင့်တူ၏၊ ဥပေက္ခာပါရမီသည် အဖနှင့်တူ၏၊ နေက္ခမ္မပါရမီသည် သမားတော်နှင့်တူ၏" ဟူ၍ ဥတ္တမပုရိသဒီပနီ၌ မိန့်ကြားတော်မူ၏။ အမိအဖနှင့် သမားတော်များ၏ စောင့်ရှောက်ခြင်းကို ခံရသော သားသမီးများသည်သာလျှင် ကျန်းကျန်းမာမာနှင့် လူလားမြောက်နိုင်သလို ကောင်းမှုကုသိုလ်ဟူသမျှသည်လည်း ခန္တီ၊ ဥပေက္ခာနှင့် နေက္ခမ္မတို့၏ စောင့်ရှောက်ခြင်းကို ခံရမှသာ ပါရမီအဆင့်သို့ ရောက်နိုင်ကြ၏။ သို့မဟုတ်ပါက ပါရမီအဆင့်သို့မရောက်ဘဲ ၃၁- ဘုံ၌သာ လည်နေသော သာသနာပ ကောင်းမှုကုသိုလ်မျိုးသာ ဖြစ်ပေလိမ့်မည်ဟူ၍ ဆရာတော်ကြီးက ဥပမာဖြင့် ရှင်းပြတော်မူထားပါ၏။

လုပ်ငန်းများကိုလုပ်ရာတွင် လောကဓံတရား ရှစ်ပါးကို မလွဲမသွေ တွေ့ကြုံရမည် ဖြစ်လေရာ လောကဓံတရားများနှင့် တွေ့ကြုံတိုင်း မိမိတို့၏ လုပ်ငန်းနှင့် ပတ်သက်၍ ဦးတည်ချက်လွဲမသွားဖို့ လို၏။ လောကဓံတရား ရှစ်ပါးတွင် သာယာစရာက လေးပါး ပါဝင်၍ မသာယာစရာက လေးပါး ပါဝင်၏။ သာယာစရာကလည်း သာယာစရာအလျောက်၊ မသာယာစရာကလည်း မသာယာစရာအလျောက် ဦးတည်ချက်ကို လွဲသွားစေနိုင်၏။ သာယာစရာ၌ သာယာနေခြင်းသည် လောဘသဘောရှိ၏။ မသာယာစရာ၌ မသာယာခြင်းသည် ဒေါသ သဘောရှိ၏။ လောဘနှင့် ဒေါသသည် အန္တရာယ်ပင်ဖြစ်၏။ ထို့ကြောင့် လောကဓံနှင့်တွေ့ကြုံရာတွင် လျစ်လျူရှုဖို့အရေးကြီး၏။ မတုန်မလှုပ်ဖို့ အရေးကြီး၏။ ကောင်းသော သဘောဖြင့် မိမိကိုချီးမြှောက်သောကြောင့် ယင်းချီးမြှောက်မှု၌ သာယာလျှင်လည်း မိမိ၏လုပ်ငန်းအတွက် အန္တရာယ်ပင်ဖြစ်၏။ မကောင်းသော သဘောဖြင့် မိမိကိုနှိမ့်ချသောကြောင့် ယင်းနှိမ့်ချမှု၌ မသာယာလျှင်လည်း မိမိ၏ လုပ်ငန်းအတွက် အန္တရာယ်ပင်ဖြစ်၏။ အန္တရာယ်ဖြစ်လာလျှင် လုပ်ငန်းသည် ပျက်တော့မည်ဖြစ်၏။ ထို့ကြောင့် အန္တရာယ်မဖြစ်ရလေအောင် လောကဓံတွေ့ကြုံလေတိုင်း လျစ်လျူရှုနိုင်ဖို့ လို၏။ မတုန်မလှုပ်ဖြစ်ဖို့လို၏။

လျစ်လျူရှုဖို့ မတုန်မလှုပ်ဖြစ်ဖို့ ဆိုသည်မှာ ရေငုံနှုတ်ပိတ်နေခြင်းကို ဆိုလိုသည် မဟုတ်။ မမှန်လျှင် မမှန်သည့်အတိုင်း ရှင်းပြရ၏။ မှန်လျှင်မှန်သည့်အတိုင်း ဝန်ခံရ၏။ ဤသို့မြတ်စွာဘုရားက ဗြဟ္မဇာလသုတ်၌ နည်းပေးသောအားဖြင့် ဟောကြားတော်မူထား၏။

သို့ရာတွင် ထိုသို့ရှင်းပြရာ၌ နှလုံးမသာယာခြင်းနှင့် ကြည်နူးဝမ်းမြောက်ခြင်း မဖြစ်ဖို့တော့ အရေးကြီး၏။ အမှန်အားဖြင့် ရှင်းပြခြင်းနှင့် ဝန်ခံခြင်းသည် "အဖြစ်အဖြစ်အတိုင်း၊ အရှိအရှိအတိုင်း ယထာဘူတ သဘော" ကို ဆောင်သဖြင့် မိမိ၏ လုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



အတွက် အန္တရာယ်မဖြစ်၊ အထောက်အကူဖြစ်၏။ တကယ်တမ်း အန္တရာယ်ဖြစ်သည်ကား လောဘနှင့် ဒေါသသာဖြစ်၏။ လောဘနှင့်ဒေါသဖြစ်လျှင် မောဟလည်း ပါလေတော့၏။ လောဘ,ဒေါသ, မောဟ တို့သည် အန္တရာယ်များဖြစ်ကြသည်မှာ အထူးပြောစရာမလို အောင်ပင် ထင်ရှားပါ၏။

မိုးရွာသောအခါ မိုးသည် မိမိစွမ်းအားရှိသလောက် ရွာချပေးလိုက်၏။ အားလုံး အပေါ်၌ မျှတစွာရွာချပေးခြင်း ဖြစ်၏။ ဤသည်ကို ညီမျှသောသဘောအားဖြင့် ရှုခြင်း "သမဘာဝဒဿန" ဟူ၍ဆို၏။ သို့ရာတွင် မိုးရေကိုရရှိရာ၌ကား တစ်ခုနှင့် တစ်ခု မတူကြချေ။ ရာဝင်အိုးကလည်း ရာဝင်အိုးအလျောက် ပြည့်၏။ ဆယ်ဝင်အိုးကလည်း ဆယ်ဝင်အိုးအလျောက်ပြည့်၏။ မိုးရွာသည်ကတော့ အပြည့်အဝပင်ဖြစ်၏။ အားလုံး အပေါ်၌ ညီတူညီမျှပင်ဖြစ်၏။ သို့ဖြစ်လေရာ မိုးအနေဖြင့် ခွဲခြားခြင်းမရှိ။ သို့ရာတွင် မိုးရေကို ရရှိရာ၌ကား ညီတူမျှတူမဖြစ်၊ အရများခြင်းနှင့် အရနည်းခြင်းသည် ခံယူနိုင်သော အင်အားအပေါ်၌တည်၏။ ထို့ကြောင့် အရများသောနေရာက အရများ၏။ အရနည်းသော နေရာက အရနည်း၏။ သူတို့၏အင်အားအရ သူတို့ခံယူနိုင်သလောက် ရခြင်းသာဖြစ်၏။ မိုးကမပေး၍တော့ မဟုတ်။ ထိုသို့ပေးရာ၌ မိုးအနေဖြင့် အားလုံးအပေါ် ကြောင့်ကြ စိုက်ခြင်းကား အတူတူဖြစ်လေ၏။

ဤသဘောအတိုင်းပင် ဥပေက္ခာပါရမီအရ မိမိကို ချစ်သောသူများနှင့် မိမိကို မုန်းသောသူများ၏ အကျိုးစီးပွားကို ရွက်ဆောင်ရာ၌ အထူးအခြားမရှိ။ အတူအမျှ တွင်ကျယ်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးသည်သာ ဖြစ်၏။ သို့ရာတွင် အကျိုးတရားကို ရရှိရာ၌ကား အတူဖြစ်ချင်မှဖြစ်၏။ သူတို့၏ "ကံ" အရ သာ သူတို့ရကြမည် ဖြစ်၏။ "ကံ" ကြီးသူများက များများရ၍ "ကံ" ငယ်သူများက နည်းနည်းရမည် ဖြစ်၏။ ဤသည်ကိုပင် "သဗ္ဗေ သတ္တာ ကမ္မဿကာ=အားလုံးသော သတ္တဝါတို့သည် 'ကံ' သာလျှင် မိမိတို့၏ဥစ္စာရှိကုန်၏" ဟူ၍ ဆိုရ၏။

အမုန်အားဖြင့် ဥပေက္ခာသည် သတ္တဝါများအနေဖြင့် မိမိတို့၏အကျိုးစီးပွားကို ရခြင်း၌ ကြောင့်ကြမစိုက်။ လျစ်လျူရှု၏။ ကမ္မဿကာထား၏။ သို့ရာတွင် သတ္တဝါများ၏ အကျိုးစီးပွားကို ရအောင်ဆောင်ရွက်ပေးရာ၌ကား ဥပေက္ခာသည် မိုးကြီးရွာသည့်နှယ် အထွတ်အထိပ်ရောက်အောင် ကြောင့်ကြစိုက်လေ၏။ လျစ်လျူရှုခြင်းမရှိ။ ကမ္မဿကာ ဟူ၍ လုံးဝမထား။

အမှန်အားဖြင့် ပါရမီများကို ဖြည့်ကျင့်ရာ၌ အခြားပါရမီများသည် မိမိတို့၏ အထွတ်အထိပ်သို့တိုင်အောင် ရောက်ကြခြင်းမှာ ဥပေက္ခာက ကြောင့်ကြစိုက်ပြီး လမ်းဖြောင့်ပေးသောကြောင့်ဖြစ်၏။ အကယ်၍ ဥပေက္ခာကသာ မကူပံ့လျှင် ဒါနပါရမီ သည်လည်း မိမိ၏လမ်းကြောင်းအတိုင်း လမ်းဆုံးသို့ ရောက်မည်မဟုတ်။ သီလပါရမီ သည်လည်း မိမိ၏လမ်းကြောင်းအတိုင်း လမ်းဆုံးသို့ ရောက်မည်မဟုတ်။ အလားတူပင် အခြားပါရမီများသည်လည်း မိမိတို့၏လမ်းကြောင်းများအတိုင်း လမ်းဆုံးသို့ ရောက်ကြမည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ထို့ကြောင့် ဥပေက္ခာပါရမီ၌ လျစ်လျူရှုခြင်းအပိုင်းနှင့် လျစ်လျူမရှုဘဲ ကြောင့်ကြ စိုက်ခြင်းအပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းပါဝင်သည်ကို သဘောပေါက်အပ်၏။

အပိုင်းနှစ်ပိုင်းတွင် လျစ်လျူရှုခြင်းအပိုင်းကို 'အကျိုးပိုင်း' ဟူ၍ ဆိုရ၏။ အကျိုးပိုင်းသည် "အနတ္တ" နှင့်ပတ်သက်၏။

ကြောင့်ကြစိုက်ခြင်းအပိုင်းကို 'အကြောင်းပိုင်း' ဟူ၍ဆိုရ၏။ အကြောင်းပိုင်းသည် "အတ္တ" နှင့်ပတ်သက်၏။

ဥပေက္ခာပါရမီသည် အကြောင်းပိုင်း=အတ္တသဘောအရ မိမိအားချီးမွမ်းသူနှင့် မိမိအားကဲ့ရဲ့သူ နှစ်မျိုးလုံးပါဝင်သော ထိုထိုသတ္တဝါတို့၏ အကျိုးစီးပွားကို ဖြစ်ထွန်းအောင် ဆောင်ရွက်ရာ၌ ဆန္ဒကိုလည်း ဣဒ္ဓိပါဒ်ထိုက်အောင် အားထုတ်၏။ စိတ္တကိုလည်း ဣဒ္ဓိပါဒ်ထိုက်အောင် အားထုတ်၏။ ဝီရိယကိုလည်း ဣဒ္ဓိပါဒ်ထိုက်အောင် အားထုတ်၏။ ဝီမံသကိုလည်း ဣဒ္ဓိပါဒ်ထိုက်အောင် အားထုတ်၏။ နည်းနည်းမျှမလျော့။ ဤသည်မှာ အကြောင်းပိုင်း၌ မိမိ၏အလိုအတိုင်း ဖြစ်ရလေအောင် ကြောင့်ကြစိုက်သည့်သဘော ဖြစ်၏။

သို့ရာတွင် ဥပေက္ခာပါရမီအရ မိမိအနေဖြင့် မည်မျှပင်ကြောင့်ကြစိုက်စေကာမူ ထိုထိုသတ္တဝါများအနေဖြင့် အကျိုးကိုရရှိရာ၌မူ မိမိရစေချင်သည့်အတိုင်း ရကြသည် မဟုတ်။ အနတ္တသဘောအရ သူတို့၏ကံအတိုင်းသာ သူတို့ရကြမည်ဖြစ်၏။

ထို့ကြောင့် အကျိုးပိုင်းဟူသည် သူ့ကံအတိုင်း သူရသောအပိုင်းဖြစ်၏။ မိမိက ချစ်သူဖြစ်သဖြင့် ပို၍ရအောင် ကြောင့်ကြစိုက်၍လည်း မရ။ မိမိက မုန်းသူဖြစ်သဖြင့် ပို၍ အရနည်းအောင် ကြောင့်ကြစိုက်၍လည်းမရ။ အကယ်၍ မိမိ၏အကျိုးပိုင်းအထိ လိုက်၍ ကြောင့်ကြစိုက်နေပါလျှင် မိမိသည် ဘက်လိုက်သူ ဖြစ်ချေမည်။ ပါရမီကို ဖြည့်ကျင့်နေသူ မဟုတ်တော့။ ထို့ကြောင့် ဥပေက္ခာပါရမီသည် အကျိုးပိုင်း၌ လျစ်လျူရှု လေ၏။ ကမ္မဿကာ ထားလေ၏။

အမှန်အားဖြင့် အကျိုးပိုင်း၌ အနတ္တသဘောသည် ပို၍ထင်ရှား၏။ မိမိ၏ အလိုအတိုင်း ဘာမျှမဖြစ်။ သူ့သဘောအတိုင်းသာ သူ ဖြစ်၏။ သို့ရာတွင် အကြောင်း ပိုင်း၌ကား ပုဂ္ဂလဗျာပါရကို မိမိတို့နှစ်သက်သလို မိမိတို့အသုံးပြုနိုင်၏။ ဤသည်မှာ အတ္တသဘောဖြစ်၏။ အကျိုးပိုင်း၌ကား ပုဂ္ဂလဗျာပါရကို မိမိတို့နှစ်သက်သလို မိမိတို့ အသုံးမပြုနိုင်။ အကျိုးတရားတို့မည်သည် ပုဂ္ဂလဗျာပါရအပေါ် အားမပြုဘဲ ဓမ္မ ဗျာပါရအရသာ သူ့ဖြစ်ချင်သလို ဖြစ်လေ၏။ ဤသည်မှာ အနတ္တသဘောဖြစ်၏။

ဟင်းချက်ရာ၌လည်း ဆားကို မိမိထည့်ချင်သလိုထည့်၍ ရ၏။ ဆီကိုလည်း မိမိ ထည့်ချင်သလိုထည့်၍ ရ၏။ အခြားသောဟင်းအမယ်များကိုလည်း မိမိထည့်ချင်သလို ထည့်၍ ရ၏။ သို့ရာတွင် ဟင်းဖြစ်ရာ၌ကား မိမိဖြစ်စေချင်သလို ဖြစ်သည်မဟုတ်။ မိမိက ဟင်းကိုအကောင်းဆုံး ဖြစ်စေချင်သော်လည်း ဟင်းကမူ ပါဝင်သော "အမယ်" များ၏ အချိုးအဆအတိုင်း သူ့ဖြစ်ချင်သလိုဖြစ်၏။ ကောင်းချင်လည်းကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



မကောင်းချင်လည်း မကောင်း။ ဟင်းကောင်းခြင်းနှင့်မကောင်းခြင်းသည် ပုဂ္ဂလဗျာပါရ အပေါ် မတည်။ ဓမ္မဗျာပါရအပေါ်၌သာ တည်၏။

ထို့ကြောင့် ဥပေက္ခာပါရမီသည် အကြောင်းပိုင်း၌ လျစ်လျူမရှု။ အကျိုးပိုင်း၌သာ လျစ်လျူရှု၏။ ဤသို့လျှင် ဥပေက္ခာပါရမီ၏ လုပ်ငန်းနှစ်ရပ်ကို နားလည်အပ်၏။

> ဗြဟ္မစိုရ်တရားလေးပါးတို့တွင် မေတ္တာ, ကရုဏာ, မုဒိတာ တို့ကတစ်မျိုး၊ ဥပေက္ခာကတစ်မျိုးဖြစ်၏။ မေတ္တာ, ကရုဏာ, မုဒိတာ တို့သည် အထူးပြုတတ်သောသဘော "ဝိသေသန" ကို ပဓာနပြု၏။ ဥပေက္ခာက အထူးပြုခံသဘော "ဝိသေသျ" ကို ပဓာနပြု၏။ ဝိသေသန ဟူသည် "ဂုဏ်" ဖြစ်၏။ ဝိသေသျ ဟူသည် "ဒြပ်" ဖြစ်၏။ မေတ္တာ အရ ရန်သူဖြစ်စေ၊ မိတ်ဆွေဖြစ်စေ၊ သတ္တဝါဖြစ်စေ၊ သတ္တဝါဟူသမျှကို ချစ်စရာချည်းအဖြစ် မြင်၏။ ကရုဏာအရ သနားစရာချည်းအဖြစ် မြင်၏။ မုဒိတာအရ ဝမ်းမြောက်စရာချည်းအဖြစ် မြင်၏။ ဥပေက္ခာအရမူ ထိုသို့မဟုတ်။ အားလုံးကို သတ္တဝါချည်းအဖြစ်သာ မြင်၏။ ချစ်စရာ အဖြစ်လည်း မမြင်၊ သနားစရာအဖြစ်လည်း မမြင်၊ ဝမ်းမြောက်စရာ အဖြစ်လည်း မမြင်၊ အမှန်အားဖြင့် ချစ်စရာဟူသည်မှာလည်း အပြင်ပုံသဏ္ဍာန်ဖြစ်၏။ သနားစရာဟူသည်မှာလည်း အပြင်ပုံသဏ္ဍာန်ဖြစ်၏။ ဝမ်းမြောက်စရာ ဟူသည်မှာလည်း အပြင်ပုံသဏ္ဍာန်ပင်ဖြစ်၏။ သတ္တဝါ အဖြစ်သည်သာလျှင် အတွင်းသရုပ်ဖြစ်လေ၏။ ဤသို့လျှင် ဗြဟ္မစိုရ်တရား လေးပါးတို့တွင် ရှေ့ဗြဟ္မစိုရ်သုံးပါးသည် အပြင်ပုံသဏ္ဍာန်ကို အာရုံပြု၍ ဥပေက္ခာသည် အတွင်းသရုပ်ကို အာရုံပြု၏။

ဗြဟ္မစိုရ် ဥပေက္ခာကြောင့် အတ္တဝါဒီတို့သည်လည်း စျာန်သမာပတ်ကို ရနိုင်ကြ၏။ ထို့ကြောင့် ဗြဟ္မစိုရ်ဥပေက္ခာသည် လောကုတ္တစရိယအတွက် ပဓာနမဟုတ်။

ပါရမီဥပေက္ခာကား လောကုတ္တစရိယအတွက် ပဓာနဖြစ်ရ၏။ ပါရမီဟူသည် စရိယသုံးပါးတွင် လောကုတ္တစရိယကို ပဓာနပြုရ၏။ လောကုတ္တစရိယကို ပဓာနပြုမှ လည်း မြင့်မြတ်သူတို့၏ လုပ်ငန်းအနေဖြင့် ပါရမီဟူသောအမည်ကို ခံယူထိုက်၏။

ဗြဟ္မစိုရ်ဥပေက္ခာတွင်လည်း လောကုတ္တစရိယ–သဘော ပါဝင်စေကာမူ ယင်းသဘောသည် ရှေ့တန်းက ပါဝင်သည်မဟုတ်။ နောက်တန်းက ပါဝင်ခြင်းသာဖြစ်၏။ လယ်တီဆရာတော်ဘုရားကြီး၏ ဖွင့်ဆိုချက်အရဆိုလျှင် "ဗြဟ္မစိုရ်ဥပေက္ခာသည် သတ္တဝါ တို့၏ အကျိုးစီးပွား၌ ကြောင့်ကြစိုက်မှုကို ပယ်၏။ ပါရမီဥပေက္ခာကား သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရာ၌ မိမိအား ချီးမြှောက်သူဖြစ်စေ၊ မိမိအား ကဲ့ရဲ့သူဖြစ်စေ အထူးအခြားမရှိ၊ တွင်ကျယ်ဖြစ်ထွန်းအောင် ဆောင်ရွက်၏" ဟူ၍ ဥတ္တမပုရိသဒီပနီ၌ မိန့်တော်မူ၏။ ဆိုလိုရင်းမှာ ဥပေက္ခာပါရမီသည် လောကုတ္တစရိယ–အရ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ရာ၌ များစွာကြောင့်ကြစိုက်သည် ဟူ၍ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**မဟာလောမဟံသဇာတ်**

မြတ်စွာဘုရားသည် ထိုထိုအလောင်းတော်များ အဖြစ်ဖြင့် ဥပေက္ခာပါရမီကို များစွာဖြည့်ကျင့်ခဲ့၏။ ဥပေက္ခာပါရမီကို ဖြည့်ကျင့်တော်မူသော ဘဝပေါင်းများစွာအနက် မဟာလောမဟံသဇာတ်သည် ထင်ရှား၏။ ယင်းဇာတ်ကား စရိယာပိဋက၌ ပါဝင်၏။ စရိယာပိဋက မဟာလောမဟံသဇာတ်တော်သည် အတိတ်ကမ္ဘာက ဇာတ်လမ်းဖြစ်၏။ ယင်းဇာတ်တော်အရ အလောင်းတော်၏ အမည်မှာ "မဟာလောမဟံသ" ဟူ၍ ဖြစ်၏။ အမှန်အားဖြင့် မဟာလောမဟံသ ဟူသည် အလောင်းတော်၏ အမည်ရင်းမဟုတ်။ ယင်း၏အနက်မှာ "ကြက်သီးမွေးညင်း ထလောက်အောင် ဥပေက္ခာပါရမီကို ဖြည့်ကျင့်သူ"ဟူ၍ ဖြစ်၏။ ဘုရားလောင်းသည် မဟာလောမဟံသ ဟူသောအမည်ဖြင့်ပင် ထင်ရှား၏။

မျိုးရိုးမှာ ကုဋေများစွာကြွယ်ဝသော သူဌေးမျိုးရိုးဖြစ်၏။ မိဘနှစ်ပါးက သားငယ် လောမဟံသ ကို ကောင်းစွာ ပြုစုစောင့်ရှောက်၏။ ပညာသင်ရန်အရွယ်သို့ ရောက်သောအခါ ထိုခေတ်ပညာရေးစံနစ်အတိုင်း ဒိသာပါမောက္ခဆရာကြီးထံ၌ အပ်နှံ၍ ပညာများကို သင်ယူစေ၏။ လောမဟံသသည် ဆရာကြီးထံ၌ ပညာရပ်များကို အဆုံးတိုင် သင်ယူပြီးနောက် မိဘရပ်ထံသို့ပြန်လာ၏။ မိဘများနှင့်အတူ လုပ်ငန်းများကို ဆောင်ရွက်၏။ သို့ရာတွင် လောမဟံသသည် စီးပွားရေးလုပ်ငန်း၌ စိတ်ဝင်စားခြင်း မရှိလှ။ ဥပေက္ခာပါရမီကို ဖြည့်ကျင့်ဖို့သာ စိတ်စောလျက်ရှိ၏။ မိဘများရှိနေသေးသဖြင့်သာ မိဘများ၏ လုပ်ငန်းကို မလွဲသာမရှောင်သာ ဆောင်ရွက်နေခြင်းဖြစ်၏။ အိမ်ထောင်ပြုရန် မိဘများက နားချသော်လည်း အကြောင်းအမျိုးမျိုးပြကာ အိမ်ထောင်မပြုဘဲ မိဘများနှင့်အတူ နေထိုင်လေ၏။

လောမဟံသသည် ဘဝ၏အနိစ္စသဘောကို မြင်၏။ ထို့ကြောင့် ဘဝ၌ သံဝေဂ ဖြစ်၏။ ဘဝ၏ အနိစ္စသဘောကိုမြင်လျှင် ဘဝ၏ ဒုက္ခသဘောကိုလည်း မြင်လေ၏။ မွေးဖွားခြင်း=ဇာတိသည် ဒုက္ခဖြစ်၏။ အိုမင်းရင့်ရော်ခြင်း=ဇရာသည် ဒုက္ခဖြစ်၏။ မကျန်းမာခြင်း=ဗျာဓိသည်လည်း ဒုက္ခဖြစ်၏။ သေခြင်း=မရဏသည်လည်း ဒုက္ခဖြစ်၏။ ဤဒုက္ခများကို "ဘဝဖွဲ့စည်းမှုဒုက္ခ " ဟူ၍ ဆိုရ၏။ မချစ်သောသူများနှင့် ပေါင်းသင်းရခြင်းသည်လည်း ဒုက္ခဖြစ်၏။ ချစ်ရသောသူများနှင့် ကွေကွင်းရခြင်းသည်လည်း ဒုက္ခဖြစ်၏။ ဤဒုက္ခများကို "ပတ်ဝန်းကျင်ဒုက္ခ" ဟူ၍ ဆိုရ၏။ မိမိလိုချင်တိုင်း မရခြင်းသည်လည်း ဒုက္ခဖြစ်၏။ ဤဒုက္ခကိုမူ "ကံကြမ္မာဒုက္ခ" ဟူ၍ ဆို၏။ ဤဒုက္ခ သုံးမျိုးကိုမူ လောမဟံသသည် ပိုင်းခြား၍သိ၏။

သို့ရာတွင် သင်္ခါရဒုက္ခကိုမူ ပိုင်းခြား၍ မသိချေ။ အမှန်အားဖြင့် သင်္ခါရဒုက္ခကို ပိုင်းခြား၍ သိခြင်းဟူသည် မဂ်ဉာဏ်ရမှသာဖြစ်၏။ ထို့ကြောင့် လောမဟံသသည် ဒုက္ခလေးမျိုးအနက် ရှေ့သုံးမျိုးကိုသာ သိခြင်းဖြစ်၏။ အမှန်အားဖြင့် ရှေ့ဒုက္ခသုံးမျိုးကို သချ်ဒသသန–၌လည်း ဖော်ပြထား၏။ မြတ်စွာဘုရား ပွင့်တော်မူသောအခါမှသာ သင်္ခါရဒုက္ခကို ဖော်ပြနိုင်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ဒုက္ခနှင့်ပတ်သက်လျှင် သံဝေဂဒုက္ခကို မသိသေးသမျှ ကာလပတ်လုံး ဘဝမှလွတ်မြောက်ခြင်း မည်သည် မဖြစ်နိုင်။ လောမဟံသသည် ဘဝမှ လွတ်မြောက်လို၏။ ဘဝလွတ်မြောက်ကြောင်းကိုလည်း သူတစ်ပါးအားပြောကြားလို၏။ အမှန်အားဖြင့် ဘဝမှ လွတ်မြောက်ရေးလမ်းစဉ်ကို သိဖို့ဆိုသည်မှာ သံဝေဂဒုက္ခကို သိမှဖြစ်၏။ သံဝေဂဒုက္ခကို သိဖို့ဆိုသည်မှာလည်း ဥပေက္ခာပါရမီကိုဖြည့်ကျင့်မှ ဖြစ်၏။ ထို့ကြောင့် လောမဟံသသည် ဥပေက္ခာပါရမီကို ဖြည့်ကျင့်လိုခြင်းဖြစ်၏။

မိဘများကွယ်လွန်သည့်တိုင်အောင် လောမဟံသသည် ဥပေက္ခာပါရမီကို ဖြည့်ကျင့်ရန် အချိန်ကိုစောင့်ရ၏။ မိဘများကွယ်လွန်သောအခါ ဥပေက္ခာပါရမီကို ဖြည့်ကျင့်ရန် ပြင်ဆင်တော့၏။ ထိုအခါ သူ၏ဆွေမျိုးများက မိဘများ၏ လက်ငုတ်လက်ရင်း စီးပွားရေးကိုလုပ်ကိုင်ရင်း လူ့ဘောင်၌ နေထိုင်ရန် တိုက်တွန်းကြ၏။ နားချကြ၏။ သို့ရာတွင် လောမဟံသသည် ဆွေမျိုးများ၏စကားကို နားမဝင်။ လောမဟံသသည် ပါရမီပါသူဖြစ်၏။ ပါရမီစေ့ဆော်ချက်အရ သူသည် ဥပေက္ခာပါရမီကို ဖြည့်ကျင့်လိုခြင်းဖြစ်၏။ မည်သည့်သတ္တဝါမဆို "အတ္တာ ဟိ အတ္တနော နာထော" နှင့်အညီ မိမိကိုယ်ကိုမိမိ ကိုးကွယ်သမှု ပြုသည်ချည်း ဖြစ်၏။

ထိုသို့ ကိုးကွယ်ရာတွင် မှားသော ကိုးကွယ်ခြင်းလည်းရှိ၏။ မှန်သော ကိုးကွယ်ခြင်းလည်းရှိ၏။ နှစ်မျိုးလုံးပင် ဘဝအသိနှင့်စပ်၏။ ဘဝအသိနှင့် ပတ်သက်၍ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ "ဥပါဒါနပစ္စယာ ဘဝေါ" ဟူ၍ ဟောကြားတော်မူထား၏။ အမှန်အားဖြင့် ဘဝဟူသည် ဥပါဒါန်ကြောင့် ဖြစ်ရ၏။ ဘဝတွင်လည်း ကမ္မဘဝနှင့် ဥပပတ္တိဘဝ ဟူ၍ နှစ်မျိုးပါဝင်၏။ တစ်ဖန် ကမ္မဘဝဟူသည် ကုသိုလ်နှင့် အကုသိုလ်ပင် ဖြစ်၏။ ကုသိုလ်နှင့်အကုသိုလ်တွင် အသိပါဝင်၏။ ထို့ကြောင့် ကုသိုလ်သိဖြစ်စေ၊ အကုသိုလ်သိဖြစ်စေ ဥပါဒါန်ကြောင့် ဖြစ်သည်ချည်း ဖြစ်လေ၏။ သို့ဖြစ်ရာ ဘဝသိသည် ဥပါဒါန်ကြောင့်ဖြစ်သည်မည်၏။ ထို့ကြောင့် မိမိကိုယ်ကို မှားသောကိုးကွယ်ခြင်းနှင့် မှန်သောကိုးကွယ်ခြင်းသည်လည်း ဥပါဒါန်အပေါ်၌ တည်သည်ဟူ၍ပင် ဆိုရ၏။

ဥပါဒါန်သည်လည်း လေးမျိုးရှိပြန်၏။ ထိုလေးမျိုးတွင် အတ္တဝါဒုပါဒါန်သည် သံသရာဘဝအဆက်ဆက်နှင့် ပတ်သက်၏။ အတ္တဝါဒုပါဒါန်တွင် "အတ္တဝါဒ"ဟူသည်မှာ အတ္တဟုဆိုစရာဟူ၍ အနက်ထွက်၏။ ဗုဒ္ဓဒေသနာတော်အရ အတ္တဟုဆိုစရာမှာ နှစ်မျိုးရှိ၏။ တရားကိုယ်အားဖြင့် ကမ္မဘဝအတိုင်း "ကုသိုလ်နှင့် အကုသိုလ်" ပင်ဖြစ်၏။ ယင်းကိုပင် ပပဉ္စနှင့် ဓောဓိပက္ခိယဟူ၍ နှစ်မျိုးခွဲခြားနိုင်၏။ ယင်းနှစ်မျိုးလုံးသည်ပင် သတ္တဝါတို့၏ သန္တာန်၌ အစဉ်စွဲထင်လျက် ပါလေ၏။ ယင်းသို့စွဲထင်လျက်ပါနေခြင်းကိုပင် ဥပါဒါန်ဟူ၍ ဆိုရ၏။ ပပဉ္စနှင့် ဓောဓိပက္ခိယ နှစ်မျိုးတွင် ပပဉ္စကိုအခြေခံသော ဘဝအသိအရ မိမိကိုယ်ကို မှားသောကိုးကွယ်ခြင်းဖြင့် ကိုးကွယ်တတ်၏။ ဓောဓိပက္ခိယကိုအခြေခံသော ဘဝအသိအရ မိမိကိုယ်ကို မှန်သောကိုးကွယ်ခြင်းဖြင့် ကိုးကွယ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



လောမဟံသ–ကား ဇောဓိပက္ခိယကို အခြေခံသော ဘဝအသိအရ မိမိကိုယ်ကို မုန်သောကိုးကွယ်ခြင်းဖြင့် ကိုးကွယ်တတ်သူဖြစ်၏။ ထိုသို့ကိုးကွယ်တတ်ခြင်းမှာ လောမဟံသ၏ အတ္တဝါဒသည် ဇောဓိပက္ခိယ ဖြစ်သောကြောင့် ဖြစ်၏။ ဇောဓိပက္ခိယ ဖြစ်သောအခါ မိမိစဉ်းစားမှုများသည် ဇောဓိသို့သာ ဦးတည်လေ၏။ ထို့ကြောင့် လောမဟံသ၏ စဉ်းစားမှုများသည် မိမိအတွက် မိဘလက်ငုတ်လက်ရင်း စီးပွားဥစ္စာ တိုးပွားစေရန်မဟုတ်ဘဲ ဇောဓိအတွက် ဥပေက္ခာပါရမီကို ဖြည့်ကျင့်ရန် ဖြစ်လေ၏။ ဇောဓိအတွက်ဟူသည်မှာ မိမိနိဗ္ဗာန်ကိုရချင်၍ ဥပေက္ခာပါရမီကို ဖြည့်ကျင့်ခြင်းမဟုတ်။ လောကကို ဝင့်ဆင်းရဲမှ ကယ်တင်လို၍ ဥပေက္ခာပါရမီကို ဖြည့်ကျင့်ခြင်းဖြစ်၏။

လောမဟံသသည် မိမိ၏စည်းစိမ်ဥစ္စာများကို စွန့်လွှတ်ပြီး ရသေ့ရဟန်းပြု၍ ကောထွက်ရန်စိတ်ကူး၏။ သို့ရာတွင် ရသေ့ရဟန်းဘဝသည် ထင်ရှားကျော်စော၏။ အမှန်အားဖြင့် လောမဟံသသည် ထင်ရှားကျော်စောခြင်းကို အလိုမရှိချေ။ ထို့ကြောင့် သူသည် မိမိ၏ ဝတ်နေကျ အဝတ်အစားဖြင့်ပင် တောထွက်လေ၏။ လောမဟံသ၏ တောထွက်ခြင်းသည် လူဝတ်ဖြင့် တောထွက်ခြင်းဖြစ်၏။ ရသေ့ရဟန်းဝတ်ဖြင့် တောထွက်ခြင်းမဟုတ်။ ထို့ကြောင့် တောထွက်ရာ၌ ရဟန်းအသွင်နှင့် လူအသွင်ဟူ၍ အသွင်အားဖြင့်ခြားနား၏။ သို့ရာတွင် စိတ်ထားအားဖြင့် မခြားနား။ လောမဟံသသည် အသွင်ထက် အနှစ်သာရကို တန်ဖိုးထားသူဖြစ်၏။

လောမဟံသသည် တစ်ရွာဝင် တစ်ရွာထွက်ဖြင့် လှည့်လည်သွားလာ၏။ ရွာသို့လည်းရောက်၏။ မြို့သို့လည်းရောက်၏။ မင်းနေပြည်တော်သို့လည်း ရောက်၏။ ထိုသို့ လှည့်လည်သွားလာရာတွင် အစာအာဟာရအတွက်လည်း မပူပင်၊ အဝတ်အထည် အတွက်လည်း မပူပင်။ ဖြစ်သလိုစား၏။ ဖြစ်သလိုဝတ်၏။ သူနှင့်တွေ့သော သူများ ကလည်း သူ့အပေါ် ဆက်ဆံချင်သလို ဆက်ဆံကြ၏။

သို့ရာတွင် သူ့ကို လေးလေးစားစား ဆက်ဆံသောနေရာများ၌ ကြာရှည်စွာမနေ။ မရိုမသေဆက်ဆံသော နေရာများ၌ကား ကြာမြင့်စွာနေတတ်၏။ အမှန်အားဖြင့် လောမဟံသသည် အသက်မရှိသကဲ့သို့ဖြစ်၏။ ငိုစရာနှင့် တွေ့လည်းမငို၊ ရယ်စရာနှင့် တွေ့လည်း မရယ်။ လောမဟံသသည် လောကဓံရှစ်ပါး၏အောက်မှ မနေဘဲ အပေါ်သို့ ရောက်အောင် အားထုတ်၏။ သူ၏လျစ်လျူရှုခြင်းကား အံ့ဖွယ်ရှိပါ၏။ ထိုသို့ အံ့ဖွယ် ရှိအောင် ကျင့်နိုင်၊ လျစ်လျူရှုနိုင်သဖြင့်လည်း နောက်ဆုံး၌ သဗ္ဗညုတဉာဏ်တော်သည် သူ၏သန္တာန်၌ ကိန်းနိုင်ခြင်းဖြစ်၏။ တည်ရာ=ဌာနနှင့် တည်တတ်သောဉာဏ်= ဌာနီ တို့ လိုက်လျောညီထွေဖြစ်ရလေအောင် လောမဟံသသည် ကျင့်ခဲ့ပါ၏။

ထိုသို့ကျင့်ခဲ့သဖြင့်လည်း သူ၏စိတ်အင်အားသည် ဥပေက္ခာပါရမီ၏ အထွတ် အထိပ်သို့ရောက်အောင် ရင့်ကျက်ခြင်းဖြစ်လေ၏။

လောမဟံသသည် ရွာတစ်ရွာသို့ ရောက်လာ၏။ ထိုရွာတွင် နောက်ပြောင် တတ်သော ကလေးငယ်များ ရှိကြ၏။ လောမဟံသ၏ အဝတ်အစားနှင့် လောမဟံသ၏

www.burmeseclassic.com

www.burmeseclassic.com



အမှုအရာသည် ကလေးငယ်များအတွက် အထူးအဆန်းဖြစ်၏။ အံ့သြဖွယ်ဖြစ်၏။ ကလေးများသည် လောမဟံသကို တွေ့သောအခါ နောက်ပြောင်စရာအဖြစ် မှတ်ယူ၍ ပျော်ကြ၏။ လောမဟံသကလည်း ကလေးများကို တွေ့သောအခါ ဥပေက္ခာပါရမီဖြည့်ရန် အခွင့်ကောင်းအဖြစ် မှတ်ယူ၍ အားရလှ၏။ နောက်ပြောင်ခြင်းနှင့် လျစ်လျူရှုခြင်းတို့၏ လွန်ပွဲသည်စတင်လေ၏။ ကလေးများကလည်း နောက်ကြ၏။ ပြောင်ကြ၏။ လောမဟံသကလည်း အနောက်ခံရလေ ကျေနပ်လေဖြစ်၏။ အပြောင်ခံရလေ အားရလေဖြစ်၏။

ထို့ကြောင့် လောမဟံသသည် အခြားရွာများ၌ ကြာရှည်မနေသော်လည်း ဤရွာ၌မူ ကြာရှည်စွာနေရန် စိတ်ကို ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် သူသည် နောက်ပြောင်တတ်သူများကို သူ့နောက်သို့လိုက်လာစေရန် ဖြားယောင်းသွေးဆောင်သည့် အနေဖြင့် သုသာန်သို့သွား၍ အရိုးကိုခေါင်းအုံးလုပ်ပြီး အိပ်လေ၏။

လောမဟံသသည် ကလေးများအတွက် နောက်စရာပြောင်စရာ ဖြစ်နေသဖြင့် ကလေးများက နောက်ကြခြင်း, ပြောင်ကြခြင်း ဖြစ်၏။ ထိုသို့ ကလေးများက နောက်ကြ, ပြောင်ကြသော်လည်း လောမဟံသက ကလေးများအပေါ် စိတ်မဆိုး၊ အသိဉာဏ်ရှိသူများကမူ လောမဟံသအား သူတော်စင်အဖြစ်မှတ်ယူ၍ ပူဇော်ကြပြန်၏။ ထိုသို့ ပူဇော်ကြသော်လည်း လောမဟံသကမူ မိမိအား ပူဇော်သူတို့အပေါ်၌လည်း ချစ်မြတ်နိုးခြင်းမရှိ။ နှစ်မျိုးလုံးအပေါ်၌ပင် လောမဟံသသည် ထပ်တူထပ်မျှ သဘောထား၏။ အမှန်အားဖြင့် မြတ်စွာဘုရားအလောင်းတော်သည် ဖြစ်လေရာဘဝများ၌ ဥပေက္ခာပါရမီကို ဖြည့်ကျင့်သည်ပင်ဖြစ်၏။ သို့ရာတွင် လောမဟံသ-ဘဝ၌ကား ဥပေက္ခာပါရမီကို အထွတ်အထိပ်သို့ ရောက်အောင် ဖြည့်ကျင့်တော်မူခဲ့ပါ၏။

အမှန်အားဖြင့် သတ္တဝါများသည် မိမိတို့၏ ဘဝရည်မှန်းချက်များကို အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရာ၌ ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်ပြတ်မသွားအောင် အားထုတ်ဖို့လို၏။ မျက်ခြည်ပြတ်မသွားခြင်းသည် ဥပေက္ခာပါရမီ၏ အနှစ်သာရဖြစ်၏။ ယင်းကိုပင် "လျစ်လျူရှုခြင်း" ဟူ၍ ဆိုကြခြင်းဖြစ်၏။

ကဲ့ရဲ့ခံရလည်း စိတ်မဆိုး၊ ချီးမွမ်းခံရလည်းဝမ်းမသာဘဲ မိမိ၏စိတ်ထားကို တစ်ဖြောင့်တည်းထားခြင်းသည် ပါဠိဝေါဟာရအားဖြင့် "တတြမဇ္ဈတ္တတာ" မည်၏။ အလယ်၌ တည်ရှိနေခြင်းဖြစ်၏။ စိတ်ဆိုးခြင်းဘက်သို့လည်း မယိမ်း၊ ဝမ်းသာခြင်းဘက်သို့လည်း မယိမ်း၊ အလယ်၌ တည့်တည့်မတ်မတ်ရှိနေခြင်းသည် တတြမဇ္ဈတ္တတာ၏ သဘောဖြစ်၏။ သည်းခံခြင်း=ခန္တီက လောကဓံတရားများ၏ ဆွဲဆောင်ချက်အတိုင်း စိတ်လိုက်မာန်ပါ မလိုက်ခြင်းပင်ဖြစ်၏။ ယင်းကိုပင် "သည်းခံခြင်း" ဟူ၍ဆို၏။

လူသည် ဇီဇစိတ်ဓာတ်အားဖြင့် စိတ်ဆိုးစရာနှင့်တွေ့လျှင်လည်း စိတ်ဆိုးလိုက်၏။ ဝမ်းသာစရာနှင့် တွေ့လျှင်လည်း ဝမ်းသာလိုက်၏။ ပျော်စရာနှင့်တွေ့လျှင်လည်း ပျော်လိုက်၏။ အမှန်အားဖြင့် စိတ်သည် မိမိ၏ ဇီဇသဘောအရ အာရုံများ၏ ဆွဲဆောင်ချက်အတိုင်း လိုက်နေခြင်းသာ ဖြစ်၏။ သည်းခံခြင်း=ခန္တီက မူ စိတ်၏ဇီဇသတ္တိကို

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်သောအားဖြင့် အာရုံများ၏ ဆွဲဆောင်ရာနောက်သို့ မလိုက်၊ အာရုံများ၏ ဆွဲဆောင်မှုကို အလေးအနက်မထား။

သည်းခံခြင်း=ခန္တီနှင့် လျစ်လျူရှုခြင်း=ဥပေက္ခာသည် ကျန်ပါရမီများ၏ မိဘသဖွယ် အစုံလိုက်ဖြစ်၏။ သို့ဖြစ်၍ ခန္တီရှိမှ ဥပေက္ခာရှိ၏။ ခန္တီက လောကဓံ၏ အန္တရာယ်များကို ခုခံကာကွယ်ပေး၏။ ဥပေက္ခာက မိမိ၏လမ်းအတိုင်း တည့်တည့်မတ်မတ် သွားနိုင်အောင် ဆောင်ရွက်ပေး၏။ ဤသို့လျှင် ခန္တီနှင့် ဥပေက္ခာသည် အခြားပါရမီများကို ထိန်းသိမ်းစောင့်ရှောက်ပေးလေ၏။ လောမဟံသဇာတ်၌ လောမဟံသသည် ကလေးသူငယ်များ၊ လူနောက်လူပြောင်များအပေါ် အမျက်မထွက်ခြင်းနှင့်၊ ပူဇော်သူများအပေါ် မတွယ်တာခြင်းသည် သည်းခံခြင်း=ခန္တီ၏ သဘောဖြစ်၏။ မိမိ၏အလုပ်ကို ဆက်လုပ်စရာရှိသည့်အတိုင်း ဆက်လက် လုပ်ကိုင်နိုင်အောင် မတ်မတ်ရပ်တည်ပေးခြင်းသည် ဥပေက္ခာဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရလျှင် ခန္တီက အကာအကွယ်ပေး၏။ ဥပေက္ခာက သွားရမည့် ပန်းတိုင်ကို ညွှန်ပြပြီး သွားရမည့်လမ်းပေါ်၌ တင်ပေး၏။ အခြားပါရမီများက ဆက်၍ သွားကြလေ၏။ ဤနည်းအားဖြင့် ပါရမီများကို ဖြည့်ကျင့်ရ၏။

မြတ်စွာဘုရားအလောင်းတော်သည် ပါရမီများကိုဖြည့်ကျင့်ရာ၌ ဥပေက္ခာပါရမီ ပါဝင်သည်ချည်း ဖြစ်၏။ သို့ရာတွင် လောမဟံသ ဘဝလောက် ဥပေက္ခာပါရမီကို ဖြည့်ကျင့်ခြင်း မပေါ်လွင်။ လောမဟံသဇာတ်တော်၌ကား ဥပေက္ခာပါရမီသည် အထွတ်အထိပ် ရောက်အောင်ပင် ပေါ်လွင်ပါ၏။ ထို့ကြောင့် လောမဟံသဇာတ်ကို အလွန့်အလွန် ကြက်သီးမွေးညင်းထလောက်အောင် လျစ်လျူရှုနိုင်သူအဖြစ် ဖော်ပြလိုသောကြောင့် လောမဟံသစရိယ၏ ရှေ့၌ မဟာတပ်၍ "မဟာလောမဟံသ" ဟူ၍ အမည်တွင်လာခြင်း ဖြစ်၏။

**အသွင်ခြင်းတူသော်လည်း အနှစ်သာရခြင်းမတူ**

ရှေးရှေးခေတ်၌ ဤအကျင့်မျိုးသည် ရှိ၏။ "ဝဋ္ဋဒုက္ခဖြေ" အကျင့်ဟူ၍ ဆို၏။ အတိတ်ဘဝအဆက်ဆက်က မိမိပြုခဲ့မိသော မကောင်းမှု အကုသိုလ်ကံများရှိပါက ထို မကောင်းမှု အကုသိုလ်ကံ၏ အကျိုးဆက်များကို ကုန်ခန်းသွားအောင် ပြုခြင်းဖြစ်၏။ မကောင်းမှုကံ၏ မကောင်းကျိုးများ ကုန်ခန်းသွားပါက ကောင်းမှုကံ၏ ကောင်းကျိုးများကို ခံစားရမည် ဖြစ်၏။ ဤယုံကြည်ချက်ဖြင့် ဤဝဋ္ဋဒုက္ခအဖြေအကျင့်ကို ကျင့်တတ်ကြလေ၏။အမှန်အားဖြင့် ဝဋ္ဋဒုက္ခအဖြေအကျင့်သည် အတ္တကိလမထာနုယောဂ- အကျင့်မျိုးသာဖြစ်၏။ မဇ္ဈိမပဋိပဒါ-အကျင့်မျိုးမဟုတ်။

ဤဇာတ်တော်၌ လောမဟံသ-ကျင့်သောအကျင့်ကား မဇ္ဈိမပဋိပဒါ အကျင့်ဖြစ်၏။ မဇ္ဈိမပဋိပဒါ သဘောမှာ မိမိကျင့်သောအကျင့်၏ သဘာဝကိုသိ၏။ အကြောင်းကိုသိ၏။ အကျိုးကိုသိ၏။ စွမ်းအင်ကိုသိ၏။ အတ္တကိလမထာနုယောဂ သဘောမှာ ထိုသို့မသိချေ။ ထို့ကြောင့် လျစ်လျူရှုခြင်း အကျင့်သည် အတ္တကိလမထာ နုယောဂ-နှင့် မဇ္ဈိမပဋိပဒါ နှစ်မျိုးလုံးတွင် အကျင့်အသွင်အားဖြင့် တူသော်လည်း အကျင့်အနှစ်သာရအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မတူချေ။ တရားကိုယ်အားဖြင့်လည်း အတ္တကိလမထာ နုယောဂ-သဘော သက်ရောက်သော လျစ်လျူရှုခြင်းသည် ဒိဋ္ဌိပြဋ္ဌာန်းသော မောဟဖြစ်၍ မဇ္ဈိမပဋိပဒါ-သဘော သက်ရောက်သော လျစ်လျူရှုခြင်းသည် တတြမဇ္ဈတ္တတာ ဖြစ်၏။

ထို့ကြောင့် လုပ်ငန်းတစ်ခုကို တန်ဖိုးဖြတ်ရာတွင် အသွင်နှင့် အနှစ်သာရကို ခွဲခြားပြီး တန်ဖိုးဖြတ်တတ်ပါမှ မှန်ကန်သော တန်ဖိုးကို ရ၏။ ထို့ကြောင့် အသွင်နှင့် အနှစ်သာရတို့၏ ဆက်စပ်မှုနိယာမအရ လမ်းစဉ်ချင်းတူသော်လည်း တစ်ခုနှင့်တစ်ခု တန်ဖိုးချင်း တူချင်မှတူ၏။ ဘုရားတည် ကျောင်းဆောက်ချင်းတူသော်လည်း တစ်ခုနှင့် တစ်ခု တန်ဖိုးချင်း တူချင်မှတူလေ၏။

ပါရမီဟူသည် မြင့်မြတ်သူတို့၏ လုပ်ငန်းဖြစ်သည်ဟူ၍ အဓိပ္ပာယ်ရလေရာ ပါရမီလုပ်ငန်းကိုလုပ်တိုင်း မိမိ၏အကျိုးစီးပွားထက် အများ၏အကျိုးစီးပွားကို ဦးစားပေးသည်ချည်း ဖြစ်၏။ ထိုသို့ ဦးစားပေးပါမှလည်း ပါရမီဟူသောအမည်ကို ခံရ၏။ မိမိ၏အကျိုးစီးပွားကိုသာ ဦးစားပေးပြီး ဆောင်ရွက်ခြင်းမျိုးဖြစ်ပါက မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ၊ ဘုရားတည်ခြင်းလုပ်ငန်းကို လုပ်လုပ်၊ ကျောင်းဆောက်ခြင်း လုပ်ငန်းကို လုပ်လုပ်၊ လမ်းပြင်ခြင်းလုပ်ငန်းကို လုပ်လုပ်၊ ထမင်းရေချောင်းစီး လှူဒါန်းခြင်းလုပ်ငန်းကို လုပ်လုပ်၊ အခြားမည်မျှလောက် ကြီးကျယ်သောလုပ်ငန်းကို လုပ်လုပ် ထိုလုပ်ငန်းသည် ပါရမီလုပ်ငန်းမဟုတ်။ အမှန်အားဖြင့် ပါရမီလုပ်ငန်းသည် အရည်အချင်းအပေါ်၌သာ တည်၏။ အရေအတွက်အပေါ်၌ မတည်။

> လောမဟံသသည် ဘုရားဖြစ်ဖို့ရန် ဥပေက္ခာပါရမီကို ဖြည့်ကျင့်ခြင်း ဖြစ်၏။ဘုရားဖြစ်ဖို့ရန်ကျင့်ရာ၌ သူသည် သူ့အတွက် ဘုရားလုပ်ချင်၍ ကျင့်ခြင်း မဟုတ်။ လောကအတွက် ဘုရားလုပ်ချင်၍ ကျင့်ခြင်းသာ ဖြစ်၏။ လောမဟံသသည် သုမေဓာရှင်ရသေ့ဘဝ-က စ၍ သူ၏ အကျိုးစီးပွားကို ဦးစားမပေးတော့ဘဲ လောက၏အကျိုးစီးပွားကို ဦးစားပေးလာ၏။ ထို့ကြောင့် သူ့အနစ်နာခံသမျှသည် လောကအတွက် ချည်းသာဖြစ်၏။ ထို့ကြောင့် လောကအပေါ် သူ၏ ကျေးဇူးသည် အတိုင်းအဆ မသိနိုင်လောက်အောင် ကြီးမားပါ၏။ သို့ရာတွင် သူ၏ ကျေးဇူးကို တကယ်တမ်းသိသူကား ဤလောက၌ ရှားပါးလှပါ၏။

လောမဟံသသည် ဥပေက္ခာပါရမီသက်သက်ကိုသာ ကျင့်သည်မဟုတ်၊ အခြား ပါရမီများကိုလည်း ကျင့်သည်ပင် ဖြစ်၏။ ဥပေက္ခာပါရမီ ထင်ရှားလွန်း၍သာ ဤ "လောမဟံသစရိယ" ကို ဥပေက္ခာပါရမီအကျင့်ပြ ဇာတ်တော်အဖြစ် ပိဋကတော်၌ မှတ်တမ်းတင်ထားခြင်းဖြစ်၏။ လောမဟံသသည် ဤမြေပြင်၌ တကယ်ပင် အသက်ရှင် နေထိုင်သွားသူဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်အားလုံးက ယုံကြည်ကြ၏။

သို့ရာတွင် သူ၏ကျင့်စဉ်သည် ဒဏ္ဍာရီဟူ၍မှတ်ထင်ရလောက်အောင် ထူးခြား၏။ ဆန်းကြယ်၏။ ပြင်းထန်၏။ လောမဟံသသည် ဥပေက္ခာပါရမီကိုကျင့်ရာ၌-

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ ပစ္စည်းဥစ္စာများကို စွန့်၍ အနစ်နာခံခြင်းအားဖြင့် "ဒါနပါရမီ" ကို ကျင့်သည်ပင်ဖြစ်၏။

သူ၏ဘဝ၌ မကောင်းမှုအကုသိုလ်ဒုစရိုက်များကို မကျူးလွန်ခြင်းအားဖြင့် "သီလပါရမီ"ကိုကျင့်၏။

တဏှာယောက်ျားလက်သမားကို မြင်ရန်မှတစ်ပါး အခြားဘာကိုမျှ မမျှော်မှန်းဘဲ ပါရမီလုပ်ငန်းများကိုလုပ်ခြင်းသည် "နေက္ခမ္မပါရမီ" ကိုကျင့်ခြင်းဖြစ်၏။ ဗောဓိပင်၌ ဘုရားဖြစ်တော်မူစက "အနေကဇာတိသံသာရံ" ချီ ဥဒါန်းဂါထာတော်ကို ကျူးရင့်တော်မူခြင်းအားဖြင့် ဘဝများစွာ သံသရာတစ်လျှောက်လုံး သူလုပ်သမျှ, သူပြောသမျှ, သူစဉ်းစားသမျှသည် တဏှာယောက်ျားလက်သမားကို တွေ့မြင်ရေး သက်သက်သာ ဖြစ်သည်–ဟူသောသဘောမှာ ထင်ရှား၏။

ထိုကြောင့် လောမဟံသသည် သူ၏ပန်းတိုင်ကို သူသိ၏။ သူသိသောပန်းတိုင်သို့ ရောက်ဖို့ရန် ဥပေက္ခာပါရမီ လမ်းပေါ်၌ လျှောက်ခြင်းဖြစ်၏။ အမှန်အားဖြင့် နေက္ခမ္မပါရမီဟူသည် တဏှာကို အသေသတ်နိုင်အောင် ကြိုးပမ်းခြင်းဖြစ်၏။ တဏှာသေခြင်း, အရဟတ္တမဂ်ဉာဏ်ကိုရခြင်းနှင့် သဗ္ဗညုတဉာဏ်တော်ကို ရခြင်းတို့သည် သဘောအားဖြင့် သိပ်ပြီးခြားနားလှသည် မဟုတ်ကြချေ။

လောမဟံသသည် သူဖြည့်ကျင့်နေသော လျစ်လျူရှုခြင်း၏အကြောင်းကို သိ၏။ အကျိုးကိုသိ၏။ လမ်းစဉ်ကိုသိ၏။ နည်းဗျူဟာကိုသိ၏။ မဟာဗျူဟာကိုသိ၏။ ဤသို့သိခြင်းသည် "ပညာပါရမီ" ကို ဖြည့်ကျင့်ခြင်းဖြစ်၏။

ဥပေက္ခာပါရမီကိုဖြည့်ကျင့်ရာ၌ ဖွဲလုံ့လဖြင့် မလျှော့တမ်းအားထုတ်ခြင်းသည် "ဝီရိယပါရမီ" ကို ဖြည့်ကျင့်ခြင်းဖြစ်၏။

"သည်းခံခြင်း=ခန္တီပါရမီ" ကို ကျင့်ခြင်းနှင့်ပတ်သက်၍ အထူးပင် ထင်ရှားပါ၏။ ကလေးသူငယ်များနှင့် သေသောက်ကြူးများ၏ နှိပ်စက်ကလူ ပြုမူခြင်းကိုလည်း စိတ်မဆိုးဘဲ လောမဟံသသည် သည်းခံနိုင်၏။ သူတော်ကောင်းများက ပူဇော်ခြင်းကိုလည်း သာယာတပ်မက်ခြင်း မရှိဘဲ လောမဟံသသည် သည်းခံနိုင်၏။

သစ္စာပါရမီကို ဖြည့်ကျင့်မှုနှင့် ပတ်သက်၍ကား လောမဟံသသည် ရိုးသားလှ၏။ မျက်နှာပြင်အပေါ်၌ ထင်သည်က တစ်မျိုး၊ စိတ်ထဲ၌ဖြစ်နေသည်က တစ်မျိုး၊ ဤသို့ ကွဲပြားခြားနားခြင်းမရှိ။ မျက်နှာပြင် အပေါ်၌ ထင်ဟပ်ခြင်းနှင့် စိတ်ထဲကခံစားချက်သည် အားလုံးအတူတူပင်ဖြစ်၏။ မျက်နှာပြင်အပေါ်၌လည်း လျစ်လျူရှုခြင်း၏ အမှတ်အသားသည် ပေါ်လွင်၏။ စိတ်ထဲ၌လည်း လျစ်လျူရှုခြင်း၏သဘောသည် ပေါ်လွင်၏။ ဤသည်ပင် သစ္စာဖြစ်၏။ ကာယကံနှင့်မနောကံတို့သာ အချင်းချင်းညီညွတ်သည် မဟုတ်သေး၊ ဝစီကံနှင့်လည်း ညီညွတ်သည်ပင်ဖြစ်၏။ ဤသို့ညီညွတ်ခြင်းသည် "သစ္စာပါရမီ"ကို ဖြည့်ကျင့်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်=အဓိဋ္ဌာန်ပါရမီနှင့် ပတ်သက်၍ ဆိုရလျှင် ဤဇာတ်တော်၌ မည်သည့် နေရာ၌မှ လောမဟံသ၏ဆုံးဖြတ်ချက်များ ယိမ်းယိုင်သွားသည်ကို မတွေ့ရ။ ထို့ကြောင့် သူ၏ ဆုံးဖြတ်ချက်သည် ခိုင်မြဲလှပါ၏။ ဤသည်ကိုပင် "အဓိဋ္ဌာန်ပါရမီ"ကို ဖြည့်ကျင့်ခြင်း ဟူ၍ ဆိုရ၏။

သတ္တဝါများအပေါ် မေတ္တာထားမှုနှင့်ပတ်သက်၍ ဆိုရလျှင် လောမဟံသအတွက် လောကတစ်ခုလုံးသည် ချစ်စရာချည်းဖြစ်၏။ ကြင်နာစရာချည်း ဖြစ်၏။ ချစ်စရာနှင့် ကြင်နာစရာချည်းဖြစ်သော်လည်း လောမဟံသသည် မျက်နှာမလိုက်။ အမှန်အားဖြင့် ပါရမီဟူသမျှသည် ကရုဏာနှင့် ပညာတို့ဖြင့် ဝန်းရံရသည်ချည်းဖြစ်၏။ သို့မှလည်း ပါရမီအမည်ကို ရမည်ဖြစ်၏။

မြတ်စွာဘုရားသည် ၄၅-ဝါကာလပတ်လုံး ဝေနေယျသတ္တဝါတို့အား သံသရာဝဋ် ဒုက္ခမှကယ်တင်ရာ၌ ကရုဏာနှင့်ပညာကို ရှေ့သွားပြု၍ ကယ်တင်ခြင်းဖြစ်၏။

ဥပေက္ခာဖြင့်ထိန်းသိမ်းထားသော မေတ္တာနှင့်ကရုဏာသည်သာလျှင် ကြီးမားသော အကျိုးရှိ၏။ ကြီးမားသောအာနိသင်ရှိ၏-ဟူ၍ စရိယာပိဋကဋ္ဌကထာ၊ ပကိဏ္ဏကကထာ-၌ ဆို၏။ ထို့ကြောင့် လောမဟံသသည် သတ္တဝါများအပေါ် အတိုင်းမသိနိုင်သော မေတ္တာနှင့်ကရုဏာကိုထားနိုင်သဖြင့်သာလျှင် ယင်းတို့မှဖြစ်ပေါ်လာသော လောကဓံ တရားများကိုဖြစ်စေ၊ ယင်းတို့ကိုဖြစ်စေ လျစ်လျူရှုနိုင်ခြင်းဖြစ်၏။

မိဘများသည်ပင် ကောင်းသောသားသမီးအပေါ်၌ဖြစ်စေ၊ ဆိုးသောသားသမီး အပေါ်၌ဖြစ်စေ ဘက်မလိုက်ဘဲ အလယ်၌ရပ်နိုင်သေးလျှင် မေတ္တာရှင်၊ ကရုဏာရှင်၊ ပညာရှင်ဖြစ်တော်မူသော ဘုရားအလောင်းတော်သည် သူချစ်သော၊ သူကြင်နာသော ဝေနေယျသတ္တဝါများအပေါ်၌ အဘယ့်ကြောင့် ဘက်မလိုက်ဘဲ အလယ် တည့်တည့်၌ မရပ်နိုင်ဘဲရှိမည်နည်း။

ထို့ကြောင့် အလောင်းတော်များသည် ဆိုင်ရာဆိုင်ရာပါရမီများကို ဖြည့်ကျင့်ရာ၌ မေတ္တာကလည်း သူ့ကဏ္ဍနှင့်သူ ပါဝင်ပါ၏။ ကရုဏာကလည်း သူ့ကဏ္ဍနှင့်သူ ပါဝင်ပါ၏။ ပညာကလည်း သူ့ကဏ္ဍနှင့်သူ ပါဝင်ပါ၏။ ဥပေက္ခာကလည်း သူ့ကဏ္ဍနှင့်သူ ပါဝင်ပါ၏။ အချင်းချင်းဆန့်ကျင်မှုဟူ၍ လုံးဝမရှိပါ။ ဟင်းအမယ်များသည် ဟင်းချက်ရာ၌ အချင်းချင်း ဆန့်ကျင်ခြင်းမရှိဘဲ လိုက်လျောညီထွေရှိဘိသကဲ့သို့ ပါရမီများသည်လည်း လောက၏ အကျိုးစီးပွားအတွက် ဗောဓိဉာဏ်ကိုရအောင် အားထုတ်ရာ၌ အချင်းချင်း ဆန့်ကျင်ခြင်းမရှိဘဲ လိုက်လျောညီထွေ ရှိလေ၏။

လူ့ဘဝကိုရလာ၍ လူဖြစ်လာလျှင် လူ့တာဝန်ကိုမလွဲမသွေ ကျေပွန်စွာဆောင်ရွက် ရမည်ဖြစ်၏။ ထိုသို့ ဆောင်ရွက်ကြသော လူများသည် လူ့သမိုင်း၌ ယနေ့တိုင်အောင် အထင်အရှားရှိပါ၏။ ထိုသူများကို မြင့်မြတ်သူများအဖြစ် မှတ်တမ်းတင်ထားကြ၏။ မြင့်မြတ်သူများအဖြစ် မှတ်တမ်းတင်ထားခြင်း ခံရသော လူများကား နိုင်ငံတိုင်း၌ရှိ၏။ လူမျိုးတိုင်း၌ရှိ၏။ ထိုသို့ရှိခြင်းမှာလည်း မိမိဘာသာ ရှိချင်၍ရှိသည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အတ္တဝါဒုပါဒါန်၏စေ့ဆော်မှုအရ ရှိခြင်းဖြစ်၏။ ယင်းကိုပင် သမိုင်း၏တောင်းဆိုချက်အရ ရှိခြင်း–ဟူ၍လည်း ဆို၏။ မည်သည့်ဖြစ်ရပ်မျိုးမဆို မိမိတို့လုပ်ချင်တိုင်းဖြစ်သည်မဟုတ်။ အကြောင်းတရား ညီညွတ်မှသာ ဖြစ်၏။ မိမိ လုပ်ချင်တိုင်းလုပ်၍ ဖြစ်သည်ဟူ၍ ယုံကြည်လျှင် "အတ္တဝါဒီ" ဟူ၍ဆို၏။ အကြောင်းတရားများ ညီညွတ်မှ ဖြစ်သည်ဟူ၍ယုံကြည်လျှင် "အနတ္တဝါဒီ" ဖြစ်၏။

လောကဌ်လူဖြစ်လာလျှင် မည်သူမဆို မိမိလူမျိုး, မိမိနိုင်ငံ, မိမိဘာသာကို ချစ်မြတ်နိုးသည်ချည်းဖြစ်၏။ ချစ်မြတ်နိုးသည့် အလျောက်လည်း မိမိတို့ဘက်မှ တတ်နိုင်သလောက် ဆောင်ရွက်ပါ၏။ သို့ရာတွင် ထိုသို့ဆောင်ရွက်ရာဌ် မိမိလူမျိုး, မိမိနိုင်ငံ, မိမိဘာသာကို ချစ်ရာမရောက်ဘဲ နစ်ရာရောက်သည့် ဆောင်ရွက်ချက်များလည်း ဖြစ်ပေါ်လာတတ်၏။ ထိုသို့ဖြစ်ပေါ်လာခြင်းမှာ ဆောင်ရွက်နည်း မှားသောကြောင့်ဖြစ်၏။

**မှားယွင်းသောကျင့်စဉ်** မိမိလူမျိုး,မိမိနိုင်ငံ,မိမိဘာသာကို မြင့်မားအောင် ဆောင်ရွက်ရာဌ် အခြေခံမှုနှစ်မျိုးရှိ၏။ ထိုမှုနှစ်မျိုးအနက် တစ်မျိုးမှာ "မိမိ"ကို ဗဟိုပြုသောမှုဖြစ်၏။ ယင်းကို အနုလောမ–မှုဟူ၍ဆိုရ၏။ အနုလောမ–မှုသည် အတ္တအပေါ်ဌ်အခြေခံ၏။ နောက်တစ်မျိုးမှာ "လောက"ကိုဗဟိုပြုသော မှုဖြစ်၏။ ယင်းကို ပဋိလောမ–မှုဟူ၍ ဆိုရ၏။ ပဋိလောမ–မှုသည် အနတ္တအပေါ်ဌ် အခြေခံ၏။ အတ္တအပေါ်အခြေခံသောအခါ အခြားသူများဘာဖြစ်ဖြစ်"ငါကောင်းစားရမည်၊ ငါ့လူမျိုး ကောင်းစားရမည်၊ ငါ့နိုင်ငံကောင်းစားရမည်။ ငါ့ဘာသာကောင်းစားရမည်" ဟူ၍ အရာရာတိုင်း ငါကို ဗဟိုပြုတတ်၏။ ငါကို ဗဟိုပြုသည်နှင့် တစ်ပြိုင်နက် အစုန်လမ်း= အနုလောမ မှုအတိုင်း လိုက်တော့၏။ အစုန်လမ်း=အနုလောမ မှုဟူသည်မှာ စိတ်တို့၏ မူလဗီဇသတ္တိအတိုင်း"ချစ်စရာရှိလျှင် ချစ်မည်၊ မုန်းစရာရှိလျှင် မုန်းမည်" ဟူသော ခံယူမှုမျိုးဖြစ်၏။ ယင်းကို "မိစ္ဆာပဋိပဒါ" ဟူ၍ဆို၏။ မိစ္ဆာပဋိပဒါဟူသည်မှာ မှားယွင်းသောကျင့်စဉ်ဖြစ်၏။

**မှန်ကန်သောကျင့်စဉ်** ပဋိလောမ–မှုအရ အနတ္တအပေါ် အခြေခံသော်လည်း ငါ့လူမျိုး, ငါ့တိုင်းပြည်,ငါ့ဘာသာ ကောင်းစားအောင် အားထုတ်ရသည်ပင်ဖြစ်၏။ ထိုသို့အားထုတ်သော်လည်း အခြားသူများဘာဖြစ်ဖြစ်ဟူ၍ သဘောမထား၊ အခြားသူများကိုလည်း အလေးထားပါ၏။ သို့ရာတွင် ငါ့လူမျိုး,ငါ့တိုင်းပြည်,ငါ့ဘာသာက ငါ့အပေါ်ပို၍ကျေးဇူးများ၏။ ထို့ကြောင့် ပို၍ကျေးဇူးဆပ်သောအနေဖြင့် အားထုတ်ရခြင်း ဖြစ်၏။

အမှန်အားဖြင့် အနတ္တအပေါ် အခြေခံသောအခါ အကျိုးတရားတစ်ခုဖြစ်ပေါ်ရာဌ် အကြောင်းတရား၏ပြည့်စုံမှုကို အလေးအနက်ထား၏။ ယင်းသဘောကိုပင် "ရေဆူမှတ်" ဟူ၍ ဆိုသူကဆိုကြ၏။ "ဖြုန်းခနဲ" သဘောဟူ၍ ဆိုသူက ဆိုကြ၏။ အမှန်အားဖြင့် ဖြစ်စဉ်များတွင် "တရွေ့ရွေ့" နှင့် "ဖြုန်းခနဲ" ဟူ၍ နှစ်မျိုးပါဝင်လေရာ တရွေ့ရွေ့အခြင်

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂလဗျာပါရအနေဖြင့် အတ္တလွှမ်းမိုးမှုရှိနိုင်သော်လည်း ဖြုန်းခနဲတွင် ဓမ္မဗျာပါရအနေဖြင့် အနတ္တသာလွှမ်းမိုးလေ၏။ ထိုကြောင့် ငါကိုဗဟိုမပြု၊ လောကကိုသာ ဗဟိုပြု၏။ အစိတ်ကို ဗဟိုမပြု၊ အပေါင်းကိုသာ ဗဟိုပြုလေ၏။

အမှန်အားဖြင့်လည်း ပတ်ဝန်းကျင်မကောင်းစားဘဲ မိမိက ကွက်ပြီးကောင်းစား၍ မရ။ လောက မကောင်းစားဘဲ မိမိက ကွက်ပြီးကောင်းစား၍ မဖြစ်။ ဤသဘောအရ အဆန်=ပဋိလောမအပေါ် အခြေခံသောမှုကို "သမ္မာပဋိပဒါ" ဟူ၍ဆို၏။ သမ္မာပဋိပဒါ ဟူသည်မှာ မှန်ကန်သောကျင့်စဉ် ဖြစ်၏။ ဤကျင့်စဉ်အတိုင်း ကျင့်သောအခါ စိတ်၏ မူလဗီဇ သတ္တိအတိုင်းမလိုက်။ ချစ်စရာနှင့်တွေ့လည်း မချစ်၊ ချစ်သောအားဖြင့် ဘက်မလိုက်။ မုန်းစရာနှင့်တွေ့လည်း မမုန်း၊ မုန်းသောအားဖြင့် ဘက်မလိုက်။ အလယ်ဗဟို၌ မတ်မတ်နေ၏။ အားလုံးကောင်းစားရေးအတွက် ရည်သူ၏။

သို့ရာတွင် ကျေးဇူးကို ဆပ်ရာ၌မူ ခြားနား၏။ အားလုံးကောင်းစားသည်၊ မကောင်းစားသည်ကတော့ သူ့တာဝန်မဟုတ်။ ထိုထိုလူသားတို့၏ တာဝန်သာဖြစ်၏။ သူ့တာဝန်ကတော့ ညီတူညီမျှ အားလုံးကောင်းစားအောင် အားထုတ်ရန် ဖြစ်၏။ ဘက်လိုက်ခြင်းမရှိဘဲ အားထုတ်ရန်ဖြစ်၏။

လူတိုင်း မိမိကိုယ်ကို ချစ်သည်မှာ ယုံမှားဖွယ်မရှိ။ မိမိလူမျိုးနှင့် နိုင်ငံကို ချစ်သည်မှာလည်း ယုံမှားဖွယ်မရှိ။ ထိုသို့ချစ်ရာတွင် ချစ်ရာရောက်အောင် ဆောင်ရွက်သည် မဆောင်ရွက်သည်မှာသာ ယုံမှားဖွယ်ရှိ၏။ မိမိကိုယ်ကို မိမိချစ်ပါလျက် ချစ်ရာရောက်အောင် မဆောင်ရွက်တတ်သဖြင့် အမျိုးမျိုးသောဒုက္ခများကို ခံစားကြရသူများလည်း ရှိကြ၏။ မိမိလူမျိုးကို မိမိကချစ်ပါလျက် ချစ်ရာရောက်အောင် မဆောင်ရွက်တတ်သဖြင့် မိမိချစ်ရသော မိမိလူမျိုးများကပင် မိမိကို ပြန်၍မုန်းတီးခြင်း ခံရသည်များလည်း ရှိကြ၏။ ဤသို့ ဖြစ်ရခြင်းမှာ ချစ်နည်းမှားယွင်းသောကြောင့်ဖြစ်၏။

လောကကိုချစ်ရာတွင် မမှားသောချစ်နည်းသည် ရှိ၏။ ထိုချစ်နည်းကို "ပါရမီ" ဟူ၍ခေါ်၏။ ဤချစ်နည်းဖြင့် သိဒ္ဓတ္ထမင်းသားသည် လောကကို ချစ်ခဲ့၏။ မိဘကို ချစ်ခဲ့၏။ ဇနီးကိုလည်း ချစ်ခဲ့၏။ သားကိုလည်း ချစ်ခဲ့၏။ ဆွေမျိုးများကိုလည်းချစ်ခဲ့၏။ တိုင်းသူပြည်သားများကိုလည်း ချစ်ခဲ့၏။ အယုတ်ဆုံးအားဖြင့်ဆိုရလျှင် အကြီးဆုံး ရန်သူဖြစ်သော ဒေဝဒတ်ကိုပင် ချစ်ခဲ့၏။ ထိုသို့ မှန်မှန်ကန်ကန် ချစ်တတ်အောင် အားထုတ်ရသည်ကတော့ လွယ်ကူသည်မဟုတ်။ သိဒ္ဓတ္ထ–မင်းသားသည် နှစ်ပေါင်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် အားထုတ်ခဲ့ရ၏။ အမှန်အားဖြင့် တကယ်တမ်း မှန်ကန်သော ချစ်နည်းဖြင့် လောကကိုချစ်တတ်အောင် အားထုတ်ရသည်မှာ မိမိ၏ဘဝကို အတတ်နိုင်ဆုံး စတေးမှ ဖြစ်၏။

မိမိဘဝကို မစတေးနိုင်ပါဘဲနှင့် မိမိ၏ လူမျိုးနှင့်နိုင်ငံကို ချစ်ပါသည်မှာ၍ ကြွေးကြော်ခဲ့ပါလျှင် သိနိုင်သူများအတွက် "ပြက်လုံး"သာ ဖြစ်ပေလိမ့်မည်။ ဤလောက တွင် သိနိုင်သူများသည် ကမ္ဘာနှင့်အဝန်းရှိကြ၏။ မြတ်စွာဘုရား၏ ချစ်ခြင်း မေတ္တာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ ဓမ္မပဒ၊ဒေဝဒတ္တ–ဝတ္ထုဩ ဤသို့ဖော်ပြထားသည်ကို တွေ့ရ၏။

"မြတ်စွာဘုရားသည် ဒေဝဒတ်၌လည်းကောင်း၊ အင်္ဂုလိမာလ၌လည်းကောင်း၊ နာဠာဂိရိဆင်၌လည်းကောင်း၊ သားတော်ရာဟုလာ၌လည်းကောင်း တူမျှသော မေတ္တာစိတ် ရှိတော်မူ၏။"

မြတ်စွာဘုရား၏ သွန်သင်ချက်အတိုင်း မှန်ကန်သော ချစ်နည်းအရ လောကကို တကယ်တမ်း ချစ်သည်ဆိုပါလျှင် မိမိချစ်သော လောကအတွက် မိမိကအနစ်နာခံ၍ စွန့်လွှတ်ရ၏။ ဤသည်မှာ "ဒါနပါရမီ" ၏ အနှစ်သာရဖြစ်၏။

မိမိချစ်သော လောကအပေါ် စိတ်ယုတ်မာထားမှုဟူ၍ ဘာမျှမရှိရ။ စိတ်ကောင်း– စေတနာကောင်းကိုသာ အမြဲထားရှိရ၏။ ဤသည်မှာ "သီလပါရမီ" ၏ အနှစ်သာရ ဖြစ်၏။

မိမိချစ်သော လောကအပေါ် မိမိက ဘာကိုဘဲ ဆောင်ရွက်ပေးသည်ဖြစ်စေ၊ ထိုသို့ ဆောင်ရွက်ပေးရခြင်းအတွက် ဘာကိုမျှမမျှော်လင့်ဘဲ စေတနာသန့်သန့်ဖြင့်သာ ဆောင်ရွက်ပေးရ၏။ ဤတွင် အစိဋ္ဌေယျ–သဘောသည် ဝင်၏။ မိမိ၏အကျိုးကို မမျှော်လင့်လေ အကျိုးများက မိမိကိုမျှော်လင့်လေဖြစ်၏။ မိမိက အကျိုးများကိုပစ်ပယ်လေ အကျိုးများက မိမိကိုဖက်တွယ်လေဖြစ်၏။ ဤသည်မှာ အစိဋ္ဌေယျ–ဖြစ်၏။ တစ်စုံ တစ်ရာတုံ့ပြန်မှုကို မမျှော်လင့်ဘဲ စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ခြင်းသည် "နေက္ခမ္မပါရမီ" ၏ အနှစ်သာရ ဖြစ်၏။

မိမိချစ်သော လောကအနေဖြင့် အကျိုးတရားများကို အကောင်းဆုံးရအောင် ဆောင်ရွက်ပေးနိုင်စွမ်း ရှိခြင်းသည် "ပညာပါရမီ" ၏ အနှစ်သာရဖြစ်၏။

မိမိချစ်သော လောကအတွက် မည်သည့်လုပ်ငန်းကိုလုပ်လုပ် မလျှော့သော ဇွဲလုံ့လဖြင့် ဆောင်ရွက်ခြင်းသည် "ဝီရိယပါရမီ" ၏ အနှစ်သာရဖြစ်၏။

မည်သည့်အခက်အခဲများကိုတွေ့တွေ့ စိတ်ဓာတ်ကျ မသွားခြင်းသည် "ခန္တီပါရမီ" ၏ အနှစ်သာရဖြစ်၏။

ဟန်ဆောင်မှုဟူ၍ လုံးဝမပါဘဲ ရိုးသားပွင့်လင်းစွာ ဆောင်ရွက်ခြင်းသည် "သစ္စာပါရမီ" ၏ အနှစ်သာရဖြစ်၏။

မိမိဆုံးဖြတ်ထားသည့်အတိုင်း မပြစ်မနေဆောင်ရွက်ခြင်းသည် "အဓိဋ္ဌာန်ပါရမီ"၏ အနှစ်သာရ ဖြစ်၏။

လောကအပေါ် တကယ်တမ်းချစ်ခြင်းသည် "မေတ္တာပါရမီ"၏ အနှစ်သာရဖြစ်၏။

မိမိချစ်သောလောကအပေါ် ဘက်လိုက်ခြင်းမရှိဘဲ လုပ်ငန်းပြီးဆုံးသည်အထိ ရေဆုံးရေဖျားတိုင်အောင် ဆောင်ရွက်ပေးခြင်းသည် "ဥပေက္ခာပါရမီ" ၏ အနှစ်သာရဖြစ်၏။

**အနှစ်သာရနှင့်အသွင်သဏ္ဌာန်** မြတ်စွာဘုရားသည် လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ သုမေဓာရှင်ရသေ့ဘဝမှစ၍ မိမိ၏ အကျိုးကိုစွန့်ကာ လောက၏ အကျိုးအတွက်သာ ဆောင်ရွက်ခဲ့၏။ သူ၏

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ချက်များကို အခြေခံအားဖြင့် အုပ်စုဖွဲ့လိုက်လျှင် ဆယ်မျိုးရ၏။ ယင်းဆယ်မျိုးကို "ပါရမီဆယ်ပါး" ဟူ၍ခေါ်၏။ ပါရမီဆယ်ပါးမှာ အနှစ်သာရအနေဖြင့်သာ ဆယ်ပါး ဖြစ်၏။ အသွင်သဏ္ဌာန်အနေဖြင့်မူ အမျိုးမျိုးဖြစ်၏။ ဥပမာအားဖြင့် ဒါနပါရမီ၏ အသွင်သဏ္ဌာန်များကို ဆိုရလျှင် အသက်ကိုစွန့်ခြင်း, စီးပွားဥစ္စာကိုစွန့်ခြင်း, အခွင့်အရေးကိုစွန့်ခြင်း–စသည်အားဖြင့် အမျိုးမျိုးဖြစ်နိုင်၏။ ထိုကြောင့်အနှစ်သာရကို နားလည်လျှင် အသွင်သဏ္ဌာန်များကို နားလည်နိုင်၏။ ထိုအပြင် အမြတ်ကြီး မစားခြင်း, ခေါင်းပုံမဖြတ်ခြင်း–စသည်တို့သည် သီလပါရမီ၏ အသွင်သဏ္ဌာန်များသာ ဖြစ်ကြ၏။

အကျဉ်းအားဖြင့်ဆိုရလျှင် မေတ္တာ, ကရုဏာ, ပညာ–တို့ဖြင့် မိမိဘဝကို စတေးပြီး အများအတွက်ဆောင်ရွက်ခြင်းသည် ပါရမီ၏အနှစ်သာရ ဖြစ်၏။ ထိုကြောင့် လောကအပေါ် မေတ္တာစိတ်,ကရုဏာစိတ်မပါဘဲ မိမိ၏အကျိုးကို ရည်မျှော်ပြီး ဆောင်ရွက်မှု ဟူသမျှသည် အသွင်သဏ္ဌာန်အားဖြင့် မည်မျှပင် အံ့ဩဖွယ်ရှိသည် ဖြစ်ပါစေ ယင်း ဆောင်ရွက်ချက်များသည် ပါရမီမဟုတ်။ အမှန်အားဖြင့် "ပါရမီဟူသည် အရေအတွက် ပြဋ္ဌာန်းသော ဆောင်ရွက်ချက် မဟုတ်၊ အရည်အချင်းပြဋ္ဌာန်းသော ဆောင်ရွက်ချက်သာ" ဖြစ်ပါ၏။

မိမိကိုယ်ကို ချစ်သည်၊ မိမိ၏မိသားစုကို ချစ်သည်၊ မိမိ၏လူမျိုးနှင့် နိုင်ငံကို ချစ်သည်၊ မိမိ၏ယဉ်ကျေးမှုကို ချစ်သည်ဆိုပါလျှင် မည်သူမဆို ဤပါရမီဆယ်ပါး ချစ်နည်းဖြင့် မိမိ၏ချစ်ရသူများအတွက် ဆောင်ရွက်ပါမှသာ တကယ်တမ်းချစ်ရာ ရောက်သော ဆောင်ရွက်နည်းဖြစ်၏။ မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်တိုင် အလောင်းတော်ဘဝအမျိုးမျိုးတွင် ဤချစ်နည်းဖြင့်သာ လောက၏ အစီးအပွား အတွက် ဆောင်ရွက်တော်မူခဲ့ပါ၏။ နောက်ဆုံး ပရိနိဗ္ဗာန်ပြုတော်မူသည့် ကာလ တိုင်အောင်ပင် ဤချစ်နည်းဖြင့်ပင် မိမိကိုယ်ကိုလည်း ချစ်ခဲ့၏။ မိသားစုများကိုလည်း ချစ်ခဲ့၏။ ဆွေမျိုးများကိုလည်း ချစ်ခဲ့၏။ လောကကိုလည်း ချစ်ခဲ့၏။ လူ,နတ်,ဗြဟ္မာ–သတ္တဝါအားလုံးကိုပင် ချစ်ခဲ့၏။ ဤသို့ချစ်ခဲ့သဖြင့်လည်း မြတ်စွာဘုရားသည် လောက အကျိုးစီးပွားကို ဤသို့ဆောင်ရွက်ခြင်းဖြစ်၏။

ထိုကြောင့် ဤလောက၌ မည်သူမဆို မိမိကိုယ်ကို ချစ်သည်ဆိုပါလျှင်, မိမိ၏ မိသားစုကို ချစ်သည်ဆိုပါလျှင်, မိမိ၏လူမျိုးကို ချစ်သည်ဆိုပါလျှင်, မိမိ၏ တိုင်းပြည် ကို ချစ်သည်ဆိုပါလျှင်, လောကကိုချစ်သည်ဆိုပါလျှင် ချစ်ရသူများအတွက် သူမေတာ ရှင်ရသေ့ဘဝမှစ၍ သိဒ္ဓတ္ထမင်းသား ဘဝတိုင်အောင် နှစ်ပေါင်း လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတိုင်အောင် ပါရမီဆယ်ပါး ချစ်နည်းဖြင့် ချစ်တတ်သော မြတ်စွာဘုရား၏ ကျင့်ထုံးကို မိမိ၏အဆင့်အရ ရနိုင်သလောက် ရအောင်ယူပြီး ကျင့်နိုင်သလောက် ကျင့်ကြံ ဆောင်ရွက်နိုင်ပါစေကြောင်း အာသီသပြုအပ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားအမွေခံသင့်ပေ၏

ယောက်ျားဟူသည်၊ ဉာဏ်လူ့ပြည်မှာ၊
ကျင်လည်သောအား၊ ဖြစ်လာငြားက၊
ဘုရားအမွေ၊ ခံသင့်ပေ၏။
ခွဲဝေစိတ်ဖြာ၊ လျှဒါပုညာ၊ ရှစ်ဌာနနှင့်၊
သီလဘာဝနာ၊ ကြိုး၍သာလျှင်၊
သုံးဖြာရွယ်ချူ၊ တောင်းဆုယူ၍၊
ဆယ်ဆူဆယ်လီ၊ ပါရမီကို၊
အညီပြုပြင်၊ လျှငါးအင်နှင့်၊
ဝဋ္ဋဋ္ဌန၊ ဈာန်ဖြင့်ကြွမှ၊
နိယတဗျာဒိတ်၊ ခတ်တံဆိပ်နှင့်၊
နိမိတ်ဖြိုးဖြိုး၊ တန်ခိုးထင်ပေါ်၊ ဟိုးဟိုးကျော်လိမ့်၊
နောင်တော်ပွင့်လင်း၊ လူ့ခပင်းကို၊
အလင်းဖော်ပြ၊ သမ္ဗုဒ္ဓဟု၊
လောကာဓိပတိ၊ မုနိထွတ်ထား၊ သုံးလူ့ဖျားလျှင်၊
ဘုရားဆုယူ၊ ကျွတ်သူများစွာ၊
ဂင်္ဂါသဲလုံး၊ နှိုင်းနှုန်းများဘိ၊ အများရှိ၏။
ဇာတိရှည်စွာ၊ ကမ္ဘာထပ်ပွား၊ ပေါ်ထွန်းငြားလည်း၊
ယောက်ျားစင်စစ်၊ ယခုဖြစ်လျက်၊
မချစ်မျိုးဆွေ၊ မွေးမေမွေးဖ၊
များလှသတ္တဝါ၊ တို့ကိုသာလျှင်၊
ကရုဏာမပြု၊ ဘုရားဆုကို၊
ရမှုမကြိုး၊ ကိလေဖြိုး၍၊
တန်ခိုးမနက်၊ အဆက်ဆက်လျှင်၊
ယွင်းပျက်ယုတ်မာ၊ ချမ်းသာမရ၊
ဒုက္ခပြိုကွဲ၊ သံသာဝဲ၌၊
ဖြစ်မြဲတာရှည်၊ ရဟတ်လည်သို့၊
အတည်မကျ၊ အဋ္ဌဘာဝနာ၊
ပဉ္စသီလ၊ ယွင်းဖောက်ကြ၍၊
မောဟမြေးထူ၊ များဗိုလ်လူတို့၊
အယူတိမ်းပါး၊ နှစ်,လ,များသည်၊
ရှည်လျားဘဝ၊ ကမ္ဘာတည်း။

(ပရမတ္ထသံဝေဂခန်းလကာ)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

## အလောင်းတော်သိဒ္ဓတ္ထမင်းသား

**အနန္တကံများ** ဘဝဟူသည် အချင်းချင်းဆန့်ကျင်ကာ ဝိရောဓိ ပြုနေကြသော အနန္တကံများ၏ ကိန်းဝပ်စုဝေးရာဌာနဖြစ်၏။ ထိုကံများသည် ဘဝကိုတည်ဆောက်နိုင်ရန် ကာလအားဖြင့်လည်း မည်သည့်အချိန်မှ စတင်၍ ဖြစ်ခဲ့လေ၏ ဟူ၍ ပြောရန်မတတ်ကောင်း။ အရေအတွက်အားဖြင့်လည်း ကံများသည် မည်မျှရှိလေ၏ဟူ၍ ပြောရန်မတတ်ကောင်း။ ထို့ကြောင့် ဘဝ၌ ကိန်းဝပ်နေကြသော ကံများသည် ကာလအားဖြင့်လည်း အစမထင်။ အရေအတွက်အားဖြင့်လည်း အသင်္ချေအနန္တ။

ထိုအနန္တကံများတွင် အချို့က စကြဝတေးမင်းအကျိုးကို ပေးချင်၏။ အချို့က သူတောင်းစားအကျိုးကို ပေးချင်၏။ အချို့က နတ်ဘဝအကျိုးကို ပေးချင်၏။ အချို့က ငရဲဘဝအကျိုးကို ပေးချင်၏။ ကံတစ်ခုနှင့် အခြားကံတစ်ခုတို့ အကျိုးပေးလိုမှုနှင့်ပတ်သက်၍ အချင်းချင်းဆန့်ကျင်ကြ၏။

ဆန့်ကျင်ရာတွင်လည်း သူ့အုပ်စုနှင့်သူ၊ သူ့အင်အားနှင့်သူ၊ သူ့နောက်လိုက်နှင့်သူ၊ သူ့ခေါင်းဆောင်နှင့်သူဖြစ်၏။ခေါင်းဆောင်ကို "ဇနက" ဟူ၍ ခေါ်၏။ နောက်လိုက်ကို "ဥပတ္ထမ္ဘက" ဟူ၍ ခေါ်၏။

ဆန့်ကျင်ဘက်ခေါင်းဆောင်ကို "ဥပဃာတက" ဟူ၍ ခေါ်၏။ ဆန့်ကျင်ဘက်၏ နောက်လိုက်ကို "ဥပပီဠက" ဟူ၍ ခေါ်၏။ သူ့အင်အားနှင့်သူပင် ဖြစ်လေ၏။ အချင်းချင်း အားပြိုင်နေကြ၏။

အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ၊ အားသာသည့်ဘက်မှ ထ၍ထ၍ဖြစ်လေ၏။ အားနည်းသည့်ဘက်မှလည်း အလျှော့ပေးသည်မဟုတ်။ တတ်နိုင်သလောက် ဆန့်ကျင်သည်ပင်ဖြစ်၏။အမှန်အားဖြင့် ဘဝသည် ကာလအားဖြင့် ခဏိကဘဝ, သန္တတိဘဝ, အဒ္ဓါဘဝ–ဟူ၍ အကြမ်းဖျင်း ၃–မျိုးရှိ၏။

ထိုတွင် ခဏတိုင်း ခဏတိုင်းဖြစ်ခြင်းကို "ခဏိကဘဝ" ဟူ၍ဆိုရ၏။ တစ်ခုသောအတ္တဘောအတွင်း၌ အချိန်ကာလအလိုက်ဖြစ်နေခြင်းကို "သန္တတိဘဝ" ဟူ၍ဆိုရ၏။ မွေးသည်မှသေသည်အထိ ဖြစ်နေခြင်းကို "အဒ္ဓါဘဝ" ဟူ၍ဆိုရ၏။

ထိုသို့ဖြစ်ရာတွင်လည်း ဘဝဖြစ်တိုင်းဖြစ်တိုင်း တရွေ့ရွေ့အဆင့်မှ မြှန်းခနဲအဆင့်သို့ ပြောင်းပြီးမှ ဖြစ်ခြင်းဖြစ်၏။ ဤသည်မှာ ဓမ္မတာ။ ဤဓမ္မတာကို မည်သူကမျှ ပြောင်းလဲသွားအောင်လုပ်ဆောင်ရန် စွမ်းအင်မရှိ။ သူ့သဘောအတိုင်း သူဖြစ်လေ၏။ အနတ္တပေတကား။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘဝကိုတည်ဆောက်ထားသော အနန္တကံများကို အချင်းချင်းဆန့်ကျင်သော=ဝိရောဓိအခြေအနေမှ အချင်းချင်း ညီညွတ်သော=အနုရောဓိအခြေအနေသို့ မပြောင်းလဲနိုင်ပါလျှင် ဘဝဟူသည် ထာဝစဉ် ပရမ်းပတာဖြစ်နေပေလိမ့်မည်။

သို့ဖြစ်လေရာ ဘဝကို ပရမ်းပတာမဖြစ်စေလိုလျှင် ဘဝ၏ဝိရောဓိ-အင်အားများကို အနုရောဓိ-အင်အားအဖြစ်သို့ ပြောင်းလဲသွားအောင် အားထုတ်ရန်လိုပါ၏။

သိဒ္ဓတ္ထမင်းသားသည် မိမိသန္တာန်၌ အချင်းချင်းဆန့်ကျင်ကာ ဝိရောဓိ-ဖြစ်နေကြသော အနန္တ-ကံများကို အချင်းချင်းညီညွတ်ကာ အနုရောဓိ-အဖြစ်သို့ရောက်အောင် အားထုတ်ခဲ့၏။

ထို အနန္တ-ကံများကား အစမထင်သံသရာမှစ၍ သူ၏သန္တာန်၌ ကိန်းနေခဲ့၏။ ထို့ကြောင့် ထို အနန္တ-ကံများကို အနုရောဓိ-အဖြစ်သို့ရောက်အောင် အားထုတ်ရာ၌ အချိန်များစွာယူခဲ့ရ၏။ သုမေဓာရှင်ရသေ့ဘဝမှ စခဲ့ရ၏။

သိဒ္ဓတ္ထမင်းသား သူယူခဲ့ရသော အချိန်များကား လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ကြာမြင့်ခဲ့၏။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလအတွင်း ထိုအနန္တကံများကို အနုရောဓိ-အဖြစ်သို့ရောက်အောင် အားထုတ်ခြင်းဟူသည်ကား-

> "ငါသည် ယောကျ်ားကောင်းဖြစ်ပါလျက် သံသရာဒုက္ခမှ တစ်ကိုယ်ကောင်းကြံပြီး တစ်ယောက်တည်းအနေဖြင့် လွတ်မြောက်အောင် အားမထုတ်။ လောကအတွက် သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအဖြစ် သို့ ရောက်အောင် အားထုတ်ပြီး နတ်နှင့်တကွသော လောကကို သံသရာ ဒုက္ခမှလွတ်မြောက်အောင် ကယ်တင်ရန်အားထုတ်မည်"-

ဟူသောသန္နိဋ္ဌာန်ဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံ "ဘုရားဆုကို"ပန်ကာ ပါရမီ ၁၀-ပါး အကျင့်မြတ်များကို အားထုတ်ခြင်းပင်ဖြစ်၏။ ထိုသို့အားထုတ်ရာတွင် ပါရမီ၁၀-ပါးကို အလစ်အလပ်မရှိစေဘဲ အပြည့်အစုံ အားထုတ်သည်ပင်ဖြစ်၏။ ထိုသို့ပင် အားထုတ်ပါသော်လည်း ပြဋ္ဌာန်းသောပါရမီကို အမည်တပ်၍ ဒါနပါရမီကို အားထုတ်သောဘဝ၊ သီလပါရမီကို အားထုတ်သောဘဝ စသည်ဖြင့် ထိုထိုဘဝများ၏အမည်ကို ကျမ်းဂန်များ၌ ဖော်ပြရ၏။ ပဓာနပါရမီကိုအမည်တပ်၍ ဖော်ပြသော်လည်း ကျန်ပါရမီများသည်လည်း ပါဝင်သည်ပင်ဖြစ်၏။ ကျန်ပါရမီများကိုလည်း အားထုတ်သည်ပင်ဖြစ်၏။

**သဗ္ဗသမ္ဘာရဘာဝနာ**

ထို့ကြောင့် ဘုရားအလောင်း၏ ဘဝများစွာ၌ ပါရမီများ အားထုတ်ခြင်းကို "သဗ္ဗသမ္ဘာရဘာဝနာ" ဟူ၍ဆိုရခြင်းဖြစ်၏။ သဗ္ဗသမ္ဘာရ ဘာဝနာ၏ အနက်မှာ "ပါရမီအဆောက်အဦများကို အပြည့်အစုံ ပွားများအောင် အားထုတ်ခြင်း" ဟူ၍ဖြစ်၏။ အမှန်အားဖြင့် ပါရမီများသည် အချင်းချင်း တစ်မျိုးနှင့် တစ်မျိုး ဆက်စပ်လျက်ရှိ၏။ အာနိသင်ထက်သော ဆေးတစ်ဖုံကို ဖော်ရသည့်နှယ် ဖြစ်၏။ ပါရမီဟူသည်ကား ဆေးတစ်ဖုံ၏ အမည်သဖွယ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါန,သီလ-စသည်တို့သည် ဆေးအမယ်များသဖွယ် ဖြစ်ကြ၏။ အမယ်တစ်ခုခုကို ချန်ထားခဲ့၍မဖြစ်။ အကယ်၍ချန်ထားခဲ့လျှင် ဆေး၏အာနိသင် လျော့သွားပေလိမ့်မည်။ ထိုကြောင့် အမယ်ကိုချန်ထား၍ မဖြစ်ဟုဆိုခြင်းဖြစ်၏။ အချိုးအဆနှင့် ပတ်သက်လျှင်သာ အနည်းအများလုပ်၍ ရကောင်း၏။ ထိုသဘောအတိုင်းပင် မြတ်စွာဘုရားသည် အလောင်းတော်ဘဝထိုထို၌ ပါရမီများကို ဖြည့်ကျင့်အားထုတ်တော်မူရာတွင် ပါရမီ ၁၀-ပါးလုံး သူ့အတိုင်းအတာနှင့်သူ ပါဝင်သည်ချည်းဖြစ်၏။ ထိုကြောင့်ပင် ပါရမီ ဖြည့်ခြင်းကို "သဗ္ဗသမ္ဘာရဘာဝနာ" ဟူ၍ဆိုခြင်းဖြစ်၏။

**နိရန္တရဘာဝနာ** လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး ပါရမီများကို ဖြည့်ကျင့်အားထုတ်ရာ၌ ဘဝတိုင်း ဘဝတိုင်း အမြဲမပြတ် အားထုတ်ရ၏။ "အားထုတ်သောဘဝ၌ အားထုတ်၍ အားမထုတ်သောဘဝ၌ အားမထုတ်"ဟူ၍ မရှိကောင်း။

သုမေဓာရှင်ရသေ့ဘဝမှသည် သိဒ္ဓတ္ထမင်းသားဘဝတိုင်အောင် အစဉ်တစိုက် ဘဝတိုင်း ဘဝတိုင်း အားထုတ်ရ၏။ ထိုကြောင့် မြတ်စွာဘုရား အလောင်းတော် ဖြည့်ကျင့်တော်မူသော ပါရမီများကို "နိရန္တရဘာဝနာ" ဟူ၍ ဆိုရခြင်းဖြစ်၏။

နိရန္တရဘာဝနာ၏အနက်မှာ "အစဉ်တစိုက် အမြဲမပြတ် ဘဝတိုင်းဘဝတိုင်း အားထုတ်ခြင်း"ဟူ၍ဖြစ်၏။ အစဉ်တစိုက် အမြဲမပြတ်အားထုတ်ပါမှလည်း ပါရမီများသည် အချင်းချင်း တစ်သားတည်းသဖွယ် ပေါင်းစည်းသွားမည်ဖြစ်၏။ ပေါင်းစည်းခြင်း ဟူသည်မှာ ရောနှောခြင်းကို ကျော်လွန်ရ၏။ ဒဿနဝေါဟာရအားဖြင့် ရောနှောခြင်းကို "သံယောဂသမ္ဗန္ဓ" ဟူ၍ခေါ်၏။ ပေါင်းစည်းခြင်းကို "သမဝါယသမ္ဗန္ဓ" ဟူ၍ခေါ်၏။

ဟင်းချက်ရာ၌ ဟင်းအဖြစ်သို့မရောက်မီ ဟင်းအမယ်များကိုရောနှောထားခြင်းသည် သံယောဂသမ္ဗန္ဓ-သဘောဖြစ်၏။ ဟင်းဖြစ်ချိန်၌ ဟင်းအမယ်များကိုပေါင်းစည်းခြင်းသည် သမဝါယသမ္ဗန္ဓ-သဘောဖြစ်၏။ အမှန်အားဖြင့် ပေါင်းစည်းမှသာ ဓမ္မသစ်ဖြစ်ပြီး အားသစ်ကိုရ၏။ ရောနှောခြင်းအားဖြင့်မူ ဓမ္မသစ်ကိုမရ။ ဓမ္မဟောင်းအတိုင်းသာရှိ၏။ ဓမ္မဟောင်းအတိုင်းရှိနေလျှင်လည်း အားသစ်မထွက်၊ အားဟောင်းအတိုင်းသာ ရှိနေမည် ဖြစ်၏။

အားဟောင်းအတိုင်းသာ ရှိနေပါက ပါရမီတို့သည် အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်ကို အဘယ်သို့လျှင် ဖြစ်စေနိုင်ပါမည်နည်း။ အမှန်အားဖြင့် အားသစ်ကိုဖြစ်စေနိုင်သော နိရန္တရဘာဝနာ-ကြောင့်သာ ပါရမီတို့သည် အရဟတ္တမဂ်ဉာဏ် နှင့် သဗ္ဗညုတဉာဏ်တော်ကို ဖြစ်ပေါ်စေနိုင်ခြင်းဖြစ်ပါ၏။

**စိရံကာလဘာဝနာ** အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်တို့ကို ဖြစ်ပေါ် စေနိုင်အောင် ပါရမီများကို ဖြည့်ကျင့်ပွားများရာ၌ အချိန်သည် လိုပြန်၏။ မြတ်စွာဘုရား ဖြစ်ဖို့ရန်အတွက် လိုအပ်သောအချိန်ကား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလဖြစ်လေ၏။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီတော်

www.burmeseclassic.com

www.burmeseclassic.com



များကို ဖြည့်ကျင့်တော်မူပါမှ ၄၅–ဝါကာလအတွင်း၌သာ အလုပ်လုပ်နိုင်သော စွမ်းအားကို ရ၏။

အရင်းကာလကား လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ အမြတ်ကာလကား လေးဆယ့်ငါးဝါ။ သင်္ချာသဘောနှင့်ကြည့်လျှင် အရင်းနှင့်အမြတ်သည် မည်မျှကွာခြားလေသနည်း။ အမှန်အားဖြင့် ၄၅– ဝါကာလသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလ၏ အနှစ်ဖြစ်၏။ အမြုတေဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ဓမ္မတာအတိုင်း ၄၅ ဝါကာလအတွင်း၌ မရေမတွက်နိုင်သော သတ္တဝါအပေါင်းတို့အတွက် သံသရာဒုက္ခမှ ကယ်ဆယ်ရေးလုပ်ငန်းကို ထိုက်ထိုက်တန်တန် ဆောင်ရွက်နိုင်ခြင်းဖြစ်၏။

အနာဂတ်ကာလအတွက်လည်း ဓမ္မနှင့်ဝိနယကို ထားနိုင်ခြင်းဖြစ်၏။ ထိုကဲ့သို့ ဆောင်ရွက်နိုင်အောင် ပါရမီများကိုဖြည့်ကျင့်ရာ၌ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း တိုင်တိုင် အချိန်ကာလကို လုံလုံလောက်လောက် အားထုတ်ရခြင်းဖြစ်၏၊ ထိုကဲ့သို့ အားထုတ်ရာ၌လည်း အချိန်ကိုလစ်ဟင်းခြင်း မရှိစေဘဲ ပြည့်ပြည့်ဝဝ အားထုတ်ရ၏။

ထိုကဲ့သို့အားထုတ်ခြင်းကို "စိရံကာလဘာဝနာ" ဟူ၍ခေါ်၏။ စိရံကာလဘာဝနာ၏အနက်မှာ "ကြာမြင့်စွာသောကာလပတ်လုံး ပွားများအားထုတ်ခြင်း "ဟူ၍ဖြစ်၏။ ဓမ္မတာအားဖြင့် လိုအပ်သောအသီးနှင့်အပွင့်ကို ရရှိနိုင်ဖို့အတွက် လိုအပ်သော အချိန်ကာလကို အပြည့်အဝယူရသည်မှာ နိယာမပင်ဖြစ်ပါ၏။

**သဏ္ဍစ္စဘာဝနာ** ပါရမီများကိုဖြည့်ကျင့်ရာ၌ ပါရမီများအားလုံးကို ဖြည့်ကျင့် ရသည်လည်းမှန်၏။ ဘဝတိုင်းဘဝတိုင်း ဖြည့်ကျင့်ရသည်မှာလည်း မှန်၏။ လိုအပ် သောအချိန်ကာလ မည်မျှကြာမြင့်သည်ဖြစ်စေ၊ ထိုမျှလောက်ကာလအထိ ဖြည့်ကျင့်ရသည်မှာလည်းမှန်၏။ သို့ရာတွင် ထိုကဲ့သို့ ဖြည့်ကျင့်ရာ၌ ဝတ်ကျေတမ်းကျေ သဘောမျိုးမဟုတ်ဘဲ၊ တကယ်တမ်း စိတ်ပါလက်ပါ ဖြည့်ကျင့် ဖို့လို၏။ လိုက်လိုက်လှဲလှဲ ဖြည့်ကျင့်ဖို့လို၏။ ဤသို့ဖြည့်ကျင့်ပါမှလည်း အကျိုးကို ထိုက်ထိုက်တန်တန် ရနိုင် မည်ဖြစ်၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည် သုမေဓာ ရှင်ရသေ့ဘဝမှစ၍ သိဒ္ဓတ္ထမင်းသားဘဝ တိုင်အောင် ပါရမီများကိုဖြည့်ကျင့်ရာ၌ ရိုရိုသေသေနှင့် လေးလေးစားစား ဖြည့်ကျင့်ခဲ့သည်ချည်းဖြစ်၏။ ဓမ္မတာအားဖြည့်လည်း အလုပ်ကိုလေးစားလေ ထက်မြက်သောအကျိုးကိုရလေပင် ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ထိုထိုအလောင်းတော်ဘဝများက ပါရမီများကို ဖြည့်ကျင့်ရာ၌ လေးစားစွာ ဖြည့်ကျင့်ခဲ့ခြင်းဖြစ်၏။ လေးစားစွာ ဖြည့်ကျင့်ခြင်းကို "သဏ္ဍစ္စဘာဝနာ" ဟူ၍ဆို၏။ အမှန်အားဖြင့် ထိုက်တန်သောအကျိုးကိုရလိုပါလျှင် မည်သည့်လုပ်ငန်းကိုလုပ်လုပ် ဤဘာဝနာလေးမျိုးလုပ်နည်းဖြင့် လုပ်ပါမှ ထိုက်တန် သော အကျိုးကို ရမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**လောက၏အကျိုးစီးပွား ကိုဆောင်ရွက်ခြင်း**

မြတ်စွာဘုရားအလောင်းတော်သည် သုမေဓာ ရှင်ရသေ့ဘဝမှ သိဒ္ဓတ္ထမင်းသားဘဝတိုင်အောင် ပါရမီများကိုဖြည့်ကျင့်ရာ၌ သဗ္ဗသမ္ဘာရဘာဝနာ-အရ လိုလေသေးဟူ၍ မရှိရလေအောင် အပြည့်အစုံ ဖြည့်ကျင့်တော်မူခဲ့ပါ၏။ နိရန္တရဘာဝနာ-အရ အကြားအပြတ်မရှိဘဲအစဉ်တစိုက် ပုံမှန်လည်းဖြည့်ကျင့်တော်မူခဲ့၏။ စိရကာလဘာဝနာ-အရ သတ်မှတ်ကာလအထိ မပျက်မကွက်လည်း ဖြည့်ကျင့်တော်မူခဲ့၏။ သက္ကစ္စဘာဝနာ-အရ လေးလေးစားစားလည်း ဖြည့်ကျင့်တော်မူခဲ့၏။ ဤသည်မှာ သုမေဓာရှင်ရသေ့ဘဝမှ သိဒ္ဓတ္ထမင်းသားတိုင်အောင် ထိုထိုဘဝများ၌ မြတ်စွာဘုရား အလောင်းတော်သည် လောက၏အကျိုးစီးပွားအတွက် လုပ်ရာ၌ ဘာဝနာလေးပါးဖြင့် လုပ်ပုံလုပ်နည်းများ ဖြစ်၏။ ဤလုပ်ပုံလုပ်နည်းအတိုင်းသာ လုပ်ခဲ့ပါ၏။

မြတ်စွာဘုရားအလောင်းတော်သည် ပါရမီများကို ဖြည့်ရာ၌ ဖော်ပြပါ ဘာဝနာလေးပါးနည်းဖြင့် လုပ်သည်ချည်း ဖြစ်၏။ ပါရမီဟူသည့်အတိုင်း မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ လောက၏အကျိုးစီးပွားအတွက် ဦးစားပေး၍ လုပ်ခြင်းဖြစ်ပါက ပါရမီသဘောကို ဆောင်သည်ချည်းဖြစ်၏။

သို့ရာတွင် အလောင်းတော်သည် ပါရမီသဘောအရ လုပ်ပါသော်လည်း ဘဝတိုင်း ဘဝတိုင်း၌ ကောင်းရာ=သုဂတိဘုံ၌ချည်း ဖြစ်ရသည်မဟုတ်၊ မကောင်းရာ =ဒုဂ္ဂတိဘုံ၌လည်း ဖြစ်ရသည့်အခါများ ရှိပါ၏။ မကောင်းရာ=ဒုဂ္ဂတိဘုံများ၌ ဖြစ်ရသည် ဆိုကတည်းက အလောင်းတော်သည် မကောင်းမှု=အကုသိုလ်ဒုစရိုက်များကို လွန်ကျူးခြင်းကြောင့် ဖြစ်ကြောင်း ထင်ရှားပါ၏။

သို့ရာတွင် အလောင်းတော်သည် မကောင်းမှု=အကုသိုလ်ဒုစရိုက်များကို လွန်ကျူးစေကာမူ ပါရမီသဘောအရ မိမိ၏ကိုယ်ကျိုးကိုယ့်စီးပွားအတွက် လွန်ကျူးခြင်းမဟုတ်။ အများ၏အကျိုးစီးပွားအတွက် မိမိ၏ဘဝကိုအနစ်နာခံ၍ စတေးခြင်းဖြစ်၏။

အလောင်းတော်သည် ပါရမီများကိုဖြည့်ကျင့်ရာဘဝထိုထို၌ ကောင်းရာ=သုဂတိဘဝများ၌သာဖြစ်ပြီး ပါရမီများကိုဖြည့်ကျင့်လိုပေလိမ့်မည်။ သို့ရာတွင် အနတ္တသဘောအရ ဖြစ်ဖြစ်သမျှသည် မိမိ၏ဆန္ဒအတိုင်း ဖြစ်သည်မဟုတ်ဘဲ သူ့သဘော အတိုင်းသာ ဖြစ်ခြင်းဖြစ်၏။

ထို့ကြောင့် အလောင်းတော်သည ပါရမီများကို ဖြည့်ကျင့်ရာ၌ ကောင်းရာ= သုဂတိဘုံဘဝများ၌သာ ဖြစ်လိုပါသော်လည်း ကမ္မနိယာမ-အရ မကောင်းရာ=ဒုဂ္ဂတိဘုံဘဝများ၌ပါ ဖြစ်ရခြင်းဖြစ်ပါ၏။

**ကံတရားနှင့် ပါရမီသဘော**

အကျိုးတရားဟူသည်အကြမ်းအားဖြင့် အကြောင်းတရားနှစ်ပါးတို့၏ ပါဝင်မှုအချိုးအဆအပေါ်၌ အခြေတည်၍သာ ဖြစ်ရခြင်းဖြစ်၏။ မိမိဖြစ်စေချင်သလို ဖြစ်ရခြင်းမဟုတ်။ အကြောင်းတရားနှစ်ပါးတွင် ပထမ အကြောင်း တရားကို "ဥပါဒါနကာရဏ" ဟူ၍ခေါ်၏။ ဒုတိယအကြောင်းတရားကို

www.burmeseclassic.com

www.burmeseclassic.com



"နိမိတ္တကာရဏ" ဟူ၍ခေါ်၏။ ဘဝအကျိုးပေးများတွင်-

ဥပါဒါနကာရဏ-ဟူသည် အထည်ကိုယ်ပိုင်းဆိုင်ရာ အကြောင်းတရားဖြစ်၏။ ကံသည်"ဥပါဒါနကာရဏ" ဖြစ်၏။ ယင်းသည်သစ်သားနှင့်တူ၏။

နိမိတ္တကာရဏ-ဟူသည် စွမ်းဆောင်မှုနှင့်ပတ်သက်သော အကြောင်းတရားဖြစ်၏။ ဉာဏ်နှင့်ဝီရိယသည် "နိမိတ္တကာရဏ" ဖြစ်၏၊ ယင်းသည် လက်သမားနှင့်တူ၏။ လက်သမား၏အရည်အသွေးကို လိုက်၍ သစ်သားသည် အသွင်အမျိုးမျိုးဖြစ်နိုင်သကဲ့သို့ ဉာဏ်နှင့်ဝီရိယ၏ အရည်အသွေးကိုလိုက်၍ ကံသည်အကျိုးပေးမှု အသွင်အမျိုးမျိုးကို ဖြစ်စေ၏။ ဥပါဒါနကာရဏကို 'အချက်အလက်ပြည့်စုံခြင်း=သမ္ပဒါ' ဟူ၍လည်းခေါ်နိုင်၏။ နိမိတ္တကာရဏကို 'တောင့်တခြင်း=ပဏိဓိ' ဟူ၍လည်း ခေါ်နိုင်၏။ တောင့်တခြင်းပဏိဓိဟူသည် တောင့်တချင်တိုင်းတောင့်တ၍ ရသည်မဟုတ်။ အချိန်အခါနှင့်အခြေအနေအရ လိုအပ်သောအချက်အလက်များ ပြည့်စုံမှုသမ္ပဒါအပေါ်၌ မှီရ၏။

ထို့ကြောင့် အလောင်းတော်သည် ပါရမီသဘောအရ အများ၏အကျိုးစီးပွားအတွက် တောင့်တခြင်းပဏိဓိအနေဖြင့် လုပ်ခြင်းဖြစ်ပါသော်လည်း မိမိလက်တွေ့ပြုလိုက်သော ကံသမ္ပဒါအတိုင်း ဖြစ်ရခြင်းဖြစ်၏။

ကုသိုလ်ကံကို လုပ်မိသောအခါ ကောင်းရာသုဂတိဘဝ၌ ဖြစ်ရ၏။ အကုသိုလ်ကံကိုလုပ်မိသောအခါ မကောင်းရာဒုဂ္ဂတိဘုံဘဝ၌ ဖြစ်ရ၏။ ပြည့်စုံခြင်းသမ္ပဒါအရ ကုသိုလ်ကို လုပ်သည်ဖြစ်စေ၊ အကုသိုလ်ကို လုပ်သည်ဖြစ်စေ ထိုသို့လုပ်ခြင်းသည် တောင့်တခြင်း ပဏိဓိ-အရ ပါရမီသဘောကို ဆောင်လေသောကြောင့် မည်သို့သော ဘဝမျိုး၌ဖြစ်ဖြစ် ဉာဏ်ပညာအဆင့်အရဆိုရလျှင် အထက်တန်း၌သာဖြစ်ရခြင်းဖြစ်၏။

ဤသို့လျှင် မြတ်စွာဘုရားအလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး သုဂတိဘုံ၌ဖြစ်လိုက်၊ ဒုဂ္ဂတိဘုံ၌ဖြစ်လိုက်ဖြင့် လောက၏ အစီးအပွားအတွက် ပါရမီများကိုဖြည့်ကျင့်တော်မူခဲ့ရာ နောက်ဆုံးဘဝ၌ သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ သာကီဝင်မင်းမျိုး၌ ဖြစ်တော်မူလေ၏။ ခမည်းတော်ကား 'သုဒ္ဓေါဒန' ဘုရင်ဖြစ်၏။ မယ်တော်ကား 'မဟာမာယာဒေဝီ' ဖြစ်၏။ အလောင်းတော်၏အမည်မှာ 'သိဒ္ဓတ္ထ' ဖြစ်၏။

သိဒ္ဓတ္ထ-မင်းသားသည် နတ်ဗြဟ္မာများ၏တိုက်တွန်းချက်အရ မြတ်စွာဘုရားဖြစ်လာရန် တုသိတာနတ်ပြည်မှ စုတေလာသူဖြစ်၏။ သုဒ္ဓါဝါသ-ဗြဟ္မာကြီးများ အမှူးပြုသော နတ်ဗြဟ္မာတို့သည် မြတ်စွာဘုရားအလောင်းတော်အား မြတ်စွာဘုရားဖြစ်လာရေးအတွက် စောင့်ရှောက်လာကြသည်မှာ နှစ်ပေါင်း လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာမြင့်ခဲ့ပြီးဖြစ်၏။ ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော်၌ မြတ်စွာဘုရားထံမှ နိယတဗျာဒိတ်တော်ကို ရတော်မူချိန်မှ စ၍ နတ်ဗြဟ္မာများသည် မြတ်စွာဘုရားအလောင်းတော် အား အစဉ်ထာဝရ စောင့်ရှောက်ခဲ့ကြ၏။ ကာလအားဖြင့် ကြာမြင့်ခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏တာဝန်သည် ပြီးဆုံးချိန်သို့ရောက်ပေတော့မည်။ "လူမှန်နေရာမှန်" အရွေးကောက် တင်မြှောက်ခြင်းသဘောသည် တရားသဖြင့်ဖြစ်ရာ ဓမ္မဘူမိ၌ထင်ရှား၏။

**ဓမ္မအုပ်စုနှင့် အဓမ္မအုပ်စု**

သိဒ္ဓတ္ထ မင်းသားသည် မယ်တော် မဟာမာယာဒေဝီဝမ်း၌ ပဋိသန္ဓေယူတော်မူချိန်မှစ၍ ထူးခြားသော ပုဗ္ဗနိမိတ် ၃၂–ပါးတို့သည်ထင်ရှားဖြစ်ပေါ်လာကြ၏။ သဘာဝတရားသည် အမူမဲ့ အမှတ်မဲ့ တာဝန်မဲ့ နေသည်မဟုတ်။ အခါမလပ် သူ့တာဝန်ကို သူထမ်းနေ၏။ ဘုရားပွင့်တော်မမူမီ နှစ်ပေါင်းတစ်ထောင်ကပင် ဗုဒ္ဓကောလာဟလကို ဖန်တီးခဲ့ကြ၏။ ဘုရားအလောင်း ပဋိသန္ဓေ နေတော်မူသောအခါလည်း ပုဗ္ဗနိမိတ်များကို ဖန်တီးပြန်၏။ အမှန်အားဖြင့် ဓမ္မအုပ်စုသည် လောက၌ အဓမ္မအုပ်စု မထွန်းကားအောင် တိုက်ဖျက်နိုင်ရေးအတွက် ပါရမီရှင်များကို တတ်နိုင်သည့်ဘက်မှကူပံ့ရန် ထာဝစဉ် အဆင်သင့်ရှိပါ၏။ ထူးခြားသော ဖြစ်ရပ်များ ဖြစ်ပေါ်မည် ရှိသောအခါ ထူးခြားသော ဖြစ်ရပ်များသည် ပုဗ္ဗနိမိတ်အနေဖြင့် ပေါ်လာမြဲဖြစ်၏။ ကြည့်တတ်လျှင်မြင်ပါ၏။ မမြင်လျှင် မကြည့်တတ်၍သာဖြစ်လေ၏။

**မိမိ၏အကျိုး စီးပွားမဟုတ်**

ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည် သေတကေတု–နတ်သားဘဝမှ သိဒ္ဓတ္ထ–မင်းသားဖြစ်လာသူဖြစ်၏။ သေတကေတု–နတ်သားသည် မိမိဘာသာ ဘုရားလောင်းအဖြစ်ကို အမည်မခံ။ နတ်ဗြဟ္မာအပေါင်းတို့က ရွေးကောက် တင်မြှောက်သည့်အနေဖြင့်သာ ဘုရားလောင်းအမည်ကို ခံခြင်းဖြစ်၏။ ထိုကဲ့သို့ အမည်ကိုခံရာ၌လည်း မိမိ၏အကျိုးစီးပွားအတွက် ခံခြင်းမဟုတ်။ နတ်ဗြဟ္မာ အပေါင်းတို့က–

> "လူ့ပြည်၌ ဘုရားစစ်စစ်ဖြစ်တော်မူကာ နတ်နှင့်တကွသော လောကကို သံသရာမှကယ်တင်၍ ဆေးခြင်းကင်းရာ နိဗ္ဗာန်တရားတော်မြတ်ကို ဟောကြား သိစေတော်မူပါ"–

ဟူ၍ တိုက်တွန်းကြသောကြောင့် လောကကိုငဲ့၍ လောက၏အကျိုးစီးပွားအတွက်သာ ဘုရားလောင်းအမည်ကို ခံခြင်းဖြစ်၏။ ဤသို့ အများကတင်မြှောက်မှ တာဝန်ယူခြင်းသည် ရှေးခေတ်အုပ်ချုပ်ရေးစနစ်၏ ပြယုဂ်ဖြစ်ပါ၏။

အလောင်းတော်နတ်သားသည် မိမိဘုရားဖြစ်ရေးအတွက် ကြည့်ခြင်းကြီး ငါးမျိုးကိုလည်း ကြည့်ရသေး၏။ (၁) အချိန်=ကာလ, (၂) ကျွန်း=ဒီပ, (၃) အရပ်=ဒေသ, (၄) အမျိုးအနွယ်=ကုလ, (၅) မိခင်၏အသက်အပိုင်းအခြား=မာတုအာယု ပရိစ္ဆေဒ–တို့သည် လူတစ်ယောက်၏စရိုက်ကို ဖန်တီးရာ၌ အားကြီးသော ဥပနိဿယ အကြောင်းတရားများ ဖြစ်ကြ၏။ ထိုကြောင့် အလောင်းတော်နတ်သားသည် မိမိအနေဖြင့် ကြည့်သင့်ကြည့်ထိုက်သော ကြည့်ခြင်းကြီးငါးပါးကိုကြည့်၍ ကျေနပ်တော်မူပြီးနောက်မှ–

> "နတ်ဗြဟ္မာအပေါင်းတို့... ယခုအခါကား သင်တို့တောင်းပန်ကြသည့် အတိုင်း ကျွန်ုပ်ဘုရားဖြစ်ဖို့ရန် အချိန်တန်ပါပြီ။ သင်တို့သည် အလိုရှိရာ

www.burmeseclassic.com

www.burmeseclassic.com



သို့သွားကြလေကုန်။ ကျွန်ုပ်သည် လူ့ပြည်သို့သက်ဆင်း၍ ဘုရားဖြစ်တော့အံ့”–

ဟူ၍ဝန်ခံတော်မူလိုက်၏။ အလောင်းတော်နတ်သားသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ဘုရားဖြစ်ရန်ပါရမီတော်များကို ကိုယ်တိုင်ဖြည့်ကျင့်တော်မူထားသူဖြစ်၏။

မိမိ၏အခြေအနေကို အခြားသူများထက်ပို၍ သိသူဖြစ်၏။ သို့ရာတွင် ထိုက်တန်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ မိမိကဏ္ဍနှင့်သူ့ကဏ္ဍဟူ၍ နှစ်ပိုင်းရှိ၏။ အများကရွေးချယ်၍ တာဝန်ပေးမှဆောင်ရွက်ရခြင်းသည် ကမ္ဘာဦး အစဉ်အလာဖြစ်၏။

ထိုအစဉ်အလာသည် အုပ်ချုပ်ရေးရာကိစ္စများ၌သာ အရင်းတည်ခဲ့သော်လည်း မြတ်စွာဘုရားပွင့်ထွန်းရေးကိစ္စ၌ပါလာ၍ အရောင်ဟပ်လေ၏။

ထို့ကြောင့် နတ်ဗြဟ္မာများက အလောင်းတော် သေတကေတုနတ်သားအား လူ့ပြည်သို့သက်ဆင်း၍ ဘုရားဖြစ်တော်မူပါရန် ပန်ကြားခြင်းဖြစ်၏။

သေတကေတုနတ်သားသည် မိမိဘုရားလောင်းဖြစ်ကြောင်းကို နှုတ်ဖြင့်မပြော၊ သူ၏လုပ်ငန်းများဖြင့်ပြော၏။ ထို့ကြောင့် နတ်ဗြဟ္မာများက သိခြင်းဖြစ်၏။ နတ်ဗြဟ္မာများကသိလောက်အောင်လည်း သေတကေတုနတ်သား၏ ပါရမီလုပ်ငန်းများက ကျယ်လောင်စွာ စကားပြောကြလေ၏။

ဤကား ဓမ္မတာ။ ဤဓမ္မတာအတိုင်း လိုက်နာကျင့်သုံးရန် အလောင်းတော် သေတကေတုနတ်သားက လက်ခံပါ၏။

အလောင်းတော် သေတကေတုနတ်သားသည် သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ ဘုရင်သုဒ္ဓေါဒန၏ အဂ္ဂမဟေသီ မဟာမာယာဒေဝီ၏ဝမ်း၌ သိဒ္ဓတ္ထမင်းသားအဖြစ် သန္ဓေယူ၏။ သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူပြီးနောက် ၇–ရက်မြောက်တွင် ဘုရားလောင်းမယ်တော်တို့၏ ဓမ္မတာအတိုင်း မဟာမာယာဒေဝီလည်း နတ်ရွာစံလေ၏။

**တောဓ၏အားကို ယူတော်မူခြင်း**

သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူသောနေရာမှာလည်း လုမ္ဗိနီအင်ကြင်းတောဖြစ်၏။ ဘုရားအဖြစ်သို့ရောက်တော် မူသောနေရာမှာလည်း မဟာဗောဓိပင်တည်ရှိရာ ဉရုဝေဠ–တောပင် ဖြစ်၏။ နောက်ဆုံး ပရိနိဗ္ဗာန်ပြုတော်မူသောနေရာမှာလည်း ကုသိနာရုံအင်ကြင်းတောပင်ဖြစ်၏။ လောကသုံးပါးတွင် အမြတ်ဆုံးဖြစ်တော်မူသော မြတ်စွာဘုရားအတွက် “တော”သည် မည်မျှအရေးပါလေသနည်း၊ ဥပနိဿယသတ္တိဖြင့် မည်မျှကျေးဇူး ပြုလေသနည်း။ အမှန်အားဖြင့် “တော”သည် ဓမ္မတာကို ရိုကျိုးစွာအလိုက်နာဆုံးဖြစ်၏။ ထို့ကြောင့် “တော” ၏အားကို မြတ်စွာဘုရားသည် ကိုယ်တော်တိုင်ယူတော်မူလေ၏။

မြတ်စွာဘုရားဖွားမြင်တော်မူသောနေ့မှာ မဟာသက္ကရာဇ် ၆၈–ခုနှစ် ကဆုန်လပြည့်နေ့ဖြစ်၏။ ဖွားမြင်တော်မူသောနေရာမှာ ကပိလဝတ်နေပြည်တော်နှင့် ဒေဝဒဟနေပြည်တော်တို့၏အကြား လုမ္ဗိနီအင်ကြင်းတောဖြစ်၏။ လုမ္ဗိနီအင်ကြင်းတော၌ သိဒ္ဓတ္ထ

www.burmeseclassic.com

www.burmeseclassic.com



မင်းသား ဖွားမြင်တော်မူရခြင်းမှာ မဟာမာယာဒေဝီသည် မိမိ၏ဇာတိ ဒေဝဒဟပြည်သို့ အလည်အပတ်သွားရောက်ရာတွင် လုမ္ဗိနီအင်ကြင်းတောကို ဖြတ်၍သွားရသဖြင့် အင်ကြင်းတောသို့အရောက်တွင် ဖွားမြင်တော်မူခြင်းကြောင့်ဖြစ်၏။

သားတော်သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူသောအခါ မဟာမာယာဒေဝီသည် ရှေ့ဆက်ပြီး ဒေဝဒဟ–သို့မသွားတော့ဘဲ ကပိလဝတ်နေပြည်တော်သို့ ပြန်လာ၏။ ကပိလဝတ်နေပြည်တော်တွင် သိဒ္ဓတ္ထမင်းသားဖွားမြင်သည့် ပဥ္စမနေ့၌ ဘုရင် သုဒ္ဓေါဒန မင်းကြီးက သူ၏နန်းတော်၌ အစဉ်အလာ ဘာသာရေးယုံကြည်မှုအရ ဗြာဟ္မဏ ၁၀၈–ယောက်တို့အား ပင့်ဖိတ်၍ နို့ယနာဘောဇဉ်ဖြင့် လုပ်ကျွေး၏။ သိဒ္ဓတ္ထမင်းသားအား ဦးခေါင်းဆေးမင်္ဂလာပြု၏။ အမည်ပေးမင်္ဂလာကိုပြု၏။ လက္ခဏာတော်ကိုဖတ်စေ၏။

ထိုပူဇော်ပွဲတွင် မင်းသားကို "သိဒ္ဓတ္ထ"ဟူ၍ မင်္ဂလာအမည်ကိုမှည့်၏။ ဗြာဟ္မဏ ၁၀၈–ယောက်တို့အနက် ခေါင်းဆောင်ဗြာဟ္မဏ ၈–ယောက်တို့တွင် ၇–ယောက် က "မင်းသားသည် လူ့ဘောင်၌ နေပါက စကြဝတေးမင်းဖြစ်မည်၊ ရဟန်းပြုပါက သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားဖြစ်မည်" ဟူ၍ ဟော၏။ နောက်ဆုံး ကောဏ္ဍည ဗြာဟ္မဏ–ကမူ **"မင်းသားသည် ဘုရားစင်စစ် ဧကန်ဖြစ်မည်"** ဟူ၍ ဟောလေ၏။

**ကာမဝဂ္ဂဏ်တို့၏ ဆွဲဆောင်မှုအား**

သုဒ္ဓေါဒန မင်းကြီးသည် အစဉ်အလာအားဖြင့် ဗြာဟ္မဏ ဝါဒ၌သာ သက်ဝင်ယုံကြည်သူဖြစ်၏။ မင်းကြီးသည် သူ၏ဝါဒအရ ဗြဟ္မာကို သိ၏။ အတ္တကိုသိ၏။ သို့ရာတွင် ဘုရားကိုလည်း မသိ။ ဗုဒ္ဓကိုလည်း မသိ။ မသိသဖြင့် သဗ္ဗညုတ ဉာဏ်တော်ကိုလည်း အထင်ကြီးရကောင်းမှန်း မသိ။ ဗုဒ္ဓကိုလည်း အထင်ကြီးရကောင်းမှန်းမသိ။ သစ္စာလေးပါးကိုလည်း အထင်ကြီးရ ကောင်းမှန်း မသိ။

သူ၏ ဗြာဟ္မဏဝါဒ–အရ မင်းကြီးကိုးကွယ်ဆည်းကပ်နေသော အရှင်မြတ်မှာ ကာလဒေဝိလ ရသေ့ဖြစ်၏။ ကာလဒေဝိလ ရသေ့သည် တန်ခိုးကြီး၏။ အဘိညာဉ် ငါးပါးနှင့် သမာပတ်ရှစ်ပါးကို ရသူဖြစ်၏။ ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးအား သူ၏ ဆရာ ကာလဒေဝိလ– ရှင်ရသေ့ကိုယ်တိုင်ကလည်းကောင်း၊ ကောဏ္ဍည–ပုရောဟိတ်ကလည်းကောင်း "သိဒ္ဓတ္ထမင်းသားသည် လောက၌ ဘုရားစင်စစ်ဖြစ်လိမ့်မည်" ဟူ၍ပြောဆိုကြပါလျက် သုဒ္ဓေါဒနမင်းကြီးသည် ဝမ်းမြောက်ခြင်းမရှိ။ ဝမ်းမမြောက်ရုံသာမက ဘုရားဖြစ်သွားမည်ကိုပင် စိုးရိမ်ပူပန်လျက် ရှိလေ၏။

အမှန်အားဖြင့် အုပ်ချုပ်ရေးသဘောအရ ကပိလဝတ်ပြည် ဟူသည်မှာ တိုင်းငယ် ပြည်ငယ်မျှသာဖြစ်၏။ မဇ္ဈိမဒေသတွင် ကျယ်ပြန့်သော တိုင်းကြီးများရှိ၏။ ထိုတိုင်းကြီးများနှင့်စာလျှင် ကပိလဝတ်သည် ဘာမျှပြောပလောက်သည်မဟုတ်။ အုပ်ချုပ်ရေးစနစ်အရလည်း ကပိလဝတ်ပြည်၏ အုပ်ချုပ်ရေးသည် အလှည့်ကျ အုပ်ချုပ်ရေး စနစ်သာဖြစ်၏။ တစ်ဦးတည်း အမိုင်အုပ်ချုပ်ရသည်မဟုတ်။ ထို့ကြောင့် အုပ်ချုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



အာဏာရှထောင့်မှ ကြည့်လျှင် ကပိလဝတ်ပြည်၌ မင်းပြုရခြင်းသည် မဂဓတိုင်း၊ ကောသလတိုင်းတို့၌ မင်းပြုရခြင်းလောက် ကြီးကျယ်ခမ်းနားလှခြင်းမရှိချေ။

"စကြဝတေးမင်း" ဟူသည်ကား လေးကျွန်းကိုပင် အစိုးရ၏။ လောကအမြင်ဖြင့် ကြည့်လျှင် အားကျဖွယ်ပင်ဖြစ်၏။ ထို့ကြောင့် ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော် သိဒ္ဓတ္ထမင်းသားအား ဘုရားမဖြစ်စေလိုဘဲ စကြဝတေးမင်းသာ ဖြစ်စေလိုခြင်း ဖြစ်၏။ အကယ်၍သာ သားတော်သိဒ္ဓတ္ထမင်းသားသည် လေးကျွန်းသနင်း စကြဝတေးမင်း ဖြစ်ပါက ကပိလဝတ်ပြည်သား သာကီဝင်မင်းများအနေဖြင့် လောကတွင် အဘယ်မျှ ဂုဏ်ယူဖွယ် ဖြစ်လိမ့်မည်နည်း။ သုဒ္ဓေါဒနမင်းကြီးသည် ဤသို့တွေးမိပေလိမ့်မည်။ ဤသို့ မျှော်မှန်းမိပေလိမ့်မည်။

ကာမဂုဏ်များ၏ ဆွဲဆောင်ချက်ကား အံ့ဖွယ်ရှိပါ၏။ အမှန်အားဖြင့် သုဒ္ဓေါဒနမင်းကြီးသည် ပါရမီရှင်စစ်စစ် ဖြစ်၏။ မြတ်စွာဘုရားအား ဖခမည်းတော်အနေဖြင့် စိတ်ပိုင်းဆိုင်ရာတည်ဆောက်မှုတွင် ဥပနိဿယ အနေဖြင့် များစွာအထောက်အကူပြု၏။

သို့ရာတွင် ကာမဂုဏ်များ၏ ဆွဲအားနှင့် ရင်ဆိုင်တွေ့ကြုံရလေသောအခါ ပါရမီရှင် အရင့်အမာကြီးဖြစ်သော်လည်း မိမိ၏သားတော် သိဒ္ဓတ္ထမင်းသားအနေဖြင့် သုံးလောကထွတ်ထား မြတ်စွာဘုရား ဖြစ်သွားသည်ကို လိုလားတော်မမူဘဲ စကြဝတေးမင်း ဖြစ်သွားသည်ကိုသာ လိုလားတော်မူမိရက်သား ဖြစ်သွားရလေ၏။

ကာမဂုဏ်တို့၏ ဆွဲဆောင်အားသည် မည်မျှ ကြီးမားလေဘိသနည်း။ ပါရမီရှင် သုဒ္ဓေါဒနမင်းကြီးကိုပင် လမ်းမှားပေါ်သို့ရောက်အောင် ဆွဲဆောင်နိုင်၏။

ထို့ကြောင့် လောက၏ အစီးအပွားကို ဆောင်ရွက်ခြင်းအားဖြင့် ပါရမီခေါ်သော မြင့်မြတ်သည့် လုပ်ငန်းကို လုပ်နေကြသူများသည် ကာမဂုဏ်တို့၏ ဆွဲဆောင်သိမ်းသွင်းမှုကြောင့် မိမိတို့၏ မူလရည်ရွယ်ချက်မှ သွေဖည်မသွားရလေအောင် အစဉ်သတိရှိနေရမည် ဖြစ်၏။

**ပါရမီတော်တို့၏ဓမ္မတာ** သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသည့်နေ့မှ ပဉ္စမနေ့တွင် ကျင်းပသော မင်္ဂလာသဘင်၌ပင် "သူအို၊ သူနာ၊ သူသေ၊ ရဟန်း၊ ဤနိမိတ်ကြီးလေးပါးကို မြင်၍ သိဒ္ဓတ္ထမင်းသားသည် တောထွက်လိမ့်မည်" ဟူ၍ ဗြာဟ္မဏများက ဟောကြားကြသဖြင့် ထိုနေ့ထိုအချိန်မှ စ၍ သုဒ္ဓေါဒနမင်းကြီးသည် မိမိ၏သားတော်အား ထိုနိမိတ်ကြီးလေးပါးကို မမြင်ရလေအောင် စီမံတော်မူ၏။ မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာတော်မူကြသော ဆွေတော်မျိုးတော် ရှစ်သောင်းတို့ကမူ သိဒ္ဓတ္ထမင်းသားသည် စကြဝတေးမင်း ဖြစ်သည်ဖြစ်စေ၊ သုံးလောကထွတ်ထား မြတ်စွာဘုရား ဖြစ်သည်ဖြစ်စေ သိဒ္ဓတ္ထမင်းသား၏ အခြံအရံအဖြစ် ခစားနိုင်ရန် မိမိတို့၏ အိမ်ထောင်စုမှ သားတော်တစ်ယောက်စီကို ပေးကြရန် တိုင်ပင်ပြီး ဆုံးဖြတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓတ္ထမင်းသားသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီတော် များကို ဖြည့်ကျင့်တော်မူခဲ့သော အနှိုင်းမဲ့ယောကျာ်းမြတ်ဖြစ်သည်–မဖြစ်သည်ကို သူတို့မသိကြသော်လည်း ထူးမြတ်သောယောကျာ်းမြတ်ဖြစ်သည်ကိုမူ သူတို့သိကြ၏။

ပဋိသန္ဓေနေတော်မူစဉ်ကလည်း အံ့ဖွယ်ပုဗ္ဗနိမိတ်ကြီး ၃၂–ပါးတို့ ဖြစ်ပေါ်ခဲ့ကြ၏။ ဖွားမြင်တော်မူသောအခါ၌လည်း အံ့ဖွယ်ကောင်းလှသော ပုဗ္ဗနိမိတ်ကြီးများ ဖြစ်ပေါ်ခဲ့ကြပြန်၏။ မဟာဗုဒ္ဓဝင်၌မူ စုစုပေါင်း အရေအတွက် ၃၀–ကို ပြတော်မူထား၏။ ထို့အပြင် အခြားအံ့ဖွယ်များကိုလည်း သချာစဉ်မတပ်ဘဲ ပြတော်မူထား၏။ သိဒ္ဓတ္ထမင်းသား၏ ကိုယ်ခန္ဓာတော်၌လည်း ၃၂–ပါးသော လက္ခဏာတော်ကြီး ၈၀–သော လက္ခဏာတော်ငယ်တို့ ပါလာပြန်၏။ ထို့ကြောင့် ကာလဒေဝီလရှင်ရသေ့နှင့် နန်းတော်သုံး မင်းဆရာပုရောဟိတ်များက ဟောကြားကြသည့်အတိုင်း 'ဘုရားဖြစ်သည်–မဖြစ်သည်ကို အပထား၊ စကြဝတေးမင်းဖြစ်သည်–မဖြစ်သည်ကို အပထား၊ ဘုန်းပညာနှင့် ပြည့်စုံတော်မူသည်ကတော့ အမှန်'ဟူ၍ သာကီဝင်များအားလုံးက ယုံကြည်ကြပါ၏။

သိဒ္ဓတ္ထမင်းသားနှင့်အတူ ဖွားဖက်တော်များအဖြစ် (၁)ယသောဓရာဒေဝီ၊ (၂)အာနန္ဒာမင်းသား၊ (၃)ဆန္နအမတ်၊ (၄)ကာဠုဒါယီအမတ်၊ (၅)ကဏ္ဍကမြင်း၊ (၆)မဟာဗောဓိပင်၊(၇)ရွှေအိုးကြီးလေးလုံး–တို့သည်လည်း ဖြစ်ပေါ်လာကြကုန်၏။

သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသည်မှ ခုနစ်ရက်မြောက်နေ့တွင် မယ်တော် မဟာမာယာဒေဝီသည် စုတေ၍ တုသိတာနတ်ပြည်၌ နတ်သားသွားဖြစ်၏။ မယ်တော် နတ်သားကို ကျေးဇူးဆပ်သောအားဖြင့် တာဝတိံသာ၌ အဘိဓမ္မာ ဒေသနာတော်ကို မြတ်စွာဘုရားသည် ခုနစ်ဝါမြောက်၌ ဟောကြားတော်မူ၏။ ထိုအခါ ကုဋေ၈၀–သော ပရိသတ်တို့ ကျွတ်တမ်းဝင်ကြ၏။

အမှန်အားဖြင့် မြတ်စွာဘုရားသည် အရာရာတိုင်း၌ အနှိုင်းမဲ့=အတုလ ဖြစ်တော်မူ၏။

ထို့ကြောင့်သူတစ်ပါး၏ကျေးဇူးကို သိတော်မူခြင်း၌လည်း အနှိုင်းမဲ့=အတုလပင် ဖြစ်ပါချေ၏။

မယ်တော်ရင်း မဟာမာယာဒေဝီ နတ်ရွာစံသောအခါ ညီမတော် မဟာပဇာပတိဂေါတမီက သိဒ္ဓတ္ထမင်းသားကို မိမိ၏သားအရင်း၏နေရာ၌ထား၍ စောင့်ရှောက် မွေးမြူ၏။ အမှန်အားဖြင့် မိမိ၏သားတော်အရင်း နန္ဒမင်းသားထက်ပင် ဦးစားပေးပါ၏။ ဤသည်မှာလည်း ပါရမီတို့၏မွေ့တာပင် ဖြစ်လေ၏။

**ရှာန်၏အာနုဘော်**

ထိုခေတ် ဓလေ့အတိုင်း သုဒ္ဓေါဒနမင်းကြီးသည် လယ်ထွန်မင်္ဂလာကို ကျင်းပမြဲဖြစ်လေရာ ထိုနှစ်တွင်လည်း သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ်နေပြည်တော်၌ လယ်ထွန်မင်္ဂလာကို ကျင်းပတော်မူ၏။ ထိုခေတ်က စိုက်ပျိုးရေးခေတ် ဖြစ်သဖြင့် လယ်ယာလုပ်ငန်းသည် စီးပွားရေးအသွင်ကို သာမက ဘာသာရေးအသွင်နှင့် ယဉ်ကျေးမှုအသွင်ကိုပါ ဆောင်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးသည် မိမိ၏မှူးမတ်ဗိုလ်ပါများနှင့်တကွ လယ်ထွန်မင်္ဂလာပွဲတော်ကို ကျင်းပခြင်းဖြစ်၏။ လယ်ထွန်မင်္ဂလာပွဲတော် ကျင်းပရာသို့ မိမိ၏သားတော် သိဒ္ဓတ္ထမင်းသားကိုလည်း ခေါ်ဆောင်သွား၏။ လယ်ထွန်မင်္ဂလာ ကျင်းပချိန်တွင် အထိန်းတော်များက သိဒ္ဓတ္ထမင်းသားကို သပြေပင်ရိပ်၌ သိပ်ထားကြ၏။

မွန်းလွဲချိန်တွင် အခြားသောသစ်ပင်ရိပ်များသည် ပြောင်းရွှေ့သွားကြသော်လည်း သိဒ္ဓတ္ထမင်းသားစံရာ သပြေပင်ရိပ်ကား မပြောင်း။ မူလအတိုင်းပင်ရှိ၏။ အမှန်အားဖြင့် သိဒ္ဓတ္ထမင်းသားသည် သပြေပင်ရိပ်၌ ပထမဈာန်ကိုဝင်စားနေလေရာ ယင်း၏ အာနုဘော်ကြောင့် သပြေပင်ရိပ်မပြောင်းခြင်းဖြစ်၏။

ထိုအကြောင်းကို ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား သွားရောက်တင်လျှောက်ကြသောအခါ မင်းကြီးသည် ကိုယ်တော်တိုင်လာရောက်ဖူးမြော်ပြီးလျှင် ဒုတိယ အကြိမ်အနေဖြင့် သားတော်သိဒ္ဓတ္ထမင်းသားအား ရှိခိုးလေ၏။ ပထမအကြိမ်ရှိခိုးစဉ်က မိမိ၏သားတော်သိဒ္ဓတ္ထမင်းသားကို မိမိ၏ဆရာ ကာလဒေဝိလ-ရှင်ရသေ့အား ရှိခိုးစေရန် ဆောင်ယူခဲ့ရာ မိမိ၏သားတော် သိဒ္ဓတ္ထမင်းသားက ဆရာဒေဝိလ-အား ရှိမခိုးဘဲ ဆရာဒေဝိလ၏ ဦးခေါင်းပေါ်၌ သွားရောက်၍ ရပ်တည်ခဲ့ဖူး၏။ ထိုစဉ်ကလည်း ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် သားတော်အား ရှိခိုးခဲ့ဖူး၏။ ထိုအခါက ရှိခိုးခြင်းသည် ပထမအကြိမ်ရှိခိုးခြင်းဖြစ်၏။ ထို့ကြောင့် ယခုရှိခိုးခြင်းကို ဒုတိယအကြိမ်ရှိခိုးခြင်းဟူ၍ ဆိုခြင်းဖြစ်၏။

အကယ်၍ မြတ်စွာဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား ဖွားတော်မူစဉ်ကသာ သုဒ္ဓေါဒနမင်းကြီးသည် သားတော်အနီး၌ရှိမည်ဆိုပါက ယခုလိုပင် ရှိခိုးမိမည်ဖြစ်၏။ ထိုစဉ်က သားတော်သိဒ္ဓတ္ထမင်းသားသည် ဖွားမြင်ပြီးသည်နှင့်တစ်ပြိုင်နက် မြောက်သို့ ခုနစ်ဖဝါးလှမ်းကာ-

(၁) ငါသည် လောကတွင်အမြတ်ဆုံး၊

(၂) ငါသည် လောကတွင်အကြီးဆုံး၊

(၃) ငါသည် လောကတွင်အချီးမွမ်းအပ်ဆုံး၊

(၄) ဤဘဝသည် နောက်ဆုံးဘဝဖြစ်၏၊

(၅) ယခုငါ့အတွက် နောက်ထပ်ဘဝဟူ၍မရှိတော့-

ဟူ၍ ကြွေးကြော်ဖူး၏။ ထိုကဲ့သို့ သားတော်ကြွေးကြော်သည်ကို မင်းကြီးတွေ့မြင်ရလျှင် မင်းကြီးသည် သားတော်အား ရှိခိုးမိမည်မှာ မလွဲကေန် အမှန်ဖြစ်၏။

**စိတ္တေ ယျနှင့် အစိတ္တေ ယျ**

လောကတွင် ဖြစ်စဉ်များသည် လည်းကောင်း၊ ချုပ်စဉ်များသည် လည်းကောင်း သူ့နိယာမနှင့်သူပင်ဖြစ်၏။ ဖြစ်စဉ်များကို "ပဋိစ္စသမုပ္ပါဒ်အနုလောမ" ဟူ၍ ဆိုရ၏။ ချုပ်စဉ်များကိုမူ "ပဋိစ္စသမုပ္ပါဒ်ပဋိလောမ" ဟူ၍ဆိုရ၏။ အကြောင်းနှင့် အကျိုးတို့၏ ဆက်စပ်မှုပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အကြောင်းအကျိုးဖြစ်စဉ်တွင် နောက်ဆုံးဆက်စပ်မှုမရှိဘဲ ဘာမျှ မဖြစ်ကောင်းသောကြောင့် အားလုံးလိုအပ်ချက်ချည်းသာဖြစ်၏။ သို့ရာတွင် အကြောင်းအကျိုးတို့၏ နောက်ဆုံးဆက်စပ်မှု ဟေတုဖလသမ္ဗန္ဓ-ကို မြင်နိုင်သောဉာဏ်ရှိမှသာ ထိုဉာဏ်ဖြင့် အကြောင်းအကျိုးတို့၏ နောက်ဆုံးဆက်စပ်မှုကိုမြင်ပြီး အားလုံးလိုအပ်ချက်ချည်းသာ ဖြစ်ကြောင်းသိ၏။ မမြင်နိုင်သောဉာဏ်လည်းရှိ၏။

လောကတွင် ထူးဆန်းသည်ဟုဆိုရသော ဖြစ်ရပ်များ ဖြစ်ပေါ်တိုင်း "အစိန္တေယျ" ဟူ၍ ဆိုရသည်လည်းရှိ၏။ "စိန္တေယျ" ဟူ၍ ဆိုရသည်လည်းရှိ၏။

သဗ္ဗညုတဉာဏ်တော်အတွက်ဆိုလျှင် ဖြစ်စဉ်ဟူသမျှနှင့် ပျက်စဉ်ဟူသမျှ အားလုံးတို့သည် စိန္တေယျ-ချည်းသာဖြစ်၏။ အစိန္တေယျ-ဟူ၍မရှိ။ အခြားဉာဏ်များ အတွက်သာ အစိန္တေယျ-လည်းရှိ၏။ စိန္တေယျ-လည်းရှိ၏။

အစိန္တေယျဖြစ်ထိုက်သော ဖြစ်ရပ်များသည်ရှိကြ၏။ ထိုဖြစ်ရပ်များကို သာမန်လူများက အကြောင်းအကျိုးတို့၏ဆက်စပ်မှု=ဟေတုဖလသမ္ဗန္ဓ-ကို မြင်အောင်မကြည့်နိုင်သောအခါ ဒဏ္ဍာရီဟူ၍ဆိုကြ၏။ ပညာရှိများကမူ အစိန္တေယျ-ဟူ၍ဆိုကြ၏။

ဖော်ပြပါအတိုင်း ဖြစ်ပေါ်ခဲ့သော သိဒ္ဓတ္ထမင်းသား၏ ဖြစ်ရပ်များကို ဒဏ္ဍာရီဟူ၍ဆိုကြသူများလည်း ရှိကြမည်ဖြစ်၏။ အစိန္တေယျ-ဟူ၍ဆိုကြသူများလည်း ရှိကြမည်ဖြစ်၏။ အမှန်အားဖြင့် အားလုံးသောဖြစ်ရပ်ဟူသမျှသည် အကြောင်းနှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် သိဒ္ဓတ္ထမင်းသား၏ ဖြစ်ရပ်များသည်လည်း အကြောင်းနှင့်ကင်း၍ မဖြစ်နိုင်သည်သာ ဖြစ်၏။

သို့ရာတွင် ထိုအကြောင်းတရားများကား လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံးဖြည့်ကျင့်တော်မူထားသော အကြောင်းတရားများဖြစ်ကြ၏။ ထိုအကြောင်းတရားများကို လူ,နတ်,ဗြဟ္မာ-သတ္တဝါများက သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ထိုသို့ သိခြင်းနှင့်မသိခြင်းသည် ပဓာနမဟုတ်ဘဲ ထိုအကြောင်းတရားများသည် သူ့သဘောကိုသူဆောင်ကာ အကျိုးတရားများကို အံ့ဖွယ်ဖြစ်အောင် ဖန်တီးခဲ့ပါ၏။

**သဘာဝတရားနှင့် ဖြစ်ရပ်ဆန်းများ**

အမှန်အားဖြင့် အကြောင်းတရားတို့၏ ပြည့်စုံမှုကို သဘာဝတရားကသာလျှင်သိ၏။ သဘာဝတရားက သိသဖြင့်လည်း အံ့ဖွယ်ဟူ၍ထင်ရသော ဖြစ်ရပ်ဆန်းများကို ဖြစ်ပေါ်လာအောင် ခွင့်ပြုခြင်းဖြစ်၏။ သို့ဖြစ်လေရာ သဘာဝ တရား၏ခွင့်ပြုချက်အရ ဖြစ်ပေါ်လာသော သိဒ္ဓတ္ထမင်းသား၏ ဖွားပြီးလျှင်ပြီးခြင်း ခုနစ်ဖဝါးလှမ်းခြင်း, ကာလဒေဝိလရသေ့၏ ဦးခေါင်းပေါ်သို့ တက်ရောက်ခြင်း, ပထမရှာန်ကိုဝင်စားခြင်း-တည်းဟူသော အံ့ဖွယ်သရဲတို့သည် ဖြစ်ပေါ်လာရခြင်းဖြစ်၏။

ဤသို့ဖြစ်သည်ကို နားမလည်သူများက ဒဏ္ဍာရီဟူ၍ဆိုကြ၏။ သိသူများကမူ အစိန္တေယျ-ဟူ၍ဆိုကြ၏။ အမှန်အားဖြင့် သဘာဝတရား၏စွမ်းအားကို သိတော်မူသော သဗ္ဗညုတ ဉာဏ်တော်ရှင်များအတွက်မူ အားလုံးသည် စိန္တေယျ-သာဖြစ်၏။ အစိန္တေယျ-

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ သို့ရာတွင် သဘာဝ၏နိယာမ-အရ ပါရမီတို့၏ အင်အားကို နားလည်နိုင်စွမ်းမရှိသောသူများအနေဖြင့် အံ့ဖွယ်ဖြစ်ရပ်ဆန်းများကို ဒဏ္ဍာရီဟူ၍ဆိုရာတွင် ဗုဒ္ဓဒေသနာရှုထောင့်မှ တစ်စုံတစ်ရာပြောဆိုဖွယ်မရှိသော်လည်း သဘာဝ၏ ခွင့်ပြုချက်အရ ဖြစ်ပေါ်လာသော ပါရမီတို့၏ အင်အားကို ရိပ်စားမိသူများအနေဖြင့် အစိန္တေယျကို အစိန္တေယျ-အဆင့်မထားဘဲ စိန္တေယျဖြစ်အောင် ကြံစည်တွေးတောပါက ပင်ပန်းခြင်း=ဝိဃာတ၊ ရူးသွပ်ခြင်း=ဥမ္မာဒ–သာ ဖြစ်စေနိုင်ပါ၏။

ဖြစ်ရပ်ဆန်းများသည် ဤလောက၌ သဘာဝ၏ခွင့်ပြုချက်ကိုသာရပါက တကယ်ဖြစ်နိုင်သည်ကတော့ အမှန်သာဖြစ်၏။ စိတ်ကူးယဉ် ဒဏ္ဍာရီတော့မဟုတ်။ အကြောင်းတရားတို့ပြည့်စုံပါက ဖြစ်ရပ်ဆန်းများဖြစ်ပေါ်ဖို့အတွက် သဘာဝကလည်း ခွင့်ပြုသည်သာဖြစ်၏။

**ဖြဟ္မာကြီးများ စောင့်ရှောက်ပုံ**

အကနိဋ္ဌဖြဟ္မာကြီးတို့သည် ဤလောက၌ ဘုရားပွင့်တော် မူရေးအတွက် ဆောင်ရွက်ရန် ဘုရားလောင်းကိုရှာပြီး စောင့်ရှောက်ဖို့တာဝန်ရှိ၏။ ထိုတာဝန်ယူသူတို့သည် သုမေဓာရှင်ရသေ့ဘဝဖြင့် ဒီပင်္ကရာမြတ်စွာဘုရားနှုတ်တော်မှ နိယတဗျာဒိတ်ကို မရမီကာလ အသချေမှစ၍ ဘုရားအလောင်းတော်ကိုရှာဖွေပြီး အရိပ်တကြည့်ကြည့်ဖြင့် စောင့်ရှောက်ခဲ့ကြ၏။

နိယတဗျာဒိတ်ကိုရပြီးနောက်လည်း အရိပ်တကြည့်ကြည့်ဖြင့်ပင် စောင့်ရှောက်ခဲ့ကြ၏။ ဤသည်မှာ ဓမ္မတာအရ သူတို့၏ဘဝပေးတာဝန်ဖြစ်၏။ အကနိဋ္ဌဖြဟ္မာကြီးများသည် သူတို့၏တာဝန်ကို သူတို့ထမ်းရွက်ကြ၏။ သို့ရာတွင် သူတို့တာဝန်ကား သူတို့အတွက်မဟုတ်၊ လောကအတွက်ဖြစ်၏။

ဤလောက၌ သစ္စာလေးပါးမြတ်တရားသည် ထာဝစဉ်ရှိပါ၏။ ထိုသို့ ရှိပါသော်လည်း သတ္တဝါတို့သည် သစ္စာရောင်ခြည်ဖြင့် သူတို့ဘာသာ လောကကို ကြည့်တတ်ကြသည်မဟုတ်။ ထိုးထွင်းသိမြင်၍ ဝေနေယျသတ္တဝါတို့အား ထုတ်ဖော်ဟောကြားနိုင်သော မြတ်စွာဘုရားများ ပွင့်ထွန်းပေါ်ပေါက်လာသောအခါမှသာ သတ္တဝါတို့သည် မြတ်စွာဘုရား၏ လမ်းညွှန်ချက်အရ သစ္စာရောင်ခြည်ဖြင့် လောကကိုကြည့်နိုင်ကြခြင်း ဖြစ်ကြ၏။ မြတ်စွာဘုရားများသည်လည်း လောက၌ ထာဝစဉ်ပွင့်ထွန်းပေါ်ပေါက်နေသည်မဟုတ်၊ အကနိဋ္ဌဖြဟ္မာများ၏ လှုံ့ဆော်ပံ့ပိုးမှုကြောင့် ဘုရားဆုကိုတောင်း၍ ပါရမီများကို ဖြည့်ကျင့်တော်မူကာ နိယတဗျာဒိတ်တော်ကိုရပြီး သတ်မှတ်ကာလ အပိုင်းအခြားအတိုင်း ကျင့်၍ ဘုရားအဖြစ်သို့ရောက်တော်မူသောအခါမှသာ သစ္စာလေးပါးမြတ်တရားများကို ထုတ်ဖော်ဟောကြားတော်မူနိုင်ခြင်းဖြစ်၏။

**အကနိဋ္ဌဖြဟ္မာကြီးများတာဝန်**

အမှန်အားဖြင့် လောက၏ အကျိုးစီးပွားအတွက် ဘုရားဆုကို တောင်းမည့် ဘုရားလောင်းပုဂ္ဂိုလ်ထူးများကိုရအောင်ရှာဖွေရန်ပင် အကနိဋ္ဌ ဖြဟ္မာကြီးများအတွက် ကြီးမားသောတာဝန်ဖြစ်၏။ ဘုရားဆုကိုတောင်းပြီး ဘုရားဖြစ်အောင်အားထုတ်နိုင်ရေးအတွက် ဘုရားအလောင်းတော်

www.burmeseclassic.com

www.burmeseclassic.com



အား အမြဲတစေစောင့်ရှောက်နေရခြင်းသည်လည်း သူတို့၏ တာဝန်ပင်ဖြစ်၏။

ထိုကဲ့သို့ သူတို့၏တာဝန်ကိုဆောင်ရွက်ခြင်းကြောင့် လောကဥ္စဘုရားပွင့်တော်မူပြီး သစ္စာလေးပါးကိုဟောကြားတော်မူသဖြင့် လောကကို ပရမတ္ထဆိုက်အောင်ကြည့်တတ်သော ဓမ္မဘက်တော်သားများ ပေါ်ပေါက်လာမှသာ သူတို့၏တာဝန်သည် ကျေပါ၏။

ထိုသို့မဟုတ်ပါက လောကသုံးပါး၌ သစ္စာရောင်ခြည်ကွယ်ပျောက်ပြီး အဓမ္မဘက်တော်သားများသာ ကြီးစိုးပေလိမ့်မည်။ အမှန်အားဖြင့် ဤလောက၌ ဓမ္မဘက်တော်သားများလည်း ရှိကြ၏။ အဓမ္မဘက်တော်သားများလည်း ရှိကြ၏။ သူတို့သည် ထာဝစဉ်အားပြိုင်လျက်ရှိကြ၏။ လောက၌ အဓမ္မဘက်တော်သားများက အသာစီးရပြီး လောကတစ်ခုလုံး ကတိမ်းကပါးဖြစ်မသွားရလေအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်မည့် ဘုရားအလောင်းတော်များကို ရှာဖွေကြည့်ရှုပြီးစောင့်ရှောက်ရန် လောကပါလနတ်များ၌တာဝန်ရှိ၏။ ထိုတာဝန်ကို နတ်ဗြဟ္မာများကယူ၍ ရှာဖွေ,ကြည့်ရှု, စောင့်ရှောက်ကြခြင်းဖြစ်၏။

အမှန်အားဖြင့် တာဝန်ရှိကြခြင်းဟူသည်မှာ နေသာသလိုမနေဘဲ တာဝန်ကို သိကြခြင်းပင်ဖြစ်လေ၏၊ ဓမ္မနှင့်ပတ်သက်လာလျှင် ရှိခြင်းနှင့်သိခြင်းသည် သီးခြားစီမဟုတ်။ တစ်ခုတည်း၏ မြင်ထောင့်နှစ်မျိုးသာ ဖြစ်၏။ တရားကိုသိရုံနှင့်လည်းမပြီး၊ တရားရှိဖို့လိုသေး၏။ သို့ဖြစ်၍သာ အသိနှင့်အရှိတို့ တစ်သားတည်းဖြစ်လေသောအခါ မြတ်နိုးဖွယ်ဖြစ်ခြင်းသည် မလွဲမသွေ ပါဝင်လာခြင်းဖြစ်လေ၏။

**သိဒ္ဓတ္ထမင်းသား အတွက်ရည်မှန်းချက် နှင့်အောင်မြင်ခြင်း**

သုဒ္ဓေါဒနမင်းကြီးသည် မိမိ၏သားတော်သိဒ္ဓတ္ထမင်းသားကို စကြဝတေးမင်းလောင်းအဖြစ် မှတ်ယူထား၏။ တိုင်းငယ်ပြည်ငယ်၏ဘုရင် အဖြစ်စံခဲ့ရသော မိမိနှင့်သာကီဝင်တို့၏ ဘဝအဆင့်ကို စကြဝတေးမင်း၏ဖခမည်းတော်နှင့် ဆွေတော်မျိုးတော်များအဆင့်သို့ရောက်အောင် မိမိ၏သားတော် သိဒ္ဓတ္ထမင်းသားက မြှင့်တင်ပေးမည်ဟူ၍ ယုံကြည်ထား၏။

ထိုကြောင့် မင်းကြီးသည် သားတော်သိဒ္ဓတ္ထမင်းသားနှင့် ပတ်သက်လာလျှင် သူ့ဘက်မှအလစ်အဟင်းဟူ၍ လုံးဝမရှိရလေအောင် ဆောင်ရွက်တော်မူခြင်းဖြစ်၏။ နီးစပ်အရွယ်မှစ၍ အထိန်းတော်များနှင့် ဂရုတစိုက်ပြုစုတော်မူ၏။ မင်းကြီးကသာ ဂရုတစိုက် ပြုစုစောင့်ရှောက်တော်မူသည်မဟုတ်သေး။ မိထွေးတော် မဟာပဇာပတိဂေါတမီကလည်း မိမိ၏သားတော်အရင်း နန္ဒမင်းသားထက်ပင် ပို၍ ဂရုတစိုက် ပြုစုစောင့်ရှောက်တော်မူ၏။ အခြားသော သာကီဝင်မင်းသား မင်းသမီးများကလည်း အလောင်းတော် သိဒ္ဓတ္ထမင်းသားကို စကြဝတေးမင်းလောင်းအဖြစ် မှတ်ယူပြီး အရေးတယူထား၍ ဂရုစိုက်ကြလေ၏။

ဤသည်မှာ ဘုန်းသမ္ဘာနှင့်ပညာတို့ ထက်ကြပ်မကွာပါရှိလာခြင်းကြောင့် ဖြစ်ပါ၏။ ထိုကြောင့်လည်း သိဒ္ဓတ္ထမင်းသားအတွက် ရည်မှန်း၍လုပ်ပါက မည်သည့်အရာမဆို

www.burmeseclassic.com

www.burmeseclassic.com



လွယ်လင့်တကူ ပြည့်စုံပြီးမြောက်ခြင်းဖြစ်လေ၏၊ မပြည့်စုံလျှင်လည်း မဖြစ်။ လုပ်ငန်းတိုင်း၏နောက်ကွယ်၌ လူအားလည်းပါဝင်၏။ နတ်အားလည်းပါဝင်၏၊ ဗြဟ္မာအားလည်း ပါဝင်၏။ ထို့ကြောင့်ပင် ဖြစ်ရပ်များသည် အစိန္တေယျ-သဘောကို ဆောင်ခြင်းဖြစ်၏။

**နတ်ဗြဟ္မာများ ပူးဝင်သောစိတ်**

ဤအစိန္တေယျ-သဘောကြောင့် သားတော်အတွက်မင်းကြီးက ရေကန်တူးလျှင် ရေကန်သည်အံ့ဘနန်းဖြစ်ပေါ်လာ၏။ ဆောင်း, နွေ,မိုး-အတွက် စံနန်းဆောင်များ ဆောက်လုပ်လျှင်လည်း စံနန်းဆောင်များသည် အံ့ဘနန်းပင် ပြီးမြောက်လာကြလေ၏။ အမှန်အားဖြင့် သိဒ္ဓတ္ထမင်းသားအတွက်ရည်ရွယ်၍သော လုပ်ဆောင်ပါက ထိုလုပ်ဆောင်ချက်များ အားလုံးသည် အမှောင်ထဲ၌လုပ်ဆောင်ရသည့်နယ်မဟုတ်ဘဲ၊ ထွန်းပသောအလင်းထဲ၌ လုပ်ဆောင်ရသကဲ့သို့ ဖြစ်၏။ စိတ်ကူးတိုင်းတည့်၏။ စိတ်ကူးတိုင်းဖြစ်၏။ စမ်းတဝါးဝါးဟူ၍မရှိ။ အားလုံး ပြက်ပြက်ထင်ထင်ချည်းသာဖြစ်၏။

ဤသို့ဖြစ်သည်ကိုပင် "ပဒေသိကစိတ္တ=နတ်ဗြဟ္မာများ ပူးဝင်သောစိတ်ဖြင့် ဆောင်ရွက်ခြင်း"ဟူ၍ ဆိုရ၏။ သာမန်ဝေါဟာရအားဖြင့် ဆိုရလျှင် ကံကောင်းထောက်မခြင်း ဟူ၍လည်းကောင်း၊ အဆင်သင့်ခြင်း ဟူ၍လည်းကောင်း ဆိုကြ၏။ အမှန်အားဖြင့် သဘာဝ၏ခွင့်ပြုချက်အရ နတ်ဗြဟ္မာများ ပူးဝင်သောစိတ်ဖြင့် ဆောင်ရွက်ခြင်းသာဖြစ်၏။ ထို့ကြောင့် ဘာကိုလုပ်လုပ် လုပ်တိုင်းတည့်၏။ ကြံစည်တိုင်းအောင်၏။ ဆောင်တိုင်းမြောက်၏။ သိဒ္ဓတ္ထမင်းသား၏ ဘုန်းသမ္ဘာနှင့် ပညာများကလည်း နယ်နယ်ရရ မဟုတ်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဆည်းပူးဖြည့်ကျင့်လာသော ဘုန်းသမ္ဘာနှင့် ပညာများဖြစ်ကြလေ၏။

သက္ကတိုင်း၊ကပိလဝတ်ပြည်-ဟူသည်မှာ မဇ္ဈိမဒေသ၌ တိုင်းငယ်ပြည်ငယ်မျှသာ ဖြစ်၏။ အရေအတွက်ပမာဏအားဖြင့်သာ တိုင်းငယ်ပြည်ငယ်ဖြစ်၏။ အရည်အချင်း ပမာဏအားဖြင့်မူ သက္ကတိုင်း၊ ကပိလဝတ်ပြည်သည် အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ဘုန်းသမ္ဘာနှင့်ပညာများကြောင့် ဤကမ္ဘာ၌ နှစ်ပေါင်းတစ်ထောင်တိုင်တိုင် လူ, နတ်, ဗြဟ္မာ-သတ္တဝါများက ဗုဒ္ဓကောလာဟလ-အရ စူးစမ်းရှာဖွေခြင်း ခံရသည့် ဒေသဖြစ်လေသောကြောင့် လောကသုံးပါးတွင် အကြီးမားဆုံးဖြစ်လေ၏။

အမှန်အားဖြင့် အရေအတွက်ထက် အရည်အချင်းက ပို၍တန်ဖိုးကြီးမား၏။ ထို့ကြောင့်မဇ္ဈိမဒေသတွင် အရေအတွက်အားဖြင့်ကြီးမားသော အခြားတိုင်းကြီးပြည်ကြီးများသည် အရည်အချင်းအားဖြင့်ကြီးမားသော သက္ကတိုင်း၊ ကပိလဝတ်ပြည်ငယ်ကို အကြောင်းပြု၍ သာသနာတော်သမိုင်း၌ ယနေ့တိုင်အောင် ထင်ရှားရခြင်း ဖြစ်၏။ ထိုမျှသာမက မဇ္ဈိမဒေသ အိန္ဒိယပြည်သည်လည်း အလောင်းတော်သိဒ္ဓတ္ထမင်းသားကိုသာ မွေးဖွားမပေးခဲ့ပါလျှင် ဘာသာတရားနှင့် ဒဿနရေးရာ၌ ကမ္ဘာ့သုတေသီတို့၏ မျက်စိ၌ ယခုလောက် အာရုံစိုက်ခြင်းကို ခံယူရရှိလိမ့်မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



**တစ်ခုတည်းသော အနိုင်းမဲ့စွမ်းပကား**

ဓမ္မတာအားဖြင့် အများ၏အားသည် အရေးကြီးသည် မှန်သော်လည်း ထိုအများ၏အားကို စုစည်းထိန်းချုပ်နိုင်သော တစ်ခုတည်း၏အားကို ရဖို့လို၏။ တစ်ခုတည်း၏အားဟူသည် ဗဟိုချက်ဖြစ်၏။ ဗဟိုချက်ရှိလျှင် အများသည် တစ်ခုတည်းသောဗဟိုချက်သို့ လာရောက်၍ စုရုံးရ၏။ လောကတွင် တစ်ခုတည်း၏အားကား မြတ်စွာဘုရားဖြစ်၏။ မြတ်စွာဘုရားသည် ဗဟိုချက်ဖြစ်၏။

ထို့ကြောင့် လောကသုံးပါးရှိ လူ,နတ်,ဗြဟ္မာ-သတ္တဝါအားလုံးတို့သည် မြတ်စွာဘုရားကို လာရောက်၍စုပေါင်းသောအားဖြင့် အားဖြည့်ရခြင်းဖြစ်ပါ၏။ သို့ဖြစ်၍သာ မြတ်စွာဘုရားသည် "သတ္ထာ ဒေဝမနုဿာနံ=လူ,နတ်,ဗြဟ္မာ-သတ္တဝါအားလုံးတို့၏ဆရာ" ဟူသောနေရာကို ရတော်မူခြင်းဖြစ်၏။

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် သူ၏ဘုန်းရှိန်ကံရှိန် သမ္ဘာရှိန်တို့ဖြင့် မွေးဖွားတော်မူချိန်ကပင်စ၍ သူ၏ ဆွေတော်မျိုးတော်များ, သူ၏ ဖခမည်းတော်နှင့် မယ်တော်များ, သူ၏ နိုင်ငံတော်ကို လောကအလယ်၌ မျက်နှာပန်းပွင့်အောင် ဆောင်ရွက်တော်မူခဲ့၏။ ဤသို့စွမ်းဆောင်နိုင်ခြင်းမှာ အစသာဖြစ်သေး၏။

နောင် သဗ္ဗညုတဉာဏ်တော်ကိုရ၍ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ သာသနာတော်မကွယ်ပသေးသ၍ကာလပတ်လုံးလူ,နတ်,ဗြဟ္မာ- သတ္တဝါအပေါင်းတို့သည် မြတ်စွာဘုရားကို ပူဇော်သောအားဖြင့် မစွန့်ကောင်းသော=အဝိဇဟိတ-လေးဌာန တို့၏တည်ရှိရာ မဇ္ဈိမဒေသ အိန္ဒိယပြည်သို့ အလေးအမြတ် ပြုနေကြမည်ဖြစ်၏။

မြတ်စွာဘုရားကိုပူဇော်လျှင် မြတ်စွာဘုရား၏ ခမည်းတော်နှင့်မယ်တော်ကိုလည်းကောင်း၊ သာကီဝင်မင်းမျိုးတို့ကိုလည်းကောင်း၊ သူ၏ မွေးဖွားတော်မူရာ လုမ္ဗိနီနှင့် ကပိလဝတ်ပြည်ကို လည်းကောင်း အမှတ်ရနေမည်ဖြစ်၏။ ကျေးဇူးတင် နေမည်ဖြစ်၏။

**စွမ်းအင်အထက်ဆုံးသောလူသား**

တကယ်တမ်းဆိုရလျှင် လောကတွင် စွမ်းအင်အထက်ဆုံးမှာ လူသာဖြစ်၏။ နတ်လည်းမဟုတ်၊ ဗြဟ္မာလည်းမဟုတ်၊ အခြားသတ္တဝါလည်းမဟုတ်၊ အမှန်အားဖြင့် လောကကို ဆရာအဖြစ် ဦးဆောင်နိုင်ရန် အနိုင်းမဲ့စွမ်းပကားကို လူသာပိုင်ဆိုင်ခွင့်ရှိပါ၏။ လူမှတစ်ပါး အခြားမည်သည့်သတ္တဝါများမှ ပိုင်ဆိုင်ခွင့်မရှိ။ မှန်၏၊ လူသာလျှင်အဓိကာရ-ကောင်းမှုဖြင့် အစဆုံးနိယတဗျာဒိတ်ကို ရခွင့်ရှိ၏။

ထို့ကြောင့် လူသည် လောက၌ ငြိမ်းချမ်းသာယာမှု လွှမ်းနိုင်ရေးအတွက် ဆောင်ရွက်နိုင်ရန် စွမ်းပကားကို မွေးမြူရမည်ဖြစ်၏။ မွေးလည်းမွေးမြူနိုင်စွမ်းရှိ၏။ မွေးမြူရန်တာဝန်လည်းရှိ၏။ ဤနေရာတွင် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် လူသားတို့၏စွမ်းပကားကို ဖော်ထုတ်သည့် ပြယုဂ်လည်းဖြစ်၏။

ကျင့်စဉ်များကိုကျင့်ပြတော်မူသည့် သာဓကလည်းဖြစ်၏။

လူ့တာဝန်ကိုညွှန်ပြတော်မူသည့် ဥဒါဟရဏ်လည်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းဖြင့် အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် သာကီဝင်မင်းမျိုးတို့၏ အကျိုးကိုသာမက လူသားတစ်ရပ်လုံး၏အကျိုးကို ဆောင်ရွက်တော်မူခဲ့ပါ၏။

လောကတွင် လူသာလျှင် နတ်ဗြဟ္မာတို့ထက်ပို၍ စွမ်းပကားကိုပြနိုင်ခြင်း၏ အထောက်အထားအဖြစ် သိဒ္ဓတ္ထမင်းသားက လက်တွေ့ပြတော်မူခဲ့၏။ သူပြသော လက်တွေ့ကို မြင်တတ်အောင်ကြည့်နိုင်သောမျက်စိ ရှိဖို့သာလို၏။

လူသာလျှင် အမြင့်ဆုံးသော စွမ်းပကားကို ပြနိုင်သည်မှာမှန်၏။ သို့ရာတွင် ထိုစွမ်းပကား ကား လူ့ထံသို့ အလိုအလျောက်ရောက်လာသည်မဟုတ်။ မွေးမြူရ၏။ မွေးမြူခြင်းဟူသည်မှာ လောကအတွက် မိမိ၏ကိုယ်ကျိုးကိုစွန့်၍ ဆောင်ရွက်ခြင်းပင် ဖြစ်၏။ ထို့ကြောင့်ပညာရှိများက စွမ်းပကားမွေးမြူရေးနှင့်ပတ်သက်၍ အားထုတ်ရန်–

**တစ်စတစ်စ စွန့်ခဲ့မှလျှင် ဘဝနောက်နှောင်း၊ ဆက်တိုင်းကောင်း၏–**

ဟူ၍ နည်းပေးထားခြင်းဖြစ်၏။ အမှန်အားဖြင့် လူ့စွမ်းပကားကို မွေးမြူခြင်းဟူသည်မှာ ရုတ်တရက်ချက်ချင်း မွေးမြူရုံနှင့် ပြည့်စုံလာသည်မဟုတ်။ မြတ်စွာဘုရား၏ စွမ်းပကားကို ရဖို့ရန် သိဒ္ဓတ္ထမင်းသားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် လောကအကျိုး အတွက် မိမိ၏ကိုယ်ကျိုးကို တစ်စတစ်စစွန့်ခဲ့ရ၏။

သို့ဖြစ်၍သာ သူသည်လောက၏အနှိုင်းမဲ့ စွမ်းပကားကို ရတော်မူခြင်းဖြစ်၏။

ထိုနည်းအတူပင် တစ်စတစ်စစွန့်ခြင်းအားဖြင့် ပစ္စေကဗုဒ္ဓ၏ စွမ်းပကားကို လည်းကောင်း၊ အဂ္ဂသာဝက၏ စွမ်းပကားကိုလည်းကောင်း၊ မဟာသာဝက၏ စွမ်းပကား ကိုလည်းကောင်း၊ ပကတိသာဝက၏ စွမ်းပကားကိုလည်းကောင်း လူသည်ရယူနိုင်ပါ၏။ မည်သို့ဆိုစေ စွမ်းပကားကိုရအောင်အားထုတ်ရာ၌ အမှန်ကန်ဆုံးနည်းကား မိမိ၏ ကိုယ်ကျိုးကိုစွန့်၍ လောက၏အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်၏။

ဤသို့ဆောင်ရွက်သော ပုဂ္ဂိုလ်မျိုးများကား ဤကမ္ဘာမြေပြင်၌ တကယ်ပင် ရှိခဲ့ ကြပါ၏။ ရှိခဲ့ကြောင်းကိုလည်း သမိုင်းပညာရှင်များက လက်ခံပြီးဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုး များသည် ဗုဒ္ဓနှင့် သူ၏သာဝကများ ဖြစ်ကြ၏။ အမှန်အားဖြင့် ကိုးကွယ် ယုံကြည်မှုဆိုင်ရာ ဘာသာတရားများကို ထူထောင်သွားသူဟူသမျှသည် တကယ်တမ်း ကရုဏာရှင်များနှင့် ပညာရှင်များသာ ဖြစ်ကြ၏။

သူတို့သည် လောက၏အကျိုးစီးပွားအတွက် မိမိတို့၏ကိုယ်ကျိုးကို စွန့်ကြသူ များချည်းဖြစ်ကြ၏။ အမှန်အားဖြင့် မည်သူမဆို မိမိ၏ကိုယ်ကျိုးကို စွန့်နိုင်လေ ကြီးမားသော စွမ်းပကားကို ရနိုင်လေဖြစ်၏။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် မိမိ၏သားတော် သိဒ္ဓတ္ထမင်းသားကို ချစ်လည်းချစ်၏။ စကြဝတေးမင်းလောင်းအဖြစ် အားလည်းကိုး၏။ ဖခင်တစ်ယောက် အနေဖြင့် လစ်ဟင်းမှုမရှိရလေအောင် ချီးမြှောက်၏။ သိဒ္ဓတ္ထမင်းသားသည် ရှေးခေတ် အစဉ်အလာအတိုင်း ပညာသင်ချိန်သို့ရောက်၏။ သို့ရာတွင် မင်းသားသည် ပညာကို သင်ယူခြင်းမပြု။ အမှန်အားဖြင့် သိဒ္ဓတ္ထမင်းသားသည် မင်းသားတစ်ယောက် အနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တတ်သင့်သောပညာရပ်များကို သင်ယူခြင်းမရှိဘဲ အထွတ်အထိပ်သို့ ရောက်အောင် အားလုံးကို တတ်မြောက်ပြီးဖြစ်၏။ ရှေးခေတ်ပညာရပ်များကား ၁၈–ရပ်သော ပညာများ ဖြစ်သည်ဟု အဆိုရှိ၏။

**မသင်ရဘဲတတ်သော ပါရမီများစွမ်းအား**

ယနေ့မျက်မှောက်ခေတ်တွင်ပင် "အတိတ်ဘဝကို မှတ်မိသောပုဂ္ဂိုလ်များ ရှိသည်" ဟူ၍ ယုံကြည် လက်ခံသူများ ရှိ၏။ သူတို့သည် သူတို့၏အတိတ်ဘဝ အတွေ့အကြုံများကို မှန်ကန်စွာပြောပြနိုင်ကြ၏။ ယင်းကို "ဇာတိဿရဉာဏ်"ဟူ၍ ခေါ်၏။ ဇာတိဿရ–ဉာဏ်စွမ်းအင်သည် အံ့သြဖွယ်ဖြစ်၏။ သိဒ္ဓတ္ထမင်းသားကား လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို အထွတ်အထိပ်သို့ရောက်အောင် ဖြည့်ကျင့်ခဲ့သူဖြစ်၏။ သိဒ္ဓတ္ထမင်းသားဘဝကား–နောက်ဆုံးဘဝဖြစ်၏။ နောက်ဆုံးဘဝတွင် သူ၏ဇာတိဿရ–ဉာဏ်သည် မည်မျှထက်မြက်နေလေသနည်း။

သိဒ္ဓတ္ထမင်းသားသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလအတွင်း သူသင်ယူတတ်မြောက်ခဲ့သော အတတ်ပညာရပ်များကို အားလုံးမှတ်မိနေ၏။ ဘဝအဆက်ဆက်၌ သူသင်ကြားတတ်မြောက်ခဲ့သော အတတ်ပညာရပ်များသည် သူ၏စိတ်အစဉ်၌ အားလုံးလာရောက်၍ ထင်နေ၏။ ထို့ကြောင့် သူသည် မင်းသားတို့တတ်အပ်သော ပညာရပ်များကို ဆရာသမားများထံမှ သင်ယူရခြင်းမရှိဘဲ အားလုံးကို တတ်မြောက်နေခြင်း ဖြစ်၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားကို "ဆရာမရှိဘဲ အဋ္ဌာရသ=၁၈–ရပ်သော အတတ်ပညာများကိုတတ်သူ"ဟူ၍ ဆိုရ၏။ အစိန္တေယျ ဟူ၍ ထင်ရသော်လည်း လောကအတွေ့အကြုံအရ စိန္တေယျပင်ဖြစ်၏။

သို့ရာတွင် ဆရာမရှိဘဲ အတတ်ပညာရပ်များကို သိဒ္ဓတ္ထမင်းသားသည် တတ်မြောက်သည်ဟူ၍ဆိုလျှင် မည်သူများက ယုံကြည်ကြလေမည်နည်း။ ထိုအချိန်က ယုံကြည်သူများ နည်းပါးလှချေ၏။ သာကီဝင်မင်းသား အများစုတို့သည်ပင် မယုံ။ မိမိ၏ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် အချို့သူများကလွဲလျှင် အားလုံးလိုလိုက မယုံကြည်ဘဲရှိလေ၏။ ထိုအခါ သိဒ္ဓတ္ထမင်းသားသည် ယောကျ်ားတို့တတ်အပ်သော အတတ်ပညာရပ်များအနက် ခက်ခဲသောလေးအတတ်ကို ပြရလေ၏။ ထိုအချိန်တွင် သိဒ္ဓတ္ထမင်းသားသည် ၁၆–နှစ်အရွယ်သို့ ရောက်လေပြီ။

သိဒ္ဓတ္ထမင်းသားသည် 'လူ့ဘဝဖြင့်နေပါက စကြဝတေးမင်းဖြစ်မည်'ဟူ၍ မွေးကတည်းကပင် ပုရောဟိတ်များက နိမိတ်ဖတ်ခြင်းခံထားရသူဖြစ်၏။ ထို့ကြောင့် သာကီဝင်များက အားကိုး၏။ လေးစား၏။ အဘက်ဘက်မှ ပံ့ပိုး၏။ သို့ရာတွင် သိဒ္ဓတ္ထမင်းသားသည် ပညာသင်ချိန်၌ပညာမသင်ဘဲ ကာမဂုဏ်စည်းစိမ်များကိုခံစားရင်းသာ အချိန်များဖြုန်းနေသည်ဟူ၍ သူတို့ ယူဆလေသောအခါ သာကီဝင်တို့သည် သိဒ္ဓတ္ထမင်းသားအပေါ်၌ အထင်ကြီးမှုများနှင့် အားကိုးမှုများသည် တဖြည်းဖြည်း လျော့ပါး၍ လာကြလေ၏။ အမှန်အားဖြင့် သူတို့၏အတွေးအမြင်သည် အကန့်အသတ်

www.burmeseclassic.com

www.burmeseclassic.com



ရှိခြင်းသာ ဖြစ်၏။ သူတို့၏အကျိုးအကြောင်းဆင်ခြင်မှုသည် နယ်နိမိတ် ကျဉ်းမြောင်းခြင်းသာဖြစ်၏။ ယနေ့ခေတ်အမြင်နှင့်ကြည့်လျှင်ပင် သိဒ္ဓတ္ထမင်းသား၏ နောက်ဆုံးဘဝ ဖြစ်ရပ်ဆန်း များသည် ဖြစ်နိုင်ခြေရှိကြောင်း တွေ့ရမည်ဖြစ်ပါ၏။

**ကံ၏စွမ်းအား**

ခန္ဓာကိုယ်၏ဖွဲ့စည်းမှုသည် ကံအပေါ်၌အခြေတည်၏။ သိဒ္ဓတ္ထမင်းသား၏ဘဝ၊ သိဒ္ဓတ္ထမင်းသား၏ခန္ဓာကိုယ်ကို ဖြစ်စေသောကံကား နယ်နယ်ရရကံ မဟုတ်။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်အောင် ဖြည့်ကျင့်တော်မူထားသော ပါရမီများကထောက်ပံ့သော ကံတည်း။

ထိုကံ၏စွမ်းအား မည်မျှရှိမည်ကို ဆင်ခြင်၍သိနိုင်၏။ ထိုကံ၏စွမ်းအား ကြီးသည်နှင့်အမျှ ထိုကံကြောင့်ဖြစ်ရသော ခန္ဓာကိုယ်၏စွမ်းအားသည်လည်း ကြီးမည်ပင် ဖြစ်၏။ အကြောင်းအားကောင်းလျှင် အကျိုးအားကောင်းသည်ကား နိယာမ–သာဖြစ်၏။

ထိုကြောင့် သိဒ္ဓတ္ထမင်းသားသည် ဆွေတော်မျိုးတော်တို့အား မိမိ၏လေးအတတ်ကို ပြရာ၌ ဗိုလ်ခြေတစ်ထောင်တင်ရသောလေးဖြင့် မိမိ၏လေးအတတ်ကို ပြတော်မူနိုင်ခြင်း ဖြစ်၏။ ဗိုလ်ခြေတစ်ထောင်တင်မှရသောလေးကို သိဒ္ဓတ္ထမင်းသားသည် မိမိ တစ်ယောက်တည်း တင်ပြခြင်းဖြင့် သူ၏ခွန်အားကို မှန်းဆ၍သိနိုင်၏။

ထိုအခါ သူ၏ကာယစွမ်းအားကို ပစ္စက္ခသိဒ္ဓ=မျက်မှောက်အထောက်အထားဖြင့် မြင်နိုင်လျှင် သူ၏ဉာဏစွမ်းအားကိုလည်း အနုမာနသိဒ္ဓ=ဆင်ခြင်အထောက်အထားဖြင့် မြင်နိုင်၏။ သို့ရာတွင် သာကီဝင်တို့သည် သိဒ္ဓတ္ထမင်းသား၏ ပါရမီတို့ကို မသိနိုင်ခြင်းကြောင့် မင်းသား၏စွမ်းအင်များကို မသိနိုင်ခြင်းဖြစ်၏။ သို့ရာတွင်–သုဒ္ဓေါဒန မင်းကြီးကား ခမည်းတော်အနေဖြင့် မိမိသားတော်၏ ပါရမီဖြည့်ဖက်ဖြစ်၏။ ထိုကြောင့် မင်းကြီးသည် မိမိသားတော်၏စွမ်းပကားကို ယုံကြည်၏။ ယုံကြည်ရန် ဆင်ခြင်တတ်သော ပါရမီသည် သူ့၌ရှိ၏။

မင်းကြီးသည် သားတော်သိဒ္ဓတ္ထမင်းသား၏ လေးအတတ်ပြပွဲကို ယုံယုံကြည်ကြည် ဖြင့်ပင် ကျင်းပ၏။ ဆွေတော်မျိုးတော်တို့အားလည်း သားတော်၏လေးအတတ်ကို လာရောက်ကြည့်ရှုရန် ဖိတ်ကြား၏၊ ခုနစ်ရက်ကြိုတင်၍ ဖိတ်ကြားခြင်းဖြစ်၏။ ခုနစ်ရက် မြောက်နေ့တွင် လေးအတတ်ပြပွဲကိုကျင်းပ၏။ ဆွေတော်မျိုးတော်တို့ကလည်း လာရောက် ကြည့်ရှုကြ၏။ လေးအတတ်ကို သင်ယူခြင်းမရှိသော သိဒ္ဓတ္ထမင်းသား၏ လေးအတတ် ပြပွဲဟူသည် "တကယ်ပင် ဟုတ်မှဟုတ်ပါလေရဲ့လား" ဟူ၍ သံသယ ဖြစ်ဖွယ်ပင်ဖြစ်၏။ သံသယဖြစ်ဖွယ်ဖြစ်သဖြင့် သံသယဖြစ်သူ ဆွေတော်မျိုးတော်များလည်း ပါဝင်၏။ သံသယမဖြစ်ဘဲ တကယ်တမ်းယုံကြည်ချက်နှင့် လာသူများလည်းပါ၏။ အမှန်အားဖြင့် ပြောတိုင်း မယုံကြည်တတ်ကြသူများတွင် မိမိတို့၌ ရင့်ကျက်သော ပညာပါရမီမရှိသူများက သံသယဖြစ်ကြ၏။ မိမိတို့၌ ရင့်ကျက်သော ပါရမီရှိသူများကမူ သံသယမဖြစ်ကြ။ ဓမ္မတာအားဖြင့် ရင့်ကျက်သောပါရမီရှိသူများ၏ အတွေးအမြင်သည် နက်ရှိုင်း၏။ ရင့်ကျက်သောပါရမီမရှိသူများ၏ အတွေးအမြင်များသည် မနက်ရှိုင်း၊ တိမ်၏။

www.burmeseclassic.com

www.burmeseclassic.com



### ပညာမသင်ရဘဲ တတ်မြောက်သောကဲ

လေးအတတ်ပြပွဲကိုကျင်းပလေပြီ။ ပရိသတ်များကား စုံ၏။ လေးအတတ်ပညာရှင်များလည်း ပါ၏။ ဆွေတော် မျိုးတော်တို့လည်း ပါ၏။ သုဒ္ဓေါဒနမင်းကြီးက အကြီးအမှူးဖြစ်၏။ လေးအတတ်ပြပွဲတွင် သိဒ္ဓတ္ထမင်းသားသည် ဗိုလ်ခြေတစ်ထောင် တင်ရသောလေးကို မိမိတစ်ယောက်တည်းတင်၍ လေးညှို့ကိုခတ်လိုက်လျှင်ပင် ဆွေတော် မျိုးတော်တို့သည် အားလုံးသက်မကိုချကြ၏၊ ထို့နောက် ဝမ်းမြောက်ကြ၏။ ထိုအထဲတွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက အသာဆုံးဖြစ်၏။

တာဝန်ရှိပါလျက် တာဝန်ကိုလျစ်လျူရှု၍ ပညာသင်မပေးခဲ့မိသော ဖခမည်းတော် တစ်ယောက်အနေဖြင့် ရင်တထိတ်ထိတ်ဖြင့် ခံစားခဲ့ရသော ခံစားမှုများသည် ယနေ့ နိဂုံးချုပ်လေပြီ။ ပညာမသင်ပါဘဲလျက် ပါရမီတော်တို့ကထောက်ပံ့သော ဇာတိသရ ဉာဏ်တော်ကြောင့် ပညာကို အထွတ်အထိပ်ရောက်အောင် တတ်မြောက်လေသော မိမိ သားတော်ကို မင်းကြီးသည် လေးစားကြည်ညိုသော မျက်စိအစုံတို့ဖြင့် ရှုန်းလဲ့စွာ ကြည့်ရှု၏။

ဆွေတော်မျိုးတော်တို့ကလည်း သိဒ္ဓတ္ထမင်းသားကို စကြဝတေးမင်းလောင်း အဖြစ် တကယ်ပင်ယုံကြည်ကြလေပြီ။ သို့ရာတွင် သူတို့အတွက်စိုးရိမ်စရာ တစ်ချက် ရှိသေး၏။ ထိုစိုးရိမ်စရာတစ်ချက်ကား–ပုရောဟိတ်များ၏ ဒုတိယ ဟောကြားချက် ပင်ဖြစ်၏။ ဒုတိယဟောကြားချက်အရ "အကယ်၍ သိဒ္ဓတ္ထမင်းသားသည် တောထွက် တော်မူပြီး ရဟန်းပြုသွားပါလျှင် ဘုရားဖြစ်သွားပေလိမ့်မည်။" ထို့ကြောင့် ဘုရားဖြစ်ဖို့ ဟောကြားချက်မမှန်ရန် အရေးကြီး၏။ ဘုရားဖြစ်ဖို့ဟောကြားချက် မမှန်ရန်ဆိုလျှင် တောမထွက်မှဖြစ်ပေမည်။ ထို့ကြောင့် သာကီဝင်တို့သည် သိဒ္ဓတ္ထမင်းသား တောမထွက် နိုင်အောင် ဆောင်ရွက်ရန်စီမံကြ၏။ ထိုအထဲတွင် ခမည်းတော်သုဒ္ဓေါဒန မင်းကြီးသည် ကြောင့်ကြအစိုက်ဆုံးဖြစ်၏။

လေးအတတ်ပြပွဲတွင် သိဒ္ဓတ္ထမင်းသားသည် သူတို့ခေတ်က သူတို့တစ်ခါမျှ မမြင်ဖူးသော သူတို့တစ်ခါမျှမကြားဖူးသော လေးအတတ်များကိုပြလေ၏။ ထိုလေးအတတ် ပြပွဲတွင် သိဒ္ဓတ္ထမင်းသားပြသော လေးအတတ်များမှာ–မြားရေးကြီး ၄–ပါးနှင့် မြားရေးငယ် ၁၂–ပါးတို့ဖြစ်ကြ၏။ ဤလေးအတတ်များကို သာကီဝင်တို့သည် မြင်လည်းမမြင်ဖူး၊ ကြားလည်းမကြားဖူးကြ။ သူတို့၏မျက်စိအောက်တွင်ပင် သိဒ္ဓတ္ထမင်းသားသည် ကြီးပြင်းခဲ့ သူဖြစ်၏။ ပညာမသင်ဖူးသည်ကိုလည်း သူတို့သိ၏။ သို့ပါလျက် သိဒ္ဓတ္ထမင်းသားသည် သူတို့၏မျက်မှောက်တွင်ပင် သူတို့မမြင်ဖူးသော၊ သူတို့မကြားဖူးသော လေးအတတ်ကို ပြလေပြီ။ အံ့သြဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သာကီဝင်တို့အတွက် ဂုဏ်ယူလိုက်သည့် ဖြစ်ခြင်း။ ထိုအထဲတွင် ခမည်းတော်မင်းကြီးက အသာဆုံးဖြစ်လေ၏။

ယခုသာကီဝင်တို့သည် သိဒ္ဓတ္ထမင်းသား တောမထွက်နိုင်ရေးအတွက် စီမံကြဖို့သာ ရှိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



**တာဝန်ဖြင့်နှောင်ဖွဲ့ခြင်း**

သိဒ္ဓတ္ထမင်းသားသည် အရွယ်လည်းရောက်ပြီ။ အတတ်ပညာများလည်း စုံပြီ။ ထို့ကြောင့် သာကီဝင်တို့သည် သိဒ္ဓတ္ထမင်းသားကို နန်းအပ်ရန် စိစဉ်ကြ၏။ အမှန်အားဖြင့် ကပိလဝတ်ပြည်ကား အတိုင်ပင်ခံများနှင့် အလှည့်ကျအုပ်စိုးသော နိုင်ငံဖြစ်၏။ ကေရာဇ်နိုင်ငံ မဟုတ်။ ဘုရင်ဖြစ်သူကို မင်းသားများက ရွေးကောက်၍ နန်းတင်ရ၏။ ထို့ကြောင့် သာကီဝင်တို့သည် သုဒ္ဓေါဒနမင်းကြီးနှင့်ညှိနှိုင်း၍ အများသဘောတူ သိဒ္ဓတ္ထမင်းသားကို ဘုရင်အဖြစ်ရွေးချယ်၍ နန်းတင်ကြခြင်းဖြစ်၏။ အမှန်အားဖြင့် နန်းတင်ကြခြင်းသည် သိဒ္ဓတ္ထမင်းသားကို တောမထွက်နိုင်အောင် စီစဉ်ခြင်းပင်ဖြစ်၏။ သာကီဝင်တို့သည် ပုရောဟိတ်များ၏ ဒုတိယဟောချက်နှင့် စပ်လျဉ်း၍ ဘုရားမဖြစ်ရလေအောင် တားဆီးနိုင်ရေးအတွက် သိဒ္ဓတ္ထမင်းသားအပေါ် လေးတင်ပွဲပြီးချိန်မှ စ၍ အာရုံစိုက်လာကြ၏။ စီစဉ်လာကြ၏။ ထိုစီစဉ်ချက်အရ သိဒ္ဓတ္ထမင်းသားကို ဘုရင်အဖြစ်ရွေးချယ်၍ နန်းတင်ကြခြင်းဖြစ်၏။

တစ်နည်းအားဖြင့်ဆိုလျှင် နန်းတင်ကြခြင်းမှာ နိုင်ငံတော်အတွက် ထမ်းဆောင်ရန် သိဒ္ဓတ္ထမင်းသားအား တာဝန်ပေးခြင်းဖြစ်၏။

ကာမဂုဏ်ကို ခံစားရန်သာမဟုတ်။ အမှန်အားဖြင့် ကာမဂုဏ်ဖြင့် နှောင်ဖွဲ့ခြင်းထက် တာဝန်ဖြင့်နှောင်ဖွဲ့ခြင်းက ပို၏။

အကယ်၍ သိဒ္ဓတ္ထမင်းသားကို ဘုရင်အဖြစ် တာဝန်မပေးထားပါက သူသည် အလွယ်တကူ တောထွက်သွားနိုင်၏။ သိဒ္ဓတ္ထမင်းသားသည် တောထွက်သွားပါက သာကီဝင်တို့၏ မျှော်လင့်ချက်သည် အားလုံးပျက်ပြားသွားမည်ဖြစ်၏။ သူတို့သည် သူတို့၏ မျှော်လင့်ချက်ကို အပျက်ပြားမခံနိုင်ကြချေ။ သူတို့၏အမြင်အရ မြတ်စွာဘုရားထက် စကြဝတေးက တန်ဖိုးရှိလေ၏။

သိဒ္ဓတ္ထမင်းသားကို နန်းတင်သောအခါ သာကီဝင်မင်းတို့သည် မိမိတို့၏ သမီးကညာများကို ဆက်ကြ၏။ အားလုံးစုစုပေါင်းမှာ အရေအတွက်အားဖြင့် လေးသောင်းရှိ၏။ ထိုအထဲတွင် ယသောဓရာဒေဝီသည် အဂ္ဂမဟေသီဖြစ်၏။ ယသော်ဓရာဒေဝီကား သုမေဓာရှင်ရသေ့ဘဝမှ စ၍ ဆုတောင်းဖက်ဖြစ်၏။ ပါရမီဖြည့်ဖက်ဖြစ်၏။ ထို့ကြောင့် ယသောဓရာဒေဝီသည် အဂ္ဂမဟေသီ ဖြစ်လာရခြင်း ဖြစ်၏။ ဖြစ်ဖြစ်သမျှတို့သည် သူ့အကြောင်းနှင့်အကျိုးအရ ဖြစ်ကြသည်ချည်းဖြစ်၏။ ဖန်ဆင်းရှင်က သူစိတ်ထင်သလို ဖန်ဆင်း၍ ဖြစ်လာကြသည်မဟုတ်။

**တာဝန်ထမ်းဖို့လို၏**

သိဒ္ဓတ္ထမင်းသားသည် ဘုရင်ဖြစ်လာလေပြီ။ ဘုရင်ဖြစ်လာလျှင် ဘုရင့်တာဝန်ကို ထမ်းဖို့လို၏။ တာဝန်ထမ်းဆောင်ရာ၌ ဘုရင်တစ်ပါးအနေဖြင့် ရှိရမည့်အရည်အသွေးကား ကရုဏာနှင့် ပညာဖြစ်၏။ ကရုဏာရှိပါမှ လောကအတွက် တာဝန်ကို ထမ်းဆောင်လိုစိတ် ရှိမည်ဖြစ်၏။ ကရုဏာရှိရုံမျှနှင့်လည်း မပြီးသေး၊ ပညာရှိဖို့လည်း လိုပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ပညာရှိပါမှ လောကအတွက် အမှန်အကျိုးရှိ-မရှိကို ရွေးချယ်၍ ဆောင်ရွက်နိုင်မည် ဖြစ်၏။

ကရုဏာနှင့် ပညာတို့၏ တန်ဖိုးနှင့်ပတ်သက်၍ ဒဿနကျမ်းများက-

ပညာယ န ဘဝေ ဠာနံ၊ ဒယာယ န သမေ ဋ္ဌိတိ။

ဘဝေ၊ ဘဝ၌ ။ ပညာယ၊ ပညာ၏။ ဌာနံ၊ တည်ရာသည်။ န၊ မရှိ။ သမေ၊ နိဗ္ဗာန်၌။ ဒယာယ၊ ကရုဏာ၏၊ ဋ္ဌိတိ၊ တည်ရာသည်။ န၊ မရှိ။- ဟုဆိုပါ၏။

အမှန်အားဖြင့် လောက၏ အစီးအပွားအတွက် ဆောင်ရွက်ရာတွင် ကရုဏာသည် ပြဋ္ဌာန်း၏။

လောကုတ္တရာ အစီးအပွားအတွက် ဆောင်ရွက်ရာတွင် ပညာသည် ပြဋ္ဌာန်း၏။ ထို့ကြောင့် လောကီ လောကုတ္တရာအကျိုးစီးပွားနှစ်မျိုးစလုံးကို ဆောင်ရွက်ရန်အတွက် ကရုဏာနှင့် ပညာ နှစ်မျိုးလုံး လိုအပ်ခြင်းဖြစ်၏။

သို့ဖြစ်လေရာ သိဒ္ဓတ္ထမင်းသားသည် ကပိလဝတ်နိုင်ငံနှင့်တကွ လောက၏ အစီးအပွားကို ဆောင်ရွက်ရာတွင် ကရုဏာနှင့် ပညာနှစ်မျိုးလုံးသည် သိဒ္ဓတ္ထမင်းသား၌ တစ်သားတည်းအဖြစ် ရှိနေဖို့လို၏။

**သက်ရှိချစ်စရာများ**

ကရုဏာနှင့်ပညာ တစ်သားတည်းအဖြစ် ရှိနေရေးအတွက် အခြေခံအားဖြင့် ချစ်တတ်ဖို့လို၏။ ထို့ကြောင့် လောကတွင် ချစ်စရာများရှိနေရခြင်းဖြစ်၏။

ချစ်စရာများတွင် သက်ရှိလည်းပါဝင်၏။ သက်မဲ့ လည်းပါဝင်၏။ သက်ရှိတွင် အမိ, အဖ, ဇနီးနှင့် သားသမီးတို့ဖြစ်ကြ၏။ ဆွေမျိုးများလည်း ချစ်စရာများတွင်ပါဝင်၏။

သိဒ္ဓတ္ထမင်းသားအတွက် ခမည်းတော်လည်း ရှိပြီ။ ခမည်းတော်ရှိသဖြင့် လောကအပေါ် ဖခင်မေတ္တာမျိုးထားနိုင်လာ၏။

မယ်တော်လည်းရှိပြီ။ မယ်တော်ရှိသဖြင့် လောကအပေါ် မိခင်မေတ္တာမျိုး ထားနိုင်လာ၏။

မိဖုရားလည်း ရှိပြီ။ မိဖုရားရှိသဖြင့် လောကအပေါ် နှစ်ခုမပြား တစ်သားတည်း "အဒွိတ္ထမေတ္တာ" မျိုး ထားနိုင်လာ၏။

ဆွေမျိုးဉာတကာများလည်းရှိပြီ။ ဆွေမျိုးဉာတကာများ ရှိသဖြင့် လောကအပေါ် ဆွေလိုမျိုးလို ချစ်တတ်သော မေတ္တာမျိုး ထားနိုင်လာ၏။

ထို့အပြင် နိုင်ငံသူနိုင်ငံသားများလည်း ရှိပြီ။ နိုင်ငံသူနိုင်ငံသားများ ရှိသဖြင့် အားကိုးရာမဲ့များအပေါ် ချစ်တတ်သော မေတ္တာမျိုးကို ထားနိုင်လာ၏။

သိဒ္ဓတ္ထမင်းသားအတွက် လောကတွင် သက်ရှိနှင့်ပတ်သက်၍ ချစ်ရမည့်ချစ်စရာများ အားလုံးစုံလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သက်မဲ့ချစ်စရာများနှင့် ပတ်သက်၍လည်း နိုင်ငံတော်ရှိ၏။ သဘာဝ တော,တောင်, ရေ,မြေ ရှိ၏။ နန်းမဆောင်များရှိ၏။ မင်း၏အခမ်းအနားများရှိ၏။ ဤသည်များမှာ သက်မဲ့နှင့် ပတ်သက်သော ချစ်စရာများဖြစ်ကြ၏။ သိဒ္ဓတ္ထမင်းသားအတွက် သက်ရှိရော သက်မဲ့ရော ချစ်စရာဟူသမျှ အားလုံးအစုံရှိ၏။ ချစ်စရာများအားလုံးသည် အလောင်းတော် မင်းသား၏ သန္တာန်၌ ကရုဏာနှင့်ပညာ နှစ်မျိုးလုံး၏ အားကြီးသောအကြောင်း ဥပနိဿယ ဖြစ်လေ၏။

အမှန်အားဖြင့် ချစ်တက်မှ ကြင်နာတတ်၏။ ချစ်တတ်မှ ချစ်ရသူများအတွက် ကောင်းကျိုးကို ဆောင်ရွက်နိုင်အောင် နည်းလမ်းများကို ရှာကြံတတ်၏။

ဤနေရာ၌ ချစ်ခြင်းဟူသည်မှာ တရားကိုယ်အားဖြင့် အဒေါသဖြစ်၏။ ယင်းကို "မေတ္တာ"ဟူ၍လည်း ခေါ်၏။

အဘိဓမ္မာသဘောအရ အဒေါသသည် ကရုဏာနှင့်လည်း ယှဉ်နိုင်၏။ ပညာနှင့်လည်း ယှဉ်နိုင်၏။ ထို့ကြောင့် မေတ္တာကို ကရုဏာနှင့် ပညာ၏ အားကြီးသော ဥပနိဿယ အကြောင်းဟူ၍ ဆိုခြင်းဖြစ်၏။

တစ်နည်းအားဖြင့် ဆိုရလျှင် အလောင်းတော်သိဒ္ဓတ္ထမင်းသား၌ ကရုဏာနှင့် ပညာတို့၏ တစ်သားတည်းအဖြစ်ရှိနေအောင် ဤချစ်စရာများ၏ ပြည့်စုံခြင်းက အကြောင်းခံပါ၏။

ထိုအခါ သိဒ္ဓတ္ထမင်းသားသည် ဘုရင်တစ်ပါးအနေဖြင့် သူ၏တာဝန်ကို ကျေပွန်စွာဆောင်ရွက်ရ၏။ နိုင်ငံတော် အေးချမ်းသာယာရေး အတွက်လည်း သူ၏ တာဝန်ဖြစ်၏။ နိုင်ငံသူနိုင်ငံသားများအတွက် ရုပ်ပိုင်းပြည့်စုံမှုအရ စားဝတ်နေရေးနှင့် ကျန်းမာရေးတို့မြင့်မားအောင်လည်း ဆောင်ရွက်ရ၏။

ဝေဒနာပိုင်းပြည့်စုံမှုအရ အမြဲတမ်းပျော်ရွှင်ချမ်းမြေ့အောင်လည်း ဆောင်ရွက်ရ၏။

သညာပိုင်း၏ ပြည့်စုံမှုအရ အသိပညာများနှင့် အတတ်ပညာများ ပြည့်စုံ အောင်လည်း ဆောင်ရွက်ရ၏။

သင်္ခါရပိုင်း၏ ပြည့်စုံမှုအရ တီထွင်ကြံဆတတ်အောင်လည်း ဆောင်ရွက်ရ၏။

ဝိညာဏ်ပိုင်း၏ ပြည့်စုံမှုအရ စစ်မှန်သော ကိုးကွယ်ယုံကြည်မှုများကို ကိုးကွယ် ယုံကြည်တတ်အောင်လည်း ဆောင်ရွက်ရ၏။

တရားနှင့်အညီ မင်းပြုသော ဘုရင်ဖြစ်ရိုးမှန်လျှင် ဘုရင်မင်းမြတ်၏ တာဝန်နှင့် ဝတ္တရားမှာ ကြီးလေးလှပါ၏။

**လူတို့၏ဆန္ဒများ**

အမှန်အားဖြင့် လူသည် ခန္ဓာ ငါးပါးဖြင့် ဖွဲ့စည်းထားသော သတ္တဝါတစ်မျိုးဖြစ်၏။ ထို့ကြောင့် ခန္ဓာများအလိုက် ဆန္ဒများလည်း ငါးမျိုးရှိ၏။ ထိုဆန္ဒငါးမျိုးတွင်– ရူပက္ခန္ဓာ၏ဆန္ဒအရ လူသည် ကောင်းကောင်း စားချင်၏။ ကောင်းကောင်းဝတ်ချင်၏။ ကောင်းကောင်း နေချင်၏။ ကျန်းကျန်းမာမာ ရှိချင်၏။ ဤသည်မှာ ရူပက္ခန္ဓာ၏ တောင့်တမှုအရ ဖြစ်ပေါ်လာသော ဆန္ဒများဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာက္ခန္ဓာ၏ ဆန္ဒအရ လူသည် အမြဲတမ်းပျော်ရွှင်၍ ချမ်းမြေ့နေချင်၏။ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း- စသည်ဖြင့် အနုပညာရပ်များကို လေ့လာချင်၏။ လိုက်စားချင်၏။ ဤသည်မှာ ဝေဒနာက္ခန္ဓာ၏ တောင့်တမှုအရ ဖြစ်ပေါ်လာသော ဆန္ဒများဖြစ်၏။

သညာက္ခန္ဓာ၏ ဆန္ဒအရ လူသည် အသိပညာရှင်လည်း ဖြစ်ချင်၏။ အတတ်ပညာရှင်လည်း ဖြစ်ချင်၏။ အသိပညာနှင့် အတတ်ပညာဆိုင်ရာများကိုလည်း လေ့လာချင်၏။ လိုက်စားချင်၏။ ဤသည်မှာ သညာက္ခန္ဓာကြောင့် ဖြစ်ပေါ်လာသော တောင့်တမှုများ ဖြစ်ကြ၏။

သင်္ခါရက္ခန္ဓာ၏ ဆန္ဒအရ လူသည် ရှိပြီးသား အခြေအနေများနှင့် ကျေနပ်နေနိုင်သည်မဟုတ်။ ရောင့်ရဲနေနိုင်သည်မဟုတ်။ အမြဲတမ်းတီထွင် ကြံဆနေချင်သူဖြစ်၏။ ဤသည်မှာ သင်္ခါရက္ခန္ဓာကြောင့် ဖြစ်ပေါ်လာသော တောင့်တမှုများဖြစ်ကြ၏။

ဝိညာဏက္ခန္ဓာ၏ဆန္ဒအရ လူသည် သစ္စာတရားများကို ထိုးထွင်း၍ သိချင်၏။ စစ်မှန်သောကိုးကွယ်ရာကို ကိုးကွယ်ချင်၏။ လောကအား သစ္စာတရားများကို ဟောပြောပြသချင်၏။ ဤသည်မှာ ဝိညာဏက္ခန္ဓာ၏ တောင်းတမှုအရ ဖြစ်ပေါ်လာသော ဆန္ဒများဖြစ်ကြ၏။ သိဒ္ဓတ္ထမင်းသားသည် ဘုရင်တစ်ပါးအနေဖြင့် လူတို့၏ ဆန္ဒငါးမျိုးကို ပြည့်စုံသည်ထက် ပြည့်စုံရလေအောင် ဆောင်ရွက်ပေးဖို့ တာဝန်ရှိ၏။

သိဒ္ဓတ္ထမင်းသားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဖြည့်လာသူဖြစ်၏။ ဖြည့်လာရသောပါရမီများ၏ အာနုဘော်ကြောင့် သူသည် လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရန် ပြင်းပြသောဆန္ဒရှိသူဖြစ်၏။

မိမိအကျိုးစီးပွားကို ရှေ့တန်းတင်သူမဟုတ်။ သူသည်လောဘဖြင့် ကာမဂုဏ်စည်းစိမ်များကိုလည်း မတောင့်တ။

သက္ကာရဖြင့် ဧကရာဇ်လည်းမဖြစ်လို။

သိလောကဖြင့် ဒီသာပါမောက္ခလည်း မဖြစ်ချင်။

သို့ရာတွင် သိဒ္ဓတ္ထမင်းသားသည် အခြေအနေအရ နန်းစည်းစိမ်ကို ရလာ၏။ ထိုသို့ရရာတွင် သူကလိုချင်မက်မော၍ ရလာသည်မဟုတ်။ အများက ဝိုင်းဝန်းပေးအပ်၍ ရလာခြင်းဖြစ်၏။ ထို့ကြောင့် သူသည် မလိုချင်ပါဘဲနှင့် ရလာသောနန်းစည်းစိမ်ကို မိမိအတွက် အသုံးမပြုဘဲ လောအတွက်သာအသုံးပြုမည်ဖြစ်၏။ သိဒ္ဓတ္ထမင်းသားသည် အခြေအနေအရ ဘုရင်မင်းမြတ်ဖြစ်လာ၏။ ဘုရင်ဖြစ်လာရခြင်းမှာလည်း သူက ဘုရင်ဖြစ်ချင်၍ ဘုရင်ဖြစ်လာသည်မဟုတ်။ အများက ဘုရင်တင်မြှောက်၍ ဘုရင်ဖြစ်လာခြင်းဖြစ်၏။ ထို့ကြောင့် သူမလိုချင်ဘဲရလာသော ဘုရင်မင်းမြတ်၏ အာဏာကို မိမိအကျိုးစီးပွားအတွက် အသုံးပြုရန် စိတ်မကူးဘဲ လောကအတွက် အသုံးပြုရန်သာ စိတ်ကူး၏။

သိဒ္ဓတ္ထမင်းသားသည် ၁၈- ရပ်သော အတတ်ပညာများကို တစ်ဘက်ကမ်းခတ် တတ်မြောက်ထား၏။ ထိုပညာရပ်များကို သူသည်တတ်မြောက်ချင်၍ သင်ယူပြီး

www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်လာသည်မဟုတ်။ ပါရမီအရ မသင်ယူရပါဘဲနှင့် တတ်မြောက်ထားသော ပညာရပ်များဖြစ်၏။

ထို့ကြောင့် သူသည်မသင်ယူဘဲတတ်မြောက်လာသော ပညာရပ်များကို မိမိအတွက် အသုံးမချဘဲ လောကအတွက် အသုံးချမည်ဖြစ်၏။ သိဒ္ဓတ္ထမင်းသားသည် လွန်လေပြီးသော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလမှ စ၍ ယောကျ်ားကောင်းတစ်ယောက်အနေဖြင့် သူလုပ်ခဲ့သော လုပ်ငန်းဟူသမျှသည် သူ၏အကျိုးစီးပွားအတွက် ရည်ရွယ်၍ လုပ်ခဲ့သော လုပ်ငန်းဟူ၍ တစ်ခုမျှမရှိ။ အားလုံး လောက၏အကျိုးစီးပွားအတွက်သာ ရည်ရွယ်၍ လုပ်သော လုပ်ငန်းချည်းဖြစ်၏။

ထိုသို့ လုပ်နိုင်အောင်လည်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ကျင့်ရခြင်းဖြစ်၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုသည်မှာလည်း တစ်ချီတည်းနှင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြစ်လာသည်မဟုတ်။ တစ်မှစ၍သာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ဖြစ်လာရခြင်းဖြစ်၏။ ထို့ကြောင့် မည်သူမဆို မြင့်မြတ်သူများအဖြစ်ဖြင့် လုပ်ငန်းများကို လုပ်ရာ၌ တစ်မှစ၍သာ လုပ်ရသည်ချည်းဖြစ်၏။ ယနေ့တစ်မှ စ၍လုပ်လျှင် ယနေ့ပင် မြင့်မြတ်သူဖြစ်နိုင်၏။

**အဆုံးကိုတွေ့နိုင်သူ**

အမှန်အားဖြင့် မည်သည့်လုပ်ငန်းကို လုပ်လုပ် ထိုလုပ်ငန်းသည် ငါမပါသော လုပ်ငန်းဖြစ်ပါက ယင်းလုပ်ငန်း၌သာ အစဟူ၍ ရှိ၏။ ယင်း၏အစကား တစ်ဖြစ်၏။ အဆုံးကား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းလည်း ဖြစ်နိုင်၏။ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းလည်း ဖြစ်နိုင်၏။ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းလည်း ဖြစ်ချင်ဖြစ်နိုင်၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြင့် ဆုံးလျှင် ဗုဒ္ဓ၏ လုပ်ငန်းဖြစ်၏။ နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းဖြင့်ဆုံးလျှင် ပစ္စေကဗုဒ္ဓ၏ လုပ်ငန်းဖြစ်၏။ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြင့်ဆုံးလျှင် အဂ္ဂသာဝက၏ လုပ်ငန်းဖြစ်၏။ ကမ္ဘာတစ်သိန်းဖြင့် ဆုံးလျှင် မဟာသာဝက၏ လုပ်ငန်းဖြစ်၏။ သင့်လျော်သော ကာလဖြင့်ဆုံးလျှင် ပကိသာဝက၏လုပ်ငန်းဖြစ်၏။ ထို့ကြောင့် တစ်မှစသော သူတို့သည် အဆုံးကိုတွေ့နိုင်၏။ တစ်မှမစသောသူတို့ကား အဆုံးကိုမတွေ့နိုင်ချေ။

**အဆုံးကိုမတွေ့နိုင်သောလုပ်ငန်း**

တစ်မှမစသဖြင့် အဆုံးကိုမတွေ့နိုင်သော လုပ်ငန်းဟူသည်ကား ကောင်းမှုလုပ်ငန်းဖြစ်ဖြစ် မကောင်းမှုလုပ်ငန်းဖြစ်ဖြစ် ငါပါသော လုပ်ငန်းဖြစ်၏။ အမှန်အားဖြင့် ငါမပါသော လုပ်ငန်းတွင် သံသရာ၌ အစလည်းရှိ၏။ အဆုံးလည်းရှိ၏။ ငါပါသောလုပ်ငန်းသည် သံသရာ၌ အစလည်းမရှိ၊ အဆုံးလည်းမရှိ။ ကရွတ် ကင်းလျှောက်သဖွယ်ဖြစ်၏။ အစနှင့်အဆုံး ရှိသောလုပ်ငန်းကို လုပ်သူသည် မြင့်မြတ်သူဖြစ်၏။ ပါရမီရှိသူဖြစ်၏။ အစနှင့် အဆုံးမရှိသောလုပ်ငန်းကို လုပ်သူသည် မြင့်မြတ်သူမဟုတ်။ မြင့်မြတ်သူမဟုတ်လျှင် ယုတ်ညံ့သူသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**အုပ်ချုပ်သူနှင့်နိုင်ငံသာယာရေး**

ဓမ္မတာအားဖြင့် မြင့်မြတ်သူတို့ အုပ်ချုပ်သော နိုင်ငံသည် သာယာ၏။ ယုတ်ညံ့သူတို့အုပ်ချုပ်သော နိုင်ငံသည် မသာယာ။ ထိုစဉ်က ကပိလဝတ်နိုင်ငံသည် မြင့်မြတ်သူ အုပ်ချုပ်သော နိုင်ငံဖြစ်၏။ ထို့ကြောင့် သာယာ၏။ သာယာသည်ဆိုရာ၌ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများ ရှိသည်ကိုဆိုသည်မဟုတ်။ စိတ်ပိုင်းဆိုင်ရာတိုးတက်မှုများ ရှိသည်ကိုလည်း ဆိုသည် မဟုတ်။ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တိုးတက်မှုများ ရှိသည်ကိုသာ ဆိုခြင်း ဖြစ်၏။

ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တိုးတက်မှုမရှိပါဘဲ ရုပ်ပိုင်းဆိုင်ရာများသာ တိုးတက်လာလျှင် လည်းကောင်း၊ သို့မဟုတ်- စိတ်ပိုင်းဆိုင်ရာများသာ တိုးတက်လာလျှင် လည်းကောင်း၊ သို့မဟုတ်- ရုပ်ပိုင်းဆိုင်ရာများနှင့် စိတ်ပိုင်းဆိုင်ရာများ နှစ်မျိုးလုံး တိုးတက်လာလျှင် လည်းကောင်း၊

ယင်းသို့တိုးတက်လာခြင်းသည် လောက၌ ကောင်းသော လက္ခဏာကို မဆောင်၊ သုစရိုက်များထွန်းကားမှုကို ဖြစ်ပေါ်အောင်မလုပ်၊ အနိုင်ကျင့်ဝါဒကိုသာ ဖက်တွယ်တတ်သဖြင့် လောက၌ မကောင်းသောလက္ခဏာကိုသာ ဆောင်၏။ ဒုစရိုက်များ ထွန်းကားမှုကိုသာဖြစ်စေ၏။

ထို့ကြောင့် သာယာသည် ဆိုရာ၌ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ထွန်းကားမှုရှိခြင်း ကိုသာဆိုပါမှ မှန်ကန်မည်ဟူ၍ နားလည်အပ်၏။

**ငါမပါသောလုပ်ငန်းများကို ဆောင်ရွက်ခြင်း**

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် ထိုစဉ်က ကပိလဝတ် နိုင်ငံတော်ကို ဘုရင်အဖြစ် အုပ်ချုပ်ရာ၌ ငါမပါသောလုပ်ငန်းများကို ဆောင်ရွက်ခြင်းအားဖြင့်သာ အုပ်ချုပ်၏။ ထို့ကြောင့် ထိုစဉ်က ကပိလဝတ်နိုင်ငံတော်သည် သာယာခြင်း ဖြစ်၏။ ငြိမ်းချမ်းခြင်းဖြစ်၏။ သူသည် သူ၏နိုင်ငံတော်၌ ခန္ဓာဖွဲ့စည်းမှုအရ ဖြစ်ပေါ်နေသော ဆန္ဒငါးမျိုးကို ပြည့်ဝအောင် ဆောင်ရွက်ပါ၏။ သူ၏ ဆောင်ရွက်ချက်များကြောင့် ဖြစ်ပေါ်လာသော တိုးတက်မှုများကို လောကအမြင်ဖြင့် ကြည့်ပါက များစွာပင် ကျေနပ်ဖွယ်ဖြစ်ပါ၏။

ကမ္ဘာ့သမိုင်းများ၌ ကပိလဝတ် နိုင်ငံတော်နှင့် ပတ်သက်၍ ဆင်းရဲဒုက္ခများကို ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရသဖြင့် ထိုစဉ်က ကပိလဝတ်နိုင်ငံတော်သည် အေးချမ်းသာယာသော နိုင်ငံဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိ။ ထို့အပြင် အလောင်းတော်သည် သေတကေတု-နတ်သားအနေဖြင့်လည်း ထိုဒေသကို ကြည့်ပြီးဖြစ်၏။ ထိုလူမျိုးကို ကြည့်ပြီးဖြစ်၏။ အမှန်အားဖြင့် ထိုဒေသ, ထိုနိုင်ငံ, ထိုလူမျိုးသည် ဘုရားလောင်း ပေါ်ပေါက်နိုင်အောင် ရုပ်ပိုင်း,စိတ်ပိုင်း, ကိုယ်ကျင့်သိက္ခာပိုင်း- တို့၌ အဆင့်အတန်း မြင့်မားပါ၏။ အဆင့်အတန်းမြင့်မားသဖြင့်လည်း ဘုရားလောင်းသည် ပေါ်ပေါက် လာခြင်း ဖြစ်ပါ၏။ ဤသို့ဖြစ်သည်ကို "ပဋိရူပဒေသဝါသော" ဟူ၍ဆိုရ၏။

www.burmeseclassic.com

www.burmeseclassic.com



**ဘုရင်ကောင်းလျှင်နိုင်ငံကောင်း၏** လောကဖြစ်စဉ်တို့သည်လည်းကောင်း၊ လောကချုပ်စဉ် တို့သည်လည်းကောင်း ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ စက်ဝိုင်းသဖွယ် ဖြစ်ပါ၏။ ထို့ကြောင့် တရားနှင့်အညီ အုပ်ချုပ်သော ဘုရင်များ စိုးစံသောအခါ နိုင်ငံတော်သည် သာယာအေးချမ်း၏။ အေးချမ်းသာယာသော နိုင်ငံတော်၌ တရားနှင့်အညီ အုပ်ချုပ်သော ဘုရင်များပေါ်ပေါက်၏။ ဤသည်မှာ အကောင်းသံသရာလည်ခြင်း ဖြစ်၏။ အကျဉ်းအားဖြင့် ဆိုရလျှင် ဘုရင်ကောင်းလျှင် နိုင်ငံကောင်း၏။ နိုင်ငံကောင်းလျှင် ဘုရင်ကောင်း၏။

ထိုနည်းအတူပင် ဘုရင်ဆိုးလျှင် နိုင်ငံဆိုး၏။ နိုင်ငံဆိုးလျှင် ဘုရင်ဆိုး၏။ ဤသည်မှာ အဆိုးသံသရာလည်ခြင်းဖြစ်၏။

ဓမ္မတာအားဖြင့် ဘုရင်ဟူသည်နိုင်ငံ၏ မိဘဖြစ်၏။ မိဘဟူသည် သားသမီးများ အပေါ် ဖြူစင်မြင့်မြတ်သော မေတ္တာကိုသာထားရ၏။ ထိုအခါ သားသမီးများက မိဘ အပေါ် ရိုသေလာကြ၏။ ထိုသို့ရိုသေလာခြင်းသည် ကုသိုလ်ဖြစ်၏။ ကုသိုလ်ဟူက အပြစ်မရှိခြင်း, ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိသည်သာ ဖြစ်၏။ ထို့ကြောင့် ကမ္မနိယာမအရ "ဘုရင်ကောင်းလျှင် နိုင်ငံကောင်း၏။ နိုင်ငံကောင်းလျှင် ဘုရင်ကောင်း၏" ဟူသော အကောင်းသံသရာသည် လည်ရခြင်းဖြစ်၏။

ဓမ္မတာအားဖြင့်ပင် ဘုရင်ဆိုးသောအခါ နိုင်ငံသူနိုင်ငံသားများသန္တာန်၌ မိဘသဖွယ်ဖြစ်သော ဘုရင်အပေါ် မကြည်ညိုခြင်း, ပြစ်မှားခြင်းသည်ဖြစ်၏။ မလေးစားခြင်းသည် ဖြစ်၏။ မကြည်ညိုခြင်း, ပြစ်မှားခြင်း, မလေးစားခြင်းဟူသည်မှာ အကုသိုလ်ဖြစ်၏။ အကုသိုလ်ဟူက အပြစ်နှင့်တကွဖြစ်ခြင်း, မကောင်းသောအကျိုးကို ပေးခြင်း လက္ခဏာရှိသည်သာဖြစ်၏။ ထို့ကြောင့် "ဘုရင်ဆိုးလျှင် နိုင်ငံဆိုး၏။ နိုင်ငံဆိုးလျှင် ဘုရင်ဆိုး၏" ဟူသော အဆိုးသံသရာသည် လည်ရခြင်းဖြစ်၏။

ဤသို့လျှင် နိုင်ငံနှင့်ဘုရင်တို့သည် မိမိတို့၏ ရင်၌ ကိန်းနေကြသော ကုသိုလ်နှင့် အကုသိုလ်တို့၏ အကျိုးပေးမှုနိယာမအရ အကောင်းသံသရာလည်း လည်နိုင်၏။ အဆိုးသံသရာလည်း လည်နိုင်၏။ သိဒ္ဓတ္ထဘုရင်နှင့် ကပိလဝတ်နိုင်ငံသည်ကား အကောင်းသံသရာ လည်ခြင်းသာဖြစ်၏။ အဆိုးသံသရာလည်ခြင်းဟူ၍မဖြစ်။ အမှန် အားဖြင့် ကမ္မနိယာမကို မည်သူမျှမကျော်နိုင်။ မြတ်စွာဘုရားသည်ပင် မကျော်နိုင်။ လောကဖြစ်စဉ်ဟူသမျှတို့သည် ကောင်းကောင်းဆိုးဆိုး ကမ္မနိယာမအတိုင်းသာ ဖြစ်ကြရ၏။ မိမိတို့၏ ဆန္ဒအရ ဖြစ်ကြသည်မဟုတ်။

**စစ်မှန်သောချမ်းသာမဟုတ်** သိဒ္ဓတ္ထ မင်းသားသည် ကပိလဝတ် နိုင်ငံတော်ကို ဘုရင်ကောင်း အနေဖြင့် အုပ်ချုပ်၏။ ထိုအခါ ကမ္မနိယာမအတိုင်း ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ အကောင်းသံသရာသည် လည်လေ၏။ ထို့ကြောင့် ထိုစဉ်က ကပိလဝတ်နိုင်ငံတော်သည် အေးချမ်းသာယာခြင်း ဖြစ်၏။ သို့ရာတွင် သိဒ္ဓတ္ထမင်းသား၏ အမြင်၌မူ သူသည်လောကအတွက် တာဝန်ကျေသူ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်အတွက် တာဝန်ကျေသူအဖြစ်ဖြင့်လည်းကောင်း၊ သူ့ကိုယ်သူ မခံယူသေး။ သူကိုယ်သူ အားမရသေး။

အမှန်အားဖြင့် သိဒ္ဓတ္ထမင်းသားသည် ဘုရင်အဖြစ် အုပ်ချုပ်ရာ၌ သူသည် ကပိလဝတ်နိုင်ငံသူ နိုင်ငံသားများနှင့်တကွ လောကအတွက်အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးချင်၏။ ဆောင်ရွက်လည်းဆောင်ရွက်ပေး၏။

လူဖြစ်စေ, နတ်ဖြစ်စေ, ဗြဟ္မာဖြစ်စေ, တိရစ္ဆာန်ဖြစ်စေ, လောကတွင် မည်သူဖြစ်ဖြစ် ချမ်းသာသုခကို လိုချင်ကြသည်ချည်း ဖြစ်၏။ ချမ်းသာသုခကိုလိုချင်၍ လှုပ်ရှားရုန်းကန်နေကြခြင်းဖြစ်၏။ ဤသည်ကို သိဒ္ဓတ္ထမင်းသားသည်သိ၏။

ထို့ကြောင့် သူသည်လောကအတွက် ချမ်းသာသုခကိုရအောင် အတတ်နိုင်ဆုံး အားထုတ်၏။ အားထုတ်သလောက်လည်းရ၏။ ရသော်လည်း သူကမကျေနပ်သေး။ အမှန်အားဖြင့် သိဒ္ဓတ္ထမင်းသားသည် သူရှာဖွေဆောင်ကြဉ်းပေးသော ချမ်းသာသုခဟူသည် တကယ်တမ်းစစ်မှန်သော ချမ်းသာသုခမဟုတ်-ဟု နောက်တော့သိလာ၏။

အမှန်အားဖြင့် သူသည် လောကအတွက်ခံစားမှုချမ်းသာ=ဝေဒယိတသုခကိုသာ ရှာဖွေပေးနိုင်၏။ ထိုသုခသည် ချမ်းသာအမည်ကိုရသော်လည်း တကယ်တမ်းစစ်မှန်သော ချမ်းသာမဟုတ်။ ချမ်းသာအသွင်ရှိသော ဆင်းရဲသာဖြစ်၏။ သိဒ္ဓတ္ထမင်းသားသည် ကပိလဝတ်နိုင်ငံတော်ကို ဘုရင်အဖြစ် အုပ်ချုပ်၍ နိုင်ငံသားများအတွက် လူသားတို့အနေဖြင့် တောင့်တအပ်သော ဆန္ဒငါးမျိုးကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးလေ၏။

အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသော်လည်း သူ၏စိတ်ကတော့ ကျေနပ်လှသည် မဟုတ်သေး၊ ထို့ထက်ပို၍ ကပိလဝတ်နိုင်ငံသားများနှင့်တကွ လောကအတွက် ဆောင်ကြဉ်း ပေးလို၏။ သို့ရာတွင် သူသည် ဘုရင်အနေဖြင့် မတတ်နိုင်ပါချေ။ ဘုရင်အနေဖြင့်ကား ဤလောကတွင် အမြင့်ဆုံးသောအတိုင်းအတာအထိ ချမ်းသာသုခကို ရရှိနိုင်စေရန် သူဆောင်ရွက်ပြီးဖြစ်လေ၏။

အမှန်အားဖြင့် လူ့ဘဝဟူသည် အရိယသစ္စာအမြင်ဖြင့် ဆိုရလျှင် အသံထွက်၍ ငိုခြင်းနှင့် အသံမထွက်ဘဲ ငိုခြင်းတို့၏အကြား၌ ခေါက်တုံ့ခေါက်ပြန် ရွေ့လျားနေခြင်း ဖြစ်၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းမြတ်သည် ငိုခြင်းနှစ်မျိုးတို့ဖြင့် ဝန်းရံနေသော လူ့ဘဝကို ငိုခြင်းနှစ်မျိုးတို့မှ လွတ်မြောက်အောင် ဘုရင်အနေဖြင့် မစွမ်းဆောင်နိုင်ခြင်း ဖြစ်၏။

**ရဟန္တာဗြဟ္မာကြီးများ စောင့်ရှောက်မှု**

ဘုရင်အဖြစ် အုပ်ချုပ်ရာ၌ သိဒ္ဓတ္ထမင်းသားကို အမြဲတမ်း စောင့်ကြည့်နေသူများရှိ၏။ ထိုသူတို့ကား သုဒ္ဓါဝါသဘုံ၌ နေကြသော ရဟန္တာဗြဟ္မာကြီးများ ဖြစ်ကြ၏။ ရဟန္တာ ဗြဟ္မာကြီးများသည် သိဒ္ဓတ္ထမင်းသားအား ဘုရားဆုတောင်းအောင်လည်း လုပ်ခဲ့ကြ၏။ ပါရမီများကို ဖြည့်ကျင့်အောင်လည်း လုပ်ခဲ့ကြ၏။

နောက်ဆုံးဘဝအဖြစ် မယ်တော်မာယာဒေဝီဝမ်းတော်၌ ပဋိသန္ဓေယူအောင်လည်း

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့ကြ၏။ ဘုရားဖြစ်အောင်လည်း လုပ်ကြရဦးမည် ဖြစ်၏။ ဤသည်မှာ သူတို့၏ တာဝန်ဖြစ်၏။

ယခု သိဒ္ဓတ္ထမင်းသားသည် ဘုရင်အဖြစ် အုပ်ချုပ်နေသည်မှာ ကြာလေပြီ။ ၁၃– နှစ်တိုင်လေပြီ။ ထိုကာလအတွင်း သူ၏နိုင်ငံသားများအတွက် လောကချမ်းသာကို ရအောင် ဆောင်ရွက်ပေးနိုင်ခြင်းသည် ဓမ္မတာအားဖြင့် လုံလောက်သောကာလအထိ တာဝန်ကိုထမ်းခြင်း ဖြစ်၏။ ယခုအချိန်ပြည့်ပြီ။ ပို၍မြင့်မားသောချမ်းသာ=သန္တိသုခ အတွက် ဆောင်ရွက်ရန် အချိန်တန်လေပြီ။

ထို့ကြောင့် ဗြဟ္မာကြီးတို့သည် အလောင်းတော်မင်းသား တောထွက်ဖြစ်အောင် ဆောင်ရွက်ပေးဖို့တာဝန် ရှိလာပြန်၏။ အမှန်အားဖြင့် အလောင်းတော်သိဒ္ဓတ္ထမင်းသား၏ စိတ်အာရုံများကို ပြုပြင်ပေးနေကြသည်မှာ ရဟန္တာဗြဟ္မာကြီးများ ဖြစ်ကြ၏။

ထူးခြားသောအကြံအစည်များနှင့် အတွေးအမြင်များသည် သိဒ္ဓတ္ထမင်းသား၏ သန္တာန်၌ဖြစ်ပေါ်လေတိုင်း သူ့အလိုအလျောက် ပေါ်လာကြသည်မဟုတ်။ သုဒ္ဓါဝါသ ရဟန္တာဗြဟ္မာကြီးများ၏ ဆောင်ရွက်ချက်ကြောင့်သာ ပေါ်လာကြခြင်း ဖြစ်လေ၏။ အမှန်အားဖြင့်လည်း လောက၌ အရိယသစ္စာတရားများ ပေါ်ထွန်းအောင် ဆောင်ရွက်ရေး အတွက် ဘုရားလောင်း ရှာခြင်းမှစ၍ ဘုရားပွင့်တော်မူသည်အထိ သိဒ္ဓတ္ထမင်းသား၏စိတ်ကို ဗြဟ္မာကြီးများသည် ပဲ့ကိုင်လျက်ရှိကြ၏။ ယခု နိမိတ်ကြီးလေးပါးကို ပြဖို့အချိန် ရောက်ပေပြီ။

**ဘုရားအဖြစ်တာဝန်ယူရန် အချိန်ရောက်ပြီ**

တစ်ခုသောနေ့တွင် သိဒ္ဓတ္ထမင်းသားသည် မင်္ဂလာ ဥယျာဉ်သို့ ထွက်ကြွတော်မူ၏။ အလောင်းတော်မင်းသားသည် အရိယသစ္စာကိုရှာရန် တောထွက်ချိန်သို့ရောက်ပြီ။ ဘုရင်အဖြစ် လောက၏ အစီးအပွားအတွက် တာဝန်ယူရန်အချိန်သည် ပြည့်လေပြီ။ ဘုရားအဖြစ် တာဝန်ယူရန်အချိန် ရောက်ပြီ။ ဘုရင်အဖြစ်တာဝန်ယူသောအခါ လောက အတွက် ဝေဒယိတသုခကို ပေးနိုင်မည်ဖြစ်၏။ ဘုရားအဖြစ် တာဝန်ယူပါက သန္တိသုခကို ပေးနိုင်မည်ဖြစ်၏။ ဤသို့လျှင် သုခနှစ်ပါးတို့ ပေးရာကာလကို ဗြဟ္မာကြီး တို့က သတ်မှတ်ပိုင်းခြားပြီးနောက် သန္တိသုခ ပေးရာကာလအတွက် လုပ်ငန်းကို "သူအိုနိမိတ်"ကို ပြခြင်းအားဖြင့် စတင်လေ၏။

သိဒ္ဓတ္ထမင်းသားသည် မင်္ဂလာဥယျာဉ်တော်သို့ ထွက်ကြွတော်မူရာတွင် 'သူအို'ကိုမြင်သောအခါ ပထမအကြိမ် သံဝေဂဖြစ်တော်မူ၏။ သူသည် လောကတွင် တာဝန်အကျေဆုံး ယောကျ်ားကောင်းတစ်ယောက်အဖြစ် သူ့ကိုယ်သူသတ်မှတ်ပြီး ဆောင်ရွက်လာခဲ့ရာ သူအိုကိုတွေ့ရမှ သူသည် တာဝန်မကျေသေးသူဖြစ်ကြောင်း သိလာ၏။ လောကအတွက် သူပေးသောချမ်းသာ ဝေဒယိတသုခ ဟူသည်မှာ ဘာမျှမပြောပလောက်သော ချမ်းသာဖြစ်၏။ ထို့ကြောင့် လောကအတွက်ငြိမ်းချမ်းမှု ချမ်းသာ=သန္တိသုခကို ပေးနိုင်ဖို့ အားထုတ်ရန်လိုကြောင်း သဘောပေါက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သဘောပေါက်အောင်လည်း ပြဟ္မာကြီးတို့က ဆောင်ရွက်ခြင်းဖြစ်၏။ အမှန်အားဖြင့် သူအိုနိမိတ်သည် ပြဟ္မာကြီးတို့ကပြသော နိမိတ်ကြီးဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် ကပိလဝတ်နိုင်ငံတော်ကို ဘုရင်အဖြစ်အုပ်ချုပ်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသာ အာရုံစိုက်ရလွန်းသဖြင့် ပင်ပန်းလှ၏။ သူ၏ ပတ်ဝန်းကျင်တွင် သာကီယဇာတ် မြတ်သောကညာတို့ ရှိကြပါ၏။ အသွင်အားဖြင့် ဆိုရလျှင် အလောင်းတော်မြတ်သည် နတ်ကညာတို့ ဝန်းပတ်ကာ ခြံရံအပ်သော နတ်လုလင်သဖွယ် ဖြစ်၏။ အနှစ်သာရအားဖြင့်ဆိုရလျှင် အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် သူ၏ကာမဂုဏ်စည်းစိမ်များ၌ စိတ်မဝင်စား၊ မထေရ်ကြီးသဖွယ်ဖြစ်၏။ အမှန်အားဖြင့် သူသည် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေး၌သာ စိတ်ဝင်စား၏။ ထို့ကြောင့် သူသည် သူ၏ကာယအားနှင့် ဉာဏအားတို့ကို နိုင်ငံတော်အတွက်သာ အသုံးပြုနေသဖြင့် ပင်ပန်းလွန်းလှ၏။ သို့ဖြစ်၍ သူသည် အပန်းဖြေသဘောမျိုးဖြင့် မင်္ဂလာဥယျာဉ်တော်သို့ ထွက်ကြွတော်မူရာမှ သူအိုကိုတွေ့ခြင်းဖြစ်၏။

သူသည်သူအိုများကို တွေ့ဖူးပါ၏။ ယခုလိုအိုသောသူများကို သူ မတွေ့ဘူးသေး။ ဤ သူအိုကား ရိုးရိုးသူအိုမဟုတ်။ ပြဟ္မာတို့ကပြသော သူအိုဖြစ်၏။ ထို့ကြောင့် ဤ သူအိုသည် သူမြင်ဖူးသောသူအိုတို့နှင့် ခြားနားခြင်းဖြစ်၏။ သိဒ္ဓတ္ထမင်းသားသည် အမှားနှင့်အမှန်ကို ဆုံးဖြတ်ရာ၌ ယခုပြန်လည်၍ စဉ်းစားရလေပြီ။ ရှေးယခင်ကလည်း ဘဝတိုးတက်မှုနှင့် ပတ်သက်၍ စဉ်းစားခဲ့ဖူးပါ၏။ ထိုသို့စဉ်းစားသောအခါ ခန္ဓာငါးပါးတို့၏ ဆန္ဒကို အတတ်နိုင်ဆုံးပြည့်စုံအောင် ဖြည့်ဆည်းရေးအတွက် ဘုရင်တစ်ပါးအနေဖြင့် ဆောင်ရွက်ရာတွင် မိမိ၏ကိုယ်ကျိုးကို ပဓာနမထားဘဲ ဆောင်ရွက်နိုင်ရန်သာ စဉ်းစားခဲ့၏။ စဉ်းစားသည့်အတိုင်းလည်း ဆောင်ရွက်ခဲ့၏။ ဆောင်ရွက်သည့်အတိုင်းလည်း နိုင်ငံတော်သည် တိုးတက်ခဲ့၏။ ဖွံ့ဖြိုးခဲ့၏။

ကပိလဝတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်နေသည်ကို သူကိုယ်တိုင် မျက်ဝါးထင်ထင်တွေ့မြင်၏။ ကပိလဝတ်နိုင်ငံသားများ၏ ဘဝတိုးတက်နေသည်ကိုလည်း သူကိုယ်တိုင် မျက်ဝါးထင်ထင် မြင်၏။ ဤသို့ တိုးတက်ဖွံ့ဖြိုးခြင်း၌ သူ၏စွမ်းအားများ များစွာပါဝင်သည်ကိုလည်း သူသိ၏။ ထို့ကြောင့် သူသည်ပင်ပန်းလှပါသော်လည်း ပင်ပန်းရကျိုးနပ်သည်ဟူ၍ ကျေနပ်မှုကို ရှေးယခင်က ခံစားမိ၏။ ဘဝတိုးတက်မှုနှင့် ပတ်သက်၍ အမှားနှင့်အမှန်ကို ဆုံးဖြတ်ရာ၌ ရှေးသမားရိုးကျနည်းအတိုင်း ဆုံးဖြတ်ခြင်း ဖြစ်သဖြင့်သာ ယခုကဲ့သို့ သိဒ္ဓတ္ထမင်းသားက မြင်ခြင်းဖြစ်၏။ အမှားနှင့်အမှန်ကို ဆုံးဖြတ်ရာ၌ ရှေးသမားရိုးကျနည်းအတိုင်း ဆုံးဖြတ်ခြင်းဟူသည်မှာ ပုဂ္ဂိုလ်က ဆုံးဖြတ်ခြင်း ဖြစ်၏။ ဓမ္မကဆုံးဖြတ်ခြင်းမဟုတ်။ အမှန်အားဖြင့်လည်း ဓမ္မကဆုံးဖြတ်ခြင်းဟူသည်မှာ အရိယသစ္စာဉာဏ်ဖြင့် ဆုံးဖြတ်ခြင်း ဖြစ်လေ၏။

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဘဝ၏ တိုးတက်ဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ အမှားနှင့်အမှန်ကို ဆုံးဖြတ်ရာ၌ အရိယသစ္စာဉာဏ်ကို မရသေးသဖြင့် ဓမ္မက

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်မျိုးဖြင့် မဆုံးဖြတ်နိုင်သေးဘဲ ပုဂ္ဂိုလ်ကဆုံးဖြတ်ချက်မျိုးဖြင့်သာ ဆုံးဖြတ်နိုင်သေးခြင်း ဖြစ်၏။ ထို့ကြောင့် အမှားနှင့်အမှန်ကိုဆုံးဖြတ်ရာတွင် သိဒ္ဓတ္ထမင်းသားသည် ရှေးသမားရိုးကျ အမြင်အတိုင်း ဆုံးဖြတ်ခြင်း ဖြစ်၏ဟူ၍ ဆိုခြင်းဖြစ်၏။

**ပုဂ္ဂိုလ်အရအမှားနှင့် အမှန်ဆုံးဖြတ်ခြင်း**

သမားရိုးကျအမြင်အရ အမှားနှင့်အမှန်ဆုံးဖြတ်ရာတွင် ပထမ "ငါ"ဖြင့် ဆုံးဖြတ်၏။ ဒုတိယ "သူ" ဖြင့် ဆုံးဖြတ်၏။ ဤဆုံးဖြတ်ခြင်းမျိုးကို ပုဂ္ဂိုလ်ကဆုံးဖြတ်ခြင်းဟူ၍ ဆိုရ၏။ ထိုသို့ဆုံးဖြတ်ရာ၌ သမ္မုတိသစ္စာအားဖြင့်ဆိုရလျှင် "ငါ"ဖြင့် ဆုံးဖြတ်ခြင်းထက် "သူ" ဖြင့်ဆုံးဖြတ်ခြင်းက ပို၍မှန်၏။ လုပ်ငန်းတစ်ခုကိုလုပ်ရာတွင် မိမိမျက်စိဖြင့်ကြည့်ပြီး မိမိဘာသာ အမှားနှင့်အမှန်ကို ဆုံးဖြတ်၏။ ထိုသို့ဆုံးဖြတ်ခြင်းသည် "ငါ" ဖြင့် ဆုံးဖြတ်ခြင်းဖြစ်၏။ "ငါ"ဖြင့်ဆုံးဖြတ်ရာတွင် မြင်စရာကလည်း မိမိပင်ဖြစ်၏။ မြင်သူကလည်း မိမိပင်ဖြစ်၏။ နှစ်မျိုးလုံး မိမိပင်ဖြစ်၏။ သူဖြင့်ဆုံးဖြတ်ရာတွင် သူတစ်ပါးက သူတို့၏မျက်စိဖြင့် မိမိကိုကြည့်ပြီး သူတို့ဘာသာ ဆုံးဖြတ်ခြင်းဖြစ်၏။ ထိုအခါ မြင်စရာကမိမိဖြစ်ပြီး မြင်သူကသူတို့ဖြစ်ကြ၏။ ထို့ကြောင့် မြင်စရာနှင့်မြင်သူတို့ အချင်းချင်းမတူ။ ခြားနား၏။

မြင်ကွင်းအရဆိုရလျှင် "ငါ"ဖြင့်ဆုံးဖြတ်သောအခါ မြင်ကွင်းကျဉ်း၍ "သူ"ဖြင့် ဆုံးဖြတ်သောအခါ မြင်ကွင်းကျယ်၏။ သို့ဖြစ်လေရာ "ငါ"ဖြင့်ဆုံးဖြတ်သည်ထက် "သူ"ဖြင့်ဆုံးဖြတ်သည်က ပို၍မှန်လေ၏။ ထို့ကြောင့် လုပ်ငန်းတစ်ခုနှင့်ပတ်သက်၍ အမှားနှင့်အမှန်ဆုံးဖြတ်ရာတွင် မိမိဘာသာ အမှားနှင့်အမှန်ပြောခြင်းထက် သူတစ်ပါးက အမှားနှင့်အမှန်ပြောခြင်းက ပို၍မှန်ခြင်းဖြစ်လေ၏။

သို့ရာတွင် ဤအမှန်ကား သမ္မုတိသစ္စာအရ အမှန်သာဖြစ်၏။ ပရမတ္ထသစ္စာအရ အမှန်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် "ငါ"ဟူသည်မှာလည်း တဏှာ,မာန,ဒိဋ္ဌိ–ဖြစ်၍ "သူ"ဟူသည်မှာလည်း တဏှာ,မာန,ဒိဋ္ဌိ–ပင်ဖြစ်သောကြောင့် ဖြစ်၏။

လုပ်ငန်းတစ်ခုနှင့်ပတ်သက်၍ အမှားနှင့်အမှန်ကို ဆုံးဖြတ်ရာတွင် တဏှာ, မာန, ဒိဋ္ဌိ–တို့ဖြင့်ဆုံးဖြတ်နေသရွေ့ကာလပတ်လုံး အဘယ်မှာလျှင် မချွတ်မလွဲသောအမှန်ဖြစ်နိုင်ပါမည်နည်း။ အမှန်အားဖြင့် ချွတ်လွဲသောအမှန်သာ ဖြစ်ချေ၏။ ထို့ကြောင့် "ငါ"ဖြင့်ဆုံးဖြတ်သည်ဖြစ်စေ၊ "သူ"ဖြင့်ဆုံးဖြတ်သည်ဖြစ်စေ၊ ထိုဆုံးဖြတ်ချက် နှစ်မျိုးလုံးကိုပင် ပုဂ္ဂိုလ်ကဆုံးဖြတ်ခြင်းဟူ၍ဆိုရ၏။

သိဒ္ဓတ္ထမင်းသားသည် နိုင်ငံတော်ကို ဘုရင်အဖြစ်အုပ်ချုပ်ရာ၌ ဘဝ တိုးတက်ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ ဆုံးဖြတ်ရာတွင် ပုဂ္ဂိုလ်ကဆုံးဖြတ်ခြင်း မျိုးဖြင့်သာ ဆုံးဖြတ်ခဲ့၏။ အမှန်အားဖြင့် သိဒ္ဓတ္ထမင်းသားသည် ထိုအချိန်က အရိယသစ္စာကို ရှာဖွေခြင်းမရှိသေးသဖြင့် သူ၏လုပ်ငန်းများကိုဆုံးဖြတ်ရာတွင် ဓမ္မကဆုံးဖြတ်ခြင်းမျိုးဖြင့် မဆုံးဖြတ်နိုင်သေးခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခု သိဒ္ဓတ္ထမင်းသားသည် သူ့အိုကိုတွေ့လေပြီ။ သူလည်းထိုကဲ့သို့ပင် အိုရမည်ကို ယခင်က မစဉ်းစားမိခဲ့။ ယခုသူစဉ်းစားမိပြီ။ ထိုအခါ သူ၏ပျော်ရွှင်မှုဟူသမျှတို့သည် အားလုံးပျက်စီးသွားကြပြီ။ သူယခု မိမိ၏အတွေ့အကြုံနှင့်နှိုင်းယှဉ်၍ စဉ်းစား၏။ သတ္တဝါအားလုံးတို့၏ အကြောင်းအမျိုးမျိုးကြောင့်ရသော ပျော်ရွှင်ချမ်းမြေ့မှုဟူသမျှတို့သည် "အိုမင်း"၏မျက်နှာကို သူတွေ့သလို သူတို့မတွေ့ကြသေး၍သာ ရှိနိုင်ကြခြင်းဖြစ်၏။

အကယ်၍ "အိုမင်း"၏မျက်နှာကို သူတွေ့သလိုသာ သူတို့တွေ့ကြပါလျှင် သူတို့၏ပျော်ရွှင်ချမ်းမြေ့မှုဟူသမျှ အားလုံးတို့သည်လည်း ပျက်စီးပျောက်ကွယ်သွားကြမည်မှာ မုချဖြစ်ပါ၏။

ထိုကြောင့် ပုဂ္ဂိုလ်ကဆုံးဖြတ်ခြင်းမျိုးဖြင့် ဆုံးဖြတ်ခဲ့သောဆုံးဖြတ်ချက်များသည် နောက်ဆုံး အမှန်မဟုတ်သေးကြောင်း သူသည်သိလေပြီ။ အမှန်အားဖြင့် "အိုမင်း"၏ မျက်နှာကို မြင်နေရသေးသရွေ့ကာလပတ်လုံး မိမိတို့ရရှိသော ပျော်ရွှင်ချမ်းမြေ့မှုဟူသမျှတို့သည် တကယ်တမ်းစစ်မှန်သော ပျော်ရွှင်ချမ်းမြေ့မှုများ မဟုတ်နိုင်ကြောင်း မည်သူမျှငြင်းဆိုရဲမည် မဟုတ်။ ထိုသို့ သိဒ္ဓတ္ထမင်းသားက ဆုံးဖြတ်လိုက်၏။

**ဓမ္မ၏ဆုံးဖြတ်ချက်**

ထိုအခါ သိဒ္ဓတ္ထမင်းသား၏ဉာဏ်၌ "ငါ"လည်းမပါ၊ "သူ" လည်းမပါဘဲ "ဓမ္မ"သက်သက်က ဆုံးဖြတ်ချက် မျိုးဖြင့်သာ ဆုံးဖြတ်သော ဆုံးဖြတ်ချက်မျိုးသာ နောက်ဆုံး မချွတ်မလွဲသော ဆုံးဖြတ်ချက်ဖြစ်သည်ဟူ၍ ထင်လာ၏။

အမှန်အားဖြင့် "ငါ"ဟူသည်လည်း အတ္တ–ပင်ဖြစ်၏။ "သူ"ဟူသည်လည်း အတ္တ–ပင်ဖြစ်၏။ ထိုကြောင့် ငါကဆုံးဖြတ်လည်း အတ္တကဆုံးဖြတ်ရာရောက်၏။ သူကဆုံးဖြတ်လည်း အတ္တကဆုံးဖြတ်ရာရောက်၏။ သို့ဖြစ်၍ "ငါ"လည်းမပါ၊ "သူ"လည်းမပါသော ဆုံးဖြတ်ချက်မျိုးဖြင့် ဆုံးဖြတ်မှသာ နောက်ဆုံး မချွတ်မလွဲသော ဆုံးဖြတ်ချက်မျိုး ဖြစ်၏။

ယင်းဆုံးဖြတ်ချက်မျိုးကား ဓမ္မကဆုံးဖြတ်သော ဆုံးဖြတ်ချက်မျိုးဖြင့်သာ ဆုံးဖြတ်သောဆုံးဖြတ်ချက်ဖြစ်၏။ ဓမ္မဟူသည် အနတ္တဖြစ်၏။

ထိုကြောင့် ဓမ္မကဆုံးဖြတ်ရာ၌ အတ္တမပါဝင်ချေ။ အတ္တမပါဝင်လေသောအခါ အာရုံများကိုမြင်ရာ၌ "ငါ"ကမြင်ခြင်းမဟုတ်။ မြင်စိတ်သက်သက်ဖြစ်သော ဓမ္မကသာ မြင်ခြင်းဖြစ်၏။ ထိုနည်းအတူ အာရုံများကိုကြားရာ၌ဖြစ်စေ၊ သိရာ၌ဖြစ်စေ၊ ငါကကြားခြင်း၊ ငါကသိခြင်းမဟုတ်ဘဲ ကြားစိတ်သက်သက်ဖြစ်သော ဓမ္မကကြားခြင်း၊ သိစိတ်သက်သက်ဖြစ်သော ဓမ္မကသိခြင်းဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် လောကကို ဓမ္မကကြည့်တတ်သော အကြည့်မျိုးဖြင့် ကြည့်တတ်အောင်အားထုတ်ရန် ဆုံးဖြတ်ပြီး နန်းတော်သို့ပြန်လာလေ၏။ သူ့အိုကိုတွေ့

www.burmeseclassic.com

www.burmeseclassic.com



မြင်ပြီးနောက် သူသည် ရှေ့ဆက်မသွားတော့ချေ။ သူစိတ်ကူးတစ်မျိုးကိုရလေပြီ။ စဉ်းစားစရာတစ်မျိုးကို ရလေပြီ။ အမှန်အားဖြင့် သူအိုသည် သိဒ္ဓတ္ထမင်းသားအတွက် ဘဝအကွေ့အပြောင်း မှတ်တိုင်တစ်ခုဖြစ်လေပြီ။ ယင်းမှတ်တိုင်မျိုးကို "ပစ္စဘိညာ" ဟူ၍ဆို၏။

ပစ္စဘိညာ–ဆိုသည်မှာ မိမိ၏ ဘဝပန်းတိုင်ကို အမှန်အတိုင်း ပြန်လည် မှတ်မိစေနိုင်သော အာရုံဖြစ်၏၊ သိဒ္ဓတ္ထမင်းသားသည် သူ၏ဘဝပန်းတိုင်ကို သုမေဓာရှင်ရသေ့ဘဝမှစ၍ အစဉ်တစိုက် သဗ္ဗညုတဉာဏ်ကိုရ၍ သမ္မာသမ္ဗုဒ္ဓဖြစ်လာစေရန် သတ်မှတ်ထားခဲ့၏ သို့ရာတွင် အဝိဇ္ဇာကြောင့် ယာယီအားဖြင့် ဘဝပန်းတိုင်ပျောက်ခဲ့၏။ ယခု 'သူအို' ကိုမြင်သောအခါမှ သူသတ်မှတ်ထားခဲ့သော ဘဝပန်းတိုင်ကို ပြန်လည် အမှတ်ရမိခြင်း ဖြစ်၏။

ပစ္စဘိညာ–ဟူသမျှသည် ဘဝအတွက် စွမ်းအင်ကြီးမားသော အမြင်သစ်ကို ဖြစ်စေပါ၏။ အမှန်အားဖြင့် သူအိုသည် သိဒ္ဓတ္ထမင်းသားအနေဖြင့် "သမ္မာသမ္ဗုဒ္ဓ" ဖြစ်ရေးအတွက် ပထမဦးဆုံးသော ပစ္စဘိညာ–ဖြစ်ပါ၏။

သိဒ္ဓတ္ထမင်းသားသည် မင်္ဂလာဥယျာဉ်တော်သို့ ထွက်ကြွတော်မူရာတွင် လမ်းခရီး၌ သူအိုကိုတွေ့မြင်သဖြင့် ရှေ့ဆက်မသွားတော့ဘဲ သူအိုကို တွေ့ရာနေရာမှပင် ပြန်လှည့်လာ၏ဟူသော သတင်းသည် သာကီဝင်များအတွင်း တစ်မဟုတ်ချင်း ပျံ့နှံ့သွား၏။ ထိုကြောင့် ခမည်းတော်သုဒ္ဓေါဒနမင်းကြီး အမှူးပြုသော သာကီဝင်မင်းသားတို့သည် သိဒ္ဓတ္ထမင်းသားအနေဖြင့် နောက်ထပ်နိမိတ်ကြီးများကို မမြင်နိုင်စိမ့်သောငှာ လုံ့လစိုက်ကြပြန်၏။ နန်းတော်၌ မြတ်နိုးဖွယ် လောကီအာရုံကာမဂုဏ်များကို တိုး၍စီစဉ်ကြပြန်၏။ သူတို့သည် သိဒ္ဓတ္ထမင်းသားကို ကာမဂုဏ်တို့ဖြင့် နှောင်ဖွဲ့နိုင်လိမ့်မည်ဟု သူတို့ကထင်မှတ်ကြ၏။ သူတို့၏အထင်ကား မှန်သင့်သလောက်တော့ မှန်ပါ၏။ သို့ရာတွင် အားလုံးအပြီးသတ်အမှန်ကားမဟုတ်။

**အိုမင်းနိုင်ငံလွန်ချမ်းသာ**

သိဒ္ဓတ္ထမင်းသားသည် လောကအတွက် အသက်ရှင်လာသူဖြစ်၏။ သူ့အတွက် အသက်ရှင်လာသူမဟုတ်။ ထိုကြောင့် သူသည် လောကအတွက် အကောင်းဆုံး ဖြစ်အောင် အလုပ်ကိုလုပ်ခဲ့ပါ၏။ ဘုရင်အနေဖြင့် သူသည်နိုင်ငံတော်အတွက် ကိုယ်ကျိုးကိုစွန့်ကာ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပါ၏။ နိုင်ငံသားများအတွက် ချမ်းသာသုခကို အမြင့်ဆုံးခံစားနိုင်အောင် ဆောင်ရွက်ခဲ့ပါ၏။ သို့ရာတွင်သူသည် "အိုမင်း"၏ နိုင်ငံအတွင်း၌သာရှိနိုင်သော ချမ်းသာသုခမျိုးကိုသာ ဆောင်ကြဉ်းပေးနိုင်၏။ "အိုမင်း"၏ နိုင်ငံအလွန်၌ရှိသော ချမ်းသာသုခမျိုးကို သူ့အနေဖြင့် ဆောင်ကြဉ်းမပေးနိုင်ကြောင်း "သူအို" တွေ့ရာမှ သူသည်သိလာ၏။

မည်သူမဆို သတ္တဝါဟူသမျှသည် မည်မျှပင် ကာမဂုဏ်စည်းစိမ်တို့နှင့် ပြည့်စုံသည်ဆိုစေ အိုမင်း၏အုပ်စိုးရာ၌သာ နေထိုင်ကြရသည့် အိုမင်း၏နိုင်ငံသားများသာ ဖြစ်ကြ၏။ အိုမင်း၏အာဏာကို မတွန်းလှန်နိုင်သဖြင့် အိုမင်း၏မျက်နှာတော်ကို

www.burmeseclassic.com

www.burmeseclassic.com



ခဏတိုင်းခဏတိုင်း မြင်နေကြရသမျှကာလပတ်လုံး သူတို့ခံစားရသော ချမ်းသာသုခ ဟူသမျှသည် တကယ်တမ်းစစ်မှန်သော ချမ်းသာသုခများမဟုတ်ကြ။ သိဒ္ဓတ္ထမင်းသား သည် ရဟန္တာဖြဟ္မာကြီးတို့၏ ပံ့ပိုးမှုကြောင့် ခံစားမှုချမ်းသာ=ဝေဒယိတသုခ၏ အပြစ်=အာဒီနဝကို ဖော်ပြပါအတိုင်း မှန်းဆ၍သိနိုင်လာ၏။ ထိုအခါ သိဒ္ဓတ္ထမင်းသားသည် အိမ်းနိုင်ငံလွှန်ချမ်းသာ=သန္တိသုခကို ယောကျ်ားကောင်းတစ်ယောက်အနေဖြင့် လောက အတွက် ရှာပေးချင်လာ၏။ သို့ရာတွင် သူသည် အိမ်းနိုင်ငံလွှန်ချမ်းသာကို မည်သို့ရှာရမှန်း မသိဘဲရှိလေ၏။

အမှန်အားဖြင့် မည်သူမဆို အိမ်းနိုင်ငံလွှန်ချမ်းသာကို ရှာဖွေမပေးနိုင်ဘဲ အိမ်းနိုင်ငံတွင်း ချမ်းသာမျိုးကို ရှာဖွေပေးနိုင်ရုံမျှနှင့်တော့ တကယ်တမ်းယောကျ်ား ကောင်း မဟုတ်သေး။ တကယ်တမ်းယောကျ်ားကောင်း ဟုတ်ရိုးမှန်လျှင် အိမ်းနိုင်ငံလွှန် ချမ်းသာမျိုးကို ရှာဖွေပေးနိုင်ရမည်။ ဤသို့ သိဒ္ဓတ္ထမင်းသားက စဉ်းစား၏။ ထိုသို့ စဉ်းစားမိသောကြောင့် သူသည်စကြဝတေးမင်းဘဝနှင့် မကျေနပ်နိုင်ခြင်းဖြစ်၏။ စကြဝတေးမင်းဟူသည် လေးကျွန်းကို အစိုးရသည်မှန်သော်လည်း သူအစိုးရသော နိုင်ငံသူနိုင်ငံသားများအတွက် သူဆောင်ရွက်ပေးနိုင်သောချမ်းသာကား အိမ်းနိုင်ငံတွင်း ချမ်းသာ–သာလျှင်ဖြစ်၏။ အိမ်းနိုင်ငံလွှန်ချမ်းသာမဟုတ်။ ထိုကြောင့် စကြဝတေး မင်းသည်လည်း "အနှိုင်းမဲ့ယောကျ်ားကောင်း" မဟုတ်ချေ။ သိဒ္ဓတ္ထမင်းသားသည် အနှိုင်းမဲ့ယောကျ်ားကောင်းဖြစ်လိုလှ၏။ သို့ရာတွင် အချိန်လိုသေးသဖြင့် အနှိုင်းမဲ့ ယောကျ်ားကောင်းဖြစ်နည်းကို နတ်ဗြဟ္မာများက "ပစ္စဘိညာ"အနေဖြင့် သူ့အား မပြသေးချေ။

**ရွှံ့ညွန်တွင်းကကြာပန်း**

သိဒ္ဓတ္ထမင်းသားသည် ရွှံ့ညွန်တွင်းက ကြာပန်းပမာဖြစ်၏။ ညွန်တွင်းကကြာပန်းသည် ရွှံ့ညွန်များအတွင်း၌ ပေါက်ရ သည် မှန်သော်လည်း ရွှံ့ညွန်များသည် ပို၍အားကောင်းလေ ကြာပန်းကို ရွှံ့ညွန်များဖြင့် ညစ်ပေအောင်မဆောင်ရွက်နိုင်ဘဲ ကြာပန်းကို ပို၍သန့်ရှင်းပြီး ပို၍လန်းဆန်းသန်မာအောင် ပို၍လှပအောင်သာ ဆောင်ရွက်ပေးရာ ရောက်လေဖြစ်သကဲ့သို့ ကပိလဝတ်နန်းတော်က ကာမဂုဏ်များသည် ပို၍အားကောင်းလေ သိဒ္ဓတ္ထမင်းသားကို ကာမဂုဏ်များမှ လွတ်မြောက်ရာကို ပို၍ရှာချင်လေ ဖြစ်အောင်သာ ဖန်တီးလေ၏။

သိဒ္ဓတ္ထမင်းသားသည် လေးလခန့်ကာလအထိ ကပိလဝတ်နန်းတော်၌ စံမြန်း ပြန်၏။ စံမြန်းသည်ဆိုသော်လည်း ကာမဂုဏ်စည်းစိမ်တို့၌ နစ်မြှုပ်နေသည်မဟုတ်။ နိုင်ငံတော်အတွက် တတ်နိုင်သလောက် ဆောင်ရွက်နေခြင်းသာဖြစ်၏။ ထိုထက်ပို၍ ကောင်းအောင် ဆောင်ရွက်လိုသဖြင့်သာ နည်းလမ်းများကို ရှာကြံနေခြင်းဖြစ်၏။နည်းလမ်း များကို ရှာကြံစဉ်အတွင်း "သစ်မရမီ ဝါးကိုပေါင်းကွပ်"ဟူသော စကားပုံအတိုင်း သူ၏နိုင်ငံတော်အတွက် ရိုးရာနည်းလမ်းများဖြင့် ဆောင်ရွက်နေသည်သာဖြစ်၏။ သို့ရာတွင် ဖခမည်းတော်နှင့်တကွ သာကီဝင်မင်းများကမူ သိဒ္ဓတ္ထမင်းသားသည် ကာမဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်များကို နှစ်ခြိုက်စွာခံစားနေသည်ဟူ၍ ထင်မှတ်နေကြ၏။ အမှန်ကတော့ ထိုသို့မဟုတ်။ လောကအတွက် သန္တိသုခကို ရှာဖွေပေးနိုင်မည့် နည်းလမ်းများကို ရှာကြံနေခြင်းမျှသာ ဖြစ်၏။

သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ၊ လောကရှိအရာရာတိုင်း၌ "သာယာဖွယ်=အဿာဒ" သည် သူ့နည်းနှင့်သူရှိ၏။ ရှာတတ်ဖို့သာလို၏။ ရှိသည်ကတော့ အမှန်ပင်ဖြစ်၏။

သို့ရာတွင် ထိုသာယာဖွယ်=အဿာဒ ကား အပြီးသတ်သာယာဖွယ် မဟုတ်။ ယင်း၏ဝမ်းဗိုက်အတွင်း၌ မသာယာဖွယ်=အာဒီနဝ သည်ရှိ၏။

သာယာဖွယ်=အဿာဒအတွင်း၌ မသာယာဖွယ်=အာဒီနဝ-သာ ရှိသည်မဟုတ်။ ယင်းတို့မှ လွတ်မြောက်ရာ "နိဿရဏ" သည်လည်းရှိပြန်၏။

ဤ သဘောကို သိဒ္ဓတ္ထမင်းသားသည်သိ၏။ ထို့ကြောင့်ပင် သိဒ္ဓတ္ထမင်းသားသည် တစ်ခုသောနေ့တွင် သာယာဖွယ်ကာမဂုဏ်တို့၌ မသာယာဖွယ် အာဒီနဝကိုတွေ့မြင်ပြီးလျှင် ယင်းတို့မှလွတ်မြောက်ရာ=နိဿရဏကို ရှာဖွေပေလိမ့်မည်။ ဤသည်မှာ ဓမ္မတာဖြစ်၏။

**မြတ်နိုးဖွယ်ဓမ္မအင်အား** လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ လောကသုံးပါး၌ မည်သည့်သတ္တဝါဖြစ်ဖြစ် ယင်းတို့၌ မြတ်နိုးဖွယ်ဓမ္မသဘောသည် သူ့အတိုင်းအတာနှင့်သူ ပါသည်ချည်းဖြစ်၏။

သို့ရာတွင် လောကသုံးပါးရှိ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့၌ ရှိသော မြတ်နိုးဖွယ်ဓမ္မသဘောကို တစ်စုတည်း တစ်ပေါင်းတည်းပြု၍ ရကောင်းသည်ဆိုလျှင် ထိုတစ်စုတည်း တစ်ပေါင်းတည်းသော မြတ်နိုးဖွယ်ဓမ္မသဘော အကုန်လုံးသည် တစ်ယောက်တည်းသော သိဒ္ဓတ္ထမင်းသား၌သာ တစ်စုတည်းတစ်ပေါင်းတည်းအနေဖြင့် ရှိလေ၏။

ထိုမျှသာမကသေး ထိုထက်ပို၍လည်း ရှိပါသေး၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် တစ်ခုသောနေ့တွင် လောကသုံးပါးနှင့် နှိုင်းယှဉ်လိုက်ပါက လောကသုံးပါးထက်ပင် သာလွန်ပါကြောင်း အားလုံးက လက်ခံခြင်း ဖြစ်ပါ၏။

ထိုမျှမြတ်နိုးဖွယ် ဓမ္မအင်အားကောင်းသော သိဒ္ဓတ္ထမင်းသားကို ကပိလဝတ် နန်းတော်ထဲ၌ ကာမဂုဏ်တို့ဖြင့် မည်သူသည် လှောင်ပိတ်ထားစွမ်းနိုင်ပါမည်နည်း။ အကယ်၍ ထားစွမ်းနိုင်ပါသည် ဆိုလျှင်လည်း ခဏခေတ္တသာ ထားစွမ်းနိုင်ပေလိမ့်မည်။

ယခုလေးလကြာလေပြီ။ လေးလကာလအတွင်း သိဒ္ဓတ္ထမင်းသားသည် ဘဝနှင့် ပတ်သက်၍ စဉ်းစားစရာများစွာကို ကြုံခဲ့၏။ ယခင်ကဆိုလျှင် နိုင်ငံတော် စည်ပင်ဖွံ့ဖြိုးရေးသာလျှင် စဉ်းစားစရာဖြစ်ခဲ့၏။ ပထမအကြိမ် မင်္ဂလာဥယျာဉ်တော်သို့ ထွက်ရာမှ သူအိုကိုတွေ့မြင်ပြီးနောက် သူ၏ဘဝအမြင်သည် တစ်မျိုးဖြစ်ခဲ့၏။

ထိုခေတ်က ယုံကြည်မှုအရ လူတိုင်းတွင် ဘဝသည်နှစ်ဆင့်ရှိ၏။ တစ်ဆင့် သောဘဝသည် ငါ့အတွက်ဘဝဖြစ်၍ အခြားတစ်ဆင့်သောဘဝသည် လောကအတွက် ဘဝဖြစ်၏။ ကျမ်းဂန်များ၌ လူကို "ဒွိဇ" ဟူ၍ခေါ်၏။ "ဒွိဇ" ၏အနက်မှာ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြိမ်ဖြစ်ခြင်းဟူ၍ဖြစ်၏။ ပထမအကြိမ်လူဖြစ်ခြင်းမှာ ပစ္စုပ္ပန်အတွက် ဆင်းရဲကင်းဖို့ဖြစ်၏။ ဒုတိယအကြိမ် လူဖြစ်ခြင်းမှာ သံသရာအတွက် ငရဲကင်းဖို့ အလုပ်လုပ်ရန်ဖြစ်၏။ ပစ္စုပ္ပန်ဘဝအတွက် အလုပ်လုပ်ခြင်းတွင် အကျိုးစီးပွားကို ဂဟဋ္ဌအနေဖြင့် ပဓာနပြုရ၏။ သံသရာဘဝအတွက် အလုပ်လုပ်ခြင်းတွင် အကျိုးစီးပွားကို ဝနပဋ္ဌအနေဖြင့် ပဓာနပြုရ၏။ ဂဟဋ္ဌ-ဟူသည်မှာ အိမ်ထောင်ပြုခြင်းဖြစ်၏။ ဝနပဋ္ဌ-ဟူသည်မှာ တောထွက်ခြင်းဖြစ်၏။

သိဒ္ဓတ္ထမင်းသားအတွက် ဒုတိယဘဝ၏ ရောင်ခြည်သည် သူ့အိုကိုမြင်ချိန်မှစ၍ သမ်းခဲ့၏။ သဗ္ဗညုတဉာဏ်တော်ကို ရသောအခါ၌မူ ဒုတိယဘဝသည် အပြည့်အဝဖြစ်လေပြီ။ သိဒ္ဓတ္ထမင်းသား၏ ဘဝနှစ်မျိုးအနက် ပထမဘဝ၏ နိဂုံးသည် ရောက်လာပေတော့မည်။ ထိုကြောင့် သူသည် သူ့အိုကို မြင်ပြီးချိန်မှ လေးလအလွန်တွင် မင်္ဂလာဥယျာဉ်သို့ မိမိ၏ရထားထိန်းနှင့်အတူ ထွက်ပြန်၏။ ဤအကြိမ်မှာ ဒုတိယအကြိမ်ဖြစ်၏။ ဒုတိယအကြိမ် ထွက်ရာတွင် အပန်းဖြေလိုသောသဘောလည်း ပါ၏။ သူ့အိုကို တွေ့သကဲ့သို့ အခြားမည်သည့် နိမိတ်ကိုများ တွေ့မြင်လေဦးမည်နည်း-ဟူသောစူးစမ်းလိုစိတ်လည်း ပါ၏။

နတ်ဗြဟ္မာများသည် သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်ရေးအတွက် တောမထွက်ဖြစ်လျှင် တောထွက်ဖြစ်အောင် နိမိတ်များကိုပြဖို့ တာဝန်ယူထားကြလေရာ ယခုအကြိမ်တွင် တာဝန်အရ "သူနာနိမိတ်"ကို ပြကြလေ၏။

ဤသူနာမျိုးသည်လည်း သိဒ္ဓတ္ထမင်းသား မြင်ဖူးသော သူနာမျိုးမဟုတ်။ ဘဝနှင့် ပတ်သက်၍ သံဝေဂ ဖြစ်လောက်သော သူနာမျိုးသာဖြစ်၏။ သူနာနိမိတ်ကို မြင်ရသည်နှင့်အမျှ သူ၏ဒုတိယ ဘဝသည်လည်း ပို၍နီးလာပြီဖြစ်၏။ သိဒ္ဓတ္ထမင်းသားသည် သူနာကိုမြင်ရသောအခါ မင်္ဂလာဥယျာဉ်တော်သို့ ဆက်မသွားတော့ဘဲ သူနာကိုမြင်ရာနေရာမှ ပြန်၍လှည့်လာပြန်၏။ သိဒ္ဓတ္ထမင်းသားသည် ရှေးယခင်က သူနာများကို မြင်ဖူးသည်မှန်၏။ သို့ရာတွင် ယခုသူမြင်ရသောသူနာကား ရှေးယခင်က သူမြင်ရသော သူနာများနှင့် မတူချေ။ တောထွက်ရန်အတွက် သံဝေဂနိမိတ်အဖြစ်ဖြင့် နတ်ဗြဟ္မာတို့က ပြသောသူနာဖြစ်၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် သူနာကို မြင်၍ ထူးခြားသောခံစားမှုကို ခံစားရခြင်းဖြစ်၏။ ထူးခြားသောခံစားမှုကို ခံစားခြင်းဟူသည်မှာ "နာမင်း"၏ ပိုင်နက်ကို လွန်မြောက်ရန် အားထုတ်လိုစိတ် ဖြစ်ပေါ်လာခြင်းဖြစ်၏။ အမှန်အားဖြင့် သိဒ္ဓတ္ထမင်းသား၏စိတ်သည် ဘုရားဖြစ်ရေးအတွက် ရဟန္တာဗြဟ္မာကြီးများက အစဉ်တစိုက် နှိုးဆော်ခြင်းကို ခံနေရသော ပဒေ သိတ- စိတ်ဖြစ်လေ၏။

### သာကီဝင်မင်းတို့၏ စိုးရိမ်စိတ်နှင့် ပဓာနနိမိတ်

သိဒ္ဓတ္ထမင်းသားသည် မင်္ဂလာဥယျာဉ်သို့ ထွက်တော်မူရာတွင် သူနာကိုတွေ့မြင်ရသဖြင့် လမ်းခုလတ်က ပြန်လာသည်-ဟူသော သတင်းသည် ကပိလဝတ်နန်းတော်အသိုင်းအဝိုင်း၌ ပျံ့နှံ့သွားပြန်၏။ သုဒ္ဓေါဒနမင်းကြီးနှင့် တကွ သာကီဝင်တို့သည်

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်လာကြ၏။ သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို တွေ့မြင်ပြီးနောက် တောထွက်ကာ ဘုရားအဖြစ်သို့ ရောက်လိမ့်မည် ဟူ၍ ပုရောဟိတ်များ ဟောကြားထားသည်ကို အားလုံးက သိနေ၏။ အမှန်အားဖြင့် ထိုသတင်းကား သာကီဝင်မင်းတို့ ပျံ့နှံ့စေချင်သော သတင်းမဟုတ်။ သူတို့ပျံ့နှံ့စေချင်သော သတင်းကား သိဒ္ဓတ္ထမင်းသားသည် ကပိလဝတ်နန်းတော်၌ နှစ်ခြိုက်စွာ စိုးစံနေသည် ဟူသော သတင်းသာဖြစ်၏။ သို့ရာတွင် လက်တွေ့အားဖြင့် သူတို့ဖြစ်စေချင်သည်က တစ်ခြား၊ ဖြစ်နေသည်ကတစ်ခြား ဖြစ်လေ၏။

လောကကို အနုလောမမျက်စိဖြင့်သာကြည့်ပါက သိဒ္ဓတ္ထမင်းသားအတွက် စကြဝတေးမင်း အဖြစ်သည် မြတ်နိုးဖွယ်အကောင်းဆုံးဖြစ်၏။ ပဋိလောမမျက်စိဖြင့်သာ ကြည့်ပါက သိဒ္ဓတ္ထမင်းသားအတွက် ဘုရားအဖြစ်သည် မြတ်နိုးဖွယ် အကောင်းဆုံးဖြစ်၏။

သုဒ္ဓေါဒနမင်းကြီးနှင့်တကွ သာကီဝင်တို့သည် လောကကို အနုလောမ မျက်စိဖြင့် ကြည့်သူများဖြစ်ကြ၏။

ထို့ကြောင့် သူတို့သည် သိဒ္ဓတ္ထမင်းသားကို ပုရောဟိတ်များ နိမိတ်ဖတ်၍ ဟောကြားထားသည့်အတိုင်း တောမထွက်ဖြစ်ရလေအောင် သံဝေဂနိမိတ်ကြီးများကို မမြင်စေလိုခြင်း ဖြစ်၏။ သံဝေဂနိမိတ်ကြီးများ ဟူသည်မှာ သူအို၊ သူနာ၊ သူသေ တို့ဖြစ်ကြ၏။ သံဝေဂနိမိတ်ကြီးများကို တွေ့လျှင် မလွဲမသွေ ပဓာနနိမိတ်ကို တွေ့တော့မည် ဖြစ်၏။ ပဓာန–နိမိတ်ဟူသည်မှာ တောထွက်ရန်အတွက် 'ရဟန်း' နိမိတ်ဖြစ်၏။

ထိုခေတ်က နက္ခတ္တဗေဒပညာအရ ပုရောဟိတ်များ၏ ဟောကြားချက်များသည် မှန်တတ်ကြောင်း ဘုရင်မင်းမြတ်နှင့်တကွ အားလုံးကယုံကြည်ပြီးဖြစ်၏။ ထိုယုံကြည်ချက် အရဆိုလျှင် သိဒ္ဓတ္ထမင်းသားသည် ဘုရားဖြစ်ရုံသာရှိ၏။ သို့ရာတွင် သာကီဝင်တို့သည် နန်းတော်သုံး ပုရောဟိတ်များ၏ ဟောကြားချက်များကို မမှန်ရလေအောင် မျက်ကန်း စိတ်ဖြင့် အားထုတ်ကြ၏။

အတ္တ၏ အာနိသင်ကား ကြီးမားလှ၏။ အနတ္တသဘောအရ ဖြစ်ရပ်များသည် ဓမ္မတာအတိုင်း ဖြစ်နေခြင်းကိုပင် မဖြစ်ရအောင် ကြံစည်ကြ၏။ ထို့ကြောင့် သူတို့သည် သိဒ္ဓတ္ထမင်းသားအတွက် တတိယနိမိတ်ဖြစ်သော "သူသေ"ကို မတွေ့နိုင်အောင် စီစဉ် ကြခြင်း ဖြစ်၏။ အစောင့်အကြပ်များကို ရှေးကထက်ပို၍ ထူထပ်စွာချထားကြခြင်း ဖြစ်လေ၏။ သို့ရာတွင် ထိုစဉ်က သိဒ္ဓတ္ထမင်းသားသည် ဘုရင်ဖြစ်၏။ ထို့ကြောင့် အာဏာအရှိဆုံးဖြစ်၏။

ထို့ကြောင့် သူ့ကိုတရားဝင် မည်သူကမျှ တားဆီးပိုင်ခွင့် မရှိ။ သူ့ဆန္ဒအတိုင်း သူဆုံးဖြတ်ပိုင်ခွင့်ရှိ၏။ ဤသည်မှာ ရှေးခေတ်ဘုရင်များ၏ အချုပ်အခြာ အာဏာပိုင်ခွင့်အရ ဖြစ်လေ၏။ အမှန်အားဖြင့် သာကီဝင်တို့သည် သိဒ္ဓတ္ထမင်းသားအား မင်္ဂလာဥယျာဉ်သို့ပင် ထွက်ခွင့်ပေးချင်ကြသည်မဟုတ်။ မတတ်သာ၍သာ ပေးကြရခြင်းဖြစ်၏။ သိဒ္ဓတ္ထ မင်းသားအား မင်္ဂလာဥယျာဉ်သို့ ထွက်ခွင့်ပေးရာ၌ လမ်းတွင် မမြင်စေချင်သော

www.burmeseclassic.com

www.burmeseclassic.com



နိမိတ်ကြီးများကို မမြင်ရလေအောင် ရှင်းလင်းပြီးမှသာ သာကီဝင်များက ထွက်ခွင့်ပေးခြင်းဖြစ်၏။

သို့ရာတွင် နိမိတ်ကြီးများကား လူတို့ကပြသော နိမိတ်ကြီးများမဟုတ်။ နတ်တို့ကပြသော နိမိတ်ကြီးများ ဖြစ်ကြ၏။ အလောင်းတော်သိဒ္ဓတ္ထမင်းသားအား နိမိတ်ကြီးများကို ပြခွင့်ရခြင်းသည်လည်း နတ်တို့အတွက်နယ်နယ်ရရ ကံမဟုတ်၊ နယ်နယ်ရရ ကောင်းမှုမဟုတ်။ လောကဩ မြတ်စွာဘုရားပွင့်တော်မူရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အနေဖြင့် ပံ့ပိုးခြင်း ဖြစ်၍ အလွန်ကြီးမားသောကုသိုလ်ဖြစ်၏။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း တစ်ကြိမ်သာလျှင် ပြုခွင့်ရသဖြင့် ဓမ္မာဘက်တော်သား နတ်များက အလွန်လိုလိုလားလားပြုချင်သော ကုသိုလ်လည်းဖြစ်၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် နတ်ပြဟ္မာတို့၏ စေ့ဆော်မှုကြောင့် မင်္ဂလာဥယျာဉ်သို့ မလွဲမသွေ ထွက်ရမည်ဖြစ်၏။ နတ်တို့ကလည်း နိမိတ်ကြီးများကို မလွဲမသွေ ပြရမည်ပင်ဖြစ်၏။ ဤသည်ကိုပင် အကြောင်းတရားတို့၏ ပြည့်စုံမှုကြောင့်ဖြစ်ခြင်းဟူ၍လည်းကောင်း၊ လောက၏ လိုအပ်ချက် ဟူ၍လည်းကောင်း ဆိုရ၏။

**နောက်ဆုံးသံဝေဂနိမိတ်**

သိဒ္ဓတ္ထမင်းသားသည် လေးလတိုင်တိုင် နန်းတော်၌စံနေပြီးနောက် မင်္ဂလာဥယျာဉ်သို့ ထွက်ပြန်လေ၏။ မင်္ဂလာဥယျာဉ်သို့ ထွက်ခြင်းမှာ တိုက်ဆိုင်မှုအရ ထွက်ခြင်းမဟုတ်။ လိုအပ်ချက်အရ ထွက်ခြင်းဖြစ်၏။ လိုအပ်ချက်အရထွက်ခြင်း ဟူသည်မှာ ဓမ္မတာအရ မထွက်ဘဲနေ၍ မရသောကြောင့် ထွက်ခြင်းဖြစ်၏။

ဤအကြိမ်ထွက်ရာတွင်လည်း သိဒ္ဓတ္ထမင်းသားသည် "သူသေ" ကိုတွေ့ပြန်၏။ ဤသူသေနိမိတ်သည် သိဒ္ဓတ္ထမင်းသားအတွက် နောက်ဆုံး သံဝေဂ နိမိတ်ဖြစ်၏။ ဤသံဝေဂနိမိတ်ကို သိဒ္ဓတ္ထမင်းသား မြင်သောအခါ သူ၏နိုင်ငံနှင့် လူမျိုးအတွက်သူကြိုးပမ်းပြီးရှာဖွေနေသော ချမ်းသာသုခဟူသမျှသည် အိုမင်း၏မျက်နှာ,နာမင်း၏မျက်နှာ, သေမင်း၏မျက်နှာကို နောက်ခံပြု၍ ခံစားရသော ချမ်းသာသုခသာ ဖြစ်ကြောင်းသူသိ၏။

ထို့ကြောင့် ထိုချမ်းသာမျိုးကို သူသည်မရှာဖွေချင်တော့ဘဲ အိုမင်းလွတ်ရာ, နာမင်းလွတ်ရာ, သေမင်းလွတ်ရာ ချမ်းသာမျိုးကိုသာ ရှာဖွေချင်တော့၏။

ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် အိုမင်းလွတ်ရာ, နာမင်းလွတ်ရာ, သေမင်းလွတ်ရာ ချမ်းသာသုခမျိုးကို ရှာဖွေရန် စိတ်စောလျက် သူသေကိုတွေ့ရာအရပ်မှရှေ့ဆက်မသွားတော့ဘဲ နန်းတော်သို့ပြန်ခဲ့လေ၏။

ထိုသတင်းကိုကြားသောအခါ သာကီဝင်တို့သည် ဆောက်တည်ရာမရနိုင်သကဲ့သို့ခံစားရလေ၏။ သူတို့သည် သိဒ္ဓတ္ထမင်းသားအနေဖြင့် နိမိတ်ကြီးလေးပါးကို မမြင်နိုင်ရေးအတွက် အမျိုးမျိုးကြိုးပမ်းကြပါ၏။ ထိုသို့ကြိုးပမ်းနေသည့်အကြားမှပင် သိဒ္ဓတ္ထ

www.burmeseclassic.com

www.burmeseclassic.com



မင်းသားသည် နိမိတ်ကြီးသုံးပါးကို မြင်ပြီးဖြစ်လေပြီ။ သိဒ္ဓတ္ထမင်းသားအား မင်္ဂလာဥယျာဉ်တော်သို့ မထွက်ရဟူ၍လည်း တားမြစ်ရန်မဖြစ်နိုင်။

အမှန်အားဖြင့် ထိုအချိန်က သိဒ္ဓတ္ထမင်းသားသည် နိုင်ငံတော်တွင်ဘုရင်ဖြစ်သဖြင့် အာဏာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်၏။ သို့ဖြစ်လျှင် အာဏာမရှိသူ သာကီဝင်များက အာဏာရှိသူ သိဒ္ဓတ္ထမင်းမြတ်အား သူတို့စိတ်ကြိုက်နေထိုင်အောင် ကြိုးပမ်းရသည်မှာ အဘယ်မျှ ပင်ပန်းကြလေမည်နည်း။

သို့ရာတွင် သူတို့သည် သူတို့၏ ပင်ပန်းမှုအတွက် အားမလျှော့ကြ။ သူတို့၏ နိုင်ငံတော်သည် စကြဝတေးမင်း နိုင်ငံတော်ဖြစ်ဖို့သာ အရေးကြီး၏။ ထို့ကြောင့် သူတို့သည် သိဒ္ဓတ္ထမင်းသား တောမထွက်နိုင်ရေးအတွက် နောက်ဆုံး ထွက်သက်ကို ရှူထုတ်လိုက်ရသည်အထိ ကြိုးပမ်းကြမည်ဖြစ်၏။

သိဒ္ဓတ္ထမင်းသားက မင်္ဂလာဥယျာဉ်တော်သို့ သွားရာလမ်း၌ သူသေကို တွေ့ရာမှ နန်းတော်သို့ ပြန်လာခဲ့ပြန်၏။ ပုရောဟိတ်များ၏ ဟောချက်အရဆိုလျှင် နောက်တစ်ကြိမ် ရဟန်းနိမိတ်ကိုတွေ့ပါက သိဒ္ဓတ္ထမင်းသားသည် မုချမသွေ တောထွက်ပေလိမ့်မည်။ ယခု သူအို, သူနာ, သူသေ ဟူသော နိမိတ်ကြီးသုံးခုကို တွေ့ပြီးပေပြီ။ ယခုအချိန်အထိ ပုရောဟိတ်များ၏ ဟောကြားချက်များသည် မှန်ကန်ကြောင်း တွေ့ရလေ၏။ သို့ဖြစ်လျှင် ရဟန်းနိမိတ်ကို တွေ့ဖို့လည်း သေချာပါ၏။ ရဟန်းနိမိတ်ကို တွေ့ရလျှင်တော့ သိဒ္ဓတ္ထမင်းသားသည် မုချတောထွက်ပေလိမ့်မည်။

ထို့ကြောင့် သာကီဝင်တို့သည် နောက်ဆုံးနိမိတ်ကို သိဒ္ဓတ္ထမင်းသားအနေဖြင့် မတွေ့နိုင်စေရန် အပြင်းအထန်ကြိုးစားကြ၏။ အစောင့်အကြပ်များကို ကပိလဝတ် နန်းတော်၌ ထူထပ်စွာချထားကြ၏။ အထူးအားဖြင့် မင်္ဂလာဥယျာဉ်တော်သို့ သွားရာလမ်းတစ်လျှောက်၌ ထူထပ်စွာ ချထားကြ၏။ သူတို့သည် ကံကို ထည့်တွက်ကြသူများမဟုတ်။ ဉာဏ်နှင့် ဝီရိယသာရှိလျှင် ဘာမဆိုဖြစ်ကောင်းသည်ဟူ၍ ယူဆသူများ ဖြစ်ကြ၏။ ထို့ကြောင့်လည်း သူတို့သည် ကပိလဝတ်နန်းမြေ၌ ရဟန်းဟူ၍ အရိပ်အယောင်မျှ မတွေ့ရလေအောင် အားထုတ်ကြခြင်း ဖြစ်၏။

ရှေးယခင်ကလည်း သူအို, သူနာ, သူသေ-တို့ကို အရိပ်အယောင်မျှ မတွေ့ရလေအောင် အားထုတ်ဖူးကြ၏။ သို့ရာတွင် သူတို့သည် မအောင်မြင်ကြ။ အမှန်အားဖြင့် သူတို့သည် မဖြစ်နိုင်သောအရာကို ကမ္မနိယာမ-နှင့်ဆန့်ကျင်ပြီး ဖြစ်နိုင်အောင် အားထုတ်နေကြသူများ ဖြစ်ကြ၏။

**ပါရမီ၏အာနုဘော်**

သူသေကို တွေ့ပြီးနောက် လေးလ လွန်မြောက်သောအခါ သိဒ္ဓတ္ထမင်းသားသည် ဥယျာဉ်တော်သို့ ထွက်တော်မူပြန်၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ကျင့်ခဲ့သောပါရမီတော်တို့၏ အာနုဘော်တော်ကြောင့် အရာရာတိုင်းသည် သိဒ္ဓတ္ထမင်းသားအတွက် ဆုံးဖြတ်ပြီးသား ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆုံးဖြတ်ချက်ကို ကံကြမ္မာ၏ ဆုံးဖြတ်ချက်ဟူ၍ ဆိုရ၏။ ကံကြမ္မာ၏ ဆုံးဖြတ်ချက်အရပင် သိဒ္ဓတ္ထမင်းသားသည် မင်္ဂလာဥယျာဉ်သို့ ထွက်ကြွတော်မူခြင်း ဖြစ်၏။ ကံကြမ္မာ၏ ဆုံးဖြတ်ချက်အရပင် သိဒ္ဓတ္ထမင်းသားသည် မင်္ဂလာဥယျာဉ်တော်သို့ သွားရာလမ်း၌ "ရဟန်း" ကို တွေ့ခြင်းဖြစ်၏။ ရှေးအဖြစ်နှင့် နောက်အဖြစ်ကို သိစွမ်းနိုင်သော အဘိညာဉ်ကိုသာရပါက ပဓာနအားဖြင့် အရာရာသည် ကံကြမ္မာ၏ ဆုံးဖြတ်ချက် အတိုင်းသာ ဖြစ်သည်ကိုတွေ့ရမည်ဖြစ်၏။

အကြောင်းတရားနှစ်မျိုးတို့တွင် ကံကြမ္မာသည် အထည်ကိုယ်အကြောင်း "ဥပါဒါနကာရဏ" ဖြစ်၍ ဉာဏ်နှင့် ဝီရိယသည် အကောင်အထည်ဖော် အကြောင်း "နိမိတ္တကာရဏ" ဖြစ်လေ၏။ အမှန်အားဖြင့် အိုးလုပ်သမားသည် အိုးလုပ်ငန်းအတတ်၌ မည်မျှပင်ကျွမ်းကျင်စေကာမူ ရွှံ့သာမရှိပါက မည်သည့်နည်းနှင့်မျှ အိုးကိုမလုပ်စွမ်းနိုင် သကဲ့သို့ ကံကြမ္မာသာမရှိပါက ဉာဏ်နှင့်ဝီရိယ မည်မျှပင်ရှိစေကာမူ ဘာမျှဖြစ်လာ လိမ့်မည်မဟုတ်။ ယခု သိဒ္ဓတ္ထမင်းသား၌ ကံကြမ္မာလည်းအပြည့်ရှိ၏။ ဉာဏ်နှင့် ဝီရိယလည်း အပြည့်ရှိ၏။ ထို့ကြောင့် အရာရာတိုင်းသည် သူ့အတွက် ဆုံးဖြတ်ပြီးသား ဖြစ်သည်ဟူ၍ ဆိုခြင်းဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် ရဟန်းကိုမြင်သောအခါ ရထားထိန်းအား ရဟန်းပြုခြင်း၏ အဓိပ္ပာယ်ကို မေး၏။ ရထားထိန်းကလည်း "ရဟန်းဟူသည် လောက၏အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရန်အတွက် အကျင့်မြတ်ကိုကျင့်သူဖြစ်ကြောင်း" ဖြင့် သိဒ္ဓတ္ထမင်းသားအား လျှောက်ထား၏။

သိဒ္ဓတ္ထမင်းသားသည် ရဟန်းကိုမြင်ဖူးသူမဟုတ်ချေ။ ငယ်စဉ်ကမူ ကာဠဒေဝိလ ရသေ့ကို မြင်ဖူးပါ၏။ သို့ရာတွင်ရသေ့နှင့် ရဟန်းသည် ခြားနား၏။ ရသေ့ကား ဗြာဟ္မဏလမ်းစဉ်အရ ဝေဒကျမ်းများ၏ အဆိုအမိန့်အတိုင်း ကျင့်သူဖြစ်၏။ ထိုခေတ် ရဟန်းကား တိတ္ထိယတို့၏ လမ်းစဉ်အရ တပ ကို ကျင့်သူဖြစ်၏။ သို့ဖြစ်လေရာ ရသေ့သည် မိမိ၏အကျိုးကို ပဓာနထားသောအားဖြင့်ကျင့်၏။ ရဟန်းကား လောက၏ အကျိုးကို ပဓာနထားသောအားဖြင့် ကျင့်၏။

သိဒ္ဓတ္ထမင်းသားသည် ရဟန်းကိုတွေ့သောအခါ ရဟန်းထံသို့ဆက်၍သွား၏။ ထို့နောက် ရဟန်းအား ရဟန်းဝတ်ခြင်း၏ အဓိပ္ပာယ်ကို မေးမြန်း၏။ ရဟန်းကလည်း ရထားထိန်းလျှောက်တင်သည့်အတိုင်းပင် "ရဟန်းဟူသည် လောက၏ အကျိုးစီးပွားကို ဆောင်ရွက်နိုင်ရန်အတွက် ကုသိုလ်တရားများကို ပွားများအားထုတ်သူဖြစ်ကြောင်း" သိဒ္ဓတ္ထမင်းသားအား ပြန်ကြားပြောဆိုလေ၏။

**သန္တိသုခကိုရှာရန် သဘောပေါက်သွား၏**

သိဒ္ဓတ္ထ မင်းသားသည် လောက၏ အစီးအပွားအတွက် အိုမင်း၊ နာမင်း၊ သေမင်းတို့ လွတ်မြောက်ရာ သန္တိသုခ ချမ်းသာကို ရှာမည်ဆိုလျှင် ရဟန်းဝတ်ဖြင့်ရှာမှသာ ရနိုင်မည်ဖြစ်ကြောင်း သဘောပေါက်သွား၏။ ထို့ကြောင့် သူသည် ရဟန်းဝတ်ရန် ဆုံးဖြတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ဆုံးဖြတ်နိုင်ရန်လည်း နတ်ပြဟ္မာများက မမြင်နိုင်သောအင်အားစု အနေဖြင့် ပံ့ပိုး၏။ လူသားတို့၏ ပတ်ဝန်းကျင်တွင် မမြင်ရသောအင်အားစုများသည် ရှိကြ၏။ ယင်းအင်အားစုများမှာ နတ်ပြဟ္မာများဖြစ်ကြ၏။

နတ်ပြဟ္မာများတွင် ဓမ္မဘက်တော်သားများလည်း ရှိ၏။ အဓမ္မဘက်တော်သား များလည်းရှိ၏။ ဓမ္မဘက်တော်သားများက ဓမ္မဘက်သို့ညွှတ်ရန် ပံ့ပိုး၏။ အဓမ္မ ဘက်တော်သားများက အဓမ္မဘက်သို့ညွှတ်ရန် ပံ့ပိုး၏။ မိမိပတ်ဝန်းကျင်ရှိ နတ်ပြဟ္မာ များ၏ ပံ့ပိုးမှုကို မသိသောအခါ လူသည် အကြောင်းအရာ တစ်ခုနှင့် ပတ်သက်၍ ကောင်း-မကောင်းကို ဆုံးဖြတ်ရာတွင် မိမိဘာသာ ဆုံးဖြတ်သည်ဟူ၍ ထင်၏။

အမှန်အားဖြင့် မိမိဘာသာမိမိ ဆုံးဖြတ်သည်မဟုတ်။ ပတ်ဝန်းကျင်ရှိ နတ်ပြဟ္မာများ၏ ပံ့ပိုးမှုဖြင့်သာ ဆုံးဖြတ်ခြင်းဖြစ်၏။

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ရဟန်းဝတ်ရန်ဆုံးဖြတ်ပြီးနောက် ဥယျာဉ်တော်သို့ရောက်အောင် ကြွသွားတော်မူ၏။ ဥယျာဉ်တော်၌ တစ်နေ့လုံးစံနေတော်မူ၏။ သိဒ္ဓတ္ထမင်းသားသည် သူ၏ဘဝနှင့် ပတ်သက်၍ ပြန်လည်စဉ်းစားလျက် ရှိ၏။ ယခုသူကား ရဟန်းဝတ်၍ တောထွက်ရန် ဆုံးဖြတ်ပြီးဖြစ်၏။ ထို့ကြောင့် သူသည် သူဖြတ်သန်းလာခဲ့ရသော သူ၏ဘဝကို ပြန်လည်စဉ်းစားနေခြင်းဖြစ်၏။

## အတုလချစ်သည် အတုလကျိုးကို ပေးနိုင်ဖို့လို၏

သူ့မှာ ဖခမည်းတော်ရှိ၏။ သူသည် ဖခမည်းတော်ကို သူမတူအောင် ချစ်၏။ မယ်တော်လည်း ရှိ၏။ မယ်တော်ကိုလည်း သူမတူအောင် ချစ်၏။ မိဖုရားလည်း ရှိ၏။ မိဖုရား ကိုလည်း သူမတူအောင် ချစ်၏။ ဆွေတော်မျိုးတော်များလည်း ရှိ၏။ ဆွေတော်မျိုးတော်များကိုလည်း သူမတူအောင်ချစ်၏။ နိုင်ငံသားများနှင့်တကွ အခြား သတ္တဝါများလည်း ရှိ၏။ သူတို့ကိုလည်း သိဒ္ဓတ္ထမင်းသားသည် သူမတူအောင်ချစ်၏။

ထိုစဉ်ကာလတွင်ပင် မိဖုရားယသောဓရာမှ သားတော်ကိုဖွားမြင်ပြီ ဖြစ်ပါကြောင်း ဖြင့် မင်းချင်းလုလင်တစ်ယောက်က ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ အမိန့်အရ သိဒ္ဓတ္ထမင်းသားအား သတင်းစကား တင်လျှောက်ပြန်၏။ သိဒ္ဓတ္ထမင်းသားသည် မိမိ၏သားတော်အား မည်မျှလောက် ချစ်ပါလေသနည်း။ လမင်းကို ရာဟု ဖမ်းလိုက် သလိုပင် ဘဝနှင့်ပက်သက်၍ စဉ်စားတွေးခေါ်နေသော သူ၏အကြံအစည် အတွေး အခေါ်များ အားလုံးကို "သားတော်ဖွားမြင်ပြီ" ဟူသော သတင်းစကားက လွှမ်းမိုး သွားလေ၏။

ထို့ကြောင့် သိဒ္ဓတ္ထမင်းသားက "ရာဟု" လိုပါတကား ဟူ၍ အမှတ်မထင် ရွတ်ဆိုလိုက်မိခြင်း ဖြစ်၏။ အမှန်အားဖြင့်လည်း သားအပေါ်၌ ထားရှိသော ဖခင်၏ မေတ္တာသည် အခြားအပေါ် ထားရှိသော မေတ္တာများအားလုံးကို မှေးမှိန်သွားစေခဲ့ပါ၏။ ထို့ကြောင့် သူ့သားတော်၏ နှုတ်မြွက်မှုကိုလိုက်၍ သူ၏မြေးတော်ကို သုဒ္ဓေါဒနမင်းကြီးက "ရာဟုလာ"ဟူ၍ အမည်ပေးခြင်း ဖြစ်၏။ သိဒ္ဓတ္ထမင်းသားသည် သားတော်အား ထိုမျှလောက်ချစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓတ္ထမင်းသားသည် ပါရမီတော်များအရ အရာရာတိုင်း၌ အတုလဖြစ်၏။ ဖခမည်းတော်ကို ချစ်ရာ၌လည်း အတုလဖြစ်၏။ မယ်တော်ကိုချစ်ရာ၌လည်း အတုလဖြစ်၏။ မိဖုရားကိုချစ်ရာ၌လည်း အတုလဖြစ်၏။ သားတော်ကိုချစ်ရာ၌လည်း အတုလဖြစ်၏။ ဆွေတော်မျိုးတော်တို့ကို ချစ်ရာ၌လည်း အတုလဖြစ်၏။ လောကကိုချစ်ရာ၌လည်း အတုလဖြစ်၏။ သိဒ္ဓတ္ထမင်းသားသည် သူ၏အချစ်ကိုသိ၏။

သူ၏အချစ်သည် အတုလဖြစ်၏။ အတုလဖြစ်ပါလျက် သူ၏စွမ်းဆောင်ချက်များကား ယခုအထိ ဘာမျှထူးခြားလှသည်မဟုတ်။ သိဒ္ဓတ္ထမင်းသားသည် သူ၏အတုလအချစ်မျိုးဖြင့် ချစ်ရသော ဖခမည်းတော်, မယ်တော်, မိဖုရား, သားတော်, ဆွေတော်, မျိုးတော်, နိုင်ငံတော်နှင့်တကွ လောကသုံးပါးလုံးအပေါ် ဘာများထူးထူးခြားခြား ဆောင်ရွက်ပေးနိုင်ခဲ့ပါသနည်း။ ဘာမျှထူးထူးခြားခြား ဆောင်ရွက်မပေးနိုင်ကြောင်း သိဒ္ဓတ္ထမင်းသားသည် သိ၏။

အချစ်သည် အတုလဖြစ်လျှင် ချစ်ရသူများအပေါ် ဆောင်ရွက်ပေးနိုင်မှုသည်လည်း အတုလဖြစ်ဖို့ကောင်းပါ၏။ သို့ရာတွင် အတုလ–မဖြစ်ခဲ့။ သို့ဖြစ်လျှင် အတုလဆောင်ရွက်ချက်ဟူသည် အဘယ်နည်း။ ဤသို့လျှင် သိဒ္ဓတ္ထမင်းသား၏ အတွေးအခေါ်သည် မရေမရာဖြစ်လျက်ပင် ရှိလေ၏။

**ကိသာဂေါတမီနှင့် နိဗ္ဗာန်ချမ်းသာ**

သိဒ္ဓတ္ထမင်းသားသည် အချိန်တန်သောအခါ မင်္ဂလာ ဥယျာဉ်တော်မှ ကပိလဝတ်နန်းတော်သို့ ပြန်ခဲ့ပါ၏။ နန်းတော်မြို့တွင်းသို့ ရောက်သောအခါ ကိသာဂေါတမီ၏ ချီးမွမ်းသံကို သိဒ္ဓတ္ထမင်းသားသည် ကြားလိုက်ရ၏။ ကိသာဂေါတမီ ချီးမွမ်းလိုက်သောဂါထာမှာ ဤသို့ဖြစ်၏။

နိဗ္ဗုတာ နူန သာ မာတာ၊
နိဗ္ဗုတော နူန သော ပိတာ။
နိဗ္ဗုတာ နူန သာ နာရီ၊
ယဿာယံ ဤဒိသော ပတိ။

ဤသို့သော သားကို ဖွားမြင်ပေးရသောမိခင်သည် အဘယ်မျှအေးချမ်းလေမည်နည်း။ ဤသို့သော သားကို ဖွားမြင်ပေးရသော ဖခင်သည် အဘယ်မျှ အေးချမ်းလေမည်နည်း။ ဤသို့သောယောက်ျားကို ခင်ပွန်းပြုရသော အမျိုးသမီးသည် အဘယ်မျှအေးချမ်း လေမည်နည်း။

ကိသာဂေါတမီသည် သိဒ္ဓတ္ထမင်းသားကို တွေ့မြင်သောအခါ သူမ၏ရင်တွင်း၌ ခံစားရသော ရင်တွင်းခံစားချက်များကို ထုတ်ဖော်၍ ဥဒါန်းကျူးလိုက်ခြင်း ဖြစ်၏။ သူမ ရွတ်ဆိုလိုက်သောဂါထာ၏အနက်က တစ်မျိုးဖြစ်၏။ သိဒ္ဓတ္ထမင်းသား နားလည်လိုက်သော အနက်က တစ်မျိုးဖြစ်၏။ ကိသာဂေါတမီက လောကငြိမ်းချမ်းမှုကို ရည်ညွှန်း၏။ သိဒ္ဓတ္ထမင်းသားက လောကုတ္တရာ ငြိမ်းချမ်းမှုကို နားလည်၏။

မိမိကိုမွေးဖွားပေးခဲ့ရသော မိခင်, ဖခင် တို့သည် တကယ်ပင်အေးချမ်းပါရဲ့လား? မိမိကိုခင်ပွန်းတော်ခဲ့သော ယသောရောဒေဝီသည် တကယ်ပင်အေးချမ်းပါရဲ့လား?

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှသာမက မိမိ၏ သားတော်သည်လည်းကောင်း၊ ဆွေတော်မျိုးတော်တို့သည် လည်းကောင်း၊ နိုင်ငံတော်သူ နိုင်ငံတော်သားတို့သည်လည်းကောင်း၊ လောကသုံးပါးသည် လည်းကောင်း မိမိသည်ဤလူ့ပြည်၌ လူဖြစ်လာရခြင်းကြောင့် တကယ်ပင်အေးချမ်း ကြပါလေရဲ့လား?။ သိဒ္ဓတ္ထမင်းသားသည် အစဉ်မပြတ်ဘဲ ဆက်၍တွေးလေ၏။ အမှန်အားဖြင့် သူ့ကြောင့် လောကသည် တကယ်တမ်း မအေးချမ်းသည်ကို သူသိ၏။ သို့ရာတွင် သိဒ္ဓတ္ထမင်းသားသည် သူ၏စွမ်းဆောင်ချက်ဖြင့် မိခင်ဖခင်တို့နှင့်တကွ လောကသုံးပါးလုံးအား တကယ်တမ်းအေးချမ်းမှု=နိဗ္ဗာန်ကို ပေးနိုင်မှသာ လောကအပေါ် ထားရှိသော သူ၏မေတ္တာသည် တကယ်တမ်းစစ်မှန်သော မေတ္တာဖြစ်မည်ဖြစ်ကြောင်း ကိသာဂေါတမီ၏ ဥဒါန်းမှ "နိဗ္ဗာန်"၏အနက်ကို နားလည်လိုက်၏။

ထို့ကြောင့် လောကအတွက် သူရှာဖွေရမည့် ချမ်းသာဟူသည် နိဗ္ဗာန်ချမ်းသာ ဖြစ်ကြောင်း ပြက်ပြက်ထင်ထင် သဘောပေါက်လေ၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် ကိသာဂေါတမီအား ကျေးဇူးတင်သည့်အနေဖြင့် မိမိ၏လည်၌ ဆွဲထားသော တစ်သိန်းတန် ပုလဲလည်ဆွဲကို ချွတ်၍ ကိသာဂေါတမီထံ လက်ဆောင်အဖြစ် ပို့လိုက်၏။ ကိသာဂေါတမီ က ပုလဲလည်ဆွဲကို လက်ခံရရှိသောအခါ သူမ၏အဓိပ္ပာယ်နှင့် သူမ ကျေနပ်နေလေ၏။

**လောကအတွက် ရှာဖွေပေးရမည့်ချမ်းသာ**

သိဒ္ဓတ္ထမင်းသားသည် ကိသာဂေါတမီ၏ ဥဒါန်းစကားမှ သူရှာဖွေရမည့် ချမ်းသာကို သူသိပြီ။ သူရှာဖွေရမည့် ချမ်းသာကား "နိဗ္ဗာန်ချမ်းသာ" ဖြစ်ချေ၏။ နိဗ္ဗာန် ချမ်းသာဟူသည် ကိလေသာဟူသမျှမှ ကင်းငြိမ်းမှုဖြစ်၏။ လောကအတွက် သူသည် နိဗ္ဗာန်ချမ်းသာကို ရှာဖွေပေးရမည် ဖြစ်၏။ လက်ရှိလုပ်ငန်းများဖြင့် လောကအတွက် သူ ရှာဖွေပေးနေသော ချမ်းသာကား တကယ်တမ်းစစ်မှန်သော ချမ်းသာမဟုတ်။ ထို့အပြင် နိဗ္ဗာန်ချမ်းသာကို ရှာတော့မည်ဆိုလျှင် ရဟန်းဝတ်ဖြင့် ရှာဖွေရမည်ကိုလည်း သိဒ္ဓတ္ထမင်းသားသည် သိ၏။ ထို့ကြောင့် ယနေ့ည သူသည်တောထွက်ရန် ဆုံးဖြတ် လိုက်၏။ ယခုတော့ သူ၏စိတ်ထဲ၌ နိဗ္ဗာန်ချမ်းသာကို ရှာဖွေရေးမှတစ်ပါး အခြားဘာမျှ မရှိတော့။

သူ၏စိတ်သည် နိဗ္ဗာန်ချမ်းသာကို ရှာဖွေရန်သာ အချိန်ပြည့် အာရုံပြုလျက်ရှိ၏။ ထို့အပြင် သိဒ္ဓတ္ထမင်းသားသည် သူ၏စွမ်းအင်ကို သူသည် အပြည့်အဝ ယုံကြည်ထားသူ ဖြစ်၏။ အဘယ်နည်းနှင့်မဆို သူသည် နိဗ္ဗာန်ချမ်းသာကို တွေ့အောင်ရှာဖွေနိုင်မည် ဖြစ်ကြောင်း ယုံကြည်၏။ ထို့ကြောင့် သူသည် နန်းစည်းစိမ်ကိုစွန့်ကာ ရဟန်းဘဝဖြင့် တောထွက်၍ နိဗ္ဗာန်ချမ်းသာကိုရှာရန် ဆုံးဖြတ်ခြင်းဖြစ်၏။ သူ၏ ဆုံးဖြတ်ချက်ကား နယ်နယ်ရရ ဆုံးဖြတ်ချက်မဟုတ်။ အဓိပတိတတ်သော ဆုံးဖြတ်ချက်ဖြစ်၏။ သူသည် လောကကို ချစ်ရိုးမှန်ပါလျှင် သူချစ်ရသောလောကအတွက် အနစ်နာခံရပေမည်။ သူ ၏ ဘဝကို လောကအတွက် စတေးရပေမည်။ အမှန်အားဖြင့် ဤလောက၌ နိဗ္ဗာန် ချမ်းသာကို ရှာဖွေပေးနိုင်သူမှာ သိဒ္ဓတ္ထမင်းသားတစ်ပါးတည်းသာ ရှိကြောင်း

www.burmeseclassic.com

www.burmeseclassic.com



နတ်ဗြဟ္မာများကသိ၏။ ထို့ကြောင့် ဤလောက၌ သစ္စာလေးပါးမြတ်တရား ထွန်းပေါ်လာရေးအတွက် နတ်ဗြဟ္မာတို့သည် သိဒ္ဓတ္ထမင်းသားအပေါ် အားအကိုးကြီးကိုးလိုကြ၏။ အရိပ်တကြည့်ကြည့်နှင့် ပြုစုကြ၏။ ပျိုးထောင်ကြ၏။ လုပ်ငန်းတစ်ခု အောင်မြင်ရေးအတွက် ဆောင်ရွက်ရာတွင် တစ်ယောက်ကောင်းဖို့သာလို၏။ အများကောင်းဖို့မလို။ တစ်ယောက်သာ တကယ်တမ်း ကောင်းရိုးမှန်ပါလျှင် အများသည် တစ်ယောက်၏ ဦးဆောင်မှုဖြင့် အလိုလို ကောင်းပြီးသား ဖြစ်ကြ၏။

ထို့ကြောင့် တစ်ယောက်တည်းသော သိဒ္ဓတ္ထမင်းသားကိုသာ ဘုရားဖြစ်လေအောင် နတ်ဗြဟ္မာများက ဝိုင်းဝန်း၍ ပံ့ပိုးနေကြခြင်းဖြစ်၏။ အမှန်အားဖြင့် ဓမ္မတာအရ ဘုရားတစ်ပါးတည်းသာ ပွင့်ဖို့လို၏။ ဘုရားတစ်ပါးတည်းပွင့်လျှင် ရဟန္တာအရှင်မြတ်များသည် နောက်က အသင်္ချေအနန္တ ပွင့်ထွန်းပေါ်ပေါက်လာကြပေလိမ့်မည်။ ထို့ကြောင့် လုပ်ငန်း တစ်ခုအောင်မြင်ရေးအတွက် တစ်ယောက်တည်း ကောင်းဖို့လိုသည်ဟူ၍ ဆိုခြင်းဖြစ်ပါ၏။

**တောထွက်ခြင်းနှင့် ဓမ္မအောင်ပွဲ**

အချိန်ကား... မဟာသက္ကရာဇ် ၉၇–ခုနှစ် ၊ ဝါဆိုလပြည့်နေ့ ဖြစ်၏။ ထိုနေ့ သန်းခေါင်ယံအချိန်ရောက်လျှင် သိဒ္ဓတ္ထမင်းသားသည် တောထွက်ပေတော့မည်။ မဟာသက္ကရာဇ် ၉၆–ခုနှစ် ဝါဆိုလပြည့်နေ့၌ မင်္ဂလာဥယျာဉ်တော်သို့ ထွက်ကြွခဲ့ရာ သူအိုနိမိတ်ကို မြင်ခဲ့ရ၏။ သိဒ္ဓတ္ထမင်းသား တောထွက်ဖို့အရေးအတွက် နတ်ဗြဟ္မာတို့သည် လေးလစီ လေးလစီခြား၍ နိမိတ်ကြီးလေးပါးကို ပြခဲ့ရ၏။ တစ်နှစ်တိုင်တိုင် အချိန်ယူခဲ့ရ၏။ အမှန်အားဖြင့် အချိန်ကို ယူသင့်သလောက်မယူဘဲ အဆောတလျင်ဆောင်ရွက်ပါကလည်း ဥစ္ဆေဒဒိဋ္ဌိသဘော သက်ရောက်သည်ဟူ၍ ဆိုပါ၏။

အချိန်ကိုယူသင့်သည်ထက် ပို၍ယူပါကလည်း သဿတဒိဋ္ဌိသဘော သက်ရောက်သည်ဟူ၍ ဆိုပါ၏။

အချိန်ကို အပိုအလိုမရှိဘဲ တိတိကျကျယူနိုင်မှသာ မဇ္ဈိမပဋိပဒါသဘော သက်ရောက်သည် ဟူ၍ ဆိုပါ၏။

အချိန်ကို တိတိကျကျ ယူဖို့ဆိုသည်မှာလည်း လွယ်သည်မဟုတ်။ မလွယ်သော်လည်း ရနိုင်သောနည်းလမ်းများသည် ရှိသည်သာဖြစ်ပါ၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် လောကအတွက် နိဗ္ဗာန်ချမ်းသာကို ရှာရန်အတွက် တောထွက်ရာတွင် အချိန်ကို မဇ္ဈိမပဋိပဒါကျကျ ယူခြင်း ဟူ၍ ဆိုနိုင်ပါ၏။

ညဉ့်၏တိတ်ဆိတ်ချိန်သည် သူတော်စင်များအတွက် သစ္စာတရားကိုရှာရန် အကောင်းဆုံးအချိန် ဖြစ်၏။ ထို့ကြောင့် သိဒ္ဓတ္ထမင်းသားသည် ဖွားဖက်တော် ဆန္နအမတ်နှင့် အတူ ကဏ္ဍကမြင်းတော်ကိုစီးလျက် ကပိလဝတ်နေပြည်တော်မှ ယူဇနာ၃၀–ဝေးသော အနောမာမြစ်ကမ်းသို့ ထွက်တော်မူခဲ့၏။ နံနက်လင်းလျှင် အနောမာမြစ်၏ တစ်ဖက်ကမ်းသို့ ရောက်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



လောက၌ ဓမ္မတာအရ ကုသိုလ်နှင့် အကုသိုလ်တို့သည် လည်းကောင်း၊ ဓမ္မနှင့် အဓမ္မတို့သည်လည်းကောင်း ထာဝစဉ် အချင်းချင်း ဆန့်ကျင်နေကြ၏။ သို့ရာတွင် အဆုံးသတ်၌ ကုသိုလ်ကလည်း အကုသိုလ်အပေါ် အောင်ပွဲရသည်သာ ဖြစ်၏။ ဓမ္မကလည်း အဓမ္မအပေါ် အောင်ပွဲရသည်သာ ဖြစ်၏။

အကယ်၍ အကုသိုလ်က ကုသိုလ်အပေါ် အောင်ပွဲရလျှင်ဖြစ်စေ၊ အဓမ္မက ဓမ္မအပေါ် အောင်ပွဲရလျှင်ဖြစ်စေ ယင်းအောင်ပွဲကား ထာဝရအောင်ပွဲမဟုတ်။ ယာယီ အောင်ပွဲမျှသာ ဖြစ်ချေ၏။

တောထွက်ခြင်းသည် မှားများမှားလေသလားဟူ၍ သိဒ္ဓတ္ထမင်းသားသည် မာရ်နတ်၏ စေ့ဆော်ချက်အရ စဉ်းစားရန်အကြောင်း မရှိ။ ပိုင်နိုင်စွာစဉ်းစားပြီးမှ တောထွက်ရန် ဆုံးဖြတ်ခြင်း ဖြစ်၏။

ထိုကဲ့သို့ မှားလေသလားဟူသော စဉ်းစားခြင်းများသည် အကုသိုလ်၏ စွမ်းအင်အရ ဖြစ်၏။ အဓမ္မ၏ ဆွဲဆောင်မှုအရဖြစ်၏။

အမှန်အားဖြင့် ပါရမီကုသိုလ်တို့၏ အာနုဘော်ကြောင့်လည်းကောင်း၊ ဓမ္မ၏ အရှိန်အဝါတို့ကြောင့်လည်းကောင်း လောကချမ်းသာမှုနှင့် ပတ်သက်သော စဉ်းစား တွေးခေါ်မှုများသည် ပါရမီရှင်များအတွက် လောကုတ္တရာချမ်းသာမှုနှင့် ပတ်သက်သော စဉ်းစားတွေးခေါ်မှုများ၏ အောက်၌ စုံးစုံးမြုပ်သွားကြရ၏။

ထို့ကြောင့် တောထွက်စဉ်က တောမထွက်ရန် မာရ်နတ်၏ သွေးဆောင်ချက်ကို သိဒ္ဓတ္ထမင်းသားသည် ချက်ချင်းပယ်ချနိုင်ခြင်း ဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် အနောမာမြစ်၏ သောင်ကမ်းပေါ်၌ ရဟန်းဝတ်ရန် ဆံတော်ကို ပယ်၏။ ထို့နောက်—

> "ငါသည် အကယ်စင်စစ် ဘုရားဖြစ်မည်မှန်ပါက ဤဆံထုံးတော်သည် ကောင်းကင်၌ တည်ပါစေသတည်း။ အကယ်စင်စစ် ဘုရားမဖြစ်ငြားအံ့ ဤဆံထုံးတော်သည် မြေ၌ကျပါစေသတည်း" ဟူ၍—

အဓိဋ္ဌာန်ပြီး ကောင်းကင်သို့ ပစ်မြှောက်လိုက်ရာ ဆံထုံးတော်သည် မကိုဋ်နှင့်တကွ ကောင်းကင်၌တည်လေ၏။

**သဘာဝသည်အားလုံးကိုသိ၏**

သဘာဝသည် အားလုံးကိုသိ၏။ သိဒ္ဓတ္ထမင်းသား ဘုရားစင်စစ် ဧကန်ဖြစ်မည်ကို သိ၏။ ထို့ကြောင့် သဘာဝက သိဒ္ဓတ္ထမင်းသား၏ ဆံထုံးတော်နှင့်မကိုဋ်ကို ကောင်းကင်၌ တည်စေခြင်း ဖြစ်၏။ ဓမ္မတာအရ သဘာဝသည် ငြိမ်းအေးသော, စင်ကြယ်သောစိတ် ရှိသူများအား သူ၏လျှို့ဝှက်ချက်ကို ပြတတ်ပါ၏။ ထို့နောက် သိကြားမင်းက ဆံတော်ကိုမကိုဋ်နှင့် တကွ ယူဆောင်၍ တာဝတိံသာနတ်ပြည်၌ "စူဠာမဏိ စေတီတော်"ကို တည်ထားပြီး ထာပနာ၍ ကိုးကွယ်၏။

သိဒ္ဓတ္ထမင်းသားသည် ဃဋိကာရဗြဟ္မာမင်းဆက်ကပ်သော သင်္ကန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပရိက္ခရာတော်များကို ယူ၍ ရဟန်းပြု၏။ ဝတ်လဲတော်များကို ဃဋိကာရဗြဟ္မာက အကနိဋ္ဌဘုံသို့ ယူဆောင်သွားပြီး အကနိဋ္ဌဘုံ၌ "ဒုဿ စေတီတော်" ကို တည်ထားပြီး ထာပနာ၍ ကိုးကွယ်လေ၏။

သိဒ္ဓတ္ထမင်းသားသည် ဆန္နအမတ်နှင့် ကဏ္ဍကမြင်းတော်ကို နေပြည်တော်သို့ ပြန်လွှတ်လိုက်၏။ သိဒ္ဓတ္ထမင်းသား၏ အမိန့်အတိုင်း ဆန္နနှင့် ကဏ္ဍကတို့ ပြန်လာကြရာ လမ်းတွင် ကဏ္ဍကကွယ်လွန်သဖြင့် ဆန္နတစ်ယောက်တည်း ကပိလဝတ် နေပြည်တော်သို့ အရောက်ပြန်လာပြီး သုဒ္ဓေါဒနမင်းကြီးအား အကျိုးအကြောင်း အစုံအလင်ကို တင်လျှောက်၏။ သုဒ္ဓေါဒနမင်းကြီးနှင့်တကွ ကပိလဝတ် ပြည်သူပြည်သားအပေါင်းတို့သည် စကြဝတေးမင်း မဖြစ်လိုဘဲ သုံးလောကထွတ်ထား သဗ္ဗညုဘုရားသာ ဖြစ်လိုသော သိဒ္ဓတ္ထမင်းသားအတွက် ကျန်းမာချမ်းသာစွာနှင့် ဘုရားမြန်မြန်ဖြစ်ပါစေကြောင်း ဆုတောင်းကြရုံမှတစ်ပါး ဘာမျှ မတတ်နိုင်ကြတော့။

မိဖုရား ယသောဓရာဒေဝီကမူ ထိုနေ့ထိုအချိန်မှစ၍ မောင်တော် သိဒ္ဓတ္ထမင်းသား နည်းတူ မောင်တော်၏ လုပ်ရပ်ကို ဂုဏ်ပြုသောအားဖြင့် ဖန်ရည်စွန်းသော အဝတ်များကိုသာ ဝတ်ဆင်လေတော့၏။

သိဒ္ဓတ္ထမင်းသားသည် လောကချမ်းသာအတွက် သူ၏ပထမဘဝကို နိဂုံးချုပ်ခဲ့ပြီ။ ယခု ဒုတိယဘဝ၏ နိဒါန်းကို စလိုက်လေပြီ။ ဒုတိယဘဝဟူသည် လောကုတ္တရာ ချမ်းသာအတွက် အားထုတ်သောဘဝဖြစ်၏။

ဒုတိယဘဝကို စလိုက်သည်နှင့် တစ်ပြိုင်နက် အရာရာသည် အပြောင်းလဲကြီး ပြောင်းလဲသွား၏။ ဒုတိယဘဝကို ဆံပယ်၍ ရဟန်းဝတ်ခြင်းဖြင့် စ၏။ သူ၏ဒုတိယဘဝနှင့် ပတ်သက်၍ ကိုယ်ခန္ဓာ၏ မြင့်မြတ်မှုကိုဆိုရလျှင် ဆံတော်သည် လည်းကောင်း၊ ဝတ်လဲတော်များသည်လည်းကောင်း နတ်ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံထိုက်သော စေတီတော်များအဖြစ်သို့ ရောက်သွားလေ၏။ ဆံတော်က တာဝတိံသာ နတ်ပြည်၌ စူဠာမဏိစေတီတော်ဖြစ်၍ ဝတ်လဲတော်များက အကနိဋ္ဌ ဗြဟ္မာ့ပြည်၌ ဒုဿစေတီတော် ဖြစ်သွားလေ၏။ ဆံတော်နှင့် ဝတ်လဲတော်တို့သည်ပင် စေတီထိုက်လျှင် အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ လက်ရှိကိုယ်ခန္ဓာကား အဘယ်မျှလောက် ထူးခြားလေမည်နည်း။

ဤအချိန်မှာ ဘုရားဖြစ်သေးသည်မဟုတ်။ ဘုရားဖြစ်ရန် ရည်သန်ရုံမျှသာ ဖြစ်သေး၏။ ပါရမီတော်တို့၏ အာနုဘော်သည် အစိန္တေယျပင်ဖြစ်ချေ၏။ အစိန္တေယျဖြစ်သော ပါရမီတော်တို့ဖြင့် တည်ဆောက်ထားသော ခန္ဓာပဋ္ဌကခြပ်တော်တို့၏ အာနုဘော်သည်လည်း ပို၍ပင် အစိန္တေယျ ပင်ဖြစ်ချေ၏။

သိဒ္ဓတ္ထမင်းသားသည် ယခုမှ သဘာဝနှင့် လွတ်လွတ်ကျွတ်ကျွတ် ထိတွေ့ရ၏။ သဘာဝနှင့် လွတ်လွတ်ကျွတ်ကျွတ် စကားပြောရ၏။ သူပြောသောစကားကို သဘာဝကနားလည်၏။ သဘာဝစကားကိုလည်း သူကနားလည်၏။ ဘုန်းသမ္ဘာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံသော ကရုဏာရှင်, ပညာရှင် မှန်ပါက ဤသဘောအတိုင်းသာ သဘာဝနှင့် စကားပြောနိုင်၏။ သိဒ္ဓတ္ထမင်းသားသည် သူ၏ဆံတော်ကို မြှောက်၍ –

**"ငါဘုရားဖြစ်မည်မှန်လျှင် ဤဆံတော်သည် ကောင်းကင်၌ တည်စေသား"**

ဟူ၍ သဘာဝကိုပြောလိုက်ရာ သဘာဝက ဆံတော်ကို ကောင်းကင်၌ တည်ထားပြခြင်းအားဖြင့် သိဒ္ဓတ္ထမင်းသားသည် ဘုရားစင်စစ် ဖြစ်မည်ဖြစ်ကြောင်း သိဒ္ဓတ္ထမင်းသားအား ပြန်လည်ပြောဆို၏။

ဤသို့သော သဘောကို လောကဝေါဟာရအားဖြင့် အဓိဋ္ဌာန်ခြင်းဟူ၍လည်းကောင်း၊ သစ္စာပြုခြင်းဟူ၍လည်းကောင်း ဆိုရ၏။ အမှန်အားဖြင့် သဘာဝသည် အရာရာတိုင်းကို ကြိုတင်၍သိ၏။ ထို့ကြောင့် မိမိသည်လည်း အရာရာတိုင်းကို ကြိုတင်၍ သိလိုပါလျှင် အဓိဋ္ဌာန်ခြင်းဖြင့်ဖြစ်စေ၊ သစ္စာပြုခြင်းဖြင့်ဖြစ်စေ သဘာဝကို မေးမြန်းနိုင်ပါ၏။

သို့ရာတွင် သဘာဝက ပြန်ပြောချင်လောက်အောင် မိမိဘက်ကလည်း သဘာဝလို ရိုးသားဖို့တော့ လိုလေ၏။ ငြိမ်သက်သော "သန္တ" စိတ်ရှိဖို့တော့ လိုလေ၏။ စင်ကြယ်သော "ဝိသုဒ္ဓ"စိတ် ရှိဖို့တော့ လိုလေ၏။

**သမဏကျင့်စဉ်** အလောင်းတော် သိဒ္ဓတ္ထအရှင်မြတ်သည် အနုပိယ သရက်တော၌ ခုနစ်ရက် နေထိုင်တော်မူ၏။ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူရေးအတွက် မိမိအနေဖြင့် ကျင့်သုံးရမည့် အကျင့်လမ်းစဉ်များကို ချမှတ်တော်မူနေခြင်း ဖြစ်၏။

ထိုစဉ်က ထင်ရှားသောကျင့်စဉ်များမှာ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးအနက် တစ်မျိုးသော ကျင့်စဉ်မှာ "ဗြာဟ္မဏကျင့်စဉ်"ဖြစ်၏။ အခြားတစ်မျိုးသော ကျင့်စဉ်မှာ "သမဏကျင့်စဉ်" ဖြစ်၏။ ဗြာဟ္မဏကျင့်စဉ်သည် ယဇ်ပူဇော်ခြင်းကို အဓိကထား၏။ သမဏကျင့်စဉ်သည် ပြင်းထန်သော "တပ–အကျင့်"ကို အဓိကထား၏။ ထိုခေတ်ထိုအချိန်က သမဏကျင့်စဉ်က ဗြာဟ္မဏကျင့်စဉ်ထက် ပို၍ခေတ်စား၏။ ခေတ်စားသော်လည်း မှန်ကန်သော ကျင့်စဉ်မဟုတ်။ ဗြာဟ္မဏကျင့်စဉ်သည် ကာမသုခလ္လိကာနုယောဂ–ကျင့်စဉ်၌ အကျုံးဝင်၏။ သမဏကျင့်စဉ်သည် အတ္တကိလမထာနုယောဂ ကျင့်စဉ်၌ အကျုံးဝင်၏။

အမှန်အားဖြင့် မဇ္ဈိမပဋိပဒါ၌အကျုံးဝင်သော ကျင့်စဉ်ကို ထိုစဉ်က မသိသေးချေ။ သို့ဖြစ်၍ အလောင်းတော် သိဒ္ဓတ္ထအရှင်မြတ်သည် အနုပိယသရက်တော၌ ခုနစ်ရက် သီတင်းသုံးရင်း သမဏကျင့်စဉ်ကိုကျင့်ရန် စီစဉ်ခြင်း ဖြစ်ပါ၏။

အလောင်းတော် သိဒ္ဓတ္ထအရှင်မြတ်သည် အနုပိယသရက်တောမှ ရာဇဂြိုဟ်သို့ ကြွတော်မူ၏။ အနုပိယသရက်တောမှ ရာဇဂြိုဟ်သည် ယူဇနာသုံးဆယ်ဝေး၏။ အမှန်အားဖြင့် အလောင်းတော် အရှင်မြတ်သည် တရားကျင့်ရေးနှင့် ပတ်သက်၍ နည်းနာခံယူရန် ဆရာရှာနေခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်သို့ရောက်သောအခါ မြို့တွင်းသို့ ဆွမ်းခံဝင်ပြီးနောက် မြို့၏အရှေ့ဘက် ပဏ္ဍဝတောင်၌ ဆွမ်းဘုဉ်းပေးတော်မူ၏။ အလောင်းတော်အရှင်မြတ် ရာဇဂြိုဟ်သို့ ရောက်သောနေ့သည် ရာဇဂြိုဟ်၌ ခုနစ်ရက်တိုင်တိုင် ပွဲလမ်းသဘင်ကျင်းပပြီးနောက် ပွဲလမ်းသဘင် ပြီးဆုံးသောနေ့ဖြစ်၏။ သို့ဖြစ်၍ ဗိမ္ဗိသာရမင်းကြီးသည် အုပ်ချုပ်ရေးနှင့် ပတ်သက်၍ နေထားတကျရှိစေရန် စီစဉ်နေစဉ်ဖြစ်၏။ ထိုစဉ်ကာလဝယ် အလောင်းတော် သိဒ္ဓတ္ထအရှင်မြတ်က ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ခြင်းဖြစ်၏။ ဗိမ္ဗိသာရ မင်းကြီးသည် အလောင်းတော်အရှင်မြတ် ဆွမ်းခံဝင်သည်ကို မြင်လိုက်ရ၏။ မင်းကြီးသည် မင်းချင်း ယောကျ်ားအမတ်များကို အလောင်းတော်သိဒ္ဓတ္ထ အရှင်မြတ်နောက်သို့လိုက်၍ စုံစမ်းခိုင်းရာ မြို့၏အရှေ့ဘက် ပဏ္ဍဝတောင်၌ ဆွမ်းဘုဉ်းပေးကြောင်းဖြင့် မင်းချင်းယောကျ်ား အမတ်များက ဗိမ္ဗိသာရ မင်းကြီးအား လျှောက်တင်ကြ၏။

**ဗိမ္ဗိသာရနှင့်အလောင်းတော်**

ဗိမ္ဗိသာရမင်းကြီးကား ကောသလမင်းကြီးလို အဆင်ခြင် ဉာဏ်အားနည်းသူမဟုတ်။ အဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသူဖြစ်ပါ၏။ ပါရမီရှိသူလည်းဖြစ်ပါ၏။ ထို့ကြောင့် နောင်အခါ မြတ်စွာဘုရားနှင့် တွေ့ကြုံသောအခါ သောတာပန်ဖြစ်သွားရခြင်း ဖြစ်၏။ ဗိမ္ဗိသာရမင်းကြီးသည် အလောင်းတော် သိဒ္ဓတ္ထ အရှင်မြတ်အကြောင်းကို ကြားဖူး၏။ ခြံ၍စဉ်းစားလိုက်လျှင် ယခုသူတွေ့မြင်ရသူမှာ သိဒ္ဓတ္ထမင်းသား ဖြစ်ဖို့ များ၏။ ထို့ကြောင့် ဤရဟန်းသည် သိဒ္ဓတ္ထမင်းသား ဟုတ်–မဟုတ် သွယ်ဝိုက်သောနည်းဖြင့် စုံစမ်းလိုရကား ဗိမ္ဗိသာရ မင်းကြီးသည် ပဏ္ဍဝတောင်သို့ လိုက်သွား၏။ ထို့နောက် အလောင်းတော်အရှင်မြတ်နှင့် စကားပြောကြည့်၏။ သူ၏မင်းစည်းစိမ်ဖြင့် ဖိတ်ကြား၏။

ထိုအခါ အလောင်းတော်သူမြတ်က မိမိသည် ကပိလဝတ်ပြည်ရှင် ဘုရင်သုဒ္ဓေါဒန ၏ သားတော်ဖြစ်ကြောင်း၊ လောကသုံးပါး၌ ဘုရားဖြစ်လို၍ မင်းစည်းစိမ်ကိုစွန့်ကာ တောထွက်လာခြင်း ဖြစ်ကြောင်းဖြင့် ဗိမ္ဗိသာရမင်းကြီးအား ပြန်ကြား၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးက သူ၏ယူဆချက်မှန်ကြောင်း သိရသဖြင့် ဝမ်းသာ၏။ မင်းကြီးက အကယ်၍ ဘုရားဖြစ်တော်မူပါလျှင် ပထမဦးဆုံး ရာဇဂြိုဟ်သို့ ကြွလာတော်မူပါရန် အလောင်းတော်အရှင်မြတ်ထံမှ ပဋိညာဉ်ကို တောင်းယူလိုက်၏။ အလောင်းတော် အရှင်မြတ်ကလည်း ပဋိညာဉ်ပေး၏။

ဗိမ္ဗိသာရမင်းကြီးသည် အလောင်းတော်အရှင်သူမြတ်နှင့် ပဋိသန္ထာရ စကား ပြောကြားပြီးနောက် အလောင်းတော်အရှင်မြတ်ထံမှ ပဋိညာဉ်ကိုရပြီးလျှင် ရာဇဂြိုဟ် မြို့တွင်းသို့ ပြန်ဝင်သွား၏။

အလောင်းတော်အရှင်မြတ်ကလည်း "သန္တိဝရ" မည်သော နိဗ္ဗာန်ချမ်းသာကို ရှာဖွေရေးအတွက် သူ့ခရီးကို သူဆက်၏။ ဗိမ္ဗိသာရမင်းကြီးကား ဤဘဝ၌ သောတာပန် အရိယာ ဖြစ်မည့်သူဖြစ်သဖြင့် ထိုစဉ်က အလောင်းတော်အရှင်မြတ် ရှာဖွေသည့် သန္တိဝရမည်သော နိဗ္ဗာန်ချမ်းသာ၌ များစွာစိတ်ဝင်စား၏။ အလောင်းတော်

www.burmeseclassic.com

www.burmeseclassic.com



အရှင်သူမြတ်သည် အမှန်ပင် သဗ္ဗညုတဉာဏ်ကိုရ၍ သုံးလောကထွတ်ထား မြတ်စွာဘုရား ဖြစ်လိမ့်မည်ဟူ၍လည်း ဗိမ္ဗိသာရမင်းကြီးက ယုံကြည်၏။

ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးသည် သူ၏နိုင်ငံတော်သို့ ဘုရားဖြစ်ပြီးနောက် ပထမဆုံးကြွတော်မူလာမည့် အလောင်းတော်အရှင်မြတ်ကို စိတ်ကူးဖြင့် မှန်းဆကြည်ညိုရင်း သူ၏ဘဝကို သူသည် ကျေနပ်လျက်ရှိပါသည်။ သူလည်းသောတာပန်ဘဝဖြင့်ပင် တိုင်းပြည်ကိုအုပ်ချုပ်၍ မင်းလုပ်နိုင်သော ယောက်ျားကောင်းတစ်ယောက်ပေတကား။

**အလောင်းတော် နည်းခံရန်ဆရာရှာခြင်း**

အလောင်းတော် အရှင်မြတ်သည် အကျင့်မြတ်ကျင့်သုံးမှုနှင့် ပတ်သက်၍ နည်းခံရန် ဆရာရှာရင်း အာဠာရ–ရသေ့နှင့် ဥဒက–ရသေ့တို့ထံ ရောက်သွား၏။ ထိုစဉ်ကာလက ဗုဒ္ဓကောလာဟလအရ နှစ်ပေါင်းတစ်ထောင်တိုင် မိမိတို့ကိုယ်တိုင် ဘုရားဖြစ်ရန် ကျင့်သူပေါင်း များစွာရှိပါ၏။ ပူရဏကဿပ– စသော တိတ္ထိဆရာကြီးများလည်း ရှိပါ၏။ ထိုဆရာပေါင်းများစွာအနက်မှ အာဠာရနှင့် ဥဒကတို့သာလျှင် အလောင်းတော် အရှင်မြတ်အတွက် အထိုက်အလျောက် ကျေးဇူးများသည့် ဆရာများဖြစ်ကြ၏။ ထို့ကြောင့် အလောင်းတော်အရှင်မြတ်သည် အာဠာရနှင့် ဥဒကတို့ထံ နည်းခံရန် သွားခြင်းဖြစ်ပါ၏။

အလောင်းတော်အရှင်မြတ်သည် အာဠာရရသေ့ထံမှ လောကီသမာပတ် ခုနစ်ပါး အားထုတ်နည်းကိုရ၏။ ကိုယ်တိုင် အားထုတ်သောအခါ၌လည်း လောကီသမာပတ် ခုနစ်ပါးကိုရ၏။ ထိုမျှနှင့်မကျေနပ်သေး၍ ဥဒကရသေ့ထံသွား၍ နည်းခံပြန်၏။ ဥဒကရသေ့ထံမှ လောကီသမာပတ် ရှစ်ပါး အားထုတ်နည်းကိုရ၏။ ကိုယ်တိုင် အားထုတ်သောအခါလည်း လောကီသမာပတ် ရှစ်ပါးလုံးကိုပင် ရလေ၏။ အမှန်အားဖြင့် အလောင်းတော်အရှင်မြတ်သည် ဥဒကရသေ့ကြီးနှင့် တွေ့စဉ်အခါက ဥဒကရသေ့ကြီးသည် သမာပတ်၏ နောက်ဆုံးအဆင့် နေဝသညာနာသညာယတန ဈာန်ကို မရသေးချေ။ မရသေးသော်လည်း သူ၏ဖခင်ရသေ့ကြီး ရာမ၏လမ်းစဉ်အတိုင်းလိုက်၍ ဥဒက ရသေ့ကြီးက အလောင်းတော်အရှင်မြတ်အား ပြောကြားခြင်းဖြစ်၏။

သို့ရာတွင် လက်တွေ့အားထုတ်သောအခါ အလောင်းတော်အရှင်မြတ်က နေဝသညာနာသညာယတန ဈာန်ကို အလျင်ရ၍ ဥဒက ရသေ့ကြီးက နေဝသညာ နာသညာယတန ဈာန်ကို နောက်မှရလေ၏။

အာဠာရနှင့် ဥဒကဆရာကြီးနှစ်ဦးလုံးပင် သချ်ဒဿန ဂိုဏ်းဝင်များဖြစ်ကြသည်ဟု အဆိုရှိ၏။ သချ်ဒဿနဂိုဏ်းကား ဝေဒဂိုဏ်းကို မကျေနပ်၍ ပေါ်ပေါက်လာသော ဂိုဏ်းဖြစ်၏။ ထို့ကြောင့် သူတို့၏ကျင့်စဉ်သည် ဗြာဟ္မဏကျင့်စဉ်ထဲ၌ မပါဝင်ဘဲ သမဏကျင့်စဉ်ထဲ၌ ပါဝင်ရခြင်း ဖြစ်၏။ သို့ဖြစ်၍လည်း အလောင်းတော်အရှင်မြတ်သည် အာဠာရနှင့် ဥဒကတို့ထံ၌ နည်းခံ၍ ကျင့်ခြင်းဖြစ်၏။ သို့ရာတွင် အလောင်းတော် အရှင်မြတ်သည် လောကီသမာပတ်တို့၏ နောက်ဆုံးအကျိုးကို ကိုယ်တိုင်သိရသောအခါ ယင်းတို့ကိုစွန့်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



> အမှန်အားဖြင့် အလောင်းတော်အရှင်မြတ် လိုချင်သည်က လောကီစျာန် သမာပတ်များမဟုတ်။ သစ္စာလေးပါးကိုသိဖို့သာဖြစ်၏။
>
> သစ္စာလေးပါးကို ရဖို့ဆိုသည်ကတော့ ခန္ဓာအိမ်ကို တည်ဆောက်တတ်သော တဏှာယောက်ျားလက်သမားကို မြင်မှ ဖြစ်ပေလိမ့်မည်။ တဏှာယောက်ျားလက်သမားကို မြင်ပါမှ တဏှာယောက်ျားလက်သမားကို သတ်နိုင်မည်ဖြစ်၏။
>
> တဏှာယောက်ျားလက်သမားကို သတ်နိုင်ပါမှ "သန္တိဝရ" မည်သော နိဗ္ဗာန်ချမ်းသာကို ရမည်ဖြစ်၏။
>
> အလောင်းတော်အရှင်မြတ်သည် သစ္စာလေးပါးမြတ်တရားကို အရဟတ္တမဂ်ဉာဏ်ဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူပါမှသာ သဗ္ဗညုတဉာဏ်တော်ကို ရမည်ဖြစ်၏။
>
> သဗ္ဗညုတဉာဏ်တော်ကို ရပါမှ အလောင်းတော် သူမြတ်သည် လောကသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူမည်ဖြစ်၏။

အာဠာရနှင့် ဥဒက–ရသေ့ကြီးများထံမှ အမြင့်ဆုံးအနေဖြင့် လောကီစျာန် သမာပတ်ကိုသာ ရနိုင်မည်ဖြစ်လေရာ အလောင်းတော်အရှင်မြတ်သည် အာဠာရနှင့် ဥဒက ရသေ့ကြီးတို့ထံမှ ထွက်ခွာခဲ့ပြန်၏။ ထို့နောက် အလောင်းတော်အရှင်မြတ်သည် သစ္စာလေးပါး မြတ်တရားကို တပ အကျင့်ဖြင့် ရှာပြန်၏။ အလောင်းတော်အရှင်မြတ် သစ္စာလေးပါး မြတ်တရားရှာဖွေခြင်းနှင့် ပတ်သက်၍ မဇ္ဈိမပဏ္ဏာသ–ပါဠိတော် "ဗောဓိရာဇကုမာရ"သုတ် မြန်မာပြန်၌ ဤသို့ဖော်ပြထားသည်ကို တွေ့ရ၏။

**သစ္စာလေးပါးကိုရှာဖွေခြင်း**

မင်းသား–ထိုငါသည် 'အဘယ်အရာသည် အကောင်းဆုံးနည်း'ဟု ရှာဖွေရင်း အဘယ်အရာသည် အတုမရှိမြတ်သော ငြိမ်းအေးသော နိဗ္ဗာန်နည်းဟု ရှာဖွေရင်း မဂဓတိုင်း၌ အစဉ်အတိုင်း ဒေသစာရီလှည့်လည်သော် ဥရုဝေလ–တော သေနာနိဂုံးဆီသို့ရောက်၏။ ထိုအရပ်၌ မွေ့လျော်ဖွယ်ရာ မြေအဖို့ကိုလည်းကောင်း၊ ကြည်နူးဖွယ်ကောင်းသော တောအုပ်ကို လည်းကောင်း၊ စီးဆင်းသောမြစ်ကိုလည်းကောင်း၊ မွေ့လျော်ဖွယ်ကောင်းသော သန့်ရှင်းသော ဆိပ်ကမ်းကိုလည်းကောင်း၊ အနီးအနားမှ ဆွမ်းခံရွာကိုလည်းကောင်း မြင်၏။ မင်းသား– ထိုငါ့အား ဤသို့သောအကြံသည်ဖြစ်၏။ ဤအရပ်သည်ကမ္မဋ္ဌာန်းအားထုတ်လိုသော အမျိုးသားအား ကမ္မဋ္ဌာန်းအားထုတ်ခြင်းငှာ သင့်၏။ မင်းသား–ထိုငါသည် ထိုအရပ်၌ပင်လျှင် ဤအရပ်သည် ကမ္မဋ္ဌာန်း အားထုတ်ခြင်းငှာ သင့်လျော်၏ဟု ထိုင်နေ၏။

မင်းသား–ထိုငါ့အား 'ငါသည်သွားတို့ဖြင့် သွားတို့ကိုကြိတ်၍ လျှာဖြင့်အာစောက်ကို ထိလျက် စိတ်ဖြင့်စိတ်ကို ဖိနှိပ်ရမူ၊ ဖျစ်ညှစ်ရမူ၊ ပင်ပန်းစေရမူ၊ ကောင်းပေမည်' ဟု ဤအကြံသည်ဖြစ်၏။ မင်းသား–ထိုငါသည် သွားတို့ဖြင့် သွားတို့ကိုကြိတ်၍ လျှာဖြင့် အာစောက်ကိုထိလျက် စိတ်ဖြင့်စိတ်ကို ဖိနှိပ်၏။ ဖျစ်ညှစ်၏။ ပင်ပန်းစေ၏။ မင်းသား– ထိုငါသည် သွားတို့ဖြင့် သွားတို့ကိုကြိတ်၍ လျှာဖြင့်အာစောက်ကိုထိလျက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖြင့်စိတ်ကို ဖိနှိပ်ဖျစ်ညှစ် ပင်ပန်းစေသော် လက်ကတီးကြားမှ ချွေးတို့သည် ယိုထွက်ကုန်၏။ မင်းသား- အားရှိသောယောကျ်ားသည် အားနည်းသောယောကျ်ားကို ဦးခေါင်း၌ကိုင်၍ဖြစ်စေ၊ ပခုံး၌ကိုင်၍ဖြစ်စေ၊ ဖိနှိပ်ရာ ဖျစ်ညှစ်ရာ ပင်ပန်းစေရာသကဲ့သို့၊ မင်းသား ဤအတူပင်လျှင် သွားတို့ဖြင့်သွားတို့ကိုကြိတ်၍ လျှာဖြင့်အာစောက်ကိုထိလျက် စိတ်ဖြင့်စိတ်ကို ဖိနှိပ်ဖျစ်ညှစ် ပင်ပန်းစေသော် ငါ၏လက်ကတီးကြားမှ ချွေးတို့သည် ယိုထွက်ကုန်၏။ မင်းသား ငါသည် မတွန့်တိုသောလုံ့လကို အားထုတ်ပြီးပြီ။ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ။ အားထုတ်ခြင်းကြောင့်သာလျှင် ငါ၏ကိုယ်သည် ပူလောင်ခဲ့၏။ မငြိမ်းအေးခဲ့။

မင်းသား- ထိုငါ့အား 'ထွက်သက်ဝင်သက်မရှိအောင်သာလျှင် ရှုဆင်ခြင်ရမှု ကောင်းပေမည်' ဟု ဤအကြံသည်ဖြစ်၏။ မင်းသား- ထိုငါသည် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ ထွက်သက်ဝင်သက်တို့ကို ပိတ်ပင်ထား၏။ ချုပ်တည်းထား၏။ မင်းသား- ထိုငါသည် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းထားသော်၊ ပိတ်ပင်ထားသော် နားတွင်းတို့မှ ထွက်သော လေတို့၏အသံသည် လွန်ကဲပြင်းထန်စွာဖြစ်၏။ မင်းသား- ပန်းပဲသမားတို့၏ ဖားဖိုကို ဆွဲမှုတ်သော် လွန်ကဲပြင်းထန်သော အသံသည်ဖြစ်သကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းထားသော်၊ ပိတ်ပင်ထားသော် ငါ၏နားအတွင်းမှ ထွက်သော လေတို့၏အသံသည် လွန်ကဲပြင်းထန်စွာ ဖြစ်၏။ မင်းသား- မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ။ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ။ အားထုတ်ခြင်း ကြောင့်သာလျှင် ငါ၏ကိုယ်သည် ပူလောင်ခဲ့၏။ မငြိမ်းအေးခဲ့။

မင်းသား- 'ထိုငါ့အား ထွက်သက်ဝင်သက်တို့ မရှိအောင်သာလျှင် ရှုဆင်ခြင်ရမှု ကောင်းပေမည်'ဟု ဤအကြံသည် ဖြစ်၏။ မင်းသား- ထိုငါသည် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ နားမှလည်းကောင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းထား၏။ ပိတ်ပင်ထား၏။ မင်းသား- ထိုငါသည် ခံတွင်းမှလည်းကောင်း နှာခေါင်းမှလည်းကောင်း၊ နားမှ လည်းကောင်း၊ ထွက်သက်ဝင်သက်တို့ကို ပိတ်ပင်ထားသော်၊ ချုပ်တည်းထားသော် လွန်ကဲပြင်းထန်သော လေတို့သည် ဦးထိပ်၌ တိုးဝှေ့ကုန်၏။ မင်းသား- အားရှိသောယောကျ်ားသည် ထက်သောချွန်းဖြင့် ဦးထိပ်၌ ကြိတ်နှိပ်ရာသကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှ လည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ နားမှ လည်းကောင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းထားသော်၊ ပိတ်ပင်ထားသော် လွန်ကဲ ပြင်းထန်သော လေတို့သည် ငါ၏ဦးထိပ်၌ တိုးဝှေ့ကုန်၏။ မင်းသား-ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ။ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ။ အားထုတ်ခြင်းကြောင့်သာလျှင် ငါ၏ကိုယ်သည် ပူလောင်ခဲ့၏။ မငြိမ်း;အေးခဲ့။

www.burmeseclassic.com

www.burmeseclassic.com



မင်းသား– ထိုငါ့အား 'ငါသည်ထွက်သက်ဝင်သက်တို့မရှိအောင် ရှုဆင်ခြင်ရမှုကောင်းပေမည်' ဟု ဤအကြံသည် ဖြစ်၏။ မင်းသား– ထိုငါသည်ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ နား့မှလည်းကောင်း၊ ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းထား၏။ ပိတ်ပင်ထား၏။ မင်းသား– ထိုငါသည် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ နားမှလည်းကောင်း၊ ထွက်သက်ဝင်သက်တို့ကိုချုပ် တည်းထားသော်၊ ပိပင်ထားသော် လွန်ကဲပြင်းထန်သော ဦးခေါင်းကိုက်ခဲခြင်းတို့သည် ဖြစ်ကုန်၏။ မင်းသား– အားရှိသောယောကျာ်းသည် ခိုင်ခံ့သော သားရေလွန်ပိုင်းဖြင့် ဦးခေါင်းကို ရစ်ပတ်ထားရာသကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ နားမှလည်းကောင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းထားသော် ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော ဦးခေါင်းကိုက်ခဲခြင်းတို့သည် ငါ့၌ဖြစ်ကုန်၏။ မင်းသား– ငါသည် မတွန့်တိုသော လုံ့လကို အားထုတ်ပြီးပြီ။ ငါ့အား မေ့လျော့ခြင်းမရှိသောသတိသည် ထင်ပြီ။ အားထုတ်ခြင်းကြောင့်သာလျှင် ငါ၏ကိုယ်သည် ပူလောင်ခဲ့ပြီ။ မငြိမ်းအေးခဲ့။

မင်းသား– ထိုငါ့အား' ငါသည်ထွက်သက်ဝင်သက်တို့ မရှိရလေအောင် ရှုဆင်ခြင်ရမှုကောင်းပေမည်'ဟု ဤအကြံသည် ငါ့အားဖြစ်ခဲ့၏။ မင်းသား–ထိုငါသည် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ နားမှလည်းကောင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းထား၏။ ပိတ်ပင်ထား၏။ မင်းသား– ထိုငါသည် ခံတွင်းမှလည်းကောင်း နှာခေါင်းမှလည်းကောင်း၊ နားမှလည်းကောင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းထားသော် ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သောလေတို့သည် ဝမ်းကိုထိုးဆွ ရစ်မွှေကုန်၏။ မင်းသား–ကျွမ်းကျင်သော နွားသတ်သမားသည်လည်းကောင်း၊ နွားသတ်သမား၏ တပည့်သည်လည်းကောင်း ထက်သောသားလှီးဓားငယ်ဖြင့် နွား၏ဝမ်းကို ထိုးဆွ ရစ်မွှေရာ သကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ နားမှလည်းကောင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းထားသော်၊ ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သောလေတို့သည် ငါ၏ဝမ်းကို ထိုးဆွရစ်မွှေကုန်၏။ မင်းသား– ငါသည် မတွန့်တိုသောလုံ့လကို အားထုတ်ပြီးပြီ။ ငါ့အားမေ့လျော့ခြင်းမရှိသော သတိသည် ထင်ပြီ။ အားထုတ်ခြင်းကြောင့်သာလျှင် ငါ၏ကိုယ်သည် ပူလောင်ခဲ့၏။ မငြိမ်းအေးခဲ့။

မင်းသား– ထိုငါ့အား 'ငါသည်ထွက်သက်ဝင်သက်တို့ကို မရှိအောင် ရှုဆင်ခြင်ရမှုကောင်းပေမည်' ဟု အကြံသည်ဖြစ်၏။ မင်းသား– ထိုငါသည် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ နားမှလည်းကောင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းထား၏။ ပိတ်ပင်ထား၏။ မင်းသား– ထိုငါသည်ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ နားမှလည်းကောင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းထားသော် ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သောပူလောင်ခြင်းသည် ကိုယ်၌ ဖြစ်၏။ မင်းသား– အားရှိသောယောကျာ်းနှစ်ယောက်တို့သည် အားနည်းသောယောကျာ်းကို အသီးအသီး

www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းတို့၌ကိုင်၍ မီးကျီးတွင်း၌ ကင်ကုန်ရာသကဲ့သို့ ဤအတူပင်လျှင် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ နားမှလည်းကောင်း ထွက်သက်ဝင်သက်တို့ကို ချုပ်တည်းထားသော်၊ ပိတ်ပင်ထားသော် လွန်ကဲပြင်းထန်သော ပူလောင်ခြင်းသည် ငါ၏ကိုယ်၌ ဖြစ်၏။ မင်းသား- ငါသည် မတွန့်တိုသောလုံ့လကို အားထုတ်ပြီးပြီ။ ငါ့အား မေ့လျော့ခြင်းမရှိသော သတိသည်ထင်ပြီ။ အားထုတ်ခြင်းကြောင့်သာလျှင် ငါ၏ကိုယ်သည် ပူလောင်ခဲ့၏။ မငြိမ်းအေးခဲ့၏။

မင်းသား- စင်စစ် နတ်တို့သည် ငါ့ကိုမြင်၍ ရဟန်းဂေါတမသည် သေပြီဟု ဆိုကုန်၏။ အချို့နတ်တို့သည် ရဟန်းဂေါတမသည် မသေသေး၊ စင်စစ်ကား သေခါနီးနေ၏ဟု ဆိုကုန်၏။ အချို့နတ်တို့သည် ရဟန်းဂေါတမသည်မသေသေး၊ သေခါနီးလည်းမဟုတ်၊ ရဟန်းဂေါတမသည် ရဟန္တာဖြစ်၍ နေခြင်းသာဖြစ်၏။ ရဟန္တာ၏နေခြင်းကား ဤသို့သဘောရှိ၏ဟု ဆိုကုန်၏။

မင်းသား-ထိုငါ့အား 'ငါသည် လုံးဝအစာအဟာရ ဖြတ်၍ကျင့်ရမူ ကောင်းပေမည်' ဟု ဤအကြံသည်ဖြစ်၏။ မင်းသား- ထိုအခါနတ်တို့သည် ငါ့ထံသို့ချဉ်းကပ်၍ 'အရှင်... သင်သည် လုံးဝအစာအာဟာရဖြတ်၍ မကျင့်ပါလင့်၊ အကယ်၍သင်သည် လုံးဝအစာအာဟာရ ဖြတ်၍ ကျင့်အံ့။ သင့်အားငါတို့သည် နတ်သြဇာကို အမွေးတွင်းမှတစ်ဆင့် သွင်းအံ့။ ထိုနတ်သြဇာဖြင့် သင်သည်မျှလတ္တံ့.'ဟု ဤစကားကို ဆိုကုန်၏။ မင်းသား- ထိုငါ့အား ငါသည်လည်း လုံးဝမစားဟု ဝန်ခံမူ ဤနတ်တို့သည်လည်း ငါ့အား နတ်သြဇာကို အမွေးတွင်းတို့မှတစ်ဆင့် သွင်းကုန်ငြားအံ့။ ထိုနတ်သြဇာဖြင့်လည်း ငါသည်မျှတငြားအံ့၊ ထိုဝန်ခံခြင်းသည် ငါ့အားမုသားသာတည်း-ဟု ဤအကြံသည်ဖြစ်၏။ မင်းသား ထိုငါသည် ထိုနတ်တို့ကိုတားမြစ်၍ မသင့်ဟုပြောဆို၏။

မင်းသား-ထိုငါ့အား 'ငါသည် တစ်လက်ဖက်မျှသော ပဲနောက်ရည်ကိုဖြစ်စေ၊ ပဲပိစပ်ရည်ကိုဖြစ်စေ၊ ကုလားပဲရည်ကိုဖြစ်စေ၊ စားတော်ပဲရည်ကိုဖြစ်စေ အနည်းငယ်မျှသော အစာအာဟာရကို မျိုရမူ ကောင်းပေမည်'ဟု ဤအကြံသည်ဖြစ်၏။ မင်းသား- ထိုငါသည် တစ်လက်ဖက်မျှသော ပဲနောက်ရည်ကို ဖြစ်စေ၊ ပဲပိစပ်ရည်ကို ဖြစ်စေ၊ ကုလားပဲရည်ကိုဖြစ်စေ၊ စားတော်ပဲရည်ကိုဖြစ်စေ အနည်းငယ်မျှသော အစာအာဟာရကို မျို၏။ မင်းသား- တစ်လက်ဖက်မျှသော ပဲနောက်ရည်ကိုဖြစ်စေ၊ ပဲပိစပ်ရည်ကိုဖြစ်စေ၊ ကုလားပဲရည်ကိုဖြစ်စေ၊ စားတော်ပဲရည်ကိုဖြစ်စေ အနည်းငယ်မျှသော အစာအာဟာရကို မျိုသော ထိုငါ၏ကိုယ်သည် အလွန်ပိန်ကြုံခြင်းသို့ ရောက်၏။ အစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏အင်္ဂါကြီးငယ်တို့သည် ကန်စွန်းနွယ်၏ အဆစ်တို့ကဲ့သို့လည်းကောင်း၊ နွယ်ငန်းတို့၏ အဆစ်တို့ကဲ့သို့လည်းကောင်း ဖြစ်ပေါ်ကြကုန်၏။ အစာအာဟာရနည်းပါးမှုကြောင့်ပင် ငါ၏တင်ပါးဆုံသားသည် ကုလားအုပ်ခြေရာကဲ့သို့ ဖြစ်ပေါ်နေ၏။ အစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏ကျောက်ကုန်းရိုးသည် ပုတီးကုန်းကဲ့သို့ အနိမ့်အမြင့် ဖြစ်ပေါ်နေ၏။ အစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏နံရိုးတို့သည် ဖရိုဖရဲ အထက်တင် အောက်ကျ ပျက်စီးကျနေသော ဇရပ်ဆွေး၏

www.burmeseclassic.com

www.burmeseclassic.com



အခြင်တို့ကဲ့သို့ ဖရိဖရဲ အထက်တင် အောက်ကျ ဖြစ်နေကုန်၏။ အစာအာဟာရ နည်းပါးမှုကြောင့်ပင် နက်သောရေတွင်း၌ ရေဝန်းသည် နက်ရှိုင်း၍ အောက်သို့ဝင်နေသည်ဟု ထင်ရာသကဲ့သို့ ငါ၏မျက်ကွင်းတို့၌ မျက်လုံးတို့သည် နက်ရှိုင်း၍ အောက်သို့ ဝင်နေသည်ဟု ထင်ရကုန်၏။ အစာအာဟာရနည်းပါးမှုကြောင့်ပင် နုနုဆွတ်ထားသော ဗူးခါးသီးသည် လေ,နေပူဖြင့် တွေ့ထိကာ ရှုံ့တွနေသကဲ့သို့ ငါ၏ဦးခေါင်းရေသည် ရှုံ့တွနေ၏။

မင်းသား– ထိုငါသည် ဝမ်းရေကိုသုံးသပ်အံ့–ဟု သုံးသပ်သော် ကျောက်ကုန်းရိုးကိုသာလျှင် ကိုင်မိ၏။ ကျောက်ကုန်းရိုးကို သုံးသပ်အံ့–ဟု သုံးသပ်သော် ဝမ်းရေကိုသာလျှင် ကိုင်မိ၏။ မင်းသား– အစာအာဟာရ နည်းပါးမှုကြောင့်ပင် ငါ၏ဝမ်းရေသည် ကျောက်ကုန်းရိုးသို့ ကပ်သည်အထိ ဖြစ်ပေါ်နေ၏။ မင်းသား–အစာအာဟာရ နည်းပါးမှုကြောင့်ပင် ထိုငါသည် ကျင်ကြီးကိုလည်းကောင်း၊ ကျင်ငယ်ကိုလည်းကောင်း စွန့်အံ့–ဟု သွားသော် ထိုနေရာ၌ပင် မှောက်ခုံလဲကျ၏။ မင်းသား– အစာအာဟာရ နည်းပါးမှုကြောင့်ပင် ဤကိုယ်ကို သက်သာစေလို၍ လက်ဖြင့် ကိုယ်တို့ကို ပွတ်သပ်၏။ မင်းသား လက်ဖြင့်ကိုယ်တို့ကို ပွတ်သပ်သော် အမြစ်ဆွေးနေကုန်သော အမွေးတို့သည် ငါ၏ကိုယ်မှကျွတ်ကျကုန်၏။

မင်းသား– စင်စစ် ငါ့ကိုလူတို့မြင်၍ ရဟန်းဂေါတမသည် မည်းသောအဆင်းရှိ၏–ဟုဆိုကုန်၏။ အချို့လူတို့သည် ရဟန်းဂေါတမသည် မည်းသောအဆင်းရှိသည်မဟုတ်။ ရဟန်းဂေါတမသည် ရွှေသောအဆင်းရှိ၏–ဟု ဆိုကုန်၏။ အချို့လူတို့သည် ရဟန်းဂေါတမသည် မည်းသောအဆင်းရှိသည်မဟုတ်၊ ရွှေသောအဆင်းလည်း ရှိသည်မဟုတ်။ ရဟန်းဂေါတမသည် ကြမ်းပိုးကျောက်ကုန်းအရေအဆင်းရှိ၏–ဟု ဆိုကုန်၏။ မင်းသား– အစာအာဟာရ နည်းပါးမှုကြောင့်ပင် ထိုမျှလောက် စင်ကြယ်ဖြူဖွေးလျက်ရှိသော ငါ၏အရေအဆင်းသည် အလွန်ပျက်စီးနေ၏။

မင်းသား– ထိုငါ့အား အတိတ်ကာလက အားထုတ်ခြင်းကြောင့် ဖြစ်ကုန်သော ကြီးမား ကြမ်းတမ်း စပ်ရှားကုန်သော ဆင်းရဲခံစားခြင်းတို့ကို ခံစားခဲ့ကုန်သော သမဏ, ဗြာဟ္မဏ အားလုံးတို့သည် ဤခံစားခြင်းလောက်သာလျှင် ဖြစ်ကုန်၏။ ဤခံစားခြင်းထက် မပိုလွန်။

ငါသည် ဤစပ်ရှားသော ပြုနိုင်ခဲသောအမှုကို ပြုကျင့်ခြင်းဖြင့် လူတို့၏ ကုသိုလ်ကမ္မပထတရားထက် လွန်သော အရိယာဖြစ်ရန် စွမ်းနိုင်သော ဉာဏ်အမြင်ထူးကို မရခဲ့။ သစ္စာလေးပါးကို သိရန် အခြားလမ်းစဉ် ရှိသေးသလော ? ဟု ဤအကြံသည်ဖြစ်၏။

မင်းသား– ထိုငါ့အား ငါသည်ခမည်းတော်၏ လယ်ထွန်မင်္ဂလာအမှု၌ အေးသော သပြေပင်အရိပ်ဝယ် ထိုင်လျက် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း 'ဝိတက်'၊ သုံးသပ်ဆင်ခြင်ခြင်း 'ဝိစာရ' နှင့်တကွဖြစ်သော နီဝရဏ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ'၊ ချမ်းသာခြင်း 'သုခ' ရှိသော ပထမဈာန်ကို ပြည့်စုံစေ၍ နေဖူးသည်ကို

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ရ၏။ ဤ ပထမစျာန်သည် သစ္စာလေးပါးတို့ကို သိခြင်းငှာ လမ်းစဉ်ဖြစ်တန်ရာ၏ဟု ဤအကြံသည် ဖြစ်၏။ မင်းသား- ထိုငါ့အား ဤသည်ပင်လျှင် သစ္စာလေးပါးတို့ကို သိခြင်းငှာ လမ်းစဉ်တည်းဟု အောက်မေ့ခြင်းသို့ အစဉ်လိုက်သော စိတ်သည် ဖြစ်၏။ မင်းသား-ထိုငါ့အား ကာမဂုဏ်တို့မှ ကြဉ်၍သာလျှင် အကုသိုလ်တရားတို့မှ ကြဉ်၍ သာလျှင်ဖြစ်သော ပထမစျာန်ချမ်းသာကို ငါသည်ကြောက်လေသလောဟု ဤ အကြံသည် ဖြစ်၏။ မင်းသား ထိုငါ့အား ကာမဂုဏ်တို့မှကြဉ်၍သာလျှင် အကုသိုလ်တရားတို့မှ ကြဉ်၍သာလျှင် ဖြစ်သော ပထမစျာန် ချမ်းသာကို ငါမကြောက်-ဟု ဤ အကြံသည် ဖြစ်၏။

### ပဉ္စဝဂ္ဂီတို့ ငွေ့လင့်ချက်နှင့်မကိုက်ဟု စွန့်ခွာကြခြင်း

မင်းသား-ထိုငါ့အား 'ဤသို့အလွန်ပိန်ကြုံသော အဖြစ်သို့ ရောက်သောကိုယ်ဖြင့် ထိုပထမစျာန်ချမ်းသာကို ရရန်မလွယ်။ ငါသည် ကြမ်းတမ်းသော ထမင်း, မုယောမုန့် အစာအာဟာရကို စားရမူကောင်းပေမည်' ဟု ဤအကြံသည် ဖြစ်၏။ မင်းသား-ထိုငါသည် ကြမ်းတမ်းသော ထမင်း, မုယောမုန့် အစာအာဟာရကိုစား၏။ မင်းသား-ထိုအခါ ငါ၏အထံ၌ ရဟန်းဂေါတမသည် မိမိ ရသော တရားကို ငါတို့အား ပြောကြားလတ္တံ့ဟု ပဉ္စဝဂ္ဂီ တို့သည် လုပ်ကျွေးနေကုန်၏။ မင်းသား-ကြမ်းတမ်းသော ထမင်း, မုယောမုန့် အစာအာဟာရကို ငါစားသောအခါ 'ရဟန်းဂေါတမသည် ပစ္စည်းများပြားခြင်းငှာ ကျင့်၏။ ကမ္မဋ္ဌာန်းအားထုတ်ခြင်းမှ ထွက်လာသူဖြစ်၏။ ပစ္စည်းများပြားခြင်းငှာ လည့်လည်ပြီ'ဟု ငြီးငွေ့၍ ထိုပဉ္စဝဂ္ဂီတို့သည် ငါ၏အထံမှ ဖဲခွာကုန်၏။

### ရှေး၌ဖြစ်ဖူးသောခန္ဓာအစဉ်ကို အောက်မေ့ခြင်း

မင်းသား-ငါသည် ကြမ်းတမ်းသောအစာအာဟာရကိုစား၍အားကိုယူကာ ပထမစျာန်သို့လည်းကောင်း၊ ထို့နောက် ဒုတိယစျာန်သို့ လည်းကောင်း၊ ထို့နောက် တတိယစျာန်သို့ လည်းကောင်း၊ ထို့နောက် စတုတ္ထစျာန်သို့ လည်းကောင်း ရောက်၍နေ၏။ ထိုငါ၏ တည်ကြည်သောစိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေး မရှိလတ်သော် ညစ်ညူးခြင်းကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှာ သင့်လျော် လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် ထိုငါသည် ရှေး၌ ဖြစ်ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သော 'ပုဗ္ဗေနိဝါသာနုဿတိ' ဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုဆောင်ခဲ့ပြီ။ ရှေးရှု ညွှတ်စေခဲ့ပြီ။ ထိုငါသည် များပြားသော ရှေး၌ ဖြစ်ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။ ဤသို့ အမျိုးအမည်နှင့်တကွ အဖြစ်အပျက်နှင့် တကွ များပြားသော ရှေး၌ဖြစ်ဖူးသော ခန္ဓာအစဉ်ကိုအောက်မေ့၏။ မင်းသား ငါသည် ညဉ့်၏ပထမ-ယံ၌ ရှေးဦးစွာသော ဤအသိဉာဏ်=ဝိဇ္ဇာကိုရခဲ့ပြီ။ မသိမှု=အဝိဇ္ဇာကို ဖျောက်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



**ဒိဗ္ဗစက္ခုအမြင်ကိုရခြင်း**

မင်းသား– ထိုငါသည် ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှာ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် သတ္တဝါတို့၏ သေခြင်း=စုတိ၊ ဖြစ်ခြင်း=ပဋိသန္ဓေ ကိုသိသော ဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုဆောင်ခဲ့ပြီ။ ရှေးရှုညွတ်စေခဲ့ပြီ။ ထိုငါသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့် တူသော မျက်စိ='ဒိဗ္ဗစက္ခု' ဖြင့် သေဆဲသတ္တဝါ၊ ဖြစ်ပေါ်ဆဲသတ္တဝါ၊ ယုတ်သော သတ္တဝါ၊ မြတ်သောသတ္တဝါ၊ အဆင်းလှသောသတ္တဝါ၊ အဆင်းမလှသောသတ္တဝါ၊ ကောင်းသော လားရာဂတိရှိသောသတ္တဝါ၊ မကောင်းသော လားရာဂတိ ရှိသောသတ္တဝါ တို့ကို မြင်ပြီ။ ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိပြီ။ မင်းသား– ငါသည် ညဉ့်၏အလယ်ဖြစ်သော သန်းခေါင်ယံ၌ နှစ်ခုမြောက် ဤအသိဉာဏ်=ဝိဇ္ဇာကို ရခဲ့ပြီ။ မသိမှု=အဝိဇ္ဇာ ပျောက်ခဲ့ပြီ။

**နောက်ထပ်ပြုဖွယ် မရှိတော့ဟုသိခြင်း**

မင်းသား– ထိုငါသည် ဤသို့ တည်ကြည်သော စိတ်သည် စင်ကြယ်လတ်သော် ဖြူစင်လတ်သော် ညစ်ကြေးမရှိလတ်သော် ညစ်ညူးခြင်း ကင်းလတ်သော် နူးညံ့လတ်သော် ပြုခြင်းငှာ သင့်လျော်လတ်သော် တည်တံ့လတ်သော် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော် အာသဝေါတရားတို့ကို ကုန်ခန်းစေတတ်သော ဉာဏ်အလို့ငှာ စိတ်ကိုရှေးရှုဆောင်ခဲ့ပြီ။ ရှေးရှုညွတ်စေခဲ့ပြီ။ ထိုငါသည်–

ဤကား 'ဆင်းရဲ' ဟု ဟုတ်တိုင်းမှန်စွာသိ၏။

ဤကား 'ဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်း' ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ဤကား 'ဆင်းရဲချုပ်ရာ နိဗ္ဗာန်' ဟု ဟုတ်တိုင်းမှန်စွာသိ၏။

ဤကား 'ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်' ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ဤသည်တို့ကား 'အာသဝေါတရားတို့' ဟု ဟုတ်တိုင်းမှန်စွာသိ၏။

ဤကား 'အာသဝေါတရားတို့၏ ဖြစ်ပေါ်ခြင်း၏ အကြောင်း' ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ဤကား 'အာသဝေါတရားတို့၏ချုပ်ရာ နိဗ္ဗာန်' ဟု ဟုတ်တိုင်းမှန်စွာသိ၏။

ဤကား 'အာသဝေါရားတို့ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်' ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ဤသို့သိသော ဤသို့မြင်သော ထိုငါ၏စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်ခဲ့ပြီ။ ဘဝါသဝမှလည်း လွတ်မြောက်ခဲ့ပြီ။ ဒိဋ္ဌာသဝမှလည်း လွတ်မြောက်ခဲ့ပြီ။ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်ခဲ့ပြီ။ လွတ်မြောက်ပြီးလတ်သော် လွတ်မြောက်လေပြီ– ဟု အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပဋိသန္ဓေနေမှု ကုန်ပြီ။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ။ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ။ ပြုဖွယ်ကိစ္စအတွက် နောက်ထပ်တစ်ပါးသော ပြုဖွယ်မရှိတော့ပြီဟု သိ၏။ မင်းသား- ငါသည် ညဥ့်၏နောက်ဆုံးဖြစ်သော မိုးသောက်ယံ၌ သုံးခုမြောက် ဤအသိဉာဏ်=ဝိဇ္ဇာကို ရခဲ့ပြီ။ မသိမှု=အဝိဇ္ဇာ ပျောက်ခဲ့ပြီ။"

**ဘုရားဖြစ်လိုခြင်း၏ အကြောင်းရင်း**

ဤသည်မှာ အလောင်းတော်အရှင်မြတ် ဒုက္ကရစရိယာကျင့်ပုံနှင့် သမ္ဗုဒ္ဓတ ဉာဏ် ရပုံတို့ကို ကိုယ်တော်တိုင် ဖော်ပြသော ဒေသနာ ဖြစ်၏။ ထိုဒေသနာတော်ကို အထောက်အထားပြု၍ ဆိုရလျှင် လောကအပေါ် မြတ်စွာဘုရား၏ ကရုဏာတော်နှင့် ပညာတော်သည် မည်မျှလောက် ကြီးမားသည်ကို မခန့်မှန်းနိုင်လောက်အောင်ပင် ဖြစ်ပါ၏။

အမှန်အားဖြင့် မြတ်စွာဘုရားသည် မိမိဘာသာ မိမိအတွက် ဘုရားဖြစ်ချင်၍ ဘုရားဖြစ်အောင် ကျင့်ကြံအားထုတ်သည်မဟုတ်။ လောကသုံးပါးကို သံသရာဝဋ်ဆင်းရဲမှ ကယ်တင်နိုင်ရေးအတွက် ဘုရားဖြစ်အောင် ကျင့်ကြံအားထုတ်ခြင်း ဖြစ်၏။ အလောင်းတော်အရှင်မြတ်သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်အောင် သူ၏စိတ်ထဲ၌ သတ္တဝါအပေါင်းတို့အား သံသရာဝဋ်ဆင်းရဲမှ ကယ်တင်ရေးလုပ်ငန်း တစ်ခုတည်း ကိုသာလျှင် ပဓာနအားဖြင့် ထားဝစဉ်ထား၏။

အမှန်အားဖြင့် လုပ်ငန်းဟူသမျှ၌ နှစ်သက်ဖွယ်ရသသည် ရှိ၏။ မရှာတတ်၍ မတွေ့လျှင်သာနေမည်။ ရှိသည်ကတော့ အမှန်ပင် ဖြစ်၏။ ထို့ကြောင့် အလောင်းတော်အရှင်သူမြတ်သည် ပါရမီဖြည့်ခြင်း၌ ဖြစ်စေ၊ ဒုက္ကရစရိယာကျင့်ခြင်း၌ဖြစ်စေ၊ နှစ်သက်ဖွယ် ရသကို တွေ့အောင်ရှာနိုင်သဖြင့် စိတ်ဓာတ်မကျခြင်းဖြစ်၏။ နောက်မတွန့်ခြင်းဖြစ်၏။

နှစ်သက်ဖွယ်=ရသ ရှိမှန်းသိနေလျှင် ယင်းကို မရ-ရအောင်ရှာဖို့ စိတ်၏ တောင့်တမှုသည်ရှိရ၏။ စိတ်၏တောင့်တမှုကို "စေတောပဏိဓိ" ဟု ခေါ်၏။ စိတ်၏တောင့်တမှု ရှိရုံမျှနှင့်တော့ လုပ်ငန်းတစ်ခု၏ နှစ်သက်ဖွယ်=ရသကို တွေ့အောင် ရှာနိုင်သည်မဟုတ်။ ကိုယ်ကျင့်သီလနှင့် ပြည့်စုံဖို့လို၏။ "ကိုယ်ကျင့်သီလနှင့် ပြည့်စုံသူ၏ တောင့်တမှုသာလျှင် တောင့်တသည့်အတိုင်း ပြည့်စုံသည်" ဟူ၍ ကျမ်းဂန်များ၌ အဆိုရှိ၏။ အမှန်အားဖြင့် အလောင်းတော်အရှင်မြတ်သည် ကိုယ်ကျင့်သီလ စင်ကြယ်၏။

ထို့ကြောင့် သူ၏တောင့်တမှုဟူသမျှသည် ပြည့်စုံသည်သာ ဖြစ်၏။ ထိုအခါ သူသည် သူ၏လုပ်ငန်းတိုင်း၌ နှစ်သက်ဖွယ်=ရသကို တွေ့အောင်ရှာနိုင်လာ၏။

ရသကိုတွေ့မှတော့ လုပ်ငန်း၌ စိတ်ဓာတ်ကျခြင်းဟူ၍ မရှိကောင်းတော့။

အလောင်းတော်အရှင်မြတ်သည် သတ္တဝါအပေါင်းတို့အား သံသရာဝဋ်ဆင်းရဲမှ ကယ်တင်ချင်၏။ ကယ်တင်နိုင်ရန်အတွက် ဘုရားဖြစ်ဖို့လို၏။ ဘုရားဖြစ်ရန်အတွက် ဒုက္ကရစရိယာကို ကျင့်ရ၏။ ဒုက္ကရစရိယာ ကျင့်ရာ၌ နယ်နယ်ရရ ကျင့်ရသည်မဟုတ်။ လောကသုံးပါး၌ လူနတ်ဗြဟ္မာအားလုံးတို့တွင် အလောင်းတော်အရှင်မြတ်မှ တစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ မကျင့်နိုင်သော ဒုက္ကရစရိယာမျိုးကို ကျင့်ရခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



**ချစ်လျှင်အနစ်နာခံရမည်**

ဘာကြောင့် အခြားသူများ မကျင့်နိုင်သနည်း ? ဟူ၍ မေးလျှင် အခြားသူများသည် အလောင်းတော်အရှင်မြတ်လို လောကအပေါ် မချစ်သောကြောင့်, မကြင်နာသောကြောင့်, ဝဋ်ဒုက္ခမှန်း မသိသောကြောင့် မချစ်နိုင်ခြင်း ဖြစ်၏။

အခြားသူများကား "လောကတွင် ချစ်စရာအကောင်းဆုံးမှာ မိမိသာလျှင် ဖြစ်သည်" ဟူ၍ ယုံကြည်သူများသာ ဖြစ်၏။

အလောင်းတော် အရှင်မြတ်ကား ထိုသို့မဟုတ်၊ "လောကတွင် ချစ်စရာ အကောင်းဆုံးမှာ သတ္တဝါများအားလုံးဖြစ်သည်"ဟူ၍ ယုံကြည်သူဖြစ်၏။

ထို့ကြောင့် အလောင်းတော်အရှင်မြတ်သည် သူချစ်သောလောက, သူကြင်နာသော လောက, ဆင်းရဲနေမှန်းသိရသော လောကအတွက် အနစ်နာခံခြင်းဖြစ်၏။ အနစ်နာ ခံခြင်း၌လည်း နှစ်သက်ဖွယ်=ရသ ကိုတွေ့နိုင်ခြင်း ဖြစ်၏။

အမှန်အားဖြင့် မည်သူမဆို မိမိချစ်ရသူအတွက် အနစ်နာခံရလျှင် ထိုကဲ့သို့အနစ်နာ ခံရခြင်းကို နှစ်သက်ဖွယ်အဖြစ်မြင်၏။ စက်ဆုပ်ဖွယ်အဖြစ်မမြင်။ မြတ်နိုးဖွယ် အဖြစ်မြင်၏။ ငြီးငွေ့ဖွယ်အဖြစ် မမြင်။

အကယ်၍သာ လုပ်ငန်းတစ်ခုကို လုပ်ရာ၌ ယင်းလုပ်ငန်းကို နှစ်သက်ဖွယ်အဖြစ် မမြင်ဘဲ စက်ဆုပ်ဖွယ်အဖြစ် မြင်လာမည်ဆိုလျှင် ငြီးငွေ့ဖွယ်အဖြစ် မြင်လာမည်ဆိုလျှင် ယင်းလုပ်ငန်းသည် မိမိချစ်ရသူအတွက် အကျိုးမရှိဟူ၍ မြင်သောကြောင့်သာ ဖြစ်ပါ၏။

အလောင်းတော် အရှင်မြတ်သည် လောကကို တကယ်ပင် ချစ်ပါ၏။ လောကကို တကယ်ပင်ကြင်နာပါ၏။ လောကသည် သံသရာ၌ တကယ်ပင် ဆင်းရဲဒုက္ခရောက် နေသည်ကိုလည်း သူသည် သိပါ၏။ ထို့ကြောင့် အလောင်းတော်အရှင်မြတ်သည် မိမိချစ်ရသော လောကအပေါ် များစွာပင် ကရုဏာသက်မိခြင်း ဖြစ်၏။ ထိုအခါ ကရုဏာသက်ရုံနှင့် မကျေနပ်တော့ဘဲ ကယ်ဆယ်ရန် ကြံစည်လာ၏။

အမှန်အားဖြင့် မိမိ၏ မျက်စိအောက်၌ ဆင်းရဲဒုက္ခရောက်နေသော မိမိချစ်ရသူကို မိမိကိုယ်တိုင် တွေ့မြင်ရပါလျှင် ချစ်တတ်သူများ အနေဖြင့် ကယ်ဆယ်ရန် အားထုတ်မည်မှာ ဓမ္မတာဖြစ်၏။ အကယ်၍ ကယ်ဆယ်ရန် အားမထုတ်ပါလျှင် တကယ်မချစ်၍သာ ဖြစ်ပေမည်။ အခြားအကြောင်း တစ်ပါး ဟူ၍မရှိ။

အလောင်းတော်အရှင်မြတ်ကား လောကအပေါ် တကယ်ချစ်သူဖြစ်၏။ သူ ချစ်သော လောကသည်လည်း တကယ်ပင် သံသရာဝဋ်ဆင်းရဲ၌ ကျရောက်ခံစား နေရသည်ကို သူကိုယ်တိုင်လည်း မျက်ဝါးထင်ထင်တွေ့မြင်ရ၏။ ထိုအခါ အလောင်းတော် အရှင်မြတ်အနေဖြင့် သူဘာလုပ်မည်နည်း။ ကယ်ဆယ်ရေးလုပ်ငန်းကို လုပ်ရုံမှတစ်ပါး အခြားလုပ်စရာဟူ၍ ဘာမျှမရှိ။

ထို့ကြောင့် အလောင်းတော်အရှင်မြတ်သည် ကယ်ဆယ်ရေးလုပ်ငန်းကို လုပ်လေ တော့၏။ "ကယ်ဆယ်ရေးလုပ်ငန်းဟူသည်မှာ ဘုရားဖြစ်ရန် အားထုတ်ခြင်း" ဖြစ်၏။ ဘုရားဖြစ်ရန် အားထုတ်ခြင်းတွင် ပါရမီဖြည့်ခြင်းနှင့် ဒုက္ကရစရိယာ ကျင့်ခြင်းတို့

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်၏။ အမှန်အားဖြင့် ပါရမီဖြည့်ခြင်းနှင့် ဒုက္ကရစရိယာ ကျင့်ခြင်း ဟူသည်မှာ မိမိချစ်ရသော လောကအတွက် အနစ်နာခံခြင်း ဖြစ်၏။ ဓမ္မတာအားဖြင့် အနစ်နာခံနိုင်လေ အချစ်၏ မြင့်မြတ်မှု ထင်ရှားလေဖြစ်၏။

ထို့ကြောင့် အလောင်းတော်အရှင်မြတ်သည် လောကအပေါ် သူ၏မေတ္တာနှင့် ကရုဏာ မည်မျှနက်ရှိုင်းသည်ကို ဖော်ပြရန် အနစ်နာခံသောအားဖြင့် ပါရမီတော်များကို ဖြည့်ခြင်း ဖြစ်၏။ ဒုက္ကရစရိယာကို ကျင့်ခြင်းဖြစ်၏။

ပါရမီတော်များကို မည်မျှဖြည့်ရမည်နည်း? မေတ္တာနှင့်ကရုဏာတို့ နက်ရှိုင်းမှုကြောင့် မညည်းမညူ ဖြည့်မည်သာဖြစ်၏။

ဒုက္ကရစရိယာကို မည်မျှကျင့်ရမည်နည်း? မေတ္တာနှင့် ကရုဏာတို့ နက်ရှိုင်းမှုကြောင့် မညည်းမညူ ကျင့်မည်သာဖြစ်၏။

**ဘက်လိုက်ခြင်းမရှိသောချစ်ခြင်း** အလောင်းတော်အရှင်မြတ်၏ မေတ္တာနှင့်ကရုဏာ ကား အံ့ဖွယ်ဖြစ်၏။ ဘက်လိုက်ခြင်းမရှိ။ အားလုံး အပေါ် မျှတ၏။ ဗြဟ္မာကိုလည်း ဗြဟ္မာအလျောက်ချစ်၏။ ကြင်နာ၏။ နတ်ကိုလည်း နတ်အလျောက် ချစ်၏။ ကြင်နာ၏။ လူကိုလည်း လူအလျောက် ချစ်၏။ ကြင်နာ၏။ တိရစ္ဆာန်ကိုလည်း တိရစ္ဆာန်အလျောက် ချစ်၏။ ကြင်နာ၏။ အားလုံးကိုချစ်၏။ ကြင်နာ၏။

ရန်သူနှင့် မိတ်ဆွေဟူ၍ ခွဲခြားပြီး ချစ်ခြင်းမျိုး၊ ကြင်နာခြင်းမျိုး မဟုတ်။ ဤသည်မှာ တကယ့်မေတ္တာရှင် ကရုဏာရှင်တို့၏ အရင်းခံစိတ်ဓာတ်ဖြစ်၏။ ထို့ကြောင့် အလောင်းတော်အရှင်မြတ် လောကကို ကယ်ဆယ်ရေးအတွက် ဘုရားဖြစ်အောင် ဒုက္ကရစရိယာ ကျင့်ရာ၌ ၆-နှစ်တို့ကာလပတ်လုံး မညည်းမညူ ကျင့်နိုင်ခြင်း ဖြစ်၏။

အမှန်အားဖြင့် ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာကို ပြင်းထန်စွာ ကျင့်ခြင်းသည် လောကအပေါ်ထားရှိသော အလောင်းတော်အရှင်မြတ်၏ မေတ္တာနှင့် ကရုဏာကို သရုပ်ပေါ်အောင် ဖော်ခြင်းသာ ဖြစ်၏။

မိမိအပါအဝင် လူ, နတ်, ဗြဟ္မာ သတ္တဝါအားလုံးတို့အပေါ် ထားရှိသော အလောင်းတော်အရှင်မြတ်၏ မေတ္တာစေတနာတို့၏ အတိမ်အနက်ကို သူ၏ပါရမီတော် များကို ဖြည့်ကျင့်ခြင်းမှ လည်းကောင်း၊ အံ့ဖွယ်ဘနန်း ဒုက္ကရစရိယာ ကျင့်ခြင်းမှ လည်းကောင်း၊ မှန်းဆ၍ကြည့်နိုင်ပါ၏။

ထိုအခါ မိမိအပေါ် ဤမျှချစ်ပြီး မိမိအကျိုးစီးပွားအတွက် ဤမျှ အနစ်နာခံ၍ ကျင့်တော်မူခဲ့သော အလောင်းတော်အရှင်မြတ်ကို မည်သူသည် ကျေးဇူးမတင်ဘဲ နေသင့်ပါမည်နည်း။ မည်သူသည် မကြည်ညိုဘဲ နေသင့်ပါမည်နည်း။

တကယ်တမ်းသာ မိမိတို့၏ အကျိုးစီးပွားအတွက် တကယ်တမ်းပင် အနစ်နာခံ၍ ဆောင်ရွက်တော်မူခဲ့သော အလောင်းတော်အရှင်မြတ်လို ပုဂ္ဂိုလ်မျိုးကို မဆိုထားပါလေနှင့် လက်ရှိအနေအထားအရပင် မိမိတို့၏ အကျိုးစီးပွားအတွက် အထိုက်အလျောက်

www.burmeseclassic.com

www.burmeseclassic.com



အနစ်နာခံ၍ ဆောင်ရွက်ကြလေသော ထိုထိုခေါင်းဆောင်များကိုပင် ဆိုင်ရာဆိုင်ရာ ပုဂ္ဂိုလ်တို့သည် အမြဲတမ်း တ-သ နေကြသည်သာ ဖြစ်ပါ၏။

အမှန်အားဖြင့် ဤလောကတွင် သူ့ကျေးဇူးကို သိတတ်သူများလည်း ရှိကြပါသေး၏။ သူ့ကျေးဇူးကို မကန်းတတ်သူများလည်း ရှိကြပါသေး၏။

အမှန်အားဖြင့် သူ့ကျေးဇူးကို သိတတ်ခြင်း, သူ့ကျေးဇူးကို မကန်းခြင်းသည် လူသားတို့၏ လောကပါလ တရားပင်ဖြစ်၏။ လောကပါလတရားကို လိုက်နာကျင့်သုံးသောအားဖြင့် ထိုသူတို့သည် မိမိတို့၏ ကျေးဇူးရှင်များကို တတ်နိုင်သလောက် ကျေးဇူးဆပ်နေကြမည် ဖြစ်ပါ၏။

ကျေးဇူးဆပ်ခြင်းဟူသည်မှာ ကျေးဇူးရှင်များ၏ မိန့်မှာသွားသည့်အတိုင်း တတ်နိုင်သလောက် လိုက်နာကျင့်သုံးခြင်းပင် ဖြစ်၏။ အကယ်၍ သူ့ကျေးဇူးကို မသိတတ်ဘူး ဆိုပါလျှင် သူ့ကျေးဇူးကို ကန်းမည်ဆိုပါလျှင် လောကပါလတရားကို ချိုးဖျက်ရာ ရောက်ပါ၏။ လောကပါလတရားကို ချိုးဖျက်လျှင် လောကသည် ပျက်စီးပေတော့မည်။

**လောကကျေးဇူးကိုဆပ်ကြပါစို့**

အလောင်းတော် သိဒ္ဓတ္ထအရှင်မြတ်ကားလွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-(နှစ်ထောင့်ငါးရာ) ကျော်ကာလက လောကအပေါ် တကယ်တမ်းချစ်ပြီး လောကအတွက် တကယ်တမ်းအနစ်နာခံ၍ ဆောင်ရွက်တော်မူသော ပုဂ္ဂိုလ်မြတ် ဖြစ်သည်ဟူ၍ သမိုင်းအမြင်အရ ဆိုရသော်လည်း ဗုဒ္ဓသာသန-အမြင်အရ ဆိုရပါမူ အလောင်းတော်သိဒ္ဓတ္ထ အရှင်မြတ်သည် ထာဝစဉ် အသက်ရှင်၍ ရှိနေသူဖြစ်ပါ၏။

အလောင်းတော်သိဒ္ဓတ္ထအရှင်မြတ်၏ ချစ်ရသူများစာရင်း၌ မိမိလည်းအပါအဝင် ဖြစ်၏။ ထို့ကြောင့် မိမိသည်လည်း အလောင်းတော်သိဒ္ဓတ္ထအရှင်မြတ်အပေါ် ကျေးဇူး ဆပ်ရမည် ဖြစ်၏။ ကျေးဇူးဆပ်ခြင်းဟူသည်မှာ လောကအတွက် အနစ်နာခံပြီး အလောင်းတော် သိဒ္ဓတ္ထ အရှင်မြတ် ကျင့်ကြံအားထုတ်သွားသည့်အတိုင်း မိမိတို့အနေဖြင့် လောကအတွက် အနစ်နာခံပြီး ကျင့်ကြံအားထုတ်သွားရန် ဖြစ်ပါ၏။ ထိုအခါ လောကသည် တကယ်တမ်းအနစ်နာခံသူ ပေါ်များလေ တကယ်တမ်း ငြိမ်းချမ်းသာယာ သွားလေပင် ဖြစ်ပေလိမ့်မည်။

အမှန်အားဖြင့် လောကကို ချစ်သူဟူသမျှသည် လောကအတွက် အနစ်နာခံသူချည်း ဖြစ်၏။ ဤနေရာတွင် အလောင်းတော်သိဒ္ဓတ္ထ အရှင်မြတ်သည် အထင်ရှားဆုံးသော အထောက်အထားဖြစ်၏။

ထို့ကြောင့် မိမိတို့သည်လည်း အလောင်းတော် သိဒ္ဓတ္ထအရှင်မြတ်၏ ချစ်ရသူများစာရင်း၌ ပါဝင်ခဲ့သည့်အလျောက် မိမိတို့၏ကျေးဇူးရှင် အလောင်းတော်သိဒ္ဓတ္ထ အရှင်မြတ်၏ ကျင့်ထုံးအတိုင်း လောကအပေါ် အသာစံသည့်ဘက်မှ မနေဘဲ အနာခံသည့်ဘက်မှနေ၍ လောက၌ ငြိမ်းချမ်းသာယာမှု ဖြစ်ထွန်းအောင် ဆောင်ရွက်ဖို့တာဝန် ရှိပါ၏။ တာဝန်ရှိသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းသည်ပင် အလောင်းတော်သိဒ္ဓတ္ထ

www.burmeseclassic.com

www.burmeseclassic.com



အရှင်မြတ်အပေါ် ကျေးဇူးဆပ်ရာရောက်ပါ၏။ လောကပါလတရားကို လိုက်နာကျင့်သုံးရာရောက်ပါ၏။

**မေတ္တာစေတနာသည် အချည်းနှီးဖြစ်ရိုးမရှိ**

စစ်မှန်သော မေတ္တာစေတနာဟူသမျှသည် အချည်းနှီးဖြစ်ရိုးမရှိ။ အယုတ်ဆုံးအဆင့်အားဖြင့်ဆိုရလျှင်ပင် မိမိမျှော်မှန်းထားသော အကျိုးတရားကား အားကြီးသောအကြောင်း=ဥပနိဿယပစ္စည်းအနေဖြင့် ကျေးဇူး ပြုပါ၏။

အလောင်းတော်အရှင်မြတ် ဒုက္ကရစရိယာကျင့်ခြင်း၏ အခြေခံအကြောင်းရင်းမှာ လောကအပေါ်ချစ်သော=မေတ္တာနှင့် ကြင်နာသော=ကရုဏာကြောင့် ဖြစ်၏။ ထို့ကြောင့် ဒုက္ကရစရိယာအကျင့်ကပင် အလောင်းတော်အရှင်မြတ်အား မဇ္ဈိမပဋိပဒါအကျင့်မြတ်ဆီသို့ ဦးတည်ပေးလိုက်ခြင်း ဖြစ်၏။

အမှားကို အမှားမှန်းသိခြင်းသည်လည်းကောင်း၊ အမှန်ကို အမှန်မှန်း သိခြင်းသည်လည်းကောင်း "ယထာဘူတ ဉာဏ်" မည်၏။

ယခင်ကဆိုလျှင် အလောင်းတော်အရှင်မြတ်သည် အမှားကို အမှားမှန်းမသိခဲ့။ အမှားကိုပင် အမှန်ထင်ခဲ့၏။ ထို့ကြောင့် ဒုက္ကရစရိယာကိုပင် မဇ္ဈိမပဋိပဒါအဖြစ်မှတ်ယူပြီး သဗ္ဗညုတဉာဏ်တော်ကို ရရန် ဒုက္ကရစရိယာအတိုင်းကျင့်ခြင်းဖြစ်၏။

ယခု အမှားကိုအမှားမှန်းသိပြီး ယထာဘူတ–ဉာဏ်ကိုရပြီ၊ အချိန်မှာလည်း **မဟာသက္ကရာဇ် ၁၀၃–ခု၊ ကဆုန်လဆန်း ၁–ရက်နေ့ပင်** ဖြစ်၏။

အလောင်းတော်အရှင်မြတ်သည် မဇ္ဈိမပဋိပဒါအကျင့်မြတ်ကို ကျင့်သုံးရန်အတွက် အစွန်းရောက် ဒုက္ကရစရိယာအကျင့်ကို လုံးဝ စွန့်လွှတ်လိုက်လေပြီ။ သေနာနိဂုံး၌ ဆွမ်းခံဝင်တော်မူပြီးနောက် အစာအာဟာရများကို ပြန်လည်ဘုဉ်းပေးတော်မူ၏။

ထိုအခါ ၆–နှစ်တိုင်အောင် ဝတ်ကြီးဝတ်ငယ်များကိုပြုစုကာ အလောင်းတော်အရှင်မြတ်အား ဆည်းကပ်နေကြသော ပဉ္စဝဂ္ဂီ ၅–ပါးတို့သည်လည်း အစာအာဟာရကို ဆွမ်းခံ၍ ပြန်လည်ဘုဉ်းပေးတော်မူသောကြောင့် အလောင်းတော်အရှင်မြတ်ဘုရားဖြစ်တော့မှာ မဟုတ်ပါဘူး ဟူ၍ စိတ်အားလျှော့ကာ အလောင်းတော်အရှင်မြတ်ကို စွန့်ခွာပြီး မိဂဒါဝုန်တောသို့ ပြောင်းရွှေ့သွားကြလေ၏။ ထိုအခါ အလောင်းတော်အရှင်မြတ်သည် ဥရုဝေလတော၌ပင် ဆက်လက်သီတင်းသုံးတော်မူကာ "အာနာပါနကမ္မဋ္ဌာန်း"ကို ပွားများတော်မူ၏။ ထို့နောက် ကဆုန်လဆန်း ၁၄–ရက်နေ့ မိုးသောက်ယံ၌ အိပ်မက်ကြီးငါးပါးကို မြင်မက်တော်မူ၏။ ထိုအိပ်မက်အရ အလောင်းတော် အရှင်မြတ်သည် "ကဆုန်လပြည့်နေ့ ညဉ့်၌ မိမိဘုရားဖြစ်မည်"ကို သိတော်မူ၏။

မိုးလင်း၍ ကဆုန်လပြည့်နေ့ရောက်သောအခါ အလောင်းတော်အရှင်မြတ်သည် သေနာနိဂုံးသို့ ဆွမ်းခံဝင်၍ သုဇာတာသူဌေးသမီး ဆက်ကပ်လှူဒါန်းသော ဃနာနို့ဆွမ်းကို ရွှေခွက်နှင့်တကွ အလှူခံယူတော် မူ၏။ ထို့နောက် နေရဉ္ဇရာမြစ်ကမ်းရှိ သုပတိဋ္ဌရေချိုးဆိပ်သို့ သက်ဆင်းပြီး ရေချိုးတော်မူ၏။ ရေချိုးပြီးနောက် ရေချိုးဆိပ်မှ တက်လာ

www.burmeseclassic.com

www.burmeseclassic.com



အေးမြသောသစ်ပင်ရိပ်၌ ဆွမ်းဘုဉ်းပေးတော်မူ၏။ စုစုပေါင်း ၄၉-လုတ် ဖြစ်၏။ ထို့နောက် အလောင်းတော်အရှင်မြတ်သည် ယနာနို့ဆွမ်းထည့်သော ရွှေခွက်ကိုကိုင်ယူကာ—

"အကယ်၍ငါသည် ယနေ့ဘုရားဖြစ်ခြင်းငှာ စွမ်းနိုင်ပါမူ ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသား၊ ဘုရားဖြစ်ခြင်းငှာ မစွမ်းနိုင်ပါမူ ရေစုန်သို့မျောပါစေသား"

ဟူ၍ အဓိဋ္ဌာန်ပြီး ထိုရွှေခွက်ကို နေရဉ္ဇရာမြစ်သို့ မျှောလိုက်ရာ ရွှေခွက်သည် ရေညာသို့ ဆန်တက်သွားလေ၏။ အလောင်းတော်အရှင်မြတ်သည် တောထွက်၍ မိမိ၏ဆံတော်ကို ရိတ်ပယ်သောအချိန်မှစ၍ မိမိနှင့် ရိုးသားဖြောင့်မတ်ပုံခြင်းတူသော သဘာဝနှင့် စကားပြောခဲ့၏။

အလောင်းတော်အရှင်မြတ်ပြောသောစကားကို သဘာဝက နားလည်၏။

နားလည်သည့်အလျောက် သဘာဝကလည်း သူ၏လျှို့ဝှက်ချက်များကို အလောင်းတော်အရှင်မြတ်အား ပြန်လည်ပြောကြားခဲ့၏။

အမှန်အားဖြင့် မည်သူမဆို သဘာဝလို ဖြောင့်မတ်ရိုးသားခဲ့ပါလျှင် သဘာဝနှင့် စကားပြော၍ သဘာဝ၏ လျှို့ဝှက်ချက်များကို မေးမြန်းနိုင်ပါ၏။

**မြက်ရှစ်ဆုပ်၏သတ္တိ** အလောင်းတော်အရှင်မြတ်သည် နေရဉ္ဇရာမြစ်ကမ်းနားရှိ အင်ကြင်းတော၌ နေ့သန့်နေထိုင်တော်မူ၏။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်တော်မူသောအခါ လောကီဈာန်သမာပတ် ရှစ်ပါး၊ အဘိညာဉ် ငါးပါးတို့ကို ရရှိ၍ ဝင်စားတော်မူ၏။ ညနေချမ်း ဆည်းဆာအချိန်တွင် နေရဉ္ဇရာမြစ်တွင်းသို့ ဆင်း၍ ရေချိုးတော်မူပြီးလျှင် မဟာဗောဓိပင်ရှိရာသို့ ရှေးရှုကြွတော်မူလေ၏။ လမ်း၌ သောတ္ထိယမည်သော မြက်ထမ်းပုဏ္ဏားကို တွေ့၏။ မြက်ထမ်းပုဏ္ဏားသည် အလောင်းတော်အရှင်မြတ်အား မြက်ရှစ်ဆုပ်ကိုလှူဒါန်းလိုက်၏။

အလောင်းတော်အရှင်မြတ်သည် မြက်ရှစ်ဆုပ်ကိုယူ၍ မဟာဗောဓိပင်သို့ ကြွတော်မူ၏။ မြက်ရှစ်ဆုပ်သည် မဟာဗောဓိပင်အောက်၌ အပရာဇိတပလ္လင် ဖြစ်လာမည့် မြက်ရှစ်ဆုပ်ပင်ဖြစ်၏။

အလောင်းတော်အရှင်မြတ်သည် မဟာဗောဓိပင်သို့ ရောက်သောအခါ မဟာဗောဓိပင်သို့ တောင်ဘက်မှ ဝင်၏။ ထိုအခါ မဟာဗောဓိပင်ရှိရာ မြေကြီးသည် စောင်းထောင်နေဘိ သကဲ့သို့ ထင်ရ၏။ ထိုအခါ အလောင်းတော်အရှင်မြတ်သည် ဗောဓိပင်ကို လက်ျာရစ်လှည့်ကာ အနောက်ဘက်မှ ဝင်ပြန်၏။ ထိုအခါလည်း မဟာဗောဓိပင်ရှိရာ မြေကြီးသည် စောင်းထောင်နေဘိသကဲ့သို့ ထင်ရပြန်၏။ ထို့ကြောင့် အလောင်းတော်အရှင်မြတ်သည် အနောက်ဘက်မှ မဝင်တော့ဘဲ မြောက်ဘက်သို့ သွားပြန်၏။ မြောက်ဘက်မှရပ်၍ မဟာဗောဓိပင်ကို ကြည့်ပြန်သောအခါ မဟာဗောဓိပင်ရှိရာ မြေကြီးသည် စောင်းထောင်နေဘိသကဲ့သို့ ထင်ရပြန်၏။ ထို့ကြောင့် အလောင်းတော်အရှင်မြတ်သည် မဟာဗောဓိပင်ကို မြောက်ဘက်မှမဝင်ဘဲ အရှေ့ဘက်သို့ သွားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်မှရပ်၍ မဟာဗောဓိပင်ကိုကြည့်သောအခါ မြေကြီးသည် မတုန်မလှုပ် ကြံ့ကြံ့တည်၍ နေသည်ကိုတွေ့ရ၏။ မဟာဗောဓိပင်၏ ဤအရပ်ကား "အပရာဇိတ ပလ္လင်" ပေါက်ရာအရပ် ဖြစ်၏။

သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ၊ အရာရာတိုင်းသည် သူ့စွမ်းအင်နှင့်သူ ရှိပါ၏။ ထို့ကြောင့် မဟာဗောဓိပင်အောက်ရှိ နေရာတိုင်းသည် အပရာဇိတပလ္လင်အဖြစ်သို့ မရောက်နိုင်ဘဲ မဟာဗောဓိပင်အောက်ရှိ အရှေ့အရပ်သည်သာ အပရာဇိတပလ္လင် ပေါက်နိုင်သော နေရာဖြစ်၏။ အလောင်းတော်အရှင်မြတ်သည် မဟာဗောဓိပင်ရင်းသို့ အရှေ့အရပ်မှဝင်၍ အပရာဇိတပလ္လင် ပေါက်ရာအရပ်၌ မြက်ရှစ်ဆုပ်ကို ကြဲလိုက်၏။

မြက်ရှစ်ဆုပ်တို့သည် အပရာဇိတပလ္လင်အဖြစ်သို့ ပြောင်းလဲသွားကြ၏။

ဤနေရာ ဤဒေသသည် "အဆူဆူသော ဘုရားရှင်တို့၏ အပရာဇိတပလ္လင် ပေါက်ရာ ဌာန" ဖြစ်၏။ နေရာတို့သည်လည်း သူ့သတ်မှတ်ချက်နှင့် သူပင်ဖြစ်၏။ သဘာဝသည် စည်းနှင့်ကမ်းနှင့် ဖြစ်၏။ ပရမ်းပတာ ဖြစ်ချင်သလို ဖြစ်သည်မဟုတ်။ ထို့ကြောင့် "လောကဝိသယော အစိန္တေ ယျော= လောကသည် ဆန်းကြယ်သည်" ဟု ဆိုခြင်းဖြစ်၏။ သို့ရာတွင် လောက၏ ဆန်းကြယ်မှုနှင့် ပတ်သက်၍ သဘာဝ၏ ထိုစည်းကမ်းကို သူတော်စင်တို့သာ သိ၏။

**ပြောင်းလဲခြင်းနှစ်မျိုး**

အလောင်းတော်အရှင်မြတ်သည် မဟာဗောဓိပင်ကို ကျောပေးကာ အရှေ့အရပ်သို့ မျက်နှာမူ၍ ထိုင်တော်မူ၏။ ဤထိုင်ခြင်းကား ထူးသောထိုင်ခြင်း ဖြစ်၏။ ဤထိုင်ခြင်းဖြင့်ပင် အလောင်းတော်အရှင်မြတ်၏ ပုထုဇဉ်အဖြစ်မှသည် သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

တစ်ထိုင်တည်းနှင့်ပင် ဘဝဖြစ်စဉ်နှစ်မျိုးတို့သည် ပြောင်းလဲသွားကြ၏။ တစ်ထိုင်တည်း၌ပင် တရွေ့ရွေ့ ပြောင်းလဲခြင်းမှသည် ဖြုန်းခနဲပြောင်းလဲခြင်းသို့ ရောက်၏။

တရွေ့ရွေ့ပြောင်းလဲခြင်းဟူသည် အရေအတွက်ပြောင်းလဲခြင်း ဖြစ်၏။ ဖြုန်းခနဲပြောင်းလဲခြင်း ဟူသည် အရည်အချင်းပြောင်းလဲခြင်းဖြစ်၏။

အလောင်းတော်အရှင်မြတ်သည်—

(၁) "အရေမျှကျန်လိုလျှင်ကျန်စေ၊

(၂) အကြောမျှကျန်လိုလျှင်ကျန်စေ၊

(၃) အရိုးမျှကျန်လိုလျှင်ကျန်စေ၊

(၄) အသွေးအသား အားလုံးတို့ ခမ်းခြောက်လျှင် ခမ်းခြောက်စေ၊ ငါသည် ဘုရားမဖြစ်သမျှ ဤနေရာမှ မထတော့" ဟူ၍ ဆုံးဖြတ်တော်မူပြီး

အပရာဇိတ ပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလေ၏။ ထိုင်နေတော်မူရင်းကပင် သဗ္ဗညုတဉာဏ်တော်ကို ရရှိရေးအတွက် တရားဘာဝနာများကို အားသွန်ခွန်စိုက် အားထုတ်တော်မူလေ၏။

ထိုအခါမာရ်နတ်သည် မိမိ၏ရှေ့မှာ၁၂-ယူဇနာ၊ လက်ယာဘက်မှ ၁၂-ယူဇနာ၊ လက်ဝဲဘက်မှ ၁၂-ယူဇနာ၊ အထက်၌ ၉-ယူဇနာ၊ နောက်ဘက်၌ စကြဝဠာအဆုံး

www.burmeseclassic.com

www.burmeseclassic.com



တိုင်အောင်သော စစ်သည်တော်များနှင့် အလောင်းတော်အရှင်မြတ်ကို လာရောက်တိုက်ခိုက်လေ၏။ သို့ရာတွင် မာရ်နတ်သည် ရှုံးနိမ့်သွား၏။

မာရ်နတ်ကို အလောင်းတော်အရှင်မြတ် နိုင်လိုက်ခြင်းမှာ ရိုးရိုးစစ်သည်တော် အင်အားများကြောင့် မဟုတ်၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ဖြည့်ကျင့်တော်မူခဲ့သော ပါရမီတော်တို့၏ အာနုဘော်တော်ကြောင့် ဖြစ်၏။ ထို့ကြောင့် "ကမ္မဝိသယော အစိန္တေယျော=ကံ၏အရာသည် စဉ်းစား၍ မရနိုင်လောက်အောင် ဆန်းကြယ်သည်" ဟူ၍ ဟောကြားတော်မူခြင်း ဖြစ်၏။ အမှန်အားဖြင့် ကံသည်သာလျှင် မိမိ၏အားကိုးရာ စစ်စစ် ဖြစ်ပါ၏။

အလောင်းတော်အရှင်မြတ်က မာရ်နတ်ကို အောင်နိုင်လိုက်သောနေ့မှာ **မဟာသက္ကရာဇ် ၁၀၃—ခုနှစ် ကဆုန်လပြည့်နေ့၊ နေမဝင်မီ အချိန်ကာလ** ဖြစ်၏။ အလောင်းတော် အရှင်မြတ်သည် ညဉ့်ဦးယံ၌ "ပုဗ္ဗေနိဝါသာနုဿတိ-အဘိညာဏ်" ကိုလည်းကောင်း၊ မဇ္ဈိမယံ၌ "ဒိဗ္ဗစက္ခု အဘိညာဏ်" ကိုလည်းကောင်း ဝိပဿနာ အခြေခံအနေဖြင့် ထပ်မံရရှိ၍ ဝင်စားတော်မူ၏။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် ဟူသည်မှာ ရှေးဘဝ ရှေးခန္ဓာများကိုသိသော ဉာဏ်တော်ဖြစ်၏။

ဒိဗ္ဗစက္ခု အဘိညာဏ်ဟူသည်မှာ ထိုထို သတ္တဝါတို့၏ လက်ရှိခန္ဓာများကို သိသောဉာဏ်ဖြစ်၏။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ကို ပထမဝိဇ္ဇာဉာဏ်ဟူ၍လည်း ဆို၏။ ဒိဗ္ဗစက္ခုအဘိညာဏ်ကို ဒုတိယ ဝိဇ္ဇာဉာဏ်ဟူ၍လည်း ဆို၏။ အမှန်အားဖြင့် အလောင်းတော်အရှင်မြတ်သည် သမာပတ်ရှစ်ပါးနှင့် အဘိညာဏ် ငါးပါးကို ရှေးယခင် အာဠာရနှင့် ဥဒကရသေ့ကြီးများနှင့် အတူတကွ နေစဉ်ကပင် ရတော်မူပြီး ဖြစ်ပါ၏။ သို့ရာတွင် ထိုစဉ်ကရသော သမာပတ်နှင့် အဘိညာဏ်တို့သည် ဝိပဿနာအခြေခံဖြစ်သော သမာပတ်နှင့် အဘိညာဏ်များ မဟုတ်။ သမထသက်သက်တွင်သာ အဆုံးသတ်သော သမာပတ်နှင့် အဘိညာဏ်များ ဖြစ်ကြ၏။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့၌ရသော သမာပတ်နှင့်အဘိညာဏ်များသည်သာလျှင် "ဝိပဿနာ၏ အခြေခံဖြစ်သော သမာပတ်နှင့်အဘိညာဏ်"များ ဖြစ်ကြ၏။

အလောင်းတော်အရှင်မြတ်သည် ယခုအခါ ပရမတ္ထတရားများကို သိတော်မူပြီ ဖြစ်၏။ ရုပ်, နာမ်, ခန္ဓာများကို မြင်တော်မူပြီ ဖြစ်၏။ အမှန်အားဖြင့် လောကဟူသည် လည်းကောင်း၊ ပုဂ္ဂိုလ် သတ္တဝါဟူသည်လည်းကောင်း၊ ထို့အပြင် အခြားသော သက်ရှိ သက်မဲ့ အရာဝတ္ထုဟူသမျှသည်လည်းကောင်း အားလုံးပရမတ္ထတရားမှတစ်ပါး အခြားဘာမျှမဟုတ်ကြောင်း အလောင်းတော်အရှင်မြတ်သည် တွေ့မြင်ပြီ ဖြစ်၏။

ထိုတွင် ပုဂ္ဂိုလ်သတ္တဝါနှင့်ပတ်သက်၍ အလောင်းတော်အရှင်မြတ်သည် ယင်းတို့၏ ပရမတ္ထတရားအစုများကို ဝိပဿနာဉာဏ်ဖြင့် ရှုပွားလေသောအခါ "ပဋိစ္စသမုပ္ပါဒ်"

www.burmeseclassic.com

www.burmeseclassic.com



သဘောကိုတွေ့ရ၏။ ပဋိစ္စသမုပ္ပါဒ်ဟူသည်မှာ သတ္တဝါတို့၏ အကြောင်းအကျိုးဆက် အနေဖြင့် ခဏတိုင်းခဏတိုင်း ဖြစ်ပေါ်နေသော ခန္ဓာအစဉ်ပင် ဖြစ်၏။ ယင်းတွင်–

အတိတ်အကြောင်းတရားအနေဖြင့် အဝိဇ္ဇာနှင့်သင်္ခါရ ပါဝင်၏။

ပစ္စုပ္ပန်အကျိုးတရားအနေဖြင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ပါဝင်၏။

ထို့အပြင် ပစ္စုပ္ပန်အကြောင်းတရားအနေဖြင့် တဏှာ,ဥပါဒါန်, ကမ္မဘဝ ပါဝင်၏။

အနာဂတ်အကျိုးတရားအနေဖြင့် ဇာတိ, ဇရာမရဏ ပါဝင်၏။

**မဟာဝဇိရဉာဏ်တော်**

အလောင်းတော်အရှင်မြတ်သည် စကြဝဠာကုဋေတစ်သိန်း၌ ရှိနေကြကုန်သော လူ,နတ်,ဗြဟ္မာ, သတ္တဝါအားလုံးတို့၏ အခြေခံပရမတ္ထတရားများကို ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်တော်မူသောအခါ အဝိဇ္ဇာ, သင်္ခါရ- စသောအကြောင်းအကျိုးတရား အစုပေါင်း ၁၂-ပါးသည်သာလျှင် တကယ်တမ်း ရှိသော ပရမတ္ထအရှိတရားများဖြစ်ပြီး ပုဂ္ဂိုလ်, သတ္တဝါ, အရာဝတ္ထုများမှာ ယင်းတို့ အနေဖြင့် တကယ်တမ်းမရှိဘဲ အထင်ရှိများသာဖြစ်ကြောင်းကို အလောင်းတော် အရှင်မြတ်သည် တွေ့မြင်ရလေ၏။

အမှန်အားဖြင့် ယင်း ၁၂-ပါးမှတစ်ပါး ပုဂ္ဂိုလ်ဟူ၍လည်း မရှိ။ သတ္တဝါဟူ၍ လည်းမရှိ။ လောကဟူ၍လည်း မရှိ။ ထို့ကြောင့် ယင်း ၁၂-ပါးကိုပင် သူ့ရှုထောင့်နှင့်သူ "သတ္တလောက" ဟူ၍လည်း ခေါ်ကြ၏။ "ဩကာသလောက" ဟူ၍လည်း ခေါ်ကြ၏။ "သင်္ခါရလောက" ဟူ၍လည်း ခေါ်ကြ၏။

လောကသုံးပါးအနေဖြင့် မည်သို့ပင်ခေါ်ကြစေကာမူ ယင်းလောကသုံးပါးကို တကယ်ရှိအနှစ်သာရအနေဖြင့် တစ်မျိုးဖော်ပြရလျှင် "ရုပ်နှင့်နာမ်"ဟူ၍ ၂-မျိုးသာရှိ၏။ ယင်းရုပ်နှင့်နာမ် နှစ်မျိုးကိုပင် ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးအနေဖြင့် ဖော်ပြရလျှင် "အတိတ်အကြောင်း, ပစ္စုပ္ပန်အကျိုး၊ ပစ္စုပ္ပန်အကြောင်း, အနာဂတ်အကျိုး" ဟူ၍ စုစုပေါင်း ၄-မျိုးသာရှိ၏။

ထို့ကြောင့် အလောင်းတော်အရှင်မြတ်သည် စကြဝဠာ ကုဋေတစ်သိန်း၌ရှိသော လူ,နတ်, ဗြဟ္မာ သတ္တဝါအားလုံးတို့ကို ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်လေသောအခါ ပုဂ္ဂိုလ်, သတ္တဝါ-ဟူ၍ မတွေ့ရတော့ဘဲ တစ်ဦးစီတစ်ဦးစီ၌ ပရမတ္ထတရားများ အနေဖြင့် အဝိဇ္ဇာ, သင်္ခါရ- စသော ပဋိစ္စသမုပ္ပါဒ်တရား ၁၂-ပါးတို့ကိုသာ တွေ့ရလေ၏။ ထိုအခါ ယင်းတို့ကို တစ်သိန်းစီ တစ်သိန်းစီ ရှုမှတ်ပွားများခြင်းအားဖြင့် ဝိပဿနာဉာဏ်ပေါင်း ကုဋေတစ်သန်း နှစ်သိန်းတို့ကို ရှုမှတ်ပွားများပြီး ဖြစ်လေ၏။ တစ်ဖန် ယင်းတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ အားဖြင့် လက္ခဏာတင်၍ ပဋိစ္စသမုပ္ပါဒ် တရား တစ်မျိုး တစ်မျိုးလျှင် သုံးမျိုး သုံးမျိုးစီဖြင့် ရှုမှတ်ပွားများလေသောအခါ စုစုပေါင်း ဝိပဿနာ ဉာဏ်ပေါင်း ကုဋေသုံးသန်းခြောက်သိန်းတို့ကို ရှုမှတ်ပွားများပြီး ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်း ဝိပဿနာဉာဏ်များကို "မဟာဝဇိရ ဝိပဿနာဉာဏ်တော်များ" ဟူ၍ ခေါ်လေ၏။

အလောင်းတော်အရှင်မြတ်သည် ပဋိစ္စသမုပ္ပါဒ် တရားများကို ရုပ်နှင့်နာမ်များ အဖြစ်ဖြင့် ဝိပဿနာရှုတော်မူသောအခါ အာနာပါန စတုတ္ထဈာန်သမာဓိကို ထူထောင်ပြီးမှ ရှုခြင်း ဖြစ်၏။ အမှန်အားဖြင့် အာနာပါနစတုတ္ထဈာန်သမာဓိသည် မှန်းတည့်နေ၏ အလင်းရောင်သဖွယ် ဖြစ်၏။ မှန်းတည့်နေ၏ အလင်းရောင်၌ ပကတိမျက်စိဖြင့် အရာဝတ္ထုများကို ကြည့်သောအခါ ပြက်ပြက်ထင်ထင် မြင်ရ၏။ တစ်စုံတစ်ရာ ယုံမှားဖွယ်ဟူ၍ ဘာမျှမရှိ။ ထိုနည်းအတူပင် အာနာပါန စတုတ္ထဈာန် သမာဓိ၏ အလင်းရောင်ဖြင့် ရုပ်နှင့်နာမ်ခန္ဓာများကို ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်လေသောအခါ ရုပ်နာမ်ခန္ဓာများကို ပြက်ပြက်ထင်ထင် မြင်ရ၏။

မှန်းတည့်နေရောင်တွင် ပကတိမျက်စိဖြင့် အရာဝတ္ထုများကို မြင်ရသကဲ့သို့ပင် ဝိပဿနာဉာဏ်မျက်စိဖြင့် ရုပ်နာမ်ခန္ဓာများကို ပြက်ပြက်ထင်ထင်မြင်ရ၏။ ယုံမှားသံသယ ဖြစ်ဖွယ်ဟူ၍ ဘာမျှမရှိ။ အားလုံးကို တိတိကျကျ မြင်ရ၏။

ထို့နောက် ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်, ပျက်ကို မြင်ရ၏။ ဖြစ်ပျက်ကိုမြင်သောအခါ ရုပ်နာမ်ခန္ဓာတို့၏ အနိစ္စသဘောကိုလည်း ပြက်ပြက်ထင်ထင် မြင်၏။ ဒုက္ခသဘော ကိုလည်း ပြက်ပြက်ထင်ထင် မြင်၏။ အနတ္တ သဘောကိုလည်း ပြက်ပြက်ထင်ထင် မြင်၏။ ထို့နောက် ဖြစ်ပျက်တို့၏ ကုန်ဆုံးရာကို မြင်၏။ ဖြစ်ပျက်တို့၏ ကုန်ဆုံးရာ ဟူသည်ကား "နိဗ္ဗာန်" ပင်ဖြစ်၏။

**နိဗ္ဗာန်ကိုသိမြင်ခြင်း**

**အလောင်းတော်အရှင်မြတ်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်၏ ပစ္ဆိမယံ၌ အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို ပြက်ပြက်ထင်ထင် သိမြင်တော်မူ၏။ ထိုအခါ အာသဝေါတရားများသည် ကုန်ခမ်း သွားကြလေပြီ။** အမှန်အားဖြင့် အရဟတ္တမဂ်ဉာဏ်သည် အာသဝေါတရားများကို ကုန်ခမ်းသွားအောင် ပြုတတ်သောကြောင့် အရဟတ္တမဂ်ဉာဏ်ကို "အာသဝက္ခယဉာဏ်" ဟူ၍ ခေါ်၏။ အာသဝက္ခယ- ဟူသော ပါဠိဝေါဟာရ၏အနက်မှာ အာသဝေါတရားများ ကုန်ခမ်းခြင်း ဟူ၍ဖြစ်၏။ အာသဝေါတရားများ ကုန်ခမ်းခြင်းနှင့် နိဗ္ဗာန်ကိုရခြင်းသည် တစ်ပြိုင်နက်ဖြစ်၏။

ကျမ်းဂန်များ၌ အာသဝေါတရားများကို စိမ့်ရည်နှင့်နှိုင်း၍ ဆိုကြ၏။ စိမ့်ရည် ဟူသည် အရက်ပင်ဖြစ်၏။ အရက်မူးသောအခါ မဟုတ်ကိုအဟုတ်၊ အဟုတ်ကိုမဟုတ် ထင်ကြ၏။ မဟုတ်ကို မဟုတ်မှန်းမသိရအောင် ဖုံး၏။ မဟုတ်ကို အဟုတ်အဖြစ် ပေါ်လာအောင် ဖော်၏။

ထိုနည်းအတူပင် အဟုတ်ကိုအဟုတ်မှန်းမသိရအောင် ဖုံး၏။
အဟုတ်ကို မဟုတ်အဖြစ် ပေါ်လာအောင် ဖော်၏။

ဤသည်မှာ အဝိဇ္ဇာ၏ လက္ခဏာဖြစ်၏။ အာသဝေါတရားလေးပါးတို့တွင်

www.burmeseclassic.com

www.burmeseclassic.com



အဝိဇ္ဇာသည် ဦးဆောင်ဖြစ်၏။ ထို့အပြင် အဝိဇ္ဇာ၌ သတ္တိနှစ်မျိုးရှိသည် ဟူ၍ ကျမ်းဂန်များ၌ ဖော်ပြ၏။ သတ္တိတစ်မျိုးမှာ "ဖုံးခြင်းသတ္တိ" ဖြစ်၏။ ယင်းကို "အာဝရဏသတ္တိ"ဟူ၍ ဆို၏။ နောက်သတ္တိတစ်မျိုးမှာ "ဖော်ခြင်းသတ္တိ" ဖြစ်၏။ ယင်းကို "ဝိက္ခေပသတ္တိ" ဟူ၍ ခေါ်၏။

အဝိဇ္ဇာသည် ဖုံးခြင်း=အာဝရဏသတ္တိအရ အဟုတ်ကိုအဟုတ်မှန်း မသိရလေအောင် မဟုတ်ကိုလည်း မဟုတ်မှန်းမသိရလေအောင် ဖုံး၏။ ထို့အပြင် ဖော်ခြင်း ဝိက္ခေပသတ္တိအရ အဟုတ်ကို မဟုတ်အဖြစ် ပေါ်လာအောင်။ မဟုတ်ကိုလည်း အဟုတ်အဖြစ်ပေါ်လာအောင် ဖော်၏။

ဤသို့လျှင် အဝိဇ္ဇာဦးဆောင်သော အာသဝေါတရားများသည် သိမှုနယ်ပယ်၌ အသိကိုကမောက်ကမဖြစ်အောင် လုပ်လေ၏။

သို့ဖြစ်လေရာ အာသဝေါကင်းမှ အသိသည် မှန်ကန်သော အသိဖြစ်ပေလိမ့်မည်။ အာသဝေါမကင်းသေးပါက မည်သည့်နည်းနှင့်မျှ အသိသည် မှန်ကန်သောအသိ ဖြစ်လိမ့်မည်မဟုတ်ပါချေ။

ထို့ကြောင့် အာသဝေါကင်းအောင် လုပ်ဖို့အရေးကြီး၏။ အာသဝေါကင်းဖို့ ဆိုသည်ကလည်း အရဟတ္တမဂ်ကိုရမှသာ ဖြစ်နိုင်လေ၏။

အာသဝေါတရားများသည် ဘုံအားဖြင့် ဘဝဂ်တိုင်အောင်၊ ဓမ္မအားဖြင့် ဂေါတြဘု တိုင်အောင် ယိုစီးတတ်ကုန်၏။ သို့ဖြစ်လေရာ အာသဝေါတရားများသည် ဒွါရများ၌ ပျံ့နှံ့၍ တည်ရှိကြကုန်၏။ ပျံ့နှံ့၍တည်ရှိခြင်းဆိုသည်မှာ အနုသယသတ္တိဖြင့် ပျံ့နှံ့၍တည်ရှိခြင်းကို ဆိုခြင်းဖြစ်ပါ၏။ အမှန်အားဖြင့် အာရုံများသည် အချို့သော ဓမ္မာရုံများက လွဲလျှင် အားလုံး ပရမတ္ထတရားများချည်း ဖြစ်၏။ ထိုထိုဒွါရများ၌ ထင်သောအခါလည်း ပရမတ္ထတရားများအနေဖြင့်သာ ထင်ကြပါ၏။ သို့ရာတွင် ယင်းအာရုံများသည် ဒွါရများ၌ထင်သောအခါ အာသဝေါတရားများ ပျံ့နှံ့နေသော ဒွါရများကို ဖြတ်သန်း၍ထင်ကြရ၏။ သိစိတ်များကလည်း ထင်လာသောအာရုံများကို သိသောအခါ အာသဝေါတရားများ ပျံ့နှံ့နေသော ဒွါရများကိုဖြတ်သန်း၍ သိရ၏။ ထိုအခါ အာရုံသည်လည်းကောင်း၊ သိစိတ်သည်လည်းကောင်း၊ မူလက ပရမတ္ထ တရားများဖြစ်ကြပါလျက် အာသဝေါတရားများ ပျံ့နှံ့သောဒွါရများကို ဖြတ်သန်း လိုက်သည်နှင့် တစ်ပြိုင်နက် အားလုံး ကမောက်ကမ ဖြစ်သွားကြလေ၏။

ပရမတ်အာရုံများကလည်း ပညတ်အာရုံများ ဖြစ်သွားကြ၏။ သိစိတ်များကလည်း ပုဂ္ဂိုလ်,သတ္တဝါ, အရာဝတ္ထု မဟုတ်ပါဘဲလျက် ပုဂ္ဂိုလ်,သတ္တဝါ, အရာဝတ္ထု အဖြစ် သိသွားကြ၏။

နတ်ရေကန်မှ ရေနှင့်ထိသူတိုင်း ၁၆-နှစ်အရွယ် ဖြစ်သွားသကဲ့သို့ အာသဝစိမ် ရည်နှင့်ထိတိုင်း ပရမတ်အာရုံများက ပညတ်အာရုံများ ဖြစ်သွားကြ၏။ ပုဂ္ဂိုလ်,သတ္တဝါ, အရာဝတ္ထု မဟုတ်ပါဘဲလျက် ပုဂ္ဂိုလ်, သတ္တဝါ, အရာဝတ္ထုများ ဖြစ်သွားကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မည်သူမဆို မိမိ၏သန္တာန်၌ အာသဝေါတရားများသာ မကင်းသေးပါက မိမိ၏အသိသည် မည်သည့်နည်းနှင့်မျှ အပြည့်အစုံ မှန်ကန်သော အသိမဖြစ်နိုင်ဟူ၍ ဆိုခြင်းဖြစ်၏။

**ယခုအလောင်းတော်အရှင်မြတ်သည် အာသဝေါတရားများကို ဝါသနာနှင့်တကွ ပယ်သတ်နိုင်လေပြီ။ ထို့ကြောင့် အလောင်းတော် အရှင်မြတ်၏ အသိသည် မှန်ကန်သောအသိဖြစ်လေပြီ။ မှန်ကန်သောအသိ ဖြစ်ရုံမျှမက ယင်းအသိသည် "အပြည့်အစုံအကုန်သိသော= သဗ္ဗညုတ အသိ" လည်း ဖြစ်လေပြီ။ သဗ္ဗညုတ-အသိဖြစ်သည်နှင့် တစ်ပြိုင်နက် အလောင်းတော်အရှင်မြတ်သည် "သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရား" ဖြစ်တော်မူသွားလေ၏။**

မြတ်စွာဘုရားသည် ကိလေသာဟူမျှကို ဝါသနာနှင့်တကွ ပယ်သတ်နိုင်သောကြောင့် မြတ်စွာဘုရား၏ အသိသည်လည်း အခြားသူများ၏ အသိနှင့် မတူဘဲ သဗ္ဗညုတ-အသိ ဖြစ်သွား၏။ အမှန်အားဖြင့် သဗ္ဗညုတအသိမျိုးဖြင့် သိသောကြောင့်သာလျှင် မြတ်စွာဘုရား ဖြစ်တော်မူခြင်းဖြစ်၏။

သဗ္ဗညုတ-ဟူသည်မှာ အလုံးစုံကို သိခြင်းဖြစ်၏။ ဤနေရာ၌ အလုံးစုံဟူသည်မှာ နှစ်မျိုးရှိ၏။ အရေအတွက်အရ အလုံးစုံနှင့် အရည်အချင်းအရ အလုံးစုံတို့ ဖြစ်ကြ၏။ အရေအတွက်အရ အလုံးစုံဟူသည်မှာ သိစရာဟူသမျှ အကြွင်းအကျန်မရှိဘဲ အားလုံးကိုသိခြင်းဖြစ်၏။ အရည်အချင်းအရ အလုံးစုံဟူသည်မှာ သိစရာများအနက်မှ တစ်ခုခုကိုသိရာ၌ အကြွင်း အကျန် မရှိဘဲ အပြည့်အစုံသိခြင်းဖြစ်၏။

ထို့ကြောင့် သဗ္ဗညုတ-ဟူသည် အားလုံးကိုလည်းသိတော်မူ၏။ ထိုသို့သိရာ၌ အားလုံးထဲမှ တစ်ခုစီတစ်ခုစီကို သိရာ၌လည်း အစမှ အဆုံးတိုင်အောင် သိတော်မူ၏။

ထို့ကြောင့် သဒ္ဒါနည်းအရ သဗ္ဗညုတ-၏ "သဗ္ဗ" ကိုပြောရလျှင် "သဗ္ဗဥ္စ သဗ္ဗဥ္စ သဗ္ဗံ-ဟူ၍ ဧကသေသနည်းသဗ္ဗ"အဖြစ်ပြောရ၏။ ရိုးရိုးသဗ္ဗအဖြစ် ပြောရသည်မဟုတ်။ ဧကသေသ သဗ္ဗဟူသည်မှာ သဗ္ဗ+သဗ္ဗ=သဗ္ဗ -ဟူ၍ သဗ္ဗ နှစ်ပုဒ်ကို သဗ္ဗတစ်ပုဒ်တည်း ပြုထားခြင်း ဖြစ်၏။ သို့ဖြစ်၍ သဗ္ဗညုတ၌ သဗ္ဗ တစ်ပုဒ်က သိစရာအားလုံးကို ဟော၏။ အခြားသဗ္ဗတစ်ပုဒ်က သိစရာအားလုံးထဲက တစ်ခုစီတစ်ခုစီကို သိရာ၌လည်း အစမှအဆုံး အားလုံးကိုဟော၏။ ထို့ကြောင့် သဗ္ဗညုတဉာဏ်တော်ဖြင့် သိရာတွင် သိစရာဟူသမျှ မကြွင်းကျန်ရလေအောင် အားလုံးကိုလည်း သိတော်မူ၏။ ထိုသို့သိရာတွင် တစ်ခုစီ တစ်ခုစီကို သိရာ၌လည်း အစမှအဆုံးတိုင် အကြွင်းမရှိ သိတော်မူပါ၏။ ဤသည်မှာ "သဗ္ဗညုတဉာဏ်တော်ဖြင့် သိနည်း" ဖြစ်ပါ၏။

မြတ်စွာဘုရားသည် အရဟတ္တမဂ်ဉာဏ်တော်ဖြင့် သစ္စာလေးပါးကို သိရာ၌ အတားအဆီးမဲ့ "အပ္ပဋိဟတ" အနေဖြင့် သိခြင်းဖြစ်၏။ အခြားသူများ၏ အရဟတ္တမဂ် ဉာဏ်ဖြင့် သစ္စာလေးပါးကို သိရာ၌ကား အတားအဆီးရှိ "ပဋိဟတ" အနေဖြင့်သာ

www.burmeseclassic.com

www.burmeseclassic.com



သိခြင်းဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရား၏ အရဟတ္တမဂ်ဉာဏ်တော်သည် သဗ္ဗညုတဉာဏ်တော်ရခြင်းကိစ္စကို ပြီးစေတော်မူပြီး အခြားသူများ၏ အရဟတ္တမဂ် ဉာဏ်တော်သည် သဗ္ဗညုတဉာဏ်တော်ရခြင်းကိစ္စကို မပြီးစေနိုင်ခြင်းဖြစ်၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည် အရဟတ္တမဂ်ဉာဏ်တော်ကို ရသည်နှင့်တစ်ပြိုင်နက် သဗ္ဗညုတဉာဏ်တော်ကို ရခြင်းကိစ္စ ပြီးလေ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် သုံးလောကထွတ်ထားအဖြစ်သို့ ရောက်တော်မူခြင်းဖြစ်၏။ သုံးလောကထွတ်ထားအဖြစ်သို့ ရောက်တော်မူခြင်းနှင့် ပတ်သက်၍ ဗိနာလင်္ကာရဋီကာ-လာ အောက်ပါဂါထာနှစ်ဂါထာသည် မှတ်သားဖွယ်ကောင်းပါ၏—

၁။ ဇဝံ အနန္တပုညေဟိ၊ သိဒ္ဓံ ဒေဟမိမံ ပန။
ယထာဘူတံ အဇာနန္တော၊ မနုဿောတိ ဟိ မညတိ။

၂။ နာဟံ မနုဿော နာမနုဿော၊ န ဗြဟ္မာ န စ ဒေဝတာ။
ဇရာမရဏံ လောကဿ၊ ဒဿေတုံ ပနိဓာဂတော။

၁။ ဇဝံ၊ ဤသို့။ အနန္တပုညေဟိ၊ အဆုံးအပိုင်းအခြားမရှိသော ပါရမီကောင်းမှုကံတို့ကြောင့်။ သိဒ္ဓံ၊ ဖြစ်ပေါ်လာသော။ ဣမံ ဒေဟံ၊ ဤခန္ဓာကိုယ်ကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ အဇာနန္တော ပန၊ မသိလျှင်ကား။ ယော ကောစိ၊ မည်သူမဆို။ ဗုဒ္ဓေါ၊ ဘုရားဟူသည်။ မနုဿောတိ ဟိ၊ လူပင်တည်း ဟူ၍သာလျှင်။ မညတိ၊ မှတ်ယူတတ်၏။

၂။ ပန၊ အမှန်အားဖြင့်။ အဟံ၊ ငါဘုရားသည်။ န မနုဿော၊ လူမဟုတ်။ န အမနုဿော၊ ဘီလူး စသော အခြားသတ္တဝါလည်းမဟုတ်။ န ဗြဟ္မာ၊ ဗြဟ္မာလည်းမဟုတ်။ န စ ဒေဝတာ၊ နတ်လည်းမဟုတ်။ လောကဿ၊ လောကအား။ ဇရာမရဏံ၊ အိုခြင်းသေခြင်းကို။ ဒဿေတုံ၊ ပြခြင်းငှာ။ ဣဓ၊ ဤလူသားမိခင်၏ ဝမ်းဗိုက်သို့။ အာဂတော၊ ရောက်လာရခြင်း ဖြစ်၏။

မြတ်စွာဘုရားသည်လည်း လူသားမိခင်မှ မွေးဖွားလာသူဖြစ်ခြင်းကြောင့် သာမန်အားဖြင့် လူဟူ၍ပင် ဆိုစရာရှိပါ၏။ သို့ရာတွင် မြတ်စွာဘုရား၏ ခန္ဓာတော်များကား လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်တိုင် ဖြည့်ကျင့်တော်မူခဲ့သော အဆုံးအပိုင်းအခြားမရှိသော ပါရမီကံတို့ကြောင့် ဖြစ်လာသော အတုမဲ့ခန္ဓာတော်ဖြစ်ရကား အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် မြတ်စွာဘုရားသည် လူသားမိခင်မှ မွေးဖွားခြင်းဖြစ်သော်လည်း ရိုးရိုးလူသားမဟုတ်တော့။ "အနှိုင်းမဲ့ပုဂ္ဂိုလ်မြတ်တစ်ဦး" သာ ဖြစ်တော့၏။

ထို့ကြောင့် မြတ်စွာဘုရားသည် လောကသုံးပါး၏ အထွတ်မကိုဋ်ဖြစ်တော်မူ၏။ သို့ဖြစ်၍ မြတ်စွာဘုရားကို "လူ"ဟူ၍ ဆိုလျှင်လည်းမှန်၏။ လူဟူ၍ ဆိုပါလျှင် "လူ့ထက်လူ၊ လူတို့၏ မကိုဋ်"ဟူ၍ ဆိုရ၏။

www.burmeseclassic.com

www.burmeseclassic.com



"နတ်"ဟူ၍ဆိုလျှင်လည်း မှန်၏။ နတ်ဟူ၍ဆိုပါလျှင်လည်း "နတ်ထက်နတ်၊ နတ်တို့၏ မကိုင်း" ဟူ၍ ဆိုရ၏။

"ဗြဟ္မာ" ဟူ၍ဆိုလျှင်လည်း မှန်၏။ ဗြဟ္မာဟူ၍ဆိုပါလျှင်လည်း "ဗြဟ္မာထက်ဗြဟ္မာ၊ ဗြဟ္မာတို့၏ မကိုင်း" ဟူ၍ဆိုရ၏။

ထို့အပြင် မြတ်စွာဘုရားကို အခြားသက်ရှိတစ်မျိုးမျိုး ဟူ၍ ဆိုလျှင်လည်း မှန်၏။ အခြားသက်ရှိတစ်မျိုးမျိုးဟူ၍ဆိုပါလျှင်လည်း "အခြားသက်ရှိတစ်မျိုးမျိုးတို့၏ မကိုင်း" အဖြစ်သာဆိုရ၏။

အမှန်အားဖြင့် မြတ်စွာဘုရားသည် လူ၊နတ်၊ဗြဟ္မာ သတ္တဝါအားလုံးနှင့် ပတ်သက်၏။ ထိုသို့ ပတ်သက်ခြင်းမှာ အဆုံးအပိုင်းအခြားမရှိသော ပါရမီကံတို့ကြောင့် ဖြစ်၏။

မြတ်စွာဘုရားသည် နစဉ်ဘဝ ပါရမီတော်များကို ဖြည့်စဉ်ကာလက တိရစ္ဆာန်လည်း ဖြစ်ခဲ့၏။ ထို့ကြောင့် တိရစ္ဆာန်တို့၏ သဘောကို ကိုယ်တွေ့ကြုံခဲ့၏။ လူလည်းဖြစ်ခဲ့၏။ ထို့ကြောင့် လူတို့၏ သဘောကို ကိုယ်တွေ့ကြုံခဲ့၏။ နတ်လည်း ဖြစ်ခဲ့၏။ ထို့ကြောင့် နတ်တို့၏ သဘောကို ကိုယ်တွေ့ကြုံခဲ့၏။ ဗြဟ္မာလည်း ဖြစ်ခဲ့၏။ ထို့ကြောင့် ဗြဟ္မာတို့၏ သဘောကို ကိုယ်တွေ့ကြုံခဲ့၏။

အခြားသူများသည်လည်း ၃၁–ဘုံ၌ ကျင်လည်ခဲ့သူများ ဖြစ်ကြပါ၏။ သို့ရာတွင် ထိုထိုပုဂ္ဂိုလ်တို့ ကျင်လည်ခဲ့ခြင်းကား ပါရမီသဘောဖြင့် ကျင်လည်ခဲ့ခြင်းမဟုတ်။

ထို့ကြောင့် ထိုထိုပုဂ္ဂိုလ်တို့သည် မိမိတို့ဖြစ်ရာဘဝတစ်မျိုးတည်းနှင့်သာ ပတ်သက်၏၊အခြားဘဝများနှင့်မပတ်သက်ချေ။ ထို့ကြောင့် အလောင်းတော်အရှင်မြတ်၏ သံသရာ ကျင်လည်ခြင်းနှင့် အခြားသတ္တဝါများ၏ သံသရာကျင်လည်ခြင်းသည် တစ်မျိုးနှင့်တစ်မျိုး မတူခြင်း ဖြစ်လေ၏။ အမှန်အားဖြင့် အလောင်းတော်အရှင်မြတ်သည် လူ၊နတ်၊ဗြဟ္မာ သတ္တဝါအားလုံးနှင့် သံသရာတစ်လျှောက် ပတ်သက်ခဲ့ခြင်းသည် တစ်နည်းအားဖြင့် ဆိုရလျှင် ဘဝစုံခဲ့ခြင်းသည် သဗ္ဗညုတဉာဏ်တော်ကို ရခြင်း၏ အကြောင်းတစ်မျိုးဖြစ်လေ၏။

မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူပြီးနောက် သတ္တ သတ္တာဟ– အရ ၄၉–ရက်သာလျှင် ဖလသမာပတ်ဝင်စားရင်း အနားနေတော်မူ၏။ ထို့နောက် ပရိနိဗ္ဗာန် ပြုတော်မူသည်အထိ မနားမနေ လောက၏ အကျိုးကို ဆောင်ရွက်တော်မူခဲ့ပါ၏။ နောက်ဆုံး ဝမ်းတော်လား၍ ဝမ်းသွေးသွန်ပြီး ဝေဒနာကို ခံစားတော်မူရင်းကပင် ၃–ဂါဝုတ်ဝေးသည့် ပါဝါမြို့မှ ကုသိနာရုံမြို့သို့ ခြေလျင် ကြွတော်မူပြီး သုဘဒ္ဒပရိဗိုဇ်ကို ချွတ်တော်မူ၏။

မြတ်စွာဘုရား၏ မဟာကရုဏာတော်ကား အံ့ဖွယ်ရှိပေစွ။ အမှန်အားဖြင့် မြတ်စွာဘုရားသည် မိမိသက်တော်ထင်ရှားရှိသည့် ၄၅–နှစ်တာကာလကို မိမိပါရမီ ဖြည့်စဉ် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတန်အောင် အသုံးချတော်မူခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကိုအသုံးချရာ၌လည်း မြတ်စွာဘုရားသည် "အတုလ" ဖြစ်တော်မူပါ၏။

သို့ဖြစ်၍သာ ၄၅-နှစ်ကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတန်အောင် အသုံးချနိုင်ခြင်းဖြစ်၏။ ထိုသို့အသုံးချနိုင်အောင်လည်း မြတ်စွာဘုရား၏ ခန္ဓာတော်သည် အရဟတ္တမဂ်ကိုရ၍ ဘုရားဖြစ်တော်မူသည့်အချိန်မှစ၍ ကိလေသာအညစ်အကြေးတို့ကို ဝါသနာနှင့်တကွ အကြွင်းမဲ့ပယ်သတ်နိုင်ခဲ့လေသောကြောင့် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ အဖြစ်သို့ အပြောင်းအလဲကြီး ပြောင်းလဲသွားပါ၏။

သို့ဖြစ်၍သာ ဓိနာလင်္ကာရဋီကာဆရာ၏ အဆိုအမိန့်အတိုင်း မြတ်စွာဘုရားသည် "လူလည်းဖြစ်၏၊ လူ့ထက်လည်းလွန်၏"ဟူ၍ ဆိုရခြင်းဖြစ်၏။ "နတ်လည်းဖြစ်၏၊ နတ်ထက်လည်းလွန်၏"ဟူ၍ ဆိုရခြင်းဖြစ်၏။ "ဗြဟ္မာလည်းဖြစ်၏၊ ဗြဟ္မာထက်လည်း လွန်၏" ဟူ၍ဆိုရခြင်းဖြစ်၏။ "အခြားသက်ရှိတစ်မျိုးမျိုးလည်းဖြစ်၏၊ အခြားသက်ရှိတစ်မျိုးမျိုးထက်လည်းလွန်၏" ဟူ၍ဆိုရခြင်းဖြစ်လေ၏။

သဗ္ဗညုတဉာဏ်တော်ကိုရ၍ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူချိန်မှစ၍ ခန္ဓာတော်အစဉ်သည် နဂိုမူလ ဘုရားမဖြစ်မီကာလက အခြေအနေများထက် အနှိုင်းမဲ့အနေဖြင့် ထူးခြားသွားကြောင်းကို ဆရာတော်အရှင်ဇနကာဘိဝံသ-က ဤသို့ဖော်ပြထားသည်ကို တွေ့ရ၏။

**ဗုဒ္ဓ၏ထူးခြားသောဂုဏ်တော်များ**

လောက၌ သတ္တဝါများ၏ လေးစားကြည်ညိုခြင်း၊ အားကိုးခြင်းခံရသူကို ဗုဒ္ဓ-ဟူ၍ အသိအမှတ်ပြုကြ၏။ လေးစားကြည်ညိုရာ၌ ကြည်ညိုခံရခြင်း၏ အကြောင်းမှာ-

(၁) ရုပ်အဆင်းသပ္ပါယ်ခြင်း၊

(၂) ထင်ပေါ်ကျော်ကြားခြင်း၊

(၃) ခြိုးခြံခြင်း၊

(၄) သီလသမာဓိ ပညာနှင့်ပြည့်စုံခြင်း-အားဖြင့် ၄-မျိုးရှိ၏။

ထိုလေးမျိုးတို့တွင် ရုပ်အဆင်းသပ္ပါယ်ခြင်းကိုအကြောင်းပြု၍ ကြည်ညိုသူများသည် ဤလောက၌ သုံးပုံပုံလျှင် နှစ်ပုံခန့်ရှိ၏။

ထင်ပေါ်ကျော်ကြားခြင်းကို အကြောင်းပြု၍ ကြည်ညိုသူများသည် ဤလောက၌ ငါးပုံလျှင် လေးပုံခန့်ရှိ၏။

ခြိုးခြံနေထိုင်ခြင်းကိုအကြောင်းပြု၍ ကြည်ညိုသူများသည် လောကတွင် ဆယ်ပုံပုံလျှင် ကိုးပုံခန့်ရှိ၏။

သီလ,သမာဓိ,ပညာနှင့်ပြည့်စုံမှုကို ကြည်ညိုသူများသည် ဤလောက၌ တစ်သိန်းလျှင် တစ်ယောက်သာရှိသည်ဟူ၍ ကျမ်းဂန်များ၌ ခွဲခြားဖော်ပြထား၏။

ဗုဒ္ဓမြတ်စွာသည် ထိုလေးမျိုးလေးစားသော ကြည်ညိုသူများ၏စိတ်ကို ယူကျုံးဆွဲငင်နိုင်လောက်အောင် ကြည်ညိုဖွယ်အားလုံးကို ဆောင်တော်မူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**အဆင်းတော်သည်အတုလဖြစ်၏** တစ်ခုသော အချိန်က အာပဏ–နိဂုံး၌ သေလ မည်သော ဗြာဟ္မဏပါမောက္ခကြီးသည် သုံးရာသော တပည့်တို့အား ဝေဒကျမ်းစာများကို သင်ကြားပို့ချပေးနေစဉ် မြတ်စွာဘုရားသည် အာပဏ–နိဂုံးသို့ ကြွရောက်တော်မူလာ၏။ ထိုအခါ သေလ–ပါမောက္ခသည် မြတ်စွာဘုရားထံသို့ မိမိ၏တပည့်များနှင့်အတူ သွားရောက်ဖူးမြော်၏။ မြတ်စွာဘုရား၏ ရုပ်လက္ခဏာတော်များနှင့်ပတ်သက်၍ မျက်လုံးတော်, မျက်ခုံးတော်, လျှာတော်တို့မှစ၍ ခန္ဓာကိုယ် အစိတ်အပိုင်းများကို ဝေဒကျမ်းများနှင့် ညီ–မညီ စိစစ်ကြည့်လေရာ လက္ခဏာတော်အားလုံးပင် ဝေဒကျမ်းများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ဤလက္ခဏာတော်များနှင့် ပြည့်စုံသူမှာ "ဗုဒ္ဓဖြစ်ဖို့နှင့် စကြာမင်းဖြစ်ဖို့သာ ရှိပါကြောင်း" လျှောက်ထားလေသည်။ ထို့ကြောင့် ရုပ်အဆင်းကိုအကြောင်းပြု၍ ကြည်ညိုသူများသည် မြတ်စွာဘုရားကို မြင်ရရုံမျှဖြင့် ကြည်ညိုကြပါသည်။ သို့ဖြစ်၍ မြတ်စွာဘုရား၏ အဆင်းတော်သည် "အတုလ" ဖြစ်ကြောင်းထင်ရှားပါ၏။

**ထင်ပေါ်ကျော်ကြားမှုနှင့်အတုလဖြစ်ပုံ** ဤလောက၌ ထင်ပေါ်ကျော်ကြားအောင် ကြိုးဆောင်သူများသည် နာမည်ကျော်ကြား၍ ထင်ရှားသောကြောင့် မိမိအထံသို့ ရောက်လာသူတို့တွင် စဉ်းစားဉာဏ်မရှိသူတို့၏ ကြည်ညိုမှုကို ခံကြရသော်လည်း အစစ်အမှန်မဟုတ်ပါက စဉ်းစားဉာဏ်ရှိသူတို့၏ ရှုတ်ချမှုကိုလည်း ခံရတတ်သေး၏။ မြတ်စွာဘုရား၏ ထင်ပေါ်ကျော်ကြားခြင်းကား အစစ်အမှန်ဖြစ်သောကြောင့် အထံတော်သို့ ရောက်လာသူတိုင်းသည် နဂိုကြားရတုန်းကထက် ပို၍ကြည်ညိုကြပါသည်။

အနာထပိဏ်သူဌေးသည် သာဝတ္ထိမှ ရာဇဂြိုဟ်သို့ ကုန်ရောင်းသွားစဉ် နေဝင်မိုးချုပ်မှ ဗုဒ္ဓအကြောင်းကိုကြား၍ တစ်ညဉ့်လုံးအိပ်မပျော်အောင် ဗုဒ္ဓထံသို့ သွားလိုသောဆန္ဒ ပြင်းပြလျက်ရှိပါသည်။ ထိုနောက် ဗုဒ္ဓအထံသို့ ရောက်သောအခါ ပထမအကြိမ် တရားနာရရုံမျှဖြင့် သောတာပန်ဖြစ်၍ မြတ်စွာဘုရား၌ နှစ်နှစ်ကာကာ ယုံကြည်သော ကျောင်းဒါယကာကြီး ဖြစ်သွားရပါသည်။ မဟာကပ္ပိနမင်းသည် သာဝတ္ထိမှလာသော ကုန်သည်တို့၏ အထံမှ မြတ်စွာဘုရား၏ ဂုဏ်သတင်းကို ကြားရရုံမျှဖြင့် ကြည်ညိုလှ၍ အမတ်တစ်ထောင်နှင့်အတူ မြင်းကိုစီး၍ မြတ်စွာဘုရားအထံသို့ ထွက်လာခဲ့ကြလေရာ မြတ်စွာထံတော်သို့ရောက်သောအခါ တရားတော်ကိုနာရ၍ မိမိတို့ကြားရသည်ထက် ပိုလွန်၍ကြည်ညိုဖွယ်ဖြစ်ကြောင်း တွေ့ရလျှင် အလွန်ရွှင်လန်းသဖြင့် ရဟန်းပြုကြလေသည်။

ပုက္ကုသာတိမင်းကား ဗိမ္ဗိသာရမင်း၏အထံမှ ရတနာသုံးပါး၏ ဂုဏ်တော်များကို ကြား၍ မိမိကိုယ်တိုင်သင်္ကန်းဝတ်ပြီးလျှင် ငိုယိုတားဆီးကြသော တိုင်းသူပြည်သားများကို ဖယ်ရှားလျက် တောထွက်ခဲ့၏။ ဘုရားရှင်နှင့်တွေ့သောအခါ တရားတော်ကို နာကြား၍ အနာဂါမ်တည်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် ဘုရားရှင်၏ သင်းပျံ့သောဂုဏ်တော်ရနံ့သည် သတ္တဝါအများ၏ စိတ်နှလုံးကို ယူကျုံးဆွဲငင်နိုင်လောက်အောင် အင်အားကိုဆောင်တော်မူပါ၏။ သို့ဖြစ်၍ မြတ်စွာဘုရား၏ ထင်ပေါ်ကျော်ကြားမှုသည် "အတုလ" ဖြစ်ကြောင်း ထင်ရှားပါ၏။

**ခြိုးခြံမှု၌လည်း အများကြည်ညိုနိုင်အောင် ဖြစ်ပါသည်**

မြတ်စွာဘုရားသည် လူ့ဘောင်၌ ထီးနန်းသုံးဆောင်ဝယ် စံတော်မူ၍ ကောင်းမြတ်သောအဝတ်တို့ကို ဝတ်ရုံသုံးစွဲကာ မွန်မြတ်သောအာဟာရတို့ကို စားသုံးလျက် မောင်းမမိဿံ အခြွေအရံတို့၏ အလယ်၌ အတင့်တယ်ဆုံး စည်းစိမ်ရှင်ဖြစ်ခဲ့ပါသော်လည်း တောထွက်တော်မူသည်မှစ၍ စားဝတ်နေမှု ကိစ္စစုဝယ် ကစ်ခုတစ်လေမျှ လူ့ဘောင်နှင့် နှိုင်းယှဉ်၍မရအောင် ခြိုးခြံတော်မူပါသည်။

ဘုရားဖြစ်ဖို့ရန် "ဒုက္ကရ" အကျင့်ကို ကျင့်တော်မူချိန်၌လည်းကောင်း၊ "ဘုရား" ဖြစ်တော်မူချိန်၌လည်းကောင်း၊ "ဓမ္မစကြာ"တရားဦးကို ဟောတော်မူချိန်၌ လည်းကောင်း၊ "ပရိနိဗ္ဗာန်"စံတော်မူချိန်၌လည်းကောင်း တောသစ်ပင်များ၏ အနီးအပါး၌သာ သီတင်းသုံးတော်မူပါသည်။

များစွာသောကာလတို့၌ ကိုယ်တော်တိုင် ဆွမ်းခံတော်မူ၍ ခြိုးခြံစွာ ဘုဉ်းပေးတော်မူပါသည်။ ဤသို့လျှင် ဘုရားရှင်၏ ခြိုးခြံစွာ ကျင့်ခြင်းသည် ခြိုးခြံမှု ကြည်ညိုနိုင်သော လူများ၏ နှလုံးသားကို ထိနိုင်လောက်အောင် ဖြောင့်မှန်ခြင်းကို ဆောင်တော်မူပါသည်။

**ပညာရှင်များ၏အတုမရှိ ကြည်ညိုမှုကိုခံယူရပါသည်**

တရားရှိသူကိုမှ ကြည်ညိုတတ်သူကား လူပေါင်း တစ်သိန်းတွင် တစ်ယောက်မျှသာ ရှိနိုင်သည်ဟူသော ခန့်မှန်းချက်အတိုင်း ဓမ္မကို ကြည်ညိုသူများသည် ထိပ်တန်းပညာရှိများသာ ဖြစ်ကြ၏။ ထိုသူတို့သည် ရုပ်အဆင်း၏ သပ္ပာယ်ခြင်းကို လည်းကောင်း၊ ထင်ပေါ်ကျော်ကြားခြင်းကိုလည်းကောင်း ပဓာနဟု မယူဆကြ၊ ခြိုးခြံစွာကျင့်ခြင်းကိုသော်လည်း စဉ်းစား စိစစ်လိုကြ၏။ ထို့ကြောင့် မိထိလာမြို့၌ နေသော အသက်တစ်ရာနှစ်ဆယ်ရှိသဖြင့် အသက်အားဖြင့် အကြီးဆုံးဖြစ်သော စည်းစိမ်အားဖြင့်လည်း အကြွယ်ဝဆုံးဖြစ်သော ဝေဒကျမ်းအရာဝယ် အသာဆုံးလည်း ဖြစ်သော ဗြဟ္မာယု ပါမောက္ခကြီးသည် မြတ်စွာဘုရား၏ ဂုဏ်သတင်းကို ကြားရသောအခါ မယုံကြည်သေးဘဲ မိမိလိုထင်ရှားသူက ကြားတိုင်းသွား၍ မသင့်လျော်သောကြောင့် တပည့်ကြီးဖြစ်သော ဥတ္တရလုလင်ကို ဘုရားရှင်ထံသို့ စုံစမ်းဖို့ရန် စေလွှတ်ပါသည်။

ဥတ္တရလုလင်သည် မြတ်စွာဘုရားထံသို့ရောက်သောအခါ ရှေးဦးစွာ ဝေဒကျမ်း၌ လာသော ယောကျ်ားမြတ်လက္ခဏာများ အပြည့်အစုံရှိ–မရှိကို စုံစမ်း၍ လက္ခဏာများ အပြည့်အစုံရှိကြောင်းကို တွေ့ရသောအခါ သွားပုံ,လာပုံ၊ နေပုံ,ထိုင်ပုံ၊ စားပုံ,သောက်ပုံ အလုံးစုံကို လည်းကောင်း၊ ဒါယကာ–ဒါယိကာမတို့အား ပြောပုံ, ဟောပုံတို့ကို လည်းကောင်း၊ စုံစမ်း၍နေသည်မှာ ခုနစ်လကြာလေသည်။ ထိုသို့ ကျေနပ်လောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းပြီး၍ ပါမောက္ခဆရာကြီးထံသို့ ပြန်ရောက်သောအခါ မိမိမြင်ခဲ့သမျှ ကြားခဲ့သမျှ အလုံးစုံကို အသံတော်၏သာယာပုံ သန့်ရှင်းပုံပါမကျန် အမှန်အတိုင်း ပြန်ပြောပြီးလျှင် "ဂေါတမ ဗုဒ္ဓအရှင်သည် ဤဂုဏ်များထက်ပင် သာလွန်ပါသေးသည်" ဟုပြော၍ ဆုံးသောအခါ ဗြဟ္မာယု- ပါမောက္ခကြီးသည် မြတ်စွာဘုရားရှိရာဘက်သို့ လက်အုပ်ချီပြီးလျှင်—

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဟူ၍ သုံးကြိမ်ဥဒါန်းကျူးပါလေသည်။ ထို့နောက် ဖူးတွေ့ရလျှင် ကောင်းမှာပဲ၊ တရားစကားဆွေးနွေးမေးမြန်းရလျှင် ကောင်းမှာပဲ ဟုပြောဆိုလေသည်။ ဤသို့လျှင် မြတ်စွာဘုရားသည် တရားရှိမှ ကြည်ညိုနိုင်ကြသည့် အထက်တန်းပညာရှိကြီးများ၏ စိတ်နှလုံးကို ယူကျုံးနိုင်လောက်အောင် သီလ- စသော တရားတော်တို့၏ဂုဏ်များနှင့် ပြည့်စုံတော်မူပါပေသည်။

**ကြည်ညိုဖွယ်သာမက အားရလောက်အောင်ဖြစ်ပါသည်**

မြတ်စွာဘုရားသည် လေးမျိုးလေးစား လူအများ၏ အကြည်ညို ခံရလောက်အောင် ကျက်သရေကို ဆောင်တော်မူရာ၌ ကြည်ညိုဖွယ် ကောင်းရုံသာမက အားရဖွယ်လည်း ကောင်းလှပါပေသည်။ ရှင်ဒေဝဒတ်က ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးဖြင့် လှိမ့်ချ၍ ဗုဒ္ဓရှင်တော်မြတ်ကို သတ်ဖြတ်ဖို့ကြံစည်ရာ၌ ကျလာသော ကျောက်တုံးကို အခြားကျောက်တုံးက ခံနေသဖြင့် ထိုကျောက်တုံးမှ ကွာ၍ကျလာသော ကျောက်လုပ်ကလေးသည် မြတ်စွာဘုရား၏ ခြေတော်ဖျားကို ခတ်မိသောကြောင့် အလွန်ပြင်းပြသော ဒဏ်ကို ခံတော်မူရပါသည်။ ထိုသို့ပြင်းပြသောဒဏ်ကိုခံတော်မူရ၍ မဒ္ဒကုစ္ဆိ-ဥယျာဉ်၌ သိတင်းသုံးတော်မူစဉ်အခါ သန်းခေါင်ယံအချိန်ဝယ် နတ်အများ ရောက်လာ၍ မြတ်စွာဘုရားကို ဖူးမြင်ကြလေရာ မခံသာသောအမူအရာ နွမ်းနယ်သော လက္ခဏာမတွေ့ကြရဘဲ ညောင်စောင်းပေါ်တွင် ရွှေရုပ်တုတော်ကိုတင်ထားသကဲ့သို့ ရွှင်ပြသောမျက်နှာတော်ကို ဖူးမြင်ကြရသော်—

အာဇာနေယျော ဝတ ဘော သမဏော ဂေါတမော၊

ရဟန်းဂေါတမသည် တကယ့်အာဇာနည် ယောကျာ်းပါတကား။

အာဇာနည်ယောကျာ်းဖြစ်သောကြောင့်သာ ဤမျှလောက် ပြင်းပြသော ဝေဒနာကို ဣန္ဒြေမပျက် ခံနိုင်ပါပေသည်။

ဤသို့စသည်ဖြင့် အသီးသီးချီးကျူးကြရပါသည်။

**ကိလေသာကင်းစင်ခြင်း**

သတ္တဝါတို့၏ စိတ်အစဉ်သည် စိတ်ကောင်းနှလုံးကောင်း ဖြစ်ပေါ်နေခိုက်သာ အထိုက်အလိုက် ကြည်လင်သည်ဟု ဆိုရပါသော်လည်း ပင်ကိုသဘောအားဖြင့်ကား ရာဂ, ဒေါသ, မောဟ- စသော ကိလေသာအနှောက်အယှက်တွေ ဓာတ်ခံပါနေသောကြောင့် ကြည်ကြည်လင်လင် မရှိကြပါ။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား၏ စိတ်တော်အစဉ်၌ကား ထိုကိလေသာ အနောက်အကျူတွေ ကင်းစင်၍နေပါသည်။ ထိုသို့ကင်းစင်ရာဝယ် အခြားရဟန္တာအရှင်မြတ်တို့၌ ကိလေသာ ကုန်ခန်း၍ ရဟန္တာဖြစ်စေကာမူ နဂိုကပါလာသော ကိလေသာများ၏ အထုံဝါသနာ သတ္တိကလေးများ ကျန်ရစ်သေး၏။ ဘုရားရှင်၌ကား ထိုသတ္တိကလေးများ မကျန်ရစ် တော့ဘဲ အလုံးစုံကင်းစင်သွားပါသည်။

ထိုမျှလောက် ကိလေသာကင်းစင်ခြင်းကိုအကြောင်းပြု၍ **"အရဟံ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား"** ဟူ၍ ထင်ရှားတော်မူပါပေသည်။

**သဗ္ဗညုတဉာဏ်တော်**

ကြည်လင်သောမှန်အပြင်ဝယ် အရိပ်ကောင်း ထင်နိုင်သကဲ့သို့ ကြည်လင်သောစိတ်အစဉ်ဝယ် အသိဉာဏ်လည်း ကြည်လင်စွာ ပေါ်၍နေရကား ကြံသမျှစည်သမျှ အကြံအစည်အားလုံးသည် ရှင်းလင်း မှန်ကန်စွာ ပေါ်ထင်၍ လာကြရပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ အထူးကြည်လင်သော စိတ်တော်အစဉ်အဝယ် အလွန်သန့်စင်သော သီလတော်, သမာဓိတော်နှင့်, သဗ္ဗညုတ ဉာဏ်ပညာတော်တို့သည် အကြောင်းအားလျော်စွာ ထင်ပေါ်၍လာနိုင်ကြပါသည်။ ထို သဗ္ဗညုတဉာဏ်ပညာတော်ဖြင့် သိစရာအားလုံးကို သိမ်းကျုံးကုန်စင် ကိုယ်တော်တိုင် သိမြင်တော် မူနိုင်ခြင်းကို အကြောင်းပြု၍ **"သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်နှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရား"** ဟု ထင်ရှားတော်မူခြင်း ဖြစ်ပါသည်။

အလုံးစုံကို အကုန်အစင်သိမြင်တော်မူသောကြောင့် ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်ကို "သဗ္ဗညုတဉာဏ်တော်" ဟု ခေါ်ရပါသည်။ ထိုဉာဏ်တော်၌ အစွမ်းသုံးပါးသည် ထူးခြားစွာပါရှိ၏။

(၁) သိရန်မှန်သမျှကို မကျန်ရအောင် အကုန်အစင် သိမြင်တော်မူနိုင်သော အစွမ်း။

(၂) သိအပ်ပြီးသောတရားတိုင်း၌ ဤသို့ဟောလျှင်လည်းဖြစ်၏။ ဤသို့ ဟောလျှင်လည်း ဖြစ်၏– ဟု ဟောနိုင်သောဟောနည်းများကို ခွဲခြား၍သိတော်မူနိုင်သော အစွမ်း။

(၃) တရားနာမည့် ဝေနေယျသတ္တဝါတို့၏ အလိုဆန္ဒကို သိတော်မူနိုင်သော အစွမ်း။

ဤသို့အစွမ်းသုံးပါးနှင့် ပြည့်စုံတော်မူသော ဉာဏ်တော်ကြီးကြောင့် တရားဟောပြ၍ ဆုံးမထိုက်သောသတ္တဝါကို မြင်တော်မူလျှင် ထိုသူ၏ သဒ္ဓါအနုအရင့်, ဉာဏ်ပညာ အနုအရင့်, ရာဂ, ဒေါသ, မောဟ– စသော ကိလေသာမြူမှုန်တို့၏ အနည်းအများကို နှိုင်းချင့်တော်မူကာ သင့်လျော်သော တရားဒေသနာတော်ကိုသာ ဆင်ပြင်၍ ဟောတော်မူ ပါသည်။

ထိုသို့ ဟောပြတော်မူသောကြောင့်ပင် တချို့မှာ ဗုဒ္ဓဘာသာကို သက်ဝင်ကြည်ညို

www.burmeseclassic.com

www.burmeseclassic.com



ကြ၍ တချို့မှာ ရဟန်းပြုကြကာ တချို့မှာ သောတာပန်စသည်ဖြစ်၍ ထိုက်တန်သော အကျိုးထူးကို ရကြပေသည်။

ဗုဒ္ဓမြတ်စွာသည် ဤမျှလောက်ကြီးမားသော ဉာဏ်တော်ကို တစ်ဘဝတည်း အားထုတ်ပြုကျင့်ရုံမျှဖြင့် ရနိုင်သည်မဟုတ်ပါ။

အရာဝတ္ထုတစ်ခုကို မိမိလိုရာဘက်မှ မလိုရာဘက်သို့မသွားရအောင် ဆည်းရ တားရ သကဲ့သို့ အကြောင်းဖြစ်သော ဒါန,သီလ-စသော ပါရမီတော်တို့ကို ပြုစဉ်အခါ၌ ဂုဏ်ပကာသနနှင့် စည်းစိမ်တောင့်တမှုဘက်သို့ မသွားစေဘဲ ပညာဘက်သို့သာ သွားအောင် ဆည်းရ၏။

မိမိလိုရာဘက်သို့ ရောက်လာသောအရာဝတ္ထုကို နဂိုရှိပြီးဝတ္ထုနှင့် ပူးရ ပေါင်းရ သကဲ့သို့ ပညာဘက်သို့ရောက်လာသော ဒါန, သီလ စသည်တို့ကိုလည်း နဂိုရှိပြီးပညာနှင့် ပူးပေါင်းရ၏။

ဤကဲ့သို့ ဆည်းခဲ့ရ၊ ပူးခဲ့ရ၊ ဆည်းပူးခဲ့ရသော ဘဝတွေမှာ ကမ္ဘာ ကမ္ဘာ ရေတွက်၍ မရနိုင်လောက်အောင် မြားမြောင်လှစွာ အသင်္ချေအသင်္ချာပင် ကြာခဲ့ပါသည်။

ဤနည်းအားဖြင့် ဒါနပါရမီတစ်ပါးကိုရလျှင် ဉာဏ်ပညာကြီးမားဖို့၊ သီလပါရမီ တစ်ပါးကိုရလျှင် ဉာဏ်ပညာကြီးမားဖို့၊ နေက္ခမ္မပါရမီတစ်ပါးကိုရလျှင် ဉာဏ်ပညာ ကြီးမားဖို့-ဟု ပါရမီဆယ်ပါးလုံး၏ အကျိုးရမှုမှာ ဉာဏ်ပညာကြီးမားဖို့ချည်းသာ ဖြစ်ခဲ့ပါ၏။

ဉာဏ်ပညာကြီးမားမှုကို လိုလားတော်မူခြင်းမှာလည်း သတ္တဝါတို့အား အမှန် တရားကိုဟောပြဖို့ရန် ကရုဏာအရင်းခံ ရှိတော်မူသောကြောင့် နောက်ဆုံးဘဝ၌ ကရုဏာတော်အကြီးမားဆုံးနှင့် ဉာဏ်ပညာအကြီးမားဆုံးသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် တစ်ဆူ ဖြစ်တော်မူခဲ့ရပါသည်။

**အာဝေဏိကဂုဏ်တော်** အခြားသောပညာရှိသူတော်ကောင်းများ၌မရထိုက်ဘဲ ဘုရားရှင်၌သာရထိုက်သော ဂုဏ်တော်များကို "အာဝေဏိက ဂုဏ်တော်"ဟု ခေါ်ပါသည်။ ထိုဂုဏ်တော်များကို ၁၈-ပါးဟု သတ်မှတ်ထားပါသည်။

ထို ၁၈-ပါးတို့တွင် သတ္တဝါတို့အား ကောင်းကျိုးများမည့် အလုပ်တို့၌ ပြုလုပ် လိုသောဆန္ဒတော်၏ မယုတ်လျော့ဘဲ အမြဲအားဖြင့် ပြင်းပြလျက်ရှိခြင်း၊ ဝီရိယတော်, ဒေသနာတော်, သမာဓိတော်, ပညာတော်တို့၏ ယုတ်လျော့မသွားဘဲ အမြဲအားဖြင့် တိုးတက်လျက်ရှိခြင်းသည် ဘုရားရှင်၌သာဖြစ်နိုင်သော "အာဝေဏိက"ဂုဏ်တော်များ ဖြစ်ကြပါသည်။ အခြားပညာရှိတို့မှာ အသက်ကြီးလာလျှင် ဝီရိယလျော့ခြင်း၊ ဒေသနာ လျော့ခြင်း၊ သမာဓိလျော့ခြင်း၊ ပညာထုံထိုင်းလာခြင်းအားဖြင့် လျော့ပါးမှု ရှိတတ်ပါသည်။

ထို့အပြင် ဘုရားရှင်၏ ကိုယ်မှု,နှုတ်မှု, စိတ်မှု ဟူသမျှ၌ ပျော်ရွှင်သည့်အတွက် ပြုခြင်း၊ မဆင်မခြင် အလျင်တဆောပြုခြင်း၊ ဉာဏ်မပါဘဲပြုခြင်း၊ ပျာယီးပျာယာဖြစ်ခြင်း၊ အကျိုးမရှိ အချည်းနှီးဖြစ်သော ပြုခြင်း၊ မသိသောအားဖြင့် လျစ်လျူရှုထားခြင်းဟူ၍

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတလေမျှ မရှိပါ။ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု ဟူသမျှတို့၌ ဉာဏ်ဖြင့်ဆင်ခြင်ကာ သမာဓိကြီးစွာဖြင့် အကျိုးရှိသောအလုပ်ကိုသာ ပြုလုပ်တော်မူပါသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ခြေလှမ်းတော်မူသောအခါ၌ပင် အမြဲအားဖြင့် လက်ယာခြေတော်ကိုသာ ရှေးဦးစွာ ကြွလှမ်းတော်မူပါသည်။ ကြွလှမ်းပြီးလျှင် ပထမခြေတော်၏ မနီးလွန်း မဝေးလွန်းသောအရပ်၌ ထိုခြေတော်ကို မြေ၌အညီထိအောင် ချထားတော်မူပါသည်။ ကြွလှမ်းတော်မူပုံမှာ မြန်လည်းမမြန်ပါ။ နှေးလည်းမနှေးပါ။ ဆင်မင်း၏ ခြေလှမ်းကဲ့သို့ ညင်ညင်သာသာရှိသည့်ပြင် ကေသရာဇာခြင်္သေ့မင်း၏ တင့်တယ်ခြင်းကဲ့သို့ အလွန် တင့်တယ်ပါသည်။

**သည်းခံခြင်းအား** ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်အား၊ ဉာဏ်တော်အား၊ အခြွေအရံအား တို့ဖြင့် အလွန်ကြီးမားသော အင်အားရှိတော်မူပါသော်လည်း မည်သည့်အခါမျှ ထိုအားတော်များကို အားကိုးတော်မမူဘဲ သည်းခံခြင်းအားကိုသာ အမြဲအားကိုးတော်မူပါသည်။

ကောသမ္ဗီမြို့၊ ဥတေနမင်း၏ မိဖုရားသုံးယောက်တွင် တစ်ယောက်အပါဝင် ဖြစ်သော မာဂဏ္ဍီမိဖုရားသည် ဗုဒ္ဓမြတ်စွာအပေါ်၌ ရန်ငြိုးထားခဲ့သောကြောင့် ကောသမ္ဗီမြို့သို့ မြတ်စွာဘုရား ရောက်လာတော်မူသောအခါ ဆွမ်းခံဝင်လာတော်မူသော မြတ်စွာဘုရားအား နောက်ကလိုက်၍ ဆဲကြဖို့ရန် မိစ္ဆာအယူရှိသူ လူဆိုးများကို စေခိုင်းလေသည်။ ထိုလူဆိုးတို့သည် ဘုရားရှင်၏ နောက်သို့လိုက်၍ အမျိုးမျိုး ဆဲကြလေသော် အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အခြားမြို့သို့ ကြွဖို့ရန် လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားက အရှင်အာနန္ဒာအား "အာနန္ဒာ သွားရာအရပ်သို့ လိုက်ဆဲကြလျှင် အဘယ်မှာ သွားစရာ ရှိတော့မည်နည်း၊ စစ်မြေပြင်သို့ ဝင်သော ဆင်ပြောင်ကြီးသည် ပစ်သမျှမြားဒဏ်ကို အနာခံ၍ ရှေ့သို့သာ တိုးတတ်သကဲ့သို့ ငါဘုရားသည်လည်း ပြောဆိုဆဲရေးသမျှဒဏ်ကို သည်းခံတော်မူကာ သွားမြဲလမ်းကိုသာ ကြွတော်မူမည်"ဟု မိန့်တော်မူပါသည်။

**မေတ္တာတရား၏သတ္တိစွမ်းအား** လူတစ်ယောက်အပေါ်၌ဖြစ်စေ၊ လူအများအပေါ်၌ ဖြစ်စေ၊ ဒေါသ၊မာန်မာန စသော အပူတရားတွေ ဖြစ်ပေါ်နေလျှင် ထိုသူ၏စိတ်ဓာတ်ဝယ် စိုစိုဖတ်ဖတ်စေးကပ်ခြင်းမရှိဘဲ ခြောက်ကပ်ကပ် ဖြစ်နေတော့၏။ မေတ္တာတရားကား မိခင်က သားငယ်အပေါ်၌ ထားရှိသော တရား တစ်မျိုးဖြစ်ရကား ဒေါသ၊ မာန်မာန စသော အပူဓာတ်ကို ပယ်ရှား၍ သူတစ်ပါး အပေါ်၌ စိုစိုဖတ်ဖတ် စေးကပ်လျက်ရှိ၏။ တွေ့မြင်ရသောအခါ ကြည်လင်ရွှင်ပျ၍ သူတစ်ပါးအပေါ်၌ စိုစိုဖတ်ဖတ်စေးကပ်လျက်ရှိ၏။ တွေ့မြင်ရသောအခါ ကြည်လင် ရွှင်ပျ၍ သူတစ်ပါး၏အကျိုးကို သယ်ပိုးရွက်ဆောင်လိုသော သူတစ်ပါးကို ချမ်းသာ စေလိုသော သဘောတရားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာသည် ဘုရားဖြစ်ဖို့ရန် ကြံစည်တော်မူစဉ်တုန်းကပင် "ဗုဒ္ဓေါ ဗောဓေယျံ- ငါကိုယ်တိုင်သိသောအခါ သတ္တဝါအများကိုလည်း သိစေမည်"ဟု အဓိဋ္ဌာန်တော်မူခဲ့ပါသည်။ ထိုကဲ့သို့ အဓိဋ္ဌာန်တော်မူခဲ့သည့်အားလျော်စွာ ဗုဒ္ဓမြတ်စွာဖြစ်တော်မူသည့်မှစ၍ သတ္တဝါအများကို တရားသိစေလိုသောဆန္ဒတော်နှင့် ဒုက္ခမှလွတ်မြောက်၍ ချမ်းသာသုခသို့ ရောက်စေတော်မူလိုသော မေတ္တာတော်သည် လွန်စွာကြီးမားတော်မူပါသည်။

ထို့ကြောင့် တရားဟောပြဆုံးမထိုက်သော ဝေနေယျသတ္တဝါအများကို နံနက်စောစောတစ်ကြိမ်၊ နေ့တစ်ကြိမ်အားဖြင့် တစ်နေ့လျှင်နှစ်ကြိမ်မျှ ဉာဏ်တော်ကိုဖြန့်၍ ကြည့်ရှုတော်မူပါသည်။ ထိုသို့ကြည့်၍ မြင်တော်မူသောအခါ ဆုံးမထိုက်သောသတ္တဝါသည် အလွန်ဝေးကွာသောအရပ်၌ တည်နေခိုက်ဖြစ်လျှင် ထိုအရပ်သို့ကြွတော်မူ၍ တရားဟောပြဆုံးမတော်မူလေ့ရှိပါသည်။

ဗုဒ္ဓမြတ်စွာ၏ မေတ္တာတော်သည် အယူဝါဒအားဖြင့် ဆန့်ကျင်ဖက်ဖြစ်နေကြသော တိတ္ထိပရိဗိုဇ်တို့ အပေါ်၌ပင် ပျံ့နှံ့တော်မူပါ၏။ ထို့ကြောင့် တိတ္ထိပရိဗိုဇ်တို့၏ ကျောင်းတိုက်သို့ တစ်ခါတစ်ခါကြွတော်မူ၍ တိတ္ထိတို့သည်လည်း မြတ်စွာဘုရား ကြွလာတော်မူခြင်းကို အလွန်လိုလားကြပါ၏။

အခါတစ်ပါး၌ ဘုရားရှင်သည် သာဝတ္ထိမြို့သို့ ဆွမ်းခံဝင်ရန် ကြိုတင်၍ ကြွတော်မူကာ ပေါဋ္ဌပါဒပရိဗိုဇ်၏ ကျောင်းတိုက်အနီးသို့ ရောက်တော်မူပါသည်။

ထိုအချိန်၌ ပေါဋ္ဌပါဒ ပရိဗိုဇ်၏ တပည့်ကြီးငယ်တို့သည် မင်းစိုးရာဇာအကြောင်း၊ စစ်သည်ဗိုလ်ပါအကြောင်း၊ စားပြသူပုန်အကြောင်းမှ စ၍ စကားမျိုးစုံကို သူတစ်မျိုးငါတစ်ဖုံ ပြောသံဆိုသံဖြင့် ဆူညံ၍နေပါသည်။ ထို့ကြောင့် ပေါဋ္ဌပါဒ ပရိဗိုဇ်သည် မိမိ၏တပည့်တို့အား "အရှင်ဂေါတမ ကြွလာသည်၊ တိတ်တိတ်နေကြပါ၊ အရှင်ဂေါတမသည် တိတ်ဆိတ်ခြင်းကို လိုလားပါသည်။ တိတ်ဆိတ်သောနေရာကို မြင်လျှင် ငါတို့အထံသို့ ဝင်ချင်ဝင်လာပါလိမ့်မည်" ဟု ပြောလေသည်။ မြတ်စွာဘုရားသည်လည်း ဝင်တော်မူကာ ပေါဋ္ဌပါဒ ပရိဗိုဇ်မေးသမျှကို ဖြေဆိုတော်မူပါသည်။ ဤသို့ လိုက်လိုက်လျောလျော ရှိတော်မူသောကြောင့် မြတ်စွာဘုရားကို တိတ္ထိပရိဗိုဇ်အများတို့က ကြည်ညိုလေးစားကာ တချို့မှာ ဗုဒ္ဓမြတ်စွာသာသနာတော်သို့ ဝင်ရောက်ကြပါသည်။

သတ္တဝါအများ၏ ချမ်းသာခြင်းကို လိုလားသောမေတ္တာစိတ် အမြဲတမ်းကိန်းဝပ်တော်မူရာ ဗုဒ္ဓမြတ်စွာ၌ ဆင်းရဲဒုက္ခရောက်နေသောသတ္တဝါကို မြင်တော်မူသောအခါ ထိုဒုက္ခမှ ကယ်တင်လိုသော မဟာကရုဏာတော်သည် အလိုလို ဖြစ်ပေါ်၍ လာပါသည်။

**လူနာရဟန်းအား ကိုယ်တော်တိုင်ပြုစုတော်မူခြင်း**

အခါတစ်ပါး၌ အရှင်အာနန္ဒာနှင့်အတူ ကျောင်းစဉ်လှည့်လည်တော်မူရာ ဝမ်းပျက်ရောဂါကြောင့် မိမိ၏ ကျင်ကြီးကျင်ငယ်ကိုမျှ မသုတ်သင်နိုင်သော ရဟန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးကို မြင်တော်မူ၏။ ထိုရဟန်းသည် ပင်ကိုက သူတစ်ပါးကိစ္စကို ရွက်ဆောင်ဖော် မရသောကြောင့် သူ့ကိစ္စကြုံသောအခါ ပြုစုမည့်သူမရှိဘဲ ဖြစ်နေရှာ၏။ ဘုရားရှင်သည် ရေလောင်းပေးတော်မူပြီးလျှင် သန့်စင်ပြီးသော ထိုရဟန်းကို ဦးခေါင်းဘက်၌ ဗုဒ္ဓမြတ်စွာက ကိုင်တော်မူ၍ ခြေရင်းဘက်၌ အရှင်အာနန္ဒာကို ကိုင်စေတော်မူကာ ညောင်စောင်းပေါ်သို့ သာသာယာယာ တင်ပေးတော်မူပါသည်။

ထို့နောက် ရဟန်းကိုပြုစုဖော်မရသော ရဟန်းတို့အား "သင်တို့မှာပြုစုမည့် မိဘများ ရှိကြသည်မဟုတ်၊ အချင်းချင်းမပြုစုလျှင် မည်သူကလာ၍ ပြုစုမည်နည်း၊ ထို့ကြောင့် ဆရာဥပဇ္ဈာယ်၊ တပည့်တပန်း၊ ရဟန်းသံဃာအချင်းချင်း ပြုစုကြရမည်။ မပြုစုလျှင် မကောင်းမှု 'ဒုက္ကဋ်' အာပတ်သင့်စေ"ဟု ပညတ်တော်မူကာ ပြုစု၍လွယ်သော ဂိလာန၊ ပြုစု၍မလွယ်သော ဂိလာနအကြောင်းကိုပါ စုပေါင်း၍ မိန့်တော်မူပါသည်။

ဗုဒ္ဓမြတ်စွာ၏ ကြီးမားလှသော မဟာကရုဏာတော်သည် ဆင်းရဲနေသူကို မြင်ရသောအခါ ဖြစ်တော်မူသည်မဟုတ်သေး။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနှင့် စည်းစိမ်ချမ်းသာခံစားနေသူကို မြင်ရသောအခါ၌လည်း ဖြစ်တော်မူသေး၏။ ထို စည်းစိမ်ရှင်သည် ယခုဘဝ၌ ချမ်းသာနေသော်လည်း ပေါ့ပေါ့ဆဆနေမှုကြောင့် နောက်နောက်ဘဝအဆက်ဆက်၌ ဆင်းရဲဒုက္ခရောက်ရမည့်အရေးကို မြင်တော်မူရကား တပျော်တပါးနှင့် လမ်းအမှားကြီးကို သွားနေသူအသွင် မြင်တော်မူကာ လွန်စွာကရုဏာ ဖြစ်တော်မူပါသည်။ ထိုစည်းစိမ်ရှင်သည် ယခုဘဝ၌ပင် နေ့စဉ်နေ့စဉ် တရွေ့တရွေ့နှင့် မရဏာဘက်သို့ ဇရာက ပို့ဆောင်နေသည်ကို မမြင်ရှာခြင်း၊ တကယ့်အိုဘေး,နာဘေး, သေဘေး ကြုံလာလျှင် မှီခိုစရာ အားထားစရာ ပုန်းကွယ်စရာမရှိခြင်း၊ မိမိ၏စည်းစိမ်ကို မိမိအပိုင်ဟု ထင်နေသော်လည်း သေဘေးကြုံသောအခါ တစ်ပြားတစ်ချပ်မျှ ယူ၍ မသွားနိုင်ရှာခြင်း၊ မသေမီအတွင်း ကာလကလေး၌ တဏှာစေခိုင်းသမျှ ရှာဖွေနေရသဖြင့် တဏှာ၏ကျွန်ဖြစ်နေရရှာခြင်း–စသည်ကို တွေးတော်မူကာ မဟာကရုဏာ ကြီးမားစွာ ဖြစ်တော်မူပါသည်။

ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့အပေါ်၌ သနားကြင်နာ ကရုဏာတော် ကြီးမားလှသောကြောင့် သတ္တဝါတို့၏အကျိုးငှာ အမြဲတမ်းအလုပ်များတော်မူပါသည်။ အရုဏ် မတက်မီ နံနက်စောစော၌ မဟာကရုဏာသမာပတ်တော်ကို ဝင်စား၍ တရားဟောပြ ဆုံးမထိုက်သော သတ္တဝါများကိုကြည့်တော်မူရ၏။ ထိုသို့ကြည့်၍ မြင်တော်မူလျှင် အချိန်အားလျော်စွာ ဆွမ်းခံကြွတော်မူရင်းလည်း ဟောပြောညွှန်ပြတော်မူ၏။

အခါတစ်ပါး၌ ဆွမ်းခံကြွတော်မူစဉ် မြွေကိုရိုက်ပုတ်နေကြသော ကလေးများကို မြင်တော်မူ၍ "မိမိ၏ ချမ်းသာကို သတ္တဝါတိုင်း လိုချင်ကြ၏။ ထို့ကြောင့် မိမိ ချမ်းသာရေးအတွက် သူတစ်ပါးကို မညှဉ်းဆဲကြပါနှင့်။ သူတစ်ပါးကို ညှဉ်းဆဲသူသည် နောက်ဘဝ၌ ချမ်းသာကိုမရနိုင်" ဟု ကလေးများနှင့် ထိုက်တန်သော ဩဝါဒကို ပေးတော်မူပါသည်။ ဆွမ်းခံပြန်လာတော်မူသောအခါ ခြေဆေးခုံတော်၌ ထိုင်တော်မူ၍

www.burmeseclassic.com

www.burmeseclassic.com



ခြေဆေးတော်မူရင်းလည်း ရဟန်းများအား "မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြဖို့နှင့် လူ့ဘဝ-စသည်တို့၏ ရခဲပုံကို"လည်း ဟောတော်မူ၏။

ထို့နောက် ရဟန်းတို့အား ကမ္မဋ္ဌာန်းပေးတော်မူပြီးလျှင် ခေတ္တမျှ တစ်ပါးတည်း ကိန်းအောင်းတော်မူ၏။ ခေတ္တမျှ ကိန်းအောင်းတော်မူပြီးသောအခါ ညနေချမ်း၌ တရားဟောပြ ဆုံးမသင့်သော သတ္တဝါတို့ကို ကြည့်ရှုတော်မူ၍ ရောက်လာသော ပရိသတ်အား တရားဟောတော်မူ၏။

တရားနာသူတို့ပြန်သွား၍ ရေသုံးသပ်တော်မူပြီးလျှင် ခေတ္တမျှနားနေရာတွင် နေဝင်ချိန်ရောက်၍ အထံတော်သို့ရောက်လာကြသော ရဟန်းတို့အား ကမ္မဋ္ဌာန်းပေးရ၊ ပုစ္ဆာဖြေရ၊ တရားဟောတော်မူရခြင်းအားဖြင့် ညဦးယံကာလကို ကုန်စေတော်မူရ၏။

မိုးသောက်ယံကာလကို သုံးပိုင်းပိုင်း၍ ပထမပိုင်း၌ စင်္ကြံကြွတော်မူ၏။ အလယ်ပိုင်း၌ ခေတ္တမျှကျိန်းစက်တော်မူ၏။ တတိယပိုင်း၌ ခပ်စောစောထတော်မူပြီးလျှင် ထိုနေ့အဖို့ဝယ် ဟောပြောပြသ ဆုံးမသင့်သော သတ္တဝါတို့ကို ကြည့်တော်မူပြန်၏။

ဤနည်းအားဖြင့် သတ္တဝါများ၏ စီးပွားချမ်းသာကို ကိုယ်တော်တစ်ပါးတည်း၏ တာဝန်ကဲ့သို့ နေ့စဉ်နေ့စဉ် ဆောင်ရွက်တော်မူနိုင်သည်မှာ ကိုယ်ကာယတော်ကလည်း အာဇာနည်ယောက်ျား ပီသအောင် ကျန်းမာတော်မူခြင်း၊ သတ္တဝါတို့အပေါ်၌ ထားတော်မူသော မေတ္တာ, ကရုဏာတော်ကလည်း ကျယ်ပြန့်တော်မူခြင်း၊ ဉာဏ်တော်ကလည်း ကြီးမားတော်မူခြင်းတို့ကြောင့်သာ ဖြစ်နိုင်ခြင်းဖြစ်ပါပေသည်။

ဗုဒ္ဓမြတ်စွာ၏ ထိုကဲ့သို့ နေ့မနားညဥ့်မနား ကြိုးစားတော်မူသည်မှာ နှစ်,လ အနည်းငယ်သာမဟုတ်။ ၄၅-ဝါကာလပတ်လုံး ပရိနိဗ္ဗာန်စံဝင်တော်မူကာနီး အချိန်တိုင်အောင်ပင် ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသည် ဝေသာလီမြို့၌ သီတင်းသုံးနေတော်မူစဉ် "နောင် ၃-လကြာလျှင် ပရိနိဗ္ဗာန်စံဝင်တော်မူမည်"ဟု ကြိုတင်၍ အသိပေးတော်မူ၏။ ပရိနိဗ္ဗာန်စံတော်မူမည့် နေ့၏ညဥ့်၌ သုဘဒ္ဒ-မည်သောပရိဗိုဇ် အကျွတ်တရားရမည့် အခြေအနေကိုမြင်တော်မူ၍ ဝမ်းသွေးသွန်သောရောဂါဖြစ်နေပါလျက်ကပင် ၃-ဂါဝုတ် ဝေးသော ပါဝါမြို့မှ ကုသိနာရုံမြို့သို့ ကြွတော်မူ၍ သုဘဒ္ဒ-ပရိဗိုဇ်ကို အကျွတ်တရား ရရှိစေတော်မူပါသည်။

ထို့နောက် အရုဏ်တက်ခါနီး အချိန်ရောက်သောအခါ အနီးအပါးတွင် ရောက်နေကြသော သံဃာတော်တို့အား ဘုရား,တရား,သံဃာ အကျင့်သိက္ခာ၌ ယုံမှားသံသယ ရှိကြလျှင် မေးမြန်းဖို့ရန် တိုက်တွန်းတော်မူ၏။

ထိုအခါ ယုံမှားသံသယ မရှိကြသောကြောင့် အားလုံးတိတ်ဆိတ်စွာဖြင့် နောက်ဆုံး အမိန့်တော်ကို နားစိုက်၍နေကြစဉ် "**ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။ ရှိန်နာမ်သင်္ခါရတို့သည် ပျက်ခြင်းသဘောရှိကြ၏။ မမေ့မလျော့သောသတိဖြင့်**

www.burmeseclassic.com

www.burmeseclassic.com



သီလ, သမာဓိ,ပညာ–သုံးဖြာသောသိက္ခာကို ပြီးစီးအောင် အားထုတ်နေရစ်ကြ”ဟု နောက်ဆုံး ဩဝါဒကို မိန့်တော်မူပါသည်။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသည် နောက်ဆုံးအချိန်ကျအောင် ကိုယ်တော်၏ပင်ပန်းမှုကို လျစ်လျူရှုထားတော်မူပြီး သတ္တဝါတို့၏ အစီးအပွားအလို့ငှာသာ မနားမနေ ကြိုးစားတော်မူပါသည်။

> လောက၌ အမိုက်ဖြင့်ပြီးမှုကို အလင်းဖြင့် ပယ်ဖျောက်ရန်၊ လောက၌ ချမ်းသာဟူ၍ ထင်နေသော ဆင်းရဲစစ်ကို တကယ်တမ်း ချမ်းသာစစ်ဖြင့် ပယ်ဖျောက်ရန်၊ လောက၌ လွှမ်းမိုးနေသော ဆူပွက်မှုကို တကယ်တမ်း စစ်မှန်သော ငြိမ်းချမ်းမှုဖြင့် ပယ်ဖျောက်ရန် အနိုင်းမဲ့ ပုဂ္ဂိုလ်မြတ်သည် ဤကမ္ဘာမြေပြင်၌ ဗုဒ္ဓအဖြစ်ဖြင့် တကယ်ပင်ရှိခဲ့ဖူးပါ၏။

ထို့ကြောင့် လူတို့သည် မိမိတို့၏ သန္တာန်၌ အမိုက်လွှမ်းခြင်းကို ခံရသောအခါ ဗုဒ္ဓကိုအမှတ်ရပြီး ဗုဒ္ဓ၏လမ်းစဉ်ကို လိုက်နာကျင့်သုံးခြင်းဖြင့် အလင်းကို ရယူနိုင်ကြပါ၏။

မိမိတို့၏ သန္တာန်၌ ပူလောင်သောချမ်းသာတု လွှမ်းမိုးနေသောအခါ ဗုဒ္ဓကို အမှတ်ရပြီး ဗုဒ္ဓ၏လမ်းစဉ်ကို လိုက်နာကျင့်သုံးခြင်းဖြင့် တကယ်တမ်းငြိမ်းအေးသော ချမ်းသာစစ်ကို ရယူနိုင်ကြပါ၏။ မိမိတို့၏ သန္တာန်၌ ဆူပွက်မှုများ လွှမ်းမိုးခြင်းကို ခံရသောအခါ ဗုဒ္ဓကိုအမှတ်ရပြီး ဗုဒ္ဓ၏လမ်းစဉ်ကို လိုက်နာကျင့်သုံးခြင်းအားဖြင့် တကယ်တမ်းစစ်မှန်သော ငြိမ်းချမ်းမှုကို ရယူနိုင်ပါ၏။

အမိုက်သည် အင်အားကြီးသည်မှန်သော်လည်း အလင်းရောက်လာလျှင် သူ့အလိုလို ပြေးရ၏။ တမင်နှင်စရာမလို။

ဆင်းရဲသည်အင်အားကြီးသည်မှန်သော်လည်း ချမ်းသာရောက်လာလျှင် သူ့အလို လိုပြေးရ၏။ တမင်နှင်စရာမလို။

ဆူပွက်မှုသည် အင်အားကြီးသည်မှန်သော်လည်း ငြိမ်းချမ်းမှုရောက်လာလျှင် သူ့အလိုလို ပြေးရ၏။ တမင်နှင်စရာမလို။

> ဗုဒ္ဓလမ်းစဉ်အရ အမိုက်သည်လည်းကောင်း၊ ဆင်းရဲသည် လည်းကောင်း၊ ဆူပွက်မှုသည်လည်းကောင်း “ငါမှငါ” ဟူသော အတ္တစွဲမှုကြောင့်သာဖြစ်ကြ၏။
>
> ထို့ကြောင့် “ငါမှငါ”ဟူသော အတ္တစွဲမှုကို ဗုဒ္ဓကိုအမှတ်ရပြီး ဗုဒ္ဓ၏လမ်းစဉ်ကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ပယ်ရှားနိုင်ပါလျှင် အလင်းသည် လည်းကောင်း၊ ချမ်းသာသည်လည်းကောင်း၊ ငြိမ်းချမ်းမှု သည်လည်းကောင်း၊ သူ့အလိုလိုရောက်လာကြပြီး အမိုက်သည် လည်းကောင်း၊ ဆင်းရဲသည်လည်းကောင်း၊ ဆူပွက်မှုသည်လည်းကောင်း သူ့အလိုလို ထွက်ပြေးကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အလိုလို ထွက်ပြေးကြလေ၏။

ရသ–ဝေါဟာရဖြင့်ဆိုရလျှင် လောကသည် ဗုဒ္ဓကြောင့်သာ လှခြင်းဖြစ်ပါ၏။ ထို့ကြောင့် ဗုဒ္ဓ၏အဆုံးအမရှိသောနေရာသည် အလှရှိသောနေရာ ဖြစ်လေ၏။ ထို့ကြောင့် အလှဟူသည် အလင်း၊ ချမ်းသာ၊ ငြိမ်းချမ်းမှုတို့၏ ဘုံအမည်ဖြစ်သည်ဟု ဆိုပါလျှင် မနည်းသူများက မှားသည်ဟူ၍ ဆိုကြပါလေမည်နည်း။

❂ ❂ ❂ ❂ ❂ ❂ ❂

## မဟာဝဇိရဉာဏ်တော်ရှိခိုး

မဟာဝဇိရဉာဏမှိ၊ သဒါ အမှိ နတော အဟံ။
တံ စ သော ဓာတုဘာဝေန၊ တိဋ္ဌတံ မမ မာနသေ။

မဟာဝဇိရဉာဏမှိ၊ သုံးကုဋေခြောက်သန်း၊ ဂဏန်းသတ်မှတ်၊ အသိဓာတ်ဟု၊ ဝိပဿနာ၊ မဟာဝဇိရ၊ မည်ရအကျော်၊ ဉာဏ်တော်မြတ်ကြီး၌။

မဟာဝဇိရဉာဏမှိ၊ အတုမရှ၊ နုတ္တရဟု၊ ဗုဒ္ဓမြတ်ဂုဏ်၊ အဖုံဖုံကို၊ အကုန်နှင်းအပ်၊ အရဟာတ်ဟု၊ အမြတ်မဂ်ကျော်၊ မဟာဝဇိရ ဉာဏ်တော်ကြီး၌။

မဟာဝဇိရဉာဏမှိ၊ နှစ်ကုဋေလေးသန်း၊ ဂဏန်းပြည့်ယှဉ်၊ မရွေ့ထင်အောင်၊ နေ့စဉ်သုံးမှန်၊ ယျော်ပွဲခံဖို့၊ ဝင်စံမလပ်၊ သမာပတ်ဖလ၊ မဟာဝဇိရခေါ်၊ ရွှေဉာဏ်တော်မြတ်၌။

မဟာဝဇိရဉာဏမှိ၊ တုဖက်မမြင်၊ ယှဉ်ဖို့ဝေးကွာ၊ အလေးသာသည့်၊ မဟာဝဇိရ၊ ဉာဏသုံးလီ၊ တည်ရာသခင်၊ ဉာဏ်တော်ရှင် ဘုရားမြတ်၌။

အဟံ၊ မြတ်ဗုဒ္ဓဂုဏ်၊ အဖုံဖုံကို၊ အာရုံပွားသည့်၊ ဘုရားတပည့်သည်။ နတော၊ ထက်လှသဒ္ဓါ၊ စေဆာဆာနှင့်၊ စေတနာတိုး၊ သတိဖြိုးလျက်၊ ရှိခိုးညွတ်ခသည်။ သဒါ အမှိ၊ နေ့မှာကြိမ်ကြိမ်၊ ညချိန်ခါခါ၊ မကွာမလပ်၊ အခါခပ်သိမ်းသာ ဖြစ်ပါတော့သည်ဘုရား။

တံ စ၊ ထိုမဟာဝဇိရသုံးတန်၊ ဉာဏ်တော်မြတ်သည်လည်းကောင်း။ သော စ၊ ထိုဉာဏ်တော်သခင်၊ ရှင်တော်မြတ်ဘုရားသည်လည်းကောင်း။ ဓာတုဘာဝေန၊ အာနုဘော်မျိုး၊ တန်ခိုးတေဇာ၊ ရှိန်ဝါတက်စေ၊ ဓာတ်အနေအားဖြင့်။

မမ မာနသေ၊ ရှင်တော်မြတ်ဂုဏ်၊ အဖုံဖုံ၌၊ အာရုံတော်ထား၊ ဆိတ်မသွားတဲ့၊ တရားပိတ်ဖုံး၊ တပည့်၏စိတ်နှလုံး၌။ တိဋ္ဌတံ–တိဋ္ဌတု၊ ပရိနိဗ္ဗာန်၊ ဝင်စံရသည့်၊ ဘဝထိအောင်၊ စွဲငြိမှီချေ၊ ဖည်မသွေဘဲ၊ ရှည်စေကြာကြာ၊ တည်နေပါစေသား– အရှင်မြတ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

## (အခန်း-၅)

## ဆက်လက်လေ့လာရန်

## "ဗုဒ္ဓ" လောက၏အနှိုင်းမဲ့ကျေးဇူးရှင်

ဤစာအုပ်(ဒုတိယပိုင်း)တွင် သဗ္ဗညုတဉာဏ်တော်ကိုရပြီး ဘုရားဖြစ်တော်မူသည်မှ စ၍ ပရိနိဗ္ဗာန်ပြုတော်မူသည်အထိ အေးသည် ပူသည် ပင်ပန်းသည် နွမ်းနယ်သည် နာမကျန်းဖြစ်သည်တို့ကို ပမာဏမပြုဘဲ ၄၅- နှစ်တိုင်တိုင် လောကအတွက် ဆောင်ရွက်တော်မူခဲ့သော မြတ်စွာဘုရား၏ ဆောင်ရွက်တော်မူချက်များကို ထိုထိုနိကာယ်များမှ ထုတ်နုတ်ပြီး အောက်ပါအတိုင်း အခန်းကြီး ၅-ခန်းခွဲကာ ဖော်ပြမည်ဖြစ်ပါသည်။

### အခန်း(၁)။ ရူပက္ခန္ဓာ

ဤအခန်းတွင် - ရုပ်ပိုင်းတောင်းဆိုချက်အရ လူဟူသည် သဘောအရ ကောင်းကောင်း စားချင်သည်၊ ကောင်းကောင်းဝတ်ချင်သည်၊ ကောင်းကောင်းနေချင်သည်၊ ကျန်းကျန်း မာမာရှိချင်သည်ဖြစ်လေရာ မြတ်စွာဘုရား၏ အဆုံးအမတော်အတိုင်း ကောင်းကောင်း စားနည်း၊ ကောင်းကောင်းဝတ်နည်း၊ ကောင်းကောင်းနေနည်း၊ ကျန်းကျန်းမာမာရှိနည်းများ ပါဝင်မည်ဖြစ်ပါသည်။

### အခန်း(၂)။ ဝေဒနာက္ခန္ဓာ

ဤအခန်းတွင်-ဝေဒနာပိုင်းတောင်းဆိုချက်အရ လူဟူသည် ရုပ်ပိုင်းဆိုင်ရာများ ပြည့်စုံရုံမျှဖြင့်မကျေနပ်သေးဘဲ ဘဝတစ်လျှောက်လုံး ပျော်ရွှင်ချမ်းမြေ့စွာ နေလိုသည် ဖြစ်လေရာ မြတ်စွာဘုရား၏အဆုံးအမတော်အတိုင်း ပျော်ရွှင်ချမ်းမြေ့စွာနေနည်းများ ပါဝင်မည်ဖြစ်ပါသည်။

### အခန်း(၃)။ သညာက္ခန္ဓာ

ဤအခန်းတွင်-သညာပိုင်း တောင်းဆိုချက်အရ လူဟူသည် ပျော်ရွှင်ချမ်းမြေ့စွာ နေရရုံနှင့် မကျေနပ်သေးဘဲ အသိပညာရှင် အတတ်ပညာရှင်လည်း ဖြစ်ချင်သည် ဖြစ်လေရာ မြတ်စွာဘုရား၏ အဆုံးအမတော်အတိုင်း အသိပညာရှင်ဖြစ်နည်း, အတတ်ပညာရှင်ဖြစ်နည်းများ ပါဝင်မည်ဖြစ်ပါသည်။

### အခန်း(၄)။ သင်္ခါရက္ခန္ဓာ

ဤအခန်းတွင်-သင်္ခါရပိုင်း၏ တောင်းဆိုချက်အရ လူဟူသည် အသိပညာရှင် အတတ်ပညာရှင်ဖြစ်ရုံဖြင့် မကျေနပ်သေးဘဲ လက်ရှိအခြေအနေမှ ပို၍မြင့်သော

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေသို့ရောက်အောင် ဖန်တီးချင်သည်ဖြစ်လေရာ မြတ်စွာဘုရား၏အဆုံးအမတော် အတိုင်း တစ်ဆင့်ထက်တစ်ဆင့် မြင့်မားအောင်ဖန်တီးနည်းများ ပါဝင်မည်ဖြစ်ပါသည်။

အခန်း(၅)။ ဝိညာဏက္ခန္ဓာ

ဤအခန်းတွင်-ဝိညာဏ်ပိုင်း၏တောင်းဆိုချက်အရ လူဟူသည် မိမိ၏လက်ရှိ အခြေအနေမှ တစ်ဆင့်ထက်တစ်ဆင့်မြင့်မားအောင် ဖန်တီးရုံဖြင့်မကျေနပ်သေးဘဲ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသည်ဖြစ်လေရာ မြတ်စွာဘုရား၏အဆုံးအမတော် အတိုင်း သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်နည်းများ ပါဝင်မည်ဖြစ်ပါသည်။

အထက်ပါ အခန်းပေါင်း ၅-ခန်းကို စာဖတ်သူများအနေဖြင့် ဆုံးအောင်ဖတ်မိ သွားသောအခါ မြတ်စွာဘုရားဟူသည် မိမိဘက်ကအနစ်နာခံပြီး သူတစ်ပါး၏အကျိုးကို ဆောင်ခြင်း၌ လောက၏အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်ကြောင်း၊ လူ့လောက၌ လူဖြစ်လာရခြင်း၏ တကယ်တမ်းစစ်မှန်သော "မြတ်နိုးဖွယ်"ကို ရချင်ပါသည်ဆိုလျှင် မိမိဘက်ကအနစ်နာခံပြီး သူတစ်ပါး၏အကျိုးကိုဆောင်ခြင်းအားဖြင့်သာ လူ့ဘဝ၏ "မြတ်နိုးဖွယ်"ကိုရနိုင်ကြောင်း၊ မြတ်စွာဘုရား၏ ဆောင်ရွက်ချက်များကို သာဓကပြုသောအားဖြင့် လူ၌ မွေးရာပါ တာဝန်နှစ်ခုသည် ဘဝနှင့်အတူပါလာပြီး တစ်ခုသောတာဝန်မှာ "အနစ်နာခံခြင်း" ဖြစ်၍ အခြားတစ်ခုသော တာဝန်မှာ "သူ တစ်ပါး၏အကျိုးကို ဆောင်ရွက်ခြင်း"ဖြစ်လေရာ ထိုတာဝန်နှစ်ခုကို တတ်နိုင်သလောက် ဆောင်ရွက်ပါမှ ကျေးဇူးရှင်မြတ်စွာဘုရားကို ကျေးဇူးဆပ်တတ်သော၊ "လူ"အခေါ်ခံထိုက်သော "လူ" ဖြစ်နိုင်ကြောင်းကို စာဖတ် သူများသဘောပေါက်နိုင်သလောက် ပေါက်လာအောင် ဤစာအုပ်က တတ်နိုင် သလောက် ကြိုးပမ်းပြီး ဖော်ပြမည်ဖြစ်သည်ဟု ကြိုတင်၍ဆိုလိုက်ပါသည်။

❀ ❀ ❀ ❀ ❀ ❀ ❀

တစ်စတစ်စ၊ စွန့်ဝန့်မှလျှင်၊ ဘဝနှောက်နှောင်း၊ ဆက်တိုင်းကောင်း၏။

ကိုယ်ကြောင့်စီးပွား၊ သူတစ်ပါး၌၊ များလေခဲ့က၊ ကဲ့ရဲ့ဆိုဖွယ်၊ အဘယ်တစိ၊ ကြံရေးရှိအံ့။

မခေါက်မခက်၊ ငဲ့ကွက်လုံးလ၊ လျော့ဘိကမူ၊ ကိစ္စသင်းသီး၊ ပြီးသည်ထားဘိ၊ မိမိကိုယ်မှ၊ အရှက်ရ၏။

သစ္စာအောင်စည်၊ တစ်ချက်မြည်က၊ မည်သည်သသူ၊ မဟူရာရှောင်း၊ သူကောင်းသူနတ်၊ အောင်ချာချုပ်သား၊ နှုတ်အုပ်မြဲစွာ၊ စည်သစ္စာကို၊ သံဝါအမောင်၊ ကျူးလသေး။

သစ္စာဟူကြား၊ မှန်တရားလည်း၊ တိမ်းပါးမရှိ၊ မြဲစေဘိလော့။

www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓသာသနာတော်အတွက်
# ရည်စူး၍
# ဉာဏ်မိသမျှ ပြုခဲ့ပြီး ကုသိုလ်များ

၁၉၃၅။ ။၁၂၉၆- ခု၊ တန်ခူးလဆန်း ၄ ရက်၊ (၆-၄-၃၅) စနေနေ့ သာသနာတော်ကို ဦးထိပ်ထား၍ မြန်မာပြည် လွတ်လပ်ရေးအတွက် **အသက်ကို စွန့်လွှတ်ကြိုးစားရန်** အဓိဋ္ဌာန်ပြုခဲ့ပါသည်။

၁၉၃၆။ ။တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်သောအခါ၊ မိမိသည် တက္ကသိုလ်ကျောင်းသား မဟုတ်သော်လည်း သမဂ္ဂအဆောက်အဦးတွင် သပိတ်စတင်မှောက်ရာမှစ၍ ပြီးဆုံးသည်အထိ ဦးအုန်း(ကွယ်လွန်သူ)နှင့် အတူဆောင်ရွက်ပြီးလျှင်၊ **အမျိုးသားတက္ကသိုလ်** ဖြစ်မြောက်ရန် ကိုလှဖေ(မိုလ်လကျ်ာ) ကျွန်တော်၏ညီ (မြို့မမောင်သန်းတင်)တို့နှင့် အတူ စွမ်းနိုင်သမျှ ဆောင်ရွက်ခဲ့ပါသည်။ မောင်သန်းတင်မှာ ကိုလှဖေနှင့်အတူ အမျိုးသားတက္ကသိုလ် ဖြစ်မြောက်ရေးအတွက် အထက်မြို့များသို့ သွားကြရာမှအပြန်တွင် ဖျား၍ အနိစ္စ ရောက်ခဲ့ပါသည်။

၁၉၃၆-ခု စက်တင်ဘာလ ၂၃-ရက်(၁၂၉၈-ခု သီတင်းကျွတ်လဆန်း- ၉ရက်) မိုးလင်းခါနီးတွင် နောက်ပွင့်သည့် ဘုရားကိုဖူးရသည်ဟု အိပ်မက်မက်သည်။

၁၉၃၇။ ။ဤနှစ်တွင် မြန်မာပြည်အား သီးခြားအုပ်ချုပ်ရေး ပေးအပ်ရန် အစီအမံဖြင့် ဧပြီလ ၁-ရက်နေ့တွင် စီစဉ်ခဲ့ရာ အုပ်ချုပ်ရေးကို ကန့်ကွက်သော အနေဖြင့် ထိုအချိန်က "ဖေဘီယန်ပါတီ" တွင် ဆောင်ရွက်နေသော ဦးနု က အုပ်ချုပ်ရေးကို ကန့်ကွက်ရေးတွင် ထောင်ကျခံ၍ အစိုးရ အာဏာဖီဆန်ရေး တရားဟောပြောရန် ကျွန်တော်နှင့် ကိုလှဖေအား ပြောခဲ့ပါသည်။ ကိုလှဖေက အုပ်ချုပ်ရေး ဥပဒေစာအုပ်ကို မသာချ၍ မီးရှို့ကန့်ကွက်ရန် တင်ပြခဲ့ပါသည်။ ကျွန်တော်က ယူနီယံဂျက် (အင်္ဂလိပ်အစိုးရ) အလံကို မီးရှို့ ကန့်ကွက်ရန် အဆို ပြုခဲ့ပါသည်။

ထိုအဆိုသုံးခုကိုပင် ဆောင်ရွက်ရန် သုံးဦးသဘောတူပြီးလျှင် ဧပြီလ ၁-ရက်နေ့ နံနက်တွင် ဦးနုနှင့်ကိုလှဖေ စုဝေးရန် နောက်ကျသဖြင့် ပုလိပ်ရုံးကြီးရှေ့၌ အဝေမ်း ရုပ်ရှင်ရိုက်သော ကားကြီးပေါ်မှ တက်၍ကျွန်တော် တစ်ယောက်တည်း တရားဟောခဲ့ပါသည်။ ပြီးမှ စီတန်းလှည့်လည်ပြီး လသာ (ယခင်လတ္တာ)လမ်းမှ ထွက်ခဲ့ကာ ဟိုက်ကုတ်ရုံး တံခါးပေါက်ရှေ့တွင် **ယူနီယံဂျက်အလံနှင့် အုပ်ချုပ်ရေး စည်းမျဉ်းဥပဒေစာအုပ်တို့ကို မီးရှို့**ကြသည်။ မီးရှို့ချိန်တွင် သပိတ်မှောက် ကျောင်းသား ကိုထွန်းအုန်(တက္ကသိုလ်သမဝါယမ

www.burmeseclassic.com

www.burmeseclassic.com



ကို ကြီးစား တည်ထောင်ခဲ့သူ၊ ဖဆပလ လက်ထက်တွင် မြူနီစပါယ်မင်းကြီး) နောက်တစ်ယောက်မှာ ထားဝယ်မှ ကိုထွန်းအေး(နောင်နဂါးနီ စတင်တည်ထောင်ခဲ့သူ ခုနစ်ဦးတွင်ပါသူ )တို့ ရှိကြပါသည်။ညာဘက်ကြည့်မြင်တိုင် ကမ်းနားဈေးတွင် အာဏာဖီဆန်ရေးတရားကို မဲချ၍- ဦးနုက အမှတ်-၁ ၊ကိုလှဖေက အမှတ်-၂ ၊ကျွန်တော်ကအမှတ်-၃ ၊ကျ၍ တရားဟောကြပါသည်။ မြန်မာအလင်း သတင်းစာနှင့် ဒဂုန်မဂ္ဂဇင်းတိုက်မှ မိတ်ဆွေ ရဲဘော်များက အထူးလိုက်၍ အားပေးကြပါသည်။ မြန်မာအလင်း ဦးချစ်မောင်က ခင်ဗျားတို့ ကိန်းသေ ထောင်ကျမှာဆိုပြီး ဓာတ်ပုံများ ရိုက်ကြပါသည်။ သို့သော် တစ်ယောက်မှ ထောင်ထဲမရောက်ခဲ့ပါ။

ထိုအချိန်က ဒေါက်တာဘမော်က ဝန်ကြီးချုပ်၊ ဆာပေါ်ထွန်းက ပြည်ထဲရေးဝန်ကြီး ဖြစ်ပါသည်။ ဤအချက်ကို ဖော်ပြခြင်းမှာ ကျွန်တော့်အနေနှင့် သာသနာတော် အတွက် လွတ်လပ်ရေးကို ရရှိရန် စွန့်လွှတ်ဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း သိသာရန် ဖြစ်ပါသည်။

၁၉၃၈။ ။မှုဆလင် ရွှေဖီ ထုတ်ဝေသောစာအုပ်နှင့် ပတ်သက်၍ ရဟန်းရှော လှုပါ စီတန်းလှည့်လည်ရာမှ ဆန္ဒပြသူများ အရိုက်ခံရသဖြင့် ဆူပူမှုဖြစ်ခဲ့ကြရာ ကျောင်းဆရာ ကိုချစ် (နောင်သခင်ချစ်-ကွန်မြူနစ်)၊ ကျောင်းဆရာကိုထွန်းရွှေ (နောင်နဂါးနီ ကိုထွန်းရွှေ၊ ကာလကတ္တားထောင်တွင် သေသူ) ကျွန်တော်တို့ သုံးယောက်သည် ပူးတွဲ၍ အစိုးရအပြုအမူကို ကန့်ကွက်ကြပါသည်။

အလုပ်သမား သပိတ်တပ်ကို အကြောင်းပြု၍ ကျောင်းသား ဥက္ကဌ အဖမ်းခံရသဖြင့် ဗိုလ်အောင်ကျော်သပိတ်ကြီး ဖြစ်ခဲ့ပါသည်။ **နဂါးနီစာအုပ် အသင်း**ကို စတင်တည်ထောင်ရာတွင် ကျွန်တော် ပါဝင်ခဲ့ပါသည်။ကုမ္ပဏီအဖြစ် တည်ထောင်၍ ဆောင်ရွက်သောအခါ ကျွန်တော် မပါဝင်တော့ပါ။

၁၉၃၈ ။ ။ရေနံမြေသပိတ် မကွေးတွင် ရှေ့တိုးချီတက်မှု မပြုနိုင်ဘဲ ရပ်တန့်နေသဖြင့် တို့ဗမာအစည်းအရုံးကိုယ်စား ကျွန်တော်နှင့်သခင်စိုးတို့သည် မကွေးသို့ ကြိကားကြီးနှင့် လိုက်ခဲ့ပါသည်။ ကိုဘဟိန်းနှင့် ကိုဘဆွေကို လမ်းခွဲ၍ မီးရထားနှင့် သွားစေခဲ့ပါသည်။ မကွေးမှာဆုံကြ၍ အလုပ်သမားများကို ဦးဆောင်တရားဟောသဖြင့် အင်းစိန်ထောင်သို့ ကျရောက်ကြပါသည်။ **နဂါးနီစာအုပ်အသင်း**ကို စကော့ဈေး(ယခုဗိုလ်ချုပ်ဈေး) အနောက်ဘက်တန်း- ၁၅၁ တွင် စတင်တည်ထောင်ခဲ့ရာ **အခြေခံစာအုပ်အသင်း**များဖွဲ့ရန် အတွက် တစ်ပြည်လုံးအတွက် တစ်ယောက်တည်း တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

၁၉၃၉။ ။မော်လမြိုင်မြို့၊ တို့ဗမာအစည်းအရုံး ညီလာခံကြီးသို့ တက်ရောက်၍ တရားဟောခဲ့သဖြင့် ၁၂၄(က) ပုဒ်မဖြင့် တရားစွဲခံရသော်လည်း ထောင်တွင်းသို့

www.burmeseclassic.com

www.burmeseclassic.com



မရောက်ခဲ့ပါ။ ၎င်းနှစ်မှာပင် ဦးနု၏ ထောင်တွင်းညွှန်ကြားမှုဖြင့် ကိုလှဖေ (ဗိုလ်လကျ်ာ)၊ ကိုလှမောင်(မိတ္ထီလာ)၊ ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်)၊ ထားဝယ်မှ သခင်တင်ထွန်း၊ သခင်အုန်းကြည်တို့ ကုန်းလမ်းမှ ယိုးဒယားသို့ ဖြတ်၍ဝင်ရန် ကြိုးစားကြရာ မအောင်မြင်ဘဲ ပြန်ခဲ့ရပါသည်။ ဆရာကိုထွန်းရွှေနှင့် ကျွန်တော်သွားပို့ရပါသည်။ မြောင်းမြခရိုင် တို့ဗမာအစည်းအရုံး ခရိုင်ညီလာခံကို အောင်မြင်စွာကျင်းပနိုင်ရန်– ကျွန်တော်နှင့် သခင်ဗဂျမ်း (ဗိုလ်လရောင်)တို့သည် ကျုံမငေး တို့ဗမာအစည်းအရုံးနှင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

၁၉၄၀–၄၁။ ။**ဗိုလ်ချုပ်အောင်ဆန်း တရုတ်ပြည်သို့** ထွက်သွားနိုင်ရန် ကျွန်တော် အစွမ်းရှိသမျှ ငွေကြေးအခက်အခဲများကို ကြိုးစားရှာဖွေခဲ့၍ ကျွန်တော်နှင့် သခင်လှဖေ (ဗိုလ်လကျ်ာ)တို့ စီမံကြရပါသည်၊ သခင်လှမြိုင် (ဗိုလ်ရန်အောင်)ကို အဖော်ပြု၍ ဟိုက်လီသင်္ဘောဖြင့် ထွက်ခွာသွားကြပြီးနောက် တရုတ်ပြည်မှ ဂျပန်ပြည်သို့ ရောက်၍ ၎င်းမှ သခင်အောင်ဆန်း ပြန်လာသောအခါ အပြန်တွင် သခင်လှဖေ(ဗိုလ်လကျ်ာ)၊ သခင်ဗဂျမ်း(ဗိုလ်လရောင်) စသည်တို့ သွားနိုင်ရန်စီစဉ်ပြီး နောက်ထပ်ပို့ရန် ရဲဘော်အချို့နှင့် ကျွန်တော်၏ညီ သခင်ထွန်းလွင် (ဗိုလ်မှူးဗလ)တို့အား ဂျပန်ပို့ရန် စီစဉ်ဆဲ ၁၉၄၁–ခု၊ ဒီဇင်ဘာလ ၈–ရက် နေ့ ညနေ ဂျပန်ကို အင်္ဂလိပ်က စစ်ကြေငြာလိုက်သော အခါ အဖမ်းခံရ၍ မြောင်းမြထောင်သို့ ရောက်ခဲ့ပါသည်။ ၎င်းမှ ရွှေဘိုထောင်သို့ ပို့ရာ သင်္ဘောဆိပ်မှ ဘူတာရုံသို့အရောက် သခင်တင်ရွှေ (ကျောက်ဆည်) လာခေါ်၍ ထွက်ပြေးပြီး ဗိုလ်နေဝင်း၊ ကိုကျော်ငြိမ်း၊ သခင်ချစ်တို့နှင့် တွေ့ပြီး **ပြည်တွင်းတော်လှန်မှု** ရေဝတီတိုင်း ဗဟိုဌာနသို့ ရောက်ရှိသွားပါသည်။

၁၉၄၂–ခု၊ ဖေဖော်ဝါရီလ ၂၈–ရက်နေ့(၁၃၀၃–ခု၊ တပေါင်းလပြည့် စနေနေ့)တွင် ၁၉၃၅ ခု၊ ဧပြီလက အစိုးရသည် အောင်မြင်စွာဖြင့် အင်္ဂလိပ်အစိုးရကို **တော်လှန်ပုန်ကန်မှု** စတင်အောင်မြင်ခဲ့ပါသည်။ (သာသနာတော် အတွက်ပင်ဖြစ်ပါသည်။)

၁၉၄၂။ ။၎င်းနှစ် ဇွန်လ ၂၈–ရက်နေ့တွင် **အာရှလူငယ်များ အစည်းအရုံးကို** ဦးဘဂျမ်း (ပုဂံ)နှင့် စတင်တည်ထောင်ခဲ့ပါသည်။ အာရှလူငယ်အစည်းအရုံးသည် ပထမစတင်တည်ထောင်စဉ်က ရရှိသောရန်ပုံငွေ ကုန်၍၊ ဆက်လက် တည်ထောင်နိုင်ရန်အတွက် ဒေါက်တာဘမော်နှင့် တွေ့ရန်၊ သို့မဟုတ်–ဂျပန်စစ်အစိုးရ၏ အကူအညီယူရန် အခြေအနေဖြစ်နေခဲ့ရာ သီးခြားနေခြင်းသည် တိုင်းပြည်အတွက် ပို၍အကျိုးရှိမည်ဟု အားလုံး ယုံကြည်ကြသဖြင့် ကျွန်တော်ကိုယ်တိုင် ငွေကြေး အစားအသောက် ရိက္ခာရရှိရန် ပြင်းထန်စွာ ကြိုးစားခဲ့ပါသည်။ ဦးအေးကျော် (နောင် ကူးသန်းရောင်းဝယ်ရေးဘဏ်ဥက္ကဋ္ဌ)နှင့်လည်း ကားတစ်စီး တွဲဘက်

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ယူပြီး အထက်မန္တလေးနှင့် ကုန်ကူးခဲ့ပါသည်။ အာရှလူငယ်လည်း မည်သူနှင့်မျှ မတွဲရဘဲလွတ်လပ်စွာ တည်နေခွင့် ရခဲ့ပါသည်။

၁၉၄၃။ ။သရဏဂုံသုံးပါးအား အသက်ကိုစွန့်လွှတ် ဆည်းကပ်နိုင်ရန်အတွက် ပိဋကတ် မြန်မာပြန်များကို အစအဆုံးမကျော်ဘဲ လေ့လာခြင်းဖြင့် လည်းကောင်း၊ လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီများ၊ အရှင်ဇနကာဘိဝံသ၏ ကျမ်းစာများကိုပါ လေ့လာခြင်းဖြင့် လည်းကောင်း၊ ဗုဒ္ဓ-ဓမ္မ-သံဃ ဂုဏ်တော်၌ မကျေနပ်ဖွယ်အချက်များကို ဝေဖန် လေ့လာခဲ့ပါသည်။ ဝေဖန်၍ ကျေနပ်မှ သရဏဂုံကို အသက်စွန့်လွှတ် **ဆောက်တည်ခဲ့ပါသည်။**

၁၉၄၄။ ။ဂျပန်ကင်ပေတိုင်ကလည်း သဲတ်ရန် ကြိုးစားခဲ့ရာ သခင်မြ-ဗိုလ်စကြာတို့၏ ကျေးဇူးနှင့် ဦးဘဂျမ်းတို့၏ကျေးဇူးကြောင့် အကြိမ်ကြိမ်လွတ်မြောက်ခဲ့ပြီး ဂျပန်များ ရန်ကုန်မှ စစ်ဆုတ်ရာတွင်လည်း အာရှလူငယ်အစည်းအရုံးဥက္ကဌ- ဦးဘဂျမ်းထံမှ အမှုဆောင်များ စုရိုက်ထားသော ဓာတ်ပုံနှင့် မိမိနေထိုင်ရာ ကြည့်မြင်တိုင် တစ်ဖက်ကမ်း ကျောင်ဝိုင်းရွာသို့ ဂျပန်တပ်နှင့်ဝိုင်း၍ ရှာဖွေခဲ့ရာ လွတ်မြောက်ကျန်ရစ်ခဲ့ပါသည်။

၁၉၄၄-ခု၊ ဩဂုတ်လ ၅-ရက်၊ မြန်မာ ၁၃၀၆-ခု၊ (သာသနာ- ၂၄၈၈-ခု) ဝါခေါင်လပြည့်ကျော် ၂-ရက်၊ စနေနေ့(၅-၈-၄၄) ကျုံမငေးမြို့နေအိမ်၌ ထေရပတ်ဆွမ်းကပ် ပရိတ်တရားတော်များ ပူဇော်ပြီး သရဏဂုံကို **အသက်စွန့်လွှတ်၍** ဆည်းကပ်ခဲ့ပါသည်။

၁၉၄၅။ ။ဂျပန်များ ဆုတ်ခွာသွား၍ အင်္ဂလိပ်စစ်တပ်များ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာသောအခါ ဂျပန်စစ်တပ်များ ရှိနေစဉ်ကစ၍ ယနေ့ လွတ်လပ်ရေး ရအောင် ကြိုးပမ်းနေကြသော နိုင်ငံအတွက် ဆောင်ရွက်နေကြသည့် နိုင်ငံရေးသမား အမည်ခံသူများနှင့် ထိုသူများ၏ ကိုယ်ကျင့်တရားများ ပျက်စီးနေပုံ သာသနာတော်တွင် ရဟန်းရော လူပါ ကိုယ်ကျင့်တရားများ ဆုတ်ယုတ်မှုကြောင့် တိုင်းပြည်ပျက်စီးတော့မည်ကို မိမိဉာဏ်မီသမျှ ကြိုတင် သိရှိရသဖြင့် စိတ်မတင်မကျ မကြည်မလင် ဖြစ်နေခဲ့ပါသည်။

ထိုအချိန်တွင် မြောင်းမြပဓာနတာရုံ ဆရာတော်ဘုရားကြီး (ရွှေကျင် သာသနာပိုင်)နှင့် ကျွန်းကုန်းဆရာတော်တို့၏ စောင့်ရှောက်မှုဖြင့် ၁၉၄၅-ခု၊ ဒီဇော် ၂၇-ရက်နေ့တွင် **အမရပူရ မဟာဂန္ဓာရုံဆရာတော်** အရှင်ဇနကာ ဘိဝံသထံတော်သို့ ရောက်ရှိ၍ ဆွေးနွေး လျှောက်ထားခွင့်ရရှိသဖြင့် **အနာဂတ် သာသနာ ကျမ်းစာ**တစ်စောင် ဖြစ်ပေါ်လာပြီး ၁၉၇၇-ခု၊ ဒီဇော်လ ၂၇-ရက် နေ့အထိ ၃၂-နှစ်တိတိ အဆုံးအမ ရရှိခဲ့ပြီး ယနေ့တိုင် ဆရာတော်၏ အဆုံးအမ လမ်းညွှန်မှုကို ဦးတည်၍ သာသနာနှင့်တိုင်းပြည်အတွက် ကြိုးစားနေနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်များ ထွက်သွား၍ အင်္ဂလိပ်တို့ ဝင်ရောက်လာသောအချိန်တွင် အရှင်အာဒိစ္စဝံသ- လူအဖြစ် **ဆရာကြီး ဦးအောင်မြတ်ထွန်း** ကျောက်မြောင်း ကျားကွက်သစ်လမ်းတွင် နေထိုင်စဉ်ကစ၍ ဗိုလ်ချုပ်လမ်းအိမ်တွင် နေထိုင်စဉ် အထိ အလွန်ရင်းနှီးသော တပည့်တစ်ယောက်အဖြစ် သာသနာတော်နှင့် ပတ်သက်သော အဆုံးအမများခံယူ၍ အရေးကြီးသော အယူအဆ အချက် အလက်များ ဆွေးနွေးရခဲ့ရာ အလွန် ကျေးဇူးကြီးကျယ်လှပါသည်။ယနေ့တိုင် သာသနာ၏ အကျိုးပြုလုပ်ငန်းများကို သတ္တိရှိရှိ လုပ်နိုင် ခဲ့ပါသည်။

၁၉၄၆-၄၇-၄၈။ ။ငင်းနှစ်တွင် ဗုဒ္ဓသာသနာတော်သည် မြန်မာပြည်သားများ၏ အားကိုးရာဖြစ်၍ နိုင်ငံတော်၏ အကျိုးကို ဦးဆောင်နိုင်သည်ဟု ယုံကြည်ပါသဖြင့် ယောမင်းကြီး ဦးဘိုးလှိုင်၏ **ရာဇဓမ္မသင်္ဂဟကျမ်း**ကို (ဆရာ- မောင်ထင်) ဦးထင်ဖတ်၏ အကူအညီဖြင့် ထုတ်ဝေနိုင်ရန် စတင်ကြိုးစားခဲ့ရာ လွတ်လပ်ရေး ရသောအခါ ပြီးစီးခဲ့ပါသည်။

၁၉၄၉။ ။စွန်းလွန်းဆရာတော်ထံသို့ ကျွန်းကုန်းဆရာတော် ဘုရားနှင့်အတူ သွားရောက် ဖူးတွေ့၍ တရားများ ဆွေးနွေးအားထုတ်ပြီးလျှင် ရာဇဓမ္မသင်္ဂဟကျမ်း ရိုက်နှိပ် ပြီးစီးခဲ့ပါသည်။ **စွန်းလွန်းဆရာတော် အမေးအဖြေစာအုပ်**များလည်း ရိုက်နှိပ်ခဲ့ ပါသည်။ လောကုတ္တရာအတွက် ထူးခြားသော အတွေ့အကြုံများ ရရှိခဲ့ပါသည်။

၁၉၅၀။ ။၁၃၁၅-ခု၊ သာသနာ ၂၄၉၄-ခု၊ ဆဋ္ဌသင်္ဂါယနာ မတင်မီ ဝိုင်-အမ်-ဘီ-အေ အသင်းမှနေ၍ ပိဋကတ်တော်များ သန့်ရှင်းရေးအတွက် စတင်ဆောင်ရွက်ခဲ့ရာ **ပိဋကတ်တော် သင်ရိုးအုပ်-၂၀** ပြီး၍ ဝန်ကြီးချုပ်(ဟောင်း) ဦးနုသို့ ကတိအတိုင်း **ဆဋ္ဌသင်္ဂါယနာတင်ရန် လှူဒန်း**ခဲ့ပါသည်။

ဤကုသိုလ်အတွက် မေဓာဝီဆရာဆိုင်၊ ဦးဘမိ အစရှိသော ပါဠိပညာရှင် များနှင့် ဝိုင်-အမ်-ဘီ-အေ အမှုဆောင်များ၊ ဟံသာဝတီပုံနှိပ်တိုက် ဦးညွန့်ကဲ့သို့ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်များ၏ အကူအညီကို ရရှိခဲ့ပါသည်။

ထို့ထက် ကျမ်းစာများ သုတ်သင် ပြုပြင်ရာတွင် မန္တလေးမှ သကျသီဟ ဓမ္မာစရိယ လေးပြင်လေးရပ် ဆရာတော်များနှင့် ပခုက္ကူ မဟာဝိသုတာရာမတိုက်၊ ရန်ကုန်ဘုရားကြီးဆရာတော်ဘုရားများ၏ စောင့်ရှောက်မှုဖြင့် လုံးဝ အောင်မြင် ခဲ့ခြင်း ဖြစ်ပါသည်။ အထူးသဖြင့် မန္တလေးတောင်ပြင် ဘုရားကြီးတိုက်ဆရာတော် ဦးနာဒ ရ၏ စောင့်ရှောက်မှုသည် ကြီးမားသော အောင်မြင်မှု တစ်ခုဖြစ်ပါသည်။ (ဝိုင်အမ်ဘီအေ စရိတ်မသုံးဘဲ မိမိစရိတ်နှင့် ကုသိုလ် ပြုပါသည်။)

၁၉၅၀။ ။ဆဋ္ဌသင်္ဂါယနာတွင် မိလိန္ဒပဉှာမြန်မာပြန် ကျမ်းပြုစုရန် အရှင်အာဒိစ္စဝံသ ဆရာတော်၏ မိလိန္ဒပဉှာ ကျမ်းစာကို လှူခဲ့ရသည်။ **အနာဂတ်သာသနာရေး** ကျမ်းစာကိုလည်း ဝိုင်အမ်ဘီအေ အမည်ဖြင့် **ဒုတိယအကြိမ်** ဟံသာဝတီဦးညွန့်၏

www.burmeseclassic.com

www.burmeseclassic.com



အကူအညီဖြင့် အုပ်ရေတစ်သောင်း ရိုက်နှိပ်ခဲ့ရာ ၆-လအတွင်း ကုန်သွားခဲ့ပါသည်။

၁၉၅၀။ ။(၂-၁၀-၅၀) ၁၃၁၂-ခု၊ တော်သလင်းလဆုတ် ၆-ရက် အိန္ဒိယ ဘုရားပွင့်ရာဒေသများသို့ ဘုရားဖူးသွားခဲ့သည်။ ထူးခြားမှု ရှိသည်။ ငါးပါးသီလ အပြည့်ထိန်းသည်။

ဘုရားဥပဒေတော်ကြီးခေါ် (ပါတိမောက် အခြေပြု) ကျမ်းစာကိုလည်း အမရပူရတောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်၏ ခွင့်ပြုချက်ဖြင့် **အုပ်ရေတစ်သောင်း ရိုက်နှိပ်ခဲ့ပါသည်။**

ပိဋကတ်တော်များကိုလည်း ဆရာဦးအောင်မိုး၏ အကူအညီဖြင့် မြန်မာပြန်ဆိုခဲ့ရာ ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ်ပြီးစီး၍ ပိဋကတ်အခြေပြုဆိုသော အမည်ဖြင့် **သီလက္ခန် မြန်မာပြန်**တစ်အုပ် **ရိုက်နှိပ်ပြီးစီး**ခဲ့ပါသည်။

၁၉၅၁။ ။ (၁၈-၂-၅၁) ၁၃၁၂-ခု၊ တပို့တွဲလဆန်း ၁၂-ရက်၊ တနင်္ဂနွေနေ့တွင် **ရှပ်စုံဗုဒ္ဓသာသနာဝင်ကျမ်း**ကို အစမှအဆုံး ရေးသားပြီးစီး အောင်မြင်ခဲ့ပါသည်။

အမရပူရ မဟာဂန္ဓာရုံ အရှင်ဇနကာဘိဝံသ ဆရာတော်နှင့် ဆရာဦးဝန် (မင်းသုဝဏ်)တို့ အကူအညီဖြင့် အချော အကျယ်ရေးသား ပြီးစီးခဲ့သည်။

ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာ ကျမ်းစာသုံးအုပ်၊ လူထုပညာရေးမှတစ်ဆင့် တောင်တန်းသာသနာပြုအတွက် ရိုက်ပေးရသည်။

၁၉၅၄။ ။(၂၂-၅-၅၄) ၁၃၁၆-ခု၊ ကဆုန်လဆုတ် ၅-ရက် စနေနေ့၊ **ရှပ်စုံဗုဒ္ဓသာသနာဝင်ကျမ်းစာများ နိုင်ငံခြားတွင် ရိုက်နှိပ်ပြီး၍** ရောက်ရှိလာသည်။

**ကုသလဝတီ စာပုံနှိပ်တိုက် စတင်တည်ထောင်သည်၊** စာအုပ်များရိုက်နှိပ်စပြုသည်။ ဆရာတော်နှင့်အတူ ဗုဒ္ဓဘာသာ သင်ခန်းစာများရိုက်နှိပ်ရန်လည်း လိုက်၍ ဆောင်ရွက်နေသည်။

၁၉၅၄။ ။(၂၇-၅-၅၄) ၁၃၁၆-ခု၊ ကဆုန်လဆုတ် ၁၀-ရက် ကြာသပတေးနေ့၊ အမေရိကန်မှ **စာပုံနှိပ်စက်တစ်လုံး** လိုင်စင်ဖြင့် **မှာယူ၍** အမရပူရ မဟာဂန္ဓာရုံဆရာတော်ထံသို့ တင်ပို့လှူဒါန်းခဲ့ကြသည်။ စာပုံနှိပ်စက်မှာ ယနေ့တိုင်ကျောင်းတိုက်တွင် အသုံးပြုလျက် ရှိပါသည်။

၁၉၅၅-၅၆-၅၇။ ။မိမိတို့ စုပေါင်းတည်ထောင်သော ကုသလဝတီ **စာပုံနှိပ်စက်**တွင် ကျမ်းစာများရိုက်နှိပ်ခဲ့ရာ **မြန်မာ့ဖျက်ပွင့်၊ ပိဋကအခြေပြု**ကဲ့သို့ ကျမ်းစာများ **ပြီးစီး**ခဲ့သည်။

**ကျောက်ကုန်း မဟာဗောဓိကျောင်းတိုက်**ကိုလည်း မိမိကိုယ်တိုင် စာချုပ်ရေးသား၍ မြောင်းမြပဋ္ဌာနရုံ ဆရာတော်ကြီးနှင့်အတူ အလှူခံခဲ့ပြီး အသားကျောင်းလေး ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ မြောင်းမြ ပဋ္ဌာနရုံ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတိုက်တွင် မြေ ၂-ဧက လှူဒါန်းသည်။ (၂၉-၃-၅၅) ၁၃၁၆-နှောင်းတန်ခူးလဆန်း ၆-ရက်၊ စိန်ဂျွန်းလမ်းအိမ်ဝယ်ပြီး ငွေချေသည်။

၁၉၅၈-၅၉။ ။အောက်တိုဘာလ ၁၀-ရက်တွင် ဖခင် အနိစ္စရောက်ခဲ့သည်။ တိုင်းပြည်နှင့် သာသနာတော်အတွက် ဆောင်ရွက်ခဲ့ရာ အထူးသဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် တရားသဖြင့် အောင်မြင်ရန် ဝင်ရောက်ကူညီရင်း **မြန်မာပြည်ကို ဗုဒ္ဓသာသနာတော်၏ အဆုံးအမဖြင့် ထူထောင်ခြင်းသာလျှင် အသင့်တော်ဆုံးဖြစ်ကြောင်း စာရွက်စာတမ်းများ ရိုက်နှိပ်လှူဒါန်းခဲ့ပါသည်။**

ငင်းနှစ်အတွင်းတွင် နိုင်ငံခြားသို့ သွားရောက်ခွင့်ရခဲ့သဖြင့် နိုင်ငံခြားတိုင်းပြည်များ၏ အခြေအနေကို သိတန်သမျှ သိခဲ့ရသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာတည်ရှိနေခြင်းအတွက် အလွန်ဝမ်းမြောက်ဖွယ်ဖြစ်ပြီး ရှေးဆရာတော် သံဃာတော်များနှင့် ပုဂံခေတ် ရှင်အရဟံ, အနော်ရထာစသည့် တိုင်းပြည်အတွင်း ဗုဒ္ဓဘာသာကို စနစ်တကျ ထူထောင်ပေးသွားကြသော ပုဂ္ဂိုလ်များကို အထူးကျေးဇူးတင် ဝမ်းမြောက်မိသည်။ **(ဆဋ္ဌသင်္ဂါယနာတင်စတင်ကျင်းပသောအခါ ဝိုင်-အမ်-ဘီ-အေ အမည်ဖြင့် ဓမ္မဝိနယပြန်တမ်းရိုက်နှိပ်လှူဒါန်းခဲ့ပါသည်။)**

၁၉၆၀။ ။(၁၂-၃-၆၀) ၁၃၂၁-ခု၊ တပေါင်းလပြည့်ကျော် ၁-ရက်၊ (ပြက္ခဒိန်ရက်) စနေနေ့၊ သာသနာ ၂၅၀၃-ခု၊ နံနက်တွင် သာသနာတော်အတွက် ထမ်းဆောင်လျက်ရှိသော ဘဝကို တိုးတက်ဆောင်ရွက်နိုင်ခွင့်ရရန် ကျွန်တော်ကိုယ်တိုင် မယုံကြည်နိုင်သော **မနောမယိဒ္ဓိပညာ**ကို လက်ခံရယူခဲ့ခြင်းဖြင့် အသက်ရှင်လျက် မကြုံဘူးသော ဘဝတစ်ခုသို့ ပြောင်းသွားခဲ့ပါသည်။

၁၉၆၁။ ။(၁၉-၈-၆၁) ၁၃၂၃-ခု ဝါခေါင်လဆန်း ၈-ရက် စနေနေ့၊ ရန်ကုန်မြို့ ဝိုင်-အမ်-ဘီ-အေ အသင်းတိုက်တွင် **မနောမယိဒ္ဓိပညာပြပွဲကြီး**ကို မိမိအိမ်မှ စရိတ်အားလုံး တာဝန်ယူ၍ ကျင်းပခဲ့ပါသည်။ ထိုပြပွဲသည် မြန်မာတစ်ပြည်လုံးဘွင် ထင်ရှားသော ပြပွဲတစ်ခုဖြစ်ခဲ့ပါသည်။ ရာထူးခန့်ထားရေးအဖွဲ့ဥက္ကဋ္ဌ သခင်လွန်းဘော်, ဝန်ကြီးဟောင်း ပုဂ်ဦးဘဂျမ်း, ဆရာဝန်များ, ဥပဒေပညာရှင်များ, အမှုထမ်းအရာရှိများ ပယောဂဆရာများ လာရောက်လေ့လာကြပါသည်။ ဝေဒနာရှင်အများလည်း ကုသပေးခဲ့ပါသည်။ သို့သော်ပညာ၏ရည်ရွယ်ရင်း အောင်မြင်မှုက ရသင့်သလောက် မရခဲ့ပါ၊ ပယောဂပညာလောက်သာ အထင်ရှိသူက များခဲ့ပါသည်။

ကျုံမငေးမြို့အထက်ပိုင်း စေတီတော်ကို ထီးတင်ခြင်း, ဘုရားကြီးကျောင်းတိုက် အတွင်းရှိ မိဘများ၏သိမ်ကို ဘုရားနှင့်တကွ အဆောက်အဦးပါပြုပြင်ခြင်း အလှူတို့အပြင် (၅-၇-၆၃) နေ့တွင် ယောဂီပါရဂူကျမ်းကို

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးဝါးတန်း ရေခဲစက် ဒေါ်ခင်မြင့်တို့ အကူအညီဖြင့် ရိုက်နှိပ် လှူဒါန်းနိုင်ခဲ့ပါသည်။

မနောမယိဒ္ဓိပညာကို ပညာရှင်သားများ စနစ်တကျ သိရှိနိုင်ရန် **မနောမယိဒ္ဓိကြေးမုံ** အမည်ဖြင့် စာတစ်အုပ် ရေးခဲ့ပါသည်။

၁၉၆၂-၆၃။ ။မနောမယိဒ္ဓိပညာကို မိုးကုတ်မြို့တွင် စတင်ပွင့်လင်းစေခဲ့သည်။ ပညာရှင် ကိုအမှီပြု၍ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်တွင် မိုးကုတ်မြို့မှ ဦးညီညီ-ဒေါ်လှမေတို့ သံဃာများ ပြည့်စုံစေရန် သိမ်လှူဒါန်းခဲ့သည်။ (၁၃၂၄-ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၂-ရက် သောကြာနေ့ အုတ်မြစ်ချခဲ့သည်။)

ရွှေကျင်ဂိုဏ်း ဒသမအကြိမ်မြောက် အစည်းအဝေးကြီးအမိ **ရွှေကျင်နိကာယ သာသနာ့ဝင်ကျမ်းစာကြီး**ကို ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ စောင့်ရှောက်မှုဖြင့် လည်းကောင်း၊ မိုးကုတ်မှ မိတ်ဆွေများ ကောင်းမှုဖြင့် **ရိုက်နှိပ်လှူဒါန်း** နိုင်ခဲ့ပါသည်။

မင်းကွန်း ရန်ကင်းချောင် ဆရာတော်ဘုရားကြီးကလည်း မင်းပြုထားတဲ့ ကောင်းမှုကို ငါ့လက်ကိုင်ပြီး အမျှဝေပါဟုဆို၍ လက်ဖြန့်ပေးသဖြင့် လက်ကို ကိုင်၍ အမျှပေးဝေခဲ့ပါသည်။

၁၉၆၃။ ။ဒီဇင်ဘာလ ၁၄-ရက် (၁၃၂၅-ခု၊ နတ်တော်လကွယ်) စနေနေ့ နံနက် ၆-နာရီ မြောင်းမြ ပဒ္မောတာရုံတွင် မိုးကုတ်မြို့ အမေခင်နှင့် မိသားစုတို့လှူသောသိမ် အုတ်မြစ်ချသည်။ ၎င်းဒီဇင်ဘာ ၁၇-ရက်(ပြာသိုလဆန်း ၃-ရက်)နေ့တွင် ရန်ကုန် ၁၀၇-စိန့်ဂျွန်းလမ်းနေအိမ်၌ တော်လှန်ရေးအစိုးရ၏ အထိန်းအသိမ်း ခံရသည်။

၁၉၆၄-၆၅-၆၆-၆၇။ ။အောက်တိုဘာလအထိ ၄-နှစ်မျှ ထောင်အတွင်း နေခဲ့ရသဖြင့် ဗုဒ္ဓ၏အဆုံးအမ သာသနာတော်၏ တန်ဘိုးကို ပိုမိုနားလည်သိရှိရပြီးလျှင် ကံနှင့် ကံ၏အကျိုးကို ပိုမိုသဘောပေါက်လာခဲ့ပါသည်။ ဗုဒ္ဓအလိုတော်ကျ မြန်မာပြည်ကို ထူထောင်ခြင်းသာလျှင် အချမ်းသာဆုံးလူမျိုးနှင့် အချမ်းသာဆုံး နိုင်ငံတော်ဖြစ်နိုင်မည်။ ဗုဒ္ဓဝါဒ ဗုဒ္ဓသာသနာတော်ကို စနစ်ကျကျ နားလည် ကျင့်သုံးလျှင် မုချ တစ်ကမ္ဘာလုံးတွင် ချမ်းသာစွာရှိလိမ့်မည်ဟု ပိုမိုခိုင်မြဲစွာ ယုံကြည်လာခဲ့ပါသည်။

၁၉၆၈။ ။ဩဂုတ်လတွင် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်တွင် အရှင်ဇနကာဘိဝံသ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ပါရမီအဖြစ် **ရဟန်းဘောင်** တက်ရောက်ခဲ့ပါသည်။

ဖျာပုံ မနားမြို့တွင် ထိုနှစ် အောက်တိုဘာလ ၁၂-ရက်နေ့မှာ မနောမယိဒ္ဓိ ပညာပြပွဲကြီးကို မြသီတာဇာတ်ရုံအတွင်း၌ တပ်ရင်းမှူး သူရလှခိုင်ကို အကြောင်းပြု၍ ကျင်းပခဲ့ပါသည်။ သစ်တောအရေးပိုင် ဦးသာလှ အစရှိသော

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များဖြင့် စည်ကားစွာ ကျင်းပနိုင်ခဲ့ပါသည်။ သို့သော် ပညာ၏ ရည်ရွယ်ချက်၊ သာသနာတော်၏ တိုးတက်မှုက ရသင့်သလောက် မရရှိခဲ့ပါ။ ပယောဂပညာလောက်သာ အထင်ရှိခဲ့ပါသည်။

၁၉၆၉။ ။ တောင်စွန်း၊ ကေလာသ၊ ဇုတ်သုတ်၊ ကျိုက်တဲ၊ ဇုတ်ကလီ၊ မြသပိတ် အစရှိသည့် သုဝဏ္ဏဘုမ္မိအရပ်သို့ လှေ့လာရန် ရောက်ခဲ့ပါသည်၊ ဤသို့ ရောက်ရခြင်းမှာ ဗိုလ်မှူးဘရှင်နှင့် ဒေါ်ခင်မျိုးချစ်တို့၏ အားပေးသော ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။ မိမိ၏ သာသနာယုံကြည်ချက်ကို ပိုမို ခိုင်မာစေသည်။ မနောမယိဒ္ဓိပညာကိုလည်း တိုး၍ ယုံကြည်လာပါသည်။ ၎င်းမှအပြန် **ရွှေဘိုကျောက်ကာဆရာတော်** မကျန်းမာသဖြင့် တောင်မြို့ မဟာဂန္ဓာရုံဆရာတော် စာရေးအကြောင်းကြား၍ လိုက်သွားရာ စောင့်ရှောက်ခွင့် မရဘဲ ရွှေဘိုဆရာတော် ပျံလွန်တော်မူပါသည်။ မနောမယိဒ္ဓိပညာကို ပို၍ သဘောပေါက်ရန် အကြောင်းဖြစ်ခဲ့ပါသည်။

အမရပူရ မဟာဂန္ဓာရုံ ဆရာတော်အားလည်း မတ်လ ၁၀-ရက်နေ့တွင် **မနောမယိဒ္ဓိပညာ** လှူခဲ့ပါသည်။

၁၉၇၀။ ။(သာသနာတော် ၂၅၁၄) ဩဂုတ်လ ၈-ရက်၊ ၁၃၃၂-ခု၊ ဝါခေါင်လဆန်း ၆-ရက် စနေနေ့ ၁၀၇-စိန့်ဂျွန်းလမ်း၊ မိမိနေအိမ်တွင် မနောမယိဒ္ဓိ ပညာခွင်ပြပွဲနှင့် မနောမယိဒ္ဓိပညာရှင်များ ဆွေးနွေးပွဲကို ခက်ခဲစွာ အများကုသိုလ်ဖြင့် (အထူးသဖြင့် မိုးကုတ်မြို့ ဦးချစ်လှ- ယခုကွယ်လွန် ) ၂၅-ရွှေတောင်ကြားလမ်း ရန်ကုန်တွင် နေထိုင်သူ၏ အကူအညီဖြင့် အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။

၁၃၃၂-တော်သလင်းလဆန်း ၈-ရက်(၈-၉-၇၀) အင်္ဂါနေ့ **ပိဋကတ်တော်များ မြန်မာပြန်ဆိုရန်**အတွက် စရိတ်ငွေ သုံးသောင်း (၃၀,၀၀၀)ကို မိုးကုတ်မြို့ ဦးညီညီ-ဒေါ်လှမေတို့ လှူဒါန်းခဲ့သဖြင့် ဘဏ်စာရင်း စတင်ဖွင့်လှစ်ခဲ့ပါသည်။

အမရပူရ မဟာဂန္ဓာရုံ ဆရာတော်၏ အဆုံးအမဖြင့် စာချဆရာတော်များ သံယုတ် ၅-ကျမ်းကို စတင် မြန်မာပြန်ဆိုရန် အားထုတ်တော်မူကြပါသည်။ ၎င်းနှစ် ၎င်းလမှာပင် မဟာဂန္ဓာရုံဆရာတော်နှင့်အတူ ပခုက္ကူ မဟာဝိသုတာရာမ အလယ်တိုက်ကြီး ဆရာတော်(သုန်)ထံ ကန်တော့ရန် သွားရောက်ကြရာ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမထေရ်၏ ရင်းနှီးသောအဆုံးအမကိုလည်း ရရှိခဲ့ပါသည်။ တိုက်အုပ် ဆရာတော်အားလည်း စက်တင်ဘာ၂၂-ရက် နံနက် ၇-နာရီတွင် မနောမယိဒ္ဓိပညာ လှူခဲ့ရပါသည်။ တိုက်အုပ်ဆရာတော် ထံမှ ပိဋကတ်တော်တွင် ပါသမျှ ဗုဒ္ဓဂုဏ်တော်များကို ရေးသားပေးရန် ကတိရရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၀-ပြည့်မှစ၍ ၁၉၆၃-ခု၊ ဒီဇင်ဘာလအတွင်း ကျွန်တော်ကိုယ်တိုင် ရိုက်နှိပ်ဖြန့်ချိပြီးသော ကျမ်းစာများနှင့် အလုပ်များ -

၁။ စွန်းလွန်းဆရာတော် အမေးအဖြေ ၁၃၁၁-ခု၊ (၁၉၄၉-ပထမအကြိမ်၊ ၎င်းနောက် ဒုတိယအကြိမ် ရိုက်နှိပ်လှူဒါန်းသည်။ )

၂။ အရှင်ဇနကာဘိဝံသဆရာတော်၏ ဗြဟ္မဇာလသုတ် မြန်မာပြန်။

၃။ ပိဋကတ်တော် သင်ရိုးအုပ် ၂၀-ကို သန့်ရှင်းအောင် တည်းဖြတ် သုတ်သင်ပြီး သင်္ဂါယနာတင်အဖွဲ့သို့ ဝန်ကြီးချုပ်(ဟောင်း )ဦးနုမှ တစ်ဆင့် ပေးပို့ လှူဒါန်းခဲ့ပါသည်။

၄။ ပိဋကတ်တော်များကို ဆရာဦးအောင်မိုး အကူအညီဖြင့် မြန်မာပြန်ဆိုခဲ့ရာ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ် အထိပြီးသည်။

၅။ အတုမဲ့ချမ်းသာ။

၆။ မဟာဂန္ဓာရုံ ဆရာတော်၏ သင်္ဂြိုဟ်ဘာသာဋီကာ။

၇။ ဘုရားဥပဒေတော်ကြီး။

၈။ သာမညဖလသုတ်။

၉။ ဟိတောပဒေသ ပုံပြင်။

၁၀။ ဇနီးမောင်နှံ ရာသက်ပန်။

၁၁။ ရာဇဓမ္မသင်္ဂဟကျမ်း။

၁၂။ မင်္ဂလာပုံပြင်။

၁၃။ ကလေးဗုဒ္ဓဝင်။

၁၄။ ကမ္ဘောဇ္ဈာန်းဘာသာဋီကာ။

၁၅။ ဘာသာသွေး။

၁၆။ မြန်မာ့မျက်ပွင့် ရွာဓလေ့၊ လူ့ဓလေ့။

၁၇။ စာဓလေ့။

၁၈။ ရုပ်စုံဗုဒ္ဓသာသနာဝင်။

၁၉။ ဓမ္မဝိနယပြန်တမ်း။

၂၀။ မနောမယိဒ္ဓိကြေးမုံ။

၂၁။ ရတနာ့ဂုဏ်ရည်။

၂၂။ ကိုယ်ကျင့်အဘိဓမ္မာ။

၂၃။ အနာဂတ် သာသနာ။

၂၄။ မူလတန်းဘာသာရေး။

၂၅။ ဗုဒ္ဓနည်းဖြင့် ထူထောင်ကြစို့ စာတမ်းများ။

၂၆။ ရွှေကျင်နိကာယ သာသနာဝင်။

၂၇။ ယောဂီပါရဂူကျမ်း။

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၀။ ။ဒီဇင်ဘာ(၂၁)ရက်၊ ၁၃၃၂–ခု၊ နတ်တော်လပြည့်ကျော်၈–ရက်၊ တနင်္လာနေ့တွင် အောက်ပါ **အစီအစဉ်ကိုပြုခဲ့ပါသည်။**

၁။ ၁၃၃၄ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် မနောမယိဒ္ဓိပညာ ပေါ်ပေါက်သောနေ့ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ်ကျင်းပရန်။

၂။ ထိုပွဲတွင် မြန်မာပြည်အနှံ့မှ ကြွရောက်လာကြသော ပညာယူထားသူများ ဆွေးနွေး ကျင်းပရန်။

၃။ မနောမယိဒ္ဓိပညာကို အမှီပြု၍ ကမ္ဘာကိုသာသနာပြုရန်၊ မိမိစွမ်းအား ရှိသ၍ မဖြစ်မနေ ကြိုးစားရန်။

ညဥ့်၈–နာရီ၅၀တွင် အစီအစဉ်ပြုပြီးပါသည်။

၁၉၇၁။ ။ဖေဖော်ဝါရီ ၆–ရက်၊ ၁၃၃၂–ခု၊ တပို့တွဲလဆန်း ၁၁–ရက်၊ စနေနေ့ မန္တလေးမှတစ်ဆင့် အမရပူရ မဟာဂန္ဓာရုံသို့ ဝင်၍ ဆရာတော်အား ကန်တော့ပြီးလျှင် ဆရာတော်ဖတ်ခိုင်း၍ လက္ခဏာတော်ကြီး ဘုရားရှိခိုးကို ရတနာ့ဂုဏ်ရည်တွင် ထည့်ရန် ဖတ်ရှုရပါသည်။

(၈–၂–၇၁)နေ့ နံနက် ဩဝါဒယူပြီးလျှင် ကျွန်တော်လျှောက်ထားသော ဆရာတော်ကိုယ်တိုင်ရေး တစ်ဘဝသံသရာလက်ရေး စာမူကော်ပီစာအုပ်များကို အဖတ်ခိုင်း၍ ဖတ်ပြီး ဆရာတော်က "တို့ ဒီစာအုပ်ကို အဘိဓမ္မာ ဘာသာဋီကာ များ ရိုက်ပြီးမှ ထုတ်ရအောင်"ဟု အမိန့်ရှိခဲ့ပါသည်။

(၉–၂–၇၁)နေ့တွင် အမရပူရမှတစ်ဆင့်–ယော၊ ထီးလင်း ဂန့်ဂေါ နယ်များသို့ မနောမယိဒ္ဓိပညာအတွက် ခရီးထွက်ခဲ့ကြပါသည်။ မနောမယိဒ္ဓိ ပညာအတွက် အလွန်ဆန်းကြယ်သော အတွေ့အကြုံ အသိဉာဏ်များ ရရှိခဲ့ပါသည်။ ပါရမီကုသိုလ်အတွက် စမ်းသပ်မှုတစ်ခုဖြစ်ခဲ့ပါသည်။

၁၉၇၂။ ။ယောသာသနာပြုကိစ္စများ အပြီးသတ်ရန် ကြိုးစားပြီး ပညာနှစ်(၅၀)ပြည့် ပူဇော်ပွဲ၊ စမ်းသပ်ပွဲများ ခက်ခဲစွာ တွေ့ကြုံရသည်။ သက်ဆိုင်ရာမှ အထူး စောင့်ရှောက်မှုကိုလည်း ရရှိခဲ့ပါသည်။

၁၉၇၃။ ။(၁၇–၂–၇၃) ၁၃၃၄–ခု၊ တပို့တွဲလပြည့် စနေနေ့ ရန်ကုန်ကျားကူး ဓမ္မာရုံတွင် **မနောမယိဒ္ဓိပညာ နှစ်၅၀–ပြည့်ပွဲကို** အခက်အခဲ အမျိုးမျိုးနှင့် တွေ့ကြုံရပြီး တစ်ပြည်လုံး အတိုင်းအတာနှင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ အစီအစဉ်အတိုင်း တစ်ပြည်လုံးမှလာသော ပညာရှင်များ ပထမဂိုဏ်းချုပ်ကြီး လက်ထက်ကရှိသော ဆရာများနှင့်အတူ အောင်မြင်စွာ ဆွေးနွေးပွဲပါ ပြီးမြောက်ခဲ့ပါသည်၊ (တတိယ အစီအစဉ်ကား ယနေ့တိုင် မပြည့်စုံသေးပါ။)

၎င်းနှစ် ဧပြီလတွင် အမရပူရ မဟာဂန္ဓာရုံ တောင်မြို့ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးအား အကြိမ်ကြိမ် လျှောက်ထားခဲ့သော ပဋ္ဌာန်းတရားတော်ကို ထပ်မံလျှောက်ထားခဲ့ရာ ၁၃၃၄-ခု၊ တန်ခူးလဆန်း၈-ရက်(၉-၄-၇၃) နေ့မှစ၍ (၂၅-၄-၇၃) တိုင်အောင် ၁၇-ရက်တိတိ ပဋ္ဌာန်းတရားတော် ဟောကြားတော်မူခဲ့ပါသည်။ အားလုံး အသံဖမ်းထားခဲ့ရာ ဘဝတစ်သက်တာ အတွက် အလွန်ကြီးကျယ်သော ကျေးဇူးတစ်ခုဖြစ်ခဲ့ပါသည်။

၁၃၃၅-ခု၊ ကဆုန်လပြည့် (၁၆-၅-၇၃) သာသနာ ၂၅၁၇-ခု၊ ဗုဒ္ဓဟူးနေ့ တွင်လည်း ပုဂံမြို့ ရွှေစည်းခုံဘုရားတွင် ပညာသက်နှစ်(၅၀) အထိမ်းအမှတ်ဖြင့် ထပ်မံပူဇော်ကြရာ အထူးအောင်မြင်ကြပါသည်။ သာသနာတော်အတွက် ကြိုးစားဆောင်ရွက်ရန် အထူးအားတက်ဖွယ်များ ကြုံခဲ့ရပါသည်။

၁၉၇၃။ ။၁၃၃၅-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃-ရက်နေ့တွင် အမရပူရ မဟာဂန္ဓာရုံမှ သရိုင်ရွာသို့ မြောင်းမြသာသနာပိုင် ဆရာတော်နှင့် မဟာဂန္ဓာရုံဆရာတော် သံဃာတော်များပါကြွ၍ အတူလိုက်သွားကြသည်။ ၎င်းသရိုင်ရွာတွင် ဘုရားနှင့် ရဟန္တာသိမ်ကို ပြုပြင်ရန် ဆရာတော်နှင့် တိုင်ပင် လျှောက်ထားခဲ့သည်။

၎င်းနှစ်ဒီဇင်ဘာလတွင် သရိုင်ရှိ ရဟန္တာသိမ်နှင့် ဘုရားကိုပြုပြင်ရန် ကျုံမငေးအိမ်ကိုရောင်းချပါသည်။ ၁၀၇-စိန်ဂျွန်းလမ်းနေအိမ်တွင် ရေစက်ချလှူဒါန်း ပါသည်။

၁၉၇၄။ ။(၅-၄-၇၄) ၁၃၁၅ခု၊ နှောင်းတန်ခူးလဆန်း ၁၄-ရက်၊ သောကြာနေ့ နံနက် မိုးမလင်းမီ ဘီးလင်းကုသိနာရုံ ဘုရားသို့ ဘုရားဖူးသွားကြသည်။ လက်ရှိဂိုဏ်းချုပ် နှင့် လူပေါင်း၃၀-ကျော် ပါကြသည်။ ဇုတ်သုတ်၊ ထီးဆောင်းဘုရား၊ ကေလာသသို့လည်း အချို့ရောက်ကြသေးသည်။

၎င်းနှစ် ၁၃၃၆-ခု၊ တန်ဆောင်မုန်းလပြည့် ကြာသပတေးနေ့ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်တွင် အရဏ် မုန့်ဟင်းခါးဆွမ်း သံဃာကုန် (သံဃာလေးရာကျော်) အားကပ်လှူပြီး သရိုင်ရွာရှိ ရဟန္တာသိမ်နှင့် ဘုရားပြုပြင်မှု ပြီးမြောက်၍ ဆရာတော်ကိုယ်တိုင် ရေစက်ချပေးသည်။ သင်္ကန်းနှင့် ဆေးများလည်း လှူသည်။ မလုတို့ပါကြသည်။ လပြည့်ကျော် ၁-ရက် (နောက်တစ်နေ့) ဆရာတော်နှင့် သံဃာတော် ၁၅၀-ပါး သရိုင်ရွာသို့ကြွပြီး ၅-ရက်နေသည်။ ဟန်လင်းကြီးသို့လည်း ရောက်ခဲ့သည်။ ထိုအလှူအတွက် ဦးညီညီ-ဒေါ်လုမေ(မိုးကုတ်)၊ ဦးကိုကိုလေး (ဆင်ပျံ ဖဲထီး)၊ မိုလ်မှူးအောင်သိမ်း၊ တောင်မြို့ဆရာတော်တို့ကိုယ်တိုင် လက်ရှိ မနောမယိဒ္ဓိဂိုဏ်းချုပ်နှင့် အလှူပါဝင်ပြီးမြောက်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာထိန်ဝင်းထံမှ ပေးလိုက်သောစာ ယနေ့ရပါသည်။ သာသနာရေး အလုပ်သည် စေတနာရှိးသားသူအတွက် အလွန်ရင့်ကျက်သော ပါရမီ ဖြစ်ပါသည်။ ထိုအလုပ်သည် ရည်ရွယ်ချက် အပြည့်အစုံ အထမမြောက်စေကာမူ အထမြောက်ပြီးသလောက်နှင့်ပင် စိတ်ကို ချမ်းသာစေ အားတက်စေပါသည်။" ဆိုသောဆရာတော်ထံမှ ဩဝါဒစာ ရခဲ့ပါသည်။

အထက်ပါဆိုးမစာသည်ပင် ကျွန်တော်၏ ဘဝကို ပြောင်းလဲစေပါသည်။ ၎င်းအဆုံးအမသည် ယနေ့တိုင်ကျင့်သုံးလျက် သေချိန်ထိ စွဲမြဲသွားပါမည်။ (တစ်ဘဝသာသနာ စာမျက်နှာ ၄၆၀-တွင် ဤစာကို ဖော်ပြထားပါသည်။)

ထို့ကြောင့် ၁၉၅၀-ခု၊ ဖေဖော်ဝါရီလ ၂၅-ရက်က စစ်ကိုင်းသို့အသွား ၄က်သမ္မာန်ထဲတွင် ဝေဖန်ရန် ဖိတ်ကြားသော စကားသည်လည်း ဆရာတော်နှင့် သာသနာကို ကျေးဇူးဆပ်ရန် ခိုင်မာသော အချက်တစ်ခု ဖြစ်ခဲ့ပါသည်။

၁၉၇၅။ ။(၂၆-၃-၇၅) ၁၃၃၆-ခု၊ တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့က ကချင်ပြည်နယ် ဟိုပင်မြို့မှ အင်းတော်ကြီးဘုရားသို့ ဦးလှစိန်၏ စောင့်ရှောက်မှုဖြင့် မနောမယိဒ္ဓိဂိုဏ်းချုပ် အပါအဝင် မိတ်ဆွေများနှင့် သွားရောက်ဖူးမြော်ကြသည်။ ၎င်းမှ မြစ်ကြီးနား မေခနှင့် မေလိခမြစ်ဆုံ ဧရာဝတီမြစ် အစသို့ ရောက်သွားကာ ပဋ္ဌာန်း ဓမ္မစကြာ အနတ္တလက္ခဏာသုတ် ပရိတ်များ ရွတ်ဖတ်ပူဇော်ကြသည်။

ထိုနှစ်တွင် ကျွန်တော့်အား မနောမယိဒ္ဓိပညာပေးသော ဆရာနှင့် အလွန်ရင်းနှီးသော ဆရာများ ကွယ်လွန်ကြသောနှစ်ဖြစ်ပါသည်။

၁၉၇၆-၇၇။ ။ ၁၉၇၆-ခု၊ ဧပြီလတွင် မနောမယိဒ္ဓိကြေးမုံ စာအုပ်ကို ဒုတိယအကြိမ် ထပ်မံရိုက်နှိပ်ခဲ့ပါသည်။ တိတ်ခွေများဖြင့် တောင်မြို့ မဟာဂန္ဓာရုံဆရာတော်၏ ပရိတ်, ဓမ္မစကြာ, အနတ္တလက္ခဏာသုတ်, ပဋ္ဌာန်းတရားတော် ဩဝါဒများကို မိမိ လက်လှမ်းမီသမျှ အထူးဖြန့်လျက် သာသနာပြုလုပ်ငန်းများကို ကြိုးစားနေခဲ့ပါသည်။

၁၉၇၇-ခု၊ နိဝင်ဘာလတွင် ဆရာတော်ထံရောက်ခဲ့ရာ ညဥ့်တစ်နာရီအထိ ကျောင်းကလေးပေါ်တွင် သာသနာရေးကိစ္စများကို ဗုဒ္ဓအလိုတော်ကျ မည်ကဲ့သို့ ဆောင်ရွက်သင့်ပုံများကို ဆွေးနွေးခဲ့ပါသည်။ အနှစ် ၃၂-တိတိ ဆရာတော်နှင့် ရင်းနှီးစွာ ဆွေးနွေးလျှောက်ထားခဲ့ရာ သာသနာရေးမှတစ်ပါး အခြား အကျိုးမရှိသော လူမှုရေးကိစ္စများကို တစ်ခါဖူးမျှ မပြောဘူးသည်မှာ ထူးခြားချက်ပင်ဖြစ်ပါသည်။ ဆရာတော်ကိုယ်တိုင် မိမိအား နောင် မကြာခဏ လာရန် မှာကြားခဲ့ပါသည်။ "ဒကာထိန်ဝင်း သာသနာတော်ကို ဆက်လုပ် ဦးမှာလား၊"အသက်မသေမခြင်း လုပ်မှာပါဘုရားဟုလျှောက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



"သာသနာရေး လုပ်လျှင် လာဘသက္ကာရကို နိုင်အောင်ထိန်း"ဟု ဆုံးမသွားသည်။ သို့သော် တစ်လမျှအကြာ ၁၉၇၇-ခု၊ဒီဇင်ဘာလ ၂၇ရက်တွင် ဆရာတော် ပျံလွန်တော် မူခဲ့ပါသည်။

သိလျှင်သိချင်း ကျွန်တော်တို့အိမ်သား မောင်နှမတစ်စုအားလုံး လိုက်လာကြရာ ဝမ်းနည်းသော်လည်း သာသနာတော်အတွက် ဆရာတော်၏ အဆုံးအမများမှာ လုံလောက်အောင်ရရှိသဖြင့် ယခုဘဝအတွက် သာသနာတော် တာဝန်ကို ထမ်းရွက်ရန် ဆရာတော်အလိုကျ အစွမ်းရှိသမျှ ဆောင်ရွက်မည်ဟု အဓိဋ္ဌာန်ပြုခဲ့ပါသည်။

မြောင်းမြ ပဏ္ဍောတာရုံဆရာတော်၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်၊ အရှင်အာဒိစ္စဝံသဆရာတော်(လူထွက်) ဆရာကြီး ဦးအောင်မြတ်ထွဋ်တို့သည် သာသနာတော်ကို ပြုစုရန်အတွက် နည်းညွှန်လမ်းပြရာတွင် အကြီးဆုံး ကျေးဇူးရှင်များအဖြစ် အသိဉာဏ်တွင် ပေါ်ပေါက်လာခဲ့ပါသည်။ ကျွန်တော်၏ သာသနာ့ကျေးဇူးရှင်ကြီးများ ဖြစ်ကြပါသည်။

၁၉၇၈။ ။(၂၈-၂-၇၈) ၁၃၃၉-ခု၊ တပို့တွဲလဆန်း ၁၄-ရက်၊ ၁၅-ရက် (သာသနာ ၂၅၂၁) ပုဂံမြို့ အာနန္ဒာဘုရားကြီး ဇရပ်များအတွင်း သာသနာ့ကျေးဇူးရှင်များ ပူဇော်ပွဲကို မနောမယိဒ္ဓိပညာကို အမှီပြု၍ ကျင်းပခဲ့ပါသည်။ အနယ်နယ်အရပ်ရပ် မြန်မာတစ်ပြည်လုံး သက်ဆိုင်ရာပုဂ္ဂိုလ်များ ရောက်လာကြပါသည်။ "ထေရဝါဒ သာသနာနှင့် မနောမယိဒ္ဓိပညာ"ကို ဂိုဏ်းချုပ်ရှေ့မှောက်တွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြရာ ထူးထူးခြားခြား ရှင်းပြခဲ့ပါသည်။ သို့သော် သာသနာတော်အတွက် မျိုးစေ့ကျရုံမှတစ်ပါး မျှော်လင့်သလောက် မအောင်မြင်ခဲ့ပါ။ သို့သော် မိမိအဖို့ကား ပုဂံပြည် (သို့မဟုတ်) ရှေးခေတ်ပုဂံနှင့် သာသနာထူထောင်သွားကြသည့် ရှေးခေတ် ပုဂံပြည်သားများ၏ ကျေးဇူးဂုဏ်ကို နှစ်နှစ်ကာကာ သိခွင့်ရလာခဲ့သည်။

၎င်းမနောမယိဒ္ဓိပညာခွင်ကို အမှီပြု၍ သထုံမှစ၍ အလွန် ရောက်ရန် ခဲယဉ်းသော ဂိုဏ်းချုပ်ကြီး တရားအားထုတ်ခဲ့ဖူးသော ဓနုတောင်, ကုသိနာရုံ, ကျိုက်တဲ, ကေလာသ, ထီးဆောင်းအစရှိသော ဒေသများသို့ ရောက်ခဲ့ရာ သာသနာတော်အတွက် အကျိုးထူးများ သိခဲ့ရပါသည်။

၁၉၇၉။ ။(၁၂-၄-၇၉) ၁၃၄၀-ပြည့် နှောင်းတန်ခူးလပြည့်ကျော် ၁ရက်နေ့မှ စတင်၍ အမရပူရ မဟာဂန္ဓာရုံ နာယကဆရာတော်များ၏ ညွှန်ကြားမှုအရ တောင်မြို့ **ဆရာတော်ဘုရား၏ ကျမ်းစာများ** စတင်ရိုက်နှိပ် ဖြန့်ချိခဲ့ပါသည်။ တစ်ဘဝ သာသနာ စာမျက်နှာ ၆၂၃-နှင့် ဘာသာဋီကာကျမ်းစာများ အခြားကျမ်းစာ နိဒါန်းများကို ဖတ်ရှုကြည့်ပါက သာသနာတော်အတွက် မိမိစွမ်းသမျှ

www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ခဲ့သော သာသနာ့တာဝန်ကို ကျေနပ်လောက်အောင် ပြီးမြောက်ခဲ့ပါသည်။ သို့သော် မိမိသိသလောက် ဆောင်ရွက်ရန် တာဝန်များက ကျန်ရှိနေပါသေးသည်။ အကြောင်းညီညွတ်ပါက ဆက်လက် ကြိုးစားရပါဦးမည်ဟု ဉာဏ်တွင်သိထားပါသည်။

၁၉၈၀။ ။(ဇွန်လ) ၁၃၄၂–ခု၊ နယုန်လပြည့်နေ့တွင် နိုင်ငံတော်သာသနာရေး ဦးစီးအဖွဲ့မှ နိုင်ငံတော် သံဃာ့ကိုယ်စားလှယ်များအား ကမ္ဘာအေးကုန်းမြေတွင် ဆွမ်းကြီးလောင်းပူဇော်ပွဲ ပထမအကြိမ် စတင်ကျင်းပခဲ့သည်။ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်၏ အနာဂတ်သာသနာကျမ်းစာကို သံဃာ့ကိုယ်စားလှယ်ပေါင်း တစ်ထောင့်လေးရာကျော်အား တစ်ပါးလျှင်တစ်အုပ်ကျ အများစုပေါင်း လှူဒါန်းနိုင်ခဲ့ပါသည်။ ထိုအချိန်တွင်ပင် **နိုင်ငံဂုဏ်ရည်ဘွဲ့**ကို ရရှိခဲ့ပါသည်။

၁၉၈၁–၈၂။ ။(၂၆–၉–၈၂) ၁၃၄၄–ခု၊ သာသနာ ၂၅၂၆–ခု၊ တော်သလင်းလဆန်း ၉–ရက် (မိမိအသက် ၇၀ပြည့်) တနင်္ဂနွေနေ့ နံနက် ၈–နာရီတွင် မိမိနေထိုင်ရာ ၁၀၇–စိန်ဂွမ်းလမ်း နေအိမ်၌ "**သာသနာ့ကျေးဇူးရှင်များ ပူဇော်ပွဲ**"ကို ကျင်းပခဲ့ပါသည်။ ထိုပူဇော်ပွဲတွင် သာသနာ့ဝန်ဆောင် ကျောင်းတိုက်ဆရာတော် အရှင်ကုမာရ(ပန်းကုံး) ရေးသားချီးမြှင့်သော ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း ကျမ်းစာတစ်အုပ်စီ လှူဒါန်းခဲ့ပါသည်။ ထိုနှစ်တွင် မဟာဂန္ဓာရုံဆရာတော် ဟောကြားသော အခြေပြုပဋ္ဌာန်း တရားတော် ကိုလည်း ဆရာဦးလှမောင် ဦးကြည်တွဲတို့ အကူအညီဖြင့် စာအုပ် ဖြစ်မြောက် ခဲ့ပါသည်။ ကျောင်းတိုက်အတွင်း စာပုံနှိပ်စက် ရိုက်နှိပ်နိုင်ရန် ရိုက်ပြီး ကျမ်းစာများကို အလွယ်ရနိုင်ရန် အခက်အခဲများကို ပြီးမြောက်အောင် ကူညီဆောင်ရွက်ခဲ့ရပါသည်။

၁၉၈၃။ ။**တစ်ဘဝသာသနာအမည်ဖြင့်** တောင်မြို့ မဟာဂန္ဓာရုံဆရာတော်၏ သာသနာပြုပုံ အပြည့်အစုံပါဝင်သော ကျမ်းစာအုပ်ကြီးကို စိတ်တိုင်းကျ ပြီးမြောက်အောင် ကြိုးစားအားထုတ် **အောင်မြင်ခဲ့ပါသည်**။ ဤအောင်မြင်မှုသည် သာမန်အောင်မြင်မှု မဟုတ်၊ သာသနာတော်ဘုန်းကံ၊ ဆရာတော်၏ကျေးဇူးဂုဏ်နှင့် မိမိတို့ မဆုတ်မနစ် ကြိုးစားမှုကြောင့်သာဟု ယုံကြည်ပါသည်။

၁၉၈၄။ ။(၁၄–၁၀–၈၄) ၁၃၄၆–ခု၊ (သာသနာ၂၅၂၈) သီတင်းကျွတ်လဆုတ် ၅–ရက်တွင် သာသနာပြုဘက်များ စုံညီစွာဖြင့် **အမရပူရ** မဟာဂန္ဓာရုံတွင် အလှူရှင်များ အစုံအညီ သံဃာတော်အရှင်မြတ်များအား **တစ်ဘဝသာသနာ ကျမ်းစာအုပ်များ လှူဒါန်းနိုင်ခဲ့ပါသည်**။

ငွေနှစ် ဒီဇင်ဘာလ ၁–ရက်၊ ၁၃၄၅–ခု၊ နတ်တော်လဆန်း ၅–ရက်၊ စနေနေ့ ပဲခူးကလျာဏီသိမ်တွင် သစ္စာဆို မေတ္တာပို့ ကုသိုလ် ပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၅။ ။ဇန်နဝါရီလ ၁၁–ရက်၊ ၁၃၄၆–ခု၊ ပြာသိုလပြည့်ကျော် ၆–ရက်၊ သာသနာ ၂၅၂၈–ခုတွင် ကမ္ဘာအေးကုန်းမြေ **သံဃာ့ကိုယ်စားလှယ်များ** စုံညီအစည်း အဝေးကြီးတွင် တစ်ပါးလျှင် တစ်အုပ် **တစ်ဘဝသာသနာ** ကျမ်းစာကြီးကို လှူဒါန်းရပါသည်။

၁၃၄၆–ခု၊ တပေါင်းလပြည့် (၅–၃–၈၅) အင်္ဂါနေ့နံနက် ၇နာရီမှ ၈– နာရီ မထိုးမီအတွင်း သာသနာတော်နှင့် သတ္တဝါများအတွက် အထူး ဆုတောင်းသည်။ ၎င်းနှစ် (၂၀–၇–၈၅)နေ့တွင် ပုဂံအာနန္ဒာနှင့်တကွ နေရာအနှံ့ သာသနာ့ကျေးဇူးရှင်များ ပူဇော်ပွဲကို ပြုလုပ်ခဲ့ရာ အသိတရားများ ရရှိခဲ့ပါသည်။ ၎င်း ၁၉၈၅–ခု၊ ဇူလိုင်လ၂၃–ရက်တွင် ရှင်အရဟံစေတီတော်ကို စတင်တွေ့ရှိခဲ့ပါသည်။ အထူးသဖြင့် ပုဂံပြည်သားများ၏ (မြန်မာပြည်သား များ၏) ကျေးဇူးရှင် ရှင်အရဟံ ပရိနိဗ္ဗာန်ပြု၍ ဓာတ်တော်များ ဌာပနာထားသော စေတီတော်ကို ဖူးမြော်ခွင့်ရသဖြင့် ကျွန်တော်တို့အတွက် အသိထူးများ ရရှိခဲ့ ပါသည်။ ပုဂံဘုရားဖူးနှင့် လေ့လာရန်သွားသူများသည် ရှင်အရဟံ၏ ဓာတ်တော်စေတီကို အလွန်သိသူ နည်းကြပါသည်။

၎င်း ၁၉၈၅–ခုနှစ်၊ စက်တင်ဘာလ၂၃–ရက်၊ ၁၃၄၇–ခု၊ တော်သလင်း လဆန်း ၉–ရက် တနင်္လာနေ့တွင် **သာသနာ့ဝန်ဆောင်ကျောင်းတိုက်** တည်ထောင်ရန် မြေစတင်ဝယ်သည်။

၎င်းနှစ် နိုဝင်ဘာလ ၃–ရက်၊ ၁၃၄၇–ခု၊ သီတင်းလပြည့်ကျော် ၅–ရက် စနေနေ့တွင် ရန်ကုန်မြို့ ပါရမီလမ်း ဝိဇ္ဇောတာရုံကျောင်းတိုက်၌ ပရိက္ခရာအစုံ ၅၀–လှူ၍ အဂ္ဂိက္ခန္ဓောပမသုတ်ကို သံဃာတော်များရွတ်ဆိုပူဇော်ပြီး သုတ်တော်၏အဓိပ္ပာယ်ကို တိပိဋကဦးသုမင်္ဂလာလင်္ကာရ ဆရာတော်က ဟောကြားတော်မူသည်။ အားလုံး အလှူရှင်များ စုပေါင်းလှူဒါန်းရသည်။

(၂၃–၁၁–၈၅) စနေနေ့တွင် သာသနာ့ဝန်ဆောင် ကျောင်းတိုက် တည်ထောင်မည့် မြေပေါ်တွင် **စက်ရေတွင်းတူးရာ** အောင်မြင်သည်။

(၂၇–၁၁–၈၅) ၁၃၄၇–ခု၊ တန်ဆောင်မုန်းလပြည့် ဗုဒ္ဓဟူးနေ့ (သာသနာ ၂၅၂၈) နံနက် ၆–နာရီ ၁၅–မိနစ်တွင် သာသနာ့ဝန်ဆောင် ကျောင်းတိုက် မြေပေါ်တွင် သာသနာ့အလံ တင်သည်။

သာသနာပြုဘက်များ အတူတကွ မြေသလင်းတွင် ညဥ့်အိပ်ပြီး ဗြဟ္မဇာလသုတ်, သာမညဖလသုတ်, မဟာသမယသုတ်, မဟာအာဋာနာဋိယ သုတ်, ပရိတ်တော်များ အစုံပူဇော်ပြီး မေတ္တာပို့ ဆွမ်းတော်ကပ် သစ္စာဆိုကြသည်။

၁၉၈၆။ ။ (၂၇–၄–၈၆) ၁၃၄၈ခု၊ တန်ခူးလပြည့်ကျော် ၃–ရက်၊ ဦးကြည်တွဲ– ဒေါ်အေးအေးတို့ နေအိမ်တွင် ဆရာတော်သံဃာတော်များနှင့် ဂေါပကများ သာသနာ့ဝန်ဆောင်ကျောင်းအတွက် လက်မှတ်ရေးထိုးကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မေလ ၂၃-ရက်၊ ၁၃၄၈-ခု၊ သာသနာ ၂၅၂၉-ခု၊ ကဆုန်လပြည့်သောကြာနေ့တွင် သာသနာ့ဝန်ဆောင်ကျောင်းမြေပေါ်တွင် နံနက်နေထွက် ၅-နာရီ မိနစ် ၅၀-တွင် ဗောဓိပင် ၆-ပင် စတင်စိုက်ပျိုးသည်။ သံဃာတော်များနှင့် လူပရိသတ်များ အတူစိုက်ပျိုးကြသည်။ **သာသနာ့ဝန်ဆောင် ကျောင်းတိုက်ကို လည်း စတင်ဖွင့်လှစ်သည်။**

ကြွလာကြသော ပဲခူးမြို့မဆရာတော်ဘုရားကြီး, ရွှေတောင်ဆရာတော်, သပြေကန်ဆရာတော်, မဏ္ဍိုင်ဆရာတော်, ဝိဇ္ဇောတာရုံဆရာတော်, ကမ္ဘာအေး မဟာဂန္ဓာရုံဆရာတော် အစရှိသော သံဃာတော်များ သာသနာ့ဝန်ဆောင်ကျောင်းတွင် သိတင်းသုံးမည့် ပဇ္ဇောတာရုံတိုက်သစ် အရှင်ကုမာရနှင့် သံဃာတော်များပါ ရေစက်ချ ဩဝါဒခံယူပြီး ဆွမ်းကပ်လျက် ဆရာတော်ဘုရားကြီးများ၏ သာသနာဩဝါဒကို ခံယူကြသည်။

မေလ ၃၁-ရက်၊(သာသနာ၂၅၂၉-ခု) ၁၃၄၈-ခု၊ ကဆုန်လပြည့်ကျော် ၈-ရက်၊ စနေနေ့ညဦး ၈-နာရီမှ မိနစ်-၅၀ အတွင်း သိမ် သမုတ်ပြီးသည်။ ၁၃၄၈-ခု၊ ဝါဆိုလပြည့်တွင် သာသနာ့ဝန်ဆောင်ကျောင်းတိုက်အတွင်း သံဃာ ၂၆-ပါး သိတင်းသုံးလျက် **သင်္ကန်းဒွိစုံ ကပ်လှူကြသည်၊** ဆွမ်းကပ်ကြရသည်။

၁၉၈၇ ။ ။ စက်တင်ဘာလ ၁၂-ရက်၊ (သာသနာ-၂၅၃၀) ၁၃၄၉-ခု၊ တော်သလင်းလပြည့်ကျော် ၅-ရက်၊ စနေနေ့ နေ့ ၁-နာရီ၊ ရန်ကုန်မြို့ ပါရမီလမ်း ဝိဇ္ဇောတာရုံကျောင်းတိုက်တွင် အမရပူရ မဟာဂန္ဓာရုံ ဆရာတော်၏ **ပါရာဇိကဏ် ဘာသာဋီကာတစ်စုံ ၄-အုပ်စီ လှူဒါန်းပူဇော်ရာ** မဟာစည်ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ ဆရာတော်က သာသနာအရှည်တည်တံ့ရေး ဩဝါဒ ဖြင့်ချီးမြှင့်၍ သာသနာ့ဝန်ဆောင်ဆရာတော်က သုဂတဝိနယသုတ်ကို အခြေခံထား၍ သာသနာတော်ပြုပြင်ရေး တရားကို ဟောကြားချီးမြှင့်တော်မူသည်။

ကျမ်းစာလှူဒါန်းကြသော အလှူရှင်များကိုယ်စား မိမိကိုယ်တိုင် သာသနာတော်ရေး လျှောက်ထား၍ ရေစက်ချ ဆုတောင်းပြီး အမျှဝေသည်။ ကြွလာကြသော သံဃာတော်များနှင့် သာသနာရေးဆွေးနွေးပွဲလည်း လုပ်သည်။၁၉၄၉ ခု၊ သီတင်းကျွတ်လဆုတ် ၈-ရက်နေ့တွင် အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက်သို့ သွားရောက်၍ ပါရာဇိကဏ် ဘာသာဋီကာများ လှူဒါန်း ပူဇော်ရသည်။

၎င်းမှအပြန် မကျန်းမာဖြစ်နေစဉ်အတွင်း မနောမယိဒ္ဓိပညာခွင်အတွက် အလွန်ခက်ခဲသော ကိစ္စတစ်ခုကို တာဝန်အလျောက် ကြိုးစားအားထုတ် ကူညီခဲ့ရာ (၁၄-၁-၈၈) နေ့တွင် အောင်မြင်သွားသည်။

၁၉၈၈ ။ ။ မေလ ၂၅-ရက်၊ ၁၃၄၉-ခု၊ (သာသနာ ၂၅၃၁)၊ နယုန်လဆန်း ၁၀-ရက်၊ ညနေ ၄-နာရီတွင် မင်္ဂလာဗျူဟာ အသင်းတိုက်၌ **သာမဏေကျော် စာတော်ပြန်ပွဲ** အတွက် ဩဝါဒ ခံယူပွဲကျင်းပရာ မဟာနာယက သံဃာ့ဝန်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ပဲခူးမြို့မဆရာတော်ဘုရားကြီးနှင့် မြင်းခြံကိုးဆောင်တိုက် ဆရာတော်ဘုရားကြီး, သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ, ကျောင်းတော်ရာသုံးထပ်ဆရာတော်, အုတ်တွင်းကံလေးတောရ ဆရာတော်, ပဲခူးမဏ္ဍိုင်ဆရာတော်, ဗဟန်းသီရိမင်္ဂလာ ဆရာတော်, ကျိုက်သီမွန်ဆရာတော်, ဗဟန်းညောင်တုန်းဆရာတော်, သာသနာ့ဝန်ဆောင်ဆရာတော်, ဝိဇ္ဇောတာရုံ ဆရာတော်, ကမ္ဘာအေးမဟာဂန္ဓာရုံဆရာတော်, ပရိယတ္တိတက္ကသိုလ် ဦးတိလောက ( အဘိဓမ္မာ ), ဦးပဏ္ဍိတာဘိဝံသလက်ာရ ( သုတ္တန္တ ), အရှင်အာဘာယာလင်္ကာရ (ဝိနယ), မင်္ဂလာ လေးမှန်ကင်းဆရာတော်, မေမြို့ ဆရာတော်, မကွေးသံဃာရာမဆရာတော်များ ကြွရောက် ချီးမြှင့်ကြသည်။

သာမဏေကျော် စာတော်ပြန်ပွဲအတွက် မြိတ်မြို့မှ မ, တည်ငွေ တစ်သိန်း လှူဒါန်း၍ ရန်ကုန်မှ ငါးသောင်း စတင်လှူဒါန်းသည်။ ဩဝါဒ ခံယူပွဲမှာ အောင်မြင်စွာ ပြီးစီးသွားပါသည်။

၁၉၈၈။ ။ ဒီဇင်ဘာလ ၉–ရက်၊ ၁၃၄၉–ခု၊ နတ်တော်လဆန်း ၁–ရက်၊ စာဆိုတော်နေ့တွင် မင်္ဂလာဗျူဟာ သာမဏေကျော် စာတော်ပြန်ပွဲရက်ကို ဆုံးဖြတ်ထားသည့် အတွက် စာဆိုတော်နေ့တွင် ကမ္ဘာအေး မဟာဂန္ဓာရုံ ကျောင်းတိုက်၌ စာတော်ပြန်ပွဲ စတင်ကျင်းပပြီး သာမဏေ ၆၂–ပါး ဖြေဆိုရာ ၇–ရက်မျှ အချိန်အတွင်း ဆွမ်းအားလုံးတာဝန်ယူပြီး ချောမောစွာ ဖြေပြီးကြပါသည်။ ၁၃–ပါး အောင်မြင်တော်မူကြပါသည်။

၁၉၈၉။ ။ ဖေဖေါ်ဝါရီလ ၁၂–ရက်၊ ၁၃၅၀–ခု၊ တပို့တွဲလဆန်း ၇–ရက်၊ တနင်္ဂနွေနေ့ ပြည်ထောင်စုနေ့တွင် သာမဏေကျော်ပထမအဆင့် **စာအောင်သာမဏေကျော်**များကို **ပူဇော်ပွဲ**ကျင်းပရာခဲ့ရာ အလှူရှင်များနှင့် အားလုံးဝမ်းမြောက်စွာ ပြီးမြောက်ခဲ့ပါသည်။ မြင်းခြံကိုးဆောင်တိုက် ဆရာတော်ဘုရားကြီးက ဩဝါဒ ပေးတော်မူခဲ့ပါသည်။

ဒုတိယအကြိမ်မြောက် စာတော်ပြန်ပွဲကိုလည်း ဒီဇင်ဘာလအတွင်း ပြီးစီး၍ ၁၉၉၀–ပြည့်၊ ဖေဖော်ဝါရီလ ၁၂–ရက်၊ ပြည်ထောင်စုနေ့တွင် စာအောင်ဆုများ ချီးမြှင့်ခဲ့ပါသည်။

၁၉၉၀။ ။ ၁၉၉၀–ပြည့်၊ ဖေဖေါ်ဝါရီလ ၉–ရက်၊ ၁၃၅၁–ခု၊ တပို့တွဲလပြည့်နေ့ မနောမယိဒ္ဓိပညာ စတင်တည်ထောင်သူ ဂိုဏ်းချုပ်ကြီး၏ အသက်နှစ်(၁၀၀) တစ်ရာပြည့်သောနှစ်ဖြစ်၍ ပုဂံတွင် **မနောမယိဒ္ဓိ ဓမ္မာရုံ**တစ်ခုဖြစ်မြောက်အောင် စတင်တည်ဆောက်ခဲ့ပါသည်။

ၿငင်းနှစ်မှာပင် တုရွှင်းတောင်ခြေ– တောင်ပစ္စာတွင် တည်ရှိသော မြန်မာပြည်သားတို့၏ အနိုင်းမဲ့ ကျေးဇူးရှင်, ရဟန္တာရှင်အရဟံမထေရ်မြတ်၏

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်-မိုးပူဇော်၍ တတ်တော်များကို အလောင်းစည်သူမင်းကြီး ဌာပနာပြီး တည်ထားတော်မူသော လိုင် စေတီတော်မြတ်အား ၁၉၉၂-ခု ဇန်နဝါရီလထဲတွင် ရွှေထီးကိုးဆူ ပူဇော်၍ ရှင်အရဟံ ရုပ်တုတော် ပူဇော်ပြီး ဝတ္တကမြေများကို တိုးချဲ့၍ တံတိုင်းနှင့် ဓမ္မာရုံများ ပြုပြင်ပူဇော်ကြပါသည်။ ပုဂံ-ညောင်ဦး-တောင်ပ-ရန်ကုန်-မန္တလေး မှစ၍ လူအများ စုပေါင်းပြီး ကတညုတ ကတဝေဒီမင်္ဂလာကို ဦးထိပ်ထား၍ ပူဇော်ကြပါသည်။ ၁၉၉၃-ခုတွင် နှစ်ကြိမ်တိုင် တစ်ပြည်လုံး စုပေါင်းပူဇော်ပြီးကြပါပြီ။

သာသနာ့ဝန်ဆောင်ကျောင်းတိုက် တွင်းတွင်လည်း ယခုအချိန်တွင် ဆရာတော်သီတင်းသုံးသောကျောင်း, ဆရာတော်သံဃာတော်များ သီတင်းသုံးရန်ကျောင်း, ဆွမ်းချက်ဆွမ်းစားကျောင်း-အမာခံကျောင်းသုံးဆောင် နှင့် ဓနိမိုးတဲကျောင်းတစ်ဆောင် ဆောက်လုပ်ပြီးစီးခဲ့၍၊ ၁၉၈၉-ခု၊ မေလ၉-ရက်နေ့က **လျှပ်စစ်မီးစတင်လင်းလက်** မီးဆက်ပြီးခဲ့ပါသည်။ လေးလက်မ **အဝီစိတွင်းနှင့် ရေကန်များလည်း** ယခု ပြီးစီးခဲ့ပါသည်။

ပရိယတ္တိအနေဖြင့်လည်း အစိုးရစာမေးပွဲ သာမဏေကျော်စာမေးပွဲများကို ဖြေဆိုအောင်မြင်ကြပါသည်။ ရည်ရွယ်မှန်းထားသည့် အတိုင်းအတာသို့ ရောက်အောင်ကား အချိန်များစွာယူ၍ ကြိုးစားရပါဦးမည်။

## ရဟန်းပြုခြင်း

**၁၉၃၅**။ ။ (သာသနာ ၂၄၇၉-ခု) မြန်မာ ၁၂၉၇-ခု၊ သီတင်းကျွတ်လ မြောင်းမြမြို့နယ် ပြင်ရွာတွင် ဆရာတော်ဦးမုနိကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်။ (ပထမအကြိမ်)

**၁၉၄၂**။ ။ (သာသနာ ၂၄၈၆-ခု) မြန်မာ ၁၃၀၄-ခု၊ တန်ခူးလဆန်း၁၀-ရက် ကျုံမငေးမြို့၊ ဥဒကုက္ခေပသိမ်တွင် မြောင်းမြ ပဋ္ဌာနတာရုံ ဆရာတော်ဘုရားကြီး (ရွှေကျင်သာသနာပိုင်)ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်သည်။ (ဒုတိယအကြိမ်)၊ ဂျပန်စစ်တွင်းခေတ်။

**၁၉၆၈**။ ။ (သာသနာ ၂၅၁၂-ခု) မြန်မာ ၁၃၃၀-ခု၊ ဝသန္တဥတု ဝါခေါင် လပြည့်ကျော် ၈-ရက်၊ သောကြာနေ့နံနက် ၈-နာရီ ၅၅-မိနစ် အချိန်တွင် အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသအား ဥပဇ္ဈာယ်ပြု၍ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက် မူလခဏ္ဍသိမ်၌ ရဟန်းအဖြစ် ရောက်သည်။ (တတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



## ပဓာနကျေးဇူးရှင်များ

ဤသာသနာပြု ပါရမီကုသိုလ်များကို ယနေ့အထိ အမှားအယွင်းမရှိအောင် စွမ်းဆောင်အားထုတ်နိုင်ခြင်းမှာ ဗုဒ္ဓသာသနာတော်ကို ဗုဒ္ဓအလိုတော်ကျ မိမိတို့စွမ်းအားရှိသမျှ သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ကြိုးစားအားထုတ် သွားတော်မူကြသော ညောင်တုန်း ရွှေဟင်္သာတောရ ပထမစံကျောင်းဆရာတော်၊ မြောင်းမြ ပဒ္ဓေါတာရုံ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် အမရပူရတောင်မြို့ မဟာဂန္ဓာရုံဆရာတော်၊ အရှင်အာဒိစ္စဝံသ(လူထွက်) ဆရာကြီး ဦးအောင်မြတ်ထွဋ် နှင့် ၎င်း၏ အသောကကျောက်စာ မြန်မာပြန်ကျမ်းတို့၏ အရင်းနှီးဆုံးနှင့် အနီးကပ် ကပ်၍ အကျိုးရှိဆုံး စောင့်ရှောက်မှုကို ရခြင်းကြောင့်သာ ဖြစ်ပါသည်။ ကျေးဇူးကြီးလှသော အဓိကပဓာန ကျေးဇူးရှင်များဖြစ်ကြပါသည်။

ဆရာကြီးဦးအောင်မြတ်ထွဋ်သည် ဗုဒ္ဓသာသနာ၌ သဒ္ဓါတရားခိုင်မာ၍ ပြင်းပြသလောက် သာသနာ့စိတ်ဓာတ်ခိုင်ခဲ့၍ အမြော်အမြင်ကြီးပြီး မိမိဆန္ဒ မပြည့်စုံမအောင်မြင် ဖြစ်ရသည်မှာ မိမိမာနနှင့် ဒေါသကြောင့်ဖြစ်ရသည်ကို ကျွန်တော့်အားပြောပြသဖြင့် ထိုသင်ခန်းစာသည်ပင် ကျွန်တော့်အား အလွန် ကြီးကျယ်သော အဆုံးအမ သင်ခန်းစာတစ်ရပ်ကို ရစေခဲ့ပါသည်။

## စိတ်ဓာတ်ပြောင်းလဲနိုင်မာမှု

သာသနာ့စိတ်ဓာတ်နှင့် သာသနာပြုနည်းများကို အများဆုံးအားကျ အတုယူ ခဲ့သော ကျေးဇူးရှင်ဆရာများမှာ ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ စာပေနှင့် အဆုံးအမများ ဝိသုဒ္ဓါရုံဆရာတော်, လယ်တီဆရာတော်ဘုရားကြီးများ၏ စာပေနှင့် အဆုံးအမများကို အထူးလေးစား ကျင့်သုံးခဲ့ပါသည်။

ညောင်တုန်း ရွှေဟင်္သာတောရ ဆရာတော်ဘုရားကြီး၏ စာပေနှင့် ကိုယ်တိုင် အဆုံးအမများမှာ ယနေ့တိုင် အများအကျိုးအတွက် လက်တွေ့ အသုံးချလျက် ရှိပါသည်။

မြောင်းမြ ဆရာတော်ဘုရားကြီးနှင့် မဟာဂန္ဓာရုံ ဆရာတော်တို့၏ စောင့်ရှောက်မှုကြောင့် ပခုက္ကူ မဟာဝိသုတာရာမ အလယ်တိုက်ကြီးမှ ဆရာတော်သုန်၊ ဆရာတော်ဦးနန္ဒဝံသ၊ တိုက်အုပ်ဆရာတော် ဦးနန္ဒိယတို့၏ အဆုံးအမ အစောင့်အရှောက်များကိုလည်း ရင်းနှီးစွာ ခံယူရပါသည်။ ပရိတ်ကြီး နိဿယသစ် ရေးသားတော်မူသော သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏ အဆုံးအမကိုမူ ယနေ့တိုင်ခံယူ၍ သာသနာရေး ကိစ္စများကို ဆောင်ရွက်နေနိုင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပြီးခဲ့သောကုသိုလ်ကောင်းမှုများအကျဉ်း

၁။ တောင်မြို့ မဟာဂန္ဓာရုံဆရာတော် သက်တော်ထင်ရှား ရှိစဉ်ကပင် သာသနာတော်နှင့် တိုင်းပြည်အတွက် ကျမ်းစာများ လက်ရေးမူပါမကျန် ရိုက်နှိပ်ဖြန့်ဝေနိုင်ခွင့် ရခဲ့ပါသည်။ ရိုက်နှိပ်ပြီးကျမ်းစာများမှာ အချိန်အခါနှင့် တွက်လျှင် ပြည့်စုံမှုနှင့် ပြီးစီးမှုမှာ အတိုင်းအတာမရှိ ဝမ်းမြောက်နိုင်ခွင့် ရခဲ့ပါသည်။

၂။ တောင်မြို့ ဆရာတော် ပျံလွန်တော်မူပြီးနောက် လက်ရေးမူနှင့် ကျန်ရစ်၍ ဆရာတော်ကိုယ်တိုင် ကျမ်းစာများဖြစ်နိုင်ရန် မမျှော်လင့်သော အဘိဓမ္မာ ဘာသာဋီကာများနှင့် သုတ္တန်ဘာသာဋီကာ အချို့ကျမ်းစာအုပ်များ ဖြစ်မြောက်လာခြင်း၊

ရိုက်နှိပ်ပြီးဖြစ်သော်လည်း ကုန်နေသော ကျမ်းစာများ စာအုပ် ဖြစ်မြောက်လာခြင်း၊ ဆရာတော်၏ အသံသွင်းတရားများနှင့် ဩဝါဒများ စာအုပ်အဖြစ် ဖတ်ရှုနိုင်ခွင့် ရရှိလာခြင်း၊ ကျောင်းတွင်းစာပုံနှိပ်စက် ပြန်လည် အလုပ်လုပ်နိုင်ခွင့်ရအောင် ကြိုးစားဖြစ်မြောက်ခဲ့ခြင်းများဖြစ်ပါသည်။

၃။ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ဘုရား ၁၉၆၅-ခုက မှော်ဘီ သံဃာ့ အစည်းအဝေးကြီးတွင် တင်ပြသွားသော သာသနာဝန်ဆောင်ကျောင်းတိုက်ကို ၁၉၈၆-ခုနှစ်တွင် တည်ထောင်ခဲ့ရာ ယခုအခါ အောင်မြင်စွာ သံဃာများ သီတင်းသုံးလျက် သာသနာ့တာဝန်ကို ထမ်းဆောင်နေကြပြီ ဖြစ်ခြင်း။

၄။ တောင်မြို့ ဆရာတော်၏ အလိုကျ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရန် စတင်ကြိုးစားသွားသော သကျသီဟ သာမဏေကျော် စာတော်ပြန်ပွဲသည် ယခုအခါ ရန်ကုန်မြို့ မင်္ဂလာဗျူဟာအသင်းချုပ်မှ စတင်ကျင်းပနိုင်ခဲ့ခြင်းနှင့် သာမဏေကျော်အောင်ပြီးနောက် ပိဋကတ် သင်ရိုးနှင့် နိကာယ်များကုန်အောင် စာမေးပွဲစနစ်ဖြင့် ပြုပြင်ရန် တောင်မြို့ ဆရာတော်၏ အဆုံးအမကို အလုပ်ဖြစ်အောင် ကြိုးစားနေခဲ့ပါသည်။

၅။ ထေရဝါဒသာသနာကို သန့်ရှင်းတည်တံ့ ပြန့်ပွားစေခြင်းငှာ လောကီ လောကုတ္တရာ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးကို ပေးစွမ်းနိုင်ရန်အတွက် မနောမယိဒ္ဓိပညာကို အခြေမှုစ၍ ပြုပြင်စောင့်ရှောက် ကူညီနိုင်ခဲ့ခြင်း။

၆။ လူအများ သရဏဂုံနှင့် သီလမြဲရန် စွမ်းသမျှ ကြိုးစားအားထုတ်ခဲ့ပြီး အားထုတ်ဆဲကုသိုလ်တို့ကို အထူးနှလုံးသွင်း အောက်မေ့လျက် အများအကျိုးငှာ ထိုကုသိုလ်များကို မှတ်တမ်းတင်အပ်ပါသည်။

၇။ တောင်မြို့ဆရာတော်ဘုရား၏ "မင်း သာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် ကြိုးစားချင်လျှင် မိမိဆန္ဒနှင့်အညီ စာသင်တိုက်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မြောက်အောင် ကြိုးစား လာဘသက္ကာရသိလောကကို နိုင်အောင်ထိန်း" ဆိုသော ဩဝါဒ အမိန့်အတိုင်း ယခုအခါ သာသနာ့ဝန်ဆောင် ကျောင်းတိုက် တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

## သစ္စာပြုခြင်း

ဤပါရမီကုသိုလ်တို့ကို မိမိနှင့် မိမိ၏ပါရမီပြုဘက် ပုဂ္ဂိုလ်များ၏ အကျိုး၊ တိုင်းပြည်အကျိုး၊ သတ္တဝါများ၏ အကျိုးအတွက် ပြုခဲ့ခြင်းအမှန်ဖြစ်ပါသည်။ မည်သည့် လာဘသက္ကရသိလောက အကျော်အစောအတွက်ကိုမျှ ရည်စူး ကြိုးစားခဲ့ခြင်း မဟုတ်ပါ။

ဤသစ္စာစကားမှန်ခဲ့ပါသော် မိမိပြုသမျှ ကာယဝကံမှု, ဝစီကံမှု, မနောကံမှု တို့သည် အမှားအယွင်းမရှိ ပြီးစီးအောင်မြင် ပါစေသတည်း။

နိုင်ငံသူ နိုင်ငံသား သမ္မာဒိဋ္ဌိ အယူရှိကြသူများသည်လည်း ကိုယ်စိတ်နှစ်ပါး ချမ်းသာခွင့်ကို ရကြပါစေသတည်း။

ဤကုသိုလ်များ၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် လည်းကောင်း၊ မှန်ကန်စွာပြောဆိုရသော သစ္စာ၏တန်ခိုးရှိန်စော် အာနုဘော်ကြောင့်လည်းကောင်း ယနေ့မှစ၍ ဖြစ်လေရာဘဝတိုင်း၌ မဟာကရုဏာတော်ဓာတ်နှင့် သဗ္ဗညုတ ဉာဏ်တော်မြတ် ရတနာသုံးပါး၏ ဓာတ်မြတ် ဓာတ်ကောင်း အတုမဲ့ ဓာတ်အပေါင်းတို့သည် မိမိနှင့် ထိုက်တန်သလောက် ခန္ဓာအစဉ်၌ အစဉ်မပြတ် ကိန်းဝပ် တည်နေတော်မူပါစေသတည်း။

ဤသို့ကိန်းဝပ်တည်နေခြင်းကြောင့် လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ အစရှိသော ကိလေသာ တရားဆိုး မှန်သမျှတို့သည် တစ်စထက်တစ်စ, နည်းသထက်နည်း, ပါးသည်ထက်ပါးပြီးလျှင် အဝိဇ္ဇာ တဏှာ ကုန်ခန်းရာ အတုမဲ့ချမ်းသာမြတ် နိဗ္ဗာနဓာတ် တရားတော်မြတ်ကို မိမိတို့အလိုရှိသော ဗောဓိဆုဖြင့် ချမ်းသာစွာရ, ရ၊ ရောက်, ရပါလို၏ အရှင်ဘုရား။

အတီတေ ဝတ္တမာနေ စ၊ ယံ ပုညံ ပကတံ မယာ။
ဣဓေဝ တဿ ပစ္စက္ခေ၊ ဝိပါကော မေ ဝိပစ္စတု။

မယာ- ငါသည်၊ အတီတေ- ရှေးရှေးအတိတ်ကာလများ၌ လည်းကောင်း၊ ဝတ္တမာနေ စ- ယခု ပစ္စုပ္ပန်မျက်မှောက် ရောက်ဆဲအချိန်၌လည်းကောင်း၊ ယံ ပုညံ- အကြင်ကုသိုလ်ကောင်းမှု အထူးထူးကို၊ ပကဘံ- ထင်ထင်ရှားရှား ပြုထားပြီးဖြစ်လေပြီ။ တဿ-ထိုသည့် ကုသိုလ်ကောင်းမှု အထူးထူးတို့၏ ဝိပါကော-ရသင့်ရထိုက် ရခွင့်ရှိသော လောကီ လောကုတ္တရာ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော အကျိုးတို့သည်၊ ဣဓေဝ ပစ္စက္ခေ- ဤ ယခုမျက်မှောက် ရောက်ဆဲအချိန်၌ပင်၊ မေ-အကျွန်ုပ်အား၊ (နော-ကျွန်ုပ်တို့အား၊) ဝိပစ္စတု-ကောင်းကျိုးထင်ထင် တွေ့မြင် ဒိဋ္ဌ ကောင်းကျိုးရစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာ၏ ဂုဏ်ကျေးဇူးနှင့် သာသနာတော်၏ အကျိုးသက်ရောက်ပုံကို အနှစ်ကျကျ နှလုံးသားက သိကြသူ ရဟန်းရှင်လူတို့သည် မိမိ၏မမြဲသော ခန္ဓာကိုယ်ကို သဒ္ဓါ, ဝီရိယ, သမာဓိ, ပညာတရား လက်ကိုင်ပြု၍ ပြင်းပြ ဖွဲ့မြဲသော ဆန္ဒဖြင့် မိမိစိတ်အစဉ်ကို ပြုပြင်ကြိုးစားနိုင်ကြရန် အထူးတိုက်တွန်းလိုပါသည်။ သေရမည်ကို အတိအကျ သိခွင့်ရပါလျက် အကျိုးအကြီးဆုံး သာသနာပြု ကုသိုလ်အလုပ်ကို မလုပ်မိလျှင် အလွန်ဆုံးရှုံးခြင်း ဖြစ်ပါလိမ့်မည်။

## ကုသိုလ်ပြုသူ၏ ရလိုသောဆု

ဗုဒ္ဓသာသနာတော်၏ သန့်ရှင်းတည်တံ့ ပြန့်ပွားရန်နှင့် သတ္တဝါတို့၏ အကျိုးစီးပွား အတွက် အတုမဲ့ရတနာဖြစ်သော ကျမ်းစာများကို ရေးသားဖြန့်ချိရသော ကုသိုလ်၊ ပြုပြီးသော ပါရမီကုသိုလ်နှင့် အားလုံးကုသိုလ်တို့ကြောင့်လည်းကောင်း၊ ယခု ဤကုသိုလ်ပြုပြီးသော အချိန်မှစ၍ လည်းကောင်း နောက်ဆုံးစွန်သော ဘဝတိုင်အောင် ဘုရား တရား သံဃာ အတုမဲ့ ရတနာမြတ်သုံးပါးနှင့် မဟာကရုဏာဓာတ် သဗ္ဗညုတ ဉာဏ်တော်မြတ်၏ ဓာတ်မြတ်ဓာတ်ကောင်း အတုမဲ့ဓာတ်အပေါင်းသည် ဖြစ်လေရာ ဘဝသံသရာ ခန္ဓာအစဉ်၌ မိမိနှင့် ထိုက်တန်သလောက် အစဉ်မပြတ် ကိန်းဝပ်တည်နေတော် မူပါစေသတည်း။

ရတနာမြတ်သုံးပါးတို့၏ ဓာတ်မြတ်ဓာတ်ကောင်း အတုမဲ့ဓာတ်အပေါင်းသည် ခန္ဓာအစဉ်၌ အစဉ်မပြတ် ကိန်းဝပ်တည်နေခြင်းကြောင့် မိမိ၏ ကိုယ်နှုတ်နှလုံးကို သူတော်ကောင်းတရားနှင့် အညီသာ အစဉ်အားထုတ်နိုင်သည်ဖြစ်၍ သူတော်ကောင်းကို သူတော်ကောင်းမှန်း အစဉ်သိရသည် ဖြစ်ရပါလို၏။ သူတော်ကောင်း ကျေးဇူးရှိသူတို့ကို ဘယ်အခါမှ မပြစ်မှားရလိုပါ။

သူတော်ကောင်းပညာရှိကို အစဉ်ဆည်းကပ်တတ်သည်ဖြစ်၍ ယနေ့မှစ၍ ဖြစ်လေရာရာ ဘဝတိုင်း ဘဝတိုင်းတို့၌ ဗုဒ္ဓသာသနာတော်မြတ်၏ အကျိုး မိမိအမျိုး၏ အကျိုး ကမ္ဘာသားတို့၏ အကျိုး သတ္တဝါတို့၏ အကျိုးကိုလည်းကောင်း မိမိအား ကျေးဇူးပြုဖူးကြသူ မှန်သမျှတို့၏ အကျိုးစီးပွားတို့ကိုလည်းကောင်း၊ မိမိချစ်သောသူ မုန်းသောသူ မချစ်မမုန်းသောသူ အလွန်လျင် ချစ်နှစ်သက်အပ်သောသူ၊ မိမိရန်သူတို့ အပေါ်၌လည်းကောင်း တစ်တန်းတစားတည်းထား၍ မိမိအကျိုးစီးပွားနှင့် ထပ်တူထပ်မျှ သာလျှင် ၎င်းတို့၏ အကျိုးစီးပွားကို ပြည့်စုံအောင် ဆောင်ရွက်လိုသော စိတ်အလိုသည် အစဉ်ရှိနေပါစေသတည်း။

ထိုစိတ်ရှိနေသည်နှင့်အမျှ သတ္တဝါတို့၏ အကျိုး၊ သာသနာတော်မြတ်၏အကျိုး၊

www.burmeseclassic.com

www.burmeseclassic.com



မိမိစောင့်ရှောက်ခြင်းကို ခံယူလျက်ရှိကြသော ပုဂ္ဂိုလ်၊ မိမိ၏ သိသောပုဂ္ဂိုလ်၊ မသိသော ပုဂ္ဂိုလ်တို့၏ အကျိုး၊ မိမိစောင့်ရှောက်သင့် စောင့်ရှောက်ထိုက်သော ပုဂ္ဂိုလ်မှန်သမျှတို့၏ အကျိုး၊ မိမိအကျိုးတို့ကို မဆုတ်မနစ်သော လုံ့လဖြင့် ကောင်းစွာ တရားနှင့်အညီ ကိုယ်စိတ်ချမ်းသာစွာဖြင့် ပြည့်စုံအောင် ကြိုးစားနိုင်ရပါလို၏။

မိမိကြိုးစားသလောက်လည်း အလုံးစုံပြီးမြောက်နိုင်သော နှလုံးရည် လက်ရုံးရည်နှင့်လည်း ပြည့်စုံရပါလို၏။

အတုမဲ့ ရတနာမြတ်သုံးပါးတို့၏ ဓာတ်အပေါင်းသည် ခန္ဓာအစဉ်၌ အမြဲကိန်းဝပ်တည်နေခြင်းကြောင့် လောကဓံတရား ရှစ်ပါးနှင့် ကြုံတွေ့ခဲ့ရသော် မတုန်မလှုပ်ခံနိုင်ရည်ရှိသော အသိတရားသည် အစဉ် နှလုံးသွင်းနိုင်သည်ဖြစ်၍ လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ အစရှိသော တရားဆိုးတို့ကို တစ်စထက်တစ်စ ယုတ်လျော့ ခေါင်းပါးအောင် အားထုတ်နိုင်ရပါလို၏။

ဖြစ်လေရာ ဘဝတိုင်းတို့၌ မိမိခန္ဓာအစဉ်ကို သိနိုင်သော ဇာတိဿရဉာဏ်ကို ရရှိ၍ ထိုအသိဉာဏ်ကြောင့် သံဝေဂဉာဏ်သည် ရင့်ကျက်ပြီးလျှင် ဘဝစည်းစိမ်တို့ကို မတွယ်တာ မမက်မောဘဲ စွန့်လွှတ်နိုင်သည့်ကိုယ် ဖြစ်ရပါစေသတည်း။

လောကီအာရုံ ကာမဂုဏ် စည်းစိမ်တို့ကို မိမိအလိုရှိသလောက် ပြည့်စုံ၍ စကြဝတေးမင်းကြီး, နတ်မင်းကြီး, ဗြဟ္မာမင်းကြီး စည်းစိမ်တို့နှင့် မိမိအလိုအတိုင်း တွေ့ကြုံ ခံစားရသော်လည်း ထိုစည်းစိမ် မှန်သမျှကို ခံစားစံစား၍ တဏှာလောဘဖြင့်သာ တပ်မက်မနေဘဲ ထိုစည်းစိမ်မှန်သမျှတို့သည် သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွား အတွက်သာလျှင် အထောက်အပံ့ဖြစ်ပါစေသတည်း။

မိမိ၏ စိတ်အစဉ်တွင်လည်း သတ္တဝါအပေါင်းတို့၏ အကျိုးငှာ နိက္ခမပါရမီ ဉာဏ်ဖြင့်သာ စွန့်လွှတ်နိုင်သည် ဖြစ်ရပါလို၏။

ယနေ့မှ စ၍ ဘဝဆက်တိုင်း နောက်ဆုံး စွန်သော ဘဝသို့ ရောက်သည့်တိုင်အောင် ဘဝတိုင်းတို့၌ မတရားသောသူတို့၏ စိုးမိုးချုပ်ချယ်ခြင်းကို မခံရပါစေသတည်း။ အကယ်၍ ကံအကြောင်းမသင့်သဖြင့် မတရားသော မသူတော် လူမိုက်တို့၏ ချုပ်ချယ်ခြင်းကို ခံရသောအခါ လွတ်မြောက်ခွင့်ရအောင် အစဉ်ကြိုးစားနိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

ဘဝဆက်တိုင်း ဘုရားရှင်၏ အလိုတော်ကျ ကိုယ်၏ လွတ်လပ်ခြင်း, စိတ်၏ လွတ်လပ်ခြင်းနှင့် ပြည့်စုံ၍ နောက်ဆုံးစွန်သော ဘဝ၌ မိမိ အလိုရှိအပ် တောင့်တအပ်သော အတုမဲ့ဉာဏ်နှင့် ပြည့်စုံ၍ အတုမဲ့လွတ်လပ်သော အတုမဲ့ချမ်းသာမြတ် နိဗ္ဗာနဓာတ် တရားမြတ်ကို ရရှိပြီးလျှင် သတ္တဝါအပေါင်းအား မိမိနှင့်ထပ်တူ အတုမဲ့ လွတ်လပ်သော အတုမဲ့ချမ်းသာမြတ် နိဗ္ဗာနဓာတ် တရားမြတ်ကို ရရှိအောင် ပို့ဆောင်နိုင်သည့်ကိုယ် ဖြစ်ရပါလို၏။

www.burmeseclassic.com

www.burmeseclassic.com



## စာရှုသူပါရမီရှင်များသို့

ပါရမီကုသိုလ်မှတ်တမ်းကို အကြောင်းညီညွတ်၍ ဖတ်ရှုမိသော ရှင်ဖြစ်စေ, လူဖြစ်စေ, တစ်စုံတစ်ဦးသောပုဂ္ဂိုလ်သည် မိမိစိတ်ကို နိုးဆော်အားပေးပြီး မိမိအကျိုးကို ရှေးရှု၍ နိဒါနဝဂ္ဂသံယုတ်ပါဠိတော် (မြန်မာပြန်)တွင် ရှင်မဟာကဿပသံယုတ်, လာဘသက္ကာရသံယုတ်, လက္ခဏာသံယုတ်တို့ကို ဆက်လက်လေ့လာဖြစ်အောင် လေ့လာစေလိုပါသည်။

ဘာကြောင့်တိုက်တွန်းသည်ကို လေ့လာသူကိုယ်တိုင် ဝေဖန် ဆုံးဖြတ်ခွင့် ရပါလိမ့်မည်။

ကျွန်တော်သည် လူဖြစ်၍ သိတတ်သည့်အချိန်မှ စ၍ ယနေ့တိုင်အောင် လူကောင်းလူတော်တစ်ယောက်ဟု မယူဆခဲ့ပါ၊ သို့သော် ဗုဒ္ဓဘာသာဝင်တို့၏ အသိဉာဏ်အရ ကံကြီးထိုက်အောင် (သို့မဟုတ်) ကြီးလေးသော အကုသိုလ်ကံများကို ကံမြောက်အောင် ကျူးလွန်ခွင့် မရခဲ့ပါ။

ဤသို့ ကျူးလွန်ခွင့်မရသည်မှာ ကျွန်တော်သည် သူတော်ကောင်းတစ်ယောက်ဖြစ်၍ မဟုတ်၊ ရှေးအတိတ်ကံ၏ အထောက်အပံ့အကူအညီကြောင့် ဆရာကောင်း မိတ်ဆွေကောင်းများ၏ အဆုံးအမအကူအညီကြောင့်သာဟု ယခုအချိန်တွင် နားလည်ခွင့် ရလာခဲ့ပါသည်။

သင့်တင့်လျောက်ပတ်သောဒေသ, ရှေးကပြုခဲ့ဖူးသော ပါရမီကုသိုလ်, မိမိ၏ ကိုယ် နှုတ် နှလုံးကို သင့်တင့်အောင် နှလုံးသွင်း စောင့်ထိမ်းနိုင်မှု၊ သူတော်ကောင်းပညာရှိ (ဆရာကောင်း)များ၏ အဆုံးအမကို ရရှိခြင်း (ဤစက်-၄-ပါး)သည် အဓိက အကြောင်းအရင်းပင် ဖြစ်ကြောင်း စာဖတ်သူပါရမီရှင်များ အလွန်သိစေချင်ပါသည်။

သို့သော် ထိုပတိရူပ ပုဗ္ဗေစ သပ္ပုရိသဟု ဆိုအပ်သော ရှေးကံကောင်း, အရပ်ဒေသကောင်း, ဆရာကောင်းများနှင့် တွေ့ကြုံခဲ့ရသော သာကီဝင်မင်းမျိုး အရှင်ဒေဝဒတ် ဘုရားရှင်၏ ယောက်ဖရင်း ညီအစ်ကို တစ်ဝမ်းကွဲသည် မင်းမျိုးလည်းဖြစ်, သာကီဝင်လည်းဖြစ် ဘုရားရှင်၏ အဆုံးအမကိုလဲ ရပါလျက် အတ္တသမ္မာပဏိဓိ-မိမိကိုယ်နှုတ်နှလုံးကို စောင့်ရှောက်ထိမ်းသိမ်းခြင်း ဆိုသည့်စက် ညွှံသွားသဖြင့် ကြီးကျယ်သော ဆုံးရှုံးမှုကြီးဖြစ်ခဲ့ရသည်ကို အလွန်ကြီးသောသတိဖြင့် ပြုပြင်နိုင်ကြမှ အကျိုးရရှိကြပါလိမ်မည်။

"ယုတ်မာဆိုးကောင်း ကျင့်မကောင်းကို မှားကြောင်းတစိ သိလျှင်သိခြင်း စွန့်ပယ်လျှင်းလော့" ဆိုသော မန်လည်ဆရာတော်ဘုရားကြီး၏ အဆုံးအမနှင့် "တစ်သက်လုံး သေချိန်အထိ မိမိကိုယ်ကို ပြုပြင်သွားဖို့လိုသည်" ဆိုသော တောင်မြို့ ဘာဂမ္ဘာရုံဆရာတော်၏ အဆုံးအမကို အမြဲနှလုံးသွင်းနိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



## အနှစ်သက်ဆုံး ပါရမီကုသိုလ်များ

၁။ တောင်မြို့မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ဂုဏ်ကျေးဇူးကို မှီ၍ တောင်မြို့ သံဃာတော်များအား ဖူးမြော်တွေ့ဆုံ၍ သာသနာကို မိမိစွမ်းနိုင်သမျှ လာဘသက္ကာရမပါ ကြိုးစားနိုင်ခွင့် ရရှိခဲ့ခြင်း။

၂။ မိမိ၏ ကြိုးစားမှုကြောင့်လည်းကောင်း၊ သာသနာပြုဘက်များ၏ အကူအညီကြောင့် လည်းကောင်း၊ တစ်သက်တစ်ခါ ဖြစ်နိုင်ခဲလှစွာသော တောင်မြို့ဆရာတော်ဘုရား၏ ဘာသာဋီကာနှင့်တကွ သာသနာပြုကျမ်းစာပေါင်းများစွာကို ကျမ်းစာဖြစ်ရန် ခဲယဉ်းသောလက်ရေးမှု ကျမ်း အဘိဓမ္မာ ဘာသာဋီကာ, သုတ္တန်ဘာသာဋီကာ ကျမ်းစာကြီးများပါ လက်ရေးမှုရှိသမျှ ကုန်စင်အောင် လေးနှစ်မျှကာလအတွင်း ပြီးစီးအောင်မြင်ခဲ့ခြင်း။

၃။ အချို့ ဟောတရား ဩဝါဒများကို ပျောက်မသွားအောင် ကျမ်းစာအဖြစ် ကြိုးစားနိုင်ခဲ့ခြင်း၊ ထိုကျမ်းစာများအနက် အခြေပြုပဋ္ဌာန်း, ဓမ္မစကြာ, အနတ္တလက္ခဏာသုတ်ကဲ့သို့ တရားတော်များကို အစအဆုံး ကျမ်းစာ ဖြစ်မြောက်အောင် ကြိုးစားရခြင်းမှာ ခက်ခဲစွာကြိုးစားရသလောက် အတိုင်းအတာမရှိ ဝမ်းမြောက်ခွင့် ရခဲ့ပါသည်။

၄။ အထူးသဖြင့်ကား တစ်ဘဝသာသနာကျမ်းစာကို ကကြီးမှ အ, အထိ အစအဆုံး ဘက်စုံအောင် မိမိအလိုရှိသလို အဆင့်အတန်းမိရှိသာမက သာသနာမှာ အစားထိုး မရနိုင်အောင် အဆင့်မီဖို့ ငွေရေးကြေးရေး လူမှုရေးမှစ၍ ကြိုးစားနိုင်ခဲ့ခြင်းများကို ယခုအချိန် ပြန်၍ နှလုံးသွင်းမိသောအခါ အတိုင်းအဆမရှိ ဝမ်းမြောက်ခွင့်ရလျက် ရှိပါသည်။

၅။ ထိုထက် မိမိနှင့် မထိုက်တန်ဟု ထင်ရလောက်သော ပရိက္ခရာအစုံ ၅၀-လှူဒါန်း၍ အဂ္ဂိက္ခန္ဓောပမသုတ်တော်မြတ်ကို သံဃာတော်များ ရွတ်ဖတ်ဟောကြား၍ ပူဇော်ရခြင်း၊ အနာဂတ်သာသနာ, တစ်ဘဝသာသနာ, ပါရာဇိကဏ် ဘာသာဋီကာ ၄-အုပ်တစ်စုံ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း ကျမ်းစာများကို ထိုက်တန်အောင် လှူဒါန်းနိုင်ခွင့် ရှိခဲ့ခြင်း။

၆။ ယခုစာရေးချိန်တွင် အမရပူရ မဟာဂန္ဓာရုံဆရာတော်၏ အလိုတော်ကျ "သာသနာ့ဝန်ဆောင်ကျောင်းတိုက်" ကို ပဋိပတ္တိမကင်းသော ပရိယတ္တိစာသင်နည်း၊ ပရိယတ္တိမကင်းသော ပဋိပတ္တိသာသနာပြုနည်းဖြင့် တည်ထောင်ပြီးစီးခဲ့ခြင်း။

၇။ သာမဏေကျော်စာတော်ပြန်ပွဲကို ယခုအခါ ရန်ကုန်မြို့တွင် မင်္ဂလာဗျူဟာ အသင်းကြီးမှ ကြီးမှူးကျင်းပ၍ နေခဲ့ပြီဖြစ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၈)။ ဆဋ္ဌသင်္ဂါယနာ မတိုင်မီ ပိဋကတ်တော်များ သန့်ရှင်းရေးကိစ္စ ဆောင်ရွက်ခဲ့ရာ၊ ပိဋကသင်ရိုးအုပ်-၂၀ ပြီးစီး၍ ထိုစာအုပ်များကို ဆဋ္ဌသင်္ဂါယနာတင်ရန် ဦးနုမှတဆင့် အဖွဲ့သို့ လှူဒါန်းနိုင်ခဲ့ခြင်း။

ယခု- (ဗုဒ္ဓ= လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင်) ကျမ်းစာကို ဆရာကြီး ဦးရွှေအောင်နှင့်တကွ သာသနာပြုဘက်များ၏ အကူအညီဖြင့် ပထမပိုင်းအဆင့် အောင်မြင်ခြင်းသို့ ရောက်ခဲ့ပါသည်၊ ထိုကုသိုလ်သည်လည်း ရသင့်ရထိုက်သော ပုဂ္ဂိုလ်များ အပြည့်အစုံရရှိ၍ အကျိုးရရှိအောင် မိမိကိုယ်နှုတ်နှလုံးကို ကြိုးစားနိုင်ကြပါစေ။

ဤသို့ အောင်မြင်မှုများသည် မိမိတော်၍ မဟုတ်၊ ဘဝအဆက်ဆက် သံသရာကပြုခဲ့သော ပါရမီကုသိုလ်များ၏ အကျိုးပေးခွင့်ရ၍ ယခုအချိန်တွင် ဤမျှ အောင်မြင်သည်ဟု သဒ္ဓါပညာနှစ်ပါးဖြင့် ခိုင်ခိုင်မာမာ ယုံကြည်မိပါသည်။

ဤမျှ စိတ်ထားမှန်ကန်စွာဖြင့် ပါရမီကုသိုလ်အဖြစ် အောင်မြင်မှုရရှိသည်မှာ ကျေးဇူးတော်ရှင် ညောင်တုန်း ရွှေဟင်္သာစ်ကျောင်း ဆရာတော်ဘုရားကြီးနှင့် မြောင်းမြ ပဗ္ဗောတာရုံ ရွှေကျင်သာသနာပိုင် ဆရာတော်, အမရပူရ မဟာဂန္ဓာရုံ အရှင်ဇနကာဘိဝံသ ဆရာတော်, ဆရာကြီးဦးအောင်မြတ်ထွဋ်နှင့် အသောကကျောက်စာ မြန်မာပြန် မနောမယိဒ္ဓိ ပညာဆိုင်ရာ ဆရာများ၏ ဂုဏ်ကျေးဇူးသာ အဓိကပဓာန ဖြစ်သည့်အလျောက် ထိုကုသိုလ်များဖြင့် ပူဇော်ကန်တော့ပါသည်။

ဤသို့ပူဇော်လိုသော ကျေးဇူးကို ပေးဆပ်လိုသော စိတ်အစဉ်သည်လည်း ဘဝခန္ဓာအစဉ်၌ အစဉ်တည်မြဲ၍ သတိရရှိပါစေတည်း။

ဤကုသိုလ်ကို အထူးသဖြင့် သာသနာပြုဘက် ပါရမီဖြည့်ဘက် ပုဂ္ဂိုလ်များ သဒ္ဓါတရားဖြင့် မိမိတို့ပြုသော ကုသိုလ်ကို ဝမ်းမြောက်နိုင်ကြပါစေ။

### ရွေးစေ့နှင့်တော့မချိန်ပါနှင့်

ရွှေ-ကသူ့ကို “မီးဖုတ်လိုပါက ဖုတ်ပါ၊ တူနှင့် ထုလိုကလဲ ထုပါ၊ နန်းဆွဲလိုကလဲ ဆွဲပါ၊ သို့သော် ရွေးစေ့နှင့်တော့ မချိန်ပါနှင့်” ဟုပြောကြောင်း-နိတိစကားတစ်ခုကို ကျွန်တော်၏ ဆရာတစ်ဦးက ပြောဘူးပါသည်၊ ထို့ကြောင့် စာဖတ်သူအား ပါရမီကုသိုလ်များကို လက်တွေ့စမ်းသပ်၍ မည်သူနှင့်မျှ စံမထိုးဘဲ ကိုယ်တွေ့လေ့လာကျင့်သုံးကြည့်ရန် တိုက်တွန်းလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ကြည်ညို အားကျစိတ်

၁။ ဤပါရမီကုသိုလ် ပြုသူသည် ယခုအချိန်တွင် ဗုဒ္ဓရှင်တော်၏ မဟာကရုဏာဓာတ်နှင့် သဗ္ဗညုတဉာဏ်တော်ဓာတ်ကို အလွန် နှစ်သက် ကြည်ညိုပါသည်။

၂။ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးနောက် ဗုဒ္ဓမရှိတော့၍ တို့ထင်သလို လုပ်နိုင်ပြီဟု ကြွေးကြော်ဖြစ်ပေါ်လာသော အဓမ္မဝါဒီတို့ကို အရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် ဓမ္မသံဝေဂ ရ၍ ဗုဒ္ဓအား ကျေးဇူးဆပ်သောအားဖြင့် ပထမသင်္ဂါယနာ တင်နိုင်အောင် ကြိုးစားခဲ့သည်ကို အထူး ကြည်ညို အားကျပါသည်။

၃။ အရှင်ယသမထေရ်သည် ဘုရားရှင် ခွင့်မပြုသည်ကို ခွင့်ပြုသည့် အနေဖြင့် ရွှေ,ငွေ, ကို အလှူခံနေကြသော အဓမ္မဝါဒီရဟန်းများ၏ အပြုအမူကို ငါ တွေ့နေရပါလျက် ငါ ဘုရားသာသနာကို မစောင့်ရှောက်ခဲ့သော် ငါ ဝတ္တရားမကျေရာ ကျရောက်တော့မည်ဟု ဘုရားရှင်အား ကျေးဇူး တုံ့ပြန်သောအားဖြင့် ဒုတိယသင်္ဂါယနာကို တင်နိုင်အောင်ပင်ပန်းကြီးစွာ ကြိုးစားခဲ့ခြင်း ကိုလည်း အလွန် ကြည်ညိုပါသည်။

၄။ သီဟိုဠ်တွင် အလွန်ပြင်းထန်သော သူပုန်ဘေးကြီးနှင့် ကြုံတွေ့ရ၍ သံဝေဂ ရကြပြီးလျှင် စတုတ္ထသင်္ဂါယနာဟု သိမှတ်တော်မူရသော တတိယ သင်္ဂါယနာတိုင်အောင် နှုတ်ဖြင့် ဆောင်လာခဲ့သော ပိဋကတ်တော်များကို ပေထက်အက္ခရာ တင်နိုင်အောင် ကြိုးစားသွားတော်မူကြသည့် သံဃာတော်များနှင့် ကပ္ပိယကာရက ပုဂ္ဂိုလ်များ၏ ကြိုးစားနိုင်သော စိတ်ဓာတ်ကိုလည်း အလွန့်အလွန် တုန်လှုပ်မိအောင် နှစ်သက် ကြည်ညိုခဲ့ပါသည်။

၅။ အရှင်မဟာမောဂ္ဂလိပုတ္တမထေရ်နှင့် ရှင်အရဟံမထေရ်မြတ်တို့၏ သာသနာတော်သို့ ဦးတည် ရောက်ရှိလာကြပုံနှင့် အနစ်ကျကျ ဆောင်ရွက်သွားတော်မူကြပုံကို အလွန်အကျူးပင် ကြည်ညို ဝမ်းမြောက်မိပါသည်။

၆။ ထိုမှဆက်၍ ပထမရွှေကျင်ဆရာတော်, ပဲခူးဘုန်းတော်ကြီး ဦးသီလ, လယ်တီဆရာတော်ဘုရားကြီးများ၏ သာသနာနှင့် လူများအပေါ်တွင် ထားရှိသော စိတ်နေစိတ်ထား စွမ်းဆောင်မှုများကို လွန်စွာအားရ နှစ်သက်မိပါသည်။ (သာသနာ သန့်ရှင်း ပြန့်ပွား, တည်တန့်လိုသည် ဆိုသူများ ကျနအောင် လေ့လာကြည့်စေလိုပါသည်။)

၇။ ဤပါရမီကုသိုလ်ပြုရန် စိတ်အား ထက်သန်ခြင်းမှာမူ အထက်ပါ အကြောင်းအချက်များသာမက အသောက, အနော်ရထာ, ကျန်စစ်သား, မင်းကြီးရန်နောင်, ယောမင်းကြီး ဦးဘိုးလှိုင်, လင်ကွန်း, မဟတ္တမ ဂန္ဒီ, ကတိုးဦးရွှေလေး တို့သည် ဤကုသိုလ်များ ပြုဖြစ်အောင် အားကျသော ပုဂ္ဂလဝိသေသ ပုဂ္ဂိုလ်များ ဖြစ်ခဲ့ပါသည်။

"လာဘသက္ကာရ သိလောက" လာဘ်အကျော်အစောမပါ အများအကျိုးကိုသာ အဓိကထား ကြိုးစားသွားကြသည်ကို အလွန်အားရမိပါသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အ | အကနိဋ္ဌဘုံ၌ ဒုဿစေတီ | ၃၅၄ |
| | အကုသိုလ်ကို အတ္တဖြစ် | ၁၁၆ |
| | အကုသိုလ်၏ စွမ်းအင်အရဖြစ် | ၃၅၃ |
| | အကောဓနေ ဇိနေ ကောဓံ | ၁၆၂ |
| | အကယ်၍ မင်းမဖြစ်လိုလျှင် | ၂၆၆ |
| | အကိတ္တိရသေ့သည် | ၁၄၉ |
| | အကျိုးတရားတစ်ခုဖြစ်ပေါ်ရာ၌ | ၁၄၀ |
| | အကြောင်းတရားများတွင် | ၄၈ |
| | အကြောင်းနှင့်အကျိုးကိုဆက်စပ်၍လုပ်ပါက | ၁၂၈ |
| | အကြောင်းအကျိုးတို့၏ ဆက်စပ်မှု | ၃၂၀ |
| | အချို့ရှိအချို့မရှိ | ၄၆ |
| | အစစ်၏တန်ပြန်တိုက်ခိုက်မှုကြောင့် | ၂၆ |
| | အစုံစိတ်ထားမျိုး | ၂၂၅ |
| | အဆင်းတော်သည် အတုလဖြစ် | ၃၈၀ |
| | အဇိတကေသကမ္ဗလ၏ အကျိုးပယ်ဝါဒ | ၄၄ |
| | အညာဏဝါဒီ | ၄၅ |
| | အဏုမြူနှင့်စကြဝဠာသည် | ၁၁၂ |
| | အတားအဆီးမဲ့ အပ္ပဋိဟတ | ၃၇၆ |
| | အတိတ်အကြောင်း ပစ္စုပ္ပန်အကျိုး | ၃၇၃ |
| | အထက်တန်းလွှာသုံးမျိုးထဲ၌ | ၂၁ |
| | အဒေါသဟူသည်မှာ မေတ္တာ | ၂၂၃ |
| | အဓိဋ္ဌာန်ပါရမီ ဟူသည် | ၂၅၇ |
| | အနိမိတ္တလည်းဟုတ်၏ | ၄၇ |
| | အနုသယဿာ မရှိတော့ဘူးဆိုလျှင် | ၁၁၄ |
| | အနုသယအဆင့်ဟူသည်မှာ | ၁၀၉ |
| | အနည်းငယ်မျှရွေ့လျော့မခံဘဲဆောင်ရွက်ပါက | ၁၂၈ |
| | အနိမ့်ဆုံးအမြင်ဖြစ်၏ | ၁၈ |
| | အနဋ္ဌရတနာ | ၉၃ |
| | အနတ္တနိယာမအရ | ၈၉ |
| | အနန္တ ကံများကိုအနုဝိရောဓိအဖြစ်သို့ရောက်အောင် | ၃၀၉ |
| | အနန္တ ရကမ္မဟူသည် | ၁၁၀ |
| | အပျက်သည်လည်းအဖြစ်အား | ၂၆ |

www.burmeseclassic.com

www.burmeseclassic.com

| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **အ** | အပြောနှင့်အလုပ်ရှေ့နောက်ညီခြင်းသည် | ၂၄၀ |
| | အမတဟူသည် | ၉၄ |
| | အမနုဿသဘောအပြင်အခြားသောဘေးများ | ၂၆ |
| | အမိန့်ပေးသူမှန်ပါမှ | ၁၂၄ |
| | အမျိုးသမီးသည်ကရုဏာ၏ပုံဆောင် | ၁၈၅ |
| | အမြဲတည်နေသောအရာဝတ္ထုနှစ်ခု(ပကုခ) | ၄၄ |
| | အမြင်မှန်မှုဒိဋ္ဌိဝိသုဒ္ဓိ | ၁၇၂ |
| | အမြဲငြိမ်းချမ်းမှုဟူ၍ဆိုရ | ၂၈၆ |
| | အမှားကိုအမှားမှန်းသိပြီး | ၃၆၉ |
| | အမှောင်တွင်း၌လမ်းလျှောက်နေကြသူများ | ၂၁၉ |
| | အရိယသစ္စာကိုရဖို့ဆိုသည်မှာ | ၄၇ |
| | အရိယသစ္စာနိယာမ | ၁၃၇ |
| | အရိယာပုဂ္ဂိုလ်တို့၏စကားလုံးသည် | ၂၄၅ |
| | အရိယာပုဂ္ဂိုလ်ဖြစ်ပါမှသာ | ၁၅၅ |
| | အရိယာနယ်ပယ်အတွင်းသို့ရောက်သောအခါသစ္စာမထိုက် | ၁၂ |
| | အရေးအကြီးဆုံးဥပါဒါန်မှာ | ၁၀၉ |
| | အရိုးကိုခေါင်းအုံးလုပ်ပြီးအိပ် | ၂၉၈ |
| | အရွယ်လေးပါးအပေါ်တာဝန်သတ်မှတ်ချက်ဖြစ် | ၁၈၆ |
| | အရွယ်အလိုက်သတ်မှတ်ခြင်း | ၂၂ |
| | အလီနသတ္တု မင်းသားအကြောင်း | ၁၅၃ |
| | အလောင်းတော်ဟူသမျှသည် | ၁၇၈ |
| | အလယ်ကျင့်စဉ်၏မဏ္ဍိုင်မှာ | ၂၂၃ |
| | အလှူခံပုဂ္ဂိုလ်၏အကျင့်သီလသည် | ၁၄၇ |
| | အလှူရှင်၏ကိုယ်ကျင့်သီလနှင့်စေတနာသည် | ၁၄၇ |
| | အဝိဇ္ဇာနိယာမအရ | ၈၉ |
| | အဝိဇ္ဇာ၌သတ္တိနှစ်မျိုးရှိ | ၃၇၅ |
| | အသိဉာဏ်ပွင့်ထွန်းရာခေတ် | ၃၀ |
| | အသိဉာဏ်အကွေ့အပြောင်း | ၄ |
| | အသိများ သို့မဟုတ် ဉာဏ်မဲ့စိတ် | ၁၈၉ |
| | အသိမှန်နှင့်အကျင့်များ | ၁၈၉ |
| | အသိဟူသည် | ၇၆ |
| | အသိ၏ကိုယ်ထည်သည်စကားလုံး | ၂၄၅ |

www.burmeseclassic.com

www.burmeseclassic.com


| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အ | အသောကမင်းကြီး၏ ကျောက်စာရေးထိုးချက် | ၇ |
| | အသံတည်းဟူသောပြဟ္မာကိုစော်ကားခြင်း | ၂၄၇ |
| | အသင်းများအဖွဲ့အစည်းများနှင့်စနစ်တကျ | ၂၃ |
| | အသွင်နှင့်အနှစ်ကိုခွဲခြားနားလည်ပါက | ၁၀၇ |
| | အဟောသိကံအဖြစ်သို့မရောက်သော | ၁၅၀ |
| | အဂမသုဒ္ဓိ၏အနက်မှာ | ၁၃၄ |
| အာ | အာဇာနည်ပုဂ္ဂိုလ်ဟူသမျှတို့သည် | ၁၈၃ |
| | အာဇီဝကတက္ကတွန်းတို့၏အကျင့် | ၄၁ |
| | အာနာပါနကမ္မဋ္ဌာန်း | ၃၆၉ |
| | အာနန္ဒာဒေါသဟူသည်မှာ | ၂၃၀ |
| | အာရမ္ဘဝီရိယ, နိက္ကမဝီရိယ, ပရက္ကမဝီရိယ | ၂၀၇ |
| | အာရုံဖမ်းကရိယာနှင့်တူ၏ | ၁၂၀ |
| | အာရုံလမ်းမကြီးပေါ်၌ | ၆၁ |
| | အာဝေဏိကဂုဏ်တော်ဟုခေါ်ပါသည် | ၃၈၄ |
| | အာသဝတရားများကုန်ပါမှ | ၁၁၁ |
| | အာသဝတရားများသည် | ၆၅ |
| | အာသဝေါတရားတို့ကိုကုန်စင်စေတတ်သော | ၃၆၄ |
| ဣ | ဣရန္ဒတီသည်လှလည်းလှ၏ | ၁၉၆ |
| ဉ | ဉာဏ်ငါးပါးနှင့်ပတ်သတ်သမျှသည်သာ | ၂၀၅ |
| | ဉာဏ်တပ်မ၏ထိုးစစ်ကို | ၁၇၉ |
| | ဉာဏ်မင်းသားသည်ကျက်သရေမဲ့သူ | ၂၆၈ |
| | ဉာဏ်မေတ္တာမျိုးကိုအဒ္ဓိတ္တမေတ္တာဟူ၍ဆို၏ | ၁၄၄ |
| | ဉာဏ်လူ့ဘုံသည်ငရဲဘုံနှင့်မခြား | ၁၇ |
| | ဉာဏ်သည်မှာဝီရိယ၏လက်တွေ့အကျိုး | ၂၁၆ |
| ဥ | ဥပဒါနကာရဏဟူသည် | ၃၁၃ |
| | ဥပဒါနက္ခန္ဓက္ခ | ၁၈၀ |
| | ဥပဒါန်ကိုပတ်သတ်ဖို့ဆိုသည်မှာ | ၁၀၃ |
| | ဥပဒါန်များ၏ဖိအားပေးမှုအလိုက် | ၁၀၅ |
| | ဥပါယကောသလ္လဉာဏ် | ၂၀၄ |
| | ဥပေက္ခာပါရမီအကျင့်ပြ–ဇာတ်တော်အဖြစ် | ၃၀၀ |
| | ဥပေါသထဆင်ဖြူတော်၏တန်ခိုး | ၁၃၂ |
| | ဥယာဉ်မှထွက်လျှင်ပင်မြေမျို | ၂၃၀ |


www.burmeseclassic.com

www.burmeseclassic.com


| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဦ | ဦးခေါင်းမှကျသောသွေးစက်များအတိုင်း | ၂၃၇ |
| | ဦးတည်ချက်မှားသဖြင့် | ၆၃ |
| ဩ | ဩဃများသည် | ၁၁၁ |
| အ | အိမ်းနိုင်ငံလွန်ချမ်းသာမျိုး | ၃၄၂ |
| | အိမ်း၏မျက်နှာကို | ၃၄၀ |
| | အဂ္ဂမဟေသီမဒ္ဒီဒေဝီ | ၁၃၁ |
| | အဂ္ဂသာဝကလောင်း | ၄၅ |
| | အင်္ဂုလိမာလ ... | |
| | အဌသာရပစ္စေကဗုဒ္ဓါ | ၆၀ |
| | အတ္တတ္ထစရိယသို့ဦးတည်၏ | ၁၁၈ |
| | အတ္တနိယာမအရ | ၈၉ |
| | အတ္တနှင့်ဗြဟ္မာသည် | ၃၂ |
| | အတ္တဒ္ဒိသိစိတ်လည်းအမြဲမရှိ | ၃၆ |
| | အတ္တသင်္ဂဟဟူသည်မှာ | ၅၆ |
| | အတ္တဟုဆိုစရာမှာနှစ်မျိုး | ၂၉၆ |
| | အပ္ပဏီဟိတလည်းဟုတ်၏ | ၄၇ |
| | အန္တိဘူတော အယံ လောကော | ၁၃၈ |
| | အိမ်လုံးကျွတ်မလွတ်နိုင်အောင်ကူးစက် | ၂၄ |
| က | ကတညုတမျက်စိဖြင့်ကြည့်တတ်မည်ဆိုပါလျှင် | ၁၄၆ |
| | ကရုဏာနှင့်ပညာကြီးမားသူများသာဆောင်ရွက်နိုင်သောလုပ်ငန်း | ၅ |
| | ကရုဏာနှင့်ပညာနှစ်ပါးစုံပါမှ | ၄၇ |
| | ကရုဏာပါလျှင် | ၁၉၀ |
| | ကရုဏာ၏သင်္ကေတ | ၇၃ |
| | ကလျာဏမိတ္တကိုသာ | ၇၈ |
| ကာ | ကာမဂုဏ်ကိုအသုံးချတတ်ပါက | ၂၇၂ |
| | ကာမဂုဏ်ဟူသည်ငရဲပန်း | ၁၀၆ |
| | ကာမုပါဒါန်ဒ္ဒိ | ၆၅ |
| | ကာယအားနှင့် ဉာဏအားကိုလှူလျှင် | ၂၅၈ |
| ကိ | ကိလေသကာမ၏တရားကိုယ်မှာ | ၁၆၈ |
| | ကိလေသာကင်းစင်ခြင်းကိုအကြောင်းပြု၍ | ၃၈၃ |
| | ကိလေသာဟူသည် | ၁၁၅ |
| | ကိသာဂေါတမီ၏ချီးမွမ်းသောဂါထာ(တစ်သိန်းတန်) | ၃၅၀ |
| ကု | ကုသိုလ်ကကုသိုလ်သက်သက်အကျိုးပေး | ၁၀၃ |


www.burmeseclassic.com

www.burmeseclassic.com


| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ကု | ကုသိုလ်ကအတ္တဖြစ်လျှင် | ၁၀၉ |
| | ကုသိုလ်ရေး၌ပင်အသာရလိုကြ၏ | ၁၉၄ |
| ကဲ | ကဲဝလျှပဟုဆို၏ | ၃၃ |
| ကံ | ကံကိုလုပ်ကြ၏ | ၅၅ |
| | ကံကြောင့်ဖြစ်ရသောပဋိသန္ဓေဝိညာဉ် | ၁၀၄ |
| | ကံကြမ္မာဆိုးကိုဖိတ်ခေါ်နိုင်သူမှာ | ၁၅၆ |
| | ကံကြမ္မာဒုက္ခ | ၁၈၀ |
| | ကံခြေလှမ်းများ | ၆၁ |
| | ကံ,ဉာဏ်,ဝီရိယသုံးမျိုးပါမှ | ၂၀၈ |
| | ကံများသည်ချုပ်သွားသော်လည်း | ၁၁၃ |
| | ကံမြောက်သွားပြီးနောက်ချုပ်သွားလျှင် | ၁၁၃ |
| | ကံသာလျှင်မိမိတို့၏ဥစ္စာ | ၂၉၂ |
| | ကံသည်ဖြစ်ရာဒွါရအားဖြင့် | ၆၂ |
| | ကံသုံးပါးလုံးအကောင်းချည်း | ၁၁၉ |
| | ကံဟူသည်မထင်ရှားသောအသွင်သတ္တိ | ၂၁၈ |
| | ကောက်ကျစ်စဉ်းလဲတတ်ကြခြင်းမှာ | ၈၂ |
| | ကိန္နရီတို့ကလိုက်၍သစ်သီးရှူးပေး | ၂၈၄ |
| | ကမ္မနိယာမအရအကုသိုလ်ကိုလုပ်လျှင် | ၂၃၈ |
| | ကမ္မဘဝဟူသည် | ၁၂၃ |
| | ကမ္မာယတနဟူသည် | ၂၀ |
| | ကိုယ်ကျိုးကိုဆောင်ရွက်ရာတွင် | ၇၅ |
| | ကိုယ်ကျင့်သီလကောင်းဖို့ | ၁၄၂ |
| | ကိုယ်ကျင့်သီလပြည့်စုံမှုဖြင့် | ၁၆ |
| | ကျေးဇူးသိတတ်ဆုံးပုဂ္ဂိုလ် | ၂၈၇ |
| | ကြောက်ရွံ့ခြင်းဘီရု | ၁၇၁ |
| | ကွန်းဖြူးရှပ်နှင့်လာအိုစီ | ၄ |
| | ကောဏ္ဍညဗြာဟ္မဏကမူ | ၃၁၆ |
| ခ | ခုနစ်မျိုးကိုခုနစ်ရာစီ | ၁၃၅ |
| | ခေါင်းဆောင်ကိုဇနကဟူ၍ | ၃၀၈ |
| | ခတ္တိယဟူသည် | ၁၃၄ |
| | ခန္တီကအကာအကွယ်ပေး၏ | ၂၉၉ |
| | ခန္ဓာဖွဲ့စည်းမှုဒုက္ခ | ၁၈၀ |


www.burmeseclassic.com

www.burmeseclassic.com


| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ခ | ခန္ဓာသိ | ၇၂ |
| | ချစ်ခြင်းမေတ္တာသုံးမျိုးကို | ၂၇၄ |
| | ချစ်စရာများတွင်သက်ရှိလည်းပါဝင်၏ | ၃၃၀ |
| | ချစ်သူချစ်ကို | ၂၇၆ |
| | ချမ်းသာချင်လျှင် | ၁၁၆ |
| | ဖြေ(ခြောက်ဆယ့်ရှစ်) ခုနှစ်၊ ကဆုန်လ | ၃၁၅ |
| ဂ | ဂန္ထတရားများကလည်း | ၁၁၁ |
| | ဂန္ဓဗ္ဗတာနံ သီလဂန္ဓော အနုတ္တရော | ၁၅၉ |
| | ဂျိန်းဒဿနသည်လည်း | ၃၆ |
| င | ငါကိုဗဟိုပြုသည်နှင့်တစ်ပြိုင်နက် | ၃၀၃ |
| | ငါကိုရှေ့တန်းတင်ပြီးလုပ်နေပါက | ၁၁၇ |
| | ငါ, ငါ့တိုင်းပြည်, ငါ့လူမျိုး, ငါ့ကမ္ဘာ | ၆၇ |
| | ငါနည်းနည်းသေလျှင် | ၆၈ |
| | ငါဖြင့်ဆုံးဖြတ်ခြင်းထက် သူဖြင့်ဆုံးဖြတ်ခြင်းက | ၃၃၉ |
| | ငါမပါဝင်ရအောင်အားထုတ်ခြင်းဟူသည် | ၆၈ |
| | ငါဟူသည်မှာ | ၅၆ |
| | ငါ၏ကိုယ်သည်ပူလောင်ခဲ့ပြီ | ၃၅၉ |
| | ငတ်မွတ်ခြင်းခုပ္ပိပါသ | ၁၇၀ |
| | ငိုက်မျဉ်းခြင်းထိနမိဒ္ဓ | ၁၇၁ |
| | ငြိမ်သက်မှုသည် | ၄၅ |
| | ငြိမ်းချမ်းသောဘဝမျိုးထူထောင်လိုလျှင် | ၁၃ |
| စ | စရဏ | ၄၅ |
| | စာကောင်းပေကောင်း | ၇၈ |
| | စာပေနှင့်ပတ်သတ်၍ဆိုရလျှင် | ၇၈ |
| | စာပေအမြင် | ၇၇ |
| | စာပေအသိ | ၇၂ |
| | စိရံကာလဘာဝနာ၏အနက်မှာ | ၃၁၁ |
| | စူဠာမဏီစေတီတည်၍ပူဇော် | ၂၇၈ |
| | စေတနာကိုသာ ကံဟူ၍ငါဆို၏ | ၆၃ |
| | စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ | ၉၇ |
| | စက်ဟူ၍လည်းကောင်း၊ဝဋ်ဟူ၍လည်းကောင်း | ၁၁၂ |
| | စကြဝဠာမင်းဟူသည်ကား | ၃၁၇ |


www.burmeseclassic.com

www.burmeseclassic.com


| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| စ | စင်ကြယ်သောဝါသနာ | ၈၄ |
| | စစ်မှန်သောခေါင်းဆောင်ဖြစ်ပါမှ | ၁၈၅ |
| | စိတ်စွမ်းအင်သည် ရုပ်စွမ်းအင်ထက် | ၁၄၇ |
| | စိတ္တကိုလည်းဣဒ္ဓိပါဒ်ထိုက်အောင် | ၂၉၃ |
| | စိတ်သည်အနုမြူသဖွယ်ဖြစ်လျှင် | ၁၁၂ |
| | စိတ်ဟူသည်သူ့ချည်းဖြစ်နိုင်သည်မဟုတ် | ၁၁၂ |
| | စိတ်၏တောင့်တမှုကို | ၃၆၅ |
| | စိတ်၏ပင်ကိုဗီဇဓာတ်အမြင် | ၈၃ |
| | စိတ်၏ပင်ကိုသဘောရင်း | ၈၂ |
| ဆ | ဆရာများတွင်ထူးခြားသောအမျိုးသမီးများ | ၂၃ |
| | ဆင်းရဲသားများကိုးကွယ်သောနတ် | ၂၉ |
| | ဆန္ဒကိုလည်းဣဒ္ဓိပါဒ်ထိုက်အောင် | ၂၉၃ |
| | ဆန္ဒများလည်းငါးမျိုးရှိ၏ | ၃၃၁ |
| | ဆန့်ကျင်ဖက်ခေါင်းဆောင်ကိုဥပဃာတက | ၃၀၈ |
| | ဆန့်ကျင်ဖက်နောက်လိုက်ကိုဥပပီဠက | ၃၀၈ |
| ဇ | ဇယဒီသမင်းကြီးသည် | ၁၅၃ |
| | ဇာတိဿရဉာဏ်စွမ်းအင်သည် | ၃၂၆ |
| | ဇာတ် သရဏာတော ဘယံ (ကိုးကွယ်ရာမှ ဘေးဖြစ်) | ၉၅ |
| | ဇီဝများ၏ ရှုထောင့် | ၄၅ |
| | ဇူဇကာပုဏ္ဏား | ၁၃၉ |
| | ဇူဇကာပုဏ္ဏားကား ချမ်းသာဒဏ်ခံနိုင်သူမဟုတ် | ၁၄၃ |
| | ဇူဇကာသည်လမ်းမှား၍ | ၁၄၁ |
| | ဇိုရိုစတား | ၄ |
| | ဇာတ်တော်များကိုလေ့လာကြည့်သောအခါ | ၁၀၂ |
| ဉ | ဉာဏသမ္ဘာရသည် | ၈၅ |
| | ဉာဏ်တော်၏အစွမ်းသုံးပါး(သဗ္ဗညုတဉာဏ်) | ၃၈၃ |
| တ | တကယ်တမ်းမြင့်မြတ်သူများမှာ | ၅၃ |
| | တကယ့်အာဇာနည်ယောကျ်ား | ၃၈၂ |
| | တဏှာကိုကာလအားဖြင့်ခွဲလျှင် | ၃ |
| | တဏှာကိုတွေ့အောင်ရှာနိုင်လျှင် | ၉ |
| | တဏှာများများသေလျှင် | ၆၈ |
| | တဏှာသည်။ တဏှာသုံးမျိုး | ၃ |


www.burmeseclassic.com

www.burmeseclassic.com

| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| တ | တနကေတ္တဝိပဿတိ | ၁၇၂ |
| | တရားကိုစာအုပ်ကကွယ်တတ်သည် | ၁၉၂ |
| | တရားကိုသိရုံနှင့်လည်းမပြီးသေး | ၃၂၂ |
| | တရားဘာဝနာပွားများမှုတွင် | ၂၃ |
| | တရားသိ | ၇၂ |
| | တာသပဟူသည် | ၄၅ |
| | တာဝတိံသာနတ်ပြည်၌ စူဠာမဏိ | ၃၅၃ |
| | တာဝတိံသာမှ လူ့ပြည်၌ | ၁၃၁ |
| | တာဝန်ဟူသည်အားလုံးတစ်ပြေးတည်းမဟုတ် | ၁၈၂ |
| | တုသိတာနတ်ပြည်မှ စုတေလာသူ | ၃၁၃ |
| | တေမိယဇာတ်တော် | ၂၆၄ |
| | တောသစ်ပင်များ၏ အနီးအပါး၌သာ | ၃၈၁ |
| | တော်လှန်ရေးသဘောကိုဆောင် | ၄ |
| | တကြိမဇ္ဈတ္တတာ၏အနက်မှာ | ၂၈၉ |
| | တောင်ထိပ်ရောက်ပြီးသူ | ၁၁ |
| | တစ်စတစ်စစွန့်ဝံ့မှလျှင် | ၁၅၀ |
| | တိတ္ထိကြီး ၆-ယောက်တို့မှာ | ၃၉ |
| ထ | ထိုခေတ်အစဉ်အလာအရ | ၁၃၄ |
| | ထိုစဉ်ကထင်ရှားသောကျင့်စဉ်များမှာ | ၃၅၅ |
| | ထိုဓမ္မဝါဒီများကား | ၄၉ |
| | ထိုသမာဓိမျိုးကို ရရှိပိုင်ဆိုင်ပါမှ | ၁၈၁ |
| | ထင်ပေါ်ကျော်ကြားခြင်း | ၂၆၁ |
| | ထင်ရှားသောခရီးရှည်လမ်းမကြီး(မဇ္ဈိမဒေသ) | ၂၇ |
| ဒ | ဒါနမှသရဏာသို့ | ၁၁၇ |
| | ဒါန၏အနှစ်သာရမှာ | ၂၅၈ |
| | ဒီသာပါမောက္ခဆရာကြီးထံပညာသင်သွားနိုင်သူများ | ၁၉ |
| | ဒုက္ခလနှင့်ပါရိကာမိဘနစ်ပါးတို့ | ၂၈၄ |
| | ဒုစရိုက်ဆိုရာတွင် | ၁၅၁ |
| | ဒေါသနှင့်တူသောရာဇဝတ်မှုမည်သည်မရှိ | ၁၄၅ |
| | ဒသနဟူသည်မှာ | ၈ |
| | ဒိဋ္ဌိစွန်း | ၇၁ |
| | ဒုက္ခကိုရှာခြင်း | ၈ |

www.burmeseclassic.com

www.burmeseclassic.com


| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဒ | ဒုက္ခစုစုပေါင်း ၂၁–မျိုး | ၃၅ |
| | ဒုက္ခမှလွတ်ရန်နည်းလမ်းသစ်နှစ်မျိုးသာ | ၂၇ |
| | ဒုဿစေတီတည်၍ပူဇော် | ၂၇၈ |
| | ဒဏ္ဍာရီတစ်ခု | ၁၇၄ |
| | ဒွိဇ၏အနက်မှာ | ၃၄၃ |
| ဓ | ဓမ္မထွန်းကားရန်ဆိုသည်မှာ | ၄၉ |
| | ဓမ္မသဘာဝဒ္ဒြဖြတ်လမ်းဟူ၍မရှိ | ၁၄၁ |
| | ဓမ္မသစ္စာဖေါက်ဟူ၍ဆိုရ၏ | ၂၄၉ |
| | ဓမ္မသစ်ဖြစ်မှ အားသစ်ဖြစ်၏ | ၂၅၅ |
| | ဓမ္မအားဖြင့်ဂေါတြဘူတိုင်အောင် | ၂၀၃ |
| | ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ | ၁၆၄ |
| န | နာနာက္ခဏိကကမ္မအဆင့်ရောက်မှ | ၁၁၀ |
| | နာမင်း၏ပိုင်နက်ကို လွှန်မြောက်ရန် | ၃၄၄ |
| | နိမိတ္တကာရဏဟူသည် | ၃၁၃ |
| | နိယတိဒ္ဓိသင်္ဂီတိလည်းပါ | ၄၁ |
| | နေရဥ္စရာမြစ်သို့မျှောလိုက်ရာ | ၃၇၀ |
| | နောက်ဆုံးအမိန့်တော်ကိုနားစိုက်နေကြစဉ် | ၃၈၈ |
| | နောက်မဆုတ်ဘဲကြံ့ကြံ့ခံ၍လုပ်ပါက | ၁၂၈ |
| | နောက်လိုက်ကိုဥပဋ္ဌမ္ဘက | ၃၀၈ |
| | နိုင်ငံမှနှင်ထုတ်ရန် | ၁၃၄ |
| | နိုင်ငံရေးသမားများ၏အဆိုအမိန့်အရ | ၁၆၇ |
| | နေက္ခမ္မပါရမီကိုဖြည့်ကျင့်ရာ၌ | ၁၈၇ |
| | နေက္ခမ္မပါရမီနှင့်ပတ်သတ်၍ | ၁၈၆ |
| | နေက္ခမ္မ၏ဆိုလိုရင်းမှာ | ၁၆၉ |
| | နည်းခံရန်ဆရာရှာရင်း | ၃၅၇ |
| | နတ္ထိကဒိဋ္ဌိဟုဆို၏ | ၂၂၀ |
| | နတ်ဒေဝါများကိုပူဇော်ကြရာ | ၂၈ |
| | နတ်သုဓာ တစ်တင်းခွဲ | ၁၆၂ |
| | နတ်မျက်စိနှင့်တူသောမျက်စိ | ၃၆၄ |
| | နန္ဒိရာဂသဟဂတာဟူသည် | ၆၆ |
| | နိဗ္ဗာန်ကိုမယူသေးဘဲ | ၁၈၄ |
| | နိဗ္ဗာန်ကိုမျက်မှောက်ပြုလျှင်ရနိုင်ပါလျက် | ၁၈၂ |


www.burmeseclassic.com

www.burmeseclassic.com

| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| န | နိဗ္ဗာန်ဟူသည်မှာ | ၄၇–၆၈ |
| | နျာယဒဿနအရအတ္တသည် | ၃၅ |
| | နှစ်ပေါင်းခုနစ်ထောင်တိုင်တိုင်မင်းအဖြစ် | ၂၁၇ |
| | နှစ်သက်ဖွယ်ရတိ | ၁၃၈ |
| | နယ်နယ်ရရမဒ္ဒီဒေဝီမဟုတ် | ၁၃၇ |
| | နှုတ်တစ်ရာစာတစ်လုံးဟူသောဥပဒေသ | ၂၄၆ |
| ပ | ပကတိသည်အနတ္တ | ၄၀ |
| | ပဒလက္ခဏမန္တာန်ကိုသင်ပေးလိုက်၏ | ၂၅၁ |
| | ပဒေသီတစိတ္တ–နတ်ဗြဟ္မာများပူးဝင်သည့်စိတ် | ၃၂၃ |
| | ပဓာနကျသောအင်္ဂါနှစ်ရပ်ရှိ၏ | ၅၃ |
| | ပပဉ္စတရားကိုအားပြု၏ | ၁၁၆ |
| | ပပဉ္စမျက်စိဟူသည် | ၁၀ |
| | ပပဉ္စသိဟူသည်မှာ | ၆၁ |
| | ပရတောဃောသောအနေဖြင့် | ၁၉၃ |
| | ပရမတ္ထသစ္စာအရ | ၅၂ |
| | ပရိဗ္ဗာဇကဟူသည် | ၄၅ |
| | ပါရမီချစ်ကို | ၂၇၇ |
| | ပါရမီဆယ်ပါး | ၅၁ |
| | ပါရမီဆယ်ပါး၏အနှစ်အရသာများ | ၃၀၅ |
| | ပါရမီတွင်ကရုဏာလည်းပါဝင်၏ | ၉၃ |
| | ပါရမီမြောက်သောကုသိုလ်သည် | ၁၆၆ |
| | ပါရမီသဘောကိုအကျဉ်းအားဖြင့်ဆိုရလျှင် | ၁၄၉ |
| | ပါရမီသဘောအရလုပ်ပါသော်လည်း | ၃၁၂ |
| | ပါရမီဟူသမျှသည် | ၆၃ |
| | ပါရမီဟူသည် | ၅၁ |
| | ပီဠိယက္ခမင်း | ၂၈၄ |
| | ပုထုဇဉ်နယ်ပယ်တွင်း၌သာသစ္စာထိုက် | ၁၂ |
| | ပုရိသသည်အတ္တ | ၄၀ |
| | ပူရဏကဿပသည်သချ်ဝါဒီ | ၄၀ |
| | ပေါရိသာဒဘီလူးက | ၁၆၄ |
| | ပေါက္ခရဝဿမိုးကိုရွာစေမှု | ၁၄၃ |
| | ပေါဋ္ဌပါဒပရိဗိုဇ်၏ကျောင်းတိုက် | ၃၈၆ |

www.burmeseclassic.com

www.burmeseclassic.com

| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| ပ | ပိုက်သာဂိုရပ်စ် | ၄ |
| | ပစ္စဘိညာဆိုသည်မှာ | ၃၄၁ |
| | ပစ္စည်းကသူချည်းမနေ | ၁၇၆ |
| | ပစ္စည်းဥစ္စာကိုလှူလျှင် | ၂၅၈ |
| | ပစ္စုပ္ပန်ကောင်းလျှင် | ၆ |
| | ပဉ္စဝဂ္ဂီတို့သည်ငါ၏ထံမှဖဲခွာ | ၃၆၃ |
| | ပညာဖြစ်ဖို့အတွက်အဆင့်အားဖြင့်နှစ်ဆင့် | ၁၉၀ |
| | ပညာများခြင်းသည် | ၇၃ |
| | ပညာသမာ အာဘာ နတ္ထိ | ၁၉၃ |
| | ပညတ်တရားများကိုအသုံးချတတ်လျှင် | ၁၂၄ |
| | ပုညသမ္ဘာရသည် | ၈၅ |
| | ပုဏ္ဏကသည်ဝိစ္စရသုခမိန်၏အကြောင်းကို | ၃၃ |
| | ပတ်ဝန်းကျင်ဒုက္ခ | ၁၈၀ |
| | ပုတ္တပရိက္ခာဂ | ၁၄၀ |
| | ပုဗ္ဗေနိဝါသာနုဿတိဉာဏ် | ၃၆၃ |
| | ပျက်ချိန်ရောက်ပါလျက် | ၅၅ |
| ဖ | ဖောက်ပြန်စွာသိခြင်းဝိပ္ပလ္လာသ | ၁၈၈ |
| | ဖုဿရထားကိုလွှတ်၍ ရှာလေရာ | ၂၁၆ |
| | ဖြူစင်သောစိတ်ထားဖြင့်လုပ်ပါက | ၁၂၈ |
| | ဖြူစင်သောသမာဓိဟူသည် | ၈၀ |
| | ဖွားမြင်ပြီးသည်နှင့်တစ်ပြိုင်နက် | ၃၁၉ |
| | ဖွားမြင်သောနေရာမှာလည်း | ၃၁၅ |
| ဗ | ဗဟုသုတများပြားခြင်း | ၇၃ |
| | ဗိသုကာတဏှာလောဘ | ၁၇၇ |
| | ဗောဓိပက္ခိယသို့ဦးတည်မှ | ၁၄ |
| | ဗောဓိရာဇကုမာရ | ၃၅၈ |
| | ဗုဒ္ဓကောလာဟာလ | ၄၈ |
| | ဗုဒ္ဓကောလာဟာလဖြစ်ချိန် | ၇၆ |
| | ဗုဒ္ဓကိုယ်တိုင်ကျူးရင့်ထားတော်မူသည် | ၉ |
| | ဗုဒ္ဓဘာသာဟူ၍ ပေါ်လာရခြင်းမှာ | ၁၄၁ |
| | ဗုဒ္ဓဝံသပါဠိတော်မြန်မာပြန် | ၅၀ |
| | ဗုဒ္ဓအဘိဓမ္မာအရ | ၁၅ |


www.burmeseclassic.com

www.burmeseclassic.com

| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဗ | ဗိုလ်ခြေတစ်ထောင်တင်ရသောလေးဖြင့် | ၃၂၇ |
| | ဗြဟ္မစရိယတာဝန်အရ | ၂၂ |
| | ဗြဟ္မစိုရ်တရားဟူသည်မှာ | ၅၇ |
| | ဗြဟ္မစိုရ်မျက်စိမရှိလျှင် | ၁၀ |
| | ဗြဟ္မာမင်းများ၏မကိုဋ် | ၉၁ |
| | ဗြဟ္မာယုပါမောက္ခကြီးသည် | ၃၈၂ |
| ဘ | ဘဝခရီး၏တူရူနှစ်ဖက် | ၅၆ |
| | ဘဝဇာတ်လမ်းဟူသမျှဒြ် | ၁၄၆ |
| | ဘဝပျောက်နေသူများ | ၁၉၁ |
| | ဘဝ၏ဖွဲ့စည်းမှုဒုက္ခဟူ၍ | ၂၉၅ |
| | ဘဝသည်ကာလအားဖြင့် | ၃၀၈ |
| | ဘဝဟူသည်မှာ | ၅၄ |
| | ဘဝ၏ဖန်တီးရှင်များ | ၂၆၇ |
| | ဘာမျှရှိသည်မဟုတ် | ၄၆ |
| | ဘာဝနာမှမောက္ခကိုရ၏ | ၁၁၇ |
| | ဘာသာတရား၏မူရင်းရည်ရွယ်ချက် | ၇ |
| | ဘာသာရေးသည်ပစ္စုပ္ပန်၏ဘဝလမ်းညွှန်လည်းဖြစ် | ၆ |
| | ဘီလူးကမီးမွှေးခိုင်းပြန်၏ | ၁၆၀ |
| | ဘီလူးထံအစားသွားခံမည်ဖြစ်၍ | ၁၅၈ |
| | ဘုရားအလောင်းတော်ဖြစ်လျှင် | ၁၂၂ |
| | ဘုရားဖြစ်ချင်၍ ဘုရားဖြစ်ခြင်းမဟုတ် | ၁၆၃ |
| | ဘုရားအလောင်း၏အမည်မှာကုဏ္ဍလ | ၂၃၃ |
| | ဘုရင်ကောင်းလျှင် နိုင်ငံကောင်း၏ | ၃၃၅ |
| | ဘုရင်ဖြစ်လာလျှင်ဘုရင့်တာဝန်ကို | ၃၂၉ |
| | ဘက်လိုက်တတ်သောသဘောမရှိမှ | ၁၃ |
| | ဘုန်းပညာနှင့်ပြည့်စုံသည်ကတော့အမှန် | ၃၁၈ |
| မ | မငြိမ်သက်မှုဟူသည် | ၄၅ |
| | မပြောင်းလဲနိုင်သောအမှန် | ၁၁ |
| | မလျော့သောဖွဲလုံ့လ | ၁၂၈ |
| | မသိခြင်းအပွင့်ပတ္တိ | ၁၈၈ |
| | မသိစိတ်ကစမ္မဘက်တော်သား | ၁၀၄ |
| | မသိစိတ်၏ကိုယ်ရောင်ဖျောက်ခြင်း | ၇၇ |

www.burmeseclassic.com

www.burmeseclassic.com


| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| မ | မဟာကပိဇာတ်၏အကျဉ်းချုပ် | ၂၃၆ |
| | မဟာကျင့်ဝတ်ငါးပါး(ဂျိန်းဒဿန) | ၃၇ |
| | မဟာဇနက စီးပွားရှာခြင်းသည်ကား | ၂၂၁ |
| | မဟာဇနကမင်းကြီးတွင်သားတော်နှစ်ပါး | ၂၁၂ |
| | မဟာဇနကမင်းသားနှင့်မဏိမေခလာ | ၂၁၅ |
| | မဟာဇနကဟူသည်မှာ | ၂၁၄ |
| | မဟာမိတ္တဝိန္ဒကဇာတတော်သည် | ၁၀၅ |
| | မဟာလောမဟံသဇာတ် | ၂၉၅ |
| | မဟာဝဇိရဝိပဿနာဉာဏ်တော် | ၃၇၃ |
| | မဟာဝီရနှင့်ဗုဒ္ဓ | ၄ |
| | မဟာဝီရအမည် | ၄၆ |
| | မဟာသုတသောမဇာတ် | ၂၅၀ |
| | မဟာသက္ကရာဇ် ၉၇-ခုနှစ် | ၃၅၃ |
| | မဟာသက္ကရာဇ် ၁၀၃-ခု | ၃၆၉ |
| | မအ ဘဲလျက် အ ချင်ယောင် | ၂၆၅ |
| | မာဂဏ္ဍီမိဖုရားသည် | ၃၈၅ |
| | မာနစွန်း | ၇၁ |
| | မိဂါဇိနိ်ဥယျာဉ်သို့ရောက်သောအခါမြေမျို | ၂၃၇ |
| | မိဖုရားပေါင်းသောင်းခြောက်ထောင်ရှိ | ၁၈၇ |
| | မိဘနှစ်ပါးကိုသာတမ်းတနေ | ၂၈၄ |
| | မိမိကိုယ်ကို တစ်စင်ထောင်ခြင်း | ၁၇၃ |
| | မိမိတို့၏ဆန္ဒသည် ဣန္ဒြိယါဒ်ဖြစ်လာ၏ | ၁၄၂ |
| | မိမိမှုလခံယူချက်နှင့်ညီအောင်ဆောင်ရွက်ပါက | ၁၂၈ |
| | မိမိသည်သာမိမိအတွက်ချစ်စရာအကောင်းဆုံး | ၂၁၀ |
| | မိမိအတွက်ဆိုလျှင်ကာမရတိ | ၁၇၀ |
| | မိမိ၏ချမ်းသာကိုသတ္တဝါတိုင်းလိုချင် | ၃၈၇ |
| | မိမိ၏ရှေ့တည့်တည့်ကိုသာကြည့်ပြီး | ၂၄၂ |
| | မိသားစုချစ်ကို | ၂၇၆ |
| | မုသာဝါဒကံကိုသာ မထိန်းသိမ်းနိုင်ပါလျှင် | ၂၄၇ |
| | မောဟကိုမြန်မာဝေါဟာရအားဖြင့် | ၁၈၈ |
| | မောက္ခဟူသည် | ၉၄ |
| | မိစ္ဆာတပသဘောကိုဆောင်၏ | ၂၃၃ |


www.burmeseclassic.com

www.burmeseclassic.com


| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| မ | မိစ္ဆာဒိဋ္ဌိ၏ဆန့်ကျင်ဘက် | ၆၄ |
| | မိစ္ဆာဒိဋ္ဌိ၏နောက်ဒဏ် | ၁၃၂ |
| | မင်းကောင်းမင်းမြတ်တို့၏ခံယူချက်အဓိဋ္ဌာန် | ၁၃၃ |
| | မင်းဘေးမှလည်းကောင်းဟူ၍ | ၁၉ |
| | မဇ္ဈိမဒေသတွင်(မျိုးနွယ်စု ၂-ခု) | ၂၇ |
| | မဇ္ဈိမဒေသတွင်(လုပ်ငန်းကြီး ၃-ခု) | ၂၄ |
| | မဇ္ဈိမဒေသမှတိုင်းကြီး ၁၆ -တိုင်း | ၁၈ |
| | မဇ္ဈိမဒေသ၏အစဉ်အလာဓလေ့ | ၂၅ |
| | မဇ္ဈိမပဋိပဒါသဘောကိုနားလည်ပါက | ၁၀၈ |
| | မဇ္ဈိမပဋိပဒါသို့ဝင်လျှင် | ၇၂ |
| | မဇ္ဈိမပဋိပဒါဟူသည် | ၁၃ |
| | မဇ္ဈိမပဋိပဒါအပေါ်အခြေခံသော | ၁၄ |
| | မည်သူကိုမျှချစ်လိမ့်မည်မဟုတ် | ၉၄ |
| | မေတ္တာစေတနာတို့၏အတိမ်အနက်ကို | ၃၆၇ |
| | မေတ္တာစွမ်းအင်ပြ-ဇာတ် | ၂၇၈ |
| | မေတ္တာ၏တရားကိုယ်မှာ | ၂၇၄ |
| | မာရ်နတ်ကိုအောင်နိုင်လိုက်သောနေ့ | ၃၇၂ |
| | မာရ်နတ်၏တပ်မဆယ်တပ်တွင် | ၇၀ |
| | မာရ်နတ်၏ဒုတိယတပ်မဒဏ်ကျဆုံး | ၁၇၀ |
| | မာရ်နတ်၏ပထမတပ်မဟူ၍ | ၂၆၁ |
| | မျိုးချစ်စိတ်သည်လည်းဘဝကိုစတေးနိုင် | ၂၃၉ |
| | မျောက်မင်းသည်ချောက်တွင်းသို့ဆင်းပြီး | ၂၃၇ |
| | မြက်ရှစ်ဆုပ်ကိုကျဲလိုက်၏ | ၃၇၁ |
| | မြင့်မြတ်ခြင်းကြောင့်သည်းခံသည် | ၂၃၀ |
| | မြင့်မြတ်သူတို့၏လုပ်ဆောင်ခြင်း | ၁၄၈ |
| | မြင့်မြတ်သူများဟူသည် | ၅၁ |
| | မြင့်မြတ်သူများသည်လောကအတွက်နတ်ပန်း | ၁၀၅ |
| | မြတ်စွာဘုရားကို မြန်မာအဖြစ်မြင်၏ | ၉၂ |
| | မြတ်စွာဘုရားဆိုလျှင် | ၁၂၂ |
| | မြတ်စွာဘုရားနှင့် အရှင်ပုဏ္ဏတို့၏အမေးအဖြေ | ၂၃၁ |
| | မြတ်စွာဘုရားပွင့်တော်မမူမီ | ၄၆ |
| | မြတ်စွာဘုရားအဖြစ်သို့ရောက်နိုင်အောင် | ၅၉ |


www.burmeseclassic.com

www.burmeseclassic.com


| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| မ | မြတ်နိုးဖွယ်ရသ | ၁၃၈ |
| | မှားယွင်းစွာသိခြင်းမိစ္ဆာပဋိပတ္တိ | ၁၈၈ |
| | မှတ်သားဖွယ်ဂါထာ(ဓိနာလင်္ကာရ) | ၃၇၇ |
| | မှန်ကန်သောဓမ္မများလွှမ်းမိုးနိုင်ရေးအတွက် | ၁၄၁ |
| | မျှော်လင့်ချက် | ၃ |
| ယ | ယထာဘူတဉာဏ်ကိုလမ်းခင်းပေး၏ | ၂၂၅ |
| | ယနေ့ကမ္ဘာ၌ငြိမ်းချမ်းမှုမရှိ | ၁၅၃ |
| | ယနေ့တစ်မှုစလုပ်လျှင် | ၃၃၃ |
| | ယောဂဒဿန၏လမ်းစဉ်များ | ၃၅ |
| | ယောကျ်ားဟူသည်ဤလူ့ပြည်မှာ | ၃၀၇ |
| | ယင်းလုပ်ငန်းမျိုးကိုသာပါရမီဟူ၍ | ၁၉၀ |
| | ယဇ်ပူဇော်ခြင်းကိုကုသိုလ် | ၄၀ |
| | ယစ်ပူဇော်ရုံမျှနှင့်တော့ | ၃၀ |
| | ယုံမှားမှုဝိစိကိစ္ဆာ | ၁၇၂ |
| ရ | ရဟန္တာဗြဟ္မာကြီးများသည် | ၃၃၆ |
| | ရဟန်းဟူသည် | ၃၄၈ |
| | ရာဂနှင့်တူသောမီးမည်သည် | ၁၄၅ |
| | ရာဟုလိုပါတကား | ၃၄၉ |
| | ရေပွက်ပမာသာဖြစ်၏ | ၅၄ |
| | ရိုးသားခြင်းဟူသည်မှာ | ၁၃၆ |
| | ရိုးသားဖြူစင်ဖြောက်မတ်ဖို့ | ၁၄၂ |
| | ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားသော် | ၁၅၇ |
| | ရှင်ဒေဝဒတ်မြေမျိုခါနည်း၌ | ၅၇ |
| | ရှင်ရသေ့အားဆူးကြိမ်လုံးဖြင့်ရိုက် | ၂၃၅ |
| လ | လာဘကိုရခြင်း | ၉၈ |
| | လူကိုကြည့်ပါ | ၄၇ |
| | လူကိုကြည့်သောအခါ | ၁၅ |
| | လူစင်စစ်ကဗြဟ္မာဘဝဖြင့်နေခြင်း | ၂၇၅ |
| | လူစစ်စစ်ဖြစ်မည် | ၁၂၉ |
| | လူတန်းစားအားဖြင့်လေးမျိုး | ၂၀ |
| | လူဖြစ်နေပါလျက် | ၅၅ |
| | လူသားစားသူပေါရိသာဒ | ၂၅၉ |


www.burmeseclassic.com

www.burmeseclassic.com


| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| လ | လူသားစစ်စစ်ကအသက်ရှင်လျက်ပြဟ္မာဖြစ် | ၈၃ |
| | လူသားတို့၏စွမ်းပကားကို | ၃၂၄ |
| | လူ့တာဝန်ကိုဆောင်ရွက်ရာတွင် | ၁၆ |
| | လူထက်လူ–လူတို့၏မကိုင်း | ၃၇၇ |
| | လူ့ဘဝကိုရလာ၍လူဖြစ်လာလျှင် | ၃၂၀ |
| | လူ့ဘဝ၏ဇီဇဟူသည် | ၂၁၉ |
| | လေးအတတ်ပြပွဲကိုကျင်းပ | ၃၂၈ |
| | လောကကိုကြည့်ရာတွင် ကာလ,ဓမ္မ စသည် ၆–မျိုး | ၁၃ |
| | လောကဖြစ်စဉ်များတွင် | ၇၉ |
| | လောက ,ဘဝ ,မောက္ခ –တို့နှင့်ပတ်သက်၍ | ၄၅ |
| | လောကသင်္ဂဟဟူသည်မှာ | ၅၉ |
| | လောကသည်အကန်းသဖွယ် | ၁၆၅ |
| | လောကအတွက်ငြိမ်းချမ်းမှုချမ်းသာ | ၃၃၇ |
| | လောကအတွက်ဆေး | ၁၂၅ |
| | လောကအတွက်လိုအပ်လျှင် | ၁၈၄ |
| | လောကချမ်းသာသုခဟူသည် | ၈၁ |
| | လောက၏အနိုင်းမဲ့စွမ်းပကားကို | ၃၂၅ |
| | လောကီအကျိုးစီးပွားဘက်တွင် | ၄၆ |
| | လောကတ္တစရိယသို့ဦးတည်၏ | ၁၁၈ |
| | လောကတ္တစရိဟုဆိုရ၏ | ၁၁၅ |
| | လောကုတ္တရာအကျိုးစီးပွားဘက်တွင် | ၄၆ |
| | လောဘရမ္မက်၏ဖန်ဆင်းမှု | ၆ |
| | လောဘဟူသည် | ၁၁၈ |
| | လိုချင်ခြင်းသည် | ၁၁၈ |
| | လုပ်ငန်းနှင့်အပြိုင်အကျိုးပေးခြင်းကို | ၂၁၈ |
| | လုပ်သင့်လုပ်ထိုက်သောလုပ်ငန်း | ၁၂၈ |
| | လုပ်ရန်လိုသည်ကား | ၂၇၁ |
| | လယ်ထွန်မင်္ဂလာကို | ၃၁၈ |
| | လွတ်မြောက်ကြောင်းပါဠိအနက် | ၃၃ |
| | လှူရမည့်အလှူကလည်း | ၁၃၃ |
| | လှုပ်ရှားမှုကိုပင်စွမ်းအင် | ၁၅ |
| ဝ | ဝိရုဠှကတ်သည်စိတ်ဝင်စားဖွယ်ကောင်း | ၁၉၄ |


www.burmeseclassic.com

www.burmeseclassic.com

| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ဝ | ဝိဓုရ၏နှလုံးသားကိုတရားသဖြင့်ရပါမှ | ၁၉၅ |
| | ဝိပဿနာဉာဏ် | ၈၇ |
| | ဝိရာဂဉာဏ်သည်ဝင်လာမည်ဖြစ်၏ | ၂၂၆ |
| | ဝိရောဓိဟူသည် | ၇၄ |
| | ဝိဝဋ္ဋသုခကိုလိုချင်ပါမှ | ၉၂ |
| | ဝိသယသူ့ရွှေးသည် | ၁၄၉ |
| | ဝိသေသနသည်ဂုဏ် | ၂၉၄ |
| | ဝိသုဒ္ဓိမဂ်၌"ကတ္တဗ္ဗမေဝိခံ"ဟူ၍ | ၁၂၇ |
| | ဝီတိက္ကမကိလေသာများကိုပယ်ရာ၌ | ၁၉၅ |
| | ဝီမံသကိုလည်းဣဒ္ဓိပါဒ်ထိုက်အောင် | ၂၉၃ |
| | ဝီရိယကိုလည်းဣဒ္ဓိပါဒ်ထိုက်အောင် | ၂၉၃ |
| | ဝီရိယ၏အနက်မှာ | ၂၀၆ |
| | ဝိဇ္ဇာဆိုသည်မှာအလင်း၏သင်္ကေတ | ၁၆၅ |
| | ဝိဇ္ဇာနှင့်အဝိဇ္ဇာတို့၏ခြားနားချက် | ၃၄ |
| | ဝိဇ္ဇာယတနအုပ်စုတွင် | ၁၉ |
| | ဝဋ္ဋသီသမျက်စိဖြင့်ကြည့်ပါက | ၁၀၅ |
| | ဝဋ္ဋသုခကိုလိုချင်လျှင် | ၉၂ |
| | ဝမ်းရေးကိုအကြောင်းပြု၍ | ၁၅၂ |
| သ | သတာရဟဂါထာဟူသည်မှာ | ၂၅၂ |
| | သတျဂြဟ၏အနက်မှာ | ၂၅၆ |
| | သပြေပင်ရိပ်ကားမပြောင်း | ၃၁၉ |
| | သဘာဝတရားဟူသည် | ၅၈ |
| | သမဘာဝဒဿနဟူ၍ဆိုရ၏ | ၂၉၂ |
| | သမာဓိဉာဏ်မျက်စိဖြင့်သာမြင်နိုင်သောတရား | ၁၀ |
| | သမုဒယသစ္စာကိုအဆင့်ဆင့်ပယ်သတ်နိုင် | ၅ |
| | သမုဒ္ဒရာ၌ကူးနေစဉ်အတွင်း | ၂၁၄ |
| | သမိုင်း၌အလိမ်သည်ပေါ်လေ၏ | ၂၆၃ |
| | သရဏဟူသည် | ၉၄ |
| | သာဒ္ဒေယျဟူသည် | ၆၄ |
| | သာဓုနရ-လူကောင်းတရား | ၁၉၉ |
| | သာမညသဘောဆိုသည် | ၁၆ |
| | သာမန်လူများနှင့်မြင့်မြတ်သူများ၏ခြားနားချက် | ၁၀၂ |

www.burmeseclassic.com

www.burmeseclassic.com

| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| သ | သာမန်လူသည် | ၅၄ |
| | သာသနာပကုသိုလ်ကောင်းမှုလုပ်နည်းဟူ၍ | ၁၁၆ |
| | သားတော်ဇာလီနှင့်သမီးတော်ကဏှာဇိန် | ၁၃၁ |
| | သိနိုင်သူများအတွက်ပြက်လုံးသာ | ၃၀၄ |
| | သိလောကကိုရခြင်း | ၉၈ |
| | သိဝိမင်းကြီးသည် | ၁၅၀ |
| | သီလပါရမီနှင့်ပတ်သက်၍ | ၁၅၁ |
| | သီလမှအမတကိုရ၏ | ၁၁၇ |
| | သီလလက်နက်ကိုသာလျှင် | ၁၅၉ |
| | သုစရိုက်များထွန်းကားလာသည်နှင့်အမျှ | ၁၅၁ |
| | သုတသောမမင်းတောင်းသောဆု | ၂၅၃ |
| | သုမေဓာသည်ဗြာဟ္မဏလူမျိုး | ၁၇၅ |
| | သုမိတ္တာကပါရမီဖြည့်ဘက်ဆု | ၁၈၃ |
| | သူကြောင့်ငါရှိခြင်းဖြစ်၏ | ၁၀၃ |
| | သူတော်စင်များကိုပင် တုန်ခါသွားစေနိုင်၏ | ၁၆၈ |
| | သူတို့တကယ်လိုချင်သောဆုမှာ | ၃၈ |
| | သူတစ်ပါးကိုနှိမ်ချပြောဆိုခြင်း | ၁၇၅ |
| | သူ့ကျေးဇူးကိုချေဖျက်မှု | ၁၇၃ |
| | သေမည့်အတူတူအပင်ပန်းမခံ | ၂၁၇ |
| | သေဝိတဗ္ဗအကုသိုလ် | ၉၇ |
| | သေမင်းလွတ်ရာချမ်းသာမျိုးကိုသာ | ၃၄၆ |
| | သောဝစဿတာဂုဏ် | ၁၃၉ |
| | သံယောဇဉ်ကြိုးများက | ၁၁၄ |
| | သံဝေဂနိမိတ်ဟူသည်မှာ | ၃၄၅ |
| | သံသယဝါဒီ | ၄၅ |
| | သံသရာချမ်းသာကိုဦးတည်သောကံ | ၁၀၀ |
| | သံသရာမှလွတ်ဖို့ဟူသည်မှာ | ၆၈ |
| | သက္ကာရကိုရခြင်း | ၉၈ |
| | သက္ကစ္စဘာဝနာအရ | ၃၁၂ |
| | သက်မဲ့လည်းစကားပြောတတ်၏ | ၁၃၇ |
| | သစ္စာတရားများ၏လျှို့ဝှက်ချက် | ၈၈ |
| | သစ်ပုဏ္ဏားသည် | ၁၄၉ |


www.burmeseclassic.com

www.burmeseclassic.com


| အက္ခရာစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| သ | သင်္ချိုဒဿနဂိုဏ်းဝင်ရသေ့ | ၃၃ |
| | သင်တို့မှာပြုစုမည့်မိဘများရှိကြသည်မဟုတ် | ၃၈၇ |
| | သစ္စာ,ဓမ္မ,ဓိတိ,စာဂ | ၂၀၁ |
| | သစ္စာမှတစ်ပါးကိုးကွယ်ရာဟူ၍မရှိ | ၂၁၃ |
| | သစ္စာလေးပါးကိုရဖို့ဆိုသည် | ၃၅၈ |
| | သစ္စာလေးပါးမြတ်တရားသည်ထာဝစဉ်ရှိ | ၃၂၁ |
| | သစ္စာဟူသည် | ၂၄၃ |
| | သဉ္စယဗေလဋ္ဌ | ၄၅ |
| | သည်းခံခြင်းဟူသည်အရာကျယ် | ၂၂၉ |
| | သည်းခံသည်ဆိုရာ၌ | ၂၃၆ |
| | သတ္တဝါဟူ၍တည်ရှိနေခြင်းမှာ | ၁၆၇ |
| | သတ္တဝါအားလုံးတို့၏ဆရာ | ၃၂၄ |
| | သတ္တိရှိခြင်းဟူသည်မှာ | ၁၅၃ |
| | သန္တိလက္ခဏာကိုသိသောအသိ | ၈၇ |
| | သန္တိဝရမည်သောနိဗ္ဗာန်ချမ်းသာ | ၃၅၆ |
| | သန္တိသုခသို့ဦးတည်ခြင်းဟူသည်မှာ | ၁၂၇ |
| | သန္တိဟူသည် | ၄၄ |
| | သိပ္ပါယတနဟူသည် | ၂၀ |
| | သိပ္ပံပညာအရ | ၁၄ |
| | သဗ္ဗညုတဟူသည်မှာ | ၃၇၆ |
| | သဗ္ဗသမ္ဘာရဘာဝနာ၏အနက်မှာ | ၃၀၉ |
| | သမ္ဗန္ဓနှစ်မျိုး | ၈၀ |
| | သမ္မာကမ္မန္တဟူသည်မှာ | ၁၅၁ |
| | သမ္မာဒိဋ္ဌိဖြစ်လျှင် | ၁၆၁ |
| | သမ္မာသမ္ဗုဒ္ဓကို | ၅၃ |
| | သမ္မာအာဇီဝဖြစ်လျှင် | ၁၅၁ |
| | သမ္မုတိသစ္စာအရ | ၅၂ |
| | သုညတချည်းသာ | ၈၃ |
| | သုညတလည်းဟုတ်၏ | ၄၇ |
| ဟ | ဟင်းဟူသမျှ၌ဆားလို | ၁၄၆ |


www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓ
## လောကသားတို့၏ အမှိုင်းမဲ့ကျေးဇူးရှင်

ဤကျမ်းစာကို ထေရဝါဒ-ပထမသင်္ဂါယနာတင် မှစ၍
ဒုတိယ-တတိယ-စတုတ္ထ-ပဉ္စမ-ဆဋ္ဌ သင်္ဂါယနာတင်
ပါဠိတော်-အဋ္ဌကထာ-ဋီကာများ၊အပေါ်၌လည်းကောင်း
လယ်တီဆရာတော်ဘုရားကြီး,
အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ
အစရှိသော ဆရာတော်များ၏
အဆုံးအမကျမ်းစာများအပေါ်၌လည်းကောင်း အမှီပြုပါသည်။

BURMESE CLASSIC

အထူးသဖြင့်-ဗုဒ္ဓကို ကြည်ညိုရန်သာမက
ဗုဒ္ဓ၏အလိုတော်ကျ
မိမိနှင့် သတ္တဝါများ၏ အကျိုးကို
စွမ်းနိုင်သမျှ ကျင့်သုံးတတ်ရန် ရည်ရွယ်ပါသည်။

သဒ္ဓါ ပညာ နှစ်ပါးဖြင့်
ဝေဖန်ကျင့်သုံးတော်မူနိုင်ကြပါစေ။

www.burmeseclassic.com